မန္တလေးမြို့၊ တောင်ပြင်၊ ပတ်ကုန်းပျော်ဘွယ်ရပ်၊ နယူးစီဗီလိုင်း၊
သကျသီဟပရိယတ္တိသာသနဟိတဓမ္မာစရိယ,
သာသနဓဇသီရိပဝရဓမ္မာစရိယ, ဝိနယအကျော်ပြန်

## ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသထေရ်

ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့်အညီ
မြန်မာပြန်ဆိုရေးသားတော်မူအပ်သော

## မဟာဝိဇိတာရုံ

# ဓမ္မပဒဝတ္ထုတော်ကြီး

## ပထမတွဲ

၁၃၇၂ စတုတ္ထအကြိမ် ၂၀၁၀

မဟာဝိဇိတာရုံ

# ဓမ္မပဒဝတ္ထုတော်ကြီး

ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထေရ်

(ပထမတွဲ)

မန္တလေးမြို့၊ တောင်ပြင်၊ ပတ်ကုန်းဖျော်ဘွယ်ရပ်၊ နယူးစိဗိလိုင်း၊
သက္ယသီဟပရိယတ္တိသာသနဟိတဓမ္မာစရိယ,
သာသနဓဇသိရိပဝရဓမ္မာစရိယ, ဝိနယအကျော်ပြန်

## ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထေရ်

ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့်အညီ
မြန်မာပြန်ဆိုရေးသားတော်မူအပ်သော

# မဟာဝိဇိတာရုံ

# ဓမ္မပဒဝတ္ထုတော်ကြီး

## ပထမတွဲ

၁၃၇၂ စတုတ္ထအကြိမ် ၂၀၁၀

အမှတ် ၂၂၄၃၈
ရက်စွဲ ၂၄-၁၁-၁၈

ပုံနှိပ်မှတ်တမ်း

------

စတုတ္ထအကြိမ်

အုပ်ရေ (၁,၀၀၀)

၁၃၇၂-ခုနှစ်၊ (၂၀၁၀-ခုနှစ်)

ရွှေသုဝဏ်ကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ လှူဒါန်းသည်။

ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့ ကြီးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ၀၂၄၀၅) က
ပုံနှိပ်ထုတ်ဝေသည်။



မဟာဝိဇိတာရုံ ဓမ္မပဒဝတ္ထုတော်ကြီး



ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထေရ်

# မဟာဝိဇိတာရုံ ဓမ္မပဒဝတ္ထုတော်ကြီး၊ ပထမတွဲ၊ မာတိကာ

---------


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | စတုတ္ထအကြိမ်၊ နိဒါန်း | ၂၉ |
| - | မူရင်းနိဒါန်း | ၃၁ |
| - | ရတနတ္တယာဒိပဏာမ | ၄၅ |
| | [ ၁ ] ယမကဝဂ် | |
| | ၁။ စက္ခုပါလတ္ထေရဝတ္ထု | |
| (၁) | ဒေသနာတော် | ၅၁ |
| (၂) | ဆောင်ပုဒ် | ၅၂ |
| (၃) | သားဆုပန်ခြင်း | ၅၃ |
| (၄) | သားရ၍ အမည်မှည့်ခြင်း | ၅၃ |
| (၅) | အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါတို့အကြောင်း | ၅၄ |
| (၆) | ဘုရားရှင်ကို ငဲ့လွှန်းလှသောသူ | ၅၅ |
| (၇) | ၅-ကုဋေမျှ ကျွတ်တမ်းဝင်ကြခြင်း | ၅၅ |
| (၈) | မဟာပါလသတို့သား ဘုရားရှင်နှင့် တွေ့ခြင်း | ၅၆ |
| (၉) | မဟာပါလရဟန်းပြုခြင်း | ၅၆ |
| (၁၀) | ရဟန်းတာဝန်များကို မေးလျှောက်ခြင်း | ၅၈ |
| (၁၁) | ကမ္မဋ္ဌာန်းတောင်းကာ ပစ္စန္တရစ်သို့ ကြွခြင်း | ၅၉ |
| (၁၂) | မအိပ်မနေ ကမ္မဋ္ဌာန်းအားထုတ်ခြင်း | ၆၀ |
| (၁၃) | မျက်စိရောဂါဖြစ်၍ ဆေးကုသခြင်း | ၆၁ |
| (၁၄) | မိမိကိုယ်ခန္ဓာနှင့် တိုင်ပင်ခြင်း | ၆၂ |
| (၁၅) | မျက်စိလည်းကွယ်၊ ကိလေသာတို့ကိုလည်း ပယ်သတ်ခြင်း | ၆၅ |
| (၁၆) | ဝါကျွတ်၍ ဘုရားရှင်ထံ ဖူးမြော်ရန် ကြွကြခြင်း | ၆၆ |
| (၁၇) | တူ- ပါလိတ စက္ခုပါလမထေရ်ထံ ရောက်ခြင်း | ၆၇ |
| (၁၈) | သာမဏေနှင့် ထင်းခွေသည်မ | ၆၈ |
| (၁၉) | သိကြားမင်း ပင့်ဆောင်ခြင်း | ၇၀ |
| (၂၀) | ပိုးကောင်တို့ကို နင်းမိသည်ကို မြင်၍ ရဟန်းတို့ ကဲ့ရဲ့ကြခြင်း | ၇၅ |
| (၂၁) | စက္ခုပါလမထေရ် အတိတ်ဝတ္ထု | ၇၆ |
| (၂၂) | ဒေသနာတော်၏အကျိုး | ၇၇ |

ခဵ အကြောင်းအရာ စာမျက်နှာ

2။ မဋ္ဌကုဏ္ဍလီဝတ္ထု


(၁) ဒေသနာတော် ၇၇
(၂) ဆောင်ပုဒ် ၇၈
(၃) သားအား ရောဂါကပ်ရောက်ခြင်း ၇၉
(၄) ဆေးသမားခေါ်၍ ကုသခြင်း ၈၀
(၅) ဘုရားရှင် ကြွလာတော်မူခြင်း ၈၀
(၆) ရောင်ခြည်တော် လွှတ်တော်မူခြင်း ၈၂
(၇) ဖခင် ပုဏ္ဏားကြီး သင်္ချိုင်းသို့ သွား၍ ငိုကြွေးခြင်း ၈၂
(၈) မဋ္ဌကုဏ္ဍလီနတ်သား လူ့ပြည်သို့ ဆင်း၍ ဖခင်နှင့် တွေ့ခြင်း ၈၃
(၉) ဘုရားရှင်ကို ပင့်ကာ ပြဿနာကို မေးလျှောက်ခြင်း ၉၃
(၁၀) နတ်သား-ဆင်းလာစေကာ ယုံမှားကင်းစေရန် ရှင်းလင်းမေးမြန်းတော်မူခြင်း ၉၄
(၁၁) ဒေသနာတော်၏အကျိုး ၉၆


၃။ တိဿတ္ထေရဝတ္ထု


(၁) ဒေသနာတော် ၉၇
(၂) ဆောင်ပုဒ် ၉၈
(၃) တိဿမထေရ်၏ အတိတ်ဝတ္ထု ၁၀၀
(၄) ဒေသနာတော်၏အကျိုး ၁၀၄


၄။ ကာဠယက္ခိနီဝတ္ထု


(၁) ဒေသနာတော် ၁၀၅
(၂) ဆောင်ပုဒ် ၁၀၅
(၃) မိန်းမမြုံ၏ မကောင်းသောအကြံ ၁၀၇
(၄) ကြောင်မနှင့် ကြက်မဖြစ်ကြခြင်း ၁၀၈
(၅) သစ်မနှင့် သမင်မဖြစ်ကြပြန်ခြင်း ၁၀၈
(၆) ဘီလူးမနှင့် လူမဖြစ်ကြပြန်ခြင်း ၁၀၈
(၇) ဘီလူးမ ရေခပ်လှည့် ကျနေခြင်း ၁၀၉

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(၈) သားငယ်ကို စားမည်ပြုစဉ် ဘုရားသခင်နှင့် တွေ့ခြင်း ၁၁၀

(၉) ဒေသနာတော်၏အကျိုး ၁၁၁

(၁၀) လယ်စောင့်နတ် ၁၁၁

(၁၁) ဘီလူးမ၏ ကျေးဇူးပြုမှုကြောင့် စီးပွါးတိုးတက်ခြင်း ၁၁၂

၅။ ကောသမ္ဗကဝတ္ထု

(၁) ဒေသနာတော် ၁၁၃

(၂) ဆောင်ပုဒ် ၁၁၄

(၃) ဝိနည်းဓိုရ်နှင့် ဓမ္မကထိကတို့ ငြင်းခုံကြ၍ ဖြဟ္မာ့ပြည်တိုင်အောင် ကွဲပြားကြခြင်း ၁၁၅

(၄) ဘုရားရှင်ကိုယ်တော်တိုင် ဆုံးမသော်လည်း မနာယူဘဲ နေကြခြင်း ၁၁၆

(၅) ဒီဃီတိကောသလမင်းဝတ္ထုကို ဟောကြား၍ ဆုံးမပြန်ခြင်း ၁၁၇

(၆) ပါလိလေယျကတောသို့ တပါးတည်း ကြွရောက်၍ ဝါကပ်တော်မူခြင်း ၁၁၉

(၇) ဒါယကာတို့ ညီညွတ်ရန် စီမံကြခြင်း ၁၂၀

(၈) ပလလည်းဆင်မင်း ပြုစုလုပ်ကျွေးခြင်း ၁၂၁

(၉) မျောက်နတ်သားအကြောင်း ၁၂၂

(၁၀) ဘုရားရှင်အထံတော်သို့ ရဟန်းများ လိုက်လာကြခြင်း ၁၂၃

(၁၁) အဆွေကောင်းမရ-က တစ်ယောက်တည်း နေရသည်က အကျိုးရှိကြောင်း ဟောတော်မူရာ ရဟန္တာဖြစ်ကြခြင်း ၁၂၄

(၁၂) ပလလည်းဆင်မင်း သစ်သီးဆွမ်း ဆက်ကပ်ခြင်း ၁၂၇

(၁၃) ဆင်မင်းသည် လိုက်ပို့ကာ ရင်ကွဲနာဖြင့် စုတိ၍ နတ်သားဖြစ်ခြင်း ၁၂၈

(၁၄) ဘုရားရှင် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွရောက်တော်မူခြင်း ၁၂၈

(၁၅) ဒေသနာတော်၏အကျိုး ၁၃၀

၆။ မဟာကာဠဥပါသကဝတ္ထု

(၁) ဒေသနာတော် ၁၃၀

(၂) ဆောင်ပုဒ် ၁၃၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(၃) မဟာကာဠ တရားနာစဉ် အကြံဖြစ်ပုံ ၁၃၃

(၄) စူဠကာဠနှင့် မဟာကာဠတို့ ရဟန်းပြုကြခြင်း ၁၃၃

(၅) မဟာကာဠသည် ရဟန်း၏တာဝန်များကို လျှောက်ကြား၍ တရားတောင်းကာ သုသာန်သို့ သွား၍ တရားအားထုတ်ခြင်း ၁၃၄

(၆) မထေရ်သည် 'ကောင်းပြီ'ဟု ဝန်ခံကာ တရားကို ဆက်လက်ပွါးများရာ ရဟန္တာဖြစ်ခြင်း ၁၃၆

(၇) ညီဖြစ်သူ စူဠကာဠ လူ့ဘဝသို့ ရောက်ခြင်း ၁၃၈

(၈) မဟာကာဠမထေရ် လူထွက်စေရန် မယားဟောင်းတို့ ကြံစည်ကြခြင်း ၁၃၉

(၉) မဟာကာဠမထေရ်အား ဝိုင်းဝန်း၍ ဆွဲမည်ပြုကြခြင်း ၁၄၀

(၁၀) ဒေသနာတော်၏အကျိုး ၁၄၁

၇။ ဒေဝဒတ္တဝတ္ထု

(၁) ဒေသနာတော် ၁၄၁

(၂) ဆောင်ပုဒ် ၁၄၂

(၃) အလှူရှင် ၄-မျိုးတရားကို နာကြားရ၍ သဒ္ဓါပွါးကာ ဒါယကာ ၁-ဦး အလှူဝတ် စိမ်ခြင်း ၁၄၃

(၄) ၁-သိန်းတန်သင်္ကန်းကို ရှင်ဒေဝဒတ်အား လှူဒါန်းကြခြင်း ၁၄၄

(၅) ရှင်ဒေဝဒတ်အလောင်း၊ ဆင်သတ်ယောကျ်ားဝတ္ထု ၁၄၅

(၆) ဒေသနာတော်၏အကျိုး ၁၄၈

၈။ သာရိပုတ္တတ္ထေရဝတ္ထု

(၁) ဒေသနာတော် ၁၄၈

(၂) ဆောင်ပုဒ် ၁၄၉

(၃) ဘုရားရှင်၏ အဖြစ်တော်စဉ် ၁၄၉

(၄) ၂-ကျိပ် ၃-ဆူသော ဘုရားရှင်များ ၁၅၀

(၅) တရားဦးဟောတော်မူခြင်း ၁၅၇

(၆) အရှင်ယသနှင့် ဘဒ္ဒဝဂ္ဂီညီနောင်တို့ ရဟန်းပြုကြခြင်း ၁၅၇

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၇) | ဗိမ္ဗိသာရမင်းနှင့်တကွ ၁-သိန်း, ၁-သောင်းတို့ သောတာပန်တည်ခြင်း | ၁၅၈ |
| (၈) | အဂ္ဂသာဝက ၂-ပါး ဘုရားရှင်ထံ ရောက်လာကြခြင်း | ၁၅၉ |
| (၉) | ပွဲသဘင်ကြည့်ရှုရင်း သံဝေဂရကြခြင်း | ၁၆၀ |
| (၁၀) | သိဉ္စည်းဆရာကြီးတို့ထံ ရောက်ကြခြင်း | ၁၆၁ |
| (၁၁) | 'အမြိုက်တရားကို ရသူက ပြောကြားကြစတမ်း'ဟု ကတိဝတ်ပြုကာ ရှာဖွေကြခြင်း | ၁၆၂ |
| (၁၂) | အရှင်အဿဇိမထေရ်နှင့် တွေ့ခြင်း | ၁၆၂ |
| (၁၃) | ဥပတိဿ အမြိုက်တရား ရရှိခြင်း | ၁၆၄ |
| (၁၄) | သိဉ္စည်းဆရာကြီးကိုလည်း ဘုရားရှင်ထံသို့ခေါ်ကြရာ မလိုက်ရန်ငြင်းဆန်ခြင်း | ၁၆၆ |
| (၁၅) | ဥပတိဿ,ကောလိတတို့ ဘုရားရှင်ထံသို့ သွားကြခြင်း | ၁၆၇ |
| (၁၆) | ဧဟိဘိက္ခုရဟန်းဖြစ်ကြခြင်း | ၁၆၇ |
| (၁၇) | အဂ္ဂသာဝကဆရာ အပ်နှင်းတော်မူခြင်း | ၁၆၈ |
| (၁၈) | အညာသိကောဏ္ဍညမထေရ်၏ ရှေးအတိတ်ဝတ္ထု | ၁၇၀ |
| (၁၉) | ယသ-အမှူးရှိသည် ၅-ကျိပ်, ၅-ပါးသောရဟန်းများ၏အတိတ်ဝတ္ထု | ၁၇၃ |
| (၂၀) | ဘဒ္ဒဝဂ္ဂီညီနောင် ၃-ကျိပ်တို့၏အတိတ်ဝတ္ထု | ၁၇၄ |
| (၂၁) | ဥရုဝေလကဿပညီနောင် ၃-ယောက်တို့၏အတိတ်ဝတ္ထု | ၁၇၄ |
| (၂၂) | ညီနောင် ၃-ယောက်တို့ ၃-လပတ်လုံး ဘုရားရှင်အား ပြုစုလုပ်ကျွေးကြခြင်း | ၁၇၆ |
| (၂၃) | ရဟန်းတို့၏ အဦးအဖျားကို စားမိကြ၍ ပြိတ္တာဖြစ်ကြရခြင်း | ၁၇၇ |
| (၂၄) | ဘုရားရှင်၏အမိန့်အတိုင်း အမျှအတမ်း ပေးဝေရာ ဆွေမျိုးပြိတ္တာတို့ အဝတ်,အစား ပြည့်စုံစွာခံစားကြရခြင်း | ၁၇၉ |
| (၂၅) | အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်တို့၏အတိတ်ဝတ္ထု | ၁၈၁ |
| (၂၆) | အနောမဒဿီဘုရားရှင် လောကဝ၌ပွင့်ထွန်းတော်မူလာခြင်း | ၁၈၃ |
| (၂၇) | ဒေသနာတော်၏အကျိုး | ၁၉၂ |

## ၉။ နန္ဒတ္ထေရဝတ္ထု

(၁) ဒေသနာတော် ၁၉၃

(၂) ဆောင်ပုဒ် ၁၉၄

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၃) | နန္ဒမင်းသားကို သပိတ်တော်ထမ်းစေ၍ ကျောင်းတော်သို့ ခေါ်ဆောင်လာခြင်း | ၁၉၆ |
| (၄) | ရာဟုလာ အမွေတောင်းခြင်း | ၁၉၇ |
| (၅) | အရှင်နန္ဒ သာသနာတော်၌ ငြီးငွေ့ခြင်း | ၁၉၉ |
| (၆) | သာသနာတော်၌ ပျော်မွေ့ရန် မျောက်အိုမနှင့် နတ်သမီးတို့ကို ပြ၍ ဆုံးမတော်မူခြင်း | ၂၀၀ |
| (၇) | ညီတော်နန္ဒ ရဟန္တာဖြစ်ခြင်း | ၂၀၂ |
| (၈) | ဒေသနာတော်၏အကျိုး | ၂၀၅ |
| (၉) | အရှင်နန္ဒမထေရ်၏ ရှေးအတိတ်ဝတ္ထု | ၂၀၅ |
| (၁၀) | သခင့်အပေါ်၌ အားခဲခြင်း | ၂၀၆ |

၁၀။ စုန္ဒသူကရိကဝတ္ထု

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ဒေသနာတော် | ၂၀၉ |
| (၂) | ဆောင်ပုဒ် | ၂၁၀ |
| (၃) | မသေမီကပင် ဆင်းရဲဒုက္ခ ခံစားရခြင်း | ၂၁၁ |
| (၄) | ရဟန်းများ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားခြင်း | ၂၁၃ |
| (၅) | ဒေသနာတော်၏အကျိုး | ၂၁၄ |

၁၁။ ဓမ္မိကဥပါသကဝတ္ထု

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ဒေသနာတော် | ၂၁၄ |
| (၂) | ဆောင်ပုဒ် | ၂၁၅ |
| (၃) | မကျန်းမာ၍ တရားနာကြားခြင်း | ၂၁၆ |
| (၄) | နတ်ရထား ၆-စင်း ဆိုက်ရောက်လာခြင်း | ၂၁၆ |
| (၅) | ဒေသနာတော်၏အကျိုး | ၂၁၉ |

၁၂။ ဒေဝဒတ္တဝတ္ထု

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ဒေသနာတော် | ၂၂၀ |
| (၂) | ဆောင်ပုဒ် | ၂၂၀ |
| (၃) | မရှိ-ဟူသော စကားကို မကြားဖူးသော အနုရုဒ္ဓါမင်းသား | ၂၂၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၄) | ထမင်းဖြစ်ရာအရပ်ကို မသိသော မင်းသား ၃-ယောက် | ၂၂၄ |
| (၅) | အနုရုဒ္ဓါမင်းသား ရဟန်းပြုရန် တောင်းပန်ခြင်း | ၂၂၄ |
| (၆) | ဥပါလိနှင့်တကွ မင်းသား ၆-ယောက်တို့ ရဟန်းပြုကြခြင်း | ၂၂၅ |
| (၇) | မာန်မာနကျရန် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေခြင်း | ၂၂၆ |
| (၈) | ရဟန်းတော် ၆-ပါးတို့ တရားထူးရကြခြင်း | ၂၂၇ |
| (၉) | ရှင်ဒေဝဒတ် ကြံစည်ခြင်း | ၂၂၈ |
| (၁၀) | အဇာတသတ်မင်းသားနှင့်ပေါင်း၍ လာဘ်ပူဇော်သက္ကာရကို ဖြစ်စေခြင်း | ၂၂၈ |
| (၁၁) | ဘုရားရှင်၌ ရန်ညှိုးဖွဲ့ခြင်း | ၂၂၉ |
| (၁၂) | ဘုရားရှင်ကို သတ်ရန် အတန်တန်အားထုတ်ပြန်ခြင်း | ၂၃၀ |
| (၁၃) | ရှင်ဒေဝဒတ် သံဃာသင်းခွဲခြင်း | ၂၃၂ |
| (၁၄) | အရှင်သာရိပုတြာတို့ လိုက်သွား၍ ရဟန်းငယ်များကို တရားဟောကာ ပြန်ခေါ်ခဲ့ခြင်း | ၂၃၅ |
| (၁၅) | ရှင်ဒေဝဒတ် သွေးစိမ်းအန်ခြင်း | ၂၃၅ |
| (၁၆) | ရဟန်းအပေါင်းခြံရံလျက် ကြွလာတော်မူသော အရှင်သာရိပုတြာကို ရဟန်းအများ ချီးမွမ်းထောမနာပြုကြခြင်း | ၂၃၆ |
| (၁၇) | ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ များစွာသောဇာတ်တော်များကို ဟောကြားတော်မူခြင်း | ၂၃၇ |
| (၁၈) | ဒေဝဒတ်သည် ဘုရားရှင်ကို ဖူးမြင်လိုခြင်း | ၂၄၀ |
| (၁၉) | ရှင်ဒေဝဒတ် မြေမျိုခြင်း | ၂၄၂ |
| (၂၀) | ရှင်ဒေဝဒတ် အဝီစိငရဲ၌ ကျရောက်ခြင်း | ၂၄၃ |
| (၂၁) | ရှေးကလည်း မြေမျိုဖူးခြင်း | ၂၄၄ |
| (၂၂) | ရှင်ဒေဝဒတ်မြေမျို၍ လူအများ ဝမ်းသာကြခြင်း | ၂၄၅ |
| (၂၃) | ဒေသနာတော်၏အကျိုး | ၂၄၇ |

## ၁၃။ သုမနဒေဝီဝတ္ထု

| | | |
|---|---|---|
| (၁) | ဒေသနာတော် | ၂၄၇ |
| (၂) | ဆောင်ပုဒ် | ၂၄၈ |

စဉ် အကြောင်းအရာ စာမျက်နှာ

(၃) အနာထပိဏ်သူဌေးကြီး ဘုရားရှင်အား ဝမ်းနည်းစွာ လျှောက်ထားခြင်း ၂၅၀
(၄) ဖခင်ထက် ဂုဏ်သိက္ခာကြီးခြင်း, တုသိတာနတ်နန်း၌ စံမြန်းရခြင်းကို
ဟောတော်မူခြင်း ၂၅၀
(၅) ဒေသနာတော်၏အကျိုး ၂၅၁

၁၄။ ဒွေသဟာယကဘိက္ခုဝတ္ထု

(၁) ဒေသနာတော် ၂၅၂
(၂) ဆောင်ပုဒ် ၂၅၃
(၃) ကျမ်းဂန်တတ်ရဟန်း ၁-ပါး တရားလက်လွတ်ပြုလုပ်ခြင်း ၂၅၄
(၄) ကျမ်းဂန်တတ်ရဟန်းကို ကဲ့ရဲ့တော်မူပြီးလျှင် နွားကျောင်းသားကို
ပမာထား၍ ဟောကြားတော်မူခြင်း ၂၅၆
(၅) ဒေသနာတော်၏အကျိုး ၂၅၇

[ ၂ ] အပ္ပမာဒဝဂ်

၁။ သာမာဝတီဝတ္ထု

(၁) ဒေသနာတော် ၂၅၈
(၂) ဆောင်ပုဒ် ၂၅၉

(၃) ဥတေနမင်းကြီးအကြောင်း

က။ အလ္လကပ္ပမင်းနှင့် ဝေဌဒီပကမင်းတို့ ရသေ့ရဟန်းပြုကြခြင်း ၂၆၀
ခ။ ဝေဌဒီပကရသေ့ ရှေးဦးစွာ စုတေ၍ နတ်သားဖြစ်ကာ မိတ်ဆွေ
ရသေ့ထံ လာပြီးလျှင် ဟတ္ထိကန္တစောင်းနှင့်မန္တန်ကို ပေးခြင်း ၂၆၁
ဂ။ ပူရန္တပ္ပမင်း၏ မိဖုရားကြီး ငှက်ဆင်ချီသွားခြင်း ၂၆၃
ဃ။ ပဉ္စောင်ပင်ခွကြား၌ ဥတေနမင်းသားကို ဖွားမြင်ခြင်း ၂၆၄
င။ အလ္လကပ္ပရသေ့ကြီးသည် မိဖုရားကို တွေ့ရ၍ စောင့်ရှောက်ထားခြင်း ၂၆၅

| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| စ။ | ပူရန္တပ္ပမင်း နတ်ရွာစံခြင်းကို နက္ခတ်ဖြင့် သိပြီးလျှင် ဥတေနမင်းသားအား ဟတ္ထိကန္တမန္တန်ကို သင်ကြားပေးခြင်း | ၂၆၆ |
| ဆ။ | ဥတေနမင်းသား ကောသမ္ဗီပြည်သို့သွား၍ မင်းစည်းစိမ်ကို ယူခြင်း | ၂၆၇ |

(၄) ယောသကသူဌေးသားအကြောင်း

| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ | ယောသကသူဌေးအလောင်းသည် လမ်းခရီးအကြား ခရီးပန်း၍ သားငယ်ကို စွန့်ပစ်ထားခဲ့မိခြင်း | ၂၆၉ |
| ခ။ | ယောသကသူဌေးအလောင်းသည် အစာမကြေ၍ သေလွန်ပြီးလျှင် ခွေးဘဝ၌ ဖြစ်ရခြင်း | ၂၇၀ |
| ဂ။ | ခွေးဘဝဖြင့် အရှင်ပစ္စေကဗုဒ္ဓါကို အမှီရ၍ ကုသိုလ်ကောင်းမှုပြုလုပ်ရခြင်း | ၂၇၂ |
| ဃ။ | ခွေးဘဝမှသေလွန်ကာ တာဝတိံသာနတ်ပြည်၌ ယောသကနတ်သားဖြစ်ခြင်း | ၂၇၄ |
| င။ | ယောသကနတ်သား မကြာမီ စုတေခြင်း | ၂၇၅ |
| စ။ | နတ်ပြည်မှ လူ့ပြည်၌ဖြစ်လာသောအခါ ရှေးဦးစွာ အမှိုက်ပုံ၌အပစ်ခံရခြင်း | ၂၇၆ |
| ဆ။ | ၂-ကြိမ်မြောက် နွားခြံဝ၌ အပစ်ခံရပြန်ခြင်း | ၂၇၇ |
| ဇ။ | ၃-ကြိမ်မြောက် လှည်းလမ်းမ၌ အပစ်ခံရပြန်ခြင်း | ၂၇၈ |
| ဈ။ | ၄-ကြိမ်မြောက် သုသာန်၌ အပစ်ခံရပြန်ခြင်း | ၂၇၉ |
| ည။ | ၅-ကြိမ်မြောက် တောင်ကမ်းပါးပြတ်၌ အပစ်ခံရပြန်ခြင်း | ၂၈၀ |
| ဋ။ | ၆-ကြိမ်မြောက် အိုးထိန်းသည်အိမ် အိုးတွင်း၌ထည့်၍ မီးဖုတ်သတ်ရန် ကြံစည်ပြန်ခြင်း | ၂၈၁ |
| ဌ။ | သားရင်းသေဆုံး၍ သူဌေးကြီး သောကရောက်ရခြင်း | ၂၈၃ |
| ဍ။ | ၇-ကြိမ်မြောက် တောသူဌေးထံ သတ်ရန် စာရေး၍စေလွှတ်လိုက်ပြန်ခြင်း | ၂၈၅ |
| ပ။ | သေဘေးမှလွတ်ရန် သူဌေးသမီး ကယ်တင်ခြင်း | ၂၈၇ |
| ဏ။ | သူဌေးသမီးနှင့် လက်ထပ်ပြီးကြောင်း ကြားရ၍ သူဌေးကြီး ရောဂါဝေဒနာဖြစ်ခြင်း | ၂၉၀ |
| တ။ | ယောသကကို လူလွှတ်၍ အခေါ်ခိုင်းခြင်း | ၂၉၁ |
| ထ။ | ဇနပုဒ်သူဌေးသမီး ပညာဉာဏ်ကြီးပုံ | ၂၉၁ |
| ဒ။ | သူဌေးကြီး ကွယ်လွန်ခြင်း | ၂၉၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

ဓ။ ယောသကအား သူဌေးကြီးရာထူးကို အပ်နှင်းခြင်း ၂၉၄
န။ ယောသကသူဌေးသည် မိမိ၏နောက်ကြောင်းကို ပြန်ပြောင်း၍ သိရှိရခြင်း ၂၉၅
ပ။ နောင်တရ၍ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း ၂၉၇

(၅) သာမာဝတီမိဖုရားကြီးအကြောင်း

က။ ဘဒ္ဒဝတီပြည်ဝယ် ရောဂန္တရကပ် ဆိုက်ရောက်ခြင်း ၂၉၇
ခ။ သူဌေးကြီးတို့ ၃-ဦးလုံး ကောသမ္ဗီပြည်သို့ ထွက်ပြေးကြခြင်း ၂၉၈
ဂ။ သူဌေးသမီး ထမင်းတောင်းထွက်ခြင်း ၂၉၈
ဃ။ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့ ကွယ်လွန်ကြခြင်း ၂၉၉
င။ သူဌေးသမီးကို မိတ္တသူကြွယ်သည် မွေးစားခြင်း ၂၉၉
စ။ သာမာဝတီ အမည်ရခြင်း ၃၀၀
ဆ။ ဥတေနမင်းသည် သာမာဝတီကို မိဖုရားမြှောက်ခြင်း ၃၀၂

(၆) ဝါသုလဒတ္တာမင်းသမီးအကြောင်း

က။ သစ်သားဆင်ရုပ်ကို ပြ၍ ဥတေနမင်းကို ဖမ်းခြင်း ၃၀၅
ခ။ ဝါသုလဒတ္တာမင်းသမီးအား မန္တန်သင်ကြားပေးခြင်း ၃၀၆
ဂ။ မန္တန်သင်ကြားစဉ် ဆရာတပည့်တို့ ခိုက်ရန်ဖြစ်ကြပြီးလျှင် ရင်းနှီးကာ ချစ်ကျွမ်းဝင်သွားကြခြင်း ၃၀၇
ဃ။ စဏ္ဍပဇ္ဇောတမင်း၏ ယာဉ် ၅-မျိုး ၃၀၉
င။ ယာဉ် ၅-ပါးရခြင်းအကြောင်း ရှေးကောင်းမှု ၃၀၉
စ။ စဏ္ဍပဇ္ဇောတမင်း၏ ရှေးဘဝဆုတောင်း ၃၁၀
ဆ။ ဥတေနမင်းသည် ဝါသုလဒတ္တာမင်းသမီးကို ခိုးပြေး၍ မိဖုရားကြီးအရာ၌ထားခြင်း ၃၁၃

(၇) မာဂဏ္ဍီမိဖုရားအကြောင်း

က။ မာဂဏ္ဍီပုဏ္ဏားကြီး သားသမက်ရှာထွက်ရာ ဘုရားနှင့်တွေ့ခြင်း ၃၁၄
ခ။ ပုဏ္ဏားကြီး သမီးနှင့်မယားကို သွားခေါ်စဉ် ဘုရားရှင်သည် စက်တော်ရာကို ချထားတော်မူခဲ့ခြင်း ၃၁၅

# ပထမတွဲ၊ မာတိကာ

သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန
အမှတ် ....................
ရက်စွဲ ....................
စာကြည့်တိုက်

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဂ။ | ပုဏ္ဏေားမသည် ခြေရာကိုကြည့်၍ ခြေရာရှင်၏စိတ်သဘောကို ဟောကြားခြင်း | ၃၁၆ |
| ဃ။ | ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံ အနာဂါမိဖြစ်တည်ကြခြင်း | ၃၁၇ |
| င။ | မာဂဏ္ဍီသတို့သမီး ဘုရားရှင်၌ ရန်ငြိုးဖွဲ့ခြင်း | ၃၁၉ |
| (၈) | ကောသမ္ဗီသူဌေး ၃-ဦးတို့၏ဆရာ ဟိမဝန္တာရသေ့ ၅၀၀-နှင့် ရက္ခစိုးနတ်အကြောင်း | ၃၂၀ |
| က။ | နေ့ထက်ဝက်ဥပုသ်စောင့်ရကျိုးကြောင့် တန်ခိုးကြီးသော ရက္ခစိုးနတ်ဖြစ်ရခြင်း | ၃၂၁ |
| ခ။ | ရသေ့ ၅၀၀-တို့ ရဟန္တာဖြစ်ကြခြင်း | ၃၂၃ |
| ဂ။ | ဘုရားရှင် ကောသမ္ဗီပြည်သို့ ကြွရောက်သီတင်းသုံးတော်မူခြင်း | ၃၂၄ |
| ဃ။ | သုမနပန်းသည် ဆွမ်းလုပ်ကျွေးခြင်း | ၃၂၅ |
| င။ | ခုဇ္ဇုတ္တရာ သောတာပန်ဖြစ်တည်ခြင်း | ၃၂၆ |
| စ။ | သာမာဝတီမိဖုရား သောတာပန်ဖြစ်တည်ခြင်း | ၃၂၇ |
| ဆ။ | ခုဇ္ဇုတ္တရာ ဧတဒဂ်ရခြင်း | ၃၂၇ |
| ဇ။ | မာဂဏ္ဍီသည် သာမာဝတီတို့အား ပျက်စီးရန် အားထုတ်ခြင်း | ၃၂၈ |
| ဈ။ | မာဂဏ္ဍီသည် လူမိုက်တို့အား တံစိုးလက်ဆောင်ပေး၍ ဘုရားရှင်ကို အဆဲခိုင်းခြင်း | ၃၂၉ |
| ည။ | အရှင်အာနန္ဒာအား အဆုံးအမတရားကြီး ဟောပြခြင်း | ၃၃၀ |
| ဋ။ | ကြက်ပရိယာယ်ဖြင့် ကြံစည်ပြန်ခြင်း | ၃၃၂ |
| ဌ။ | မြွေပရိယာယ်ဖြင့် ကြံစည်ပြန်ခြင်း | ၃၃၄ |
| ဍ။ | ဥတေနမင်း၏မြားနှင့် သာမာဝတီတို့၏မေတ္တာတရား | ၃၃၇ |
| ဎ။ | အရှင်အာနန္ဒာအား သက်နှင်းများစွာရခြင်း | ၃၄၁ |
| ဏ။ | မာဂဏ္ဍီသည် သာမာဝတီတို့ကို မီးတိုက်သတ်ခြင်း | ၃၄၂ |
| တ။ | သာမာဝတီတို့ သေလွန်ကြခြင်း | ၃၄၃ |
| ထ။ | ဘုရားရှင် ကျူးရင့်ရွတ်ဆိုတော်မူသော ဥဒါန်းစကား | ၃၄၄ |
| ဒ။ | ရာဇပရိယာယ်ဖြင့် စစ်ဆေးကာ မာဂဏ္ဍီအား ရာဇဒဏ်ပေးခြင်း | ၃၄၅ |
| ဓ။ | သာမာဝတီ၏ ရှေးအတိတ်အကြောင်း | ၃၄၇ |
| န။ | ခုဇ္ဇုတ္တရာ၏ ခါးကုန်းခြင်း, ပိဋကတ် ၃-ပုံ ဆောင်နိုင်ခြင်း, သောတာပတ္တိဖိုလ်သို့ ရောက်ရခြင်း ရှေးအတိတ်ကံအကြောင်း | ၃၄၉ |

၂၇၃၁၈

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


ပ။ ခုဇ္ဇုတ္တရာ၏ အစေခံကျွန်မဖြစ်ရခြင်း ရှေးအတိတ်ကံအကြောင်း ၃၅၀

ဖ။ သာမာဝတီ, မာဂဏ္ဍီတို့ သေရချင်းတူသော်လည်း ထူးခြားသေးပုံကို
ဟောကြားတော်မူခြင်း ၃၅၁

(၉) ဒေသနာတော်၏အကျိုး ၃၅၂

၂။ ကုမ္ဘဃောသကသူဌေးဝတ္ထု

(၁) ဒေသနာတော် ၃၅၂

(၂) ဆောင်ပုဒ် ၃၅၃

(၃) သူဌေးသား အခစားလုပ်သားလုပ်၍နေခြင်း ၃၅၄

(၄) ဗိမ္ဗိသာရမင်းကြီးသည် အသံကို ဖမ်း၍ သိစွမ်းနိုင်သော ပညာရှိခြင်း ၃၅၄

(၅) နန်းတွင်းသူသည် ကုမ္ဘဃောသကအား ပရိယာယ်ဖြင့် သားသမက်ဖမ်းခြင်း ၃၅၅

(၆) ကုမ္ဘဃောသက ဗိမ္ဗိသာရမင်းကြီးထံမှောက်သို့ ရောက်ရခြင်း ၃၅၈

(၇) ကုမ္ဘဃောသကကို သူဌေးရာထူးပေးခြင်း ၃၆၀

(၈) ကုမ္ဘဃောသကသူဌေး သောတာပန်၌ တည်ခြင်း ၃၆၂

(၉) ဒေသနာတော်၏အကျိုး ၃၆၃

၃။ စူဠပန္ထကတ္ထေရဝတ္ထု

(၁) ဒေသနာတော် ၃၆၃

(၂) ဆောင်ပုဒ် ၃၆၄

(၃) မဟာပန္ထကနှင့် စူဠပန္ထကတို့ကို ဖွားမြင်ခြင်း ၃၆၅

(၄) သား ၂-ယောက်တို့အား မိဘများထံသို့ ပို့ခြင်း ၃၆၆

(၅) မဟာပန္ထကနှင့် စူဠပန္ထကတို့ ဘုရားရှင်သာသနာတော်သို့ ရောက်ကြခြင်း ၃၆၇

(၆) စူဠပန္ထက ဉာဏ်လေးရခြင်း၏ ရှေးအတိတ်အကြောင်း ၃၆၉

(၇) စူဠပန္ထကသည် စိတ်ပျက်၍ လူထွက်ရန် ကြံစည်ခြင်း ၃၇၀

(၈) ဘုရားနှင့် စူဠပန္ထက တွေ့၍ ကမ္မဋ္ဌာန်းပေးခြင်း ၃၇၁

(၉) စူဠပန္ထကမထေရ် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်ခြင်း ၃၇၂

(၁၀) စူဠပန္ထကမထေရ် တန်ခိုးပြခြင်း ၃၇၄

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁၁) | အစည်းအဝေး၌ စူဠပန်နှင့်စပ်သောစကား ပြောကြားစေ၍ ဘုရားရှင် ကြွတော်မူလာခြင်း | ၃၇၆ |
| (၁၂) | စူဠပန္ထက၏ ရှေးအတိတ်အကြောင်း | ၃၇၈ |
| (၁၃) | ဗာရာဏသီမင်းသည် ၁,၀၀၀-ပေး၍ မန္တန်ကို သင်ယူခြင်း | ၃၇၉ |
| (၁၄) | ဒေသနာတော်၏အကျိုး | ၃၈၃ |

၄။ ဗာလနက္ခတ္တသယုံ့ဝတ္ထု

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ဒေသနာတော် | ၃၈၃ |
| (၂) | ဆောင်ပုဒ် | ၃၈၄ |
| (၃) | ဒေသနာတော်၏အကျိုး | ၃၈၆ |

၅။ ကဿပတ္ထေရဝတ္ထု

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ဒေသနာတော် | ၃၈၆ |
| (၂) | ဆောင်ပုဒ် | ၃၈၇ |
| (၃) | ဒေသနာတော်၏အကျိုး | ၃၈၈ |

၆။ ပမတ္တာပမတ္တဒွေသဟာယကဘိက္ခုဝတ္ထု

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ဒေသနာတော် | ၃၈၈ |
| (၂) | ဆောင်ပုဒ် | ၃၈၉ |
| (၃) | မေ့လျော့ခြင်း၌ အပြစ်, မမေ့လျော့ခြင်း၌ အကျိုးကို ဟောကြားတော်မူခြင်း | ၃၉၀ |
| (၄) | ဒေသနာတော်၏အကျိုး | ၃၉၁ |

၇။ မဃဝတ္ထု

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ဒေသနာတော် | ၃၉၂ |
| (၂) | ဆောင်ပုဒ် | ၃၉၂ |
| (၃) | သိကြားမင်းအကြောင်းကို ဟောကြားတော်မူခြင်း | ၃၉၃ |
| (၄) | သိကြားမင်းဖြစ်ကြောင်း ကျင့်ဝတ် ၇-ပါး | ၃၉၄ |
| (၅) | မဃလုလင် လမ်းပြင်ဆင်ခြင်း | ၃၉၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၆) | ရှာစားအပြစ်ရှာ၍ ဆင်နှင်းခံရန် ဒဏ်သင့်ရာမှ ဆင်ရခဲ့ခြင်း | ၃၉၇ |
| (၇) | သုဓမ္မာ အကြဲကောင်း၍ ကုသိုလ်ပါဝင်ခွင့်ရကြောင်း | ၄၀၀ |
| (၈) | နန္ဒာနှင့် စိတ္တာတို့ ကုသိုလ်ပါဝင်ကြပုံ | ၄၀၁ |
| (၉) | သုဇာတာသည်ကား တစ်စုံတစ်ခုသောကုသိုလ်မှုကိုမျှ မပြု၊ မိမိကိုယ်ကိုသာ ခြယ်လှယ်ပြုပြင်၍ နေခြင်း | ၄၀၂ |
| (၁၀) | မဃလုလင်တို့ တာဝတိံသာ၌ ဖြစ်ကြခြင်း | ၄၀၂ |
| (၁၁) | အသုရာတို့နှင့် စစ်ခင်းကြခြင်း | ၄၀၃ |
| (၁၂) | တာဝတိံသာနတ်ပြည်၏ ကြီးကျယ်ပုံ | ၄၀၃ |
| (၁၃) | ဧရာဝဏ်ဆင်အကြောင်း | ၄၀၄ |
| (၁၄) | ကုသိုလ်ရှင် မိန်းမ ၃-ယောက်တို့ နတ်ပြည်၌ ဖြစ်ကြခြင်း | ၄၀၅ |
| (၁၅) | မိမိကိုယ်ကိုသာ ပြုပြင်ခြယ်လှယ်၍နေသည့် သုဇာသည် ဗျိုင်းမဖြစ်ရခြင်း | ၄၀၆ |
| (၁၆) | ဗျိုင်းမကို တရားပြကာ ၅-ပါးသီလဆောက်တည်စေခြင်း | ၄၀၇ |
| (၁၇) | ဗျိုင်းမသည် ၅-ပါးသီလ၏အကျိုးကြောင့် အိုးထိန်းသည်၏သမီးဖြစ်ရခြင်း | ၄၀၇ |
| (၁၈) | သိကြားမင်း သခွါးသီးရောင်း ထွက်ခြင်း | ၄၀၈ |
| (၁၉) | သုဇာ အသုရာ၏သမီးဖြစ်ကာ ပန်းကုံးစွပ်ပွဲပြုလုပ်ခြင်း | ၄၀၉ |
| (၂၀) | သုဇာကို သိကြားမင်း ဆောင်ယူသွားခြင်း | ၄၁၀ |
| (၂၁) | သုဇာ နတ်မိဖုရားဖြစ်ခြင်း | ၄၁၂ |
| (၂၂) | ဒေသနာတော်၏အကျိုး | ၄၁၃ |

## ၈။ အညတရဘိက္ခုဝတ္ထု

| | | |
|---|---|---|
| (၁) | ဒေသနာတော် | ၄၁၃ |
| (၂) | ဆောင်ပုဒ် | ၄၁၄ |
| (၃) | ဒေသနာတော်၏အကျိုး | ၄၁၅ |

## ၉။ နိဂမဝါသိတိဿတ္ထေရဝတ္ထု

| | | |
|---|---|---|
| (၁) | ဒေသနာတော် | ၄၁၆ |
| (၂) | ဆောင်ပုဒ် | ၄၁၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၃) | ရောင့်ရဲလွယ်သော ကျေးမင်းဝတ္ထု | ၄၁၈ |
| (၄) | ဒေသနာတော်၏အကျိုး | ၄၁၉ |

[ ၃ ] စိတ္တဝဂ်

၁။ မေဃိယတ္ထေရဝတ္ထု

| | | |
|---|---|---|
| (၁) | ဒေသနာတော် | ၄၂၀ |
| (၂) | ဆောင်ပုဒ် | ၄၂၁ |
| (၃) | ဒေသနာတော်၏အကျိုး | ၄၂၂ |

၂။ အညတရဘိက္ခုဝတ္ထု

| | | |
|---|---|---|
| (၁) | ဒေသနာတော် | ၄၂၂ |
| (၂) | ဆောင်ပုဒ် | ၄၂၃ |
| (၃) | ရဟန်းတော် ၆-ကျိပ်တို့ အချင်းချင်းဆုံးမကြခြင်း | ၄၂၄ |
| (၄) | မာတိကမိခင်ကြီး အနာဂါမ်၌ တည်ခြင်း | ၄၂၅ |
| (၅) | မာတိကမိခင်ကြောင့် အားလုံး ရဟန္တာဖြစ်ကြခြင်း | ၄၂၆ |
| (၆) | ရဟန်းတော်တို့ ဘုရားရှင်အထံသို့ရောက်၍ လျှောက်ကြားကြခြင်း | ၄၂၈ |
| (၇) | မထင်ရှားသောရဟန်း ၁-ပါး မာတိကရွာသို့ ကြွတော်မူခြင်း | ၄၂၈ |
| (၈) | မာတိကမိခင်ဒါယိကာမကြီးကို ကြောက်ရွံ့၍ မထင်ရှားသောရဟန်း ဘုရားရှင်အထံသို့ ပြန်ပြေးခြင်း | ၄၂၉ |
| (၉) | ဒေသနာတော်၏အကျိုး | ၄၃၁ |
| (၁၀) | မထင်ရှားသောရဟန်း ရဟန္တာဖြစ်ခြင်း | ၄၃၁ |
| (၁၁) | ရဟန်းသည် မာတိကမိခင်အပေါ်၌ အတိတ်ဘဝကျေးဇူးကို မြင်ခြင်း | ၄၃၂ |

၃။ အညတရဥက္ကဏ္ဌိတဘိက္ခုဝတ္ထု

| | | |
|---|---|---|
| (၁) | ဒေသနာတော် | ၄၃၃ |
| (၂) | ဆောင်ပုဒ် | ၄၃၄ |
| (၃) | သာသနာတော်၌ ပျင်းရိငြီးငွေ့လာသော သူဌေးသားရဟန်းအား ဘုရားရှင်သည် အကျဉ်းချုံး၍ တရားပေးခြင်း | ၄၃၅ |
| (၄) | ဒေသနာတော်၏အကျိုး | ၄၃၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၄။ သံယရက္ခိတဘာဂိနေယျတ္ထေရဝတ္ထု** | |
| (၁) | ဒေသနာတော် | ၄၃၇ |
| (၂) | ဆောင်ပုဒ် | ၄၃၈ |
| (၃) | ဦးရီးဖြစ်သူ ဥပဇ္ဈာယ်ဆရာအား သင်္ကန်းလှူဒါန်းခြင်း | ၄၃၉ |
| (၄) | လူထွက်ရန် ကြံရာမှ ဥပဇ္ဈာယ်ဆရာ၏ဦးခေါင်းကို ယပ်ဖြင့် ရိုက်မိခြင်း | ၄၄၀ |
| (၅) | မထေရ်မြတ်သိ၍ ရှက်လှသဖြင့် ထွက်ပြေးရာမှ ဘုရားရှင်နှင့်တွေ့ကာ ဆုံးမတော်မူခြင်း | ၄၄၁ |
| (၆) | ဒေသနာတော်၏အကျိုး | ၄၄၂ |
| | **၅။ စိတ္တဟတ္ထတ္ထေရဝတ္ထု** | |
| (၁) | ဒေသနာတော် | ၄၄၃ |
| (၂) | ဆောင်ပုဒ် | ၄၄၄ |
| (၃) | နွားပျောက်ရှာသောယောကျ်ားသည် ၆-ကြိမ်တိုင် ရဟန်းပြုလိုက် လူထွက်လိုက် လုပ်နေခြင်း | ၄၄၅ |
| (၄) | အအိပ်အနေမတတ်သော မယားကိုမြင်၍ တရားရကာ ၇-ကြိမ်မြောက် ရဟန်းပြုရာ ရဟန္တာဖြစ်ခြင်း | ၄၄၆ |
| (၅) | ဒေသနာတော်၏အကျိုး | ၄၄၈ |
| (၆) | ကိလေသာ၏အပြစ်ကို ပြ၍ ကုဒ္ဒါလပဏ္ဍိတဇာတ်ကို ဟောကြားတော်မူခြင်း | ၄၄၈ |
| (၇) | ကုဒ္ဒါလပဏ္ဍိတဖြစ်စဉ်အခါ ၇-ကြိမ် လူထွက်ခဲ့ခြင်းအကြောင်း | ၄၄၉ |
| (၈) | ၇-ပြည်ထောင်မင်းတို့ အတူလိုက်၍ ရသေ့ရဟန်းပြုကြခြင်း | ၄၅၀ |
| | **၆။ ပဉ္စသတဘိက္ခုဝတ္ထု** | |
| (၁) | ဒေသနာတော် | ၄၅၂ |
| (၂) | ဆောင်ပုဒ် | ၄၅၃ |
| (၃) | တောစောင့်နတ်တို့သည် ကြောက်မက်ဖွယ်အာရုံကို ပြကြခြင်း | ၄၅၄ |
| (၄) | ဘေးရန်ကို ဘုရားရှင်ပေးတော်မူလိုက်သော မေတ္တာလက်နက်ဖြင့် ဖြိုဖျက်ကြခြင်း | ၄၅၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၅) | မေတ္တာ၏တန်ခိုးကြောင့် တည်ကြည်စွာ တရားနှလုံးသွင်းနိုင်ကြကာ ရဟန္တာအဖြစ်သို့ ရောက်ကြခြင်း | ၄၅၇ |
| (၆) | ဒေသနာတော်၏အကျိုး | ၄၅၇ |

၇။ ပူတိဂတ္တတိဿတ္ထေရဝတ္ထု

| | | |
|---|---|---|
| (၁) | ဒေသနာတော် | ၄၅၈ |
| (၂) | ဆောင်ပုဒ် | ၄၅၈ |
| (၃) | ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူ၍ သူနာရဟန်းကို ပြုစုတော်မူခြင်း | ၄၅၉ |
| (၄) | ဒေသနာတော်၏အကျိုး | ၄၆၀ |
| (၅) | ပူတိဂတ္တတိဿမထေရ်၏ ရှေးအတိတ်အကြောင်း | ၄၆၁ |

၈။ နန္ဒဂေါပါလကဝတ္ထု

| | | |
|---|---|---|
| (၁) | ဒေသနာတော် | ၄၆၂ |
| (၂) | ဆောင်ပုဒ် | ၄၆၃ |
| (၃) | နန္ဒသည် ဘုရားရှင်ကို လိုက်ပို့၍အပြန် အသတ်ခံရခြင်း | ၄၆၄ |
| (၄) | ဒေသနာတော်၏အကျိုး | ၄၆၅ |

၉။ သောရေယျတ္ထေရဝတ္ထု

| | | |
|---|---|---|
| (၁) | ဒေသနာတော် | ၄၆၅ |
| (၂) | ဆောင်ပုဒ် | ၄၆၆ |
| (၃) | ကလေး ၂-ယောက်ရပြီးမှ မိတ်ဆွေဟောင်းနှင့် တွေ့ခြင်း | ၄၆၉ |
| (၄) | အရှင်မဟာကစ္စည်းမထေရ်အား ကန်တော့သဖြင့် ယောကျ်ားပြန်ဖြစ်ခြင်း | ၄၇၁ |
| (၅) | သောရေယျသူဌေးသား ရဟန်းပြုပြီးနောက် ရဟန္တာဖြစ်ခြင်း | ၄၇၂ |
| (၆) | ဒေသနာတော်၏အကျိုး | ၄၇၄ |
| - | ပထမတွဲ၊ ကျမ်းပြီးနိဂုံး | ၄၇၅ |

မဟာဝိဇိတာရုံဓမ္မပဒဝတ္ထုတော်ကြီး၊ ပထမတွဲ၊ မာတိကာ ပြီး၏။

----- x -----

# မဟာဝိဇိတာရုံ ဓမ္မပဒဝတ္ထုတော်ကြီး

# စတုတ္ထအကြိမ်၊ ပုံနှိပ်ထုတ်ဝေခြင်း

# နိဒါန်း

------

လွန်ခဲ့သော မြန်မာနှစ် ၁၃၃၀-ပြည့်နှစ်က မန္တလေးမြို့၊ (၆၈) လမ်း၊ ပတ်ကုန်းပျော်ဘွယ်ရပ်၊ မဟာဝိဇိတာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက, အန္တေဝါသိကတပည့်ကြီး ဖြစ်တော်မူသော မဟာဝိဇိတာရုံ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထေရ်သည် သက်တော်-၄၀, ဝါတော် ၂၀-အရွယ်လောက်ကပင် ဓမ္မပဒဝတ္ထုတော်ကြီးကို အစ,အဆုံး ကျမ်းစာတွဲ ၄-တွဲဖြင့် ပြုစုရေးသားတော်မူခဲ့ပါသည်။

ယင်းကျမ်းစာ ၄-တွဲကို မန္တလေးမြို့၊ ပိန်းတန်းရပ်၊ ပဒေသာပုံနှိပ်တိုက်ပိုင် ဦးခင်မောင်အား ပုံနှိပ်ထုတ်ဝေရန် တာဝန်ပေးခဲ့ပါသည်။ ဦးခင်မောင်ကလည်း ဝတ္ထုတော်ကြီးများနှင့်ဆီလျော်ရာ ကြည်ညိုဖွယ် ပန်းချီပုံတော်တို့ကို ရေးဆွဲထည့်သွင်းပြီး ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး ကျမ်းစာ ၄-တွဲကို ခေတ်မီသားနားစွာ ပုံတော်စုံ "ပဒေသာ ဓမ္မပဒဝတ္ထုတော်ကြီး"အမည်ဖြင့် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် ရက်စွဲမှာ ၁၃၃၀-ပြည့်နှစ်၊ သီတင်းကျွတ်လ-ဟု တွေ့ရှိရသဖြင့် ယခုနှစ်အထိ နှစ်ပေါင်း ၄၀-ကျော် ကြာခဲ့ပြီဖြစ်ပါသည်။ ယခုအသစ်တဖန် ပြန်လည်ရိုက်နှိပ်ထုတ်ဝေမည့်အကြိမ်သည် "စတုတ္ထအကြိမ်"ဖြစ်ရကား နှစ်ပေါင်း ၄၀-ကျော်အတွင်း 'ပဒေသာ ဓမ္မပဒဝတ္ထုတော်ကြီး'-အမည်ဖြင့် ၃-ကြိမ်အထိ ပုံနှိပ်ထုတ်ဝေပြီးဖြစ်ကြောင်း သိနိုင်ပါသည်။

ဤဝတ္ထုတော်ကြီး ပြုစုရေးသားတော်မူသော ဂန္ထကာရကဆရာတော်ဘုရားကြီးသည်ပင် ယခုအခါ သက်တော် ၈၂-နှစ်၊ သိက္ခာတော် ၆၂-ဝါရှိတော်မူပြီး မဟာဝိဇိတာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကချုပ်ဆရာတော်အဖြစ် ဆက်ခံအုပ်ချုပ်လျက် ပရိယတ်,ပဋိပတ် သာသနာ့တာဝန်အရပ်ရပ်ကို ထမ်းဆောင်တော်မူ၍ အဂ္ဂမဟာပဏ္ဍိတ, အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်တို့ဖြင့် နိုင်ငံတော်၏ အပူအဇော်ကို ခံယူ

တော်မူပြီး “နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင် (ရွှေကျင်)” အဖြစ်ဖြင့် ၃-နှစ်တိုင်တိုင် သာသနာ့တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကချုပ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသမဟာထေရ်သည် မိမိကိုယ်တော်တိုင် ပြုစုရေးသားတော်မူခဲ့သော ဓမ္မပဒဝတ္ထုတော်ကြီးကျမ်းစာများကို ခေတ်,စနစ်နှင့်အညီ ကွန်ပျူတာစာလုံးများဖြင့် တခမ်းတနား ပုံနှိပ်ထုတ်ဝေရန် ဆန္ဒရှိတော်မူစဉ် ရန်ကုန်မြို့ သယ်န်းကျွန်း၊ ပုညနိမ္မိတာရုံ ရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသဒ္ဒိယ ဦးဆောင်သော ဗုဒ္ဓစာပေအဖွဲ့က ရွှေကျင်ဆရာတော်, မဟာဝိသုဒ္ဓါရုံဆရာတော်-စသော ဆရာတော်ကြီးများ၏ စာမူဟောင်းများကို အသစ်တဖန် ကွန်ပျူတာစာစီခြင်း, ပိဋကတ်စာပေ အထွေထွေ ဗဟုသုတနှင့် ပြည့်စုံကြ၍ ကျွမ်းကျင်သော စာပြင်ဆရာ အယ်ဒီတာတို့ဖြင့် ပြင်ဆင်ခြင်းတို့၌ ကုန်ကျစရိတ် လုံးဝ မယူဘဲ စေတနာဖြင့် ကုသိုလ်ယူ ဆောင်ရွက်ပေးတော်မူနေသည်ကို မဟာဝိဇိတာရုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ-က သိရှိတော်မူရကား ဆရာတော်၏ ဓမ္မပဒဝတ္ထုတော်ကြီးကိုလည်း ခေတ်မီကွန်ပျူတာစာလုံး, ချောမွေ့ကောင်းမွန်ဖြူစင်သော စာရွက်တို့ဖြင့် အသစ်တစ်ဖန် ပုံနှိပ်ထုတ်ဝေရန် ရွှေသုဝဏ်ဆရာတော်အား အပ်နှံတာဝန်ပေးတော်မူပါသည်။

သို့ဖြစ်ပါ၍ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ, အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင် (ရွှေကျင်)တာဝန်ကို ဆောင်ရွက်တော်မူခဲ့သော မဟာဝိဇိတာရုံ ပဓာနနာယကချုပ် ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသမဟာထေရ် ပြုစုရေးသားတော်မူအပ်သော ပဒေသာ ဓမ္မပဒဝတ္ထုတော်ကြီးကို “မဟာဝိဇိတာရုံ ဓမ္မပဒဝတ္ထုတော်ကြီး”ဟူသော အမည်ဖြင့် စတုတ္ထအကြိမ်အဖြစ် ရန်ကုန်မြို့ ရွှေသုဝဏ်ကျောင်းက သန့်စင်သည့်အထိ ကွန်ပျူတာစာစီ လှူဒါန်းသည်ကို အယ်ဒီတာ ဦးမြင့်စိုး, ဦးသိန်းအောင်, ဦးစိုးတင့်တို့က ကြီးကြပ်ပြင်ဆင်၍ ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

စစ်ကိုင်း၊ ကျစွာ ဦးလက္ခဏ
၁၃၇၂-ခု၊ ၂၀၁၀-ခု

★ ★ ★ ★ ★ ★ ★

## မူရင်းနိဒါန်း

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### မဂ် ၄-ဆင့်တိုင် ကျိုးပေးနိုင်

ဇယတု။ ။ဓမ္မိဿရရာဇာ ဓမ္မာဓိပတိ ဓမ္မသာမိ အတုမရှိ-စံကင်း၊ တရားမင်းကြီး ဖြစ်တော်မူ၍ သုံးလောကမှန်ကူ၊ သယမ္ဘူအစစ်၊ ဖြစ်ကြီးဖြစ်တော်မူသော မြတ်စွာဘုရားသည် ၄၅-ဝါကာလပတ်လုံး ဟောကြားတော်မူအပ်သော နိကာယ် ၅-ဖြာ ဒေသနာတို့တွင် ခုဒ္ဒကနိကာယ်ဝင်အပါ ဓမ္မပဒဒေသနာတော်သည် အောက်ထစ်ဆုံး ကလျာဏပုထုဇဉ်အဆင့်မှ အမြင့်ဆုံး အရဟတ္တဖိုလ်ချမ်းသာ ရဟန္တာအဆင့်တိုင်အောင် အကျိုးပေးနိုင်စွမ်းရှိသော ဒေသနာတော်မြတ်ကြီး ဖြစ်ပေသည်။

### ခံယူချက်ချင်း တူညီခြင်း

ယင်း ဓမ္မပဒ-ဟူသော အမည်သည် ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံတိုင်းရှိ လူမျိုးတိုင်းနှင့် အခြားဘာသာဝင် လူကြီးလူကောင်းတို့၏ နှုတ်မှ “ဓမ္မပဒ”ဟု တညီတညွတ်တည်း သိရှိခေါ်ဝေါ်ကြသည်သာမက ထိုဓမ္မပဒဒေသနာတော်လာ အချက်အလက်တို့ကို လိုက်နာကျင့်ကြံကြပါမူ လောကီ,လောကုတ္တရာ ၂-ဖြာသောအကျိုးကို ပေးနိုင်စွမ်းရှိသည်-ဟူသော အသိဉာဏ် ခံယူချက်ချင်းလည်း တထပ်တသားတည်းကျအောင် တူညီနေခြင်းပင် ဖြစ်ပါသည်။

အထူးအားဖြင့် အိန္ဒိယနိုင်ငံ၊ သီရိဓမ္မာသောကမင်းကြီးသည် နိဂြောဓသာမဏေ ငယ် ဟောကြားအပ်သော “**အပ္ပမာဒေါ အမတံ ပဒံ**”အစချီသော ဓမ္မပဒ၊ အပ္ပမာဒဝဂ်လာ ဂါထာကို ကြားနာရသောကြောင့် မိစ္ဆာအယူကို စွန့်လွှတ်၍ ဗုဒ္ဓ၏အယူဝါဒကို သက်ဝင်ယုံကြည်ပြီးလျှင် ဗုဒ္ဓဘာသာ သာသနာကို ထူးထူးခြားခြားပြုခဲ့သည့် ဘုရင် ၁-ပါးအဖြစ်ဖြင့် ယခုတိုင် ထင်ရှားကျော်ကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပုဂံ၊ အနော်ရထာမင်းစောသည်လည်း ရှင်အရဟံ ရဟန္တာမြတ်ဟောကြားတော်မူအပ်သော “အပ္ပမာဒေါ အမတံ ပဒံ”အစချီသော ဓမ္မပဒဂါထာကိုပင် ကြားနာရသောကြောင့် အရည်းကြီးတို့ မိစ္ဆာအယူကို စွန့်လွှတ်၍ ဗုဒ္ဓ၏အယူဝါဒကို သက်ဝင်ယုံကြည်ပြီးလျှင် မြန်မာရာဇဝင်တွင် ထင်ရှားသော သာသနာပြုဘုရင် ၁-ပါး ဖြစ်ခဲ့ပါသည်။

ထို့ပြင် အီတလီပြည်၌ မွေးဖွား၍ အမေရိကန်ပြည်၊ နယူးယောက်မြို့တွင် ကြီးပြင်းလာသော ဝိဇ္ဇာနှင့် သိပ္ပံပညာရှင် ဘီအက်စ်စီ(ဓာတုဗေဒ)ဘွဲ့ရ ရိုမန်ကက်သလစ်ဘာသာဝင် **အီတလီအမျိုးသား** ၁-ယောက်သည် ဓမ္မပဒစာအုပ် ၁-အုပ်ကို ဖတ်ရှုရသောကြောင့် ရိုမန်-ကက်သလစ်ဘာသာကို ပယ်စွန့်၍ ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်ပြီးလျှင် ဗုဒ္ဓသာသနာတော်တွင်းသို့ ရှင်ရဟန်းအဖြစ် ဝင်ရောက်ကာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ရဟန်းတော် ၁-ပါး ဖြစ်လာခဲ့ဖူးပါသည်။

## ကမ္ဘာနှံ့ကျော် ဒေသနာတော်

ထိုဓမ္မပဒကို မြန်မာ, သီဟိုဠ်, တိဗက်, တရုတ်, ဥရောပ-စသော ကမ္ဘာ့ဘာသာစာပေအသီးသီးတို့ဖြင့် ပြန်ဆိုထားကြပြီးဖြစ်ရကား ကမ္ဘာတဝန်းလုံး ထင်ပေါ်ကျော်ကြားလျက် ရှိပေပြီ။ ထို့ကြောင့် "ဗုဒ္ဓ၏ ဒေသနာတော်ထဲမှ ကမ္ဘာတဝန်းလုံးသို့ ပျံ့နှံ့ထင်ပေါ်လျက်ရှိသော ဒေသနာတော်ကျမ်းဂန် ၁-ခုကို ထုတ်ပြပါ"ဆိုလျှင် "ဓမ္မပဒ"ကို မနှောင့်မနှေး ထုတ်ပြရမည်ပင် ဖြစ်ပါသည်။

## ဟောဖော်ပြရာ ချိန်အခါ

ယင်းဓမ္မပဒကို ဘုရားရှင် အဘယ်အချိန်လောက်ကစ၍ ဟောကြားတော်မူခဲ့ကြောင်းကိုလည်း တွေးဆစိစစ်နေကြသည်ကို တွေ့ရှိနေရပါသည်။ သို့သော် ယခုအချိန်အထိ ထိုကြံစည်ချက် အကောင်အထည်ပေါ်လာသည်ကို မတွေ့ရသေးပါ။

ဓမ္မပဒကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုသူ ၁-ဦးဖြစ်သော ဆာရာဓာကရိသျှနန် (S-RADHAKRISHANAN)ကမူ သူ၏ ဓမ္မပဒ ဘာသာပြန်နိဒါန်းတွင် "ဓမ္မပဒသည် ဘုရားဟော ပိဋကတ်ထဲမှ အစိတ်အပိုင်း ၁-ခုဖြစ်ရကား ဘုရားဟော ပိဋကတ်တော်၏ စတင်ဖြစ်ပေါ်ရာ အချိန်ကာလပေါ်မှာ မှီနေသောကြောင့် ၎င်း၏ ရက်စွဲအချိန်ကာလကို အတိအကျ ကန့်သတ်ချက် မပြုနိုင်ပါ"ဟု အတိအလင်း ဝန်ခံထားပါသည်။

ထိုပုဂ္ဂိုလ်၏ စကားသည် ယုတ္တိရှိလှပေသည်။ အဘယ့်ကြောင့်ဆိုသော် "**ယော အပ္ပဒုဋ္ဌဿ**"အစရှိသော ဓမ္မပဒ၊ ပါပဝဂ်လာ ဒေသနာတော်သည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဗြာဟ္မဏသံယုတ်၊ ဗိလင်္ဂိကသုတ်နှင့် သုတ္တနိပါတ်၊ မဟာဝဂ်၊ ကောကာလိကသုတ်တို့၌ ပါဝင်ရာ ထိုဒေသနာတော်ကို သုတ္တနိပါတ်ပါဠိတော်နှင့် ဓမ္မပဒအဋ္ဌကထာတို့အလို သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူ၍ သံယုတ်ပါဠိတော်အလို ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ ဟောတော်မူပါသည်။ ထိုကျောင်းတော် ၂-ရပ်တွင်

ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသည် ဝါတော် ၂၀-ကပ်ဆိုတော်မူ၍ ဝေဠုဝန် ကျောင်းတော်၌ ၅-ဝါ ကပ်ဆိုတော်မူပါသည်။

ထိုသို့ဖြစ်သောကြောင့် "ယင်းဒေသနာတော် မည်သည့်အချိန်တွင် စတင်ဟော ကြားသည်"ဟု ဟောကြားရာအချိန်ကို ခန့်မှန်းကန့်သတ်ရန် ခက်ခဲလှပေသည်။

## ခန့်မှန်းရန်အတွက် အချက် ၁-ချက်

ဘုရားရှင်၏ဘိုးတော် အဥ္စနမင်း ဖြိုကြွင်းသက္ကရာဇ် ၁၀၃-ခုနှစ်၊ ပြာသိုလကွယ် နေ့တွင် အရှင်သာရိပုတြာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့၏ အလောင်းတော် ဥပတိဿနှင့် ကောလိတ ပရိဗိုဇ် ၂-ဦးတို့ မြတ်စွာဘုရားထံတော်သို့ ရောက်လာပြီး ရဟန်းပြုကြပါသည်။ ထိုသို့ ရဟန်းပြုကြ၍ ၇-ရက်မြောက်သောနေ့တွင် အရှင်မဟာမောဂ္ဂလ္လာန်သည် ရဟန္တာ ဖြစ်တော်မူပြီးလျှင် ၁၅-ရက်မြောက်ဖြစ်သော တပို့တွဲလပြည့်နေ့တွင် အရှင်သာရိပုတြာ ရဟန္တာဖြစ်တော်မူပါသည်။ ထိုအရှင်သာရိပုတြာ ရဟန္တာဖြစ်တော်မူသောနေ့၌ပင် ဘုရားရှင် သည် သာဝကသန္နိပါတ (တပည့်သာဝက အစည်းအဝေး) ပြုတော်မူပြီး ၎င်းတို့ ၂-ပါးအား အဂ္ဂသာဝကအရာ ခန့်ထားတော်မူပြီးနောက် ပါတိမောက်ကို ပြတော်မူပါသည်။

ထိုသို့ အဂ္ဂသာဝကအရာ ခန့်ထားတော်မူသော သက္ကရာဇ် ၁၀၃-ခု၊ တပို့တွဲလပြည့် နေ့တွင် အရှင်သာရိပုတြာက "၎င်းတို့၏ဆရာ သိဥ္စည်းသည် မြတ်စွာဘုရားထံသို့ မလာ မရောက်ကြောင်း"နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားအား လျှောက်ထားရာတွင် မြတ်စွာဘုရား က "**အသာရေ သာရမတိနော**"အစရှိသော ဒေသနာတော်ကို ဟောကြားတော်မူကြောင်း ဓမ္မပဒအဋ္ဌကထာနှင့် အခြားစပ်ဆိုင်ရာ ကျမ်းဂန်စုတို့ကို တိုက်ဆိုင်ကြည့်ရှုခြင်းဖြင့် ယင်း "အသာရေ သာရမတိနော"စသော ဒေသနာတော် ဂါထာစုသည် ဓမ္မပဒ၌ မြတ်စွာဘုရား ဟောကြားတော်မူရာ နေ့ရက်အချိန်ကာလ အတိအကျ ဖော်ပြနိုင်သော ဒေသနာတော် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

## ဗုဒ္ဓဟောရာ အဋ္ဌကထာ

အဋ္ဌကထာ-ဟူသည် အဓိပ္ပါယ်ကျဉ်း၍ မပေါ်မလွင်သော ဒေသနာတော်တို့ကို ပေါ်လွင်ထင်ရှားအောင် ချဲ့ထွင်၍ အဓိပ္ပါယ်ရှင်းလင်းချက် ဒေသနာတော်ပင် ဖြစ်ပေသည်။ ဘုရားရှင်ကိုယ်တော်တိုင်ပင် ဝေနေယျပုဂ္ဂိုလ် သတ္တဝါတို့၏ အသိဉာဏ်အနု,အရင့်ကို

လိုက်၍ အချို့ပုဂ္ဂိုလ်တို့အား ဒေသနာတော်ကို ခပ်ကျဉ်းကျဉ်း ဟောပြတော်မူ၏။ အချို့ ဉာဏ်နုံ့သူတို့အား ဒေသနာတော် အချက်အလက်ကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်ထင် ရှားအောင် ချဲ့ထွင်၍ ဟောကြားတော်မူပါသည်။

ဤကဲ့သို့ အဓိပ္ပါယ်ရှင်းလင်းချက် ထုတ်၍ ဟောကြားတော်မူသော ဒေသနာတော် တို့ကို ပကိဏ္ဏကဒေသနာ (ဒေသနာတော်ပေါင်းချုပ်)-ဟူသော အမည်ဖြင့် ဘုရားရှင် လက်ထက်တော်ကပင် ထင်ရှားရှိနေပြီ ဖြစ်ပါသည်။

## သံဂါယနာ ၃-ဆက် စဉ်မပျက်

သံဂါယနာ ၃-တန်ကို အသီးသီး တာဝန်ယူခေါင်းဆောင်၍ တင်တော်မူခဲ့ကြသော **အရှင်မဟာကဿပ, အရှင်မဟာယသ, အရှင်မဟာမောဂ္ဂလိပုတ္တတိဿ**-စသော သံဂါ-ယနာတင် ဝန်ဆောင် ရဟန္တာမထေရ်မြတ်ကြီးတို့သည် ဘုရားရှင် ဟောကြားတော်မူအပ် သမျှသော ဒေသနာတော်တို့ကို မပျောက်မပျက်ရအောင် **သံဂါယနာ**(စုပေါင်း၍ ရွတ်ခြင်း) ၃-တန် တင်တော်မူကြခြင်းဖြင့်လည်းကောင်း, ကိုယ်တော်မြတ်တို့၏ တပည့်သာဝက အသီးသီးတို့အား အစဉ်မပျက် ချပို့တော်မူခြင်းဖြင့်လည်းကောင်း နှစ်ပေါင်း ၂၀၀-ကျော် တိုင်တိုင် ထိန်းသိမ်းတော်မူခဲ့ကြပါသည်။

ဤကဲ့သို့ ထိန်းသိမ်းအပ်ကုန်သော ဘုရားဟော ပိဋကတ်ဒေသနာတော်တို့ကို, သာသနာသက္ကရာဇ် ၂၃၆-ခု (သရေခေတ္တရာ ရန်ဘောင်မင်း အုပ်စိုးနေချိန်) *(ဘီ-စီ-၃၀၈)၊ သို့မဟုတ် **(ဘီ-စီ-၂၄၇)ခုလောက်တွင် တတိယသံဂါယနာတင် ဝန်ဆောင်မထေရ်ဖြစ် တော်မူသော သီရိဓမ္မာသောကမင်းကြီး၏သားတော် **အရှင်မဟာမဟိန္ဒ** ရဟန္တာအရှင်မြတ် သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူပြီးလျှင် သီဟိုဠ်ကျွန်း၊ ဒေဝါနံပိယတိဿမင်းကြီးသည် လှူဒါန်းအပ်သော မဟာမေဃဝန်ဥယျာဉ်တော်အတွင်းရှိ မဟာဝိဟာရကျောင်းတိုက်တွင် သီတင်းသုံးတော်မူကာ ဝဋ္ဋဂါမဏိမင်း၏ လက်ထက်တိုင်အောင် ရဟန်း,သံဃာ၊ တပည့် ပရိသတ်တို့အား (ပိဋကတ်တော်တို့ကို) ချပို့ဟောပြောတော်မူခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကို စင်ကြယ်စေ,ထွန်းပစေတော်မူပါသည်။

(*ဗုဒ္ဓဂယာကျောက်စာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောနှစ်ကို ဘီ-စီ ၅၄၄-ခုနှစ်နှင့် အညီ ယူထားသည်-ဟု အချို့က ယုံကြည်ကြသည်။ ဤအလို သာသနာနှစ် ၂၃၆-ခုသည် ဘီ-စီ ၃၀၈-ခုနှင့် ညီသည်။ **ခေတ်သစ်ပြက္ခဒိန်ဆရာကြီးတို့ကမူ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသော နှစ်ကို ဘီ-စီ ၄၈၃-ခုနှင့် ညီသည်-ဟု ဆုံးဖြတ်ကြသည်။ ဤအလို သာသနာနှစ် ၂၃၆-ခုသည် ဘီ-စီ ၂၄၇-ခုနှင့် ညီသည်။)

## ပေထက်အက္ခရာ သံဂါယနာ

သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်း မင်းပြု၍ ၅-နှစ်မြောက်သော သာသနာတော် သက္ကရာဇ် ၄၅၀-ပြည့်သည်တိုင်အောင် ရဟန္တာအရှင်မြတ်များနှင့် ပုထုဇဉ်ရဟန်းတော်တို့ သည် ပိဋကတ်တော်ကို အက္ခရာဖြင့် မရေးမတင်ကြသေးဘဲ နှုတ်ဖြင့်သာ ဆောင်တော်မူကြ သေးသည်။

သာသနာ ၄၅၀-ပြည့်ပြီးသည့်နောက်၌ကား အရှင်မဟာမဟိန္ဒ၏ အဆက်အနွယ် မဟာဝိဟာရဝါသီ **အရှင်မဟာတိဿထေရ်**-စသော ရဟန္တာအရှင်မြတ် ၅၀၀-ကျော်တို့က နောင်သောအခါ သတိ,ပညာ ဆုတ်ယုတ်၍ နှုတ်တံုအာဂံု မဆောင်မရွက်နိုင်မည်ကို မြင် တော်မူရကား "မြတ်စွာဘုရား၏ နှုတ်တော်ထွက် ပိဋကတ်တော်တို့ကို အရှည်တည်စိမ့်သော ငှာ ပေထက်၌ အက္ခရာ ရေးတင်ကြအံ့"ဟု တိုင်ပင်ညီညွတ်တော်မူကြပြီးလျှင် ဝဋ္ဋဂါမဏိမင်း ၏လက်ထက် သာသနာ ၄၅၅-မှ-၄၆၇ (ဆဋ္ဌသံဂါယနာပါဠိနိဒါန်း)၊ (ဘီ-စီ ၈၈-မှ-၇၆) (ဆရာဓာ-ကရိသျှနန်၏ ဓမ္မပဒနိဒါန်း)ခုအတွင်း၌ သီဟိုဠ်ကျွန်း၊ အနုရာဓမင်းနေပြည်၏ ရှေ့အရပ်မှ ၆၈-မိုင် ကွာဝေးသော မလယဇနပုဒ်၊ မာတုလမြို့ရှိ အာလောကလိုဏ်ဂူတော်တွင် သီတင်း သုံးတော်မူကြကုန်လျက် ထိုမလယဇနပုဒ်ကို အစိုးရသောမင်းတို့၏ ပစ္စည်း ၄-ပါး အထောက်အပံ့ဖြင့် အခြားတပါးသော မဟာသံဃိကအနွယ် နိကာယ(ဂိုဏ်း)အယူဝါဒတို့နှင့် မရောမယှက်စေဘဲ သန့်ရှင်းစင်ကြယ်စေခြင်းငှာ အဋ္ဌကထာနှင့်တကွ ပိဋကတ် ၃-ပုံ ပါဠိ တော်တို့ကို ပေထက်၌ ရေးသားတော်မူကြခြင်းဖြင့် ***ပေထက်အက္ခရာ စတုတ္ထသံဂါယနာ** တင်တော်မူကြပါသည်။(*ထိုအချိန်ကား မြန်မာနိုင်ငံ၌ သရေခေတ္တရာပြည်၊ တေပါးမင်း အုပ်စိုးချိန် ဖြစ်ပါသည်။)

## အဋ္ဌကထာနှင့် အရှင်မဟာဗုဒ္ဓဃောသ

သာသနာတော် သက္ကရာဇ် ၉၀၁-မှ ၁၀၀၀-အတွင်း၌ ဗုဒ္ဓသာသနာတွင် ထင်ရှား တော်မူသော အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်း၊ မဟာနာမမင်း (သိရိပါလမင်းလည်း-ဟူ)လက်ထက်၊ သာသနာတော်နှစ် ၉၆၅-ခုနှစ်*၌ သီဟိုဠ်သို့ ကြွတော်မူပြီးလျှင် မဟာအဋ္ဌ-ကထာ, မဟာပစ္စရီအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာ-စသောကျမ်း<u>တို့မှ</u>*(ကျမ်းတို့ကို အကျဉ်းချုံး၍)* သီဟိုဠ်ဘာသာမှသည် မာဂဓဘာသာသို့ ပြန်ဆိုရေးသား*(ပြုစု)*တော်မူပါသည်။ (*ဝံသဒီပနီ၊ မဲထီး-စသော မြန်မာနိုင်ငံ၊ သာသနာဝင်ကျမ်းတို့၌ကား သာသနာနှစ် ၉၃၀-ဟု သတ်မှတ်ကြသည်။)

ယင်းမဟာအဋ္ဌကထာ-စသော အဋ္ဌကထာတို့သည်ကား အရှင်မဟာမဟိန္ဒသည် အိန္ဒိယပြည်မှ သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ တပည့်သာဝက အဆက်ဆက်တို့ကို ချပို့ဟောကြားတော်မူခြင်းဖြင့် ပျံ့နှံ့တည်ရှိစေတော်မူအပ်သော အဋ္ဌကထာတို့ပင် ဖြစ်ပါသည်။ ထိုအဋ္ဌကထာတို့တွင် အရှင်မဟာဗုဒ္ဓဃောသသည် မဟာအဋ္ဌကထာကို ပိုမို၍ အလေးထားကြောင်း သိရပေသည်။

အထက်ဖော်ပြပါ အဋ္ဌကထာဒေသနာတော်တို့တွင် ဓမ္မပဒဒေသနာတော်လည်း ပါဝင်ပြီးဖြစ်ရကား အရှင်မဟာဗုဒ္ဓဃောသလည်း ထိုဓမ္မပဒဒေသနာတော်ကို ကိုယ်တော်တိုင် ကူးယူရေးသားတော်မူကြောင်းကို သူ၏ဓမ္မပဒအဋ္ဌကထာသစ်၏ ပဏာမနှင့်ပဋိညာဉ်တို့ကို ပြရာအခန်း၌ အောက်ပါအတိုင်း ဖော်ပြထားတော်မူသည်။

“ဘုရားရှင်၏ လက်ထက်တော်အခါမှစ၍ ဆရာအဆက်ဆက်တို့ မပျက်မကွက် အဆင့်ဆင့် ယူဆောင်တော်မူအပ်သော, သိမ်မွေ့နက်နဲသော ထိုဓမ္မပဒပါဠိတော်၏ အနက်ကို အကျယ်ဖွင့်ပြရာ အဋ္ဌကထာသည် သီဟိုဠ်ကျွန်းသူ,ကျွန်းသားတို့၏ ဘာသာစကားဖြင့်သာ တည်ရှိနေရကား ထိုမှတပါး ကြွင်းကုန်သော ဘာသာခြားလူမျိုးတို့အား အကျိုးစီးပွါး အပြည့်အစုံရခြင်းကို မပြီးစေနိုင်။ ထိုအဋ္ဌကထာသည် အလုံးစုံသော လူအပေါင်း၏ အကျိုးစီးပွါး အပြည့်အစုံရခြင်းကို ပြီးစီးစေနိုင်သည်ဖြစ်ပါမူ ကောင်းလေစွ-ဟု တောင့်တလျက် ယဉ်ကျေးသော ကိုယ်,နှုတ်,နှလုံးရှိတော်မူသော ကုမာရကဿပမည်သော မထေရ်သည် ခိုင်ခံ့သော စိတ်နှလုံးဖြင့် သူတော်ကောင်းတရား အရှည်တည်တံ့ခြင်းကို လိုလားသူ ၁-ဦးဖြစ်ရကား ငါ-ဗုဒ္ဓဃောသကို ရိုသေစွာ ရှေးရှုတောင်းပန်လေပြီ။

ထိုသို့ တောင်းပန်အပ်သော ငါဗုဒ္ဓဃောသသည် သီဟိုဠ်ဘာသာ အဋ္ဌကထာ၏ အလွန်ကျယ်ဝန်းသော စကားအစဉ်ကို ပယ်၍လည်းကောင်း, နှလုံးမွေ့လျော်ဖွယ်ရာဖြစ်သော ဘုရားဟော မာဂဓဘာသာသို့ တင်၍လည်းကောင်း, ထိုသီဟိုဠ်အဋ္ဌကထာ၌ ထင်ရှားစွာ မပြအပ်သော ဂါထာတို့၏ပုဒ်ကို သဒ္ဒါအားဖြင့် ထင်ရှားစွာ ဖွင့်ပြ၍လည်းကောင်း, ထင်ရှားစွာပြအပ်သော ပုဒ်ကို အနက်အားဖြင့် ဖွင့်ပြ၍လည်းကောင်း ပညာရှိတို့သန္တာန်၌ အနက်နှင့်သဒ္ဒါကို ကောင်းစွာမှီခိုရသည်ဖြစ်၍ စိတ်နှလုံး၏ ယုကျုံးနှစ်သက်ခြင်းသို့ မရောက်ရောက်အောင် ငါ-ဆောင်ရွက်လျက် မာဂဓဘာသာဖြင့် ငါ-ရေးသားဖွင့်ဆိုပေအံ့။”

ဤအထက်ပါ အရှင်မဟာဗုဒ္ဓဃောသ၏ ကိုယ်တော်တိုင် မိန့်ဆိုချက်ကို ထောက်ဆဆင်ခြင်ခြင်းအားဖြင့် ဤဓမ္မပဒအဋ္ဌကထာသည်လည်း ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားတော်မူကြောင်း ခိုင်လုံသော သာဓကဖြစ်၍ ဘုရားရှင်၏ နှုတ်တော်ထွက် ပကိဏ္ဏက

ဒေသနာတော်တွင် အပါအဝင်ဖြစ်သော ဒေသနာတော် အစစ်အမှန်ပင်ဖြစ်ကြောင်း သိမှတ်ယုံကြည်ကြလျက် လိုက်နာကျင့်ကြံသင့်လှပေသည်။

## ဓမ္မပဒဝတ္ထုတော်

ဝတ္ထု-ဟူသော စကားနှင့် စပ်လျဉ်း၍ ဖော်ပြရလျှင် ဤအရာ၌ ဝတ္ထု-သဒ္ဒါသည် **အကြောင်းအရာ**, **အတ္ထုပ္ပတ္တိ**, တည်ရာ-ဟူသော အဓိပ္ပါယ်တို့ကို ဆောင်နေသည်-ဟု ဆိုရပေမည်။ ထင်ရှားစေဦးအံ့။ ဝိမာနဝတ္ထု-ဟု ဆိုရာ၌ ဝတ္ထု-ဟူသည် "ဝိမာနာနံ ဝတ္ထု ကာရဏံ ဧတိဿာတိ ဝိမာနဝတ္ထု"ဟူသော အဋ္ဌကထာစကားအရ "နတ်တို့၏ အထူး ပျော်ပါးရာ နေထိုင်အပ်သော နေရာဗိမာန်တို့၏ အကြောင်းအရာကို ပြသောကျမ်း ၁-ကျမ်းပင် ဖြစ်သည်"ဟု သိနိုင်ပေသည်။ ဆိုလိုသည်မှာ ဝိမာနဝတ္ထု-ဟူသည် နတ်ဗိမာန်တို့၏အကြောင်းကို ပြသောကျမ်း-ဟု ဆိုလိုသည်။ ဤ၌ ဝတ္ထု-သဒ္ဒါသည် **အကြောင်းအရာ**ကို ဟောသည်။

တဖန် ဘုရားဟောကျမ်းဂန်တို့တွင် ဝတ္ထု-အမည်တပ်သော ကျမ်းဂန် ၁-ခုမှာ ပေတဝတ္ထုပင် ဖြစ်သည်။ ဤပေတဝတ္ထု၌ ဝတ္ထု-ဟူသည် အတ္ထုပ္ပတ္တိ, အဖြစ်အပျက်, အကြောင်းအရာဖြစ်သည်ကို အဋ္ဌကထာစကား၏ အရိပ်အမြွက်ဖြင့် သိနိုင်သည်။ ဆိုလိုသည်မှာ ပြိတ္တာဖြစ်ကြောင်း ကံကို ပြ၍ ပြိတ္တာဖြစ်ကုန်သောသူတို့၏ အတ္ထုပ္ပတ္တိ, အကြောင်းအရာ, အဖြစ်အပျက်ကို ပြဆိုရာကျမ်း-ဟု ဆိုလိုပါသည်။ ဤ၌ကား ဝတ္ထု-သဒ္ဒါသည် **အတ္ထုပ္ပတ္တိအနက်**ကို ဟောသည်။

ထို့ပြင် ဝတ္ထု-အမည်တပ်၍ ခေါ်ဝေါ်သောကျမ်း ၁-ကျမ်းလည်း ရှိပေသေးသည်။ ၎င်းမှာ ကထာဝတ္ထုကျမ်းပင် ဖြစ်ပါသည်။ ထိုကထာဝတ္ထု၌ ဝတ္ထု-သဒ္ဒါကား "ကထာနံ ဝတ္ထုဘာဝတောတိ ကထာသမုဒါယဿ ပကရဏဿ အတ္တနော ဧကဒေသာနံ ဩကာ-သဘာဝံ ဝဒတိ"ဟူသော မူလဋီကာကို ထောက်၍ ပုဂ္ဂလကထာ-စသော စကားတို့၏ တည်ရာ-ဟူသော အနက်ကို ဟောသည်။

ဤဓမ္မပဒဝတ္ထုတော်၌ ဝတ္ထု-သဒ္ဒါသည်ကား ဆိုခဲ့ပြီးသော ဝတ္ထု-သဒ္ဒါ ၃-မျိုးတို့၏ အနက်အဓိပ္ပါယ်ထက် ထူးခြား၍ ဖွင့်ပြစရာ မရှိနိုင်ပေ။ ဓမ္မပဒသည် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူပြီး အကြောင်းအရာနှင့်တကွ အကျယ်ဖွင့်ပြတော်မူအပ်ရကား နောက်က ဆိုခဲ့ပြီးသည့်အတိုင်း ပကိဏ္ဏကဒေသနာတော်ထဲတွင် ပါဝင်ပြီးဖြစ်၍ အရှင်မဟာ-ဗုဒ္ဓဃောသထေရ်သည် သီဟိုဠ်ဘာသာ အဋ္ဌကထာမှ မာဂဓဘာသာ ပြန်ဆိုထားသဖြင့် **ဓမ္မပဒအဋ္ဌကထာ**-ဟု အမည်ရပြီးပင် ဖြစ်ပါသည်။

တဖန် ယင်းဓမ္မပဒအဋ္ဌကထာကိုပင် မြန်မာဘာသာဖြင့် စကားပြေ ပြန်ဆိုထားသည့်အခါ ထိုဓမ္မပဒအဋ္ဌကထာ မြန်မာစကားပြေကျမ်းကို ဓမ္မပဒဝတ္ထုတော်ကြီး-ဟု အမည်တပ်ဆင်လိုက်ခြင်း ဖြစ်ပါသည်။

ထိုဓမ္မပဒဝတ္ထုတော်ကြီး-ဟူသော ပုဒ်ကို ထပ်မံ၍ အဓိပ္ပါယ် အကျယ်ဖွင့်ပြရသော် "ဘုရားရှင် ဟောကြားတော်မူအပ်သော တရားဒေသနာတော် ပုဒ်အစုတို့၏ ဖြစ်ပေါ်ရာ အကြောင်းအဝတ္ထုပ္ပတ္တိတို့ကို ပြဆိုရာဖြစ်သောကျမ်း"ဟု ဖွင့်ဆိုရမည် ဖြစ်ပါသည်။

မှန်၏။ "**မနောပုဗ္ဗင်္ဂမာ ဓမ္မာ**"စသော တရားပုဒ်သည် ဘုရားရှင်ကိုယ်တော်တိုင်က အကြောင်းအရာမရှိဘဲ ဟောကြားတော်မူအပ်သည် မဟုတ်၊ အကြောင်းဝတ္ထုကို အမှီပြု၍ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

**ယင်းဒေသနာတော်၏ ဖြစ်ပေါ်ရာအကြောင်းကား** စက္ခုပါလမထေရ်-စသည်တို့၏ အကြောင်းအဝတ္ထုပ္ပတ္တိတို့ဖြစ်ကြောင်း သိသာပေါ်လွင်နိုင်ပါသည်။ ထို့ကြောင့် ဘုရားဟော ဒေသနာတော် ပုဒ်စုတို့၏ဖြစ်ပေါ်ရာ အကြောင်းအဝတ္ထုပ္ပတ္တိတို့ကို ပြဆိုရာ မာဂဓပါဠိဘာသာမှ မြန်မာဘာသာ, မြန်မာ့ဟန်ဖြင့် ပြန်ဆိုရေးသားအပ်သော ကျမ်းကြီးကို ဓမ္မပဒဝတ္ထုတော်ကြီး-ဟု မြန်မာဆန်ဆန် အမည်တပ်ဆင်လိုက်ခြင်းပင် ဖြစ်ပါသည်။

## ခေတ်နှင့် စာပေ

**စာပေသည်** လူ၏သမိုင်းကိုလည်းကောင်း၊ စာပေ၏ အဆင့်အတန်း အနိမ့်,အမြင့်ကိုလည်းကောင်း၊ လူတို့၏အသိဉာဏ် အတိမ်,အနက်ကိုလည်းကောင်း သိမ်မွေ့စွာ ဖော်ပြလျက် ရှိပေသည်။ လူတို့၏ သမိုင်းစဉ် ပြောင်းလဲသည်နှင့်အမျှ စာပေအသုံးအနှုန်းသည်လည်း ပြောင်းလဲလာမြဲ ဖြစ်ပေသည်။ ယခု သုံးစွဲလျက်ရှိသော စကားအသုံးအနှုန်းတို့သည် နောင်တခေတ်၌ ပေါရာဏစကား စာပေအသုံးအနှုန်းများ ဖြစ်ရပေမည်။ ရှေးက သုံးစွဲလာခဲ့သော အသုံးအနှုန်းတို့သည်လည်း ယခုအခါ ပေါရာဏအသွင်ပြောင်းပြီး ခေတ်လူသားတို့ နားလည်စေရန် ဝေါဟာရအဓိပ္ပါယ်တို့ဖြင့် ထပ်မံ ဖွင့်ဆိုနေရပေပြီ။ ဥပမာ- ရှေးအခါက သုံးစွဲလာခဲ့သော မကန်-ဟူသောပုဒ်ကို ယခုခေတ်လူသားတို့သည် အလွယ်တကူ နားမလည်ကြတော့သဖြင့် "ပြည့်လင်း မကန် လဘော စာပိ၊ အပြည့် တင်းကျမ်းတိ ဝုစ္စတိ"စသည်ဖြင့် ပေါရာဏစကားပုဒ်ကို ဝေါဟာရပုဒ်ဖြင့် ဖွင့်ပြနေရပေပြီ။ ဆိုလိုသည်မှာ မကန်-ဟူသည် မဆုံအောင် ပြည့်လျှံနေခြင်းပင် ဖြစ်သည်။ (ဤမကန်-ဟူသော အသုံးကို ယခုအခါ အောက်မြန်မာနိုင်ငံ အချို့ဒေသတို့၌သာ သုံးစွဲလျက် ရှိ၏။)

## ရှေးမူ မြန်မာဝတ္ထုစကားပြေ၊ ပုဂံခေတ်

ဤမြန်မာနိုင်ငံ၌ မြန်မာဝတ္ထုစကားပြေ အရေးအသားသည် ပုဂံခေတ်ကပင် စတင်ခဲ့ပြီး ဖြစ်ပေသည်။ ထိုပုဂံခေတ်ကား ကျောက်စာခေတ်ဖြစ်၍ စာအုပ်,စာတမ်းနှင့် အက္ခရာတင်ခြင်းကို များစွာမပြုကြဘဲ ကျောက်စာနှင့် ရေးတင်မှတ်သားကြပေသည်။

ထိုခေတ်က ဝိမာနဝတ္ထု-စသည်တို့မှ အကြောင်းအရာ အကျဉ်းလိုရင်းကို ရေး၍ မြန်မာ့ဟန်ဖြင့် ရေးသားထားသည်ကို ပုဂံမြို့၊ မင်းနန်သူရွာ၊ ဝိနည်းမိုရ်ဘုရားစု၌ ဘုရား ၁-ဆူ၏အတွင်းရှိ မင်စာအရ သိနိုင်ပါသည်။ ရေးသားဟန်မှာ-

*"အမ္သိုဝ်သမီသည် သ္ခိင်သာရိပုတြာကိုဝ် ပန်လင်လှ်ုရသော အတ္လိုဝ်လ္ဖင်တာဝတိံသာ နှိုက် အစောက်အယုဇနာ ၁၂ဝ-သော ရှုယ်ပိမန္ဒင် စ ညှိမ် ခံစားဧအိ"

ဟူ၍ပင် ဖြစ်ပါသည်။

(*အမျိုးသမီးသည် သခင်သာရိပုတြာကို ပလ္လင်လှူရသောအကျိုးဖြင့် တာဝတိံသာနှိုက် အစောက်အယူဇနာ ၁၂ဝ-သော ရွှေဗိမာန်တွင် စည်းစိမ်ခံစား၏။)

အက္ခရာအရေးအသား၌ ထူးခြားမှုရှိသည်မှတပါး ဝေါဟာရအသုံးအနှုန်းမှာ မြန်မာဆန်ဆန် မြန်မာ့ဟန်နှင့်ပင် ဖြစ်ပါသည်။

ထို့ကြောင့် "ဝတ္ထုစကားပြေ ရေးသားမှုခေတ်သည် ပုဂံခေတ်ကပင် စ-သည်"ဟု ဆိုရမည် ဖြစ်သည်။ ထိုမှ တစတစ ရေးသားဟန်သည် ရေးသားသော ပုဂ္ဂိုလ်တို့၏ အသိဉာဏ် တိုးတက်လာသည်နှင့်အမျှ တိုးတက်ပြောင်းလဲလာခြင်း ဖြစ်သည်။

## အင်းဝခေတ်

အင်းဝ၊ ရွှေနန်းကြော့ရှင်လက်ထက် မြန်မာသက္ကရာဇ် ၈၆၃-ခုနှစ်တွင် အရှင်မဟာသီလဝံသ ရေးသားစီရင်သော ပါရာယနဝတ္ထုသည် ပုဂံကျောက်စာခေတ်မှ တဆင့်တက်၍ ပေစာ,စာအုပ် အက္ခရာအရေးအသားတွင် ရှေးအကျဆုံးဝတ္ထု ဖြစ်ပေလိမ့်မည်။ ရေးသားဟန်မှာ ရိုးရိုးနှင့် ဝါကျရှည်ကြီးများကို အများအပြား မသုံးဘဲ ရှေးဆန်ဆန် သုံးနှုန်းထားပေသည်။

## ညောင်ရမ်းခေတ်

ထိုထက် တိုးတက်၍ ရေးသားဟန် ပိုမိုကောင်းမွန်လာသော ဝတ္ထု ၁-ခုမှာ မြန်မာသက္ကရာဇ် ၉၆၇-ခုနှစ်၊ အင်းဝ၌ မင်းပြုသော အနောက်ဘက်လွန်မင်းတရားလက်ထက်တွင် *ကျမ်းဂန်တတ်ပုဂ္ဂိုလ်ကျော် ၄-ပါးတို့တွင် ၁-ပါး အပါအဝင်ဖြစ်သော ဝရာဘိသံဃနာထ ဆရာတော်ရေး **မဏိကုဏ္ဍလဝတ္ထု** ဖြစ်ပါသည်။

(*ကျမ်းဂန်တတ် ပုဂ္ဂိုလ်ကျော် ၄-ပါး- (က) ပုဂံ၊ သဒ္ဒနီတိကျမ်းပြု အရှင်အဂ္ဂဝံသဆရာတော်
(ခ) စစ်ကိုင်း၊ အရှင်အရိယာဝံသဆရာတော်
(ဂ) အင်းဝ၊ အရှင်ဝရာဘိသံဃနာထဆရာတော်
(ဃ) တောင်ဖီလာ၊ အရှင်မုနိန္ဒဃောသဆရာတော်)

ထိုဝတ္ထု၌ စကားပြေရေးသားဟန်မှာ အတုယူလောက်အောင် ကောင်းမွန်သည်ကို တွေ့ရပါသည်။ ၍-ဟူသော ကြိယာနောက်ဆက်ပုဒ်ကို ထပ်ကာထပ်ကာ ၍၊ ပြီးလျှင်၊ ပြီးသော်-စသော စကားလုံးတို့ဖြင့် လဲလှယ်၍ ဝါကျရှည်ကြီးကို ချောမောအောင် သုံးစွဲထားပါသည်။

ထိုအထက်ပါဝတ္ထုတို့သည် တရားကြောင်းနွယ်သော ဝတ္ထုများဖြစ်၍ မဏိကုဏ္ဍလဝတ္ထုမှာ အသီတိနိပါတ်လာ မဟာသုတသောမဇာတ်တော်ကို ၅၅၀-ဇာတ်ဝတ္ထုတို့ဖြင့် တန်ဆာဆင်ယင်၍ ရေးသားထားသောဝတ္ထု ဖြစ်ပေသည်။

ယခုခေတ်တွင် ပေါ်ပေါက်တည်ရှိနေသော ဓမ္မပဒဝတ္ထုတော်ကြီးများ၏ မြစ်ဖျားခံရာအစစ် သတ်မှတ်အပ်သော ဓမ္မပဒဝတ္ထု ၁-ခုမှာ ညောင်ရမ်းခေတ်၊ မင်းရဲကျော်ထင်၏လက်ထက်၊ မြန်မာသက္ကရာဇ် ၁၀၄၂-ခုနှစ်တွင် ဝိဇယပူရ ပင်းယမြို့၊ ရွှေစည်းခုံကျောင်းတိုက်၊ သို့မဟုတ် (ပိဋကတ်သမိုင်းအလို) မဟာရတနာကရကျောင်းတိုက်တွင် သီတင်းသုံးသော သဒ္ဓမ္မာလင်္ကာရဆရာတော် ရေးသားအပ်သော ရတနာကရဝတ္ထု ဖြစ်ပါသည်။ ၎င်း၏ ရေးသားဟန်သည် မဏိကုဏ္ဍလဝတ္ထု၌ ရေးသားဟန်ကဲ့သို့ စကားပြေအသွားအလာ အဆက်အစပ် ပြောင့်စင်း၍ ကောင်းမွန်သည်ကို တွေ့နိုင်ပါသည်။

ယင်းရတနာကရဝတ္ထုသည် ဓမ္မပဒကို မူတည်၍ ရေးသားထားသောကြောင့် ယခုခေတ် ဓမ္မပဒဝတ္ထုတော်ကြီးများ၏ စတင်ဖြစ်ရာ မူလပဘဝ မြစ်ဖျားခံရာ ဖြစ်ပေလိမ့်မည်-ဟု ယူဆရသည်။

## ဤဓမ္မပဒဝတ္ထုတော်ကြီးကို ထပ်မံ ရေးသားရခြင်း

စာပေအရေးအသားသည် ခေတ်နှင့် ရင်ပေါင်တန်းလျက် အစဉ်ပါလာမြဲဖြစ်ရကား ခေတ်ပြောင်းလဲမှုရှိတိုင်း စာပေရေးသားဟန်လည်း ပြောင်းလဲလာရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပြီးသော စကားရပ်တို့ကို ထောက်ဆသဖြင့် သိနိုင်ပါသည်။

ဤဓမ္မပဒဝတ္ထုတော်ကြီးကို မရေးသားမီ ဓမ္မပဒနှင့် စပ်လျဉ်းရေးသားအပ်သော ဓမ္မပဒဝတ္ထုစကားပြေကျမ်းတို့သည် ရတနာကရဝတ္ထုအပါအဝင် ၈-ကျမ်းမက ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။ ထိုဝတ္ထုတော်ကြီးတို့သည် မိမိတို့ခေတ်ကာလအလျောက် ပေါ်ထွက်လာသော ကျမ်းများဖြစ်၍ ကျမ်းပြုပုဂ္ဂိုလ်တို့၏ ရေးသားဟန်, ယူဆဟန်တို့သည် မတူကြရုံသာမက အသိဉာဏ်ချင်းလည်း ၁-မျိုးစီ ဖြစ်ကြပါသည်။

**အသိဉာဏ်ဆိုသည်မှာ** ခေတ်နှင့်လျော်သော အသိဉာဏ်ကို ဆိုလိုပါသည်။ ဤဓမ္မပဒအဋ္ဌကထာ၊ မာဂဓပေါဌ်ကို စတင်ရေးသားတော်မူသော အရှင်မဟာဗုဒ္ဓဃောသသည်ပင်လျှင် ခေတ်နှင့်လျော်သော အသိဉာဏ်ရှိတော်မူသောကြောင့် မာဂဓဘာသာကိုသာ တတ်မြောက်လိမ္မာကြသော ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးအလို့ငှာ သီဟိုဠ်တိုင်းရင်းဘာသာမှသည် မာဂဓဘာသာသို့ ပြန်ဆိုတော်မူရခြင်း မဟုတ်ပါလော။

ထိုမာဂဓဘာသာ ဓမ္မပဒအဋ္ဌကထာကိုလည်း မြန်မာတိုင်းရင်းဘာသာအဖြစ် စတင်ပြန်ဆိုတော်မူကြသော ပုဂ္ဂိုလ်တို့၏ အသိဉာဏ်သည်လည်း အရှင်မဟာဗုဒ္ဓဃောသ၏ အသိဉာဏ်နှင့် တပြေးတည်းသွားနေမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌လည်း ခေတ်ကာလအမျိုးမျိုး ပြောင်းလဲလာခဲ့သည်မှာ တကောင်းခေတ်, သရေခေတ္တရာခေတ်-စသည်ဖြင့် ခေတ်ပေါင်းများစွာ ရှိနေခဲ့ပါပြီ။ ယနေ့ တိုင်းရင်းသားတို့ မျက်မှောက်ခေတ် စာပေသည်လည်း ကျောက်စာခေတ်မှသည် စက်တင်ပုံနှိပ်စာအဖြစ် ပြောင်းလဲလာသည်နှင့်အမျှ လူတို့၏အသိဉာဏ်လည်း ထပ်ကြပ်မကွာ ကပ်၍ ပါလာခဲ့ရပေသည်။

ဤဓမ္မပဒဝတ္ထုတော်ကြီး ပေါ်ပေါက်လာသည့်ခေတ်ကို သုံးသပ်ကြည့်မည်ဆိုလျှင် လူတို့၏ နေထိုင်စားသောက်ရေးမှစ၍ စာပေယဉ်ကျေးမှုတို့ပါမကျန် အမြစ်က လှန်၍ ပြောင်းလဲနေသော ခေတ်ကြီးဖြစ်ပါသည်။ ယခုကဲ့သို့ မြန်မာ့မှု, မြန်မာ့ဟန်ကို မပေါ်ပေါ်အောင် ဖော်ထုတ်ပေးနေသော ခေတ်ကြီးထဲတွင် ပေါ်ပေါက်ဖြစ်ထွန်းလာသော စာပေရေးသားဟန်တို့သည်လည်း ခေတ်နှင့် တပြေးတည်းညီညွတ်မှသာ ဆီလျော်မည် ဖြစ်ပေသည်။

စာပေသည် လူတို့၏ ခေတ်ကာလသမိုင်းစဉ်ကို ပြောပြနေဘိသကဲ့သို့ ဖြစ်ရကား မျက်မှောက်ခေတ်ကာလနှင့်အညီ စာပေသည်လည်း ရင်ပေါင်တန်း၍ လိုက်ပါလာရပြန်သောကြောင့် သမိုင်းပေးတာဝန်အရ ဓမ္မပဒဝတ္ထုတော်ကြီးကို ထပ်မံရေးသား ပြုစုရမည်သာ ဖြစ်ပါသည်။

အထူးအားဖြင့် ဘုရားရှင်သည် ဓမ္မပဒဒေသနာတော်ကို အကြောင်းဝတ္ထုပေါ်မှာ မူတည်၍ ဟောကြားတော်မူခြင်းဖြစ်ရကား ထိုဓမ္မပဒဒေသနာတော်၏ စတင်ဟောကြားတော်မူအပ်ရာ ဝတ္ထုအကြောင်းအရာ, အတ္ထုပ္ပတ္တိတို့ကို ရှင်းရှင်းလင်းလင်း ပေါ်ပေါ်လွင်လွင် သိရှိလိုကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် ဒေသနာတော်၏ မူလအကြောင်းရင်းကို သိရှိရခြင်းဖြင့် စေတနာ,သဒ္ဓါ ပိုမိုတိုးတက်စေရန် ရည်သန်တောင့်တချက်ရှိသည့်အတိုင်း မန္တလေးမြို့၊ တောင်ပြင်၊ ပတ်ကုန်းပျော်ဘွယ်ရပ်၊ နယူးစီဗီလိုင်း၊ **ဝိဇိတာရုံ** ကျောင်းတိုက် နာယကချုပ်ဆရာတော်၏ သဒ္ဒိဝိဟာရိကတပည့်, မြင်းခြံမြို့၊ ခဲတော၊ ကံသာတောရဆရာတော်၏ အန္တေဝါသိကတပည့် ဖြစ်တော်မူသော ဝိဇိတာရုံကျောင်းတိုက်ဒုတိယနာယက **အရှင်ဝိစာရိန္ဒ**သည် ဝဂ်(အုပ်စု)ပေါင်း-၂၆၊ ဝတ္ထုပေါင်း-၃၀၅၊ ဒေသနာဂါထာတော်ပေါင်း ၄၂၃-တို့ဖြင့် တန်ဆာဆင်အပ်သော ဓမ္မပဒအဋ္ဌကထာ၏ မြန်မာဘာသာပြန် ဤဓမ္မပဒဝတ္ထုတော်ကြီးကျမ်းကို ခေတ်နှင့်ညီအောင် ခေတ်မီသားနားစွာ အသစ်ထပ်မံ၍ စီစဉ်ရေးသားရခြင်း ဖြစ်ပါသည်။

## ဤကျမ်း၏ ထူးခြားချက်

အထက်၌ ပြဆိုအပ်ခဲ့ပြီးသည်နှင့်အညီ ရေးသားဟန်, စီစဉ်ဟန်တို့သည် ၁-ခေတ်နှင့် ၁-ခေတ် မတူအောင် ထူးခြားချက် ရှိလာရမည်ဖြစ်၍ မျက်မှောက်ခေတ်ကာလနှင့် ရင်ပေါင်တန်းလျက် ထွက်ပေါ်လာရသော ဤဓမ္မပဒဝတ္ထုတော်ကြီး၏ ထူးခြားချက်များမှာ-

၁။ စာပေအရေးအသား အသုံးအနှုန်းတို့မှာ ခေတ်နှင့်လျော်စွာ မြန်မာ့ဟန်မပျက် ရေးသားထားခြင်း၊

၂။ ဓမ္မပဒအဋ္ဌကထာ ပါဠိ,ပုဒ်,ပါဌ်တို့ကို မြန်မာစကားပြေ ပြန်ဆိုရာ၌ ရှင်းလင်းပြတ်သား ထင်ရှားလွယ်ကူစွာ တွေ့ရှိနိုင်အောင် ပြန်ဆိုရေးသားထားခြင်း၊

၃။ ဒေသနာတော်နှင့် ဝတ္ထုကြောင်းတို့၏ လိုရင်းအချုပ်ကို အတိုချုပ် သိရှိနိုင်စေရန် လိုရင်းထုတ်နုတ်၍ ခေါင်းစီးအဖြစ် ထည့်သွင်းပြုလုပ် ပြသထားပြီးလျှင် ပိုမိုပေါ်လွင်

စေရန် ဒေသနာတော်ဂါထာများ၏အနက်နှင့် ဆောင်ပုဒ်များကိုလည်း ဝတ္ထုကြောင်း၏ အစ၌ ထုတ်ပြကာ စီစဉ်ထားခြင်း၊

၄။ ဓမ္မပဒဒေသနာတော် မူရင်းဂါထာတို့ကို မှတ်သားလွယ်ကူစေရန် လိုရင်းချုပ်၍ ဆောင်ပုဒ်,ကဗျာ,လင်္ကာတို့ဖြင့် တန်ဆာဆင်ထားခြင်း၊

၅။ ဓမ္မပဒဒေသနာတော် ဂါထာတို့ကို ဓမ္မပဒအဋ္ဌကထာ၏ ဖွင့်ပြရာ အဓိပ္ပါယ်များနှင့် တကွ ပြည့်ပြည့်စုံစုံ သိရှိကြရန်လည်းကောင်း ဖတ်နာရာ၌ သာယာနာပျော်ဖွယ် ဖြစ်ကြစေရန်လည်းကောင်း ရည်သန်၍ ကာရန်တို့ဖြင့် ချောမောပြေပြစ်စွာ ရေးသား ထားခြင်း၊

၆။ ခက်ဆစ်ခက်ရာ အဓိပ္ပါယ်ကွယ်ဝှက်သော အရာတို့၌ စာမျက်နှာ၏ အောက်ခြေတွင် ရှင်းလင်းချက်ထုတ်၍ ပြဆိုထားခြင်း–

တို့ ဖြစ်ပါသည်။

## ခေတ်မီသားနားစွာ ပေါ်ထွက်လာခြင်း

ဤကဲ့သို့ ရဟန်း,ရှင်,လူ သူတော်စင်တို့၏ သဒ္ဓါဓာတ်ခံ အာသာဆန္ဒ ပြင်းပြသည် အားလျော်စွာ ပေါ်ထွက်လာရသော ဤပဒေသာဓမ္မပဒဝတ္ထုတော်ကြီး-တည်းဟူသော လမင်းကြီးသည်လည်း ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ်ကြီးနှင့် အမျိုးဘာသာတို့၏ ကြီးပွါးတိုးတက်ကြောင်း အလင်းရောင်ကောင်းကြီးကို နှစ်ထောင်းအားရအောင် ပေးစွမ်းနိုင် စေရန် ရည်သန်ချက်ရှိသည့်အတိုင်း–

၁။ ဦးကောဝိဒ၊ ဓမ္မာစရိယ

၂။ ဦးဓမ္မသာမိ၊ ဓမ္မာစရိယ

တို့သည် အကြိမ်ကြိမ် အထပ်ထပ် သုတ်သင်ပြင်ဆင်တော်မူကြပြီးသည်ကို–

## ခေတ်မီဝေဖြာ ပဒေသာ

တဖန် ဦးကျော်သိန်း (ဓမ္မာစရိယ) အမှူးရှိသော ပဒေသာပါဠိဆရာများကလည်း ထပ်မံ၍ သုတ်သင်ပြင်ဆင် တည်းဖြတ်ကြလျက် မန္တလေးမြို့၊ ၃၂-လမ်း၊ ပိန်းတန်းရပ်၊ ပဒေသာပိဋကတ်ပုံနှိပ်တိုက်ပိုင်ရှင် ဦးခင်မောင်ကိုယ်တိုင် ကြပ်မတ်၍ စက္ကူကောင်း,စာလုံး

ကောင်း၊ မင်ကျ,မင်နှ၊ အထား,အသိုမှစ၍ သရုပ်ဖော် ဆေးရောင်စုံ ပုံတော်ပေါင်း မြောက်မြားစွာတို့ဖြင့် မန္တလေးမြို့၊ ၃၂-လမ်း၊ ပိန်းတန်းရပ်၊ ပဒေသာပိဋကတ်ပုံနှိပ်တိုက်တွင် စက်တင်ပုံနှိပ်အပ်ပါသတည်း။

ဦးလက္ခဏ၊ "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိပါရဂူ"

ဦးကောဝိဒ၊ "ဓမ္မာစရိယ"

၁၃၃၀-ခု၊ တပေါင်းလပြည့်၊ တနင်္ဂနွေနေ့။

★★★★★★★

# ရတနတ္တယာဒိပ္ပဏာမ

## ဗုဒ္ဓပ္ပဏာမ

**ပါဒကဆိန္နမနုဂ္ဂဏ ပဿိယ သုန္ဒရဆေကဘိသက္ကဝရော၊**
**ဆိန္နပဒံ ပုနသန္ဓိကရော၀ ပရော အဘိသက္ကနိဘော သုဇိနော။**
**ဓမ္မဝိယောဂဇနဿ ပဒါယကသောဘမနော၀ သုဓမ္မပဒံ၊**
**သန္တိကရံ အဘယံ ပုရ'မာဂမိ ဓမ္မဓဇံ သုဗုဓံ ပဏမေ။** ။(၂၂-လုံးဖွဲ့ မဒိရာဂါထာ)

သုန္ဒရဆေကဘိသက္ကဝရော၊ ဓာတ် ၄-ပါးစုံ၊ နက္ခတ်မှုနှင့်၊ ဥတု,အာဟာရ၊ စသည် ပိုင်းခြား၊ နိုင်နင်းထားသည့်၊ သမားအရာ၊ အရေးပါသည့်၊ ကောင်းစွာလိမ္မာသော ဆေးဆရာ မြတ်သည်။ ပါဒကဆိန္နမနုဂ္ဂဏံ ပဿိယ၊ တစ်စုံတစ်ခု၊ ထိခိုက်မှုကြောင့်၊ မရှုမလှ၊ ဆင်းရဲ၍ နေကြသည့် ခြေကျိုးပြတ်သော လူအပေါင်းကို မြင်၍။ ဆိန္နပဒံ၊ မသွားနိုင်ဘဲ၊ ထတိုင်းလဲ၍၊ ဆင်းရဲကြီးမား၊ ကျိုးပြတ်ထားသော ခြေကို။ ပုနသန္ဓိကရော၀၊ ထက်မြက်ကျော်လွှမ်း၊ ပညာ စွမ်းဖြင့်၊ အေးချမ်းသာစွာ၊ ကောင်းမွန်လာအောင်၊ လွန်စွာခံ့ခိုင်၊ တဖန် ပြန်၍ ဆက်နိုင် သကဲ့သို့သာလျှင်ဖြစ်သော။ ပရော၊ လူမြတ်,နတ်မြတ်၊ ဗြဟ္မာမြတ်-ဟု၊ လောကဓာတ် ထိပ်သီး၊ ပုဂ္ဂိုလ်မြတ်ကြီးတို့ကို၊ လွှမ်းပြီးကျော်မော်၊ မြင့်မြတ်တော်မူပေသော။ အဘိသက္က-နိဘော၊ အထက်တန်းစား၊ သမားလိမ္မာ၊ အရေးပါသည့် ဆေးဆရာနှင့်တူသော။ ဓမ္မဝိယော-ဂဇနဿ၊ မိစ္ဆာ-စသား၊ ဒဏ်ချက်များကြောင့်၊ တရားကင်းမဲ့၊ ချို့တဲ့ကြတောင်း၊ လူအပေါင်း အား။ သုဓမ္မပဒံ၊ ခိုင်မာအလွန်၊ ကောင်းမွန်လှစွာ၊ တရားရတနာ-တည်းဟူသော ခြေကို။ ပဒါယကသောဘမနော၀၊ ကရုဏာတရား၊ လွန်ကြီးမား၍၊ အပြားအားဖြင့်၊ ပိုင်းခြားဆက် စပ်၊ ဟောကြားတော်မူတတ်သည့် ကောင်းမြတ်သော စိတ်နှလုံးရှိတော်မူသည်သာလျှင် ဖြစ်သော။ သုဇိနော၊ ဒေဝပုတ္တ၊ စသည်အပြား၊ မာရ် ၅-ပါးကို၊ တုတ်,ဓား မပါ၊ အေးမေတ္တာ ဖြင့်၊ ကောင်းစွာအောင်မြင်၊ ဘုရားရှင်သည်။ ဝါ၊ အကြိမ် ၈-တန်၊ အောင်ပွဲခံ၍၊ အောင်လံ ထူပြီး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သန္တိကရံ၊ သံသရာစက်၊ ကန့်အကွက်ကို၊ ခုတ် ဖျက်သတ်ဖြတ်၊ အပူဇာတ်သိမ်း၊ အေးငြိမ်းခြင်းကို ပြုရာဖြစ်သော။ အဘယံ ပုရံ၊ ဘေးရန် မသီ၊ နိဗ္ဗာန်ပြည်သို့။ အာဂမိ-အာဂမီ၊ နိဗ္ဗာန်တရားကို၊ အဖန်ဖန်ဟောကြား၍၊ ကြွသွားစံဝင် တော်မူလေပြီ။ ဓမ္မဓဇံ စကြဝဠာ, ဘုံတစ်ခွင်မှာ၊ အသာဆုံး,အမြင့်ဆုံးမှ၊ လွှမ်းဖုံးစိုက်ထူ၊ တရား-တည်းဟူသော တံခွန်အောင်လံ ရှိတော်မူသော။ သုဗုဓံ၊ ဗုဒ္ဓ,ဓမ္မ၊ သမန္တနှင့်၊ ဉာဏ, ဒိဗ္ဗ၊ ၅-ဖြာအကျော်၊ မျက်စိတော်ဖြင့်၊ ၄-ဖော်သစ္စာ၊ ဒေသနာကို၊ ဆရာမပါ၊ ကောင်းစွာ

သိမြင်၊ ဘုရားရှင်ကို။ အဟံ၊ ဥပဇ္ဈာယ်မထေရ်မြတ်၊ ပေးအပ်ဖွဲ့သ၊ ဝိစာရိန္ဒ-ဟု၊ နာမသမုတ်၊ အကျွန်ုပ်သည်။ ပဏာမေ၊ ကာယ,ဝစီ၊ မနသီ-ဟု၊ ၃-လီဒွါရ၊ ဂါရဝနှင့်၊ ကြည်ဆွသဒ္ဓါ၊ စေတနာဖြင့်၊ လွန်စွာအားထား၊ အပြားအားဖြင့်၊ ရှိခိုးပါ၏-အရှင်ဘုရား။ ။

----- x -----

## ဓမ္မပဏာမ

သဗ္ဗဒုခေဟိ ဝိမောက္ခကတေဇယုတံ သမခေမဝိသုဒ္ဓဂုဏံ၊
ဒိဋ္ဌသုခန္ဒသတ္တိဂုဏေဟိ စ လက်တထောမိတသန္တဓနံ။
ဗုဒ္ဓနိသေဝိတဒေဝဇဩဒနသန္ဒိဘဓမ္မယုဂံ နိမလံ၊
ဝဋ္ဋဒုမဂ္ဂသုနိက္ခမစိတ္တယုတော စ အဟံ ပဏာမေ သတတံ။ ။

(၂၂-လုံးဖွဲ့ မဒိရာဂါထာ)

သဗ္ဗဒုခေဟိ၊ သံသရာဝဋ်ဘုံ၊ မလွတ်တုံက၊ တွေ့ဆုံကြုံရ၊ အလုံးစုံသော ဘေးဒုက္ခတို့မှ။ ဝိမောက္ခကတေဇယုတံ၊ အထူးအားဖြင့်၊ လွတ်သွားနိုင်သည့်၊ အစွမ်းပြည့်စုံ၊ တန်ခိုးဂုဏ်နှင့် ယှဉ်ထသော။ သမခေမဝိသုဒ္ဓဂုဏံ၊ ကိလေသာဘေး၊ ကင်းလွတ်ဝေး၍၊ ငြိမ်းအေးပြည့်တင်း၊ ဘေးရန်ကင်းသည့်၊ အထူးအားဖြင့်၊ သန့်ရှင်းစင်ဖြူ ဂုဏ်ရှိတော်မူထသော။ ဒိဋ္ဌသုခန္ဒသတ္တိဂုဏေဟိ စ၊ မျက်မှောက်ချက်ချင်း၊ ချမ်းသာခြင်းကို၊ ထင်လင်းမသွေ၊ ပေးနိုင်ပေသည့်၊ အစွမ်းသတ္တိဂုဏ်တို့ဖြင့်လည်း။ လက်တထောမိတသန္တဓနံ၊ တန်ဆာဆင်အပ်၊ ချီးမွမ်းအပ်သည့်၊ အမြတ်ထွတ်ထား၊ ဘုရားအစ၊ များလှသောင်းသောင်း၊ သူတော်ကောင်းတို့၏ဥစ္စာလည်းဖြစ်ထသော။ နိမလံ၊ လောဘ,ဒေါသ၊ မောဟ-စသော၊ ကိလေသာချေး၊ ကောင်းစွာဆေး၍၊ ညစ်ကြေးမတင်၊ သန့်ရှင်းစင်ကြယ်သော။ ဗုဒ္ဓနိသေဝိတဒေဝဇ-ဩဒနသန္ဒိဘဓမ္မယုဂံ၊ ဘုရားရှင်တို့၊ အစဉ်မပြတ်၊ မှီဝဲအပ်သည့်၊ နတ်၌ဖြစ်စွာ၊ နတ်ဩဇာနှင့်၊ ပမာတူစွ၊ မဂ္ဂဖလာ၊ ၈-ဖြာပေါင်းစည်း၊ နိဗ္ဗာန်ပရိယတ်-တည်းဟူသော အမြတ်ဆယ်ဖော်၊ တရားတော်အစုံကို။ ဝဋ္ဋဒုမဂ္ဂသုနိက္ခမစိတ္တယုတော စ၊ ဝဋ်ဆင်းရဲ-ဟူ၊ မကောင်းထူထဲ၊ ခရီးခဲမှ၊ ထွက်ဖဲလိုခြင်းစိတ်နှင့် ယှဉ်သည်သာလျှင်ဖြစ်သော။ အဟံ၊ ဓမ္မပဒဝတ္ထုတော်ကြီးကျမ်းကို၊ ကြိုးပမ်းပြုလုပ်၊ အကျွန်ုပ်သည်။ သတတံ၊ လွန်လွန်ကဲကဲ၊ အာရုံစွဲလျက်၊ အမြဲမကွာ။ ပဏာမေ၊ ကာယ,ဝစီ၊ မနသီ-ဟု၊ ၃-လီဒွါရ၊ ဂါရဝနှင့်၊ ကြည်ဆွသဒ္ဓါ၊ စေတနာဖြင့်၊ လွန်စွာအားထား၊ အပြားအားဖြင့်၊ ရှိခိုးပါ၏-အရှင်ဘုရား။ ။

----- x -----

## သံဃပ္ပဏာမ

**သီလသမိဒ္ဓိဂုဏောဟိ ဥပေတာဝရံ ဗုဓစေက္ကသုဘံ အမလံ၊**
**မိတိသုလက်တထောမိတသီတလဒေဟသုခေမနိဝါနဂမံ။**
**ပညသုမင်္ဂလပဏ္ဏိတပုဂ္ဂလမာနိတသေဝိတသံဃ'ရိယံ၊**
**ဂါရဝနိန္နသုမာနသသီလပဋ္ဌော၀ အဟံ ပဏမေ သတတံ။ ။**

(၂၂-လုံးဖွဲ့ မဒိရာဂါထာ)

("သတ္တ ဘကာရ ယုတေတ ဂရုဂ္ဂဒိတာယ မုဒါရတရာ မဒိရာ"ဟူသော ဆန္ဒောမဉ္ဇရီ ဆန်းကျမ်း၌ မိန့်ဆိုအပ်သည်နှင့်အညီ ဘဂိုဏ်း ၇-ဂိုဏ်း၊ ဂရု ၁-လုံးတို့ဖြင့် ဖွဲ့ဆိုအပ်သော ရတနတ္တယပ္ပဏာမ ၂၂-လုံးဖွဲ့ မဒိရာဂါထာများတည်း။)

သီလသမိဒ္ဓိဂုဏောဟိ၊ ခရုသင်းပွတ်သစ်၊ ပုလဲစစ်နှင့်၊ စိန်နှစ်စိန်သား၊ ကဲ့အလား သို့၊ ပြတ်သားဖြူစင်၊ လွန်ကြည်လင်၍၊ အစဉ်တောက်ပ၊ ဖြူစင်လှသည့်၊ သီလတော်နှင့်၊ ပြည့်စုံခြင်းဂုဏ်တော်တို့နှင့်။ ဥပေတာဝရံ၊ နိဗ္ဗာန်ရွှေဘုံ၊ ရောက်ရကုန်အောင်၊ ပြည့်စုံသည် ဖြစ်၍ မြတ်ပေထသော။ ဗုဓစေက္ကသုဘံ၊ မြတ်ဘုရား၏၊ တည်ထားမိန့်မှာ၊ သာသနာစက်၊ မကျိုးပြတ်ဘဲ၊ တိုးတက်ကဲမြိုင်၊ တင့်တယ်စေနိုင်ပေထသော။ အမလံ၊ တစ်ထောင့်ငါးရာ၊ အင်အားပါ၍၊ များစွာထွေထွေ၊ သံသာပွေသည့်၊ ကိလေသင်းပင်း၊ အညစ်အကြေး ကင်းထ သော။ မိတိသုလက်တထောမိတသီတလဒေဟသုခေမနိဝါနဂမံ၊ လှုပ်ရှားမရှိ၊ မြဲခိုင်တည့် သည့်၊ သမာဓိတန်ဆာ၊ အဖြာဖြာတို့ဖြင့်၊ ကောင်းစွာစုံလင်၊ တန်ဆာဆင်အပ်၊ ချီးမွမ်းအပ် သည့်၊ အပူဓာတ်ကင်းကွာ၊ အေးမြစွာလှ၊ ကိုယ်ကာယရှိတော်မူလျက်၊ ဆထက်လွန်စွာ၊ ဘေးရန်ကွာ၍၊ တဏှာမသီ၊ နိဗ္ဗာန်ပြည်သို့၊ ကြွချီဝင်စံခြင်းရှိတော်မူသော။ ပညသုမင်္ဂလ-ပဏ္ဏိတပုဂ္ဂလမာနိတသေဝိတသံဃ'ရိယံ၊ ပညာတည်းဟူသော၊ ကောင်းမြတ်လှစွာ၊ မင်္ဂလာ ရှိ၍၊ ပဏ္ဍိမည်မှတ်၊ ပုဂ္ဂိုလ်တတ်တို့၊ မြတ်မြတ်နိုးနိုး၊ မှီဝဲကိုးသည့်၊ ရှစ်မျိုးရှစ်ဖော်၊ အရိယာ သံဃာတော်ကို။ ဂါရဝနိန္နသုမာနသသီလပဋ္ဌော၀၊ လေးမြတ်ရိုသေ၊ ညွတ်ကိုင်းပေသည့်၊ စိတ်မြတ်ရှိ၍၊ ပါတိမောက္ခ၊ သံဝရခေါ်၊ သီလတော်တည်းဟူသော၊ အဝတ်သက်န်းရှိသည် သာလျှင်ဖြစ်သော။ အဟံ၊ ရုပ်,နာမ် ၂-ခု၊ ဓာတ်အစုသာ၊ ဖြစ်ရပါသော၊ ဝိစာရိန္ဒ၊ နာမ သမုတ်၊ အကျွန်ုပ်သည်။ သတတံ၊ လွန်လွန်ကဲကဲ၊ အာရုံစွဲလျက်၊ အမြဲမကွာ။ ပဏမေ၊ ကာယ,ဝစီ၊ မနသီ-ဟု၊ ၃-လီဒွါရ၊ ဂါရဝနှင့်၊ ကြည်ဆွသဒ္ဓါ၊ စေတနာဖြင့်၊ လွန်စွာအားထား၊ အပြားအားဖြင့်၊ ရှိခိုးပါ၏-အရှင်ဘုရား။ ။

----- x -----

**အာစေရပ္ပဏာမ**

**နိဿာယ ပဗ္ဗဇ္ဇတ္တံ ယံ၊ သမ္ဗုတ္တော ဝိညုတဥ္စ ယံ။**
**စေတသာ တေ ပသာဒေန၊ ဝန္ဒေ အာစေရမုတ္တမေ။ ။**

အဟံ၊ ဝိစာရိန္ဒ၊ နာမသမုတ်၊ အကျွန်ုပ်သည်။ ယံ၊ လောကီ,လောကုတ္တရာ၊ ရတနာ အစားစား၊ ထင်ရှားပြည့်စုံ၊ အသရေဂုဏ်ကြောင့်၊ ရတနာပုံမည်ကျော်၊ မန္တလေးမြို့တော်ဝယ်၊ နန်းတော်,မြို့ရိုး၊ ပြအိုး,ကျုံး,မြောင်း၊ ပစ္စင်အပေါင်း တည်ရာ၊ တောင်မျက်နှာအပိုင်း၊ နယူး စီဗီလိုင်းတွင်၊ စည်ပင်သိုက်မြိုက်၊ ဝိဇိတာရုံကျောင်းတိုက်၌၊ ယာပိုထ်မွေလျော်၊ သီတင်း သုံးနေတော်မူသော အကြင်ကျေးဇူးရှင် ဝိဇိတာရုံမဟာထေရ်မြတ်ကြီးကို။ နိဿာယ၊ သာသနာ့လုပ်ငန်း၊ တာဝန်ထမ်း၍၊ ပြုစွမ်းနိုင်မှု၊ အမှီပြု၍။ ပဗ္ဗဇ္ဇတ္တံ၊ အပြစ်ကြီး,ငယ်၊ အသွယ်သွယ်ကို၊ မိဘာသဖွယ်၊ ဘယ်ဝယ်မလပ်၊ ဆုံးမတတ်သည့်၊ ဥပဇ္ဈာယ်ဆရာမြတ်၊ ပြုလုပ်မှတ်၍၊ သာကီယဇာတ်၊ ရဟန်းတော်မြတ်အဖြစ်သို့။ ယံ၊ သေးသေးငယ်ငယ်၊ ကလေး ရွယ်မှ၊ ဖေးကယ်သင်ပြ၊ လိမ္မာရအောင်၊ ဆုံးမတန်တန်၊ လုံ့လလျှံသည့်၊ မြင်းခြံမြို့မြောက်၊ ၁၈-မိုင်လောက်အကွာ၊ ခံတောရွာကြီး၌၊ တောဝါခိုမှီး၊ အကြင်ကျေးဇူးရှင်၊ ကံသာတောရ မဟာထေရ်မြတ်ကို။ နိဿာယ၊ သာသနာ့လုပ်ငန်း၊ တာဝန်ထမ်းလျက်၊ ပြုစွမ်းနိုင်မှု၊ အမှီပြု ၍။ ပဗ္ဗဇ္ဇတ္တံ၊ သရဏဂုံ,သီလ၊ စုံညီရလျက်၊ ဗုဒ္ဓမြေးဇာတ်၊ သာမဏေမြတ်အဖြစ်သို့။ ယံ စ၊ ၃-ပုံပိဋက၊ အဝဝနှင့်၊ မာဂဓ,သက္ကတ၊ ဗျာကရဏစု၊ နိယဏ္ဍုဆန္ဒ၊ ကေဋုဘ-စသား၊ ကျမ်းဂန်များနှင့်၊ မှတ်သားဆည်းပူး၊ ဖြန့်ဖြူးမကုန်၊ ဖုံဖုံအမှု၊ ဗဟုသုတအရာ၊ လိမ္မာ ကျွမ်းကျင်၊ ပညာရှင် ၁-ဆူ၊ ဖြစ်တော်မူသည့်၊ အကြင် ဝိဇိတာရုံမဟာထေရ်မြတ်ကြီးကို လည်းကောင်း။ ယံ စ၊ သီလဖြူစင်၊ ဓုတင်ဆောက်တည်၊ တောရမှီလျက်၊ တည်ကြည်လှ သည့်၊ သမာဓိအရှင်၊ အကြင်မြင်းခြံမြို့၊ ခံတောရွာ၊ ကံသာတောရ မထေရ်မြတ်ကိုလည်း ကောင်း။ နိဿာယ၊ ဘုန်းတော်,ကံတော်၊ ပညာတော်စု၊ အမှီပြု၍။ ဝိညုတံ၊ ပိဋကတ် ၃- သွယ်၊ နိကာယ် ၅-ဖြာ၊ အဋ္ဌကထာနှင့်၊ ဋီကာ,ဂဏ္ဌိ၊ အစရှိတို့၊ ထိုက်သည့်အလျောက်၊ တတ်မြောက်လျော်စွာ၊ ကျမ်းရေးရာဝယ်၊ လိမ္မာသည်၏အဖြစ်သို့။ သမ္ဗုတ္တော၊ ကောင်းစွာ ထုတ်ချောက်၊ ရောက်ရပေ၏။ တေ အာစေရမုတ္တမေ၊ တတ်သိဖို့ရေး၊ နည်းပေးပို့ချ၊ အနန္တ ဂုဏ်ရှင်၊ ကျေးဇူးတော်ရှင်၊ ထိုဆရာတော်မဟာထေရ်မြတ်-စသည်တို့ကို။ ပသာဒေန၊ သီလ, သမာ၊ ပညာဂုဏ်ထူး၊ ကျေးဇူးမျှော်ဆ၊ ကြည်ညိုလှသော။ စေတသာ၊ မယိုင်မလှုပ်၊ သမ္ပယုတ်တိဟိတ်၊ ကုသိုလ်စိတ်ဖြင့်။ ဝန္ဒေ၊ အနန္တဂိုဏ်း၊ နက်ရှိုင်းကျေးဇူး၊ ဂုဏ်ရည်စူး၍၊ အထူးပြုကာ၊ ကြည်နူးစွာဖြင့်၊ ၃-ဖြာဒွါရ၊ ဂါရဝဖြင့်၊ ကြည်ဆွသဒ္ဓါ၊ ရှိခိုးပါ၏ဘုရား။ ။

## ပရိညာဉ်နှင့် ဥယျောဇဉ်

**လိခိဿံ မြန်မာ့ဘာသာယ၊ ဓမ္မပဒဿ နိဿယံ။**
**သဗဒ္ဓ ပုညဝဍ္ဍာယ၊ တံမုဒ္ဒိက္ခန္တု သာဓဝေါ။ ။**

အဟံ၊ ဘဒ္ဒန္တဝိစာရိန္ဒ၊ နာမသမုတ်၊ အကျွန်ုပ်သည်။ မြန်မာ့ဘာသာယ၊ မြန်မာပြည်အလုံး၊ အများသုံးသည့်၊ စကားလုံးအလိုက်၊ သိုက်မြိုက်ဝေဆာ၊ မိခင်မြန်မာဘာသာဖြင့်။ သဗဒ္ဓ၊ ရှုတိုင်းချမ်းမြေ့ ပီတိတွေ့အောင်၊ သိမ်မွေ့ကျစ်လစ်၊ ကဗျာ,လင်္ကာ၊ ဆောင်ပုဒ်သစ်နှင့် တကွသော။ ဓမ္မပဒဿ-ဓမ္မပဒပါဠိအဋ္ဌကထာယ၊ ကျင့်ကြံကြည့်သူ၊ ခပ်သိမ်းလူတို့နတ်,လူရပ်ဌာန်၊ မြိုက်နိဗ္ဗာန်ကို၊ ဧကန်မသွေ၊ ရောက်စေသိစေနိုင်ကြောင်း၊ နည်းလမ်းကောင်းဖြစ်သည့်၊ တရားပေါင်းစုံစွာ၊ ဓမ္မပဒပါဠိ,အဋ္ဌကထာ၏။ နိဿယံ၊ အနက်,အဓိပ္ပါယ်၊ သိလွယ်ထင်လင်း၊ ရှင်းလင်းဝေဆာ၊ မြန်မာဘာသာ၊ ဗျာချာသိပ်သည်း၊ နိဿရည်းကို။ ပုညဝဍ္ဍာယ၊ ရှုတိုင်းပိုမို၊ ကုသိုလ်တိုးပွါး၊ အကျိုးများရန်အလို့ငှာ။ လိခိဿံ၊ ပညာခွန်အား၊ ရှိသြားလျော်စွာ၊ စေတနာနှင့်၊ သဒ္ဓါရွှင်မြူး၊ စိတ်ကြည်နူးစွာ၊ ရေးသားပါအံ့။ ဝါ၊ လိခိဿံ-

(က) ဘာသာပြန်များ၊ ရှင်းပြတ်သား၊ သိပြား လွယ်ကူစွ။

(ခ) ဝတ္ထု,ဒေသနာ၊ နှစ်ဖြာအချုပ်၊ ခေါင်းစီးအုပ်ကာ၊ ဒေသနာလည်း၊ ဂါထာ,အနက်၊ နှစ်ချက်လုံးပင်၊ ရှေးဦးတင်၊ ပေါ်လွင်စေရန် ပြ။

(ဂ) မှတ်လွယ်ဖို့ရာ၊ ဒေသနာအချုပ်၊ ဂါထာထုတ်၊ ဆောင်ပုဒ် လင်္ကာပြ။

(ဃ) ဒေသနာနက်၊ ကာရန်ဖက်၊ ချောညက် ကောင်းမွန်လှ။

(င) ခက်ဆစ်ခက်ရာ၊ ဖြာဖြာကွယ်ဝှက်၊ အသိနက်၊ ခွဲဖျက် ရှင်းလင်းပြ။ ။

ဤငါးဝစုံလင်ရန် ရည်သန်စွဲပိုက်၊ လွန်နှစ်ခြိုက်အောင်၊ သိုက်မြိုက်ဝေဆာ၊ ရေးသားပါအံ့။ ဝါ-လိခိဿံ၊ ဒေသနာတော်ကလည်း အနှစ်သက်သက်၊ စီစဉ်ပုံကလည်း အသစ်စက်စက်၊ ခေတ်နှင့်ဖက်၍ ရှေးမူသွင်းပြီး ရှင်းလင်းစုံစွာ ရေးသားပါအံ့။ တံ၊ ထိုမဟာဝိဇ္ဇာရုံဓမ္မပဒဝတ္ထုတော်ကြီး၊ ကျော်ဟီးပြည့်လျှမ်း၊ ဓမ္မပဒပါဠိ, အဋ္ဌကထာ၊ မြန်မာဘာသာပြန်ကျမ်းကို။ သာဓဝေါ၊ ဗုဒ္ဓဘုရား၊ ဟောညွှန်ကြားသည့်၊ တရားအနှစ်၊ အားသစ်စိတ်တန်း၊ နိဗ္ဗာန်ကို ရည်မှန်းကြသည့်၊ ရဟန်း,ရှင်,လူ၊ သူတော်စင်ဟူသမျှတို့သည်။ ဉဒ္ဒိက္ခန္တု၊ နေ့စဉ်မပျက်၊ ကုသိုလ်တက်အောင်၊ ဆက်ဆက်သိမှု၊ သတိပြု၍၊ ကြည့်ရှုနိုင်ကြပါစေကုန်သတည်း။

## ယာစနာ

ခလိတံ ရစိတံ စေ'ဟ၊ ပမာဒေန ဘမေန ဝါ။
ဒိဋ္ဌံ ယံ ပဏ္ဍိတာ သမ္မာ၊ သောဓေန္တု ဟိတစေတသာ။ ။

ဣဟ၊ လူ,နတ်,နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ မှန်စွာရကြောင်း၊ တရားကောင်းကို၊ စုပေါင်းပြခန်း၊ ရေးသားလတ္တံ့သော ဤမဟာဝိဇိတာရုံဓမ္မပဒဝတ္ထုတော်ကြီးကျမ်း၌။ မယာ၊ အကျွန်ုပ်သည်။ ပမာဒေန ဝါ၊ သတိလွတ်ကင်း၊ မေ့လျော့ခြင်းကြောင့်လည်းကောင်း။ ဘမေန ဝါ၊ အမှန်မမြင်၊ အထင်မှားယွင်း၊ ဉာဏ်လည်ခြင်းကြောင့်လည်းကောင်း။ ခလိတံ၊ ပုဒ်,ပါဠ်,အက္ခရာ၊ ချွတ်ချော်မှားယွင်းစွာ။ ရစိတံ၊ ထည့်သွင်းပါဝင်၊ ရေးသားစီရင်အပ်မိသော။ ယံ၊ မမှန်ယွင်းပျက်၊ အကြင်အချက်ကို။ စေ ဒိဋ္ဌံ၊ အကယ်၍များ၊ တွေ့မြင်ငြားအံ့။ တံ၊ သတိလွတ်ကင်း၊ ဉာဏ်လည်ခြင်းကြောင့်၊ ချွတ်ယွင်းပျက်ကွက်၊ ထိုလွဲမှားသောအချက်ကို။ ပဏ္ဍိတာ၊ ကျမ်းဂန်အရာ၊ လိမ္မာကျွမ်းကျင်၊ စိတ်ကောင်းဝင်ကြသည့် ပညာရှင်တို့သည်။ သမ္မာ၊ သမ္မဇဉ်ဖက်၊ မေတ္တာသက်ကာ၊ အလွန်ကောင်းမွန်စွာ။ ဟိတစေတသာ၊ အကျိုးစီးပွါး၊ လိုလားသောစိတ်ဖြင့်။ သောဓေန္တု၊ ကိုယ်တိုင်စီရင်၊ ကျမ်းအသွင်သို့၊ လန်းရွှင်နှစ်သက်၊ စိတ်အားတက်၍၊ ဆက်ဆက်မသွေ၊ သုတ်သင်ပြင်ဆင်နိုင်ကြပါစေကုန်သတည်း။

ရတနတ္တယာဒိပ္ပဏာမ ပြီး၏။

★★★★★★★

ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထေရ်

မဟာဝိဇိတာရုံ

# ဓမ္မပဒဝတ္ထုတော်ကြီး

## ပထမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## [ ၁ ] ယမကဝဂ်

### ၁။ စက္ခုပါလမထေရ်ဝတ္ထု

#### (၁) ဒေသနာတော်

"စကြာကြွခိုက် ပိုးပရုံတစ်သိုက်ကို နင်းမိသဖြင့် သေကြေပျက်စီးပါသော်လည်း ဖြစ်မှားပျက်ပြားလိုစိတ် ရှင်းသဖြင့် အပြစ်ကင်း၏"ဟု အရာရာ စိတ်သာလျှင် ပဓာနဖြစ်ပုံကို ဟောကြားတော်မူခြင်း

(၁) မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခ'မန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။ ။

ဘိက္ခဝေ၊ သံသရာဘေး၊ မြန်စွာအေးဖို့၊ ကြံတွေးရှုပွါး၊ ချစ်သားရဟန်းများတို့။ ဓမ္မာ၊ ဝေဒနာ,သညာ၊ သင်္ခါရာ-ဟု၊ ဝိညာဏ်ကွဲပြား၊ နာမက္ခန္ဓာတရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ အာရုံသိငြား၊ စိတ်တရားသာလျှင်၊ ပြဋ္ဌာန်းကြီးမှူး၊ အဦးရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်သာဦးစီး၊ အမြတ်အကြီးရှိကုန်၏။ မနောမယာ၊ အရာရာမှာ၊ စိတ်သာလွှမ်းခြုံ၊ စိတ်ဖြင့်ပြီးကုန်၏။ ယော ပုဂ္ဂလော၊ အမှတ်မထင်၊ အကြင်တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည်။ ပဒုဋ္ဌေန၊ အဘိဇ္ဈာ-စသည်၊ အလီလီကြောင့်၊ မတည်အခြေ၊ ပျက်စီးပြစ်မှားစေလိုသော။ မနသာ၊ လွဲမှားဖောက်ပြန်၊ အမှန်ကင်းဆိတ်၊ ဝိညာဉ်စိတ်ဖြင့်။ စေ ဘာသတိ ဝါ၊ တစ်စုံတစ်ရာ၊ မုသာဝါဒ၊ စသည်စကား၊ ဝစီဒုစရိုက်များကို၊ ဖောက်ပြားထိုထို၊ ဆိုမူလည်း ဆိုငြားအံ့။ စေ ကရောတိ ဝါ၊ ပါဏာတိပါတ၊ စသည်အမှု၊ ကာယဒုစရိုက်စုကို၊ ပြုမူလည်း ပြုငြားအံ့။ စိန္တေတိ ဝါ၊ ကိုယ်,နှုတ်မပါ၊ စိတ်ဖြင့်သာလျှင်၊ အဘိဇ္ဈာ-စသား၊ ၃-ပါးမနော၊ ဒုစရိုတကို၊ ဖောက်ပြားထို၍၊ ကြံစည်မူလည်း ကြံစည်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ တပြောင်းတပြန်၊ မကောင်းဖန်သော၊ စိတ်သဘောဖြင့်၊ ပြောမိ,ပြုမိ၊ ကြံစည်မိသည်ရှိသော်။ တတော၊ ထိုသို့ ပြစ်မှားလိုသောစိတ်ဖြင့် မိုက်မှားစွာ ပြုမိခြင်းကြောင့်။ နံ ပုဂ္ဂလံ၊ မကောင်းမှုမိုက်၊ ဒုစရိုက်ကို၊ ပြုလိုက်ပြစ်မှား၊ ထိုသူစားသို့။ ဒုက္ခံ၊ ငရဲ,တိရစ်၊ ပြိတ္တ,အသူရကာယ်၊ အပါယ်ဇာတိ၊ စရှိလုံးစုံ၊ ဆင်းရဲဒုက္ခအဖုံဖုံသည်။ အန္ဝေတိ၊ ဖြစ်လေရာရာ၊ သံသရာ၌၊ မက္ခာဆိုက်အောင်၊ စိုက်စိုက်မသွေ၊ လိုက်ပါလေတော့၏။ ကိမိဝ၊ ဥပမာ အဘယ်သို့နည်း-ဟူမူကား။ စက္ကံ၊ ဆွဲတိုင်းလည်လျက်၊ လှည်းဘီးစက်သည်။ ဝဟတော၊ ဝန်ကို ရုန်းရ၊ ထမ်းပိုးက-သော နွားလား၏။ ပဒံ၊ နင်းသွားတိုင်းထင်၊ ခြေရာအစဉ်သို့။ အန္ဝေတိ ဣဝ၊ သွားလေရာရာ၊ မက္ခာစိုက်စိုက်၊ လှည့်ပတ်လိုက်ပါသကဲ့သို့တည်း။

----- x -----

## (၂) လက်ာခဆောင်ပုဒ်

"နာမက္ခန္ဓာ၊ တရားမှာကား၊ စိတ်သာဦးစီး၊ အမှူးကြီးတည့်၊ ဦးစီးအလိုကျ၊ ဖြစ်ကုန်ရ၏။ စိတ်က ဖောက်ပြန်၊ ပြော,ပြု,ကြံမူ၊ ထိုသည့်သူသို့၊ အပူဆင်းရဲ၊ လိုက်ပါမြဲတည့်။ မှတ်စွဲဖို့ရာ၊ ဥပမာကား၊ လှည်းရုန်းသွားသည့်၊ နွား၏ခြေရာ၊ မက္ခာစိုက်စိုက်၊ လှည်းဘီးလိုက်သို့၊ တိုက်ရိုက်မသွေ တူ၏တည်း။"

"မနောပုဗ္ဗင်္ဂမာ ဓမ္မာ"အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ နေတော်မူစဉ် စက္ခုပါလမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ သာဝတ္ထိပြည်၌ ကြွယ်ဝချမ်းသာများစွာသော ဥစ္စာစည်းစိမ်ရှိသည့် မဟာသုဝဏ္ဏမည်သော သူဌေး ၁-ဦးရှိသတတ်။ ထိုသူဌေး၌ သား,သမီးကား မရှိ။

----- x -----

## (၃) သားဆုပန်ခြင်း

ထိုသုဝဏ္ဏသူဌေး(ရှင်-ခွင့်ပြုသော ထီးကို ဆောင်းခွင့်ရသူ)သည် တစ်နေ့သ၌ ရေချိုးဆိပ်သို့ ရေချိုးသွား၍ အပြန်လမ်းခရီးအကြား၌ အခက်,အရွက်နှင့် ပြည့်စုံသော တောစိုးသစ်ပင်ကြီး(သစ်ပင်အားလုံးတို့ကို အုပ်စိုးသကဲ့သို့ တည်သောသစ်ပင်ကြီး) ၁-ပင်ကို မြင်၍ "ဤသစ်ပင်ကြီးကို တန်ခိုးကြီးမားသည့် နတ်မင်းသည် စောင့်ရှောက်သိမ်းဆည်းအပ်သည် ဖြစ်လတ္တံ့"ဟု ကြံ၍ ထိုသစ်ပင်ကြီး၏အောက်၌ ရှင်းလင်းသုတ်သင်စေလျက် တံတိုင်းကာရံစေ၍ သဲဖြန့်ကြဲစေကာ တံခွန်,ကုက္ကားကို စိုက်ထောင်စေပြီးလျှင် သစ်ပင်ကြီးကို ပြုပြင်တန်ဆာဆင်လျက် လက်အုပ်ချီကာ ပူဇော်သည်ကို ပြု၍ "အကယ်၍ အကျွန်ုပ် သား,သမီး ရခဲ့ပါမူကား သင်နတ်မင်းတို့အား ကြီးမားစွာသော ပူဇော်သက္ကာရကို ပြုပါအံ့"ဟု ဆုမွန်တောင်းကာ ဖဲသွားလေ၏။

----- x -----

## (၄) သားရ၍ အမည်မှည့်ခြင်း

ထိုသို့ ဖဲသွား၍ မကြာမြင့်မီပင် သူဌေးကတော်၏ ဝမ်း၌ ကိုယ်ဝန်တည်လေ၏။ ထိုသူဌေးကတော်သည် ကိုယ်ဝန်တည်သောအဖြစ်ကို သိ၍ သူဌေးအား ပြောကြားလေ၏။ သူဌေးသည် သူဌေးကတော်အား ကိုယ်ဝန်အစောင့်အရှောက် ပေး၍ထားရာ သူဌေးကတော်သည် ၁၀-လလွန်သောအခါ သားယောက်ျားကို ဖွားမြင်လေ၏။

ထိုသားကို အမည်မှည့်အံ့သောနေ့၌ သူဌေးသည် မိမိစောင့်ရှောက်အပ်သောသစ်ပင်ကြီးကို မှီ၍ ရအပ်သောကြောင့် ထိုသားငယ်အား ပါလ-ဟူသော အမည်ကို မှည့်၏။ ထိုသူဌေးကတော်သည် နောက်ထပ် အခြားသော ဒုတိယသားယောက်ျား ၁-ယောက်ကို ရပြန်ရာ ထိုဒုတိယသားငယ်အား စူဠပါလ-ဟူသော အမည်မှည့်ကာ ပထမသားကြီးအား မဟာပါလ-ဟူသော အမည်ကို မှည့်ပြန်၏။

ထိုညီနောင် ၂-ယောက်တို့သည် အရှယ်ရောက်ကုန်လတ်သော် အိမ်ရာထောင်ခြင်း အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ကြကုန်၏။ နောက်အဖို့၌ မိဘတို့ စုတေသေလွန်ကြကုန်သည် ရှိသော် စည်းစိမ်ဥစ္စာအားလုံးကိုလည်း ညီ,အစ်ကို ၂-ယောက်တို့သာ စီရင်အုပ်စိုးကြ လေကုန်၏။

----- x -----

## (၅) အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါတို့အကြောင်း

ထိုအခါ ဘုရားရှင်သည် မြတ်သော ဓမ္မစကြာတရားရတနာကို ဟောကြားတော် မူပြီး၍ အစဉ်သဖြင့် ကြွလာတော်မူပြီးလျှင် အနာထပိဏ်သူဌေးကြီးသည် ၅၄-ကုဋေသော ဥစ္စာတို့ကို စွန့်လွှတ်၍ ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်ကြီး၌ လူများအပေါင်းကို နတ်ရွာခရီး၊ မဂ်,ဖိုလ်,နိဗ္ဗာန်ခရီးတို့၌ တည်စေ၍ သီတင်းသုံးနေတော် မူ၏။ ဘုရားရှင်သည် မယ်တော်ဘက်မှ ၈-သောင်း, ခမည်းတော်ဘက်မှ ၈-သောင်း၊ ဤ ၁-သိန်း,၆-သောင်းသော ဆွေတော်,မျိုးတော်တို့ ဆောက်လုပ်အပ်သော နိဂြောဓာရုံကျောင်း တော်ကြီး၌ ၁-ဝါသာ ဝါဆိုတော်မူ၍ အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းအပ် သော ဇေတဝန်ကျောင်းတော်ကြီး၌ ၁၉-ဝါ, ဝိသာခါ ဒါယိကာမကြီး၏ ၂၇-ကုဋေသော ဥစ္စာတို့ကို စွန့်လွှတ်၍ ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရုံကျောင်းတော်ကြီး၌ ၆-ဝါ ပတ်လုံး ဝါဆိုတော်မူ၏။

ဤသို့ အနာထပိဏ်သူဌေးနှင့် ဝိသာခါ-ဟူသော ၂-ဦးသော အမျိုးတို့၏ သာသနာ တော်၌ ကျေးဇူးများသောအဖြစ်ကို အစွဲပြု၍ သာဝတ္ထိပြည်ကို မှီကာ ၂၅-ဝါတို့ပတ်လုံး ဝါကပ်တော်မူ၏။ အနာထပိဏ်သူဌေးကြီးသည်လည်းကောင်း, ဝိသာခါ ဒါယိကာမကြီးသည် လည်းကောင်း နေ့စဉ်အမြဲ ၂-ကြိမ် ဘုရားရှင်အား ခစားဆည်းကပ်ခြင်းငှာ ကျောင်းတော်သို့ သွားရောက်ကြကုန်၏။ သွားရောက်ကြသောအခါ၌လည်း "သာမဏေငယ်တို့သည် ငါတို့၏ လက်တို့ကို ကြည့်ကြကုန်လတ္တံ့"ဟု နှလုံးသွင်းကာ တစ်စုံတစ်ရာ လှူဖွယ်မပါဘဲ လက်ချည်း သာ မသွားစဖူးကြ။ နံနက်ခင်းအချိန် သွားကြသောအခါ ခဲဖွယ်,ဘောဇဉ်-စသည်တို့ကို လည်းကောင်း၊ ညနေချမ်းအချိန် သွားကြသောအခါ ၅-ပါးသော ဆေး (ထောပတ်, ဆီဦး,ဆီ, ပျား, တင်လဲ), ၈-ပါးသောအဖျော် (သပြေ, သရက်, မုဒရက်, ဖက်သက်, သစ်မည်စည်, တော ငှက်ပျော, အိမ်ငှက်ပျော, ကြာစွယ်)တို့ကိုလည်းကောင်း ယူ၍သာ သွားကြကုန်၏။

အနာထပိဏ်နှင့် ဝိသာခါတို့၏ အိမ်တို့၌လည်း ၂,၀၀၀၊ ၂,၀၀၀-သော ရဟန်းတော်တို့အတွက် အမြဲနေရာများ ခင်းကျင်းထားသည့်အပြင် ဆွမ်း, အဖျော်, ဆေးတို့တွင် လိုရာပစ္စည်းကို လိုသောရဟန်းအား အလိုရှိတိုင်း ပြည့်စုံအောင် လှူဒါန်းကြကုန်၏။

----- x -----

## (၆) ဘုရားရှင်ကို ငဲ့လွန်းလှသောသူ

ထို ၂-ဦးတို့တွင် အနာထပိဏ်သည် တစ်နေ့မျှလည်း ဘုရားရှင်ကို ပုစ္ဆာပြဿနာ မမေးလျှောက်ဖူးပေ။ အဘယ်ကြောင့် မမေးလျှောက်သနည်းဟူမူ "ဘုရားရှင်သည်ကား ဘုရားဖြစ်တော်မူ၍ သိမ်မွေ့နူးညံ့၏။ မင်းဖြစ်၍ သိမ်မွေ့နူးညံ့၏။ 'ဤသူကြွယ်သည် ငါ့အား ကျေးဇူးများလှပေ၏'ဟု ငါ့အား တရားစကား ဟောကြားတော်မူသည်ရှိသော် ပင်ပန်းတော်မူရာ၏"ဟု ဘုရားရှင်၌ လွန်ကဲစွာ ချစ်ခင်မြတ်နိုးခြင်းကြောင့် အနာထပိဏ်သည် ပုစ္ဆာပြဿနာကို မမေးလျှောက်သတတ်။

ဘုရားရှင်သည်ကား ထိုအနာထပိဏ်သူဌေး ရှေ့တော်မှောက်သို့ ရောက်၍ ထိုင်နေကာမျှပင် "ဤသူဌေးသည် ငါ့ကို မစောင့်ရှောက်အပ်သော အရာဌာန၌ စောင့်ရှောက်ဘိ၏။ မှန်၏။ ငါဘုရားသည်ကား ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းတို့ပတ်လုံး တန်ဆာဆင်ခြင်းနှင့် စပ်သော မိမိ၏ဦးခေါင်းတို့ကို ဖြတ်၍, မျက်စေ့ကို ထုတ်ကာ, နှလုံးသားကို နုတ်လျက်, အသက်နှင့်တူသော သား,မယားကို စွန့်လွှတ်ပြီး ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့သော ငါသည် သူတပါးတို့ကို တရားဟောကြားရန်အကျိုးငှာသာ ဖြည့်ကျင့်၏။ ဤသူဌေးကား ငါ့ကို မစောင့်ရှောက်အပ်သောအရာ၌ စောင့်ရှောက်ဘိ၏"ဟု နှလုံးသွင်းကာ ၁-ခုသော တရားဒေသနာကို ဟောကြားတော်မူသည်သာတည်း။

----- x -----

## (၇) ၅-ကုဋေမျှ ကျွတ်တမ်းဝင်ကြခြင်း

ထိုအခါ သာဝတ္ထိပြည်၌ ၇-ကုဋေသော လူတို့ နေထိုင်ကြရာ ဘုရားရှင်၏ တရားတော်မြတ်ကို နာကြားရ၍ ၅-ကုဋေမျှလောက်သော လူတို့သည် သောတာပန်-စသော အရိယာသာဝက ဖြစ်ကြကုန်၏။ ကျန် ၂-ကုဋေမျှတို့ကား ပုထုဇဉ် ဖြစ်ကြကုန်၏။ ထိုလူ ၂-မျိုးတို့တွင် အရိယာသာဝကဖြစ်ကြသည့် လူတို့အား နံနက်အခါကာလ အလှူဒါနပြုကြခြင်း, ညနေချမ်းအခါ နံ့သာပန်း-စသည် ကိုင်ဆွဲကြကာ သက်နုံးလျှာ, ဆေး, အဖျော်-

စသည်တို့ကို ယူစေကြ၍ တရားနာကြားအံ့သောငှာ သွားခြင်း-ဟူသော ၂-ပါးသောကိစ္စသာ ရှိကြကုန်၏။

----- x -----

## (၈) မဟာပါလသတို့သား ဘုရားရှင်နှင့် တွေ့ခြင်း

တစ်နေ့သ၌ မဟာပါလသတို့သားသည် ကျောင်းတော်သို့ တရားနာအံ့သောငှာ သွားကြကုန်သော အရိယာသာဝကတို့ကို မြင်၍ "ဤလူအပေါင်းသည် အဘယ်သို့ သွားသနည်း"ဟု မေးမြန်းပြီးလျှင် တရားနာအံ့သောငှာ သွားကြသောအဖြစ်ကို ကြားသိရ၍ "ငါလည်း သွားအံ့"ဟု ကြံ၍ လိုက်သွားကာ ဘုရားရှင်ကို ရှိခိုးပြီးလျှင် ပရိသတ်တို့ အစွန်အဖျား၌ ထိုင်နေလေ၏။ ဘုရားရှင်တို့မည်သည်ကား တရားဟောကြားတော်မူသည့်အခါ သရဏဂုံတည်ခြင်း, သီလဆောက်တည်ခြင်း, ရှင်ရဟန်းပြုခြင်း-စသည်တို့၏ အားကြီးသော အကြောင်းဥပနိဿယကို ကြည့်တော်မူကာ တရားနာပုဂ္ဂိုလ်၏ အလိုအဇ္ဈာသယအစွမ်းအားဖြင့် တရားတော်ကို ဟောကြားတော်မူကုန်၏။ ထို့ကြောင့် ဘုရားရှင်သည် ထိုနေ့၌ မဟာပါလ၏ ဥပနိဿယကို ကြည့်တော်မူကာ တရားဟောတော်မူလတ်သော်-

ဒါနနှင့်စပ်သော တရားစကား, သီလနှင့်စပ်သော တရားစကား,

နတ်ရွာနှင့်စပ်သော တရားစကား, ကာမဂုဏ်တို့၏ အပြစ်,

ကာမဂုဏ်တို့၏ ယုတ်ညံ့ခြင်း, ညစ်နွမ်းခြင်းတို့ကိုလည်းကောင်း

ထိုကာမဂုဏ်တို့မှ ထွက်မြောက်ခြင်းတို့၌ အကျိုးအာနိသံသကိုလည်းကောင်း ပြလျက် အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူလေ၏။

----- x -----

## (၉) မဟာပါလ ရဟန်းပြုခြင်း

မဟာပါလသည် ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ "တမလွန်ဘဝသို့ သွားသောသူ၏နောက်သို့ သား,သမီး, ညီ, အစ်ကို, စည်းစိမ်ဥစ္စာတို့ မလိုက်ပါကြကုန်။ ကိုယ်ခန္ဓာသည်လည်း မိမိနှင့် အတူတကွ မလိုက်ပါနိုင်။ ငါ့အား လူ့ဘောင်၌ နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းပြုတော့အံ့"ဟု အကြံဖြစ်လေ၏။ မဟာပါလသည် တရားတော်ကို ဟောကြားတော်မူသည်၏အဆုံး၌ ဘုရားရှင်အထံတော်သို့ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းပန်လေ၏။

ထိုအခါ ဘုရားရှင်သည် မဟာပါလကို "သင့်အား ပန်ကြားသင့်, ပန်ကြားထိုက်သော တစ်စုံတစ်ယောက်သော ဆွေမျိုးဉာတိ ရှိသေးသလော"ဟု မေးမြန်းတော်မူရာ "ရှင်တော်မြတ်ဘုရား၊ တပည့်တော်အား ညီငယ် ၁-ယောက် ရှိပါသေး၏ဘုရား"ဟု လျှောက်ထားလေလျှင် "ထိုသို့ဖြစ်မူ ထိုညီငယ်ကို ပန်ကြားဦးလော့"ဟု မိန့်တော်မူလေ၏။ မဟာပါလသည် "ကောင်းပါပြီဘုရား"ဟု ဝန်ခံကာ ဘုရားရှင်ကို ရှိခိုးပြီးလျှင် အိမ်သို့ ပြန်သွားကာ ညီဖြစ်သူ စူဠပါလကို ခေါ်ပြီးလျှင် "ငါ့ညီချစ် စူဠပါလ၊ ဤငါတို့အိမ်၌ရှိသည့် သက်ရှိ,သက်မဲ့ ဥစ္စာဟူသမျှသည် သင်၏သာ တာဝန်တည်း။ ထိုဥစ္စာအဖြာဖြာကို သင်-သုံးဆောင်ခံစားရစ်ပါလော့"ဟု ပြောဆိုပန်ကြားလေ၏။

"နောင်တော်ကား အသို့ပြုကုန်မည်နည်း"ဟု စူဠပါလ-က မေးလေလျှင် "ငါကား ဘုရားရှင်ထံ၌ ရဟန်းပြုတော့အံ့"ဟု ပြောကြားလေ၏။ "နောင်တော်၊ အသို့ပြောဆိုဘိသနည်း။ မိဘ ၂-ပါး သေလွန်ကြပြီးနောက် ကျွန်ုပ်သည် နောင်တော်ကို မိဘအရာ၌ (မိဘသဖွယ်)ထားပါသည်။ နောင်တော်၏ အိမ်၌ များစွာသော စည်းစိမ်ဥစ္စာလည်း ရှိနေပါသည်။ သို့အတွက် အိမ်၌နေလျက်သာ ကောင်းမှုကို ပြုလုပ်ခြင်းငှာ သင့်တန်ပါသည်။ ဤသို့ ရဟန်းမပြုပါလင့်"ဟု စူဠပါလသည် ပြောဆိုလေ၏။

"ညီမောင်၊ ငါကား ဘုရားရှင်၏ တရားတော်ကို ကြားနာရသောကြောင့် အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေခြင်းငှာ မတတ်နိုင်ပါ။ ဘုရားရှင်သည် သိမ်မွေ့နူးညံ့လှစွာသော လက္ခဏာယာဉ် ၃-ပါးသို့ တင်၍ အစ, အလယ်, အဆုံး၊ ၃-ပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်မြတ်ကို ဟောကြားတော်မူအပ်ပါပြီ။ ထိုတရားတော်ကို အိမ်ရာတည်ထောင် လူ့ဘောင်၌နေလျက် ဖြည့်ကျင့်ခြင်းငှာ မတတ်နိုင်ပါ။ ညီမောင်၊ ငါကား ရဟန်းပြုတော့အံ့သည်သာ"ဟု ပြောကြားသောအခါ စူဠပါလသည် "နောင်တော်၊ နောင်တော်ကား အသက်အရွယ် ပျိုမြစ်နုနယ်လှပါသေးသည်။ ဆိုင်းငံ့ပါဦး။ အသက်အရွယ်ကြီးရင့်သောအခါ ရဟန်းပြုရပါကုန်လတ္တံ့"ဟု ဆိုလတ်သော် "ညီမောင်၊ အရွယ်ကြီးရင့်သောသူအား မိမိလက်,ခြေတို့သည်ပင် မိမိအလိုသို့ မလိုက်ကုန်။ ဆွေမျိုးတို့သည်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ထို့ကြောင့် ငါကား သင့်စကားကို မလိုက်နာနိုင်တော့ပါ။ ရဟန်းအကျင့်ကိုသာ ကောင်းစွာ လိုက်နာပြုကျင့်ပါတော့အံ့"ဟု ဆိုကာ-

(က)　**ဇရာ ဇဇ္ဇရိတာ ဟောန္တိ၊ ဟတ္ထပါဒါ အနဿဝါ။**
　　**ယဿ သော ဝိဟတတ္ထာမော၊ ကထံ ဓမ္မံ စရိဿတိ။　။**

ဟူသော ဂါထာကို ဆိုလေ၏။

တာတ၊ ညီမောင် စူဠပါလ။ ယဿ၊ အမှတ်မထင်၊ အကြင်တစ်စုံတစ်ယောက်သော သူ၏။ ဟတ္ထပါဒါ၊ လက်,ခြေတို့သည်။ ဇရာ ဇဇ္ဇရိတာ၊ ဇရာတရားကြောင့် အင်အားယိုယွင်း၊ အိုမင်းဆွေးမြေ့ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနဿဝါ၊ မိမိအလိုသို့ မလိုက်၊ အကြိုက်သို့ မပါကုန်။ ဝိဟတတ္ထာမော၊ ထကြွလေးလံ၊ အားအန်နည်းပါး၊ ကင်းသောခွန်အား ရှိသော။ သော၊ ထိုသူသည်။ ကထံ၊ အဘယ်သို့လျှင်။ ဓမ္မံ၊ ပဋိပတ်,သဲသာ၊ ချမ်းသာရကြောင်း၊ တရားကောင်းကို။ စရိဿတိ၊ လှံ့လရှိရှိနှင့် မိမိလိုရာ ကျင့်နိုင်ပါတော့အံ့နည်း။

"ညီမောင်၊ ငါကား ရဟန်းပြုအံ့တော့သည်သာတည်း"ဟု ပြောဆိုကာ "ညီ-စူဠပါလ ငိုကြွေးမြည်တမ်းစဉ်ပင် ဘုရားရှင်အထံတော်သို့ သွားပြီးလျှင် ရဟန်းအဖြစ်ကို တောင်းပန်ကာ ရဟန်းအဖြစ်ကို ရလေ၏။

----- x -----

## (၁၀) ရဟန်း၏တာဝန်များကို မေးလျှောက်ခြင်း

ရဟန်းအဖြစ်ကို ရပြီးသော အရှင်မဟာပါလသည် ဆရာဥပဇ္ဈာယ် (ဥပဇ္ဈာယ၊ အပြစ်ကြီး,ငယ်ကို မိဘသဖွယ် ဆုံးမတတ်သောဆရာ)တို့၏အထံ၌ ၅-ဝါပတ်လုံးနေ၍ ဝါကျွတ်သောအခါ ပဝါရဏာ (၁-ပါးနှင့် ၁-ပါး ဆိုဆုံးမရန် ဖိတ်ကြားခြင်း) ပြု၍ ဘုရားရှင်အထံ ချဉ်းကပ် ရှိခိုးလျက် "ရှင်တော်မြတ်ဘုရား၊ ဤသာသနာတော်၌ ဓုရ (မလုပ်မနေရ၊ ဧကန်ဆောင်ရွက်ရမည့် အလုပ်တာဝန်)တို့သည် အဘယ်မျှ ရှိပါသနည်း"ဟု မေးလျှောက်၏။ "ချစ်သားပါလ၊ ဂန္ထဓုရ, ဝိပဿနာဓုရ-ဟု ဓုရ ၂-ပါးရှိ၏"ဟု ဘုရားရှင် မိန့်တော်မူရာ ထိုအခါ မဟာပါလသည် "ဂန္ထဓုရ-ဟူသည် အဘယ်ပါနည်း၊ ဝိပဿနာဓုရ-ဟူသည် အဘယ်ပါနည်းဘုရား"ဟု မေးလျှောက်လတ်သော်-

"မိမိပညာအားလျော်စွာ ၁-ခုသော နိကာယ်, ၂-ခုသော နိကာယ်တို့ကိုလည်းကောင်း၊ ပိဋကတ် ၃-ပုံ အလုံးစုံ-ဟု ဆိုအပ်သော ဘုရားစကားတော်ကိုလည်းကောင်း သင်ယူ၍ ထိုပိဋကတ် ၃-ပုံတို့ကို ဆောင်ရွက်ပို့ချခြင်းသည် ဂန္ထဓုရ မည်၏။

ပေါ့ပါးသော အသက်မွေးခြင်းရှိလျက် ငြိမ်သက်သောကျောင်း၌ ကိန်းအောင်း မွေ့လျော်သော ရဟန်း၏ မိမိခန္ဓာကိုယ်၌ ခယဝယ(ကုန်ခြင်း,ပျက်ခြင်း) ကမ္မဋ္ဌာန်းကို ဖြစ်စေ၍ အမြဲမပြတ် အထပ်ထပ် လှံ့လကို ပြုသည်၏အစွမ်းဖြင့် ဝိပဿနာကို ပွါးစေလျက် အရဟတ္တဖိုလ်ကို အရယူခြင်းသည် ဝိပဿနာဓုရ မည်၏"ဟု ဘုရားရှင်သည် မိန့်တော်မူလေ၏။

## (၁၁) ကမ္မဋ္ဌာန်းတောင်းကာ ပစ္စန္တရစ်သို့ ကြွခြင်း

ထိုအခါ မဟာပါလသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်ကား ကြီးမားသော အသက်အရွယ်ရှိမှ ရဟန်းပြုရ၍ ဂန္ထဓုရကို ဖြည့်ကျင့်ဖို့ရာ မစွမ်းနိုင်ပါ။ ဝိပဿနာဓုရကိုသာ ဖြည့်ကျင့်ပါတော့အံ့။ တပည့်တော်အား ၁-ခုသော ကမ္မဋ္ဌာန်းကို ဟောကြားတော်မူပါကုန်ဘုရား"ဟု လျှောက်ကြားသောအခါ ဘုရားရှင်သည် မဟာပါလအား အရဟတ္တဖိုလ်တိုင်အောင် စွမ်းဆောင်နိုင်သော ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူလေ၏။

ထို့နောက် မဟာပါလသည် ဘုရားရှင်ကို ရှိခိုးပြီးလျှင် မိမိနှင့်အတူ သွားဖော်ဖြစ်သော ရဟန်းတို့ကို ရှာလေသော် ၆-ကျိပ်မျှသော ရဟန်းတို့ကို ရသောကြောင့် ထို ၆-ကျိပ်သော ရဟန်းတို့နှင့်အတူ ခရီးထွက်ကြ၍ ယူဇနာ(ယောဇန၊ အတိုင်းအတာအယူဉ်။ ၁-ယူဇနာလျှင် သာသနာကျမ်းအဆို ၁၂-မိုင် ၅-ဖာလုံ ၈-သံကြိုးနှင့် ၄-ယာဒ်ရှိ၏။) ၁၂၀-ရှိသော ခရီးသို့ ရောက်သောအခါ ပစ္စန္တရစ်(တိုင်းစွန်အဖျားအနား) ရွာကြီး ၁-ရွာသို့ ရောက်၍ ထိုရွာကြီး၌ အခြံအရံနှင့်တကွ ဆွမ်းအလို့ငှာ ဝင်၏။

ရွာနေလူတို့သည် ကျင့်ဝတ်နှင့်ပြည့်စုံသော ရဟန်းတော်တို့ကို ဖူးမြင်ရလျှင် ဖူးမြင်ရချင်းပင် ကြည်လင်နှစ်သက်သော စိတ်ရှိကြကုန်သည်ဖြစ်၍ နေရာတို့ကို ခင်းစေ၍ နေစေပြီးကာ မွန်မြတ်သော ခဲဖွယ်,ဘောဇဉ်၊ အာဟာရတို့ဖြင့် ပြုစုလုပ်ကျွေးကြ၍ "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် အဘယ်အရပ်သို့ ကြွကြပါကုန်အံ့နည်း"ဟု မေးလျှောက်ကြရာ "ဒါယကာတို့၊ ငါတို့သည် သင့်လျော်လျောက်ပတ်၍ ချမ်းသာရာအရပ်သို့ သွားကြကုန်အံ့" ဟု ပြန်ကြားပြောဆိုလေလျှင် ပညာရှင်ဖြစ်သော လူတို့သည် "အရှင်မြတ်တို့သည် ဝါဆိုရန် ကျောင်း, အိပ်ရာ,နေရာကို ရှာတော်မူကြကုန်၏"ဟု သိကြ၍ "အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့သည် ဤဝါတွင်း ၃-လပတ်လုံး ဤအရပ်၌ အကယ်၍ သီတင်းသုံးကြသည် ဖြစ်ပါမူ တပည့်တော်တို့သည် သရဏဂုံတို့၌ တည်၍ သီလတို့ကို ဆောက်တည်ရပါကုန်အံ့" ဟု လျှောက်ထားကြသောအခါ ရဟန်းတော်တို့သည်လည်း "ငါတို့သည် ဤဒါယကာတို့ကို မှီ၍ ဘဝမှ ထွက်မြောက်ကြောင်း ပဋိပတ်ကို ဖြည့်စွမ်းပြုလုပ်ကြကုန်အံ့"ဟု သည်းခံကြကုန်၏။

လူတို့သည် ရဟန်းတော်တို့၏ ပဋိညာဉ်ကို ရယူ၍ ကျောင်းကို သုတ်သင်ရှင်းလင်းကာ ညဉ့်သန့်ရာ, နေ့သန့်ရာအရပ်တို့ကို ပြည့်စုံစေပြီးလျှင် လှူကြကုန်၏။ ထို ၆-ကျိပ်သော

ရဟန်းတော်တို့သည် ထိုရွာသို့သာလျှင် မပြတ်နေ့စဉ် ဆွမ်းအလို့ငှာ ဝင်ကုန်၏။ ထိုအခါ ဆေးဆရာ ၁-ဦးသည် ရဟန်းတော်တို့ထံသို့ ချဉ်းကပ်၍ "အရှင်ဘုရားတို့၊ များစွာသော သူတို့၏ နေထိုင်ရာအရပ်မည်သည် မချမ်းမသာ ရောဂါဖြစ်တတ်ပါသည်။ ထိုသို့ ရောဂါများ ဖြစ်ခဲ့သော် တပည့်တော်အား ပြောကြားမိန့်ဆိုတော်မူကြပါ၊ ဆေးဝါး ကုစားပေးပါမည်"ဟု ဖိတ်ကြားလေ၏။

----- x -----

## (၁၂) မအိပ်မနေ ကမ္မဋ္ဌာန်းတရားကို အားထုတ်ခြင်း

မဟာပါလမထေရ်သည် ဝါဆိုသောနေ့၌ ရဟန်းတို့ကို ခေါ်၍ "ငါ့ရှင်တို့၊ ဤဝါတွင်း ၃-လပတ်လုံး အဘယ်မျှလောက်ကုန်သော ဣရိယာပုထ်(ဣရိယာပထ၊ ကိုယ်အမူအရာဖြစ်ကြောင်း။ ၎င်း ၄-ပါး၏သရုပ်ကား ၁-သွားခြင်း၊ ၂-ရပ်ခြင်း၊ ၃-ထိုင်ခြင်း၊ ၄-လျောင်းခြင်း) တို့ဖြင့် လွန်စေကုန်အံ့နည်း"ဟု မေး၏။

"အရှင်ဘုရား၊ ၄-ပါးသော ဣရိယာပုထ်တို့ဖြင့် လွန်စေပါကုန်အံ့"ဟု လျှောက်လျှင် "ငါ့ရှင်တို့၊ ဤဣရိယာပုထ် ၄-ပါးလုံးဖြင့် လွန်စေခြင်းသည် အဘယ်မှာ လျောက်ပတ်ပါအံ့နည်း။ မမေ့မလျော့သောသူများ ဖြစ်ထိုက်သည် မဟုတ်ပါလော၊ မှန်၏။ ငါတို့သည် သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရားထံမှ ကမ္မဋ္ဌာန်းကို ယူ၍ လာကြ၏။ ဘုရားရှင်တို့ မည်သည် ပမာဒတရားဖြင့် (မိုက်မှားမေ့လျော့ခြင်းကို) နှစ်သက်စေခြင်းငှာ မတတ်ကောင်းပါ။ သင်တို့သည် ထိုဘုရားရှင်တို့ကို ကောင်းသောအလိုဖြင့်သာ နှစ်သက်စေထိုက်ကုန်၏။ မေ့လျော့သောသူမည်သည်ကား အပါယ် ၄-ဘုံတို့သည် မိမိနေအိမ်နှင့် တူကုန်၏။ ငါ့ရှင် တို့၊ မမေ့မလျော့ ဖြစ်ကြပါကုန်လော့"ဟု သတိပေးစကား ပြောကြားလေလျှင်–

"အရှင်ဘုရား၊ အရှင်ဘုရားတို့သည်ကား အဘယ်မျှလောက်သော ဣရိယာပုထ်တို့ဖြင့် လွန်စေကုန်အံ့နည်း"ဟု မေးလျှောက်ကြသော် "ငါ့ရှင်တို့၊ ငါကား ထိုင်,ရပ်,သွား-ဟူသော ၃-ပါးသော ဣရိယာပုထ်တို့ဖြင့်သာ လွန်စေအံ့။ ကျောက်ကုန်းကို မဆန့်၊ မအိပ်စက်တော့အံ့"ဟု ဆိုလျှင် "အရှင်ဘုရား၊ ကောင်းလှပါပြီ။ မမေ့မလျော့ ဖြစ်တော်မူပါကုန်လော့"ဟု လျှောက်ကြကုန်၏။

----- x -----

## (၁၃) မျက်စိရောဂါဖြစ်၍ ဆေးကုသခြင်း

ထိုအခါ အိပ်စက်မှုကို ပြုတော်မမူသော မဟာပါလမထေရ်အား ဝါဆိုလွန်မြောက် ဝါခေါင်လသို့ ရောက်လျှင် မျက်စိရောဂါ ဖြစ်လေ၏။ အိုးပေါက်,အိုးကွဲမှ ကျသော ရေ အလျဉ်ကဲ့သို့ မျက်စိမှ မျက်ရည်အလျဉ်တို့သည် တသွင်သွင် ယိုစီးကျကုန်၏။ ထိုမဟာပါလ မထေရ်သည် ညဉ့် ၃-ယာမ်ပတ်လုံး ရဟန်းတရားကို အားထုတ်၍ အရုဏ်တက်လတ်သော် တိုက်ခန်းတွင်းသို့ ဝင်၍ နေတော်မူ၏။ ရဟန်းတို့သည် ဆွမ်းခံချိန်ကျသောအခါ မထေရ်အထံသို့ သွားကာ "ဆွမ်းခံချိန်တန်ပါပြီဘုရား"ဟု လျှောက်ကြားကြရာ "ငါ့ရှင်တို့၊ ထိုသို့ အချိန်ကျလျှင် သပိတ်,သင်္ကန်း ယူခဲ့ကြကုန်"ဟု ပြော၍ မိမိ၏ သပိတ်,သင်္ကန်းကို ယူစေ၍ ဆွမ်းခံထွက်လေ၏။

ရဟန်းတို့သည် မဟာပါလမထေရ်၏ မျက်စိတို့မှ ယိုစီး၍ကျသော မျက်ရည်ပေါက်တို့ကို မြင်လျှင် "အရှင်ဘုရား၊ ဤမျက်ရည်ယိုခြင်းကား အဘယ်ကြောင့်ပါနည်း"ဟု မေးလျှောက်ရာ "ငါ့ရှင်တို့၊ ငါ၏ မျက်စိတို့ကို လေတို့သည် ထိုးကျင့်ကုန်၏"ဟု ဆိုလျှင် "အရှင်ဘုရား၊ ဆေးသမားသည် ဖိတ်ကြားထားအပ်သည် မဟုတ်ပါလော၊ ထိုဆေးသမားအား အကြောင်းကြားပါအံ့"ဟု ဆိုလျှင် "ငါ့ရှင်တို့၊ ကောင်း၏"ဟု မိန့်တော်မူ၏။

ရဟန်းတို့သည် ဆေးသမားကို အကြောင်းကြားသောအခါ ဆေးသမားသည် ဆီချက်၍ ပို့စေ၏။ မထေရ်သည် နှာခေါင်း၌ ဆီချက်လောင်းထည့်သည်ရှိသော် ထိုင်လျက်သာ သွန်းလောင်းကာ ရွာတွင်းသို့ ဆွမ်းခံကြွလေ၏။ ဆေးသမားသည် မထေရ်ကို မြင်လျှင် "အရှင်ဘုရား၊ အရှင်ဘုရား၏ မျက်စိတို့ကို လေထိုး၏-ဟူသည် မှန်ပါ၏လော"ဟု မေးလျှောက်ရာ " ဒါယကာ၊ မှန်၏"ဟု မိန့်သော် "အရှင်ဘုရား၊ တပည့်တော် ဆီချက်၍ ပို့ပါ၏။ အရှင်ဘုရားတို့ နှာခေါင်း၌ ထည့်လောင်းပါ၏လော"ဟု မေးလျှောက်သော် "ဒါယကာ၊ ထည့်လောင်း၏"ဟု မိန့်သော် "ယခုအခါ အသို့ရှိပါသနည်း"ဟု မေးလျှောက်ရာ "ဒါယကာ၊ နာကျင်မြဲ နာကျင်သည်သာတည်း" ဟု မိန့်တော်မူ၏။

ဆေးသမားသည် "ငါကား ၁-ကြိမ်ခတ်ကာမျှပင်လျှင် အစဉ်ပျောက်ငြိမ်းခြင်းငှာ စွမ်းနိုင်သော ဆီကို ပို့ခဲ့ပြီ။ အဘယ်ကြောင့် ရောဂါမပျောက်သနည်း"ဟု ကြံပြီးလျှင် "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ထိုင်၍ပင် ဆီကို ထည့်လောင်းပါသလော၊ သို့မဟုတ် အိပ်၍ပင် ဆီကို ထည့်လောင်းပါသလော"ဟု မေးလျှောက်ရာ မထေရ်သည် ဆိတ်ဆိတ်နေလေ၏။ အဖန်ဖန် မေးလျှောက်အပ်သော်လည်း ဆိတ်ဆိတ်သာ နေလေ၏။ ဆေးသမားသည် ကျောင်းသို့သွားကာ "မထေရ်၏ နေထိုင်ရာကို ကြည့်အံ့"ဟု ကြံ၍ "အရှင်ဘုရား၊ သို့ဖြစ်လျှင်

ကြွတော်မူပါကုန်"ဟု လျှောက်ထားပြီး ကျောင်းသို့ သွား၍ မထေရ်၏နေရာအရပ်ကို ကြည့်လတ်သော် စင်္ကြံသွားရာ, ထိုင်ရာနေရာကိုသာ မြင်၍ အိပ်ရာအရပ်ကို မမြင်သောကြောင့် "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ဆီကို ထိုင်၍ပင် ထည့်လောင်းပါသလော၊ အိပ်၍ပင် ထည့်လောင်းပါသလော"ဟု မေးလျှောက်ပြန်ရာ မထေရ်သည် ဆိတ်ဆိတ်သာ နေလေ၏။

ထိုအခါ ဆေးသမားသည် "အရှင်ဘုရား၊ ဤသို့ မပြုပါကုန်လင့်။ ရဟန်းတရားမည်သည်ကား ကိုယ်ကို မှီတသဖြင့်သာ ပြုခြင်းငှာ တတ်ကောင်းပါ၏။ အိပ်၍ ထည့်လောင်းတော်မူပါ"ဟု အတန်တန် တောင်းပန်ရာ "ဒါယကာ၊ သင် ပြန်ဦး။ တိုင်ပင်ပြီးမှ သိရအံ့"ဟု ဆေးသမားကို ပြန်လွှတ်လိုက်လေ၏။

----- x -----

## (၁၄) မိမိကိုယ်ခန္ဓာနှင့် တိုင်ပင်ခြင်း

ထိုရွာ၌ တိုင်ပင်ရန် မထေရ်၏ ဆွေမျိုးလည်း မရှိ၊ တစ်မိသားချင်း ညီရင်းအစ်ကိုလည်း မရှိ၊ အဘယ်သူနှင့် တိုင်ပင်အံ့နည်း။ မိမိ၏ ကရဇကာယနှင့်သာ အတူတကွ တိုင်ပင်လိုရကား "ငါ့ရှင် ပါလိတ၊ သင် ဆိုစမ်းလော့။ သင့်မျက်စိတို့ကိုပင် ကြည့်အံ့လော။ ထိုသို့မဟုတ် ဘုရားရှင်၏ သာသနာတော်ကိုပင် ကြည့်အံ့လော၊ မှန်၏။ အစမထင် သံသရာခွင်၌ သင့်မျက်စိ ကန်းခဲ့ခြင်းကို ရေတွက်နိုင်ခြင်းမည်သည် မရှိ၊ ရာ,ထောင်မက များလှစွာသော ဘုရားရှင်တို့သည် လွန်လေကုန်ပြီ။ ထိုဘုရားရှင်တို့တွင် ၁-ဆူသော ဘုရားရှင်သည်လည်း မျက်စိကန်းခြင်းကို ပိုင်းခြားထားတော် မမူနိုင်။ ယခုအခါ ငါသည် 'ဤဝါတွင်း ၃-လပတ်လုံး မအိပ်ဘဲနေတော့အံ့'ဟု ဆောက်တည်၍ ဝါတွင်း ၃-လပတ်လုံး အစဉ်မပြတ် လုံ့လကြိုးကုတ် အားထုတ်တော့အံ့။ ထို့ကြောင့် သင်ပါလိတ၏ မျက်စိတို့သည် ပျက်မူလည်း ပျက်စေကုန်၊ ကွဲမူလည်း ကွဲစေကုန်။ ဘုရားရှင်၏ အဆုံးအမကိုသာ ဆောင်ယူပါလော့၊ မျက်စိတို့ကို မဆောင်ယူပါတော့လင့်"ဟု ဤသို့ တိုင်ပင်ပြီးလျှင် မဟာဘုတ် ၄-ပါးသာ မှီရာရှိသော မိမိခန္ဓာကိုယ်ကို ဆုံးမတော်မူလိုသော မဟာပါလမထေရ်သည် အောက်ပါဂါထာတို့ကို ဆိုလေ၏။

(ခ) စက္ခူနိ ဟာယန္တု မမာယိတာနိ၊ သောတာနိ ဟာယန္တု တထေဝ ကာယော။
သဗ္ဗမ္ပိဒံ ဟာယတု ဒေဟနိဿိတံ၊ ကိံ ကာရဏာ ပါလိတ တွံ ပမဇ္ဇသိ။

ပါလိတ၊ ရှေးဝိပါက်ရင်း၊ မလွတ်ကင်း၍၊ ထန်ပြင်းဒုက္ခ၊ ဆိုက်ရောက်ခံစားရသည့် ငါ့ရှင်-ပါလိတ။ မမာယိတာနိ၊ ကိုယ်အင်္ဂါတွင်၊ အမြတ်ပင်-ဟု၊ မှတ်ထင်စုံမက်၊ ရက်ရက်

စက်စက်၊ နှစ်သက်မြတ်နိုးအပ်ကုန်သော။ စက္ခူနိ၊ ကြည့်ရာဝန်းကျင်၊ ကောင်းစွာမြင်သည့်၊ ၂-ဖက်သော မျက်စိတို့သည်။ ဟာယန္တု၊ မမြင်လုံးလုံး၊ ကွယ်ကာဖုံးလျက်၊ အသုံးမဝင်၊ ဆုတ်ယုတ်ချင်လည်း ဆုတ်ယုတ်ပါစေကုန်။ တထေဝ၊ ထိုမှတပါးသာလျှင် ဖြစ်ကုန်သော။ သောတာနိ၊ အသံဟူက၊ ရောက်သမျှကို၊ ကျနသေချာ၊ နာယူနိုင်ပြား၊ ၂-ဖက်သော နားတို့သည်။ ဟာယန္တု၊ အသံမျိုးစုံ၊ မကြားကုန်ဘဲ၊ ကင်းသုဉ်ချို့ယွင်း၊ ဆုတ်ယုတ်ကာ ပင်းချင်လည်း ပင်းပါစေကုန်။ ကာယောပိ၊ သန်စွမ်းဗလ၊ လွန်ပြည့်ဝသည့်၊ ကာယခေါ်ဆို၊ ခန္ဓာကိုယ်ကြီးသည်လည်းကောင်း။ ဒေဟနိဿိတံ၊ ပဓာနတည်၊ ဤခန္ဓာကိုယ်၌ မှီ၍ဖြစ်သော။ သဗ္ဗမ္ပိ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံလည်းဖြစ်သော။ ဣဒံ၊ မျက်စိ,နား,နှာ၊ အင်္ဂါကြီး,ငယ်၊ သွယ်သွယ်ရောပြူ၊ ဤတရားစုသည်လည်းကောင်း။ ဟာယတု၊ အဆုံးမမြဲ၊ ဗုန်းဗုန်းလဲ၍၊ ရှုံးပွဲပေါ်ကာ၊ ဆုတ်ယုတ်ချင်လည်း ဆုတ်ယုတ်ပါစေ။ ကိံ ကာရဏာ၊ အဘယ်သို့သော အကြောင်းကြောင့်။ တွံ၊ သင်သည်။ ပမဇ္ဇသိ၊ တရားမလေ့၊ အမှားတွေ့အောင်၊ မေ့လျော့ရအံ့နည်း။

(ဂ) စက္ခူနိ ဇီရန္တု မမာယိတာနိ၊ သောတာနိ ဇီရန္တု တထေဝ ကာယော။
သဗ္ဗမ္ပိဒံ ဇီရတု ဒေဟနိဿိတံ၊ ကိံ ကာရဏာ ပါလိတ တွံ ပမဇ္ဇသိ။

ပါလိတ၊ တရားအတွက်၊ အားမပျက်ဘဲ၊ ထက်မြက်လုံ့လ၊ ကြီးမားလှသည့်၊ ငါ့ရှင် ပါလိတ။ မမာယိတာနိ၊ ကိုယ်အင်္ဂါတွင်၊ အမြတ်ပင်-ဟု၊ မှတ်ထင်စုံမက်၊ ရက်ရက်စက်စက်၊ မြတ်နိုးနှစ်သက်အပ်ကုန်သော။ စက္ခူနိ၊ ကြည့်ရာဝန်းကျင်၊ ကောင်းစွာမြင်ဘိ၊ ၂-ဖက်သော မျက်စိတို့သည်။ ဇီရန္တု၊ မမြင်မတွေ့၊ အကုန်သွေ့၍၊ ဆွေးမြေ့ချင်လည်း ဆွေးမြေ့ပါစေကုန်။ တထေဝ၊ ထိုမှတပါးသာလျှင် ဖြစ်ကုန်သော။ သောတာနိ၊ အသံဟူက၊ ရောက်သမျှကို၊ ကျနသေချာ၊ နာယူနိုင်ပြား၊ ၂-ဖက်သော နားတို့သည်။ ဇီရန္တု၊ အသံမတွေ့၊ ချွတ်ချော်၍ပင်၊ ဆွေးမြေ့ချင်လည်း ဆွေးမြေ့ပါစေကုန်။ ကာယောပိ၊ သန်စွမ်းဗလ၊ လွန်ပြည့်ဝသည့်၊ ကိုယ်ကာယသည်လည်းကောင်း။ ဒေဟနိဿိတံ၊ ပဓာနတည်၊ ကိုယ်၌မှီသော။ သဗ္ဗမ္ပိ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံလည်းဖြစ်သော။ ဣဒံ၊ မျက်စိ,နား,နှာ၊ အင်္ဂါကြီး,ငယ်၊ သွယ်သွယ်ရောပြူ၊ ဤတရားစုသည်လည်းကောင်း။ ဇီရတု၊ အရေးမလှ၊ ဘေးပေါင်းခ၍၊ တမွမွကျေ၊ ဆွေးမြေ့ချင်လည်း ဆွေးမြေ့ပါစေ။ ကိံ ကာရဏာ၊ အဘယ်သို့သော အကြောင်းကြောင့်။ တွံ၊ သင်သည်။ ပမဇ္ဇသိ၊ တရားမလေ့၊ အမှားတွေ့အောင်၊ မေ့လျော့ရအံ့နည်း။

(ဃ) စက္ခူနိ ဘိဇ္ဇန္တု မမာယိတာနိ၊ သောတာနိ ဘိဇ္ဇန္တု တထေဝ ကာယော။
သဗ္ဗမ္ပိဒံ ဘိဇ္ဇတု ဒေဟနိဿိတံ၊ ကိံ ကာရဏာ ပါလိတ တွံ ပမဇ္ဇသိ။

ပါလိတ၊ တရားအလုပ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်နေထ၊ ငါ့ရှင် ပါလိတ။ မမာယိတာနိ၊ ကိုယ်အင်္ဂါတွင်၊ အမြတ်ပင်-ဟု၊ မှတ်ထင်စုံမက်၊ မြတ်နိုးနှစ်သက်အပ်ကုန်သော။

စက္ခုနို၊ ကြည့်ရာဝန်းကျင်၊ ကောင်းစွာမြင်ဘိ၊ ၂-ဖက်သော မျက်စိတို့သည်။ ဘိဇ္ဇန္တု၊ မရှုရက်အောင်၊ ညက်ညက်ကွဲကျေ၊ ပျက်စီးချင်လည်း ပျက်စီးပါစေကုန်။ တထေဝ၊ ထိုမှတပါးသာလျှင် ဖြစ်ကုန်သော။ သောတာနိ၊ အသံဟူက၊ ရောက်သမျှကို၊ ကျနသေချာ၊ နာယူနိုင်ငြား၊ ၂-ဖက်သော နားတို့သည်။ ဘိဇ္ဇန္တု၊ အူကာလေထွက်၊ ကြားမှုပျက်၍၊ ညက်ညက်ကွဲကြေ၊ ပျက်စီးချင်လည်း ပျက်စီးပါစေကုန်။ ကာယောပိ၊ သန့်စွမ်းဗလ၊ လွန်ပြည့်ဝသည့်၊ ကိုယ်ကာယသည်လည်းကောင်း။ ဒေဟနိဿိတံ၊ ပဓာနတည်၊ ကိုယ်၌မှီသော။ သဗ္ဗမ္ပိ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံလည်းဖြစ်သော။ ဣဒံ၊ မျက်စိ,နား,နှာ၊ စစ္စာတည်ငြား၊ ဤတရားအစုသည်လည်းကောင်း။ ဘိဇ္ဇတု၊ အရိုး,အသား၊ မထင်ရှားအောင်၊ ဖွားဖွားညက်ကြေ၊ ပျက်စီးချင်လည်း ပျက်စီးပါစေ။ ကိံ ကာရဏာ၊ အဘယ်သို့သော အကြောင်းကြောင့်။ တွံ၊ သင်သည်။ ပမဇ္ဇသိ၊ တရားမလေ့၊ အမှားတွေ့အောင် မေ့လျော့ရအံ့နည်း။

ဤသို့ ၃-ဂါထာတို့ဖြင့် မိမိကိုယ်ကိုမိမိ အဆုံးအမပေးကာ ထိုင်နေလျက်သာ နှာနှတ်ဆေးခတ်မှုကို ပြု၍ ရွာသို့ ဆွမ်းအလို့ငှာ ဝင်လေ၏။ ဆေးသမားသည် ထိုမထေရ်ကို မြင်လျှင် "အရှင်ဘုရား၊ နှာနှတ်ခြင်းအမှု ပြုအပ်ခဲ့ပါပြီလော"ဟု မေးလျှောက်ရာ "ဒါယကာ၊ အိမ်း- ပြုအပ်ပြီးပါပြီ"ဟု ဆိုလျှင် "အရှင်ဘုရား၊ အသို့နေပါသနည်း"ဟု မေးလျှောက်ပြန်ရာ "ဒါယကာ၊ နာကျင်မြဲ နာကျင်သည်သာတည်း"ဟု ဆိုလျှင် "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ထိုင်၍ နှာနှတ်ပါသလော၊ သို့မဟုတ် အိပ်၍ နှာနှတ်ပါသလော"ဟု မေးလျှောက်လတ်သော် မထေရ်သည် ဆိတ်ဆိတ်သာ နေတော်မူ၏။ အဖန်ဖန်အထပ်ထပ် မေးမြန်းအပ်သော်လည်း တစ်စုံတစ်ခွန်းသော စကားကိုမျှ မမြွက်ဟဘဲ ဆိတ်ဆိတ်သာ နေတော်မူ၏။

ထိုအခါ မဟာပါလမထေရ်ကို ဆေးသမားသည် "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် လျောက်ပတ်အောင် မပြုကုန်။ ယနေ့မှစ၍ တပည့်တော်အား ဤမည်သော ဆေးသမားသည် မျက်စဉ်းဆီကို ချက်အပ်၏'ဟု မဆိုပါလင့်။ တပည့်တော်ကလည်း 'အရှင်ဘုရားတို့အကျိုးငှာ မျက်စဉ်းဆီကို ချက်အပ်၏'ဟု ဆိုလိမ့်မည် မဟုတ်ပါ"ဟု လျှောက်ထားကာ ထွက်သွားလေ၏။ ထိုမဟာပါလမထေရ်သည် ဆေးသမား မျက်နှာလွှဲလျက် လက်လွှတ်ထွက်သွားရကား ကျောင်းသို့ ပြန်၍ "ပါလိတ၊ သင့်ကို ဆေးသမားလည်း လက်လွှတ်အပ်ပြီ။ သင်သည် ဣရိယာပုထ်ကို မစွန့်လေလင့်"ဟု မိမိကိုယ်ကို ဆုံးမဩဝါဒ ပေးလိုရကား-

(င) ပဋိက္ခိတ္တော တိကိစ္ဆာယ၊ ဝေဇ္ဇေနာပိ ဝိဝဇ္ဇိတော။
နိယတော မစ္စုရာဇဿ၊ ကိံ ပါလိတ ပမဇ္ဇသိ။ ။

ဟူသော ဂါထာကို မိန့်ဆိုကျူးရင့်လေ၏။

ပါလိတ၊ ငါ့ရှင် ပါလိတ။ တယာ၊ သင်သည်။ တိကိစ္ဆာယ၊ ရောဂါပျောက်မှု ဆေးကုခြင်းငှာ။ ပဋိက္ခိတ္တော၊ ဖွဲ့သန်အားထုတ်၊ တရားအလုပ်၏၊ ခလုတ်ဆူးငြောင့်ပမာဖြစ်၍ ပယ်စွန့်အပ်ပါပြီ။ ဝေဇ္ဇေနာပိ၊ ရောဂါကုစား၊ သမားလိမ္မာ၊ ဆေးဆရာသည်လည်း။ ဝိဝဋ္ဋိ-တော၊ ပြောကြားတိုင်း မလုပ်သဖြင့် စွန့်ပစ်လက်လွှတ်အပ်ပါပြီ။ မစ္စုရာဇဿ၊ ဇွ၆-ဖြာ၊ ဘေးဘယာတို့၊ ဝဲ,ယာစီးနင်း၊ ရန်သူသေမင်းသည်။ နိယတော၊ သေရန်သတ်မှတ်၊ စာရင်းတင်အပ်ပါပြီ။ ပါလိတ၊ ငါ့ရှင် ပါလိတ။ တွံ၊ သင်သည်။ ကိ ံ ပမဇ္ဇသိ၊ အဘယ့်ကြောင့် မေ့လျော့ရအံ့နည်း။

----- x -----

## (၁၅) မျက်စိလည်း ကွယ်၊ ကိလေသာတို့ကိုလည်း ပယ်သတ်ခြင်း

ဤဂါထာဖြင့် မိမိကိုယ်ကို ဆုံးမ၍ ရဟန်းတရား အားထုတ်တော်မူရာ ထိုမဟာ-ပါလမထေရ်အား ညဉ့်သန်းခေါင်ယာမ် လွန်သော် မျက်စိတော်နှင့် ကိလေသာတို့သည် မရှေးမနှောင်း တပြိုင်နက်တည်း ကွယ်ပျက်ကုန်ခန်း၍ မျက်မမြင် သုက္ခဝိပဿကရဟန္တာ (စျာန်အဘိညာဉ်မရသော ရဟန္တာ) အဖြစ်သို့ ရောက်ပြီးလျှင် နေရာတိုက်ခန်းတွင်းသို့ ဝင်၍ နေတော်မူ၏။ ဤမှစ၍ စက္ခုပါလမထေရ်-ဟု ခေါ်တွင်လေသည်။

ရဟန်းတို့သည် ဆွမ်းခံချိန်ကျသောအခါ လာကြ၍ "ဆွမ်းခံချိန်ကျပါပြီဘုရား" ဟု လျှောက်ကြလျှင် "ငါ့ရှင်တို့၊ အချိန်တန်ပြီလော"ဟု မေးရာ "မှန်ပါ၊ အချိန်တန်ပါပြီ"ဟု လျှောက်သော် "ထိုသို့ဖြစ်မူ သွားကြကုန်"ဟု မိန့်တော်မူပြန်လျှင် "အရှင်ဘုရားတို့ကား အသို့နည်း"ဟု လျှောက်ကြသည်ရှိသော် "ငါ့ရှင်တို့၊ ငါ၏မျက်စိတို့သည် ကွယ်ကုန်ပြီ"ဟု ဆိုသော် ရဟန်းတို့သည် စက္ခုပါလမထေရ်၏မျက်စိတို့ကို ကြည့်ကြ၍ မျက်ရည်တို့ဖြင့် ပြည့်သောမျက်စိ ရှိကြကုန်လျက် "အရှင်ဘုရား၊ မစိုးရိမ်ပါကုန်လင့်။ တပည့်တော်တို့သည် အရှင်ဘုရားအား ပြုစုလုပ်ကျွေးပါကုန်အံ့"ဟု လျှောက်၍ မထေရ်ကို နှစ်သိမ့်စေကာ ပြုသင့်ပြုထိုက်သည့် ဝတ်ကြီး,ဝတ်ငယ်ကို ပြု၍ ရွာသို့ ဆွမ်းအလို့ငှာ ဝင်ကြလေကုန်၏။

လူတို့သည် စက္ခုပါလမထေရ်ကို မမြင်၍ "အရှင်ဘုရားတို့၊ တပည့်တော်တို့၏ အရှင်မြတ်သည် အဘယ်မှာပါနည်း"ဟု မေးလတ်သော် ထိုအကြောင်းကို ပြောကြားကြလေရာ ဒါယကာတို့သည် ယာဂုကို ပို့စေကာ ကိုယ်တိုင် ဆွမ်းကို ယူဆောင်ပြီး သွားကုန်လျက် မထေရ်ကို ရှိခိုးပြီးလျှင် ခြေရင်း၌ လူးလိမ့်ကာ ငိုကြွေးကြပြီးမှ "အရှင်ဘုရား၊ တပည့်တော်တို့သည် အရှင်ဘုရားအား ပြုစုလုပ်ကျွေးပါကုန်အံ့။ အရှင်ဘုရားသည် ဘာမျှ မစိုးရိမ်

ပါကုန်လင့်”ဟု နှစ်သိမ့်စေ၍ ဖဲသွားကြကုန်၏။ ထိုနေ့မှစ၍ ယာဂုနှင့်ဆွမ်းကို အမြဲ ကျောင်းသို့သာ ပို့စေကုန်၏။ မထေရ်မြတ်သည်လည်း အခြား ၆-ကျိပ်သော ရဟန်းတို့ကို မပြတ်အဆုံးအမကို ပေးတော်မူ၏။ ၆-ကျိပ်သောရဟန်းတို့သည်လည်း မထေရ်မြတ်၏ အဆုံးအမ၌ တည်၍ သီတင်းကျွတ်လပြည့်၊ ပဝါရဏာနေ့ နီးလတ်သော် ထိုအလုံးစုံသော ရဟန်းတို့သည် ပဋိသမ္ဘိဒါ ၄-ပြာနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

----- x -----

## (၁၆) ဝါကျွတ်၍ ဘုရားရှင်ထံ ဖူးမြော်ရန် ကြွကြခြင်း

ထို ၆-ကျိပ်သော ရဟန်းတို့သည် ဝါကျွတ်ပြီးသော် ဘုရားရှင်ကို ဖူးမြင်ကြလိုကုန်သည်ဖြစ်၍ မထေရ်၏အထံ သွားပြီးလျှင် “ဘုရားရှင်ကို ဖူးမြင်လိုကြကြောင်း”လျှောက်ထားတောင်းပန်သောစကားကို ကြားလေလျှင် မထေရ်သည် “ငါကား အားနည်း၏။ လမ်းခရီး၌လည်း ဘီလူးတို့ သိမ်းဆည်းအပ်သော တောအုပ်ရှိ၏။ ငါသည် ထိုရဟန်းတို့နှင့်အတူ သွားလတ်သော် အားလုံးသောရဟန်းများ ပင်ပန်းကြကုန်အံ့။ ဆွမ်းရခြင်းငှာလည်း မတတ်နိုင်ကုန်အံ့။ သို့အတွက် ဤရဟန်းတို့ကို ရှေးဦးစွာ လွှတ်လိုက်အံ့”ဟု ကြံစည်ကာ ရဟန်းတို့ကို “ငါ့ရှင်တို့၊ သင်တို့ ရှေးဦးစွာ သွားနှင့်ကြကုန်”ဟု ဆိုလေ၏။

“အရှင်ဘုရားတို့ကား အသို့ပါနည်း”ဟု မေးကြသောအခါ အကြောင်းအရာ အကြံအစည်ကို မထေရ်မြတ်သည် ပြောပြလေလျှင် “အရှင်ဘုရား၊ ဤသို့ မပြုပါကုန်လင့်။ တပည့်တော်တို့သည် အရှင်ဘုရားတို့နှင့် အတူတကွသာ သွားကြပါကုန်အံ့”ဟု လျှောက်ကြကုန်၏။ “ငါ့ရှင်တို့ သင်တို့ ငါနှင့်အတူသွားမှုကို မနှစ်သက်ကြပါကုန်လင့်။ အတူသွားခဲ့သော် ငါ့အား မချမ်းမသာဖြစ်လတ္တံ့”ဟု မိန့်ကာ “ငါ့ရှင်တို့၊ ငါ-မှာကြားလိုသည်မှာ ငါ့ညီ စူဠပါလသည် သင်တို့ကို မြင်လျှင် ငါ့အကြောင်းကို မေးလျှောက်လတ္တံ့။ ထိုအခါ ငါ့ညီအား ငါ၏မျက်စိကွယ်ကြောင်းကို ပြောကြားကြကုန်လော့။ ငါ့ညီသည် ငါ၏အထံသို့ တစ်စုံတစ်ယောက်ကို စေလွှတ်လတ္တံ့။ လွှတ်လိုက်သောသူနှင့်အတူ ငါလာခဲ့အံ့။ သင်တို့သည် ငါ့စကားဖြင့် ဘုရားရှင်နှင့်တကွ ၈-ကျိပ်သော မဟာသာဝကကြီးတို့ကို ရှိခိုးကြကုန်လော့”ဟု မှာကြားပြောဆို၍ ရဟန်းတို့ကို လွှတ်လိုက်လေ၏။

ရဟန်းတို့သည် စက္ခုပါလမထေရ်ကို ကန်တော့ကြပြီး ရွာတွင်းသို့ ဝင်ကုန်လတ်သော် လူတို့သည် ရဟန်းတို့ကို မြင်လျှင် သီတင်းသုံးနေထိုင်စေ၍ ဆွမ်းကပ်လှူပြီးကာ “အရှင်ဘုရားတို့၊ အရှင်ဘုရားတို့အား ခရီးထွက်အံ့သော အခြင်းအရာသည် ထင်၏”ဟု

လျှောက်လတ်သော် "ဩော်၊ ဟုတ်၏။ ဒါယကာတို့ ငါတို့သည် ဘုရားရှင်ကို ဖူးမြင်လိုကြ၏" ဟု ဆိုရာ ဒါယကာတို့သည် အခါခါအထပ်ထပ် တောင်းပန်အပ်သော်လည်း ထိုရဟန်းတို့၏ ကြွတော်မူလိုခြင်း ဆန္ဒပြင်းပြသည်ကို သိရကား လိုက်ပို့၍ ငိုကြွေးလျက် ပြန်လာကြကုန်၏။

ထိုရဟန်းတို့သည်လည်း အစဉ်အတိုင်း သွားကြရာ ဇေတဝန်ကျောင်းတော်သို့ ရောက်ကြလျှင် ဘုရားရှင်နှင့် ၈၀-ကျိပ်သော မဟာသာဝကတို့ကို စက္ခုပါလမထေရ်၏စကားဖြင့် ရှိခိုး၍ တဖန် မိုးသောက်လတ်သော် မထေရ်၏ညီ စူဠပါလ နေရာဌာန လမ်းမအတိုင်း ဆွမ်းခံဝင်ကြကုန်၏။ စူဠပါလသူကြွယ်သည် ထိုရဟန်းတို့ကို မှတ်မိ၍ နေရာ၌ နေထိုင်စေကာ **ပဋိသန္ထာရစကား**(မိမိနှင့်သူတပါး မကွဲမပြားအောင် အစေ့အစပ်ပြောဆိုသော စကား) ပြောကြားပြီးလျှင် "အရှင်ဘုရားတို့၊ တပည့်တော်တို့၏ နောင်တော်မထေရ်သည်ကား အဘယ်မှာပါနည်း"ဟု မေးလျှောက်သောအခါ ထိုစူဠပါလအား အကြောင်းစုံကို ပြောကြားကြကုန်၏။

စူဠပါလသည် ထိုစကားကို ကြားလျှင်ကြားချင်းပင် ထိုရဟန်းတို့၏ ခြေရင်း၌ လူးလှိမ့်ကာ ငိုကြွေးလျက် "အရှင်ဘုရားတို့၊ ယခု အဘယ်သို့ ပြုရပါမည်နည်း"ဟု မေးလျှောက်၏။ "မထေရ်သည် သင်၏အထံမှ သင့်လျော်မည့်သူ ၁-ယောက် လာရောက်ခြင်းကို အလိုရှိ၏။ ထိုသူ ရောက်သွားသောအခါ ထိုလွှတ်လိုက်သူနှင့်အတူ ကြွလာအံ့-ဟု ပြောကြားလိုက်၏"။ "အရှင်ဘုရား၊ ဤသူငယ်ကား တပည့်တော်၏ တူတော်သူ ပါလိတ မည်ပါ၏။ ထိုတူဖြစ်သော ပါလိတကို စေလွှတ်တော်မူပါကုန်လော့"ဟု လျှောက်ထားလျှင် "ဤသို့သော အသွင်အပြင်ဖြင့် စေလွှတ်ရန် မလွယ်ကူ၊ လမ်းခရီးအကြား၌ ဘေးရန်များလှ၏။ ပါလိတကို သာမဏေပြု၍ စေလွှတ်ရသော် သင့်လျော်၏"ဟု ဆိုလျှင် "အရှင်ဘုရားတို့၊ သင့်လျော်သလို စေလွှတ်တော်မူပါ"ဟု လျှောက်ဆိုလေ၏။ ထိုအခါ ပါလိတကို သာမဏေပြု၍ လ-ခွဲမျှ သပိတ်၊သင်္ကန်းကိုင်ပုံ-စသည်တို့ကို သင်ကြားပြီးမှ လမ်းခရီးကို ညွှန်ကြား၍ လွှတ်လိုက်ကြကုန်၏။

----- x -----

## (၁၇) တူ-ပါလိတ စက္ခုပါလမထေရ်ထံ ရောက်ခြင်း

ရှင်ပါလိတသည် အစဉ်သဖြင့် ထိုရွာသို့ ရောက်လျှင် ရွာတံခါးတွင် ၁-ယောက်သောသူအိုကို မြင်၍ "ဤရွာကို အမှီပြု၍နေရသော တစ်စုံတစ်ခုသော တောကျောင်းများ ရှိသလော"ဟု မေးရာ "ရှိပါ၏ဘုရား"ဟု ဆိုသော် "ထိုကျောင်း၌ အဘယ်မထေရ် နေသနည်း"ဟု မေးမြန်းသောအခါ "အရှင်ပါလိတ(*စက္ခုပါလ*) မည်သောမထေရ် နေပါ၏"ဟု ဆိုလျှင်

"ငါ့အား သွားရာလမ်းခရီးကို ညွှန်ကြားလော့"ဟု ဆိုလေက "အရှင်ကား အဘယ်ပုဂ္ဂိုလ်ဖြစ်ပါသနည်း"ဟု မေးပြန်သော် "ငါကား အရှင်ပါလိတ(*စက္ခုပါလ*)ထေရ်၏ တူ-တည်း"ဟု ဆိုသောအခါ ထိုသာမဏေ ပါလိတကို ကျောင်းသို့ ပင့်သွားလေ၏။

ရှင်ပါလိတသည် မထေရ်မြတ်ကို ရှိခိုး၍ လ-ဝက်မျှ ဝတ်ကြီး,ဝတ်ငယ်ကို ပြုကာ မထေရ်ကို ကောင်းစွာ ပြုစုလုပ်ကျွေးပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်၏ဦးရီး သူကြွယ်စူဠပါလသည် အရှင်ဘုရားတို့ ကြွလာခြင်းကို လွန်စွာ လိုလားတောင့်တလျက် ရှိပါ၏။ ကြွတော်မူပါ၊ သွားပါကုန်အံ့"ဟု လျှောက်ထား၏။ "ထိုသို့ဖြစ်မူ ငါ၏တောင်ဝှေးစွန်းကို ဆွဲကိုင်လော့"ဟု မိန့်တော်မူ၏။ ရှင်ပါလိတသည် တောင်ဝှေးစွန်းကို ဆွဲကိုင်လျက် မထေရ်နှင့်အတူ ရွာတွင်းသို့ ဝင်လေ၏။ လူတို့သည် မထေရ်ကို သီတင်းသုံးနေစေပြီးမှ "အရှင်ဘုရား၊ အသို့ပါနည်း။ အရှင်ဘုရားတို့၏ ခရီးကြွသွားအံ့သော အခြင်းအရာသည် ထင်သည် မဟုတ်ပါလော"ဟု မေးလျှောက်ကြကုန်၏။ "ဒါယကာတို့၊ မှန်ပေ၏။ ငါကြွသွား၍ ဘုရားရှင်ကို ရှိခိုးပူဇော်အံ့"ဟု ဆိုရာ ဒါယကာတို့သည် အထူးထူးအပြားပြားအားဖြင့် များစွာ တောင်းပန်၍ မရကုန်ရကား မထေရ်ကို ခွင့်လွှတ်ကြ၍ ထက်ဝက်သော ခရီးသို့ ရောက်အောင် လိုက်ပို့ကြပြီးလျှင် ငိုကြွေးလျက် ပြန်လာကြကုန်၏။

----- x -----

## (၁၈) သာမဏေနှင့် ထင်းခွေသည်မ

သာမဏေသည် မထေရ်ကို တောင်ဝှေးစွန်းဖြင့် ပင့်ဆောင်၍သွားရာ လမ်းခရီးအကြား တောအုပ်၌ မထေရ် ရှေးက သီတင်းသုံးခဲ့သော ကဋ္ဌနဂရ(ထင်းခွေသည်တို့ နေထိုင်သော ရွာ)မည်သော ရွာသို့ ရောက်လေ၏။ ထိုရွာမှ ထွက်၍ တော၌ သီချင်းသီဆိုလျက် ထင်းခွေနေသော မိန်းမ ၁-ယောက်၏ သီချင်းသံကို ကြားသည်ရှိသော် သာမဏေသည် အသံ၌ နှစ်သက်စွဲလမ်းမိလေ၏။ (မှန်၏။ မိန်းမ၏အသံကဲ့သို့ ယောက်ျားတို့၏ ကိုယ်အလုံးစုံကို သိမ်းကျုံးပျံ့နှံ့၍ တည်စေခြင်းငှာ စွမ်းနိုင်သော အခြားသောအသံမည်သည် မရှိချေ။ ထို့ကြောင့် ဘုရားရှင်သည် "ချစ်သား, ချစ်သမီးတို့၊ ယောက်ျား၏စိတ်ကို သိမ်းကျုံးဆွဲယူနိုင်သော မိန်းမ၏ အသံနှင့်တူသော ၁-ခုသော အသံကိုမျှလည်း ငါဘုရား မြင်တော်မမူ"ဟု မိန့်တော်မူ၏။)

သာမဏေသည် ထိုထင်းခွေသည်မ၏ အသံ၌ စွဲလမ်းရကား တောင်ဝှေးစွန်းကို လွှတ်ပြီးလျှင် "ခေတ္တမျှ ရပ်တန့်ပါဦးဘုရား။ တပည့်တော် ပြုဖွယ်ကိစ္စ ရှိပါသေးသည်"ဟု ခွင့်တောင်းလျှောက်ထားကာ ထိုမိန်းမထံသို့ သွားလေ၏။ ထိုမိန်းမသည်လည်း သာမဏေ

ကို မြင်လျှင် တိတ်ဆိတ်စွာ နေလေ၏။ သာမဏေသည် ထိုမိန်းမနှင့် အတူတကွ ပေါင်းသင်း မိကြ၍ သီလပျက်စီးခြင်းသို့ ရောက်ရလေ၏။

မထေရ်သည် "ယခုပင် ၁-ခုသော သီချင်းသံကို ကြားရပြီး ထိုကြားရသော သီချင်း သံလည်း ပျောက်, သာမဏေလည်း ကြာမြင့်ခြင်းသို့ ရောက်ခဲ့၏။ ထိုသာမဏေသည် ထိုမိန်းမနှင့်အတူတကွ သီလပျက်ခြင်းသို့ ရောက်သည်ဖြစ်လတ္တံ့"ဟု ကြံဆင်ခြင်စဉ် သာမဏေသည် မိမိကိစ္စပြီး၍ ပြန်လာပြီးလျှင် "ဆက်လက်သွားပါကုန်အံ့ဘုရား"ဟု လျှောက်ထားသောအခါ မထေရ်သည် သာမဏေကို "သာမဏေ၊ သင်သည် ယုတ်မာသည့် အမှု ပြုကျင့်မှားယွင်းခဲ့ပြီလော"ဟု မေး၏။ သာမဏေသည် ဆိတ်ဆိတ်နေသည်ဖြစ်၍ မထေရ်သည် အဖန်ဖန်အထပ်ထပ် မေးမြန်းအပ်သော်လည်း တစ်စုံတစ်ခွန်းသော စကားကိုမျှ မပြန်ကြား,မပြောဆိုသောအခါ သာမဏေကို မထေရ်သည် "သင်ကဲ့သို့ ယုတ်မာသော အကျင့်ရှိသောသူသည် ငါ၏တောင်ဝှေးစွန်းကို ဆွဲကိုင်ဖွယ်ရာကိစ္စ မရှိ"ဟု မိန့်ဆိုတော်မူလေသော် သာမဏေသည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ သင်္ကန်းတို့ကို ပယ်လျက် လူထွက်ပြီးလျှင်–

"အရှင်ဘုရား၊ တပည့်တော် ရှေးက သာမဏေပင် ဖြစ်သော်လည်း ယခုအခါ လူထွက်လိုက်ပါပြီ။ တပည့်တော်သည် သာမဏေပင် ပြုခဲ့သော်လည်း သဒ္ဓါတရားဖြင့် ပြုသည် မဟုတ်ပါ။ လမ်းခရီး၌ ဖြစ်ပေါ်လာမည့်ဘေးကို ကြောက်သဖြင့်သာ ရှင်သာမဏေ ပြုရပါ၏။ အရှင်ဘုရား၊ ကြွပါကုန်လော့။ သွားပါကုန်အံ့"ဟု လျှောက်လျှင် "ငါ့ရှင်၊ လူယုတ်မာသည်လည်းကောင်း, ရှင်ယုတ်မာသည်လည်းကောင်း အတူတူပင်။ ယုတ်မာသည် သာလျှင်တည်း။ သင်သည် ရဟန်းသာမဏေအဖြစ်၌ တည်လျက်လည်း သီလကိုမျှ ဖြည့်ကျင့်ခြင်းငှာ မစွမ်းနိုင်ခဲ့လျှင် လူဖြစ်လျှင်ကား ကောင်းသောအကျင့်ကို အဘယ်မှာ ကျင့်နိုင်ပါ အံ့နည်း။ သင်ကဲ့သို့ ယုတ်မာသည့်အကျင့်ရှိသူသည် ငါ၏ တောင်ဝှေးစွန်းကို ဆွဲကိုင်ဖွယ် ရာကိစ္စ မရှိ"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား၊ ဤလမ်းခရီးကား ဘီလူးများ ဘေးရန်ရှိပါ၏။ အရှင်ဘုရားသည် လည်း မျက်စိ ၂-ဖက် ကွယ်ပျက်နေရာ ခရီးညွှန်လမ်းပြ မရှိပါက ဤနေရာဌာန၌ အဘယ် သို့ နေတော်မူပါကုန်အံ့နည်း"ဟု လျှောက်ထားသောအခါ မထေရ်သည် "ငါ့ရှင်၊ သင်- ဤသို့ ကြံဖွယ် မရှိ၊ ဤအရပ်၌ပင် အိပ်၍ သေမူလည်း သေပစေ၊ ထိုမှ,ဤမှ လူးလှိမ့်၍ မူလည်း လူးလှိမ့်ရပစေ၊ သင်နှင့်အတူ သွားခြင်းမည်သည်ကား မရှိတော့သည်သာ"ဟု မိန့်တော်မူကာ ဤဂါထာတို့ကို ရွတ်ဆိုတော်မူလေ၏။

(စ) ဟန္ဒာ'ဟံ ဟတစက္ခု'သ္မိ၊ ကန္တာရဒ္ဓါန'မာဂတော။
သေယျမာနော န ဂစ္ဆာမိ၊ နတ္ထိ ဗာလေ သဟာယတာ။

(ဆ) ဟန္ဒာ'ဟံ ဟတစက္ခု'သ္မိ၊ ကန္တာရဒ္ဓါန'မာဂတော။
မရိဿာမိ နော ဂမိဿာမိ၊ နတ္ထိ ဗာလေ သဟာယတာ။

(စ) အာဝုသော၊ တောင်ဝှေးကိုဆွဲ၊ လမ်းမလွဲအောင်၊ ကိုင်တွဲပြုပြင်၊ တူရင်းမောင်လုလင်။ အဟံ၊ ငါသည်။ ဟန္ဒ၊ ယခု။ ဟတစက္ခု၊ ရှေးဝိပါက်ရင်း၊ ကြမ္မာသွင်း၍၊ ပျက်ယွင်းချွတ်ဘိ၊ ကန်းသောမျက်စိရှိသည်။ အသ္မိ၊ ဖြစ်ပြီ။ ကန္တာရဒ္ဓါနံ၊ ကြမ်းတမ်းစွာလှ၊ ကန္တာရမည်၊ အခွန့်ရှည်သော ခရီးခဲသို့။ အာဂတော၊ မမြင်လမ်းပန်း၊ တစမ်းစမ်းနှင့်၊ ရမ်းကာ,ရမ်းကာ၊ လာခဲ့ရပါ၏။ သေယျမာနောပိ၊ ရုပ်,နာမ်နှစ်ဝ၊ ဇီဝိတတို့၊ ပြောင်းကြွမနေ၊ အိပ်မူလည်း အိပ်ရပစေ။ န ဂစ္ဆာမိ၊ အကျင့်ဖောက်ပြား၊ သင်လိုလူစားကို၊ အားထားပြုကာ၊ သွားလိမ့်မည် မဟုတ်ပါ။ ဗာလေ၊ ပညာမတွဲ၊ ထင်ရာစွဲ၍၊ အလွဲအမှား၊ ဖောက်ပြားစရိုက်၊ လူသူမိုက်၌။ ဝါ၊ ၏။ သဟာယတာ၊ ဆက်ဆံပေါင်းသင်း၊ မိတ်ဆွေရင်း၏အဖြစ်သည်။ နတ္ထိ၊ သက်ဆုံးအထိ၊ မထားရှိတော့ပါ။

(ဆ) အာဝုသော၊ ငါမပန်းရ, မစမ်းရအောင်၊ လမ်းပြရှေ့တင်၊ မောင်လုလင်။ အဟံ၊ သည်။ ဟန္ဒ၊ ယခု။ ဟတစက္ခု၊ သည်။ အသ္မိ၊ ပြီ။ ကန္တာရဒ္ဓါနံ၊ သို့။ အာဂတော၊ ၏။ မရိဿာမိ၊ ဘေးရန်အဆိုး၊ ဝင်ရောက်တိုးလည်း၊ ခိုကိုးကင်းသွေ၊ သေမူလည်း သေပစေ။ နော ဂမိဿာမိ၊ သင်လိုလူစား၊ ရှေ့ဆောင်ထား၍၊ ခရီးမသွားတော့အံ့။ ဗာလေ၊ ၌။ ဝါ၊ ၏။ သဟာယတာ၊ သည်။ နတ္ထိ၊ ပါ။

သာမဏေသည် ထိုစကားကို ကြားလျှင် ထိတ်လန့်သည်ဖြစ်၍ "ငါသည် မဆင်မခြင် အဆောတလျင် မသင့်လျော်သည့်အမှုကို ပြုမိခြင်းသည် ဝန်လေးပေစွတကား"ဟု လက်မောင်းတို့ကို မြှောက်ကာ မြည်တမ်းငိုကြွေးလျက် တောအုပ်သို့ ပြေးဝင်၍ တိမ်းရှောင်ဖဲသွားလေတော့သည်သာတည်း။

----- x -----

## (၁၉) သိကြားမင်း ပင့်ဆောင်ခြင်း

စက္ခုပါလမထေရ်မြတ်၏ သီလတန်ခိုးတော်ကြောင့် အလျားယူဇနာ-၆၀၊ အနံယူဇနာ-၅၀၊ အထု ၁၅-ယူဇနာရှိ၍ လယ်ခေါင်ရန်းပန်းကဲ့သို့ နီမြန်းသော အဆင်းရှိသော၊ ထိုင်သောအခါ, ထသောအခါတို့၌ အောက်သို့ ညွတ်ခြင်း, အထက်သို့ တက်ကြွခြင်း

သဘောရှိသော သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြလေ၏။ သိကြားမင်းသည်လည်း "အဘယ်သူသည် ငါ့ကို နေရာမှ ရွှေ့စေသနည်း" ဟု နတ်မျက်စိဖြင့် ကြည့်ရှုရာ ပြုစုသူကင်းလျက် စက္ခု ၂-ကွင်း၊ အလင်းမရရှာသော စက္ခုပါလမထေရ်ကို မြင်လေ၏။

ထို့ကြောင့် ရှေးဆရာတို့သည်–

(က) သဟဿနေတ္တော ဒေဝိန္ဒော၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိ။
ပါပဂရဟီ အယံ ပါလော၊ အာဇီဝံ ပရိသောဓယိ။ ။

(ခ) သဟဿနေတ္တော ဒေဝိန္ဒော၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိ။
ဓမ္မဂရုကော အယံ ပါလော၊ နိသိန္နော သာသနေ ရတော။

ဟူသော ဂါထာတို့ကို မိန့်ဆိုကြကုန်၏။

(က) သဟဿနေတ္တော၊ မျက်စိတစ်ထောင်၊ အမြင်ဆောင်သော။ ဒေဝိန္ဒော၊ တန်ခိုးကြီးမား၊ နတ်များပိုင်သ၊ စိုးရသနင်း၊ သိကြားမင်းသည်။ ဒိဗ္ဗစက္ခုံ၊ ကြည့်ချင်ရာရာ၊ ကွယ်ကာမရှိ၊ ထင်စွာသိသည့်၊ နတ်မျက်စိကို။ ဝိသောဓယိ၊ ရှင်းရှင်းသုတ်သင်၊ ရှုမြင်တော်မူလေ၏။ အယံ ပါလော၊ လမ်းပြမည့်လူ၊ ဖေးသူမပေါ်၊ အဖော်ကင်းပ၊ ဤအရှင်ပါလထေရ်သည်။ ပါပဂရဟီ၊ မကောင်းမှုအလုပ်၊ စက်ဆုပ်ခြင်းရှိသည်ဖြစ်၍။ အာဇီဝံ၊ မမှားဆက်ဆက်၊ တရားဖက်၍၊ အသက်မွေးခြင်းကို။ ပရိသောဓယိ၊ ကောင်းစွာမွေးမြူ သုတ်သင်တော်မူ၏။

(ခ) သဟဿနေတ္တော၊ သော။ ဒေဝိန္ဒော၊ သည်။ ဒိဗ္ဗစက္ခုံ၊ ကို။ ဝိသောဓယိ၊ ၏။ အယံ ပါလော၊ သည်။ ဓမ္မဂရုကော၊ အမြတ်တရား၊ မပြတ်ပွါး၍၊ လေးစားကြည်ညိုခြင်းကို ပြုသည်ဖြစ်၍။ သာသနေ၊ မြတ်စွာဘုရား၊ ဟောကြားမြွက်ဖော်၊ သာသနာတော်၌။ ရတော၊ မနေမနား၊ လွန်ကြိုးစားလျက်၊ တရားနှင့်ပျော်၊ မွေ့လျော်တော်မူသည်ဖြစ်၍။ နိသိန္နော၊ ကောင်းစွာမသွေ၊ သီတင်းသုံးနေတော်မူလေ၏။

ထိုသို့ မြင်သောအခါ "ငါသည် ဤသို့ ယုတ်မာသူကို ကဲ့ရဲ့ရှုတ်ချလေ့ရှိ၍ တရားကို အလေးအမြတ်ပြုတတ်သည့် အရှင်မြတ်၏အထံသို့ အကယ်၍ မသွားဘဲ နေခဲ့သော် ငါ၏ ဦးခေါင်းသည် ၇-စိတ် ကွဲရာ၏။ ထိုမထေရ်မြတ်၏အထံသို့ သွားအံ့"ဟု သိကြားမင်းအား အကြံဖြစ်လေ၏။ ထို့နောင်မှ–

(ဂ) သဟဿနေတ္တော ဒေဝိန္ဒော၊ ဒေဝရဇ္ဇသိရိန္ဓရော။
တခ်ဏေန အာဂန္တွာန၊ စက္ခုပါလံ ဥပါဂမိ။ ။

သဟာသနေတွော၊ မျက်စိတစ်ထောင်၊ အမြင်ဆောင်သော။ ဒေဝရဋ္ဌသိရိန္ဒရော၊ စည်းစိမ်အရပ်ရပ်၊ မပြတ်ပွါးစည်၊ အမြတ်တည်သည့်၊ နတ်ပြည်အသရေ ဆောင်ပေထသော။ ဒေဝိန္ဒော၊ သည်။ တခ်ဏေန၊ ကြံစည်ပြီး၊ ထိုခဏ၌။ တတ္ထ၊ မထေရ်ရှိရာ၊ ထိုတောမြိုင်သာသို့။ အာဂန္တွာန၊ တန်ခိုးဖြင့်သာ၊ သက်ဆင်းလာ၍။ စက္ခုပါလံ၊ စက္ခုပါလ၊ နာမတွင်လတ်၊ မထေရ်မြတ်သို့။ ဥပါဂမိ၊ ရပ်ကာမသွေ ချဉ်းကပ်လေ၏။

ထိုသို့ ချဉ်းကပ်ပြီးလျှင် မထေရ်မြတ်၏အနီး၌ ခရီးသွားသူကဲ့သို့ ခြေသံကို ပြုလေ၏။ ထိုအခါ မထေရ်သည် သိကြားမင်းကို "ဤသူကား အဘယ်သူနည်း"ဟု မေးလျှင် "အရှင်ဘုရား၊ တပည့်တော်ကား ခရီးသွားပါတည်း"ဟု ဆိုသောအခါ "ဒါယကာ၊ သင် ဘယ်အရပ်သို့ သွားမည်နည်း"ဟု မေးလျှင် "အရှင်ဘုရား၊ သာဝတ္ထိပြည်သို့ သွားပါအံ့"ဟု ဆိုသောအခါ "ဒါယကာ၊ သွားလော့"ဟု ဆိုလျှင် "အရှင်ဘုရားကား အဘယ်အရပ်သို့ ကြွသွားပါမည်နည်း"ဟု မေးလျှောက်ပြန်သောအခါ "ငါသည်လည်း သာဝတ္ထိပြည်သို့သာလျှင် သွားပါအံ့"ဟု မိန့်တော်မူသော် "အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် အတူတကွ သွားကြပါကုန်အံ့"ဟု ဆိုရာ "ဒါယကာ၊ ငါကား မျက်စိကြောင့် အားနည်း၏။ ငါနှင့်အတူ သွားသည်ရှိသော် သင့်အား ကြာမြင့်ခရီးဖင့်လတ္တံ့"ဟု မိန့်တော်မူလျှင် "တပည့်တော်အား အဆောတလျင် ပြုဖွယ်ကိစ္စ မရှိပါ။ တပည့်တော်သည် အရှင်ဘုရားနှင့်အတူ သွားရသည်ရှိသော် ၁၀-ပါးသော ပုညကြိယာဝတ္ထု (ကောင်းသောအကျိုး၏တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်)တို့တွင် တစ်ခုခုသော ပုညကြိယာဝတ္ထုကို ရပါအံ့။ ထို့ကြောင့် အရှင်ဘုရားနှင့် အတူတကွသာ သွားပါအံ့"ဟု လျှောက်လေ၏။

မထေရ်သည် "ဤသူသည်ကား သူတော်ကောင်းဖြစ်လတ္တံ့"ဟု ကြံ၍ "ဒါယကာ၊ ထိုသို့ဖြစ်လျှင် အတူသွားအံ့။ ငါ၏ တောင်ဝှေးစွန်းကို ဆွဲကိုင်လော့"ဟု ဆိုသော် သိကြားမင်းသည် ထိုမထေရ် ဆိုသည့်အတိုင်း ပြုကာ မြေကြီး(မြေကြော)ကို ချုံ့လျက် ညချမ်းအခါ ဇေတဝန်ကျောင်းတော်သာသို့ ရောက်စေတော့၏။ မထေရ်သည် ခရုသင်း, ထက်စည်-စသည်တို့၏ အသံကို ကြားရ၍ "ဤအသံသည် အဘယ်အရပ်မှ အသံနည်း"ဟု မေးလျှင် "အရှင်ဘုရား၊ သာဝတ္ထိပြည်မှ အသံတည်း"ဟု ဆိုသော် "ငါတို့ ရှေးအခါက သွားသောအခါ ကြာမြင့်မှ ရောက်၏"ဟု ဆိုလျှင် "တပည့်တော်သည်ကား ဖြတ်လမ်း(လမ်းဖြောင့်)ကို သိပါ၏ ဘုရား"ဟု လျှောက်သောခဏ၌ မထေရ်သည် "ဤသူကား လူမဟုတ်၊ နတ်ဖြစ်လတ္တံ့"ဟု စိတ်၌ မှတ်သားလေ၏။

(၄) သဟာသနေတွော ဒေဝိန္ဒော၊ ဒေဝရဋ္ဌသိရိန္ဒရော။
သံခိပိတွာန တံ မဂ္ဂံ၊ ခိပ္ပံ သာဝတ္ထိ'မာဂမိ။ ။

ဖြဂုယ်းငှ်ါ ငှ်ုထဲမှ့ထခေကလဂြါမ်ယစ ငှ်ဳလးဒှကးငယ်ျင်



(၄) သဟာယနေတွော၊ ထသော။ ဒေဝရဋ္ဌသိရိန္ဒရော၊ ထသော။ ဒေဝိန္ဒော၊ သည်။ တံ မဂ္ဂံ၊ အခွန့်ရှည်စွာ၊ သွားရာမနီး၊ ထိုတောရွာနှင့်၊ သာဝတ္ထိပြည်ခရီးကို။ သံခိပိတွာန၊ အရှည်မသုံး၊ အကျဉ်းချုံး၍။ ခိပ္ပံ၊ မကြန့်မကြာ၊ ဆောလျင်စွာ။ သာဝတ္ထိ၊ ပါလမထေရ်၊ မြော်ရည်မှန်းဘိ၊ သာဝတ္ထိသို့။ အဂမိ၊ ချမ်းချမ်းသာသာ၊ မပန်းပါဘဲ၊ ကောင်းစွာမသွေ၊ ရောက်ရလေ၏။

သိကြားမင်းသည် မထေရ်သီတင်းသုံးရန်အလို့ငှာ ညီ-စူဠပါလသူကြွယ် ဆောက်လုပ်အပ်သော သစ်ရွက်မိုးကျောင်းသို့ ပင့်ဆောင်၍ ပလ္လင်(ခုတင်ညောင်စောင်း)ထက်၌ နေစေပြီးလျှင် ချစ်ခင်ရင်းချာသော မိတ်ဆွေအသွင်ဖြင့် စူဠပါလသူကြွယ်၏ အထံသို့ သွား၍ "အဆွေ စူဠပါလ"ဟု ခေါ်လျှင် "မိတ်ဆွေ၊ အဘယ်ကိစ္စနည်း"ဟု စူဠပါလက ပြန်မေးသော် "မထေရ်လာသည့်အဖြစ်ကို သိ၏လော"ဟု မေး၏။ "ကျွန်ုပ် မသိပါ၊ အရှင်မဟာပါလမထေရ် ရောက်လာပြီလော"ဟု မေး၏။

"မိတ်ဆွေ၊ ရောက်လာပြီ။ ယခု ကျွန်ုပ်ကိုယ်တိုင် ဇေတဝန်ကျောင်းတော်သို့ သွား၍ သင် ဆောက်လုပ်ထားသော သစ်ရွက်မိုးကျောင်းသခ်မ်း၌ သီတင်းသုံးနေသည်ကို မြင်၍ လာခဲ့သည်"ဟု ဆိုပြီးလျှင် ပြန်သွားလေ၏။ သူကြွယ်သည်လည်း ဇေတဝန်ကျောင်းတော်သို့ သွား၍ စက္ခုပါလမထေရ်ကို မြင်လျှင် ခြေရင်း၌ လူးလှိမ့်ငိုကြွေးလျက် "တပည့်တော်သည် အရှင်ဘုရား ဤကဲ့သို့သော ဒုက္ခတွေ့မည်ကို မြင်သောကြောင့် အရှင်ဘုရားတို့အား ရဟန်းပြုခွင့် မပေးခဲ့ပါ"ဟု ဤသို့-စသော စကားတို့ကို ဆို၍ ကျွန်ငယ် ၂-ယောက်တို့ကို တော်လှန်(ကျေးကျွန်မဟုတ်သော လူကောင်းသူကောင်း)သည်ကို ပြုပြီးလျှင် မထေရ်၏အထံ၌ ရှင်ပြု၍ "ရွာတွင်းမှ ယာဂု,ဆွမ်း-စသည်တို့ကို ယူဆောင်၍ မထေရ်ကို ပြုစုလုပ်ကျွေးကြကုန်လော့"ဟု အပ်နှင်းခဲ့လေ၏။ သာမဏေတို့သည် ဝတ်ကြီး,ဝတ်ငယ်ပြုကြလျက် မထေရ်ကို ပြုစုလုပ်ကျွေးကြကုန်၏။

တစ်နေ့သ၌ ထိုထိုအရပ်ဒေသတွင် နေထိုင်ကြကုန်သော ရဟန်းတို့သည် "ဘုရားရှင်ကို ဖူးမြင်ကုန်အံ့"ဟု ဇေတဝန်ကျောင်းတော်သို့ လာကြ၍ ဘုရားရှင်ကို ရှိခိုးကြပြီးနောက် ၈-ကျိပ်သော မဟာသာဝကတို့ကိုလည်း ရှိခိုးကြပြီးလျှင် ကျောင်းစဉ် ဒေသစာရီ လှည့်လည်ကြကုန်သည်ရှိသော် စက္ခုပါလမထေရ်၏နေရာသို့ ရောက်ကြ၍ ဤနေရာကိုလည်း ကြည့်ရှုကြကုန်အံ့"ဟု ညချမ်းအခါ စက္ခုပါလမထေရ်၏ နေရာသို့ မျက်နှာချေးရှုပြုကာ သွားကြကုန်၏။ ထိုခဏ၌ ကြီးစွာသောမိုးသည် တက်လတ်သည်ဖြစ်၍ ထိုရဟန်းတို့သည် ယခုအခါကား အတော်ပင် မိုးချုပ်လှလေပြီ။ မိုးလည်း တက်လာ၏။ နံနက်စောစောမှသာလျှင် သွား၍ ကြည့်ရှုကြကုန်အံ့"ဟု ပြန်ကြကုန်၏။ မိုးသည် ညဉ့်ဦးယာမ်ပတ်လုံး ရွာသွန်း၍

သန်းခေါင်ယာမ်၌ လင်းစင်လတ်ရကား မထေရ်မြတ်သည် အားထုတ်အပ်သော လုံ့လရှိ၍ မပြတ် စင်္ကြံသွားလေ့ရှိသောကြောင့် မိုးသောက်ယာမ်၌ စင်္ကြံသို့ သက်တော်မူလေ၏။

----- x -----

## (၂၀) ပိုးကောင်တို့ကို နင်းမိသည်ကို မြင်၍ ရဟန်းတို့ ကဲ့ရဲ့ကြခြင်း

ထိုအခါ မိုးရွာပြီးစဖြစ်သော မြေ၌ များစွာသော ပိုးပရံတို့သည် လှုပ်ရှားထကြွ သွားလာကြကုန်၏။ ထိုပိုးပရံတို့သည် စက္ခုပါလမထေရ် စင်္ကြံကြွသည်ရှိသော် များသော အားဖြင့် ပျက်စီးသေကြေကြကုန်၏။ အတွင်းနေ တပည့်တို့သည်လည်း မထေရ်၏ စင်္ကြံကြွ သွားရာအရပ်ကို စောစောကပင်လျှင် ကြိုတင် တံမြက် မလှည်းမိကြလေကုန်။ ထိုထိုအရပ် ဒေသမှ လာကြကုန်သော ရဟန်းတို့သည် "စက္ခုပါလမထေရ်၏ နေရာအရပ်သို့ ကြည့်ကြ ကုန်အံ့"ဟု လာကြကုန်လတ်သော် စင်္ကြံကြွရာအရပ်၌ သေကြေနေကြသော ပိုးပရံတို့ကို မြင်၍ "အဘယ်သူသည် ဤအရပ်၌ စင်္ကြံသွားသနည်း"ဟု မေးမြန်းကြကုန်၏။

"တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာဖြစ်သော စက္ခုပါလမထေရ် စင်္ကြံသွားပါ၏ ဘုရား"ဟု လျှောက်ကြသော် ထိုထိုအရပ်ဒေသမှ လာကြသော ရဟန်းတို့သည် "ငါ့ရှင်တို့၊ စက္ခုပါလမထေရ်ရဟန်း၏ အမှုကို ကြည့်ရှုကြကုန်လော့။ မျက်စိမြင်စဉ်အခါ၌ တုံးလုံး ပက်လက် အိပ်စက်လျက် ဘာတစ်ခုကိုမျှ မလုပ်ဘဲ ယခုလို မျက်စိ ၂-ကွင်း အလင်းမရ သောအခါ၌ကျမှ စင်္ကြံကြွမည်-ဟု ဤမျှလောက်သော ပိုးပရံတို့ကို သတ်ဖြတ်ဘိ၏။ 'အကျိုးစီးပွါးကို ပြုလုပ်အံ့'ဟု ကြံလျက် အကျိုးစီးပွါးမဲ့ကို ပြုဘိ၏"ဟု ကဲ့ရဲ့ကြပြီးနောက် ဘုရားရှင်အထံသို့ သွားရောက်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ စက္ခုပါလ မထေရ်သည် 'စင်္ကြံသွားသည်'ဟူ၍ များစွာသော ပိုးသတ္တဝါတို့ကို သတ်ဘိ၏"ဟု ဘုရားရှင် အား လျှောက်ထားကြကုန်၏။

"စက္ခုပါလမထေရ် သတ်သည်ကို သင်တို့ မြင်သလော"ဟု မေးတော်မူလျှင် "မမြင် ပါကုန်ဘုရား"ဟု လျှောက်ထားလေသော် "သင်တို့သည် ထိုစက္ခုပါလမထေရ် သတ်သည်ကို မမြင်ကြသည့်အတူသာလျှင် စက္ခုပါလမထေရ်သည်လည်း ထိုပိုးသတ္တဝါတို့ကို မမြင်။ ချစ်သား ရဟန်းများတို့၊ ရဟန္တာပုဂ္ဂိုလ်တို့အား သေစေလိုသော စေတနာမည်သည် မရှိ"ဟု မိန့်တော်မူသောအခါ ရဟန်းတို့သည် "မြတ်စွာဘုရား၊ ထိုစက္ခုပါလမထေရ်အား အရဟတ္တ- ဖိုလ်၏ အားကြီးသောအကြောင်း ကောင်းစွာရှိပါလျက် အဘယ့်ကြောင့် မျက်စိကွယ်ပျက် ရပါသနည်း"ဟု မေးလျှောက်ကြလေသော် "ချစ်သား ရဟန်းများတို့၊ မိမိပြုအပ်ခဲ့သော ကံ၏အစွမ်းဖြင့် မျက်စိကွယ်ပျက်၏"ဟု မိန့်တော်မူလျှင် "ထိုမထေရ် ပြုအပ်ခဲ့သော

မကောင်းမှုကံကား အဘယ်ပါနည်းဘုရား"ဟု လျှောက်ကြားကြပြန်သောကြောင့် "ချစ်သား ရဟန်းများတို့၊ ထိုသို့ဖြစ်လျှင် နာကြားကြကုန်လော့"ဟု မိန့်တော်မူ၍ လွန်လေပြီးသော အတိတ်ကို ဆောင်တော်မူ၏။

----- x -----

## (၂၁) စက္ခုပါလမထေရ်၏ အတိတ်ဝတ္ထု

"ချစ်သားရဟန်းများတို့၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကာသိကရာဇ် မည်သောမင်း မင်းပြုလတ်သော် ဆေးသမား ၁-ယောက်သည် ရွာ, နိဂုံးတို့သို့ လှည့်လည်၍ ဆေးကုသောအမှုတို့ကို ပြုစဉ် မျက်စိအမြင် အားနည်းသော မိန်းမ ၁-ယောက်ကို မြင်၍ 'သင့်အား အဘယ်မည်သော မချမ်းမသာ အနာရောဂါရှိသနည်း'-ဟု မေးလေလျှင် 'အကျွန်ုပ် မျက်စိမမြင်ပါ'ဟု ဆိုသော် 'သင့်အား ဆေးကုပေးအံ့'-ဟု ဆိုပြန်လျှင် 'အရှင်၊ ကုသပါလော့' ဟု ဆိုက 'ငါ့အား အဘယ်ဆေးခကို ပေးအံ့နည်း'-ဟု မေးမြန်းလျှင် 'အရှင်၊ အကျွန်ုပ်၏ မျက်စိတို့ကို ပကတိအတိုင်း မြင်အောင် အကယ်၍ ကုစားနိုင်သည်ဖြစ်အံ့၊ ကျွန်ုပ်သည် သား,သမီးတို့နှင့်တကွ ဆရာ၏ကျွန်အဖြစ် ခံယူပါအံ့'-ဟု ဆိုရကား ဆေးသမားသည် 'ကောင်းပြီ'-ဟု ဝန်ခံလျက် ထက်မြက်သော ဆေးကို စီရင်ဖော်စပ်လေ၏။

ထိုမိန်းမသည် ၁-ကြိမ်ဆေးခတ်ကာမျှဖြင့်ပင် မျက်စိတို့သည် ပြကတေ့အတိုင်း မြင်ကုန်၏။ ထိုမိန်းမသည် 'ငါကား သား,သမီးတို့နှင့်တကွ ဆေးသမား၏ ကျွန်ဖြစ်အံ့-ဟု ဝန်ခံမိ၏။ ထိုသို့ပင် ဝန်ခံမိသော်လည်း ငါ့ကို သိမ်မွေ့နူးညံ့သောစကား ပြောကြားခိုင်းစေ လိမ့်မည် မဟုတ်၊ ဆေးသမားကို လှည့်ပတ်တော့အံ့'ဟု ကြံ၏။ ထိုမိန်းမသည် ဆေးသမား လာ၍ 'ရှင်မ၊ မျက်စိ အဘယ်သို့ရှိသနည်း'ဟု မေးလတ်သော် 'ရှေးက ကျွန်ုပ်၏ မျက်စိတို့ သည် အနည်းငယ်သာ နာကျင်ပါကုန်၏။ ယခုအခါ၌ကား အလွန်တရာ နာကျင်ပါကုန်၏' ဟု ဆိုရာ၏။ ဆေးသမားသည် 'ဤမိန်းမသည်ကား ငါ့ကို လှည့်ပတ်၍ ဆေးဖိုးဝါးခ တစ်စုံတစ်ခုမျှကို မပေးလိုသောစိတ် ရှိ၏။ ထိုမိန်းမ ပေးကမ်းအပ်သော ဆေးဖိုးဝါးခဖြင့် ငါ့အား အဘယ်မှုအံ့နည်း။ ယခုပင် ထိုမိန်းမကို မျက်စိကန်းအောင် ပြုလုပ်အံ့'ဟု ကြံလျက် အိမ်သို့ ထွက်သွားကာ မိမိမယားအား ထိုအကြောင်းကို ပြောကြားလေသော် မယားသည် ဆိတ်ဆိတ်သာ နေသောအခါ ဆေးဆရာသည် တစ်ခုသော ဆေးကို ဖော်စပ်၍ ထိုမိန်းမ၏ အထံသို့ သွားပြီးလျှင် 'နှမ၊ ဤဆေးကို မျက်စဉ်းခတ်လော့'ဟု ဆိုကာ မျက်စဉ်းခတ်လေ၏။ မျက်စဉ်းခတ်ကာမျှဖြင့်သာလျှင် ထိုမိန်းမ၏ မျက်စိ ၂-ဖက်တို့သည် ဆီမီးလျှံကဲ့သို့ တောက်ပ လောင်ကျွမ်း ကွယ်ပျက်ကုန်၏။

ထိုအခါ ဆေးသမားသည် ယခုအခါ စက္ခုပါလမထေရ် ဖြစ်လာ၏။ ချစ်သားရဟန်းများတို့၊ ထိုအခါက ငါ၏သားတော် စက္ခုပါလသည် ပြုအပ်ခဲ့သော မကောင်းမှုကံကား အစဉ်တစိုက် နောက်မှနောက်မှ လိုက်၏။ မှန်၏။ ဤမကောင်းမှုကံ မည်သည်ကား ဝန်ကို ဆောင်ပိုးသော နွားလား၏ နင်းတိုင်း,နင်းတိုင်းသော ခြေရာသို့ လှည်းဘီးစက်သည် ထက်ကြပ်မကွာ အစဉ်လိုက်လာသကဲ့သို့ အစဉ်တစိုက် လိုက်တတ်သည်သာတည်း”ဟု ဤစက္ခု-ပါလမထေရ်၏အကြောင်းကို ဟောကြားတော်မူပြီးလျှင် အနုသန္ဓေစကားရပ်ကို စပ်တော်မူ၍ တည်စေအပ်သော ပြီးဆုံးခြင်းရှိသည့် ကမ္ပည်းစာကို ထပ်၍ မင်း၏တံဆိပ်၊ ခတ်နှိပ်သည့်အလား တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော “မနောပုဗ္ဗင်္ဂမာ ဓမ္မာ”စသော ဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

### (၂၂) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏ အဆုံး၌ ၃-သောင်းကုန်သော ရဟန်းတော်တို့သည် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ရောက်လာသော တရားနာ ပရိသတ်အားလည်း အကျိုးတရားများသော တရားဒေသနာတော်သည် ဖြစ်လေ၏။

**စက္ခုပါလမထေရ်ဝတ္ထု ပြီး၏။**

★★★★★★★

## ၂။ မဋ္ဌကုဏ္ဍလီဝတ္ထု

### (၁) ဒေသနာတော်

“အသက်ရှင်၍ အနာကင်းစဉ်က ဒါန-စသည့် ကောင်းမှုပြုခွင့်မရဘဲ သေလွန်ခါနီးကာလရောက်မှ ဘုရားရှင်၌ စိတ်ဖြင့် ကြည်ညိုမိကာမျှဖြင့် ကောင်းကျိုး ရရှိနိုင်ပုံ”ကို ဟောကြားခြင်း

၂။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ'မန္ဝေတိ၊ ဆာယာ၀ အနပါယိနီ။　　။

ဘိက္ခဝေ၊ သံသရာဘေးဘျမ်း၊ လွတ်အေးချမ်းဖို့ တွေးမှန်းကျင့်ငြား၊ အိုချစ်သားတို့။ ဓမ္မာ၊ ဝေဒနာ,သညာ၊ သင်္ခါရာ-ဟု၊ ဝိညာဏ်ကွဲပြား၊ နာမက္ခန္ဓတရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ အာရုံသိငြား၊ စိတ်တရားသာလျှင်၊ ပြဋ္ဌာန်းကြီးမှူး၊ အဦးရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်သာ ဦးစီး၊ အမြတ်အကြီးရှိကုန်၏။ မနောမယာ၊ အရာရာမှာ၊ စိတ်သာလွှမ်းခြုံ၊ စိတ်ဖြင့် ပြီးကုန် ၏။ ယော ပုဂ္ဂလော၊ အမှတ်မထင်၊ အကြင် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်။ ပသန္နေန၊ အဘိဇ္ဈာ-စသည်၊ အလီလီတို့၊ မသီကင်းစင်၊ ကြည်လင်သော။ ဝါ၊ သဒ္ဓါ-စရို၊ များဘိ အပေါင်း၊ တရားကောင်းတို့ကြောင့် ကြည်လင်သော။ မနသာ၊ အမှန်သိမြင်၊ စိတ်ဝိညာဉ် ဖြင့်။ စေ ဘာသတိ ဝါ၊ တစ်စုံတစ်ခု၊ ကုသိုလ်မှုကို၊ ရှေးရှုသောအား၊ ပြောဆိုမူလည်း ပြောဆိုငြားအံ့။ စေ ကရောတိ ဝါ၊ အလိုရှိရာ၊ ဒါနအစ၊ ကုသလကို၊ ပြုမူလည်း ပြုငြားအံ့။ (စိန္တေတိ ဝါ၊ ကုသိုလ်အသီးသီး၊ ကြိုတင်ပြီးလျှင်၊ ကိုယ်လည်း မလှုပ်၊ နှုတ်လည်း မမြွက်၊ စိတ် သက်သက်ဖြင့်၊ ကြံမူလည်း ကြံငြားအံ့။ ဧဝံ သတိ၊ ဤသို့ ကြည်လင်ပိုမို၊ စိတ်အလိုဖြင့်၊ ပြောဆို ကြံစည်မိသည်ရှိသော်။) တတော၊ ထိုကုသိုလ်တွင်၊ ကြည်လင်ပိုမို၊ စိတ်အလိုဖြင့်၊ ပြောဆို, ကြံငြား၊ သုစရိုက်တရားကြောင့်။ နံ ပုဂ္ဂလံ၊ သုစရိုက်စု၊ ကောင်းမှုပြုဆို၊ ထိုပုဂ္ဂိုလ်သို့။ သုခံ၊ လူ,နတ်,နိဗ္ဗာန်၊ ၃-တန်ချမ်းသာသည်။ အန္ဝေတိ၊ ဘဝသံသရာ၊ ရောက်လေရာတွင်၊ အစဉ်တစိုက်၊ နောက်က လိုက်လေ၏။ ကိမိဝ၊ ဥပမာပုံဆို၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဆာယာ၊ သွားသော် သွားခြင်း၊ ရပ်-ရပ်ခြင်း-ဟု၊ လူပြုသမျှ၊ တူလှမဆိတ်၊ လူ့ကိုယ်ရိပ်သည်။ အနုပါယိနီ ဣဝ၊ သွားလေရာတွင်၊ အစဉ်တစ်စိုက်၊ နောက်က လိုက်ပါသကဲ့သို့တည်း။

----- x -----

## (၂) ဆောင်ပုဒ်

နာမက္ခန္ဓာ၊ တရားမှာကား၊ စိတ်သာဦးစီး၊ အမှူးကြီးတည့်၊ ဦးစီးအလိုကျ၊ ဖြစ်ကုန်ရ ၏။ စိတ်ကဖြူစင်၊ ကြည်လင်ထက်သန်၊ ပြော,ပြု,ကြံမူ၊ ထိုသည့်သူသို့၊ ရွှင်လူသုခ၊ လိုက်ပါရ တည့်။ မှတ်ကြဖို့ရာ၊ ဥပမာကား၊ သွား,ရပ်,ထိုင်လျှင်၊ အသွင်တူစွာ၊ ကိုယ်ပါလေငြား၊ လူရိပ် လားသို့၊ မပျားစိုက်စိုက်၊ အစဉ်လိုက်သည်၊ တိုက်ရိုက်မသွေ တူ၏တည်း။

"မနောပုဗ္ဗင်္ဂမာ ဓမ္မာ" အစရှိသော ဤဒုတိယမြောက် ဓမ္မဒေသနာဂါထာတော်ကို လည်း ဘုရားရှင်သည် သာဝတ္ထိပြည်၌ပင်လျှင် မဋ္ဌကုဏ္ဍလီသတို့သားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဒေသနာ ဖြစ်ပေါ်လာပုံကား သာဝတ္ထိပြည်၌ **အဒိန္နပုဗ္ဗကမည်သော ပုဏ္ဏားတစ်ဦး** ရှိသတတ်။ ထိုပုဏ္ဏားသည် တစ်စုံတစ်ယောက်အား အနည်းငယ်မျှသော ပစ္စည်းဝတ္ထုကိုမျှ ပေးဖူးသည်-ဟူ၍ မရှိသောကြောင့် ထိုပုဏ္ဏားကို အဒိန္နပုဗ္ဗက-ဟူ၍သာ သိကြကုန်၏။ ထိုပုဏ္ဏားအား အလွန်ချစ်မြတ်နိုးအပ်, နှလုံးကို ပွါးစေတတ်သည့် ၁-ယောက်တည်းသော သားသည် ရှိ၏။ ထိုအခါ သားအလို့ငှာ အဆင်တန်ဆာ ပြုလုပ်လိုသည်ဖြစ်၍ "အကယ်၍ ရွှေပန်းထိမ်သည်တို့ကို ပြုလုပ်စေအံ့။ လုပ်ခပေးရအံ့"ဟု ကြံ၍ ကိုယ်တိုင်ပင် ရွှေကို ခတ်၍ ပြေပြစ်သော နားတောင်းတို့ကို ပြုလုပ်၍ ပေးလေ၏။ ထို့ကြောင့် ထိုပုဏ္ဏား၏ သားသည် **မဋ္ဌကုဏ္ဍလီ-ဟူ၍** အမည်ထင်ရှား၏။

----- x -----

## (၃) သားအား ရောဂါကပ်ရောက်ခြင်း

မဋ္ဌကုဏ္ဍလီအား ၁၆-နှစ်အရွယ်သို့ ရောက်သောအခါ ဖျော့တော့သော ရောဂါ စွဲကပ်လေ၏။ မိခင်သည် သားကို ကြည့်၍ "အရှင်ပုဏ္ဏား၊ သင့်သားအား ရောဂါစွဲကပ် နေ၏။ ထိုသား၏ ရောဂါကို ဆေးကုသပါလော့"ဟု ပြောလေလျှင် "အိုရှင်မ၊ အကယ်၍ ဆေးသမားကို ခေါ်သည်ဖြစ်အံ့။ ဆေးဖိုးဝါးခ ပေးရလတ္တံ့။ သင်သည် ငါ၏ ဥစ္စာပစ္စည်း ပျက်စီးကုန်ခန်းမည်ကို မမြင်လေသလော"ဟု ဆိုရာ ထိုအခါ ပုဏ္ဏေးမသည် "အရှင်ပုဏ္ဏား၊ ထိုသို့ ဆေးသမားတို့ဖြင့် မကုသခဲ့သော် အဘယ်သို့ ပြုမည်နည်း"ဟု မေးလေ၏။ "ငါ၏ ဥစ္စာပစ္စည်း ပျက်စီးကုန်ခန်းခြင်း မရှိသောနည်းမျိုးဖြင့် ကုသအံ့"ဟု ဖြေဆိုပြီးလျှင် ဆေး သမားတို့ထံသို့ သွား၍ "ဤမည်သော အနာရောဂါအတွက် သင်တို့ အဘယ်ဆေးကို အသုံးပြုကာ ကုသကြကုန်သနည်း"ဟု မေးမြန်းလေ၏။

ထိုအခါ ဆေးသမားတို့သည် ထိုပုဏ္ဏားအား မှတ်လောက်သားလောက် အဟုတ် ပျောက်သည့် ဆေးကို မပြောကြားကြဘဲ ဟုတ်ဟုတ်ညားညားသော သစ်ခေါက်,သစ်ရွက် စသည်ကို ပြောကြားလိုက်ကြကုန်၏။ ပုဏ္ဏားသည် ဆေးသမားတို့က တော်လျော်သလို ပြောကြားလိုက်သော သစ်ခေါက်,သစ်ရွက်-စသည်တို့ကို ယူဆောင်၍ သားအား ဆေးကုသ လေရာ ဆေးကုသစဉ်ပင်လျှင် သား၏ရောဂါသည် တိုးပွါး၍သာ လာသဖြင့် ဆေးကုသ၍ မရသည့်အဖြစ်သို့ ရောက်လေ၏။

----- x -----

## (၄) ဆေးသမားခေါ်၍ ကုသခြင်း

ပုဏ္ဏားသည် မဋ္ဌကုဏ္ဍလီသတို့သား၏ ရောဂါကြီးသဖြင့် အားနည်းလာသည့်အဖြစ်ကို သိ၍ ဆေးသမား ၁-ဦးကို ပင့်ခေါ်လေ၏။ ဆေးသမားသည် သတို့သားကို ကြည့်၍ "ငါတို့အား ကိစ္စ ၁-ခု ရှိနေသေး၏။ အခြားဆေးသမား ၁-ဦးကိုသာ ခေါ်၍ ကုသစေပါလော့"ဟု ဆိုကာ လူနာကို စွန့်ပယ်လက်လွှတ်ကာ ထွက်သွားလေ၏။ ပုဏ္ဏားသည် သား၏ သေအံ့သောအဖြစ်ကို သိ၍ "ဤသားကို ကြည့်ရှုရန် လာကြကုန်သော သူတို့သည် ငါ၏ အိမ်တွင်း၌ရှိသော ဥစ္စာပစ္စည်းတို့ကို မြင်တွေ့ကုန်လတ္တံ့။ သားဖြစ်သူ လူနာကို ပြင်ပသို့ ထုတ်အံ့"ဟု ကြံပြီးလျှင် သားကို ထုတ်၍ အိမ်ဦးပြင်ပ၌ အိပ်စေ၏။

----- x -----

## (၅) ဘုရားရှင် ကြွလာတော်မူခြင်း

ထိုနေ့၌ ဘုရားရှင်သည် အလွန်စောသော နံနက်အချိန်၌ မဟာကရုဏာသမာပတ်မှ ထတော်မူ၍ ရှေးဘုရားတို့၌ ပြုအပ်သော ကောင်းမှုရှိကုန်သော ပြန့်ပြောသော ကုသိုလ်လျှင် အရင်းရှိကြကုန်သော ကျွတ်ထိုက်သည့် ပုဂ္ဂိုလ်တို့ကို ကြည့်ရှုခြင်းငှာ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူလိုသည်ဖြစ်၍ ၁-သောင်းသော စကြဝဠာတိုက်တို့၌ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ကွန်ရက်ကို ဖြန့်တော်မူသောအခါ မဋ္ဌကုဏ္ဍလီသတို့သားသည် အိမ်ဦးပြင်ပ၌ အိပ်လျက်နေသော အခြင်းအရာဖြင့်သာလျှင် ဘုရားရှင်၏ ဉာဏ်တော်ကွန်ရက်အတွင်း၌ ထင်လာလေ၏။ ဘုရားရှင်သည် မဋ္ဌကုဏ္ဍလီသတို့သားကို မြင်တော်မူ၍ အိမ်အတွင်းမှ ထုတ်လျက် အိမ်ဦးပြင်ပ၌ အိပ်စေသည့်အဖြစ်ကို သိတော်မူ၍ "ဤမဋ္ဌကုဏ္ဍလီသတို့သားရှိရာသို့ ငါဘုရား ကြွသွားခြင်းကြောင့် တစ်စုံတစ်ခုသောအကျိုး ရှိအံ့လော"ဟု ဆင်ခြင်တော်မူသည်ရှိသော် ဤ(ဆိုလတ္တံ့သော)အကြောင်းအရာကို မြင်တော်မူလေ၏။

"ဤလုလင်သည် ငါဘုရား၌ စိတ်ကို ကြည်ညိုစေလျက် သေလွန်ခြင်းကို ပြု၍ တာဝတိံသာနတ်ပြည်ဝယ် ယူဇနာ ၃၀-ရှိသော ရွှေဗိမာန်၌ နတ်သမီး ၁,၀၀၀-ခြံရံလျက် နတ်သားဖြစ်လတ္တံ့။ ပုဏ္ဏားကြီးသည်လည်း သားကို ဖုတ်ကြည်း(မီးရှို့ခြင်း,မီးတိုက်ခြင်း) သင်္ဂြိုဟ်ပြီးနောက် ငိုယိုကာ သင်္ချိုင်းသို့သာ လှည့်လည်သွားလာ၍ နေလတ္တံ့။ မဋ္ဌကုဏ္ဍလီနတ်သား

သည် လှည်းဝန်-၆၀(လှည်းအစီး-၆၀)တိုက်ရှိသော တန်ဆာဖြင့် တန်ဆာဆင်လျက် နတ်သမီး ၁,၀၀၀-ခြံရံသည့် ၃-ဂါဝုတ် (၇-တောင်တာအားဖြင့် တာ ၄၈၀၀-ခန့်လောက်) ပမာဏရှိသော အတ္တဘော (ခန္ဓာကိုယ်)ကို ကြည့်ရှုလျက် 'ငါသည် အဘယ်ကောင်းမှုကံကြောင့် ဤ ကျက်သရေ စည်းစိမ်ချမ်းသာကို ရလေသနည်း'-ဟု ရှုဆင်ခြင်လတ်သော် ငါဘုရား၌ စိတ်ကို ကြည်ညိုစေသဖြင့် ရအပ်သည့်အဖြစ်ကို သိလေလျှင်-

'ဤပုဏ္ဏားသည် ပစ္စည်းဥစ္စာပျက်အံ့သည်မှ ကြောက်သောကြောင့် ငါ့အား ဆေး မကုသခဲ့ဘဲ ယခုမူ သင်္ချိုင်းသို့ သွား၍ ငိုယို၏။ ထိုပုဏ္ဏားကို ဖောက်ပြန်ပြောင်းလဲခြင်းသို့ ရောက်အောင် ကြံဆောင်ပြုလုပ်အံ့'-ဟု ဖခင် ပုဏ္ဏား ငိုယိုစဉ်ပင်လျှင် မဋ္ဌကုဏ္ဍလီအသွင် ဖြင့် လာလျက် သင်္ချိုင်း၏အနီး၌ အိပ်၍ ငိုလတ္တံ့။ ထိုသို့ ငိုသောအခါ ထိုမဋ္ဌကုဏ္ဍလီနတ်သား ကို ပုဏ္ဏားသည် 'သင်ကား အဘယ်သူနည်း'-ဟု မေးလတ္တံ့။ 'ငါကား သင်ပုဏ္ဏား၏သားဖြစ် သော မဋ္ဌကုဏ္ဍလီပင်တည်း'-ဟု ပြောလတ္တံ့။ 'အဘယ်အရပ်၌ဖြစ်သနည်း'-ဟု မေးသည် ရှိသော် 'တာဝတိံသာနတ်ပြည်၌ ဖြစ်၏'-ဟု ပြောကြားလတ္တံ့။ 'အဘယ်ကောင်းမှုကို ပြုခဲ့၍ ဖြစ်သနည်း'-ဟု မေးလတ်သော် 'ငါဘုရား၌ စိတ်ကို ကြည်ညိုစေသဖြင့် ဖြစ်ကြောင်း'ကို ပြောကြားလတ္တံ့။ ထိုအခါ ပုဏ္ဏားသည် 'အရှင်ဘုရားတို့၌ စိတ်ကို ကြည်ညိုစေကာမျှဖြင့် နတ်ပြည်၌ဖြစ်သောသူ ရှိပါသလော'-ဟု ငါဘုရားကို မေးလျှောက်သောအခါ ငါဘုရားသည် ထိုပုဏ္ဏားအား 'ငါဘုရား၌ စိတ်ကို ကြည်ညိုစေကာမျှဖြင့် နတ်ပြည်၌ ဖြစ်သောသူများကား ဤမျှအရာ, ဤမျှအထောင်, ဤမျှအသိန်း-ဟု တွက်ကိန်းများစွာ ပိုင်းခြားရေတွက်ခြင်းငှာ မတတ်ကောင်းသည်သာတည်း'-ဟု မိန့်တော်မူ၍ ဓမ္မပဒ၌လာ ဂါထာဒေသနာကို ဟော တော်မူလတ္တံ့။

ဂါထာဒေသနာတော်၏ အဆုံး၌ ၈၄,၀၀၀-သော သတ္တဝါတို့အား အကျွတ်တရား ရကြလတ္တံ့။ မဋ္ဌကုဏ္ဍလီနတ်သားနှင့် ဖခင်-အဒိန္နပုဗ္ဗကပုဏ္ဏားတို့လည်း သောတာပန် တည်ကြကုန်လတ္တံ့။ ဤသို့ ဤအမျိုးကောင်းသား ၁-ယောက်မှီကာ များစွာသောသူတို့၏ တရားကို ထိုးထွင်းသိမြင်ကြခြင်းသည် ဖြစ်လတ္တံ့"ဟု မြင်တော်မူ၍ တဖန်မိုးသောက် ရောက် သောအခါ ကိုယ်လက်တော်ကို သုတ်သင်တော်မူပြီးလျှင် များစွာသော ရဟန်းသံဃာ အပေါင်း ခြံရံလျက် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာ ဝင်တော်မူ၍ အစဉ်အတိုင်း ပုဏ္ဏား၏ အိမ်တံခါးဝသို့ ရောက်တော်မူလေ၏။

----- x -----

## (၆) ရောင်ခြည်တော် လွှတ်တော်မူခြင်း

ထိုခဏ၌ မဋ္ဌကုဏ္ဍလီသည် အိမ်တွင်းသို့ ရှေးရှုမျက်နှာမူလျက် လျောင်းစက်အိပ်နေရာ ဘုရားရှင်သည် ကိုယ်တော်အား မမြင်စွမ်းနိုင်သည့်အဖြစ်ကို သိတော်မူ၍ တခုသော ရောင်ခြည်တော်ကို လွှတ်တော်မူ၏။ လုလင်သည် "ဤအရောင်ကား အဘယ်အရောင်နည်း"ဟု ပြန်လှည့်၍ ကြည့်ရှုလေသော် ဘုရားရှင်ကို ဖူးမြင်တွေ့ရှိရ၍ "ဖခင်မိုက်ကို မှီ၍နေရသဖြင့် ဤသို့သဘောရှိသော ဘုရားရှင်သို့ ဆည်းကပ်ခစားလျက် ကိုယ်ဖြင့် ဝေယျာဝစ္စအမှု, အလှူပေးခြင်းအမှု, တရားတော် နာကြားခြင်းအမှုတို့ကို ပြုလုပ်ခြင်းငှာ အခွင့်မရပြီ။ ယခုအခါ၌ကား ငါ၏လက်တို့ကိုပင် အစိုးမရတော့၍ တပါးသောပြုဖွယ်ကိစ္စ မရှိတော့"ဟု ကြံကာ စိတ်ဖြင့်သာလျှင် ဘုရားရှင်ကို ကြည်ညိုလေ၏။

ဘုရားရှင်လည်း "ဤမျှလောက်သော စိတ်၏ကြည်ညိုခြင်းကို ဖြစ်စေကာဖြင့်ပင် ဤမဋ္ဌကုဏ္ဍလီသတို့သားအား သင့်တော်လောက်ပြီ"ဟု နှလုံးသွင်းတော်မူ၍ ဖဲကြွတော်မူလေ၏။ မဋ္ဌကုဏ္ဍလီသတို့သားသည် ဘုရားရှင် ကြွသွားတော်မူ၍ မျက်စိမြင်လောက်ရာ ဌာနကို လွန်လေလျှင် ကြည်ညိုသော စိတ်အစဉ်ဖြစ်လျက်ပင် စုတေသေလွန်လတ်သော် အိပ်သောယောက်ျား နိုးသောလားကဲ့သို့ တာဝတိံသာနတ်ပြည်ဝယ် ယူဇနာ ၃၀-ရှိသော ရွှေဗိမာန်တွင် နတ်သားဖြစ်လေ၏။

----- × -----

## (၇) ဖခင်ပုဏ္ဏားကြီး သင်္ချိုင်းသို့ သွား၍ ငိုကြွေးခြင်း

ပုဏ္ဏားကြီးသည်လည်း သတို့သားအလောင်းကို ဖုတ်ကြည်းသင်္ဂြိုဟ်ပြီးလျှင် သင်္ချိုင်း၌ ငိုကြွေး၍သာ နေရှာလေ၏။ နေ့စဉ်နေ့တိုင်း သင်္ချိုင်းသို့ သွား၍ "၁-ယောက်တည်းဖြစ်၍ ချစ်လှစွာသော ငါ့သား အဘယ်မှာနည်း။ ၁-ယောက်တည်းဖြစ်၍ ချစ်လှစွာသော ငါ့သား အဘယ်မှာနည်း"ဟု အမြဲငိုကြွေး၍ နေ၏။

----- × -----

## (၈) မဋ္ဌကုဏ္ဍလိနတ်သား လူ့ပြည်သို့ ဆင်း၍ ဖခင်နှင့်တွေ့ခြင်း

မဋ္ဌကုဏ္ဍလိနတ်သားသည်လည်း မိမိ၏ စည်းစိမ်ချမ်းသာကို ကြည့်ရှုလျက် "အဘယ်အတွက်ကြောင့် ငါ့အား ဤစည်းစိမ်ချမ်းသာများကို ရသနည်း"ဟု စူးစမ်းဆင်ခြင်လတ်သော် ဘုရားရှင်၌ စိတ်ကို ကြည်ညိုစေခြင်းဖြင့် ရအပ်သောအဖြစ်ကို သိ၍ "ဤပုဏ္ဏားသည် ငါမချမ်းမသာ ရောဂါစွဲကပ်နေသောကာလ-က ဆေးကိုမျှ မကုသဘဲလျက် ယခုအခါမှ သင်္ချိုင်းသို့ သွား၍ ငိုကြွေးနေ၏။ ထိုပုဏ္ဏားကို ဖောက်ပြန်ပြောင်းလဲခြင်းသို့ ရောက်အောင် ကြံဆောင်ပြုလုပ်ခြင်းငှာ သင့်၏"ဟု မဋ္ဌကုဏ္ဍလိလုလင်အသွင်ဖြင့် လာ၍ သင်္ချိုင်းအနီး၌ လက်တို့ကို မြှောက်ချီ၍ ငိုကြွေးကာ နေလေ၏။ ပုဏ္ဏားသည် ထိုမဋ္ဌကုဏ္ဍလိနတ်သားကို မြင်လျှင် "ငါသည်ကား သား၏အတွက် စိုးရိမ်ခြင်းကြောင့် ငိုကြွေး၏။ ဤသူကား အဘယ်အကြောင်းကြောင့် ငိုကြွေးလေသနည်း။ ထိုသူကို မေးဦးအံ့"ဟု ကြံ၍–

(က) အလင်္ကတော မဋ္ဌကုဏ္ဍလီ၊ မာလဓာရီ ဟရိစန္ဒနုဿဒေါ။
ဗာဟာ ပဂ္ဂယှ ကန္ဒသိ၊ ဝနမဇ္ဈေ ကိံ ဒုက္ခိတော တုဝံ။ ။

ဟူသော ဂါထာကို ဆိုလေ၏။

(က) မာဏဝ၊ မဋ္ဌကုဏ္ဍလီ၊ နာမည်တွင်ငြား၊ ငါ၏သားနှင့်၊ မခြားတူဆင်၊ မောင်လုလင်။ တွဲ၊ ဇိဝိန်ပျောက်ပျက်၊ သေပြီးလျက်နှင့်၊ အသက်တဖန်၊ ရှင်လာပြန်သယောင်၊ သင်အမောင်သည်။ အလင်္ကတော၊ ရှုမငြီးဖွယ်၊ လွန်တင့်တယ်လျက်၊ သွယ်သွယ်ဖြာဖြာ၊ တန်ဆာဆင်အပ်သည်ဖြစ်၍။ မဋ္ဌကုဏ္ဍလီ၊ နူးညံ့ပျော့ပျောင်း၊ တင့်တယ်သော နားတောင်းရှိသည်။ မာလဓာရီ၊ ဆန်းကြယ်တင့်တင့်၊ ဆင့်ဆင့်ပွင့်လန်း၊ လှပစွာ ပန်ဆင်အပ်သော ပန်းရှိသည်။ ဝါ၊ ပန်းကို ဆောင်လေ့ရှိသည်။ ဟရိစန္ဒနုဿဒေါ၊ ကြိုင်သင်းရနံ့၊ တပျံ့ပျံ့နှင့်၊ မဆန့်လှိုင်ကျူး၊ လိမ်းကျံအပ်သော စန္ဒကူးနီ ရှိသည်။ ဟုတ္ဂာ၊ ဖြစ်၍။ ဗာဟာ၊ ဘယ်,ညာ ပေါင်းယှက်၊ လက်မောင်း ၂-ဖက်တို့ကို။ ပဂ္ဂယှ၊ ဆန့်တန်းညီညီ၊ မြှောက်ကာချီ၍။ ကန္ဒသိ၊ တဟီးဟီးနှင့်၊ ရှိုက်ကြီးတငင်သာ၊ ငိုကြွေးရှာ၏။ တုဝံ၊ မဋ္ဌကုဏ္ဍလီ၊ တူညီမခြား၊ သင်-သတို့သားသည်။ ဝနမဇ္ဈေ၊ လူသူကင်းပြတ်၊ လေတိုက်ခတ်လျက်၊ ကြောက်မက်စဖွယ်၊ သင်္ချိုင်းသုသာန် ခေါ်သော၊ တောအလယ်၌။ ကိံ၊ အဘယ်သို့။ ဝါ၊ ဘယ်လိုများ။ ဒုက္ခိတော၊ ဒုက္ခဝင့်ချောက်၊ မလွတ်မြောက်ဘဲ၊ ကျရောက်ပြီးကာ၊ ဆင်းရဲ၍ နေရပါသနည်း။

ထိုအခါ ထိုပုဏ္ဏားကြီးကို နတ်သားသည် အောက်ပါ ဂါထာကို ဆိုလေ၏။

(ခ) သောဝဏ္ဏမယော ပဘဿရော၊ ဥပ္ပန္နော ရထပဉ္စရော မမ။
တဿ စက္ကယုဂံ န ဝိန္ဒာမိ၊ တေန ဒုက္ခေန ဇဟာမိ ဇီဝိတံ။ ။

(ခ) ပြာဟွဏ၊ သိလိုရေးကြောင့်၊ ခေါ်မေးပြောပြား၊ အို-ပုဏ္ဏား။ သောဝဏ္ဏမယော၊ ထပ်ထပ်ဆင့်ဆင့်၊ ရွှေဖြင့်ပြီးသော။ ပဘဿရော၊ ပြိုးပြိုးပြက်ပြက်၊ တလက်လက်ပြောင်၊ ထွက်သောအရောင်ရှိသော။ ရထပဉ္စရော၊ တင့်တယ်လျှံသီး၊ ရထားချိုင့်ကြီးသည်။ ဝါ၊ ရထားအိမ်ကြီးသည်။ မမ၊ ရှိုက်ကြီးစွာပင်၊ အော်ငင်ငိုပြား၊ အကျွန်ုပ်အား။ ဝါ၊ ၏။ စက္ခု-ပထေ၊ မျက်စိအာရုံ၊ တွေ့ကြုံရာမှန်း၊ ခရီးလမ်း၌။ ဥပ္ပန္နော၊ ထင်အရှားသာ၊ ဖြစ်ပေါ်၍လာပါ၏။ အဟံ၊ အကျွန်ုပ်သည်။ တဿ ရထပဉ္စရဿ၊ တင့်တယ်လျှံသီး၊ ထိုရထားအိမ်ကြီး၏။ စက္ကယုဂံ၊ ခြေထောက်ပမာ၊ မပါမပြီး၊ စက်ဘီးအစုံကို။ န ဝိန္ဒာမိ၊ ယခုထက်ထိ၊ အလိုပြည့်အောင် မရရှိသေးပါ။ တေန ဒုက္ခေန၊ စက်ဘီးအတွက်၊ ရတက်မအေး၊ ပူဆွေးနွမ်းလျ၊ ထိုဒုက္ခကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ ဇီဝိတံ၊ ရုပ်,နာမ်ခေါ်လျက်၊ ဇီဝိန်သက်ကို။ ဇဟာမိ၊ တစ်ဘဝတာ၊ စွန့်ပစ်ရပါတော့အံ့။

ထိုအခါ ထိုနတ်သားကို ပုဏ္ဏားကြီးသည် အောက်ပါ ဂါထာဖြင့် ပြောဆိုပြန်လေ၏။

(ဂ) သောဝဏ္ဏမယံ မဏိမယံ၊ လောဟိတကမယံ အထ ရူပိယမယံ။
အာစိက္ခ မေ ဘဒ္ဒ မာဏဝ၊ စက္ကယုဂံ ပဋိပါဒယာမိ တေ။ ။

(ဂ) ဘဒ္ဒ မာဏဝ၊ မဋ္ဌကုဏ္ဍလီ၊ နာမည်တွင်ပြား၊ ငါ၏သားနှင့်၊ မခြားအသွင်၊ ကောင်းစွာ တူဆင်ပါသော မောင်လုလင်။ မေ၊ နေ့စဉ်ပူဆွေး၊ ချိန်မရွေးဘဲ၊ ငိုကြွေးနေရငါ-အဖအား။ အာစိက္ခ၊ သင်လိုချင်ရာ၊ ပြောစမ်းပါလော့။ တေ၊ သင့်အား။ အဟံ၊ ငါသည်။ သောဝဏ္ဏမယံ၊ အရောင်ဝါဝင်း၊ ရွှေဖြင့် ပြီးသည်လည်းဖြစ်သော။ မဏိမယံ၊ တန်ဖိုးမဖြတ်၊ များမြတ်အမှန်၊ ထိုက်တန်ပေပြား၊ ပတ္တမြားဖြင့် ပြီးသည်လည်းဖြစ်သော။ လောဟိတကမယံ၊ ခိုင်ခံ့သမှု သံဖြင့် ပြုအပ်ပြီးသည်လည်းဖြစ်သော။ အထ၊ ထိုမှတပါး။ ရူပိယမယံ၊ ငွေဖြင့် ပြီးသည်လည်းဖြစ်သော။ စက္ကယုဂံ၊ ဘယ်,ညာ ၂-ဖုံ စက်ဘီးအစုံကို။ ပဋိပါဒယာမိ၊ မရမနေ၊ အရမ္မွေကာ၊ ရှာဖွေသီးသီး၊ ပြီးစီးစေပါအံ့။

ထိုပုဏ္ဏားကြီး ပြောဆိုသောစကားကို ကြားရ၍ နတ်သားလုလင်သည် "ဤပုဏ္ဏားကြီးသည် သားဖြစ်သူအား ဆေးဝါး မကုသ,မပြုစုမိသောကြောင့် သားဖြစ်သူ မဋ္ဌကုဏ္ဍလီနှင့် အသွင်တူဆင်သော ငါ့ကိုမြင်ရ၍ ငိုကြွေးလျက် 'ရွှေ-စသည်တို့ဖြင့် ပြီးသော ရထားစက်ဘီးကို ပြုလုပ်၍ပေးမည်'-ဟု ဆို၏။ ဆိုစေဦး။ ထိုပုဏ္ဏားကြီးကို စကားဖြင့် နှိပ်လိုက်ဦးအံ့"ဟု ကြံစည်၍ "အဘယ်မျှလောက် ကြီးမားသော စက်ဘီးအစုံကို ပြုလုပ်၍ ပေးရပါအံ့

နည်း”ဟု ပြောဆိုသည်ရှိသော် “လ,နေတို့ဖြင့်။ ဝါ။ လ,နေတို့လောက် ကြီးမားစွာ အကျွန်ုပ် အလိုရှိပါ၏။ ထိုလနှင့် နေတို့ကို စက်ဘီးပြုလုပ်ရန် အကျွန်ုပ်အား ပေးပါလော့”ဟု တောင်း လိုသည်ဖြစ်၍ အောက်ပါ ဂါထာကို ဆိုလေ၏။

(ဃ) သော မာဏဝေါ တဿ ပါဝဒိ၊ စန္ဒသူရိယာ ဥဘယေ'တ္ထ ဒိဿရေ။
သောဝဏ္ဏမယော ရထော မမ၊ တေန စက္ကယုဂေန သောဘတိ။ ။

(ဃ) သော မာဏဝေါ၊ အဖပုဏ္ဏား၊ ပြောစကားကို၊ ကြားရသော နတ်သားလုလင်သည်။ တဿ၊ ဘဝဟောင်းက၊ အဖတော်ဖြစ်ခဲ့ပြား၊ ထိုပုဏ္ဏားကြီးအား။ ပါဝဒိ၊ ဤသို့ပြန်ဖြေ၊ ပြောဆို လေ၏။ ကိံ ပါဝဒိ၊ ဘယ်လိုဖြေကာ၊ ပြောဆိုပါသနည်းဟူမူကား။ ဗြာဟ္မဏ၊ အိုပုဏ္ဏားကြီး။ ဧတ္ထ၊ ယခုရောက်လာ၊ ဤနေရာအရပ်၌။ ဥဘယော၊ ၂-ခုကုန်သော။ စန္ဒသူရိယာ၊ အထက် ဝေဟင်၊ မိုးကောင်းကင်၌၊ မောင်းနှင်မသွေ၊ လနှင့် နေတို့သည်။ ဒိဿရေ၊ စင်စစ်မှန်စွာ၊ ထင်မြင်ပါကုန်၏။ မမ၊ စက်ဘီးအတွက်၊ အခက်ပွေရှုပ်၊ အကျွန်ုပ်၏။ ရထော၊ တလက်လက် ပြောင်၊ အရောင်ဝင့်ထယ်၊ တင့်တယ်ခံ့ညား၊ ထိုရထားသည်။ သောဝဏ္ဏမယော၊ ထပ်ထပ် ဆင့်ဆင့်၊ ရွှေဖြင့်ပြီး၏။ တေန စက္ကယုဂေန၊ အထက်ဝေဟင်၊ မိုးကောင်းကင်၌၊ မောင်းနှင် လှည့်ကုန်၊ ထိုလ,နေတည်းဟူသော စက်ဘီးအစုံဖြင့်။ သောဘတိ၊ တပ်ဆင်ခြင်းငှာ၊ လွန်စွာ လျောက်ပတ်၊ ကောင်းမြတ်လှပေ၏။ ဣတိ၊ ဤသို့။ ပါဝဒိ၊ မဆိုင်းမသွေ၊ ပြောပြလေ၏။

ထိုအခါ ပုဏ္ဏားကြီးသည် ထိုလုလင်ကို ပြောကြားလိုသည်ဖြစ်၍ အောက်ပါဂါထာ ကို မြွက်ဆိုလေ၏။

(င) ဗာလော ခေါ တွံ အသိ မာဏဝ၊ ယော တွံ ပတ္ထယသေ အပတ္ထိယံ။
မညာမိ တုဝံ မရိဿသိ၊ န ဟိ တွံ လစ္ဆသိ စန္ဒသူရိယေ။ ။

(င) မာဏဝ၊ ငါ့သားလှနှင့်၊ လုံးဝတူဆင်၊ အမောင်လုလင်။ ယော တွံ၊ သားနှင့်တူဆင်၊ အကြင်သင်သည်။ အပတ္ထိယံ၊ စက်ဘီးအတွက်၊ စိတ်စက်မဖြောင့်၊ တနှောင့်နှောင့်နှင့်၊ ကြောင့်ကြောင့်ကြကြ၊ မတောင့်တအပ်သည်ကို။ ပတ္ထယသေ၊ မဖြစ်ရာရှာ၊ တောင့်တပါ ပေ၏။ သော တွံ၊ မဖြစ်နိုင်ရာ၊ တောင့်တပါသော၊ ထိုသင်-လုလင်သည်။ ခေါ၊ စင်စစ်ဧကန် အမှန်။ ဗာလော၊ မစဉ်းမစား၊ အတင်းအားဖြင့်၊ ယွင်းမှားစိတ်ဖြာ၊ မိုက်မဲရှာသည်။ အသိ၊ ဖြစ်ဘိ၏။ တုဝံ၊ သင်သည်။ မရိဿသိ၊ ဇီဝိန်ပျက်ကြွေ၊ အသက်သေလတ္တံ့-ဟူ၍။ အဟံ၊ ငါသည်။ မညာမိ၊ အကဲခတ်ကာ၊ အောက်မေ့မှတ်ထင်မိပါ၏။ တွံ၊ သင်သည်။ စန္ဒသူရိယေ၊ ကမ္ဘာထက်ဝေ၊ လှည့်လည်၍နေသော လ,နေတို့ကို။ န လစ္ဆသိ၊ ဘယ်လိုတ-ပြီး၊ ဘယ်လို ညည်းလည်း၊ ဘယ်နည်းနှင့်မျှ မရနိုင်ပေလတ္တံ့။ ဝါ၊ နေ့အခါ လစန္ဒာ၊ ညအခါ နေဖန်ဝါတို့ကို

ဟန်ပါပါ ငါကြည့်မည်-ဟု၊ သတိပိုက်ကာ ကြည့်ရှုလိုက်ပါသော်လည်း၊ ကြည့်ရှုရုံမျှပင်၊ သူမမြင်သဖြင့်၊ ရဖို့တွင် အလွန်ဝေးပါရဲ့၊ ဘယ်လိုပင် ငိုကြွေးသော်လည်း၊ သေဘေးသာ ရင်ဆိုင်၍၊ ဧကန်ပင် မရနိုင်သည်သာတည်း။

ထိုအခါ ပုဏ္ဏားကြီးကို လုလင်သည် "အို-ပုဏ္ဏားကြီး အသို့နည်း။ မျက်မှောက် ထင်ထင် တွေ့မြင်ရသော အရာဝတ္ထုအလို့ငှာ ငိုကြွေးရှာသောသူသည် မိုက်မဲလေသလော၊ ထိုသို့မဟုတ် မမြင်ရသော အရာဝတ္ထု၏အလို့ငှာ ငိုကြွေးသောသူသည်ပင် မိုက်မဲလေသလော"ဟု မေးမြန်းလို၍ အောက်ပါဂါထာကို မြွက်ဆိုလေ၏။

(စ) ဂမနာဂမနမ္ပိ ဒိဿတိ၊ ဝဏ္ဏဓာတု ဥဘယေ'တ္ထ ဝီထိယာ။
ပေတော ကာလကတော န ဒိဿတိ၊ ကော နိ'ဓ ကန္ဒတံ ဗာလျတရော။

(စ) ဗြာဟ္မဏ၊ အရှင်ပုဏ္ဏား။ ဧတ္ထ ဥဘယေ၊ လ,နေပေါင်းဆုံ၊ ဤ ၂-ပါးစုံ၌။ ဝီထိယာ၊ အထက်ဝေဟင်၊ ကောင်းကင်စခန်း၊ ခရီးလမ်း၌။ ဂမနာဂမနမ္ပိ၊ ထွက်ကာ,ဝင်ကာ၊ သွားလာခြင်းကိုလည်း။ ဝါ၊ သည်လည်း။ ဒိဿတိ၊ မျက်မှောက်ထင်ထင်၊ တွေ့မြင်နိုင်ပါသေး၏။ ဝါ၊ ထင်မြင်၏။ ဝဏ္ဏဓာတုပိ၊ ရွှေ,ငွေရောင်ချင်း၊ ပြောင်ပြောင်လင်းလျက်၊ ပဝင်းလျှပ်လျှပ်၊ အဆင်းဓာတ်သည်လည်း။ ဒိဿတိ၊ ရိပ်ရိပ်ရေးရေး၊ ထင်မြင်နိုင်ပါသေး၏။ ပေတော၊ အသက်ဝိညာဉ်၊ ကင်းစင်သည်ဖြစ်၍။ ကာလကတော၊ သေမင်းနိုင်ငံ၊ ဝင်စံသွားရှာ၊ သေသောသတ္တဝါသည်။ ဝါ၊ ပစ္စုပ္ပန်ဘဝ၏ စုတိကာလကို ပြုပြီးသူသည်။ န ဒိဿတိ၊ ယုန်ချို,လိပ်မွေး၊ ပုစွန်သွေးကဲ့သို့၊ ရေးရေးကိုမျှ မထင်မြင်တော့သည်သာတည်း။ ဣဓ၊ ဤသချိုင်း၌။ ကန္ဒတံ-ကန္ဒန္တာနံ၊ မရှိရာငို၊ ရှိရာငို-ဟု၊ ငိုသူမျိုးစား၊ ထို ၂-ပါးတို့တွင်။ ကော၊ အဘယ်သူသည်။ ဗာလျတရော နု၊ အတိုင်းထက်အလွန်၊ ထူးချွန်ကဲသာ၊ မိုက်တွင်း နက်လှပါသနည်း။

ထိုလုလင်၏စကားကို ကြားရ၍ ပုဏ္ဏားကြီးသည် "ဤလုလင်သည် သင့်တင့် လျောက်ပတ်သော စကားကို ပြောဆိုပေသည်"ဟု မှတ်ယူကာ အောက်ပါဂါထာဖြင့် ဝန်ခံစကား ပြောကြားလေ၏။

(ဆ) သစ္စံ ခေါ ဝဒေသိ မာဏဝ၊ အဟမေဝ ကန္ဒတံ ဗာလျတရော။
စန္ဒံ ဝိယ ဒါရကော ရုဒံ၊ ပေတံ ကာလကတာ'ဘိပတ္ထယိ။ ။

(ဆ) မာဏဝ၊ မဋ္ဌကုဏ္ဍလီ၊ နာမည်တွင်ပြား၊ ငါ၏သားနှင့်၊ မခြားတူဆင်၊ မောင်လုလင်။ တွံ၊ သင်သည်။ ခေါ၊ စင်စစ်။ သစ္စံ၊ မဖောက်မပြန်၊ ဟုတ်မှန်သောစကားကို။ ဝဒေသိ၊ အစဉ်မြွက်ကာ၊ ပြောဆိုပါ၏။ ကန္ဒတံ-ကန္ဒန္တာနံ၊ မရှိရာငို၊ ရှိရာငို-ဟု၊ ငိုသူမျိုးစား၊ ထို

၂-ပါးတို့တွင်။ အဟမေဝ၊ မရှိရာရှာ၊ အလွမ်းဖြာ၍၊ ရမ်းကာငိုကြွေး၊ ငါပုဏ္ဏားသည်သာလျှင်။ ဗာလျတရော၊ အတိုင်းထက်အလွန်၊ ထူးချွန်ကဲသာ၊ မိုက်တွင်းနက်လှပါတကား။ ဒါရကော၊ ၄-ဘက်ပြေး၍ယ်၊ ကလေးသူငယ်သည်။ စန္ဒ၊ မိုးမြေအတွင်း၊ ငွေရောင်ကျင်းလျက်၊ ဖြန့်ခင်းကျက်သရေ မက်မပြေတဲ့၊ လက်ဝေပဝင်း၊ ချမ်းမြေ့ခြင်းကို၊ မယွင်းမသွေ၊ ဖြစ်စေနိုင်သည့်၊ ရွှေလမင်းကို။ ရုဒံ ရုဒန္တော ဝိယ၊ ယူကာပေးပါ၊ တစာစာနှင့်၊ ခါခါရှိုက်ဖို၊ မြည်တမ်းငိုသကဲ့သို့။ တထာ၊ ပမာဆိုမူ၊ ထို့အတူ။ အဟံ၊ ငါသည်။ ပေတံ၊ အသက်ဝိညာဉ်၊ ကင်းစင်၍သွားသော။ ကာလကတံ၊ သေမင်းနိုင်ငံ၊ ဝင်စံသွားသူ သေသောလူကို။ အဘိပတ္ထယိ၊ တကြောင့်ကြကြ နှင့်၊ တောင့်တငိုကြွေးခဲ့လေပြီ။

ထိုကဲ့သို့ ပြောဆိုပြီး၍ ထိုဆိုခဲ့ပြီးသော ဂါထာစကားဖြင့် စိုးရိမ်သောက မရှိတော့သည်ဖြစ်ရကား လုလင်အား ချီးမွမ်းစကားကို မြွက်ကြားပြောဆိုလိုသည်ဖြစ်၍ အောက်ပါ ၃-ဂါထာတို့ကို ရွတ်ဆိုပြောကြားလေ၏။

(၈) အာဒိတ္တံ ဝတ မံ သန္တံ၊ ယတသိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ ဩသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။ ။

(၈) ဝတ၊ စင်စစ်ကေန်၊ အမှန်အားဖြင့်။ အာဒိတ္တံ၊ သောကမီးဖြင့်၊ ညီးညီးပြောင်ပြောင်၊ တောက်လောင်၍နေသော။ မံ၊ ငါ့ကို။ သန္တံ၊ အပူကင်းကွာ၊ ငြိမ်းအေးချမ်းသာအောင်။ ယတသိတ္တံ၊ ထောပတ်ဖြင့် သွန်းလောင်းထားအပ်ပါသော။ ပါဝကံ၊ လောင်ကျွမ်းစွဲခ၊ ရဲရဲကြွသော မီးကို။ ဝါရိနာ၊ ရေဖြင့်။ ဩသိဉ္စ ဝိယ၊ အကြွင်းမရှိ သွန်းလောင်းဘိသို့။ တထာ၊ ပမာမှီးယူ၊ ထို့အတူသာလျှင်။ တွံ၊ သင်သည်။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံသော။ ဒရံ၊ သောကထန်ပြင်း၊ ပူလောင်ခြင်းကို။ နိဗ္ဗာပယေ-နိဗ္ဗာပယိ၊ သောကမသမ်း၊ အေးချမ်းစေပြီတကား။

(၉) အဗ္ဗဟီ ဝတ မေ သလ္လံ၊ သောကံ ဟဒယနိဿိတံ။
ယော မေ သောကပရေတဿ၊ ပုတ္တသောကံ အပါနုဒိ။ ။

(၉) သော တွံ၊ ငါ့ကိုပြုပြင်၊ အကြင်သင်သည်။ သောကပရေတဿ၊ သောကလွှမ်းပတ်၊ နှိပ်စက်အပ်သော။ မေ၊ ငါ၏။ ပုတ္တသောကံ၊ သားကြောင့်ဖြစ်ရ၊ ကြောင့်ကြပူပြင်း၊ စိုးရိမ်ခြင်း သောကကို။ အပါနုဒိ၊ အစွန်းအစ၊ မကျန်ရအောင်၊ ခဏချက်ချင်း၊ ပယ်ဖျောက်ခွင်းပေတော့၏။ တေ တယာ၊ သင်သည်။ မေ၊ ငါ၏။ ဟဒယနိဿိတံ၊ စိတ်နှလုံးတည်၊ အမြဲမှီ၍ ဖြစ်သော။ သောကံ၊ စိုးရိမ်ပါလှ၊ သောက-ဟု ဆိုအပ်သော။ သလ္လံ၊ အပူထန်ပြင်း၊ ငြောင့်တံသင်းကို။ အဗ္ဗဟီ ဝတ၊ စူးဝင်သမျှ၊ မကျန်ရအောင်၊ အမြစ်ကဖြုတ်၊ နုတ်အပ်ပေစွတကား။

(ည) သွာ’ဟံ အဗ္ဗူဠှသလ္လော’သ္မိ၊ သီတိဘူတော’သ္မိ နိဗ္ဗုတော။
နှ သောစာမိ နှ ရောဒါမိ၊ တဝ သုတွာန မာဏဝ။ ။

(ည) မာဏဝ၊ ငါ့သားအသွင်၊ အမောင်လုလင်။ သွာ’ဟံ သော အဟံ၊ ထိုငါသည်။ အဗ္ဗူဠှသလ္လော၊ အမြစ်က ဖြုတ်၊ အကုန်နုတ်အပ်သော ငြောင့်ရှိသည်။ အသ္မိ၊ ဖြစ်၏။ သီတိဘူတော၊ ချမ်းအေးသော ဖြစ်ခြင်းရှိသည်။ အသ္မိ၊ ဖြစ်၏။ နိဗ္ဗုတော၊ သောကမသမ်း၊ ငြိမ်းချမ်းသည်။ အသ္မိ၊ ဖြစ်၏။ တဝ၊ ငါ့သားအသွင်၊ အမောင်လုလင်၏။ (ဝစနံ၊ အစဉ်ပြော ကြား၊ သင့်စကားကို။) သုတွာန၊ ကောင်းစွာဖြောင့်ဖြောင့်၊ ကြားနာရပါသောကြောင့်။ အဟံ၊ ငါသည်။ နှ သောစာမိ၊ လွမ်းဆွေးညှိုးမှိန်၊ မစိုးရိမ်တော့ပါ။ နှ ရောဒါမိ၊ ပူတလှိုက်လှိုက်၊ ရှိုက်တဖိုဖို၊ မျက်ရည်ယိုစီး၊ မငိုညည်းတော့ပါ။

ထိုအခါ ပုဏ္ဏားကြီးသည် နတ်အသွင်ဖြင့် တည်သော လုလင်ကို မြင်၍ “သင်သည် ဘယ်အမည်ရှိသနည်း”ဟု မေးမြန်းလိုသည်ဖြစ်၍ အောက်ပါ ဂါထာကို ရွတ်ဆိုလေ၏။

(ဋ) ဒေဝတာ နု’သိ ဂန္ဓဗ္ဗော၊ အဒု သက္ကော ပုရိန္ဒဒေါ။
ကော ဝါ တွံ ကဿ ဝါ ပုတ္တော၊ ကထံ ဇာနေမု တံ မယံ။ ။

(ဋ) မာဏဝ၊ ငါ့သားအသွင်၊ မောင်လုလင်။ တွံ၊ သင်သည်။ ဂန္ဓဗ္ဗော၊ တန်ခိုးကြွဒ္ဓိ၊ ရှိဘိစွမ်းထ၊ ဂန္ဓဗ္ဗမျိုးဖြစ်သော။ ဒေဝတာ၊ စည်းစိမ်ကဲတိုး၊ ကောင်းကျိုးဝေဖြာ၊ နတ်ဒေဝါ သည်။ အသိ နု၊ အမှန်စင်စစ်၊ ဧကန်ဖြစ်လေသလော။ အဒု၊ ယခုပြောရာ၊ မဟုတ်သေးပါက။ ပုရိန္ဒဒေါ၊ ရှေးဦးအစ၊ စွန့်ချပေးကမ်း၊ လှူဒါန်းခဲ့ဖူးပါသော။ သက္ကော၊ နတ်တို့သနင်း၊ အရှင်သိကြားမင်းသည်။ အသိ နု၊ အမှန်စင်စစ်၊ ဧကန်ဖြစ်လေသလော။ တွံ၊ သင်သည်။ ကော ဝါ၊ ယခုပြောဆို၊ ဘယ်ပုဂ္ဂိုလ်ပါနည်း။ ကဿ၊ ဘယ်မျိုး,ဘယ်နွယ်၊ ဘယ်နယ်နေငြား၊ ဘယ်ပုဂ္ဂိုလ်စား၏။ ပုတ္တော၊ မမှားအစစ်၊ သားဖြစ်လေသနည်း။ ကထံ၊ အဘယ်သို့လျှင်။ မယံ၊ ငါတို့သည်။ တံ၊ သင့်ကို။ ဇာနေမု၊ အတိအကျ၊ သိရပါကုန်အံ့နည်း။

ထိုအခါ နတ်သားသည် ဖခင်ပုဏ္ဏားအား အောက်ပါဂါထာဖြင့် မိမိဖြစ်ပုံအကြောင်း စုံကို ကုန်စင်အောင် ပြောကြားလေ၏။

(ဌ) ယဥ္စ ကန္ဒသိ ယဥ္စ ရောဒသိ၊ ပုတ္တံ အာဠာဟနေ သယံ ဒဟိတွာ။
သွာဟံ ကုသလံ ကရိတွာ ကမ္မံ၊ တိဒသာနံ သဟဗျတံ ဂတော။ ။

(ဌ) ဗြာဟ္မဏ၊ အိုး-ပုဏ္ဏားကြီး။ ယံ ပုတ္တံ၊ သင်အလွမ်းဖြာ၊ အကြင်သားရတနာကို။ အာဠာဟနေ၊ သူသေမြှုပ်နှံ၊ သုသာန်ခေါ်ကြ၊ သင်္ချိုင်းဝ၌။ သယံ၊ ကျနပိုင်ပိုင်၊ မိမိကိုယ်တိုင်။

ဒဟိတွာ၊ မကြွင်းပြီးစီး၊ မီးရှို့ပြီး၍။ ဝါ၊ အပြီးဆိုက်ဖို့ မီးတိုက်ရှို့ပြီး၍။ ယံ ပုတ္တံ၊ အကြင်သားကို။ ဥဒ္ဒိဿ၊ ရည်ညွှန်းမှန်းဆ၍။ တွံ၊ သင်သည်။ ကန္ဒသိ၊ ထင်ရာယောင်ယမ်း၍၊ မြည်တမ်းငိုကြွေးခဲ့၏။ ယဥ္စ ပုတ္တံ၊ သင်အလွမ်းဖြာ၊ အကြင်သားရတနာကို။ ဥဒ္ဒိဿ၊ ရည်ညွှန်းမှန်းဆ၍။ ရောဒသိ၊ သောကလှိုက်ဖို၊ ရှိုက်ကာငို၍၊ တငိုထဲသာ၊ ငိုခဲ့ရပါ၏။ သော၊ ထိုသင်ပုဏ္ဏားကြီး၊ ရင်ကိုတီးကာ၊ ငိုနေရပါသော သားဖြစ်သူသည်ကား။ အဟံ၊ အခြားတပါး၊ သူများမဟုတ်၊ မဋ္ဌကုဏ္ဍလီ၊ နာမည်တွင်ငြား၊ အကျွန်ုပ်နတ်သားပင်တည်း။ သော အဟံ၊ ထိုမဋ္ဌကုဏ္ဍလီ၊ နာမည်တွင်ငြား၊ အကျွန်ုပ်နတ်သားသည်။ ကုသလံ ကမ္မံ၊ အပြစ်မဲ့စွာ၊ ကုသိုလ်စေတနာကို။ ကရိတွာ၊ ဖြစ်ပွါးပြုလုပ်ခဲ့၍။ ဝါ၊ ပြုလုပ်ခဲ့သောကြောင့်။ တိဒသာနံ၊ တာဝတိံသာ၊ နတ်ဒေဝါတို့၏။ သဟဗျတံ၊ တကွဖြစ်ရာ၊ အပေါင်းသဟာ၏အဖြစ်သို့။ ဂတော၊ မုချမသွေ၊ လားရောက်ရလေ၏။

ထိုအခါ နတ်သားကို ပုဏ္ဏားကြီးသည် အောက်ပါဂါထာဖြင့် မေးလေ၏။

(ဍ) အပ္ပံ ဝါ ဗဟုံ ဝါ နာ'ဒ္ဒသာမ၊ ဒါနံ ဒဒန္တဿ သကေ အဂါရေ။
ဥပေါသထကမ္မံ ဝါ တာဒိသံ၊ ကေန ကမ္မေန ဂတော'သိ ဒေဝလောကံ။

(ဍ) မာဏဝ၊ နတ်တို့ပြည်၌၊ ဝတိံသာတွင်၊ အရောင်ဝင်းသည့် သားလုလင်။ တွံ၊ သင်သည်။ သကေ အဂါရေ၊ မိမိနေရာ၊ အိမ်ဂေဟာ၌။ အပ္ပံ ဝါ၊ မပြောလောက်ဖွယ်၊ အနည်းငယ်လည်းဖြစ်သော။ ဗဟုံ ဝါ၊ ကြီးကျယ်ခမ်းနား၊ များပြားလှသည်လည်းဖြစ်သော။ ဒါနံ၊ စွန့်ကြဲပေးကမ်း၊ လှူဒါန်းခြင်းကို။ ဒဒန္တဿ၊ ပေးလှူသည်ကို။ မယံ၊ ငါတို့သည်။ န အဒ္ဒသာမ၊ ဘယ်အခါမှ၊ မမြင်ကြရကုန်။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဥပေါသထကမ္မံ ဝါ၊ ဥပုသ်သီတင်း၊ စောင့်သုံးခြင်းအမှုကိုလည်း။ န အဒ္ဒသာမ၊ ဘယ်အခါမှ၊ မမြင်ကြရကုန်။ တွံ၊ သင်သည်။ ကေန ကမ္မေန၊ အဘယ်သို့ပြု၊ ဘယ်ကောင်းမှုကြောင့်။ ဒေဝလောကံ၊ ချမ်းသာစည်းစိမ်၊ ရိပ်ငြိမ်ပွါးစည်၊ နတ်တို့ပြည်သို့။ ဂတော၊ မလွဲမဖောက်၊ သွားရောက်ရသည်။ အသိ၊ ဖြစ်ပါသနည်း။

ထိုအခါ လုလင်နတ်သားသည် အောက်ပါ ၂-ဂါထာဖြင့် ဖြေကြားလေ၏။

(ပ) အာဗာဓိကော'ဟံ ဒုက္ခိတော ဂိလာနော၊ အာတူရရူပေါ'မှိ သကေ နိဝေသနေ။
ဗုဒ္ဓံ ဝိဂတရဇံ ဝိတိဏ္ဏကင်္ခံ၊ အဒ္ဒက္ခိံ သုဂတံ အနောမပညံ။

(ဏ) သွာ'ဟံ မုဒိတမနော ပသန္နစိတ္တော၊ အဉ္ဇလိံ အကရိံ တထာဂတဿ။
တာ'ဟံ ကုသလံ ကရိတွာန ကမ္မံ၊ တိဒသာန သဟဗျတံ ဂတော။ ။

(ပ) ပြာဟ္မဏ၊ ရှေးဘဝက၊ အဖတော်ငြား၊ အို-ပုဏ္ဏား။ အဟံ၊ ငါသည်။ သကေ နိဝေသနေ၊ မိမိနေရာ၊ အိမ်ဝေဟာ၌။ အာဗာဓိကော၊ ကိုယ်မှာစွဲငြိ၊ အနာရောဂါရှိသည်။ ဒုက္ခိတော၊ နေထိုင်ခက်စွာ၊ မသက်သာဘဲ၊ ကျင်နာဆင်းရဲခြင်းသို့ ရောက်သည်။ ဂိလာနော၊ ပြင်းထန်လှစွာ၊ အဖျားရောဂါရှိသည်။ အာတုရရူပေါ၊ ဒုက္ခဝေဒနာ၊ နှိပ်စက်ပါ၍၊ ကျင်နာ သောသဘောရှိသည်။ အမို၊ ဖြစ်ပြီ။ (တဒါ၊ ဆင်းရဲထပ်ထပ်၊ စွဲကပ်နေရာ၊ ထိုအခါ၌။) ဝိဂတရဇံ၊ ရာဂစစွာ၊ ကင်းကွာလွတ်အေး၊ အညစ်ကြေးရှိတော်မူသော။ ဝိတိဏ္ဏကင်္ခံ၊ လွန်မြောက်ပြီးစွာ၊ ဝိစိကိစ္ဆာရှိတော်မူသော။ သုဂတံ၊ ရှေးဘုရားတို့အတူ ကောင်းသော လာခြင်းရှိတော်မူသော။ အနောမပညံ၊ ယုတ်လျော့မရှိ ကောင်းစွာပြည့်သော ပညာရှိတော် မူသော။ ဗုဒ္ဓံ၊ သစ္စာ ၄-ပါး၊ ပိုင်းခြားသိမြင်၊ ဘုရားရှင်ကို။ အဒ္ဒက္ခိံ၊ ဝမ်းမြောက်ကြည်လင်၊ ဖူးမြင်လိုက်ရပါပြီ။

(ဏ) သွာ'ဟံ သော အဟံ၊ ထိုငါသည်။ မုဒိတမနော၊ အစဉ်လျှမ်းတောက်၊ ဝမ်းမြောက် သော စိတ်ရှိသည်ဖြစ်၍။ ပသန္နစိတ္တော၊ ညစ်ကြေးကင်းစင်၊ ကြည်လင်သော စိတ်ရှိသည် ဖြစ်၍။ တထာဂတဿ၊ တလောကလုံး၊ ညွတ်ရုံးဦးတင်၊ ဘုရားရှင်အား။ အဥ္ဇလိံ၊ ကောင်းစွာ တည်ကြည်၊ လက်အုပ်ချီခြင်းကို။ အကရိံ၊ ပြုပြီ။ အဟံ၊ ငါသည်။ တံ ကုသလံ ကမ္မံ၊ ထိုလက်အုပ်ချီမိုး၊ ရှိခိုးပြုဖန်၊ ကုသိုလ်ကံကို။ ကရိတွာန၊ ပြုရ၍။ ဝါ၊ ပြုရသောကြောင့်။ တိဒသာနံ၊ စည်းစိမ်ကဲမိုး၊ တန်ခိုးရှိန်ဖြာ၊ တာဝတိံသာ၊ နတ်များစွာတို့၏။ သဟဗျတံ၊ အတူတကွ၊ ပေါင်းဖော်ရသည်၏အဖြစ်သို့။ ဂတော၊ စင်စစ်မုချ၊ ရောက်ရပေတော့၏။

ဤသို့ လုလင်နတ်သား ပြောကြားစဉ်ပင်လျှင် ပုဏ္ဏားကြီး၏ ခန္ဓာကိုယ်အလုံးသည် နှစ်သက်မှုပီတိဖြင့် ပြည့်လျှမ်းနေသည်ဖြစ်ရကား ပုဏ္ဏားကြီးသည် နှစ်သက်ခြင်းကို ပြောကြားလိုသည်ဖြစ်၍ အောက်ပါ ဂါထာကို ဆိုလေ၏။

(တ) **အစ္ဆရိယံ ဝတ အဗ္ဘုတံ ဝတ၊ အဉ္ဇလိကမ္မဿ အယမီဒိသော ဝိပါကော။**
**အဟမ္ပိ ပမုဒိတမနော ပသန္နစိတ္တော၊ အဇ္ဇေဝ ဗုဒ္ဓံ သရဏံ ဝဇာမိ။ ။**

(တ) ဘော၊ အို-အချင်းတို့။ အစ္ဆရိယံ ဝတ၊ လက်ဖျစ်ရိုက်တီး၍၊ အံ့ချီးဖွယ်ရာ၊ ကောင်းပါ ပေစွတကား။ အဗ္ဘုတံ ဝတ၊ မဖြစ်စဘူး၊ အထူးဖြစ်စွတကား။ ယသ္မာ၊ အကြင်ကြောင့်။ အဉ္ဇလိကမ္မဿ၊ ဝမ်းမြောက်ရွှင်ကြည်၊ လက်အုပ်ချီသော ကောင်းမှုကုသိုလ်၏။ ဤဒိသော၊ ဤသို့သဘောရှိသော။ ဝါ၊ သို့ကလောက်များပြား၊ ထွန်းတောက်ကြီးမားသော။ အယံ ဝိပါ- ကော၊ ဤတန်ခိုးလျှံထိန်၊ နတ်စည်းစိမ်ကို၊ မတိမ်ဖွံ့ဖြိုး၊ အစဉ်ခံစားရခြင်းတည်းဟူသော အကျိုးသည်။ ဟောတိ၊ ဖြစ်ရလေတော့၏။ တသ္မာ၊ ထို့ကြောင့်။ အဟမ္ပိ၊ အမှားကိုပိုက်၊ အရမ်းလိုက်၍၊ စရိုက်မကောင်း၊ တိမ်းစောင်းလွဲမှား၊ ငါပုဏ္ဏားသည်လည်း။ ဝါ၊ အယူ

မောက်မှား၊ ငါပုဏ္ဏားသည်လည်း။ ပမုဒိတမနော၊ အစဉ်လျှမ်းတောက်၊ ဝမ်းမြောက်သော စိတ်ရှိသည်။ ပသန္နစိတ္တော၊ ညစ်ကြေးကင်းစင်၊ ကြည်လင်သောစိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ အဇ္ဈေဝ၊ ရက်,လမရွေ့၊ ယနေ့ပင်လျှင်။ ဗုဒ္ဓံ၊ သစ္စာ ၄-ပါး၊ ပိုင်းခြားသိမြင်၊ ဘုရားရှင်ကို။ သရဏံ၊ ဆည်းကပ်ကြည်ညို၊ မှီခိုအားထားရာ-ဟူ၍။ ဝဇာမိ၊ မဖင့်မထောင့်၊ သွားရောက် ဆည်းကပ်ပါတော့အံ့။

ထိုအခါ ပုဏ္ဏားကို နတ်သားသည် သရဏဂုံ ခံယူခြင်း၌လည်းကောင်း, သီလခံယူ စောင့်ရှောက်ခြင်း၌လည်းကောင်း တိုက်တွန်းလိုသည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

(ထ) **အဇ္ဇေဝ ဗုဒ္ဓံ သရဏံ ဝဇာဟိ၊ ဓမ္မဉ္စ သံဃဉ္စ ပသန္နစိတ္တော။**
**တထေဝ သိက္ခာပဒါနိ ပဉ္စ၊ အခဏ္ဍဖုလ္လာနိ သမာဒိယဿု။**

(ထ) ဗြာဟ္မဏ၊ ပုဏ္ဏား။ တွံ၊ သင်သည်။ အဇ္ဇေဝ၊ ရက်,လမရွေ့၊ ယနေ့ပင်လျှင်။ ပသန္န-စိတ္တော၊ အမှားကင်းစင်၊ ကြည်လင်သော စိတ်ရှိသည်ဖြစ်၍။ ဗုဒ္ဓဉ္စ၊ သစ္စာ ၄-ပါး၊ မြတ်တရားကို၊ ပိုင်းခြားသိမြင်၊ ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မဉ္စ၊ မဂ်,ဖိုလ် ၈-တန်၊ နိဗ္ဗာန်, ပရိယတ်၊ ၁၀-ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ ကိလေသာခါတ်၊ ညှဉ်းသတ်ပယ်ခွါ၊ ၈-ပါးသော အရိယာသံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာ-ဟူ၍။ ဝါ၊ ဆင်းရဲပယ်ခွင်း၊ ချမ်းသာခြင်းကို ပေးတတ်၏-ဟူ၍။ ဝဇာဟိ၊ ယုံကြည်လေးမြတ်၊ ဆည်းကပ်ပါလေလော့။ တထေဝ၊ ထိုနည်းမခြား၊ အလားတူသာလျှင်။ အခဏ္ဍဖုလ္လာနိ၊ ပြိုးပြိုးပြောက်ပြောက်၊ ကျိုးပေါက်ခြင်းမှ ကင်းကုန်သော။ သိက္ခာပဒါနိ၊ အမိစိတ္တ, အမိပညာ၊ ၂-ဖြာသော သိက္ခာပဒ၏ အမှန်စင်စစ် အခြေခံအကြောင်းရင်း ဖြစ်ကြကုန်သော။ ပဉ္စ၊ ၅-ပါးကုန်သော။ သီလာနိ၊ အမြဲစောင့်အပ်၊ သီလတော်မြတ်တို့ကို။ ကတွာ၊ ပြု၍။ သမာဒိယဿု၊ အကုပယ်ရှား၊ ကုသိုလ်ပွါးအောင်၊ စိတ်ထားခိုင်ကြည်၊ ဆောက်တည်ပါလေလော့။

(ဒ) **ပါဏာတိပါတာ ဝိရမဿု ခိပ္ပံ၊ လောကေ အဒိန္နံ ပရိဝဇ္ဇယဿု။**
**အမဇ္ဇပေါ မာ စ မုသာ ဘဏာဟိ၊ သကေန ဒါရေန စ ဟောဟိ တုဋ္ဌော။**

(ဒ) ပါဏာတိပါတာ စ၊ သူ၏အသက်၊ ရက်စက်မညှာ၊ စေတနာနှင့်၊ လျင်ဖွာထိုးခုတ်၊ ရိုက်ပုတ်သတ်ခြင်းမှလည်း။ ခိပ္ပံ၊ မကြန့်မကြာ၊ လျင်မြန်စွာ။ ဝိရမဿု၊ လုံးဝကင်းအောင်၊ သတိဆောင်၍၊ ကြဉ်ရှောင်ပါလေလော့။ လောကေ၊ သတ္တဝါအပေါင်း၊ ခိုအောင်းနေမှီး၊ လောကကြီးထဲ၌။ အဒိန္နံ၊ ပိုင်ရှင်ကိုယ်,နှုတ်၊ ဖွင့်ထုတ်မြွက်ဟ၊ မပေးသမျှသော၊ ဥစ္စာအဝဝ ကို။ ပရိဝဇ္ဇယဿု၊ ခိုးဝှက်ယူငင်၊ ထာဝစဉ်သာ၊ ရှောင်ကြဉ်ပါလေလော့။ အမဇ္ဇပေါ စ၊

သောက်လျှင်ဒေါပြွမ်း၊ ထင်ရာရမ်း၍၊ သေလမ်းမကောင်း၊ အကြောင်းနံ့လျက်၊ သေအရက်ကို၊ မသောက်သည်လည်း။ ဟောဟိ၊ အမြင်မမှား၊ အစဉ်အားဖြင့်၊ ထင်ရှားမသွေ၊ ဖြစ်ပါလေလော့။ မုသာ၊ စိတ်ကောင်းမထား၊ လွဲမှားဖောက်ပြန်၊ မမှန်ကန်သောစကားကို။ မာ စ ဘဏာဟိ၊ ဘယ်တော့ခါမှ၊ မပြောမဆိုပါလေနှင့်။ သကေန၊ အမှန်စင်စစ်၊ မိမိကိုယ်ပိုင်ဖြစ်သော။ ဒါရေန စ၊ ကြင်ရာသက်ထား၊ မယားဖြင့်သာလျှင်။ တုဋ္ဌော၊ ရောင့်ရဲမပျက်၊ တင်းတိမ်နှစ်သက်ခြင်းသည်။ ဟောဟိ၊ စင်စစ်မသွေ၊ ဖြစ်ပါလေလော့။

ထိုပုဏ္ဏားကြီးသည် ထိုနတ်သား၏စကားကို "ကောင်းပြီ"ဟု ဦးခေါင်းဖြင့် ဝန်ခံလိုသည်ဖြစ်၍ အောက်ပါ ဂါထာတို့ကို ဆိုလေ၏။

(ခ) **အတ္ထကာမော'သိ မေ ယက္ခ၊ ဟိတကာမော'သိ ဒေဝတေ။**
**ကရောမိ တုယှံ ဝစနံ၊ တွံသိ အာစရိယော မမ။ ။**

(ခ) ယက္ခ၊ တန်ခိုးရှိန်စော်၊ အာနုဘော်ကြီးမား၊ အမောင်နတ်သား။ တွံ၊ သင်သည်။ မေ၊ အလွဲအချော်၊ အမြဲဖော်၍၊ စွဲပျော်ပြုလုပ်၊ အကျွန်ုပ်၏။ အတ္ထကာမော၊ အကျိုးသက်သက်၊ လိုလားနှစ်သက်သည်။ အသိ၊ မလွဲအစစ်၊ အမှန်ဖြစ်၏။ ဒေဝတေ၊ အို ဝတ်နတ်ရွာ၊ ချမ်းသာစံစား၊ အမောင်နတ်သား။ တွံ၊ တန်ခိုးတက်ထိန်၊ နတ်တို့စည်းစိမ်၊ မြိန်မြိန်ခံစားသင်နတ်သားသည်။ မေ၊ မိစ္ဆာကိုဖက်၊ မိုက်စိတ်တက်၍ နေခဲ့သော ငါ၏။ ဟိတကာမော၊ အစီးအပွါး၊ လိုလားနှစ်သက်သူသည်။ အသိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ တုယှံ၊ သင်၏။ ဝစနံ၊ ကောင်းရာညွှန်ကြား၊ ဆုံးမသောစကားကို။ ကရောမိ၊ ဆုံးမတိုင်းသာ၊ လိုက်နာပြုကျင့်ပါတော့အံ့။ တွံ၊ သင်သည်။ မမ၊ ငါ၏။ အာစရိယော၊ ကျနသွန်သင်၊ ပဲ့ပြင်ပေတတ်၊ ကျေးဇူးရှင်ဆရာမြတ်သည်။ အသိ၊ မမှားအစစ်၊ ဧကန်ဖြစ်၏။

(န) **ဥပေမိ သရဏံ ဗုဒ္ဓံ၊ ဓမ္မဉ္စာပိ အနုတ္တရံ။**
**သံဃဉ္စ နရဒေဝဿ၊ ဂစ္ဆာမိ သရဏံ အဟံ။ ။**

(န) ယက္ခ၊ ထိန်ထိန်ပပ၊ တန်ခိုးကြွပြား၊ အမောင်နတ်သား။ အဟံ၊ သင်ညွှန်ကြား၍၊ အမှားကင်းပျောက်၊ အမှန်သို့ရောက်ရသော ငါသည်။ အနုတ္တရံ၊ လောကအလယ်၊ ဘုန်းရောင်သွယ်၍၊ ပြိုင်ဖွယ်မရှိ၊ အတိဥက္ကဋ္ဌဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သစ္စာ ၄-ပါး၊ တရားသိမြင်၊ ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မဉ္စာပိ၊ မဂ်,ဖိုလ် ၈-တန်၊ နိဗ္ဗာန်,ပရိယတ်၊ ၁၀-ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သရဏံ သရဏံ ဣတိ၊ အားထားမှီတွယ်၊ ကိုးကွယ်ရာ-ဟူ၍။ ဥပေမိ၊ အမြဲမပြတ်၊ ဆည်းကပ်ပါ၏။ နရဒေဝဿ၊ လူတို့၏နတ်၊ ဘုရားရှင်ကိုယ်တော်မြတ်၏။ သံဃဉ္စ၊ ချစ်သားကျော်မော်၊ ၈-ပါးသော အရိယာသံဃာတော်

ကိုလည်း။ သရဏံ၊ ကိုးကွယ်ရာ-ဟူ၍။ ဝါ၊ ဆင်းရဲပယ်ခွင်း၊ ချမ်းသာခြင်းကို၊ ပေးတတ်၏-ဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်လေးမြတ်စွာ၊ ဆည်းကပ်ပါ၏။

**(ပ) ပါဏာတိပါတာ ဝိရမာမိ ခိပ္ပံ၊ လောကေ အဒိန္နံ ပရိဝဇ္ဇယာမိ။**
**အမဇ္ဇပေါ နော စ မုသာ ဘဏာမိ၊ သကေန ဒါရေန စ ဟောမိ တုဋ္ဌော။**

(ပ) ယက္ခ၊ တန်ခိုးတေဇာ၊ ဂုဏ်ဝါကြီးမား၊ အမောင်နတ်သား။ အဟံ၊ ငါသည်။ ပါဏာ-တိပါတာ၊ သူ၏အသက်၊ ရက်စက်မညှာ၊ စေတနာနှင့်၊ လျင်စွာထိုးခုတ်၊ ရိုက်ပုတ်သတ်ဖြတ်ခြင်းမှလည်း။ ခိပ္ပံ၊ မကြန့်မကြာ၊ လျင်မြန်စွာ။ ဝိရမာမိ၊ လုံးဝကင်းအောင်၊ သတိဆောင်၍၊ ကြဉ်ရှောင်ပါ၏။ လောကေ၊ သတ္တဝါအပေါင်း၊ ခိုအောင်းနေမှီး၊ လောကကြီးထဲ၌။ အဒိန္နံ၊ ပိုင်ရှင်ကိုယ်,နှုတ်၊ ဖွင့်ထုတ်မြွက်ဟ၊ မပေးသမျှသော၊ ဥစ္စာအဝဝကို။ ပရိဝဇ္ဇယာမိ၊ ခိုးဝှက်ယူငင်၊ ထာဝစဉ်သာ၊ ရှောင်ကြဉ်ပါ၏။ အမဇ္ဇပေါ စ၊ သောက်လျှင်ဒေါ်ပြွမ်း၊ ထင်ရာရမ်း၍၊ သေလမ်းမကောင်း၊ အကြောင်းနံ့လျက်၊ သေအရက်ကို မသောက်သည်လည်း။ ဟောမိ၊ အမြင်မမှား၊ အစဉ်အားဖြင့်၊ ထင်ရှားဖြစ်ပါ၏။ မုသာ၊ စိတ်ကောင်းမထား၊ လွဲမှားဖောက်ပြန်၊ မမှန်ကန်သော စကားကို။ နော စ ဘဏာမိ၊ ဘယ်တော့ခါမှ၊ မပြောမဆိုတော့ပါ။ သကေန၊ အမှန်စင်စစ်၊ မိမိကိုယ်ပိုင်ဖြစ်သော။ ဒါရေန စ၊ ကြင်ရာသက်ထား၊ မယားဖြင့်သာလျှင်။ တုဋ္ဌော၊ ရောင့်ရဲမပျက်၊ တင်းတိမ်နှစ်သက်ခြင်းသည်။ ဟောမိ၊ စင်စစ်မှန်စွာ၊ ဖြစ်ကာမသွေ၊ နေထိုင်ပါတော့အံ့။

ထိုအခါ ပုဏ္ဏားကို နတ်သားသည် "ပုဏ္ဏား၊ သင့်အိမ်၌ ပစ္စည်းဥစ္စာ များစွာရှိ၏။ ဘုရားရှင်သို့ ချဉ်းကပ်၍ အလှူပေးပါ၊ တရားတော်ကို နာပါ၊ ပုစ္ဆာပြဿနာကို မေးလျှောက်ပါ"ဟု ဆို၍ သချိုင်း၌သာ ကွယ်ပျောက်လေ၏။

----- x -----

## (၉) ဘုရားရှင်ကို ပင့်ကာ ပြဿနာ မေးလျှောက်ခြင်း

ပုဏ္ဏားကြီးသည် အိမ်သို့ ပြန်သွား၍ ပုဏ္ဏေးမကို ခေါ်ပြီးလျှင် "ရှင်မ၊ ငါသည် ယနေ့ ရဟန်းဂေါတမကို ပင့်ဖိတ်၍ ပြဿနာ မေးလျှောက်အံ့၊ ပူဇော်သက္ကာရကို ပြုပါလော့"ဟု ဆိုလျက် ကျောင်းတော်သို့ သွားပြီးလျှင် ဘုရားရှင်ကို ရှိလည်း မခိုး၊ စကားအစေ့အစပ်ကိုလည်း မပြုဘဲ တင့်အပ်လျောက်ပတ်သောအရပ်၌ နေလျက် "အို ရဟန်းဂေါတမ၊ ယနေ့အဖို့အတွက် တပည့်တော်၏ လှူဒါန်းအပ်သော ဆွမ်းကို ရဟန်းသံဃာတော်နှင့်တကွ သည်းခံတော်မူပါလော့"ဟု လျှောက်ထားလေလျှင် ဘုရားရှင်သည်လည်း သည်းခံတော်မူလေ၏။

ထိုအခါ ပုဏ္ဏားသည် ဘုရားရှင် သည်းခံတော်မူခြင်းကို သိ၍ လျင်စွာလာပြီးလျှင် မိမိအိမ်၌ မွန်မြတ်သော ဆွမ်း,ခဲဖွယ်,ဘောဇဉ်ကို စီရင်စေ၏။ ဘုရားရှင်သည် ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ထိုပုဏ္ဏားအိမ်သို့ ကြွတော်မူကာ ခင်းထားအပ်သော ဘုရားနေရာထက်၌ နေတော်မူလေ၏။ ပုဏ္ဏားသည်လည်း ရိုသေလေးစားစွာ ဆွမ်းလုပ်ကျွေးဆက်ကပ်လေ၏။ လူများအပေါင်းသည် စည်းဝေးကြကုန်၏။ မိစ္ဆာအယူရှိသူတို့ ဘုရားရှင်ကို ပင့်ဖိတ်အပ်သည်ရှိသော် မိစ္ဆာအယူရှိသူ, သမ္မာအယူရှိသူ လူ ၂-စုတို့သည် စည်းဝေးကြကုန်သတတ်။

**မိစ္ဆာအယူရှိသူတို့သည်** "ယနေ့ ရဟန်းဂေါတမကို ပြဿနာမေးခြင်းဖြင့် နှိပ်စက်ညှဉ်းဆဲခြင်းကို ကြည့်ရှုရကုန်အံ့"ဟု ကြံ၍ စည်းဝေးကြကုန်၏။ **သမ္မာအယူရှိသူတို့သည်ကား** "ယနေ့ ဘုရားအရာဖြစ်သော တင့်တယ်စံပယ်ခြင်း(တင့်တယ်စွာ နေထိုင်ခြင်း)ကို ဖူးမြင်ရကုန်အံ့"ဟု ကြံ၍ စည်းဝေးကြကုန်၏။ ထိုအခါ ပုဏ္ဏားသည် ပြုအပ်*(ပြီး)*သော ဆွမ်းဘုဉ်းပေးခြင်းကိစ္စရှိသော ဘုရားရှင်အထံသို့ ချဉ်းကပ်၍ နိမ့်သောနေရာ၌ နေလျက် "အို ရဟန်းဂေါတမ၊ အသင်တို့အား အလှူကိုလည်း မပေး၊ ပူဇော်မှုကိုလည်း မပြု၊ တရားတော်ကိုလည်း မနာယူ၊ ဥပုသ်စောင့်သုံးခြင်းကိုလည်း မပြုမူဘဲ သက်သက်စိတ်ကို ကြည်ညိုစေကာမျှဖြင့် နတ်ပြည်၌ဖြစ်သောသူတို့မည်သည် ရှိပါကုန်သလော"ဟု မေးလျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် "ပုဏ္ဏား၊ အဘယ်ကြောင့် ငါ့ကို မေးလျှောက်သနည်း။ သင့်အား မဋ္ဌကုဏ္ဍလီသည် 'ငါဘုရား၌ စိတ်ကို ကြည်ညိုစေကာမျှဖြင့် နတ်ပြည်၌ မိမိဖြစ်နေရသည့်အကြောင်း'ကို ပြောကြားအပ်ပြီးပြီ မဟုတ်ပါလော"ဟု မိန့်ဆိုသော် "အို-ရဟန်းဂေါတမ၊ အဘယ်အခါက ပြောကြားအပ်ပါသနည်း"ဟု မေးလျှောက်၏။ "သင် ယနေ့ သုသာန်သို့ သွား၍ ငိုကြွေးစဉ် သချိုင်း၏ အနီးအနားအရပ်၌ လက်တို့ကို မြှောက်၍ ငိုကြွေးနေသည့် ၁-ယောက်သောလုလင်ကို မြင်၍ '**အလက်တော မဋ္ဌကုဏ္ဍလီ**'-စသည်တို့ဖြင့် ပုဏ္ဏားနှင့် နတ်သား ၂-ဦးသားတို့ ပြောဆိုသော စကားကို ထင်ရှားစွာပြလျက် အလုံးစုံသော မဋ္ဌကုဏ္ဍလိဝတ္ထုကို ဟောကြားတော်မူလေ၏။

----- x -----

### (၁၀) နတ်သားဆင်းလာစေကာ ယုံမှားကင်းစေရန် ရှင်းလင်းမေးမြန်းတော်မူခြင်း

ထိုသို့ ဟောကြားတော်မူပြီးလျှင် "အို-ပုဏ္ဏား၊ ငါဘုရား၌ စိတ်ကို ကြည်ညိုစေ၍ နတ်ပြည်၌ဖြစ်သောသူတို့၏ အရေအတွက်ကား ၁၀၀-လည်းမက, ၂၀၀-လည်းမက မရေမတွက်နိုင်အောင် များပြားလှသည်သာတည်း"ဟု မိန့်တော်မူသောအခါ များစွာသော

လူအပေါင်းသည် ယုံမှားမကင်း ဖြစ်နေလေ၏။ ထိုအခါ မြတ်စွာဘုရားသည် လူအများ ယုံမှားမကင်း ရှိနေသည်၏အဖြစ်ကို သိတော်မူ၍ "မဋ္ဌကုဏ္ဍလီနတ်သားသည် ဗိမာန်နှင့် တကွ ဤဌာနသို့ လာစေသတည်း"ဟု ဓိဋ္ဌာန်တော်မူလိုက်ရာ မဋ္ဌကုဏ္ဍလီနတ်သားသည် နတ်၌ဖြစ်သော အဆင်းတန်ဆာတို့ဖြင့် တန်ဆာဆင်ကာ ၃-ဂါဝုတ်မျှ ပမာဏရှိသော အတ္တဘောဖြင့် လာ၍ ဗိမာန်မှ ဆင်းသက်၍ ဘုရားရှင်ကို ရှိခိုးလျက် တင့်အပ်လျောက် ပတ်သောအရပ်၌ နေလေ၏။ ထိုအခါ နတ်သားကို ဘုရားရှင်သည် "ဤနတ်၏ စည်းစိမ် ချမ်းသာကို သင်နတ်သားသည် အဘယ်ကောင်းမှုကို ပြုခဲ့သောကြောင့် ရသနည်း"ဟု မေးမြန်းလိုရကား-

(၈) အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ။
ဩဘာသေန္တီ ဒိသာ သဗ္ဗာ၊ ဩသဓီ ဝိယ တာရကာ။
ပုစ္ဆာမိ တံ ဒေဝ မဟာနုဘာဝ၊ မနုဿဘူတော ကိံမကာသိ ပုည်။ ။

ဟူသော ဂါထာကို မိန့်တော်မူလေ၏။

(၈) ဒေဝတေ၊ မြင်းမိုရ်ထွတ်ချာ၊ ဝတီသာမည်၊ နတ်ပြည်စံစား၊ အို-အမောင်နတ်သား။ ယာ တွံ၊ အကြင်သင်သည်။ အဘိက္ကန္တေန၊ အလှတွင် ဘုရင်၊ အယဉ်တွင် ဘက်မရှိ မျက်စိ တွင် အစဉ်ဟပ်အောင်၊ အရှင်ဓာတ် အပြုံးအသွယ်သွယ်တို့ဖြင့်၊ လှပတင့်တယ်၊ အလွန်နှစ် သက်ဖွယ်ရှိသော။ ဝဏ္ဏေန၊ တောက်ကြွားလင်းဖြာ၊ ၆-ပါးသော အဆင်းရတနာနှင့်။ ဩသဓီ တာရကာ ဝိယ၊ ကောင်းကင်အလယ်၊ ရောင်မျိုးကြွယ်သည့်၊ သောက်ရှူးကြယ် ကဲ့သို့။ ဝါ-ဩသဓီ၊ ဆေးပင်နှင့် ဆေးမြစ်မှန်လျှင်၊ အဖန်ဖန် အားပေးတတ်သောကြောင့် 'ဩသဓီ' ဟု၊ တွင်ပြသညာ၊ ရရှိနေပါသော။ တာရကာ၊ ရှုချင်ဖွယ်ရာ၊ ကြယ်တာရာသည်။ (သမန္တတော၊ ထက်ဝန်းကျင်မှ။ အာလောကံ၊ ကြည်လင်ရွှန်းပြောင်၊ အလင်းရောင်ကို။ ကုရုမာ- နာ၊ ပြုလျက်။ တိဋ္ဌတိ ဝိယ၊ တင့်တယ်စွာရှိ၊ တည်နေဘိသို့။ ဧဝမေဝ၊ ဤနည်းအလား၊ မခြား တူစွာသာလျှင်။) သဗ္ဗာ ဒိသာ၊ ဝန်းကျင်ပတ်ချာ၊ အလုံးစုံသော အရပ်မျက်နှာတို့ကို။ ဩဘာ- သေန္တီ၊ ထွန်းလင်းလက်ဝေ၊ တောက်ပစေလျက်။ တိဋ္ဌသိ၊ ရွှေတည့်တည့်မှ၊ မဖဲမသွေ၊ ရပ်တည်၍ နေဘိ၏။ မဟာနုဘာဝ၊ တင့်တယ်ဝေဖြိုး၊ တန်ခိုးရှိန်စော်၊ အာနုဘော်ရှိပေ သော။ ဒေဝ၊ အမောင်နတ်သား။ တံ၊ သင့်ကို။ ပုစ္ဆာမိ၊ သင်ပြုခဲ့ပုံ၊ အကြောင်းစုံကို၊ အကုန် စစ်ကာ၊ မေးမြန်းပါ၏။ မနုဿဘူတော၊ အမှန်စင်စစ်၊ လူဖြစ်စဉ်အခါက။ ကိံ ပုည်၊ အဘယ် သို့ပြု၊ အဘယ်ကောင်းမှုကို။ အကာသိ၊ စေတနာတိုးကာ၊ ပြုလုပ်ခဲ့ပါသနည်း။

ထိုအခါ နတ်သားသည် "မြတ်စွာဘုရား၊ တပည့်တော်သည် ဤနတ်၏စည်းစိမ်ချမ်းသာကို ရှင်တော်မြတ်ဘုရားတို့၌ စိတ်ကို ကြည်ညိုစေ၍ ရအပ်ပါ၏"ဟု လျှောက်ထားလေလျှင် "ငါဘုရားရှင်၌ စိတ်ကို ကြည်ညိုစေ၍ သင်နတ်သား ရအပ်သည် မှန်သလော"ဟု မေးတော်မူလတ်သော် "မှန်ပါ၏ဘုရား"ဟု လျှောက်ထားလေ၏။ လူများအပေါင်းသည် နတ်သားကို ကြည့်ရှုကြ၍ "အချင်းတို့၊ ဘုရားရှင်၏ ဂုဏ်တော်, ကျေးဇူးတော်တို့သည် အံ့ဩဖွယ်ရှိပေစွတကား။ အဒိန္နပုဗ္ဗကပုဏ္ဏား၏ သားပင်ဖြစ်လျက် တစ်စုံတစ်ခုသော ကောင်းမှုကို မပြုမူ၍ ဘုရားရှင်၌ စိတ်ကို ကြည်ညိုစေကာမျှဖြင့် ဤသို့သဘောရှိသော နတ်၏စည်းစိမ်ချမ်းသာကို ရအပ်ပေစွ"ဟု နှစ်သက်ဝမ်းမြောက်ဖွယ်စကားကို ပြောကြားကြကုန်၏။

ထိုအခါ လူအပေါင်းတို့အား "ကုသိုလ်ကံ, အကုသိုလ်ကံကို ပြုရာ၌ စိတ်သာလျှင် ရှေ့သွားဖြစ်၏။ စိတ်သာလျှင် ကြီးမြတ်၏။ ကြည်လင်သောစိတ်ဖြင့် ပြုအပ်သော ကောင်းမှုကုသိုလ်ကံသည် လူ့ပြည်,နတ်ပြည်သို့ သွားသော ပုဂ္ဂိုလ်ကို သွားလေရာရာ အစဉ်လိုက်ပါသည့် အရိပ်ပမာ မကွာ ထက်ကြပ်လိုက်ပါ၏"ဟု ဤဝတ္ထုကို ဟောကြားတော်မူပြီးလျှင် အနုသန္ဓေစကားရပ်ကို စပ်တော်မူ၍ တည်စေအပ်သော ပြီးဆုံးခြင်းရှိသည့် ကမ္ပည်းစာကို မင်း၏တံဆိပ် ထပ်၍ ခတ်နှိပ်သည့်အလား တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ" စသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၁၁) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ ၈၄,၀၀၀-ကုန်သော သတ္တဝါတို့သည် တရားကို ထိုးထွင်း၍ သိကြကုန်၏။ မဋ္ဌကုဏ္ဍလီနတ်သားနှင့် အဒိန္နပုဗ္ဗကပုဏ္ဏားတို့သည်ကား သောတာပန်ဖြစ်ကာ များစွာသော စည်းစိမ်ဥစ္စာတို့ကို ဘုရားရှင် သာသနာတော်၌ လှူဒါန်းကြဖြန့်လေ၏။

မဋ္ဌကုဏ္ဍလိဝတ္ထု ပြီး၏။

★ ★ ★ ★ ★ ★ ★

## ၃။ တိဿတ္ထေရဝတ္ထု

### (၁) ဒေသနာတော်

"ရန်လိုက ရန်ပို၏၊ ရန်မလိုမှ ရန်ပြို၏"ဟု ဟောတော်မူခြင်း

၃။　**အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။**
**ယေ စ တံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ။　။**

၃။ ဧသော၊ ဤသူသည်။ မံ၊ ငါ့ကို။ အက္ကောစ္ဆိ၊ ဒေါသူပုန်ထွက်၊ မာန်ဟုန်တက်၍၊ အမျက်ဆိုးမွှေ၊ ဆဲရေးလေ၏။ ဧသော၊ ဤသူသည်။ မံ၊ ငါ့ကို။ အဝဓိ၊ ဒေါသယှဉ်တွဲ၊ ကြိမ်းမောင်းမဲ၍၊ ညှဉ်းဆဲပုတ်ခတ်လေ၏။ ဧသော၊ ဤသူသည်။ မံ၊ ငါ့ကို။ အဇိနိ၊ မတရား မျိုး၊ စိတ်ကြမ်းဆိုး၍၊ လွှမ်းမိုးပိုင်ပိုင်၊ အောင်နိုင်လေ၏။ ဧသော၊ ဤသူသည်။ မေ၊ ငါ၏။ (သန္တကံ၊ အများမဆိုင်၊ ကိုယ်ပိုင်သိမ်းဆည်း၊ ဥစ္စာပစ္စည်းကို။) အဟာသိ၊ စိတ်ကောင်းမဖက်၊ လောဘတွက်ကြောင့်၊ လှို့ဝှက်မသွေ၊ ဆောင်ယူလေ၏။ ဣတိ၊ ဤသို့။ ယေ စ၊ စိတ် ကောင်းမယှဉ်၊ အကြင်သူတို့သည်ကား။ တံ၊ ဒေါသမာန်တက်၊ ထိုအမျက်-စသည်ကို။ ဥပနယှန္တိ၊ ဖျောက်သင့်ဖျောက်ထိုက်၊ မဖျောက်လိုက်ဘဲ၊ စိတ်၌မြဲစွာ၊ ဖွဲ့ထားရှာကုန်၏။ တေသံ၊ ရန်သာစိတ်စွဲ၊ ရန်ကိုနွဲ့ဖို့၊ ရန်ပွဲကိုပျိုး၊ ရန်ငြိုးဖွဲ့ငြား၊ ထိုလူစားတို့အား။ ဝေရံ၊ အစပျိုးဖန်၊ ဖွဲ့သောရန်သည်။ န သမ္မတိ၊ တစတစ၊ ခုဘဝသာ၊ မက-ပါဘဲ၊ သံသာစွဲအောင်၊ ဖွဲ့တည်းခိုင်ခိုင်၊ မငြိမ်းပျောက်နိုင်ပေ။

၄။　**အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။**
**ယေ စ တံ နုပနယှန္တိ၊ ဝေရံ တေသူပသမ္မတိ။　။**

၄။ ဧသော၊ သည်။ မံ၊ ကို။ အက္ကောစ္ဆိ၊ ၏။ ဧသော၊ သည်။ မံ၊ ကို။ အဝဓိ၊ ၏။ ဧသော၊ သည်။ မံ၊ ကို။ အဇိနိ၊ ၏။ ဧသော၊ သည်။ မေ၊ ၏။ သန္တကံ၊ ကို။ အဟာသိ၊ ၏။ ဣတိ၊ သို့။ ယေ စ၊ ကား။ တံ ကောဓံ၊ ကို။ နုပနယှန္တိ၊ ဖျောက်သင့်၊ဖျောက်ထိုက်၊ ပယ်ဖျောက်လိုက်၍၊ စိတ်၌မြဲစွာ၊ မဖွဲ့ရှာကြကုန်အံ့။ တေသံ၊ ရန်ကိုရန်ချင်း၊ မတုံ့လျှင်းငြား၊ ထိုသူများတို့အား။ ဝေရံ၊ အစပျိုးဖန်၊ ဖွဲ့သောရန်သည်။ ဥပသမ္မတိ၊ ခုဘဝသာ၊ မကပါဘဲ၊ သံသရာတလျှောက်၊ ကုန်ပျောက်ကွယ်ပ၊ ငြိမ်းအေးရ၏။

----- x -----

## (၂) ဆောင်ပုဒ်

ဤသည့်ပုဂ္ဂိုလ်၊ ငါ့ကို ဆိုဆဲ၊ ငါ့ညှဉ်းဆဲ၏၊ ငါ့လည်း အောင်နိုင်၊ ငါပိုင်ပစ္စည်း၊ ယူသူတည်း-ဟု၊ စိတ်ထဲမျက်ထား၊ ရန်ငြိုးပွါးမူ၊ ရန်ကားထိုသူ မငြိမ်းတည်း။ ဤသည့်ပုဂ္ဂိုလ်၊ ငါ့ကို ဆိုဆဲ၊ ငါ့ညှဉ်းဆဲ၏၊ ငါ့လည်း အောင်နိုင်၊ ငါပိုင်ပစ္စည်း၊ ယူသူတည်း-ဟု၊ စိတ်ထဲမဆိုး၊ ရန်မငြိုးမူ၊ ရန်မျိုးပြိုကာ ငြိမ်းသတည်း။

"အက္ကောစ္ဆိ မံ"အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် တိဿမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ထိုတိဿမထေရ်သည်ကား ဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နှမတော်ဖြစ်သူ(အမိတာ)၏ သားဖြစ်သတတ်။ အသက်အရွယ် ကြီးရင့်သောအခါမှ ရဟန်းပြု၍ ဘုရားရှင်တို့အားဖြစ်သော လာဘ်ပူဇော်သက္ကာရကို သုံးဆောင်ရလျက် ဆူဖြိုးသောကိုယ်ရှိသည်ဖြစ်၍ အဖန်တလဲလဲ နယ်အပ်သော သင်္ကန်းတို့ကို ဝတ်ရုံလျက် များသောအားဖြင့် ကျောင်း၏အလယ် အများစည်းဝေးရာ ဇရပ်၌ နေ၏။ ဘုရားရှင်ကို ဖူးမြင်အံ့သောငှာ လာကြသော အာဂန္တု(ဧည့်သည်)ရဟန်းတို့သည် ထိုတိဿမထေရ်ကို မြင်လျှင် "မထေရ်ကြီး ၁-ပါး ဖြစ်လတ္တံ့"ဟူသောအမှတ်ဖြင့် ထိုတိဿမထေရ်၏အထံသို့ သွား၍ ဝတ်ကြီး,ဝတ်ငယ်ပြုခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း စသည်တို့ကို ပန်ကြားကြသောအခါ ထိုတိဿမထေရ်သည် ဆိတ်ဆိတ်သာ နေလေ၏။

ထိုအခါ ရဟန်းငယ် ၁-ပါးသည် ထိုတိဿမထေရ်ကို "အရှင်ဘုရား၊ ဝါအဘယ်မျှ ရှိပါပြီနည်း"ဟု မေးလျှောက်ရာ "၁-ဝါမျှမရှိသေး၊ ငါတို့သည် ကြီးရင့်မှ ရဟန်းပြုကုန်၏"ဟု ဆိုလတ်သော် "ဆုံးမခက်သော ငါ့ရှင်ရဟန်းကြီး၊ သင်ကား မိမိ၏အတိုင်းအရှည်ကိုမျှ မသိတတ်။ ဤမျှလောက်ကုန်သော မထေရ်ကြီးတို့ကို မြင်လျက် ရိုသေခြင်းအမှုကိုမျှလည်း မပြု၊ ဝတ်ကြီး,ဝတ်ငယ်ကို ပန်ကြားအပ်သည်ရှိသော် ဆိတ်ဆိတ်သာ နေ၏။ သင့်အား အလို့လို့(နောင်တတဖန် ပူပန်မှု)မျှလည်း မရှိ"ဟု ဆို၍ လက်ဖျစ်တီးလေ၏။ ထိုတိဿမထေရ်သည် မင်းမျိုး၌ဖြစ်သော ခတ္တိယမာန်ကို ဖြစ်စေလျက် "သင်တို့ ယခု အဘယ်သူ့ထံသို့ လာကြကုန်သနည်း"ဟု မေးလျှင် "ဘုရားရှင်အထံသို့ လာကြကုန်၏"ဟု ဆိုသော် "ငါ့ကို အဘယ်သို့သောသူ-ဟူ၍ မှတ်ထင်ကြကုန်သနည်း။ သင်တို့ကို အရင်းအမြစ်က ဖြတ်အံ့"ဟု ကြိမ်းမောင်းပြောဆို၍ ငိုယိုလျက် ဆင်းရဲငြိုငြင်သော စိတ်နှလုံးရှိသည်ဖြစ်၍ ဘုရားရှင်ထံသို့ သွားလေ၏။

ထိုအခါ တိဿမထေရ်ကို ဘုရားရှင်သည် "တိဿ၊ အဘယ်ကြောင့် သင်သည် ဆင်းရဲပြိုငြင်၊ မရွှင်သည့်စိတ်နှလုံးရှိသည်ဖြစ်၍ မျက်ရည်နှင့်မျက်ခွက် ငိုကြွေးမြည်တမ်းလျက် ငါ့အထံသို့ လာသနည်း"ဟု မေးမြန်းတော်မူ၏။ အာဂန္တု ဧည့်သည်ရဟန်းတို့သည်လည်း "ဤရဟန်းကြီးကား ဘုရားရှင်ထံသွား၍ တစ်စုံတစ်ခု တုန်လှုပ်ချောက်ချားသည်ကို ပြုရာ၏"ဟု နှလုံးပြုကာ ထိုရဟန်းကြီးနှင့် အတူသာလျှင် သွား၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ နေကြကုန်၏။

ရဟန်းကြီးသည် ဘုရားရှင် မေးတော်မူသောအခါ "မြတ်စွာဘုရား၊ ဤရဟန်းတို့သည် တပည့်တော်ကို ဆဲရေးပါကုန်၏"ဟု လျှောက်ထား၏။ "သင်အဘယ်အရပ်၌ နေသနည်း"ဟု မေးတော်မူလတ်သော် "မြတ်စွာဘုရား၊ တပည့်တော် ကျောင်း၏အလယ် အများစည်းဝေးရာဇရပ်၌ နေပါ၏ဘုရား"ဟု လျှောက်ကြားသောအခါ ဘုရားရှင်သည် "ဤရဟန်းတို့ လာသည်ကို သင်မြင်သလော"ဟု မေးတော်မူရာ "မှန်ပါ၊ မြင်ပါ၏ဘုရား"ဟု လျှောက်ထားလေလျှင် "သင်သည် ထ၍ ခရီးဦးကြိုဆိုမှု ပြုမိ၏လော"ဟု မေးတော်မူလတ်သော် "မပြုမိပါဘုရား"ဟု လျှောက်ထားလေ၏။ "ပရိက္ခရာယူခြင်းကို ပန်ကြား၏လော"ဟု မေးတော်မူရာ "မပန်ကြားပါ"ဟု လျှောက်လေ၏။ "ဝတ်ကြီး,ဝတ်ငယ်တို့ဖြင့် ပန်ကြားခြင်း၊ သောက်ရေဖြင့် ပန်ကြားခြင်း၊ နေရာကို ဆောင်၍ ရှိခိုးလျက် ခြေဆုပ်လက်နယ်မှု-စသည်တို့ကို ပန်ကြားပြုလုပ်၏လော"ဟု မေးမြန်းပြန်သော် "မပန်ကြား,မပြုလုပ်မိပါဘုရား"ဟု ပြန်ကြားလျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်သည် "ငါ့ရှင်တိဿ၊ သီတင်းကြီးကုန်သော ရဟန်းတို့အား ဤအလုံးစုံသော ကျင့်ဝတ်တို့ကို ပြုအပ်၏။ ဤသို့ မပြုလုပ်သောရဟန်းသည် ကျောင်း၏အလယ်၌ နေဖို့ရာ မသင့်လျော်"ဟု မိန့်တော်မူပြီး၍ "သင်၏ အပြစ်သာလျှင်တည်း။ ထိုရဟန်းတို့ကို သင်-ကန်တော့လော့"ဟု မိန့်တော်မူလေ၏။ ထိုအခါ တိဿရဟန်းသည် "တပည့်တော်ကို ဆဲရေးသော ရဟန်းတို့အား တပည့်တော် မကန်တော့နိုင်ပါဘုရား"ဟု လျှောက်ထားလေလျှင် "တိဿ၊ ဤသို့ မပြုလင့်။ သင်၏အပြစ်သာလျှင် ဖြစ်၍ ထိုရဟန်းတို့ကို ကန်တော့လော့"ဟု မိန့်တော်မူသည်ရှိသော် "မကန်တော့နိုင်ပါဘုရား"ဟု လျှောက်ထားပြန်လေ၏။

ထိုအခါ ရဟန်းတို့သည် "အရှင်ဘုရား၊ ဤရဟန်းကြီးကား ဆိုနိုင်ခက်(ပြောဆိုဆုံးမ၍ မလွယ်ကူ)၏"ဟု လျှောက်လတ်သော် ဘုရားရှင်သည် "ချစ်သားရဟန်းများတို့၊ ဤရဟန်းကြီးကား ယခုအခါ၌သာ ဆိုနိုင်ခက်သည်မဟုတ်သေး။ ရှေးအခါကလည်း ဆိုနိုင်ခက်ဖူးသည်သာတည်း"ဟု မိန့်တော်မူရကား ရဟန်းအများတို့သည် "မြတ်စွာဘုရား၊ ယခုအခါ

ထိုရဟန်းကြီး၏ ဆိုနိုင်ခက်သောအဖြစ်ကို ရှေးဦးစွာ တပည့်တော်များ သိရှိရပါပြီ။ လွန်လေပြီးသောအခါက အဘယ်သို့သောအမှုကို ပြုခဲ့ဖူးပါသနည်း”ဟု လျှောက်ထားလတ်သော် “ချစ်သားရဟန်းများတို့၊ ထိုသို့ဖြစ်မှု နာကြားကြကုန်လော့”ဟု မိန့်တော်မူ၍ လွန်လေပြီးသော အတိတ်အကြောင်းကို ဆောင်တော်မူ၏။

----- x -----

## (၃) တိဿမထေရ်၏ အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗာရာဏသီမင်းသည် မင်းပြုသည်ရှိသော် ဒေဝိလမည်သော ရသေ့သည် ၈-လပတ်လုံး ဟိမဝန္တာတော၌ နေပြီး၍ ချဉ်,ဆား မှီဝဲအံ့သောငှာ ၄-လပတ်လုံး မြို့အရပ်၌ နေလိုသောကြောင့် ဟိမဝန္တာတောမှ လာ၍ မြို့တံခါး၌ သူငယ်တို့ကို မြင်လျှင် “ဤမြို့သို့ ရောက်လာသော ရဟန်းတို့သည် အဘယ် အရပ်၌ နေကြကုန်သနည်း”ဟု မေးမြန်း၏။ “အိုးထိန်းသည်၏ဇရပ်(အိုးလုပ်သမား တင်းကုပ်၊ တဲကုပ်၊အလုပ်ရုံ)၌ နေပါကုန်၏ဘုရား” ဟု လျှောက်သော် ဒေဝိလရသေ့သည် အိုးထိန်းသည် ဇရပ်သို့ သွား၍ တံခါးဝ၌ ရပ်လျက် “အိုးထိန်းသည်၊ အကယ်၍ သင့်အား ဝန်မလေးငြားအံ့၊ ၁-ညဥ့်မျှ ဇရပ်၌ နေလိုပါ၏”ဟု ဆို၏။ အိုးထိန်းသည်-သည် “တပည့်တော်အား ညဥ့်အခါ ဇရပ်၌ ပြုဖွယ်ကိစ္စ မရှိပါ။ ဇရပ်သည်လည်း ကျယ်ဝန်းပါ၏။ ချမ်းသာစွာသာ နေတော်မူပါကုန်”ဟု လျှောက်၍ ဇရပ်ကို အပ်နှံလေ၏။

ထိုဒေဝိလရသေ့သည် အိုးထိန်းသည်၏ဇရပ်သို့ ဝင်၍ နေလတ်သော် တပါးသော နာရဒမည်သော ရသေ့သည်လည်း ဟိမဝန္တာတောမှ လာ၍ အိုးထိန်းသည်ကို ၁-ညဥ့်မျှ တည်းခိုရန် တောင်းပန်လေ၏။ အိုးထိန်းသည်သည် “ရှေးဦးစွာ ရောက်လာသည့် ရသေ့သည် ဤရသေ့နှင့် အတူတကွ နေလိုမည်၊ မနေလိုမည်ကို ငါမသိရ။ မိမိကိုယ်ကို လွတ်စေအံ့”ဟု ကြံပြီးလျှင် “အရှင်ဘုရား၊ ဦးစွာရောက်နှင့်နေသော ရသေ့သည် အကယ်၍ သဘောတူနှစ်သက်ပါမူ ထိုရသေ့၏အလိုဖြင့် နေတော်မူပါကုန်”ဟု လျှောက်လေ၏။

ထိုအခါ နာရဒရသေ့သည် ဒေဝိလရသေ့ထံသို့ ချဉ်းကပ်၍ “ဆရာရသေ့၊ ဆရာ့အား အကယ်၍ ဝန်မလေးသည်ဖြစ်ပါအံ့၊ ကျွန်ုပ်တို့လည်း ဤဇရပ်၌ ၁-ညဥ့်မျှ တည်းခိုနေပါရစေ”ဟု တောင်းပန်၏။ “ဆရာ၊ ဇရပ်သည် ကျယ်ဝန်းပါ၏။ တင့်အပ်လျှောက်ပတ်သော နေရာ၌ ဝင်၍ နေပါလော့”ဟု ဆိုသော် ဝင်ပြီးလျှင် ရှေးဦးစွာ ဝင်ရောက်နေသော ဒေဝိလရသေ့၏ နောက်ဖက်၌ နေထိုင်လေ၏။ ရသေ့ ၂-ဦးတို့သည်လည်း အသက်ထက်ဆုံး အောက်မေ့ထိုက်သော စကားများကို ပြောကြားပြီးကာ အိပ်ကြသောအခါ နာရဒရသေ့

သည် ဒေဝိလရသေ့၏ အိပ်ရာအရပ်ကိုလည်းကောင်း တံခါးကိုလည်းကောင်း သေချာစွာ မှတ်သား၍ အိပ်၏။

ဒေဝိလရသေ့သည်ကား အိပ်သောအခါ မိမိ၏အိပ်ရာ၌ မအိပ်မူ၍ တံခါးအလယ်၌ ဖီလာကန့်လန့် အိပ်လေ၏။ နာရဒရသေ့သည် ညဉ့်အခါ အပြင်သို့ ထွက်လတ်သော် ဒေဝိလရသေ့၏ ဆံကျစ်ဦးစွန်းတို့၌ နင်းမိလေ၏။ "အဘယ်သူ ငါ့ကို နင်းသနည်း"ဟု မေးလတ်သော် "ဆရာ၊ ကျွန်ုပ် နာရဒရသေ့ပါတည်း"ဟု ဖြေဆို၏။ "ရသေ့စဉ်းလဲ တောမှ လာ၍ ငါ၏ဆံကျစ်တို့ကို နင်းဘိ၏"ဟု ဆိုသော် နာရဒက "ဆရာ၊ အသင်တို့ ဤအရပ်၌ အိပ်သည်ကို မသိပါ။ ကျွန်ုပ်အား သည်းခံပါလော့"ဟု ဆို၍ ဒေဝိလရသေ့၏ ဆိုမြည်တမ်း စဉ်ပင်လျှင် ပြင်ပသို့ ထွက်ခဲ့လေ၏။

ဒေဝိလရသေ့သည် "ဤနာရဒရသေ့ ပြန်ဝင်လာသည်ရှိသော်လည်း ငါ့ကို နင်းပြန်ရာ၏"ဟု ကြံ၍ ခြေရင်း,ခေါင်းရင်းလှည့်၍ ခြေထားရာ၌ ဦးခေါင်းထားကာ အိပ်ပြန်လေ၏။ နာရဒရသေ့သည်လည်း ပြန်ဝင်လာသည်ရှိသော် "ငါသည် ရှေးဦးစွာ ထွက်လာစဉ်ကလည်း ဆရာ၌ ပြစ်မှားမိ၏။ ယခုအခါ ငါသည် ဒေဝိလရသေ့၏ ခြေရင်းဖက်နံပါးဖြင့် ဝင်အံ့"ဟု ကြံ၍ ဝင်ပြန်ရာ ဒေဝိလရသေ့၏ လည်ပင်း၌ နင်းမိပြန်၏။

ဒေဝိလရသေ့သည် "ဤသူ အဘယ်သူနည်း"ဟု မေးပြန်သော် "ဆရာ၊ ကျွန်ုပ် နာရဒရသေ့ပါတည်း"ဟု ဆိုသောအခါ "ရသေ့စဉ်းလဲ၊ ပဌမထွက်စဉ်အခါ ငါ၏ ဆံကျစ်တို့ကို နင်းပြီးလျှင် ယခုအခါ လည်ပင်း၌ နင်းပြန်၏။ သင့်ကို ကျိန်ဆဲအံ့"ဟု ဆိုလတ်သော် "ဆရာ၊ ကျွန်ုပ်အား အပြစ်မရှိပါ၊ ကျွန်ုပ်သည် သင်တို့ ဤသို့ အိပ်သည်ကို မသိသောကြောင့် ရှေးဦးစွာ ထွက်စဉ်ကလည်း ပြစ်မှားမိပါ၏။ ယခု ဝင်စဉ်အခါ ခြေရင်းဖက်ဖြင့် ဝင်အံ့"ဟု ကြံကာ ဝင်မိပါ၏။ ကျွန်ုပ်အား သည်းခံပါလော့"ဟု ဆိုသောအခါ နာရဒရသေ့ကို "ရသေ့စဉ်းလဲ၊ သင့်ကို ကျိန်ဆဲအံ့သည်သာ"ဟု ဆိုလတ်သော် "ဆရာ၊ ဤသို့ မပြုပါလင့်"ဟု တောင်းပန်လေ၏။ ဒေဝိလရသေ့သည် နာရဒရသေ့၏ စကားကို မနာယူမူ၍-

(က) သဟဿရံသီ သတတေဇော၊ သူရိယော တမဝိနောဒနော။
ပါတော'ဒယန္တေ သူရိယေ၊ မုဒ္ဓါ တေ ဖလတု သတ္တဓာ။ ။

ဟူသော ဂါထာဖြင့် နာရဒရသေ့ကို ကျိန်ဆဲသည်သာလျှင်တည်း။

သဟဿရံသီ၊ ရောင်ခြည် ၁-ထောင်၊ အလင်းဆောင်သော။ သတတေဇော၊ အရာမက၊ များပြားလှသည့်၊ ထန်ပြင်းရှိန်ဟပ်, အပူဓာတ်လည်းရှိထသော။ တမဝိနော-ဒနော၊ မမြင်နိုင်အောင်၊ ပိတ်ကာဆောင်တတ်၊ အမှောင်ဓာတ်ကို၊ ပယ်သတ်ဖျက်ဆီးတတ်

ထသော။ သူရိယော၊ အမှောင်မသိ၊ အရောင်လည်၍၊ ပြောင်ကြည်ထိန်လင်း၊ ရှင်နေမင်းသည်။ အတ္ထိ၊ စင်စစ်မသွေ၊ ရှိပေ၏။ ပါတော၊ နေအရုဏ်ကျင်း၊ နံနက်ခင်း၌။ သူရိယေ၊ လေးကျွန်းစကြာ၊ ရက်မကွာအောင်၊ ဆက်ကာရောင်လင်း၊ ရှင်နေမင်းသည်။ ဥဒယန္တေ၊ ဥဒည်တောင်ထက်၊ ပြောင်ပြောင်လက်ကာ၊ တက်၍လာသည်ရှိသော်။ တေ၊ ဆံကျစ်ကိုနင်း၊ လည်ပင်းနင်းနှင့်၊ မှားယွင်းပျက်လေ့၊ သင်နာရဒရသေ့၏။ မုဒ္ဓါ၊ ကိုယ်ဒြဗ်တွင်၊ အမြတ်ပင်ဟု၊ မှတ်ထင်ခတ်နှိပ်၊ ခေါင်းဦးထိပ်သည်။ သတ္တဓာ၊ အစိတ်စိတ်ဖြာ၊ ၇-လွှာတိုင်အောင်။ ဖလတု၊ ဖြစ်ပုံကိုပဲ၊ မကြည့်ရဲအောင်၊ မလွဲမသွေ၊ ကွဲပါစေသတည်း။

နာရဒရသေ့သည် "ကျွန်ုပ်အား အပြစ်မရှိ-ဟု ကျွန်ုပ်ပြောဆို တောင်းပန်စဉ်ကပင် လျှင် အသင်တို့သည် ကျိန်ဆဲဘိ၏။ အကြင်သူအား အပြစ်ရှိ၏။ ထိုအပြစ်ရှိသောသူ၏ ဦးခေါင်းသည် ကွဲစေသတည်း၊ အပြစ်မရှိသောသူ၏ ဦးခေါင်းသည် မကွဲပါစေသတည်း"ဟု ဆို၍-

(ခ) သဟဿရံသိ သတတေဇော၊ သူရိယော တမဝိနောဒနော။
ပါတော'ဒယန္တေ သူရိယေ၊ မုဒ္ဓါ တေ ဖလတု သတ္တဓာ။ ။

ဟူသော ဂါထာဖြင့် ပြန်လှန်၍ ကျိန်ဆဲလိုက်လေ၏။

မှတ်ချက်။ ။ဤဂါထာ၏အနက်သည် အထက်ဂါထာ၏ အနက်နှင့် မထူးပြီ။ "တေ၊ သင် ဒေဝိလရသေ့၏"ဟု တေ-ကိုသာ ဒေဝိလအတွက် ပြင်၍ပေးပါလေ။

ထိုနာရဒရသေ့သည်ကား ကြီးမားသော အာနုဘော်ရှိ၏။ လွန်လေပြီးသော အတိတ်၌ ကမ္ဘာ-၄၀၊ လာလတ္တံ့သော အနာဂတ်၌ ကမ္ဘာ-၄၀၊ ဤသို့ ၈၀-သော ကမ္ဘာတို့ကို အောက်မေ့ဆင်ခြင် ထင်မြင်နိုင်၏။ ထို့ကြောင့် "ကျိန်စာ ဘယ်သူ့အပေါ်၌ ကျအံ့နည်း"ဟု ဆင်ခြင်လတ်သော် "ဆရာဒေဝိလရသေ့၏ ထိပ်ထက်၌ ကျအံ့"ဟု သိ၍ ဒေဝိလရသေ့၌ အစဉ်သနားသည်ကို စွဲလျက် တန်ခိုးစွမ်းဖြင့် နေအရုဏ်တက်ခြင်းကို တားမြစ်ထားလေ၏။

မြို့သူ့မြို့သားတို့သည် နေအရုဏ် မတက်သည်ရှိသော် မင်းအိမ်တံခါးသို့ သွားကြ၍ "အရှင်မင်းကြီး၊ အရှင်မင်းကြီး မင်းပြုကာမှ နေအရုဏ် မတက်ပါ၊ ကျွန်ုပ်တို့အတွက် နေအရုဏ် တက်ပါစေလော့"ဟု မြည်တမ်းပြောဆိုကြကုန်၏။ မင်းသည် မိမိကိုယ်ဖြင့် ပြုအပ်သော အမှု-စသည်တို့ကို ကြည့်ရှုလတ်သော် တစ်စုံတစ်ခု မသင့်သောအမှုကို မမြင်မိသောကြောင့် "အဘယ်သို့သော အကြောင်းနည်း"ဟု ကြံသောအခါ "ရသေ့ရဟန်းတို့ ငြင်းခုံခြင်းသည် ဖြစ်ရာ၏"ဟု ယုံမှားသံသယရှိသည်ဖြစ်၍ "အသို့နည်း။ ဤမြို့၌ ရသေ့ရဟန်းတို့ ရှိကုန်သလော"ဟု မေးလျှင် "အရှင်မင်းကြီး၊ ယမန်နေ့ ညချမ်းအခါက အိုးထိန်းသည်၏

ဇရပ်၌ ရောက်လာသော ရသေ့တို့ ရှိပါကုန်၏”ဟု လျှောက်လတ်သော် မင်းသည် ထိုခဏ၌ ပင်လျှင် မီးရှူး,မီးတိုင်တို့ကို ညှိထွန်းလျက် အိုးထိန်းသည်၏ဇရပ်သို့ သွား၍ နာရဒရသေ့ကို ရှိခိုးကာ တင့်အပ်လျောက်ပတ်သောနေရာ၌ နေလျက်-

(၈)　　ကမ္မန္တာ နပ္ပဝတ္တန္တိ၊ ဇမ္ဗုဒီပဿ နာရဒ။
　　ကေန လောကော တမောဘူတော၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဟူသော ဂါထာကို ဆို၍လျှောက်လေ၏။

(၈) “နာရဒ၊ နာရဒ-ဟု၊ နာမထင်ရှား၊ အရှင်ဘုရားရသေ့။ ဇမ္ဗုဒီပဿ၊ ဇမ္ဗူဒီပါ၊ ကျွန်းမှာနေကြား၊ လူအများ၏။ ကမ္မန္တာ၊ အမှုကိစ္စ၊ ဟူသမျှတို့သည်။ နပ္ပဝတ္တန္တိ၊ အမှောင်အုပ်၍၊ ပြုလုပ်ဖို့ရာ၊ မဖြစ်နိုင်ကြပါကုန်။ ကေန၊ ဘယ်လိုအတိတ်၊ ဘယ်နိမိတ်ကြောင့်။ လောကော၊ အများတည်ရာဌာန၊ ဤဩကာသလောကကြီးသည်။ တမောဘူတော၊ မသိမမြင်၊ ကြည့်မထင်အောင်၊ တပြင်လုံးလုံး၊ အမိုက်အမှောင်, ဖုံးရပါသနည်း။ တံ၊ ထိုသို့ အမိုက်မှောင်ဖုံးခြင်း၊ အကြောင်းရင်းကို။ ပုစ္ဆိတော၊ အမှန်တပ်အပ်၊ မသိလတ်၍၊ မေးလျှောက်အပ်သော။ တွံ၊ ပညာစုံလင်၊ ကုန်ထင်မြင်ငြား၊ အရှင်ဘုရားသည်။ မေ၊ ဗာရာဏသီ၊ တိုင်းပြည်အုပ်ချုပ်၊ မင်းဖြစ်သော အကျွန်ုပ်အား။ အက္ခာဟိ၊ အမှန်ထင်လင်း၊ အသိရှင်းအောင်၊ ဖြစ်ခြင်းကြောင်းရာ၊ မိန့်ဟတော်မူပါဘုရား။”

နာရဒရသေ့သည် အလုံးစုံသောအကြောင်းကို ပြောကြား၍ “ငါသည် ဆရာ ဒေဝိလရသေ့၏ ဦးခေါင်း ၇-စိတ်ကွဲအံ့သည်ကို မြင်သောကြောင့် ထိုဒေဝိလရသေ့ကို အစဉ်သနားသည်ကို စွဲ၍ အရုဏ်တက်ခွင့်မပေးဘဲ အရုဏ်မတက်ရန် ငါ-မိဋ္ဌာန်ထားသည်”ဟု ပြောဆိုလေ၏။

“အရှင်ဘုရား၊ အဘယ်သို့ပြုပါက ထိုဒေဝိလရသေ့အား အန္တရာယ်မဖြစ်ရာအံ့နည်း”ဟု မေးလတ်သော် “အကယ်၍ ငါ့ကို ကန်တော့သည် ဖြစ်အံ့။ အန္တရာယ် မဖြစ်နိုင်ရာ”ဟု ဆို၏။ “ထိုသို့ဖြစ်မူ ကန်တော့ပါလော့”ဟု ဒေဝိလရသေ့ကို ပြောဆိုသော် ဒေဝိလရသေ့သည် “မင်းကြီး၊ ဤနာရဒရသေ့ကား ငါ့ကို ဆဲကျစ်,လည်ပင်းတို့၌ နင်းဘိ၏။ ငါသည် ဤရသေ့စဉ်းလဲကို မကန်တော့နိုင်”ဟု ဆို၏။ “အရှင်ဘုရား၊ ဤသို့ မပြုပါလင့်။ ကန်တော့ပါလော့”ဟု လျှောက်သော်လည်း “မကန်တော့နိုင်”ဟု ဆိုလျှင် “သင်ရသေ့၏ ဦးခေါင်း ၇-စိတ်ကွဲပါလိမ့်မည်”ဟု ဆိုပြန်သော်လည်း မကန်တော့ဘဲ နေသည်သာတည်း။ ထိုအခါ မင်းသည် ဒေဝိလရသေ့ကို “သင်သည် မိမိအလိုအားဖြင့် မကန်တော့ဘဲသာ နေပေလတ္တံ့”ဟု ဆို၍ လက်, ခြေ, ဝမ်းဗိုက်, လည်ဂုတ်တို့၌ ဆွဲကိုင်စေလျက် နာရဒရသေ့၏ ခြေရင်း၌ ဦးခေါင်းညွတ်ကာ ကန်တော့စေ၏။

နာရဒရသေ့သည် "ဆရာဒေဝိလ၊ ထတော်မူပါလော့။ သင့်အား သည်းခံပါ၏"ဟု ဆို၍ "မင်းကြီး၊ ဒေဝိလရသေ့သည် မိမိ၏စိတ်အလိုအတိုင်း ကန်တော့သည် မဟုတ်၊ သို့အတွက် မြို့၏အနီး၌ရှိသည့် ရေအိုင်မှာ ဒေဝိလရသေ့ကို ဦးခေါင်း၌ မြေစိုင်ခဲ တင်ထား၍ လည်ပင်းပမာဏရှိသောရေ၌ ထားလေလော့"ဟု ဆိုလျှင် မင်းကြီးသည်လည်း နာရဒရသေ့ ဆိုသည့်အတိုင်း ပြုလုပ်စေ၏။ ထိုအခါ နာရဒရသေ့သည် ဒေဝိလရသေ့ကို ခေါ်၍ "ဆရာ ဒေဝိလ၊ ကျွန်ုပ်တန်ခိုးဖြင့် လွှတ်လိုက်၍ နေရောင်တက်လာသည်ရှိသော် ရေ၌ငုပ်ကာ တပါးသောနေရာဖြင့် ကူး၍သွားပါလော့"ဟု ပြောဆိုလေ၏။ ထိုဒေဝိလရသေ့အား နေ အရောင်တို့ဖြင့် တွေ့ထိကာမျှ၌သာလျှင် မြေစိုင်သည် ၇-စိတ်ကွဲလေ၏။ ထိုဒေဝိလရသေ့ သည်လည်း ရေ၌ငုပ်၍ တပါးသောအရပ်သို့ ပြေးသွားလေ၏။

ဘုရားရှင်သည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ "ချစ်သားရဟန်းများတို့ ထိုအခါ မင်းသည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏။ ဒေဝိလရသေ့သည် တိဿမထေရ် ဖြစ်လာ၏။ နာရဒရသေ့သည် သင်တို့ဆရာ ငါဘုရား ဖြစ်လာ၏"ဟု ဇာတ်ကို ပေါင်းတော်မူ ကာ "ထိုအခါကလည်း ဤရဟန်းကြီးသည် ဆိုနိုင်ခက်သည်သာလျှင်တည်း"ဟု မိန့်တော်မူ၍ တိဿမထေရ်ကို ခေါ်တော်မူပြီးလျှင် "ချစ်သား တိဿ၊ ရဟန်းကောင်းတို့မည်သည်ကား 'ဤမည်သောသူသည် ငါ့ကို ဒေါသအမျက် ထွက်ပြီ။ ဤမည်သောသူသည် ငါ့ကို ပုတ်ခတ်ပြီ။ ဤမည်သောသူသည် ငါ့ကို အောင်နိုင်ပြီ။ ဤမည်သောသူသည် ငါ၏ဥစ္စာကို ဆောင်ယူပြီ' ဟု အဖန်ဖန်ကြံစည်သော ရဟန်းအား ရန်သည် မငြိမ်းနိုင်။ ဤကဲ့သို့ ရန်ငြိုးမထား၊ ပယ်ရှား နိုင်သောသူအားသာလျှင် ဘေးရန်ကင်းပျောက် ငြိမ်းအေးခြင်းသို့ ရောက်နိုင်လေ၏"ဟု မိန့်တော်မူ၍ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "အက္ကောစ္ဆိ မံ အဝဓိ မံ" စသော ဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၄) ဒေသနာတော်၏အကျိုး

ဂါထာ ဒေသနာတော်၏အဆုံး၌ ၁-သိန်းသော ရဟန်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။ ဟောကြားတော်မူအပ်သော ဒေသနာတော်သည်လည်း လူများအပေါင်းအား အကျိုးတရားများသော တရားဒေသနာတော်ဖြစ်လေ၏။ ဆိုနိုင်ခက် သော တိဿရဟန်းသည်လည်း ဆိုနိုင်လွယ်သော ရဟန်းသာလျှင် ဖြစ်လေ၏။

★★★★★★★

# ၄။ ကာဠယက္ခိနီဝတ္ထု

## (၁) ဒေသနာတော်

### "ရန်ကိုရန်ချင်း မတုံ့လျှင်းသင့်ကြောင်း" ကာဠီဘီလူးမ-စသည်တို့အား ဟောကြားတော်မူခြင်း

**၅။ န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီ'ဓ ကုဒါစနံ။**
**အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။ ။**

၅။ ဣဓ လောကေ၊ ဒေါသတရား အဖြစ်များ၍၊ ကြိမ်းဝါးမောင်းမဲ၊ မာန်မစဲဘဲ၊ ရန်ပွဲများလှ၊ ဤလောက၌။ ဝါ၊ သူတမျိုး,ငါတဖုံ၊ မောဟစုံ ရောပွမ်းလျက်၊ ဒေါသလွှမ်းနေကြသည့် ဤလောက၌။ ဝေရေန၊ ရန်ကိုရန်ချင်း၊ တုံ့ပြန်လျှင်းသဖြင့်။ ဝေရာနိ၊ သူတော်စင်တို့ မခင်မကြိုက်၊ အမိုက်ပြင်းထန်၊ ခိုက်ရန်ဟူသမျှတို့သည်။ ဝါ၊ ပြုခဲ့သမျှ ခိုက်ရန်-စသည်တို့သည်။ ကုဒါစနံ၊ တရံတဆစ်မျှ။ ဝါ၊ ဘယ်လောက်ချိန်ကြာ၊ ဘယ်သောခါမှ။ န ဟိ သမ္မန္တိ၊ ထိန်းသိမ်းမပိုင်၊ မငြိမ်းနိုင်ကြလေကုန်။ ဝါ၊ ဆထက်သာတိုး၊ ရန်မကျိုးဘဲ၊ တိုးကာပြန့်ခိုင်၊ မပျောက်ငြိမ်းနိုင်ကုန်သည်သာလျှင်တည်း။ အဝေရေန စ၊ ရန်ကိုရန်ချင်း၊ မတုံ့လျှင်းသဖြင့်သာလျှင်။ ဝေရာနိ၊ ရန်တို့သည်။ သမ္မန္တိ၊ တဦးကိုတဦး၊ မေတ္တာကူးသဖြင့်၊ ကြည်နူးဝမ်းသာ၊ ဘယာမကိန်း၊ ရန်ဇာတ်သိမ်းလျက်၊ အေးငြိမ်းပျောက်ကင်းနိုင်ကြပါကုန်၏။ ဧသ ဧသော ဓမ္မော၊ ဤသို့ ရန်ကိုရန်ချင်း၊ မတုံ့လျှင်းဘဲ၊ ပျောက်ကင်းအေးငြိမ်းနိုင်ခြင်းသည်။ သနန္တနော၊ မပျက်မကွက်၊ ရှေးအဆက်ဆက်၌ဖြစ်သော။ ဓမ္မော၊ သူတော်ကောင်းတို့၊ ထုံးဟောင်းစဉ်လာ၊ ဓမ္မတာသဘောပင်တည်း။

----- x -----

## (၂) ဆောင်ပုဒ်

ရန်ကိုရန်ချင်း၊ တုံ့ပြန်လျှင်းမူ၊ ရန်တင်းကာပို၊ မပျောက်ဆို၏။ ရန်ကိုရန်ချင်း၊ မတုံ့လျှင်းမှ၊ ရန်ကင်းပျောက်ကာ၊ အေးငြိမ်းရာသည်၊ ရှေးလာသူမြတ် ထုံးစံတည်း။

"**န ဟိ ဝေရေန ဝေရာနိ**"အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ မိန်းမမြုံ ၁-ဦးကို အကြောင်းပြု၍ ဟောတော်မူ၏။

**ဒေသနာတော်** ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ သူကြွယ်သား ၁-ဦးသည် ဖခင်သေလွန်လတ်သော် လယ်ယာကိစ္စ, အိမ်ကိစ္စအဝဝတို့ကို မိမိ ၁-ယောက်တည်း ပြုလုပ်

လျက် မိခင်ကို လုပ်ကျွေးနေသတတ်။ ထိုအခါ သူ၏မိခင်က "သင်ချစ်သား၊ သင့်အား သတို့သမီး ၁-ယောက်ကို ထိမ်းမြားဆောင်နှင်းပေးအံ့"ဟု ဆိုလျှင် "မိခင်၊ ဤသို့ မဆိုကုန်ပါလင့်။ ကျွန်ုပ် အသက်ထက်ဆုံး သင်-မိခင်တို့ကို လုပ်ကျွေးပါအံ့"ဟု ဆိုရာ မိခင်သည် "ချစ်သား၊ လယ်ယာကိစ္စ, အိမ်ကိစ္စတို့ကို သင်ချည်းသာ ပြုလုပ်ရသောကြောင့် ငါ၏စိတ် မချမ်းမြေ့ပါ၊ ထိမ်းမြားဆောင်နှင်းအံ့"ဟု ဆိုလေ၏။

သားဖြစ်သူသည် အဖန်ဖန် ငြင်းပယ်ပြီးလျှင် ဆိတ်ဆိတ်သာ နေလေ၏။ မိခင်သည် ၁-ဦးသော အမျိုးအိမ် ၁-အိမ်သို့ သွားလိုသည်ဖြစ်၍ အိမ်မှ ထွက်လေလျှင် သားသည် မိခင်ကို "အဘယ်အမျိုးအိမ်သို့ သွားမည်နည်း"ဟု မေးမြန်း၍ "ဤမည်သော အမျိုးအိမ်သို့ သွားအံ့"ဟု ဆိုလတ်သော် ထိုအမျိုးအိမ်သို့ သွားခြင်းကို တားမြစ်၍ မိမိကြိုက်နှစ်သက်သော အမျိုးအိမ်ကို ညွှန်ကြားပြသလေ၏။ မိခင်သည်လည်း သားညွှန်ကြားသော အမျိုးအိမ်သို့ သွားရောက်၍ သတို့သမီးငယ်ကို စေ့စပ်ကြောင်းလမ်းပြီးလျှင် နေ့ရက်သတ်မှတ်ကာ ထိုသတို့သမီးကို ခေါ်ဆောင်ခဲ့၍ သား၏အိမ်၌ နေထိုင်စေ၏။

ထိုသတို့သမီးသည်ကား **မိန်းမမြုံ** ဖြစ်နေ၏။ ထိုအခါ သားဖြစ်သူကို မိခင်သည် "ချစ်သား၊ သင့်သဘောကျ ခေါ်ဆောင်ခဲ့သည့် အိမ်ရှင်မ သတို့သမီးငယ်သည် ယခုအခါ အမြုံမ ဖြစ်နေ၏။ သားသမီး မရှိသည့် အမျိုးမည်သည်လည်း ပျက်စီးတတ်၏။ အမျိုးမဆက်နိုင်။ သို့အတွက် သင့်အား အခြားအမျိုးသမီး ၁-ဦးကို ဆောင်နှင်းဦးအံ့"ဟု ဆိုလေ၏။

သားသည် "မိခင်၊ မသင့်လျော်ပါ"ဟု ပယ်မြစ်ငြားသော်လည်း မိခင်သည် အဖန်ဖန် ပြောဆိုလေ၏။ မိန်းမမြုံသည် မိခင်ပြောဆိုသော စကားကို ကြားရ၍ "သားတို့မည်သည် မိဘတို့စကားကို လွန်ဆန်ခြင်းငှာ မတတ်သာကုန်။ ယခုအခါ ငါမှတပါး အခြားသားသမီး ထွန်းကားနိုင်မည့် မိန်းမကို ဆောင်ယူ၍ ငါ့ကို ကျွန်မအရာ၌ ထားလတ္တံ့။ ငါကိုယ်တိုင်ပင် သတို့သမီး ၁-ဦးကို ခေါ်ဆောင်ရလျှင် ကောင်းပေလိမ့်မည်"ဟု ကြံပြီးလျှင် အမျိုးအိမ် ၁-အိမ်သို့ သွား၍ မိမိခင်ပွန်းယောကျ်ားဖို့ရာ သတို့သမီးကို တောင်းရမ်းပြောဆိုသောအခါ "ချစ်သမီး၊ အဘယ်သို့သော စကားကို ပြောကြားဘိသနည်း"ဟု ထိုသတို့သမီး၏ မိဘတို့သည် ငြင်းပယ်လိုက်သည်ရှိသော် "ကျွန်မသည် မိန်းမမြုံပါတည်း။ သားသမီးမရှိသော အမျိုးမည်သည် ပျက်စီးတတ်ပါ၏။ သင်တို့၏သမီးသည် သားသမီးများ ထွန်းကားခဲ့သည်ရှိသော် သူကြွယ်၏အိမ်ရှင်မ ဖြစ်ရပါလတ္တံ့၊ ကျွန်မ၏ခင်ပွန်းဖို့ရာ သတို့သမီးကို ပေးကြပါကုန်လော့" ဟု တောင်းရမ်းကာ ဝန်ခံစေ၍ ခေါ်ဆောင်ခဲ့ပြီးလျှင် မိမိလင်၏အိမ်၌ နေထိုင်စေ၏။

----- x -----

## (၃) မိန်းမမြုံ၏ မကောင်းသော အကြံ

ထို့နောက် မိန်းမမြုံအား "ဤသတို့သမီးငယ်သည် အကယ်၍ သားသမီးရသည် ဖြစ်အံ့။ ဤသတို့သမီးငယ်သည်သာလျှင် ဥစ္စာရှင်ဖြစ်လတ္တံ့။ ထိုသတို့သမီးငယ်ကို သားသမီး မရအောင် ကြံဆောင်ပြုလုပ်ခြင်းငှာ သင့်၏"ဟု အကြံဖြစ်လေ၏။ ထိုအခါ မိန်းမမြုံသည် သတို့သမီးငယ်ကို "ချစ်သမီး၊ သင့်ဝမ်း၌ ကိုယ်ဝန်တည်နေ စွဲကပ်သောအခါ ငါ့အား ပြောကြားပါလော့"ဟု ဆိုရာ "ကောင်းပါပြီ"ဟု သတို့သမီးငယ်သည် ဝန်ခံ၍ ကိုယ်ဝန်တည် သောအခါ မိန်းမမြုံအား ပြောကြားလေ၏။ မိန်းမမြုံသည် သတို့သမီးငယ်အား မိမိကိုယ် တိုင်ပင် အစဉ်မပြတ် ယာဂုထမင်း တိုက်ကျွေး၏။ ထိုသို့ အစာကျွေးစဉ်အခါ သတို့သမီးငယ် အား အစာအာဟာရနှင့် ရောလျက် ကိုယ်ဝန်ပျက်ဆေးကို ပေးရာ ကိုယ်ဝန်သည် လျှောကျ ပျက်စီးလေ၏။

ဒုတိယအကြိမ်မြောက် ကိုယ်ဝန်တည်၍ ပြောကြားပြန်သောအခါ၌လည်း မိန်းမမြုံ သည် ရှေးနည်းအတူပင် ကိုယ်ဝန်ကို ဖျက်ချပြန်လေ၏။ ထိုအခါ သတို့သမီးငယ်ကို အိမ်နီးနား ချင်း မိန်းမတို့သည် "အသို့နည်း။ သင့်ရန်သူဖြစ်သည့် လင်တူမယားကြီးသည် အန္တရာယ်ကို ပြုလေသလော"ဟု မေးမြန်းကြကုန်၏။ သတို့သမီးငယ်သည် ထိုအကြောင်းအရာကို ပြောကြားရာ "ဟယ်အမိုက်မ၊ အဘယ်ကြောင့် ဤသို့ပြုဘိသနည်း။ ဤမိန်းမမြုံသည် သင်အစိုးတရဖြစ်ခြင်းဘေးမှ ကြောက်သောကြောင့် ကိုယ်ဝန်ကျဆေးကို ပေးသည့်အတွက် သင့်ကိုယ်ဝန်သည် ပျက်ကျခဲ့၏။ နောက်တဖန် ဤသို့ပြောကြားမှုကို မပြုလေလင့်"ဟု ပြောဆိုကြ၍ သတို့သမီးငယ်သည် ၃-ကြိမ်မြောက် ကိုယ်ဝန်တည်ရှိသောအခါ မိန်းမမြုံအား မပြောကြားဘဲ ထားလေ၏။

ထိုအခါ မိန်းမမြုံသည် သတို့သမီးငယ်၏ ကိုယ်ဝန်ရှိသောဝမ်းကို မြင်၍ "ကိုယ်ဝန် တည်ရှိကြောင်းကို အဘယ်ကြောင့် ငါ့အား မပြောကြားသနည်း"ဟု မေးမြန်းလေလျှင် "သင်သည် ငါ့ကို ခေါ်ဆောင်လာခဲ့ပြီးလျှင် လှည့်ပတ်၍ ၂-ကြိမ်တိုင်တိုင် ငါ့ကိုယ်ဝန်ကို ဖျက်ဆီးဘိ၏။ အဘယ်အကျိုးငှာ သင့်အား ပြောဆိုပါတော့အံ့နည်း"ဟု ဆိုလတ်သော် "ယခုအခါ ငါ့အကြံ ပျက်စီးဆုံးရှုံးအံ့လေပြီ"ဟု ကြံ၍ ထိုသတို့သမီး၏ မေ့လျော့ခြင်းကို စောင့်ကြည့်လျက်နေစဉ် ကိုယ်ဝန်ရင့်သောအခါကျမှ အခွင့်ရ၍ ကိုယ်ဝန်ကျဆေးကို ဖော်စပ်၍ ပေးလေ၏။ ကိုယ်ဝန်သည် ရင့်သည်၏အဖြစ်ကြောင့် လျှောကျခြင်းငှာ မတတ် နိုင်တော့ရကား ဖီလာကန့်လန့် အိပ်စက်ကာ ပြင်းထန်စွာ ဝေဒနာနှိပ်စက်လျက် အသက် စိုးရိမ်ဖွယ်ရာအခြေသို့ ရောက်၍နေလေ၏။

## (၄) ကြောင်မနှင့် ကြက်မဖြစ်ကြခြင်း

ထိုသတို့သမီးသည် သေခါနီး၌ "ငါ့ကို သင်သည် ဖျက်ဆီးအပ်ပြီ။ သင်သည်ပင်လျှင် ငါ့ကို ခေါ်ဆောင်လာခဲ့ပြီး သင်သည်ပင်လျှင် ၃-ကြိမ်တိုင်တိုင် ကိုယ်ဝန်တည်စ သူငယ်တို့ကို ဖျက်ဆီး၏။ ယခုအခါ ငါလည်း သေကြေပျက်စီးရတော့အံ့။ ယခု ဤကိုယ်အဖြစ်မှ စုတေ သေလွန်လတ်သော် ဘီလူးမဖြစ်၍ သင့်သားငယ်များကို စားခြင်းငှာ စွမ်းနိုင်မည့်သူ ဖြစ်ရပါစေသား"ဟု ဆုတောင်း၍ သေလွန်လေသည်ရှိသော် ထိုအိမ်၌ပင် ကြောင်မ ဖြစ်လေ၏။ မိန်းမမြုံကိုလည်း လင်သူကြွယ်သည် ဆွဲကိုင်လျက် "သင်သည် ငါ့အမျိုးအနွယ် ဖြတ်ခြင်းကို ပြုဘိ၏"ဟု တတောင်ဆစ်, ဒူးခေါင်း-စသည်တို့ဖြင့် ထောင်းထုပုတ်ခတ်ခြင်းကို ပြုလေရာ ပြင်းထန်လှစွာသော ဝေဒနာဖြင့်ပင်လျှင် သေလွန်လျက် ထိုအိမ်၌ပင် ကြက်မ ဖြစ်လေ၏။ ထိုကြက်မသည် မကြာမြင့်မီ အဥတို့ကို ဥလတ်သော် ကြောင်မသည် ထိုအဥတို့ကို လာ၍ စား၏။ ၂-ကြိမ်မြောက် ဥသောအခါ, ၃-ကြိမ်မြောက် ဥသောအခါတို့၌လည်း ထိုအတူ စားသည်သာလျှင်တည်း။

----- x -----

## (၅) သစ်မနှင့် သမင်မဖြစ်ကြပြန်ခြင်း

ထိုအခါ ကြက်မသည် "ငါ့အဥတို့ကို ၃-ကြိမ်တိုင် စားပြီး၍ ယခု ငါ့ကိုလည်း စားလိုပြန်၏။ စားတော့မည်မှာ သေချာလှ၏"ဟု ကြံ၍ "ငါသည် ဤကိုယ်အဖြစ်မှ စုတေ သေလွန်သောအခါ သားသမီးနှင့်တကွသော ထိုကြောင်မကို စားနိုင်ရပါစေသား"ဟု ဆုတောင်း၍ သေလွန်လေသည်ရှိသော် တော၌ သစ်မ ဖြစ်လေ၏။ ကြောင်မသည်ကား သမင်မ ဖြစ်ပြန်လေ၏။ ထိုသမင်မ သားဖွားသောအခါ သစ်မသည် လာ၍ သားငယ်တို့ကို ၃-ကြိမ်, ၃-ခါ စားပြန်လေ၏။

----- x -----

## (၆) ဘီလူးမနှင့် လူမဖြစ်ကြပြန်ခြင်း

သမင်မသည် သေလွန်ခါနီးကာလ၌ "ဤသစ်မသည် ငါ၏သားငယ်တို့ကို ၃-ကြိမ်, ၃-ခါ စားပြီး၍ ယခု ငါ့ကိုလည်း စားတော့လတ္တံ့။ ဤကိုယ်အဖြစ်မှ စုတေသေလွန်သည်ရှိသော် သားသမီးနှင့်တကွသော ဤသစ်မကို စားနိုင်ရပါစေသား"ဟု ဆုတောင်း၍ သေလွန်လေသည်ရှိသော် ဘီလူးမ ဖြစ်လေ၏။ သစ်မသည်လည်း စုတေ၍ သာဝတ္ထိပြည်၌

**အမျိုးသမီး** ဖြစ်လေ၏။ ထိုအမျိုးသမီးသည် အရွယ်သို့ ရောက်လတ်သော် သာဝတ္ထိပြည် တံခါးနှင့် နီးကပ်သောရွာဝယ် လင့်အိမ်သို့ လိုက်သွားပြီးနောက် သား ၁-ယောက် ဖွားမြင်သောအခါ ဘီလူးမသည်လည်း ထိုအမျိုးသမီး၏ မိတ်ဆွေချစ်အသွင်ဖြင့် လာ၍ "ငါ့မိတ်ဆွေချစ်မ၊ အဘယ်မှာနည်း"ဟု မေးရာ "အိမ်ခန်းတွင်း၌ မျက်နှာမြင်လျက် ရှိ၏"ဟု ဆိုလတ်သော် "သားယောကျ်ားပင် ဖွားမြင်လေသလော၊ သို့တည်းမဟုတ် သမီးမိန်းမပင် ဖွားမြင်လေသလော"ဟု မေးမြန်းလျက် "ကြည့်ဦးအံ့"ဟု အိမ်ခန်းတွင်းသို့ ဝင်ပြီးလျှင် ကြည့်ရှုလေဟန်ကဲ့သို့ သူငယ်ကို ယူငင်၍ စားပြီးလျှင် သွားလေတော့၏။

တဖန် ဒုတိယအကြိမ် ဖွားမြင်သောအခါ၌လည်း ရှေးနည်းအတူသာလျှင် စား၍ သွားပြန်၏။ တတိယအကြိမ်မြောက် ကိုယ်ဝန်အရင့်အမာရှိသောအခါ အမျိုးသမီးသည် ခင်ပွန်းသည်ယောကျ်ားကို ခေါ်၍ "အရှင်၊ ဤအရပ်၌ ဘီလူးမ ၁-ယောက်သည် ကျွန်ုပ်၏ သားငယ် ၂-ယောက်တို့ကို စားသွားခဲ့လေပြီ။ သို့အတွက် ယခုအခါ ကျွန်ုပ်၏ မိဘအိမ်သို့ သွား၍ ဖွားမြင်ချေပါအံ့"ဟု တိုင်ပင်ပြီးလျှင် မိဘအိမ်သို့ ပြန်သွား၍ ဖွားမြင်လေ၏။

----- x -----

## (၇) ဘီလူးမ ရေခပ်လှည့် ကျနေခြင်း

ထိုအခါ ဘီလူးမသည် ရေခပ်ရန် အလှည့်ကျရာသို့ သွားရောက်ရလေ၏။ မှန်၏။ ဘီလူးမတို့သည် ဝေဿဝဏ်နတ်မင်းအား အလှည့်ကျအားဖြင့် အနဝတတ်အိုင် (အနောတတ္တဒဟ၊ ဟိမဝန္တာ၌ အပူကင်း၍ အလွန်အေးမြသော ရေအိုင်ကြီး)မှ ရေကို ဦးခေါင်းအဆင့်ဆင့်ဖြင့် သယ်ယူပို့ဆက်ကြရကုန်ရာ ၄-လ,၅-လ လွန်မြောက်မှသာ လွတ်ကြကုန်၏။ **ဤကား ဘီလူးမတို့ ရေခပ်လှည့်ကျပုံတည်း။**

အခြားသော ဘီလူးမတို့သည်ကား ပင်ပန်းသော ကိုယ်ခန္ဓာ ရှိကြကုန်သည်ဖြစ်၍ အသက်ကုန်ခြင်းသို့ပင် ရောက်ကြရကုန်၏။ ထိုဘီလူးမသည်ကား ရေခပ်လှည့်မှ လွတ်လျှင် လွတ်ချင်း လျင်မြန်စွာ ထိုအိမ်သို့ သွား၍ "ငါ့မိတ်ဆွေချစ်မ၊ အဘယ်မှာနည်း"ဟု မေးမြန်းရာ "ထိုသတို့သမီးကို သင် ဘယ်မှာ တွေ့နိုင်အံ့နည်း။ ထိုသတို့သမီးသည်ကား ဤအိမ်၌ ဖွားတိုင်း,ဖွားတိုင်းသော သူငယ်တို့ကို ဘီလူးမ လာ၍ စားသောကြောင့် သူ၏ဖခင်အိမ်သို့ သွား၏"ဟု ဆိုလတ်သော် ထိုဘီလူးမသည် "မည်သည့်အရပ်သို့ပင် သွားသည်ဖြစ်စေ၊ ငါ၏ လက်တွင်းမှ လွတ်လိမ့်မည် မဟုတ်"ဟု ကြိမ်းဝါးကာ ရန်ငြိုးအရှိန်ကြောင့် ကောင်းစွာ စိတ်အားစိုက်လျက် မြို့တွင်းသို့ ရှေးရှုပြေးလိုက်၍ သွားလေ၏။

----- x -----

## (၈) သားငယ်ကို စားမည်ပြုစဉ် ဘုရားသခင်နှင့် တွေ့ခြင်း

အမျိုးသမီးသည်လည်း နာမည်မှည့်အံ့သောနေ့၌ သူငယ်ကို ရေချိုးစေ၍ နာမည်မှည့်ပြီးလျှင် "အရှင်၊ ယခုအခါ မိမိတို့အိမ်သို့ ပြန်ကြကုန်အံ့"ဟု သားကို ပွေ့ချီလျက် လင်နှင့်အတူတကွ ဇေတဝန်ကျောင်းတော်၏ အလယ်၌ ဖြတ်၍သွားသော လမ်းခရီးဖြင့် သွားကြစဉ် သားကို လင်အား ပေးထား၍ ကျောင်းတော်ရေကန်၌ ရေချိုးပြီးနောက် လင်ယောကျ်ား ရေချိုးလတ်သော် (မိမိက) တက်၍ သားငယ်အား နို့တိုက်လျက် နေစဉ် အဝေးမှ ပြေး၍ လိုက်လာသော ဘီလူးမကို မြင်သည်ရှိသော် မှတ်မိသည်ဖြစ်၍ "အရှင်၊ လျင်စွာလာပါလော့။ ဤပြေးလာသောသူကား သားငယ်တို့ကို စားသွားသည့် ထိုဘီလူးမပင်တည်း" ဟု ကျယ်စွာသောအသံကို ပြုကာ လင်ယောကျ်ားလာသည်တိုင်အောင် ရပ်တည်(စောင့်နေ)ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ပြန်လှည့်လျက် ကျောင်းတော်အတွင်းသို့ ရှေးရှုပြေးဝင်လေ၏။

ထိုအချိန်၌ မြတ်စွာဘုရားသည် ပရိသတ်အလယ်၌ တရားတော်ကို ဟော၍ နေတော်မူ၏။ ထိုအမျိုးသမီးသည် သားငယ်ကို ဘုရားရှင်၏ ခြေဖမိုးတော်ပေါ်၌ အိပ်စေ၍ "တပည့်တော်မသည် အရှင်ဘုရားတို့အား ဤသားငယ်ကို ပေးလှူပါ၏။ တပည့်တော်မ၏ သားငယ်အသက်ကို ကယ်မပေးသနားတော်မူပါကုန်ဘုရား"ဟု လျှောက်ထားလေ၏။ ကျောင်းတံခါးမုခ်၌ စောင့်ရှောက်နေသော သုမနမည်သော နတ်သားသည် ဘီလူးမအား ကျောင်းတွင်းသို့ ဝင်စိမ့်သောငှာ ခွင့်မပေးပေ။ ဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို ခေါ်တော်မူကာ "ချစ်သား အာနန္ဒာ၊ သွားချေ။ ထိုဘီလူးမကို ခေါ်ချေ"ဟု စေလွှတ်တော်မူလိုက်၏။

အရှင်အာနန္ဒာမထေရ်သည် ဘီလူးမကို ခေါ်တော်မူ၍ လာ၏။ အမျိုးသမီးသည် "တပည့်တော်မ၏ သားငယ်တို့ကို စားသွားသော ဤမည်သော ဘီလူးမသည် လာနေပါပြီဘုရား"ဟု လျှောက်ထားလေလျှင် ဘုရားရှင်သည် "လာပါစေ၊ အသံမပြုလင့်"ဟု မိန့်တော်မူလျက် လာ၍ရပ်နေသော ဘီလူးမကို "သင်-အဘယ့်ကြောင့် ဤသို့ ပြုလုပ်ဘိသနည်း။ ငါကဲ့သို့သော ဘုရားရှင်၏ မျက်မှောက်တော်သို့ သင်တို့ ၂-ယောက်လုံး အကယ်၍ မရောက်လာကုန်သည် ဖြစ်အံ့။ မြွေနှင့် မြွေပါ, ဝံနှင့် ကြို့ပင်စောင့်နတ်, ကျီးနှင့် ခင်ပုတ်-တို့ကဲ့သို့ သင်တို့အား ၁-ကမ္ဘာပတ်လုံးတည်သည့် ရန်သူဖြစ်ရတော့အံ့။ အဘယ့်ကြောင့် ရန်ကို ရန်ချင်း တုံ့လှျင်းကြကုန်ဘိသနည်း။ ရန်မည်သည် ရန်တုံ့မမူခြင်းဖြင့်သာ ငြိမ်းအေးနိုင်၏။ ရန်တုံ့မူသဖြင့် တရံတဆစ်မျှ မငြိမ်းအေးနိုင်"ဟု မိန့်တော်မူကာ-

**န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီ'ဓ ကုဒါစနံ။**
**အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။ ။**

ဟူသော ဤဂါထာကို ဟောတော်မူ၏။ (ဤဂါထာ၏အနက်ကို ဤဝတ္ထု၏အစ စာမျက်နှာ ၁၀၅-၌ ပြန်၍ ရှုပါ။)

----- x -----

## (၉) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ ဘီလူးမသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောက်လာသော တရားနာပရိသတ်တို့အားလည်း အကျိုးတရားများသည့် တရားဒေသနာတော်ဖြစ်လေ၏။

----- x -----

## (၁၀) လယ်စောင့်နတ်

ဘုရားရှင်သည် ထိုသို့ တရားဟောကြားတော်မူပြီးသောအခါ ထိုအမျိုးသမီးကို "သင့်သားငယ်ကို ဘီလူးမအား ပေးလိုက်လော့"ဟု မိန့်တော်မူရာ အမျိုးသမီးသည် "ကြောက်လှပါသည်ဘုရား"ဟု လျှောက်ထားလေသော် "မကြောက်လင့်၊ သင့်အား ဤဘီလူးမကို မှီ၍ ဘေးရန်မရှိတော့ပြီ"ဟု မိန့်တော်မူလေ၏။ ထိုအမျိုးသမီးသည် သားငယ်ကို ဘီလူးမအား ပေးလိုက်လေ၏။ ဘီလူးမသည် သားငယ်ကို နမ်းရှုပ်ပွေ့ဖက်ပြီးလျှင် မိခင်အား တဖန် ပြန်၍ပေးကာ ငိုယိုလေ၏။ ထိုအခါ ဘုရားရှင်သည် ဘီလူးမကို "ဤသို့ ငိုခြင်းကား အကြောင်းအသို့နည်း"ဟု မေးတော်မူ၏။ ဘီလူးမသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်မသည် ရှေးအခါက ဟုတ်ဟုတ်ငြားငြား အစားအစာကို ရွေးချယ်လေ့မရှိဘဲ သက်ရှိ၊သက်မဲ့ တွေ့သမျှ ရှာဖွေစားသောက်၍ အသက်မွေးပါသော်လည်း ဝမ်းပြည့်လောက်အောင်ဖြစ်သော အစားအစာကို မရရှိခဲ့ဖူးပါ။ ယခု အဘယ်သို့ အသက်မွေးရပါအံ့နည်း"ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်သည် "မစိုးရိမ်လင့်"ဟု ဘီလူးမကို နှစ်သိမ့်စေပြီးလျှင် "ထိုဘီလူးမကို ခေါ်ဆောင်၍ မိမိအိမ်၌ နေစေပြီးလျှင် ယာဂုဦး, ထမင်းဦးတို့ဖြင့် ပြုစုလုပ်ကျွေးလေလော့"ဟု အမျိုးသမီးကို မိန့်မှာတော်မူ၏။ အမျိုးသမီးသည် ထိုဘီလူးမကို ခေါ်ဆောင်ပြီးလျှင် အိမ်ခေါင်လျှောက်၌ နေစေ၍ ယာဂုဦး, ထမင်းဦးတို့ဖြင့် ပြုစုလုပ်ကျွေးလေ၏။

ထိုအခါ ဘီလူးမ၏စိတ်၌ စပါးထောင်းသောအခါ ကျည်ပွေ့ဖျားဖြင့် ဦးထိပ်ကို ရိုက်နှက် ပုတ်ခတ်ဘိသကဲ့သို့ အထင်ရှိနေ၍ ဘီလူးမသည် မိတ်ဆွေမ-ဖြစ်သည့် အမျိုးသမီးကို ခေါ်ကာ "ဤအရပ်၌ နေခြင်းငှာ မတတ်နိုင်ပါ။ တပါးသောအရပ်၌ ငါ့ကို ထားပါ"ဟု ဆိုသဖြင့် မောင်းတင်းကုပ်, ရေအိုးတုတ်, စဖိုအိမ်, တံစက်ကျရာအရပ်, တံမြက်ချေး စွန့်ရာအရပ်, ရွာတံခါး-ဟု ဆိုအပ်ကုန်သော အရပ်တို့၌ အဆင့်ဆင့် ပြောင်းကာပြောင်းကာ ထားလေ၏။

ထိုသို့ပင် ထားသော်လည်း "ဤမောင်းတင်းကုပ်၌ ငါ၏ဦးခေါင်းကို ကျည်ပွေ့ဖြင့် ထုခွဲသကဲ့သို့ ထင်ပါ၏။ ရေအိုးတုတ် ထားရာအရပ်၌ သူငယ်တို့သည် လုပ်ဆေးရေကို ထွေးစွန့်ကြကုန်၏။ စဖိုအိမ်၌ ခွေးတို့သည် အိပ်ကြကုန်၏။ တံစက်ကျရာအရပ်၌ သူငယ်တို့ သည် အညစ်အကြေး စွန့်ကြကုန်၏။ တံမြက်ချေးစွန့်ရာအရပ်၌ တံမြက်မှိုက် စွန့်ကြကုန်၏။ ရွာတံခါး၌ ရွာသူသားငယ်တို့သည် အမှတ်လက္ခဏာနှင့်ယှဉ်သော (မှတ်တိုင်စက်ခွက်) ကစား ခြင်းကို ကစားကြကုန်၏"ဟု ဆိုလျက် အလုံးစုံသော ထိုအရပ်တို့ကို ပယ်လေ၏။ ထိုအခါ ဘီလူးမကို ရွာ့အပြင်ဖက် ဆိတ်ငြိမ်သောနေရာ၌ ထား၍ စားသောက်ရန် ယာဂုဦး,ထမင်း ဦး-စသည်တို့ကို ထိုအရပ်သို့ ပို့ဆောင်ကာ ကျွေးမွေး၍ ထားလေ၏။

----- x -----

## (၁၁) ဘီလူးမ၏ ကျေးဇူးပြုမှုကြောင့် စီးပွါးတိုးတက်ခြင်း

ထိုဘီလူးမသည် "ယခုအခါ ငါ့မိတ်ဆွေမသည် ငါ့အား ကျေးဇူး အလွန်များပေ၏။ ယခု ငါသည် မိတ်ဆွေမကို ကျေးဇူးတုံ့ပြန်မှု ၁-ခုခုကို ပြုအံ့"ဟု အကြံဖြစ်ကာ "ဤနှစ် မိုးကောင်းလတ္တံ့၊ ကြည်းကုန်းထက်၌ စပါးစိုက်ပျိုးပါ။ ဤနှစ်ကား မိုးခေါင်လတ္တံ့၊ ချိုင့်ဝှမ်း ရာအရပ်၌ စပါးစိုက်ပျိုးပါ"ဟု မိတ်ဆွေမအား ပြောကြားလေ၏။ ဘီလူးမ ပြောသည့်အတိုင်း စိုက်ပျိုးသောအခါ ထိုအမျိုးသမီးအား အလွန်ပင် ပြည့်စုံလျက် စီးပွါးတိုးတက်လေ၏။ ကြွင်းသောသူတို့ စိုက်ပျိုးအပ်သော ကောက်စပါးသည်ကား အလွန်ရေများသဖြင့်လည်း ကောင်း ရေ-မရသဖြင့်လည်းကောင်း ပျက်စီး၏။ ထိုအခါ အခြားသောသူတို့သည် ထိုအမျိုး သမီးကို "ချစ်သမီး၊ သင်စိုက်ပျိုးသည့် ကောက်စပါးသည် အလွန် ရေများသဖြင့်လည်း မပျက်စီး။ ရေ-မရသဖြင့်လည်း မပျက်စီး။ သင်သည် မိုးကောင်းအံ့သည်၏အဖြစ်, မိုးခေါင်အံ့ သည်၏အဖြစ်ကို သေချာစွာ သိ၍ လယ်ယာလုပ်ကိုင်ပါသလော။ ဤအကြောင်းကား အဘယ်သို့ပါနည်း"ဟု မေးမြန်းကြကုန်၏။

ထိုအခါ အမျိုးသမီးသည် "ကျွန်မတို့ မိတ်ဆွေဖြစ်သော ဘိလူးမသည် မိုးကောင်းအံ့သည်၏အဖြစ်, မိုးခေါင်အံ့သည်၏အဖြစ်ကို ပြောကြားပါ၍ ကျွန်မတို့သည် ထိုဘီလူးမ ပြောကြားသည့်အတိုင်း မြင့်ရာအရပ်, နိမ့်ရာအရပ်တို့၌ ကောက်စပါးတို့ကို စိုက်ပျိုးကြပါကုန်၏။ ထို့ကြောင့်သာလျှင် ကျွန်မတို့အား ကောက်စပါး ပြည့်စုံကြပါကုန်၏။ ကျွန်မတို့ အိမ်မှ အမြဲမပြတ် ယာဂု,ထမင်း-စသည် ပို့ဆောင်သည်တို့ကို သင်တို့ မမြင်ကြကုန်သလော။ ထိုယာဂု, ထမင်း-စသည်တို့ကို ထိုဘီလူးမအား ပို့ဆောင်ပသ-ပါကုန်၏။ သင်တို့လည်း ထိုဘီလူးမအား ယာဂုဦး, ထမင်းဦး-စသည်တို့ကို ပို့ဆောင်ပသ-ကြပါကုန်လော့။ ပို့ဆောင်ပသ-ပါက သင်တို့၏ လယ်ယာစိုက်ပျိုးမှု ကိစ္စတို့ကိုလည်း ထိုဘီလူးမသည် ကြည့်ရှုမစ-ပါလတ္တံ့"ဟု ဆိုသောအခါ ပြည်သူ,ပြည်သား အားလုံးတို့သည် ဘီလူးမအား ပူဇော်ပသ-မှုကို ပြုကြကုန်၏။

ဘီလူးမလည်း ထိုအခါမှစ၍ အလုံးစုံသောသူတို့၏ အမှုကိစ္စတို့ကို ကြည့်ရှုမစ-သည်ဖြစ်၍ လာဘ်ကောင်း,လာဘ်မြတ် ကောင်းစွာရသည်၏အဖြစ်သို့ ရောက်ကာ များစွာသောအခြံအရံ ရှိလေ၏။ ထိုဘီလူးမသည်လည်း နောက်အခါ ၈-အုပ်သော စာရေးတံဆွမ်းတို့ကို ဖြစ်စေ၏။ ထို ၈-အုပ်သော စာရေးတံဆွမ်းတို့ကို ယခုကာလ ယနေ့ကျအောင် ပေးလှူပူဇော်လျက် ရှိကြကုန်၏။

ကာဠယက္ခိနီဝတ္ထု ပြီး၏။

★★★★★★★

## ၅။ ကောသမ္ဗကဝတ္ထု

### (၁) ဒေသနာတော်

"ခိုက်ရန်ငြင်းခုံခြင်း၏ အပြစ်, ညီညွတ်ခြင်း၏ အကျိုးတရားများ"ကို
ကောသမ္ဗီပြည်သား ရဟန်းများကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၆။ ပရေ စ န ဝိဇာနန္တိ၊ မယ'မေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။ ။

ဘိက္ခဝေ၊ သံသရာဘေး၊ လာမည့်ရေးကို၊ ကြံတွေးကြောက်ငြား၊ အိုချစ်သားတို့။ ဧတ္ထ သံယမဗွေ၊ ယခုမနေ့း၊ ခိုက်ရန်တေး၍၊ စည်းဝေးရောက်လာ၊ ဤသံဃာတော်တို့၏ အလယ်၌။ ပရေ၊ အမြော်အမြင်၊ ဆင်ခြင်မြင်သိ၊ ပညာရှိမှတပါး၊ ခိုက်ရန်ပွါးသူ၊ တပါးလူတို့

သည်။ မယံ၊ ငါတို့သည်ကား။ ယမာမသေ ဣတိ၊ ဤလောကထဲ၊ အမြဲမနေ၊ သေကျေပျက်စီးရကုန်အံ့-ဟူ၍။ န စ ဝိဇာနန္တိ၊ မိမိရရှ၊ မြတ်ဓမ္မကို၊ သဘာဝစုံ၊ မသိကုန်သည်သာလျှင်တည်း။ တတ္ထ သံဃမဇ္ဈေ၊ စည်းဝေးရောက်လာ၊ ထိုသံဃာတို့၏အလယ်၌။ ယေ စ ပဏ္ဍိတာ၊ ပစ္စုပ်,သံသာ၊ ၂-ဖြာပွါးတိုး၊ ကောင်းကျိုးမြင်သိ၊ အကြင်ပညာရှိတို့သည်ကား။ ယမာမသေ ဣတိ၊ ဤဘဝထဲ၊ အမြဲမနေ၊ သေကျေပျက်ကာ၊ သေမင်းရွာသို့၊ သွားရကုန်ဦးအံ့-ဟူ၍။ ဝိဇာနန္တိ၊ ကောင်းစွာမြင်သိ၊ ဉာဏ်မျက်စိဖြင့်၊ မိမိရရှ၊ သိရှိကြကုန်၏။ တတော၊ ထိုသို့သိခြင်းကြောင့်။ မေဓဂါ၊ မြော်မြင်မရှိ၊ သတိမမူ၊ မိုက်သောသူကို၊ သိမ်းယူပြုဖန်၊ ခိုက်ရန်ငြင်းခုံခြင်းတို့သည်။ သမ္မန္တိ၊ မီးတောက်ရေဖျန်း၊ ဖြစ်ပုံစွမ်းသို့၊ ငြိမ်းချမ်းရကုန်၏။

----- x -----

## (၂) ဆောင်ပုဒ်

လောကရှိနေ၊ သူမိုက်တွေကား၊ အရှည်မတည်၊ ငါသေမည်-ဟု၊ ကြံစည်စဲ့ပိုက်၊ မမြော်လိုက်ဘဲ၊ ရန်ခိုက်ငြင်းခုံ၊ ပွါးများကုန်၏။ များတုံအသိ၊ ပညာရှိကား၊ သတိထား၍၊ ငါကား မမြဲ၊ သေစမြဲ-ဟု၊ စိတ်ထဲတွေးကြံ၊ မှုမမှန်သည့်၊ ခိုက်ရန်ငြင်းခုံ၊ ကင်းစေကုန်သည်၊ မှတ်တုံပညာရှိ နည်းတည်း။

"ပရေ စ န ဝိဇာနန္တိ"အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ကောသမ္ဗီပြည်သား ရဟန်းများကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေသနာတော်ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ကောသမ္ဗီပြည်၌ ဃောသိတာရုံကျောင်းတော်၌ ၅၀၀၊ ၅၀၀-စီ အခြံအရံ ရှိကြကုန်သော ဝိနည်းကို ဆောင်သည့် ဝိနည်းဓိုရ်ပုဂ္ဂိုလ် ၁-ပါး, တရားကို ဟောပြတတ်သည့် ဓမ္မကထိကပုဂ္ဂိုလ် ၁-ပါး၊ ဤ ၂-ပါးသော ရဟန်းတော်တို့ နေထိုင်ကြကုန်၏။

ထိုရဟန်း ၂-ပါးတို့တွင် ဓမ္မကထိကရဟန်းသည် တစ်နေ့သ၌ ကိုယ်,လက်သုတ်သင်ခြင်းကို ပြု၍ သန့်သက်ရေ(ဝစ္စကုဋိ၊ အိမ်သာ၌ သုံးသောရေ) ထားရာအခန်း၌ သန့်သက်ရေဆေးကာ သန့်သက်ရေကြွင်းကို ခွက်၌ ချန်ထား၍ ထွက်ခဲ့လေ၏။ ထို့နောက် ဝိနည်းဓိုရ်ရဟန်းသည် ထိုသန့်သက်ရေထားရာ အခန်းသို့ ဝင်လတ်သော် သန့်သက်ရေကြွင်းကို မြင်၍ ထွက်လာပြီးလျှင် ဓမ္မကထိကရဟန်းကို "ငါ့ရှင်၊ သန့်သက်ရေကြွင်းကို သင်ထားခဲ့သလော"ဟု မေးမြန်းရာ "ထားခဲ့သည် မှန်ပေ၏"ဟု ဆိုလတ်သော် "အသို့နည်း၊ ဤသို့ထား

ရာ၌ သင့်အား အာပတ်(အာပတ္တိ၊ ဘုရားရှင် ပညတ်တော်မူအပ်သော ဝိနည်းသိက္ခာပုဒ်တို့ကို လွန်ကျူးမိသဖြင့် အပြစ်ရောက်ခြင်း,အပြစ်ရှိခြင်း)သင့်သည်ကို မသိလေသလော"ဟု မေးလေ၏။ "မသိပါ"ဟု ဆိုလျှင် "ငါ့ရှင်၊ ထိုသို့ မသိသည်ပင် ဖြစ်စေ ဤသန့်သက်ရေကြွင်း ထားခဲ့ရာ၌ အာပတ်သင့်၏"ဟု ဝိနည်းမိုရ်ရဟန်းသည် ဆိုလေ၏။ ဓမ္မကထိကရဟန်းသည် 'အာပတ် သင့်မူ ထိုအာပတ်ကို ကုစားပါအံ့'ဟု ဆိုလတ်သော် "ငါ့ရှင်၊ သင့်အား စေတနာမရှိဘဲ သတိလွတ်ကင်းသဖြင့် အကယ်၍ ပြုမိသည်ဖြစ်အံ့၊ အာပတ်မသင့်"ဟု ဝိနည်းမိုရ်ရဟန်း သည် ဆိုလေ၏။

ဓမ္မကထိကရဟန်းသည်လည်း ထိုအာပတ်၌ "အာပတ်မသင့် (အပြစ်မရှိ)"ဟုပင် ယူဆ၍ နေလေ၏။ ဝိနည်းမိုရ်ရဟန်းသည် မိမိတပည့်တို့အား "ဤဓမ္မကထိကရဟန်းသည် အာပတ်သင့်သော်လည်း အာပတ်သင့်မှန်း မသိ"ဟု ပြောကြားလေ၏။ ဝိနည်းမိုရ်ရဟန်း၏ တပည့်တို့သည် ဓမ္မကထိကရဟန်း၏ တပည့်တို့ကို တွေ့မြင်သောအခါ "သင်တို့၏ ဥပဇ္ဈာယ် ဆရာကား အာပတ်သင့်၍ပင် သင့်မှန်းမသိ"ဟု ပြောဆိုကြကုန်၏။ ထိုစကားကို ကြားသော ဓမ္မကထိကရဟန်း၏ တပည့်တို့သည် မိမိတို့ ဥပဇ္ဈာယ်ဆရာ့ထံသို့ သွား၍ ထိုရဟန်းတို့ ပြောကြားသော စကားကို လျှောက်ထားကြကုန်၏။ ဓမ္မကထိကရဟန်းသည်လည်း "ဤ ဝိနည်းမိုရ်ရဟန်းကား ရှေးပြောစဉ်၌ 'အာပတ် မသင့်ပြီ'ဟု ပြောဆိုပြီးလျက် ယခုအခါ 'အာပတ်သင့်ပြီ'ဟု ဆိုပြန်၏။ ဤဝိနည်းမိုရ်ရဟန်းသည် မုသားဆိုလေ့ရှိ၏"ဟု ဆိုလေ၏။

----- × -----

## (၃) ဝိနည်းမိုရ်နှင့် ဓမ္မကထိကတို့ ငြင်းခုံကြ၍ ဖြဟွာ့ပြည်တိုင်အောင် ကွဲပြားကြခြင်း

ထိုအခါ ဓမ္မကထိကရဟန်း၏ တပည့်တို့သည် ဝိနည်းမိုရ်၏ တပည့်များထံ သွားကြ ပြန်၍ "သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် မုသားဆိုလေ့ရှိ၏"ဟု ပြောဆိုကြကုန်၏။ ထိုရဟန်း တို့သည် ဤသို့အချင်းချင်း ပြန်လှန်ငြင်းခုံ၍ ခိုက်ရန်ကို ပွါးစေကြကုန်၏။ ထို့နောက် ဝိနည်းမိုရ်ရဟန်းသည် အခွင့်ရ၍(အကွက်ပေါ်၍) ဓမ္မကထိကရဟန်း၏အပေါ်၌ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ခြင်း-ဟူသော ဥက္ခေပနီယကံကို ပြုလေ၏။ ထိုနေ့မှစ၍ ဝိနည်း မိုရ်ရဟန်း, ဓမ္မကထိကရဟန်းတို့အား ပစ္စည်း ၄-ပါး လှူဒါန်းကြသည့် အလုပ်အကျွေး ဒါယကာတို့သည်လည်း ၂-ဖို့, ၂-စု ကွဲပြားကြကုန်၏။ ထို့နောက် ထိုရဟန်းတို့၏အထံမှ အဆုံးအမကို ခံယူကြသည့် ရဟန်းမများ, စောင့်ရှောက်ကြသည့် နတ်များ၊ ထိုနတ်တို့၏ တကွ မြင်ဖူး,သုံးဆောင်ဖူးကုန်သော ကောင်းကင်၌ တည်သောနတ်များ၊ ဤသို့အားဖြင့် ဖြဟ္မာ့ပြည်တိုင်အောင် ပုထုဇဉ်မှန်သမျှတို့သည် ၂-ဖို့, ၂-စုဖြစ်ကာ ကွဲပြားလေကုန်၏။

စာတုမဟာရာဇ်ဘုံကို အစပြု၍ အကနိဋ္ဌဘုံတိုင်အောင် အုတ်အုတ်ကျက်ကျက် တပြိုင်နက် ဆူညံသော ငြင်းခုံသံသည် ပျံ့နှံ့၍ သွားလေတော့၏။

----- x -----

## (၄) ဘုရားရှင်ကိုယ်တော်တိုင် ဆုံးမသော်လည်း မနာယူဘဲ နေကြခြင်း

ထိုအခါ ရဟန်း ၁-ပါးသည် ဘုရားရှင်အထံသို့ ချဉ်းကပ်၍ နှင်ထုတ်ကြသည့် ဝိနည်းဓိုရ်နှင့်တကွ ၎င်း၏အသင်းအပင်း အတွင်းနေတပည့်တို့၏ "ဤဓမ္မကထိကကို တရားနှင့်လျော်သော ဝိနည်းကံဖြင့် နှင်ထုတ်အပ်၏"ဟု အယူရှိကြပုံကိုလည်းကောင်း၊ နှင်ထုတ်ခံရသည့် ဓမ္မကထိကရဟန်းနှင့် ၎င်း၏အသင်းအပင်း အတွင်းနေတပည့်တို့၏ "တရားနှင့်မလျော်သော ကံဖြင့် နှင်ထုတ်ခံရ၏"ဟု အယူရှိနေကြပုံကိုလည်းကောင်း၊ နှင်ထုတ်ကြသည့် ဝိနည်းဓိုရ်မထေရ်တို့သည် တားမြစ်အပ်ပါကုန်သော်လည်း ဓမ္မကထိကရဟန်း၏ တပည့်တို့သည် ထိုဓမ္မကထိကရဟန်းကို အစဉ်မပြတ် ခြံရံလျက် လှည့်ပတ်သွားလာနေကြပုံကိုလည်းကောင်း လျှောက်ကြားလေ၏။

ဘုရားရှင်သည် "ချစ်သားတို့၊ အချင်ချင်း ညီညွတ်ကြကုန်လော့"ဟု ၂-ကြိမ်တိုင်တိုင် စေလွှတ်ကာ ညီညွတ်ကြဖို့ရန် မိန့်တော်မူပါသော်လည်း "အရှင်မြတ်ဘုရား၊ အညီအညွတ်ဖြစ်ခြင်းဌာ အလိုမရှိကြပါကုန်ဘုရား"ဟူသော စကားကိုသာ ကြားတော်မူရ၍ ၃-ကြိမ်မြောက် စေလွှတ်တော်မူသောအခါ၌ကား "ရဟန်းသံဃာတော်များ ကွဲပြားပြီ၊ ကွဲပြားပြီ"ဟု ကြားသိတော်မူလေသောကြောင့် ဘုရားရှင်သည် ထိုရဟန်းတို့အထံသို့ ကိုယ်တော်တိုင် ကြွသွားတော်မူလေ၍ နှင်ထုတ်ခြင်း ဥက္ခေပနီယကံပြုကြသည့် ရဟန်းများအား ဥက္ခေပနီယကံပြုခြင်း၌ အပြစ်ကိုလည်းကောင်း နှင်ထုတ်အပ်,နှင်ထုတ်ခံရသည့် ဓမ္မကထိကရဟန်းတို့အား အာပတ်ကို မရှုခြင်း၌ အပြစ်ကိုလည်းကောင်း၊ ဟောကြားတော်မူကာ တဖန် ထိုရဟန်းသံဃာတို့အား ကောသမ္ဗီပြည်၌ပင် ၁-သိမ်တည်း၌ ဥပုသ်ကံပြုခြင်း-စသည်တို့ကို ခွင့်ပြုတော်မူ၍ ဆွမ်းစားကျောင်း-စသည်တို့၌ ခိုက်ရန်ဖြစ်ကုန်သော ရဟန်းတို့အား "နေရာခြား၍ခြား၍ ခင်းသဖြင့် နေရမည်"ဟု ဆွမ်းစားကျောင်း၌ ကျင့်ရမည့်ဝတ်ကို ပညတ်တော်မူပြီးလျှင် "ယခုလည်း ငြင်းခုံခိုက်ရန်ဖြစ်လျက်သာ နေကြသေး၏"ဟု ကြားတော်မူသဖြင့် ထိုအရပ်သို့ ကြွတော်မူ၍ "ငါ၏ချစ်သား ရဟန်းများတို့၊ သင်တို့အား ခိုက်ရန်ဖြစ်ခြင်းသည် မသင့်လျော်ပေ။ ခိုက်ရန်ငြင်းခုံမှုကို မပြုကြကုန်လင့်"ဟု ဤသို့ အစရှိသော တရားစကားတို့ကို မိန့်ကြားတော်မူပြီးလျှင်-

"ငါ၏ချစ်သား ရဟန်းများတို့၊ ဤခိုက်ရန်ငြင်းပွါး ကွဲပြားခြင်းတို့ မည်သည်ကား အကျိုးမဲ့ကို ပြုတတ်၏။ မှန်၏။ ခိုက်ရန် ငြင်းခုံခြင်းကို အကြောင်းပြု၍ နှံစုတ်ငှက်ငယ် စင်လျက်လည်း ဆင်ပြောင်ကြီးကို အသက်ကုန်ခြင်းသို့ ရောက်စေဖူးပြီ"ဟု လဋုကိကဇာတ် (လဋုကိကဇာတ်သည် ပဉ္စကနိပါတ်၊ မဏိကုဏ္ဍလဝဂ်၌ ပါ၏။)ကို ဟောတော်မူပြီးနောက် "ချစ်သား ရဟန်းများတို့၊ ညီညွတ်ကြကုန်လော့။ ငြင်းခုံမှုကို မပြုကြကုန်လင့်။ မှန်၏။ ငြင်းခုံမှုကို အကြောင်းပြု၍ အသိန်းမက များလှစွာကုန်သော ငုံးငှက်တို့သည် အသက်ကုန်ခြင်းသို့ ရောက်ဖူးကြကုန်ပြီ"ဟု **ဝဋ္ဋကဇာတ်**(ဝဋ္ဋကဇာတ်သည် ဧကနိပါတ်၊ ဟတ္ထိဝဂ်၌ ပါ၏။)ကိုလည်း ဟောတော်မူ၏။

----- x -----

## (၅) ဒီဃိတိကောသလမင်း၏ဝတ္ထုကို ဟောကြား၍ ဆုံးမပြန်ခြင်း

ဤသို့ပင် ဟောကြားပြသ ဆုံးမငြားသော်လည်း ထိုရဟန်းတို့သည် ဘုရားရှင်၏ စကားတော်ကို မနာယူကြသောကြောင့် ဘုရားရှင်၏ ပင်ပန်းခြင်းကို အလိုမရှိသော, မထင် ရှားသော ဓမ္မဝါဒီရဟန်း ၁-ပါးသည် "ဘုန်းတော်ကြီးသော, တရားတို့၏အရှင်ဖြစ်တော် မူသော မြတ်စွာဘုရား၊ ဆိုင်းငံ့တော်မူပါဘုရား။ မျက်မှောက်၌ဖြစ်သော အရဟတ္တဖိုလ် ချမ်းသာကို အဖန်ဖန် ခံစားတော်မူကာ ကြောင့်ကြမဲ့နေတော်မူပါဘုရား။ ဤကဲ့သို့ ငြင်းခုံ ခိုက်ရန် တန်တန်ဖြစ်ပွါး ကွဲပြားသောအခြင်းအရာဖြင့် တပည့်တော်များ အလိုအလျောက် သာ ထင်ရှားကြပါလိမ့်မည်-ဘုရား"ဟု လျှောက်ကြားလတ်သော် ဘုရားရှင်သည် အတိတ် ကို ဆောင်တော်မူလေ၏။

"ချစ်သား ရဟန်းများတို့၊ ရှေး၌ ဖြစ်ခဲ့ဖူးသည်ကား ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော ကာသိကရာဇ်မင်းသည် မင်းပြုလေ၏။ ဗြဟ္မဒတ်မင်းသည် ဒီဃိတိ-မည်သော ကောသလမင်း၏ တိုင်းပြည်စည်းစိမ်ကို လုယက်ပြီးနောက် မထင်ရှားသောအသွင်ဖြင့် နေရသော ခမည်းတော် ကောသလမင်းကို သတ်သည့်အဖြစ်ကိုလည်းကောင်း၊ ဒီဃာဝု မင်းသားသည် မိမိအသက်ကို မသတ်မူဘဲ အသက်ကို ပေးပြီးသည်ရှိသော် ထိုအခါမှစ၍ ဗြဟ္မဒတ်မင်းနှင့် ဒီဃာဝုမင်းသားတို့၏ (ရန်မူချင်းပင်) ညီညွတ်ကြသည့်အဖြစ်ကိုလည်း ကောင်း ဟောကြားလေ၏။ (ဒီဃိတိကောသလဇာတ်အကျယ်ကား ၅၅၀-ပဉ္စကနိပါတ်၌လည်း ကောင်း, နဝကနိပါတ်၌လည်းကောင်း, ဝိနည်းမဟာဝါပါဠိတော်၊ ကောသမ္ဗကက္ခန္ဓက၌လည်းကောင်း ပါ၏)

ထိုသို့ ဟောကြားတော်မူပြီးလျှင် "ချစ်သားရဟန်းများတို့၊ ယူအပ်သော တုတ်, လှံကန်, လက်နက်ရှိကုန်သော ထိုရန်သူမင်း အချင်းချင်းတို့ စင်လျက်လည်း သည်းခံခြင်း,



ဒီဃာဝုမင်းသားသည် ဗြဟ္မဒတ်မင်းကြီးကို သန်လျက်ဖြင့်

ကျေနပ်နှစ်သက်ခြင်းမည်သည် ဖြစ်တုံဘိသေး၏။ ချစ်သား ရဟန်းများတို့၊ သင်တို့သည် ဤသို့ ကောင်းစွာဟောကြားအပ်သော သာသနာတော်၌ ဖြစ်ကြ, ရဟန်းပြုကြသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် အချင်းချင်း သည်းခံကြကုန်ရာ၏။ ဆိုလွယ်, ပြောလွယ်, နားထောင်လွယ်သူတို့ ဖြစ်ကုန်ရာ၏။ ထိုသို့ဖြစ်မှသာ ငါဘုရား၏ သာသနာတော်၌ အလွန်တင့်တယ်ကုန်ရာ၏"ဟု ဆုံးမတော်မူ၍လည်း ထိုရဟန်းတို့၏ ညီညွတ်မှုကို ပြုခြင်းငှာ မတတ်နိုင်။

ထိုအခါ ဘုရားရှင်သည် ခိုက်ရန်ဖြစ်လျက် ငြင်းခုံ၍နေကြသည့် ရဟန်းတို့နှင့် ရောပြွမ်းကာ နေရခြင်းဖြင့် လွန်စွာငြီးငွေ့တော်မူရကား "ငါဘုရားသည် ယခုအခါ ထိုခိုက်ရန်ဖြစ်ကုန်, ငြင်းခုံကြကုန်သော ရဟန်းတို့နှင့် ရောပြွမ်းလျက် အလွန်ဆင်းရဲစွာ နေရ၏။ ဤရဟန်းတို့သည်လည်း ငါဘုရား၏စကားကို မလိုက်နာကြကုန်။ ငါဘုရားသည် ရဟန်းသံဃာ, များစွာသော ပရိသတ်အပေါင်းမှ ကင်းကွာလျက် ၁-ပါးတည်းသာ နေရမူကား ကောင်းလေစွ"ဟု အကြံဖြစ်တော်မူလေ၏။

----- x -----

## (၆) ပါလိလေယျကတောသို့ ၁-ပါးတည်း ကြွရောက်၍ ဝါကပ်တော်မူခြင်း

ထိုသို့ ကြံတော်မူပြီးလျှင် ကောသမ္ဗီပြည်၌ ဆွမ်းခံကြွတော်မူပြီးနောက် ရဟန်းသံဃာကို မပန်ကြားတော့ဘဲ ကိုယ်တော် ၁-ပါးတည်းသာလျှင် ကိုယ်တော်၏ သပိတ်, သင်္ကန်းတို့ကို ကိုယ်တိုင်ယူဆောင်တော်မူပြီးလျှင် ဗာလကလောဏက-မည်သော ရွာသို့ ကြွတော်မူ၏။ ထိုရွာ၌ အရှင်ဘဂုထေရ်အား ၁-ပါးတည်းနေသော ရဟန်း၏ကျင့်ဝတ်ကို ဟောတော်မူ၏။ ထို့နောက် အရှေ့ဝါးတော မိဂဒါဝုန်၌ အမျိုးကောင်းသား ၃-ယောက်တို့အား ညီညွတ်ခြင်း၏ အကျိုးအာနိသင်ကို ဟောတော်မူ၍ ပါလိလေယျကတောသို့ ကြွတော်မူလေ၏။

ထိုပါလိလေယျကတော၌ ဘုရားရှင်သည် ပါလိလေယျကရွာကို အမှီပြု၍ ပါလိလေယျက အမည်ရသည့် ပလလည်းဆင်မင်းသည် စောင့်ရှောက်အပ်သော တောအုပ်အတွင်း အင်ကြင်းပင်ရင်းဝယ် ပလလည်းဆင်မင်း၏ အလုပ်အကျွေးကို ခံယူကာ ချမ်းသာစွာ ဝါကပ်တော်မူလေ၏။

----- x -----

## (၇) ဒါယကာတို့ ညီညွတ်ရန် စီမံကြခြင်း

ကောသမ္ဗီပြည်သား ဒါယကာများသည်လည်း ကျောင်းတော်သို့ သွားကြ၍ ဘုရားရှင်ကို မဖူးမမြင်ရလေလျှင် "အရှင်ဘုရားတို့၊ ဘုရားရှင် အဘယ်အရပ်မှာပါနည်းဘုရား"ဟု မေးလျှောက်ကြကုန်သောအခါ "ပလလည်းတောသို့ ကြွတော်မူကြောင်း" ပြောကြားကြလေ၏။ "အဘယ်ကြောင့် ကြွတော်မူပါသနည်း"ဟု မေးလျှောက်လတ်သော် "ဘုရားရှင်သည် ငါတို့ကို ညီညွတ်သင့်မြတ်ရန် ကြိုးစားတော်မူသော်လည်း ငါတို့သည် မညီညွတ်,မသင့်မြတ်ကြသောကြောင့် ကြွတော်မူ၏"ဟု ပြောကြားကြသောအခါ ဒါယကာတို့သည် "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် ဘုရားရှင်အထံ၌ ရဟန်းပြုကြပါလျက် ထိုဘုရားရှင်သည် ညီညွတ်အောင်ပြုသည်ကို မညီညွတ်နိုင်ကြကုန်ပြီလား- ဘုရား"ဟု မေးလျှောက်ကြသည်ရှိသော် "ဒါယကာတို့၊ ဘုရားရှင်အလိုကျ မညီညွတ်နိုင်ကြသည် မှန်ပေ၏"ဟု ပြောကြားကြကုန်၏။

ထိုဒါယကာတို့သည် "ဤရဟန်းတို့ကား ဘုရားရှင်အထံတော်၌ ရဟန်းပြုကြပါလျက် ထိုဘုရားရှင်သည် ညီညွတ်အောင် ပြုသော်လည်း မညီညွတ်ကြ။ ငါတို့သည် ဤရဟန်းတို့ကို မှီ၍ ဘုရားရှင်ကို ဖူးမျှော်ခွင့် မရကြကုန်။ ထို့ကြောင့် ဤရဟန်းတို့အား နေရာမပေးကြကုန်အံ့၊ ရှိခိုးမှု-စသည်တို့ကိုလည်း မပြုကြကုန်အံ့"ဟု ပြောဆိုကြလျက် ထိုအခါမှ စ၍ ရိုသေမှုမျှကိုလည်း မပြုကြလေကုန်။ ထိုရဟန်းတို့သည် ဆွမ်း, ဘောဇဉ်, အာဟာရ အရနည်းသောကြောင့် ပိန်ခြောက်သောသဘောရှိကုန်ရကား ၂-ရက်, ၃-ရက်ဖြင့်ပင်လျှင် ဖြောင့်မှန်တည်ကြည်သောသဘောရှိကုန်သည်ဖြစ်၍ အချင်းချင်း အပြစ်ကို ပြောကြားလျက် ကန်တော့ကြပြီးလျှင် "ဒါယကာတို့၊ ငါတို့ အချင်းချင်း ညီညွတ်ကြကုန်ပြီ။ သင်တို့လည်း ငါတို့အပေါ်၌ ရှေးကနှင့်အတူ ကြည်ဖြူခြင်း ဖြစ်ကြကုန်လော့"ဟု ဆိုကြကုန်၏။

ထိုအခါ ဒါယကာတို့သည် "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် ဘုရားရှင်ကို ကန်တော့အပ်ပြီးပါပြီလော"ဟု မေးလျှောက်ရာ "မကန်တော့ရသေး"ဟု ဆိုလတ်သော် "ထိုသို့ဖြစ်လျှင် ဘုရားရှင်ကို ကန်တော့ကြပါကုန်လော့။ ဘုရားရှင်ကို ကန်တော့ပြီးသောအခါ၌ တပည့်တော်တို့သည်လည်း အရှင်ဘုရားတို့အပေါ်၌ ရှေးကနှင့်အတူ ကြည်ဖြူကြပါကုန်အံ့"ဟု လျှောက်ထားကြကုန်၏။ ထိုရဟန်းတို့သည် ဝါတွင်းဖြစ်သောကြောင့် ဘုရားရှင်အထံတော်သို့ မသွားဝံ့ကြကုန်သည်ဖြစ်၍ ဆင်းရဲငြိုငြင်စွာနှင့်ပင် ထိုဝါတွင်း ၃-လကို ကုန်လွန်စေကြရကုန်၏။

----- x -----

## (၈) ပလလည်းဆင်မင်း ပြုစုလုပ်ကျွေးခြင်း

ဘုရားရှင်သည်ကား ဝါတွင်း ၃-လပတ်လုံး ပလလည်းဆင်မင်းသည် လုပ်ကျွေးပြုစု အပ်သည်ဖြစ်၍ ချမ်းသာစွာ နေတော်မူရ၏။ ထိုပလလည်းဆင်မင်းသည်လည်း ဆင် အပေါင်းကို စွန့်ခွါ၍ ချမ်းသာစွာ နေခြင်းအကျိုးငှာသာလျှင် ထိုတောအုပ်သို့ သက်ဝင် လာခြင်း ဖြစ်လေ၏။

ထိုပလလည်းဆင်မင်းသည်ကား "ငါသည် ဆင်ပေါက်, ဆင်မကြီး, ဆင်ရွှေ, ဆင်လတ်, ဆင်ငယ်တို့နှင့် ရောပြွမ်း၍ နေရသဖြင့် အညွန့်အဖျား ပြတ်ပြီးသော မြက်ငုတ် တို့ကိုလည်း စားရ၏။ ဖရိုဖရဲ စနောင့်စနိုး ကျိုးသောအခက်,အရွက်ရှိသည့် သစ်ခက် အကျိုးအပြတ်ကိုလည်း စားရ၏။ နောက်ကျူသော ရေတို့ကိုလည်း သောက်ရ၏။ ရေဆိပ်သို့ ဆင်းသောအခါ, တက်သောအခါတို့၌ ဆင်မတို့သည် ငါ့ကိုယ်ကို တိုက်ခိုက်တိုးဝှေ့၍ သွားကြကုန်၏။ ငါသည် အပေါင်းအဖော်မှ ကင်းကာ ၁-ကိုယ်တည်းသာ နေရပါမူကား ကောင်းလေစွ"ဟု ကြံပြီးသောအခါ ဆင်အပေါင်းမှ ဖဲခွါ၍ ပါလိလေယျကတောအုပ်ဝယ် သာယာသော အင်ကြင်းပင်၏အနီး ဘုရားရှင် သီတင်းသုံးရာအရပ်သို့ ချဉ်းကပ်လေ၏။ ချဉ်းကပ်ပြီးလျှင် ဘုရားရှင်ကို ရှိခိုးပြီး၍ ထိုထို၌ကြည့်ရှုသည်ရှိသော် ဘုရားရှင်မှ တပါး အခြားတစ်စုံတစ်ယောက်ကိုမျှ မမြင်သဖြင့် အင်ကြင်းမြစ်ကို ခြေဖြင့်ပုတ်ခတ် ဖြတ်တိ ညှိရွေ၍ နှာမောင်းဖြင့် သစ်ခက်ကို ယူပြီးလျှင် တံမြက်လှည်း၏။

ထိုအခါမှစ၍ နှာမောင်းဖြင့်ပင် ရေအိုးကို ယူ၍ သောက်ရေ,သုံးဆောင်ရေတို့ကို တည်ထား၏။ ရေနွေးလိုသည်ရှိသော် နှာမောင်းတည်းဟူသော လက်ဖြင့် ထင်းတို့ကို ၁-ချောင်းနှင့် ၁-ချောင်း ပွတ်တိုက်၍ မီးထွက်လာသောအခါ ထိုမီး၌ ထင်းတို့ကို ထည့်၍ မီးတောက်လတ်သော် ထိုမီး၌ ကျောက်ခဲတို့ကို ထည့်လျက်ဖုတ်ကာ သစ်သားတုတ်ဖြင့် လှိမ့်ကော်၍ အပိုင်းအခြားရှိသော ရေအိုင်ငယ် ၁-ခု၌ ပစ်ချ၏။ ထို့နောက်မှ နှာမောင်း တည်းဟူသော လက်ကို ချကြည့်လျက် ရေပူသည့်အဖြစ်ကို သိရသောအခါ ဘုရားရှင်အထံ သို့ သွား၍ ရှိခိုး၏။ ဘုရားရှင်သည် "ပလလည်းဆင်မင်း၊ သင်သည် ရေကို နွေးစေအပ်ပြီ လော"ဟု မိန့်တော်မူပြီးကာ ထိုရေနွေးရှိရာသို့ ကြွ၍ ရေသပ္ပါယ်တော်မူ၏။

ထိုသို့ ရေသပ္ပါယ်ပြီးသောအခါ အထူးထူးအပြားပြား များပြားစုံလင်လှစွာသော သစ်သီးကြီး,ငယ်တို့ကို ယူဆောင်၍ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းလေ၏။ ဘုရားရှင် ဆွမ်းခံဝင်တော်မူသောအခါ ဘုရားရှင်၏ သပိတ်,သင်္ကန်းကို ယူ၍ ဦးကင်း၌ တင်ထားပြီး

လျှင် ဘုရားရှင်နှင့် အတူမကွာ လိုက်သွားလေ၏။ ဘုရားရှင်သည် ရွာဥပစာ, ရွာအနီးသို့ ရောက်လတ်သော် "ပလလည်းဆင်၊ ဤနေရာအရပ်မှစ၍ သင်လိုက်ရန် မသင့်၊ ငါ၏ သပိတ်,သင်္ကန်းတို့ကို ယူဆောင်ခဲ့လော့"ဟု မိန့်တော်မူလျက် ယူဆောင်ခဲ့စေ၍ ရွာသို့ ဆွမ်းအလို့ငှာ ဝင်တော်မူ၏။ ဆင်မင်းသည် ဘုရားရှင် ဆွမ်းခံရာမှ ထွက်တော်မူလာသည် တိုင်အောင် ထိုရွာဥပစာ၌သာ စောင့်နေ၍ ဘုရားရှင် ကြွလာတော်မူသောအခါ ခရီးဦးကြိုဆို လျက် ရှေးနည်းဖြင့်ပင် သပိတ်,သင်္ကန်းကို လှမ်းယူ၍ သီတင်းသုံးတော်မူရာ အင်ကြင်းပင် ရင်း၌ ချထား၍ ဝတ်ကြီး,ဝတ်ငယ်ကို ပြုလျက် သစ်ခက်ဖြင့် ယပ်ခပ်လေ၏။

ညဥ့်အခါ၌ သားရဲဘေးရန်တို့မှ ကာကွယ်တားမြစ်ခြင်းငှာ ကြီးစွာသော တုတ်, လှံကန်ကို နှာမောင်းဖြင့် ကိုင်ဆောင်၍ "ဘုရားရှင်ကို စောင့်ရှောက်အံ့"ဟု နေအရုဏ်တက် သည်တိုင်အောင် တောအုပ်အကြားအကြား၌ လှည့်ပတ်သွားလာကာ စောင့်ရှောက်လျက် နေ၏။ ထိုအခါမှစ၍ ထိုတောအုပ်သည် ပလလည်းဆင်မင်း စောင့်ရှောက်အပ်သော **ပလလည်းတောအုပ်**ဟု အမည်တွင်သည် ဖြစ်သတတ်။ နေအရုဏ်တက်သည်ရှိသော် မျက်နှာသစ်တော်ရေ ကပ်လှူခြင်း-စသည်ကို ပြုလုပ်ကာ ထိုဆိုခဲ့ပြီးသောနည်းဖြင့်သာလျှင် အလုံးစုံသော ဝတ်ကြီး,ဝတ်ငယ် အသွယ်သွယ်တို့ကို ပြုလုပ်လေ၏။

----- x -----

## (၉) မျောက်နတ်သားအကြောင်း

ထိုအခါ မျောက် ၁-ကောင်သည် ဘုရားရှင်အား ထကြွလုံ့လ ဝီရိယဖြင့် အလွန် ကောင်းစွာ ပြုကျင့်အားထုတ်အပ်သော **အာဘိသမာစာရိကဝတ်**ကို ဖြည့်ကျင့်ပြုစုနေသော ထိုပလလည်းဆင်ကို မြင်ရ၍ "ငါသည်လည်း ကောင်းမှု ၁-ခုခုကို ပြုအံ့"ဟု ကြံပြီးလျှင် လှည့်ပတ်သွားလာလတ်သော် တစ်နေ့သ၌ ပျားကောင်မရှိသည့် ပျားတံ၌ ပျားလပို့စိုင်ကို တွေ့မြင်သဖြင့် ပျားအုံတံကို ချိုး၍ ပျားအုံတံနှင့်တကွ ပျားလပို့ကို ဘုရားရှင်အထံသို့ ယူဆောင်ခဲ့၍ ငှက်ပျောရွက်ကို ဆုတ်ဖြတ်ကာ ထိုငှက်ပျောရွက်၌ ထည့်၍ ကပ်လှူလေလျှင် ဘုရားရှင်သည်လည်း အလှူခံတော်မူလေ၏။

မျောက်သည် "ဘုရားရှင် ဘုဉ်းပေးသုံးဆောင်လေသလော၊ မသုံးဆောင်လေ သလော"ဟု ကြည့်လတ်သော် ဘုရားရှင်သည် ကိုင်၍ ထိုင်တော်မူနေသည်ကို မြင်လျှင် "အသို့နည်း"ဟု ကြံ၍ ပျားအုံတံစွန်း၌ ကိုင်၍ ပြန်လှန်ကာ စူးစမ်းဆင်ခြင်လတ်သော် ပျားဥတို့ကို တွေ့မြင်၍ ထိုပျားဥတို့ကို ဖြည်းဖြည်းပြောင်စင်အောင် ပယ်ရှားသုတ်သင်ပြီး

မှ တဖန် ကပ်လျှပြန်လေ၏။ ထိုအခါကျမှ ဘုရားရှင်လည်း ဘုဉ်းပေးတော်မူသည်ကို မြင်ရ၍ ထိုမျောက်သည် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်ရကား ထိုထိုသစ်ခက်တို့ကို ကိုင်ယူဆွဲငင်ကာ ကလျက်နေသောအခါ ဆွဲငင်သောသစ်ခက်နှင့် နင်းသောသစ်ကိုင်းတို့သည် ကျိုးပဲ့၍ ကျသဖြင့် သစ်ငုတ် ၁-ခုပေါ်၌ ကျပြီးလျှင် သစ်ငုတ်သည် ထုတ်ချင်းလျှိုဖောက် စူးဝင်ရောက်အပ်သော ကိုယ်ရှိသည်ဖြစ်၍ ဘုရားရှင်၌ ကြည်ညိုသောစိတ်ဖြင့်သာ သေလွန်ရှာသောကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာ ၃၀-ရှိသော ရွှေဗိမာန်၌ နတ်သမီး ၁,၀၀၀-ခြံရံလျက် မက္ကဋဒေဝပုတ္တ(မျောက်နတ်သား)ဟူသော အမည်ဖြင့် နတ်သားဖြစ်လေ၏။

----- x -----

## (၁၀) ဘုရားရှင်အထံတော်သို့ ရဟန်းများ လိုက်လာကြခြင်း

ပလလည်းဆင်မင်း၏ လုပ်ကျွေးခြင်းကို ခံယူလျက် ထိုပလလည်းတောဌ် ဘုရားရှင် သီတင်းသုံးတော်မူသောအဖြစ်သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ကျော်စောထင်ရှားသည်ဖြစ်လေ၏။ သာဝတ္ထိပြည်မှ ကျောင်းဒါယကာ အနာထပိဏ်သူဌေး, ကျောင်းအမကြီး ဝိသာခါ-စသည့် ထင်ရှားသော ဒါယကာတို့သည် အရှင်အာနန္ဒာမထေရ်အား "တပည့်တော်များအား ဘုရားရှင်ကို ပြတော်မူပါကုန်၊ (ဘုရားရှင်ကို ဖူးမြင်လိုပါကုန်၏)"ဟု သတင်းစကားကို စေလွှတ်လျှောက်ကြားကြကုန်၏။ ထိုထိုဒေသအရပ်ဌာန၌ နေထိုင်ကြကုန်သော ၅၀၀-သော ရဟန်းတို့သည်လည်း သီတင်းဝါလ ကျွတ်ကုန်ပြီးသည်ရှိသော် အရှင်အာနန္ဒာမထေရ်အထံသို့ ချဉ်းကပ်ကြပြီး "ငါ့ရှင် အာနန္ဒာ၊ ငါတို့အား ဘုရားရှင်၏ မျက်မှောက်တော်မှ တရားတော်ကို မကြားမနာရသည်မှာ ကြာမြင့်လှလေပြီ။ ငါ့ရှင်အာနန္ဒာ၊ ငါတို့ တောင်းပန်ပါကုန်၏။ ဘုရားရှင်၏ ရှေ့မျက်မှောက်တော်မှ တရားစကားတော်ကို ကြားနာခွင့် ရလိုပါကုန်၏" ဟု တောင်းပန်ကြကုန်၏။

အရှင်အာနန္ဒာမထေရ်သည်လည်း ထိုရဟန်းတို့ကို ပင့်ခေါ်ပြီးလျှင် ဘုရားရှင် သီတင်းသုံးတော်မူရာ ထိုပလလည်းတောသို့ ကြွသွား၍ "ဝါတွင်း ၃-လပတ်လုံး ကိုယ်တော် ၁-ပါးတည်းသာ ကိန်းအောင်းစံပျော် နေတော်မူသော ဘုရားရှင်၏အထံတော်သို့ ဤမျှအတိုင်းအရှည်ရှိသော ရဟန်းတို့နှင့် အတူတကွ ဆည်းကပ်ခစားခြင်းငှာ မသင့်လျော်ပေ" ဟု ကြံ၍ ထိုရဟန်းတို့ကို အပြင်ဘက်အပ၌ ထားခဲ့ပြီးလျှင် ၁-ပါးတည်းသာ ဘုရားရှင်အထံတော်သို့ ချဉ်းကပ်ဝင်ရောက်လေ၏။

ပလလည်းဆင်မင်းသည် အရှင်အာနန္ဒာမထေရ်ကို မြင်လျှင် တုတ်, လှံကန်ကို ဆွဲယူကာ ပြေးသွားလတ်သော် ဘုရားရှင်သည် ကြည့်တော်မူ၍ "ချစ်သား ပလလည်းဆင်၊ ဆုတ်ခဲ့လော့၊ ဆုတ်ခဲ့လော့။ မတားမြစ်လေလင့်။ ဤလာခဲ့လာသည့် ပုဂ္ဂိုလ်သည်ကား ငါဘုရား၏ အလုပ်အကျွေးဖြစ်သည့် ပုဂ္ဂိုလ်ပေတည်း"ဟု မိန့်တော်မူလေလျှင် ပလလည်းဆင်သည် ထိုနေရာ၌ပင် တုတ်,လှံကန်ကို စွန့်ပစ်၍ သပိတ်,သင်္ကန်း လှမ်းယူခြင်းကို ပြုရန် ပန်ကြားရာ အရှင်အာနန္ဒာသည် ပေးတော်မမူပေ။ ဆင်သည် "ဤအရှင်သည် အကယ်၍ သင်ယူအပ်သော ကျင့်ဝတ်ရှိသည် ဖြစ်အံ့၊ ဆရာဖြစ်တော်မူသည့် ဘုရားရှင်၏နေရာ ကျောက်ဖျာထက်၌ မိမိ၏ပရိက္ခရာကို မထားလတ္တံ့"ဟု ကြံ၏။ မှန်၏။ ကျင့်ဝတ်နှင့် ပြည့်စုံသည့် လိမ္မာကြကုန်သောသူတို့သည် အလေးဂရုပြုအပ်သည့် မိဘ,ဆရာသမားတို့၏ ထိုင်နေကျ, အိပ်နေကျနေရာတို့၌ မိမိ၏ပရိက္ခရာကို ထားရိုးမရှိကြကုန်။

----- x -----

## (၁၁) အဆွေကောင်းမရက ၁-ယောက်တည်း နေရသည်က အကျိုးရှိကြောင်း ဟောတော်မူရာ ရဟန္တာဖြစ်ကြခြင်း

အရှင်အာနန္ဒာမထေရ်သည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေတော်မူ၏။ ဘုရားရှင်သည် "ချစ်သား အာနန္ဒာ၊ သင် ၁-ယောက်တည်းသာ လာသလော"ဟု မေးတော်မူသဖြင့် ရဟန်း ၅၀၀-တို့နှင့် အတူလာကြောင်းကို ကြားသိတော်မူလေလျှင် "အတူပါသည့် ၅၀၀-သော ရဟန်းတို့ကား အဘယ်အရပ်မှာနည်း"ဟု မေးမြန်းတော်မူရာ "ရှင်တော်ဘုရားတို့၏ စိတ်သဘောထားကို မသိရသေးခြင်းကြောင့် ပြင်ပ၌ထားကာ ၁-ယောက်တည်းသာ လာခဲ့ပါ၏ဘုရား"ဟု လျှောက်ကြားလေသော် "ချစ်သား အာနန္ဒာ၊ ထို ၅၀၀-သော ရဟန်းတို့ကို ခေါ်ချေလော့"ဟု မိန့်တော်မူလေ၏။

အရှင်အာနန္ဒာသည် ဘုရားရှင်၏ အမိန့်တော်အတိုင်း သွား၍ ခေါ်လာလေ၏။ ထိုရဟန်း ၅၀၀-တို့သည်လည်း အရှင်အာနန္ဒာနှင့်အတူ လာကြကုန်၍ ဘုရားရှင်ကို ရှိခိုးကြပြီးလျှင် သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေကြကုန်၏။ ဘုရားရှင်သည် ထိုရဟန်း ၅၀၀-တို့နှင့်တကွ ပဋိသန္ထာရစကားကို ပြောကြားတော်မူ၏။ ၅၀၀-သော ရဟန်းတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် ဘုရား၏ သိမ်မွေ့ခြင်းလည်း ရှိတော်မူပါ၏။ မင်း၏ သိမ်မွေ့ခြင်းလည်း ရှိတော်မူပါ၏။ ရှင်တော်ဘုရားတို့သည် ဝါတွင်း ၃-လပတ်လုံး ကိုယ်တော် ၁-ပါးတည်း ရပ်ခြင်း,ထိုင်ခြင်းတို့ဖြင့် ပြုနိုင်ခဲ့သော

အမှုကို ပြုတော်မူရ၏။ ဝတ်ကြီး,ဝတ်ငယ်ကို ပြုသောသူ၊ မျက်နှာသစ်တော်ရေ-စသည်တို့ကို ဆက်ကပ်သောသူတို့ မရှိ-ဟု ထင်မြင်ပါကြောင်း”ဟု ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်သည်–

“ချစ်သားရဟန်းများတို့၊ ပလလည်းဆင်မင်းသည် ငါ၏အလုံးစုံသော ကိစ္စအဝဝ တို့ကို ပြုလုပ်အပ်ကုန်၏။ ဤသို့ သဘောရှိသော အဆွေခင်ပွန်းကောင်းကို ရသည်ရှိသော် အတူတကွ နေထိုင်ခြင်းငှာ သင့်လျော်လှပေ၏။ အကယ်၍ အဆွေခင်ပွန်းကောင်း မရခဲ့ သည်ရှိသော် ၁-ယောက်တည်း နေရသည့်အဖြစ်သာ ကောင်းမြတ်လှချေ၏”ဟု မိန့်တော် မူပြီးလျှင် နာဂဝဂ်လာ ၃-ဂါထာတို့ကို ဟောကြားတော်မူလေ၏။

(က) သစေ လဘေထ နိပကံ သဟာယံ၊ သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ၊ စရေယျ တေန’တ္တမနော သတီမာ။

(က) နိပကံ၊ ရှေ့,နောက်ခြံရုံ အသိဉာဏ်ဖြင့်၊ မှန်ကန်မြင်သိ၊ ရင့်ကျက်သော ပညာလည်း ရှိထသော။ သဒ္ဓိံ စရံ အေးအေးပူပူ၊ စိတ်တူကိုယ်မျှ၊ ကျင့်ဖော်ကျင့်ဖက်လည်း ဖြစ်ထသော။ သာဓုဝိဟာရိံ၊ တရားစိတ်သွင်း၊ မလစ်ဟင်းသဖြင့်၊ ကောင်းမွန်သော နေခြင်း လည်း ရှိထသော။ ဓီရံ၊ မြဲမြံခိုင်ခံ့၊ တည်တံ့သော သမာဓိလည်း ရှိထသော။ သဟာယံ၊ ဝတ်နိဗဒ်၌၊ မချွတ်ကျေပွန်၊ ဆက်ဆံရေပေါင်း၊ အဆွေခင်ပွန်းကောင်းကို။ သစေ လဘေ- ထ၊ အခွင့်သင့်စွာ၊ အကယ်၍သာ၊ ရခဲ့သည်ဖြစ်ပါအံ့။ (ဧဝံ လဘန္တော၊ ဤသို့ ရလတ်သော်။) သဗ္ဗာနိ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံကုန်သော။ ပရိဿယာနိ၊ အတွင်း,အပ၊ နှစ်ဝသန္တာန်၊ ဖန်လာသမျှ၊ ဘေးရန်အဝဝတို့ကို။ အဘိဘုယျ၊ ပုန်ကန်နှိပ်ချိုး၊ လွှမ်းမိုးဖျက်ဆီး၍။ တေန၊ အမြင်မသိ၊ သမာဓိနှင့်၊ စိတ်ရှိတူမျှ၊ ပြည့်ဝပေတောင်း၊ ထိုအဆွေခင်ပွန်းကောင်းနှင့်။ သဒ္ဓိံ၊ အေးအတူ ပူအမျှ၊ အတူတကွ။ အတ္တမနော၊ အာယုကပ်လုံး၊ အစဉ်သုံးလျက်၊ မဆုံးရှည်ကြာ၊ ရွှင်လန်းဝမ်းသာသော စိတ်ထားရှိသည်။ သတီမာ၊ အမြဲမပြတ်၊ အကဲခတ်၍၊ မလတ်ဘိတောင်း၊ ကောင်းမြတ်သော သတိရှိသည်။ ဟုတွာ၊ ဖြစ်၍။ စရေယျ၊ မတွန့်မယုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်မှန်စွာ၊ ကျင့်ကြံရာ၏။

(ခ) နော စေ လဘေထ နိပကံ သဟာယံ၊ သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊ ဧကော စရေ မာတင်္ဂရညေဝ နာဂေါ။

(ခ) နိပကံ၊ ရှေ့,နောက်ခြံရုံ အသိဉာဏ်ဖြင့်၊ မှန်ကန်မြင်သိ၊ ရင့်ကျက်သောပညာလည်း ရှိထသော။ သဒ္ဓိံ စရံ အေးအေးပူပူ၊ စိတ်တူကိုယ်မျှ၊ ကျင့်ဖော်ကျင့်ဖက်လည်း ဖြစ်ထသော။ သာဓုဝိဟာရိံ၊ တရားစိတ်သွင်း၊ မလစ်ဟင်းသဖြင့်၊ ကောင်းမွန်သော နေခြင်းလည်း ရှိထ

သော။ ဓိရဲ၊ မြမြဲခိုင်ခံ့၊ တည်တံ့သော သမာဓိလည်း ရှိထသော။ သဟာယံ၊ ဝတ်နီဗဒ်၌၊ မချွတ်တျော့ပွန်၊ ဆက်ဆံရောပေါင်း၊ အဆွေခင်ပွန်းကောင်းကို။ နော စေ လဘေထ၊ အကယ်၍ကား မရသည်ဖြစ်ငြားအံ့။ (ဇဝ် အလဘန္တော၊ ဤသို့ မရခဲ့သည်ရှိသော်။) ဧကော၊ အဖော်မမှီး၊ တစ်ယောက်တည်းသာလျှင်။ စရေ စရေယျ၊ ကောင်းစွာပိုင်ပိုင်၊ ကျင့်ကြံနိုင်ရာ၏။ ကော ဝိယ၊ ပမာဆိုမူ၊ အဘယ်သူကဲ့သို့နည်းဟူမူကား။ ရာဇာ၊ မဟာဇနက၊ စသည်များစွာ၊ လောင်းလျာအထူး၊ မင်းဖြစ်ဖူးသည့် ရသေ့ရဟန်းသည်။ ဝိဇိတံ၊ အောင်ကြောင်းအောင်ရာ၊ အောင်မြေရတနာဖြစ်သော။ ရဋ္ဌံ၊ ထီးနန်းစည်းစိမ်၊ ရိပ်ငြိမ်ပြောစည်၊ တိုင်းပြည်နိုင်ငံကို။ ပဟာယ၊ လုံးလုံးမတွယ်၊ စွန့်ပစ်ပယ်ခဲ့၍။ ဧကောဝ၊ အဖော်မမှီး၊ တစ်ယောက်တည်းပင်လျှင်။ စရတိ ဣဝ၊ ရဲရဲရင့်ရင့်၊ ကျင့်ဘိသကဲ့သို့လည်းကောင်း။ ဝါ၊ အရိုးကြေ,အရေခြောက်၊ အသက်ခန္ဓာပင် ပျောက်စေတော့-ဟု ကျင့်ဘိသကဲ့သို့လည်းကောင်း။ မာတင်္ဂေါ၊ ကိုယ်အင်္ဂါကြီးမား၍ မာတင်-ဟု ထင်ရှားသော အမည်ရှိသော။ နာဂေါ၊ ဆင်ပြောင်ကြီးသည်။ ယူထံ၊ ဆင်အပေါင်းကို။ ပဟာယ၊ ပယ်စွန့်၍။ အရညေ၊ လူသူမနီး၊ တောမြိုင်ကြီး၌။ ဧကောဝ၊ အဖော်မမှီး၊ တစ်ကောင်တည်းသာလျှင်။ စရတိ ဣဝ၊ လှည့်လည်ပြုကျင့်သကဲ့သို့လည်းကောင်း။ ဇဝ်၊ ပမာဆိုမူ၊ ဤအတူသာလျှင်။ ဧကောဝ၊ အဖော်ပယ်ခွါ၊ တစ်ယောက်ချင်းသာလျှင်။ စရေ စရေယျ၊ ရုပ်,နာမ်အကြိုက်၊ လိုမလိုက်ဘဲ၊ နှစ်ခြိုက်ကြည်သာ၊ ကျင့်ကြံရာ၏။

(ဂ) ဧကဿ စရိတံ သေယျော၊ နတ္ထိ ဗာလေ သဟာယတာ။
ဧကော စရေ န စ ပါပါနိ ကယိရာ၊ အပ္ပေါဿုက္ကော မာတင်္ဂ'ရညေဝ နာဂေါ။

(ဂ) ဧကဿ၊ အဖော်မမှီး၊ တစ်ကိုယ်ထီးတည်း။ စရိတံ၊ တရားအလုပ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ဖွဲ့သန်၊ ကျင့်ကြံခြင်းသည်။ သေယျော၊ ရေတွက်မရ၊ အဆများစွာ၊ မြတ်လှပါ၏။ ဗာလေ ဗာလေန၊ ပစ္စုပ်,သံသာ၊ ၂-ဖြာအကျိုး၊ မျှော်ကိုးမမြင်၊ မဆင်ခြင်သည့်၊ ဉာဏ်မြင်မှောင်တိုက်၊ လူသူမိုက်နှင့်။ သဟာယတာ၊ ဆက်ဆံရောပေါင်း၊ အဆွေခင်ပွန်းကောင်း၏ အဖြစ်သည်။ နတ္ထိ၊ အကယ်တိတိ၊ မရှိသင့်ပေ။ အရညေ၊ လူသူမနီး၊ တောမြိုင်ကြီး၌။ အပ္ပေါဿုက္ကော၊ အေးအေးဖြောင့်ဖြောင့်၊ မတောင့်မတ၊ ကြောင့်ကြမဲ့ကင်း၊ ငဲ့ကွက်ခြင်းမရှိသော။ မာတင်္ဂေါ၊ သိမ်မွေ့ဖြည်းညင်း၊ သွားလာခြင်းကြောင့်၊ မည်ရင်းမာတင်၊ ခေါ်တွင်ပညတ်၊ သမုတ်အပ်သည့် အမည်ရှိသော။ နာဂေါ၊ ဆင်မင်းသည်။ သုခံ၊ ကိုယ်ရောစိတ်ပါ၊ ချမ်းသာစွာ။ စရတိ ဣဝ၊ ပြုကျင့်သကဲ့သို့။ ဇဝ်၊ ပမာဆိုမူ၊ ဤအနည်းအတူသာလျှင်။ ဧကော၊ အဖော်မမှီး၊ တစ်ယောက်ထီးတည်း။ ဟုတ္တွာ၊ ဖြစ်၍။ သုခံ၊ ကိုယ်ရောစိတ်ပါ၊ ချမ်းသာစွာ။ စရေ စရေယျ၊ ရုပ်,နာမ်ခန္ဓာ၊ ဤအရာကို၊ ပရိညာ ၃-ချက်၊ ဉာဏ်လက်နက်ဖြင့်၊ ကွက်ကွက်ကွင်းကွင်း၊ မြင်နိုင်ခြင်းငှာ၊ ကျင့်ကြံရာ၏။ ပါပါနိ စ၊ ယုတ်မာဖျင်းသောင်း၊

မကောင်းမှုအကုသိုလ်တို့ကိုလည်း။ န စ ကယိရာ၊ ပြုမိတိုင်းမှား၊ မတရား-ဟု၊ ထင်ရှားရှုကာ၊ မပြုကျင့်ရာသည်သာလျှင်ကတည်း။

ဤဂါထာတို့၏အဆုံး၌ ရဟန်း ၅၀၀-တို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်၏။

----- x -----

## (၁၂) ပလလည်းဆင်မင်း သစ်သီးဆွမ်း ဆက်ကပ်ခြင်း

အရှင်အာနန္ဒာမထေရ်သည်လည်း အနာထပိဏ်သူဌေး-စသော သူတို့ လျှောက်ကြားအပ်သော သတင်းစကားကို လျှောက်ကြားပြီးလျှင် "ဘုန်းတော်ကြီးသော ရှင်တော်ဘုရား၊ အနာထပိဏ်သူဌေး အမှူးရှိသော ၅-ကုဋေမျှလောက်သော အရိယာဖြစ်သော တပည့်တို့သည် ရှင်တော်ဘုရားတို့၏ ကြွလာတော်မူခြင်းကို လွန်မင်းစွာ လိုလားတောင့်တနေကြပါကုန်၏ဘုရား"ဟု လျှောက်ကြားလေ၏။

ဘုရားရှင်သည် "ချစ်သားအာနန္ဒာ၊ ထိုသို့ဖြစ်မူကား သပိတ်,သင်္ကန်းကို ယူလော့"ဟု မိန့်တော်မူ၍ သပိတ်,သင်္ကန်းကို ယူစေပြီးလျှင် ထွက်ကြွတော်မူလတ်သော် ပလလည်းဆင်မင်းသည် သွား၍ ဘုရားရှင်ကြွတော်မူရာ လမ်းခရီး၌ ဖီလာကန့်လန့် ရပ်တန့်၍ နေလေ၏။ ထိုအခါ ရဟန်းတို့သည် "ဆင်မင်းသည် အဘယ်ကို အလိုရှိ၍ ဖီလာကန့်လန့် ရပ်တန့်နေပါသနည်းဘုရား"ဟု ဘုရားရှင်အား လျှောက်ကြားကြရာ ဘုရားရှင်သည် "ချစ်သားရဟန်းတို့၊ သင်တို့အား ဆွမ်းကပ်လှူခြင်းငှာ တောင့်တ၍ ရပ်တန့်၏။ ရှည်မြင့်စွာသော ကာလပတ်လုံး ဤဆင်မင်းသည် ငါ့အား ကျေးဇူးပြုခဲ့ပေ၏။ ထိုဆင်မင်း၏ ကြည်ညိုသော စိတ်ကို ပျက်စီးစေခြင်းငှာ မသင့်တန်သောကြောင့် သင်ရဟန်းတို့ ပြန်လည်၍ သီတင်းသုံးကြကုန်ဦးလော့"ဟု မိန့်တော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူကာ ပြန်လည်၍ ကြွတော်မူလေ၏။

ဆင်မင်းသည်လည်း တောအုပ်သို့ ဝင်၍ ပိန္နဲ,ငှက်ပျော-အစရှိကုန်သော အထူးထူးသော သစ်သီးတို့ကို ဆောင်ယူစုပုံပြီးလျှင် နောက်တစ်နေ့၌ ရဟန်းတို့အား ကပ်လှူလေ၏။ ၅၀၀-သော ရဟန်းတို့သည် အလုံးစုံသော သစ်သီးတို့ကို ကုန်အောင် ဘုဉ်းပေးခြင်းငှာ မတတ်နိုင်ကြကုန်။ သစ်သီးဆွမ်း ဘုဉ်းပေးပြီးလျှင် ဘုရားရှင်သည် သပိတ်,သင်္ကန်းကို ယူတော်မူ၍ ထွက်ကြွတော်မူလေ၏။ ဆင်မင်းသည် ရဟန်းတို့၏ အကြားအကြားဖြင့် သွား၍ ဘုရားရှင်၏ ရှေ့တော်၌ ဖီလာကန့်လန့် တားဟန့်ရပ်တန့်လာပြန်၏။ အဘယ်ကို အလိုရှိ၍ ဆင်မင်းသည် ရပ်တန့်ပြန်ပါသနည်းဘုရား"ဟု လျှောက်ကြားကြပြန်ရာ "ရဟန်း

တို့၊ ဤဆင်မင်းသည် သင်တို့ကို စေလွှတ်လိုက်ကာ ငါဘုရားကို ပြန်လည်စေလိုသော ကြောင့် ဖီလာကန့်လန့် ရပ်တန့်နေ၏"ဟု မိန့်တော်မူလေ၏။

----- x -----

## (၁၃) ဆင်မင်းသည် လိုက်ပို့ကာ ရင်ကွဲနာဖြင့် စုတိ၍ နတ်သားဖြစ်ခြင်း

ထိုအခါ ဘုရားရှင်သည် "ပလလည်းဆင်၊ ဤသို့ ကြွသွားတော်မူခြင်းသည် ငါဘုရား ၏ တဖန်မလာတော့သော ကြွသွားခြင်းပင်တည်း။ သင့်အား ဤဆင်၏ ခန္ဓာကိုယ်အတ္တ-ဘောဖြင့် ဈာန်တရား, ဝိပဿနာတရား, မဂ်တရား, ဖိုလ်တရားကို မရရှိနိုင်။ သင်နေရစ် ပေဦးလော့"ဟု မိန့်တော်မူ၏။ ထိုစကားကို ကြား၍ ဆင်မင်းသည် ခံတွင်း၌ နှာမောင်းကို ထည့်သွင်း၍ ငိုကြွေးမြည်တမ်းလျက် နောက်မှ တကောက်ကောက် လိုက်လေ၏။ ဆင်မင်း သည် ဘုရားရှင်ကို ပြန်လည်စေခြင်းငှာ တား၍ရပါမူကား ထိုဆိုခဲ့ပြီးသောနည်းဖြင့်သာ လျှင် အသက်ထက်ဆုံး ဧကန်စင်စစ် ပြုစုလုပ်ကျွေးမည်သာတည်း။ ဘုရားရှင်သည်ကား ဆင်မင်းကို ရွာ၏ဥပစာသို့ ရောက်သောအခါ "ပလလည်းဆင်၊ ဤနေရာဒေသမှစ၍ သင်၏ကျက်စားရာနေရာ မဟုတ်ပြီ။ လူတို့၏ နေရာအရပ်ဖြစ်၍ သင့်၌ ဘေးရန်ရှိ၏။ သင်-နေရစ်လေလော့"ဟု မိန့်တော်မူလတ်သော် ဆင်မင်းသည် ငိုကြွေးကာ ထိုနေရာ၌သာ ရပ်တန့်ကာ နေရစ်ပြီးနောက် ဘုရားရှင် ကြွသွားတော်မူ၍ မျက်စိတဆုံး လွန်လတ်သော် ရင်ကွဲနာကျသဖြင့် သေလွန်ရကား ဘုရားရှင်၌ ကြည်ညိုသောစိတ်ဖြင့် သေလွန်သော ကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာ ၃၀-ရှိသော ရွှေဗိမာန်ဝယ် အခြံအရံ နတ်သမီး ၁,၀၀၀-အလယ်၌ တင့်တယ်စွာ ပါလိလေယျကနတ်သားအမည်ဖြင့် နတ်သားဖြစ်လေ၏။

----- x -----

## (၁၄) ဘုရားရှင် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွရောက်တော်မူခြင်း

ဘုရားရှင်သည်လည်း အစဉ်အတိုင်း ဇေတဝန်ကျောင်းတော်သို့ ကြွရောက်တော်မူ လေ၏။ ကောသမ္ဗီပြည်၌ နေကုန်သော ရဟန်းတို့သည် "ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွလာတော်မူသတတ်"ဟူသော စကားကို ကြားလျှင် ဘုရားရှင်ကို ကန်တော့အံ့သောငှာ သာဝတ္ထိပြည်သို့ သွားကြကုန်၏။ ကောသလမင်းကြီးသည် "ကောသမ္ဗီပြည်သား ခိုက်ရန် ပွဲ့ကြသည့် ရဟန်းများတို့သည် လာရောက်ကြကုန်သတတ်"ဟူသော စကားကို ကြား၍ ဘုရားရှင်သို့ ချဉ်းကပ်ပြီးလျှင် "မြတ်စွာဘုရား၊ ဒကာတော်သည် ဒကာတော်၏ နိုင်ငံအတွင်း သို့ ခိုက်ရန်ဖြစ်ပွဲ့သည့် ရဟန်းများကို ဝင်ခွင့်ပြုမည် မဟုတ်ပါ"ဟု လျှောက်ကြားရာ ထိုအခါ

ဘုရားရှင်သည် "ဒကာတော်မင်းမြတ်၊ ထိုရဟန်းတို့သည် သီလရှိကုန်၏။ သက်သက်အချင်းချင်း ငြင်းခုံခြင်း, ခိုက်ရန်ဖြစ်ခြင်းကြောင့်သာ ငါဘုရား၏စကားကို မနာယူကြခြင်းဖြစ်၏။ ယခုအခါ ငါဘုရားကို ကန်တော့ခြင်းငှာ လာကြကုန်၏။ မင်းမြတ်၊ လာရောက်ကြပါစေကုန်"ဟု မိန့်တော်မူ၏။

အနာထပိဏ်သူဌေးသည်လည်း "မြတ်စွာဘုရား၊ တပည့်တော်သည် ထိုရဟန်းတို့အား ကျောင်းတိုက်အတွင်းသို့ ဝင်ခွင့်ပြုမည် မဟုတ်ပါဘုရား"ဟု လျှောက်ကြားပြန်ရာ ထိုကောသလမင်းကြီး အတူသာလျှင် ဘုရားရှင်သည် ပယ်မြစ်တော်မူအပ်သည်ဖြစ်၍ ဆိတ်ဆိတ်နေလေ၏။

သာဝတ္ထိပြည်သို့ အစဉ်အတိုင်း ရောက်လာကြသည့် ထိုရဟန်းတို့အား ဘုရားရှင်သည် တင့်အပ်လျောက်ပတ်သောနေရာ၌ ဆိတ်ငြိမ်သည်ကို ပြုကာ ကျောင်းအိပ်ရာ, နေရာကို ပေးတော်မူ၏။ အခြားသော ရဟန်းတို့သည် ထိုရဟန်းတို့နှင့် အတူတကွ မထိုင်ကြ၊ မရပ်ကြ၊ ရှိမခိုးကြကုန်။ လာတိုင်း,လာတိုင်းသော သူတို့သည် "မြတ်စွာဘုရား၊ ကောသမ္ဗီပြည်သား ခိုက်ရန်ပွါးကြသည့် ထိုရဟန်းများကား အဘယ်ရဟန်းတို့ပါနည်းဘုရား"ဟု လျှောက်ကြားမေးမြန်းကြကုန်၏။ ထိုအခါ ဘုရားရှင်သည် "ဤရဟန်းတို့ပင်တည်း"ဟု ညွှန်ကြားပြသတော်မူလေ၏။ "ခိုက်ရန်ဖြစ်ပွါးသည့် ရဟန်းများသည် ဤရဟန်းတို့ ဖြစ်ကုန်သတတ်၊ ဤရဟန်းတို့ ဖြစ်ကုန်သတတ်"ဟု လာတိုင်း,လာတိုင်းကုန်သော သူတို့သည် လက်ညှိုး ထိုးကာထိုးကာဖြင့် ညွှန်ကြားပြသအပ်ကုန်သည်၏အဖြစ်ကြောင့် ရှက်နိုးလှ၍ ဦးခေါင်း မထောင်ဝံ့ဘဲ ဘုရားရှင်၏ ခြေတော်ရင်း၌ ပြားပြားဝပ်၍ ဘုရားရှင်ကို ကန်တော့ကြကုန်၏။

ထိုအခါ ဘုရားရှင်သည် "ချစ်သား ရဟန်းတို့၊ သင်တို့ကား ဝန်လေးသည့်အမှုကို ပြုအပ်ဘိ၏။ သင်တို့သည် ငါကဲ့သို့သော ဘုရားရှင်အထံ၌ ရဟန်းပြုကြ၍ ငါဘုရားကိုယ်တိုင် ညီညွတ်မှုကို ပြုပါလျက် ငါဘုရား၏စကားကို မလိုက်နာကြကုန်။ ရှေးပညာရှိတို့ကား သတ်အပ်သည့်အဖြစ်သို့ ရောက်ကုန်သော မိဘတို့၏ ဆုံးမစကားကို မပယ်မရှား လိုက်နာလျက် ထိုမိဘတို့ကို သတ်စေအပ်ကုန်သော်လည်း မိဘတို့၏စကားကို မလွန်ဆန်သောကြောင့် နောက်ကာလဝယ် ၂-ပြည်ထောင်တို့၌ မင်းအဖြစ်ကို ပြုကြရလေကုန်၏"ဟု မိန့်တော်မူ၍ နောက်ထပ်တဖန် ကောသမ္ဗကဇာတ်ကို ဟောကြားတော်မူပြီးလျှင် "ချစ်သား ရဟန်းတို့၊ ဤသို့လျှင် ဒီဃာဝုမင်းသားသည် မိဘတို့ကို သတ်အပ်ကုန်သော်လည်း ထိုမိဘတို့ ဆုံးမသောစကားကို မလွန်ဆန်မူ၍ နောက်ကာလ၌ (ရန်သူဖြစ်သည့်) ဗြဟ္မဒတ်မင်း၏ သမီးတော်ကို ရ၍ ကာသိတိုင်း, ကောသလတိုင်း-ဟူသော ၂-ပြည်ထောင်တို့၌ မင်းအဖြစ်

ကို ပြုရလေပြီ။ သင်တို့ကား ငါဘုရား၏ စကားကို မလိုက်နာဘဲ ဝန်လေးသည့်အမှုကို ပြုအပ်ဘိ၏"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "ပရေ စ န ဝိဇာနန္တိ" စသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၁၅) ဒေသနာတော်၏ အကျိုး

ဂါထာဒေသနာတော်၏ အဆုံး၌ ရောက်လာကြကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ်-စသည်တို့၌ တည်ကြကုန်၏။

ကောသမ္ဗကဝတ္ထု ပြီး၏။

★★★★★★★

## ၆။ မဟာကာဠတ္ထေရဝတ္ထု

## (၁) ဒေသနာတော်

"မိမိခန္ဓာ၊ ကိုယ်အင်္ဂါ၌ တင့်တယ်၏-ဟု အဖန်ဖန်ရှုခြင်း-စသည်ကို ပြုသူအား ကိလေသာမာရ်၊ ကိုယ်တွင်းရန်တို့ အဖန်ဖန် နှိပ်စက်နိုင်ကြောင်း"စသည်တို့ဖြင့် စူဠကာဠ, မဟာကာဠတို့ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၇။ သုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ။
ဘောဇနမှိ စာ'မတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ။
တံ ဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံ'ဝ ဒုဗ္ဗလံ။ ။

သုဘာနုပဿိံ၊ လက်,ခြေ,မျက်နှာ၊ စတွာအစုံ၊ အာရုံမြင်က၊ ဘဝင်ကြွ၍၊ လှပတင့်တယ်၊ ချစ်ခင်ဖွယ်-ဟု၊ အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရန္တံ၊ နှစ်သက်စိတ်စွဲ၊ မပျောက်ဘဲလျှင်၊ အမြဲမသွေ၊ နေပေထသော။ ဣန္ဒြိယေသု၊ စက္ခု-စသား၊ ၆-ပါးသော ဣန္ဒြေတို့၌။ အသံဝုတံ၊ ဆိုး,ကောင်းမလင်း၊ ကျိုး,ကြောင်းကင်းဘိ၊ စောင့်ရှောက်ခြင်း မရှိထသော။ ဘောဇနမှိ၊ ရသာချို,ချဉ်၊ ဘောဇဉ်,အာဟာရ-ဟူသမျှ၌။ အမတ္တညုံ၊ ရှာမှီး,ခံယူ၊ သုံးဆောင်သူတို့

ဤရွေ့,ဤမျှ၊ ပမာဏကို၊ နှိုင်းဆမြော်ဘိ၊ အတိုင်းမသိထသော။ ကုသီတံ၊ ကာမစ္ဆန္ဒ၊ စသည် အကြိုက်၊ အလိုလိုက်သဖြင့်၊ မေ့ဟိုက်မသိ၊ ပျင်းရိခြင်းရှိထသော။ ဟီနဝီရိယံ၊ လုံ့လမထုတ်၊ တွန့်ဆုတ်ဖျင်းပေျ၊ ယုတ်လျော့သောဝီရိယ ရှိထသော။ တံ ဘိက္ခုံ၊ အာရုံစိတ်မှန်း၊ မဖြောင့် တန်းသည့်၊ ထိုရဟန်းကို။ မာရော၊ ကိလေသာမာရ်၊ ကိုယ်တွင်းရန်သည်။ ဝေ၊ စင်စစ်ကေန်။ ပသဟတိ၊ ကုသိုလ်ချိုးဖျက်၊ ကောင်းကျိုးပျက်အောင်၊ နှိပ်စက်ဖိစီး၊ ဖျက်ဆီးလေ၏။ ကိမိဝ၊ ဥပမာပုံဆို၊ အဘယ်လိုနည်းဟူမူကား။ ဝါတော၊ အရှိန်မဆိုင်း၊ အားကြီးသော လေမုန်တိုင်း သည်။ ဒုဗ္ဗလံ ရုက္ခံ၊ တောင်စောင်း,ချောက်ကြား၊ မြစ်ကမ်းပါး၌၊ ပေါက်ပွါးထင်ထင်၊ အားနည်းသော သစ်ပင်ကို။ ပသဟတိ ဣဝ၊ အခက်,အရွက်၊ ကျေပျက်ကျိုးကွဲ ပင်လုံးလဲ အောင်၊ ညှဉ်းဆဲတိုက်ခိုက်၊ နှိပ်စက်ဖိစီးလိုက်သကဲ့သို့တည်း။

၈။ အသုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။
ဘောဇနမှိ စ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။
တံ ဝေ နပ္ပသဟတိ မာရော၊ ဝါတော သေလံဝ ပဗ္ဗတံ။ ။

အသုဘာနုပဿိံ၊ အသက်ရှင်စဉ်၊ ဆံပင်,အမွေး၊ သလိပ်,ချွေးနှင့်၊ ပြည်,သွေး,အရေ၊ စထွေများလှ၊ ကောဋ္ဌာသကို၊ အသုဘ-ဟု၊ ဆင်ခြင်ရှုသည်ဖြစ်၍။ ဝါ၊ သွေး,ပြည်ပေလူး၊ ဖူးဖူးရောင်ပွ၊ ဆယ်ဝရှိပေ၊ သူသေမည်ထ၊ အသုဘ-ဟု၊ အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရန္တံ၊ တရားစိတ်စွဲ၊ အမြဲမသွေ နေထသော။ ဣန္ဒြိယေသု၊ စက္ခု-စသား၊ ၆-ပါးသော ဣန္ဒြေတို့၌။ သုသံဝုတံ၊ ဖောက်ပြန်မရှိ၊ ပိရိစွာ စောင့်စည်းလေ့ရှိထသော။ ဘောဇနမှိ စ၊ ရသာချို,ချဉ်၊ ဘောဇဉ်,အာဟာရ၊ ဟူသမျှ၌လည်း။ မတ္တညုံ၊ ခံယူရှာဖွေ၊ သုံးစွဲလေက၊ ဤသုံးဝကို၊ နှိုင်းဆဆင်ခြင်၊ သိမြင်ထသော။ သဒ္ဓံ၊ ကံ,ကံ၏အကျိုး၊ မြတ်နိုးယုံကြည်၊ ၃-လီရတနာ၊ ခိုင်မာကြည်ယုံ၊ လောကီ,လောကုတ္တရာ၊ သဒ္ဓါတရားနှင့် ပြည့်စုံထသော။ အာရဒ္ဓဝီရိယံ၊ မတွန့်မဆုတ်၊ အားထုတ်အပ်သည့် ဝီရိယရှိထသော။ တံ ဘိက္ခုံ၊ ခန္ဓာ-ဟူသမျှ၊ အသုဘ-ဟု၊ စိတ်က ရှုမှန်း၊ ထိုရဟန်းကို။ မာရော၊ ကိလေသာမာရ်၊ ကိုယ်တွင်းရန်သည်။ ဝေ၊ စင်စစ်ကေန်။ နပ္ပသဟတိ၊ ကုသိုလ်ချိုးဖြတ်၊ ကောင်းကျိုးပြတ်အောင်၊ မနှိပ်စက်,မဖိစီးနိုင်။ ကိမိဝ၊ ဥပမာဆို၊ အဘယ်လိုနည်းဟူမူကား။ ဝါတော၊ ဖြည်းဖြည်းသာသာ၊ တိုက်ကာ ညင်းညင်း၊ လေပြေ,လေသင်းသည်။ သေလံ ပဗ္ဗတံ၊ ထည်ဝါခံ့ဟီး၊ ကျောက်တောင်ကြီးကို။ နပ္ပသဟတိ ဣဝ၊ ကျိုးပျက်စင်ကွဲ၊ ဗုန်းဗုန်းလဲအောင်၊ မလှဲမဖျက်၊ မနှိပ်စက်နိုင်သကဲ့သို့ တည်း။

----- x -----

## (၂) ဆောင်ပုဒ်

ကိုယ်အင်္ဂါဝယ်၊ တင့်တယ်သမူ၊ ဖန်ဖန်ရှု၍၊ ၆-ခုဣန္ဒြေ၊ မစောင့်ပေတည့်၊ စားလေဟာရ၊ ပမာဏကို၊ မှုတမသိ၊ လွန်ပျင်းရိလျက်၊ မရှိလုံ့လ၊ ပေါ့ဆသူမှာ၊ ကိလေသာမာရ်၊ ကိုယ်တွင်းရန်သည်၊ အားနည်းသစ်ပင်၊ မုန်တိုင်းဆင်လျက်၊ ညှဉ်းတိုက်ဖျက်သို့၊ နှိပ်စက်ညှဉ်းပန်းနိုင်သတည်း။

ကိုယ်အင်္ဂါဝယ်၊ မတင့်တယ်-ဟု၊ ဖန်ဖန်ရှု၍၊ ၆-ခုဣန္ဒြေ၊ စောင့်စည်းပေတည့်၊ စားလေဟာရ၊ ပမာဏသိ၊ သဒ္ဓါရှိလျက်၊ ဝီရိယထက်မူ၊ ထိုသည့်သူမှာ၊ ကိလေသာမာရ်၊ ကိုယ်တွင်းရန်လည်း၊ ကျောက်တောင်ကြီးကို၊ ထန်သည်းကြမ်းတမ်း၊ လေသရမ်းက၊ ညှဉ်းပန်းမရ၊ မြဲခိုင်လှသို့၊ မုချမညှဉ်းဆဲနိုင်သတည်း။

"သုဘာနုပဿိ"အစရှိသော သတ္တမမြောက် ဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် သေတဗျမြို့ကို အမှီပြု၍ ယင်းတိုက်တော၌ နေတော်မူစဉ် စူဠကာဠ, မဟာကာဠတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ သေတဗျမြို့နေ စူဠကာဠ, မဇ္ဈိမကာဠ, မဟာကာဠ-ဟူသော ညီနောင် ၃-ဦးတို့သည်ကား သူကြွယ်တို့ချည်းသာ ဖြစ်ကြကုန်၏။ ထိုညီနောင် ၃-ဦးတို့တွင် အကိုကြီးနှင့် ညီငယ်သူကြွယ်တို့သည် အရပ် ၄-မျက်နှာတို့သို့ လှည့်လည်ကြကုန်လျက် လှည်း ၅၀၀-တို့ဖြင့် အထူးထူးသော ဘဏ္ဍာကို ဆောင်ယူကြကုန်၏။ မဇ္ဈိမကာဠ သူကြွယ်သည်ကား ဆောင်ယူခဲ့တိုင်းသော ဘဏ္ဍာကို ရောင်းချလေ၏။

ထို့နောင် အခါတပါး စူဠကာဠ, မဟာကာဠ ညီနောင် ၂-ယောက်တို့သည် လှည်း ၅၀၀-တို့ဖြင့် အထူးထူးသော ဘဏ္ဍာကို သယ်ယူ၍ သာဝတ္ထိပြည်သို့ သွားရောက်ပြီးလျှင် သာဝတ္ထိပြည်နှင့် ဇေတဝန်ကျောင်းတော်တို့၏အကြား၌ လှည်းတို့ကို ဖြုတ်(ချွတ်)ကြကုန်၏။ ထိုညီနောင် ၂-ယောက်တို့တွင် မဟာကာဠသည် ညချမ်းအခါ ပန်းနံ့သာ-စသည်တို့ကို ကိုင်စွဲလျက် သာဝတ္ထိပြည်နေ အရိယာသာဝကတို့သည် တရားနာရန် သွားရောက်သည်တို့ကို မြင်၍ "ဤသူတို့သည် အဘယ်အရပ်သို့ သွားကြကုန်သနည်း"ဟု မေးလတ်သော် ထိုအကြောင်းကို ကြားသိ၍ "ငါသည်လည်း လိုက်သွားဦးအံ့"ဟု ကြံကာ ညီ-စူဠကာဠကို ခေါ်၍ "ညီချစ် စူဠကာဠ၊ ထို ၅၀၀-သော လှည်းတို့ကို မမေ့မလျော့ ကြည့်ရှုသတိပြု စောင့်ရှောက်ရစ်ပါလော့။ ငါ-တရားနာ သွားဦးအံ့"ဟု ပြောဆိုမှာကြား၍ လိုက်သွားပြီးလျှင် ဘုရားရှင်ကို ရှိခိုး၍ ပရိသတ်အစွန်၌ နေလေ၏။

## (၃) မဟာကာဠ တရားနာစဉ် အကြံဖြစ်ပုံ

ဘုရားရှင်သည် ထိုမဟာကာဠကို မြင်တော်မူ၍ မဟာကာဠသူကြွယ်၏ အလိုအား လျော်စွာ အစဉ်အတိုင်းသော တရားစကား ဟောကြားတော်မူလတ်သော် ဒုက္ခက္ခန္ဓသုတ်-စသည်၏အစွမ်းဖြင့် များစွာသောအကြောင်းဖြင့် အာရုံ ၅-ပါး ကာမဂုဏ်တရားတို့၏ အပြစ်ကိုလည်းကောင်း ယုတ်ညံ့ခြင်း, ညစ်ညူးခြင်းကိုလည်းကောင်း ကာမဂုဏ်မှ ထွက်မြောက်ခြင်း၌ အကျိုးအာနိသင်ကိုလည်းကောင်း ဟောကြားတော်မူလေ၏။ ထိုတရားစကားကို နာကြား ရ၍ မဟာကာဠ အကြံရသည်ကား "သတ္တဝါမှန်သမျှ အလုံးစုံသော ပစ္စည်းဥစ္စာအဝဝကို ပယ်စွန့်၍ သွားရ၏။ တမလွန်ဘဝသို့ သွားသောသူ၏နောက်သို့ စည်းစိမ်ဥစ္စာ, ဆွေမျိုး သားချင်း အဖြာဖြာတို့သည် မလိုက်ပါနိုင်ကုန်တကား။ ငါ့အား အိမ်ရာတည်ထောင် လူတို့ ဘောင်၌ နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ရဟန်းပြုတော့အံ့"ဟု အကြံဖြစ်လေ၏။

----- x -----

## (၄) စူဠကာဠနှင့် မဟာကာဠတို့ ရဟန်းပြုကြခြင်း

ထို့နောက် လူအပေါင်းသည် ဘုရားရှင်ကို ရှိခိုး၍ ဖဲသွားကြပြီးသည်ရှိသော် ဘုရား ရှင်ထံ ရဟန်းအဖြစ်ကို တောင်းပန်လေလျှင် ဘုရားရှင်သည် "သင့်အား ပန်ကြားအပ်သူ တစ်စုံတစ်ယောက်သောသူများ ရှိလေသေးသလော"ဟု မေးတော်မူရာ "မြတ်စွာဘုရား၊ တပည့်တော်အား ညီငယ်ရှိပါသေး၏"ဟု လျှောက်လတ်သော် "ထိုသို့ဖြစ်မူ ထိုညီငယ်ကို ပန်ကြားဦးလော့"ဟု မိန့်တော်မူလေလျှင် "ကောင်းလှပါပြီဘုရား"ဟု လျှောက်ကြား၍ ပြန်သွားပြီးနောက် ညီငယ်ကို ခေါ်ကာ "ညီမောင်၊ ဤစည်းစိမ်ဥစ္စာ အဖြာဖြာကို သင်-သုံးဆောင်ခံစားရစ်ပါလော့"ဟု ပြောကြားသောအခါ ညီငယ်သည် "နောင်တော်၊ နောင် တော်တို့ကား အသို့ပြုပါမည်နည်း"ဟု ဆိုလတ်သော် "ငါသည် ဘုရားရှင်အထံ၌ ရဟန်းပြု တော့အံ့"ဟု ဆိုလေ၏။

ညီငယ်သည် နောင်တော်မဟာကာဠကို များစွာသောအကြောင်းတို့ဖြင့် တောင်းပန် ၍လည်း ရဟန်းပြုလိုစိတ်ကို တားမြစ်ခြင်းငှာ မတတ်နိုင်တော့ရကား "နောင်တော်၊ ကောင်းပါ ပြီ။ အလိုဆန္ဒရှိတော်မူတိုင်း (ရဟန်း)ပြုပါကုန်လော့"ဟု ခွင့်ပြုလေ၏။ မဟာကာဠသည် သွား၍ ဘုရားရှင်အထံတော်၌ ရဟန်းပြုလေ၏။ ထို့နောက် မကြာမီ ညီငယ်စူဠကာဠသည် လည်း "ငါသည် နောင်တော်ကို ပြန်ခေါ်ကာ လူထွက်အံ့"ဟု ကြံ၍ ရဟန်းပြုပြန်လေ၏။

## (၅) မဟာကာဠသည် ရဟန်း၏တာဝန်များကို လျှောက်ကြား၍ တရားတောင်းကာ သုသာန်သို့ သွား၍ တရားအားထုတ်ခြင်း

နောက်အဖို့၌ မဟာကာဠသည် ပဥ္စင်းအဖြစ်ကို ရ၍ ဘုရားရှင်အထံသို့ ချဉ်းကပ်ပြီးလျှင် "သာသနာတော်၌ ဓုရ(တာဝန်)တို့ကား အဘယ်မျှ ရှိပါသနည်းဘုရား"ဟု လျှောက်ကြား၍ ဘုရားရှင်သည် ဓုရ ၂-ပါးရှိကြောင်းကို ဟောကြားတော်မူအပ်သည်ရှိသော် "တပည့်တော်သည်ကား ကြီးရင့်သောကာလမှ ရဟန်းပြုရသောကြောင့် စာပေသင်ကြားခြင်း-ဟူသော ဂန္ထဓုရကို ဖြည့်ကျင့်ခြင်းငှာ မတတ်နိုင်တော့ပါ။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း-ဟူသော ဝိပဿနာဓုရကိုသာ ဖြည့်ကျင့်ပါအံ့"ဟု လျှောက်ကြား၍ အရဟတ္တဖိုလ် တိုင်အောင်သော ကမ္မဋ္ဌာန်းတရားကို ဟောကြားစေရန် တောင်းပန်ပြီး သုသာန်ဓုတင်ကို ဆောက်တည်ရန် ပဌမယာမ်လွန်သောအခါ အလုံးစုံသော ရဟန်းတို့ အိပ်ကုန်လတ်သော် သုသာန်သို့ သွား၍ တရားအားထုတ်ကာ စောစော အလုံးစုံသောသူတို့ မထမီပင်လျှင် ကျောင်းသို့ ပြန်လာခဲ့လေ၏။

ထိုအခါ သူသေကောင် မီးဖုတ်သည့် ကာလီ-မည်သော သုသာန်စောင့် မိန်းမ ၁-ယောက်သည် မထေရ်၏ ရပ်သောနေရာ, ထိုင်သောနေရာ, စင်္ကြံသွားသော နေရာတို့ကို မြင်လျှင် "ဤအရပ်သို့ အဘယ်သူ လာသနည်း။ ထိုသူကို စုံစမ်းအံ့"ဟု ကြံ၍ စုံစမ်းသော်လည်း စုံစမ်းခြင်းငှာ မတတ်သာသည်ဖြစ်၍ တနေ့သောအခါ သုသာန်ဇရပ်၌သာ ဆီမီးညှိထွန်း၍ သားသမီးများကိုပါ ခေါ်ဆောင်သွားကာ တင့်အပ်လျောက်ပတ်သောအရပ်၌ ပုန်းအောင်း၍ နေလေရာ သန်းခေါင်ယာမ်အခါ သုသာန်သို့ ကြွလာသော မထေရ်ကို မြင်လျှင် လာ၍ ရှိခိုးလျက်–

"အရှင်ဘုရား၊ တပည့်တော်မတို့၏ အရှင်မြတ်သည် ဤအရပ်၌ သီတင်းသုံးနေပါသလော"ဟု မေးလျှောက်လေရာ "ဒါယိကာမ၊ ဤအရပ်၌ သီတင်းသုံးနေသည် မှန်၏" ဟု ဆိုလျှင် "အရှင်ဘုရား၊ သုသာန်၌ နေသောသူတို့မည်သည်ကား ပြုသင့်သော ဝတ္တရားကို ပြုကျင့်လိုက်နာခြင်းငှာ သင့်ပါသည်ဘုရား"ဟု လျှောက်လတ်သော် မထေရ်သည် "သင်ပြောကြားသော ဝတ္တရားများကို ငါတို့ အဘယ့်ကြောင့် လိုက်နာပြုကျင့်ရအံ့နည်း"ဟု မဆိုမူဘဲ "ဒါယိကာမ၊ အဘယ်ဝတ္တရားကို ပြုကျင့်သင့်ပါသနည်း"ဟု မေးမြန်းသောအခါ "အရှင်ဘုရား၊ သုသာန်၌ နေထိုင်သော(သုသာန်ဓုတင် ဆောင်ကြသည့်) ရဟန်းတို့မည်သည်ကား သုသာန်၌ နေသည့်အဖြစ်ကို သုသာန်စောင့်တို့အားလည်းကောင်း, ကျောင်းရှိ မထေရ်ကြီး

အားလည်းကောင်း, ရှာစား(ရှာသူကြီး)အားလည်းကောင်း ပြောဆိုပန်ကြားသင့်ပါသည် ဘုရား"ဟု လျှောက်ကြားလေ၏။

မထေရ်သည် "အဘယ်အကြောင်းကြောင့် ထိုသူတို့အား ပန်ကြားပြောဆိုသင့်သနည်း"ဟု မေးလတ်သော် "သူတပါးပစ္စည်းကို ခိုးယူကြသည့် ခိုးသူတို့ကို ဥစ္စာရှင်တို့သည် ခြေရာခံ၍ လိုက်လာကုန်သည်ရှိသော် သုသာန်၌ ဥစ္စာဘဏ္ဍာထုပ်ကို ချပစ်၍ ပြေးသွားတတ်ပါကုန်၏။ ထိုအခါ ဥစ္စာဘဏ္ဍာရှင်ဖြစ်သော လူတို့သည် သုသာန်၌ နေထိုင်သူများအား ဘေးရန်ပြုလုပ်တတ်ပါကုန်၏။ သုသာန်စောင့်, မထေရ်ကြီး, ရှာစားတို့ ၃-ဦးအား ပန်ကြားပြောဆိုထားပြီးသည်ရှိသော် 'ငါတို့သည် ကောင်းသော ကိုယ်ကျင့်တရားရှိသည့် ဤအရှင်မြတ်၏ ဤမျှလောက်သော ကာလပတ်လုံး သုသာန်၌ နေသည့်အဖြစ်ကို သိကြပါကုန်၏။ ဤပုဂ္ဂိုလ်သည် ခိုးသူမဟုတ်ပါ'-ဟု ဆိုကာ ဘေးရန်ကို တားမြစ်နိုင်ကြပါကုန်၏။ ထို့ကြောင့် သုသာန်စောင့်, မထေရ်ကြီး, ရှာစားတို့အား ပန်ကြားခြင်းငှာ သင့်ပါကြောင်း"ဟု လျှောက်ကြားလေ၏။

မထေရ်သည် "ထိုမှတပါး အခြားအဘယ်အမှုကို ပြုသင့်ပါသေးသနည်း"ဟု မေးမြန်းပြန်လေရာ "အရှင်ဘုရား၊ သုသာန်၌နေသော အရှင်မြတ်မည်သည် ငါး, အမဲ, နှမ်း, မုန့်ညက်, ဆီ, တင်လဲ-စသည်တို့ကို မစားဘဲ ရှောင်ကြဉ်အပ်ပါကုန်၏။ နေ့လယ်အခါ၌ မအိပ်သင့်ပါ၊ မပျင်းရိရပါ၊ လုံ့လကြိုးကုတ် အားထုတ်ခြင်းဝီရိယ ရှိရပါ၏။ စဉ်းလဲခြင်း, လှည့်ပတ်ခြင်းသဘော မရှိမူ၍ မြတ်သောအလိုအဈ္ဈာသယ ရှိရပါ၏။ ညချမ်းအခါ အလုံးစုံသောသူတို့ အိပ်ပျော်ကုန်လတ်သော် ကျောင်းမှ ထွက်လာရပါ၏။ နံနက်စောစောအခါ အလုံးစုံသောသူတို့ မထသေးမီ ကျောင်းသို့ ပြန်ကြွရပါ၏။

အရှင်ဘုရား၊ အရှင်မြတ်သည် ဤသုသာန်၌ ဤသို့ ညွှန်ပြအပ်သော နည်းလမ်းအတိုင်း သီတင်းသုံးတော်မူကာ ရဟန်းကိစ္စအဝဝ အပြီးအဆုံးသို့ ရောက်စေခြင်းငှာ အကယ်၍ တတ်နိုင်သည်ဖြစ်ပါအံ့။ အရှင်ဘုရား ပျံလွန်တော်မူသည့်အခါ အရှင်ဘုရား၏ အလောင်းတော်ကို အကယ်၍ ယူဆောင်စွန့်ပစ်ကုန်သည်ဖြစ်အံ့။ တပည့်တော်မသည် ကမ္ဗလာအထွတ် စုလစ်မွန်းချွန် တပ်ဆင်သည့် တလားသို့ တင်ကာ ပန်းနံ့သာ-စသည်တို့ဖြင့် ပူဇော်မှုကို ပြုလျက် သင်္ဂြိုဟ်ပါအံ့။ အကယ်၍ ရဟန်းကိစ္စအဝဝ အပြီးအဆုံးသို့ ရောက်အောင် မစွမ်းဆောင်နိုင်သည် ဖြစ်ပါအံ့။ ထင်းပုံသို့ တင်၍ မီးတိုက်လျက် တံစူးဝါးချိတ်ဖြင့် ဆွဲငင်ကာ ပြင်ပသို့ ကော်ချပြီးလျှင် ပုဆိန်ဖြင့် ပေါက်ခွဲလျက် အပိုင်းအပိုင်းဖြတ်၍ မီး၌ ပြန်ထည့်ကာ မီးတိုက်ပါအံ့"ဟု လျှောက်ကြားလေ၏။

----- x -----

## (၆) မထေရ်သည် "ကောင်းပြီ"ဟု ဝန်ခံကာ တရားကို ဆက်လက်ပွါးများရာ ရဟန္တာဖြစ်ခြင်း

ထိုအခါ မထေရ်သည် ထိုသူသာန်စောင့်မကို "ဒါယိကာမ၊ ကောင်းပြီ။ တခုသော ရူပါရုံ(အလောင်းကောင်)ကို တွေ့မြင်သည်ရှိသော် ငါ့အား လျှောက်ကြားပါလော့"ဟု မှာထားလေ၏။ သုသာန်စောင့်မသည် "ကောင်းပါပြီဘုရား"ဟု ဝန်ခံ၏။ မထေရ်သည် အလိုဆန္ဒရှိသည်အားလျော်စွာ သုသာန်၌သာ ရဟန်းတရား ပွါးများကာ နေထိုင်လေ၏။ စူဠကာဠမထေရ်သည်ကား ထိုးကျင့်ထကြွသော စိတ်ရှိသည်ဖြစ်လျက် အိမ်ရာထောင်သော လူတို့ ဘောင်၌သာ ကြံစည်ကာ သား,မယားကို အဖန်တလဲလဲ အောက်မေ့တိုင်း "ငါ့နောင်တော် မဟာကာဠသည် အလွန်ဝန်လေးလှသောအမှုကို ပြုဘိ၏တကား"ဟု ကြံစည်လေ၏။

ထိုအခါ အမျိုးသမီးတစ်ယောက်သည် တခဏချင်း ပြင်းထန်သော အနာရောဂါဖြင့် ညချမ်းအခါ ကိုယ်ကာယ မညှိုးမနွမ်း မပင်ပန်းဘဲ သေလွန်လေ၏။ ထိုတခဏချင်း လောလောလတ်လတ် သေလွန်သော သတို့သမီးအလောင်းကို ဆွေမျိုးတို့သည် ထင်း, ဆီ-စသည်တို့နှင့်တကွ ညချမ်းအခါ သုသာန်သို့ ယူဆောင်၍ သုသာန်စောင့်မ-အား "ဤသတို့သမီးအလောင်းကို သဂြိုဟ်ပါလော့"ဟု အခပေးကာ အပ်နှံပြီးလျှင် ပြန်သွားကြကုန်၏။

သုသာန်စောင့်မသည် ထိုသတို့သမီးအလောင်း၌ လွှမ်းခြုံထားသော အဝတ်ကို ဖယ်ချွတ်လိုက်ရာ ထိုခဏ၌ သေလွန်သောအလောင်းဖြစ်၍ ပြည့်ဖြိုးသော အသားအရေ ရှိသဖြင့် ရွှေအဆင်းနှင့်တူသော ဝါဝင်းသောအဆင်းရှိသော ကိုယ်ကို မြင်ရလျှင် "ဤအလောင်းကောင်ကိုကား အရှင်မြတ်အား ပြခြင်းငှာ လျောက်ပတ်သော အာရုံတည်း"ဟု ကြံကာ သွား၍ မထေရ်ကို ရှိခိုးပြီးလျှင် "ဤသို့ သဘောရှိသော အာရုံရှိပါသည်ဘုရား။ အရှင်ဘုရားတို့သည် ကြည့်ရှုတော်မူပါကုန်လော့"ဟု လျှောက်ကြားသောအခါ မထေရ်သည် "ကောင်းပါပြီ"ဟု ဆိုကာ လွှမ်းခြုံထားသော အဝတ်ကို ဖယ်ခွါစေပြီးလျှင် ခြေဖဝါးအပြင်မှ စ၍ အထက်ဆံဖျားတိုင်အောင် ကြည့်ရှုသုံးသပ်၍ "ရူပါရုံသည် အလွန်နှစ်လိုဖွယ် ကောင်း၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏"ဟု ရှုဆင်ခြင်ပြီးလျှင် "အလောင်းကို မီး၌ထည့်၍ မီးတောက်မီးလျှံတို့ လောင်နေဆဲကာလ၌ ငါ့အား ပြောကြားလှည့်ဦးလော့"ဟု မှာကြားခဲ့ကာ မိမိနေရာသို့သာ ပြန်သွား၍ နေလေ၏။

သုဘာနုပဿီမလည်း မထေရ်မှာတိုင်း ပြုလုပ်၍ မထေရ်အား လျှောက်ကြားလေ၏။ မထေရ်သည် သူသေကောင်ရှိရာသို့ သွား၍ ကြည့်ရှုလတ်သော် မီးတောက်မီးလျှံ ထိခိုက်၍ လောင်ရာလောင်ရာအရပ်သည် ပြောက်ကျားသော နွားမနှင့်တူသော ကိုယ်အဆင်းရှိ၏။ ခြေတို့သည် ထင်းပုံမှ ထွက်၍ တွဲရရွဲကျကြကုန်၏။ လက်တို့သည် တွန့်လိမ်ကောက်ကွေးကုန်၏။ ပေါင်နှင့် နဖူးပြင်ကား အရေမရှိတော့ချေ။ ထိုအခါ မထေရ်သည် "ဤအလောင်းကောင်သည်ကား ယခုပင် ကြည့်ရှုသူတို့အား အပိုင်းအခြားမရှိ နှစ်သက်ခြင်းကို ပြုနိုင်ဘိသည်ဖြစ်ပါလျက် ယခုပင်လျှင် ကုန်ခြင်း,ပျက်ခြင်းသို့ ရောက်လေပြီတကား"ဟု နှလုံးသွင်းရာ, ညဥ့်သန့်ရာအရပ်သို့ ကြွရောက်နေထိုင်တော်မူပြီးလျှင် ကုန်ခြင်း,ပျက်ခြင်းသဘောကို ကောင်းစွာထင်ထင် မြင်အောင် ရှုပွါးတော်မူလျက်–

(က) အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

ဟူသော ဤဂါထာကို ရွတ်ဆိုလေ၏။

သင်္ခါရာ၊ ကံ,စိတ်,ဥ,ဟာ၊ ကြောင်း ၄-ဖြာတို့၊ ပေါင်းကာပြုပြင်၊ စီရင်သမှု၊ သင်္ခါရတရားစုတို့သည်။ ဝတ ဧကန္တေန၊ စင်စစ်ဧကန်၊ အမှန်အားဖြင့်။ အနိစ္စာ၊ ချုပ်ပျောက်ပြိုကွဲ၊ ဖောက်ပြန်တွဲ၍၊ မမြဲကြကုန်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ပေါ်ပြီးနောက်၊ ချုပ်ပျောက်မယွင်း၊ လက်ငင်းမြင်သိ၊ ဓမ္မတာသဘောရှိကြကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အကြောင်းဆုံဆည်း၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ နေရှိန်ကျရောက်၊ ဆီးနှင်းပေါက်သို့၊ ချုပ်ပျောက်ပျက်စီးခြင်းသဘောရှိကြကုန်၏။ တေသံ၊ ထိုအချိန်မလစ်၊ အသစ်ဆက်၍၊ ဖြစ်,ပျက်သမျှ၊ သင်္ခါရတရားတို့၏။ ဝူပသမော၊ မချုန်မထိန်း၊ အကုန်သိမ်း၍၊ ချုပ်ငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာတကာ၊ မတုသာအောင်၊ လွန်စွာအေးမြ၊ ဘေးကင်းပ၍၊ အချမ်းသာကြီး ချမ်းသာလှပါပေသတည်း။

ဤဂါထာကို ရွတ်ဆိုကာ ဝိပဿနာပွါးစေသည်ရှိသော် *ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။ ထိုမဟာကာဠမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်ပြီးသည်ရှိသော် ဘုရားရှင်သည် ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ခရီးဒေသစာရီ ကြွချီတော်မူခဲ့ရာ သေတဗျမြို့သို့ ရောက်၍ ယင်းတိုက်တောသို့ သက်ဝင် သီတင်းသုံးနေတော်မူလေ၏။

(*ပဋိသမ္ဘိဒါ = ခွဲခြမ်းဝေဖန်၍ သိမြင်တတ်သောဉာဏ်။
၁- အတ္ထပဋိသမ္ဘိဒါ = အကျိုးတရားစု, နိဗ္ဗာန်, ပါဠိတော်၏အနက်သဘော, ဝိပါက်စိတ်, ကြိယာစိတ်၊ ၎င်း ၅-ပါးတရားစုကို သိသောဉာဏ်။

၂- ဓမ္မပ္ပဋိသမ္ဘိဒါ = အကြောင်းတရားဟူသမျှ, အရိယာမဂ် ၄-ပါး, ပါဠိတော်အစဉ်, ကုသိုလ်,အကုသိုလ်၊ ၎င်း ၅-ပါး တရားစုကို သိသောဉာဏ်။

၃- နိရုတ္တိပ္ပဋိသမ္ဘိဒါ = ဆိုခဲ့ပြီးသော အတ္ထ ၅-မျိုး, ဓမ္မ ၅-မျိုးတို့နှင့် ဆိုင်၍ သဒ္ဒါ,ပုဒ်,ပါဠ် ၁၀-ပါး တို့ကို ကျွမ်းကျင်နားလည်သောဉာဏ်။

၄- ပဋိဘာနပ္ပဋိသမ္ဘိဒါ = ဆိုခဲ့ပြီးသော ပဋိသမ္ဘိဒါ ၃-ပါးလုံးကို ထူးထွေကွဲပြား ပိုင်းခြားဝေဖန်၍ သိသောဉာဏ်။ ၎င်းကို သဗ္ဗတ္ထကပဋိသမ္ဘိဒါဉာဏ်-ဟုလည်း ခေါ်သေးသည်)

----- x -----

## (၇) ညီဖြစ်သူ စူဠကာဠ လူ့ဘဝသို့ ရောက်ခြင်း

စူဠကာဠ၏ ဇနီးတို့သည် "ဘုရားရှင် ယင်းတိုက်တောသို့ အစဉ်ရောက်တော်မူလာသတတ်"ဟု ကြားရ၍ "ငါတို့၏ လင်ဖြစ်သူ စူဠကာဠကို ဖမ်းယူကြကုန်အံ့"ဟု ကြံလျက် တမန်စေလွှတ်၍ ဘုရားရှင်ကို ဆွမ်းဘုဉ်းပေး ပင့်ကြစေကုန်၏။ ဘုရားရှင်တို့၏ လေ့ကျက်ရာ ကြွတော်မူနေကျ မဟုတ်သောအရပ်၌ နေရာ(ကျအောင်)ခင်းကျင်းပုံကို ညွှန်ကြားပြသတတ်သော ရဟန်း ၁-ပါးသည် ဘုရားရှင် မကြွရောက်မီ ရှေးဦးစွာ သွားသင့်၏။ မှန်၏။ အလယ်၌ ဘုရားရှင်၏ နေရာကို ခင်းစေ၍ ဘုရားရှင်၏ လက်ယာဘက်၌ အရှင်သာရိပုတြာမထေရ်၏နေရာ, လက်ဝဲဘက်၌ အရှင်မောဂ္ဂလ္လာန်မထေရ်၏နေရာကို ခင်းအပ်၏။ ထိုလက်ဝဲ, လက်ယာ ခင်းအပ်သော နေရာမှစ၍ နံပါး ၂-ဘက်တို့၌ ရဟန်းသံဃာတော်တို့အတွက် နေရာကို ခင်းအပ်၏။

ထို့ကြောင့် မဟာကာဠမထေရ်သည် သက်နိုးရုံရာအရပ်၌ ရပ်လင့်၍ ညီ-စူဠကာဠကို "ငါ့ညီ စူဠကာဠ၊ သင်သည် ရှေ့မှ သွားလင့်၍ နေရာခင်းကျင်းပုံကို ပြောကြားနှင့်လေလော့"ဟု မှာ၍ စေလွှတ်လိုက်လေ၏။ ထိုစူဠကာဠမထေရ်ကို မြင်သောအခါမှစ၍ အိမ်သူဇနီး-စသူတို့သည် မထေရ်နှင့်တကွ ပြက်ရယ်ပြောင်လှောင်မှု ပြုကြကုန်၍ ယုတ်နိမ့်သော နေရာတို့ကို သံဃာထေရ်၏ အစွန်းအနား၌လည်းကောင်း မြင့်မြတ်သော နေရာတို့ကို သံဃာငယ်၏ အစွန်းအနား၌လည်းကောင်း ခင်းကျင်းကြကုန်၏။

စူဠကာဠသည် "ဤသို့ မပြုကြကုန်လင့်။ ယုတ်နိမ့်သော နေရာတို့ကို အထက်၌ မခင်းကြကုန်လင့်။ မြင့်မြတ်သော နေရာတို့ကို အောက်၌ မခင်းကြကုန်လင့်"ဟု ဆိုလေ၏။ မိန်းမတို့သည်လည်း စူဠကာဠစကားကို မကြားကုန်သကဲ့သို့ပြုကာ "အရှင်သည် အဘယ်အမှုကို ပြု၍ လှည့်လည်နေဘိသနည်း။ နေရာခင်းခြင်းငှာ အရှင့်အား မအပ်ပါသလော။ အရှင်သည် အဘယ်သူ့ကို ပန်ကြား၍ ရဟန်းပြုဘိသနည်း။ အဘယ်ကြောင့် ရဟန်းပြုဘိသနည်း။

အဘယ်ကြောင့် ဤအိမ်သို့ လာခဲ့သနည်း”ဟု ဆိုကြလျက် သင်းပိုင်,ကိုယ်ရုံကို ဆွဲငင်လု ယက်၍ အဝတ်ဖြူပုဆိုးကို ဝတ်ဆင်ပေးကြပြီးလျှင် ဦးခေါင်း၌ ပန်းခွေကို စွပ်ပေးကာ “သွားပါလေ။ ဘုရားရှင်ကို ပင့်ဆောင်ချေလော့။ ငါတို့ နေရာခင်းနှင့်ကြပါကုန်အံ့”ဟု ဆို၍ စေလွှတ်လိုက်လေ၏။ စူဠကာဠသည် ရဟန်းဖြစ်၍ မကြာသေးမီ ၁-ဝါမျှ မရသေးဘဲ လူဝတ်လဲလိုက်လေသောကြောင့် ရှက်နိုးသည်ကို မသိရကား ပုဆိုးဖြူလဲ၍ လူထွက်သော အသွင်ဖြင့်ပင် ခွဲရှာခြင်း ကင်းလျက်သာ သွား၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် ဘုရားအမှူး ရှိသော သံဃာတော်ကို ပင့်ဆောင်၍ လာလေ၏။

----- x -----

## (၈) မဟာကာဠမထေရ် လူထွက်စေရန် မယားဟောင်းတို့ ကြံစည်ကြခြင်း

ရဟန်းသံဃာတော်တို့ ဆွမ်းဘုဉ်းပေးပြီးသောအခါ မဟာကာဠမထေရ်၏ ဇနီး ဟောင်းတို့သည် “စူဠကာဠ၏ ဇနီးသည်တို့ကား မိမိလင်ယောကျ်ားကို ဖမ်းယူအပ်ပြီ။ ငါတို့လည်း ငါတို့အရှင်ဖြစ်သော မဟာကာဠကို ဖမ်း၍ လူထွက်စေကြကုန်အံ့”ဟု ကြံကြ လျက် တဖန်မိုးသောက်သော နောက်တစ်နေ့၌ ဘုရားရှင်ကို ပင့်ဖိတ်ကြလေကုန်၏။

ထိုအခါ နေရာခင်းခြင်းငှာ မဟာကာဠမှတပါး တခြားရဟန်း ၁-ပါး ကြွသွားလေရာ မဟာကာဠ၏ ဇနီးသည်ဟောင်းတို့သည် ထိုခဏ၌ အခွင့်မရကြ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို နေရာ၌ နေစေလျက် ဆွမ်းဆက်ကပ်လှူဒါန်းကြကုန်၏။ စူဠကာဠ၏ ဇနီးသည်တို့ကား ၂-ယောက်, မဇ္ဈိမကာဠ၏ ဇနီးသည်တို့ကား ၄-ယောက်, မဟာကာဠ၏ ဇနီးသည်တို့ကား ၈-ယောက် ရှိကုန်၏။

ရဟန်းသံဃာတော်တို့တွင်လည်း ဆွမ်းဘုဉ်းပေးလိုသော ရဟန်းတို့သည် ထိုင်၍ ဆွမ်းဘုဉ်းပေးကြကုန်၏။ ပြင်ပသို့ သွားလိုသော ရဟန်းတို့သည် ပြင်ပသို့ ထ၍ သွားကြကုန် ၏။ ဘုရားရှင်သည်ကား ထိုင်တော်မူလျက်သာ ဆွမ်းဘုဉ်းပေးတော်မူလေ၏။ ဘုရားရှင် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးသောအခါ မဟာကာဠ၏ ဇနီးဟောင်းမိန်းမတို့သည် “မဟာ-ကာဠမထေရ်သည် တပည့်တော်မတို့အား တရားပြသ၍ အနုမောဒနာပြုကာ လိုက်လာပါ လိမ့်မည် အရှင်ဘုရား။ အရှင်ဘုရားတို့ ရှေ့မှ ကြွနှင့်ကြပါကုန်ဘုရား”ဟု လျှောက်ထားကြ ကုန်၏။

ဘုရားရှင်သည်လည်း “ကောင်းပြီ”ဟု မိန့်တော်မူ၍ ရှေ့မှ ကြွတော်မူနှင့်လေ၏။ ရွာတံခါးသို့ ရောက်လတ်သော် ရဟန်းတို့သည် “ဘုရားရှင်သည် အဘယ်ကြောင့် မဟာကာဠ

မထေရ်ကို ချန်ထားခဲ့ဘိသနည်း။ သိလျက် ပြုလေသလော၊ သို့မဟုတ် မသိ၍ပင်လော။ ယမန်နေ့ကလည်း စူဠကာဠ ရှေ့မှ သွားခြင်းကြောင့် ပဗ္ဗဇ္ဇန္တရာယ်ဖြစ်ကာ လူ့ဘဝသို့ ရောက်ရှာလေပြီ။ ယနေ့ကား အခြားရဟန်း ၁-ပါး ရှေ့မှ သွားမိ၍ အန္တရာယ် မဖြစ်ခဲ့။ ယခုတဖန် မဟာကာဠမထေရ်ကို ချန်ထားခဲ့ပြန်၏။ စင်စစ် ကိုယ်ကျင့်သီလနှင့် ပြည့်ဝစုံလင်သော ထိုမဟာကာဠမထေရ်အား ပဗ္ဗဇ္ဇန္တရာယ်ပြုလိမ့်မည်လည်း မသိ"ဟု ကဲ့ရဲ့သဂြိုဟ် အတင်းဆိုကြလေကုန်၏။

ဘုရားရှင်သည် ထိုရဟန်းတို့၏ ကဲ့ရဲ့သောစကားကို ကြားသိတော်မူ၍ ပြန်လှည့်၍ ရပ်တော်မူပြီးလျှင် "ချစ်သား ရဟန်းများတို့၊ သင်တို့ အဘယ်မည်သော စကားကို ပြောကြားကြကုန်သနည်း"ဟု မေးတော်မူလျှင် ထိုအကြောင်းကို လျှောက်ထားကြလေကုန်ရာ ထိုအခါ ဘုရားရှင်က "သင်တို့သည် မဟာကာဠကို စူဠကာဠကဲ့သို့ မှတ်ထင်ကြကုန်သလော"ဟု မေးတော်မူလေ၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မှန်လှပါ။ မှတ်ထင်ကြပါကုန်၏ဘုရား။ ထိုစူဠကာဠကား ဇနီး ၂-ယောက်သာ ရှိပါ၏။ ဤမဟာကာဠကား ဇနီးသည် ၈-ယောက်ပင် ရှိနေပါသည်။ ဇနီးသည် ၈-ယောက်တို့ ဝိုင်းဝန်း၍ ဖမ်းယူလတ်သော် အဘယ်သို့ ပြုနိုင်ပါအံ့နည်း"ဟု ဘုရားရှင်အား လျှောက်ကြားကြလေကုန်၏။

ထိုအခါ ဘုရားရှင်သည် "ချစ်သား ရဟန်းတို့၊ ဤသို့ မဆိုကြကုန်လင့်။ စူဠကာဠကား အဖန်ဖန် ထိုးကျင့်ထကြွသော စိတ်ရှိသည်ဖြစ်၍ 'လှပတင့်တယ်၏'-ဟု အာရုံကို ယူခြင်း များလျက် နေထိုင်၏။ ကမ်းပါးပြတ်၌ တည်ရှိသည့် အားနည်းသောသစ်ပင်နှင့် တူ၏။ ငါ၏ သားတော်ဖြစ်သည့် မဟာကာဠသည်ကား 'မလှပ၊ မတင့်တယ်'-ဟု အဖန်ဖန် ရှုလျက် နေ၏။ တခဲနက် ကျောက်အတိပြီးသော ကျောက်တောင်ကဲ့သို့ တုန်လှုပ်ခြင်း မရှိ"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "သုဘာနုပဿိံ ဝိဟရန္တံ" စသော ဂါထာဒေသနာတော်တို့ကို ဟောကြားတော်မူလေ၏။

----- x -----

## (၉) မဟာကာဠမထေရ်အား ဝိုင်းဝန်း၍ ဆွဲမည်-ပြုကြခြင်း

မဟာကာဠ၏ ဇနီးဟောင်းတို့သည်လည်း မဟာကာဠမထေရ်ကို ဝိုင်းရံကာ "အရှင်၊ အဘယ်သူ့ကို ပန်ကြား၍ ရဟန်းပြုပါသနည်း။ ယခု လူထွက်မည်လော၊ မထွက်မည်လော" ဤသို့ စသော စကားများကို ပြောဆိုကြ၍ သင်္ကန်းကို ဆွဲချွတ်ကြမည်ပြုကြသောအခါ မဟာကာဠမထေရ်သည် ထိုမိန်းမတို့၏ အမူအရာကို သိ၍ ထိုင်နေရာမှ ထပြီးလျှင် တန်ခိုး

တော်ဖြင့် ကောင်းကင်သို့ ပျံတက်လျက် စုလစ်မွန်းချွန် တပ်သော အချက်ကို ၂-ဖြာခွဲပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွသွားကာ ဘုရားရှင်သည် တရားဒေသနာ ဂါထာတော်ကို ဟောတော်မူ၍ ပြီးဆုံးစေသောအခါ၌သာလျှင် ဘုရားရှင်၏ ရွှေအဆင်းနှင့်တူသော ကိုယ်တော်ကို လွန်စွာ ချီးမွမ်းထောမနာပြုလျက် ကောင်းကင်ထက်မှ သက်ဆင်း၍ ဘုရားရှင်၏ ခြေတော်အစုံကို ကြည်ညိုမြတ်နိုး ရှိခိုးဦးတိုက်လေ၏။

----- x -----

## (၁၀) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ ရောက်လာကြကုန်သော ရဟန်းပရိသတ်တို့သည် သောတာပတ္တိဖိုလ်-စသည်တို့၌ တည်ကြလေကုန်၏။

မဟာကာဠုတ္ထေရဝတ္ထု ပြီး၏။

★★★★★★★

# ၇။ ဒေဝဒတ္တဝတ္ထု

## (၁) ဒေသနာတော်

"ရာဂ-စသည် ကိလေသာ မကင်းက ဖန်ရည်စွန်းသော သင်္ကန်းကို မဝတ်ထိုက်"စသည်ကို ဒေဝဒတ်အား အကြောင်းပြု၍ ဟောကြားတော်မူခြင်း

**၉။ အနိက္ကသာဝေါ ကာသာဝံ၊ ယော ဝတ္ထံ ပရိဒဟိဿတိ။**
**အပေတော ဒမသစ္စေန၊ န သော ကာသာဝ'မရဟတိ။ ။**

၉။ အနိက္ကသာဝေါ၊ ရာဂ-စသည်၊ ဖန်ရည်တို့မှ မကင်းရှင်းသော။ ဒမသစ္စေန၊ ဣန္ဒြေ ခြောက်ဝ၊ ဆုံးမနိုင်နင်း၊ အမှန်ကို ပြောဆိုခြင်းမှ။ အပေတော၊ အကောက်ကြံသဖြင့်၊ ဖောက်ပြန်ချွတ်ယွင်း၊ အမှန်ကင်းသော။ ယော ပုဂ္ဂလော၊ မတော်မတရား၊ ဖောက်ပြားလော်လီ၊ မတည်မိုက်ပွါး၊ အကြင်ပုဂ္ဂိုလ်စားသည်။ ကာသာဝံ၊ အရောင်တင့်ထွန်း၊ ဖန်ရည်စွန်းသော။ ဝတ္ထံ၊ ဘုရား,ရဟန္တာ၊ ပစ္စေကာနှင့်၊ အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်တို့၊ မပြတ်ရုံလွှမ်း၊ ဝတ်သင်္ကန်းကို။ ပရိဒဟိဿတိ၊ မချင့်မမြော်၊ သင့်တော်မရှိ၊ ဝတ်ရုံသုံးဆောင်မိအံ့။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်များ*(စား)*သည်။ ကာသာဝံ၊ အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်တို့၊ မပြတ်ရုံလွှမ်း၊

ဝတ်သင်္ကန်းကို။ န အရဟတိ၊ ဝတ်ဖို့ကိုထား၊ မျက်စိအားဖြင့်၊ ထင်ရှားအသွင်၊ ဖူးမြင်ဖို့ရန်ပင် မထိုက်တန်ချေ။

၁၀။ ယော စ ဝန္တကသာဝ’ဿ၊ သီလေသု သုသမာဟိတော။
ဥပေတော ဒမသစ္စေန၊ သ ဝေ ကာသာဝ’မရဟတိ။ ။

၁၀။ ယော စ ပုဂ္ဂလော၊ တရားအရှင်၊ အမှားစင်သည့်၊ အကြင်ပုဂ္ဂိုလ်စားသည်ကား။ ဝန္တကသာဝေါ၊ အစွမ်းထက်မြက်၊ ၄-ပါးမဂ်ဖြင့်၊ ၁-စက်မကျန်၊ ပို့အန်ပယ်စွန့်အပ်ပြီးသော ကိလေသာတည်းဟူသော ဖန်ရည်ရှိသည်။ အဿ ဟောတိ၊ ဖြစ်၏။ သီလေသု၊ စတုပါရိသုဒ္ဓိ ၄-ဆူ၊ ဖွေးဖြူညီမျှ၊ ကျင့်သီလတို့၌။ သုသမာဟိတော၊ ကိုယ်နှင့်အသက်၊ မငဲ့ကွက်ဘဲ၊ မပျက်ကောင်းစွာ၊ ဆောက်တည်ခြင်းရှိသည်လည်း။ ဒမသစ္စေန၊ ဣန္ဒြေခြောက်ဝ၊ ဆုံးမနိုင်နင်း၊ အမှန်ကို ပြောခြင်းဆိုခြင်းနှင့်။ ဥပေတော စ၊ ကောင်းစွာ လုံလောက်ပြည့်စုံခြင်း ရှိသည်လည်း။ အဿ ဟောတိ၊ ဖြစ်၏။ သော ပုဂ္ဂလော၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ ကာသာဝံ၊ အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်တို့၊ မပြတ်ရုံလွှမ်း၊ ဝတ်သင်္ကန်းကို။ အရဟတိ၊ မပြတ်ရုံလွှမ်း၊ ဝတ်ဆင်မြန်းရန်၊ ထိုက်တန်လှပေ၏။

----- x -----

## (၂) ဆောင်ပုဒ်

ဣန္ဒြေခြောက်ဝ၊ မဆုံးမဘဲ၊ ရာဂစစွာ၊ ကိလေသာမည်၊ ဖန်ရည်မကင်း၊ (မသန့်ရှင်းနှင့်၊) ချွတ်ယွင်းဖောက်ပြန်၊ မမှန်ပြောကြား၊ စကားမတည်၊ ပုဂ္ဂိုလ်သည်ကား၊ ဖန်ရည်တပ်စွန်း၊ ဝတ်သင်္ကန်းကို၊ ဆင်မြန်းရုံဖို့ မသင့်တည်း။

ဣန္ဒြေခြောက်ဝ၊ ကွပ်ဆုံးမတည့်၊ ရာဂ-စစွာ၊ ကိလေသာမည်၊ ဖန်ရည်မကျန်၊ စွန့်ပစ်အန်၍၊ အမှန်ပြောကြား၊ စကားတည်ကြည်၊ ပုဂ္ဂိုလ်သည်ကား၊ ဖန်ရည်တပ်စွန်း၊ ဝတ်သင်္ကန်းကို၊ ဆင်မြန်းရုံဖို့ သင့်သတည်း။

“**အနိက္ကသာဝေါ**”အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းစံပျော် နေတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ **ဒေဝဒတ် ၏ သင်္ကန်းရခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။**

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ အခါတပါး အဂ္ဂသာဝက ၂-ပါးတို့သည် ၅၀၀၊ ၅၀၀-သော မိမိ၊မိမိ၏ အခြံအရံရဟန်းများကို ခေါ်ဆောင်ပြီးလျှင် ဘုရား

ရှင်ကို ရှိခိုးလျှောက်ထားပန်ကြား၍ ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်ကြကုန်၏။ ရာဇဂြိုဟ်ပြည်သူ, ပြည်သားတို့သည် ၂-ယောက် ၁-စု၊ ၃-ယောက် ၁-စု၊ အများ ၁-စု အသင်းပြုကြကုန်လျက် အာဂန္တု(ဧည့်သည်)တို့အား ပေးလှူခြင်းဒါနကို ပြုကြကုန်၏။ ထိုအခါ တစ်နေ့သ၌ အရှင်သာရိပုတြာမထေရ်သည် အနုမောဒနာတရား ဟောကြားလိုသည်ဖြစ်၍ –

(က) "ဒါယကာတို့၊ ၁-ယောက်သောသူသည် မိမိကိုယ်တိုင် ပေးလှူ၏။ သူတပါးကို မတိုက်တွန်း။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ စည်းစိမ်ချမ်းသာနှင့်သာ ပြည့်စုံရ၍ အခြံအရံနှင့် မပြည့်စုံ။

(ခ) ၁-ယောက်သောသူသည် မိမိကား မပေးလှူ၊ သူတပါးကိုသာ တိုက်တွန်း၏။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ အခြံအရံနှင့်သာ ပြည့်စုံရ၍ စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝခြင်းနှင့် မပြည့်စုံ။

(ဂ) ၁-ယောက်သောသူသည် မိမိလည်း မပေးလှူ၊ သူတပါးကိုလည်း မတိုက်တွန်း။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ ပအုန်းရည်မျှကိုလည်း ဝမ်းပြည့်အောင် မရ။ အားထားလောက်စရာ အထောက်အပံ့ကိုလည်း မရ။

(ဃ) ၁-ယောက်သောသူသည် မိမိလည်း ပေးလှူ၏၊ သူတပါးကိုလည်း တိုက်တွန်း၏။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ အရာ,အထောင်,အသိန်းသော ကိုယ်၏ အဖြစ်၌ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာခြင်း, အခြံအရံများခြင်းတို့နှင့် ပြည့်စုံရ၏"ဟု

ဤသို့သော တရားဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

### (၃) အလှူရှင် ၄-မျိုးတရားကို နာကြားရ၍ သဒ္ဓါပွါးကာ ဒါယကာ ၁-ဦး အလှူဝတ် စိမ်ခြင်း

ထိုအခါ ပညာရှိယောကျ်ား ၁-ယောက်သည် ထိုတရားကို နာကြားရ၍ "အချင်းတို့ တရားဒေသနာတော်သည် အံ့ဖွယ်ရှိပေစွတကား။ မဖြစ်ဖူးမြဲ ထူးကဲစွတကား။ ချမ်းသာခြင်း၏အကြောင်းကို ကောင်းစွာ ဟောတော်မူပေစွတကား။ ငါသည် ဤ ၂-ပါးသော စည်းစိမ်ချမ်းသာတို့ကို ပြီးစေတတ်သော ကောင်းမှုကုသိုလ်ကို ပြုဖို့ရာ သင့်၏"ဟု ကြံပြီးလျှင် "မနက်ဖြန် တပည့်တော်၏ ဆွမ်းကို ခံယူပါကုန်ဘုရား"ဟု အရှင်သာရိပုတြာမထေရ်ကို

ပင့်ဖိတ်လေ၏။ မထေရ်သည် "ဒါယကာ၊ အဘယ်မျှလောက်သော ရဟန်းတို့ဖြင့် အလိုရှိပါသနည်း"ဟု မိန့်တော်မူလတ်သော် "အရှင်ဘုရားတို့၏ အခြံအရံ ရဟန်းတို့ကား အဘယ်မျှ ရှိပါကုန်သနည်း"ဟု မေးလျှောက်ရာ "ဒါယကာ၊ ၁၀၀၀-ရှိ၏"ဟု မိန့်လတ်သော် "နောက်ပါအားလုံးတို့နှင့်တကွ မနက်ဖြန် တပည့်တော်အိမ်သို့ ဆွမ်းခံကြွရောက်တော်မူပါကုန် ဘုရား"ဟု လျှောက်ထားလေလျှင် မထေရ်သည် သည်းခံတော်မူလိုက်လေ၏။

ဒါယကာသည် မြို့တွင်းလမ်းမခရီး၌ လှည့်လည်လျက် "မြို့မိ,မြို့ဖတို့၊ ကျွန်ုပ်သည် မနက်ဖြန် ရဟန်း ၁,၀၀၀-ပင့်ဖိတ်ထားပါသည်။ သင်တို့ အဘယ်မျှလောက်သော ရဟန်းတို့အား ဆွမ်းလှူဒါန်းနိုင်ပါမည်နည်း။ တတ်အားသမျှ လှူဒါန်းကြပါကုန်"ဟု တိုက်တွန်းနှိုးဆော်လေ၏။ လူအများသည် မိမိ,မိမိတို့ တတ်စွမ်းနိုင်လောက်သော အမှတ်ဖြင့် "ငါတို့ကား ၁-ကျိပ်သော ရဟန်းတို့အား လှူဒါန်းကုန်အံ့။ ငါတို့ကား ၂-ကျိပ်သော ရဟန်းတို့အား လှူဒါန်းကုန်အံ့။ ငါတို့ကား ၁၀၀-သော ရဟန်းတို့အား လှူဒါန်းကုန်အံ့"ဟု ဆိုကုန်၏။ နှိုးဆော်သော ဒါယကာသည်လည်း "ထိုသို့ဖြစ်မူ ၁-ခုသောနေရာ၌ အညီအညွတ်ပြု၍ စုပေါင်းလုပ်ကျွေးကြကုန်အံ့။ အားလုံးသော နှမ်း, ဆန်, ထောပတ်များနှင့် တင်လဲ-စသည်တို့ကို ကောင်းစွာ ယူဆောင်ခဲ့ကြပါကုန်လော့"ဟု တိုက်တွန်းလျက် တစ်ခုသောအရပ်၌ ကောင်းစွာ ဆောင်ယူခဲ့စေ၏။

ထိုအခါ နှိုးဆော်သော ဒါယကာအား သူကြွယ် ၁-ယောက်သည် အဖိုး ၁-သိန်း ထိုက်တန်သည့် နံ့သာထုံမွမ်းသော သက်နီးလျာပုဆိုးကို ပေး၍ "သင်၏ အလှူဝတ်သည် အကယ်၍ မပြည့်စုံပါက ဤအဖိုး ၁-သိန်းထိုက်သော ပုဆိုးကို ရောင်းချ၍ လိုသောအလှူဝတ္ထုကို ဖြည့်စွက်ပါလေ။ အကယ်၍ ပြည့်စုံလုံလောက်သည် ဖြစ်ပါအံ့။ လှူဒါန်းလိုသည့် ရဟန်းအား လှူဒါန်းပါလေ"ဟု ပြောဆိုလေ၏။

----- x -----

## (၄) ၁-သိန်းတန် သင်္ကန်းကို ရှင်ဒေဝဒတ်အား လှူဒါန်းကြခြင်း

ထိုအခါ အလှူနှိုးဆော်သော ဒါယကာအား အလုံးစုံသော အလှူဝတ်သည် ပြည့်စုံလုံလောက်၏။ တစ်စုံတစ်ခုသော ဝတ္ထုကိုမျှလည်း ယုတ်လျော့ခြင်းမည်သည် မရှိလေပြီ။ ထိုနှိုးဆော်သောသူသည် လူတို့ကို "အမောင်တို့, အမိတို့၊ ဤသက်နီးလျာပုဆိုးကို သူကြွယ် ၁-ယောက်သည် ဤသို့သော စကားကို ဆို၍ ပေးလိုက်၏။ ထိုသက်နီးလျာပုဆိုးသည် အပိုအလွန်ဖြစ်ခဲ့ပြီ။ အဘယ်ရဟန်းအား ထိုသက်နီးလျာပုဆိုးကို လှူကြကုန်အံ့နည်း"ဟု မေး၏။

ထိုအခါ တချို့သော သူတို့သည် "အရှင်သာရိပုတြာမထေရ်အား လှူကုန်အံ့"ဟု ဆိုကုန်၏။ အချို့ကုန်သော သူတို့သည် "အရှင်သာရိပုတြာမထေရ်သည် စပါးမှည့်သော အခါ၌သာ လာ၍ ကြွသွားတော်မူတတ်သော အလေ့ရှိ၏။ ရှင်ဒေဝဒတ်သည်ကား ငါတို့၏ မင်္ဂလာကြီး,ငယ်တို့၌ ကြည့်ရှုစောင်မသဖြင့် အဖော်သဟဲ ဖြစ်ပေ၏။ ရေအိုးစရည်းကြီး သဖွယ် အမြဲမပြတ် ငါတို့၏အရပ်ဒေသ၌သာ သီတင်းသုံး တည်နေတော်မူ၏။ ထိုအရှင် ဒေဝဒတ်အား ထိုသင်္ကန်းလျာပုဆိုးကို လှူကုန်အံ့"ဟု ဆိုကုန်၏။ များစွာသော လူအပေါင်း တို့၏ အညီအညွတ် တိုင်ပင်ပြောဆိုသော စကားဖြင့်လည်း "ရှင်ဒေဝဒတ်အား ပေးလှူအပ် ၏"ဟု ပြောဆိုသောသူတို့ကား အလွန်တရာ များကုန်၏။

ထိုအခါ သင်္ကန်းလျာပုဆိုးကို ရှင်ဒေဝဒတ်အား လှူကြကုန်၏။ ထိုရှင်ဒေဝဒတ် သည် သင်္ကန်းလျာပုဆိုးကို ဖြတ်၍ ချုပ်ပြီးလျှင် ဆိုးရည်တို့ဖြင့် ဆိုး၍ ဝတ်ရုံသုံးဆောင်ကာ လှည့်လည်သွားလာ၏။ ထိုသို့ လှည့်လည်သွားလာသည်ကို လူအများတို့ မြင်ကြလျှင် "ဤသင်္ကန်းကား ရှင်ဒေဝဒတ်အား မလျောက်ပတ်၊ မထိုက်တန်။ အရှင်သာရိပုတြာမထေရ် အားသာ လျောက်ပတ်ထိုက်တန်၏။ ရှင်ဒေဝဒတ်သည် မိမိအား မထိုက်တန်သော သင်္ကန်း ကို ဝတ်ရုံ၍ လှည့်လည်ခဲ့၏"ဟု ဆိုကုန်၏။ ထိုအခါ အရပ်မျက်နှာ၌နေသော ရဟန်း ၁- ပါးသည် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ သွား၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် ပဋိသန္ထာရ စကားဖြင့် အစေ့အစပ် ပြုပြီးသည်ရှိသော် မြတ်စွာဘုရားရှင်သည် ၂-ပါးသော အဂ္ဂသာဝက တို့၏ ချမ်းသာစွာနေခြင်းကို မေးတော်မူအပ်သည်ဖြစ်၍ (ထိုရဟန်းသည်) အစမှစ၍ အလုံးစုံ သော ထိုအကြောင်းကို လျှောက်ကြားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် "ချစ်သားရဟန်းတို့ ထိုဒေဝဒတ်သည် ယခုအခါ၌သာ မိမိအား မလျောက်ပတ်၊ မထိုက်တန်သော အဝတ်သင်္ကန်းကို ဝတ်ရုံသုံးဆောင်သည် မဟုတ်သေး။ ရှေးကလည်း ဝတ်ရုံသုံးဆောင်ဖူးသည်သာတည်း"ဟု မိန့်တော်မူ၍ လွန်လေ ပြီးသော အတိတ်ကို ဆောင်တော်မူလေ၏။

----- x -----

## (၅) ရှင်ဒေဝဒတ်အလောင်း ဆင်သတ်ယောကျ်ားဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဗာရာဏသီပြည်၌နေသော ၁-ယောက်သော ဆင်သတ်ယောကျ်ားသည် ဆင်ကို သတ်၍ သတ်၍ အစွယ်, ခြေသည်း, လက်သည်း, အူသိမ်, အူမ၊ တခဲနက်ရှိသော အသားစိုင်တို့ကို

ဆောင်ယူကာ ရောင်းချလျက် အသက်မွေးမြူလေ၏။ ထိုအခါ ၁-ခုသော တော၌ အထောင်မက များစွာကုန်သော ဆင်တို့သည် အစာရှာလိုသောကြောင့် စားကျက်သို့ အစာရှာ သွားကုန်သည်ရှိသော် အရှင်ပစ္စေကဗုဒ္ဓါတို့ကို မြင်၍ ထိုမြင်သည်မှစ၍ သွားသော ကာလ, ပြန်သောကာလ၌ ပုဆစ်ဒူးတို့ဖြင့် တုပ်ဝပ်၍ ရှိခိုးပြီးမှ ဖဲသွားကြကုန်၏။

တစ်နေ့သ၌ ဆင်သတ်ယောကျ်ားသည် ထိုဆင်များ ရှိခိုးသော အခြင်းအရာကို မြင်လျှင် "ငါကား ဤဆင်တို့ကို ဆင်းရဲငြိုငြင်စွာ သတ်ရ၏။ ဤဆင်တို့သည်လည်း သွားတိုင်း, လာတိုင်းသော ကာလ၌ အရှင်ပစ္စေကဗုဒ္ဓါတို့ကို ရှိခိုးကြကုန်၏။ အဘယ်ကို မြင်၍ ရှိခိုးကြကုန်သနည်း"ဟု ကြံဆင်ခြင်သည်ရှိသော် "သင်္ကန်းကို မြင်၍ ရှိခိုးကုန်၏"ဟု မှတ်သားပြီးလျှင် "ငါသည်လည်း ယခုအခါ သင်္ကန်းကို ရခြင်းငှာ သင့်၏"ဟု ကြံပြီး၍ အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ် ၁-ပါးသည် ဇာတဿရအိုင်သို့ သက်ဆင်း၍ ရေချိုးစဉ် ကမ်းနား၌ ထားအပ်ကုန်သော သင်္ကန်းတို့တွင် ၁-ထည်သော သင်္ကန်းကို ခိုးယူ၍ ထိုဆင်တို့ သွားရာ, လာရာဖြစ်သော လမ်းခရီး၌ လှံကို စွဲကိုင်လျက် ဦးခေါင်းနှင့်တကွ ကိုယ်ကို ခြုံရုံ၍ နေလေ၏။

ဆင်တို့သည် ထိုသင်္ကန်းခြုံရုံ၍နေသော ဆင်သတ်မုဆိုးယောကျ်ားကို မြင်လျှင် အရှင်ပစ္စေကဗုဒ္ဓါ-ဟူသော အမှတ်ဖြင့် ရှိခိုးပြီးမှ ဖဲသွားကြကုန်၏။ ထိုဆင်သတ်မုဆိုးသည် အလုံးစုံသော ဆင်တို့နောက်မှ သွားသော ဆင်ကို လှံဖြင့် ထိုးသတ်ပြီးလျှင် အစွယ်-စသည်တို့ကို ယူ၍ အကြွင်းကို မြေ၌မြှုပ်ထား၍ သွားလေ၏။ နောက်အဖို့၌ ဘုရားအလောင်းသည် ဆင်အမျိုး၌ ပဋိသန္ဓေကို ယူ၍ ဖွားမြင်သောအခါ ဆင်တို့၏ အကြီးအမှူး ဆင်မင်းဖြစ်လေ၏။ ထိုအခါ၌လည်း မုဆိုးသည် ရှေးနည်းအတူပင် ပြုပြန်လေလျှင် အလောင်းတော်ဆင်မင်းသည် မိမိ၏ပရိသတ် ဆုတ်ယုတ်ပျက်စီးခြင်းကို သိ၍ "ဤဆင်အပေါင်းတို့သည် အဘယ်အရပ်သို့ သွားရောက်ကြ၍ နည်းပါးကုန်သနည်း"ဟု ပြောဆိုမေးမြန်းလေလျှင် "အရှင်ဆင်မင်း၊ ကျွန်ုပ်တို့ မသိကြပါ"ဟု ဆိုလတ်သော် "အရပ်တပါးသို့ သွားကြသည်ရှိသော် ငါ့ကို မပန်ကြားဘဲ မသွားကြကုန်လင့်။ ဘေးရန်အန္တရာယ် ဖြစ်နိုင်တန်ရာ၏"ဟု ဆို၍ "တစ်နေရာ၌ သင်္ကန်းကို ခြုံ၍ နေသောသူ၏အထံမှ ဘေးရန်ဖြစ်နိုင်မည်ထင်၏"ဟု ယုံမှားသံသယရှိလာ၍ "ထိုသူကို စုံစမ်းခြင်းငှာ သင့်၏"ဟု ကြံလျက် အလုံးစုံသော ဆင်တို့ကို ရှေ့မှ စေလွှတ်လိုက်၍ မိမိကိုယ်တိုင် နောက်ဆုံးမှ ခပ်ဆိုင်းဆိုင်း လိုက်လျက် လာလေ၏။

ဆင်သတ်မုဆိုးသည် အခြားဆင်တို့ ရှိခိုး၍ သွားသည်ရှိသော် နောက်ဆုံးမှ လိုက်လာသည့် အလောင်းတော် ဆင်မင်းကို မြင်သဖြင့် သင်္ကန်းကို ဖယ်ခွါ၍ လှံဖြင့် ပစ်ခတ်

လိုက်လေ၏။ ထိုအခါ အလောင်းတော်ဆင်မင်းသည် သတိထားကာ လိုက်လာသည် ဖြစ်ရကား နောက်သို့ဆုတ်ခွါ၍ လှံကို ရှောင်လိုက်ပြီးလျှင် "ဆင်တို့ကို သတ်ဖြတ်ဖျက်ဆီးနေသူကား ဤသူပင်တည်း"ဟု ထိုသူကို ဖမ်းယူခြင်ငှာ ပြေးသွားလေရာ ဆင်သတ်မုဆိုးသည် သစ်ပင် ၁-ပင်ကို ကွယ်လျက် ပုန်းအောင်းနေလေ၏။

ထိုအခါ မုဆိုးကို "ပုန်းကွယ်ထားသော သစ်ပင်နှင့်တကွ နှာမောင်းဖြင့် ရစ်ပတ်၍ ကိုင်ယူကာ မြေ၌ ပစ်ခတ်ရိုက်သတ်အံ့"ဟု ကြံသော်လည်း မုဆိုးထုတ်၍ ပြအပ်သော သင်္ကန်းစကို မြင်လျှင် "ငါသည် အကယ်၍ ဤမုဆိုးကို သတ်ဖြတ်ငြားအံ့။ အထောင်မက များလှစွာသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့ အရှက်ကွဲကြလတ္တံ့"ဟု အကြံဖြစ်ပြန်ကာ သည်းခံလျက် "သင်သည် ဤမျှလောက်သော ငါ၏ အမျိုးအဆွေတို့ကို သတ်ဖြတ်သည် မဟုတ်ကုန်လော"ဟု မေးလေလျှင် "အရှင်၊ သတ်ဖြတ်သည် မှန်ပေ၏"ဟု ဝန်ခံလတ်သော် "သင်အဘယ်ကြောင့် ဤသို့ ဝန်လေးသောအမှုကို ပြုဘိသနည်း။ မိမိအား မထိုက်တန်,မလျော်ကပ်ပတ်၊ ရဟန္တာအရှင်မြတ်တို့အားသာ ထိုက်တန်လျော်ပတ်သည့် သင်္ကန်းအဝတ်ကို ဝတ်ရုံလျက် ဤသို့ သဘောရှိသောအမှုကို ပြုလုပ်သဖြင့် သင်သည် ဝန်လေးသောအမှုကို ကျူးလွန်ပြုလုပ်ဘိ၏တကား"ဟု ပြောကြားပြီးလျှင် အလွန်အကြူး အထူးပင် နှိပ်ကွပ်ဆုံးမလိုပြန်သောကြောင့် "အနိက္ကသာဝေါ ကာသာဝံ"စသော ဂါထာကို ရွတ်ဆို၍ "သင်သည် မသင့်လျော်သောအမှုကို ပြုဘိ၏တကား"ဟု ပြောကြား၍ ဆုံးမကာ လွှတ်လိုက်လေ၏။

ဘုရားရှင်သည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူကာ "ထိုအခါ ဆင်သတ်ယောကျ်ားသည် ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။ ထိုဆင်သတ်ယောကျ်ားကို နှိပ်ကွပ်ဆုံးမတတ်သည့် ဆင်မင်းသည်ကား ငါဘုရားဖြစ်လာ၏"ဟု ဇာတ်ကို ပေါင်းတော်မူပြီးလျှင် "ချစ်သား ရဟန်းများတို့၊ ဒေဝဒတ်သည် ယခုအခါ၌သာ မိမိအား မထိုက်တန်, မလျော်ကပ်ပတ်သော အဝတ်သင်္ကန်းကို ဝတ်ရုံသည်မဟုတ်သေး။ ရှေးကလည်း ဝတ်ရုံဖူးသည်သာတည်း"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "အနိက္ကသာဝေါ ကာသာဝံ"စသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၆) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ အရပ်မျက်နှာ၌ နေလေ့ရှိသည့် အာဂန္တုရဟန်းသည် သောတာပန်တည်လေ၏။ ထိုမှတပါး များစွာသော ရဟန်းတို့သည်လည်း သောတာ-ပန်-စသည်တို့သို့ ရောက်ကြကုန်၏။ လူအပေါင်းအားလည်း အကျိုးစီးပွါး များပြားသော တရားဒေသနာ ဖြစ်တော်မူလေ၏။

ဒေဝဒတ္တဝတ္ထု ပြီး၏။

★★★★★★★

## ၈။ သာရိပုတ္တတ္ထေရဝတ္ထု

### (၁) ဒေသနာတော်

"ပညာမဲ့ကား အနှစ်သာရ မြတ်ဓမ္မကို အနှစ်သာရ-ဟု မသိ၊ ပညာရှိမှသာ သိရှိနိုင်ကာ အနှစ်သာရ မြတ်ဓမ္မကို ရရှိခံစားနိုင်ကြောင်း"ကို ဟောကြားတော်မူခြင်း

၁၁။ **အသာရေ သာရမတိနော၊ သာရေ စာ'သာရဒဿိနော။**
**တေ သာရံ နာ'ဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။ ။**

၁၁။ ယေ၊ ကြောင်း,ကျိုး ၂-ဖြာ၊ ကောင်းစွာမမြင်၊ အကြင်သူတို့သည်။ အသာရေ၊ အနှစ်သာရ၊ ဘာမျှမရှိ၊ တိတ္ထိတို့၏တရား၌။ ဝါ၊ သာရအစစ်၊ အနှစ်ဆိုဘိ၊ ဘိတ်မရှိသည့်၊ တိတ္ထိတို့၏တရား၌။ သာရမတိနော၊ အနှစ်သာရ၊ အပြည့်ဝ-ဟု၊ မှတ်ကြပြီးတုံ၊ အယူရှိကုန်၏။ သာရေ စ၊ အနှစ်သာရ၊ ပြည့်ဝစုံလင်၊ သူတော်စင်တို့၏ တရား၌လည်း။ အသာရဒဿိ-နော၊ အနှစ်သာရ၊ ဘာမျှမရှိ၊ အကာကြီး-ဟု၊ အသိမှားဝင်၊ အမြင်ရှိ၍ နေကုန်၏။ မိစ္ဆာ-သင်္ကပ္ပဂေါစရာ၊ အယူဖောက်ပြား၊ အကြံမှားလျက်၊ မိစ္ဆာဝိတက်၏၊ ကျက်စားရာဖြစ်ကုန်သော။ တေ၊ အနှစ်,အကာ၊ မသိပါကြ၊ ထိုသူစားတို့သည်။ သာရံ၊ သီလ,သမာ၊ ပညာအဝဝ၊ မြင့်မြတ်လှသည့်၊ သာရအစစ်၊ ဂုဏ်အနှစ်ကို။ နာ'ဓိဂစ္ဆန္တိ၊ ကျနပိုင်ပိုင်၊ မရနိုင်ကြလေကုန်။

၁၂။ **သာရဉ္စ သာရတော ဉတွာ၊ အသာရဉ္စ အသာရတော။**
**တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။ ။**

ယေ၊ အကာ,အနှစ်၊ ဉာဏ်နှင့်လှစ်၍၊ စိစစ်သိမြင်၊ အကြင်သူတို့သည်။ သာရဉ္စ၊ အနှစ်သာရ၊ ပြည့်ဝစုံလင်၊ သူတော်စင်တို့၏ တရားကိုလည်း။ သာရတော၊ ပြည့်ဝစုံဘိ၊

အနှစ်သာရရှိသောအားဖြင့်။ အသာရဥ္စ၊ အနှစ်သာရ၊ ဘာမျှမရှိ၊ တိတ္ထိတို့၏ တရားကိုလည်း။ အသာရတော၊ အနှစ်သာရ မရှိ အကာအတိအားဖြင့်။ ဉတွာ၊ ဟုတ်တိုင်းထင်ထင်၊ သိမြင်ကြကုန်၍။ ဌိတာ၊ တည်ကြကုန်၏။ သမ္မာသင်္ကပ္ပဂေါစရာ၊ အယူတည့်မှန်၊ ကောင်းစွာကြံခြား၊ သမ္မာဝိတက် ကောင်းစွာ ကျက်စားရာဖြစ်ကုန်သော။ တေ၊ အနှစ်ရှိ,မရှိ၊ ပိုင်းခြားသိသူ၊ ထိုလူတို့သည်။ သာရံ၊ သီလ,သမာ၊ ပညာအဝဝ၊ မြင့်မြတ်လှသည့်၊ သာရအစစ်၊ ဂုဏ်ကျေးဇူးအနှစ်ကို။ အဓိဂစ္ဆန္တိ၊ ကျနပိုင်ပိုင်၊ ကောင်းစွာရရှိနိုင်ကြလေကုန်၏။

----- x -----

## (၂) ဆောင်ပုဒ်

အနှစ်မပါ၊ အကာဖြစ်ငြား၊ တိတ္ထိတရားမူ၊ အနှစ်ယူ၏။ သူတော်ဓမ္မ၊ နှစ်သာရမူ၊ နှစ်မယူဘဲ၊ ချွတ်ချော်လွဲယူ၊ ထိုသည့်သူကား၊ စင်ဖြူဓမ္မ၊ နှစ်သာရကို၊ မုချဧကန် မရတည်း။

အနှစ်သာရ၊ ပြည့်ဝစုံငြား၊ မြတ်တရားမူ၊ အနှစ်ယူ၏။ တိတ္ထိဓမ္မ၊ သာရမရှိ၊ အကာတိယူ၊ ဉာဏ်ရှိသူကား၊ စင်ဖြူဓမ္မ၊ နှစ်သာရကို၊ မုချဧကန် ရသတည်း။

**"အသာရေ သာရမတိနော"**အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် အဂ္ဂသာဝကတို့ လျှောက်ကြားအပ်သော **သိဥ္စည်းပရိဗိုဇ်၏** မလိုက်လာခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

----- x -----

## (၃) ဘုရားရှင်၏ အဖြစ်တော်စဉ်

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ငါတို့၏ အစိန္တေယျ သုံးလောကဆရာ စောသတ္တာသည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေလတ်သော် ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းထက်၌ **အမရဝတီမည်သော** မြို့တွင် **သုမေဓာမည်သော** ပုဏ္ဏားလုလင်ဖြစ်လျက် အတတ်ပညာ အဖြာဖြာတို့၌ အလုံးစုံ အပြီးအဆုံးသို့ ရောက်ပြီးလျှင် မိဘ ၂-ပါးကွယ်လွန်၍ သွားသဖြင့် ကုဋေပေါင်းမြောက်မြားစွာသော ပစ္စည်းဥစ္စာတို့ကို စွန့်ကြဲပေးကမ်း လှူဒါန်းပြီးနောက် ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ်၌နေလျက် ဈာန်အဘိညာဉ်တို့ကို ရပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွသွားစဉ် ဒီပင်္ကရာဘုရားရှင်၏ သုဒဿနမည်သော ကျောင်းတော်မှ ရမ္မဝတီပြည်ခွင်သို့ ကြွဝင်တော်မူရန် လမ်းခရီးကို သုတ်သင်ပြင်ဆင်နေကြသည်ကို တွေ့မြင်ရ၍ မိမိလည်း ၁-နေရာကို ယူ၍ သုတ်သင်ပြင်ဆင်ရာ ပြင်ဆင်၍မပြီးမီ ကြွရောက်တော်မူလာသော ဒီပင်္ကရာဘုရားရှင်အား မိမိကိုယ်ကို တံတားပြုလုပ်၍ ညွှန်ပျောင်း၌ပင် သစ်နက်

ရေကို ခင်းလျက် "ဘုရားရှင်သည် တပည့်သံဃာတော်အပေါင်းနှင့်တကွ ညွန်ပျောင်းကို နင်းတော်မမူဘဲ ကျွန်ုပ်၏ကိုယ်ပေါ်ကို နင်းတော်မူကာ ကြွရောက်တော်မူပါလော့"ဟု အလျားမှောက်ပြီး ဝပ်၍ အိပ်နေလေ၏။

ဒီပင်္ကရာဘုရားရှင်သည် သုမေဓာရသေ့ကို မြင်လျှင်မြင်ချင်း "ဤသူကား ဘုရားအညွန့်အလောင်းတည်း။ နောင်အခါ ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းထက်၌ ဂေါတမ အမည်ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေ၏။

----- x -----

## (၄) ၂၈-ကျိပ် ၃-ဆူသော ဘုရားရှင်များ

ထိုဒီပင်္ကရာဘုရားရှင်၏ နောက်အဖို့၌–

| | | |
|---|---|---|
| [၁]ကောဏ္ဍညဘုရား | [၂]မင်္ဂလဘုရား | [၃]သုမနဘုရား |
| [၄]ရေဝတဘုရား | [၅]သောဘိတဘုရား | [၆]အနောမဒဿီဘုရား |
| [၇]ပဒုမဘုရား | [၈]နာရဒဘုရား | [၉]ပဒုမုတ္တရဘုရား |
| [၁၀]သုမေဓဘုရား | [၁၁]သုဇာတဘုရား | [၁၂]ပိယဒဿီဘုရား |
| [၁၃]အတ္ထဒဿီဘုရား | [၁၄]ဓမ္မဒဿီဘုရား | [၁၅]သိဒ္ဓတ္ထဘုရား |
| [၁၆]တိဿဘုရား | [၁၇]ဖုဿဘုရား | [၁၈]ဝိပဿီဘုရား |
| [၁၉]သိခီဘုရား | [၂၀]ဝေဿဘူဘုရား | [၂၁]ကကုသန်ဘုရား |
| [၂၂]ကောဏာဂုံဘုရား | [၂၃]ကဿပဘုရား၊ | |

ဤဘုရားရှင်တို့သည် လောက ၃-ပါးကို ကိုယ်တော်ရောင်ဖြင့် ထွန်းလင်းစေပြီး၍ ပွင့်ထွန်းတော်မူလတ်သော် ဤ ၂၃-ကျိပ် ၃-ဆူသော ဘုရားရှင်တို့၏ အထံ၌လည်း ရအပ်သော ဗျာဒိတ်ရှိကာ–

- ပြင်ပ ပစ္စည်းဥစ္စာ,ပြည်,ရွာ-စသည်တို့ကို စွန့်ခြင်း-တည်းဟူသော ၁၀-ပါးသော ပါရမီ
- ခြေ, လက်-စသည့် ကိုယ်အင်္ဂါကို စွန့်ခြင်း-ဟူသော ၁၀-ပါးသော ဥပပါရမီ
- အသက်ကို စွန့်ခြင်း-ဟူသော ၁၀-ပါးသော ပရမတ္ထပါရမီ၊

ဤသို့လျှင် အယုတ်,အလတ်, အမြတ်အားဖြင့် အမျှ ၃၀-သော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီး၍ ဝေဿန္တရာမင်းအဖြစ်၌ တည်လျက် မြေကြီးတုန်လှုပ်လောက်အောင် အလှူ



သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်အား မိမိကိုယ်ကို တံတားပြုလုပ်၍

တော်ကြီးတို့ကို ပေးလှူခြင်း၊ သား,မယားကိုပင် စွန့်လွှတ်လှူဒါန်းခြင်းတို့ကို ပြုပြီးလျှင် အသက်၏အဆုံးတွင် တုသိတာနတ်ခွင်၌ တုသိတာနတ်တို့၏ နတ်သက်အတိုင်း တည်နေတော်မူသည်ရှိသော် ၁-သောင်းသော စကြာဝဠာတိုက်၌ နေကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည်-

(က) ကာလော ဒေဝ မဟာဝီရ၊ ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ။
သဒေဝကံ တာရယန္တော၊ ဗုဇ္ဈဿု အမတံ ပဒံ။ ။

ဟူသော ဤဂါထာဖြင့် ဘုရားဖြစ်ရန် တောင်းပန်ကြကုန်၏။

(က) မဟာဝီရ၊ ဘယ်လူ,ဘယ်နတ်၊ ဗြဟ္မာမြတ်မှ၊ နှိုင်းအပ်မရ၊ ကြီးမားသော လုံ့လရှိတော်မူပေသော။ ဒေဝ၊ မနှိုင်းအပ်သာ၊ ဘုန်းသမ္ဘာဖြင့်၊ ဂုဏ်ဝါကျော်ကြား၊ အလောင်းတော်နတ်သား။ အယံ ကာလော၊ လူပြည့်,လူ့ရွာ၊ ၁၀၀-သက်တမ်း၊ တွက်ခမ်းသတ်မှတ်၊ ဆုတ်ကပ်ရောက်လာ၊ ဤအခါသည်ကား။ တော၊ လှပပုံဟန်၊ ပြည့်လျှံဖြောင့်စင်း၊ ထိန်ထိန်ဝင်းသည့်၊ အဆင်းတောက်ကြွား၊ သင်-အလောင်းတော်နတ်သားအား။ ကာလော၊ အပေါင်းများစွာ၊ ဝေနေယျာတို့ သံသာဒုက္ခ၊ လွတ်မြောက်ကြဖို့ လောကဓမ္မရာဇ် ဘုရားဖြစ်ရန်၊ အချိန်တန်ပါပြီ။ မာတုကုစ္ဆိယံ၊ လူပြည်တွင်ရှိ အမိ၏ဝမ်းကြာတိုက်ခန်း၌။ ဥပ္ပဇ္ဇ၊ ပဋိသန္ဓေ၊ တည်နေတော်မူပါလော့။ သဒေဝကံ၊ ထက်ဗြဟ္မာအစ၊ မလပ်ရအောင်၊ နတ်နှင့်တကွသော။ လောကံ၊ ကျွတ်ထိုက်သမျှ၊ ရှိကြသောင်းသောင်း၊ နတ်,လူအပေါင်းကို။ တာရယန္တော၊ သံသရာပြင်ကျယ်၊ သမုဒ်လယ်မှ၊ ထုတ်ဆယ်ကယ်တင်တော်မူလျက်။ အမတံ ပဒံ၊ သေခြင်းကင်းပ၊ အမတမည်မှတ်၊ နိဗ္ဗာန်မြတ်ကို။ ဗုဇ္ဈဿု၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်၊ ရောင်လျှံလင်းပြူ ဓမ္မစက္ခုဖြင့်၊ ကြည့်ရှုထင်ထင်၊ သိမြင်တော်မူပါလော့။

ဤသို့ဆို၍ တောင်းပန်ကြကုန်သည်ရှိသော်-

(ခ) ကာလံ ဒေသဉ္စ ဒီပဉ္စ၊ ကုလံ မာတရမေဝ စ။
ဣမေ ပဉ္စ ဝိလောကေတွာ၊ ဥပ္ပန္နိတွာ မဟာယသော။ ။

(ခ) မဟာယသော၊ ရတနာရောင်တို့ဖြင့်၊ ထိန်ပြောင်တင့်ဆန်း၊ အံ့မခန်းညီးညီး၊ ဗိမာန်ကြီးဝယ်၊ နတ်သမီးရံခွေ၊ အဖော်တွေနှင့်၊ ပျော်နေစိုးစံ၊ အခြံရံများ၊ အလောင်းတော်နတ်သားသည်။ ¹ကာလဉ္စ၊ ဘုရားဖြစ်ရန်သမယ၊ ချိန်ကာလကိုလည်းကောင်း။ ²ဒေသဉ္စ၊ ဘုရားဖြစ်ရန်ဌာန၊ မဇ္ဈိမဒေသကိုလည်းကောင်း။ ³ဒီပဉ္စ၊ ဘုရားဖြစ်ရာ၊ ဇမ္ဗူဒီပါ၊ လက်ယာတောင်ကျွန်းကိုလည်းကောင်း။ ⁴ကုလဉ္စ၊ ကပ်ကမ္ဘာတွင်၊ အထွတ်တင်သည့်၊ သန့်စင်နွယ်ရိုး၊ ဘုရားဖြစ်ရာ အမျိုးကိုလည်းကောင်း။ ⁵မာတရမေဝ စ၊ ပဋိသန္ဓေ၊ တည်နေစံပျော်မည့်၊ မွေးမယ်

ထ့ဗ္ဗယပြဒေၚယွ ပွဲယဂှ္ကၚိုလ်ကဲ ေၚဒဂှ္ကရိယွေၚဖှ်



တော်ကိုလည်းကောင်း။ ဣမေ ပဉ္စ၊ အလောင်းတော်နတ်၊ သတ်မှတ်ပိုင်းခြား၊ သရုပ်အားဖြင့်၊ ဤ ၅-ပါးတို့ကို။ ဝိလောကေတွာ၊ ဒိဗ္ဗစက္ခုဖြင့်၊ ဆင်ခြင်ကြည့်ရှု၍။ ဥပ္ပဇ္ဇတိ၊ စိစစ်မသွေ၊ ဖြစ်တော်မူလေ၏။

ဤသို့ ကြည့်ခြင်းကြီး ၅-ပါးတို့ကို ကြည့်ရှုတော်မူပြီးကာ တုသိတာနတ်ပြည်မှ စုတေခဲ့ပြီးလျှင် ဤလူ့ပြည် သာကီဝင်မင်းမျိုး၌ ပဋိသန္ဓေယူ၍ ၁၀-လလွန်သဖြင့် အမိဝမ်းမှ ဖွားမြင်တော်မူလေ၏။ ဖွားမြင်တော်မူ၍ ၁၆-နှစ်ရှိသောအခါ သာကီဝင်မင်းမျိုး၌ ကြီးကျယ်သော စည်းစိမ်ချမ်းသာဖြင့် ပြုစုသည်ဖြစ်ရကား အစဉ်အားဖြင့် ကောင်းသော အရွယ်, အဆင်းနှင့် ပြည့်စုံခြင်းသို့ ရောက်သောအခါ ၃-ဖြာသော ဥတုတို့အား လျောက်ပတ်သင့်လျော်သော ပြာသာဒ် ၃-ဆောင်တို့၌ နတ်ပြည်၌ဖြစ်သည့် ကျက်သရေအလား ပြည်စည်းစိမ်ကို အစဉ်ခံစားလျက် ဥယျာဉ်ကစားခြင်းငှာ ထွက်တော်မူသောအခါ အစဉ်အားဖြင့် **သူအို, သူနာ, သူသေ**-ဟု ဆိုအပ်သော ၃-ရပ်သော နတ်တမန်တို့ကို မြင်လေလျှင် ပြင်းထန်စွာ ထိတ်လန့်သည်ဖြစ်၍ ပြန်လည်ဆုတ်နစ်တော်မူပြီးလျှင် ၄-ကြိမ်မြောက်တွင် **ရဟန်းအသွင်** အမြင်ကို မြင်ပြန်၍ "ရဟန်း၏အဖြစ်ကား ကောင်းလေစွ"ဟု ရဟန်းအဖြစ်၌ နှစ်သက်ခြင်းကို ဖြစ်စေလျက် ဥယျာဉ်သို့ ထွက်တော်မူ၍ ထိုဥယျာဉ်၌ နေ့ကုန်စေလျက် မင်္ဂလာရေကန်၏ကမ်းနား၌ နေစဉ် ဆေတ္တာသည်အသွင်ကို ဖန်ဆင်းလာသော ဝိသုကြံနတ်သားသည် ဆန်းပြားလှပစွာ တန်ဆာဆင်မြန်း၍ ပေးအပ်ပြီးနောက် သားတော် ရာဟုလာမင်းသား ဖွားမြင်တော်မူကြောင်းကို ကြားသိလတ်သော် သား၌ဖြစ်သော ချစ်ခြင်း၏ ပြင်းပြကြီးမားသည်၏အဖြစ်ကို သိရှိကာ "ဤချစ်ခြင်းတည်းဟူသော အနှောင်အဖွဲ့ မတိုးပွါးသေးမီကပင် ထိုအနှောင်အဖွဲ့ကို ဖြတ်တောက်အံ့"ဟု ကြံလျက် ညချမ်းအခါ နေပြည်တော်သို့ ဝင်လတ်သော်–

(ဂ) နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာ'ယံ ဤဒိသော ပတိ။ ။

(ဂ) ယဿာ မာတုယာ၊ အကြင်အမိအား။ ဤဒိသော၊ ဤသို့ သဘောရှိသော။ အယံ ပုတ္တော၊ ဤသားကောင်းသည်။ အတ္ထိ၊ ရှိ၏။ သာ မာတာ၊ ထိုသားကောင်းအမိသည်။ နိဗ္ဗုတာ နူန၊ ငြိမ်းအေးလေစွတကား။ ယဿ ပိတုနော၊ အကြင်အဘအား။ ဤဒိသော၊ ဤသို့ သဘောရှိသော။ အယံ ပုတ္တော၊ ဤသားကောင်းရတနာသည်။ အတ္ထိ၊ ရှိ၏။ သော ပိတာ၊ ထိုသားကောင်းအဘသည်။ နိဗ္ဗုတော နူန၊ ငြိမ်းအေးလေစွတကား။ ယဿာ နာရိယာ၊ အကြင်မယားအား။ ဤဒိသော၊ ဤကဲ့သို့ သဘောရှိသော။ အယံ ပတိ၊ ဤလင်ကောင်းသည်။ အတ္ထိ၊ ရှိ၏။ သာ နာရီ၊ ထိုလင်ကောင်း မယားသည်။ နိဗ္ဗုတာ နူန၊ ငြိမ်းအေးလေစွတကား။

ကိသာဂေါတမီ မည်သော ဘထွေးတော့်သမီးသည် ကြည်နူးဖွယ်ရာ ရွတ်ဆိုအပ်သော ဤဂါထာကို ကြားရ၍ "ဤကိသာဂေါတမီသည် ငါ့ကို ငြိမ်းအေးခြင်း-ဟူသော အသံကို ကြားသိစေအပ်၏"ဟု ကျေးဇူးတင်ကာ နှစ်သက်ဖွယ်သော ပုလဲသွယ်ကို လည်မှ ချွတ်၍ ထိုကိသာဂေါတမီထံ ပေးလိုက်စေ၏။

ထို့နောက် မိမိ၏ ရွှေနန်းတော်တိုက်ခန်းတွင်းသို့ ဝင်၍ အသရေရှိသော စက်ရာတော်၌ နေတော်မူလျက် အိပ်ခြင်းသို့ ရောက်ကုန်သော မောင်းမ,ကချေသည်တို့၏ ဖောက်ပြန်သော အခြင်းအရာကို မြင်လျှင် ငြီးငွေ့သော နှလုံးတော်ရှိရကား ဆန္နအမတ်ကို နှိုး၍ ကဏ္ဍကမြင်းကို ဆောင်ယူစေပြီးလျှင် ထိုကဏ္ဍကမြင်းကို စီးလျက် ဆန္နအမတ်ကို အဖော်ပြု၍ ၁-သောင်းသော စကြဝဠာတိုက်၌ နေကုန်သော နတ်,ဗြဟ္မာအပေါင်းတို့ ခြံရံလျက် မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူ၍ အနောမာမြစ်ကမ်းနား၌ ရဟန်းပြုတော်မူပြီးလျှင် အစဉ်အားဖြင့် ရာဇဂြိုဟ်ပြည်သို့ ကြွသွားတော်မူ၍ ထိုရာဇဂြိုဟ်ပြည်၌ ဆွမ်းအလို့ငှာ လှည့်လည်တော်မူ၍ ပဏ္ဍဝတောင်ဝှမ်း၌ သီတင်းသုံးနေသည်ရှိသော် မဂဓတိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းကြီးသည် ပြည်စည်းစိမ်ဖြင့် ဖိတ်ကြားသော်လည်း ထိုပြည်စည်းစိမ်ကို ပယ်ရှားတော်မူ၍ သဗ္ဗညုတဉာဏ်ကို ရ၍ ဗုဒ္ဓထင်ရှား ဘုရားဖြစ်တော်မူသောအခါ မိမိ၏နိုင်ငံသို့ ကြွလာစိမ့်သောငှာ ဗိမ္ဗိသာရမင်းကြီး၏ လျှောက်ချက်ကို ဝန်ခံတော်မူပြီးလျှင် အာဠာရရသေ့, ဥဒကရသေ့တို့၏အထံသို့ ချဉ်းကပ်တော်မူလေ၏။

ထိုရသေ့တို့၏ အထံသို့ ချဉ်းကပ်၍ ရအပ်သော ဈာန်အထူးကို တန်ဆာမဆင်မသက်ဝင် မရောင့်ရဲသဖြင့် ၆-နှစ်တို့ပတ်လုံး ကြီးစွာသော ပင်ပန်းဆင်းရဲစွာ ပြုကျင့်ရသည့် ဒုက္ကရစရိယအကျင့်ကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ နံနက်စောစောအခါ သုဇာတာအမျိုးသမီးသည် ကပ်လှူအပ်သော ယနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် နေရဥ္ဇရာမြစ်၌ ရွှေခွက်ကို မျှောတော်မူပြီး၍ နေရဥ္ဇရာမြစ်ကမ်းနား တောအုပ်ကြီး၌ သမာပတ်အထူးတို့ဖြင့် နေ့အဖို့ကို ကုန်စေတော်မူပြီးနောက် ညချမ်းသောအခါ သောတ္ထိယ အမည်ရှိသော လုလင်သည် သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော မြက် ၈-ဆုပ်ကို ခံယူတော်မူ၍ ကာဠနဂါးမင်းသည် အံ့ဩချီးမွမ်းအပ်သော ဂုဏ်ကျေးဇူးရှိသည်ဖြစ်၍ ဗောဓိမဏ္ဍိုင်သို့ တက်ရောက်တော်မူကာ မြက်တို့ကို ဖြန့်ခင်းတော်မူပြီးလျှင် "ငါသည် တဇ,နှာ,ဒိဋ္ဌိအားဖြင့် မစွဲလမ်းမူ၍ အာသဝေါတို့မှ စိတ်သည် မလွတ်သေးသမျှ ကာလပတ်လုံး ဤထက်ဝယ်ဖွဲ့ခွေခြင်း-ဟု ဆိုအပ်သော ပလ္လင်ကို မဖျက်အံ့"ဟု ပဋိညာဉ်ကို ပြုတော်မူ၍ အရှေ့လောကဓာတ်သို့ ရှေ့ရှုနေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်ကို ဖျောက်လွှင့်တော်မူပြီးလျှင်–

- ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်(ရှေးအတိတ်ဘဝက ဖြစ်ခဲ့ဖူးသော ဘဝခန္ဓာအပေါင်းများစွာတို့ကို သိသောဉာဏ်)ကို ရ၍
- မဇ္ဈိမယာမ်၌ စုတူပပါတဉာဏ်(သတ္တဝါတို့၏ စုတိ, ပဋိသန္ဓေကို သိသောဉာဏ်)သို့ရောက်၍
- ပစ္ဆိမယာမ်၏အဆုံး၌ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ကို သက်ဝင်စေလျက်
- အရဟတ်တက်လတ်သော် *ဒသဗလဉာဏ်, **စတုဝေသာရဇ္ဇဉာဏ်-အစရှိသော အလုံးစုံသော ဘုရားဂုဏ်တော်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်တော်ကြီးကို ထိုးထွင်းသိမြင် သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးလျှင်-

ထိုဗောဓိပင်၌ ၇-ရက်, ၇-လီ၊ ၄၉-ရက်-ဟု ဆိုအပ်သော ၇-သတ္တာဟတို့ကို လွန်စေတော်မူပြီးမှ ၈-ခုမြောက်သတ္တာဟ၌ ဆိတ်ကျောင်းသားတို့ နေနားရာ အဇပါလ ညောင်ပင်ရင်းဝယ် နေတော်မူလျက် တရားတော်မြတ်၏ နက်နဲသိမ်မွေ့သောအဖြစ်ကို ဆင်ခြင်တော်မူကာ ကြောင့်ကြမဲ့သာ နေတော်မူသည်၏အဖြစ်သို့ ရောက်လတ်သော် ၁-သောင်းသောလောကဓာတ်၌ နေကုန်သော ဗြဟ္မာကြီးအပေါင်း ခြံရံခြင်းရှိသည့် သဟမ္ပတိ-ဗြဟ္မာမင်းသည် တရားဟောခြင်းငှာ တောင်းပန်တိုက်တွန်းအပ်ရကား ဗုဒ္ဓစက္ခု (အာသယာ-နုသယဉာဏ်နှင့် ဣန္ဒြိယပရောပရိယတ္တိဉာဏ်)ဖြင့် လောကကို ကြည့်တော်မူ၍ သဟမ္ပတိဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို သည်းခံတော်မူပြီးကာ "ငါသည် ရှေးဦးစွာ အဘယ်သူအား တရားဟောရအံ့နည်း"ဟု ရှုဆင်ခြင်လတ်သော် အာဠာရရသေ့, ဥဒကရသေ့တို့၏ ကွယ်လွန်သည့်အဖြစ်ကို သိတော်မူ၍ တဖန် ပဥ္စဝဂ္ဂီရဟန်းတို့၏ ရှေးက ကျေးဇူးများသည့်အဖြစ်ကို အောက်မေ့တော်မူပြီးလျှင် နေရာမှ ထတော်မူ၍ ကာသိတိုင်း၊ ဗာရာဏသီပြည်သို့ ကြွတော်မူလတ်သော် လမ်းခရီးအကြား၌ ဥပကမည်သော တက္ကတွန်းနှင့်အတူ တိုင်ပင်စကား ပြောကြားလျက် နှုတ်ခွန်းဆက်ပြီး ကြွတော်မူရာ ဝါဆိုလပြည့်နေ့တွင် ဣသိပတနမည်သော မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီ ၅-ဦးတို့ နေရာအရပ်သို့ ရောက်တော်မူလေ၏။

[(* ဘုရားတို့၏ အား-ခေါ် ဉာဏဗလ ၁၀-ပါး၊

၁- ဌာနာဋ္ဌာနဉာဏ် = အကြောင်းဟုတ်သည်, မဟုတ်သည်ကို သိသောဉာဏ်၊

၂- ကမ္မဝိပါကဉာဏ် = ကံတို့၏ အကျိုးကို သိသောဉာဏ်၊

၃- သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ် = ထိုထိုဘဝသို့ ရောက်ကြောင်း, နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်များကို သိသောဉာဏ်၊

၄- အနေကဓာတုနာနာဓာတုဉာဏ် = ဓာတ်သဘာဝအမျိုးမျိုးကို သိသောဉာဏ်၊

၅- နာနာဓိမုတ္တိကတာဉာဏ် = သတ္တဝါတို့၏ နှလုံးသွင်းဓာတ်ခံကို သိသောဉာဏ်၊

၆- ဣန္ဒြိယပရောပရိယတ္တိဉာဏ် = သတ္တဝါတို့၏ ဣန္ဒြေအထက်,အနိမ့်ကို သိသောဉာဏ်၊

၇- ဈာနာဒိသံကိလိဋ္ဌဝေါဒါနဝုဋ္ဌာနဉာဏ် = ဈာန်-စသည်တို့၏ ဆုတ်ယုတ်မှု, တိုးတက်မှု, ထမှုကို သိသောဉာဏ်၊

၈- ပုဗ္ဗေနိဝါသာနုဿတိဉာဏ် = ရှေးဘဝအဖြစ်ကို သိသောဉာဏ်၊

၉- စုတူပပါတဉာဏ် = သတ္တဝါတို့၏ စုတိ, ပဋိသန္ဓေကို သိသောဉာဏ်၊

၁၀- အာသဝက္ခယဉာဏ် = အာသဝကုန်ရာ နိဗ္ဗာန်ကို သိသော အရဟတ္တမဂ်ဉာဏ်တည်း။

**စတုဝေသာရဇ္ဇဉာဏ် =

၁- သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိခြင်းကို ဟောကြားတော်မူရာ၌လည်းကောင်း

၂- အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကို ဟောကြားတော်မူရာ၌လည်းကောင်း

၃- အန္တရာယ်ဖြစ်သော တရားကို ဟောကြားတော်မူရာ၌လည်းကောင်း

၄- သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်းဖြစ်သော တရားကို ဟောကြားတော်မူရာ၌လည်းကောင်း ကြောက်ရွံ့ခြင်းကင်းသော ဉာဏ်တော် ၄-ပါး)]

----- x -----

## (၅) တရားဦး ဟောတော်မူခြင်း

ထိုအခါ ဝါဆိုလပြည့်နေ့၌ မလျောက်ပတ်သော ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုကြကုန်သော ပဉ္စဝဂ္ဂီရဟန်းတို့ကို ဘုရားဖြစ်ကြောင်း သိစေတော်မူပြီးလျှင် အညာသိ-ကောဏ္ဍည အမှူးရှိကုန်သော ၁၈-ကုဋေသော နတ်,ဗြဟ္မာအပေါင်းတို့အား တရားတည်းဟူသော အမြိုက်အရသာကို သောက်စေတော်မူလျက် ဓမ္မစကြာ တရားဒေသနာတော်ကို ဟောတော်မူသဖြင့် လည်စေအပ်သော မြတ်သောတရားတော်တည်းဟူသော စက်ရတနာ ရှိတော်မူသည်ဖြစ်၍ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့၌ ထိုအလုံးစုံသော ပဉ္စဝဂ္ဂီရဟန်းတို့ကို အရဟတ္တဖိုလ်၌ တည်စေတော်မူလေ၏။

----- x -----

## (၆) အရှင်ယသနှင့် ဘဒ္ဒဝဂ္ဂီညီနောင်တို့ ရဟန်းပြုကြခြင်း

ထိုနေ့ပင်လျှင် ယသသတို့သား၏ ဥပနိဿယအကြောင်းနှင့် ပြည့်စုံခြင်းကို သိမြင်တော်မူရကား ညဉ့်အဖို့၌ လောကကို ငြီးငွေ့ခြင်းကြောင့် အိမ်ကို စွန့်ကာ တောထွက်လာသော ယသ-သတို့သားကို မြင်လေလျှင် "ချစ်သား ယသ၊ လာလော့"ဟု ခေါ်တော်မူ၍ ထိုညဉ့်၌ပင် သောတာပတ္တိဖိုလ်သို့ ရောက်စေတော်မူလျက် တဖန်မိုးသောက် အလင်းရောက်သောနေ့၌ အရဟတ္တဖိုလ်သို့ ရောက်စေတော်မူပြန်ပြီးလျှင် နောက်အခါ၌လည်း

ထိုယသ သတို့သား၏ အဆွေခင်ပွန်း မိတ်ဆွေရင်းဖြစ်ကြကုန်သော ၅-ကျိပ်, ၄-ယောက် သောသူတို့ကို ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုတော်မူ၍ အရဟတ္တဖိုလ်သို့ ရောက် စေတော်မူလေ၏။

ဤသို့လျှင် လောက၌ ၆-ကျိပ်, ၁-ပါးသော ရဟန္တာအရှင်မြတ်တို့သည် ထင်ရှား ဖြစ်ကုန်ကြပြီးလျှင် ဝါလကျွတ်၍ ပဝါရဏာပြုလတ်သော် "ချစ်သား ရဟန်းတို့၊ ဒေသစာရီ ကြွချီကြကုန်လော့"ဟု ၆-ကျိပ်သော ရဟန်းတို့ကို ထိုထိုသို့သော အရပ်ဒေသတို့သို့ စေလွှတ် တော်မူကာ မိမိကိုယ်တော်တိုင် ဥရုဝေလတောသို့ ကြွရောက်တော်မူလတ်သော် လမ်းခရီး အကြား ကပ္ပါသိကတောအုပ်၌ ၃-ကျိပ်သော ဘဒ္ဒဝဂ္ဂီမင်းသားတို့ကို ဆုံးမတော်မူလေ၏။ ထို ၃-ကျိပ်သော မင်းသားတို့တွင် အလုံးစုံတို့အောက် အငယ်ဆုံးဖြစ်သူကား သောတာပန် ဖြစ်၏။

အလုံးစုံတို့ထက် အကြီးမြတ်ဆုံးဖြစ်သောသူကား အနာဂါမ်ဖြစ်၏။ အားလုံးသော ထိုဘဒ္ဒဝဂ္ဂီညီနောင်တို့ကို ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုစေ၍ အရပ်မျက်နှာတို့သို့ စေလွှတ်တော်မူလျက် ကိုယ်တော်တိုင် ဥရုဝေလတောသို့ ကြွတော်မူကာ ၃,၅၀၀-သော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ ဥရုဝေလကဿပ-အစရှိကုန်သော ရသေ့ ၁,၀၀၀- အခြံအရံရှိကုန်သော ရသေ့ညီနောင် ၃-ယောက်တို့ကို ဆုံးမတော်မူပြီးလျှင် ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့်ပင် ရှင်ရဟန်းပြုစေတော်မူပြီးနောက် ဂယာသီသ ကျောက်ဖျာအပြင်၌ နေစေ၍ အာဒိတ္တပရိယာယသုတ္တန် ဒေသနာတော်မြတ်ဖြင့် အရဟတ္တဖိုလ်၌ တည်နေပြီး လျှင် ထိုရဟန္တာ ၁,၀၀၀-ဖြင့် ခြံရံလျက် "ဗိမ္ဗိသာရမင်းအား ပေးခဲ့သော ပဋိညာဉ်ကို လွတ်စေအံ့"ဟု ရာဇဂြိုဟ်ပြည်၏အနီး ထန်းတောဥယျာဉ်သို့ ကြွတော်မူလေ၏။

----- x -----

### (၇) ဗိမ္ဗိသာရမင်းနှင့်တကွ ၁-သိန်း,၁-သောင်းတို့ သောတာပန်တည်ကြခြင်း

"ဘုရားရှင် ကြွလာတော်မူသတတ်"ဟူသော သတင်းစကားကို ကြား၍ ၁-သိန်း, ၂-သောင်းသော ပုဏ္ဏားသူကြွယ်တို့နှင့်တကွ ရောက်လာသော ဗိမ္ဗိသာရမင်းအား သိမ်မွေ့ နူးညံ့စွာသော တရားစကားကို ဟောကြားတော်မူလတ်သော် ဗိမ္ဗိသာရမင်းသည် ၁-သိန်း, ၁-သောင်းသော ပုဏ္ဏားသူကြွယ်တို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်ကြ၍ ကျန် ၁- သောင်းတို့သည် သရဏဂုံ၌ တည်ကြကုန်၏။ တဖန် မိုးသောက်သောနေ့၌ သိကြားမင်း သည် လုလင်အသွင် ဖန်ဆင်းလျက် ချီးကျူးထောမနာအပ်သော ဂုဏ်ကျေးဇူးတော်တို့ကို

ကြည်နူးဖွယ်ရာ သာယာစွာ ရှေ့တော်မှ ချီးကျူးလျက် ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူ၍ ဗိမ္ဗိသာရမင်း၏ ရွှေနန်းတော်၌ ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြုပြီးလျှင် ဝေဠုဝန်ကျောင်းအာရာမ်တော်ကို အလှူခံတော်မူ၍ ထိုဝေဠုဝန်ကျောင်းတော်၌သာလျှင် ဝါကပ်လျက် သီတင်းသုံးနေတော်မူသောအခါ ဘုရားရှင်အထံသို့ အရှင်သာရိပုတြာ, အရှင်မောဂ္ဂလ္လာန်တို့ ရောက်လာဆည်းကပ်ကြကုန်၏။

----- x -----

## (၈) အဂ္ဂသာဝက ၂-ပါး ဘုရားရှင်ထံ ရောက်လာကြခြင်း

အဂ္ဂသာဝကကြီး ၂-ပါး ဘုရားရှင်ထံ ရောက်လာကြပုံကို စကားအစဉ်ကား ဤသို့တည်း။ ဘုရားရှင် ပွင့်တော်မမူမီ ကာလကပင်လျှင် ရာဇဂြိုဟ်ပြည်၏အနီး၌ ဥပတိဿရွာ, ကောလိတရွာ-ဟူ၍ ပုဏ္ဏားရွာ ၂-ရွာ ရှိကုန်၏။ ထို ၂-ရွာတို့တွင် ဥပတိဿရွာ၌ ရူပသာရီအမည်ရှိသော ပုဏ္ဏေးမ၏ ဝမ်း၌ ကိုယ်ဝန်တည်သော နေ့၌ပင်လျှင် ကောလိတရွာဝယ် မောဂ္ဂလိအမည်ရှိသော ပုဏ္ဏေးမ၏ ဝမ်း၌လည်း ကိုယ်ဝန်သည် တည်၏။ ထို ၂-ဦးသော အမျိုးတို့သည်လည်း ဆွေ ၇-ဆက်တိုင်တိုင် အစဉ်အဆက် မပျက်သော အဆွေခင်ပွန်း ဖြစ်ကြကုန်သတတ်။

ထိုပုဏ္ဏေးမ ၂-ယောက်တို့အားလည်း ၁-နေ့တည်း၌ပင် ကိုယ်ဝန်အစောင့်အရှောက်ကို ပေးကုန်၏။ ထိုပုဏ္ဏေးမ ၂-ယောက်တို့သည်လည်း ၁၀-လလွန်မြောက်သော် သားယောကျ်ားတို့ကို ဖွားမြင်ကြကုန်လေ၏။ အမည်မှည့်အံ့သောနေ့၌ သာရီပုဏ္ဏေးမ၏ သားအား ဥပတိဿရွာ၏ အကြီးအကဲဖြစ်သော အမျိုး၏သားဖြစ်သောကြောင့် ဥပတိဿဟူသောအမည် မှည့်ကြကုန်၏။ မောဂ္ဂလိပုဏ္ဏေးမ၏ သားအား ကောလိတရွာ၏ အကြီးအကဲဖြစ်သော အမျိုး၏ သားဖြစ်သောကြောင့် ကောလိတ-ဟူသောအမည် မှည့်ကြကုန်၏။ ထိုအမျိုးသား ၂-ယောက်တို့ အရွယ်ရောက်လတ်သော် အလုံးစုံသော အတတ်ပညာတို့၌ တစ်ဖက်ကမ်းရောက် တတ်မြောက်ကြကုန်၏။

ဥပတိဿလုလင် ကစားရန် မြစ်,ဥယျာဉ်တို့သို့ သွားသောအခါ ရွှေထမ်းစင် ၅၀၀-တို့သည် ခြံရံလိုက်ပါကြရကုန်၏။ ကောလိတလုလင်အားလည်း အာဇာနည်းမြင်းက-သောရထား ၅၀၀-တို့သည် ခြံရံလိုက်ပါကြရကုန်၏။ လုလင် ၂-ယောက်စလုံး ၅၀၀၊ ၅၀၀-စီ လုလင်အခြံအရံ ရှိကြကုန်၏။

----- x -----

## (၉) ပွဲသဘင် ကြည့်ရှုရင်း သံဝေဂ ရကြခြင်း

ထိုစဉ်အခါ ရာဇဂြိုဟ်ပြည်၌ နှစ်စဉ်မပြတ် ပြုလုပ်အပ်သော တောင်ထိပ်ပွဲသဘင် ရှိသတတ်။ ထိုဥပတိဿနှင့် ကောလိတတို့သည် ခုတင်ညောင်စောင်းကို တစ်နေရာတည်း၌ ခင်းကာ ၂-ယောက်အတူသာလျှင် ပွဲလမ်းသဘင်ကို ကြည့်ရှုကြကုန်စဉ် ရယ်ရွှင်ဖွယ်ရာ၌ ရယ်ရွှင်ကြခြင်း, ထိတ်လန့်တုန်လှုပ်ဖွယ်ရာ၌ ထိတ်လန့်တုန်လှုပ်ကြခြင်း, ဆုလာဘ်ချီးမြှင့်သင့်သောအရာ၌ ဆုလာဘ်ပေးကမ်း ချီးမြှင့်ကြခြင်းတို့ကို ပြုကြကုန်သော်လည်း ဤနေ့၌ကား ပွဲသဘင်ကို ကြည့်ရှုကြကုန်သော ထိုသူ ၂-ယောက်တို့အား ဉာဏ်ရင့်သန်ခြင်းသို့ ရောက်သည်၏အဖြစ်ကြောင့် ရယ်ရွှင်ဖွယ်ရာ၌ ရယ်ရွှင်ကြခြင်း, ထိတ်လန့်တုန်လှုပ်ဖွယ်ရာ၌ ထိတ်လန့်တုန်လှုပ်ကြခြင်း, ဆုလာဘ်ချီးမြှင့်သင့်သောအရာ၌ ဆုလာဘ် ပေးကမ်းချီးမြှင့်ကြခြင်းတို့သည် မဖြစ်ကြကုန်ဘဲ ပွဲလမ်းသဘင် ကြည့်ရှုစဉ် ၂-ယောက်လုံးပင် ဤသို့ အကြံဖြစ်ကြကုန်၏။

"ဤပွဲလမ်းသဘင်၌ တစ်စုံတစ်ရာ ကြည့်ရှုဖွယ်ရာ အဘယ်မှာ ရှိအံ့နည်း။ ဤသတ္တဝါအားလုံးတို့သည် နှစ်ပေါင်း ၁၀၀-သို့ မရောက်မီ မိမိ၏ အမည်ပညတ်မျှ မကျန်တော့သည်၏အဖြစ်သို့ ရောက်ကြကုန်အံ့။ ငါတို့သည်ကား ဝဋ်မှ ထွက်မြောက်ရာ တစ်ခုသောတရားကို ရှာမှီးခြင်းငှာ သင့်၏"ဟု အာရုံယူကာ ကြံလျက် နေကြကုန်၏။ ထို့နောက် ကောလိတသည် ဥပတိဿကို "အဆွေ ဥပတိဿ၊ သင်သည် ယခုအခါ အခြားသော နေ့ရက်တို့၌ကဲ့သို့ ဝမ်းမြောက်ဝမ်းသာ မရှိ၊ စိတ်နှလုံး မသာယာသကဲ့သို့ ဖြစ်ဘိ၏။ သင်သည် အဘယ်အာရုံကို အမှတ်ထား၍ နေပါသနည်း"ဟု မေးလတ်သော် ဥပတိဿသည် "အဆွေ ကောလိတ၊ 'ထိုပွဲသဘင်တို့ကို ကြည့်ရှုရာ၌ အနှစ်သာရ မရှိ။ ထိုပွဲသဘင်ကို ကြည့်ရှုခြင်းသည် အကျိုးမရှိ၊ မိမိ၏ ဝဋ်မှ ထွက်မြောက်ရာ တရားကို ရှာခြင်းငှာ သင့်၏'-ဟု ဤသို့ ကြံစည်အောက်မေ့လျက် နေပါ၏။ အသင်ကား အဘယ်ကြောင့် နှလုံးမသာမယာဖြစ်၍ နေပါသနည်း"ဟု မေးမြန်းသောအခါ ကောလိတသည်လည်း ဥပတိဿနှင့် အတူသာလျှင် ပြောဆိုလေရာ ဥပတိဿသည် ကောလိတ၏ မိမိနှင့်အလိုဆန္ဒ တူမျှနေသောအဖြစ်ကို သိရ၍ "ငါတို့ ၂-ယောက်တို့အား ကောင်းသော အကြံအစည်ကို ကြံစည်မိ၏။ ဝဋ်မှ ထွက်မြောက်ရာ တရားကို ရှာမှီးလိုကြကုန်သော ငါတို့သည် တခုသော ရဟန်းအဖြစ်ကို ရခြင်းငှာ သင့်၏။ သို့အတွက် အဘယ်ဆရာ့အထံ၌ ရဟန်းပြုကြကုန်အံ့နည်း"ဟု ပြောဆိုလေ၏။

----- x -----

## (၁၀) သိဉ္စည်းဆရာကြီးအထံသို့ ရောက်ကြခြင်း

ထိုစဉ်အခါ ရာဇဂြိုဟ်ပြည်၌ *သဉ္စယအမည်ရှိသော **ပရိဗိုဇ်သည် များစွာသော ပရိဗိုဇ်ပရိသတ်နှင့်တကွ နေ၏။ ဥပတိဿ(အရှင်သာရိပုတြာ၏ ငယ်နာမည်)နှင့် ကောလိတ (အရှင်မဟာမောဂ္ဂလ္လာန်၏ ငယ်နာမည်)တို့သည် "ထိုသိဉ္စည်းပရိဗိုဇ်ဆရာကြီးအထံ၌ ရဟန်းပြုကြကုန်အံ့"ဟု ၅၀၀-သော လုလင်တို့ကို "သင်တို့ ထမ်းစင်ရထားတို့ကို ယူ၍ သွားကြကုန်လော့"ဟု ပြောဆိုကာ ပြန်လွှတ်လိုက်၍ ထိုလုလင် ၂-ဦးတို့သည်လည်း ၁-ခုသော ထမ်းစင်, ၁-ခုသော ရထားဖြင့်သာ သွားကာ သိဉ္စည်းပရိဗိုဇ်အထံ၌ ရဟန်းပြုကြလေကုန်၏။ ထိုဥပတိဿ, ကောလိတတို့ ရဟန်းပြုကြသောအခါမှစ၍ သိဉ္စည်းပရိဗိုဇ်သည် အလွန်များမြတ်သော လာဘ်ပူဇော်သက္ကာရ ရှိသည့်အဖြစ်သို့ ရောက်လေ၏။

(*ဗေလဋ္ဌ-မည်သောသူ၏ သားဖြစ်သော သဉ္စယ (သိဉ္စည်း)ဆရာကြီး။ **ပရိဗ္ဗာဇက၊ သာသနာ့ပြင်ဖက်မှ ရဟန်းတစ်မျိုး)

ထိုဥပတိဿ, ကောလိတတို့သည် ၂-ရက်, ၃-ရက်ဖြင့်ပင်လျှင် သိဉ္စည်းပရိဗိုဇ်၏ အလုံးစုံသော အယူဝါဒကို နှင်းချေမွှေနှောက် ချောက်ချား၍ "ဆရာ၊ သင်တို့သိသော အယူဝါဒကား ဤမျှသာလော၊ ထိုသို့မဟုတ် ထို့ထက်အလွန် ရှိပါသေးသလော"ဟု မေးမြန်းကုန်လတ်သော် "ဤမျှသာလျှင်တည်း၊ သင်တို့သည် အလုံးစုံကို အကုန်သိကြရလေကုန်ပြီ" ဟု ပြန်ကြားဖြေဆိုသောအခါ ဥပတိဿ, ကောလိတတို့သည် "ဤသို့ ဖြစ်လတ်သော် ဤဆရာ၏အထံ၌ ကျင့်သုံးအပ်သော အကျင့်မြတ်သည် အကျိုးမရှိသေး၊ ငါတို့ကား ဝဋ်မှ ထွက်မြောက်ရာ တရားကို ရှာမှီးခြင်းငှာ ထွက်လာခဲ့ကြကုန်၏။ ငါတို့ လိုလားသော အမြိုက်တရားကို ဤဆရာ၏အထံ၌ ရရှိဖြစ်ပေါ်ဖို့ရာ မတတ်နိုင်။ ဇမ္ဗူဒိပါကျွန်းသည် ကျယ်ဝန်းသည်သာတည်း။ ရွာ,နိဂုံး,မြို့, မင်းနေပြည်တို့သို့ လှည့်လည်၍ ရှာမှီးကုန်လတ်သော် ဧကန် ဝဋ်ဒုက္ခမှ ထွက်မြောက်ရာ အမြိုက်တရားကို ဟောကြားတတ်သည့် တစ်စုံတစ်ယောက်သော ဆရာကို ရကုန်အံ့"ဟု ကြံကြကုန်၏။

----- x -----

## (၁၁) အမြိုက်တရားကို ရသူက ပြောကြစတမ်း-ဟု ကတိကဝတ်ပြုကာ ရှာဖွေကြခြင်း

ထိုသို့ ကြံစည်ကြပြီးသောအခါမှ စ၍ "ရဟန်းပုဏ္ဏားတော် ပညာကျော်တို့ ရှိ၏" ဟု ကြားသိရသည့် အရပ်တို့သို့ သွားရောက်ကြ၍ ဆွေးနွေးမေးမြန်းကြရာ ထိုဥပတိဿ, ကောလိတတို့ မေးမြန်းအပ်သော ပြဿနာကို တပါးကုန်သော ပညာရှိတို့သည် ဖြေဆိုခြင်းငှာ မတတ်နိုင်ကြကုန်။ ထိုဥပတိဿ, ကောလိတတို့ကား ထိုပညာရှိတို့၏ ပြဿနာကို ဖြေဆိုနိုင်ကြကုန်၏။ ဤသို့လျှင် အလုံးစုံသော ဇမ္ဗူဒီပါကျွန်းသို့ လှည့်လည်စုံစမ်း၍ ပြန်လည်ခဲ့ပြီးလျှင် မိမိတို့ နေရင်းအရပ်သို့သာလျှင် ပြန်လာ၍ "အဆွေကောလိတ၊ ငါတို့ ၂-ယောက်တွင် ရှေးဦးစွာ သေခြင်းကင်းရာ အမြိုက်တရားကို ရသောသူသည် ကျန်တစ်ယောက်အား ပြန်ကြားပြောဆိုစေရမည်"ဟု ကတိကဝတ်ကို ပြုကြလေကုန်၏။

----- x -----

## (၁၂) အရှင်အဿဇိမထေရ်နှင့် တွေ့ခြင်း

ဤသို့လျှင် ဥပတိဿ, ကောလိတတို့သည် ကတိကဝတ်ကိုပြု၍ နေကြကုန်သည်ရှိသော် ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ရောက်၍ ဝေဠုဝန်ကျောင်းတော်ကို အလှူခံပြီးလျှင် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူ၏။ ထိုအခါ "ချစ်သား ရဟန်းတို့၊ များစွာသော လူတို့၏အစီးအပွါးအကျိုးငှာ ဒေသစာရီ လှည့်လည်ကြကုန်လော့"ဟု ရတနာ ၃-ပါးတို့၏ ဂုဏ်ကျေးဇူးကို ပြခြင်းငှာ ဘုရားရှင်သည် စေလွှတ်အပ်ကုန်သော ၆-ကျိပ်, ၁-ပါးသော ရဟန္တာတို့၏ အတွင်းဝယ် ပဉ္စဝဂ္ဂီရဟန်းတို့တွင် အပါအဝင် ရှင်အဿဇိမထေရ်သည် တဖန် ပြန်လည်တော်မူခဲ့၍ ရာဇဂြိုဟ်ပြည်သို့ ရောက်လာလေ၏။

ထိုအဿဇိမထေရ်သည် မိုးသောက်သောအခါ နံနက်စောစောကသာလျှင် သပိတ်, သင်္ကန်းကို ယူဆောင်၍ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းအလို့ငှာ ဝင်တော်မူလေ၏။ ထိုအခါ ဥပတိဿပရိဗိုဇ်သည်လည်း စောစောကပင်လျှင် ဆွမ်းစားခြင်းကိစ္စကို ပြုပြီး၍ ပရိဗိုဇ်တို့၏ နေရာ အာရာမ်အရပ်သို့ သွားစဉ် အဿဇိမထေရ်ကို မြင်၍ "ငါကား ဤသို့ သဘောရှိသည့် ရဟန်းမည်သည်ကို မမြင်ရဖူးသေးချေ၊ လောက၌ ရဟန္တာအရှင်, ရဟန္တာအရှင်၏ ဖြစ်ကြောင်း လမ်းကောင်းသို့ ရောက်ကုန်သော ရဟန်းတို့တွင် ဤရဟန်းသည် တစ်ပါး

အပါအဝင် ဖြစ်လောက်ရာ၏။ ငါသည် ဤရဟန်းအထံသို့ ချဉ်းကပ်၍ ပုစ္ဆာပြဿနာ မေးရပါမူကား ကောင်းလေစွ”ဟု ကြံကာ “ငါ့ရှင်၊ သင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုပါသနည်း၊ သင်၏ ဆရာကား အဘယ်သူပါနည်း၊ အဘယ်သူ၏တရားကို လိုလား နှစ်သက်ပါသနည်း”ဟူ၍ မေးမြန်းမည်ပြုပြီးမှ “ယခုအခါ မေးမြန်းရာအခါ မဟုတ်သေး၊ ရွာတွင်းသို့ ဝင်၍ ဆွမ်းအလို့ငှာ လှည့်လည်ဆဲသာ ရှိသေး၏။ လမ်းခရီးကို ကောင်းစွာ သိရှိလိုကုန်သောသူတို့သည် နောက်မှ လိုက်ကာလိုက်ကာ လိုက်သွားရာသကဲ့သို့ ငါလည်း ဤရဟန်းနောက်သို့ အစဉ်မပြတ် လိုက်ရမူကား ကောင်းလေစွ”ဟု နှလုံးသွင်း၍ နောက်မှ နောက်မှ အစဉ်တစိုက် လိုက်လေ၏။

ဥပတိဿသည် ဆွမ်းခံပြီး၍ တစ်ခုသော နေရာသို့ ကြွသွားသော မထေရ်ကိုမြင်၍ ထိုအဿဇိမထေရ်၏ ထိုင်လိုသော အခြင်းအရာကို သိ၍ မိမိ၏ပရိဗိုဇ်နေရာ အင်းပျဉ်ကို ခင်း၍ ပေးလေ၏။ ဥပတိဿသည် မထေရ်မြတ် ဆွမ်းစား၍ ပြီးသောအခါ၌လည်း မိမိ၏ ကရားမှ ရေကို ပေးလှူလေ၏။ ဤသို့ ဆရာ့ဝတ်ကို ပြု၍ ဆွမ်းစားခြင်းကိစ္စ ပြီးလတ်သော် မထေရ်နှင့်အတူတကွ သာယာချောင်စွာ ပဋိသန္ထာရစကား ပြောကြား၍ “ငါ့ရှင်၊ သင်၏ မျက်စိ-စသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ ကိုယ်ရေအဆင်းလည်း ဖြူစင်သန့်ရှင်း၏။ သင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုပါသနည်း၊ သင်၏ဆရာကား အဘယ်သူ ပါနည်း။ အဘယ်သူ၏ တရားကို လိုလားနှစ်သက်ပါသနည်း”ဟု မေးမြန်းလေ၏။

အရှင်အဿဇိမထေရ်သည် “ဤပရိဗိုဇ်တို့ မည်သည်ကား သာသနာတော်၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။ ဤသူအား ဘုရားရှင် သာသနာတော်၏ နက်နဲသိမ်မွေ့သည်၏ အဖြစ်ကို ပြအံ့”ဟု ကြံတော်မူကာ မိမိ၏ သီတင်းငယ်အဖြစ်ကို ပြလို၍ “ငါ့ရှင်၊ ငါသည်ကား သီတင်းငယ်သာတည်း။ ရဟန်းပြု၍ မကြာမြင့်သေးပါ။ ယခုမှပင် သာသနာ့ဘောင်သို့ ဝင်ရောက်လာပါ၏။ ငါသည် အကျယ်အားဖြင့် တရားဟောခြင်းငှာ မစွမ်းနိုင်သေးပါ”ဟု ဆိုသောအခါ ပရိဗိုဇ်သည် “အရှင်၊ ကျွန်ုပ်ကား ဥပတိဿ မည်သောသူပါတည်း။ အရှင် ဘုရား အစွမ်းရှိသလောက်သာ နည်း,များ-မဟူ ဟောကြားတော်မူပါ။ ထိုတရားစကားတော် ကို နည်းအရာ, နည်းအထောင်တို့ဖြင့် ထိုးထွင်း၍ သိခြင်းကား ကျွန်ုပ်၏ တာဝန်ပါတည်း” ဟု ကြံစည်ကာ ဤဂါထာကို ဆိုလေ၏။

(ဃ)　အပ္ပံ ဝါ ဗဟုံ ဝါ ဘာသဿု၊ အတ္ထံယေဝ မေ ဗြူဟိ။
　　　အတ္ထေနေဝ မေ အတ္ထော၊ ကိံ ကာဟသိ ဗျဉ္ဇနံ ဗဟုံ။　။

အပ္ပံ ဝါ၊ မကြီးမကျယ်၊ အနည်းငယ်မျှသော တရားဓမ္မကိုသော်လည်းကောင်း။ ဗဟုံ ဝါ၊ ဒေသနာသွယ်သွယ်၊ ဝေဆာခြယ်၍၊ အကျယ်ချဲ့ပွါး၊ များစွာသော တရားဓမ္မကို သော်လည်းကောင်း။ ဘာသဿု၊ သဘောအလိုက်၊ ဓမ္မောမြိုက်ကို၊ နှစ်ခြိုက်သာယာ၊ ဟောပြ တော်မူပါလော့။ မေ၊ တရားအမှန်၊ ရဖို့ရန်-ဟု၊ စိတ်ကြံထားကာ၊ တိုင်းတကာတွင်၊ ဖွေရှာ နေရ၊ တပည့်တော် ဥပတိဿအား။ အတ္ထံယေဝ၊ ပိုင်းခြားမကျန်၊ ဝေဖန်စိတ်သွယ်၊ အနက် အဓိပ္ပါယ်ကိုသာလျှင်။ ဗြူဟိ၊ အရှင်ဘုရား၊ စွမ်းအားရှိသမျှ၊ ဓမ္မသွယ်သွယ်၊ ကျဉ်းကျယ်မဟူ၊ ဟောကြားတော်မူပါလော့။ မေ၊ ဥပတိဿ၊ နာမထင်ရှား၊ တပည့်တော်အား။ အတ္ထေနေဝ၊ မဖုံးမကွယ်၊ သိမှတ်လွယ်သည့်၊ အနက်အဓိပ္ပါယ်ဖြင့်သာလျှင်။ အတ္ထော၊ နှစ်ခြိုက်ပိုမို၊ အလိုရှိပါ၏။ ဗဟုံ၊ အကျယ်ချဲ့ပွါး၊ များပြားလှစွာသော။ ဗျဥ္ဇနံ၊ အလွန်နက်နဲ၊ သိနိုင်ခဲသည့်၊ သဒ္ဒါပါဠိကို။ ကိံ ကာဟသိ၊ တိုင်းထွာဆင်ခြင်၊ သိမြင်ပြင်ကျယ်၊ အဘယ်သို့ ပြုလုပ်ရအံ့နည်း။

----- x -----

## (၁၃) ဥပတိဿ အမြိုက်တရား ရရှိခြင်း

ဤသို့ ဥပတိဿ ဆိုသည်ရှိသော် အရှင်အဿဇိမထေရ်သည်–

(င) ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော– (ဝိ၊၃။၅၁။)

ဟူသော ဂါထာ ဒေသနာတော်ကို ဟောကြားတော်မူလေ၏။

(င) ယေ ဓမ္မာ၊ သံသရာမှာ၊ ဖန်ခါထပ်ထပ်၊ မရပ်မဆုံး၊ ဆင်းရဲတုံး ဆင်းရဲခဲဖြစ်သော အကြင်ဒုက္ခသစ္စာတရားတို့သည်။ ဟေတုပ္ပဘဝါ၊ တဏှာအမည်ရသည့် သမုဒယသစ္စာ- ဟူသော အကြောင်းကြောင့် ဖြစ်ရကုန်၏။ တေသံ၊ ထိုဒုက္ခ,သမုဒယ၊ နှစ်ဝရှိငြား၊ လောကီ သစ္စာတရားတို့၏။ ဟေတုံ စ၊ ချုပ်ကြောင်းဖြစ်ရာ၊ မဂ္ဂသစ္စာတရားကိုလည်း။ တထာဂတော၊ နောင်ဘုရားတို့အတူ၊ လာခြင်းကောင်းငြား၊ မြတ်ဘုရားသည်။ အာဟ၊ မိန့်မြွက်ထုတ်ဖော်၊ ဟောကြားတော်မူလေ၏။ တေသဉ္စ၊ ထိုခပ်သိမ်းဥဿုံ၊ အလုံးစုံသော တရားတို့၏လည်း။ နိရောဓော၊ ချုပ်ငြိမ်းရာမှန်၊ နိဗ္ဗာန်မည်မှတ်၊ နိရောဓသစ္စာ၊ တရားမြတ်သည်။ *(အတ္ထိ၊ ရှိ၏။ တဉ္စ၊ ထိုနိဗ္ဗာန်မည်မှတ်၊ နိရောဓသစ္စာ တရားမြတ်ကိုလည်း။)* အာဟ၊ မိန့်မြွက်ထုတ် ဖော်၊ ဟောကြားတော်မူ၏။ မဟာသမဏော၊ ရဟန်းအပေါင်းတို့၊ အခေါင်ထွတ်ဖူး၊ ရဟန်း ထူး, ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဧဝံ ဝါဒီ၊ ဤသို့ ပိုင်းခြား၊ ညွှန်ကြား ဟောဖော်၊ အယူတော်ရှိပေ၏။

ဥပတိဿသည် ရှေ့ ၂-ပါဒကို ကြားနာကာမျှဖြင့်ပင်လျှင် နည်းပေါင်း ၁,၀၀၀-တို့ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌ တည်လေ၏။ နောက် ၂-ပါဒကို သောတာပတ္တိဖိုလ်သို့ ရောက်သောကာလ၌ ပြီးစေ၏။ ထိုဥပတိဿသည် သောတာပန်ဖြစ်ပြီး၍ အထက် မဂ်,ဖိုလ်တရားထူးကို မဖြစ်စေနိုင်သည်ရှိသော် "အကြောင်းရှိသည် ဖြစ်လတ္တံ့"ဟု မှတ်သား၍ အဿဇိမထေရ်ကို "အထက် မဂ်,ဖိုလ်အလို့ငှာ ဆက်လက်၍ မဟောကြားပါနှင့်ဦး၊ ဤမျှသာ ဖြစ်ပါစေလော့။ တပည့်တော်တို့ ဆရာသခင် ဘုရားရှင်သည် အဘယ်မှာ နေထိုင်တော်မူပါသနည်းဘုရား"ဟု မေးလျှောက်လေသောအခါ "ငါ့ရှင်၊ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူ၏"ဟု မိန့်တော်မူလျှင် "အရှင်ဘုရား၊ ထိုသို့ဖြစ်မူ အရှင်ဘုရားတို့ ရှေ့မှကြွတော်မူနှင့်ကြပါကုန်။ တပည့်တော်၏ မိတ်ဆွေ ၁-ယောက် ရှိပါသေး၏။ တပည့်တော်တို့မှာ 'ရှေးဦးစွာ အမြိုက်တရားထူးကို သိသူက ပြန်ကြားပြောဆိုကြစတမ်း'-ဟု အချင်းချင်း ကတိကဝတ် ပြုထားပါသည်။ တပည့်တော်သည် ထိုကတိကဝတ်အတိုင်း မိတ်ဆွေကို ခေါ်ခဲ့ပြီးလျှင် အရှင်ဘုရားတို့လာသော လမ်းအတိုင်း မဆိုင်းမတွဘုရားရှင် အထံသို့ လိုက်လာခဲ့ပါအံ့"ဟု ဆိုကာ မထေရ်၏ ခြေတော်ရင်း၌ *တည်ခြင်း ၅-ဖြာဖြင့် ညီညာစွာ ရှိခိုး၍ ၃-ကြိမ် လက်ယာရစ် လှည့်မှုကိုပြု၍ မထေရ်ကို လွှတ်လိုက်ပြီးလျှင် ပရိဗိုဇ်တို့၏ အာရာမ်သို့ ရှေးရှုသွားလေ၏။

(*ဒူး ၂-ဖက်, လက်ဝါး ၂-ဖက်, နဖူး-ဟူသော ဤအင်္ဂါ ၅-ပါးကို မြေ၌လည်းကောင်း၊ ကြမ်း၌လည်းကောင်း ထိအောင် ဦးချ၍ ရှိခိုးခြင်းသည် ၅-ပါးသော တည်ခြင်းဖြင့် ရှိခိုးခြင်းမည်၏။)

ထိုအခါ ကောလိတသည် အဝေးမှလာသော ဥပတိဿကို မြင်လျှင် "ယနေ့ ငါ့မိတ်ဆွေ၏ မျက်နှာအဆင်းသည် အခြားသော နေ့ရက်တို့၌ကဲ့သို့ မဟုတ်။ မချွတ် ထိုဥပတိဿသည် အမြိုက်တရားထူးကို ရခဲ့သည် ဖြစ်လတ္တံ့"ဟု နှလုံးသွင်းလျက် အမြိုက်တရားထူးကို ရ,မရ မေးမြန်းလေ၏။ ဥပတိဿသည်လည်း "အဆွေကောလိတ၊ အမြိုက်တရားထူးကို ရခဲ့၏"ဟု ဝန်ခံကာ ထိုဂါထာကိုပင် ပြန်၍ ဟောလေ၏။ ဂါထာ၏ အဆုံး၌ ကောလိတသည်လည်း သောတာပတ္တိဖိုလ်၌ တည်ပြန်၍ "အဆွေ ဥပတိဿ၊ ငါတို့ဆရာ ဘုရားရှင်သည်ကား အဘယ်အရပ်၌ သီတင်းသုံးနေပါသနည်း"ဟု မေးလေ၏။ "အဆွေကောလိတ၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏-ဟူ၍ ငါတို့ဆရာဖြစ်တော်မူသည့် အရှင်အဿဇိမထေရ်သည် မိန့်မှာတော်မူခဲ့ပေ၏"ဟု ပြောဆိုလတ်သော် "အဆွေ ဥပတိဿ၊ ထိုသို့ဖြစ်မူ လာ-သွားကြကုန်စို့ ဘုရားရှင်ကို ဖူးမြင်ကြကုန်အံ့"ဟု ပြောဆိုလေ၏။

----- x -----

## (၁၄) သိဉ္စည်းဆရာကြီးကိုလည်း ဘုရားရှင်ထံသို့ ခေါ်ကြရာ မလိုက်ရန် ငြင်းဆန်ခြင်း

ဤအရှင်သာရိပုတြာမည်သော အရှင်သည်ကား ဆရာသမားတို့အား အခါခပ်သိမ်းပင် ပူဇော်ချင်သောအလေ့ ရှိ၏။ ထို့ကြောင့် မိတ်ဆွေဖြစ်သည့် ကောလိတကို "အဆွေကောလိတ၊ ငါတို့ ရအပ်,သိအပ်သော အမြိုက်တရားထူးကို ငါတို့၏ လက်ဦးဆရာဖြစ်ခဲ့သော သိဉ္စည်းပရိဗိုဇ်အားလည်း ပြောကြားကြကုန်အံ့။ ကျွတ်ထိုက်သည်ရှိသော် ထိုးထွင်း၍ သိပေလတ္တံ့။ ထိုးထွင်း၍ မသိသည်ရှိသော် ငါတို့ကို ယုံကြည်၍ ဘုရားရှင်ထံသို့ သွားရောက်လတ္တံ့။ ဘုရားရှင်တို့ ဟောကြားအပ်သောတရားကို နာကြားရသည်ရှိသော် မဂ်,ဖိုလ်ကို ထိုးထွင်း၍ သိမြင်ခြင်းကို ပြုလတ္တံ့"ဟု ပြောဆိုပြီးနောက် ဥပတိဿ, ကောလိတ ၂-ဦးတို့သည် သိဉ္စည်းဆရာကြီးအထံသို့ သွားရောက်ကြကုန်၏။

သိဉ္စည်းဆရာကြီးသည် ဥပတိဿ, ကောလိတတို့ ၂-ဦးကို မြင်လျှင်မြင်ချင်း "အမောင်တို့ အသို့နည်း။ သင်တို့အား တစ်စုံတစ်ယောက်သော အမြိုက်တရားကိုရကြောင်း လမ်းကောင်းကို ဟောပြောပြသတတ်သည့်သူကို ရရှိခဲ့ပြီလော"ဟု မေးမြန်းလေရာ "ဆရာ၊ ရခဲ့ပါပြီ"ဟု ပြောဆိုပြီးလျှင်–

"လောက၌ ဘုရားရှင်သည် ထင်ရှားပွင့်ထွန်း ဖြစ်ပေါ်တော်မူလာ၏။
လောက၌ တရားတော်သည် ထင်ရှားပွင့်ထွန်း ဖြစ်ပေါ်တော်မူလာ၏။
လောက၌ သံဃာတော်သည် ထင်ရှားပွင့်ထွန်း ဖြစ်ပေါ်တော်မူလာ၏။

ဆရာတို့ကား အချည်းနှီးဖြစ်၍ အနှစ်သာရ မရှိရာ၌ လှည့်လည်၍ နေကုန်ဘိ၏။ ထို့ကြောင့် ကြွပါကုန်။ ဘုရားရှင်အထံသို့ သွားရောက်ကြပါကုန်အံ့"ဟု ဆိုသည်ရှိသော် "သင်တို့သာ သွားကြလေကုန်။ ငါသည်ကား သွားခြင်းငှာ မတတ်နိုင်"ဟု ဆိုသဖြင့် "အဘယ်ကြောင့် မတတ်နိုင်ပါသနည်း"ဟု မေးလတ်သော် "ငါသည်ကား လူများအပေါင်း၏ ဆရာကြီး ၁-ဆူဖြစ်ကာ လှည့်လည်နေပြီးကာမှ အတွင်းနေတပည့်အဖြစ် နေပြန်ခြင်းသည် အိုး စရည်းကြီးသည် ရေလောင်းအိုးငယ် ဘဝသို့ ရောက်ရသကဲ့သို့ ဖြစ်ပေ၏။ ငါသည်ကား အတွင်းနေ တပည့်အဖြစ်ဖြင့် နေခြင်းငှာ မတတ်နိုင်ပါ"ဟု ဆိုပြန်ရာ–

"ဆရာ၊ ဤသို့ မပြုပါကုန်လင့်"ဟု တောင်းပန်ကြသော်လည်း "အမောင်တို့၊ ရှိစေတော့။ သင့်တို့သာ သွားကြကုန်။ ငါကား မသွားရောက်နိုင်ပါ"ဟု ဆိုလေ၏။ "ဆရာ၊ လောက၌ ဘုရားရှင် ပွင့်တော်မူသောအခါမှစ၍ လူများအပေါင်းသည် ပန်းနံ့သာ-စသည်ကို လက်စွဲကာ သွားကြ၍ ထိုဘုရားရှင်ကိုသာလျှင် ပူဇော်ကြကုန်လတ္တံ့။ ကျွန်ုပ်တို့သည်လည်း

ထိုဘုရားရှင် ရှိရာသို့သာ သွားကြပါကုန်အံ့။ အရှင်ဆရာတို့၊ အဘယ်သို့ ပြုကုန်အံ့နည်း”ဟု ပြောဆိုလတ်သော် “အမောင်တို့၊ ဤလောက၌ ပညာနည်းပါးသောသူတို့က များကုန်သလော၊ သို့မဟုတ် ပညာရှိသောသူတို့က များကုန်သလော”ဟု မေးမြန်းသဖြင့် “ဆရာ၊ ပညာနည်းပါးသောသူတို့က များလှပါ၏။ ပညာရှိသောသူတို့ကား တရံတခါ အနည်းငယ်သာ ဖြစ်ပါကုန်၏”ဟု ပြောဆိုလတ်သော် “အမောင်တို့၊ ထိုသို့ဖြစ်မူ ပညာရှိသောသူတို့သည် ပညာရှင် ရဟန်းဂေါတမအထံသို့ သွားကြကုန်လတ္တံ့၊ ပညာနည်းပါးသော သူတို့သည် ပညာမပါသည့် ငါတို့အထံသို့ လာကုန်လတ္တံ့။ သင်တို့ သွားကြလေကုန်။ ငါသည်ကား မလိုက်နိုင်ပါ”ဟု ပြောဆိုသဖြင့် ထိုသို့ဖြစ်မူကား “ဆရာ၊ အရှင်တို့သည် နောင်-သိသာထင်ရှားကြပါလိမ့်မည်”ဟု ပြောဆိုကာ ဖဲသွားကြလေကုန်၏။

----- x -----

## (၁၅) ဥပတိဿ, ကောလိတတို့ ဘုရားရှင်အထံသို့ သွားကြခြင်း

ထိုဥပတိဿ, ကောလိတတို့ ဘုရားရှင်အထံသို့ သွားကြကုန်သည်ရှိသော် သိဉ္စည်းပရိဗိုဇ်၏ ပရိသတ်တို့သည် ဖရိုဖရဲ ပြိုကွဲပျက်စီးကာ ထိုခဏ၌သာလျှင် ပရိဗိုဇ်အာရာမ်သည်လည်း အချည်းနှီး ဖြစ်လေ၏။ သိဉ္စည်းဆရာကြီးသည် အချည်းနှီးသော ကျောင်းအာရာမ်ကို မြင်လျှင် မချင့်မရဲ ပူသောအခြင်းအရာကို ပြကာ သွေးအန်ရှာလေတော့၏။ ထိုဥပတိဿ, ကောလိတတို့နှင့်အတူ ပါသွားကြကုန်သော ပရိဗိုဇ် ၅၀၀-တို့တွင် ၂၅၀-တို့သည် သိဉ္စည်းဆရာ၏ အထံသို့ ပြန်လည်၍ နေရစ်ကြလေကုန်၏။ ထို ၂၅၀-တို့ ပြန်သွားကြကုန်သည်ရှိသော် ဥပတိဿ, ကောလိတတို့သည် မိမိတို့၏ အတွင်းနေ တပည့် ပရိဗိုဇ် ၂၅၀-တို့နှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ သွားကြလေကုန်၏။

----- x -----

## (၁၆) ဧဟိဘိက္ခုရဟန်း ဖြစ်ကြခြင်း

ဘုရားရှင်သည် ပရိသတ် ၄-ပါး (၁-ရဟန်းယောကျ်ား၊ ၂-ရဟန်းမိန်းမ၊ ၃-လူယောကျ်ား၊ ၄-လူမိန်းမ)တို့၏ အလယ်၌ နေတော်မူလျက် တရားဟောကြားတော်မူစဉ် အဝေးမှ လာကုန်သော ဥပတိဿ, ကောလိတတို့ကို မြင်တော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် “ချစ်သားရဟန်းများတို့၊ ငါဘုရား၏အထံသို့ လာရောက်ကြသည့် ဥပတိဿ, ကောလိတ-ဟူသည့် အဆွေခင်ပွန်း ၂-ဦးတို့သည် ငါဘုရား၏ ကောင်းမြတ်သော အဂ္ဂသာဝကအစုံ ဖြစ်လတ္တံ့”ဟု မိန့်တော်မူနှင့်လေ၏။ ဥပတိဿ, ကောလိတတို့သည် ဘုရားရှင်ကို ရှိခိုးကာ တင့်အပ်

လျှောက်ပတ်သောနေရာ၌ နေကြပြီးလျှင် ဘုရားရှင်ကို "ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် ဘုရားရှင်အထံတော်၌ ရှင်ရဟန်းအဖြစ်ကို ရလိုကြပါကုန်၏"ဟု လျှောက်ထားကြကုန်သည်ရှိသော် ဘုရားရှင်သည် "ဧထ ဘိက္ခဝေ" ဟု မိန့်တော်မူပြီးလျှင်-

**"သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ"**ဟု ဤသို့ မိန့်ဆိုတော်မူသော စကား၏ အခြားမဲ့၌သာလျှင် ဥပတိဿ, ကောလိတ ၂-ဦးစလုံး တို့သည် တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်းတို့ကို ဆင်မြန်းလျက် အဝါ ၆၀-ရပြီးသော မထေရ်ကြီးတို့ကဲ့သို့ ဧဟိဘိက္ခုရဟန်းများ ဖြစ်ကြလေကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဧထ၊ လာကြကုန်လော့။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာဟောတော်မူအပ်ပြီ။ ဒုက္ခဿ၊ ဆင်းရဲ အပေါင်း၏။ သမ္မာ၊ ကောင်းစွာ။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရထ၊ ကျင့်ကြကုန်လော့။

----- x -----

## (၁၇) အဂ္ဂသာဝကအရာ အပ်နှင်းတော်မူခြင်း

ထို့နောက် ဥပတိဿ, ကောလိတတို့၏ တပည့်ပရိသတ်တို့အား စရိုက်အလေ့ အကျင့်၏ အစွမ်းအားလျော်စွာ ဘုရားရှင်သည် တရားဒေသနာတော်ကို ကောင်းစွာဆင့်ပွါးကာ ဟောကြားတော်မူလေ၏။

အဂ္ဂသာဝက ၂-ပါးတို့မှတပါး အခြားသော ပရိဗိုဇ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ အဂ္ဂသာဝက ၂-ပါးတို့သည်ကား အထက်မဂ် ၃-ပါးကိစ္စသည် အပြီး အဆုံးသို့ မရောက်သေးပေ။ အဘယ်ကြောင့်နည်းဟူမူကား သာဝကပါရမီဉာဏ်၏ ကျယ်ဝန်းသည်၏ အဖြစ်ကြောင့်တည်း။

ထို့နောက် အရှင်မဟာမောဂ္ဂလ္လာန်သည် ရဟန်းပြု၍ ၇-ရက်မြောက်သောနေ့၌ မဂဓတိုင်း၊ ကလ္လဝါလရွာကို အမှီပြု၍ နေတော်မူစဉ် ငိုက်မျဉ်းခြင်း ထိန,မိဒ္ဓ သက်ဝင်သည် ရှိသော် ဘုရားရှင်သည် ထိတ်လန့်စေလျက် ငိုက်မျဉ်းခြင်းကို ပယ်ဖျောက်၍ ဘုရားရှင် ပေးအပ်တော်မူသော ဓာတ်ကမ္မဋ္ဌာန်းကို နာကြားလျက်သာလျှင် အထက်မဂ် သုံးဝကိစ္စကို ပြီးစေ၍ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်တော်မူလေ၏။ အရှင်-သာရိပုတြာမထေရ်သည်လည်း ရဟန်းပြု၍ လခွဲ,လဝက် (၁၅-ရက်)လွန်လတ်သော်

ဘုရားရှင်နှင့်တကွ ထိုရာဇဂြိုဟ်ပြည်ကိုသာလျှင် အမှီပြု၍ သူကရခတမည်သော ဝက်တူး လိုဏ်၌ နေတော်မူလျက် မိမိ၏တူဖြစ်သော ဒီဃနခပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟသုတ်ကို ဟောတော်မူသည်ရှိသော် သုတ်ကို အစဉ်လျှောက်သဖြင့် ဉာဏ်ကို စေလွှတ်၍ သူတပါး အတွက် ခူးအပ်သော ထမင်းကို သုံးဆောင်သော သူကဲ့သို့ သာဝကပါရမီဉာဏ်၏ အထွတ် အထိပ်သို့ ရောက်တော်မူလေ၏။

ဤနေရာ၌ "အရှင်သာရိပုတြာသည် ပညာကြီးကျယ်တော်မူသည် မဟုတ်ပါလော၊ ထိုသို့ ပညာကြီးသည်ဖြစ်ပါလျက် အဘယ်ကြောင့် အရှင်မဟာမောဂ္ဂလ္လာန်ထက် နောက် ကြာမြင့်မှ သာဝကပါရမီဉာဏ်သို့ ရောက်ဘိသနည်း"ဟု စောဒနာငြားအံ့။ အဖြေကား များသော အသိုင်းအဝိုင်း အခြေခံ (ပရိက်) ရှိသည်၏ အဖြစ်ကြောင့်တည်း။ ထိုစကားကို ထင်စွာချဲ့၍ ဆိုဦးအံ့။ ပစ္စည်းရှားပါးသည့် ဆင်းရဲသားတို့သည် တစ်နေရာရာသို့ သွားလို လတ်သော် လျင်စွာထွက်သွားနိုင်ကြကုန်၏။ မင်းတို့မှာမူကား ဆင်ယာဉ်, မြင်းယာဉ်, ကကြိုး တန်ဆာ, ဗိုလ်ပါစစ်သည်-စသည်တို့ဖြင့် များစွာသော အဆောက်အဦကို ရခြင်းငှာ သင့် သည်ဖြစ်၍ ထိုအလုံးစုံကို ပြင်ဆင်စီမံရသောကြောင့် ဖြည်းဖြည်းလေးလေး ကြာမြင့်မှ ထွက်ရသကဲ့သို့ မှတ်အပ်၏။

ထိုနေ့၌ပင်လျှင် ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ ညနေစောင်း ရှည်သော အရိပ်ရှိသော အချိန်အခါကာလ၌ သာဝကအစည်းအဝေးကို ပြု၍ အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလ္လာန်မထေရ် ၂-ဦးတို့အား အဂ္ဂသာဝက (တပည့်သားမြတ်) ရာထူးဌာနကို ပေးအပ်၍ ဩဝါဒပါတိမောက်ကို ဟောကြားပြသတော်မူ၏။

ရဟန်းတော်တို့သည် "ဘုရားရှင်သည်ကား မျက်နှာကြည့်၍ ဆွမ်းပေးသည် (ဝါ၊ မျက်နှာကြီးရာ ဟင်းဖတ်ပါသည်။ ဝါ၊ မျက်နှာလိုက်သည်)။ အကယ်၍ အဂ္ဂသာဝကအရာကို ပေးလိုပါမူကား ရှေးဦးစွာ ရဟန်းဖြစ်ကြသည့် ပဥ္စဝဂ္ဂီရဟန်းတို့အားသာ ပေးသင့်၏။ ဤပဥ္စဝဂ္ဂီတို့ကို မကြည့်သည်ရှိသော် အရှင်ယသမထေရ်လျှင် အမှူးရှိသော ၅-ကျိပ်, ၅-ပါးသောရဟန်းတို့အား ပေးသင့်၏။ ဤရဟန်းတို့ကို မကြည့်ပြန်သည်ရှိသော် ဘဒ္ဒဝဂ္ဂီ ညီနောင် ၃-ကျိပ်တို့အား ပေးသင့်၏။ ဤရဟန်းတို့ကို မကြည့်ပြန်သည်ရှိသော် ဥရုဝေလ-ကဿပ အစရှိကုန်သော ညီနောင် ၃-ယောက်တို့အား ပေးသင့်၏။ ဤမျှလောက်ကုန်သော မထေရ်ကြီးတို့ကို ပစ်ပယ်ကာ နောက်ဆုံးမှာမှ လာ၍ ရဟန်းပြုကြသော အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလ္လာန်တို့အား အဂ္ဂသာဝကအရာကို ပေးထားခြင်းဖြင့် မျက်နှာကြည့်၍ ပေးခြင်းသည်ကား မသင့်လေစွတကား"ဟု ကဲ့ရဲ့သဂြိုဟ် အတင်းဆိုကြကုန်၏။

ထိုအခါ ဘုရားရှင်သည် "ချစ်သားရဟန်းများတို့၊ ယခုအခါ အဘယ်မည်သော စကားကို ပြောကြားကြကုန်သနည်း"ဟု မေးတော်မူလတ်သော် "ဤမည်သောစကားကို ပြောကြားကြပါကုန်၏ဘုရား"ဟု လျှောက်ကြားသည်ရှိသော် "ချစ်သားတို့၊ ငါဘုရားသည် မျက်နှာကိုကြည့်၍ ဆွမ်းပေးသည် မဟုတ်၊ အဟုတ်သော်ကား ထိုပုဂ္ဂိုလ်တို့အား မိမိ မိမိ၏ တောင့်တတိုင်း, တောင့်တတိုင်းကိုသာ ပေး၏။ ထိုစကား သင့်၏။ အညာသိ-ကောဏ္ဍညမထေရ်သည် ရှေးအခါက ၁-ကြိမ်စိုက်ပျိုးရာ ကောက်အတွင်းပင် ၉-ကြိမ်တိုင်တိုင် ကောက်စပါးဦး အလှူကို ပေးလှူခဲ့သည်ရှိသော် အဂ္ဂသာဝကရာထူးကို တောင့်တ၍ ပေးလှူသည် မဟုတ်။ **မြတ်သောတရားတည်း-ဟူသော အရဟတ္တဖိုလ်ကို သူခပ်သိမ်းတို့၏ ရှေးဦးစွာ ထိုးထွင်းသိမြင်ခြင်းငှာ** တောင့်တ၍ ပေးလှူခဲ့လေ၏"ဟု မိန့်တော်မူလေလျှင် "ရှင်တော်မြတ်ဘုရား၊ အဘယ်အခါ၌ လှူခဲ့ဖူးပါသနည်းဘုရား"ဟု ရဟန်းတို့ မေးလျှောက်ကြသည်ဖြစ်၍ "ချစ်သားရဟန်းတို့၊ သင်တို့ နာကြားလိုကြကုန်သလော"ဟု မေးတော်မူရာ "နာကြားလိုကြပါကြောင်း"ဟု ခွင့်တောင်းလျှောက်ကြားကြကုန်သည်ရှိသော် ဘုရားရှင်သည် အတိတ်အကြောင်းကို ဆောင်တော်မူလေ၏။

----- x -----

## (၁၈) အညာသိကောဏ္ဍညမထေရ်၏ ရှေးအတိတ်ဝတ္ထု

"ချစ်သားရဟန်းများတို့၊ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေလတ်သော် ၉၁-ကမ္ဘာထက်၌ **ဝိပဿီမည်သော ဘုရားရှင်သည်** လောက၌ ထင်ရှားပွင့်ထွန်းတော်မူလေ၏။ ထိုအခါ မဟာကာဠ, စူဠကာဠ-မည်သော သူကြွယ်ညီနောင် ၂-ယောက်တို့သည် ကျယ်ဝန်းလှစွာသော သလေးစပါးခင်းကို စိုက်ပျိုးကြရာ ထိုအခါ တစ်နေ့သ၌ စူဠကာဠသည် သလေးစပါးခင်းသို့ သွား၍ သလေးစပါး အဖုံး ၁-ခုကို ခွါ၍ စားကြည့်သည်ရှိသော် အလွန်ချိုမြိန်သော အရသာရှိရကား ဘုရားအမှူးရှိသော ရဟန်းသံဃာအား သလေးစပါးဖုံးအလှူကို ပေးလှူလိုသည်ဖြစ်၍ အစ်ကိုမဟာကာဠထံသို့ ချဉ်းကပ်ပြီးလျှင် 'နောင်တော်၊ သလေးစပါးဖုံးကို ခွါ၍ လျော်ပတ်အောင်ပြုလျက် ချက်ပြုတ်စေ၍ ဘုရားရှင်တို့အား ပေးလှူကြကုန်အံ့'ဟု ပြောဆိုလေ၏။

'ညီမောင်၊ အသို့ ဆိုဘိသနည်း။ သလေးဖုံးကို ခွါ၍ လှူဒါန်းခြင်း မည်သည်ကား ရှေးကလည်း မဖြစ်စဖူး၊ နောင်အခါ၌လည်း ဖြစ်လိမ့်မည်မဟုတ်။ ကောက်စပါးပင်ကို မဖျက်ဆီးပါလင့်'ဟု ပြောဆိုသော်လည်း ညီ-စူဠကာဠသည် အဖန်ဖန် လှူဒါန်းရန် တောင်းပန်သည်သာလျှင်တည်း။ ထိုအခါ စူဠကာဠကို မဟာကာဠသည် 'ထိုသို့ လှူဒါန်းလိုပါမူကား

သလေးခင်းကို ၂-ခင်း, ၂-စု ခွဲဝေ၍ ငါ့အစုကို မသုံးသပ်,မထိမိမူဘဲ ကိုယ့်အတွက်ကျ အစုအခင်းထဲ၌သာ သင်အလိုရှိရာ ပြုလေလော့'-ဟု ဆိုလေ၏။

ညီ-စူဠကာဠသည်လည်း 'ကောင်းပါပြီ'-ဟု ဆို၍ လယ်ကို ခွဲဝေ၍ လူအများကို ဝိုင်းဝန်းကူညီရန် လက်မှုကိစ္စကို တောင်းပန်ကာ သလေးဖုံးကို ခွါပြီးလျှင် ရေမပါသော နို့ရည်ဖြင့် ချက်ပြုတ်စေ၍ ထောပတ်, ပျား,သကာ-စသည်တို့ဖြင့် ရောနှော ဖျော်စေကာ ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကို ပေးလှူပြီးသည်ရှိသော် ဆွမ်းဘုဉ်းပေးပြီး သည်၏အဆုံး၌ 'မြတ်စွာဘုရား၊ တပည့်တော်၏ ဤ[၁]သလေးစပါးဖုံး ကောက်ဦးအလှူသည် အလုံးစုံသောသူတို့၏ ရှေးဦးစွာ မြတ်သောအမြိုက်တရားကို ထိုးထွင်း၍သိခြင်းငှာ ဖြစ်ပါ စေသတည်းဘုရား'-ဟု ဆုတောင်းလေ၏။ ဘုရားရှင်သည် 'သင်ဒါယကာ တောင်းသည့် ဆုအတိုင်း မဆိုင်းမတွ ပြည့်ဝစေသတည်း'-ဟု ဆွမ်းအနုမောဒနာ ပြုတော်မူလေ၏။

စူဠကာဠသည် လယ်တောသို့ သွား၍ ကြည့်သည်ရှိသော် တခင်းလုံးအချက်တို့ဖြင့် ဖွဲ့ကုန်ဘိသကဲ့သို့ သလေးနှံတို့ဖြင့် တခင်းလုံး ဖုံးလွှမ်းနေသည်ကို မြင်ရ၍ ၅-ဖြာသော ပီတိကို ရသဖြင့် 'ငါ့အား အရတော်လေစွတကား'-ဟု ကြံကာ [၂]စပါးနှံထွက်စအခါ၌ ၁-ကြိမ် မုန့်ဆွမ်းဦး လှူပြန်လေ၏။ ရွာသူ,ရွာသားအပေါင်းတို့နှင့် အတူတကွ သလေးစပါးနှံဦး အလှူ လှူ၏။ ထို့အတူ-

၃။ စပါးရိတ်သောအခါ ရိတ်ဦးအလှူ,

၄။ လက်ဆုပ်ပြုသောအခါ လက်ဆုပ်ဦးအလှူ,

၅။ ကောက်လှိုင်းစည်းသောအခါ၌ ကောက်လှိုင်းစည်းဦးအလှူ,

၆။ တလင်းသို့ ချသောအခါ၌ တလင်းဦးအလှူ,

၇။ နယ်သောအခါ၌ နယ်ဦးအလှူ,

၈။ စပါးခြင်သောအခါ၌ ခြင်ဦးအလှူ,

၉။ ကျီသို့ သွင်းသောအခါ၌ ကျီဦးအလှူ

ဤအလှူတို့ကို ပေးလှူလေ၏။ ဤသို့ ၁-ကြိမ်စိုက်ပျိုးရာ ကောက်အတွင်း၌ ၉-ကြိမ်တိုင်တိုင် အလှူဦးကို ပေးလှူခဲ့ဖူးလေ၏။ ထိုစူဠကာဠအား လှူတိုင်း,လှူတိုင်းသော အကြိမ်တို့၌ ရိတ်ရာ, ခူးရာ, ယူရာအရပ်သည် ယုတ်လျော့သည်-ဟူ၍ မရှိ၊ ပြည့်မြဲတိုင်း ပြည့်သည်သာ ဖြစ်၏။ ကောက်စပါးပင်သည် ခါတိုင်းထက်ပင် အလွန်ဖြစ်သော အသီးအနှံနှင့် ပြည့်စုံသည် သာတည်း။ မှန်၏။ တရားမည်သည်ကား မိမိကို စောင့်ရှောက်သောသူကို တဖန် တုံ့ပြန်ကာ စောင့်ရှောက်တတ်သည်သာတည်း။ ထို့ကြောင့် ဘုရားရှင်သည်-

(စ) ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊ ဓမ္မော သုစိဏ္ဏော သုခ'မာဝဟတိ။
သောနိသံသော ဓမ္မေ သုစိဏ္ဏေ၊ န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။ ။(ထေရ၊၂၄၂)

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဓမ္မော၊ ကျိုးကြောင်းမြော်မြင်၊ ပညာရှင်တို့၊ အစဉ်စွဲသုံး၊ နှလုံးပွါးတတ်၊ တရားမြတ်သည်။ ဝါ၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ဓမ္မက္ခန်နှင့်၊ ဆယ်တန်သတ်မှတ်၊ တရားတော်မြတ်သည်။ ဓမ္မစာရိံ ဖြောင့်တန်းမိမိ၊ ကျင့်လေ့ရှိသောသူကို။ ဟဝေ ဧကန္တေန၊ စင်စစ်ဧကန်၊ အမှန်အားဖြင့်။ ရက္ခတိ၊ ဆင်းရဲကင်းပျောက်၊ ချမ်းသာရောက်အောင်၊ စောင့်ရှောက်နိုင်လေ၏။ သုစိဏ္ဏော၊ စွမ်းသမျှပင်၊ နေ့စဉ်မပျက်၊ ကောင်းစွာလေ့ကျက်အပ်သော။ ဝါ၊ ကိုယ်,နှုတ်,နှလုံး၊ ၃-ပါးလုံးကို၊ သိမ်းရုံးစောင့်လျက်၊ ကောင်းစွာ လေ့ကျက်အပ်သော။ ဝါ၊ သမထ,ဝိပဿနာ၊ ၂-ဖြာပေါင်းစပ်၊ ကောင်းစွာ လေ့ကျက်အပ်သော။ ဓမ္မော၊ သူတော်စင်တို့၊ အစဉ်စွဲသုံး၊ နှလုံးပွါးတတ်၊ တရားမြတ်သည်။ သုခံ၊ လူ,နတ်,နိဗ္ဗာန်၊ ၃-တန်ပွါးတိုး၊ ချမ်းသာမျိုးကို။ အာဝဟတိ၊ ကောင်းစွာမသွေ၊ ဆောင်ရွက်နိုင်ပေ၏။ ဓမ္မစာရီ တရားနည်းလမ်း၊ စည်းကမ်းမိမိ၊ ကျင့်လေ့ရှိသောသူသည်။ ဒုဂ္ဂတိံ၊ အပါယ် ၄-ဘုံ၊ အဆွေးစုံ၍၊ အေးပုံမရသည့်၊ ဒုဂ္ဂတိဘဝသို့။ န ဂစ္ဆတိ၊ မမှားမဖောက်၊ မလားရောက်နိုင်။ ဧသ ဧသော၊ ဤသို့ အပါယ်လွတ်ကင်း၊ ချမ်းသာရခြင်းသည်။ သုစိဏ္ဏေ-သုစိဏ္ဏသ၊ စွမ်းသမျှပင်၊ နေ့စဉ်မပျက်၊ ကောင်းစွာလေ့ကျက်အပ်သော။ ဓမ္မေ-ဓမ္မဿ၊ သူတော်စင်တို့၊ အစဉ်စွဲသုံး၊ နှလုံးပွါးတတ်၊ တရားမြတ်၏။ အာနိသံသော၊ မနှိုင်းယှဉ်အပ်၊ များမြတ်ကောင်းကျိုး၊ ဖွံ့ဖြိုးမပျက်၊ အကျိုးဆက်ပေတည်း။

ဤသို့ အရှင်အညာသိကောဏ္ဍညသည် ဝိပဿီဘုရားရှင် လက်ထက်တော်အခါ၌ တရားထူးကို လက်ဦးစွာ ထိုးထွင်း၍ သိမြင်ခြင်းအကျိုးငှာ တောင့်တကာ ၉-ကြိမ်တိုင်တိုင်သော အလှူဦးကို ပေးလှူခဲ့ဖူးလေ၏။

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် ကပ်ကမ္ဘာ ၁-သိန်းထက်၌ ဟံသာဝတီပြည်၊ ပဒုမုတ္တရာဘုရားရှင် လက်ထက်တော်အခါကာလည်း ၇-ရက်ပတ်လုံး ကြီးမားများပြား ခမ်းနားလှသော အလှူကြီးကို ပေးလှူ၍ ထိုဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းကာ မြတ်သော တရားထူးကို လက်ဦးစွာ ထိုးထွင်း၍ သိမြင်ခြင်းအကျိုးငှာသာ တောင့်တခဲ့ဖူးလေ၏။

ဤသို့လျှင် ငါဘုရားသည် အညာသိကောဏ္ဍညအား တောင့်တတိုင်းကိုသာလျှင် ပေး၏။ မျက်နှာလိုက်၍ ပေးသည် မဟုတ်”ဟု မိန့်တော်မူလေ၏။

----- x -----

## (၁၉) ယသ-အမှူးရှိသည့် ၅-ကျိပ် ၅-ပါးသောရဟန်းများ၏ အတိတ်ဝတ္ထု

"ယသအမျိုးကောင်းသား အမှူးရှိသော ၅-ကျိပ် ၅-ပါးသော ရဟန်းများကား အဘယ်မည်သော ကောင်းမှုကုသိုလ်ကို ပြုခဲ့ဖူးပါကုန်သနည်းဘုရား"ဟု ရဟန်းတို့ လျှောက်ထားကြကုန်လတ်ပြန်သည်ရှိသော် "ဤယသအမှူးရှိသော ၅၅-ပါးသော ရဟန်းတို့သည်လည်း ၁-ဆူသော ဘုရားရှင်အထံ၌ အရဟတ္တဖိုလ်ကို တောင့်တကုန်လျက် များစွာသော ကောင်းမှုကုသိုလ်ကို ပြုကြပြီးလျှင် နောက်အဖို့၌ ဘုရားရှင် ပွင့်တော်မမူမီ ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းတို့ဖြစ်ကြလျက် အသင်းအဖွဲ့ ဖွဲ့သဖြင့် ညီညွတ်စွာ ကောင်းမှုပြုကြကုန်သည်ရှိသော် ကိုးကွယ်အားထားရာ မရှိ၊ အထီးကျန်သည့် သူသေအလောင်းကောင်တို့ကို သုတ်သင်ရှင်းလင်း ဖုတ်ကြည်းသဂြိုဟ်ခြင်းအမှု-စသည်ကို ပြုကာ လှည့်လည်သွားလာကြလေကုန်သောအခါ တစ်နေ့သ၌ ကိုယ်ဝန်ဆောင်မိန်းမအလောင်းကို တွေ့မြင်၍ 'သဂြိုဟ်ကုန်အံ့'-ဟု သုသာန်သို့ ဆောင်ယူကြကုန်၏။ ထို ၅-ကျိပ် ၅-ယောက်တို့တွင် ၅-ယောက်သောသူတို့ကို 'သင်တို့၊ ဤကိုယ်ဝန်ဆောင်မိန်းမ အလောင်းကောင်ကို သဂြိုဟ်ရစ်ကြလော့'-ဟု မှာခဲ့၍ ကျန် ၅-ကျိပ်တို့သည် ရွာတွင်းသို့ ဝင်ကြကုန်၏။

ယသ သတို့သားသည်ကား ထိုအလောင်းကောင်ကို ကြည့်ရှု၍ တံစူးဝါးတို့ဖြင့် ထိုးဆွလှန်လှော်လျက် မီးရှို့လတ်သော် 'စက်ဆုပ်ရွံရှာဖွယ်ဖြစ်၍ တင့်တယ်ခြင်း အလျဉ်းမရှိ'-ဟူသော အသုဘသညာကို ရလေ၏။ မိမိကိုယ်တိုင် အသုဘသညာ ရပြီးသည်ရှိသော် မိမိမှတပါး ကျန် ၄-ယောက်တို့အားလည်း 'အမောင်တို့၊ ရှုကြကုန်လော့။ ဤအလောင်းကောင်ကြီးသည် ထိုထိုကိုယ်အင်္ဂါ အစိတ်အပိုင်းတိုင်း၌ ပျက်စီးပြတ်သတ်သော အရေရှိကာ နွားပြောက်,နွားကျားပမာ မစင်မကြယ် ရွံဖွယ်ပုပ်လှောင်း မကောင်းသောအနံ့ရှိသဖြင့် စက်ဆုပ်ဖွယ်ရာ ရှိ၏'-ဟု ပြသ၍ တိုက်တွန်းလေရာ ထိုသူ ၄-ယောက်တို့လည်း ထို အလောင်းကောင်၌ အသုဘသညာကို ရကြကုန်၏။

ထိုသူ ၅-ယောက်လုံးတို့သည် ရွာသို့သွား၍ ကျန်အဆွေခင်ပွန်းတို့အား ပြောကြားကြကုန်၏။ ယသ သတို့သားသည်ကား အိမ်သို့ သွား၍ မိဘ ၂-ပါးတို့နှင့် မယားဖြစ်သူအား ပြောကြားလေ၏။ ထိုမိဘနှင့် မယားတို့သည်လည်း အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများကြကုန်၏။ ဤကား ယသ အမှူးရှိသော ၅၅-ယောက်တို့၏ ရှေးကောင်းမှုကုသိုလ်တည်း။

ဤရှေးကောင်းမှု ကုသိုလ်ကံကြောင့်သာလျှင် ယသ သတို့သားအား မိန်းမဆောင်အခန်း၌ ဝင်စဉ်အခါ သုသာန်-ဟူသော အမှတ်သညာ ဖြစ်ရလေ၏။ ထိုသို့ အားကြီးသော

ဥပနိဿယအကြောင်း၏ ကောင်းစွာပြည့်စုံခြင်းကြောင့် ၅-ကျိပ်, ၅-ပါးလုံးတို့အားလည်း မဂ်,ဖိုလ်တရားအထူးကို ရခြင်းကိစ္စ ပြီးမြောက်ရလေ၏။ ဤသို့လျှင် ဤယသအမျိုးကောင်းသား အမှူးရှိသည့် ၅-ကျိပ်, ၅-ပါးသော ရဟန်းတို့သည်လည်း မိမိတို့ တောင့်တတိုင်းကိုသာ ရကြလေကုန်၏။ ငါဘုရားသည်ကား မျက်နှာလိုက်၍ ပေးသည်မဟုတ်"ဟု မိန့်တော်မူလေ၏။

----- x -----

## (၂၀) ဘဒ္ဒဝဂ္ဂီညီနောင် ၃-ကျိပ်တို့၏ အတိတ်ဝတ္ထု

"ဘဒ္ဒဝဂ္ဂီ အဆွေခင်ပွန်း ၃-ကျိပ်တို့သည်ကား အဘယ်ကောင်းမှုကုသိုလ်ကို ပြုခဲ့ဖူးပါကုန်သနည်းဘုရား"ဟု မေးလျှောက်ကြပြန်သည်ရှိသော် "ထိုသူတို့သည်လည်း ရှေးဘုရားရှင်တို့၏အထံ၌ အရဟတ္တဖိုလ်ကို တောင့်တ၍ ကုသိုလ်ကောင်းမှုများကို ပြုခဲ့ကြသဖြင့် နောက်အဖို့၌ ငါဘုရားရှင် ပွင့်တော်မမူမီ အခါကာလ ၃-ကျိပ်သော သေသောက်ကြူးတို့ ဖြစ်ကြပြီးကာ ငါဘုရားအလောင်းတော် တုဏ္ဍိလဝက်မင်း၏ အဆုံးအမ ဩဝါဒကို နာကြားရ၍ အနှစ် ၆-သောင်းပတ်လုံး ၅-ပါးသီလတို့ကို စောင့်ရှောက်ခဲ့ကြကုန်၏။ ဤသို့ ဤဘဒ္ဒဝဂ္ဂီ အဆွေခင်ပွန်း ၃-ကျိပ်တို့သည်လည်း မိမိတို့ တောင့်တတိုင်းကိုသာ ရကြလေကုန်၏။ ငါဘုရားသည် မျက်နှာလိုက်၍ ပေးသည်မဟုတ်"ဟု မိန့်တော်မူလေ၏။

----- x -----

## (၂၁) ဥရုဝေလကဿပ ညီနောင် ၃-ယောက်တို့၏ အတိတ်ဝတ္ထု

"ဥရုဝေလကဿပ-စသူတို့ကား အဘယ်ကောင်းမှုကုသိုလ်ကို ပြုခဲ့ကြပါကုန်သနည်းဘုရား"ဟု ဆက်လက်၍ မေးမြန်းလျှောက်ထားကြပြန်ရာ "ထိုသူတို့သည်လည်း အရဟတ္တဖိုလ်ကိုသာလျှင် တောင့်တမြော်မြင်၍ ကောင်းမှုကုသိုလ်တို့ကို ပြုခဲ့ကြကုန်၏။ ထင်ရှားစေဦးအံ့။ ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် ၉၂-ကမ္ဘာထက်၌ တိဿ, ဖုဿ အမည်တော်ရှိကြသော ဘုရား ၂-ဆူတို့သည် ပွင့်တော်မူကြကုန်၏။ ဖုဿဘုရားရှင်၏ ဖခမည်းတော်သည်ကား မဟိန္ဒမင်းတည်း။ ထိုဖုဿဘုရားရှင်သည် သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင်အဖြစ်သို့ ရောက်သည်ရှိသော် မဟိန္ဒမင်းကြီး၏ ညီတော့်သားအငယ်သည် လက်ယာတော်ရံ ပဌမအဂ္ဂသာဝကဖြစ်လျက် ပုရောဟိတ်၏သားသည် လက်ဝဲတော်ရံ ဒုတိယအဂ္ဂသာဝက ဖြစ်လေ၏။

မင်းကြီးသည် ဘုရားရှင်အထံသို့ သွား၍ 'ငါ၏ သားတော်ကြီးသည်ကား ဗုဒ္ဓဘုရားရှင်တည်း။ သားတော်ငယ်သည်ကား လက်ယာတော်ရံ ပဌမအဂ္ဂသာဝကတည်း။

ပုရောဟိတ်၏ သားသည်ကား လက်ဝဲတော်ရံ ဒုတိယအဂ္ဂသာဝကတည်း'-ဟု

ထိုသားကြီး, သားငယ်, ပုရောဟိတ်၏သားတို့ကို ကြည့်ရှုကာ 'ဘုရားလည်း ငါ၏ ဘုရားပင်၊ တရားတော်လည်း ငါ၏တရားတော်ပင်၊ သံဃာလည်း ငါ၏ သံဃာတော်ပင် တည်း'-ဟု ဆို၍ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'-ဟု ၃-ကြိမ် တိုင်တိုင် ဥဒါန်းကျူးရင့်ပြီးလျှင် ဘုရားရှင်၏ ခြေတော်ရင်းဝယ် ဝပ်စင်း၍ 'မြတ်စွာဘုရား၊ ယခုအခါ အနှစ် ၉-သောင်း အတိုင်းအရှည်ရှိနေသော ဖခမည်းတော်၏ အသက်သည် အစွန်အဖျားသို့ ရောက်နေ၍ ငိုက်မျည်းအိပ်ပျော်သော အခါကာလကဲ့သို့ ဖြစ်ရကား အခြားသူတို့၏ အိမ်တံခါးသို့ ဆွမ်းအလို့ငှာ ကြွတော်မမူဘဲ တပည့်တော် အသက်ရှည်သမျှ ကာလပတ်လုံး တပည့်တော်၏ ပစ္စည်း ၄-ပါးတို့ကိုသာ သည်းခံတော်မူပါကုန်ဘုရား'-ဟု လျှောက်ကြား၍ ဘုရားရှင်၏ ဝန်ခံချက်ကို ယူပြီးလျှင် အမြဲမပြတ် ဘုရားရှင်အား လုပ်ကျွေးဆည်းကပ်မှုကို ပြုလေ၏။

မင်းကြီးအားကား ထိုသားတော်များမှတပါး အခြားသား ၃-ယောက်လည်း ရှိကုန်သေး၏။ ထိုသား ၃-ယောက်တို့တွင် သားကြီးအား အခြံအရံစစ်သည်တော်-၅၀၀၊ သားလတ်အား-၃၀၀၊ သားငယ်အား ၂၀၀-ရှိကြလေကုန်၏။ ထိုညီနောင် ၃-ယောက်တို့သည် 'ငါတို့လည်း နောင်တော်ဘုရားရှင်ကို ဆွမ်းလုပ်ကျွေးကြကုန်အံ့'-ဟု တိုင်ပင်ကြကာ ခမည်းတော်ကို ခွင့်တောင်းပန်ကြားကြကုန်လတ်သော် ခွင့်မရကြကုန်။ အခါခါအထပ်ထပ် တောင်းပန်အပ်ပါကုန်သော်လည်း ခွင့်မရကြလေကုန်။ နောက်အခါတပါး ပစ္စန္တရစ်သည် ပုန်ကန်သောင်းကျန်း ထကြွကြကုန်သည်ရှိသော် ထိုပစ္စန္တရစ်ကို ငြိမ်းအေးစေရန်အတွက် နှိမ်နင်းရန် စေလွှတ်လိုက်သောကြောင့် ပစ္စန္တရစ်ကို နှိပ်နင်းကာ ငြိမ်းအေးသာယာစေပြီးလျှင် ခမည်းတော်ထံသို့ ပြန်လာကြသောအခါ ခမည်းတော် မဟိန္ဒမင်းကြီးသည် သားတော်တို့ကို ပွေ့ဖက်၍ ဦးခေါင်း၌ နမ်းရှုပ်လျက် 'သားတော်တို့၊ သင်တို့အား လိုရာဆုကို ငါ-ပေးသနားတော်မူမည်'-ဟု ဆိုလေ၏။

သားတော်တို့လည်း 'ခမည်းတော်ဘုရား၊ ကောင်းလပါပြီ'-ဟု ဆုယူထားကာမျှကိုသာ ပြု၍ တဖန် ၂-ရက်, ၃-ရက် လွန်သောအခါ ခမည်းတော်မင်းကြီးသည် 'သားတော်တို့၊ ဆုယူကြကုန်လော့'-ဟု မိန့်ပြန်လတ်သော် 'ခမည်းတော်ဘုရား၊ သားတော်များ တစ်စုံတစ်ခု အခြားသောဆုကို အလိုမရှိပါ။ ယနေ့မှ စ၍ နောင်တော်ဘုရားရှင်ကို ဆွမ်းလုပ်ကျွေးလိုကြခြင်း-ဟူသော ဤဆုလာဘ်ကိုသာ ပေးသနားတော်မူပါ'-ဟု သံတော်ဦး

တင်ကြရာ 'သားတော်တို့၊ ဤဆုကိုကား ငါမပေးနိုင်'-ဟု မိန့်တော်မူလတ်သော် 'ခမည်းတော်ဘုရား၊ သားတော်များကို အမြဲအခွင့် မပေးနိုင်သော် ၇-နှစ်သာ ခွင့်ပေးတော်မူပါကုန်ဘုရား'-ဟု လျှောက်တင်ကြပြန်ရာ 'သားတော်တို့၊ မပေးနိုင်'-ဟုပင် မိန့်တော်မူပြန်သော် 'ခမည်းတော်ဘုရား၊ ထိုသို့ ၇-နှစ် မပေးနိုင်ပါက ၆-နှစ်, ၅-နှစ်, ၄-နှစ်, ၃-နှစ်, ၂-နှစ်, ၁-နှစ်မျှသာ ခွင့်ပေးသနားတော်မူရန်' အဆင့်ဆင့် လျှော့၍လျှော့၍ လျှောက်တင်ကြရာ 'မပေးနိုင်'ဟူ၍သာ မိန့်တော်မူလေ၏။

'ခမည်းတော်ဘုရား၊ ထိုသို့ ၁-နှစ်မျှပင် ခွင့်မပေးနိုင်ပါက ၇-လ ခွင့်ပေးတော်မူပါကုန်ဘုရား'-ဟု လျှောက်တင်ကြပြီးလျှင် ၆-လ, ၅-လ, ၄-လ, ၃-လတို့မျှသာ ခွင့်ပေးသနားတော်မူပါ'-ဟု လျှောက်တင်ကြပြန်ရာ 'ခွင့်မပေးနိုင်'-ဟူ၍သာ မိန့်တော်မူ၏။

ထိုအခါ သားတော်တို့သည် 'ခမည်းတော်ဘုရား၊ ၃-လမျှ ခွင့်မပေးနိုင် ရှိပါစေ။ ကျွန်ုပ်တို့သားတော် ၃-ယောက်တို့အား ၁-ယောက်, ၁-ယောက်အတွက် ၁-လ, ၁-လစီထားလျက် ၃-လ ခွင့်ပြုတော်မူပါကုန်ဘုရား'-ဟု တောင်းပန်လျှောက်တင်ကြသောအခါ 'သားတော်တို့၊ ကောင်းပြီ။ ထိုသို့ဖြစ်မူ ၃-လတို့ပတ်လုံး လုပ်ကျွေးပြုစုကြကုန်လော့'-ဟု မိန့်တော်မူလတ်သော် သားတော် ၃-ပါးတို့သည် နှစ်သက်ဝမ်းမြောက်လှသဖြင့် ခမည်းတော်မင်းကြီးကို ရှိခိုးကာ မိမိတို့နေရာသို့သာ ပြန်သွားကြကုန်၏။

----- x -----

## (၂၂) ညီနောင် ၃-ယောက်တို့ ၃-လပတ်လုံး ဘုရားရှင်အား ပြုစုလုပ်ကျွေးကြခြင်း

ထိုမင်းသားညီနောင် ၃-ယောက်တို့အား ဘဏ္ဍာစိုးလည်း ၁-ယောက်သာ, အမှုဆောင်အမတ်လည်း ၁-ယောက်သာ ရှိ၏။ ထိုအမတ်အား အခြံအရံ ယောကျ်ားလုလင် ၁-သိန်း, ၂-သောင်း ရှိ၏။ မင်းသားတို့သည် ထိုသူတို့ကို ခေါ်စေ၍ 'အမောင်တို့၊ ငါတို့သည် ဤဝါတွင်း ၃-လပတ်လုံး ၁၀-ပါးသီလတို့ကို ခံယူဆောက်တည်၍ ဖန်ရည်စွန်းသောအဝတ် ၂-ထည်တို့ကိုသာ ဝတ်လျက် နောင်တော်ဘုရားရှင်နှင့် အတူတကွ နေကြကုန်အံ့။ သင်တို့သည် ဤမျှလောက်သော အလျှုဝတ်ကို ယူ၍ နေ့စဉ်နေ့တိုင်း ၉-သောင်းသော ရဟန်းတော်တို့အတွက်နှင့် ၁,၀၀၀-သော စစ်သည်တို့အတွက်ပါ အလုံးစုံသော ခဲဖွယ်, ဘောဇဉ်ကို စီမံကြကုန်လော့။ ငါတို့သည်ကား ဤနေ့မှ စ၍ ဘာစကားကိုမျှ ပြောဆိုကြမည် မဟုတ်'-ဟု မှာကြားထားကြလေကုန်၏။

မင်းသားညီနောင် ၃-ယောက်တို့သည် အခြံအရံ ယောကျ်ား ၁,၀၀၀-ကို ခေါ်၍ ၁၀-ပါးသီလ ဆောက်တည်ပြီးလျှင် ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်လျက် ကျောင်း၌သာ နေကြလေကုန်၏။ ဘဏ္ဍာစိုးအမတ်, အမှုဆောင်အမတ်တို့သည် အတူပေါင်းကာ မင်းသားညီနောင် ၃-ယောက်တို့၏ ကျီတော်တို့မှ အလှည့်ကျ,အလှည့်ကျ အလှူဝတ်ကို ထုတ်ယူ၍ အလှူဒါနကို ပေးလှူကြလေကုန်၏။

----- x -----

## (၂၃) ရဟန်းတော်တို့၏ အဦးအဖျားကို စားမိကြ၍ ပြိတ္တာဖြစ်ကြရခြင်း

ချက်ပြုတ်ကပ်လှူ လုပ်ကိုင်ကြကုန်သောသူတို့သည်ကား 'မိမိတို့၏သား,သမီးတို့သည် ယာဂု, ထမင်း-စသည်အလို့ငှာ (ဆာမွတ်၍) ငိုကြွေးကြကုန်'ရာ ထိုအမှုလုပ် စဖိုသည်တို့သည် ရဟန်းသံဃာတော်တို့ မကြွလာမီပင်လျှင် ယာဂု,ထမင်း-စသည်တို့ကို သား,သမီးတို့အား ပေးကမ်းကျွေးမွေးကြကုန်၏။ ရဟန်းသံဃာတော်တို့ ဆွမ်းဘုဉ်းပေး၍ ပြီးဆုံးသော အခါ တစ်စုံတစ်ရာ ပိုလျှံကြွင်းကျန်ဖူးသည် မရှိစဖူး။ ထိုအမှုလုပ်တို့သည် နောက်အခါ၌ 'သူငယ်တို့အား ပေးကုန်အံ့'-ဟု ယူကာ မိမိတို့လည်း ယူ၍ စားသောက်ကြကုန်၏။ နှစ်သက်ဖွယ်ရာ ကောင်းမွန်သော အစားအစာကို မြင်သည်ရှိသော် သည်းခံခြင်းငှာ မတတ်နိုင်ကြကုန်။ ထိုအမှုလုပ်တို့သည်ကား ၈-သောင်း, ၄-ထောင် ရှိကုန်၏။ ထိုအမှုလုပ်တို့သည် သံဃာအား ရည်မှန်း၍ လှူဒါန်းအပ်သော အလှူဆွမ်းကို စားသောက်ခဲ့ခြင်းကြောင့် စုတေသေလွန်ကြသည်ရှိသော် ပြိတ္တာဘုံ၌ ပြိတ္တာဖြစ်ကြရကုန်၏။

မင်းသားညီနောင် ၃-ယောက်တို့သည်ကား ယောကျ်ား ၁,၀၀၀-နှင့် အတူတကွ စုတေသေလွန်ကြကာ နတ်ပြည်၌ ဖြစ်ကြပြီးလျှင် နတ်ပြည်မှ လူ့ပြည်, လူ့ပြည်မှ နတ်ပြည် ကျင်လည်ကြကုန်လျက် ၉၂-ကမ္ဘာတို့ကို ကုန်လွန်စေကြကုန်၏။

ဤသို့လျှင် မင်းသားညီနောင် ၃-ယောက် ဖြစ်ဖူးကြကုန်သော ထိုဥရုဝေလ-ကဿပ, ဂယာကဿပ, နဒီကဿပ၊ ညီနောင် ၃-ယောက်တို့သည် အရဟတ္တဖိုလ်ကို တောင့်တကုန်လျက် ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။ ထိုညီနောင် ၃-ယောက်တို့သည် မိမိတို့ တောင်းတတိုင်းကိုသာလျှင် ရကြကုန်၏။ ငါဘုရားသည် မျက်နှာလိုက်သည် မဟုတ်" ဟု မိန့်တော်မူလေ၏။

ထိုအခါ မင်းသားညီနောင် ၃-ယောက်တို့၏ အမှုဆောင်အမတ်သည် ယခုအခါ ဗိမ္ဗိသာရမင်းကြီး ဖြစ်လာ၏။ ဘဏ္ဍာစိုးအမတ်သည် ဝိသာခမည်သော သူဌေးဥပါသကာ

ဖြစ်လေ၏။ မင်းသားညီနောင် ၃-ယောက်တို့သည် ရသေ့ ၃-ယောက် ဖြစ်လာကြကုန်၏။ အမှုလုပ် စဖိုသည်တို့ကား ထိုအခါက ပြိတ္တာဘုံ၌ ဖြစ်ကြပြီးကာ သုဂတိဘုံ, ဒုဂ္ဂတိဘုံတို့၏ အစွမ်းဖြင့် ကျင်လည်ကြကုန်လျက် ဤဘဒ္ဒကပ်ကမ္ဘာ၌ ဘုရား ၄-ဆူတို့၏ ၃-ခုသော အကြား ကာလပတ်လုံး ပြိတ္တာဘုံ၌သာ ဖြစ်ကြရကုန်၏။

ထိုပြိတ္တာတို့သည် ဤဘဒ္ဒကမ္ဘာတွင် ရှေးဦးစွာ ပွင့်တော်မူသော အနှစ် ၄-သောင်း သက်တော်ရှည်သော ကကုသန်ဘုရားရှင်အထံသို့ ချဉ်းကပ်၍ 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်များအား အစာအာဟာရ ဝလင်အောင် ရအံ့သော အခါကာလကို မိန့်ကြားတော်မူပါကုန်ဘုရား'-ဟု မေးလျှောက်ကြကုန်ရာ ကကုသန်ဘုရားရှင်သည် "ငါဘုရားရှင်၏ လက်ထက်၌ မရရှိနိုင်ကြကုန်သေး။ ငါဘုရားပရိနိဗ္ဗာန် စံလွန်တော်မူပြီး သည်မှနောက် မြေကြီးသည် ၁-ယူဇနာမျှ အထက်သို့ မြင့်တက်သောအခါ ကောဏာဂုံမည် သောဘုရားရှင် ပွင့်တော်မူလတ္တံ့။ ထိုကောဏာဂုံဘုရားရှင်ကို မေးလျှောက်ရစ်ကြလော့'-ဟု မိန့်တော်မူလေ၏။

ထိုပြိတ္တာတို့သည် ထိုမျှလောက်သော ဘုရား ၂-ဆူတို့၏ တခုသောအကြား ကာလကို ကုန်လွန်စေ၍ ကောဏာဂုံဘုရားရှင် ပွင့်တော်မူလာသည်ရှိသော် ကောဏာဂုံဘုရား ရှင်ကို မေးလျှောက်ကြကုန်ရာ ကောဏာဂုံဘုရားရှင်သည်လည်း 'ငါဘုရားရှင်၏လက်ထက် ၌ အစာအာဟာရကို မရနိုင်ကြကုန်သေး။ ငါဘုရားပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည်မှနောက် မြေကြီးသည် ၁-ယူဇနာမျှ အထက်သို့ မြင့်တက်သောအခါ ကဿပ-မည်သော ဘုရားရှင် ပွင့်တော်မူလတ္တံ့။ ထိုကဿပဘုရားရှင်ကို မေးလျှောက်ရစ်ကြလော့'-ဟု မိန့်တော်မူ၏။

ပြိတ္တာတို့သည် ထိုမျှလောက်သော ကာလကို ကုန်လွန်စေ၍ ကဿပဘုရားရှင် ပွင့်တော်မူသည်ရှိသော် ကဿပဘုရားရှင်ကို မေးလျှောက်ကြကုန်ရာ ကဿပဘုရားရှင် သည်လည်း 'ငါဘုရားရှင်၏လက်ထက်၌ အစာအာဟာရကို မရနိုင်ကြကုန်သေး။ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည်မှနောက် မြေကြီးသည် ၁-ယူဇနာမျှ အထက်သို့ မြင့်တက် သောအခါ ဂေါတမမည်သော ဘုရားရှင် ပွင့်တော်မူလတ္တံ့။ ထိုဂေါတမဘုရားရှင် လက်ထက် တော်အခါ၌ သင်တို့၏ ဆွေမျိုးဖြစ်ခဲ့ဖူးသော အမှုဆောင်အမတ်သည် ဗိမ္ဗိသာရမည်သော မင်းဖြစ်လတ္တံ့။ ထိုဗိမ္ဗိသာရမင်းသည် ဂေါတမဘုရားရှင်အား အလှူဒါနကို ပေးလှူ၍ သင်တို့ အား အမျှအတန်းပေးဝေ၍ ကုသိုလ်၏အဖို့ဘာဂကို ရောက်စေလတ္တံ့။ ထိုအခါ နတ်၌ ဖြစ်သော အစာအာဟာရကို သင်တို့ ရကြကုန်လတ္တံ့'-ဟု မိန့်တော်မူလေ၏။

ထိုပြိတ္တာတို့အား ဘုရား ၂-ဆူတို့၏ ၁-ခုသောအကြားကာလကို နက်ဖြန်နေ့ကဲ့သို့ မှတ်ထင်၍ နေလေတော့၏။ ထိုပြိတ္တာတို့သည် ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ ဗိမ္ဗိသာရမင်းသည် ပဌမဦးစွာသောနေ့၌ အလှူပေးသည်ရှိသော် အမျှမဝေမိ၍ အဖို့ဘာဂကို မရကြသဖြင့် ညဉ့်အချိန်ဝယ် ကြောက်လန့်ဖွယ်ကောင်းသော အသံကို ဟစ်အော်မြည်တမ်းကာ ဗိမ္ဗိသာရမင်းကြီးအား ကိုယ်ထင်ရှား ပြကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် တဖန်မိုးသောက်သောနေ့၌ ဝေဠုဝန်ကျောင်းတော်သို့ သွား၍ ဘုရားရှင်အား ထိုအကြောင်းစုံဖြစ်ပျက်ပုံကို လျှောက်ကြားလေ၏။

----- x -----

## (၂၄) ဘုရားရှင်၏ အမိန့်အတိုင်း အမျှအတန်းပေးဝေရာ ဆွေမျိုးပြိတ္တာတို့ အစား,အဝတ် ပြည့်စုံစွာ ခံစားကြရခြင်း

ဘုရားရှင်သည် "ဒကာတော်မင်းမြတ်၊ ဤကမ္ဘာမှ ပြန်၍ရေလတ်သော် ၉၂-ကမ္ဘာထက် ဖုဿဘုရားရှင်၏ လက်ထက်တော်အခါကာလ၌ သင်မင်းကြီး၏ ဆွေမျိုးသားချင်းဖြစ်ကြသည့် ထိုသူတို့သည် ရဟန်းသံဃာအား လှူဒါန်းအပ်သော အလှူဆွမ်းဝတ်ကို ဦးဦးဖျားဖျား စားသောက်ကြသောကြောင့် ပြိတ္တာဘုံ၌ဖြစ်ကာ ကျင်လည်ကြရရှာကုန်သည်ရှိသော် ကကုသန်-အစရှိကုန်သော ဘုရားရှင်တို့ကို မေးမြန်းလျှောက်ထားကြ၍ ထိုကကုသန်-စသော ဘုရားရှင်တို့သည် ဤမည်,ဤမည်သော စကားကို မိန့်ကြားတော်မူခဲ့သောကြောင့် ဤမျှလောက်သော ကာလပတ်လုံး သင်မင်းကြီး၏ အလှူဒါနကို တောင့်တမျှော်လင့်လျက် နေကြပါသော်လည်း ယမန်နေ့က သင်မင်းကြီး ပေးကမ်းလှူဒါန်းအပ်သောအခါ၌ အမျှမဝေမိသဖြင့် ကုသိုလ်၏ အဖို့ဘာဂကို မရကြသောကြောင့် ဤသို့ ကြောက်လန့်ဖွယ်ကောင်းသော အသံကို ဟစ်အော်မြည်တမ်းကြကုန်၏"ဟု မိန့်တော်မူလေ၏။

"အသို့ပါနည်း ဘုရား၊ ယခုအခါ အဖို့ဘာဂ ပေးဝေငှလတ်သော် ရနိုင်ကုန်ပါသေးအံ့လော"ဟု လျှောက်ထားသည်ရှိသော် "မင်းကြီး၊ ဩော် ရနိုင်ကြကုန်သေး၏"ဟု မိန့်တော်မူသောကြောင့် မင်းကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်၍ တဖန်မိုးသောက် အလင်းရောက်သောနေ့၌ အလှူကြီးကို ပေးလှူကာ "မြတ်စွာဘုရား၊ ဤအလှူကြီးကို ပေးလှူသော အချိန်အခါမှ စ၍ ထိုဆွေမျိုးပြိတ္တာတို့အား နတ်၌ဖြစ်သော ထမင်းအဖျော်သည် ပြည့်စုံပါစေသတည်း"ဟု ကုသိုလ်၏ အဖို့ဘာဂကို ရကြစေရန် ပေးဝေလိုက်၏။ ထိုပြိတ္တာတို့အား မင်းကြီး ရည်စူး၍ ပေးဝေလိုက်သော ခဏ၌ပင်လျှင်



ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်၏ အထံတော်သို့

တောင့်တသည့်အတိုင်းပင် နတ်၌ဖြစ်သော ထမင်းအဖျော်တို့သည် ထင်ရှားဖြစ်ပေါ်၍ လာကုန်၏။

တဖန် မိုးသောက်သောနေ့၌ **အဝတ်မဆီး အချည်းနှီးဖြစ်ကာ** ကိုယ်ထင်ရှား လာ၍ ပြသကြကုန်၏။ မင်းကြီးသည် "မြတ်စွာဘုရား၊ ယနေ့ အဝတ်မပါ၊ ဗလာလုံးတည်း၊ အချည်းနှီးဖြစ်ကာ ကိုယ်ထင်လာ၍ ပြသကြပါ၏"ဟု လျှောက်ကြားရာ ဘုရားရှင်သည် "မင်းကြီး၊ သင်သည် အဝတ်သင်္ကန်းတို့ကို မပေးလှူရကုန်သေး"ဟု မိန့်တော်မူပြန်သောကြောင့် မင်းကြီးသည်လည်း တဖန်မိုးသောက် အလင်းရောက်သောနေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား သင်္ကန်းအလှူကို ပေးလှူ၍ "သင်္ကန်းလှူဒါန်းသော အခါမှစ၍ ထိုဆွေမျိုးပြိတ္တာတို့အား နတ်၌ဖြစ်သော အဝတ်တန်ဆာတို့သည် ဖြစ်စေကုန်သတည်း"ဟု ရည်မှန်းတောင့်တလျက် ကုသိုလ်၏ အဖို့ဘာဂကို ပေးဝေလိုက်သော ခဏ၌ပင်လျှင် ထိုပြိတ္တာတို့အား နတ်၌ဖြစ်သော အဝတ်တန်ဆာတို့သည် ဖြစ်ကြပြီးလျှင် ပြိတ္တာ၏အဖြစ်ကို စွန့်ကြ၍ နတ်၌ဖြစ်သော ကိုယ်၏အဖြစ်၌ တည်ကြကုန်၏။ ဘုရားရှင်သည် အနုမောဒနာတရားကို ဟောကြားတော်မူသည်ရှိသော် "တိရောကုဋ္ဋေသု တိဋ္ဌန္တိ"အစရှိသည်ဖြင့် တိရောကုဋ္ဋသုတ် အနုမောဒနာတရားတော်ကို ဟောကြားတော်မူလေ၏။ အနုမောဒနာတရား ဟောကြားတော်မူပြီးသည်၏ အဆုံး၌ ၈-သောင်း,၄-ထောင်သောသူတို့အား သစ္စာ ၄-ပါး တရားကို ထိုးထွင်း၍ သိမြင်ခြင်းသည် ဖြစ်လေ၏။ ဤသို့လျှင် ဘုရားရှင်သည် ကဿပ ရသေ့ညီနောင် ၃-ယောက်တို့၏ အကြောင်းကို ဟောကြားတော်မူ၍ ဤတရားဒေသနာကိုလည်း ဆောင်တော်မူလေ၏။

----- x -----

## (၂၅) အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလ္လာန်တို့၏အတိတ်ဝတ္ထု

"မြတ်စွာဘုရား၊ အဂ္ဂသာဝက ၂-ပါးတို့ကား အဘယ်ကောင်းမှုကုသိုလ်ကို ပြုခဲ့ကြပါကုန်သနည်း"ဟု မေးလျှောက်ကြပြန်ရာ ဤသူတို့ကား လက်ယာရံ, လက်ဝဲရံ အဂ္ဂသာဝကအစုံ ဖြစ်ခြင်းငှာ ဆုတောင်းမှုကို ပြုကြဖူးကုန်၏။ ထင်ရှားစေဦးအံ့။ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေလတ်သော် ၁-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းထက်၌ သာရိပုတြာသည် များစွာစည်းစိမ် ဥစ္စာရှိသော *ဗြာဟ္မဏမဟာသာလမျိုး၌ ဖြစ်လေ၏။ အမည်အားဖြင့် သရဒလုလင်-ဟု တွင်၏။ မောဂ္ဂလ္လာန်သည် **ဂဟပတိမဟာသာလ သူကြွယ်မျိုး၌ ဖြစ်လေ၏။ အမည်အားဖြင့် သိရိဝဍ္ဍနသူကြွယ်-ဟု တွင်၏။

[*များသောဥစ္စာနှစ်ရှိသော ပုဏ္ဏား။ (ထိုသူကား) သိုမှီးသိမ်းဆည်းထားအပ်သောဥစ္စာ ကျပ်ဒင်္ဂါး ကုဋေ-၈၀၊ နေ့စဉ်သုံးစွဲအပ်သော ကျပ်ဒင်္ဂါး ၁၀-တင်းရှိ၏။

**များသောဥစ္စာနှစ်ရှိသော သူကြွယ်။ (ထိုသူကား) သိုမှီးသိမ်းဆည်းထားအပ်သောဥစ္စာ ကျပ်ဒင်္ဂါး ကုဋေ-၄၀၊ နေ့စဉ်သုံးစွဲအပ်သော ကျပ်ဒင်္ဂါး ၅-တင်းရှိ၏။ ]

ထိုသူ ၂-ယောက်တို့သည် မြေမှုန့်ကစားဘက် သူငယ်ချင်း ဖြစ်ကြကုန်၏။ ထိုသူ ၂-ယောက်တို့တွင် သရဒလုလင်သည် ဖခင်ကွယ်လွန်သောအခါ အမျိုး၏အမွေအနှစ်ဖြစ်သော များစွာသောဥစ္စာစုကို အမွေရ၍ တနေ့သ၌ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် "ငါသည် မျက်မှောက်ပစ္စက္ခ ဤဘဝ၏ အကျိုးစီးပွါးကိုသာလျှင် သိ၏။ တမလွန်လောက၏ အကျိုးစီးပွါးကို မသိ။ ဖြစ်ပေါ်လာကြကုန်သော သတ္တဝါမှန်သမျှတို့အားလည်း သေခြင်းတရားမည်သည် မြဲ၏။ ငါသည် ရသေ့ရဟန်းပြု၍ သံသရာဝဋ်မှ ထွက်မြောက်ရာ တရားကို ရှာမှီးခြင်းငှာ သင့်၏"ဟု ကြံပြီးလျှင် မိတ်ဆွေဖြစ်သော သိရိဝမုန အထံသို့ ချဉ်းကပ်၍ "အဆွေ သိရိဝမုန၊ ငါသည် ရှင်ရဟန်းပြုကာ သံသရာဝဋ်မှ ထွက်မြောက်ရာ တရားကို ရှာမှီးတော့အံ့။ သင်လည်း ငါနှင့်အတူ ရှင်ရဟန်းပြုခြင်းငှာ စွမ်းနိုင်အံ့လော၊ သို့မဟုတ် မစွမ်းနိုင်အံ့လော"ဟု မေးမြန်းလေရာ "အဆွေ၊ မစွမ်းနိုင်ပါ။ သင်သာ ရဟန်းပြုပါလော့"ဟု ဆိုလတ်သော် သရဒလုလင်သည် "တမလွန်ဘဝသို့ ပြောင်းသွားရသောသူမည်သည် ချစ်ခင်လှစွာသော အဆွေခင်ပွန်းတို့ကိုလည်းကောင်း, ဆွေမျိုးဉာတိတို့ကိုလည်းကောင်း, ချစ်ကျွမ်းဝင်သောသူတို့ကိုလည်းကောင်း ခေါ်ဆောင်၍ သွားရသည်မည်သည် မရှိ။ မိမိပြုခဲ့သောကံသည် မိမိဖို့ရာသာလျှင် ဖြစ်၏"ဟု ကြံပြီးသော် ရတနာထားရာ တိုက်ခန်းကို ဖွင့်လှစ်စေ၍ အထီးကျန်သူ, ခရီးသွားသူ, သီဆိုတောင်းရမ်းသူတို့အား အလှူကြီးကို ပေးလှူပြီးလျှင် တောင်ခြေသို့ ကပ်ဝင်၍ ရသေ့ရဟန်း ပြုလေ၏။

ထိုသရဒရသေ့ကို အတုပြု၍ ၁-ယောက်, ၂-ယောက်, ၃-ယောက်-စသည်ဖြင့် ရသေ့ရဟန်းပြုကြရာ နောက်အခါ ရသေ့ပေါင်း ၇-သောင်း,၄-ထောင်မျှ ရှိကုန်၏။ ထိုသရဒရသေ့သည် *အဘိညာဉ် ၅-ပါး၊ သမာပတ် ၈-ပါး(ရူပဈာန် ၄-ပါး, အရူပဈာန် ၄-ပါး အားဖြင့် ဤ ၈-ပါးသို့ ကောင်းစွာရောက်နေခြင်း)တို့ကို ဖြစ်စေ၍ တပည့်ရသေ့တို့အား ကသိုဏ်းပရိကံကို ဟောကြားရာ နောက်ပါအလုံးစုံသော ရသေ့တို့သည်လည်း အဘိညာဉ် ၅-ပါး, သမာပတ် ၈-ပါးတို့ကို ဖြစ်စေကြလေကုန်၏။ (*အဘိညာ၊ အလွန်အကြူး အထူးသိတတ်သော ရူပပဉ္စမဈာန်နှင့် ယှဉ်သောဉာဏ်။ ထို အဘိညာဉ် ၅-ပါးကား−

၁။ ဣဒ္ဓိဝိဓ = တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော အဘိညာဉ်၊

၂။ ဒိဗ္ဗသောတ = နတ်တို့၏ သောတပသာဒကဲ့သို့ ဝေးသောအသံ, တိုးတိုးအသံကိုလည်း ကြားနိုင်သော အဘိညာဉ်၊

၃။ ပရစိတ္တဝိဇာနနာ = သူများစိတ်ကို သိနိုင်သော အဘိညာဉ်၊
၄။ ပုဗ္ဗေနိဝါသာနုဿတိ = ရှေးရှေးဘဝ၌ ဖြစ်ခဲ့သမျှသော အကြောင်းကို ပြန်ပြောင်း၍ အောက်မေ့နိုင်သော အဘိညာဉ်၊
၅။ ဒိဗ္ဗစက္ခု = နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း, သေးငယ်သောအဆင်းကိုလည်း မြင်နိုင်သော အဘိညာဉ်)

----- x -----

## (၂၆) အနောမဒဿီဘုရားရှင် လောက၌ ပွင့်ထွန်းတော်မူလာခြင်း

ထိုအခါ အနောမဒဿီဘုရားရှင်သည် လောက၌ ထင်ရှားပွင့်ထွန်း ဖြစ်ပေါ်တော်မူလာ၏။

ဖွားတော်မူရာပြည်ကား **စန္ဒဝတီပြည်**တည်း။
ခမည်းတော်ကား **ယသဝါမည်သော မင်းမျိုး**တည်း။
မယ်တော်ကား **ယသောဓရာမည်သော မိဖုရား**တည်း။
ပွင့်တော်မူရာ ဗောဓိပင်ကား **ထောက်ကြံ့ပင်**တည်း။
အဂ္ဂသာဝကအစုံကား **နိသဘ, အနောမ**တို့တည်း။
အလုပ်အကျွေးကား **ဝရုဏရဟန်း**တည်း။
အဂ္ဂသာဝိကာအစုံကား **သုန္ဒရာ, သုမနာ**တို့တည်း။
သက်တော်ကား **အနှစ် ၁-သိန်း**တည်း။
ကိုယ်အရပ်တော်အမြင့်ကား **၅၈-တောင်**တည်း။
ကိုယ်တော်အရောင်ကား **၁၂-ယူဇနာ**တိုင်အောင် ပျံ့နှံ့၏။
ရဟန်း **၁-သိန်း** အခြံအရံ ရှိ၏။

တစ်နေ့သ၌ ထိုအနောမဒဿီဘုရားရှင်သည် နံနက်မိုးသောက်ထသောအခါ မဟာကရုဏာသမာပတ်မှ ထတော်မူ၍ လောကကို ကြည့်တော်မူလတ်သော် သရဒရသေ့ကို မြင်တော်မူ၍ "ယနေ့ ငါဘုရားသည် သရဒရသေ့အထံ သွားခြင်းကြောင့် ကြီးကျယ်သော တရားသဘင်သည် ဖြစ်လတ္တံ့။ သရဒရသေ့သည်လည်း အဂ္ဂသာဝကအရာကို တောင့်တလတ္တံ့။ သရဒရသေ့၏ မိတ်ဆွေဖြစ်သော **သိရိဝဍ္ဎနသူကြွယ်**သည်လည်း လက်ဝဲရံ ဒုတိယအဂ္ဂသာဝကအရာကို တောင့်တလတ္တံ့။ ဒေသနာတော်၏အဆုံး၌လည်း ထိုသရဒ

ရသေ့၏ အခြံအရံ ရသေ့ ၇-သောင်း,၄-ထောင်မျှတို့သည် အရပဟတ္တဖိုလ်သို့ ရောက်ကုန်လတ္တံ့။ ငါဘုရားသည် ထိုရသေ့တို့နေရာ တောင်ခြေရင်းသို့ ကြွသွားတော်မူရန် သင့်၏”ဟု ကိုယ်တော်၏ သပိတ်,သင်္ကန်းကို ကိုယ်တော်တိုင်ပင် ယူဆောင်ကာ နောက်ပါရဟန်း တစ်ပါးမျှ ခေါ်တော်မမူတော့ဘဲ ခြင်္သေ့မင်းပမာ ကိုယ်တော် ၁-ပါးတည်းသာ ကြွသွားတော်မူရာ သရဒရသေ့၏တပည့်တို့သည် သစ်သီးကြီး,ငယ်အလို့ငှာ သွားကြကုန်သည်ရှိသော် “ငါ့အား ဘုရားရှင်၏အဖြစ်ကို သိစေသတည်း”ဟု မိဋ္ဌာန်တော်မူပြီးလျှင် သရဒရသေ့မြင်စဉ်ပင် ကောင်းကင်မှ သက်ဆင်းတော်မူ၍ မြေ၌ တည်လေ၏။

သရဒရသေ့သည် ဘုရားရှင်၏ အာနုဘော်, ဘုရားရှင်၏ ကိုယ်တော်ရောင်နှင့် တင့်တယ်တော်မူသည့် လက္ခဏာတော်ကြီး,ငယ်တို့ကို မြင်၍ လက္ခဏာကို ပြဆိုရာ ဗေဒင်ကျမ်းဂန်တို့ကို ဆင်ခြင်သုံးသပ်လတ်သည်ရှိသော် “ဤလက္ခဏာတို့နှင့် ပြည့်စုံသောသူမည်သည်ကား အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေအံ့၊ စကြဝတေးမင်းစင်စစ် ဖြစ်တတ်၏။ ရှင်ရဟန်းပြုသည် ဖြစ်အံ့၊ သံသရာဝဋ်ကို ဖြတ်တတ်သော လောကထွတ်ထား သဗ္ဗညုဘုရားစင်စစ် ဖြစ်တတ်၏။ ဤယောက်ျားကား မချွတ်ဘုရားတည်း”ဟု သိ၍ ခရီးဦးကြိုဆိုမှုပြုကာ တည်ခြင်း ၅-ဖြာဖြင့် ညီစွာရှိခိုးလျက် မြတ်သောနေရာကို ခင်းကျင်း၍ လှူလေ၏။ ဘုရားရှင်သည် ခင်းကျင်းအပ်သော နေရာမြတ်၌ နေတော်မူလေ၏။ သရဒရသေ့သည်လည်း မိမိအား လျောက်ပတ်သောနေရာကို ယူ၍ သင့်တင့်လျောက်ပတ်သောအရပ်၌ နေလေ၏။

ထိုသို့ နေသောအခါ ရသေ့ ၇-သောင်း,၄-ထောင်တို့သည် အလွန်မွန်မြတ်သည့် ဩဇာဓာတ်ပြည့်ဝကုန်သော သစ်သီးကြီး,ငယ်တို့ကို ယူဆောင်ကြကာ ဆရာသရဒရသေ့၏ အထံသို့ ပြန်ရောက်လာကြကုန်သည်ရှိသော် ဘုရားရှင်နှင့် သရဒရသေ့တို့ ထိုင်နေကြသောနေရာတို့ကို ကြည့်ရှုကြ၍ “ဆရာ၊ အကျွန်ုပ်တို့သည် ဤလောက၌ ဆရာတို့ထက် ကြီးမြတ်သောသူ မရှိတော့-ဟု မှတ်ထင်ကြကုန်၏။ ဤယောက်ျားကား ဆရာတို့ထက် လွန်မြတ်သည်-ဟု ထင်ယောင်တကား”ဟု ပြောဆိုကုန်သည်ရှိသော် “တပည့်တို့၊ အသို့ဆိုကုန်ဘိသနည်း။ သေးငယ်လှသည့် မုန်ညင်းစေ့နှင့် အစောက်ယူဇနာ ၆၈-သိန်းရှိသော မြင်းမိုရ်တောင်ကို အတူထားကာ နှိုင်းစာလိုကြကုန်သလော။ ငါ့တပည့်သားတို့၊ သင်တို့ သဗ္ဗညုဘုရားရှင်နှင့် ငါဆရာအား နှိုင်းယှဉ်ကာ ဥပမာ မပြုကုန်လင့်”ဟု ပြောဆိုလေ၏။

ထိုသို့ ပြောဆိုသောအခါ ရသေ့တို့သည် “ဤယောက်ျားသည် ဤသို့ နည်းစွာယုတ်ညံ့သော သတ္တဝါ ဖြစ်ခဲ့ငြားအံ့။ ငါတို့ဆရာသည် ဤသို့ မနှိုင်းစာလောက်သည့် ဥပမာ

ကို ဆောင်ပြမည် မဟုတ်။ ဤယောက်ျားကား လွန်စွာမြင့်မြတ်စွတကား"ဟု အားလုံးသော ရသေ့တို့သည် ခြေတော်အစုံတို့၌ တုပ်ဝပ်လျက် ဦးတိုက်ရှိခိုးကြလေကုန်၏။ ထို့နောက် ဆရာသရဒရသေ့သည် တပည့်ရသေ့တို့ကို "တပည့်များတို့၊ ငါတို့မှာ ဘုရားရှင်တို့အား သင့်လျော်ထိုက်တန်သော လှူဖွယ်ရာဝတ္ထု မရှိ၊ ဘုရားရှင်သည်လည်း ဆွမ်းခံချိန်၌ပင် ဤအရပ်သို့ ကြွရောက်တော်မူလာ၏။ ငါတို့စွမ်းအားသတ္တိရှိသည့်အလျောက် လှူဖွယ်ဝတ္ထု အစုစုရှိသမျှကို လှူဒါန်းကြကုန်အံ့။ သင်တို့ ရှာဖွေခဲ့ကြသည့် သစ်သီးကြီး,ငယ်တို့ထဲမှ ချိုမြိန်ကောင်းမွန်သော အရသာနှင့်ပြည့်စုံသော သစ်သီးကို ဆောင်ယူခဲ့ကြကုန်လော့"ဟု ပြောဆို၍ ဆောင်ယူစေပြီးလျှင် လက်တို့ကို ဆေးကြော၍ ကိုယ်တိုင် ဘုရားရှင်၏ သပိတ်တော်၌ ထည့်၍ လှူဒါန်းလေ၏။

ဘုရားရှင်သည် သစ်သီးကြီး,ငယ်တို့ကို ခံယူတော်မူကာမျှ၌ပင် နတ်တို့သည် နတ်ဩဇာကို ထည့်လှာကြလေကုန်၏။ သရဒရသေ့သည် သောက်တော်ရေကိုလည်း ကိုယ်တိုင်ပင် စစ်၍ ကပ်လှူလေ၏။ ထို့နောက် ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုပြီး၍ နေတော်မူသည်ရှိသော် သရဒရသေ့သည် အားလုံးသော တပည့်ရသေ့တို့ကို ခေါ်၍ ဘုရားရှင်အထံတော်၌ အသက်ထက်ဆုံး အောက်မေ့အပ်သောစကားကို ပြောကြားလျက် နေလေ၏။ ဘုရားရှင်သည် "အဂ္ဂသာဝက ၂-ပါးတို့သည် ရဟန်းသံဃာနှင့်တကွ ကြွလာကြစေကုန်သတည်း"ဟု ကြံတော်မူ၏။ ထိုအဂ္ဂသာဝက ၂-ပါးတို့သည်လည်း ဘုရားရှင်၏ စိတ်အကြံတော်ကို သိ၍ ရဟန္တာ ၁-သိန်းခြံရံကာ ကြွလာ၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သောနေရာ၌ နေကြလေကုန်၏။

ထို့နောက်မှ သရဒရသေ့သည် တပည့်ရသေ့တို့ကို ခေါ်၍ "ချစ်သားတပည့်များတို့၊ ဘုရား၏ နေတော်မူရာ ပလ္လင်သည် နိမ့်၏။ ရဟန်းတော် ၁-သိန်းတို့၏ နေရာလည်း မရှိသေး။ သင်တို့သည် ယနေ့ဘုရားရှင်အား ပူဇော်သက္ကာရအထူးကို ပြုခြင်းငှာ သင့်၏။ ထို့ကြောင့် တောင်ခြေရင်းမှ အဆင်းအနံ့နှင့် ပြည့်စုံကုန်သော ပန်းတို့ကို ဆောင်ယူခဲ့ကြကုန်လော့"ဟု ဆို၏။ ပြောဆိုနေသော အချိန်အခါသည် ကြာမြင့်သကဲ့သို့ ရှိသေး၏။ မှန်၏။ တန်ခိုးရှင်၏ တန်ခိုးအရာကို မကြံစည်အပ်။ ထို့ကြောင့် ထိုရသေ့တို့သည် တခဏချင်းဖြင့်ပင်လျှင် အဆင်းအနံ့နှင့်ပြည့်စုံသော ပန်းတို့ကို ယူဆောင်ခဲ့ကြပြီးလျှင် ဘုရားရှင်တို့အား ၁-ယူဇနာအတိုင်းအရှည်ရှိသော ပန်းနေရာကို ခင်းကျင်းကြလေကုန်၏။ အဂ္ဂသာဝက ၂-ပါးတို့၏ နေရာသည် ၃-ဂါဝုတ်ရှိ၏။ ကျန်ရဟန်းတော်တို့၏ နေရာသည် ယူဇနာခွဲစသည်အပြား ရှိ၏။ သံဃာငယ်၏နေရာသည် ၁-ဥသဘမျှ ရှိ၏။ ဤနေရာ၌ "သင်္ခမ်းကျောင်း ၁-ခု၌ ထိုမျှလောက်ကြီးကျယ်သော ပန်းနေရာတို့ကို အဘယ်သို့ ခင်းကြမည်နည်း"

ဟု မကြံစည်အပ်။ မှန်၏။ ထိုသို့ ကြီးကျယ်စွာ ခင်းကျင်းပြုလုပ်မှုကား တန်ခိုးဖြင့်ပြီးသော အရာတည်း။

ထိုသို့ ပန်းနေရာတို့ကို ခင်းကျင်းကုန်ပြီးသည်ရှိသော် သရဒရသေ့သည် ဘုရားရှင်၏ရှေ့မှ လက်အုပ်ချီ၍ ရပ်လျက် "ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာ များစိမ့်သောငှာ ဤပန်းနေရာထက်သို့ တက်ရောက်၍ သီတင်းသုံးတော်မူပါဘုရား"ဟု လျှောက်ကြားလေ၏။

ထို့ကြောင့်-

**(ဆ) နာနာပုပ္ဖဉ္စ ဂန္ဓဉ္စ၊ သမ္မာဒေတွာန ကေတော။**
**ပုပ္ဖါ'သနံ ပညာပေတွာ၊ ဣဒံ ဝစန'မဗြဝိ။ ။**

(ဆ) ဘိက္ခဝေ၊ သံသာဘေးဘျမ်း၊ မတွေးသမ်းဖို့ အေးချမ်းသာလှ၊ မြတ်ဓမ္မကို၊ ကျင့်ကြလေငြား၊ အို-ချစ်သားတို့။ သရဒေါ၊ သရဒဟု၊ နာမတွင်လေ့၊ စျာန်ပျော်မွေ့သည့် ရှင်ရသေ့သည်။ နာနာပုပ္ဖဉ္စ၊ တောအလုံးမှာ၊ အသရေဖြာသည့်၊ ဝေဆာစွင့်စွင့်၊ ချပ်လွှာတင့်ဆန်း၊ ဝတ်မှုန်ဖျန်းသည့်၊ အထူးထူးသော ပန်းဟူသမျှကိုလည်းကောင်း။ နာနာဂန္ဓဉ္စ၊ တောမြိုင်မဆုံ၊ ကြိုင်ပျံ့မွှေးကြူ၊ အထူးထူးသော အနံ့ဟူသမျှကိုလည်းကောင်း။ ကေတော၊ ရှာဖွေစုပြီး၊ တပေါင်းတည်း။ သမ္မာဒေတွာန၊ လိုသည်ထက်ပင်၊ စုံလင်မသွေ၊ ပြည့်စုံစေ၍။ ဝါ၊ လိုရာမကာ၊ တခဏချင်း ရစေ၍။ ပုပ္ဖါ'သနံ၊ အပွင့်စုံညီ၊ မွှေးနံ့လည်လျက်၊ နတ်ပြည်နတ်ပန်း၊ ကျော်ကာလွှမ်းအောင်၊ ထူးဆန်းလှစွာ၊ ပန်းနေရာကို။ ပညာပေတွာ၊ ကောင်းစွာပြုပြင်၊ စီစဉ်သန့်ရှင်း၊ ခင်းကျင်းစေ၍။ ဣဒံ ဝစနံ၊ သဒ္ဒါဖြစ်ပွါး၊ ဤသို့သောစကားကို။ အဗြဝိ၊ လက်အုပ်ပူးယှဉ်၊ နဖူးပြင်ဝယ်၊ ဦးတင်ဝပ်တွား၊ လျှောက်ထားလေ၏။

**(ဇ) ဣဒံ မေ အာသနံ ဝီရ၊ ပညတ္တံ တဝ'နုစ္ဆဝိံ။**
**မမ စိတ္တံ ပသာဒေန္တော၊ နိသီဒ ပုပ္ဖ'မာသနေ။ ။**

ဝီရ၊ လောကလုံး၏ အတိဉက္ကဋ္ဌ ဖြစ်မြောက်ရအောင် လုံ့လရှိတော်မူသော မြတ်စွာဘုရား။ တဝ၊ လောကထွတ်ထား ရှင်တော်မြတ်ဘုရားအား။ အနုစ္ဆဝိံ၊ သင်လျော်ကောင်းမြတ် လျှောက်ပတ်သော။ ဣဒံ အာသနံ၊ ပွင့်မျိုးစုံမြိုင်၊ ကြိုင်ကြိုင်သင်းပျံ့၊ မွှေးရနံ့တို့ဖြင့်၊ မဆုံဝေဖြာ၊ ဤပန်းနေရာကို။ မေ မယာ၊ သရဒ-ဟု၊ နာမမှည့်ခေါ်၊ တပည့်တော်ရသေ့သည်။ ပညတ္တံ၊ ကောင်းစွာပြုပြင်၊ စီရင်သန့်ရှင်း၊ ခင်းကျင်းထားအပ်ပါပြီ။ မမ၊ သရဒ-ဟု၊ နာမည်မှည့်ခေါ်၊ တပည့်တော်ရသေ့၏။ စိတ္တံ၊ အသိဝိညာဉ်၊ စိတ်အစဉ်ကို။ ပသာဒေန္တော၊ အမြဲဖြူစင်၊ ကြည်လင်စေ၍။ ပုပ္ဖ'မာသနေ၊ နေရာဆင့်ဆင့်၊ ပန်းဖြင့်ပြီးသော၊

မြင့်မြတ်ဝေဆာ၊ အသရေဖြာသည့် နေရာတော်၌။ နိသီဒ၊ သီတင်းသုံးစံပျော်၊ နေတော်မူပါ မြတ်စွာဘုရား။

(၈၂) သတ္တရတ္တိန္ဒိဝံ ဗုဒ္ဓေါ၊ နိသီဒိ ပုပ္ဖ'မာသနေ။
မမ စိတ္တံ ပသာဒေတွာ၊ ဟာသယိတွာ သဒေဝကေ။ ။

(၈၂) ဗုဒ္ဓေါ၊ သစ္စာ ၄-ရပ်၊ တရားမြတ်၏(ကို) ပိုင်းဖြတ်ထင်မြင်၊ ဘုရားရှင်သည်။ မမ၊ လောကီအာရုံ ကာမဂုဏ်တွင်၊ ခုံမင်မလွေ၊ ငါရသေ့၏။ စိတ္တံ၊ အသိဝိညာဉ်၊ စိတ်အစဉ်ကို။ ပသာဒေတွာ၊ ဖြူစင်ပိုမို၊ ကြည်ညိုစေ၍။ သဒေဝကေ၊ လူရော,နတ်ပါ၊ ဗြဟ္မာမကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံဟူ၊ ၃-ဘုံလူတို့ကို။ ဟာသယိတွာ၊ အမြလန်းရွှင်၊ ကြည်လင်ဆတ်ဆတ်၊ နှစ်သက်ခြင်းကို ဖြစ်စေ၍။ သတ္တရတ္တိန္ဒိဝံ၊ ၇-ည, ၇-နေ့ပတ်လုံး။ ပုပ္ဖ'မာသနေ၊ ထူးဆန်းဝေဆာ၊ ပန်းနေရာတော်၌။ နိသီဒိ၊ မျှတရွှင်ပြုံး၊ သီတင်းသုံးနေတော်မူ၏။

ဤသို့ ဘုရားရှင်သည် သီတင်းသုံးနေတော်မူသည်ရှိသော် အဂ္ဂသာဝက ၂-ပါးနှင့် ကျန်ရဟန်းတော်တို့သည် မိမိ,မိမိရောက်ရှိနေသော နေရာ၌ နေကြလေကုန်၏။ သရဒ ရသေ့သည် ကြီးစွာသော ပန်းထီးကို ကိုင်ဆောင်လျက် ဘုရားရှင်၏ ဦးထိပ်တော်ထက်၌ ဆောင်းမိုးကာ ရပ်၍ နေလေ၏။ ဘုရားရှင်သည် "ရသေ့တို့၏ ဤပူဇော်သက္ကာရသည် ကြီးမားသောအကျိုး ဖြစ်စေသတည်း"ဟု ဆင်ခြင်တော်မူ၍ နိရောဓသမာပတ်ကို ဝင်စား တော်မူလေ၏။ ဘုရားရှင် နိရောဓသမာပတ် ဝင်စားသောအဖြစ်ကို သိ၍ အဂ္ဂသာဝက ၂-ပါးနှင့် ရဟန်းတော်တို့သည် နိရောဓသမာပတ်ကို ဝင်စားကြလေကုန်၏။

ဘုရားရှင်သည် ၇-ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စား၍ နေတော်မူစဉ် သရဒရသေ့၏ အတွင်းနေ တပည့်ရသေ့တို့သည် ဆွမ်းခံချိန်ရောက်သောအခါ တော၌ဖြစ်သည့် သစ်မြစ်, သစ်ဥ, သစ်သီးကြီး,ငယ်ကို ရှာကြံသုံးဆောင် စားသောက်ကြ၍ ကြွင်းကျန်သောအချိန်၌ ဘုရားရှင်တို့အား လက်အုပ်ချီမိုး ရှိခိုးလျက် နေကြလေကုန်၏။ သရဒရသေ့ သည်ကား ဆွမ်းခံမျှပင် မသွားတော့ဘဲ ပန်းထီးကို ဆောင်းမိုးလျက်သာ ၇-ရက်တိုင်တိုင် ပီတိသုခဖြင့် လွန်မြောက်စေ၏။ ဘုရားရှင်သည် နိရောဓသမာပတ်မှ ထတော်မူပြီးလျှင် လက်ယာဘက်နံပါး၌ သီတင်းသုံးလျက်ရှိသော အဂ္ဂသာဝက နိသဘမထေရ်ကို "ချစ်သား နိသဘ၊ ပူဇော်သက္ကာရပြုကြသည့် ရသေ့တို့အား ပန်းနေရာ ခင်းကျင်းလှူဒါန်းခြင်းနှင့် စပ်လျဉ်းသော အနုမောဒနာတရားကို ဟောကြားလော့"ဟု မိန့်တော်မူလေ၏။ ထိုအခါ နိသဘမထေရ်သည် စကြဝတေးမင်း၏အထံမှ ဆုလာဘ်များစွာရသော စစ်သူကြီးပမာ ဝမ်းမြောက်ဝမ်းသာ သာဝကပါရမီဉာဏ်၌ တည်လျက် ပန်းနေရာ ခင်းကျင်းလှူဒါန်းခြင်းနှင့် စပ်လျဉ်းသော အနုမောဒနာတရားကို ဟောကြားခြင်းငှာ အားထုတ်လေ၏။

ထိုနိသဘမထေရ် အနုမောဒနာတရား ဟောကြားတော်မူပြီးသည့် အဆုံး၌ လက်ဝဲရံ ဒုတိယအဂ္ဂသာဝက အနေဘမထေရ်ကို ခေါ်တော်မူ၍ "ချစ်သား အနေဘမ၊ သင်လည်း ရသေ့တို့အား တရားဟောဦးလော့"ဟု မိန့်တော်မူသောအခါ အနေဘမထေရ် သည်လည်း ပိဋကတ် ၃-ပုံဟု ဆိုအပ်သော ဘုရားစကားတော်ကို သုံးသပ်ဆင်ခြင်၍ တရားဟောကြားလေ၏။ အဂ္ဂသာဝက ၂-ပါးတို့၏ တရားဖြင့် တစ်ဦးတစ်ယောက်သော ရသေ့မျှလည်း တရားကို ထိုးထွင်း၍ မသိ။ ထို့နောက် ဘုရားရှင်သည် ဤရွေ့,ဤမျှ ဂဏန်း ချ၍ နှိုင်းဆမရနိုင်သော ဘုရားအရာ၌တည်ကာ တရားဒေသနာတော်ကို ဟောကြားတော် မူလေ၏။

ဒေသနာတော်၏အဆုံး၌ သရဒရသေ့ကို ထား၍ ကျန်အားလုံးသော ရသေ့ ၇-သောင်း,၄-ထောင်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ဘုရားရှင်သည် "ရဟန်းတို့ လာလှည့်ကုန်"ဟု ဤသို့သော စကားတော်ကို မိန့်ကြားတော်မူလျက် လက်ယာလက်တော် ဆန့်တန်း၍ ခေါ်တော်မူလိုက်သော ခဏ၌ပင်လျှင် ရသေ့တို့၏ ဆံ,မုတ်ဆိတ်တို့ ကွယ် ပျောက်ကာ ကိုယ်၌ ၈-ဖြာသော ပရိက္ခရာလွယ်၍ ဧဟိဘိက္ခုရဟန်းချည်းသာ ဖြစ်ကြလေ ကုန်၏။

သရဒရသေ့သည်ကား အဘယ်ကြောင့် အရဟတ္တဖိုလ်သို့ မရောက်သနည်းဟူမူ စိတ်ပျံ့လွင့်နေသောကြောင့်တည်း။ ချဲ့ဦးအံ့။ ထိုသရဒရသေ့သည် ဘုရားရှင်၏ ဒုတိယ မြောက်နေရာ၌ နေ၍ သာဝကပါရမီဉာဏ်၌ တည်လျက် တရားဟောကြားသော အဂ္ဂ-သာဝက နိသဘမထေရ်၏ ဟောကြားအပ်သော ဒေသနာတော်ကို နာယူအံ့သောငှာ အားထုတ်ရာအခါမှစ၍ "ငါသည်လည်း နောင်ပွင့်တော်မူလတ္တံ့သော ဘုရား ၁-ဆူ၏ သာသနာတော်၌ အဂ္ဂသာဝက **နိသဘမထေရ်** ရအပ်သည့် လက်ယာရံရာထူးကို ရပါမူကား ကောင်းလေစွ"ဟု စိတ်အကြံဖြစ်လျက် ပျံ့လွင့်နေသောကြောင့် မဂ်,ဖိုလ်တရားထူးကို ထိုးထွင်း၍သိခြင်းငှာ မစွမ်းနိုင်ခြင်း ဖြစ်ခဲ့၏။

ဘုရားရှင်ကို ရှိခိုးပြီးလျှင် မျက်မှောက်တော်၌နေလျက် "မြတ်စွာဘုရား၊ ရှင်တော် ဘုရားရှင်တို့၏ အခြားမရှိ ဒုတိယမြောက်နေရာ၌နေသော ရဟန်းသည်ကား ရှင်တော် ဘုရားတို့၏ သာသနာတော်၌ အဘယ်မည်သောရဟန်း ဖြစ်ပါသနည်း"ဟု မေးလျှောက် လေရာ "ငါဘုရားသည် လည်စေအပ်သော တရားစကြာ ရတနာကို အစဉ်လိုက်၍ လည်စေ နိုင်ကာ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်လျက် ၁၆-ချက်သော ပညာကို ထိုးထွင်းသိမြင်၍ တည်နေသော ဤရဟန်းသည်ကား ငါဘုရားသာသနာတော်၌ လက်ယာ တော်ရံ အဂ္ဂသာဝက နိသဘမည်သောမထေရ် ဖြစ်ပေ၏"ဟု မိန့်တော်မူသောအခါ သရဒ

ရသေ့သည် "မြတ်စွာဘုရား၊ တပည့်တော်သည် ၇-ရက်ပတ်လုံး ပန်းထီးကို ဆောင်းမိုးလျက် ပူဇော်သက္ကာရထူးကို ပြုရသောကောင်းမှု၏ အကျိုးအားဖြင့် အခြားသော သိကြားအဖြစ်, ဗြဟ္မာအဖြစ်ကို မတောင့်တပါ။ နောင်သောအခါ၌ ဤအဂ္ဂသာဝက နိသဘမထေရ်ကဲ့သို့ ၁-ဆူသော ဘုရားရှင်၏ လက်ယာတော်ရံ အဂ္ဂသာဝက ဖြစ်ရပါစေသား"ဟု ဆုတောင်းမှုကို ပြုလေ၏။

ဘုရားရှင်သည် "ဤသရဒရသေ့၏ ဆုသည် ပြည့်စုံအံ့လော"ဟု နောင်အနာဂတ် ကာလအဖို့၌ သိသော အနာဂတံသဉာဏ်တော်ကို စေလွှတ်၍ ကြည့်တော်မူလတ်သော် ၁-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း လွန်သောအခါ ပြည့်စုံမည့်အဖြစ်ကို မြင်သိတော်မူ၍ ဘုရားရှင်သည် သရဒရသေ့ကို "သင်ရသေ့၏ ဆုတောင်းခြင်းသည် အချည်းနှီး မဖြစ်လတ္တံ့။ နောင် ၁-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းလွန်သောအခါ ဂေါတမ-မည်သော ဘုရားရှင် ပွင့်တော်မူလတ္တံ့။ ထိုဂေါတမဘုရားရှင်၏-

မယ်တော်ကား မဟာမာယာမည်သော မိဖုရားဖြစ်လတ္တံ့။

ခမည်းတော်ကား သုဒ္ဓေါဒနမည်သော မင်းကြီးဖြစ်လတ္တံ့။

သားတော်ကား ရာဟုလာမည်သောသူ ဖြစ်လတ္တံ့။

အလုပ်အကျွေးကား အာနန္ဒာမည်သောသူ ဖြစ်လတ္တံ့။

လက်ဝဲရံ ဒုတိယ အဂ္ဂသာဝကကား မောဂ္ဂလ္လာန်မည်သောသူ ဖြစ်လတ္တံ့။

သင်ရသေ့သည်ကား ထိုဂေါတမဘုရားရှင်၏ လက်ယာတော်ရံ ပဌမအဂ္ဂသာဝက ဖြစ်သည့် တရားစစ်သူကြီး သာရိပုတြာမည်သောသူ ဖြစ်လတ္တံ့"

ဟု ဗျာဒိတ်စကား ညွှန်ကြားတော်မူပြီးလျှင် တရားစကား ဟောကြားတော်မူကာ ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ကောင်းကင်ထက်သို့ ပျံတက်ကြွသွားတော်မူလေ၏။

သရဒရသေ့သည်လည်း တပည့်ဖြစ်ခဲ့ကြသည့် မထေရ်တို့၏အထံသို့ သွား၍ မိတ်ဆွေ သိရိဝဍ္ဎနသူကြွယ်ထံသို့ "အရှင်ဘုရားတို့၊ တပည့်တော်၏မိတ်ဆွေ သူကြွယ်အား သင်၏မိတ်ဆွေဖြစ်သော သရဒရသေ့သည် အနောမဒဿီဘုရားရှင်၏ ခြေတော်ရင်း၌ နောင်အနာဂတ်အခါ ပွင့်တော်မူလတ္တံ့သော ဂေါတမဘုရားရှင်၏ သာသနာတော်ဝယ် လက်ယာတော်ရံ အဂ္ဂသာဝကဆုကို ပန်ဆင်လေပြီ။ သင်သူကြွယ်လည်း လက်ဝဲတော်ရံ ဒုတိယ အဂ္ဂသာဝကဆုကို ပန်ကြားပါလော့-ဟု ပြောကြားကြပါကုန်ဘုရား"ဟု သတင်းစကား မှာကြားလိုက်လေ၏။

ဤသို့ မှာကြားလျှောက်ထားပြီးလျှင် မထေရ်တို့ထက် အလျင်ရှေးဦးစွာ တစ်ဖက်သော လမ်းခရီးဖြင့် သွား၍ သူကြွယ်၏နေအိမ်တံခါး၌ ရပ်လေ၏။ သိရိဝဍ္ဍနသူကြွယ်သည် "ငါ၏အရှင် သရဒရသေ့သည် ကြာမြင့်မှ လာတော်မူ၏တကား"ဟု နေရာ၌ နေစေကာ မိမိမှာမူ နိမ့်သောနေရာ၌ နေလျက် "အရှင်ဘုရား၊ အရှင်မြတ်တို့၏ တပည့်ပရိသတ်တို့ မထင်မြင်ချေတကား"ဟု မေးလျှောက်လတ်သော် "မိတ်ဆွေ၊ မှန်၏။ ငါတို့၏ သခ်မ်းကျောင်းသို့ အနောမဒဿီဘုရားရှင် ကြွလာတော်မူ၏။ ငါတို့သည် ထိုဘုရားရှင်အား မိမိ(တို့) စွမ်းအားရှိသမျှ ပူဇော်သက္ကာရ ပြုကြကုန်၏။

ဘုရားရှင်သည် ခပ်သိမ်းသောသူတို့အား တရားဟောတော်မူ၏။ တရားတော်၏ အဆုံး၌ ငါ့ကို ချန်ထား၍ ကျန်တပည့်ရသေ့တို့သည် အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန်းပြုကြကုန်ပြီ။ ငါသည်ကား အနောမဒဿီဘုရားရှင်၏ အဂ္ဂသာဝကဖြစ်သော နိသဘမထေရ်ကို မြင်ရ၍ နောင်သောအခါ ပွင့်တော်မူလတ္တံ့သော ဂေါတမဘုရားရှင်၏ သာသနာတော်၌ ပဌမအဂ္ဂသာဝက လက်ယာတော်ရံရာထူးကို ဆုတောင်းလိုက်ပြီ။ သင်လည်း ထိုဂေါတမဘုရားရှင်၏ သာသနာတော်၌ ဒုတိယအဂ္ဂသာဝက လက်ဝဲတော်ရံရာထူးကို ဆုတောင်းပါလော့"ဟု တိုက်တွန်းလတ်သော် "အရှင်ဘုရား၊ တပည့်တော်အားကား ဘုရားရှင်တို့နှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးမှု မရှိပါ"ဟု လျှောက်ထားလေလျှင် "ဘုရားရှင်တို့နှင့် စကားပြောဆိုခြင်းကား ငါ၏တာဝန် ရှိစေ၊ သင်သည် ကြီးမြတ်သော ပူဇော်သက္ကာရမှုကိုသာ ပြုပြင်စီရင်ပါလော့"ဟု ပြောဆိုတိုက်တွန်းလေ၏။

သိရိဝဍ္ဍနသူကြွယ်သည် သရဒရသေ့၏စကားကို ကြား၍ မိမိ၏နေရာ အိမ်တံခါးအနီး၌ မင်းပယ်(၁၁-တင်း မျိုးကြဲလောက်သောအရပ်ကို မင်းပယ် ၁-ပယ်, မင်းပယ် ၁-ခု-ဟုခေါ်သည်) အားဖြင့် ၈-ပယ်မျှလောက်သော အရပ်ကို မြေအပြင် ညီညွတ်အောင် ပြုပြင်၍ သဲခင်းစေပြီးလျှင် ပေါက်ပေါက်လျှင် ၅-ခုမြောက်ရှိသည့် ပန်းတို့ကို ဖြန့်ကြဲစေ၍ ကြာညိုပန်းတို့ဖြင့် မိုးအပ်သော မဏ္ဍပ်ကို ဆောက်လုပ်စေကာ ဘုရားရှင်၏ နေရာတော်ကို ခင်းစေပြီးလျှင် ကြွင်းကျန်သော ရဟန်းတို့၏နေရာကိုလည်း စီရင်စေလျက် ကြီးမြတ်သော ပူဇော်သက္ကာရကို ပြုပြင်စီရင်ပြီးလတ်သော် ပင့်ဖိတ်ရန် သရဒရသေ့အား အမှတ်သညာပေးလေ၏။ သရဒရသေ့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဆောင်၍ သိရိဝဍ္ဍနသူကြွယ်၏ နေအိမ်သို့ သွားလေ၏။

သိရိဝဍ္ဍနသူကြွယ်သည်လည်း ခရီးဦးကြိုဆိုမှုကို ပြု၍ ဘုရားရှင်၏ လက်တော်မှ သပိတ်ကို ယူပြီးလျှင် မဏ္ဍပ်သို့ ကြွဝင်တော်မူရန် လျှောက်ကြား၍ ခင်းကျင်းအပ်သော နေရာတို့၌ သီတင်းသုံးနေတော်မူကြသော ဘုရားအမှူးရှိသော သံဃာတော်အား မြတ်သော အလှူရေစက်ကို သွန်းချလျက် မွန်မြတ်သော ဆွမ်း,ခဲဖွယ်,ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြုစု၍

ဆွမ်းဘုဉ်းပေးပြီးတော်မူသည်၏အဆုံး၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို မြတ်သောသူတို့သာ ထိုက်တန်လျောက်ပတ်သော အဝတ်သင်္ကန်းတို့ဖြင့် လှူဒါန်းပြီးလျှင် "မြတ်စွာဘုရား၊ ဤသို့အားထုတ် ပြုလုပ်လှူဒါန်းရခြင်းသည် အနည်းငယ်မျှလောက်သော အရာ၌ာနအကျိုးငှာ မဟုတ်ပါ။ ဤအတိုင်း ၇-ရက်ပတ်လုံး အစဉ်သနား စောင့်ရှောက်ချီးမြှောက်တော်မူကြပါဘုရား"ဟု လျှောက်ထားလေ၏။ ဘုရားရှင်သည် သည်းခံတော်မူ၏။

သိရိဝဍ္ဎနသူကြွယ်သည် ထိုသို့ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် ၇-ရက်ပတ်လုံး အလှူကြီးကို ဖြစ်စေပြီးလျှင် ဘုရားရှင်ကို ရှိခိုး၍ လက်အုပ်ချီကာ ရပ်တည်လျက် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်၏မိတ်ဆွေ သရဒရသေ့သည် အကြင်ဘုရားရှင်၏ သာသနာတော်၌ လက်ယာတော်ရံပဌမအဂ္ဂသာဝက ဖြစ်ရလို၏"ဟု ဆုတောင်းပါ၏။ တပည့်တော်သည်လည်း "ထိုဘုရားရှင်၏ပင် လက်ဝဲတော်ရံ ဒုတိယအဂ္ဂသာဝက ဖြစ်ရပါလို၏"ဟု ဆုတောင်းလေ၏။ ဘုရားရှင်သည် အနာဂတ်ကာလကို ကြည့်တော်မူလတ်သော် ထိုသူကြွယ်၏ ဆုတောင်းပြည့်စုံအံ့သော အခြင်းအရာကို မြင်တော်မူ၍ "သင်သည် ဤကမ္ဘာမှ ၁-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း လွန်မြောက်သောအခါ ပွင့်တော်မူလတ္တံ့သော ဂေါတမဘုရားရှင်၏ လက်ဝဲတော်ရံ ဒုတိယအဂ္ဂသာဝကဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။

သိရိဝဍ္ဎနသူကြွယ်သည် ဘုရားရှင်တို့၏ ဗျာဒိတ်စကားတော်ကို ကြားရလေလျှင် အလွန်ပင် ရွှင်လန်းဝမ်းမြောက်လေ၏။ ဘုရားရှင်သည်လည်း ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပြီး၍ အခြံအရံ ရဟန်းသံဃာနှင့်တကွ ကျောင်းတော်သို့သာလျှင် ပြန်ကြွတော်မူလေ၏။ "ချစ်သားရဟန်းတို့ ငါဘုရား၏ သားတော်ဖြစ်ကြကုန်သော ဤသာရိပုတြာ, မောဂ္ဂလ္လာန်တို့သည် ဤသို့လျှင် အဂ္ဂသာဝကအစုံရာထူးကို တောင်းခဲ့ကြသောကြောင့် မိမိတို့ ဆုတောင်းခဲ့ကြသည့်အားလျော်စွာ လက်ယာရံ, လက်ဝဲရံရာထူးကို ရကြလေကုန်၏။ ငါဘုရားသည် မျက်နှာလိုက်၍ ပေးသည် မဟုတ်"ဟု မိန့်တော်မူလေ၏။

ဤသို့ မိန့်တော်မူပြီးလတ်သော် အဂ္ဂသာဝက ၂-ပါးတို့သည် ဘုရားရှင်ကို ရှိခိုး၍ ဤသို့ လျှောက်ကြားကြကုန်၏။ "မြတ်စွာဘုရား၊ တပည့်တော်တို့သည် အိမ်ရာတည်ထောင်လူဘောင်၌နေကြစဉ် တောင်ထိပ်ပွဲသဘင်ကို ကြည့်ရှုရန် သွားကြပါကုန်၏" ဤသို့ အစရှိသည်ဖြင့် အရှင်အဿဇိမထေရ်၏အထံမှ သောတာပတ္တိဖိုလ်ကို သိမြင်ခဲ့သည်တိုင်အောင် ပဗ္ဗဇ္ဇာဝတ္ထုအကြောင်းစုံတို့ကို ကောင်းစွာလျှောက်ကြားကာ "မြတ်စွာဘုရား၊ တပည့်တော်တို့သည် ဆရာဖြစ်သော သိဉ္စည်းပရိဗိုဇ်အထံသို့ သွားကြ၍ ထိုသိဉ္စည်းပရိဗိုဇ်ကို ရှင်တော်မြတ်ဘုရားတို့၏ ခြေတော်ရင်းသို့ ရောက်အောင် ခေါ်ဆောင်လိုကြသောကြောင့် ထိုသိဉ္စည်းဆရာကြီး၏ အယူဝါဒ အနှစ်သာရ မရှိပုံကို ပြောကြားပြီးလျှင် ရှင်တော်မြတ်

ဘုရားတို့၏ ခြေတော်အစုံ၌ ခိုလှုံဆည်းကပ်ခြင်း၏ အကျိုးအာနိသင်ကို နားဝင်အောင် ပြသပြောဆိုကြပါကုန်သည်ဘုရား။ ထိုသိဉ္စည်းဆရာကြီးသည် 'ယခုအခါ ငါတပည့်အဖြစ်ဖြင့် နေရခြင်းသည် အိုးစရည်းကြီး၏ဘဝမှ ရေသယ်အိုးငယ်ဘဝသို့ ရောက်ရသည်နှင့် တူသဖြင့် တပည့်အဖြစ်ဖြင့် နေခြင်းငှာ စွမ်းနိုင်မည်မဟုတ်ပါ'-ဟု ဆိုပါသည်ဘုရား။

ထိုအခါ တပည့်တော်တို့သည် 'ဆရာ၊ ယခု လူများအပေါင်းသည် ပန်းနံ့သာ-စသည်လက်စွဲကာ ဘုရားရှင်၏ အထံတော်သို့သာ သွားရောက်ပူဇော်ပါလတ္တံ့။ ဆရာတို့ အဘယ်သို့ ဖြစ်ကုန်အံ့နည်း'-ဟု မေးမြန်းသောအခါ ဤလောက၌ ပညာရှိသူကား များသလော၊ သို့မဟုတ် ပညာနည်းသူကား များသလော'-ဟု တပည့်တော်တို့ကို ပြန်၍ မေးသဖြင့် 'ပညာနည်းသူကား များပြားကြောင်း' ပြန်ပြောသောအခါ 'ထိုသို့ဖြစ်မူ ပညာရှိတို့သည် ရဟန်းဂေါတမအထံ သွားကြကုန်လတ္တံ့။ ပညာနည်းသူတို့သည် ငါ့အထံသို့ လာရောက်ကုန်လတ္တံ့။ သင်တို့ ရဟန်းဂေါတမအထံ သွားကြကုန်'-ဟု ပြောဆို၍ ဘုရားရှင်အထံ လိုက်ပါခြင်းငှာ အလိုမရှိပါ"ဟု လျှောက်ကြားကြကုန်၏။

ဘုရားရှင်သည် ထိုစကားကို ကြားသိတော်မူ၍ "ချစ်သား ရဟန်းတို့၊ သိဉ္စည်းပရိဗိုဇ်သည် မိမိ၏ လွဲမှားသောအယူကို ယူသည်၏အဖြစ်ကြောင့် အနှစ်သာရမရှိသည့် အယူများကို အနှစ်သာရ ရှိ၏-ဟု ယူထားလေ့ရှိ၏။ အနှစ်သာရရှိသော အယူမှန်ကို အနှစ်သာရ မရှိ-ဟု ယူလေ့ရှိ၏။ သင်တို့သည်ကား မိမိ၏ ပညာရှိသည်၏အဖြစ်ကြောင့် အနှစ်သာရရှိသော အယူမှန်ကိုလည်း အနှစ်သာရ ရှိသောအားဖြင့်, အနှစ်သာရ မရှိသော မိစ္ဆာဒိဋ္ဌိအယူကိုလည်း အနှစ်သာရ မရှိသောအားဖြင့် သိကြကုန်လျက် အနှစ်သာရ မရှိသည့် မိစ္ဆာဒိဋ္ဌိအယူကို ပယ်စွန့်ပြီးလျှင် အနှစ်သာရရှိသော သမ္မာဒိဋ္ဌိ အယူမှန်တရားကိုသာလျှင် ယူကြကုန်လော့"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော **"အသာရေ သာရမတိနော"**စသော ဂါထာဒေသနာတို့ကို ဟောကြားတော်မူလေ၏။

----- x -----

## (၂၇) ဒေသနာတော်၏ အကျိုး

ဂါထာဒေသနာတော်တို့၏အဆုံး၌ များစွာသော တရားနာပရိသတ်တို့သည် သောတာပတ္တိဖိုလ်-စသည်တို့သို့ ရောက်ကြလေကုန်၏။ စည်းဝေးညီညာ ရောက်လာကြကုန်သောသူတို့အား အကျိုးတရားများသော တရားဒေသနာတော် ဖြစ်လေ၏။

သာရိပုတ္တာတ္ထေရဝတ္ထု ပြီး၏။

★ ★ ★ ★ ★ ★ ★

# ၉။ နန္ဒတ္ထေရဝတ္ထု

## (၁) ဒေသနာတော်

“အမိုးမကောင်းသော အိမ်ကို မိုးရေကျရောက်နိုင်သည့်ပမာ ဘာဝနာကင်းသော စိတ်ကို ရာဂသည် ထွင်းဖောက်နိုင်ကြောင်း” ဟောကြားတော်မူ၍ ညီတော် နန္ဒမင်းသားကို ချေချွတ်တော်မူခြင်း

၁၃။ ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိဝိဇ္ဈတိ။ ။

၁၄။ ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ န သမတိဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိဝိဇ္ဈတိ။ ။

၁၃။ ဒုစ္ဆန္နံ၊ ဖရိုဖရဲ ကျဲကျဲပြောက်ပြောက်၊ အပေါက်ဟောင်းလောင်း၊ မကောင်းသဖြင့် မိုးအပ်သော။ အဂါရံ၊ ဇရပ်,တန်ဆောင်း၊ အိမ်,ကျောင်း,မဏ္ဍပ်ကို။ ဝုဋ္ဌိ၊ ရွာသွန်းကျရောက်၊ မိုးရေပေါက်သည်။ သမတိဝိဇ္ဈတိ ယထာ၊ အမိုးအတွင်း၊ ယိုစီးဆင်း၍၊ ဖောက်ထွင်းကျရောက်နိုင်သကဲ့သို့။ ဧဝံ တထာ၊ ပမာမှီးယူ ဤနည်းအတူ။ အဘာဝိတံ၊ သမထ,ဝိပဿနာ၊ ဘာဝနာ ၂-ရပ်၊ မပွါးများအပ်သော။ ဝါ၊ သမထ,ဝိပဿနာ၊ ၂-ဖြာချွတ်ယွင်း၊ ဘာဝနာလွတ်ကင်းသော။ စိတ္တံ၊ ကြမ်းတမ်းမယဉ်၊ စိတ်ဝိညာဉ်ကို။ ရာဂေါ၊ ညစ်ညမ်းယုတ်မာ၊ ကိလေသာရာဂသည်။ သမတိဝိဇ္ဈတိ၊ နှိပ်စက်ထိုးဖောက်၊ အမျိုးမျိုးနှောက်၍၊ ဝင်ရောက်ဖျက်ဆီးလေ၏။

၁၄။ သုစ္ဆန္နံ၊ သိပ်သည်းအလွန်၊ ကောင်းမွန်သေချာ၊ လုံခြုံစွာ မိုးထားအပ်သော။ အဂါရံ၊ ဇရပ်,တန်ဆောင်း၊ အိမ်,ကျောင်း,မဏ္ဍပ်ကို။ ဝုဋ္ဌိ၊ ရွာသွန်းကျရောက်၊ မိုးရေပေါက်သည်။ န သမတိဝိဇ္ဈတိ ယထာ၊ အမိုးအတွင်း၊ ယိုစီးဆင်းဖောက်၊ မကျရောက်သကဲ့သို့။ ဧဝံ တထာ၊ ပမာမှီးယူ ဤနည်းအတူ။ သုဘာဝိတံ၊ သမထ,ဝိပဿနာ၊ ဘာဝနာအလုပ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ကြိုးစား၊ ကောင်းစွာ ပွါးများစေအပ်သော။ စိတ္တံ၊ အညစ်ကင်းဝေး၊ ကြည်လင်အေးသည့်၊ ယဉ်ကျေးဖြူစင်၊ စိတ်ဝိညာဉ်ကို။ ရာဂေါ၊ ညစ်ညမ်းယုတ်မာ၊ ကိလေသာရာဂသည်။ န သမတိဝိဇ္ဈတိ၊ အကျိုးပျက်အောင် မချိုးဖျက်, မနှိပ်စက်, မဖျက်ဆီးနိုင်။

----- x -----

## (၂) ဆောင်ပုဒ်

ကောင်းစွာသိပ်သည်း၊ မိုးပြီးမရှိ၊ အိမ်၏အတွင်း၊ မိုးယိုဆင်းသို့၊ ပွါးခြင်းဘာဝနာ၊ ကင်းကွာတိတ်ဆိတ်၊ ထိုသူ့စိတ်ကို၊ ယိုဖိတ်ကိလေ၊ ဝင်ရောက်ပေသည်၊ မသွေဒုက္ခ ရမြဲတည်း။

ကောင်းစွာသိပ်သည်း၊ မိုးပြီးအိမ်ကို၊ မိုးယိုစီးကျ၊ မရှိရသို့၊ သမထ,ဘာဝနာ၊ ခါခါမဆိတ်၊ ပွါးသူ့စိတ်ကို၊ မဖိတ်,မဝင်၊ ကိလေစင်သည်၊ ကြည်လင်ချမ်းသာ ရမြဲတည်း။

"ယထာ အဂါရံ" အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်နန္ဒမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူလေ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ဘုရားရှင်သည် မြတ်သော ဓမ္မစကြာတရားကို ဟောကြားတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် သုဒ္ဓေါဒနမင်းကြီးသည် "ငါ၏သားတော် ဘုရားကို ပင့်ဆောင်၍ ငါ့အား ပြကြကုန်လော့"ဟု စေလွှတ်အပ်သော ဗိုလ်ပါပရိသတ် ၁,၀၀၀-စီ အခြံအရံရှိသော ၁-ကိုးပ်သော တမန်တို့တွင် နောက်ဆုံးမှသွား၍ အရဟတ္တဖိုလ်သို့ ရောက်သော ဖွားဖက်တော် ကာဠုဒါယီမထေရ်မြတ်သည် ကပိလဝတ်ပြည်သို့ ကြွတော်မူသင့်သောအခါကို ဉာဏ်ဖြင့် သိမြင်ဆင်ခြင်၍ လမ်းခရီး၏ သာယာပုံ-စသော ဂုဏ်ကျေးဇူးကို ချီးမွမ်းလျှောက်ထားသဖြင့် ရဟန္တာ ၂၀,၀၀၀-ခြံရံလျက် ကပိလဝတ်ပြည်သို့ ပင့်ဆောင်အပ်သည်ဖြစ်၍ ဆွေတော်,မျိုးတော်တို့၏ အစည်းအဝေး၌ ပေါက္ခရဝဿမိုး*ရွာခြင်းကို အကြောင်းပြုပြီးလျှင် ဝေဿန္တရာဇာတ်ကို ဟောတော်မူ၍ တဖန်မိုးသောက် အလင်းရောက်သောအခါ ဆွမ်းအလို့ငှာ ဝင်တော်မူလျက် "ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ"အစရှိသော ဂါထာဖြင့် ခမည်းတော်မင်းကြီးကို သောတာပတ္တိဖိုလ်၌ တည်စေတော်မူ၍ "ဓမ္မဉ္စရေ"စသော ဂါထာဖြင့် မိထွေးတော် ဂေါတမီကို သောတာပတ္တိဖိုလ်၌လည်းကောင်း, ခမည်းတော်မင်းကြီးကို သကဒါဂါမိဖိုလ်၌လည်းကောင်း တည်စေတော်မူ၏။

(*ကြာတော၌ ရွာသည်နှင့်တူသော မိုး။ မိုးသည် ကြာတော၌ ရွာသည်ရှိသော် ကြာရွက်ပေါ်၌ ကျသော မိုးပေါက်သည် ကြာရွက်ပေါ်မှ လျှောကျ၍ တပါးသောအရပ်တို့၌ စွတ်သကဲ့သို့ မိုးရေစွတ်လိုသော သူတို့၌သာ စွတ်၍ မစွတ်လိုသောသူတို့၌ တပေါက်မျှ မကျ,မရွာ။ ဝါ၊ မကျ,မရွာသောကြောင့် "ပေါက္ခရဝဿမိုး"ဟု ခေါ်သည်။)

----- x -----



ၽြႃၸႄးၵၶ ပွႆငႃၺၶၺႂၵ ႁိူၺလ ၽြႃးလႄးၸၵၼ်ႈ ၸိူဝ်းၸၵ်းလၢင်ႉ

## (၃) နန္ဒမင်းသားကို သပိတ်တော်ထမ်းစေ၍ ကျောင်းတော်သို့ ခေါ်ဆောင်လာခြင်း

ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးသောအခါ ရာဟုလာမယ်တော် ယသောဓရာမိဖုရား၏ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်ကို ဟောတော်မူပြီးလျှင် ထိုနေ့မှ ၃-ရက်မြောက်သောနေ့၌-

ညီတော်နန္ဒမင်းသားအား အဘိသိက်သွန်းလောင်းသော မင်္ဂလာ,

အိမ်တက်မင်္ဂလာ, ထိမ်းမြားလက်ထပ်မင်္ဂလာ-

တို့သည် ဖြစ်ကုန်သည်ရှိသော် ဘုရားရှင်သည် ဆွမ်းအလို့ငှာ ဝင်ရောက်တော်မူလာပြီးလျှင် နန္ဒမင်းသား၏လက်၌ သပိတ်ကို ပေးအပ်၍ မင်္ဂလာတရား ဟောကြားတော်မူပြီးနောက် နေရာမှ ထ၍ ကြွသွားတော်မူသည်ရှိသော် နန္ဒမင်းသား၏လက်မှ သပိတ်ကို မယူဘဲသာလျှင် ကြွတော်မူလေ၏။

နန္ဒမင်းသားသည်လည်း ဘုရားရှင်၌ ရိုသေသဖြင့် "နောင်တော်ဘုရားတို့သည် သပိတ်ကို ယူတော်မူပါကုန်ဘုရား"ဟု မလျှောက်ထားဝံ့ရကား "နောင်တော်ဘုရားသည် စောင်းတန်းလှေကားဦး၌ သပိတ်ကို ယူလတ္တံ့"ဟု ဤသို့ ကြံစည်လေ၏။ ဘုရားရှင်သည် ထိုလှေကားရင်းဦး၌လည်း သပိတ်ကို ယူတော်မမူချေ။ နန္ဒမင်းသားသည် "လှေကားရင်း၌ ယူလတ္တံ့"ဟု ကြံစည်ပြန်လေ၏။ ဘုရားရှင်သည် ထိုလှေကားရင်း၌လည်း ယူတော်မမူချေ။ နန္ဒမင်းသားသည် "မင်းရင်ပြင်၌ ရောက်လျှင် ယူတော်မူလတ္တံ့"ဟု ကြံစည်ပြန်လေ၏။ ဘုရားရှင်သည် ထိုမင်းရင်ပြင်၌လည်း ယူတော်မမူချေ။ နန္ဒမင်းသားသည် ပြန်လိုသဖြင့် မနှစ်သက်ဘဲသာ လိုက်ပါသွားရာ ဘုရားရှင်၌ ရိုသေသဖြင့် "သပိတ်ကို ယူတော်မူပါဘုရား"ဟု မလျှောက်ထားဝံ့ရှာလေ။ "ဤအရပ်သို့ ရောက်လျှင် ယူတော်မူလတ္တံ့၊ ထိုအရပ်သို့ ရောက်လျှင် ယူတော်မူလတ္တံ့"ဟု ကြံစည်၍သာ လိုက်ပါသွားရရှာလေ၏။

ထိုခဏ၌ အခြားသော မင်းမိန်းမအပေါင်းတို့သည် ဘုရားရှင်နောက်တော်သို့ ပါသွားသော နန္ဒမင်းသားကို မြင်၍ ဇနပဒကလျာဏီမင်းသမီးအား "အရှင်မ၊ ဘုရားရှင်သည် နန္ဒမင်းသားကို ခေါ်ဆောင်၍ ကြွသွားတော်မူ၏။ သခင်မတို့သည် ထိုနန္ဒမင်းသားနှင့် ကင်း၍ အဘယ်သို့သော အမှုကို ပြုအံ့နည်း"ဟု ပြောကြားကြလေ၏။ ဇနပဒကလျာဏီမင်းသမီးသည် ထိုစကားကို ကြားလေလျှင် ယိုစီးသော ရေပေါက်ရှိသည့် ထက်ဝက်မျှ ဖြီး(ဖိး)အပ်ပြီးသော ဆံပင်တို့ဖြင့် လျင်စွာလိုက်သွား၍ "အရှင့်သား၊ လျင်မြန်စွာသာ ပြန်လာခဲ့ပါလော့"ဟု မှာကြားလိုက်လေ၏။

ဇနပဒကလျာဏီမင်းသမီး၏ ထိုမှာကြားလိုက်သော စကားသည် နန္ဒမင်းသား၏ စိတ်နှလုံးထဲ၌ ဖီလာကန့်လန့် ကျဝင်လာသကဲ့သို့ စွဲ၍ တည်လေ၏။ ဘုရားရှင်သည်လည်း ညီတော်နန္ဒမင်းသား၏လက်မှ သပိတ်ကို မယူမူဘဲသာလျှင် နန္ဒမင်းသားကို ကျောင်းတော်သို့ အရောက် ခေါ်ဆောင်၍ "ညီတော်နန္ဒ၊ ရဟန်းပြုလုပ်မည်လော"ဟု မေးတော်မူ၏။ နန္ဒမင်းသားလည်း ဘုရားရှင်၌ ရိုသေလေးစားသောအားဖြင့် "ရဟန်းမပြုနိုင်ပါဘုရား"ဟု မလျှောက်ကြားဝံ့ဘဲ "မှန်လှပါ၊ ရဟန်းပြုပါမည်ဘုရား"ဟု လျှောက်ထားလေလျှင် ဘုရားရှင်သည် "ချစ်သားရဟန်းတို့၊ ထိုသို့ဖြစ်မူကား နန္ဒမင်းသားကို ရဟန်းပြုပေးကြကုန်လော့"ဟု မိန့်တော်မူ၏။ ဘုရားရှင်သည် ကပိလဝတ်ပြည်သို့ ကြွတော်မူ၍ ၃-ရက်မြောက်သောနေ့၌ နန္ဒမင်းသားကို ရဟန်းပြုပေးတော်မူလေ၏။

----- x -----

## (၄) ရာဟုလာ အမွေတောင်းခြင်း

ဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွရောက်၍ ၇-ရက်မြောက်သောနေ့၌ ရာဟုလာ မယ်တော် ယသောဓရာသည် သားတော်ရာဟုလာကို တန်ဆာဆင်၍ "ချစ်သား ရာဟုလာ၊ ရဟန်း ၂-သောင်းခြံရံလျက် ရွှေအဆင်းနှင့်တူသော, ပြဟ္မာမင်း၏ ရုပ်အဆင်းနှင့်တူသော, ဖြောင့်စင်းသော ကိုယ်အဆင်းရှိတော်မူသော ဤရဟန်းကို မြင်၏လော။ ဤရဟန်းသည်ကား သင်၏ကျေးဇူးရှင် ခမည်းတော်ပင်တည်း။ သင့်ကျေးဇူးရှင် ခမည်းတော်အား ကြီးမားသည့် ရွှေအိုးကြီးများ ရှိကုန်၏။ ချစ်သား၏ ခမည်းတော် တောထွက်တော်မူသောအခါမှ စ၍ ထိုရွှေအိုးကြီးတို့ကို ငါတို့ မမြင်ကြရတော့ကုန်။ ချစ်သား သွားလော့။ ထိုခမည်းတော်ကို 'ခမည်းတော်ဘုရား၊ အကျွန်ုပ်ကား သားတော်ပါတည်း။ အဘိသိက်သွန်းလတ်သော် စကြာမင်း ဖြစ်ပါလိမ့်မည်။ သားတော်သည် ပစ္စည်းဥစ္စာကို အလိုရှိပါသည်။ အမွေဥစ္စာကို ပေးသနားတော်မူပါ။ မှန်၏။ သား-ဟူသည် ဖခင်၏ အမွေဥစ္စာနှစ်ကို ပိုင်ဆိုင်ရရှိသင့်ပါသည်'-ဟု ဆို၍ အမွေတောင်းချေလော့"ဟု အမွေတောင်းရန် ဘုရားရှင်အထံသို့ လွှတ်လိုက်လေ၏။

ရာဟုလာမင်းသားသည်လည်း ဘုရားရှင်အထံတော်သို့ သွား၍ ဖခမည်းတော်တည်းဟူသော ချစ်ခင်ခြင်းကို ရ၍ အလွန်ရွှင်လန်း ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ "ခမည်းတော် ရဟန်းမြတ်၊ အရှင်မြတ်၏ အရိပ်ကား ချမ်းမြေ့သာယာလေစွတကား"ဟု ဆိုပြီးကာ ထိုမှတပါး များစွာသော မိမိနှင့်လျော်ကပ်သော စကားကို ပြောဆိုလျက် နေလေ၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးလတ်သော် အနုမောဒနာတရား

ဟောကြားတော်မူပြီးလျှင် နေရာမှထ၍ ဖဲကြွတော်မူလေ၏။ ရာဟုလာမင်းသားသည်လည်း "ခမည်းတော် ရဟန်းမြတ်၊ အကျွန်ုပ်အား အမွေပစ္စည်းဥစ္စာ ပေးသနားတော်မူပါ။ ခမည်းတော် ရဟန်းမြတ်၊ အကျွန်ုပ်အား အမွေပစ္စည်းဥစ္စာ ပေးသနားတော်မူပါ"ဟု ဆို၍ ဘုရားရှင်နောက်သို့ အစဉ်တစိုက် လိုက်လေ၏။ ဘုရားရှင်သည်လည်း သားတော် ရာဟုလာကို မပြန်စေဘဲ အခြံအရံ လိုက်ပါလာသည့် လူအပေါင်းသည်လည်း ဘုရားရှင်နှင့်အတူ လိုက်ပါလာသော ရာဟုလာမင်းသားကို ပြန်လည်စေခြင်းငှာ မတတ်နိုင်ပေ။ ဤသို့ သားတော် ရာဟုလာသည် ဘုရားရှင်နှင့်အတူ ကျောင်းတော်သို့တိုင်အောင် လိုက်လာလေ၏။

ကျောင်းတော်သို့ ရောက်လေလျှင် ဘုရားရှင်သည် "ဤသားတော်ရာဟုလာသည် ဖခင်၏ ဥစ္စာဖြစ်သော အကြင်ပစ္စည်း အမွေဥစ္စာကို အလိုရှိနေ၏။ ထိုပစ္စည်းအမွေဥစ္စာသည်ကား သံသရာဝဋ်သို့သာ အစဉ်တစိုက်လိုက်ကာ ပင်ပန်းဆင်းရဲခြင်းနှင့်တကွသာ ဖြစ်၏။ ယခုအခါ ထိုသားတော်ရာဟုလာအား ဗောဓိမဏ္ဍိုင်၌ ရအပ်ခဲ့သော အရိယာတို့၏ အမွေဥစ္စာ ၇-ဖြာကို ပေးသနားပေအံ့။ လောကုတ္တရာအမွေကို ခံယူစေသည်၏ အစွမ်းအားဖြင့် သားတော်ကို လောကုတ္တရာဥစ္စာရှင်ဖြစ်အောင် ပြုအံ့"ဟု ကြံတော်မူပြီးသောအခါ အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ "ချစ်သား သာရိပုတ္တရာ၊ ထိုသို့ဖြစ်ပါမူ သားတော် ရာဟုလာကို ရှင်ပြုပေးလော့"ဟု မိန့်တော်မူလေရာ အရှင်သာရိပုတ္တရာသည်လည်း ရှင်ပြုပေးတော်မူလေ၏။

ရာဟုလာမင်းသား ရှင်ပြုတော်မူသည်ကို ကြားသိရသည်ရှိသော် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား အတိုင်းထက်အလွန် စိတ်ဆင်းရဲခြင်း ဖြစ်တော်မူ၏။ ထိုစိတ်ဆင်းရဲခြင်းကို သည်းခံခြင်းငှာ မတတ်သာသဖြင့် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြား၍ "သားတော်ဘုရား၊ ခမည်းတော်မင်းတရား လျှောက်ထားတောင်းပန်ပါ၏။ သားတော်ဘုရားတို့သည် မိဘ ၂-ပါး အနူးအညွတ် ခွင့်မလွှတ်အပ်သော သားကို ရှင်၊ ရဟန်းပြုမပေးကြပါကုန်လင့်"ဟူသော ဆုကို တောင်းလေ၏။ ဘုရားရှင်သည် ခမည်းတော်မင်းကြီးအား ထိုတောင်းသောဆုကို ပေးသနား၍ နောက်တဖန် တစ်နေ့သ၌ မင်းနန်းတော်ဝယ် နံနက်ဆွမ်းစားခြင်းကိစ္စ ပြုတော်မူသော ဘုရားရှင်ကို တင့်အပ်လျောက်ပတ်သော အရပ်၌နေသော သုဒ္ဓေါဒနမင်းကြီးသည် "သားတော်ဘုရား၊ သားတော်ဘုရားတို့၏ ဆင်းရဲပင်ပန်းစွာ ဒုက္ကရစရိယာ ကျင့်တော်မူသောအခါ နတ်သား ၁-ယောက်သည် ခမည်းတော်အထံသို့ ချဉ်းကပ်၍ 'သင်၏သားတော် သိဒ္ဓတ္ထမင်းသား စုတေသေလွန်လေပြီ'ဟု ပြောကြားလာပါ၏။ ခမည်းတော်သည် ထိုနတ်သားစကားကို မယုံကြည်၍ 'ငါ၏သားတော်ကား

ဘုရားအဖြစ်သို့ မရောက်ဘဲ မသေလွန်နိုင်'ဟု ပြောဆိုကာ ပယ်လိုက်ပါသည်"ဟု လျှောက် လတ်သော်-

"ခမည်းတော်မင်းကြီး၊ သင်မင်းကြီးတို့သည် ယခုအခါ၌ အဘယ်မှာ ယုံကြည်ပါကုန် အံ့နည်း။ ရှေးအခါ၌ အရိုးတို့ကို ပြသ၍ 'သင်၏သား သေလွန်ပြီ'-ဟု ပြောကြားသော်လည်း မယုံကြည်ခဲ့ကြကုန်သည်သာတည်း"ဟု မိန့်တော်မူလျက် ဤသို့သော အတ္ထုပ္ပတ်ကို အကြောင်းပြုကာ မဟာဓမ္မပါလဇာတ်တော်ကို ဟောကြားတော်မူအပ်သော ဒေသနာ ဂါထာတော်၏အဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်လေ၏။

ဤသို့လျှင် ဘုရားရှင်သည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကို ဖိုလ်တရား ၃-ပါးတို့၌ တည်စေတော်မူ၍ ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် တဖန် ရာဇဂြိုဟ်ပြည်သို့ ကြွ တော်မူ၍ ထို့နောက်မှ အနာထပိဏ်သူဌေးကြီး၏ သာဝတ္ထိပြည်သို့ ကြွလာတော်မူခြင်းငှာ ယူအပ်ပြီးသော ပဋိညာဉ်ရှိတော်မူသည်ဖြစ်၍ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်၍ ပြီးစီးသည်ရှိသော် ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းသို့ ကြွတော်မူ၍ ဝါကပ် တော်မူလေ၏။

----- × -----

## (၅) အရှင်နန္ဒ သာသနာတော်၌ ငြီးငွေ့ခြင်း

ဤသို့ ဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်နန္ဒသည် သာသနာ့ဘောင်၌ မပျော်မွေ့ကြောင်းကို ရဟန်းတို့အား "ငါ့ရှင်တို့၊ ငါသည်ကား သာသနာ တော်၌ မပျော်မွေ့ဘဲ မြတ်သောအကျင့်ကို ကျင့်ကြံ၍ နေရ၏။ မြတ်သောအကျင့်-ဟု ဆိုအပ်သော သာသနာတော်ကို ထမ်းဆောင်၍ နေအံ့သောငှာ မစွမ်းနိုင်တော့ပါ။ ရဟန်း သိက္ခာကို ပယ်ခွါစွန့်ချပြီး လူထွက်၍ နေချင်ပါတော့သည်"ဟု လူထွက်လိုကြောင်း လျှောက် ထားလေ၏။

ဘုရားရှင်သည် ထိုအရှင်နန္ဒ လူထွက်လိုကြောင်းကို ကြားသိတော်မူ၍ ညီတော် နန္ဒကို ခေါ်တော်မူပြီးလျှင် "ညီတော်နန္ဒ၊ ရဟန်းများတို့အား 'ငါသည် သာသနာတော်၌ မပျော်မွေ့ဘဲ မြတ်သောအကျင့်ကို ကျင့်ကြံနေရ၏။ မြတ်သောအကျင့်-ဟု ဆိုအပ်သော သာသနာတော်ကို ထမ်းဆောင်၍ နေအံ့သောငှာ မစွမ်းနိုင်ပါ။ ရဟန်းသိက္ခာကို ပယ်ခွါစွန့်ချ ပြီးကာ လူထွက်၍ပင် နေချင်ပါတော့သည်'ဟု ဤသို့သောစကားကို ပြောကြား၏-ဟု ငါဘုရား ကြားရသည့် စကားသည် မှန်သလော"ဟု မေးတော်မူလတ်သော် "ကြားတိုင်းမသွေ

မှန်ပါပေ၏ဘုရား”ဟု လျှောက်ထားလေက “ငါ့ညီနန္ဒ၊ သင် အဘယ့်ကြောင့် သာသနာတော်၌ မမွေ့လျော်ဘဲ မြတ်သောအကျင့်ကို ကျင့်ကြံနေရသနည်း။ မြတ်သောအကျင့်-ဟု ဆိုအပ်သော သာသနာတော်ကို ထမ်းဆောင်၍ နေအံ့သော်ငှာ အဘယ့်ကြောင့် မစွမ်းနိုင်လေသနည်း။ ရဟန်းသိက္ခာကို ပယ်ခွါစွန့်ချပြီး လူထွက်၍ပင် အဘယ့်ကြောင့် နေချင်ပါသနည်း”ဟု မေးတော်မူလတ်သော်-

“နောင်တောင်ဘုရား၊ နေရာအိမ်တော်မှ ထွက်လာစဉ်အခါ သာကီဝင်မင်းသမီးဖြစ်သော နှမတော် ဇနပဒကလျာဏီသည် ထက်ဝက်မျှ ဖြီး(ဖီး)အပ်ပြီးသော ဆံပင်တို့ဖြင့် ညီတော်ကို ကြည့်ရှုပြီးလျှင် ‘အရှင့်သား၊ ဒလျင်အမြန်သာ ပြန်လာခဲ့ပါလော့’-ဟု မှာကြားလိုက်သောစကားကို အဖန်တလဲလဲ အမြဲအောက်မေ့၍ နေသောကြောင့် သာသနာတော်၌ မပျော်မမွေ့ဘဲ မြတ်သောအကျင့်ကို ကျင့်ကြံနေရပါ၏။ သာသနာတော်ကို ထမ်းဆောင်၍ နေအံ့သော်ငှာ မစွမ်းနိုင်တော့ပါ။ ရဟန်းသိက္ခာကို ပယ်ခွါစွန့်ချပြီး လူထွက်၍ပင် နေချင်ပါ၏”ဟု လျှောက်ထားလေ၏။

----- x -----

## (၆) သာသနာတော်၌ ပျော်မွေ့ရန် မျောက်အိုမနှင့် နတ်သမီးတို့ကို ပြ၍ ဆုံးမတော်မူခြင်း

ထိုအခါ ဘုရားရှင်သည် အရှင်နန္ဒကို လက်မောင်း၌ ဆွဲကိုင်ခေါ်ငင်၍ တန်ခိုးတော်၏အစွမ်းဖြင့် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်ကာ ကြွသွားတော်မူစဉ် လမ်းခရီးအကြား တစ်ခုသောမီးလောင်ပြင်တွင် မီးလောင်ထားသော သစ်ငုတ်ထက်၌ ထိုင်၍နေသော နားရွက်, နှာခေါင်း, အမြီးပြတ်ပြီးသော၊ အဆင်းသဏ္ဌာန် ရှုမြင်မကောင်းသော မျောက်အိုမ ၁-ကောင်ကို ပြတော်မူကာ တဖန် တာဝတိံသာနတ်ပြည်၌ သိကြားမင်းအား ခစားလုပ်ကျွေးခြင်းငှာ ရောက်လာကုန်သော ခိုခြေအဆင်းနှင့်တူစွာ နီမြန်းသော ခြေအဆင်းရှိသော နတ်သမီး ၅၀၀-တို့ကို ပြတော်မူပြန်ပြီးလျှင် ဘုရားရှင်သည် “ညီတော်နန္ဒ၊ သင် အဘယ်သို့ အောက်မေ့သနည်း။ သာကီဝင်မင်းသမီးဖြစ်သည့် နှမတော် ဇနပဒ-ကလျာဏီနှင့် ခိုခြေအဆင်းနှင့်တူစွာ နီမြန်းသော ခြေအဆင်းရှိသော နတ်သမီး ၅၀၀-တို့သည် အဘယ်သူက သာလွန်၍ အရေအဆင်း လှပပါသနည်း၊ ရှုချင်စဖွယ် ရှိပါသနည်း၊ ကြည်ညိုနှစ်သက်ဖွယ် ရှိပါသနည်း”ဟု မေးတော်မူလတ်သော် “နောင်တော်ဘုရား၊ နှမတော် ဇနပဒကလျာဏီသည်ကား လမ်းခရီးအကြား၌ တွေ့မြင်ခဲ့ရသော နားရွက်, နှာခေါင်း, အမြီးပြတ်ပြီး၍ အဆင်းသဏ္ဌာန် ရှုမြင်မကောင်းသော မျောက်အိုမနှင့်



ဘုရားရှင်သည် ညီတော်နန္ဒအား နတ်သမီး ငါးရာ တို့ကို

တူလှပါကြောင်း၊ ဤ ၅၀၀-သော နတ်သမီးတို့နှင့် နှိုင်းစာသည်ရှိသော် သာကီဝင် မင်းသမီးဖြစ်သော နှမတော်ဇနပဒကလျာဏီသည် ရေတွက်လောက်သည် မဟုတ်ပါဘုရား။ တစ်စိတ်,တစ်စိတ်၏ ထက်ဝက်မျှကိုသော်လည်း မမီနိုင်ပါဘုရား။ စင်စစ်သော်ကား ဤ ၅၀၀-သော နတ်သမီးတို့သည်သာလျှင် ရုပ်ရေအဆင်း အလွန်ဝါဝင်း လှပလှပါ၏၊ ရှုချင် စဖွယ်လည်း ရှိပါ၏။ ကြည်လင်နှစ်သက်ဖွယ်လည်း ရှိပါ၏ဘုရား"ဟု လျှောက်ကြားလေ၏။

"ညီတော်နန္ဒ၊ ထိုသို့ဖြစ်မူကား သင်သည် ငါဘုရားသာသနာတော်၌ မွေ့လျော်စမ်း ပါလော့၊ မွေ့လျော်စမ်းပါလော့။ ငါဘုရားသည် ခိုခြေအဆင်းနှင့်တူစွာ နီမြန်းသော ခြေ အဆင်းရှိကုန်သော နတ်သမီး ၅၀၀-တို့ကို ရစေခြင်းငှာ တာဝန်ခံတော်မူအံ့"ဟု မိန့်တော်မူ လတ်သော် ညီတော်နန္ဒသည် "နောင်တော်ဘုရား၊ ခိုခြေအဆင်းနှင့်တူစွာ နီမြန်းသော ခြေအဆင်းရှိကုန်သော နတ်သမီး ၅၀၀-တို့ကို ရစေခြင်းငှာ နောင်တော်ဘုရားသည် အကယ်၍ တာဝန်ခံတော်မူသည်ဖြစ်အံ့။ ညီတော်သည် နောင်တော်ဘုရား၏ သာသနာ တော်၌ ပျော်မွေ့စွာ ကျင့်ကြံကြိုးကုတ် အားထုတ်ပါတော့အံ့ဘုရား"ဟု လျှောက်ကြားသော အခါ ဘုရားရှင်သည် အရှင်နန္ဒကို ခေါ်ဆောင်တော်မူ၍ ထိုတာဝတိံသာနတ်ပြည်မှ ကွယ်ခဲ့ပြီးလျှင် ဇေတဝန်ကျောင်းတော်၌သာ ထင်ရှားစွာ ဖြစ်တော်မူလေ၏။

ရဟန်းတို့သည်လည်း "မိထွေးတော်၏သား, ဘုရားရှင်၏ညီတော်ဖြစ်သော အရှင် နန္ဒသည် နတ်သမီးတို့ကို ရလိုခြင်း-ဟူသော အကြောင်းကြောင့် သာသနာတော်တည်း- ဟူသော မြတ်သောအကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်သတတ်။ ဘုရားရှင်သည်လည်း နတ်သမီး ၅၀၀-တို့ကို ရစေခြင်းငှာ တာဝန်ခံတော်မူသတတ်"ဟု ကြားသိကြကုန်သည် သာတည်း။

----- × -----

## (၇) ညီတော်နန္ဒ ရဟန္တာဖြစ်ခြင်း

ထိုအခါ အရှင်နန္ဒ၏ မိတ်ဆွေဖြစ်ကြသော ရဟန်းတော်တို့သည် "အရှင်နန္ဒသည် အစေအပါး စာရင်းငှားကဲ့သို့ နတ်သမီးတည်း-ဟူသော အဖိုးအခကို ရအောင် ကျင့်ဆောင် နေသတတ်။ အရှင်နန္ဒသည် မြတ်သောအကျင့်ဖြင့် အရင်းအနှီးပြုကာ နတ်သမီးတို့ကို ဝယ်ယူနေရှာသတတ်"ဟု အရှင်နန္ဒကို "စာရင်းငှားကဲ့သို့ နတ်သမီးတည်း-ဟူသော အဖိုး အခကို ရအောင် ကျင့်သောသူ"ဟူ၍လည်းကောင်း "မြတ်သောအကျင့်ဖြင့် အရင်းအနှီးပြု လျက် နတ်သမီးတို့ကို ဝယ်ယူသောသူ"ဟူ၍လည်းကောင်း မပြတ်ခေါ်ဝေါ် ပြောဆိုကြ လျက် "နတ်သမီးတို့ကို ရလိုခြင်း-ဟူသော အကြောင်းကြောင့် မြတ်သောအကျင့်ကို ကျင့်သူ

ဖြစ်၏။ နတ်သမီး ၅၀၀-တို့ကို ရစေခြင်းငှာ ဘုရားရှင်သည်သော်လည်း တာဝန်ခံရသူ ဖြစ်သတတ်”ဟု ပြောဆိုကြကုန်သည်ရှိသော်–

အရှင်နန္ဒသည် ထိုသို့ မိတ်ဆွေရဟန်းတို့ ခေါ်ဝေါ်ပြောဆိုကြသော “စာရင်းငှား” ဟူသော စကား၊ “အဝယ်သမား”ဟူသော စကားတို့ကို ငြီးငွေ့ရှက်နိုး စက်ဆုပ်လှသည်ဖြစ်၍ တစ်ယောက်ထီးတည်း ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် မမေ့မလျော့ ကိလေသာ တို့ကို ပူပန်စေတတ်သော လုံ့လ,ဝီရိယရှိလျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်သဖြင့် နေလတ်သည်ရှိသော် မကြာမြင့်မီသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်ရောက်လာကြကုန်သော အမျိုးကောင်းသားတို့ လိုလားတောင့်တအပ်သော, မြတ်သောအကျင့်၏ အဆုံးဖြစ်သော အတုမရှိသည့် အရဟတ္တဖိုလ်ကို မျက်မှောက်ပစ္စက္ခ ဒိဋ္ဌဓမ္မပင်လျှင် ထူးသောဉာဏ်အမြင်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေရ လေ၏။ “ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပြီ၊ မဂ်ကိစ္စကို ပြုအပ်ပြီ၊ ဤမဂ်ကိစ္စအလို့ငှာ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီ”ဟု သိတော်မူ၏။ အရှင်နန္ဒသည် ပူဇော်အထူးကို ခံတော်မူထိုက်သော ရဟန္တာပုဂ္ဂိုလ်တို့တွင် တစ်ပါးအဝင် ဖြစ်တော်မူလေ၏။

ထိုအခါ တစ်ဦးသော နတ်သားသည် ညဉ့်အဖို့၌ ဇေတဝန်ကျောင်းတော်အလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေ၍ ဘုရားရှင်သို့ ချဉ်းကပ်လျက် ရှိခိုးပြီးကာ “မြတ်စွာ ဘုရား၊ မိထွေးတော်၏သား, ဘုရားရှင်၏ညီတော် အရှင်နန္ဒသည် မျက်မှောက်ပစ္စက္ခ၌ပင် လျှင် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် စိတ်၏ကိလေသာတို့မှ လွတ်ကင်း၊ ပညာပြဋ္ဌာန်းခြင်းဖြင့် ကိလေသာမှ ကင်းရှင်းသော အရဟတ္တဖိုလ်ကို ထူးသောဉာဏ်အမြင် ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ကပ်ရောက်ပြည့်စုံစွာ နေပါ၏ဘုရား”ဟု လျှောက်ကြား လေ၏။ ဘုရားရှင်အားလည်း အရှင်နန္ဒ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ပြည့်စုံစွာ နေရသောအဖြစ်ကို ဉာဏ်တော်ဖြင့် ထင်ရှားစွာ သိမြင်တော်မူလေ၏။

အရှင်နန္ဒသည်လည်း ထိုညဉ့်အဖို့ လွန်သည်ရှိသော် ဘုရားရှင်အထံသို့ ချဉ်းကပ် ရှိခိုး၍ “ဘုန်းတော်ကြီးတော်မူသော နောင်တော်ဘုရား၊ ညီတော်အား ခိုခြေအဆင်းနှင့်တူစွာ နီမြန်းသော ခြေအဆင်းရှိကုန်သော နတ်သမီး ၅၀၀-တို့ကို ရစေခြင်းငှာ နောင်တော်ဘုရား သည် တာဝန်ခံတော်မူခဲ့ပါ၏။ ယခုအခါ နောင်တော်ဘုရားကို ထိုတာဝန်ခံခြင်းမှ လွတ်ပါပြီ ဘုရား”ဟု ဤသို့သော စကားကို လျှောက်ကြားလေ၏။

“ညီတော်နန္ဒ၊ ငါဘုရားသည်လည်း ငါ၏စိတ်တော်ဖြင့် သင်-အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသောအခါမှ စ၍ ထိုတာဝန်ခံခြင်းမှ လွတ်ပြီဖြစ်သော သင့်စိတ်ကို ပိုင်းခြား၍ သိတော်မူ၏။ နတ်သား ၁-ယောက်သည်လည်း ငါဘုရားအား လာ၍ လျှောက်ကြားပေ၏။ ညီတော်နန္ဒ၊ သင်၏ စိတ်သည် တဏှာ,ဒိဋ္ဌိဖြင့် ထိုထိုအာရုံကို မစွဲလမ်းမူ၍ အာသဝေါ

တရားတို့မှ ကင်းလွတ်သောအခါမှ စပြီးလျှင် ငါဘုရားသည်လည်း ထိုတာဝန်ခံခြင်းမှ ကင်းလွတ်ပြီ"ဟု မိန့်တော်မူပြီးလျှင် ဘုရားရှင်သည် ထိုအကြောင်းကို သိမြင်တော်မူ၍ ထိုအချိန်၌ -

(က) ယဿ နိတ္တိဏ္ဏော ပင်္ကော၊ မဒ္ဒိတော ကာမကဏ္ဍကော။
မောဟက္ခယံ အနုပ္ပတ္တော၊ သုခဒုက္ခေသု န ဝေဓတိ သ ဘိက္ခု။ (ဥဒါန၊၁၀၄)

ဟူသော ဤဥဒါန်းဂါထာကို ကျူးရင့်တော်မူလေ၏။

ယဿ၊ မည်သူမဆို အကြင် ရဟန်းပုဂ္ဂိုလ်အား။ ကာမ ပင်္ကော၊ ၅-ပါးအာရုံ၊ ကာမဂုဏ်ပေါင်း၊ ရွှံ့ညွန်ပျောင်းကို။ နိတ္တိဏ္ဏော၊ လျှင်မြန်ထုတ်ချောက်၊ ကူးမြောက်ပြီးခြင်းသည်လည်းကောင်း။ ကာမကဏ္ဍကော၊ သံသရာလမ်းကူး၊ သွားတိုင်းစူးသည့်၊ မိုက်ရှူးမဖြောင့်၊ ကာမဂုဏ်တည်း-ဟူသော ဆူးငြောင့်ကို။ မဒ္ဒိတော၊ မဂ်,ဖိုလ်ဉာဏ်လုံး၊ အစွမ်းသုံးပြီး၊ ခြေမှုန်းဖြတ်ခွင်း၊ နင်းနယ်ခြင်းသည်လည်းကောင်း။ မောဟက္ခယံ၊ သစ္စာ ၄-အင်၊ မထင်လုံးလုံး၊ မိုက်မှောင်ဖုံး၍၊ မိုက်လုံးပိတ်ကာ၊ အဝိဇ္ဇာတည်း-ဟူသော မောဟကုန်ခြင်းသို့။ အနုပ္ပတ္တော၊ ဉာဏ်အလင်းဖြင့်၊ ထင်လင်းသိမြင်၊ အစဉ်လျှောက်ခြင်းသည်လည်းကောင်း။ အတ္ထိ၊ စင်စစ်မသွေ၊ ထင်ရှားရှိပေ၏။ သ-သော ဘိက္ခု၊ ၅-ဖြာအာရုံ၊ ကာမဂုဏ်ညွန်ဆူး၊ လွန်ကျူးမှောင်ကျ၊ မောဟကုန်ခန်း၊ ထိုရဟန်းပုဂ္ဂိုလ်သည်။ သုခဒုက္ခေသု၊ ခဏာမစဲ၊ အမြဲတွေ့ကြုံ၊ ခံစားကုန်သည့်၊ လုံးစုံများစွာ၊ ချမ်းသာဆင်းရဲတို့၌။ န ဝေဓတိ၊ မြင့်မောက်ကြီးမား၊ ကျောက်တောင်လားသို့၊ မရှားမယိုင်၊ မတုန်လှုပ်နိုင်သည်သာတည်း။

ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် ထိုအရှင်နန္ဒကို "ငါ့ရှင်နန္ဒ၊ သင်သည် ရှေးအခါက 'သာသနာတော်၌ ပျင်းရိငြီးငွေ့၏'ဟု ဆို၏။ ယခုအခါ သင်အဘယ်သို့ ရှိသနည်း" ဟု မေးကုန်လတ်သော် "ငါ့ရှင်တို့၊ လူ့အဖြစ်၌ တွယ်တာခြင်း မရှိတော့ပါ"ဟု ပြောကြားလေ၏။ ထိုစကားကို ကြား၍ ရဟန်းတို့သည် "အရှင်နန္ဒကား မဟုတ်မမှန်၊ လုပ်ကြံပြောဆို၏။ အရဟတ္တဖိုလ်စကားကို ဖြေကြားပြောဆိုမိ၏။ ရှေးရှေးသောနေ့တို့၌ကား 'လူထွက်လိုကြောင်း'ကိုသာ ပြောဆိုပြီးကာ ယခုအခါ 'လူ့အဖြစ်၌ တွယ်တာခြင်း မရှိတော့ပါ'-ဟု ပြောဆိုပြန်၏"ဟု ဘုရားရှင်အထံသို့ သွား၍ ထိုအကြောင်းကို လျှောက်ကြားကြလေကုန်၏။

ဘုရားရှင်သည်လည်း "ချစ်သား ရဟန်းတို့၊ ရှေးရှေးသော နေ့တို့၌ကား နန္ဒ၏ ခန္ဓာကိုယ်အတ္တဘောသည် မကောင်းသဖြင့် မိုးအပ်သောအိမ်နှင့် တူပေ၏။ ယခုအခါ၌ကား ကောင်းစွာမိုးအပ်သောအိမ်နှင့် တူသည်သာတည်း။ မှန်၏။ ဤနန္ဒသည် နတ်သမီးတို့ကို တွေ့မြင်သောအခါမှ စ၍ ရဟန်းကိစ္စ အပြီးအဆုံးသို့ ရောက်စေခြင်းငှာ အားထုတ်သောကြောင့် ထိုရဟန်းကိစ္စ အပြီးအဆုံးသို့ ရောက်ခဲ့လေ၏"ဟု မိန့်တော်မူပြီးလျှင် -

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိဝိဇ္ဈတိ။ ။

ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ န သမတိဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိဝိဇ္ဈတိ။ ။

ဟူသော ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။ (ဤဂါထာတို့၏အနက်ကို ဤဝတ္ထု၏အစ စာမျက်နှာ ၁၉၃-၌ ပြန်၍ ရှုပါ။)

----- x -----

## (က) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။ လူများအပေါင်းအား အကျိုးစီးပွါးများသော တရားဒေသနာတော် ဖြစ်လေ၏။

----- x -----

## (ခ) အရှင်နန္ဒမထေရ်၏ ရှေးအတိတ်ဝတ္ထု

ထိုအခါ ရဟန်းတို့သည် ဓမ္မသဘင်၌ "ငါ့ရှင်တို့၊ ဘုရားရှင်တို့ မည်သည်ကား အံ့ဩဖွယ် ရှိပေစွတကား။ ဇနပဒကလျာဏီကို အကြောင်းပြု၍ သာသနာတော်၌ ပျင်းရိငြီးငွေ့လျက်ရှိသော အရှင်နန္ဒကိုသော်လည်း ဘုရားရှင်သည် နတ်သမီးဖြင့် လှည့်ပတ်ဖြားယောင်း၍ ဆုံးမတော်မူ၏"ဟူသော စကားကို ဖြစ်စေကြကုန်၏။ ဘုရားရှင်သည် ကြွလာတော်မူ၍ "ချစ်သား ရဟန်းတို့၊ ယခု ငါဘုရား ကြွလာတော်မူဆဲအခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးနေကြကုန်သနည်း"ဟု မေးတော်မူလတ်သော် "ဤမည်သောစကားဖြင့် စည်းဝေးနေကြပါကုန်၏ဘုရား"ဟု လျှောက်ထားကြသောအခါ "ချစ်သား ရဟန်းတို့၊ ယခုအခါ၌သာ မဟုတ်သေး။ ရှေးကလည်း ဤနန္ဒကို ငါဘုရားသည် မာတုဂါမဖြင့် ဖြားယောင်း၍ ဆုံးမခဲ့ဖူးသည်သာတည်း"ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဗာရာဏသီပြည်၌နေသော ကပ္ပကမည်သော ကုန်သည် ၁-ဦးရှိ၏။ ထိုကပ္ပကကုန်သည်၏ မြည်း ၁-ကောင်သည် ၁-ကုမ္ဘ(၂၇-တင်းခွဲ ရှိ၏။) ရှိသော ဝန်ကို ဆောင်ပိုးနိုင်၏။ တစ်နေ့ချင်းဖြင့် ၇-ယူဇနာတိုင်အောင် သွားနိုင်၏။ ထိုကပ္ပကကုန်သည်သည် အခါတပါး၌ မြည်းကို ဝန်တင်၍

မြည်းဝန်တင်ကုန်သည်တို့နှင့် အတူတကွ တက္ကသိုလ်ပြည်သို့ သွားရောက်ပြီးလျှင် ဥစ္စာဘဏ္ဍာကို စွန့်လွှတ်ရောင်းချပြီးသည်တိုင်အောင် လှည့်လည်ကျက်စားစေခြင်းငှာ လွှတ်၍ထားလေ၏။

ထိုအခါ ထိုကပ္ပဋ၏ မြည်းသည် ကျုံးထိပ်၌ လှည့်လည်ကျက်စားသည်ရှိသော် မြည်းမ ၁-ကောင်ကို မြင်၍ အနီးသို့ ချဉ်းကပ်သွားသောအခါ မြည်းမသည် ထိုမြည်းနှင့် အစေ့အစပ်စကား ပြောကြားခြင်းပြုလျက် "အသင် အဘယ်အရပ်မှ လာခဲ့သနည်း"ဟု မေးမြန်း၏။ မြည်းဖိုက "ဗာရာဏသီမှ လာခဲ့ကြောင်း"ကို ပြောကြားသောအခါ "အဘယ်ကိစ္စဖြင့် လာခဲ့သနည်း"ဟု မေးလေ၏။ "ကုန်သွယ်ခြင်း အလုပ်ကိစ္စဖြင့် လာခဲ့ကြောင်း"ကို ပြောဆိုသောအခါ "သင် အဘယ်မျှလောက်သော ဝန်ကို ဆောင်ပိုးရသနည်း"ဟု မေးပြန်၏။ "၁-ကုမ္ဘမျှလောက်သော ဝန်ကို ဆောင်ပိုးရ၏"ဟု ဆိုလတ်သော် "ဤမျှလောက်သော ဝန်ကို ဆောင်ပိုးလျက် အဘယ်ယူဇနာမျှသော ခရီးကို သွားရသနည်း"ဟု မေးပြန်၏။ ၇-ယူဇနာ သွားရကြောင်းကို ပြောဆိုလတ်သော် "ထိုမျှလောက်ခရီးသို့ သွားရသော သင့်အား ရောက်ရာ,ရောက်ရာအရပ်၌ တစ်စုံတစ်ယောက် ခြေဆုပ်,လက်နယ် ပြုလုပ်မည့်သူ ရှိပါသလော"ဟု မေးရာ "မရှိ"ဟု ဆိုလတ်သော် "ဤသို့ ခြေဆုပ်,လက်နယ်ပြုလုပ်မည့်သူ မရှိခဲ့လျှင် သင့်အား ကြီးမားသော ဆင်းရဲဒုက္ခကို ခံစားရချေပြီတကား"ဟု မြည်းမသည် ဆိုလေ၏။

(တိရစ္ဆာန်သတ္တဝါတို့အား ခြေဆုပ်လက်နယ်ပြုခြင်းမည်သည် အကယ်၍ကား မရှိ။ ထိုသို့ပင် မရှိသော်လည်း ကာမရာဂသံယောဇဉ်နှင့် စပ်ယှဉ်ခြင်းအကျိုးငှာ ဤသို့ သဘောရှိသော စကားကို ပြောဆိုခြင်း ဖြစ်၏။)

----- x -----

## (၁၀) သခင့်အပေါ်၌ အာခံခြင်း

ထိုမြည်းဖိုသည် မြည်းမ၏ စကားကြောင့် ပြုလုပ်နေကျကို မပြုလုပ်ခြင်း, အပျင်းဝင်၍ ဆန့်ကျင်လေ၏။ ကပ္ပဋကုန်သည်သည်လည်း ဥစ္စာဘဏ္ဍာကို ရောင်းချပြီးလျှင် မြည်းဖို၏အထံသို့ သွား၍ "ချစ်သား၊ လာလှည့်၊ သွားကြကုန်အံ့"ဟု ပြောဆိုလတ်သော် "သင်တို့သာ သွားကြကုန်လော့၊ ငါကား သွားတော့မည် မဟုတ်"ဟု ဆိုလေ၏။ ထိုအခါ ထိုမြည်းဖိုကို အဖန်ဖန် တောင်းပန်ပြောကြားပြီးလျှင် "မသွားလိုသော ဤမြည်းဖိုကို ငါသည် ရိုက်ပုတ်ကြိမ်းမောင်း၍ ခေါ်ဆောင်အံ့"ဟု ကြံကာ –

(ခ) ပတောဒံ တေ ကရိဿာမိ၊ သောဝဏ္ဏံ ဂေါလိကဏ္ဏိကံ။
သဋ္ဌိန္ဓိဿာမိ တေ ကာယံ၊ ဧဝံ ဇာနာဟိ ဂဒြဘ။ ။

ဟူသော ဤဂါထာကို ဆိုလေ၏။

(ခ) ဂဒြဘ၊ အို မြည်းဖို။ တေ၊ အသင် မြည်းဖိုအား။ ဝါ၊ သင့်အတွက်။ သောဝဏ္ဏံ ဂေါလိ-ကဏ္ဏိကံ၊ ၁၆-လက်သစ် ဆူးရှိသော။ ပတောဒံ၊ တုတ်,လှင်ကန်ကို။ ကရိဿာမိ၊ ပြုလုပ်အံ့။ တေ၊ သင် မြည်းဖို၏။ ကာယံ၊ ကိုယ်ကို။ သဋ္ဌိန္ဓိဿာမိ၊ အပိုင်းပိုင်း ရိုက်ဖြတ်အံ့။ ဧဝံ၊ ဤသို့။ ဇာနာဟိ၊ သိလော့။

မြည်းဖိုသည် ထိုစကားကို ကြားလေလျှင် "ဤသို့ ပြုလုပ်သည်ရှိသော် ငါသည်လည်း အသင့်အား ပြုအပ်သော အခြင်းအရာကို သိရအံ့"ဟု ဆို၍ –

(ဂ) ပတောဒံ မေ ကရိဿသိ၊ သောဝဏ္ဏံ ဂေါလိကဏ္ဏိကံ။
ပုရတော ပတိဋ္ဌဟိတ္វာန၊ ဥဒ္ဓရိတ္វာန ပစ္ဆတော။
ဒန္တံ တေ ပါတယိဿာမိ၊ ဧဝံ ဇာနာဟိ ကပ္ပက။ ။

ဟူသော ဂါထာကို ဆိုလေ၏။

(ဂ) ကပ္ပက၊ ကုန်သည် ကပ္ပက။ တွံ၊ သင်သည်။ မေ၊ ငါ့အား။ ဝါ၊ ငါ့အတွက်။ သောဝဏ္ဏံ ဂေါလိကဏ္ဏိကံ၊ ၁၆-လက်သစ် ဆူးရှိသော။ ပတောဒံ၊ တုတ်,လှင်ကန်ကို။ စေ ကရိဿသိ၊ အကယ်၍ ပြုလုပ်ငြားအံ့။ တေ၊ သင်၏။ ပုရတော၊ ရှေ့တည့်တည့်မှ။ ပတိဋ္ဌဟိတွာန၊ ခြေစုံရပ်၍။ ပစ္ဆတော၊ နောက်ခြေမှ။ ဥဒ္ဓရိတွာန၊ မြှောက်ပင့်၍။ ဝါ၊ ကန်၍။ တေ၊ သင်၏။ ဒန္တံ၊ သွားကို။ ပါတယိဿာမိ၊ ကျိုးစေအံ့။ ဝါ၊ ချိုးအံ့။ ဧဝံ၊ ဤသို့။ ဇာနာဟိ၊ သိလော့။

ထိုမြည်းဖို၏စကားကို ကြားရ၍ ကပ္ပကကုန်သည်သည် "ဤမြည်းဖိုသည် အဘယ်သို့သော အကြောင်းကြောင့် ဤသို့ ခုခံပြန်လှန် ပြောဆိုသနည်း"ဟု ကြံ၍ ထိုမှ,ဤမှ ကြည့်ရှုသည်ရှိသော် ထိုမြည်းမကို မြင်လေလျှင် "ဤမြည်းမသည် ငါ့မြည်းဖိုကို ဤသို့ သွန်သင်လိုက်သည် ဖြစ်လတ္တံ့။ 'သင့်အတွက် ဤသို့သဘောရှိသော မြည်းမကို ဆောင်နှင်းပေးမည်'-ဟု မာတုဂါမဖြင့် ဖြားယောင်းကာ ခေါ်ဆောင်အံ့"ဟု ကြံပြီးလျှင်–

(ဃ) စတုပ္ပဒိံ သင်္ခမုခိံ၊ နာရိံ သဗ္ဗင်္ဂသောဘိနိံ။
ဘရိယံ တေ အာနယိဿာမိ၊ ဧဝံ ဇာနာဟိ ဂဒြဘ။ ။

ဟူသော ဂါထာကို ဆိုလေ၏။

(ဃ) ဂဒြဘာ၊ ချစ်သားအလှ၊ ခိုင်းသမျှဝန်ဆောင်၊ အမောင် ဂဒြဘာ။ စတုပ္ပဒီ၊ အခြေ ၄-ချောင်းရှိထသော။ သန်မုခီ၊ ခရုသင်းပမာ၊ လှပစွာသော မျက်နှာလည်းရှိထသော။ သဗ္ဗင်္ဂသောဘိနီ၊ အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့် တင့်တယ်လျောက်ပတ်၊ ကောင်းမြတ်ထသော။ ဘရိယံ၊ အသင့်သက်ထား၊ မယားဖြစ်သော။ နာရိံ၊ မြည်းမကို။ တေ၊ သင်ချစ်သားအား။ ဝါ၊ သင်ချစ်သားဖို့ရာ။ အာနယိဿာမိ၊ ရှာဖွေယူဆောင်၍ ပေးပါအံ့။ ဧဝံ၊ ဤသို့မှချ၊ ခင်ပွန်းမ-ရအံ့သောအကြောင်းကို။ ဇာနာဟိ၊ စဉ်းစားခါခါ၊ သိပါလေလော့။

မြည်းဖိုသည် ထိုကပ္ပကကုန်သည်၏ စကားကို ကြားရလေလျှင် ကြည်လင်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ –

(င) စတုပ္ပဒီ သန်မုခီ၊ နာရီ သဗ္ဗင်္ဂသောဘိနီ။
ဘရိယံ မေ အာနယိဿသိ၊ ဧဝံ ဇာနာဟိ ကပ္ပက။
ကပ္ပက ဘိယျော ဂမိဿာမိ၊ ယောဇနာနိ စတုဒ္ဒသ။ ။

ဟူသော ဂါထာကို ဆိုလေ၏။

(င) ကပ္ပက၊ ကပ္ပကမည်တွင်၊ အရှင်ကုန်သည်။ စတုပ္ပဒီ၊ အခြေ ၄-ချောင်းလည်း ရှိထသော။ သန်မုခီ၊ ခရုသင်းပမာ၊ လှပစွာသော မျက်နှာလည်းရှိထသော။ သဗ္ဗင်္ဂသောဘိနီ၊ အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့် တင့်တယ်လျောက်ပတ်၊ ကောင်းမြတ်ခြင်းလည်း ရှိထသော။ ဘရိယံ၊ အကျွန်ုပ်သက်ထား၊ မယားဖြစ်သော။ နာရိံ၊ မြည်းမကို။ မေ၊ အကျွန်ုပ်အား။ ဝါ၊ အကျွန်ုပ်ဖို့ရာ။ အာနယိဿသိ၊ အကယ်၍သာ အရှင်ယူဆောင်ပေးမည် ဖြစ်ပါအံ့။ အဟံ၊ အကျွန်ုပ်သည်။ ဘိယျော၊ ရှေးထက်သည်ပိုး၊ ၁-ဆတိုးကာ၊ ကဲလွန်စွာ။ ယောဇနာနိ စတုဒ္ဒသ၊ ၁၄-ယူဇနာတို့တိုင်တိုင်။ ဂမိဿာမိ၊ မနေမနား၊ ကြိုးစားသွားပါတော့အံ့။

ထိုအခါ မြည်းဖိုကို ကပ္ပကကုန်သည်သည် "ချစ်သား၊ ထိုသို့ဖြစ်မူ လာလော့"ဟု ခေါ်ဆောင်၍ မိမိနေရင်းဌာန ရပ်ဒေသသို့ ပြန်သွားလေ၏။ ထိုမြည်းဖိုသည် ၂-ရက်၊ ၃-ရက် လွန်သောအခါ ထိုကပ္ပကကုန်သည်ကို "အို အရှင်၊ အရှင်တို့သည် 'သင့်အလို့ငှာ မယားမြည်းမကို ရှာဖွေယူဆောင်၍ ပေးပါအံ့'-ဟု အကျွန်ုပ်ကို ပြောဆိုဖူးသည် မဟုတ်ပါလော"ဟု ဆိုလတ်သော် "ဩော်၊ ငါ ပြောဆိုဖူးပေ၏။ ငါသည် ပြောဆိုဖူးသော စကားကတိကို မဖျက်ပါ။ သင့်အလို့ငှာ မယားဖြစ်သော မြည်းမကို ငါရှာဖွေယူဆောင်ပေးပါအံ့။ သို့ရာတွင် ကျွေးမွေးပေးကမ်းအပ်သော အစာ,ရေရိက္ခာကိုမူကား သင် ၁-ကောင်အတွက်သာ ပေးပါအံ့။ သင် ၁-ကောင်တွက်ဖြစ်သော ထိုအစာ,ရေရိက္ခာသည် သင့်အဖော်မယားအတွက် လောက်သည်ဖြစ်စေ, မလောက်သည်ဖြစ်စေ သင့်ကိစ္စ သင်သာလျှင် သိရှိနားလည်လေလော့။ သင်တို့ ၂-ဦး ပေါင်းဖော်ယှဉ်ပါးခြင်းကို အစွဲပြု၍ သား,သမီးများ မွေးဖွားကုန်လတ္တံ့။ ထိုသားသမီးများနှင့်တကွ သင့်အတွက် ပေးအပ်သော အစာ,ရေရိက္ခာ

သည် လောက်သည်ဖြစ်စေ, မလောက်သည်ဖြစ်စေ သင့်ကိစ္စ သင်သည်သာလျှင် သိရှိနား လည်လေလော့”ဟု ဆိုသောအခါ မြည်းဖိုသည် မြည်းမအပေါ်၌ စောင်းငဲ့၍ပင် မကြည့်ချင် ဖြစ်သွားလေတော့၏။

ဘုရားရှင်သည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ “ချစ်သား ရဟန်းတို့ ထိုအခါ မြည်းမသည် ယခုအခါ ဇနပဒကလျာဏီ ဖြစ်လာ၏။ မြည်းဖိုသည် နန္ဒမင်းသား ဖြစ်လာ၏။ ကပ္ပဋကုန်သည်သည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏။ ဤသို့လျှင် ငါဘုရား သည် ရှေး၌လည်း ဤနန္ဒကို မာတုဂါမဖြင့် ဖြားယောင်း၍ ဆုံးမခဲ့ဖူးလေပြီ”ဟု ဇာတ်ကို ပေါင်း၍ ပြီးဆုံးစေတော်မူ၏။

နန္ဒတ္ထေရဝတ္ထု ပြီး၏။

★★★★★★★

## ၁၀။ စုန္ဒသူကရိကဝတ္ထု

### (၁) ဒေသနာတော်

“မကောင်းမှုကို ပြုလုပ်သောသူသည် ပစ္စုပ္ပန်,တမလွန်၊ ၂-တန်သော ဘဝတို့၌ စိုးရိမ်ပင်ပန်းစွာ နေရတတ်၏”ဟု စုန္ဒဝက်သတ်သမားကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၁၅။ ဣဓ သောစတိ ပေစ္စ သောစတိ၊ ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊ ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။ ။

ပါပကာရီ၊ မပြုအပ်ထိုက်၊ ဒုစရိုက်စု၊ မကောင်းမှုကို ပြုလုပ်သောသူသည်။ ဣဓ၊ မသေမီဘဝ၊ ဤပစ္စုပ္ပန်လောက၌လည်း။ သောစတိ၊ ငါမကောင်းမှု ပြုမိလေခြင်း, ပြုမိ ခြင်း-ဟု ထန်ပြင်းညှိုးမှိန်၊ စိုးရိမ်ရလေ၏။ ပေစ္စ၊ ခန္ဓာစွန့်ချ၊ နောက်ဘဝ၌လည်း။ သောစတိ၊ လေးဝအပါယ်၊ အဆွေးနယ်၌၊ အေးဖွယ်ကင်းပ၊ စိုးရိမ်ရလေ၏။ ဥဘယတ္ထ၊ ခုရော,နောင်ပါ၊ ဖြစ်ရာဘဝ၊ ၂-ဌာနတို့၌လည်း။ သောစတိ၊ စိတ်ထားမလင်း၊ ထန်ပြင်းညှိုးမှိန်၊ စိုးရိမ်ရလေ ၏။ သော၊ ဒုစရိုက်စု၊ မကောင်းမှုကို၊ ပြုစုသောသူ၊ ထိုသည့်လူသည်။ အတ္တနော၊ မိမိ၏။ ကမ္မကိလိဋ္ဌံ၊ အကုသိုလ်ကြမ်း၊ စရိုက်လွှမ်းသည့်၊ ညစ်နွမ်းသော ကံကြမ္မာကို။ ဒိသွာ၊ အောက် မေ့ဆင်ခြင်ထင်မြင်၍။ ဝါ၊ အောက်မေ့ဆင်ခြင်၊ ထင်မြင်သည်ရှိသော်။ သောစတိ၊ ကိုယ် လည်းပင်ပန်း၊ စိတ်လည်းနွမ်းလျက်၊ ကြမ်းတမ်းညှိုးမှိန်၊ စိုးရိမ်ရလေ၏။

## (၂) ဆောင်ပုဒ်

မကောင်းမှုမိုက်၊ ဒုစရိုက်ကို၊ ပြုလိုက်မိမူ၊ ထိုသည့်သူကား၊ ရှင်လူမရ၊ နောက်ဘဝလည်း၊ ဒုက္ခမစဲ၊ ပါယ်ဆင်းရဲတွင်၊ စိုးရိမ်ဝင်၏။ ဤဘဝနှင့်၊ နောက်ဘဝလုံး၊ ယူကျုံးမရ၊ စိုးရိမ်ရ၏။ မိမိပြုလိုက်၊ ဒုစရိုက်ကံ၊ မြင်လိုက်ပြန်လျှင်၊ စိုးရိမ်ဝင်လျက်၊ အစဉ်ဆင်းရဲ၊ သူဝမ်းနည်းသည်၊ ကြေကွဲလက်စ မဆုံးတည်း။

“ဣဓ သောစတိ” အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် စုန္ဒမည်သော ဝက်သတ်သမားကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ထိုစုန္ဒ ဝက်သတ်သမားသည် ၅၅-နှစ်တို့ပတ်လုံး ဝက်တို့ကို သတ်ဖြတ်၍ ကိုယ်တိုင်လည်း စားသောက်၊ ဈေး၌လည်း ရောင်းချလျက် အသက်မွေးမြူသတတ်။ ဝက်ကုန်၍ ငတ်မွတ်ရှားပါးပြန်သောအခါ လှည်းဖြင့် စပါးကို သယ်ဆောင်၍ ဇနပုဒ်သို့ လှည့်လည်သွားလာပြီးလျှင် ၁-စလယ် ၁-ခွက်သော အဖိုးမျှဖြင့် ရွာသူ,ရွာသားတို့ မွေးမြူထားသော ဝက်ငယ်တို့ကို ဝယ်ယူလျက် လှည်းအပြည့် တင်ဆောင်ကာ ပြန်လာခဲ့ပြီး အိမ်နောက်ဖေး တစ်နေရာ၌ နွားခြံကဲ့သို့ ခြံကာရံ၍ ထိုခြံ၌ပင် ဝက်ငယ်ကလေးတို့အတွက် အစားအစာ ကျွေးမွေး၍လည်းကောင်း, ဝက်ငယ်တို့သည် အထူးထူးသော သစ်ပင်တို့ကိုလည်းကောင်း, ကိုယ်အညစ်အကြေး မစင်တို့ကိုလည်းကောင်း စားသောက်၍ ကြီးပွါးခြင်းသို့ ရောက်ကြကုန်သည်ရှိသော် စုန္ဒသည် မိမိသတ်ဖြတ်လိုသော ဝက်ကို ဝက်သတ်ဖြတ်သောနေရာ၌ မလှုပ်နိုင်အောင် ချည်တုပ်၍ ကိုယ်အသား တက်ကြွဖူးရောင် ပွါးများစေအောင် ၄-ထောင့်ရှိသော လက်ရိုက်တင်းပုတ်ဖြင့် ရိုက်ပုတ်ပြီးလျှင် “အသားပွါးများလာပြီ”ဟု သိရသောအခါ ပါးစပ်ကို ဖြဲ၍ အာခေါင်အတွင်း၌ တုတ်တံကို ထောက်ကန်ပြီးလျှင် ကြေးခွက်ဖြင့် ကျိုက်ကျိုက်ဆူသော ရေနွေးကို ခံတွင်း၌ သွန်းလောင်းလိုက်လေ၏။

ထိုသို့ သွန်းလောင်းလိုက်သည့် ရေနွေးသည် ဝမ်းတွင်းသို့ ဝင်ကာ ကျိုက်ကျိုက်ဆူလျက်ပင် အစာဟောင်း (ကျင်ကြီး)ကို တိုက်မျှောဆောင်ယူလျက် အောက်မှ ထွက်သွားလေ၏။ အနည်းငယ်မျှသော အစာဟောင်း ကျန်ရှိသေးသမျှ ကာလပတ်လုံး ရေနွေးသည် နောက်ကျု၍သာ ထွက်လာ၏။ ဝမ်းတွင်း၌ အစာဟောင်း စင်ကြယ်သန့်ရှင်းသောအခါ ရေနွေးသည် မနောက်ကျုတော့ဘဲ စင်ကြယ်သန့်ရှင်းစွာ ထွက်လာလေတော့၏။ ထို့နောက်မှ

ကြွင်းကျန်နေသေးသော ရေနွေးကို ဝက်၏ကျောက်ကုန်းထက်၌ လောင်းလေ၏။ ထိုရေနွေးသည် မည်းနက်သော သားရေတို့ကို ကျွတ်ကွာစေ၍ ကျ၏။ ထို့နောက်မှ မြက်မီးရှူးဖြင့် အမွေးအမျှင်တို့ကို မီးတိုက်၍ ထက်လှစွာသော ဓားသန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်လေ၏။ ယိုစီးထွက်ကျလာသော သွေးကို အိုးခွက်ဖြင့် ခံယူ၍ အသားကို သွေးနှင့် ရောနှောနယ်လျက် ချက်ပြီးလျှင် သား,မယားတို့၏အလယ်၌ ထား၍ ထိုင်ကာ စားသောက်ပြီးလျှင် အကြွင်းအကျန်ကို ရောင်းချလေ၏။

ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင်လျှင် အသက်မွေးမြူမှုကို ပြုလျက်ရှိသော ထိုစုန္ဒအား ၅၅-နှစ်တို့သည် ကျော်လွန်လေကုန်၏။ ဘုရားရှင်သည် မိမိအိမ်၏ အနီးဖြစ်သော ကျောင်း၌ သီတင်းသုံးနေတော်မူပါလျက် ၁-နေ့,၁-ရက်မျှလည်း ပန်း ၁-ဆုပ်မျှ ပူဇော်ခြင်းကိုလည်းကောင်း၊ ဆွမ်း ၁-ဇွန်း,၁-ယောက်မ-မျှ လှူဒါန်းခြင်းကိုလည်းကောင်း၊ ထိုမှတပါး အခြားတစ်စုံတစ်ခုသော ကုသိုလ်ကောင်းမှုမည်သည်ကိုလည်းကောင်း မပြုလုပ်ခဲ့ဖူးပေ။

----- x -----

## (၃) မသေမီကပင် ဆင်းရဲဒုက္ခ ခံစားရခြင်း

ထို့နောက် အခါတပါး ထိုစုန္ဒဝက်သတ်သမား၏ ကိုယ်၌ အနာရောဂါ စွဲကပ်ဖြစ်ပေါ်လာလေ၏။ အသက်ရှင်စဉ်ပင်လျှင် အဝီစိငရဲမီးပူသည် တစ်ကိုယ်လုံး ပူလောင်ထကြွလာလေ၏။ အဝီစိငရဲမီးပူမည်သည်ကား ယူဇနာ ၁၀၀-ထက်မှနေ၍ ကြည့်ရှုသောသူ၏ မျက်စိတို့ကို ဖောက်ခွဲခြင်းငှာ စွမ်းဆောင်နိုင်သော မီးပူဖြစ်၏။ မှန်၏။ ထိုကြောင့်ပင်လျှင် ဘုရားသခင်သည် ပါဠိတော်၌ –

(က) တဿ အယောမယာ ဘူမိ၊ ဇလိတာ တေဇသာယုတာ။
သမန္တာ ယောဇနသတံ၊ ဖရိတွာ တိဋ္ဌတိ သဗ္ဗဒါ။ ။

ဟူသော ဂါထာကို ဟောတော်မူ၏။

တဿ၊ ဆင်းရဲလှငြား၊ ငရဲသားတို့၊ အကြားမရှိ၊ ဆက်စပ်ထိပြီး၊ အစဉ်ညည်းရသည့်၊ ထိုအဝီစိငရဲကြီး၏။ ဇလိတာ၊ ငရဲလုံးမကျန်၊ ထွင်းဖောက်အန်သည့်၊ အလျှံပြောင်ပြောင်၊ တောက်ပလောင်သော။ တေဇသာယုတာ၊ တဝူးဝူးတဝိုးဝိုး၊ တညီးညီးညံ၊ ဖြိုးဖြိုးထန်သည့်၊ အခိုးလျှံနှင့်ယှဉ်သော။ အယောမယာ ဘူမိ၊ တစ်ငရဲလုံး၊ မဆုံးဆင့်ဆင့်၊ သံဖြင့်ပြီးစီးသော မြေသည်။ သမန္တာ၊ ရှေ့,နောက်,တောင်,မြောက်၊ ထက်,အောက်တခွင်၊ ပတ်ဝန်း

ကျင်မှု။ ယောဇနသတံ၊ တွက်ချက်တိုင်းတာ၊ ယူဇနာ ၁၀၀-ကို။ သဗ္ဗဒါ၊ ရှည်ကြာကာလ၊ ထာဝရမပြတ်၊ အခါခပ်သိမ်း။ ဖရိတွာ၊ မဆန့်ဘဲပြန့်၊ ဖြန့်ကြဲနှံ့၍။ တိဋ္ဌတိ၊ အကုသိုလ်ကံ၊ အမှန်ကြီးမား၊ ငရဲသားတို့ ခံစားဖို့ရာ၊ ကြမ္မာအလျောက်၊ ကျလာရောက်ဖို့ ပေါ်ပေါက်မသွေ၊ တည်ရှိ၍ နေလေသတည်း။

အရှင်နာဂသိန်မထေရ်သည်လည်း ငရဲမီးသည် ပကတိသောမီး ပူသည်ထက် လွန်လွန်မင်းမင်း ပူပြင်းလှခြင်းကြောင့် မိလိန္ဒမင်းကြီးအား ဤဥပမာကို ဟောကြားတော်မူ၏။ အဘယ်သို့ ဟောကြားတော်မူသနည်းဟူမူ "ဒကာတော် မိလိန္ဒမင်းမြတ်၊ ဥပမာကား တောင်ထွတ်မျှလောက် ကြီးမားသောကျောက်တုံးကိုပင် ငရဲမီး၌ ပစ်ချလိုက်သည်ရှိသော် တခဏချင်း ကြေမွခြင်းသို့ ရောက်ရာ၏။ သို့ရာတွင် အကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့် ငရဲ၌ဖြစ်ကြသော သတ္တဝါတို့သည်ကား အမိဝမ်းတွင်း၌ ပဋိသန္ဓေနေသော သတ္တဝါတို့ကဲ့သို့ ပျက်စီးကြေမွခြင်း မရှိကြကုန်"ဟု မိလိန္ဒမင်းကြီးအား ဟောကြားတော်မူ၏။

ထိုစုန္ဒအား ငရဲမီးသည် တစ်ကိုယ်လုံးပူလောင်အောင် ထလတ်သည်ရှိသော် မိမိပြုခဲ့သောကံနှင့် တူသောအခြင်းအရာသည် ဖြစ်လေ၏။ အဘယ်သို့ဖြစ်သနည်းဟူမူ အိမ်၏ အလယ်၌ပင်လျှင် ဝက်ကဲ့သို့ မြည်တမ်းအော်ဟစ်လျက် ပုဆစ်ဒူး ၂-ဖက်တို့ဖြင့်သာ သွားလာလှည့်လည်၍ အိမ်၏အရှေ့နံရံ, အနောက်နံရံကို ခေါက်ပြန်လူးလာ သွားလာ၍ နေရ၏။ ထိုအခါ အိမ်၌နေသူ လူတို့သည် စုန္ဒကို မြဲမြံစွာ တုပ်နှောင်ဖမ်းဆီး၍ ခံတွင်းကို ပိတ်ကြကုန်၏။ ထိုသို့ပင် ပိတ်ကြသော်လည်း ကံ၏အကျိုးမည်သည်ကို မည်သူတစ်ဦး တစ်ယောက်မျှ တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် စုန္ဒသည် ဝက်ကဲ့သို့ မြည်တမ်းအော် ဟစ်လျက်သာ ထိုမှ,ဤမှ ခေါက်ပြန်လူးလာ သွားလာနေရရှာ၏။

စုန္ဒသည် ထိုသို့ အော်ဟစ်လျက်နေရကား ထက်ဝန်းကျင် ၇-အိမ်တိုင်အောင်သော လူတို့သည် အိပ်မပျော်ကြကုန်။ သေအံ့သောဘေးဖြင့် ကြံတွေးထိတ်လန့် တုန်လှုပ်လျက် ရှိသော ထိုစုန္ဒကို အိမ်နေလူတို့သည် အိမ်ပြင်ပသို့ ထွက်သွားမည်ကို တားမြစ်ခြင်းငှာ အိမ်တွင်း၌ သွင်းထား၍ မထွက်နိုင်ရန် အိမ်တံခါးတို့ကို ပိတ်၍ အိမ်အပြင်မှ ဝိုင်းဝန်းခြံရံကာ စောင့်ရှောက်လျက် နေရ၏။ စုန္ဒသည်လည်း အိမ်တွင်း၌သာလျှင် ငရဲမီးပြင်းထန်စွာ ပူလောင်သဖြင့် မြည်တမ်းအော်ဟစ်လျက် ထိုမှဤမှ ခေါက်ပြန်လူးလာ သွားလာ၍ နေရ၏။ ဤသို့ ၇-ရက်တိုင်တိုင် ခေါက်ပြန်လူးလာ ပြေးသွားကာ နေရပြီးလျှင် ၈-ရက်မြောက်သော နေ့၌ စုတေသေလွန်ခြင်းကို ပြု၍ အဝီစိငရဲကြီး၌ ကျရောက်လေ၏။ (အဝီစိငရဲကြီး အကြောင်းအရာကို ဒေဝဒူတသုတ်ဖြင့် ဖွင့်ဆိုအပ်၏။)

----- x -----

## (၄) ရဟန်းများ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားခြင်း

ရဟန်းတို့သည် ထိုစုန္ဒ၏ အိမ်တံခါးအနီးအပါး၌ သွားကြကုန်သည်ရှိသော် ဝက်ကဲ့သို့ ဟစ်အော်သောအသံကို ကြားကြ၍ "ဝက်မြည်သံ"ဟု မှတ်ထင်ကြကုန်သဖြင့် ကျောင်းတော်သို့ ရောက်သောအခါ ဘုရားရှင်အထံ၌ ရှိသေစွာ ထိုင်ကြကာ "မြတ်စွာဘုရား၊ စုန္ဒဝက်သတ်သမား၏ အိမ်တံခါးကို ပိတ်လျက် ဝက်တို့ကို သတ်ဖြတ်၍နေသည်ကား ယနေ့ ၇-ရက်မြောက် ရှိပါပြီ။ ထိုစုန္ဒ၏အိမ်၌ တစ်စုံတစ်ရာ မင်္ဂလာအမှု ပြုလုပ်သည်-ဟု ထင်မိပါသည်ဘုရား။ မြတ်စွာဘုရား၊ ဤမျှလောက်သော ဝက်တို့ကို သတ်ဖြတ်၍နေသည့် ထိုစုန္ဒအား တစ်ကြိမ်တစ်ခါမျှ မေတ္တာ,ကရုဏာစိတ် မရှိနိုင်ပါ။ ဤကဲ့သို့ ခက်ထန်ကြမ်းတမ်းလှသောသူကို တပည့်တော်များ ရှေးက တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ခဲ့ဖူးသေးပါဘုရား"ဟု လျှောက်ကြားကြကုန်၏။

ထိုအခါ ဘုရားရှင်သည် "ချစ်သား ရဟန်းတို့၊ ထိုစုန္ဒဝက်သတ်သမားသည် ဤ ၇-ရက်တို့၌ ဝက်တို့ကို သတ်ဖြတ်သည် မဟုတ်၊ အဟုတ်သော်ကား မိမိပြုအပ်ခဲ့သောကံနှင့် တူစွာသောအကျိုးသည် ထင်ရှားစွာဖြစ်လာ၏။ အသက်ရှင်စဉ်ပင်လျှင် မဟာအဝီစိငရဲမီးပူသည် ထင်လာ၏။ ထိုစုန္ဒဝက်သတ်သမားသည် အဝီစိငရဲမီး ပြင်းစွာပူလောင်သဖြင့် ၇-ရက်တို့ပတ်လုံး ဝက်ကဲ့သို့ မြည်တမ်းအော်ဟစ်လျက် မိမိနေအိမ်၌ လှည့်လည်ပြေးသွားကာ နေရပြီးလျှင် ယနေ့ စုတေသေလွန်ခြင်းကို ပြု၍ အဝီစိငရဲ၌ ကျရောက်လေပြီ"ဟု မိန့်တော်မူလတ်သော် "မြတ်စွာဘုရား၊ မျက်မှောက်ပစ္စက္ခ ယခုဘဝ၌ ဤသို့ စိုးရိမ်ပူပန်ပြီးလျှင် တဖန် တမလွန်လောက နောက်ဘဝ၌လည်း စိုးရိမ်ပူပန်ရာ အရပ်ဒေသမှာပင် ဖြစ်ရရှာလေစွတကား"ဟု လျှောက်ကြားကြသောအခါ "ချစ်သားရဟန်းတို့၊ ဟုတ်မှန်လှပေ၏။ သတိယွင်းပေါ့ မေ့လျော့သောသူတို့မည်သည်ကား လူမူလည်း ဖြစ်စေ, ရဟန်းမူလည်း ဖြစ်စေ ပစ္စုပ္ပန်, တမလွန်၊ ၂-တန်သောဘဝတို့၌ စိုးရိမ်ပူပန်ရကုန်သည်သာတည်း"ဟု မိန့်တော်မူပြီးလျှင် ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "ဣဓ သောစတိ"စသော ဂါထာဒေသနာတော်ကို ဟောတော်မူလေ၏။

----- x -----

## (၅) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် သောတာပန်-စသည်တို့ ဖြစ်ကြကုန်၏။ ရောက်လာသော လူများအပေါင်းအား အကျိုးများသော တရားဒေသနာတော် ဖြစ်လေ၏။

စုန္ဒသူကရိကဝတ္ထု ပြီး၏။

★★★★★★★

## ၁၁။ ဓမ္မိကဥပါသကဝတ္ထု

### (၁) ဒေသနာတော်

"ကောင်းမှုရှိသောသူသည် ပစ္စုပ္ပန်,တမလွန်၊ ၂-တန်သောဘဝ၌ စိုးရိမ်ကင်းကွာ ချမ်းသာစွာ နေရတတ်၏"ဟု ဓမ္မိကဥပါသကာကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၁၆။ **ဣဓ မောဒတိ ပေစ္စ မောဒတိ၊ ကတပုညော ဥဘယတ္ထ မောဒတိ။**
**သော မောဒတိ သော ပမောဒတိ၊ ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။ ။**

ကတပုညော၊ အထူးထူးအပြားပြား၊ ပွါးများအားထုတ်၊ ပြုလုပ်အပ်ပြီးသော ကောင်းမှုရှိသောသူသည်။ ဣဓ၊ မျက်မှောက်ပစ္စက္ခ၊ ဤပစ္စုပ္ပန်လောက၌လည်း။ မောဒတိ၊ "ကုသိုလ်အစု၊ ငါ-ပြုရပြီ၊ ပြုရပြီ"ဟု၊ ရွှင်ကြည်အေးမြ၊ ဝမ်းမြောက်ရ၏။ ပေစ္စ၊ ခန္ဓာစွန့်ချ၊ နောက်တမလွန်ဘဝ၌လည်း။ မောဒတိ၊ ချမ်းသာဖြိုးမောက်၊ တန်ခိုးတောက်လျှ၊ ဝမ်းမြောက်ရ၏။ ဥဘယတ္ထ၊ ခုရော,နောင်ပါ၊ ဖြစ်ရာဘဝ၊ ၂-ဌာနတို့၌။ မောဒတိ၊ ချမ်းသာဖြိုးမောက်၊ တန်ခိုးတောက်လျှ၊ ဝမ်းမြောက်ရ၏။ သော၊ ထိုကုသိုလ်အလုပ်၊ အားထုတ်ဆည်းပူးခြင်း ရှိသောသူသည်။ အတ္တနော၊ မိမိ၏။ ကမ္မဝိသုဒ္ဓိံ၊ ကောင်းမှုကံ၏၊ တန်တန်ပြစ်ကင်း၊ သန့်ရှင်းစင်ကြယ်ခြင်းကို။ ဒိသွာ၊ အောက်မေ့ဆင်ခြင်၊ သိမြင်သည်ရှိသော်။ မောဒတိ၊ ကြည်ရွှင်အေးမြ၊ ဝမ်းမြောက်ရလေ၏။ ပမောဒတိ၊ ထူးထူးခြားခြား၊ များပြားထွေထွေ၊ လွန်စွာဝမ်းမြောက်ရလေတော့၏။

----- x -----

## (၂) ဆောင်ပုဒ်

ကောင်းမှုပြုမူ၊ ထိုသည့်သူကား၊ စင်ဖြူများလှ၊ ကုသလကြောင့်၊ ယခုဘဝတွင်၊ ဝမ်းမြောက်ရွှင်၏။ သေလျှင်ရောက်ရ၊ နောက်ဘဝလည်း၊ သုခများစွာ၊ ရွှင်လန်းသာ၍၊ ၂-ဖြာလုံးပင်၊ ဘဝတွင်လည်း၊ ကြည်ရွှင်လန်းဖြာ၊ လွန်ချမ်းသာ၏။ မိမိပြုဖန်၊ ကောင်းမှုကံဟုန်၊ စင်ကြယ်ပုံကို၊ အကုန်မြင်မူ၊ ထိုသည့်သူကား၊ လူလူတိုးတက်၊ လွန်နှစ်သက်သည်၊ ဆတက်ဖန်ခါ ဖြစ်၏တည်း။

"**ဣဓ မောဒတိ**"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဓမ္မိကမည်သော ဥပါသကာ (ဒါယကာ ၁-ယောက်) ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

**ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။** သာဝတ္ထိပြည်၌ ဓမ္မိကအမည်ရှိသော ၅၀၀-ကုန်သော ဥပါသကာတို့သည် ရှိကုန်သတတ်။ ထိုဥပါသကာ ၅၀၀-တို့တွင် ဥပါသကာ ၁-ယောက်,၁-ယောက်အား ဥပါသကာ-၅၀၀၊ ၅၀၀-တို့သည် ခြံရံကြကုန်၏။ ထိုဥပါသကာအားလုံးတို့၏ အကြီးအကဲဖြစ်သော မဟာဓမ္မိကမည်သော ဥပါသကာကြီးအား သား ၇-ယောက်, သမီး ၇-ယောက် ရှိကုန်၏။ ထိုသား,သမီးတို့တွင် ၁-ယောက်,၁-ယောက်၏ ၁-ခု, ၁-ခုသော–

- စာရေးတံယာဂု　　　　- စာရေးတံဆွမ်း
- လဆန်းပက္ခ, လဆုတ်ပက္ခ၌ လှူအပ်သော ဆွမ်း
- ပင့်ဖိတ်၍ လှူအပ်သောဆွမ်း　　　　- ဥပုသ်နေ့၌ လှူအပ်သောဆွမ်း
- ဧည့်သည် အာဂန္တုတို့အား လှူအပ်သောဆွမ်း
- သံဃာအား လှူအပ်သောဆွမ်း　　　　- ဝါဆိုသင်္ကန်း ပေးလှူခြင်း

အမှုတို့ကို ပြုလုပ်လေ၏။ ထိုသား,သမီးအားလုံးတို့ပင် မိခင်,ဖခင်တို့သို့ အတုလိုက်၍ ဖြစ်သော **အနုဇာတသား,သမီး** (မိကောင်းဖခင်တို့၏ ကျင့်စဉ်အတိုင်းလိုက်သော သား,သမီး)တို့ချည်း ဖြစ်ကြကုန်၏။

ဤသို့လျှင် သားသမီး ၁၄-ယောက်, အိမ်သူမယား, ဓမ္မိကဥပါသကာ၊ ဤ ၁၆-ယောက်တို့၏ ပေါင်း ၁၆-ခုသော စာရေးတံယာဂု-စသည်တို့ ဖြစ်ကြကုန်၏။ ဤသို့ သား,

မယားနှင့်တကွသော ထိုဓမ္မိကဥပါသကာသည် စောင့်ထိန်းအပ်သော ကိုယ်ကျင့်သီလ ပြည့်ဝသဖြင့် ကောင်းသော အကျင့်တရားရှိကာ ဝေဖန်ပေးကမ်း လှူဒါန်းခြင်း၌ ပျော်မွေ့သောသူ ၁-ဦးဖြစ်၏။

----- x -----

## (၃) မကျန်းမာ၍ တရားနာကြားခြင်း

ထို့နောက် အခါတပါး ထိုဓမ္မိကဥပါသကာအား ရောဂါဝေဒနာ ကပ်ရောက်၍ အသက်ကို ပြုပြင်သောအားအင် ဆုတ်ယုတ်၍လာသောအခါ ထိုဓမ္မိကဥပါသကာသည် တရားတော်ကို နာကြားလိုသည်ဖြစ်၍ "ရဟန်းတော် ၈-ပါးတို့ကို ဖြစ်စေ, ၁၆-ပါးတို့ကို ဖြစ်စေ တပည့်တော်အထံသို့ စေလွှတ်တော်မူပါကုန်ဘုရား"ဟု ဘုရားရှင်ထံသို့ ပင့်ရန် စေလွှတ်လိုက်လေ၏။ ဘုရားရှင်သည် ပင့်သည့်အတိုင်း စေလွှတ်တော်မူလိုက်လေ၏။ ထိုရဟန်းတို့သည် ကြွသွားကြ၍ ဓမ္မိကဥပါသကာ၏ အိပ်ရာညောင်စောင်းကို ဝန်းရံ၍ ခင်းကျင်းထားသည့်နေရာတို့၌ ထိုင်နေကြကုန်၏။

ထိုအခါ ဓမ္မိကဥပါသကာသည် "အရှင်ဘုရား၊ အရှင်ဘုရားတို့အား တပည့်တော် ဖူးမြင်ခွင့်ရရန် နောင်လွယ်ကူတော့မည် မထင်ပါ။ တပည့်တော် အားနည်းလှပါပြီ။ သို့ပါ၍ တပည့်တော်အတွက်(တပည့်တော်ဖို့) သုတ္တန် ၁-ခု ချီးမြှောက်၍ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြပါဘုရား"ဟု လျှောက်ကြားသည်ရှိသော် ရဟန်းတို့သည် "ဥပါသကာ၊ အဘယ်သုတ္တန်တရားကို နာကြားလိုသနည်း"ဟု မေးကြကုန်၏။ "အလုံးစုံသော ဘုရားရှင်တို့ မစွန့်လွှတ်ဘဲ အမြဲဟောကြားတော်မူအပ်သည့် သတိပဋ္ဌာန်သုတ္တန်တရားတော်ကို နာကြားလိုပါ၏ဘုရား" ဟု လျှောက်ထားသည်ရှိသော် "**ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ**" အစရှိသော သတိပဋ္ဌာနသုတ္တန် တရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြလေကုန်၏။

----- x -----

## (၄) နတ်ရထား ၆-စင်း ဆိုက်ရောက်လာခြင်း

ထိုခဏ၌ နတ်ပြည် ၆-ထပ်တို့မှ ခပ်သိမ်းသော အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်အပ်ကုန်သော၊ သိန္ဓောမြင်း ၁,၀၀၀-က-အပ်ကုန်သော၊ အပြန့်အကျယ် ယူဇနာ ၁၅၀-ရှိကုန်သော နတ်ရထား ၆-စင်းတို့သည် ဆိုက်ရောက်လာကြကုန်၏။ ထိုရထား ၆-

စင်းတို့၌ ပါလာကြကုန်သော နတ်သားတို့သည် "ငါတို့၏ နတ်ပြည်သို့ ဆောင်ယူကုန်အံ့၊ ငါတို့၏ နတ်ပြည်သို့ ဆောင်ယူကုန်အံ့"ဟု ပြောဆိုကြပြီးလျှင် "အို-အချင်း ဓမ္မိကဥပါသကာ၊ မြေအိုးကို ခွဲ၍ ရွှေအိုးကို ယူဘိသကဲ့သို့ ကျွန်ုပ်တို့၏ နတ်ပြည်၌ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်အံ့သောငှာ ဤကျွန်ုပ်တို့၏ ရထားထက်၌ တက်ပါလော့။ ကျွန်ုပ်တို့၏ နတ်ပြည်၌ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်အံ့သောငှာ ဤကျွန်ုပ်တို့ ရထားထက်၌ တက်ပါလော့"ဟု တောင်းပန်ပြောဆိုကြလေကုန်၏။ ဓမ္မိကဥပါသကာသည် တရားနာခြင်း၏ အနှောင့်အယှက်ဖြစ်မည်ကို မလိုမရှိသောကြောင့် "ဆိုင်းငံ့ကြပါကုန်ဦးလော့၊ ဆိုင်းငံ့ကြပါကုန်ဦးလော့"ဟု ဆိုလေရာ သုတ္တန်တရားကို ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်သော ရဟန်းတော်တို့သည် "ငါတို့ကို တားမြစ်၏"ဟု မှတ်ထင်ကြ၍ ဆိတ်ဆိတ်နေကြလေကုန်၏။

ထိုအခါ ဓမ္မိကဥပါသကာ၏ သား,သမီးတို့သည် "ငါတို့ ဖခင်သည် ရှေးရှေးက တရားနာခြင်းဖြင့် မရောင့်ရဲစဖူး။ ယခုမှာမူကား ရဟန်းတော်တို့ကို အပင့်ခိုင်း၍ ရွတ်ဖတ်သရဇ္ဈာယ်စေပါလျက် မိမိကိုယ်တိုင်ပင် တားမြစ်ပြန်၏။ သေရမည့်ဘေးကို မကြောက် သော သတ္တဝါသည် မရှိပြီ"ဟု ဆိုကြကာ ငိုကြွေးမြည်တမ်းကုန်၏။ ရဟန်းတော်တို့သည် "ယခုအခါ၌ ရွတ်ဖတ်သရဇ္ဈာယ်နေရန် အခွင့်အခါ မဟုတ်ပြီ"ဟု အောက်မေ့ကာ နေရာမှ ထ၍ ဖဲသွားကြကုန်၏။

ဓမ္မိကဥပါသကာသည် အချိန်အတန်ငယ်ကြာသောအခါ သတိရလာပြန်သဖြင့် သား,သမီးတို့ကို "သင်တို့ အဘယ့်ကြောင့် ငိုကြွေးကြဘိသနည်း"ဟု မေးလေ၏။ "ဖခင်၊ သင်-ဖခင်သည် ရဟန်းတော်တို့ကို အပင့်ခိုင်း၍ တရားနာနေကုန်စဉ် ကိုယ်တိုင်ပင် တားမြစ်ခြင်းကြောင့် 'သေရမည့်ဘေးကို မကြောက်သောသတ္တဝါမည်သည် မရှိပြီ'-ဟု အောက်မေ့ကာ ကျွန်ုပ်တို့ ငိုကြွေးကြပါကုန်၏"ဟု ဖြေဆိုကြလေလျှင် "ရဟန်းတော် အရှင်မြတ်တို့သည်ကား အဘယ်မှာနည်း"ဟု မေးလတ်သော် "ဖခင်၊ အရှင်မြတ်တို့သည် 'ရွတ်ဖတ်သရဇ္ဈာယ်နေရန် အခွင့်အခါ မဟုတ်ပြီ'-ဟု အောက်မေ့ကာ နေရာမှထ၍ ဖဲသွားကြပါကုန်ပြီ"ဟု ပြောကြားသောအခါ "ငါသည် အရှင်မြတ်တို့နှင့် စကားပြောဆိုသည် မဟုတ်"ဟု ဆိုလတ်သော် "ထိုသို့ မဟုတ်လျှင် ဖခင်တို့သည် အဘယ်သူနှင့် စကားပြောဆိုကြကုန်သနည်း"ဟု မေးမြန်းကြကုန်၏။

"နတ်ပြည် ၆-ထပ်တို့မှ နတ်သားတို့သည် ရထား ၆-စင်းတို့ကို တန်ဆာဆင်ကာ ယူလာပြီးလျှင် ကောင်းကင်၌ တည်၍ 'ကျွန်ုပ်တို့၏ နတ်ပြည်၌ မွေ့လျော်လှည့်ပါလော့၊ ကျွန်ုပ်တို့၏ နတ်ပြည်၌ မွေ့လျော်လှည့်ပါလော့'-ဟု အသံပြုကုန်၏။ ထိုအသံပြုသော နတ်သားတို့နှင့် ငါစကားပြောဆို၏"ဟု ဖြေဆိုလေလျှင် "ဖခင်၊ ရထားတို့သည် အဘယ်မှာ

နည်း။ အကျွန်ုပ်တို့ မမြင်ပါကုန်"ဟု ဆိုလတ်သော် "ငါ့အတွက် ကုံးထားသော ပန်းကုံးတို့ ရှိကြကုန်သလော"ဟု မေးသဖြင့် "ဖခင်၊ ရှိပါကုန်၏"ဟု ဆိုကြသော် "အဘယ်နတ်ပြည်သည် မွေ့လျော်ဖွယ်ရှိသနည်း"ဟု မေးပြန်၍ "ဖခင်၊ ခပ်သိမ်းသော ဘုရားအလောင်းတော်တို့နှင့် ဘုရားရှင်၏မယ်တော်, ခမည်းတော်တို့ မွေ့လျော်နေထိုင်ရာ တုသိတာနတ်ပြည်သည် မွေ့လျော်ဖွယ် ရှိပါ၏"ဟု ဖြေဆိုကြကုန်၏။

"ထိုသို့ဖြစ်မူ 'တုသိတာနတ်ပြည်မှလာသော ရထားဦး၌ ငြိကပ်ချိတ်စွပ်စေသတည်း' ဟု အမိန့်ရှိ၍ ပန်းကုံးကို ပစ်ကုန်လော့"ဟု ဆိုလေလျှင် သားသမီးတို့သည် ဖခင်ဆိုတိုင်း ပစ်ကြကုန်သည်ရှိသော် ထိုပန်းကုံးသည် ရထားဦး၌ ငြိကပ်ချိတ်စွပ်၍ ကောင်းကင်၌ တွဲရရွဲဆွဲလျက် တည်နေလေရာ များစွာသော လူအပေါင်းသည် ထိုပန်းကုံးကိုသာ မြင်ကြလျက် နတ်ရထားကိုကား မမြင်ပေ။ ဓမ္မိကဥပါသကာသည် "ပန်းကုံးကို မြင်ကြရကုန်၏လော"ဟု မေး၍ "သြော်-မြင်ပါကုန်၏"ဟု ဆိုကုန်လတ်သော် "ဤပန်းကုံးသည် တုသိတာနတ်ပြည်မှလာသော ရထား၌ တွဲရရွဲဆွဲလျက် ငြိကပ်ချိတ်စွပ်ကာ နေ၏။ ငါသည် တုသိတာနတ်ပြည်သို့ သွားတော့အံ့။ သင်တို့ မစိုးရိမ်ကြကုန်လင့်။ **ငါ၏အထံ၌ ဖြစ်လိုကြမူကား** ငါပြုခဲ့သော နည်းဖြင့်သာလျှင် ကုသိုလ်ကောင်းမှုတို့ကို ပြုရစ်ကြကုန်လော့"ဟု နောက်ဆုံး စကားမှာကြားပြီးလျှင် စုတေသေလွန်ကာ တုသိတာနတ်ရထား၌ တက်စီးလျက် တည်နေလေတော့၏။

ထိုဓမ္မိကဥပါသကာနတ်သားအား ထိုခဏ၌ပင်လျှင် လှည်းအစီး ၆၀-တင်ဝန် (၄-စိတ် ၁-တင်း၊ ၄-တင်း ၁-တို့၊ တို့-၂၀ ၁-လှည်းအားဖြင့် တင်း ၄,၈၀၀-ရှိသောဝန် ဖြစ်၏။)ရှိသော တန်ဆာဖြင့် တန်ဆာဆင်အပ်သည့် ၃-ဂါဝုတ်ပမာဏရှိသော ခန္ဓာကိုယ်အတ္တဘောသည် ဖြစ်လာလေ၏။ နတ်သမီး ၁,၀၀၀-ခြံရံလေ၏။ ၂၅-ယူဇနာရှိသော ရွှေဗိမာန်သည် ထင်ရှားစွာ ဖြစ်ပေါ်လာလေ၏။

ကျောင်းတော်သို့ ပြန်၍ရောက်လာကြကုန်သော ထိုရဟန်းတော်တို့ကိုလည်း ဘုရားရှင်သည် "ချစ်သားရဟန်းတို့၊ သင်တို့သည် ဓမ္မိကဥပါသကာအား တရားဟောကြားအပ်ခဲ့ပြီလော"ဟု မေးတော်မူရာ "မှန်လှပါ၊ ဟောကြားခဲ့ပါပြီ ဘုရား။ ထိုသို့ပင် ဟောကြားခဲ့ပါသော်လည်း တရားဟောကြား၍ မပြီးဆုံးမီအကြား၌ပင်လျှင် 'ဆိုင်းငံ့ကြပါဦးလော့'ဟု ပိတ်ပင်တားမြစ်ပါသည်ဘုရား။ ထိုအခါ ဥပါသကာ၏ သားသမီးတို့သည် ငိုကြွေးကြပါသည်။ တပည့်တော်တို့လည်း 'ယခုအခါ ရွတ်ဖတ်သရဇ္ဈာယ်နေရန် အခွင့်အခါ မဟုတ်ပြီ'ဟု အောက်မေ့ကာ နေရာမှ ထလျက် ပြန်ထွက်လာကြပါသည်ဘုရား"ဟု လျှောက်ကြားကြကုန်၏။

"ချစ်သား ရဟန်းတို့၊ ထိုဓမ္မိကဥပါသကာသည် သင်တို့နှင့် စကားပြောဆိုသည် မဟုတ်၊ နတ်ပြည် ၆-ထပ်တို့မှ နတ်သားတို့သည် ရထား ၆-စင်းတို့ကို တန်ဆာဆင်၍ ယူဆောင်လာပြီးလျှင် ထိုဓမ္မိကဥပါသကာကို ဖိတ်ခေါ်ကြကုန်၏။ ထိုဓမ္မိကဥပါသကာသည် တရားဟောခြင်း၌ အနှောင့်အယှက်ဖြစ်မည်ကို အလိုမရှိ၍ ထိုနတ်တို့နှင့် စကားပြောဆို၏"ဟု မိန့်တော်မူလတ်သော် "မြတ်စွာဘုရား၊ ဤအတိုင်း မှန်ပါသလောဘုရား"ဟု လျှောက်ကြားကြသောအခါ "ချစ်သား ရဟန်းတို့၊ ဤသို့ မှန်ပေ၏"ဟု မိန့်တော်မူရာ "ယခုအခါ အဘယ်ဘုံ၌ ဖြစ်ပါသနည်း"ဟု လျှောက်ကြားကြသောအခါ "ချစ်သားရဟန်းတို့၊ တုသိတာနတ်ဘုံ၌ ဖြစ်၏"ဟု မိန့်တော်မူလေ၏။

"မြတ်စွာဘုရား၊ ယခုအခါ ဤလူ့ပြည်ဝယ် ဆွေမျိုးတို့၏အလယ်၌ ဝမ်းမြောက်စွာ ကျင်လည်ပြီးလျှင် ယခုပင်လျှင် ဘဝတပါးသို့ ပြောင်းသွား၍ တဖန်ဝမ်းမြောက်ဖွယ်ကောင်းသော အရပ်၌သာလျှင် ဖြစ်ရပေ၏"ဟု ပြန်၍ လျှောက်ထားကြသောအခါ "ချစ်သား ရဟန်းတို့၊ ဟုတ်မှန်ပေ၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ကြကုန်သော လူဖြစ်သောသူ, ရဟန်းဖြစ်သောသူတို့သည် ခပ်သိမ်းသောအရပ်၌ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်ကြရကုန်သည်သာတည်း"ဟု မိန့်တော်မူ၍ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "**ဣဓ မောဒတိ ပေစ္စ မောဒတိ**"အစရှိသော ဂါထာဒေသနာတော်ကို ဟောတော်မူလေ၏။

----- x -----

## (၅) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် သောတာပန်-စသည်တို့ ဖြစ်ကြကုန်၏။ လူအပေါင်းအား များသောအကျိုးရှိသော တရားဒေသနာတော် ဖြစ်လေ၏။

ဓမ္မိကဥပါသကဝတ္ထု ပြီး၏။

★★★★★★★

## ၁၂။ ဒေဝဒတ္တဝတ္ထု

### (၁) ဒေသနာတော်

"မကောင်းမှုကို ပြုလုပ်လေ့ရှိသောသူသည် ပစ္စုပ္ပန်,တမလွန်၊ ၂-တန်သော ဘဝတို့၌ အဖန်ဖန် ပူပန်ဆင်းရဲရရတတ်၏"ဟု ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၁၇။ ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ၊ ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
ပါပံ မေ ကတန္တိ တပ္ပတိ၊ ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။ ။

ပါပကာရီ၊ မပြုအပ်ထိုက်၊ ဒုစရိုက်စု၊ မကောင်းမှုကို ပြုလုပ်လေ့ရှိသောသူသည်။ ဣဓ၊ မသေမီဘဝ၊ ဤလောက၌လည်း။ တပ္ပတိ၊ အကုသိုလ်လွှမ်း၊ အဟုန်စွမ်းကြောင့်၊ စိတ်မချမ်းမြ ပူပန်ဆင်းရဲရ၏။ ပေစ္စ၊ ခန္ဓာစွန့်ချ၊ နောက်ဘဝ၌လည်း။ တပ္ပတိ၊ ဆင်းရဲဒုက္ခ၊ များပြားလှသည့်၊ အပါယဘေးဒဏ်၊ အေးရန်မရ ပူပန်ဆင်းရဲရ၏။ ဥဘယတ္ထ၊ ယခုဘဝ၊ နောက်ဘဝ-ဟု၊ ဖြစ်ရလေကုန်၊ ၂-ပါးစုံသော လောကတို့၌လည်း။ တပ္ပတိ၊ ဒုက္ခသည်းထန်၊ ဖန်ဖန်ညည်းတွား ပူပန်ဆင်းရဲရ၏။ မေ မယာ၊ အသိကင်းကွာ၊ မိုက်သော ငါသည်။ ပါပံ၊ သံသရာဝဲစလုတ်၊ နစ်မြုပ်ဖို့ရန်၊ ဖန်ဖန်ပေါင်းစု၊ မကောင်းမှုကို။ ကတံ၊ မှားမှားယွင်းယွင်း၊ ဆင်ခြင်ကင်းသွေ ပြုမိခဲ့ချေပြီ။ ဣတိ၊ ဤသို့တန်တန်၊ ပြန်လှန်တွေးမိ၍လည်း။ တပ္ပတိ၊ နောင်တတဖန်၊ ပူပန်ရပြန်၏။ ဒုဂ္ဂတိံ ဂတော၊ အကုသိုလ်ကံ၊ မှောက်လှန်ကာချ၊ ဒုဂ္ဂတိဘဝသို့ ရောက်ရသည်ရှိသော်။ ဘိယျော၊ လွန်လွန်ကြူးကြူး၊ အထူးသဖြင့်သာလျှင်။ တပ္ပတိ၊ မကောင်းကံကျိုး၊ လွှမ်းဖိမိုး၍၊ တိုးကာမသွေ ဆင်းရဲပူပန်ရလေ၏။

----- x -----

### (၂) ဆောင်ပုဒ်

မကောင်းမှုမိုက်၊ ဒုစရိုက်ကို၊ ပြုလိုက်မိမူ၊ ထိုသည့်သူကား၊ ကြည်ဖြူမရ၊ ဤဘဝတွင်၊ ပူပန်ဝင်၏။ သေလျှင်ရောက်ရ၊ နောက်ဘဝလည်း၊ ဒုက္ခမစဲ၊ ပါယ်ဆင်းရဲတွင်၊ ပူပန်ဝင်၏။ ထို့ပြင်တဝ၊ ၂-ဘဝလုံး၊ ယူကျုံးမရ၊ ပူပန်လှ၏။ ငါ့မှာယခု၊ မကောင်းမှုကို၊ ပြုလိုက်မိပြီ၊ ပြုမိပြီ-ဟု၊ အတည်မကျ၊ ပူပန်ရလျက်၊ လေးဝပါယ်၌ရွာ၊ ရောက်သောခါဝယ်၊ လွန်စွာကဲတက်၊ အပူကျက်မည်၊ ဆက်ဆက်ဒုက္ခ မငြိမ်းတည်း။

"ဣဓ တပ္ပတိ"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ရှင်ဒေဝဒတ်၏ဝတ္ထုကို ရဟန်းပြုသောအခါမှ စ၍ မြေမျိုသည့် ကာလတိုင်အောင် ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူအပ်သော အလုံးစုံသော ဇာတ်တို့ကို အကျယ်ချဲ့၍ ဆိုအပ်သော်လည်း ဤ၌ကား အကျဉ်းမျှသာ ဖြစ်၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ဘုရားရှင်သည် မလ္လာမင်းတို့၏ အနုပိယမည်သော နိဂုံးကို အမှီပြု၍ အနုပိယမည်သော သရက်တော၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ လက္ခဏာတော်ကြီး,ငယ်တို့ကို ဖတ်သောနေ့၌ ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းတို့သည် "မင်းသည်မူလည်း ဖြစ်စေ၊ ဘုရားသည်မူလည်း ဖြစ်စေ၊ မင်းမျိုးအပေါင်း ခြံရံလျက်သာလျှင် လှည့်လည်ရလတ္တံ့"ဟု ၈-သောင်းကုန်သော မင်းသားတို့ကို ဝန်ခံအပ်ကုန်၏။ ထိုမင်းသားတို့သည် များသောအားဖြင့် ရဟန်းပြုကြကုန်သည်ရှိသော်-

- ဘဒ္ဒိယမည်သောမင်း, - အနုရုဒ္ဓါမင်းသား, - အာနန္ဒာမင်းသား,
- ဘဂုမင်းသား, - ကိမိလမင်းသား, - ဒေဝဒတ်မင်းသား-

ဟူသော ဤသာကီဝင်မင်းသား ၆-ယောက်တို့သည် အစဉ်လိုက်၍ ရဟန်းမပြုသည်တို့ကို မြင်ကုန်သည်ရှိသော် "ငါတို့ကား မိမိ၏သားတို့ကို ရဟန်းပြုစေကြကုန်၏။ ဤသာကီဝင်မင်းသား ၆-ယောက်တို့သည်ကား ဘုရားရှင်၏ ဆွေတော်မျိုးတော် မဟုတ်ယောင်တကား။ အဘယ့်ကြောင့် ရဟန်းမပြုကြကုန်သနည်း"ဟု စကားတို့ကို ဖြစ်စေကြကုန်၏။

ထိုအခါ မဟာနာမ်မည်သော သာကီဝင်မင်းသားသည် အနုရုဒ္ဓါမင်းသား၏ အထံသို့ ချဉ်းကပ်၍ "ညီတော်မောင် အနုရုဒ္ဓါ၊ ငါတို့အမျိုး၌ ရဟန်းပြုသောသူ မရှိသေး။ သင်ညီတော်တည်း ရဟန်းပြုမည်လော၊ သို့တည်းမဟုတ် ငါနောင်တော်သည်ပင်လျှင် ရဟန်းပြုရအံ့လော"ဟု မေးမြန်းလေ၏။

----- x -----

## (၃) "မရှိ"ဟူသော စကားကို မကြားဖူးသော အနုရုဒ္ဓါမင်းသား

ထိုအနုရုဒ္ဓါမင်းသားသည်ကား သိမ်မွေ့နူးညံ့၏။ ပြည့်စုံကြွယ်ဝသော စည်းစိမ်ချမ်းသာရှိ၏။ "မရှိ"ဟူသော စကားကိုမျှလည်း မကြားစဖူးပေ။ မှန်၏။ တစ်နေ့သ၌ ထိုမင်းသား ၆-ယောက်တို့သည် ခုံညင်းလုံး ကစားကြသည်ရှိသော် အနုရုဒ္ဓါမင်းသားသည်

မုန့်ရှုံးသဖြင့် မုန့်ယူရန်အလို့ငှာ မိခင်ထံသို့ တမန်စေလွှတ်လိုက်၏။ ထိုအခါ ထိုအနုရုဒ္ဓါမင်းသား၏ မယ်တော်သည် မုန့်တို့ကို စီမံပြုလုပ်၍ ပို့လိုက်လေ၏။ ထိုမင်းသားတို့သည် မုန့်ကို စား၍ တဖန်ကစားကြပြန်ရာ အနုရုဒ္ဓါမင်းသားသည်သာလျှင် အဖန်ဖန် ရှုံးလေ၏။ မယ်တော်သည်ကား စေလွှတ်တိုင်း, စေလွှတ်တိုင်း ၃-ကြိမ်တိုင်တိုင် မုန့်တို့ကို ပို့လိုက်၍ ၄-ကြိမ်မြောက် စေလွှတ်သောအခါ၌ "မုန့် မရှိပြီ"ဟု ပြောဆို၍ စေလွှတ်လိုက်လေ၏။

ထိုအနုရုဒ္ဓါမင်းသားသည် "မရှိ"ဟူသောစကားကို မကြားဖူးသောကြောင့် "ဤမရှိ-ဟူသော အရာသည် မုန့်အထူးအဆန်း ၁-မျိုးပင် ဖြစ်လိမ့်မည်"ဟု အောက်မေ့ထင်မှတ်လျက် "ငါ့အား မရှိမုန့်ကိုပင် ဆောင်ခဲ့ကုန်လော့"ဟု စေလွှတ်လိုက်ပြန်၏။ မယ်တော်သည်ကား "အရှင်မ၊ မရှိမုန့်ကိုပင် ပေးလိုက်ပါ"ဟု ဆိုလတ်သော် "ငါ့သားတော်သည် 'မရှိ'-ဟူသော စကားကို မကြားဖူး၍ ဖြစ်ပေလိမ့်မည်။ ဤသို့သော အကြောင်းဥပါယ်တံမျဉ်ဖြင့် သားတော်ကို ထိုအကြောင်းကို သိစေအံ့"ဟု တစ်စုံတစ်ခုမျှ အချည်းစည်းသာဖြစ်သော ရွှေခွက်ကို ရွှေခွက်တစ်ခုဖြင့် မှောက်၍ စေလွှတ်လိုက်လေ၏။

ထိုအခါ မြို့စောင့်နတ်တို့သည် "အနုရုဒ္ဓါမည်သော သာကီဝင်မင်းသားသည် **အန္နဘာရ**လုလင် ဖြစ်စဉ်ကာလက မိမိအတွက် ယူဆောင်ခဲ့သော ထမင်းကို ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား ပေးလှူ၍ 'ငါ့အား မရှိ-ဟူသော စကားကို မကြားသိရသည် ဖြစ်ပါစေသား။ ထမင်းဖြစ်ရာအရပ်ကို မသိရသည် ဖြစ်ပါစေသား'-ဟု ဆုတောင်းပတ္ထနာကို ပြုခဲ့ဖူးလေ၏။ ဤအနုရုဒ္ဓါမင်းသားသည် တစ်စုံတစ်ရာ မပါ၊ အချည်းစည်းသာဖြစ်သော မုန့်မရှိသော ရွှေခွက်ကို အကယ်၍ မြင်အံ့။ ငါတို့သည် နတ်၏အစည်းအဝေးသို့ ဝင်ခြင်းငှာ မရကြကုန်လတ္တံ့။ ငါတို့၏ဦးခေါင်းသည်လည်း ၇-စိတ်ကွဲရာ၏"ဟု ကြံဆင်ခြင်ကြလေ၏။

ထိုသို့ ကြံဆင်ခြင်ကြပြီးလျှင် ထိုရွှေခွက်ကို နတ်၌ဖြစ်သော မုန့်တို့ဖြင့် ပြည့်အောင် ပြုကြကုန်၏။ ထိုရွှေခွက်ကို ခုံညင်းကစားရာ ကစားကွင်းတလင်း၌ ထား၍ ဖွင့်လှစ်ကာမျှ၌ မုန့်၏အနံ့သည် တစ်မြို့လုံး ဖုံးလွှမ်းသကဲ့သို့ တည်ရှိလေ၏။ မုန့်ပိုင်းကို ခံတွင်း၌ ထည့်ကာမျှဖြင့်သာလျှင် အရသာကိုဆောင်သည့် ၇,၀၀၀-သော အကြောတို့သို့ ပျံ့နှံ့လေ၏။

အနုရုဒ္ဓါမင်းသားသည် အကြံဖြစ်လေသည်ကား "မယ်တော်သည် ငါ့ကို မချစ်ခင်ပေ။ ဤမျှလောက်သော ကာလပတ်လုံး ငါ့အတွက် ဤမရှိ-မည်သော မုန့်ကို မကြော်မချက်။ ဤယခုအခါမှစ၍ အခြားတပါးသော မုန့်ကို မစားတော့အံ့"ဟု ကြံအောက်မေ့၍ အနုရုဒ္ဓါမင်းသားသည် အိမ်သို့ ပြန်သွားပြီးလျှင် "မယ်တော်၊ မယ်တော်တို့သည် အကျွန်ုပ်ကို ချစ်ခင်ပါသလော၊ မချစ်ခင်ပါသလော"ဟု မေးသောအခါ "ချစ်သား၊ မျက်စိ ၁-ဖက်သာရှိသော

သူ၏ မျက်စိကဲ့သို့လည်းကောင်း, နှလုံးသားကဲ့သို့လည်းကောင်း သားမောင်ကို အလွန် ငါချစ်မြတ်နိုး၏"ဟု ဆိုလတ်သော် မင်းသားသည် "မယ်တော်၊ ထိုသို့ချစ်ခင်ပါလျက် အဘယ့် ကြောင့် ဤမျှလောက်သော ကာလပတ်လုံး အကျွန်ုပ်အား မရှိမုန့်ကို ကြော်ချက်၍ မပေး ပါသနည်း"ဟု မေးမြန်းလေ၏။

ထိုအခါ မယ်တော်သည် အလုပ်အကျွေးငယ်ကို ခေါ်၍ "အမောင်၊ ခွေခွက်၌ တစ်စုံတစ်ခုသောဝတ္ထု ရှိသလော"ဟု မေးလေ၏။ "အရှင်မ၊ ခွေခွက်သည် မုန့်တို့ဖြင့် ပြည့်ပါ၏။ ဤသို့သော မုန့်မျိုးကို ကျွန်တော်မျိုး ရှေးက မမြင်စဖူးပါ"ဟု လျှောက်ကြားလေ ၏။ မယ်တော်သည် "ငါ့သားသည် ဘုန်းကံနှင့်ပြည့်စုံသော, ရှေးက ပြုအပ်ခဲ့ပြီးသော ဆုတောင်းခြင်းရှိသူ ဖြစ်ပေလတ္တံ့။ နတ်တို့သည် ခွေခွက်ကို ပြည့်စေ၍ မုန့်တို့ကို ပို့ဆက် ကြသည် ဖြစ်ကုန်လတ္တံ့"ဟု ဆင်ခြင်မိလေ၏။ ထိုအခါ သားတော်သည် မယ်တော်ကို "မယ်တော်၊ ဤနေ့မှစ၍ အကျွန်ုပ် အခြားသောမုန့်ကို မစားတော့ပါ၊ မရှိမုန့်ကိုသာ ကြော် ချက်၍ ပေးပါလော့"ဟု ပြောလေ၏။ မယ်တော်သည်လည်း ထိုနေ့မှစ၍ ထိုအနုရုဒ္ဓါ မင်းသားအား "မုန့်စားလိုသည်"ဟု ပြောသည်ရှိသော် အချည်းစည်းသော ခွေခွက်ကိုသာ လျှင် အခြားသော ခွေခွက်တစ်ခုဖြင့် ဖုံးအုပ်၍ ပို့လိုက်လေ၏။ အိမ်ရာတည်ထောင် လူ၏ ဘောင်၌ နေသမျှကာလပတ်လုံး ထိုအနုရုဒ္ဓါမင်းသားအား နတ်တို့သည်သာလျှင် မုန့်တို့ကို ပို့ဆက်ကြရကုန်၏။

ထိုအနုရုဒ္ဓါမင်းသားသည် ဤမျှကိုလည်း မသိသည်ဖြစ်၍ ရဟန်းအဖြစ် မည်သည် ကို အဘယ်မှာ သိပါအံ့နည်း။ ထို့ကြောင့် "ဤရဟန်းအဖြစ် မည်သည်ကား အဘယ်နည်း"ဟု နောင်တော်ကို မေးလတ်သော် နောင်တော်သည် "ဆံ,မုတ်ဆိတ်တို့ကို ပယ်ဖြတ်သုတ်သင် ၍ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံသုံးဆောင်သဖြင့် သစ်သားအခင်း, ဝါးခြမ်း အခင်းတို့၌ အိပ်ရ၍ ဆွမ်းခံသဖြင့် နေရခြင်းသည် ရဟန်းအဖြစ်မည်၏"ဟု ဆိုသည်ရှိသော် "နောင်တော်၊ အကျွန်ုပ်သည်ကား သိမ်မွေ့နူးညံ့လှပါ၏။ ရဟန်းပြုခြင်းငှာ မတတ်နိုင်ပါ"ဟု ဆိုလေ၏။ "ညီမောင်၊ ထိုသို့ဖြစ်မူကား လူတို့ ပြုဖွယ်ကိစ္စ အဝဝကို သင်ကြားမှတ်သား၍ အိမ်ရာတည်ထောင်သော လူ၏ဘောင်၌ နေလေလော့။ ငါတို့တွင် ၁-ယောက်ယောက် သောသူသည် ရဟန်းမပြုဘဲ နေခြင်းငှာ မသင့်လျော်"ဟု ပြောဆိုသောအခါ နောင်တော်ကို "လူတို့ ပြုဖွယ်ကိစ္စ အဝဝ-ဟူသည်ကား အဘယ်ပါနည်း"ဟု မေးမြန်းပြန်၏။ ထမင်းဖြစ်ရာ အရပ်ကိုမျှ မသိဖူးသော အမျိုးကောင်းသားသည် လူတို့ ပြုဖွယ်ကိစ္စ လူ့လောကကို အဘယ် သို့ သိနိုင်ပါအံ့နည်း။

----- x -----

## (၄) ထမင်းဖြစ်ရာအရပ်ကို မသိသော မင်းသား ၃-ယောက်

ထိုစကား မှန်၏။ တစ်နေ့သ၌ ကိမိလ, ဘဒ္ဒိယ, အနုရုဒ္ဓါ-ဟူကုန်သော မင်းသား ၃-ယောက်တို့အား "ထမင်းမည်သည် အဘယ်အရပ်၌ ဖြစ်ပေါ်လာသနည်း"ဟူသော စကားသည် ထင်ရှားဖြစ်လေ၏။ ထိုအခါ ကိမိလမင်းသားသည် "ကျီ၌ ဖြစ်၏"ဟု ဆို၏။ ဘဒ္ဒိယမင်းသားသည် ကိမိလမင်းသားကို "သင်သည် ထမင်းဖြစ်ရာအရပ်ကို မသိ၊ ထမင်း မည်သည်ကား အိုးခွက်ထဲ၌ ဖြစ်၏"ဟု ဆိုလေ၏။ အနုရုဒ္ဓါမင်းသားသည် "သင်တို့ ၂-ယောက်စလုံးပင် ထမင်းဖြစ်ရာကို မသိကြကုန်။ ထမင်းမည်သည်ကား ရတနာတို့ဖြင့် စီခြယ် အပ်သော ရွှေခွက်ထဲ၌ ဖြစ်ပေါ်လာ၏"ဟု ဆိုလေ၏။

ထိုမင်းသား ၃-ယောက်တို့တွင် ကိမိလမင်းသားသည် တစ်နေ့သ၌ ကျီမှ စပါးထုတ်ဆောင် ယူငင်သည်ကို တွေ့မြင်ရ၍ "ဤထမင်းတို့သည် ကျီ၌သာလျှင် ဖြစ်ကုန်၏"ဟု မှတ်ထင်လေ၏။ ဘဒ္ဒိယမင်းသားသည် တစ်နေ့သ၌ ထမင်းအိုးမှ ထမင်းချက်ပြုတ် ခူးဆွအပ်သည်ကို တွေ့မြင်ရ၍ "ထမင်းသည် ထမင်းအိုးထဲ၌သာလျှင် ဖြစ်၏"ဟု မှတ်ထင်လေ၏။ အနုရုဒ္ဓါမင်းသားသည်ကား စပါးထောင်းသည်တို့ကိုလည်း မမြင်စဖူး၊ ထမင်းချက်ပြုတ်သည်တို့ကိုလည်း မမြင်စဖူး၊ ထမင်းခူးဆွသည်တို့ကိုလည်း မတွေ့မမြင်စဖူးပေ။ ထမင်းကို ခူးဆွ၍ ရှေ့၌ချထားသည်ကိုသာ တွေ့မြင်ဖူးသောကြောင့် အနုရုဒ္ဓါမင်းသားသည် စားလိုသောအခါ၌ "ထမင်းသည် ပန်းကန်ခွက်ယောက်ထဲ၌သာ ဖြစ်ပေါ်လာသည်"ဟု မှတ်ထင်လေ၏။ ဤသို့ ထိုမင်းသား ၃-ယောက်စလုံးတို့ပင် ထမင်းဖြစ်ရာဌာနကို မသိကြကုန်။

----- x -----

## (၅) အနုရုဒ္ဓါမင်းသား ရဟန်းပြုရန် တောင်းပန်ခြင်း

ထိုကြောင့် အနုရုဒ္ဓါမင်းသားသည် "လူတို့ပြုဖွယ်ကိစ္စ-ဟူသည် အဘယ်ပါနည်း"ဟု မေးသောအခါ "ရှေးဦးစွာ လယ်ထွန်အပ်၏"ဟု ဤသို့အစရှိသော နှစ်စဉ်နှစ်တိုင်း ပြုလုပ်အပ်သည့် အမှုကိစ္စအဝဝကို ပြောဆိုသည်ကို ကြားသိရသည်ရှိသော် "အဘယ်အခါကာလ၌ လူတို့ပြုဖွယ်ကိစ္စ အဝဝတို့၏ ပြီးဆုံးခြင်းသည် ထင်မြင်နိုင်ပါအံ့နည်း။ အဘယ်အခါ၌ ငါတို့သည် လူ့လောက၌ ကြောင့်ကြမဲ့ စည်းစိမ်ချမ်းသာတို့ကို ခံစားနိုင်ပါကုန်အံ့နည်း"ဟု ပြောဆို၍ ထိုပြုဖွယ်ကိစ္စ အဝဝတို့၏ အဆုံးအပိုင်းအခြား မရှိသည့်အဖြစ်, မကုန်ဆုံးနိုင်သည့်အဖြစ်ကြောင့် "ထိုသို့ဖြစ်ပါမူ သင်နောင်တော်သည်သာ အိမ်ရာတည်ထောင် လူ

ဘောင်၌ နေပါလော့။ ညီတော်အား ဤအိမ်ရာတည်ထောင် လူ့ဘောင်ဖြင့် အလိုမရှိပါ”ဟု ပြောဆိုပြီးလျှင် မိခင်မယ်တော်၏အထံသို့ ချဉ်းကပ်၍-

“မယ်တော်၊ သားတော်ကို ခွင့်ပေးသနားတော်မူပါ။ ရှင်ရဟန်းပြုပါရစေတော့”ဟု အခွင့်တောင်းလေသော် မယ်တော်သည် အထူးထူးအပြားပြား များစွာသောအကြောင်းတို့ဖြင့် ၃-ကြိမ်တိုင်တိုင် ပယ်မြစ်ပြီးလျှင် “ချစ်သား၊ သင်၏မိတ်ဆွေ ဘဒ္ဒိယမင်းသည် အကယ်၍ ရှင်ရဟန်းပြုသည် ဖြစ်အံ့၊ သင်လည်း ထိုဘဒ္ဒိယမင်းနှင့်အတူ ရှင်ရဟန်းပြုလေလော့”ဟု ပြောဆိုသည်ရှိသော် ထိုဘဒ္ဒိယမင်း၏အထံသို့ ချဉ်းကပ်ပြန်၍ “အဆွေဘဒ္ဒိယ၊ ငါ၏ ရှင်ရဟန်းအဖြစ်သည် သင်နှင့် စပ်နေ၏”ဟု ပြောဆိုပြီးလျှင် ထိုဘဒ္ဒိယမင်းကို အထူးထူး အပြားပြားသော အခြင်းအရာတို့ဖြင့် သိစေသောအခါ ၇-ရက်မြောက်သောနေ့၌ မိမိနှင့် အတူတကွ ရှင်ရဟန်းပြုခြင်းငှာ ပဋိညာဉ်ကို ယူလေ၏။

----- x -----

## (၆) ဥပါလိနှင့်တကွ မင်းသား ၆-ယောက်တို့ ရဟန်းပြုကြခြင်း

ထို့နောက်မှ ဘဒ္ဒိယသာကီဝင်မင်း, အနုရုဒ္ဓါမင်းသား, အာနန္ဒာမင်းသား, ဘဂုမင်းသား, ကိမိလမင်းသား, ဒေဝဒတ်မင်းသား-ဟူကုန်သော ဤမင်းသား ၆-ယောက်တို့သည် ဥပါလိ ဆတ္တာသည်လျှင် ၇-ယောက်မြောက်ရှိကုန်သည်ဖြစ်၍ နတ်၏စည်းစိမ်ချမ်းသာကို ခံစားသော နတ်များကဲ့သို့ ၇-ရက်တို့ပတ်လုံး စည်းစိမ်ချမ်းသာကို ခံစား,စံစားကြပြီးလျှင် ဥယျာဉ်သို့ ထွက်တော်မူသကဲ့သို့ စစ်သည်အင်္ဂါ ၄-ပါးဖြင့် ထွက်၍ သူတပါးတို့ နိုင်ငံသို့ ရောက်လေလျှင် မင်း၏အာဏာဖြင့် စစ်သည်တော်တို့ကို ပြန်လည်စေလွှတ်၍ သူတပါး နိုင်ငံသို့ ဝင်ရောက်ကြကုန်၏။

သူတပါးနိုင်ငံသို့ ဝင်ရောက်မိကြသောအခါ မင်းသား ၆-ယောက်တို့သည် မိမိ, မိမိ၏ဝတ်ဆင်ခဲ့သော အဆင်တန်ဆာတို့ကို ဖြေချွတ်၍ အထုပ်ထုပ်ပြီးလျှင် “အချင်း ဥပါလိ၊ ဤအဆင်တန်ဆာ ဥစ္စာဘဏ္ဍာတို့ကို ယူ၍ ပြန်သွားဆုတ်နစ် နေရစ်လေလော့။ အသင့်အား ဤမျှသော ဥစ္စာဘဏ္ဍာသည် အသက်မွေးမြူခြင်းငှာ လုံလောက်ပါပြီ”ဟု ပြောဆို၍ ဥပါလိအား ပေးကြကုန်၏။ ထိုဥပါလိသည်လည်း ထိုမင်းသားတို့၏ ခြေရင်း၌ ဝပ်စင်းလူးလှိမ့်လျက် ငိုကြွေးပြီးလျှင် ထိုမင်းသားတို့၏ အမိန့်အာဏာကို မလွန်ဆန်ဝံ့သော ကြောင့် နေရာမှထကာ ထိုဥစ္စာဘဏ္ဍာထုပ်ကို ယူဆောင်၍ ပြန်လည်ဆုတ်နစ်ခဲ့ရလေ၏။ ဥပါလိနှင့် မင်းသားတို့၏ ခရီး ၂-ဖြာ ခွဲခွာခဲ့ကြသောအခါ တောအုပ်သည် ငိုကြွေးသော

အခြင်းအရာသို့ ရောက်ဘိသကဲ့သို့လည်းကောင်း, မြေကြီးသည်လည်း တုန်လှုပ်အံ့သော အခြင်းအရာသို့ ရောက်ဘိသကဲ့သို့လည်းကောင်း ဖြစ်လေ၏။

ဥပါလိသည်လည်း အတန်ငယ် ဆုတ်နစ်ပြန်သွားပြီးလျှင် "သာကီဝင်မင်းမျိုးတို့ မည်သည် ခက်ထန်ကြမ်းတမ်းကုန်၏။ 'ဤဥပါလိသည် မင်းသားတို့ကို သတ်ဖြတ်ခဲ့လေပြီ' ဟု ထင်မှတ်ကာ ငါ့ကို သတ်ဖြတ်မှုလည်း သတ်ဖြတ်ကုန်ရာ၏။ မှန်၏။ ဤသာကီဝင်မင်းသားတို့သော်မှလည်း ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာကို ပယ်ခွါစွန့်ပစ်၍ အဖိုးအတိုင်းမသိ ထိုက်တန်ကုန်သော ဤအဆင်တန်ဆာတို့ကို တံတွေးပေါက်ကဲ့သို့ စွန့်ပစ်ကြပြီးလျှင် ရဟန်းပြုကြကုန်သေး၏။ ငါသည် အဘယ်ကြောင့် ရဟန်းမပြုနိုင်ဘဲ ရှိရပါအံ့နည်း"ဟု ကြံ၍ ဥစ္စာဘဏ္ဍာထုပ်ကို ဖြေချတ်ပြီးလျှင် ထိုအဆင်တန်ဆာတို့ကို သစ်ပင်၌ ဆွဲချိတ်၍ "အလိုရှိသောသူတို့သည် ယူငင်ကြစေကုန်သတည်း"ဟု ဆို၍ ထိုမင်းသားတို့၏အထံသို့ ပြန်သွားလေလျှင် မင်းသားတို့သည် "အဘယ်ကြောင့် ပြန်လာသနည်း"ဟု မေးမြန်းသည်ရှိသော် ထိုအကြောင်းကို လျှောက်ကြားလေ၏။

----- x -----

## (၇) မာန်မာနကျရန် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေခြင်း

ထိုအခါ မင်းသားတို့သည် ဥပါလိဆတ္တာသည်ကို ခေါ်ဆောင်၍ ဘုရားရှင်အထံသို့ သွားရောက်ပြီးလျှင် ဘုရားရှင်ကို ရှိခိုးလျက် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်တို့ သာကီဝင်မင်းမျိုးတို့ မည်သည်ကား မာန်မာနကို အမှီပြုကာ ထောင်လွှားတက်ကြွခြင်း ရှိကြပါကုန်၏။ ဤဥပါလိဆတ္တာသည်-သည် တပည့်တော်တို့၏ ကြာမြင့်စွာသော ကာလပတ်လုံး ပြုစုလုပ်ကျွေးနေသော အလုပ်အကျွေးဖြစ်ပါသည်။ ဤဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါကုန်ဘုရား။ တပည့်တော်များသည် ထိုဥပါလိအား လက်အုပ်ချီမိုး ရှိခိုးခြင်း-စသည်ကို ပြုကြရပါကုန်လတ္တံ့။ ဤသို့ ပြုကြရကုန်သည်ရှိသော် တပည့်တော်တို့၏ ထောင်လွှားတက်ကြွသော မာန်မာနသည် ချိုးနှိမ်ပယ်ချ ပျောက်ကင်းရပါလတ္တံ့"ဟု လျှောက်ထားကြ၍ ရှေးဦးစွာ ထိုဥပါလိကို ရဟန်းပြုစေပြီးလျှင် နောက်မှ မိမိတို့ကိုယ်တိုင် ရဟန်းပြုကြလေကုန်၏။

----- x -----

## (၈) ရဟန်းတော် ၆-ပါးတို့ တရားထူးရကြခြင်း

ထိုမင်းသား ရဟန်း ၆-ပါးတို့တွင်–

- အရှင်ဘဒ္ဒိယသည် ထိုဝါတွင်း၌ပင်လျှင် *ဝိဇ္ဇာ ၃-ပါးနှင့် ပြည့်စုံသော ရဟန္တာဖြစ်လေ၏။
- အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရ၍ နောက်မှ မဟာဝိတက္ကသုတ္တန်ကို ကြားနာရ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။
- အရှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။
- ဘဂုမထေရ်နှင့် ကိမိလမထေရ်တို့သည် နောက်အဖို့၌ ဝိပဿနာတရားကို အဆင့်ဆင့်ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။
- ရှင်ဒေဝဒတ်သည်ကား ပုထုဇဉ်အဖြစ်ဖြင့်ပင် လောကီစျာန် အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံသည့်အဖြစ်သို့ ရောက်လေ၏။

(*ဝိဇ္ဇာ=အသိဉာဏ်ပညာ။
၁- ပုဗ္ဗေနိဝါသာနုဿတိဉာဏ် = ရှေးရှေးဘဝ၌ တွေ့ကြုံခဲ့သမျှကို ပြန်၍ အောက်မေ့နိုင်သောဉာဏ်၊
၂- ဒိဗ္ဗစက္ခုဉာဏ် = နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း, သေးငယ်သောအဆင်းတို့ကို မြင်နိုင်သောဉာဏ်၊
၃- အာသဝက္ခယဉာဏ် = ကိလေသာအာသဝေါကို ကုန်စေနိုင်သော အရဟတ္တမဂ်ဉာဏ်။)

နောက်အဖို့ကာလ၌ ဘုရားရှင်သည် ကောသမ္ဗီပြည်၌ သီတင်းသုံးနေတော်မူသည်ရှိသော် တပည့်သား သံဃာတော်အပေါင်းနှင့်တကွသော ဘုရားရှင်အား ကြီးမားများမြတ်သော လာဘ်ပူဇော်သက္ကာရသည် ဖြစ်လေ၏။ အဝတ်ပုဆိုး, ဆေး-စသည် လက်ဝယ်ကိုင်စွဲကုန်သော လူအပေါင်းတို့သည် ကျောင်းသို့ ဝင်ရောက်ကြပြီးလျှင်–

"ဆရာဖြစ်တော်မူသည့် ဘုရားရှင်သည် အဘယ်မှာနည်း။
အရှင်သာရိပုတ္တရာသည် အဘယ်မှာနည်း။
အရှင်မောဂ္ဂလ္လာန်မထေရ်သည် အဘယ်မှာနည်း။
အရှင်မဟာကဿပမထေရ်သည် အဘယ်မှာနည်း။
အရှင်ဘဒ္ဒိယမထေရ်သည် အဘယ်မှာနည်း။
အရှင်အနုရုဒ္ဓါမထေရ်သည် အဘယ်မှာနည်း။

အရှင်အာနန္ဒာမထေရ်သည် အဘယ်မှာနည်း။

အရှင်ဘဂုမထေရ်သည် အဘယ်မှာနည်း။

အရှင်ကိမိလမထေရ်သည် အဘယ်မှာနည်း" -

ဤသို့စသည်ဖြင့် ၈၀-သော မဟာသာဝကတို့၏ နေရာအရပ်ကို ကြည့်ကုန်လျက် သွားလာလှည့်လည်ကြကုန်၏။ "အရှင်ဒေဝဒတ်မထေရ်သည် အဘယ်အရပ်၌ သီတင်းသုံးသနည်း။ အဘယ်အရပ်၌ တည်နေသနည်း"ဟူ၍ မေးမြန်းသောသူမည်သည် (တစ်ဦးတစ်ယောက်မျှ) မရှိချေ။

----- x -----

## (၉) ရှင်ဒေဝဒတ် ကြံစည်ခြင်း

ထိုအခါ ရှင်ဒေဝဒတ်သည် အကြံဖြစ်သည်မှာ "ငါသည်လည်း အရှင်ဘဒ္ဒိယ-စသောသူတို့နှင့် အတူတကွသာလျှင် ရဟန်းပြု၏။ ထိုသူတို့သည်လည်း မင်းမျိုးမှ ရဟန်းပြုကြကုန်၏။ ငါသည်လည်း မင်းမျိုးမှ ရဟန်းပြု၏။ လာဘ်ပူဇော်သက္ကာရကို လက်စွဲကုန်သော လူတို့သည် ထိုသူတို့ကိုသာလျှင် ရှာမှီးကြကုန်၏။ ငါ၏အမည်ကို ယူ၍ ခေါ်ဝေါ်ပြောဆိုမေးမြန်းသောသူမျှလည်း မရှိ။ ငါသည် အဘယ်သူနှင့် ပေါင်းသင်း၍ အဘယ်သူကို ကြည်ညိုစေပြီးလျှင် ငါ့အား လာဘ်ပူဇော်သက္ကာရကို ဖြစ်စေရပါအံ့နည်း"ဟု ကြံစည်လေ၏။

----- x -----

## (၁၀) အဇာတသတ်မင်းသားနှင့်ပေါင်း၍ လာဘ်ပူဇော်သက္ကာရကို ဖြစ်စေခြင်း

ထို့နောက် ရှင်ဒေဝဒတ်အား အကြံဖြစ်ပြန်သည်ကား "ဤဗိမ္ဗိသာရမင်းသည် ဘုရားရှင်ကို ပထမဈေးဦးအစ ဖူးမြင်သဖြင့်သာလျှင် ၁-သိန်း, ၁-သောင်းသော သူတို့နှင့် အတူ သောတာပတ္တိဖိုလ်၌ တည်ခဲ့လေ၏။ ထိုဗိမ္ဗိသာရမင်းနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းဖြင့် ပေါင်းသင်း၍ အတူတကွဖြစ်ခြင်းငှာ မတတ်နိုင်ရာ။ ကောသလမင်းကြီးနှင့်လည်း ပေါင်းသင်း၍ အတူတကွဖြစ်ခြင်းငှာ မတတ်နိုင်ရာ။ ဗိမ္ဗိသာရမင်း၏ သားဖြစ်သော ဤအဇာ-တသတ်မင်းသားသည်ကား တစ်စုံတစ်ယောက်သောသူ၏ ဂုဏ်ကျေးဇူးကို မသိတတ်သေး။ ထိုအဇာတသတ်မင်းသားနှင့် အတူတကွ မိတ်ဖွဲ့ကာ ပေါင်းသင်းဆက်ဆံပေအံ့"ဟု ဤသို့

အကြံဖြစ်လေ၏။ ထိုဒေဝဒတ်သည် ကောသမ္ဗီပြည်မှ ရာဇဂြိုဟ်ပြည်သို့ သွားရောက်ပြီးလျှင် သတို့သားငယ်အသွင် ပြုပြင်ဖန်ဆင်း၍ လျင်သောအဆိပ်ရှိသော-

- မြွေ ၄-စင်းတို့ကို လက်,ခြေ ၄-ဘက်တို့၌
- မြွေ ၁-စင်းကို လည်ပင်း၌ ဆွဲ၍
- မြွေ ၁-စင်းကို ဦးခေါင်း၌ ခေါင်းခုဦးရစ်ကဲ့သို့ ခွေထားသည်ကို ပြု၍
- မြွေ ၁-စင်းကို ပခုံး ၁-ဖက်၌ တင်ထား၍

ဤမြွေခါးကြိုးတန်ဆာဖြင့် တန်ဆာဆင်လျက် ကောင်းကင်မှ သက်ဆင်း၍ အဇာတသတ် မင်းသား၏ ရင်ခွင်၌ ထိုင်နေသည်ရှိသော် အဇာတသတ်မင်းသားသည် ကြောက်လန့်ရကား "သင် အဘယ်သူနည်း"ဟု မေးသောအခါ "ငါ ဒေဝဒတ်တည်း"ဟု ဆိုပြီးလျှင် ထိုမင်းသား၏ ကြောက်လန့်ခြင်းကို ပယ်ဖျောက်ခြင်းငှာ ထိုမြွေတန်ဆာဆင်သော ကိုယ်ကို ပယ်ဖျောက်၍ သပိတ်,သင်္ကန်းကို ယူဆောင်လျက် အဇာတသတ်မင်းသား၏ရှေ့၌ ရပ်တည်၍ အဇာ-တသတ်မင်းသားကို ကြည်ညိုစေပြီးလျှင် လာဘ်ပူဇော်သက္ကာရကို ဖြစ်စေလေ၏။

----- x -----

## (၁၁) ဘုရားရှင်၌ ရန်ငြိုးဖွဲ့ခြင်း

ထိုရှင်ဒေဝဒတ်သည် လာဘ်ပူဇော်သက္ကာရဖြင့် ပြင်းစွာ နှိပ်စက်အပ်သည်ဖြစ်၍ "ငါသည် ရဟန်းသံဃာတည်းဟူသော ပရိသတ်ကို ရွက်ဆောင်အံ့"ဟု ယုတ်မာသော စိတ်အကြံကို ဖြစ်စေခြင်းကြောင့် ထိုစိတ်အကြံမျိုး ဖြစ်စေသည်နှင့်တပြိုင်နက် လောကီစျာန် အဘိညာဉ်တန်ခိုးမှ ဆုတ်ယုတ်ပျက်စီးကာ ဘုရားရှင်သို့ ချဉ်းကပ်ပြီးလျှင် ဝေဠုဝန်ကျောင်းတော်၌ မင်းနှင့်တကွသော ပရိသတ်အား တရားဟောကြားလျက်ရှိသော ဘုရားရှင်ကို ရှိခိုး၍ နေရာမှ ထ၍ လက်အုပ်ကို မြှောက်ချီပြီးလျှင် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ယခုအခါ၌ ဘုရားရှင်သည် အိုမင်းကြီးမြင့်သောအရွယ်သို့ ရောက်နေပါပြီ။ ကြောင့်ကြမဲ့ နေတော်မူလျက် မျက်မှောက်၌ ခံစားအပ်သော ဖလသမာပတ်ချမ်းသာဖြင့် နေခြင်းကို အားထုတ်တော်မူပါ။ တပည့်တော်သည် ရဟန်းသံဃာတည်းဟူသော ပရိသတ်ကို ရွက်ဆောင်ပါအံ့။ ရဟန်းသံဃာကို တပည့်တော်အား အပ်နှင်းတော်မူပါကုန်ဘုရား"ဟု လျှောက်ကြားလတ်သည်ရှိသော် ဘုရားရှင်သည် *ခေဠာသက-ဟူသော စကားဖြင့် ကြိမ်းမောင်းခြိမ်းခြောက်တော်မူ၍ ပယ်မြစ်တော်မူသောအခါ နှလုံးမသာမယာဖြစ်ကာ မြတ်စွာ

ဘုရား၌ ရှေးဦးအစ ဤပထမ ရန်ငြိုးဖွဲ့ခြင်းကို ပြု၍ ဖဲသွားလေ၏။ (*တံတွေးကို မျိုသောသူ။ မိစ္ဆာဇီဝဖြင့်ဖြစ်သော ပစ္စည်းတို့သည် အရိယာပုဂ္ဂိုလ်တို့ ထွေးအပ်, အန်အပ်ကုန်သော တံတွေးနှင့် တူကုန်၏။ ထိုသို့သဘောရှိသော ပစ္စည်းတို့ကို စားမျိုသောသူ-ဟု ဆိုလိုသည်။)

----- x -----

## (၁၂) ဘုရားရှင်ကို သတ်ရန် အတန်တန် အားထုတ်ပြန်ခြင်း

ထိုသို့ ဖဲသွားပြီးသောအခါ ထိုရှင်ဒေဝဒတ်အား ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ *ပကာသနီယကံကို ပြုစေတော်မူ၏။ ထိုရှင်ဒေဝဒတ်သည်လည်း "ယခုအခါ ငါ့ကို ရဟန်းဂေါတမသည် ပယ်စွန့်အပ်လေပြီ။ ယခုအခါ ထိုရဟန်းဂေါတမ၏ အကျိုးစီးပွါး ပျက်ခြင်းအမှုကို ပြုတော့အံ့"ဟု ကြံပြီးလျှင် အဇာတသတ်မင်းသို့ ချဉ်းကပ်၍ "မင်းသား၊ ရှေးအခါက လူများသည် သက်တမ်းရှည်ကြကုန်၏။ ယခုအခါ၌ကား သက်တမ်းတိုကြကုန်၏။ အသင်မင်းသားသည် ပျိုမျစ်နုနယ် ငယ်ရွယ်စဉ်အခါကာလ မင်းသား၏အဖြစ်နှင့်ပင် သေလွန်နိုင်ခြင်း၏အကြောင်းသည် ရှိ၏။ ထိုသို့ဖြစ်သည့်အတွက် သင်မင်းသားသည် ခမည်းတော်မင်းကြီးကို သတ်၍ မင်းပြုပါလော့။ ငါသည်လည်း ဘုရားရှင်ကို သတ်၍ ဘုရားဖြစ်ပေအံ့" ဟု ပြောဆိုပြီးလျှင် ထိုအဇာတသတ်မင်းသား မင်းအဖြစ်၌ တည်ပြီးသောအခါ မြတ်စွာဘုရားကို သတ်အံ့သောငှာ လေးသမားယောကျ်ားတို့ကို စေလွှတ်၍ ထိုလေးသမားယောကျ်ားတို့ သောတာပတ္တိဖိုလ်သို့ ရောက်ကြသဖြင့် ပြန်လည်ဆုတ်နစ်ကြကုန်သည်ရှိသော် မိမိကိုယ်တိုင် **ဂိဇ္ဈကုဋ်တောင်ထိပ်သို့ တက်၍ "ငါကိုယ်တိုင်ပင်လျှင် ရဟန်းဂေါတမကို ဇီဝိတိန္ဒြေမှ ပယ်ချသတ်ဖြတ်အံ့"ဟု ကြံလျက် ကျောက်တုံးကို လှိမ့်ချ၍ သွေးစိမ်းတည်အောင် ပြုခြင်းတည်း-ဟူသော ရုဟိရုပ္ပါဒကံကို လွန်ကျူးပြုလုပ်၍ ဤအကြောင်းဥပါယ်ဖြင့်လည်း သတ်ခြင်းငှာ မတတ်နိုင်သည်ရှိသော် တဖန် နာဠာဂိရိဆင်ကို အလွှတ်ခိုင်းပြန်လေ၏။

(*ပွင့်ပွင့်လင်းလင်း ထင်ထင်ရှားရှား ပြောဆိုခြင်း။ ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်အပ်သောရဟန်းသည် မြို့တွင်း,ရွာတွင်းသို့ ဝင်၍ "ဒေဝဒတ်၏သဘောသည် ရှေးရှေးကနှင့် မတူ၊ ဒေဝဒတ်ပြုသမျှ, ပြောသမျှဖြင့် ဘုရား, တရား, သံဃာကို မသိအပ်၊ ဒေဝဒတ်ကိုသာ သိအပ်၏"ဟု ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းတည်း။

**ဂိဇ္ဈကူဋ၊ တောင်၏အထွတ်၌ လင်းတငှက်အထူးတို့ နေသောတောင်။ တစ်နည်း လင်းတနှင့်တူသော အထွတ်ရှိသောတောင်။)

ထိုနာဠာဂိရိဆင်သည် ဘုရားရှင်အထံသို့ ရှေးရှုလာသည်ရှိသော် အရှင်အာနန္ဒာမထေရ်သည် မိမိ၏အသက်ကို ဘုရားရှင်၏အစား စွန့်လွှတ်၍ ရှေ့တော်၌ ရပ်တည်လာလေ၏။ ဘုရားရှင်သည် နာဠာဂိရိဆင်ကို ဆုံးမတော်မူပြီးလျှင် မြို့တော်မှ ထွက်တော်မူခဲ့ကာ ကျောင်းတော်သို့ ပြန်ကြွသွားသောအခါ အထောင်မက များလှစွာသော ဒါယကာတို့သည် ရှေးရှုဆောင်အပ်သော ဆွမ်းအလှူတော်ကြီးကို ခံယူသုံးဆောင်တော်မူသဖြင့် ထိုနေ့၌ စည်းဝေးရောက်လာကြကုန်သော ၁၈-ကုဋေ အရေအတွက်ရှိကုန်သော ရာဇဂြိုဟ်မြို့သူ, မြို့သားတို့အား အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူပြီးလျှင် ၈၄,၀၀၀-ကုန်သော သတ္တဝါတို့ အကျွတ်တရားရကာ တရားတော်ကို ထိုးထွင်း၍ သိလတ်သော်-

"အံ့ဖွယ်ရှိပေစွ၊ အရှင်အာနန္ဒာသည် ဂုဏ်ကျေးဇူးကြီးပေစွ၊ ထိုသို့ သဘောရှိသည့် ကြမ်းတမ်းခက်ထန်လှစွာသော ဆင်ပြောင်ကြီးသည် ရှေးရှုလာသည်ရှိသော် မိမိ၏အသက်ကို စွန့်လွှတ်၍ ဘုရားရှင်၏ရှေ့တော်၌သာ ရပ်တည်လာပေ၏"ဟု အရှင်အာနန္ဒာမထေရ်၏ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကို ပြောကြားလျက်ရှိသည်ကို ကြားသိတော်မူရ၍ "ချစ်သား ရဟန်းတို့၊ ယခုအခါ၌သာလျှင် ငါဘုရား၏အကျိုးငှာ မိမိအသက်ကို စွန့်လွှတ်သည် မဟုတ်သေး။ ရှေးအခါ၌လည်း အာနန္ဒာသည် မိမိအသက်ကို စွန့်လွှတ်ဖူးသည်သာတည်း"ဟု မိန့်တော်မူရာ ရဟန်းတော်တို့သည် လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ စူဠဟံသဇာတ်, မဟာဟံသဇာတ်, ကက္ကဋကဇာတ်တို့ကို ဟောကြားတော်မူလေ၏။

(စူဠဟံသဇာတ်နှင့် မဟာဟံသဇာတ်သည် အသီတိနိပါတ်၌လည်းကောင်း, ကက္ကဋကဇာတ်သည် ဆတ္တနိပါတ်၌လည်းကောင်း ပါရှိကုန်၏။)

ဒေဝဒတ်သည်လည်း ပြုအပ်သော အမှုကိစ္စသည် မပြီးမြောက် မထင်ရှားလေ။ ဗိမ္ဗိသာရမင်းကြီးကို သတ်စေခြင်းကြောင့်လည်းကောင်း, သူသတ်လေးသမားတို့ကို စေလွှတ်ခြင်းကြောင့်လည်းကောင်း, ကျောက်တုံးဖြင့် လှိမ့်ချခြင်းကြောင့်လည်းကောင်း ထို့အတူ မပြီးမြောက် မထင်ရှားလေ။ နာဠာဂိရိဆင်ကို လွှတ်သောအခါ၌ လူများအပေါင်းသည် "ဒေဝဒတ်သည်ပင် မင်းကြီးကိုလည်း သတ်စေအပ်၏။ သူသတ်လေးသမားတို့ကိုလည်း စေလွှတ်အပ်၏။ ကျောက်တုံးကိုလည်း လှိမ့်ချအပ်၏။ ယခုအခါ၌ကား နာဠာဂိရိဆင်ကို အလွှတ်ခိုင်းပြန်လေ၏။ ဤမျှလောက် ယုတ်မာလှသော သဘောရှိသောသူကို ခေါ်ယူ၍ အဇာတသတ်မင်းကြီးသည် လှည့်လည်၍ နေဘိ၏တကား"ဟု အုတ်အုတ်ကျက်ကျက် အော်ဟစ်ကြွေးကြော်ခြင်းကို ပြုလေ၏။

----- x -----

## (၁၃) ရှင်ဒေဝဒတ် သံဃာသင်းခွဲခြင်း

အဇာတသတ်မင်းသည် ထိုလူများအပေါင်း၏ စကားကို ကြားသိရ၍ အမြဲမပြတ် တည်ထားနေကျဖြစ်သော ဆွမ်းချက်ဝတ်အိုး ၅၀၀-တို့ကို ရပ်ဆိုင်းရုပ်သိမ်းစေ၍ တဖန် ရှင်ဒေဝဒတ်၏အထံသို့ ဆည်းကပ်ခစားခြင်းငှာ မသွားတော့ဘဲ နေလေ၏။ ပြည်သူ့ပြည် သားတို့သည်လည်း အိမ်သို့ ကပ်ရောက်လာသော ဒေဝဒတ်အား ၁-ဇွန်း,၁-ယောက်မ- မျှသော ဆွမ်းကိုသော်လည်း မပေးလှူကြကုန်။ ထိုရှင်ဒေဝဒတ်သည် ဆုတ်ယုတ်သော လာဘ်ပူဇော်သက္ကာရရှိသည်ဖြစ်၍ ဝါကြွားပလွှား အံ့ဖွယ်များယောင် ဟန်ဆောင်ခြင်းဖြင့် အသက်မွေးလိုရကား ဘုရားရှင်သို့ ချဉ်းကပ်၍-

"ရဟန်းများ အသက်ထက်ဆုံး တောကျောင်း၌သာ နေပါစေဘုရား"စသောအား ဖြင့် ၅-ပါးသော ဝတ္ထုတို့ကို တောင်းသောအခါ မြတ်စွာဘုရားသည် "ငါ့ရှင် ဒေဝဒတ်၊ မသင့်လျော်ချေ။ အကြင်ရဟန်းသည် အလိုရှိ၏။ ထိုရဟန်းသည် တောကျောင်းနေပုဂ္ဂိုလ် ဖြစ်စေလော့"ဟု ပယ်တော်မူသည်ရှိသော် "ငါ့ရှင်တို့ အဘယ်သူ၏ စကားသည် သင့်လျော် လျောက်ပတ် ကောင်းမြတ်သနည်း။ ဘုရား၏စကားသည် ကောင်းမြတ်သင့်လျော်သလော၊ သို့မဟုတ် ငါ၏ စကားသည် ကောင်းမြတ်သင့်လျော်သလော"ဟု ဆို၍ "ငါသည် မြတ်သော အကျင့်၏ အစွမ်းအားဖြင့် 'မြတ်စွာဘုရား၊ တောင်းပန်လျှောက်ကြားပါ၏။ ရဟန်းတို့သည်-

(၁) အသက်ထက်ဆုံး တောကျောင်း၌ နေသူတို့သာ ဖြစ်ကြရပါမည်။

(၂) ပင့်ဖိတ်အပ်သောဆွမ်းကို ပယ်မြစ်၍ ဆွမ်းခံသွားသော သူတို့သာ ဖြစ်ကြရမည်။

(၃) မြေမှုန့်အလိမ်းလိမ်း ကပ်ငြိသော, ကောက်၍ရအပ်သော ပံ့သုကူသင်္ကန်းကို ဆင် မြန်းဝတ်ရုံသူတို့သာ ဖြစ်ကြရပါမည်။

(၄) သစ်ပင်ရင်းတည်း-ဟူသော ကျောင်း၌ နေသူတို့သာ ဖြစ်ကြရပါမည်။

(၅) ငါး, အမဲတို့ကို မစားဘဲ သက်သတ်လွတ်သာ စားသောက်ကြရပါမည်'-

ဟု လျှောက်ကြား၍ ငါသည် မြတ်သောအကျင့်၏ အစွမ်းဖြင့်သာ ဆို၏။ ဆင်းရဲဒုက္ခမှ လွတ်မြောက်ခြင်းငှာ လိုလားသောသူသည် ငါနှင့် လိုက်ပါစေသတည်း"ဟု ခေါ်ဆိုပြော ကြားကာ ဖဲသွားလေ၏။

ထိုရှင်ဒေဝဒတ်၏ စကားကို ကြား၍ ရဟန်းပြုသစ်စ ဖြစ်ကြသည့် ရဟန်းငယ် အချို့တို့သည် အသိဉာဏ်မစုံသေးဘဲ နုံ့နှေးသောပညာ ရှိကုန်သည်ဖြစ်၍ "ဒေဝဒတ်သည်

ကောင်းသောစကားကို ပြောကြားပေ၏။ ထိုအရှင်ဒေဝဒတ်နှင့် အတူတကွ လှည့်လည်သွားလာ လိုက်ပါကုန်အံ့”ဟု ဒေဝဒတ်၏အယူကို နှစ်သက်၍ ဒေဝဒတ်နှင့်အတူတကွ တပေါင်းတည်း ဖြစ်ကြကုန်၏။ ဤသို့ ထိုရှင်ဒေဝဒတ်သည် မိမိနောက်သို့ လိုက်ပါကြကုန်သော ရဟန်း ၅၀၀-တို့နှင့်တကွ ၅-ပါးသောဝတ္ထုတို့ဖြင့် ခေါင်းပါးသောအကျင့်၌ ကြည်ညိုသောလူအပေါင်းကို ထင်စွာသိစေလျက် ဒါယကာအိမ်တို့၌ တောင်း၍တောင်း၍ စားလျက် သံဃာကို အစုအစု အစိတ်စိတ်ကွဲပြားခြင်းငှာ လုံ့လကြိုးကုတ် အားထုတ်လေ၏။

ဘုရားရှင်သည် “ချစ်သား ဒေဝဒတ်၊ သင်သည် ‘သံဃာသင်းကွဲပြား, သာသနာတော်တည်း-ဟူသော အာဏာစက် ပျက်ပြားခြင်းငှာ လုံ့လပြု၏’-ဟူသော စကားသည် မှန်သလော”ဟု မေးတော်မူအပ်သောအခါ “မှန်ပါ၏ဘုရား”ဟု ဒေဝဒတ် လျှောက်ထား၍ “ချစ်သားဒေဝဒတ်၊ သံဃာသင်းခွဲခြင်း မည်သည်ကား အလွန်ကြီးလေးလှသော ဂရုကံကြီးတည်း” ဤသို့ အစရှိသဖြင့် ဆုံးမတားမြစ်အပ်ပါသော်လည်း ဘုရားရှင်၏ စကားတော်ကို မနာယူတော့ဘဲ ရှောင်ဖယ်ထွက်သွားပြီးလျှင် ရာဇဂြိုဟ်ပြည်တွင်း၌ ဆွမ်းအလို့ငှာ လှည့်လည်၍ နေသော အရှင်အာနန္ဒာကို မြင်၍-

“ငါ့ရှင်အာနန္ဒာ၊ ယခုအခါ ယနေ့ကို အစပြု၍ ငါသည် ဘုရားရှင်ကို အသီးအခြား ကြဉ်ရှောင်ဖယ်ထား၍, ရဟန်းသံဃာကို အသီးအခြား ကြဉ်ရှောင်ဖယ်ထား၍ ဥပုသ်ပြုတော့အံ့။ သံဃကံကိုလည်း ပြုတော့အံ့”ဟု ဆိုလေ၏။ အရှင်အာနန္ဒာမထေရ်သည်လည်း မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ကြားလေ၏။ ထိုစကားကို ဘုရားရှင် ကြားသိတော်မူ၍ဖြစ်သော **ဓမ္မသံဝေဂ***ရရှိတော်မူသည်ဖြစ်၍ “ဒေဝဒတ်သည် နတ်နှင့်တကွသော လောက၏ အကျိုးစီးပွါးမဲ့ကို မှီသော, မိမိ၏ အဝီစိငရဲ၌ ကျက်ရအံ့သော မကောင်းမှု အကုသိုလ်ကံကြီးကို ပြုလုပ်ဘိ၏တကား”ဟု ကြံဆင်ခြင်တော်မူကာ (*ဖြစ်တတ်, ပျက်တတ်သော သင်္ခတတရားတို့ကို ကြံစည်သည်၏အစွမ်းဖြင့် ဘုရား, ရဟန္တာတို့အားသာလျှင် ကြောက်ထိတ်လန့်သော အခြင်းအရာဖြင့် ဖြစ်သော မဟာကြိယာဉာဏ်တော်)-

**(က) သုကရာနိ အသာဓူနိ၊ အတ္တနော အဟိတာနိ စ။**
**ယံ ဝေ ဟိတဉ္စ သာဓုဉ္စ၊ တံ ဝေ ပရမဒုက္ကရံ။ ။**

(က) ဘိက္ခဝေ၊ သံသရာဝဋ်ဘေး၊ ကျွတ်လွတ်အေးဖို့ မြော်တွေးကျင့်ငြား၊ အို-ချစ်သားတို့။ ဗာလေဟိ၊ ရှေ့,နောက်အရေး၊ မတွေးမမြင်၊ ထင်မြင်ရာရမ်း၊ လူမိုက်ကန်းတို့သည်။ အတ္တနော၊ မိမိ၏။ အဟိတာနိ စ၊ ပစ္စုပ်,သံသာ၊ ၂-ဖြာတိုးငြား၊ အကျိုးစီးပွါး၊ မရှိသည်တို့ကိုလည်းကောင်း။ အသာဓူနိ စ၊ မပြုအပ်ထိုက်၊ ဒုစရိုက်စု၊ မကောင်းမှုတို့ကိုလည်းကောင်း။

သုကရာနိ၊ စိတ်အတွင်းက၊ တက်ကြွထက်သန်၊ မကောင်းညဏ်ဖြင့်၊ ကြံဖန်တကယ်၊ အပြုလွယ်ကြကုန်၏။ ဝေ၊ စင်စစ်။ ယံ ကမ္မံ၊ အကြင်အမှုသည်။ ဟိတဉ္စ၊ ချမ်းသာဖွံ့ဖြိုး၊ အကျိုးကြီးမား၊ အစီးအပွါးလည်းရှိ၏။ သာဓုဉ္စ၊ သူတော်ကောင်းတို့၊ နှစ်ထောင်းအားရ၊ ချီးမွမ်းကြကြောင်း၊ ကောင်းလည်း ကောင်း၏။ တံ ကမ္မံ၊ ထိုကုသိုလ်မှုကို။ ဝေ၊ စင်စစ်။ ပရမဒုက္ကရံ၊ စရိုက်ဓမ္မတာ၊ လေ့လာနည်းကျဉ်း၊ အမြဲဖျင်း၍၊ လွန်စွာပြုနိုင်ရန် ခဲယဉ်းလှပေ၏။

ဤဂါထာကို မိန့်မြွက်သောအား ဟောကြားတော်မူပြီးလျှင် တဖန်(အောက်ပါ) ဤဥဒါန်းကို ကျူးရင့်တော်မူပြန်လေ၏။

(ခ) သုကရံ သာဓုနာ သာဓု၊ သာဓု ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊ ပါပ'မရိယေဟိ ဒုက္ကရံ။ ။

(ခ) ဘိက္ခဝေ၊ သံသရာဝဋ်၊ မြန်စွာလွတ်ဖို့၊ မချွတ်ကျင့်ပွါး၊ အို ချစ်သားတို့။ သာဓုနာ၊ မစောင်းမကွေ့ ကောင်းသရွေ့ကို၊ မမေ့သောအား၊ ပြုစုငြားသည့်၊ စိတ်ထားပျော့ပျောင်း၊ သူတော်ကောင်းသည်။ သာဓု၊ အပြစ်ကင်းကွာ၊ ချမ်းသာရကြောင်း၊ ကောင်းသောအမှုကို။ သုကရံ၊ စရိုက်ဓမ္မတာ၊ အလေ့ပါ၍၊ မွေ့စွာတကယ်၊ ပြုကျင့်လွယ်၏။ ပါပေန၊ အကျိုး, အကြောင်း၊ ဆိုး,ကောင်းမသိ၊ သတိကင်းကွာ၊ သူယုတ်မာသည်။ သာဓု၊ အပြစ်ကင်းကွာ၊ ချမ်းသာရကြောင်း၊ ကောင်းသောအမှုကို။ ဒုက္ကရံ၊ ဝါသနာနည်း၊ စိတ်မစွဲဘဲ၊ လွဲ၍သာနေ၊ ပြုနိုင်ဖို့ရာ၊ ခဲယဉ်းလှပေ၏။ ပါပေန၊ အဆိုး,အကောင်း၊ ကျိုး,ကြောင်းမသိ၊ သတိကင်းကွာ၊ သူယုတ်မာသည်။ ပါပံ၊ ပစ္စုပ်,သံသာ၊ ၂-ဖြာအရေး၊ ဝန်လေးစရာ၊ ဖြာဖြာပေါင်းစု၊ မကောင်းမှုကို။ သုကရံ၊ မမြော်မထောက်၊ မကြောက်မရွံ့၊ ရဲဝံ့စွာပေ၊ အပြုလွယ်လေ၏။ အရိယေဟိ၊ အမြတ်တရား၊ မပြတ်ပွါး၍၊ စိတ်ထားဖြူစင်၊ ကြည်လင်လှစွာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ပါပံ၊ ပစ္စုပ်,သံသာ၊ ၂-ဖြာအရေး၊ ဝန်လေးစရာ၊ ဖြာဖြာပေါင်းစု၊ မကောင်းမှုကို။ ဒုက္ကရံ၊ စိတ်မျှနှင့်ပင်၊ ထင်မြင်မသင့်၊ အမှန်ချင့်၍၊ ပြုကျင့်ဖို့ရာ၊ ခဲယဉ်းလှပေ၏။

ထိုအခါ ရှင်ဒေဝဒတ်သည် ဥပုသ်နေ့၌ မိမိ၏ပရိသတ်နှင့်တကွ တင့်အပ်လျောက်ပတ်သော တစ်ခုသောအရပ်၌ ထိုင်နေပြီးလျှင် "အကြင်သူအား ဤ ၅-ပါးသော ဝတ္ထုတို့ကို နှစ်သက်ကုန်၏။ ထိုနှစ်သက်သူသည် စာရေးတံကို ယူစေလော့"ဟု ပြောဆိုသဖြင့် ဝဇ္ဇီတိုင်းသား မလိမ္မာ,မရေးခြား အသိဉာဏ်နည်းပါးကြကုန်သော ရဟန်းငယ် ၅၀၀-တို့သည် စာရေးတံကို ယူအပ်သည်ရှိသော် သံဃာကို ခွဲ၍ ထိုရဟန်းတို့ကို ခေါ်ယူပြီးလျှင် ဂယာသီသသို့ သွားလေ၏။

----- x -----

## (၁၄) အရှင်သာရိပုတ္တရာတို့ လိုက်သွား၍ ရဟန်းငယ်များကို တရားဟောကာ ပြန်ခေါ်ခဲ့ခြင်း

ထိုရှင်ဒေဝဒတ်၏ ဂယာသီသအရပ်သို့ သွားရောက်သည့်အကြောင်းကို ဘုရားရှင် သိတော်မူ၍ ထိုရဟန်းငယ်တို့ကို ပြန်၍ခေါ်ဆောင်စေခြင်းငှာ အဂ္ဂသာဝက ၂-ပါးတို့ကို စေလွှတ်တော်မူလိုက်လေ၏။ ထိုအဂ္ဂသာဝက ၂-ပါးတို့သည် ဂယာသီသသို့ ကြွတော်မူ၍ သူတပါးတို့၏စိတ်ကို သိ၍ ဟောခြင်း **အာဒေသနာပါဋိဟာရိယ**၊ အမြဲနိစ္စ ဟောပြော နေကျ တရားသက်သက်ကို ဟောခြင်း **အနုသာသနီပါဋိဟာရိယ**ဖြင့်လည်းကောင်း၊ တန်ခိုး အမျိုးမျိုးပြခြင်း **ဣဒ္ဓိပါဋိဟာရိယ**၊ အမြဲနိစ္စ ဟောပြောနေကျ တရားသက်သက်ကိုဟောခြင်း **အနုသာသနီပါဋိဟာရိယ**ဖြင့်လည်းကောင်း အစဉ်အတိုင်း ဆုံးမတော်မူလျက် ထိုရဟန်း ငယ်တို့ကို တရားအမြိုက်ဆေးကို တိုက်ကျွေးသောက်မျိုစေကုန်သည်ဖြစ်၍ ခေါ်ဆောင် တော်မူခဲ့ပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူကြကုန်၏။

----- x -----

## (၁၅) ရှင်ဒေဝဒတ် သွေးစိမ်းအန်ခြင်း

ကောကာလိကသည်လည်း "ငါ့ရှင် ဒေဝဒတ်၊ ထလော့။ သာရိပုတ္တရာ, မောဂ္ဂလ္လာန် တို့သည် သင့်ရဟန်းပရိသတ်တို့ကို ခေါ်ဆောင်ယူငင်၍ သွားကြလေကုန်ပြီ။ ငါသည် အသင့်ကို "ငါ့ရှင် ဒေဝဒတ်၊ သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့နှင့် အကျွမ်းမဝင်လေလင့်။ သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့သည် ယုတ်မာသော အလိုဆိုးရှိကြကုန်၏။ ယုတ်မာသော အလိုဆိုးတို့၏ နိုင်ငံသို့ လိုက်တတ်ကြကုန်၏'ဟု ငါပြောကြားဖူးသည် မဟုတ်တုံလော"ဟု ပြောဆိုပြီးလျှင် ပုဆစ်ဒူးဖြင့် ရင်ဝလယ်ကို ပုတ်ခတ်ကန်ကျောက်လေ၏။ ထိုနေရာအရပ်၌ ပင် ရှင်ဒေဝဒတ်အား လောလောဆယ်ပူသော သွေးစိမ်းသည် ခံတွင်းမှ ဖျို့အန်လေ၏။

----- x -----

## (၁၆) ရဟန်းအပေါင်းခြံရံလျက် ကြွလာတော်မူသော အရှင်သာရိပုတ္တရာကို ရဟန်းအများ ချီးမွမ်းထောမနာ ပြုကြခြင်း

ရဟန်းသံဃာအပေါင်း ခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွတော်မူလာသော အရှင်သာရိပုတ္တရာကို မြင်ကြ၍ ရဟန်းတို့သည် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာသည် ကြွသွားတော်မူသောအခါ မိမိကိုယ်လျှင် ၂-ယောက်မြောက်သာ ကြွသွားတော်မူကာ ဤယခု ပြန်ကြွလာသောအခါ များစွာသော အခြံအရံရှိသည်ဖြစ်၍ ပြန်ကြွလာ၏။ တင့်တယ်လှပါသည်ဘုရား"ဟု လျှောက်ကြားကြကုန်သည်ရှိသော် ဘုရားရှင်သည် "ချစ်သားရဟန်းတို့၊ ချစ်သားသာရိပုတ္တရာသည် ယခုအခါ၌သာလျှင် တင့်တယ်သည် မဟုတ်သေး။ ရှေးရှေးသောအခါကာလ တိရစ္ဆာန်အမျိုး၌ ဖြစ်စဉ်ကလည်း ငါ၏ချစ်သား သာရိပုတ္တရာသည် ငါ့အထံသို့ လာလတ်သည်ရှိသော် တင့်တယ်သည်သာလျှင်တည်း" ဟု မိန့်တော်မူကာ –

> (၈) ဟောတိ သီလဝတံ အတ္ထော၊ ပဋိသန္ထာရဝုတ္တိနံ။
> လက္ခဏံ ပဿ အာယန္တံ၊ ဉာတိသံဃပုရက္ခတံ။
> အထ ပဿသိ'မံ ကာဠံ၊ သုဝိဟီနံဝ ဉာတိဘိ။ ။

ဟူသော ဤဧကနိပါတ်၊ လက္ခဏဇာတ်တော်ကို ဟောကြားတော်မူလေ၏။

သီလဝတံ-သီလဝန္တာနံ၊ အကျင့်သီလအာစာရ ရှိကြပေကုန်သော။ ပဋိသန္ထာရ-ဝုတ္တိနံ၊ ဓမ္မ,အာမိသ၊ ၂-ရပ်တို့ဖြင့်၊ စေ့စပ်သော ဖြစ်ခြင်းရှိကြကုန်သော ပညာရှင်တို့အား။ အတ္ထော၊ ဖြာဖြာအကျိုး ပွါးတိုးခြင်းသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေ၏။ ဉာတိသံဃ-ပုရက္ခတံ၊ ဆွေမျိုးသားသမင်အပေါင်း ခြံရံလျက်။ အာယန္တံ၊ ရှေးရှုလာသော။ လက္ခဏံ၊ လက္ခဏမည်သည့်၊ သမင်ပညာရှိကို။ ပဿ၊ စေ့စေ့ငုငု၊ ကြည့်ရှုစမ်းပါလော့။ အထ၊ ထိုမှတပါး။ ဉာတိဘိ၊ ဆွေမျိုးသမင်အပေါင်းတို့မှ။ သုဝိဟီနံဝ၊ လွန်စွာကင်းပြတ်၊ ဆုတ်ယုတ်ပျက်စီး၍သာလျှင်။ ဧကံ၊ အဖော်မမှီး၊ ၁-ကောင်ထီးတည်းသာလျှင်။ အာယန္တံ၊ ရှေးရှုလာသော။ ဣမံ ကာဠံ၊ ဤကာဠမည်သော သမင်မိုက်ကို။ ပဿသိ၊ စေ့စေ့ငုငု၊ ကြည့်ရှုစမ်းပါလော့။

----- x -----

## (၁၇) ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ များစွာသော ဇာတ်တော်များကို ဟောကြားတော်မူခြင်း

ထို့နောက် တဖန် ရဟန်းတို့သည် "မြတ်စွာဘုရား၊ ဒေဝဒတ်သည် အဂ္ဂသာဝက ၂-ပါးတို့ကို လက်ဝဲ, လက်ယာ နံပါး ၂-ဖက်တို့၌ နေစေ၍ 'ဘုရားရှင်၏ တင့်တယ်စံပယ်ခြင်းဖြင့် တရားဟောအံ့'ဟု ရှင်တော်မြတ်ဘုရားတို့၏ အမူအရာကို အတုလိုက်၍ ပြုလုပ်ပါသည်ဘုရား"ဟု လျှောက်ကြားသည်ရှိသော် "ချစ်သား ရဟန်းတို့၊ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် အတုလိုက်၍ ပြုသည်မဟုတ်သေး။ ရှေးအခါ၌လည်း ငါဘုရား၏ အပြုအမူကို အတုလိုက်၍ ပြုခြင်းငှာ လုံ့လပြုဖူးသည်သာတည်း။ ထိုသို့ လုံ့လပြုသော်လည်း မတတ်နိုင်သည်သာတည်း"ဟု မိန့်တော်မူကာ --

(ဃ) **အပိ ဝီရက ပဿေသိ၊ သကုဏံ မဉ္ဇုဘာဏကံ။**
**မယူရဂီဝသင်္ကာသံ၊ ပတိံ မယှံ သဝိဋ္ဌကံ။ ။**

(င) **ဥဒကထလစရဿ ပက္ခိနော၊ နိစ္စံ အာမကမစ္ဆဘောဇိနော။**
**တဿာ'နုကရံ သဝိဋ္ဌကော၊ သေဝါလေ ပလိဂုဏ္ဌိတော မတော။ ။**

ဤသို့ **အစရှိသည်ဖြင့် ဤဒုကနိပါတ်၊ ဝီရကဇာတ်ကို** ဟောကြားတော်မူလေ၏။

(ဃ) ဝီရက၊ အရှင်ဝီရက။ အပိ၊ မလွဲကေန်၊ **အမှန်စင်စစ်**။ မဉ္ဇုဘာဏကံ၊ သာယာကြည်နူး၊ တွန်မြူးတတ်သော အသံရှိသော။ မယူရဂီဝသင်္ကာသံ၊ ဥဒေါင်း၏ လည်ပင်းပမာ ညိုစွာသောအဆင်းဖြင့် ကြော့ရှင်းသော လည်ပင်းလည်း ရှိထသော။ သဝိဋ္ဌကံ၊ သဝိဋ္ဌက **အမည်ရသော**။ မယှံ၊ ကျွန်တော်မ၏။ ပတိံ၊ ငယ်ကကျွမ်းဝင်၊ လွန်ချစ်ခင်သည့်၊ လင်ဖြစ်သော။ သကုဏံ၊ ကျီးငှက်မင်းကို။ တွံ၊ သင်သည်။ ပဿေသိ၊ အမှတ်ထင်ထင်၊ တွေ့မြင်လိုက်ပါ၏လော။

(င) ကာကိ၊ **အို-ကျီးမ။ နိစ္စံ၊ အမြဲမပြတ်**။ အာမကမစ္ဆဘောဇိနော၊ သားစိမ်း, ငါးစိမ်းကို စားလေ့ရှိထသော။ ဥဒကထလစရဿ၊ ရေလမ်း,ကြည်းလမ်း ၂-ပြင်၌ ကျင်လည်ကျက်စား သွားလာလေ့ရှိထသော။ တဿ တာဒိသဿ၊ ထိုသို့ သဘောရှိသော။ ပက္ခိနော၊ ငှက်၏။ ဝါ၊ ငှက်သို့။ အနုကရံ-အနုကရန္တော၊ ကြံဆောင်ကြည့်ရှု၊ အတုလိုက်၍ပြုသော။ သဝိဋ္ဌကော၊ သဝိဋ္ဌကမည်တွင်၊ သင့်ချစ်လင်သည်။ သေဝါလေ၊ ရေအိုင်ပေါက်ပွါး၊ မှော်အကြား၌။ ပလိဂုဏ္ဌိတော၊ လက်,ခြေ,အတောင်၊ ကုန်အောင်ကပ်ငြိလျက်။ မတော၊ စုတိပျက်ကြွေ၊ သေလွန်ခဲ့လေ၏။

ထို-နောက်နေ့တို့၌လည်း ဆက်ကာဆက်ကာ ထိုသို့သဘောရှိသည်သာလျှင် ဖြစ်သောစကားကို အကြောင်းပြု၍-

(၈) အစာရိ ဝတာ'ယံ ဝိတုဒံ ဝနာနိ၊ ကဋ္ဌင်္ဂရုက္ခေသု အသာရကေသု။
အထာ'သဒါ ခဒိရံ ဇာတသာရံ၊ ယတ္ထ'ဗ္ဘိဒါ ဂရုဠော ဥတ္တမင်္ဂံ။ ။

(၉) လသီ စ တေ နိပ္ပလိတာ၊ မတ္ထကော စ ပဒါလိတော။
သဇ္ဇာ တေ ဖာသုကာ ဘဂ္ဂါ၊ အဇ္ဇ ခေါ တွံ ဝိရောစသိ။ ။

ဤသို့ အစရှိကုန်သော ဒုကနိပါတ်၊ ကလန္ဒကဇာတ်, ဧကနိပါတ်၊ ဝိရောစနဇာတ်တို့ကို ဟောကြားတော်မူလေ၏။

(၈) ဘော ကလန္ဒက၊ အို-ကလန္ဒက။ ဂရုဠော၊ ထက်တန်းသတ်မှတ်၊ ငှက်မြတ်ဖြစ်သော။ အယံ ဤဒိသော၊ ဤသို့သဘောရှိသော။ တွံ၊ သင်သည်။ ဝနာနိ၊ အနှစ်မဲ့သော၊ လက်ပံတော, ကသစ်တောတို့ကို။ ဝိတုဒံ ဝိတုဒန္တော၊ နှုတ်သီးဖြင့်တောက်၊ ထွင်းကာဖောက်လျက်။ အသာရကေသု၊ အနှစ်ကင်းသည့်၊ လက်ပံ,ကသစ်-အစရှိကုန်သော။ ကဋ္ဌင်္ဂရုက္ခေသု၊ အသုံးမဝင်၊ တောထင်းပင်တို့၌။ ဝတ၊ စင်စစ်ဧကန်။ အစရိ ကျင်လည်ကျက်စား၊ သွားလာလှည့်လည်လှလေပြီ။ အထ၊ ထိုအနှစ်မဲ့တောဝယ်၊ ကျင်လည်ပြီးရာ၊ နောက်အခါမှ။ ဇာတသာရံ၊ ဇာတ်အားစင်စစ်၊ ပင်ကိုအနှစ်ရှိသော။ ခဒိရံ၊ ရှားတောသို့။ အာသဒါ၊ ရောက်လာပြီး၍။ ယတ္ထ၊ အကြင်သစ်ပင်၌။ တွံ၊ သင်သည်။ ဥတ္တမင်္ဂံ၊ ဦးခေါင်းကို။ အဗ္ဘိဒါ၊ တိုက်ခွဲလေပြီ။ သော ရုက္ခော၊ ထိုသစ်ပင်သည်။ ခဒိရော နာမ၊ ပင်ကိုစင်စစ်၊ အနှစ်ပေါ်များသည့် ရှားပင်မည်လေ၏။

(၉) ဇမ္ဗုက၊ အို-မြေခွေး။ တေ၊ သင်မြေခွေး၏။ လသီ စ၊ ဦးနှောက်သည်လည်း။ နိပ္ပလိတာ၊ ယိုစီးထွက်ကျလေ၏။ မတ္ထကော စ၊ ဦးခေါင်းသည်လည်း။ ပဒါလိတော၊ ကွဲခဲ့လေ၏။ တေ၊ သင်မြေခွေး၏။ သဗ္ဗာ ဖာသုကာ၊ အလုံးစုံသော နံရိုးတို့သည်။ ဘဂ္ဂါ၊ ကျိုးပျက်လေကုန်ပြီ။ အဇ္ဇ ခေါ၊ ယခုပင်လျှင်။ တွံ၊ သင်မြေခွေးသည်။ ဝိရောစသိ၊ ရှုချင်စဖွယ်၊ တင့်တယ်လှပေ၏။

ထို့နောက်တဖန် "ဒေဝဒတ်သည် သူပြုဖူးသော ကျေးဇူးကို မသိတတ်"ဟူသောစကားကို အကြောင်းပြု၍-

(၁၀) အကရမှသ တေ ကိစ္စံ၊ ယံ ဗလံ အဟုဝမှသေ။
မိဂရာဇ နမော တျ'တ္ထု၊ အပိ ကိဉ္စိ လဘာမသေ။ ။

(ဈ) မမ လောဟိတဘက္ခဿ၊ နိစ္စံ လုဒ္ဒါနိ ကုဗ္ဗတော။
ဒန္တဿ္ဆရဂတော သန္တော၊ တံ ဗဟုံ ယမ္ပိ ဇီဝသိ။ ။

ဤသို့ အစရှိသော စတုက္ကနိပါတ်၊ သကုဏဇာတ်ကို ဟောကြားတော်မူ၏။

(ဇ) မိဂရာဇ၊ သားတို့သနင်း၊ အရှင်ခြင်္သေ့မင်း။ အမှာကံ၊ ငါတို့အား။ ယံ ဗလံ၊ အကြင် ခွန်အားသည်။ အဟုဝမှသော၊ ဖြစ်ပြီ။ တေန ဗလေန၊ ထိုခွန်အားဖြင့်။ တေ၊ သင်ခြင်္သေ့၏။ ကိစ္စံ၊ ဆောင်ရွက်ဖွယ်စု၊ ၁-ခုသောကိစ္စကို။ မယံ၊ ငါတို့သည်။ အကရမှသော၊ ပြုရလေကုန်ပြီ။ တေ၊ သင်ခြင်္သေ့မင်းအား။ မမ၊ အကျွန်ုပ်၏။ နမော၊ ဦးညွှတ်ရိုကျိုး၊ ရှိခိုးခြင်းသည်။ အတ္ထု၊ စင်စစ်မသွေ၊ ဖြစ်ပါစေသတည်း။ ကိဉ္စိ၊ တစ်စုံတစ်ခုသော စားသောက်စရာ အမဲကို။ အပိ လဘာမသော၊ ရနိုင်ကုန်ငြားအံ့လည်း မသိ။

(ဈ) နိစ္စံ၊ နေ့နေ့ညည၊ ကာလမစဲ၊ အမြဲသာလျှင်။ လုဒ္ဒါနိ၊ ရက်စက်ကြမ်းကြုတ်၊ ခက်ထန်သော အမှုလုပ်တို့ကို။ ကုဗ္ဗတော၊ ပြုလုပ်တတ်သော။ လောဟိတဘက္ခဿ၊ အသွေး,အသားကို စားသောက်လေ့ရှိသော။ မမ၊ ငါ၏။ ဒန္တန္တရဂတော၊ သွားကြားသို့ ရောက်သည်။ သန္တော၊ ထင်ရှားဖြစ်လျက်။ တွံ၊ သင်သည်။ ယမ္ပိ ဇီဝသိ၊ အကြင်ကြောင့် အသက်ရှင်၍ နေရ၏။ တံ၊ ထိုသို့ အသက်ရှင်၍ နေရခြင်းသည်။ ဗဟုံ၊ ကျေးဇူးပြုနိုင်မှုပွါး၊ များလှလေပြီ။

ဤသို့ အစရှိသော ဇာတ်တို့ကို ဟောကြားတော်မူပြီးနောက် တဖန်သတ်ခြင်းငှာ လုံ့လပြုသည်ကို အကြောင်းပြု၍ —

(ည) ဉာတ'မေတံ ကုရုင်္ဂဿ၊ ယံ တွံ သေပဏ္ဏိ သိယျသိ။
အညံ သေပဏ္ဏိ ဂစ္ဆာမိ၊ န မေ တေ ရုစ္စတေ ဖလံ။ ။

ဤသို့ အစရှိသော ဧကနိပါတ်၊ ကုရုင်္ဂဇာတ်ကို ဟောကြားတော်မူလေ၏။

(ည) သေပဏ္ဏိ၊ ယမနေပင်။ တွံ၊ သင်သည်။ ဖလံ၊ အသီးကို။ ယံ၊ အကြင်အကြောင်းကြောင့်။ သိယျသိ၊ ငါ၏ရှေ့သို့ ဖရိုဖရဲ ကြဲဖြန့်ဘိ၏။ ဧတံ၊ ထိုအကြောင်းသည်။ ကုရုင်္ဂဿ၊ ဆတ်အား။ ဉာတံ၊ သိသာထင်ရှားပြီ။ တေ၊ သင်-ယမနေပင်၏။ ဖလံ၊ အသီးကို။ မေ မယာ၊ ငါသည်။ န ရုစ္စတေ၊ မနှစ်သက်အပ်။ သေပဏ္ဏိ၊ ယမနေပင်။ အညံ၊ တပါးသော။ ရုက္ခံ၊ သစ်ပင်သို့။ အဟံ၊ ငါသည်။ ဂစ္ဆာမိ၊ သွားတော့အံ့။

ဤသို့ ဟောကြားတော်မူပြီးနောက် တဖန် မိုးသောက်သောနေ့၌ "ဒေဝဒတ်သည် လာဘ်ပူဇော်သက္ကာရမှလည်းကောင်း, ရဟန်းအဖြစ်မှလည်းကောင်း ၂-ပါးစုံသော အကျိုးစီးပွါးတို့မှ ဆုတ်ယုတ်လေ၏"ဟူသော စကားတို့ ဖြစ်ကုန်သည်ရှိသော် "ချစ်သား ရဟန်းတို့

ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ဆုတ်ယုတ်သည် မဟုတ်သေး။ ရှေးအခါ၌ကလည်း ဆုတ်ယုတ်ဖူးသည်သာတည်း"ဟု မိန့်တော်မူပြီးလျှင်–

(၄) အက္ခီ ဘိန္နာ ပဋော နဋ္ဌော၊ သခိ ဂေဟေ စ ဘဏ္ဍနံ။
ဥဘတော ပဒုဋ္ဌာ ကမ္မန္တာ၊ ဥဒကမှိ ထလမှိ စ။ ။

ဤသို့ အစရှိသော ဧကနိပါတ်၊ ဥဘတောဘဋ္ဌဇာတ်-စသည်တို့ကို ဟောကြားတော်မူ၏။

(၄) ဘော ပုရိသ၊ အိုး-ယောကျ်ား။ တေ၊ သင်၏။ အက္ခီ၊ နှစ်မြို့မဆုံး မျက်စိ ၂-လုံးတို့သည်။ ဘိန္နာ၊ ကွဲပေါက်ခဲ့ကုန်ပြီ။ ပဋော၊ အဝတ်ပုဆိုးသည်။ နဋ္ဌော၊ ပျောက်ခဲ့လေပြီ။ ဂေဟေ စ၊ အိမ်၌လည်း။ သခိ၊ အဆွေသက်ထား၊ အိမ်သူမယားသည်။ ဘဏ္ဍနံ၊ အိမ်နီးချင်းမနှင့် ခိုက်ရန်ဖြစ်ပွါးခြင်းကို။ အကာ၊ ပြုပြီ။ ဥဒကမှိ စ၊ ရေ၌လည်းကောင်း။ ထလမှိ စ၊ ကြည်းကုန်းထက်၌လည်းကောင်း။ ဥဘတော၊ ၂-ပါးစုံသောအရပ်တို့၌။ ကမ္မန္တာ၊ အမှုကိစ္စ၊ အဝဝတို့သည်။ ပဒုဋ္ဌာ၊ အချည်းအနှီး၊ ပျက်စီးရကုန်ပြီ။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ နေတော်မူလျက်ပင်လျှင် ဒေဝဒတ်ကို အကြောင်းပြု၍ များစွာသော ဇာတ်တော်တို့ကို ဟောကြားတော်မူကာ ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ကြွတော်မူပြီးလျှင် ဇေတဝန်ကျောင်းတော်၌ မျှညီစွာပြုး၊ သီတင်းသုံးနေတော်မူလေ၏။

----- x -----

## (၁၈) ဒေဝဒတ်သည် ဘုရားရှင်ကို ဖူးမြင်လိုခြင်း

ဒေဝဒတ်သည်လည်း ၉-လတို့ပတ်လုံး မကျန်းမမာ အနာရောဂါ စွဲကပ်နေပြီး နောက်ဆုံး သေလွန်ခါနီး အခါကာလ၌ ဘုရားရှင်ကို ဖူးမြင်လိုရကား မိမိ၏တပည့်တို့ကို ခေါ်ယူပြီးလျှင် "ငါသည် ဘုရားရှင်ကို ဖူးမြင်လို၏။ ထိုဘုရားရှင်ကို ငါ့အား ဖူးမြင်ရန် ပြကြကုန်လော့"ဟု ပြောဆိုလေလျှင် "သင်သည် ဖူးမြင်ခြင်းငှာ စွမ်းဆောင်နိုင်သည့်အခါကာလ၌ ဘုရားရှင်နှင့် အတူတကွ ရန်သူဖြစ်၍ လှည့်လည်ဘိ၏။ ငါတို့သည် ဘုရားရှင်အထံသို့ ပို့ဆောင်ခြင်းငှာ မဝံ့ကြပါ"ဟု ပြောဆိုသည်ရှိသော် "ငါ့ကို မဖျက်ဆီးကြပါကုန်လင့်။ ငါသည် ဘုရားရှင်၌ ရန်ငြိုးဖွဲ့ကာ ပြစ်မှားမိခဲ့ပါပြီ။ လူ့နတ်တို့၏ဆရာ ဘုရားရှင်ကိုယ်တော်မြတ်သည်ကား ငါ့အပေါ်၌ ဆံဖျားမျှသော်လည်း ရန်ငြိုးဖွဲ့ခြင်း အလျှင်းမရှိပေ။ မှန်၏။

ထိုဘုရားရှင်သည်–

(၅) ဝဓကေ ဒေဝဒတ္တမှိ၊ စောရေ အင်္ဂုလိမာလကေ။
မနုပါလေ ရာဟုလေ စ၊ သဗ္ဗတ္ထ သမမာနသော။ ။

(၅) ဗုဒ္ဓေါ၊ သစ္စာ ၄-ပါး၊ မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ သိမြင်ပေပြား၊ ရှင်တော်မြတ်ဘုရားသည်။ ဝဓကေ၊ အစွယ်ချွန်စူး၊ အရက်မူးသည့်၊ မိုက်ရူးကြမ်းစွာ၊ နာဠာဂိရိ၊ မည်ရှိကျော်ဟီး၊ ဆင်ပြောင်ကြီးကို၊ စေပြီးအခါ၊ ဝေဘာတောင်မှ၊ ကျောက်ချပစ်ခတ်၊ အသေသတ်သော။ ဒေဝဒတ္တမှိ စ၊ အင်္ဂမဟေသီ၊ ဒေဝီအကျော်၊ မယ်ယသော်၏၊ မောင်တော်ဖြစ်လတ်၊ ယောက်ဖတော် ဒေဝဒတ်၌လည်းကောင်း။ စောရေ၊ ၃-ယူဇနာ၊ ဝေးကွာခရီး၊ တဟုန်တည်းဖြင့်၊ ပြေးပြီးသွားနိုင်၊ စွမ်းခိုင်အားရှိ၊ သတ္တိဗလ၊ ပြည့်ဝကဲပို၊ တောမြိုင်ညိုမှ၊ လူကိုလည်းသတ်၊ လက်ညှိုးဖြတ်နှင့်၊ ထပ်ထပ်ဆိုးသွမ်း၊ ကြမ်းတမ်းလှစွာ၊ သူခိုး,ဓားပြကြီးဖြစ်သော။ အင်္ဂုလိမာလကေ စ၊ သီကုံးသွယ်တန်း၊ လက်ချောင်းပန်းကို၊ ဆင်မြန်းဆောင်သည့်၊ အင်္ဂုလိမာလ၌လည်းကောင်း။ မနုပါလေ စ၊ ဘုရားရှင်မြတ်၊ ဝိညာဉ်ပြတ်အောင်၊ သတ်အံ့သောငှာ၊ ရှေးရှုလာလျက်၊ မာန်အမျက်နှင့်၊ ထန်တက်ကြမ်းစွာ၊ ရောက်ရှိလာသည့်၊ နာဠာဂိရိ၊ မည်ရှိကျော်တွင်၊ မနုပါလဆင်၌လည်းကောင်း။ ရာဟုလေ စ၊ ရင်သွေးတော်စစ်၊ ဇကန်ဖြစ်လတ်၊ သားမြတ်မဟာ၊ ရာဟုလာ၌လည်းကောင်း။ သဗ္ဗတ္ထ၊ ရင်သွေး,ရန်သူ၊ ခပ်သိမ်းသောသူတို့၌။ သမမာနသော၊ မကွဲမပြား၊ အညီထားကာ၊ တူမျှသော မေတ္တာစိတ်ဖြင့်၊ ယိုဖိတ်သောနှလုံး ရှိတော်မူပေ၏။

“ငါ့အား ဘုရားရှင်ကို ပြကြကုန်လော့”ဟု အဖန်ဖန် တောင်းပန်သောအခါ ထိုရှင်ဒေဝဒတ်ကို ခုတင်ညောင်စောင်းဖြင့် ထမ်းဆောင်ယူငင်၍ ထွက်ခဲ့ကြကုန်၏။ ထိုရှင်ဒေဝဒတ်၏ ဘုရားရှင်အထံ လာသောအဖြစ်ကို ကြားသိရ၍ ရဟန်းတို့သည် “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရှင်ဒေဝဒတ်သည် ရှင်တော်မြတ်ဘုရားတို့အား ဖူးမြင်အံ့သောငှာ လာပါသတတ်”ဟု ဘုရားရှင်အား လျှောက်ကြားကြကုန်၏။ ထိုအခါ “ချစ်သားရဟန်းတို့၊ ဒေဝဒတ်သည် ဤဘဝ, ဤခန္ဓာကိုယ်ဖြင့် ငါဘုရားကို ဖူးမြင်ခြင်းငှာ ရတော့မည်မဟုတ်”ဟု မိန့်တော်မူလေ၏။

(ဒေဝဒတ်သည် ၅-ပါးသောဝတ္ထုတို့ကို တောင်းဆိုပြောကြားသောအခါမှစ၍ နောက်ထပ် တဖန်ဘုရားရှင်ကို ဖူးမြော်ခွင့် မရနိုင်တော့ပေ။ ဤကား ဓမ္မတာသဘောပင် ဖြစ်၏။)

ရဟန်းတို့သည် “မြတ်စွာဘုရား၊ ဒေဝဒတ်သည် ဤမည်, ဤမည်သော အရပ်သို့ ရောက်လာပါပြီဘုရား”ဟု လျှောက်ကြားကြသောအခါ “ပြုလိုရာ ပြုသည်ဖြစ်စေ၊ ထိုဒေဝ-

ဒတ်သည် ငါဘုရားကို ဖူးမြော်ခြင်းငှာ ရလိမ့်မည်မဟုတ်"ဟု မိန့်တော်မူ၏။ "မြတ်စွာဘုရား၊ ဤအရပ်မှ ၁-ယူဇနာမျှလောက်သော အရပ်သို့ ရောက်လာပါပြီ၊ ယူဇနာဝက်မျှလောက်သောအရပ်သို့ ရောက်လာပါပြီ၊ ၁-ဂါဝုတ်မျှလောက်သော အရပ်သို့ ရောက်လာပါပြီ၊ ဇေတဝန်ကျောင်းတော် ရေကန်ကြီး၏ အနီးသို့ ရောက်လာပါပြီဘုရား"ဟု လျှောက်ကြားကြကုန်၏။ "ချစ်သား ရဟန်းတို့၊ ဇေတဝန်ကျောင်းတော်၏အတွင်းသို့ အကယ်၍ ဝင်ရောက်လာစေကာမူ ငါဘုရားကို ဖူးမြော်ခြင်းငှာ ရရှိနိုင်လိမ့်မည်မဟုတ်"ဟု မိန့်တော်မူလေ၏။

----- x -----

## (၁၉) ဒေဝဒတ် မြေမျိုခြင်း

ဒေဝဒတ်ကို ထမ်းဆောင်၍ လာကြကုန်သော သူတို့သည် ဇေတဝန်ကျောင်းတော် ရေကန်၏ ကမ်းနား၌ ညောင်စောင်းကို ချ၍ ရေချိုးခြင်းငှာ ရေကန်သို့ သက်ဆင်းကြကုန်၏။ ဒေဝဒတ်သည်လည်း ညောင်စောင်းမှ ထ၍ ခြေ ၂-ဖက်တို့ကို မြေကြီး၌ ချထား၍ နေ၏။ ထိုအခါ ခြေ ၂-ဖက်တို့သည် မြေထဲသို့ ဝင်ကုန်၏။ ထိုဒေဝဒတ်သည် အစဉ်အတိုင်း ခြေဖမျက်တိုင်အောင်, ပုဆစ်ဒူးတိုင်အောင်, ခါးတိုင်အောင်, သားမြတ်တိုင်အောင်, လည်ပင်းတိုင်အောင် ဝင်၍ မေးရိုး၏ မြေထဲသို့ ဝင်အံ့ဆဲဆဲသောအခါ၌–

(၃) ဣမေဟိ အဋ္ဌိဟိ တ'မဂ္ဂပုဂ္ဂလံ၊ ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။
သမန္တစက္ခုံ သတပုညလက္ခဏံ၊ ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ။ ။

ဟူသော ဤဂါထာကို ရွတ်ဆိုလေ၏။ *(သရဏဂတောသမ္ဘိ)*

(၃) အဂ္ဂပုဂ္ဂလံ၊ လူ,နတ်,ပြဟ္မာ၊ ဘုံတကာတွင်၊ လွန်စွာမြတ်ထူး၊ အမြတ်မျိုး-ဟု၊ ဘွဲ့ထူးသတ်မှတ်၊ ထိုထိုပုဂ္ဂိုလ်မြတ်တို့ထက်၊ ဆထက်လွန်ကြူး၊ အထူးသဖြင့်၊ မြင့်မြတ်တော်မူပေထသော။ ဒေဝါတိဒေဝံ၊ ရှိသမျှဉသုံ၊ နတ်လုံးစုံတို့၏၊ ညွတ်ရုံဦးချ၊ ပူဇော်ရသည့်၊ လောကဒေဝရာဇ်၊ နတ်မင်းကြီးလည်း ဖြစ်တော်မူပေထသော။ နရဒမ္မသာရထိံ၊ ဆုံးမသင့်ရာ၊ သတ္တဝါကို၊ ဖန်ခါခါယဉ်ကျေးအောင်လည်း၊ သင်ပေးပြသ၊ ဆုံးမတော်မူပေထသော။ ဝါ၊ လူ,နတ်,ပြဟ္မာ၊ သတ္တဝါကို၊ နတ်ရွာ,နိဗ္ဗာန်၊ လမ်းဖြောင့်မှန်ဖြင့်၊ ရောက်ရန်ဆုံးမ၊ ဟောညွှန်ပြရာ၊ ကောင်းစွာထိန်းသိမ်း၊ လမ်းမတိမ်းရအောင်၊ ရထားထိန်းသဖွယ်လည်း ဖြစ်တော်မူပေထသော။ သမန္တ စက္ခုံ၊ အကြွင်းမရှိ၊ အကုန်သိမြင်၊ သဗ္ဗညုတဉာဏ်တော်ရှင်လည်း ဖြစ်တော်မူပေထသော။ ဝါ၊ စကြဝဠာ၊ ကမ္ဘာလောကဓာတ်၊ မလပ်မကြွင်း၊ ထင်းထင်းမြင်ဘိ၊ ထက်ဝန်း

ကျင် သိမြင်တော်မူခြင်းငှာ စွမ်းနိုင်တော်မူသည့် သဗ္ဗညုတဉာဏ်တော်လည်း ရှိတော်မူပေထသော။ သတပုညလက္ခဏာ၊ အရာမက၊ များပြားလှ၍၊ မရတွက်ကျုံး၊ မဆုံးမကုန်၊ အနန္တဘုန်းဂုဏ် လက္ခဏာတော်နှင့်လည်း ပြည့်စုံတော်မူပေထသော။ တံ ဗုဒ္ဓံ၊ တု၍မနိုင်၊ ပြိုင်ဘက်မရှိ၊ အတိဥက္ကဋ္ဌ၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကို။ ဣမေဟိ အဋ္ဌီဟိ၊ ခန္ဓာအတွင်း၊ ဖွဲ့တင်းယှက်ကာ၊ ၃၀၀-မျှသော ဤအရိုးတို့ဖြင့်လည်းကောင်း။ ဣမေဟိ ပါဏေဟိ၊ စုတိပျက်ကြွေ၊ နီးကပ်နေလျက်၊ ဤအသက်တို့ဖြင့်လည်းကောင်း။ သရဏံ၊ ဇေတဝန်မည်တွင်၊ ကျောင်းတွင်းဝင်၍၊ ဦးတင်ညွတ်ခ၊ ဖူးလိုလှလည်း၊ မရတော့ပါ၊ အားထားကိုးကွယ်ရာ၊ ဟူ၍သာလျှင်။ ဥပေမိ၊ ဂုဏ်တော်ထင်မှတ်၊ ပုံတော်ဒြပ်ကို၊ လေးမြတ်အစဉ်၊ ကျောင်းတော်ပြင်မှ၊ စိတ်တွင်ရည်မှတ်၊ ဆည်းကပ်ဖန်ခါ၊ ကန်တော့လိုက်ရပါတော့သည် မြတ်စွာဘုရား။

ဤသို့သော အကြောင်းဖြစ်အင်ကို သိမြင်တော်မူသောကြောင့် ဘုရားရှင်သည် ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူသတတ်။ ထိုစကားကို ထင်ရှားပြဦးအံ့။ ထို“ဒေဝဒတ်သည် အကယ်၍ ရဟန်းပြုမပေးသည် ဖြစ်အံ့၊ လူဖြစ်၍ ကြီးလေးသောကံကိုလည်း ပြုလတ္တံ့၊ နောင်အခါ၌ ဘဝမှ လွတ်မြောက်ခြင်း၏အကြောင်းကို ပြုခြင်းငှာလည်း မစွမ်းနိုင်သည် ဖြစ်လတ္တံ့။ ရဟန်းပြု၍သော်ကား ကြီးလေးသောကံကို အကယ်၍ပင် ပြုမိငြားသော်လည်း နောင်အခါ ဘဝမှ ထွက်မြောက်ခြင်း၏အကြောင်းကို ပြုခြင်းငှာ စွမ်းနိုင်ပေလတ္တံ့”ဟု ဤကဲ့သို့သော အကြောင်းဖြစ်အင်ကို မြင်တော်မူ၍ ဘုရားရှင်သည် ထိုဒေဝဒတ်ကို ရဟန်းပြုပေးတော်မူခြင်း ဖြစ်၏။ မှန်၏။ ထိုရှင်ဒေဝဒတ်သည် ဤကမ္ဘာမှ ရေသည်ရှိသော် (ရှေ့လာမည့်) ကမ္ဘာ ၁-သိန်းထက်၌ အဋ္ဌိဿရအမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့။

----- x -----

## (၂၀) ရှင်ဒေဝဒတ် အဝီစိငရဲ၌ ကျရောက်ခြင်း

ထိုရှင်ဒေဝဒတ်သည် မြေသို့ဝင်၍ အဝီစိငရဲ၌ ကျရောက်လေ၏။ “တုန်လှုပ်ခြင်းမှ ကင်းပတော်မူသော ဘုရားရှင်၌ ပြစ်မှားခြင်းကြောင့် မတုန်မလှုပ်သာလျှင်ဖြစ်၍ ကျက်စေသတည်း”ဟု စီရင်ဘိသကဲ့သို့ ယူဇနာ ၁၀၀-ရှိသော အဝီစိငရဲအတွင်း၌ ယူဇနာ ၁၀၀-အစောက်မြင့်သည်သာလျှင်ဖြစ်သော ထိုဒေဝဒတ်၏ ကိုယ်ခန္ဓာသည် ဖြစ်လေ၏။

- ဦးခေါင်းသည် နားရွက်စွန်းတိုင်အောင် အထက်-သံဒယ်အိုးကင်း၌ စူးဝင်လေ၏။
- ခြေတို့သည် ဖမျက်တိုင်အောင် အောက်-သံမြေပြင်၌ စူးဝင်လေ၏။

- ထန်းပင်လုံးပမာဏရှိသော သံတံကျင်သည် နောက်နံရံမှ ထွက်၍ ကျောက်ကုန်း၏ အလယ်၌ ဖောက်ခွဲစူးဝင်လျက် ရင်ဖြင့် ထွက်ပြီးလျှင် ရှေ့နံရံ၌ စူးဝင်လေ၏။
- တပါးသော သံတံကျင်သည် တောင်ဘက်နံရံမှ ထွက်၍ လက်ယာနံဘေးကို ဖောက်ခွဲစူးဝင်လျက် လက်ဝဲနံဘေးဖြင့် ထွက်ပြီးလျှင် မြောက်ဘက်နံရံ၌ စူးဝင်လေ၏။
- တပါးသော သံတံကျင်သည်လည်း အထက် ဒယ်အိုးကဲ့သို့သော သံပြားအမိုးမှ ထွက်လာ၍ ဦးထိပ်ထက်၌ ဖောက်ခွဲစူးဝင်လျက် အောက်အဖို့ဖြင့် ထွက်ပြီးလျှင် သံမြေသို့ စူးဝင်လေ၏။

ဤသို့ ဒေဝဒတ်သည် ထိုအဝီစိငရဲကြီး၌ မတုန်မလှုပ်သာလျှင် ဖြစ်၍ ကျက်ရလေ၏။

----- x -----

## (၂၁) ရှေးကလည်း မြေမျိုဖူးခြင်း

ရဟန်းတို့သည် "ဒေဝဒတ်သည် ဤမျှလောက်သောအရပ်သို့ ရောက်လာလျက်လည်း ဘုရားရှင်ကို ဖူးမြင်ခွင့် မရရှာဘဲ မြေကြီးထဲသို့သာ သက်ဝင်ရရှာလေသည်"ဟု စကားကို ဖြစ်စေကြကုန်၏။ ထိုအခါ ဘုရားရှင်သည် "ချစ်သား ရဟန်းတို့၊ ဒေဝဒတ်သည် ယခုအခါ၌သာ ငါဘုရားကို ပြစ်မှား၍ မြေမျိုသည် မဟုတ်သေးချေ။ ရှေးကလည်း မြေမျိုဖူးသည်သာလျှင်တည်း"ဟု မိန့်တော်မူ၍ ဆင်မင်းဖြစ်သောအခါ၌ မျက်စိလည်လမ်းမှားသော ယောက်ျားကို သက်သာရာရစေ၍ မိမိ၏ကျောက်ကုန်းပေါ်သို့ တင်၍ ဘေးကင်းရာအရပ်သို့ ပို့လိုက်သဖြင့် တဖန် ၃-ကြိမ်တိုင်အောင် ပြန်လာ၍ အစွယ်၏ အဖျားအရပ်၌လည်းကောင်း၊ အလယ်အရပ်၌လည်းကောင်း၊ အရင်းအရပ်၌လည်းကောင်း ဤသို့ အစွယ်ကို တောင်းဖြတ်ရာ ၃-ကြိမ်မြောက်အကျ အရင်းကို ဖြတ်ပြီးသောကာလ၌ ဘုရားအလောင်းဆင်မင်း၏ မျက်စိမြင်လောက်သောအရပ်ကို လွန်လတ်သော် ထိုယောက်ျားယုတ်၏ မြေမျိုသောအဖြစ်ကို ပြတော်မူခြင်းငှာ—

> (ပ) အကတညုဿ ပေါသဿ၊ နိစ္စံ ဝိဝရဒဿိနော။
> သဗ္ဗံ စေ ပထဝိံ ဒဇ္ဇာ၊ နေဝ နံ အဘိရာဓယေ။ ။

ဟူသော ဤဧကနိပါတ်၊ သီလဝနာဂရာဇဇာတ်ကို ဟောတော်မူလေ၏။

အကတညုဿ၊ သူတထူးပြုဖူးသော ကျေးဇူးကို မသိတတ်ထသော။ နိစ္စံ၊ နေ့နေ့ညည၊ ကာလမစဲ၊ အမြဲပင်လျှင်။ ဝိဝရဒဿိနော၊ အခွင့်ကိုသာ၊ ရှာကြံရှုကြည့်လေ့ရှိထသော။ ပေါသဿ၊ ယောက်ျားအား။ သဗ္ဗံ၊ အလုံးစုံသော။ ပထဝိံ၊ မြေအပြင်ကိုပင်။ စေ

ဒဏ္ဍာ၊ အကယ်၍ ပေးစေကာမူ။ နံ၊ ထိုသူ့ကို။ နေဝ အဘိရာဓယေ၊ အလိုပြီးလျက်၊ မနှစ်သက်စေနိုင်ရာ။

ဤသို့ ဟောကြားတော်မူပြီးနောက် တဖန်လည်း ထိုကဲ့သို့ သဘောရှိသော စကားကိုပင်လျှင် ဖြစ်စေပြန်သောကြောင့်-

- ခန္တိဝါဒိရသေ့ဖြစ်ဖူးသော မိမိ၌ ပြစ်မှားပုတ်ခတ် သတ်ဖြတ်သောကြောင့် ကလာဗုမင်းဖြစ်ဖူးသော ထိုဒေဝဒတ်၏ မြေမျိုသည့်အဖြစ်ကို ပြတော်မူခြင်းငှာ စတုက္ကနိပါတ်၊ ခန္တိဝါဒိဇာတ်ကိုလည်းကောင်း
- စူဠဓမ္မပါလမင်းသားငယ် ဖြစ်ဖူးသော မိမိ၌ ပြစ်မှားပုတ်ခတ် သတ်ဖြတ်သောကြောင့် မဟာပတာပမင်းဖြစ်ဖူးသော ထိုဒေဝဒတ်၏ မြေမျိုသည့်အဖြစ်ကို ပြတော်မူခြင်းငှာ ပဉ္စကနိပါတ်၊ စူဠဓမ္မပါလဇာတ်ကိုလည်းကောင်း ဟောကြားတော်မူလေ၏။

----- x -----

## (၂၂) ရှင်ဒေဝဒတ် မြေမျို၍ လူအများ ဝမ်းသာကြခြင်း

ရှင်ဒေဝဒတ် မြေမျိုပြီးသည်ရှိသော် လူများအပေါင်းသည် ဝမ်းမြောက်ဝမ်းသာရှိသည်ဖြစ်၍ တံခွန်, ကုက္ကား, ငှက်ပျောပင်တို့ကို စိုက်ထူစေပြီးလျှင် ရေပြည့်ကြာသွတ်အိုးတို့ကို တည်ထားကြ၍ "အို-အချင်းတို့၊ ငါတို့အား လူ့အဖြစ်ကို အရတော်လေစွတကား"ဟု ဆိုကြကာ ကြီးစွာသော ပွဲသဘင်ကို ကျင်းပခံစားကြကုန်၏။ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြားကြသောအခါ ဘုရားရှင်သည် "ချစ်သား ရဟန်းတို့၊ ယခုအခါ၌သာလျှင် ဒေဝဒတ် သေလွန်ရာ၌ လူအများ နှစ်သက်ဝမ်းမြောက်ကြသည် မဟုတ်သေး။ ရှေးအခါ၌ကလည်း နှစ်သက်ဝမ်းမြောက်ဖူးသည်သာတည်း"ဟု မိန့်တော်မူပြီးလျှင် အလုံးစုံသော လူအပေါင်း၏ မချစ်မနှစ်လိုအပ်၊ ခက်ထန်ကြမ်းကြုတ်လှသော ဗာရာဏသီပြည်၌ ပိင်္ဂလအမည်ရှိသောမင်းသည် သေလွန်သည်ရှိသော် လူများအပေါင်း၏ နှစ်သက်ဝမ်းမြောက်သည်၏အဖြစ်ကို ပြတော်မူခြင်းငှာ-

(က) သဗ္ဗော ဇနော ဟိံသိတော ပိင်္ဂလေန၊ တသ္မိံ မတေ ပစ္စယာ ဝေဒယန္တိ။
ပိယော နု တေ အာသိ အကဏှနေတ္တော၊ ကသ္မာ တုဝံ ရောဒသိ ဒွါရပါလ။

(ခ) န မေ ပိယော အာသိ အကဏှနေတ္တော၊ ဘာယာမိ ပစ္စာဂမနာယ တဿ။
ဣတော ဂတော ဟိံသေယျ မစ္စုရာဇံ သော ဟိံသိတော အာနေယျ ပုန ဣဓ။

ဟူသော ဧကဒုကနိပါတ်၊ ပိင်္ဂလဇာတ်ကို ဟောကြားတော်မူလေ၏။

(ဏ) ဒွါရပါလ၊ ဒွါရပါလ၊ နာမမည်ထူး၊ အချင်းတံခါးမှူး။ ပိင်္ဂလေန၊ ပြူးပြူးပြောင်ပြောင်၊ အထူးကြောင်သော၊ မျက်လုံးရှိသော ပိင်္ဂလမင်းသည်။ သဗ္ဗော ဇနော၊ တိုင်းသားပြည်သူ၊ ခပ်သိမ်းလူကို။ ဟိံသိတော၊ ပြစ်မဲ့သက်သက်၊ ဒေါသထွက်၍၊ ရိုက်နှက်မောင်းမဲ၊ အမြဲမပြတ်၊ ညှဉ်းဆဲအပ်၏။ တသ္မိံ၊ ကြိမ်းမောင်းရိုက်ညှဉ်း၊ ထိုပိင်္ဂလမင်းသည်။ မတော၊ ဇိဝိန်ပျက်ကြွေ၊ အသက်သေသည်ရှိသော်။ ဇနာ၊ ဗာရာဏသီပြည်သား၊ လူအများတို့သည်။ ပစ္စယာ-ပီတိယော၊ ဤမင်းသည်ကား၊ ဆိုးရွားမှု၌၊ အတုမရှိ၊ စသည့်သောင်းပြောင်း၊ အကြောင်းကြောင်းကို၊ ပြောဆိုကြလျက်၊ နှစ်သက်ရွှင်လန်း၊ ဝမ်းမြောက်ခြင်းတို့ကို။ ဝေဒယန္တိ၊ နှစ်ထောင်းအားရ၊ ရယ်ဟားပြောကြားကြကုန်၏။ အကဏှနေတ္တော၊ နား,မျက်စိပါ၊ မချမ်းသာအောင်၊ ခက်မာကြမ်းကြုတ်၊ ပြုလုပ်မြွက်ထောင်၊ ကြောင်သောမျက်စိရှိသော ပိင်္ဂလကို။ တေ၊ တံခါးမှူး-ဟု၊ တွင်ထူးမည်ရ၊ သင်-ဒွါရပါလ၏။ ပိယော၊ လွမ်းတသသ၊ မှန်းကာတ၍၊ မဝနှစ်သက်၊ ချစ်ခင်စုံမက်အပ်သော မင်းကြီးသည်။ အာသိ နု၊ အစစ်မသေ၊ ဖြစ်၍နေရှာသလော။ ကသ္မာ၊ ဘယ်လိုမြော်တောင်း၊ ဘယ်အကြောင်းကြောင့်။ တုဝံ၊ သင်သည်။ ရောဒသိ နု၊ တဟီးဟီးချ၊ မအေးရအောင်၊ ဆွေးတည္ဘိုးမှိန်၊ စိုးရိမ်နေရပါသနည်း။

(တ) အကဏှနေတ္တော၊ နား,မျက်စိပါ၊ မချမ်းသာအောင်၊ ခက်မာကြမ်းဘိ၊ ကြောင်သောမျက်စိရှိသော ပိင်္ဂလမင်းသည်။ မေ၊ အကျွန်ုပ် တံခါးစောင့်၏။ ပိယော၊ ချစ်ခင်စုံမက်၊ နှစ်သက်အပ်သော မင်းကြီးသည်။ န အာသိ၊ ပိင်္ဂလနှင့်၊ တွေ့ရသည်မှ၊ ယနေ့ကျအောင်၊ ခဏမျှပင်၊ မဖြစ်မိရဖူးပါ။ ဣတော၊ ကောင်းမှုဖြန့်ဝေ၊ ဤလူ့ပြည်မှ။ ဂတော၊ စုတိပျက်ကြွေ၊ သေသွားလေသော ပိင်္ဂလမင်းသည်။ မစ္စုရာဇံ၊ ရှင်သေမင်း-ဟု၊ သတင်းကျော်ဟီး၊ ငရဲမင်းကြီးကို။ ဟိံ သေယျ၊ လူ့ပြည်နေခိုက်၊ အလွန်မိုက်သို့၊ ဂွတိုက်ဖောက်ရမ်း၊ အလွန်ကြမ်းလျက်၊ ညှဉ်းပန်းနှိပ်စက်ပြန်ရာ၏။ ဟိံသိတော၊ ပိင်္ဂလ၏၊ ကသိကအောက်၊ ဖောက်ဖောက်ရမ်းရမ်း၊ ညှဉ်းပန်းခြင်းခံရသော။ သော၊ ထိုရှင်သေမင်း-ဟု၊ သတင်းကျော်ဟီး၊ ငရဲမင်းကြီးသည်။ ပုန၊ တဖန်။ ဣဓ၊ ကျွန်ုပ်တို့နေရာ၊ ဤလူ့ရွာသို့။ တံ၊ သောင်းကျန်းလွန်းလှ၊ ထိုပိင်္ဂလကို။ အာနေယျ၊ ပြန်၍တခါ၊ ပို့ဆောင်လိုက်ရာ၏။ တသ္မာ၊ ထိုပိင်္ဂလမင်း၏။ ပစ္စာဂမနာယ၊ ရှေးရှုတခေါက်၊ ပြန်ရောက်လာခြင်းမှ။ ဘာယာမိ၊ တွေးတောရွံ့စိတ်၊ အသည်းထိတ်ကာ၊ ကြောက်လှပါ၏။ တသ္မာ၊ ထို့ကြောင့်။ ရောဒါမိ၊ ဝမ်းနည်းပူဆွေး၊ ငိုကြွေး၍ နေရပါ၏။

ထို့နောက် ရဟန်းတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ယခုအခါ၌ ဒေဝဒတ်သည် အဘယ်အရပ်၌ ဖြစ်ပါသနည်းဘုရား"ဟု ဘုရားရှင်ကို မေးလျှောက်ကြကုန်၏။ ဘုရားရှင်သည် "ချစ်သားရဟန်းတို့ အဝီစိငရဲ၌ ဖြစ်ရလေသည်"ဟု မိန့်တော်မူသောအခါ ရဟန်းတို့သည် "မြတ်စွာဘုရား၊ ဤပစ္စုပ္ပန်ဘဝ၌ ပူလောင်ဆင်းရဲလျက်သာလျှင်

လှည့်လည်သွားလာ၍ တဖန် ဘဝတပါးသို့ ပြောင်းသွားရပြန်ပါသော်လည်း ပူလောင်ဆင်းရဲရာဌာနဌသာ ဖြစ်ရပြန်လေဘိ၏”ဟု လျှောက်ထားကြလေသော် “ချစ်သားရဟန်းတို့ ဪ-ဟုတ်မှန်လှပေ၏။ လူဖြစ်စေ, ရဟန်းဖြစ်စေ မေ့လျော့စွာနေလေ့ရှိသော သူတို့သည် ပစ္စုပ္ပန်,တမလွန် ၂-တန်သော ဘဝတို့၌ ပူလောင်ဆင်းရဲရကုန်တော့သည်သာတည်း”ဟု မိန့်တော်မူ၍ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော “ဣဓ တပ္ပတိ ပစ္စ တပ္ပတိ”စသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၂၃) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပန်-စသည် ဖြစ်ကြကုန်၏။ ဒေသနာတော်သည် လူများအပေါင်းအား အကျိုးစီးပွါးများသော တရားဒေသနာတော် ဖြစ်လေ၏။

ဒေဝဒတ္တဝတ္ထု ပြီး၏။

★★★★★★★

# ၁၃။ သုမနဒေဝီဝတ္ထု

## (၁) ဒေသနာတော်

“ကုသိုလ်ကောင်းမှုကို ပြုလုပ်လေ့ရှိသူသည် ပစ္စုပ္ပန်,တမလွန် ၂-တန်သောဘဝတို့၌ အဖန်ဖန် ဝမ်းမြောက်ရွှင်ပျ နှစ်သက်ရတတ်၏”စသည်ဖြင့် သုမနဒေဝီကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၁၈။ ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊ ကတပုညော ဥဘယတ္ထ နန္ဒတိ။
　　ပုညံ မေ ကတ'န္တိ နန္ဒတိ၊ ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော။　　။

၁၈။ ကတပုညော၊ ပြုအပ်ပြီးသော၊ ကောင်းမှုရှိသောသူသည်။ ဣဓ၊ ယခုဘဝ၊ ဤပစ္စုပ္ပန်လောက၌လည်း။ နန္ဒတိ၊ ဝမ်းမြောက်ရွှင်ပျ၊ နှစ်သက်ရ၏။ ပေစ္စ၊ တမလွန်လောက၊ နောက်ဘဝ၌လည်း။ နန္ဒတိ၊ ဝမ်းမြောက်ရွှင်ပျ၊ နှစ်သက်ရ၏။ ဥဘယတ္ထ၊ ယခုဘဝ၊ နောက်ဘဝ-ဟု၊ ဖြစ်ရလေကုန်၊ ၂-ပါးစုံသော လောက၌လည်း။ နန္ဒတိ၊ ဝမ်းမြောက်ရွှင်ပျ၊ နှစ်သက်

ရ၏။ မေ မယာ၊ ငါသည်။ ပုညံ၊ ဘဝများစွာ၊ ချမ်းသာပွါးတိုး၊ ကုသိုလ်မျိုးကို။ ကတံ၊ စိတ်တိုင်းကျကျ၊ ပြုလုပ်ရပေပြီ။ ဣတိ၊ ဤသို့မြော်မြင်၊ ကြံဆင်ခြင်၍။ နန္ဒတိ၊ ဝမ်းမြောက်ရွှင်ပျ၊ နှစ်သက်ရ၏။ သုဂတိံ ဂတော၊ မိမိပြုဖန်၊ ကုသိုလ်ကံ၏၊ မြောက်ဆန်တင်ထ၊ သုဂတိဘဝသို့ ရောက်ရသည်ရှိသော်။ ဘိယျော၊ အလွန်အကြူး၊ အထူးသာလျှင်။ နန္ဒတိ၊ ကုသိုလ်ကံကျိုး၊ ပြည့်ဖြိုးကဲမောက်၊ တန်ခိုးတောက်လျက်၊ ဝမ်းမြောက်ရွှင်ပျ၊ နှစ်သက်ရ၏။

----- x -----

## (၂) ဆောင်ပုဒ်

ကောင်းမှုပွါးလူ၊ ထိုသည့်သူကား၊ စင်ဖြူများလှ၊ ဤဘဝတွင်၊ နှစ်သက်ရွှင်၏။ သေလျှင်ရောက်ရ၊ နောက်ဘဝလည်း၊ အားရနှစ်သက်၊ မပျက်မှန်စွာ၊ ချမ်းသာကဲမောက်၊ ရဲရဲတောက်၍၊ ခု,နောက်ဘဝ၊ ၂-ဌာနလုံး၊ ရွှင်ပြုံးကြည်သာ၊ လွန်ချမ်းသာလျက်၊ ငါ့မှာယခု၊ ကောင်းမှုစုကို၊ ပြုရပေပြီ၊ နှစ်သက်ကြည်၍၊ စုံညီသုခ၊ ပေါပြည့်ဝဘိ၊ သုဂတိသို့ ရောက်သည့်အခါ၊ ထို့ထက်သာမည်၊ လွန်စွာ နှစ်သက်ရမည်တည်း။

"ဣဓ နန္ဒတိ" အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သုမနဒေဝီကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ သာဝတ္ထိပြည်၊ အနာထပိဏ်သူဌေးကြီး၏ နေအိမ်၌ နေ့စဉ်,နေ့တိုင်း ရဟန်း ၂,၀၀၀-တို့ ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။ ဝိသာခါ ဒါယိကာမကြီး၏ နေအိမ်၌လည်း ထို့အတူ ရဟန်း ၂,၀၀၀-တို့ ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။ သာဝတ္ထိပြည်၌ အလှူဒါန ပေးလှူလိုကြကုန်သောသူတို့သည် ထိုအနာထပိဏ်, ဝိသာခါ၊ ၂-ဦးတို့ထံမှ အခွင့်ကို ရမှသာလျှင် အလှူဒါနကို ပြုလုပ်ရလေ၏။ အဘယ်ကြောင့်နည်းဟူမူကား "သင်တို့၏ အလှူဒါနပြုလုပ်ရာ အလှူမဏ္ဍပ်သို့ အနာထပိဏ်သူဌေးကြီးသည်လည်းကောင်း, ဝိသာခါ ဒါယိကာမကြီးသည်လည်းကောင်း လာရောက်ကြပါ၏လော"ဟု မေးမြန်းသောအခါ "မလာရောက်ကြပါ"ဟု ဆိုသည်ရှိသော် အသပြာ ၁-သိန်းတန်ကို အကုန်ခံ၍ လှူဒါန်းအပ်ပါသော်လည်း "ဤမည်သော အလှူဒါနသည် အဘယ်သို့သော အလှူဒါနပေနည်း"ဟု ကဲ့ရဲ့ရှုတ်ချကြကုန်၏။

၂-ဦးကုန်သော ထိုအနာထပိဏ်, ဝိသာခါတို့သည်ကား ရဟန်းသံဃာတော်အပေါင်း၏ အလိုဆန္ဒကိုလည်းကောင်း, လျောက်ပတ်သော အမှုကိစ္စတို့ကိုလည်းကောင်း အလွန်ပင် သိတတ်ကြကုန်၏။ ထိုအနာထပိဏ်, ဝိသာခါတို့ ကြည့်ရှုစီရင်ကုန်သည်ရှိသော်

ရဟန်းသံဃာတော်တို့သည် စိတ်တိုင်းကျကျ ဘုဉ်းပေးသုံးဆောင်ကြရကုန်၏။ ထို့ကြောင့် အားလုံးကုန်သောသူတို့သည် အလှူဒါနကို ပေးလှူလိုကုန်သည်ရှိသော် ထိုအနာထပိဏ်, ဝိသာခါတို့ကို ဖိတ်မန်၍သာလျှင် သွားကြကုန်၏။ ဤသို့လျှင် ထိုအနာထပိဏ်, ဝိသာခါတို့သည် မိမိ,မိမိ၏ နေအိမ်၌ ရဟန်းတော်တို့ကို ကိုယ်တိုင် ဆွမ်းလုပ်ကျွေးခွင့် မရကြလေကုန်။ ထိုသို့ အခွင့်မရကြခြင်းကြောင့် ဝိသာခါသည် "အဘယ်သူသည် ငါ့အရာ၌ တည်၍ ရဟန်းသံဃာတော်ကို ဆွမ်းလုပ်ကျွေးနိုင်ပါအံ့နည်း"ဟု စူးစမ်းဆင်ခြင်သည်ရှိသော် သား၏သမီးဖြစ်သော မြေးမကို မြင်၍ ထိုမြေးမကိုပင် မိမိ၏အရာ၌ ထားလေ၏။

ထိုမြေးမသည် အဖွားဖြစ်သော ဝိသာခါ၏နေအိမ်၌ ရဟန်းသံဃာတော်အပေါင်းတို့ကို ဆွမ်းလုပ်ကျွေးရလေ၏။ အနာထပိဏ်သူဌေးကြီးသည်လည်း မဟာသုဘဒ္ဒါမည်သော မိမိ၏သမီးအကြီးကို အိမ်၌ ဆွမ်းလုပ်ကျွေးရန် ထားလေ၏။ ထိုမဟာသုဘဒ္ဒါသည် ရဟန်းတော်တို့၏ အမှုကိစ္စအဝဝကို ဆောင်ရွက်ပြုစုလျက်ပင် တရားတော်ကို နာကြားရသဖြင့် သောတာပန်ဖြစ်၍ ခင်ပွန်းသည်ယောကျ်ား၏အိမ်သို့ လိုက်ပါသွားရလေ၏။ ထို့နောက် စူဠသုဘဒ္ဒါမည်သော သမီးကို ထားပြန်လေ၏။ ထိုစူဠသုဘဒ္ဒါသည်လည်း ထိုအစ်မနည်းတူပင် ရဟန်းတော်တို့၏ ကိစ္စအဝဝကို ပြုစုရင်းပင် သောတာပန်ဖြစ်၍ ခင်ပွန်းသည်ယောကျ်ားအိမ်သို့ လိုက်ပါသွားရပြန်လေ၏။ ထိုအခါ သုမနဒေဝီမည်သော သမီးအငယ်ကို ထားရပြန်လေ၏။

ထိုသုမနဒေဝီသည်ကား တရားတော်ကို နာကြားရ၍ သကဒါဂါမိဖိုလ်သို့ ရောက်ပြီးလျှင် သတို့သမီးပျို၏အဖြစ်ဖြင့်ပင် ထိုသို့သဘောရှိသော မချမ်းမသာ အနာရောဂါ ပြင်းထန်စွာ နှိပ်စက်အပ်သဖြင့် အစာဖြတ်ခြင်းကို ပြုပြီးလျှင် ဖခင်ကို တွေ့မြင်လိုသည်ဖြစ်၍ အခေါ်လွှတ်လိုက်လေ၏။ ထိုအနာထပိဏ်သူဌေးကြီးသည် အလှူမဏ္ဍပ်ရုံ ၁-ခု၌ သမီးမှာလိုက်သော သတင်းစကားကို ကြားသိလျှင် ကြားသိချင်းပင် ချက်ချင်းပြန်လာ၍ "ချစ်သမီး သုမန၊ အဘယ်သို့ဖြစ်သနည်း"ဟု မေးမြန်းလေ၏။ သုမနဒေဝီသည်လည်း ဖခင် အနာထပိဏ်သူဌေးကို "ငါ့မောင်ကလေး၊ အဘယ်နည်း"ဟု ပြန်ပြောလေ၏။ "ချစ်သမီး၊ ယောင်ယမ်းမြည်တမ်းပြောဆိုသလော"ဟု မေးမြန်းလေရာ "ငါ့မောင်ကလေး၊ အစ်မကြီး မယောင်ယမ်း, မမြည်တမ်းပါ"ဟု ပြန်ပြောသောအခါ "ချစ်သမီး၊ ကြောက်သလော"ဟု မေးမြန်းပြန်သည်ရှိသော် "ငါ့မောင်ကလေး၊ အစ်မကြီး မကြောက်ပါ"ဟု ဤမျှလောက်သော စကားကိုသာ ပြောဆိုပြီးလျှင် ထိုသုမနဒေဝီသတို့သမီးသည် စုတေသေလွန်ရှာလေ၏။

----- x -----

## (၃) အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင်အား ဝမ်းနည်းစွာ လျှောက်ထားခြင်း

အနာထပိဏ်သူဌေးကြီးသည် သောတာပန်ပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း သမီးကို စွဲ၍ဖြစ်သော စိုးရိမ်ပူပန်ခြင်းကို သည်းခံခြင်းငှာ မတတ်နိုင်ရကား အလောင်းကောင် သင်္ဂြိုဟ်ခြင်းအမှုကို ပြုပြီးလျှင် ငိုကြွေးလျက် ဘုရားရှင်အထံသို့ သွားရောက်လေလျှင် ဘုရားရှင်သည် "သူဌေးကြီး၊ အဘယ်ကြောင့် စိတ်နှလုံး ပင်ပန်းဆင်းရဲခြင်းရှိသည်ဖြစ်၍ မျက်ရည်နှင့်မျက်ခွက် ငိုကြွေးလျက် လာခဲ့ပါသနည်း"ဟု မေးမြန်းတော်မူသည်ရှိသော် "မြတ်စွာဘုရား၊ တပည့်တော်၏ သမီးငယ်ဖြစ်သော သုမနဒေဝီသည် စုတေသေလွန်ရှာပါပြီ ဘုရား"ဟု လျှောက်ကြားသောအခါ မြတ်စွာဘုရားသည် "အဘယ်ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးဘိသနည်း။ အလုံးစုံသောသူတို့အား သေခြင်းသဘောတရားမည်သည် မလွဲဧကန် အမှန်ဖြစ်သည် မဟုတ်တုံလော"ဟု မိန့်တော်မူသည်ရှိသော် "မြတ်စွာဘုရား၊ အလုံးစုံသော သူတို့အား သေရခြင်းသဘောတရား ဧကန်ဖြစ်သည်ကို တပည့်တော် သိပါ၏ဘုရား။ သို့သော်ငြားလည်း ဤသို့ သဘောရှိသော တပည့်တော်၏သမီးသည် အရှက်အကြောက်နှင့် ပြည့်စုံသူဖြစ်ပါလျက် သေလွန်ခါနီးအခါကာလ၌ သတိကို မြဲမြဲစွာ တည်စေခြင်းငှာ မတတ်နိုင်ရှာဘဲ ယောင်ယမ်းမြည်တမ်းကာ စုတေသေလွန်သွားရရှာပါသည်ဘုရား။ ထို့ကြောင့် အတိုင်းမသိ များစွာသော စိတ်နှလုံး မသက်သာခြင်းသည် တပည့်တော်အား ဖြစ်ပါသည် ဘုရား"ဟု လျှောက်ကြားလေ၏။

----- x -----

## (၄) ဖခင်ထက် ဂုဏ်သိက္ခာကြီးခြင်း, တုသိတာနတ်နန်း၌ စံမြန်းရခြင်းကို ဟောတော်မူခြင်း

"ဒကာတော် သူဌေးကြီး၊ သင့်သမီးသည် အဘယ်သို့သောစကားကို ပြောဆိုသွား လေသနည်း"ဟု မိန့်တော်မူသည်ရှိသော် "မြတ်စွာဘုရား၊ တပည့်တော်၏ ထိုသမီးကို 'ချစ်သမီး သုမန'-ဟု ရှေးဦးစွာ ခေါ်လိုက်သောအခါ တပည့်တော်ကို 'ငါ့မောင်ကလေး၊ အဘယ်နည်း'-ဟု ပြန်ပြောပါသည်။ ထို့နောင် 'ချစ်သမီး၊ ယောင်ယမ်းမြည်တမ်းသလော'-ဟု မေးမြန်းပြန်သည်ရှိသော် 'ငါ့မောင်ကလေး၊ အစ်မကြီး မယောင်ယမ်း, မမြည်တမ်းပါ'-ဟု ပြန်ပြောပါသည်။ 'ချစ်သမီး၊ ကြောက်သလော'-ဟု မေးမြန်းပြန်သည်ရှိသော် 'ငါ့မောင် ကလေး၊ အစ်မကြီး မကြောက်ပါ'-ဟု ဤမျှလောက်သော စကားကိုသာ ပြောဆိုပြီးလျှင် စုတေသေလွန်သွားခဲ့ပါသည်ဘုရား"ဟု လျှောက်ကြားလေ၏။

ထိုအခါ အနာထပိဏ်သူဌေးကြီးကို ဘုရားရှင်သည် "ဒကာတော် သူဌေးကြီး၊ သင့်သမီးသည် ယောင်ယမ်းမြည်တမ်းသည် မဟုတ်"ဟု မိန့်တော်မူလတ်သော် "မြတ်စွာဘုရား၊ ထိုသို့ မယောင်ယမ်း,မမြည်တမ်းပါလျှင် အဘယ်ကြောင့် ဤသို့ 'ငါ့မောင်ကလေး'ဟု ခေါ်ဝေါ် ပြောဆိုပါသနည်း"ဟု မေးလျှောက်လေ၏။ ထိုအခါ ဘုရားရှင်သည် "ဒကာတော် သူဌေးကြီး၊ သင်၏ ငယ်ခြင်းကြောင့်သာလျှင် ဤသို့ သင့်ကို 'ငါ့မောင်ကလေး'ဟု ခေါ်ဝေါ်ပြောဆိုခြင်း ဖြစ်၏။ မှန်၏။ ဒကာတော် သူဌေးကြီး၊ သင့်သမီးသည် မဂ်,ဖိုလ်တို့ဖြင့် အသင်သူဌေးကြီးထက် ကြီးပေ၏။ သင်သည်ကား သောတာပန်ပုဂ္ဂိုလ်မျှသာ ဖြစ်၏။ သင့်သမီးသည်ကား သကဒါဂါမ်ပုဂ္ဂိုလ်တည်း။ ထိုသင့်သမီးသည် မဂ်,ဖိုလ်တို့ဖြင့် အသင့်ထက် ကြီးသည့်အဖြစ်ကြောင့် အသင့်ကို ဤသို့ 'ငါ့မောင်ကလေး'ဟု ခေါ်ဝေါ်ပြောဆိုခြင်း ဖြစ်၏"ဟု မိန့်တော်မူသည်ရှိသော် "မြတ်စွာဘုရား၊ ဤအတိုင်းပင် ဟုတ်မှန်ပါသလားဘုရား"ဟု လျှောက်ထားပြန်လေလျှင် "ဒကာတော် သူဌေးကြီး၊ ဤအတိုင်းသာ ဟုတ်မှန်၏"ဟု မိန့်တော်မူလတ်သော်-

"မြတ်စွာဘုရား၊ ယခုအခါ အဘယ်ဘုံဌာနၥ် ဖြစ်ပါသနည်း"ဟု မေးလျှောက်လေရာ "တုသိတာနတ်ဘုံ၌ ဖြစ်၏"ဟု မိန့်တော်မူလတ်သော် "မြတ်စွာဘုရား၊ တပည့်တော်၏ သမီးသည် ဤလူ့ပြည်ဝယ် ဆွေမျိုးတို့၏အလယ်၌ နှစ်သက်ဝမ်းမြောက်စွာ လှည့်လည်ပြီးကာ ဤပစ္စုပ္ပန်လောက လူ့ဘဝမှ တမလွန်ဘဝသို့ ပြောင်းသွားရပါသော်လည်း နှစ်သက်ဝမ်းမြောက်ရာ အရပ်၌သာလျှင် ဖြစ်ရပါပေသည်ဘုရား"ဟု လျှောက်ကြားလေ၏။ ထိုအခါ အနာထပိဏ်သူဌေးကြီးကို ဘုရားရှင်သည် "ဒကာတော် သူဌေးကြီး၊ မှန်၏။ ရဟန်းဖြစ်စေ, လူဖြစ်စေ မမေ့မလျော့သောသူတို့မည်သည် ပစ္စုပ္ပန်လောက ဤဘဝ၌လည်းကောင်း, တမလွန်လောက နောက်ဘဝ၌လည်းကောင်း နှစ်သက်ဝမ်းမြောက်ကြရကုန်သည်သာတည်း"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "**ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ**" ဟူသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၅) ဒေသနာတော်၏ အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပန်-စသည်တို့ ဖြစ်ကြကုန်၏။ လူများအပေါင်းအား အကျိုးစီးပွါးများသော တရားဒေသနာတော် ဖြစ်လေ၏။

**သုမနဒေဝီဝတ္ထု ပြီး၏။**

★★★★★★★

## ၁၄။ ဒွေသဟာယကဘိက္ခုဝတ္ထု

### (၁) ဒေသနာတော်

"ပိဋကတ် ၃-ပုံ၊ ကျမ်းလုံးစုံကို၊ အကုန်သင်ကြား၊ မနေမနား၊ ဟောကြားပို့ချနေသော်လည်း ဝိပဿနာဘာဝနာအလုပ် အားမထုတ်လျှင် နွားရှင်ထံမှ အငှားယူကျောင်းနေသည့် နွားကျောင်းသားပမာ အမြိုက်ရသာကို မခံစားနိုင်ကြောင်း"စသည်ဖြင့် မိတ်ဆွေရဟန်း ၂-ပါးကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၁၉။ ဗဟုမ္ပိ စေ သံဟိတ ဘာသမာနော၊ န တက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ၊ န ဘာဂဝါ သာမညဿ ဟောတိ။ ။

၁၉။ ယော နရော၊ ဘယ်သူ့,ဘယ်ဝါ၊ သညာတပ်အပ်၊ မမှတ်မယူ၊ အကြင်တစ်စုံတစ်ယောက်သော လူသည်။ သံဟိတံ၊ အကျိုးစီးပွါး၊ များပြားပြည့်စုံ၊ ၃-ပုံပိဋကတ်၊ ဘုရားစကားတော်မြတ်ကို။ ဗဟုံ၊ နေ့,ညမရပ်၊ မလပ်ဖန်ခါ၊ အကြိမ်များစွာ။ ဘာသမာနောပိ၊ သဘောအားဖြင့်၊ ဟောကြားသင်ပြ၊ ပို့ချငြားပါသော်လည်း။ ပမတ္တော၊ သတိကင်းပေ့၊ မေ့လျော့သည်ဖြစ်၍။ တက္ကရော၊ ပြုသင့်အပ်ရာ၊ ဘာဝနာအလုပ်၊ အားထုတ်တင်းတင်း၊ နှလုံးသွင်းရှုထိုအမှုကို ပြုလုပ်သည်။ ဝါ၊ ဖြစ်,ပျက်မစဲ၊ အမြဲမတည်၊ စသည်ပွါးရှု နှလုံးသွင်းခြင်းအမှုကို ပြုသည်။ စေ န ဟောတိ၊ အကယ်၍ကား၊ မဖြစ်ခဲ့ငြားအံ့။ ဇဝံ သတိ၊ ဤသို့ ၃-ပုံပိဋကတ်၊ လုံးစုံတတ်-ဟု၊ ကျေနပ်ပြီးကာ၊ ပေါ့လျော့စွာနှင့်၊ ဘာဝနာအလုပ်၊ အားမထုတ်ဖြစ်သည်ရှိသော်။ သော နရော၊ ဘာဝနာကင်းပါး၊ ထိုကဲ့သို့သော လူစားသည်။ ဂေါပေါ၊ နံနက်ယူကျောင်း၊ ညဥ့်စောင်းပို့ရ၊ အခယူကောင်း၊ အငှားကျောင်းငြား၊ နွားကျောင်းသားသည်။ ဂါဝေါ၊ ဖြူ,နီ,အဝါ၊ စစ္စာသောင်းပြောင်း၊ နွားအပေါင်းတို့ကို။ ဂဏယံ ဂဏယန္တော၊ စေ့စေ့ငငေါ၊ မပျောက်ရအောင် ရေတွက်လျက်။ ပရေသံ၊ နွားရှင်ဖြစ်သူ၊ တပါးလူတို့အား။ နိယျာဒေတိ ဣဝ၊ လိုလိုသမျှ၊ နွားနို့ရသာ၊ မရပါဘဲ၊ ကောင်းစွာမှန်မှန်၊ ဆောက်နှင်းအပ်နှံရဘိသကဲ့သို့။ ပရေသံ၊ ကျင့်ကြံဆန္ဒ၊ ရှိနေကြသည့်၊ များလှအပေါင်း၊ သူတော်ကောင်းတို့အား။ နိယျာဒေတိ၊ အပ်နှံသင်ပြ၊ ဆောက်နှင်းလိုက်ရသည်မည်၏။ သော နရော၊ ထိုအကျင့်ခေါင်းပါး၊ အဟောအပြော များသောသူသည်။ သာမညဿ၊ ရဟန်းပြုရခြင်း၏ ကျေးဇူး၊ မဂ်,ဖိုလ်အထူး၏။ ဘာဂဝါ၊ အဖို့ရှိသည်လည်း။ န ဟောတိ၊ စင်စစ်ပိုင်ပိုင်၊ မဖြစ်နိုင်သည်သာတည်း။

၂၀။ အပ္ပမ္ပိ စေ သံဟိတ ဘာသမာနော၊ ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊ သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော။
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊ သ ဘာဂဝါ သာမညဿ ဟောတိ။ ။

၂၀။ ယော နရော၊ အကြင်လူသည်။ သံဟိတံ၊ ၃-ပုံပိဋကတ်၊ ဘုရားစကားတော်မြတ်ကို။ အပ္ပံ၊ အလွန်မများ အနည်းအပါးမျှ။ ဘာသမာနောပိ၊ ဟောကြားသင်ပြ၊ ပို့ချပြားသော်လည်း။ ဓမ္မဿ၊ လောကုတ္တရာ၊ ဒေသနာရပ်၊ တရားတော်မြတ်အား။ အနုဓမ္မစာရီ၊ သင့်လျော်လျှစွာ၊ စတုပါရိ၊ သုဒ္ဓိ ၄-ဆူ၊ ဖွေးဖြူသန့်စင်၊ ဓုတင်,အသုဘ၊ အစရှိပြား၊ ကမ္မဋ္ဌာန်းတရားကို ပွါးများကျင့်ကြံသည်။ စေ ဟောတိ၊ အကယ်၍ကား ဖြစ်ခဲ့ငြားအံ့။ ဧဝံ သတိ၊ ဤသို့ ချပို့နည်းပါး၊ ကျင့်ကြံများသည်ရှိသော်။ သော နရော၊ ဘာဝနာကျင့်မူ၊ ထိုကဲ့သို့သောသူသည်။ ရာဂဉ္စ၊ တပ်မက်စွာလှ၊ တဏှာ,ရာဂကိုလည်းကောင်း။ ဒေါသဉ္စ၊ ရန်ကိုဖြစ်ပွါး၊ ပြစ်မှားတတ်လှ၊ ခက်ထန်သော ဒေါသကိုလည်းကောင်း။ မောဟဉ္စ၊ အမှန်ဓမ္မ၊ သဘာဝကို၊ မှောင်ချပိတ်ကာ၊ အဝိဇ္ဇာတည်းဟူသော မောဟကိုလည်းကောင်း။ ပဟာယ၊ စင်စင်ကြွယ်ကြွယ်၊ စွန့်ပစ်ပယ်၍။ သမ္မပ္ပဇာနော၊ ကောင်းစွာမိမိ၊ အပြားအားဖြင့်၊ သိသည်ဖြစ်၍။ သုဝိမုတ္တစိတ္တော၊

- တဒင်္ဂ (ကာမကုသိုလ်ဖြင့် ကိလေသာမှ အခိုက်အတန့်မျှ လွတ်မှု),
- ဝိက္ခမ္ဘန (မဟဂ္ဂုတ်ကုသိုလ်ဖြင့် ကိလေသာကို ပယ်ခွါလွတ်မြောက်မှု),
- သမုစ္ဆေဒ (မဂ်ဖြင့် ကိလေသာမှ အကြွင်းမဲ့လွတ်မှု),
- ပဋိပ္ပဿဒ္ဓိ (ဖိုလ်ဖြင့် ကိလေသာမှ ထပ်မံလွတ်မြောက်မှု),
- နိဿရဏဝိမုတ္တိ (ကိလေသာအားလုံးမှ လုံးဝလွတ်မြောက်မှု) တို့အစွမ်းဖြင့်၊

အဆင့်ဆင့်တက်၊ မြင့်ထက်မြင့်၍၊ မလင့်ကောင်းမြတ်၊ လွတ်လပ်သောစိတ်ရှိသည်ဖြစ်၍။ ဣဓ ဝါ၊ ဤလောကတွင်၊ အကျွမ်းဝင်လတ်၊ ခန္ဓာ,အာယတန,ဓာတ်၌လည်းကောင်း။ ဟုရံ ဝါ၊ ဘဝတပါးတွင်၊ အကျုံးဝင်လတ်၊ ခန္ဓာ,အာယတန, ဓာတ်၌လည်းကောင်း။ (တနည်း) ဣဓ ဝါ၊ ကိုယ်တွင်းသန္တာန်၊ ဖန်ဖန်ဖြစ်စပ်၊ ခန္ဓာ,အာယတန,ဓာတ်၌လည်းကောင်း။ ဟုရံ ဝါ၊ ကိုယ်ပသန္တာန်၊ ဖန်ဖန်ဖြစ်စပ်၊ ခန္ဓာ,အာယာတန,ဓာတ်၌လည်းကောင်း။ အနုပါဒိယာ-နော၊ တဏှာ,ဒိဋ္ဌိတို့၊ မငြိမသန်း၊ စွဲလမ်းကင်းပြတ်၊ ရဟန္တာအရှင်မြတ်သည်။ ဟုတွာ၊ ဖြစ်၍။ သာမညဿ၊ ရဟန်းကျေးဇူး၊ မဂ်,ဖိုလ်ထူး၏။ ဘာဂဝါ၊ အဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

----- x -----

## (၂) ဆောင်ပုဒ်

ပိဋကတ် ၃-ပုံ၊ ကျမ်းလုံးစုံကို၊ အကုန်သင်ကြား၊ မနေနားဘဲ၊ ဟောကြားပို့ချ၊ သွန်သင်ပြလည်း၊ ဘာဝနာအလုပ်၊ အားထုတ်ကျင့်ရန်၊ မကျင့်ကြံမိ၊ ပေါ့တန်ဘိမူ၊ ထိုသည့်သူကား၊ သူတပါးနွား၊ အငှားကျောင်းငြား၊ နွားကျောင်းသားသည်၊ နွားနို့ရသာ၊ မရရှာသို့၊ ရသာပွါးတိုး၊ မဂ်,ဖိုလ်ကျိုးမှန်၊ အဖိုးတန်ကို၊ မခံစားရ အမှန်တည်း။

ပိဋကတ် ၃-ပုံ၊ ကျမ်းလုံးစုံကို၊ အကုန်မပြ၊ နည်းငယ်မျှသာ၊ ပို့ချပါလည်း၊ ဘာဝနာအလုပ်၊ ကျင့်ကြံထုတ်သူ၊ ဖြစ်ပါမူကား၊ ညစ်ထူများလှ၊ ရာဂ,ဒေါသ၊ မောဟ-စစ္စာ၊ အဖြာဖြာကို၊ ပယ်ခွါပြီးပြန်၊ တရားမှန်ကို၊ ဧကန်သိကာ၊ ကိလေသာမှ၊ ကောင်းစွာလွတ်ပြီ၊ စိတ်ရှိသည်မို့၊ တည်နေခုဘဝ၊ နောက်ဘဝ-ဟု၊ ဘဝအစုံ၊ ရာဂကုန်တည့်၊ ထိုသည့်ပုဂ္ဂိုလ်၊ ရက်တိုတိုနှင့်၊ မဂ်,ဖိုလ်ရသာ၊ ခံစားရာသည်၊ မြတ်စွာဗုဒ္ဓ၊ မိန့်ခွန်းတည်း။

"ဗဟုမ္ပိ စေ"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် **အဆွေခင်ပွန်း ရဟန်း** ၂-ပါးတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

**ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။** သာဝတ္ထိပြည်သား မိတ်ဆွေအမျိုးသား ၂-ယောက်တို့သည် ကျောင်းတော်သို့ သွား၍ ဘုရားရှင်၏တရားတော်ကို နာကြားရသဖြင့် ကာမဂုဏ်တို့ကို ပယ်ခွါပြီးလျှင် သာသနာတော်၌ ရင်ကိုပေးလျက် ရဟန်းဘောင်သို့ တက်လာကြပြီးလျှင် ရဟန်းပြု၍ ၅-ဝါတို့တိုင်တိုင် ဆရာဥပဇ္ဈာယ်တို့၏အထံ၌ နေ၍ ဘုရားရှင်သို့ ချဉ်းကပ်ပြီးလျှင် သာသနာတော်၌ ဆောင်ရွက်ဖြည့်ကျင့်အပ်သော တာဝန်တို့ကို မေးလျှောက်၍ **ဂန္ထဓုရ, ဝိပဿနာဓုရ** ၂-မျိုးတို့ကို အကျယ်အားဖြင့် ကြားနာရပြီးလျှင် ရဟန်း ၁-ပါးသည် "မြတ်စွာဘုရား၊ တပည့်တော်ကား ကြီးရင့်အိုမင်းသောအခါမှ ရဟန်းပြုရ၍ ဂန္ထဓုရကို ဖြည့်ကျင့်ခြင်းငှာ မစွမ်းနိုင်ပါ။ ဝိပဿနာဓုရကိုသာ ဖြည့်ကျင့်ပါအံ့"ဟု လျှောက်ကြား၍ "အရဟတ္တဖိုလ်တိုင်အောင်သော ဝိပဿနာတရားကို ဟောကြားတော်မူပါဘုရား" ဟု တောင်းပန်နာကြားပြီးလျှင် အထပ်ထပ် စေ့ဆော်ကြိုးကုတ် အားထုတ်သည်ရှိသော် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ဤမှတပါးသော အဖော်ရဟန်းသည်ကား "ငါသည် ဂန္ထဓုရ (စာပေကျမ်းဂန် သင်ကြားခြင်း တာဝန်)ကို ဖြည့်ကျင့်ခြင်းငှာ စွမ်းနိုင်၏"ဟု ကြံ၍ အစဉ်အတိုင်းအားဖြင့် ပိဋကတ် ၃-ပုံဟု ဆိုအပ်သော ဘုရားရှင့်စကားတော်ကို သင်ယူ၍ ရောက်ရာရောက်ရာအရပ်၌ တရားစကားကို ဟောကြားလေ့ရှိ၏။ **သရဘညဝတ်** (အသံဖြင့် ထင်ရှားအောင် ဖောင်ဖောင်ရွတ်၍ ဟောလေ့ရှိသောတရား)ကို ရွတ်ဆိုဟောကြားလေ့ရှိ၏။ ရဟန်း ၅၀၀-တို့အား ဘုရားရှင့်စကားတော်တည်းဟူသော တရားတော်ကို ပို့ချလျက် သွားလာလှည့်လည်လေ့ရှိ၏။ ဂိုဏ်းကြီး ၁၈-ရပ်တို့၏ ဆရာကြီး ၁-ပါးဖြစ်လေ၏။

----- x -----

## (၃) ကျမ်းဂန်တတ်ရဟန်း ၁-ပါး တရားလက်လွတ် ပြုလုပ်ခြင်း

ရဟန်းတို့သည် ဘုရားရှင်၏ အထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ ဝိပဿနာဓုရကို ဖြည့်ကျင့်သော ရဟန္တာမထေရ်မြတ်၏ နေရာအရပ်သို့ သွား၍ ထိုမထေရ်၏ အဆုံးအမ၌

တည်လျက် ရဟန္တာအဖြစ်သို့ ရောက်ကြပြီးလျှင် မထေရ်ကို ရှိခိုး၍ "တပည့်တော်တို့သည် ဘုရားရှင်ကို ဖူးမြင်လိုကြပါကုန်သည်ဘုရား"ဟု ခွင့်ပန်လျှောက်ကြားကြကုန်၏။ မထေရ်သည် "ငါ့ရှင်တို့၊ သွားကြကုန်လော့။ ငါ၏စကားဖြင့် ဘုရားရှင်ကို ရှိခိုး၍ ၈၀-ကျိပ်သော မထေရ်ကြီးတို့ကိုလည်း ရှိခိုးကြကုန်လော့။ ငါ့မိတ်ဆွေ မထေရ်ကိုလည်း 'တပည့်တော်တို့၏ ဆရာသည် အရှင်ဘုရားတို့ကို ရှိခိုးလိုက်ပါသည်'-ဟူ၍ လျှောက်ကြားကြကုန်လော့"ဟု မှာထား၍ စေလွှတ်လိုက်လေ၏။

ထိုရဟန်းတို့သည် ဘုရားရှင့်ကျောင်းတော်သို့ သွားကြ၍ ဘုရားရှင်နှင့် ၈၀-ကျိပ်သော မထေရ်ကြီးတို့ကို ရှိခိုးကြပြီးလျှင် ဂန္ထဓုရဖြည့်ကျင့်သော မထေရ်၏အထံသို့ သွားကြ၍ "အရှင်ဘုရား၊ တပည့်တော်တို့၏ဆရာသည် အရှင်ဘုရားတို့ကို ရှိခိုးလိုက်ပါသည်"ဟု လျှောက်ကြားကြကုန်၏။ ထိုဂန္ထဓုရဖြည့်ကျင့်သော ရဟန်းသည်လည်း "သင်တို့ဆရာဖြစ်သော ထိုရဟန်း-ဟူသည် အဘယ်နည်း"ဟု မေးသည်ရှိသော် ရဟန်းတို့သည် "အရှင်ဘုရားတို့၏ မိတ်ဆွေဖြစ်သော ရဟန်းပါဘုရား"ဟု လျှောက်ကြားကြကုန်၏။

ဤသို့လျှင် ဝိပဿနာဓုရဖြည့်ကျင့်သော မထေရ်သည် အဖန်တလဲလဲ သတင်းစကားကို ပို့စေသည်ရှိသော် ထိုဂန္ထဓုရဖြည့်ကျင့်သော ရဟန်းသည် အနည်းငယ်သော ကာလပတ်လုံး သည်းခံ၍ နောက်အဖို့၌ သည်းခံခြင်းငှာ မတတ်နိုင်ရကား "တပည့်တော်တို့၏ ဆရာသည် အရှင်ဘုရားတို့ကို ရှိခိုးလိုက်ပါသည်"ဟု လျှောက်လာကြသဖြင့် "သင်တို့ဆရာဖြစ်သော ထိုရဟန်းသည် အဘယ်သူဖြစ်သနည်း"ဟု မေးသည်ရှိသော် "အရှင်ဘုရားတို့၏ မိတ်ဆွေရဟန်းပါတည်း"ဟု လျှောက်သောအခါ "သင်တို့သည် ထိုရဟန်း၏အထံ၌ အဘယ်ကို သင်ကြား၍ နေကြသနည်း။ ဒီဃနိကာယ်-စသည်တို့တွင် ၁-ပါးပါးသော နိကာယ်ကိုပင် သင်ယူလေသလော။ ပိဋကတ် ၃-ပုံတို့တွင် ၁-ပုံပုံသော ပိဋကတ်ကိုပင် သင်ယူလေသလော"ဟု မေးမြန်းပြီးလျှင် "၄-ပါဒမျှရှိသော ဂါထာကိုလည်း မသိမမြင်၊ ပံ့သကူသင်္ကန်းကိုသာ ကောက်ယူ၍ ရဟန်းပြုပြီးသောအခါ၌သာလျှင် တောသို့ဝင်လျက် များစွာကုန်သော အတွင်းနေတပည့်တို့ကို ရလေ၏တကား။ ထိုရဟန်း လာသောအခါ ငါသည် ပုစ္ဆာပြဿနာကို မေးခြင်းငှာ သင့်၏"ဟု ကြံစည်စိတ်ကူး၍ နေလေ၏။

ထို့နောက်အဖို့၌ ဝိပဿနာကို ဖြည့်ကျင့်သော မထေရ်သည် ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ လာသည်ရှိသော် မိတ်ဆွေမထေရ်၏အထံ၌ သပိတ်,သင်္ကန်းတို့ကို ထားခဲ့ကာ သွား၍ ဘုရားရှင်နှင့် ၈၀-ကျိပ်သော မထေရ်ကြီးတို့ကို ရှိခိုးပြီးလျှင် မိတ်ဆွေရဟန်း၏ နေရာအရပ်သို့ ပြန်လာခဲ့လေ၏။ ထိုအခါ ထိုအာဂန္တုရဟန်းအား ကျောင်းနေရဟန်းသည် ဝတ်ကြီး, ဝတ်ငယ်ကို ပြုစေပြီးလျှင် ညီမျှသောပမာဏ ရှိသည့်နေရာကို ယူ၍ "ပုစ္ဆာပြဿနာကို

မေးအံ့”ဟု ထိုင်လေ၏။ ထိုခဏ၌ ဘုရားရှင်သည် “ဤဂန္ထဓုရကို ဖြည့်ကျင့်သော ရဟန်းသည် ဤသို့သဘောရှိသော ဝိပဿနာဓုရကိုသာ ဖြည့်ကျင့်သော ငါ့သားတော်ကို ညှဉ်းဆဲခြင်းကြောင့် ငရဲ၌ ဖြစ်လေရာ၏”ဟု မြင်တော်မူသဖြင့် ထိုရဟန်း၌ အစဉ်သနားတော်မူသည်ဖြစ်၍ ကျောင်းစဉ်လှည့်လည်တော်မူခြင်းကို လှည့်လည်တော်မူဘိသကဲ့သို့ ထိုရဟန်းတို့၏ ထိုင်နေရာအရပ်သို့ ကြွတော်မူ၍ ခင်းထားအပ်သော, မြတ်သော ဘုရားရှင်နေရာတော်၌ ထိုင်နေတော်မူလေ၏။ (ဘုရားရှင်လက်ထက်တော်အခါ၌ ရဟန်းတို့သည် ထိုထိုအရပ်၌ နေကြကုန်သည်ရှိသော် ဘုရားရှင်၏နေရာတော်ကို သီးခြားခင်းထား၍သာ နေကြကုန်စမြဲ ဖြစ်၏။ ဘုရားရှင်သည်ကား ကြွလာတော်မူ၍ ပင်ကို ခင်းထားပြီးသော နေရာထက်၌သာလျှင် ထိုင်နေတော်မူ၏။)

----- x -----

## (၄) ကျမ်းဂန်တတ်ရဟန်းကို ကဲ့ရဲ့တော်မူပြီးလျှင် နွားကျောင်းသားကို ပမာထား၍ ဟောကြားတော်မူခြင်း

ထိုသို့ ထိုင်နေသီတင်းသုံးတော်မူပြီးလျှင် ကျမ်းဂန်တတ်ရဟန်းကို ပဌမစျာန်၌ အမေးပုစ္ဆာပြဿနာကို မေးတော်မူ၍ ထိုရဟန်းသည် မဖြေဆိုနိုင်သည်ရှိသော် ဒုတိယစျာန်ကို အစပြု၍ ၈-ပါးသော သမာပတ်, ရုပ်,နာမ်တရားတို့၌ အမေးပုစ္ဆာပြဿနာကို မေးတော်မူလေ၏။ ကျမ်းဂန်တတ်မထေရ်သည် ၁-ခုမျှလည်း ဖြေဆိုခြင်းငှာ မစွမ်းနိုင်။ ရဟန္တာမထေရ်သည်ကား ထိုအမေးပုစ္ဆာ ပြဿနာအလုံးစုံကို အကုန်အစင် ဖြေဆိုနိုင်လေ၏။ ထို့နောက် ကျမ်းဂန်တတ်ရဟန်းကို သောတာပတ္တိမဂ်၌ အမေးပုစ္ဆာပြဿနာကို မေးတော်မူလေ၏။ ကျမ်းဂန်တတ်ရဟန်းသည် ဖြေဆိုခြင်းငှာ မစွမ်းနိုင်လေ။ ထို့နောက်မှ ရဟန္တာမထေရ်ကို မေးတော်မူ၏။ ရဟန္တာမထေရ်သည် ဖြေဆိုနိုင်လေ၏။

ဘုရားရှင်သည် “သာဓု၊ သာဓု = ကောင်းပေ၏၊ ကောင်းပေ၏- ချစ်သားရဟန်း”ဟု ကောင်းချီးပေးကာ လွန်စွာ နှစ်သက်တော်မူ၍ ကြွင်းသော မဂ်တို့၌လည်း အစဉ်အတိုင်း အမေးပုစ္ဆာပြဿနာကို မေးတော်မူလေ၏။ ကျမ်းဂန်တတ်ရဟန်းသည် တစ်စုံတစ်ခုမျှလည်း ဖြေဆိုခြင်းငှာ မစွမ်းနိုင်လေပြီ။ ရဟန္တာမထေရ်သည်ကား မေးတိုင်း,မေးတိုင်းသော အမေးပုစ္ဆာပြဿနာကို ဖြေဆိုလေ၏။ ဘုရားရှင်သည် ၄-ပါးကုန်သော မဂ်အရာဌာနတို့၌လည်း ထိုရဟန္တာမထေရ်အား ကောင်းချီးပေးတော်မူ၏။ ထိုကောင်းချီးပေးသံကို ကြားလေလျှင် ဘုမ္မစိုးနတ်တို့ကို အစပြု၍ ဗြဟ္မာ့ပြည်တိုင်အောင်သော အလုံးစုံသော နတ်,ဗြဟ္မာ, နဂါး, ဂဠုန်တို့သည်လည်း ကောင်းချီးသံကို အဆင့်ဆင့်ပေးကြလေကုန်၏။

ထိုသို့ ကောင်းချီးပေးသံကို ကြား၍ ကျမ်းဂန်တတ်မထေရ်၏ အတွင်းနေတပည့်, အတူနေတပည့်တို့သည် "ဘုရားရှင်ပြုအပ်သော ဤအမှုသည်ကား အဘယ်ပါနည်း။ တစ်စုံ တစ်ခုမျှ မသိသော မထေရ်အိုကြီးအား ၄-ပါးကုန်သော မဂ်အရာဌာနတို့၌ ကောင်းချီးပေး တော်မူလေသည်။ ပရိယတ်အလုံးစုံကို ဆောင်တော်မူသော ရဟန်း ၅၀၀-တို့၏အကြီးအမှူး ဖြစ်သည့် ငါတို့၏ဆရာကိုမူကား ချီးမွမ်းခြင်းအမှုကိုမျှသော်လည်း မပြု"ဟု ဘုရားရှင်ကို ကဲ့ရဲ့ရှုတ်ချကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ထိုရဟန်းတို့ကို "ချစ်သားရဟန်းတို့၊ ယခု အခါ အဘယ်သို့သောစကားကို ပြောဆိုကြကုန်သနည်း"ဟု မေးတော်မူ၍ ထိုအကြောင်း ကို လျှောက်ကြားအပ်သည်ရှိသော် "ချစ်သားရဟန်းတို့၊ သင်တို့၏ဆရာသည် ငါဘုရား သာသနာတော်၌ အဖိုးအခဖြင့် နွားတို့ကို စောင့်ရှောက်ထိန်းကျောင်းရသော **နွားကျောင်း သားနှင့် တူ၏**။ ငါ၏သားတော်သည်ကား အလိုရှိတိုင်း နွားနို့အရသာ ၅-ပါးတို့ကို သုံး ဆောင်စားသောက်ရသော **နွားရှင်နှင့် တူ၏**"ဟု မိန့်တော်မူ၍ ဤဝတ္ထု၏အစ၌ ပြဆိုအပ် ခဲ့ပြီးသော "ဗဟုမ္ပိ စေ" အစရှိသော ဂါထာဒေသနာတော်တို့ကို ဟောကြားတော်မူလေ၏။

ဤသို့လျှင် ဘုရားရှင်သည် အကြားအမြင်များလျက် မေ့မေ့လျော့လျော့ နေလေ့ရှိ သော အနိစ္စ-စသည်တို့၏အစွမ်းဖြင့် အသင့်အတင့် နှလုံးသွင်းခြင်း၌ လွန်စွာမေ့လျော့သော သီလနှင့်ပြည့်စုံသော ရဟန်းတို့၏အစွမ်းဖြင့် ပထမဂါထာကို ဟောကြားတော်မူ၏။ သီလ မရှိသော ဒုဿီလရဟန်း၏အစွမ်းဖြင့် ဟောကြားတော်မူသည်ကား မဟုတ်ပေ။ ဒုတိယ ဂါထာကိုကား အကြားအမြင် နည်းပါးသော်လည်း အသင့်အတင့် နှလုံးသွင်းခြင်းအမှုကို ပြုလေ့ရှိသော အားထုတ်သောပုဂ္ဂိုလ်၏အစွမ်းဖြင့် ဟောကြားတော်မူအပ်၏။

----- x -----

## (၅) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် သောတာပန်-စသည်တို့ ဖြစ်ကြကုန်၏။ ဂါထာဒေသနာတော်သည် လူများအပေါင်းအား အကျိုးစီးပွါးများသော တရားဒေသနာတော် ဖြစ်လေ၏။

**ဒွေသဟာယကဘိက္ခုဝတ္ထု ပြီး၏။**

**ရှေးဦးစွာသော ယမကဝဂ်သည် ဤတွင်ရွေ့ ပြီး၏။**

✪ ✪ ✪ ✪ ✪ ✪

# [ ၂ ] အပ္ပမာဒဝဂ်

## ၁။ သာမာဝတီဝတ္ထု

### (၁) ဒေသနာတော်

“ကုသိုလ်ကောင်းမှု၌ မေ့လျော့ကြကုန်သော သူတို့သည် အနှစ် ၁၀၀-ပင် အသက်ရှည်ငြားသော်လည်း သေသည်-မည်ကုန်သည်သာတည်း”စသည်ဖြင့် သာမာဝတီ အမှူးရှိကြသော အမျိုးသမီး ၅၀၀-တို့ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၂၁။ အပ္ပမာဒေါ အမတပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။ ။

၂၁။ အပ္ပမာဒေါ၊ ကုသိုလ်ကောင်းမှု အကြောင်းစု၌၊ မြဲရှုသိရှိ သတိမပေ့ါ၊ မမေ့မလျော့ခြင်းသည်။ အမတပဒံ၊ သေခြင်းကင်းပ၊ နိဗ္ဗာနသို့ ရရာရကြောင်း၊ တရားကောင်းပေတည်း။ ပမာဒေါ၊ အပျော်များမိ၊ အမှားဖိ၍၊ သတိလွတ်ကင်း၊ မေ့လျော့ခြင်းသည်။ မစ္စုနော၊ တစ်သံသရာလုံး၊ ဆင်းရဲတုံးဖြင့်၊ မဆုံးမကုန်၊ ပုံမျိုးစုံဖြင့်၊ ဆန့်စုန်ကျင်လည်၊ အတည်မကျ၊ သေဆုံးရခြင်း၏။ ပဒံ၊ အကြောင်းရင်းပေတည်း။ အပ္ပမတ္တာ၊ သံသရာဘေးဘျမ်း၊ လွတ်အေးချမ်းဖို့ စူးစမ်းမြင်သိ၊ သတိရှိကြကုန်သောသူတို့သည်။ န မီယန္တိ ကုသိုလ်အစု မမေ့မှုကြောင့်၊ မှတ်ရှုပိုင်ပိုင်၊ သေသည် မမည်နိုင်ကုန်။ ယေ၊ မည်သူ,မည်ဝါ၊ သညာမယူ၊ အကြင်သူတို့သည်။ ပမတ္တာ၊ လောကီအာရုံ၊ ကာမဂုဏ်၌၊ ပျော်ခုန်များလေ့၊ သတိမေ့ကြကုန်၏။ တေ၊ ထိုအပျော်များလေ့၊ ကုသိုလ်ကို မေ့လျော့ကြကုန်သောသူတို့သည်။ မတာ ယထာ၊ အသက်ထင်ရှား၊ ရှိနေငြားလည်း၊ မမှားမုချ၊ သေဆုံးရသော သူတို့ကဲ့သို့တည်း။

၂၂။ ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။ ။

၂၂။ အပ္ပမာဒမှိ၊ ကုသိုလ်အလေ့၊ မမေ့မလျော့ခြင်း၌။ ဌိတာ၊ မြဲမြံခိုင်ခံ့ တည်ကုန်သော။ ပဏ္ဍိတာ၊ အကြောင်း,အကျိုး၊ ကောင်း,အဆိုးကို၊ မျှော်ကိုးမြင်သိ၊ ပညာရှိတို့သည်။ ဧဝံ၊ ဤသို့။ ဝိသေသတော၊ မေ့သူ,မမေ့သူ ၂-လူအစား၊ ထူးခြားသောအားဖြင့်။ ဉတွာ၊ ပိုင်းခြားတိတိ၊ သိရှိကုန်၍။ အပ္ပမာဒေ၊ သတိမပေ့ါ၊ မမေ့မလျော့ခြင်း၌။ ပမောဒန္တိ၊ နှစ်သက်လျှမ်း

တောက်၊ စခန်းပေါက်အောင်၊ ဝမ်းမြောက်ကြကုန်၏။ တေ၊ လိမ္မာမြင်သိ၊ ထိုပညာရှိတို့သည်။ အရိယာနံ၊ ဘုရားအစ၊ များလှသောင်းသောင်း၊ အရိယာသူတော်ကောင်းတို့၏။ ဂေါစရေ၊ ကျက်စားရာမှန်၊ သတိပဋ္ဌာန်အစ၊ ဗောဓိပက္ခိယတရား၊ ၉-ပါးသော လောကုတ္တရာ တရား၌။ ရတာ၊ စိတ်နှလုံး၍ပျော်၊ မွေ့လျော်ကြကုန်သည်။ ဟောန္တိ၊ စင်စစ်မသွေ၊ ဖြစ်ကြပေကုန်၏။

၂၃။ တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။ ။

၂၃။ တေ ဓီရာ၊ မြဲမြံစွာရှိ၊ သမာဓိနှင့်၊ အသိပြည့်လွင်၊ ထိုပညာရှင်တို့သည်။ ဈာယိနော၊ သမာပတ် ၈-ဖြာ၊ ဝိပဿနာ-ဟု၊ ၂-ဖြာစုံပြည့်၊ ဈာန်ရှိကုန်သည်ဖြစ်၍။ သာတတိကာ၊ မပြတ်မလပ်၊ ဖြစ်စေအပ်သည့်၊ ကာယိက,စေတသိက၊ လုံ့လရှိကုန်သည်ဖြစ်၍။ နိစ္စံ၊ နေ့ညမစဲ၊ အမြဲမပြတ် ဒလစပ်။ ဒဠှပရက္ကမာ၊ တင်းစွာမယုတ်၊ ပြင်းစွာအားထုတ်ခြင်း ရှိကုန်သည်ဖြစ်၍။ ယောဂက္ခေမံ၊ ယောဂ ၄-ရပ်၊ ဘေးထပ်ထပ်တို့၏၊ ကင်းပြတ်ဇာတ်သိမ်း၊ ကုန်ငြိမ်းရာဖြစ်သော။ အနုတ္တရံ၊ လောကအလုံး၊ အမြတ်ဆုံးတရားဖြစ်သော။ နိဗ္ဗာနံ၊ ဒုက္ခဝဋ်ဇာတ်၊ လွတ်လပ်ရာမှန်၊ ပြည်နိဗ္ဗာန်သို့။ ဖုသန္တိ၊ ကောင်းစွာမသွေ၊ ရောက်ကြရလေကုန်၏။

----- x -----

## (၂) ဆောင်ပုဒ်

ကုသိုလ်အလေ့၊ မမေ့ခြင်းကား၊ သေခြင်းကင်းပ၊ နိဗ္ဗာနသို့၊ ရောက်ရဖို့ရန်၊ အကြောင်းမှန်၏။ ပေါ့တန်မေ့ခြင်း၊ သတိကင်းက၊ သေခြင်းဖြစ်ရန်၊ အကြောင်းမှန်၏။ မြဲမြံသတိ၊ မမေ့ရှိမူ၊ ထိုသည့်လူတို့၊ သေသူ-မမည်၊ မေ့လျော့သည်ကား၊ ထိုသူများကို၊ သေသွားသူတို့ မည်သတည်း။ ။မေ့လျော့သောသူ၊ မမေ့သူ-ဟု၊ ၂-လူခွဲခြား၊ သိထင်ရှားဘိ၊ ပညာရှိကား၊ သတိ မပေါ့၊ မမေ့လျော့ဘဲ၊ စိတ်အမြဲတမ်း၊ နှစ်သက်လန်းဖြာ၊ အရိယာတို့၊ ကောင်းစွာကျက်စား၊ လောကုတ်တရား၌၊ ပျော်ပါးနေ့ည၊ မွေ့လျော်ကြသည်၊ မှတ်ကြသူတို့ ထုံးစံတည်း။ ထိုပညာရှိ၊ မြတ်ကဝိတို့၊ ရရှိတုံလတ်၊ ဈာန်သမာပတ်ကို၊ မပြတ်အမြဲ၊ လုံ့လဖွဲ့ဖြင့်၊ တပ်စွဲ-စသည်၊ အလီလီပွါး၊ ၄-ပါးယောဂ၊ ကင်းငြိမ်းပရာ၊ နိဗ္ဗုတာသို့၊ မှန်စွာ ရောက်ကြလေသတည်း။

"**အပ္ပမာဒေါ အမတပဒံ**"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ကောသမ္ဗီပြည်ကို အမှီပြု၍ ဃောသိတာရုံကျောင်းတော်၌ နေတော်မူစဉ် သာမာဝတီ

အမျုးရှိကုန်သော ၅၀၀-သော မိန်းမတို့၏လည်းကောင်း, **မာဂဏ္ဍီ** အမျုးရှိကုန်သော ထို **မာဂဏ္ဍီ၏** ဆွေမျိုးဖြစ်ကုန်သော ၅၀၀-သောသူတို့၏လည်းကောင်း သေကျေပျက်စီးရခြင်းကို အကြောင်းပြု၍ ဟောတော်မူလေ၏။ ထိုဝတ္ထု၌ ဤဆိုလတ္တံ့သည်ကား အစဉ်အတိုင်းဖြစ်သော စကားတည်း။

* * * * * *

## (၃) ဥတေနမင်းကြီးအကြောင်း

### က။ အလ္လကပ္ပမင်းနှင့် ဝေဌဒီပကမင်းတို့ ရသေ့ရဟန်းပြုကြခြင်း

ရှေးလွန်လေပြီးသောအခါ အလ္လကပ္ပတိုင်း၌ အလ္လကပ္ပမည်သော မင်းသည်လည်းကောင်း, ဝေဌဒီပကတိုင်း၌ ဝေဌဒီပကမည်သော မင်းသည်လည်းကောင်း၊ ဤ ၂-ယောက်တို့သည် ပို့မှစ်နုနယ် ငယ်ရွယ်သောအခါမှစ၍ မိတ်ဆွေရင်းချာဖြစ်ကြသော် ဆရာ ၁-ဦး၏အိမ်၌ အတတ်ပညာကို ကောင်းစွာသင်ယူ၍ မိမိ,မိမိ၏ ခမည်းတော်တို့ နတ်ရွာစံလွန်ကြသဖြင့် ထီးဖြူကို စိုက်ထူစေ၍ အလျားအရှည် ၁၀-ယူဇနာ,၁၀-ယူဇနာစီ ကျယ်ဝန်းသော တိုင်းပြည်၌ အသီးအသီး မင်းဖြစ်ကြကုန်၏။

ထိုမင်း ၂-ပါးတို့သည် သင့်လျော်သည့်အခါ ကောင်းစွာ တိုင်ပင်စည်းဝေးကြ၍ အတူရပ်, အတူထိုင်, အတူအိပ်ကြကုန်လျက် ပဋိသန္ဓေ တည်နေဖွားမြင်၍ ရင့်ရော်ယိုယွင်းအိုမင်းပြီးလျှင် အဆုံးတွင် စုတိပြောင်းရွှေ့ သေလွန်၍နေသော လူများအပေါင်းကို မြင်ကြ၍ "တမလွန်ဘဝသို့ ပြောင်းသွားသော သူ၏နောက်သို့ အစဉ်တစိုက် လိုက်ပါနိုင်သော သူမည်သည် မရှိ၊ အောက်ထစ်ပိုက်ကျုံး အယုတ်ဆုံးအားဖြင့် မိမိ၏ကိုယ်ခန္ဓာသည်လည်း မိမိနောက်သို့ မလိုက်မပါ။ အလုံးစုံ ရှိရှိသမျှကို ပယ်စွန့်၍ သွားရ၏။ ငါတို့အား အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ရဟန်းပြုကြကုန်တော့အံ့"ဟု တိုင်ပင်ကြပြီးလျှင် တိုင်းပြည်တို့ကို သား,မယားတို့အား လွှဲအပ်ခဲ့၍ ရသေ့ရဟန်းအဖြစ်ဖြင့် ရဟန်းပြုကြကုန်၍ ဟိမဝန္တာအရပ်၌ ချဉ်းကပ်နေထိုင်ကြလျက် ဆွေးနွေးတိုင်ပင်ကြသည်ကား–

"ငါတို့သည် ပြည်စည်းစိမ်ကို ပယ်ခွါစွန့်ပစ်ခဲ့ကာ ရသေ့,ရဟန်းပြုခဲ့ကြကုန်၏။ အသက်မွေးခြင်းငှာ မစွမ်းဆောင်နိုင်သောကြောင့် ရဟန်းပြုကြသည် မဟုတ်။ ထိုသို့ ရသေ့,ရဟန်းပြုလုပ်ခဲ့ကြသည့် ငါတို့ ၂-ယောက်သည် တစ်နေရာတည်း၌ အတူတကွ နေထိုင်ကြသည်ရှိသော် ရသေ့,ရဟန်း မပြုသောသူတို့နှင့် တူကုန်သည်သာတည်း။ ထိုကြောင့် ငါတို့

သည် တခြားစီသာ နေထိုင်ကြကုန်အံ့။ သင်သည် ထိုတောင်၌ နေလော့၊ ငါသည် ဤတောင်၌ နေအံ့။ ၁၅-ရက်, ၁-ကြိမ်(၁၅-ရက်နေ့တိုင်း) ဥပုသ်နေ့၌ အတူတွေ့ဆုံကြကုန်အံ့”ဟု ဆွေးနွေးတိုင်ပင်ကြကုန်၏။

ထို့နောက် ထိုရသေ့တို့အား ဤသို့ အကြံဖြစ်ကာ တိုင်ပင်ကြပြန်သည်မှာ “ဤသို့ ၁၅-ရက်, ၁-ကြိမ် တွေ့ဆုံကြခြင်းသည်လည်း အပေါင်းအသင်း၌ မက်မောမွေ့လျော်သည် သာလျှင် ဖြစ်ပေလတ္တံ့။ သင်သည်ကား သင်၏တောင်၌ မီးညှိထွန်းပြလော့။ ငါသည်လည်း ငါ၏တောင်၌ မီးညှိထွန်းပြပေအံ့။ ထိုညှိထွန်းပြသော မီးအမှတ်အသားဖြင့် ၁-ဦး, ၁-ဦး ရှိကြသည့်အဖြစ်ကို သိကြကုန်အံ့”ဟု တိုင်ပင်ကြပြီးလျှင် ထိုရသေ့တို့သည် ထိုတိုင်ပင်ကြသည့်အတိုင်း ပြု၍ နေထိုင်ကြကုန်၏။

----- x -----

## ခ။ ဝေဒ္ဒဒိပကရသေ့ ရှေးဦးစွာ စုတေ၍ နတ်သားဖြစ်ကာ မိတ်ဆွေရသေ့ထံ လာပြီးလျှင် ဟတ္ထိကန္တစောင်းနှင့် မန္တန်ကို ပေးခြင်း

ထို့နောင် နောက်အဖို့၌ ဝေဒ္ဒဒိပကရသေ့သည် စုတေသေလွန်၍ တန်ခိုးကြီးသော နတ်မင်း ဖြစ်လေ၏။ ထို့နောက် ၁၅-ရက်မြောက် ကျရောက်လတ်သော် မီးကို မမြင်သော ကြောင့်သာလျှင် အလ္လကပ္ပရသေ့သည် “ငါ့မိတ်ဆွေ ဝေဒ္ဒဒိပကရသေ့သည် စုတေသေလွန် လေပြီ”ဟု သိရှိလေ၏။ ဝေဒ္ဒဒိပကရသေ့သည်လည်း နတ်၌ဖြစ်သော ခဏ၌ပင်လျှင် မိမိ၏ နတ်စည်းစိမ်ကျက်သရေ အထွေထွေကို သေချာစွာကြည့်ရှု၍ မိမိပြုလုပ်ခဲ့သော ကောင်းမှု ကံကို ပြန်လှန်၍ စူးစမ်းဆင်ခြင်သည်ရှိသော် တောထွက်ခဲ့သော အချိန်အခါမှစ၍ မိမိ၏ ကျင့်ကြံအပ်သော ခြိုးခြံသောအကျင့်ကို သိမြင်ရ၍ “ယခု သွားပြီးလျှင် ငါ့မိတ်ဆွေ အလ္လကပ္ပ ရသေ့ကို ဖူးမြော်ဦးအံ့”ဟု ကိုယ်အတ္တဘောကို ပယ်စွန့်ခဲ့၍ ခရီးသွားသော ယောကျ်ား အသွင် ထိုအလ္လကပ္ပရှင်ရသေ့၏အထံသို့ သွား၍ ရှိသေစွာ ရှိခိုးပြီးလျှင် သင့်တင့်လျောက် ပတ်သောအရပ်၌ ရပ်တည်လေ၏။

ထိုအခါ ခရီးသွားယောကျ်ားကို အလ္လကပ္ပရသေ့သည် “သင်အဘယ်အရပ်မှ လာခဲ့ ပေသနည်း”ဟု မေးမြန်းလေ၏။ ခရီးသွားယောကျ်ားသည်လည်း “အရှင်ဘုရား၊ တပည့် တော် ခရီးဝေးမှ လာခဲ့ပါသည်ဘုရား။ အရှင်ဘုရား၊ အသို့ပါနည်း။ အရှင်ဘုရားသည် ဤအရပ်၌ ၁-ပါးတည်းသာ နေထိုင်ပါသလော။ အခြားတစ်စုံတစ်ယောက်သော အဖော် မိတ်ဆွေ ရှိပါသေးသလော”ဟု မေးလျှောက်လေ၏။ “ငါ့အား ၁-ယောက်သော အဖော်

မိတ်ဆွေရှိသေး၏”ဟု ဆိုလေလျှင် “ထိုအဖော်မိတ်ဆွေသည်ကား အဘယ်မှာပါနည်း”ဟု မေးမြန်းလတ်သော် “ထိုတောင်၌ နေထိုင်၏။ ဥပုသ်နေ့၌ကား မီးထွန်းသည်ကို မမြင်မိလေ။ သေလွန်ရှာသည် ဖြစ်လတ္တံ့”ဟု ပြောဆိုလေက “အရှင်ဘုရား၊ အရှင်ဘုရား ပြောဆိုသည့် အတိုင်း ဟုတ်ပါလိမ့်မည်”ဟု လျှောက်ကြားသဖြင့်-

“ငါ့ရှင် ဒါယကာ၊ ဤအတိုင်း ဟုတ်မှန်ပါသည်”ဟု ပြောဆိုသောအခါ ခရီးသွား ဒါယကာယောက်ျားက “တပည့်တော်သည် အရှင်မြတ်၏ အဖော်မိတ်ဆွေဖြစ်သည့် ထို ရသေ့ပင်တည်း”ဟု လျှောက်ကြားလေလျှင် “အသင်၊ ယခု အဘယ်ဒေသ ဘုံဌာန၌ ဖြစ် သနည်း”ဟု မေးလတ်သော် “တပည့်တော်သည် နတ်ပြည်၌ တန်ခိုးကြီးမားသည့် နတ်မင်း ဖြစ်၍နေပါသည်ဘုရား။ ‘အရှင်မြတ်ကို ဖူးမြင်အံ့’-ဟု ယခုတဖန် လာခဲ့ပါသည်။ ဤအရပ်၌ သီတင်းသုံးတော်မူကုန်သော အရှင်မြတ်တို့အား တစ်စုံတစ်ခုသော ဘေးရန်အန္တရာယ်များ ရှိပါသေးသလော”ဟု မေးလျှောက်လေသော် “ရှိပေ၏ ဒါယကာ၊ ဆင်တို့ကို အကြောင်းပြု၍ ဆင်းရဲပင်ပန်းပါ၏”ဟု ပြောဆိုသောအခါ “ထိုဆင်တို့သည် အရှင်မြတ်အား အဘယ်သို့ ဆင်းရဲပင်ပန်းအောင် ပြုကုန်ပါသနည်းဘုရား”ဟု လျှောက်ကြားပြန်သော် “တံမြက်လှည်း အပ်သော နေရာအရပ်၌ မစင်(ကျင်ကြီး)တို့ကို စွန့်ချခဲ့ကြကုန်၏။ ခြေတို့ဖြင့် မြေ၌ ပုတ်ခတ် ရှပ်၍ မြေမှုန့်,မြေစာကို ယက်ကော်ထုတ်ပစ်ကြကုန်၏။ ငါသည် ထိုမစင်ကျင်ကြီးကို ကျုံး ပစ်ရ၊ မြေမှုန့်,မြေစာကို ညီညွတ်အောင် ညှိမှု ပြုရသည်ဖြစ်၍ ဆင်းရဲပင်ပန်းပေ၏”ဟု ပြောကြားလေလျှင်-

“အရှင်မြတ်တို့သည် ထိုဆင်တို့၏ မလာခြင်းကို အလိုရှိပါသလောဘုရား”ဟု မေးလျှောက်လေရာ “ဒါယကာ၊ ငါတို့ ထိုဆင်တို့ မလာခြင်းကို အလိုရှိ၏”ဟု မိန့်ဆိုလတ် သော် “ထိုသို့ဖြစ်မူ ထိုဆင်တို့ မလာအောင် ပြုအံ့”ဟု ဆို၍ ရသေ့အား ဆင်တို့ နှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေနိုင်သော **ဟတ္ထိကန္တမည်သော စောင်းနှင့် မန္တန်**တို့ကို ပေးလေ၏။ ထိုသို့ ဟတ္ထိကန္တမည်သော စောင်းနှင့်မန္တန်တို့ကို ပေးပြီးသည့်နောက် စောင်း၏ ၃-ချောင်း သော ညှို့(ကြိုး)တို့ကို ပြသ၍ မန္တန် ၃-ပုဒ်တို့ကို သင်ကြားပြီးလျှင်-

“ဤစောင်းညှို့ကို တီး၍ ဤမန္တန်ကို ရွတ်ဆိုသည်ရှိသော် ဆင်တို့သည် ပြန်လည်၍ ကြည့်ရှုခြင်းငှာလည်း မတတ်နိုင်ကြကုန်သည်ဖြစ်၍ ထွက်ပြေးကြပါကုန်လတ္တံ့။

ဒုတိယမြောက် ဤစောင်းညှို့ကို တီး၍ ဤမန္တန်ကို ရွတ်ဆိုသည်ရှိသော် နောက်မှ ကြည့်ကာ,ကြည့်ကာ လှည့်ကြည့်,လှည့်ကြည့်နှင့် ပြေးကြကုန်လတ္တံ့။

တတိယမြောက် ဤစောင်းညှို့ကို တီး၍ ဤမန္တန်ကို ရွတ်ဆိုသည်ရှိသော် ဆင်တို့ ၏ အကြီးအကဲဖြစ်သော ဆင်မင်းသည် ကျောက်ကုန်းကို ညွတ်ပေးလျက် ရှေးရှုလာပါ

လတ္တံ့”ဟု မှာကြားပြောဆိုပြီးလျှင် “အရှင်မြတ်တို့ အလိုရှိသလို သဘောကျ အသုံးချကြပါ ကုန်လော့”ဟု လျှောက်ကြား၍ ဖဲသွားလေ၏။

အလ္လကပ္ပရသေ့သည် ဆင်တို့ ပြေးစေတတ်သော မန္တန်ကို ရွတ်ဆို၍ ပြေးစေတတ်သော စောင်းညို့ကို တီးပြီးလျှင် ဆင်တို့ကို ပြေးစေ၍ နေလေ၏။

----- x -----

## ဂ။ ပူရန္တပ္ပမင်း၏ မိဖုရားကြီး ငှက်ဆင်ချီသွားခြင်း

ထိုအခါ ကောသမ္ဗီပြည်၌ ပူရန္တပ္ပမည်သော မင်းသည် မင်းပြု၏။ တစ်နေ့သ၌ ထိုမင်းသည် ကိုယ်ဝန်ရှိသော မိဖုရားကြီးနှင့်အတူ နေပူစာလှုံလျက် ဟင်းလင်းအပြင်ဖြစ် သော နန်းကြမ်းပြင်၌ နေလေ၏။ မိဖုရားကြီးသည် မင်းကြီးခြုံအပ်သော အဖိုး ၁-သိန်း ထိုက်တန်သော ကမ္ဗလာနီကို သိုင်းခြုံ၍ ထိုင်နေလျက် မင်းကြီးနှင့် စကားပြောကြားနေစဉ် မင်းကြီး၏လက်ချောင်းမှ အဖိုး ၁-သိန်းထိုက်သော မင်းလက်စွပ်ကို ချွတ်ယူကာ မိမိ၏ လက်ချောင်း၌ ဝတ်ဆင်၍ နေလေ၏။ ထိုအချိန်၌ ငှက်ဆင် (ဟတ္ထိလိင်္ဂသကုဏ၊ ဆင်အသွင်ရှိ သော ငှက်) ၁-ကောင်သည် ကောင်းကင်ခရီးဖြင့် ပျံသန်းလာခဲ့သည်ရှိသော် ပျံသန်းစဉ် ကမ္ဗလာနီခြုံ၍နေသော မိဖုရားကို အဝေးမှ မြင်လျှင် “သားတစ်”ဟူသော အထင်ဖြင့် အတောင်တို့ကို လွှတ်ကာ အောက်သို့ သက်ဆင်းလာလေ၏။

မင်းကြီးသည် ထိုငှက်ဆင်၏ သက်ဆင်းလာသော အသံကို ကြားသဖြင့် ကြောက် လန့်၍ နေရာမှ ထလျက် နန်းတော်ဆောင်အတွင်းသို့ ဝင်ပြေးလေ၏။ မိဖုရားသည်ကား လေးသောကိုယ်ဝန်ရှိသောကြောင့်လည်းကောင်း, ကြောက်လန့်တတ်သော သဘောရှိသော ကြောင့်လည်းကောင်း လျင်မြန်စွာ ပြေးသွားခြင်းငှာ မစွမ်းနိုင်။ ထိုအခါ ငှက်ဆင်သည် မိဖုရားကို ထိုးသုတ်၍ ခြေသည်းအကြားတည်း-ဟူသော ချိုင့်၌ ထားလျက် ကောင်းကင် ခရီးဖြင့် ပျံသန်းသွားလေ၏။

(ထိုငှက်ဆင်တို့သည်ကား ဆင်ပြောင် ၅-စီးတို့၏အားအစွမ်းကို ဆောင်နိုင်ကုန်သတတ်။ ထို့ကြောင့် ကောင်းကင်ခရီးဖြင့် ဆောင်ယူပြီးလျှင် အလိုရှိရာအရပ်၌ နေ၍ အသားကို စားသောက် ကုန်၏။)

ထိုမိဖုရားသည်လည်း ထိုငှက်ဆင် ဆောင်ယူထိုးသုတ်သည်ရှိသော် သေရအံ့သော ဘေးမှ ကြောက်ရွံ့သည်ဖြစ်၍ ကြံဆင်ခြင်သည်ကား “ငါသည် အကယ်၍ ဟစ်အော်လိုက် သည် ဖြစ်အံ့။ လူတို့၏ အသံမည်သည်ကား တိရစ္ဆာန်တို့အား ကြီးမားစွာသော ကြောက်ရွံ့

ထိတ်လန့်ခြင်းကို ဖြစ်စေတတ်၏။ ငါ့အသံကို ကြားလျှင် ငါ့ကို စွန့်ပစ်ချခဲ့လတ္တံ့။ ထိုသို့ စွန့်လွှတ်ပစ်ချခဲ့သည်ရှိသော် ငါသည် ကိုယ်ဝန်နှင့်တကွ အသက်ကုန်ခြင်းသို့ ရောက်ရလတ္တံ့။ တစ်နေရာသို့ ရောက်၍ နားနေပြီးလျှင် စားရန်အားထုတ်သည့်အခါရောက်မှ ထိုငှက်ဆင်ကို လူသံပေးကာ ပြေးစေရတော့အံ့"ဟု မိဖုရားသည် မိမိ၏ပညာရှိသည့်အဖြစ်ကြောင့် မိမိ၏ပညာဉာဏ်ဖြင့် ကြံဆင်ခြင်ပြီးကာ အောင့်အည်းသည်းခံ၍သာ နေလေ၏။

ထိုအခါ၌လည်း ဟိမဝန္တာအရပ်၌ အတန်ငယ် ကြီးပွါးစည်ပင်၍ မဏ္ဍပ်အသွင်ဖြင့် တည်ရှိသော ပညောင်ပင် ၁-ပင်သည် ရှိ၏။ ထိုငှက်ဆင်သည် သားသမင်-စသည်တို့ကို ထိုပညောင်ပင်ကြီးသို့ ဆောင်ယူ၍ စားလေ့ရှိ၏။ ထို့ကြောင့် မိဖုရားကိုလည်း ထိုပညောင်ပင်သို့ပင် ယူဆောင်၍ ပညောင်ပင် ခွကြား၌ ချထားပြီးလျှင် ထိုငှက်ဆင်တို့၏ ဓမ္မတာသဘာဝအတိုင်း လာခဲ့သော လမ်းခရီးကို ပြန်၍ ကြည့်လေ၏။

----- x -----

## ဃ။ ပညောင်ပင်ခွကြား၌ ဥတေနမင်းသားကို ဖွားမြင်ခြင်း

မိဖုရားသည် ထိုခဏ၌ "ယခုအခါ ဤငှက်ဆင်ကို ပြေးစေခြင်းငှာ သင့်လျော်ပြီ"ဟု ကြံ၍ လက် ၂-ဖက်ကို မြှောက်ပင့်၍ လက်ခုပ်တီးပြီးလျှင် ဟစ်အော်သည့် ခံတွင်းသံကို ပြု၍ ထိုငှက်ဆင်ကို ပျံပြေးစေ၏။ ထို့နောက် မိဖုရားအား နေဝင်စအခါကာလ၌ ဝမ်းမှ ကံကြောင့်ဖြစ်သော လေတို့သည်(သားဖွားမြင်ရန်) တုန်လှုပ်၍ လာကုန်၏။ အရပ် ၄-မျက်နှာ အားလုံးတို့၌ ထစ်ချုန်းလျက် ကြီးစွာသော မိုးကြီးသည်လည်း တက်၍ လာလေ၏။ ချမ်းသာစွာ ကြီးပွါးခဲ့ရသော မိဖုရားကြီးအား "အရှင်မ၊ မကြောက်ပါလင့်"ဟူသော အားပေးစကားသံကိုမျှလည်း မကြားရဘဲ ဆင်းရဲဒုက္ခဖြင့် နှိပ်စက်အပ်လှသည်ဖြစ်၍ ညဥ့် ၃-ယာမ်ပတ်လုံး တမှေးတမှိတ်မျှ အိပ်စက်၍ မပျော်ရှာပေ။ ညဥ့်၏ ကင်းစင်လင်းရောက် မိုးသောက်လတ်သည်ရှိသော် မိုးတိမ်တိုက် ကင်းစင်ခြင်း, နေအရုဏ်တက်ခြင်း, မိဖုရား၏ ကိုယ်ဝန်မှ ဖွားမြင်ခြင်း-ဟူသော ဤ ၃-မျိုးတို့သည် တပြိုင်နက် ဖြစ်လာလေ၏။ ထိုမိဖုရားသည် မိုးကြောင့်ဖြစ်သော မိုးဥတု, တောင်ကြောင့်ဖြစ်သော တောင်ဥတု, နေအရုဏ်ကြောင့်ဖြစ်သော အရုဏ်ဥတု၊ ဤဥတု ၃-ပါးကို ယူ၍ ဖွားမြင်သောကြောင့် သားငယ်အား ဥတေန-ဟူသော အမည်ကို မှည့်လေ၏။

----- x -----

## ၄။ အလ္လကပ္ပရသေ့ကြီးသည် မိဖုရားကို တွေ့ရ၍ စောင့်ရှောက်ထားခြင်း

အလ္လကပ္ပရသေ့၏နေထိုင်ရာ သိမ်းကျောင်းသည်လည်း ထိုပညောင်ပင်၏ အနီး အပါးအရပ်၌ ဖြစ်၏။ ထိုရသေ့သည် ပင်ကိုသဘောဖြင့်ပင်လျှင် မိုးရွာသောနေ့၌ ချမ်းအေးသောဘေးမှ ကြောက်ရွံ့သဖြင့် သစ်သီးကြီး,ငယ် ရှာရန်အလို့ငှာ တောသို့ မဝင်တော့ဘဲ ထိုပညောင်ပင်ရင်းသို့ ချဉ်းကပ်သွားရောက်၍ ငှက်တို့ စားအပ်သော အသားတို့၏အရိုးကို ဆောင်ယူကာ ထောင်းထုပြီးလျှင် ပြုတ်ကျို၍ အရည်ကို သောက်လေ့ရှိ၏။ ထို့ကြောင့် ထိုနေ့၌လည်း "အရိုးကို ဆောင်ယူအံ့"ဟု ထိုအရပ်သို့သွား၍ ပညောင်ပင်အောက်၌ အရိုးကို ရှာမှီးစဉ် ပညောင်ပင်ထက်၌ သူငယ်ငိုသံကို ကြားရ၍ မော့၍ကြည့်သည်ရှိသော် မိဖုရားကို မြင်လေလျှင်-

"အသင် အဘယ်သူနည်း"ဟု မေး၍ "အကျွန်ုပ် လူမိန်းမဖြစ်ပါ၏"ဟု ဆိုလတ်သော် "အဘယ်ကြောင့် ဤအရပ်သို့ ရောက်လာသနည်း"ဟု မေးလေလျှင် "ငှက်ဆင်ထိုးသုတ်ချီဆောင်လာပါ၏"ဟု ဆိုလတ်သော် "သက်ဆင်းခဲ့လော့"ဟု ခိုင်းဆိုသောအခါ "အရှင်မြတ်၊ အကျွန်ုပ် ဇာတ်ပျက်မည့်ဘေးမှ ကြောက်ရွံ့ပါ၏"ဟု ပြောဆိုလေ၏။ "သင် အဘယ်အမျိုးနည်း"ဟု မေးမြန်းသဖြင့် "မင်းမျိုးတည်း"ဟု ဆိုလတ်သော် "ငါလည်း မင်းမျိုးပင်တည်း"ဟု ပြောလေလျှင် "ထိုသို့ မင်းမျိုးဖြစ်ခဲ့သော် ခတ္တိယမာယာကို မိန့်ဆိုပါလော့"ဟု တောင်းပန်သဖြင့် ရသေ့သည် ခတ္တိယမာယာကို ဆိုလေ၏။ "ထိုသို့ဖြစ်မူ တက်လာ၍ အကျွန်ုပ်၏ သားငယ်ကို အောက်သို့ ချလော့"ဟု ဆိုလေ၏။ ရသေ့သည် တစ်ခုသော နံပါးအဖို့ဖြင့် တက်ရန် လမ်းကို ပြုလုပ်၍ သစ်ပင်ထက်သို့ တက်ရောက်ပြီးလျှင် သူငယ်ကို ယူလေ၏။ "အကျွန်ုပ်ကို လက်ဖြင့် မထိပါစေလင့်"ဟူ၍လည်း ဆိုပြန်၍ မိဖုရားကို မထိမိစေဘဲ သူငယ်ကို ယူငင်ကာ အောက်သို့ ချလေ၏။ မိဖုရားသည်လည်း ဆင်းသက်လေ၏။

ထို့နောက် မိဖုရားကို ကျောင်းသိမ်းသို့ ခေါ်ဆောင်၍ သီလပျက်စီးခြင်းကို မပြုမူ၍သာလျှင် အစဉ်သနားသောအားဖြင့် လုပ်ကျွေးသမှု ပြုစုကာ ထားလေ၏။ ပျားကောင်မရှိသော ပျားလပို့ကို ဆောင်ယူ၍လည်းကောင်း, အလိုလိုပေါက်ရောက်ကြီးပွါးသည့် သလေးစပါးကို ဆောင်ယူလျက် ယာဂုကျိုချက်၍လည်းကောင်း ပေးလေ၏။ ဤသို့ ထိုရသေ့သည် ပြုစုလုပ်ကျွေးသည်ရှိသော် ထိုမိဖုရားသည် နောက်အဖို့၌ အကြံဖြစ်သည်ကား "ငါသည် လာလမ်း, ပြန်လမ်းတို့ကို မသိ၊ ဤရှင်ရသေ့နှင့်လည်း ငါ့အား အကျွမ်းတဝင် ခင်မင်မှုမျှလည်း မရှိ။ ဤရသေ့သည် အကယ်၍ ငါတို့ကို စွန့်ပစ်၍ တစ်စုံတစ်ခုသောအရပ်သို့ သွားသည်ဖြစ်အံ့။ ငါတို့သား,အမိ ၂-ယောက်တို့သည်လည်း ဤအရပ်၌ပင်လျှင် သေလွန်

ခြင်းသို့ ရောက်ကြရကုန်အံ့။ တစ်စုံတစ်ခုသောအမှုကို ပြုလုပ်၍ ဤရသေ့၏သီလကို ဖျက်ဆီးပြီးလျှင် ငါ့ကို မစွန့်လွှတ်နိုင်လောက်အောင် ပြုလုပ်ခြင်းငှာ သင့်၏”ဟု ကြံစည်ပြီးနောက် ထိုရသေ့ကို မလျော်သော ဝတ်ခြင်း, မလျော်သော ရှုံခြင်းကို ပြခြင်းဖြင့် ဖြားယောင်း၍ သီလပျက်စီးခြင်းသို့ ရောက်လေ၏။ ထိုအခါမှ စ၍ ၂-ယောက်ကုန်သော သူတို့သည် အညီအညွတ် ပေါင်းသင်းဆက်ဆံလျက် နေထိုင်ကြလေကုန်၏။

----- x -----

## ၈။ ပူရန္တပ္ပမင်း နတ်ရွာစံခြင်းကို နက္ခတ်ဖြင့် သိပြီးလျှင် ဥတေနမင်းသားအား ဟတ္ထိကန္တမန္တန်ကို သင်ကြားပေးခြင်း

ထိုအခါ တစ်နေ့သ၌ ရသေ့သည် နက္ခတ်ယှဉ်ခြင်းကို ကြည့်ရှုလတ်သော် ပူရန္တပ္ပမင်း၏နက္ခတ် ညှိုးနွမ်းလတ်သည်ကို မြင်၍ “ချစ်နှမ၊ ကောသမ္ဗီပြည်၌ ပူရန္တပ္ပမင်းသည် နတ်ရွာစံပြီ”ဟု ဆိုလေ၏။ “အရှင်၊ အဘယ်ကြောင့် ဤသို့ ဆိုလေဘိသနည်း။ ထိုပူရန္တပ္ပမင်းနှင့်တကွ အရှင့်အား ရန်ငြိုးထားခြင်း ရှိလေသလော”ဟု မေးသောအခါ “ချစ်နှမ၊ ရန်ငြိုးမရှိပါ။ ထိုပူရန္တရပ္ပမင်း၏နက္ခတ် ညှိုးနွမ်းခြင်းကို မြင်ရ၍ ဤသို့ ပြောဆိုပေ၏”ဟု ဆိုလတ်သော် မိဖုရားသည် ငိုကြွေးလေ၏။ ထိုအခါ မိဖုရားကို “အဘယ်ကြောင့် ငိုကြွေးဘိသနည်း”ဟု မေး၍ မိဖုရားသည် “ထိုပူရန္တပ္ပမင်း၏(သည်) မိမိ၏အရှင် ကြင်ယာဘက်ဖြစ်ကြောင်း”ကို ပြောကြားလေက “ချစ်နှမ၊ မငိုကြွေးလင့်။ **ဖြစ်ပေါ်လာသော သတ္တဝါမှန်သမျှအား သေခြင်းတရားမည်သည် မြဲသည်သာတည်း**”ဟု ပြောကြားလေ၏။

“အရှင်၊ သေခြင်းတရား မြဲသည်ကို အကျွန်ုပ် သိပါ၏”ဟု ပြောဆိုလတ်သော် “ထိုသို့သိလျှင် အဘယ့်ကြောင့် ငိုကြွေးဘိသနည်း”ဟု မေးပြန်လေလျှင် “အရှင်၊ အကျွန်ုပ်၏သားသည် အမျိုးတို့၏ ဥစ္စာဖြစ်သော မင်းအဖြစ်အား သင့်တန်လျောက်ပတ်၏။ ‘အကယ်၍သာ ကောသမ္ဗီပြည်၌ ဖြစ်ပါမူကား ထီးဖြူစိုက်ထူ၍ မင်းပြုရလေပြီ။ ယခုမူကား ဆုံးရှုံးခြင်းကြီး ဆုံးရှုံးရလေပြီတကား’-ဟူသော စိုးရိမ်ကြောင့်ကြကြောင့် ငိုကြွေးပါ၏”ဟု ပြန်ပြောလေ၏။ “ချစ်နှမ၊ ဖြစ်မူလည်း ဖြစ်ပါစေ။ မစိုးရိမ် မကြောင့်ကြပါလင့်။ ထိုသား၏ မင်းအဖြစ်ကို အကယ်၍ တောင့်တသည် ဖြစ်အံ့။ ငါသည် မင်းအဖြစ်ကို ရအံ့သော အခြင်းအရာကို ပြုပေးပေအံ့”ဟု ပြောကြားပြီးနောက်–

မင်းသားအား ဟတ္ထိကန္တမည်သော စောင်းနှင့် မန္တန်ကို ပေးလေ၏။ ထိုအခါ အထောင်မက များစွာသော ဆင်တို့သည် လာ၍ ပညောင်ပင်ရင်း၌ နေကြကုန်၏။

ထို့နောက် မင်းသားကို "ဆင်များ မလာမီပင်လျှင် သစ်ပင်ထက်သို့ တက်ရောက်၍ ထိုဆင်တို့ လာကုန်သည်ရှိသော် ဤမန္တန်ကို ရွတ်ဆို၍ ဤစောင်းညှို့ကို တီးလော့။ ဆင်အားလုံး တို့သည် ပြန်လည်၍ ကြည့်ခြင်းငှာလည်း မဝံ့ကုန်သည်ဖြစ်၍ ပြေးသွားကြကုန်လတ္တံ့။ ထိုအခါ သစ်ပင်ထက်မှ သက်ဆင်းကာ ပြန်လာခဲ့လေလော့"ဟု မှာကြားလေ၏။ ဥတေန မင်းသားသည် ရသေ့မှာကြားသည့်အတိုင်း ပြုလုပ်ပြီး၍ ပြန်လာခဲ့ပြီးလျှင် ထိုအကြောင်းကို ပြောကြားလေ၏။

ထို့နောက် ၂-ရက်မြောက်သောနေ့၌ မင်းသားကို "ယနေ့ ဤမန္တန်ကို ရွတ်ဆို၍ ဤစောင်းညှို့ကို တီးလေလော့။ ဆင်အားလုံးတို့သည် ဆုတ်နစ်၍ လှည့်ကြည့်ပြေးကြကုန် လတ္တံ့"ဟု မှာကြားလေ၏။ ထိုအခါ၌လည်း မင်းသားသည် ရသေ့မှာကြားသည့်အတိုင်း ပြုပြီး၍ ပြန်လာခဲ့ပြီးလျှင် ထိုအကြောင်းကို ပြောကြားလေ၏။ ထို့နောက် ၃-ရက်မြောက်သော နေ့၌ မင်းသားကို "ယနေ့ ဤမန္တန်ကို ရွတ်ဆို၍ ဤစောင်းညှို့ကို တီးလေလော့။ ဆင်တို့၏ အကြီးအကဲဖြစ်သည့် ဆင်မင်းသည် ကျောက်ကုန်းကို ညွတ်လျက် လာလတ္တံ့"ဟု မှာကြား လေ၏။ ထိုအခါ၌လည်း ရသေ့မှာသည့်အတိုင်း ပြုပြီး၍ ပြန်လာခဲ့ပြီးလျှင် ထိုအကြောင်းကို ပြောကြားလေ၏။

----- x -----

## ဆ။ ဥတေနမင်းသား ကောသမ္ဗီပြည်သို့သွား၍ မင်းစည်းစိမ်ကို ယူခြင်း

ထို့နောက် ထိုမင်းသား၏ မယ်တော်ကို ခေါ်၍ "ချစ်နှမ၊ အသင့်သားအား မှာကြား လိုရာ သတင်းစကားကို မှာကြားလေလော့။ ဤမှသော အခြင်းအရာဖြင့်သာလျှင် သွား ရောက်၍ မင်းဖြစ်ပေတော့အံ့"ဟု ဆိုလေ၏။ မိဖုရားသည် သားတော်ကို ခေါ်၍ "ချစ်သား၊ သင်သည်ကား ကောသမ္ဗီပြည့်ရှင် ဘုရင်ပူရန္တပ္ပမင်း၏ သားတော်တည်း။ ကိုယ်ဝန်နှင့်တကွ သော ငါ့ကို ငှက်ဆင်သည် ချီဆောင်လာခဲ့၏"ဟု ပြောကြားပြီးလျှင် စစ်သူကြီး-စသည်တို့၏ အမည်တို့ကို ပြောကြား၍ "မယုံကြည်ကုန်သော သူတို့အား မောင့်ခမည်းတော် မင်းကြီး ခြုံရုံအပ်သော ကမ္ဗလာနီဝတ်ရုံနှင့် ဝတ်ဆင်အပ်သော ဤလက်စွပ်ကို ပြသလေလော့"ဟု ပြောဆိုမှာထား၍ ကမ္ဗလာနီဝတ်ရုံနှင့် လက်စွပ်တို့ကို ပေးပြီးလျှင် လွှတ်လိုက်လေ၏။

မင်းသားသည် ရသေ့ကို "ယခုအခါ အဘယ်သို့ ပြုလုပ်ရပါမည်နည်း"ဟု မေးမြန်း လေ၏။ "ပညောင်ပင်၏ အောက်အဖို့ဖြစ်သော အကိုင်းအခက်၌ တက်၍ ထိုင်နေကာ ဤမန္တန်ကို ရွတ်ဆိုလျက် ဤစောင်းညှို့ကို တီးလေလော့။ အကြီးအမှူးဖြစ်သော ဆင်မင်း

သည် ကျောက်ကုန်းကို ညွှတ်၍ သင်၏အထံသို့ ချဉ်းကပ်လာလတ္တံ့။ ထိုဆင်မင်း၏ ကျောက်ကုန်းထက်၌ ထိုင်စီးလျက် ကောသမ္ဗီပြည်သို့ သွားရောက်ကာ မင်းအဖြစ်ကို ယူလေလော့”ဟု ဆိုလေ၏။

ဥတေနမင်းသားသည် မယ်တော်, ခမည်းတော်တို့ကို ရှိခိုး၍ မှာကြားလိုက်သော စကားအတိုင်း ပြုလုပ်သဖြင့် ရောက်လာသော ဆင်မင်း၏ ကျောက်ကုန်းထက်၌ နေ၍ နားရင်းသို့ ကပ်လျက် “အရှင်ဆင်မင်း၊ အကျွန်ုပ်သည် ကောသမ္ဗီပြည်၊ ပူရန္တပမင်းကြီး၏ သားရင်းပါတည်း။ အကျွန်ုပ်အား ဖခမည်းတော်၏ အရိုက်အရာဖြစ်သော မင်းအဖြစ်ကို ယူ၍ပေးပါလော့”ဟု တိုင်ပင်စကား ပြောကြားလေ၏။ ဆင်မင်းသည် မင်းသား၏စကားကို ကြားလေလျှင် “အထောင်မက များစွာသော ဆင်တို့သည် စည်းဝေးလာရောက်ကြစေကုန်” ဟု ဆင်သံကို မြည်လေ၏။ အထောင်မက များစွာသော ဆင်တို့သည် စည်းဝေးရောက်လာကြလေကုန်၏။ တဖန် “ကြီးရင့်အိုမင်းကုန်သော ဆင်တို့သည် ဖဲရှောင်ကြစေကုန်”ဟု ဆင်သံကို မြည်ပြန်ရာ ကြီးရင့်အိုမင်းကုန်သော ဆင်တို့သည် ဖဲရှောင်ထွက်သွားကြကုန်၏။ တဖန် “အလွန်အရွယ်ငယ်ကုန်သော ဆင်တို့သည် ဆုတ်နစ်ပြန်သွားကြစေကုန်”ဟု ဆင်သံကို မြည်ပြန်ရာ ထိုအလွန်အရွယ်ငယ်ကုန်သော ဆင်တို့သည်လည်း ဆုတ်နစ်ပြန်သွားကြကုန်၏။

ထိုဥတေနမင်းသားသည် အထောင်မက များစွာကုန်သော ဆင်များအပေါင်း ခြံရံလျက်သွားရာ ပစ္စန္တရစ်ရွာသို့ ရောက်သည်ရှိသော် “ငါသည်ကား ကောသမ္ဗီပြည်၊ ပူရန္တပမင်းကြီး၏ သားတော်တည်း။ စည်းစိမ်ချမ်းသာကို လိုလားတောင့်တကြကုန်သောသူတို့သည် ငါနှင့်အတူ လိုက်လာကြကုန်လော့”ဟု ဆိုလေ၏။ ထိုပစ္စန္တရစ်မှ စ၍ လူတို့အား ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုကာ သွား၍ မြို့ကို ဝန်းရံပြီးလျှင် “ငါ့အား စစ်ထိုးခြင်းကိုတည်း ပေးမည်လော၊ တိုင်းပြည်ကိုတည်း ပေးမည်လော”ဟု သတင်းစကားကို ပို့သလိုက်၏။ မြို့သူ,မြို့သားတို့သည် “ငါတို့သည် စစ်ထိုးခြင်း, တိုင်းပြည်အပ်ခြင်း၊ ၂-ပါးစလုံးပင် မပေးနိုင်ကြပါကုန်။ ငါတို့၏ မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာနှင့် ငှက်ဆင်ချီဆောင်သွားခဲ့ပါ၏။ ထိုမိဖုရားကြီး ရှိသေးသည့်အဖြစ်, မရှိတော့သည့်အဖြစ်ကို ငါတို့ မသိကြပါကုန်။ ထိုမိဖုရားကြီး၏ အကြောင်းအရာ, အဖြစ်အပျက်, သတင်းစကားကို မကြားသိရသေးသမျှကာလပတ်လုံး ငါတို့သည် စစ်ထိုးခြင်းကိုလည်း မပေးနိုင်, မင်းအဖြစ်ကိုလည်း မပေးနိုင်ပါကုန်”ဟု ဆိုကြလေကုန်၏။

ထိုအခါကာလ ထိုမင်းစည်းစိမ်သည် သား, မြေး အစဉ်အဆက်အားဖြင့် ဆက်ခံစိုးစံရသော မင်းစည်းစိမ် ဖြစ်သတတ်။ ထို့ကြောင့် ဥတေနမင်းသားသည် “ငါသည် ထိုမိဖုရား

ကြီး၏ သားတော်တည်း”ဟု ပြောဆိုပြီးလျှင် စစ်သူကြီး-စသည်တို့၏ အမည်တို့ကို ပြောပြ၍ ထိုသို့ပြောပြသော စကားကိုပင် မယုံကြည်နိုင်ကုန်သောသူတို့အား ကမ္ဗလာနီနှင့် လက်စွပ်ကို ပြလေ၏။ ထိုကောသမ္ဗီပြည်သူ,ပြည်သားတို့သည် ထိုကမ္ဗလာနီနှင့် လက်စွပ်ကို ကောင်းစွာ မှတ်မိကြကုန်သည်ဖြစ်လျက် ယုံမှားသံသယ ကင်းရှင်းကြသည်ဖြစ်၍ မြို့တံခါးကို ဖွင့်ပေးပြီးလျှင် ထိုဥတေနမင်းသားကို မင်းအဖြစ်၌ အဘိသိက်သွန်းကြလေကုန်၏။

ဤသည်ကား ရှေးဦးစွာ ဥတေနမင်း၏ဖြစ်ရပ် အကြောင်းအတ္ထုပ္ပတ်တည်း။

* * * * * *

## (၄) ယောသကသူဌေးအကြောင်း

### က။ ယောသကသူဌေးအလောင်းသည် လမ်းခရီးအကြား၌ ခရီးပန်း၍ သားငယ်ကို စွန့်ပစ်ထားခဲ့ခြင်း

အလ္လကပ္ပတိုင်း၌ ငတ်မွတ်ခြင်း ဒုဗ္ဘိက္ခန္တရကပ်ဘေးကြီး သင့်ရောက်သောအခါ အသက်မွေးအံ့သောငှာ မစွမ်းဆောင်နိုင်သော ကောတုဟလိကမည်သော လူ ၁-ယောက်သည် ကာပိမည်သော သားငယ်နှင့် ကာဠီမည်သော မယားကို ခေါ်ဆောင်၍ “ကောသမ္ဗီပြည်သို့ သွားပြီးလျှင် အသက်မွေးအံ့”ဟု လမ်းစာရိက္ခာကို ယူ၍ ထွက်လာခဲ့လေ၏။

(တိရစ္ဆာန်တို့မှ ကူးစက်ဖြစ်ပွါး၍ တစ်အိမ်လုံး သေကျေပျက်စီးတတ်သည့် မွေဆိပ်နှင့် တူသော ရောဂါ (ယဉ်းအနာ)ဖြင့် သေကျေပျက်စီးကုန်သော လူအပေါင်းတို့ကို မြင်၍ ထွက်ပြေး၏-ဟူ၍လည်း ဆိုကုန်သည်သာတည်း။)

ထိုသူတို့သည် အစဉ်အတိုင်း ခရီးဆက်လက် သွားကြကုန်သည်ရှိသော် လမ်းစာရိက္ခာ ကုန်ခန်းခြင်းကြောင့် မွတ်သိပ်ခြင်းဖြင့် နှိပ်စက်ရကား သားငယ်ကို ချီသယ်ယူငင်ခြင်းငှာပင် မစွမ်းနိုင်ကြတော့ကုန်။ ထိုအခါ ခင်ပွန်းသည် ယောက်ျားသည် မိမိမယားကို “ရှင်မ၊ ငါတို့သည် အသက်ရှည်စွာ တည်နေရသည်ရှိသော် တဖန် သားသမီးမည်သည် ရနိုင်ပါကုန်လတ္တံ့။ သားငယ်ကို စွန့်ပစ်၍ သွားကြပါကုန်အံ့”ဟု ပြောဆိုတိုင်ပင်လေ၏။ မိခင်၏ နှလုံးသားမည်သည်ကား နူးညံ့သိမ်မွေ့လှပေ၏။ ထို့ကြောင့် မယားဖြစ်သူသည် “အရှင်၊ အကျွန်ုပ်သည် အသက်ရှင်လျက်ပင် ရှိနေသော သားငယ်ကို စွန့်ပစ်ခြင်းငှာ မစွမ်းနိုင်ပါ”ဟု ပြောဆိုလေလျှင် “ထိုသို့ဖြစ်က အဘယ်သို့ ပြုလုပ်ကြမည်နည်း”ဟု မေးသောအခါ “အလှည့်ကျဖြင့် သားငယ်ကို ချီပိုးသယ်ဆောင်ပါကုန်အံ့”ဟု ဆိုလေ၏။ မိခင်သည် မိမိအလှည့်သို့

ရောက်သောအခါ ပန်းကုံး,ပန်းဆိုင်းပမာ သားငယ်ကို ပင့်မြှောက်ချီပိုး၍ ရင်လယ်၌ အိပ်စေကာ ရင်ခွင်ဖြင့် ဆောင်ယူ၍ ဖခင်အား ပေး၏။

ဖခင် ချီပိုးယူဆောင်လှည့်ကျသောအခါ၌ ဆာလောင်မွတ်သိပ်သောကြောင့်လည်း အားကြီးသော ဆင်းရဲဝေဒနာသည် ဖြစ်လေ၏။ ဖခင်သည် အဖန်ဖန် ထပ်၍,ထပ်၍ "ရှင်မ၊ ငါတို့သည် အသက်ရှည်စွာ တည်နေရသည်ရှိသော် သားသမီးမည်သည် ရနိုင်ပါကုန်လတ္တံ့။ သားငယ်ကို စွန့်ပစ်၍ သွားကြကုန်အံ့"ဟု ပြောဆိုပြန်လေ၏။ ထိုမိန်းမသည်လည်း အဖန်ဖန်ပယ်မြစ်၍ စကားပြန်မပေးဘဲ နေလေ၏။ သားငယ်သည် အလှည့်အပြောင်းရွေ့ဖန်များသဖြင့် ပင်ပန်းရကား ဖခင်၏လက်ပေါ်၌ အိပ်ပျော်လေ၏။ ဖခင်သည် သားငယ်၏ အိပ်ပျော်နေသည်ကို သိရ၍ မိခင်ကို ရှေ့မှ သွားစေပြီးလျှင် ချုံတစ်ခု၏အောက်၌ မြက်သစ်ရွက်အခင်းပေါ်၌ သားငယ်ကို အိပ်စေ၍ သွားလေ၏။

မိခင်သည် နောက်သို့ လှည့်၍ ကြည့်သည်ရှိသော် သားငယ်ကို မမြင်ရှာသောကြောင့် "အရှင်၊ အကျွန်ုပ်၏သားငယ် အဘယ်မှာနည်း"ဟု မေးလေ၏။ "ငါသည် ချုံတစ်ခု၏အောက်၌ သိပ်ထားခဲ့ပြီ"ဟု ပြောလေလျှင် "အရှင်၊ အကျွန်ုပ်ကို မနှိပ်စက်,မဖျက်ဆီးပါလင့်။ သားနှင့် ကွေကွင်းခွဲခွါ၍ အကျွန်ုပ် အသက်ရှင်ခြင်းငှာ မစွမ်းနိုင်ပါ။ အကျွန်ုပ်၏သားကို ယူဆောင်၍ ပေးပါ"ဟု ရင်ဘတ်ကို တီးကာ ငိုကြွေးရှာလေ၏။ ထိုအခါ ပြန်၍ သားငယ်ကို ယူဆောင်ရလေ၏။ သားငယ်သည်လည်း လမ်းခရီးအကြား၌ စုတေသေလွန်ရှာလေ၏။

ဤကဲ့သို့ ထိုယောက်ျားသည် ဤမျှလောက်သောနေရာ၌ သားငယ်ကို စွန့်ပစ်ခဲ့သော အကျိုးဆက်ကြောင့် ဘဝတပါး၌ ၇-ကြိမ်တိုင်တိုင် အစွန့်ပစ်ခံရ၏။ "ဤမကောင်းမှုမည်သည်ကို အနည်းငယ်ပင်"ဟူ၍ မထီမဲ့မြင် မအောက်မေ့ မမှတ်ထင်ရာ။

----- x -----

## ခ။ ယောသကသူဌေးအလောင်းသည် အစာမကြေ၍ သေလွန်ပြီးလျှင် ခွေးဘဝ၌ ဖြစ်ရခြင်း

ဤသို့ ထိုသူတို့သည် ဆက်လက်၍ သွားကြကုန်သည်ရှိသော် နွားကျောင်းသားအမျိုးအိမ် ၁-အိမ်သို့ ရောက်ကြလေကုန်၏။ ထိုသူတို့ ရောက်သောနေ့၌ပင် နွားကျောင်းသား၏အိမ်၌ နို့ညှစ်နွားမကို အကြောင်းပြု၍ ကျွေးမွေးခြင်း မင်္ဂလာပွဲသည် ဖြစ်လေ၏။ နွားကျောင်းသား၏အိမ်၌ အမြဲမပြတ် ပစ္စေကဗုဒ္ဓါ ၁-ဆူသည် ဆွမ်းဘုဉ်းပေးတော်မူ၏။

ထိုနွားကျောင်းသားသည် ထိုပစ္စေကဗုဒ္ဓါကို ဆွမ်းကျွေးမွေးဆက်ကပ်၍ မင်္ဂလာကို ပြုလေ၏။ များစွာသော နို့ယနာကို စီရင်လေ၏။ နွားကျောင်းသားသည် ရှေးရှုရောက်လာကုန်သော ထိုသူတို့ကို မြင်သဖြင့် "အဘယ်အရပ်မှ လာခဲ့သနည်း"ဟု မေး၍ ထိုအလုံးစုံသော ဖြစ်ပျက်ပုံအကြောင်းကို ကြားသိရလေလျှင် နူးညံ့သိမ်မွေ့သော သဘောရှိသော အမျိုးကောင်းသားသည် ထိုသူတို့၌ အစဉ်သနားသည်ကို ပြု၍ များစွာသော ထောပတ်နှင့်တကွ နို့ယနာကို ပေးစေ၏။

ထိုအခါ မယားသည် "ချစ်လင်၊ အရှင်သည် အသက်ရှည်သည်ရှိသော် အကျွန်ုပ်လည်း အသက်ရှည်သည် မည်ပါ၏။ ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး အရှင်သည် ဟောက်သောဝမ်း ရှိပါ၏။ အလိုရှိတိုင်း သုံးဆောင်စားသောက်ပါလော့"ဟု ထောပတ်,နို့မဲးတို့ကို ခင်ပွန်းသည်ဘက်သို့သာ ရှေးရှုပြု၍ တိုးပေးကာ မိမိမှာမူကား နည်းသောထောပတ်ဖြင့် အနည်းငယ်မျှကိုသာ စားသောက်ရာလေ၏။ လင်ယောကျ်ားသည် များစွာ စားသောက်၍ ၇-ရက်, ၈-ရက်ပတ်လုံး မွတ်သိပ်ဆာလောင်ခြင်းသည် ပြင်းစွာနှိပ်စက်ရကား အစာ၌ တပ်မက်သော ရသတဏှာကို ဖြတ်ခြင်းငှာ မစွမ်းနိုင်။

နွားကျောင်းသားသည် ထိုသူတို့အား နို့ယနာကို ပေးစေပြီးမှ မိမိသည် စားသောက်ခြင်းငှာ အားထုတ်လေ၏။ ကောတုဟလိကသည် ထိုနွားကျောင်းသား စားသောက်သည်ကို ကြည့်ရှုကာနေလျက် အင်းပျဉ်အောက်၌ အိပ်နေသော ခွေးမအား နွားကျောင်းသားသည် ခူးယူ၍ ကျွေးမွေးပေးကမ်းအပ်သော နို့ယနာခဲကို မြင်သဖြင့် "ဤခွေးမသည်ကား ကံကောင်းပေစွတကား။ အမြဲမပြတ် ဤသို့ ကောင်းမွန်သော အစားအစာကို ရပေစွ"ဟု ကြံစည်လေ၏။ ထိုကောတုဟလိကသည် ညဉ့်အခါ၌ ထိုနို့ယနာကို အစာကြေကျက်စိမ့်သောငှာ မစွမ်းနိုင်ရှာသောကြောင့် စုတေသေလွန်၍ ထိုခွေးမ၏ဝမ်း၌ ဖြစ်လေ၏။

ထိုအခါ ကောတုဟလိက၏မယားသည် အလောင်းကောင်ကို သဂြိုဟ်ခြင်းအမှုကို ပြု၍ ထိုအိမ်၌ပင်လျှင် အခစားပြုလုပ်၍ ဆန် ၁-လယ်ကို ရသည်ရှိသော် ချက်၍ အရှင်ပစ္စေကဗုဒ္ဓါ၏သပိတ်၌ လောင်းလှူပြီးလျှင် "**ဤကောင်းမှု၏ အဖို့သည် အရှင်ဘုရားတို့၏ ကျေးကျွန်ဖြစ်သော ကောတုဟလိက၏အထံသို့ သက်ရောက်ပါစေသတည်း**"ဟု ဆိုကာ ဆုတောင်းပတ္ထနာပြုပြီးလျှင် အကြံဖြစ်သည်ကား "ငါသည် ဤအရပ်၌သာ နေခြင်းငှာ သင့်၏။ အရှင်မြတ်သည် အမြဲမပြတ် ဤအိမ်သို့ ကြွလာတော်မူ၏။ လှူဖွယ်ဝတ္ထုရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ နေ့စဉ်နေ့တိုင်း ရှိခိုးခြင်း, အမှုကြီးငယ်ကို ပြုလုပ်ခြင်း, စိတ်ကို ကြည်ညိုစေခြင်းတို့ကို ပြုကာ များစွာသော ကောင်းမှုကုသိုလ်ကို ပွါးများစည်ပင်စေရ

လတ္တံ့”ဟု ကြံစည်၍ ထိုမိန်းမသည် ထိုန္ဓားကျောင်းသားအိမ်၌ပင် အခစား ပြုလုပ်လျက် နေလေ၏။

ထိုန္ဓားကျောင်းသား၏ ခွေးမသည်လည်း ၆-လ, ၇-လခန့်မြောက် ရောက်သော အခါ၌ ၁-ကောင်တည်းသာလျှင်ဖြစ်သော ခွေးကို မွေးဖွားလေ၏။ နွားကျောင်းသားသည် ထိုခွေးငယ်အား နွားမ ၁-ကောင်မှ ထွက်သော နို့ရည်ကို ပေးစေ၏။ ထိုခွေးငယ်သည် မကြာမြင့်မီပင်လျှင် ကြီးပြင်းခြင်းသို့ ရောက်လေ၏။

----- x -----

## ဂ။ ခွေးဘဝဖြင့် အရှင်ပစ္စေကဗုဒ္ဓါကို အမှီရ၍ ကုသိုလ်ကောင်းမှု ပြုလုပ်ရခြင်း

ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဆွမ်းဘုဉ်းပေးတော်မူသည်ရှိသော် ထိုခွေး ငယ်အား အမြဲမပြတ် ထမင်းခဲ ၁-ခဲ,၁-ခဲကို ပေးတော်မူလေ့ရှိ၏။ ခွေးငယ်သည် ထမင်းခဲကို အမှီပြု၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၌ ချစ်ခင်၍ နေလေ၏။ နွားကျောင်းသားသည်လည်း တနေ့ ၂-ကြိမ် အမြဲ အရှင်ပစ္စေကဗုဒ္ဓါအား ခစားလုပ်ကျွေးခြင်းငှာ သွားလေ၏။ ထိုသို့ သွားသည်ရှိသော် လမ်းခရီးအကြား သားရဲဘေးရန်များ ရှိရာအရပ်၌ တုတ်,လှင်(လှံ)ကန်ဖြင့် ချုံ, မြေကြီးတို့ကို ရိုက်ပုတ်၍ *သု,သု (ရှူးရှူး)-ဟူသော အသံကို ၃-ကြိမ်တိုင်အောင်ပြုပြီး ခြောက်လှန့်၍ သားရဲတို့ကို ပြေးသွားစေ၏။ ခွေးသည်လည်း ထိုနွားကျောင်းသားနှင့်အတူ လိုက်ပါသွားလေ၏။ [ *သု,သု-ဟိုး၊ ဟဲ၊ ရှူး၊ ချွေး-စသည်ဖြင့် (အရာဌာနအလျောက်၊ ဒေသ အလျောက်) သားရဲတိရစ္ဆာန်-စသည်တို့ကို ထိတ်လန့်ကြောက်ရွံ့အောင် ခြောက်မောင်းသော အသံမျိုး တည်း။ ဤသို့ ခြောက်မောင်းသော အသံမျိုးကို ကျမ်းဂန်တို့၌ “သု,သု”ဟု သုံးစွဲလေ့ရှိ၏။]

တစ်နေ့သ၌ ထိုန္ဓားကျောင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို “အရှင်ဘုရား၊ တပည့်တော်များ မအားလပ်သည့်အခါ ဤခွေးကို လွှတ်လိုက်ပါအံ့။ ထိုခွေးလာသော အမှတ်ဖြင့် ကြွလာတော်မူပါကုန်ဘုရား”ဟု လျှောက်ထားလေ၏။ ထိုနေ့မှစ၍ ကိုယ်တိုင် သွားခွင့် မရသောနေ့၌ “ချစ်သား၊ သွားချေ။ အရှင်မြတ်ကို ပင့်ဆောင်ချေလော့”ဟု ခွေးကို စေလွှတ်လိုက်လေ၏။ ထိုခွေးသည် ၁-ခွန်းတည်းသော စကားဖြင့်သာလျှင် ပြေးသွား၍ မိမိသခင်ဖြစ်သူ၏ ချုံကို ပုတ်ခတ်သောနေရာ, မြေကို ပုတ်ခတ်သောနေရာတို့၌ ၃-ကြိမ် တိုင်အောင် ဟောင်လျက် ထိုဟောင်သံဖြင့် သားရဲတို့ ပြေးရှောင်ပုန်းအောင်းသည်၏အဖြစ် ကို သိပြီးမှ ဆက်လက်၍ သွားလေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်လည်း နံနက်စောစော ကပင်လျှင် ကိုယ်လက်သုတ်သင်ခြင်းအမှုကို ပြုလျက် သစ်ရွက်မိုးကျောင်းသို့ ဝင်၍ သီတင်း

သုံးနေတော်မူသည်ရှိသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သီတင်းသုံးတော်မူရာအရပ်သို့ သွား၍ ကျောင်းသခ်မ်းတံခါးဝ၌ ၃-ကြိမ် အူဟောင်၍ မိမိရောက်လာသောအဖြစ်ကို သိစေပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ ဝပ်၍ နေလေ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်လည်း အချိန်အခါကို မှတ်သား၍ ထွက်ကြွတော်မူသည်ရှိသော် အူခြင်း, ဟောင်ခြင်းကို ပြုလျက် ရှေ့မှ သွားလေ၏။ လမ်းခရီးအကြားအကြား၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုခွေးကို စူးစမ်းလိုသဖြင့် အခြားတပါးသော လမ်းခရီးသို့ ရှောင်လွှဲ၍ ကြွတော်မူသောအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ ရှေ့မှ ဖီလာကန့်လန့် ရပ်တန့်တားဆီး၍ အူခြင်း, ဟောင်ခြင်းအမူကို ပြုပြီးလျှင် အရှင်မြတ်ကို ဤမှတပါးဖြစ်သော လမ်းဖြောင့်လမ်းမှန်ခရီးသို့သာလျှင် ရောက်စေလေ၏။ ထို့နောက် တစ်နေ့သ၌ အခြားတပါးသော လမ်းခရီးကို ရှောင်လွှဲ၍ ကြွသွားတော်မူပြီးလျှင် ခွေးသည် ရှေ့မှ ဖီလာကန့်လန့် ရပ်တန့်တားမြစ်သော်လည်း မပြန်နစ်မူ၍ ခွေးကို ခြေတော်ဖြင့် ပုတ်ခတ်ကျောက်ကန်ကာ ကြွမြဲတိုင်းသာ ကြွတော်မူလေရာ ခွေးသည် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်၏ မပြန်နစ်သည်၏အဖြစ်ကို သိ၍ သင်းပိုင်သင်္ကန်းစွန်း၌ ကိုက်ခဲပြီးလျှင် ဆွဲငင်လျက် အခြားတပါးသော လမ်းဖြောင့်လမ်းမှန်ဖြစ်သည့် လမ်းခရီးသို့သာလျှင် အရှင်မြတ်ကို ကြွရောက်စေလေ၏။ ဤသို့လျှင် ထိုခွေးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်၌ အားကြီးသော ချစ်ခင်ခြင်းကို ဖြစ်စေလေ၏။

ထို့နောက်ဖြစ်သော အခါတပါး၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သင်္ကန်းသည် ဟောင်းနွမ်းဆွေးမြည့်ခဲ့လေ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား နွားကျောင်းသားသည် သင်္ကန်းလျာ ပုဆိုးအဝတ်တို့ကို လှူဒါန်းလေ၏။ ထိုနွားကျောင်းသားကို ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် "ဒါယကာ၊ သင်္ကန်းမည်သည် တစ်ဦးတစ်ယောက်တည်း ချုပ်,ဆိုးမှု-စသည် ပြုလုပ်ခြင်းငှာ မလွယ်ကူ။ ချမ်းသာလွယ်ကူရာအရပ်သို့ သွားရောက်၍ ပြုစေတော့အံ့"ဟု မိန့်ဆိုတော်မူလေ၏။ နွားကျောင်းသားသည်လည်း "အရှင်ဘုရား၊ ဤအရပ်၌သာ ပြုတော်မူပါကုန်ဘုရား"ဟု လျှောက်ကြားလေ၏။ "ဒါယကာ၊ ငါသည် တစ်ယောက်တည်း ပြုလုပ်ခြင်းငှာ မစွမ်းနိုင်"ဟု မိန့်တော်မူလေလျှင် "ထိုသို့ဖြစ်မူ ပြင်ပအရပ်တပါး၌ ကြာမြင့်စွာ သီတင်းသုံးနေတော်မမူပါလင့်ဘုရား"ဟု လျှောက်ကြားလေ၏။ ခွေးသည် အရှင်ပစ္စေကဗုဒ္ဓါနှင့် နွားကျောင်းသားတို့ ပြောဆိုသောစကားကို နားထောင်လျက်သာ တည်နေလေ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်လည်း "ဒါယကာ၊ နေရစ်ခဲ့ဦးလော့"ဟု နွားကျောင်းသားကို ပြန်လည်ဆုတ်နစ် နေရစ်ခဲ့စေ၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် *ဂန္ဓမာဒနတောင်သို့ ရှေးရှုကြွသွားတော်မူလေ၏။ ထိုသို့ ပစ္စေကဗုဒ္ဓါအရှင်မြတ် ကောင်းကင်ခရီးဖြင့် ကြွသွား

တော်မူသည်ကို မြင်၍ ဝမ်းနည်းကြေကွဲစွာ အူကာ,ဟောင်ကာ တည်နေသော ထိုခွေး၏ မျက်စိတဆုံးကို ပစ္စေကဗုဒ္ဓါအရှင်မြတ် လွန်လတ်သည်ရှိသော် ခွေးသည် နှလုံးသားကွဲ၍ သေလွန်ရှာလေ၏။ (*ဤတောင်သို့ ဝင်ရောက်,ဝင်ရောက်ကုန်သောလူတို့ကို အမြစ်,အနှစ်,အခေါက်, အရွက်,အပွင့်,အသီး, နံ့သာတို့၏အနံ့တို့ဖြင့် ယစ်မူးမွေလျော် ပျော်မြူးခြင်းကို ပြုတတ်သော တောင်။)

တိရစ္ဆာန်တို့မည်သည်ကား ဖြောင့်မတ်သောသဘော ရှိကြကုန်၏။ မကောက်ကျစ် မစဉ်းလဲကုန်။ လူတို့သည်ကား တပါးသော အခြင်းအရာကို စိတ်ဖြင့် ကြံစည်တတ်ကြကုန်၏။ နှုတ်ဖြင့် ပြောဆိုတတ်ကြကုန်၏။ ထို့ကြောင့်ပင်လျှင် ဘုရားရှင်အား–

ဂဟနံ'ဥေတံ ဘန္တေ ယဒိဒံ မနုဿာ၊ ဥတ္တာနက'ဥေတံ ဘန္တေ ယဒိဒံ ပသဝေါ-

(မ၊၂။၃)ဟု လျှောက်ထားလေ၏။

ဘန္တေ၊ အရှင်မြတ်ဘုရား။ ယဒိဒံ ယေ မနုဿာ၊ အကြင်လူတို့သည်။ သန္တိ၊ ရှိကုန် ၏။ ဧတံ ဧတေ မနုဿာ၊ ထိုလူတို့သည်။ ဂဟနံ ဟိ ဂဟနံ ဧဝ၊ ကောက်ကျစ်စဉ်းလဲ၊ ချွတ်လွဲဖောက်ပြန်တတ်သော သဘောရှိသည်သာလျှင်တည်း။ ယဒိဒံ ယေ ပသဝေါ၊ အကြင် တိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတံ ဧတေ ပသဝေါ၊ ထိုတိရစ္ဆာန် ဖြစ်သော သတ္တဝါတို့သည်။ ဥတ္တာနကံ ဟိ ဥတ္တာနကံ ဧဝ၊ ပေါ်လွင်ထင်ရှား၊ ရိုးသား ဖြောင့်မတ်သော သဘောရှိသည်သာလျှင်တည်း။

လူတို့ပြုမူသော အမူအရာသည် ဖုံးအုပ်ကွယ်ဝှက် ကောက်ကျစ်စဉ်းလဲလျက် ရှိ၏။ တိရစ္ဆာန်တို့ပြုသော အမူအရာသည် ပေါ်လွင်ထင်ရှား ရိုးသားဖြောင့်မတ်လျက် ရှိ၏။

----- x -----

### ယ။ ခွေးဘဝမှ သေလွန်ကာ တာဝတိံသာနတ်ပြည်၌ ဃောသကနတ်သားဖြစ်ခြင်း

ဤသို့လျှင် ထိုခွေးသည် ထိုသို့ ဖြောင့်မတ်သောစိတ်၊ မကောက်ကျစ်,မစဉ်းလဲသော စိတ်ရှိသဖြင့် စုတေသေလွန်လတ်သော် တာဝတိံသာနတ်ပြည်၌ဖြစ်၍ နတ်သမီး ၁,၀၀၀- ခြံရံလျက် ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားရလေ၏။ နားရင်း၌ ကပ်၍ တိုးတိုးသာသာ ပြောဆိုတိုင်ပင်သော ထိုနတ်သား၏အသံသည် ၁၆-ယူဇနာတိုင်အောင် ပျံ့နှံ့ကြားရ၏။ ပင်ကိုစကားပြောသော အသံသည်ကား ယူဇနာ ၁၀,၀၀၀-ရှိသော နတ်ပြည် ၁-ပြည်လုံးကို လွှမ်းမိုးလေ၏။ ထို့ကြောင့်ပင်လျှင် ထိုနတ်သားအား ဃောသကနတ်သားဟူသော အမည် သည် ဖြစ်လေ၏။ ဤသို့ဖြစ်ခြင်းသည် အဘယ်ကောင်းမှုကံ၏ အကျိုးဆက်ကြောင့်နည်း

ဟူမူ ပစ္စေကဗုဒ္ဓါအရှင်မြတ်၌ ချစ်ခင်မြတ်နိုးသောစိတ်ဖြင့် အူဟောင်ခြင်းကို ပြုရသော ကောင်းမှုကံ၏ အကျိုးဆက်ကြောင့်ပင် ဖြစ်၏။

----- x -----

## ၄။ ဃောသကနတ်သား မကြာမီ စုတေခြင်း

ထိုဃောသကနတ်သားသည် နတ်ပြည်၌ ကြာမြင့်စွာ မတည်နေဘဲ စုတေသေလွန် ရရှာလေ၏။ နတ်သားတို့သည် နတ်ပြည်မှ စုတေသေလွန်ကြကုန်သည်ရှိသော်-

- အသက်တမ်း ကုန်ခြင်းကြောင့်လည်းကောင်း
- ကောင်းမှုကံစွမ်း ကုန်ခြင်းကြောင့်လည်းကောင်း
- အစာအာဟာရ ကုန်ခြင်းကြောင့်လည်းကောင်း
- ဒေါသအမျက်ထွက်ခြင်းကြောင့်လည်းကောင်း၊

ဤ ၄-ပါးကုန်သော အကြောင်းတို့ကြောင့် စုတေသေလွန်ကြကုန်၏။ ထို ၄-ပါးတို့တွင်-

(၁) အကြင်နတ်သားသည် များစွာသော ကောင်းမှုကံကို ပြုအပ်ခဲ့ဖူး၏။ ထိုနတ်သား သည် နတ်ပြည်၌ဖြစ်၍ အသက်ရှည်သမျှ ကာလပတ်လုံး တည်နေကာ စုတေ သေလွန်ပြီးသောအခါ အထက်အထက် နတ်ပြည်၌ ဖြစ်ရလေ၏။ ဤသို့ စုတေ သေလွန်ခြင်းသည် **အသက်တမ်းကုန်ခြင်းကြောင့်** စုတေသေလွန်သည် မည်၏။

(၂) အကြင်နတ်သားသည် အနည်းငယ်မျှသော ကောင်းမှုကံကို ပြုအပ်ခဲ့ဖူး၏။ မင်း၏ ကျီတော်၌ ထည့်သွင်း၍ ထားအပ်သော ၄-ကွမ်းစား(၁-ပြည်)မျှလောက်သော စပါးကဲ့သို့ အသက်တမ်း၏ အကြား၌သာလျှင် ထိုနတ်သား၏ ပြုခဲ့သော ကောင်းမှု ကံသည် ကုန်၏။ အသက်တမ်း၏ အကြား၌သာလျှင် စုတေသေလွန်ရ၏။ ဤသို့ စုတေသေလွန်ခြင်းသည် **ကောင်းမှုကံကုန်ခြင်းကြောင့်** စုတေသေလွန်သည် မည်၏။

(၃) တပါးသော နတ်သားသည်လည်း ၅-ပါးအာရုံ ကာမဂုဏ်တို့ကို သုံးဆောင်ခံစား လျက် သတိလွတ်ကင်း တွေဝေမိန်းမောခြင်းဖြင့် အစာအာဟာရကို မသုံးဆောင်မိ သဖြင့် ပင်ပန်းညှိုးနွမ်းသော ကိုယ်ခန္ဓာရှိ၍ စုတေသေလွန်ခြင်းကို ပြုရ၏။ ဤသို့ စုတေသေလွန်ခြင်းသည် **အစာအာဟာရ ကုန်ခြင်းကြောင့်** စုတေသေလွန်သည် မည်၏။

(၄) တပါးသော နတ်သားသည်လည်း သူတပါး၏ စည်းစိမ်ချမ်းသာ ပြည့်စုံသည်ကို အောင့်အည်းသည်းမခံနိုင်သဖြင့် အမျက်ဒေါသ ပြင်းစွာထ၍ စုတေသေလွန်ခြင်းကို ပြုရ၏။ ဤသို့ စုတေသေလွန်ခြင်းသည် အမျက်ထွက်ခြင်းကြောင့် စုတေသေလွန်သည် မည်၏။

ဤဃောသကနတ်သားသည်ကား အာရုံ ၅-ပါး ကာမဂုဏ်တရားတို့ကို သုံးဆောင်ခံစားလျက် သတိလွတ်ကင်းသည်ဖြစ်၍ အစာအာဟာရကုန်ခြင်းကြောင့် စုတေသေလွန်ရရှာလေ၏။

----- x -----

## စ။ နတ်ပြည်မှ လူ့ပြည်၌ ဖြစ်လာသောအခါ ရှေးဦးစွာ အမှိုက်ပုံ၌ အပစ်ခံရခြင်း

နတ်ပြည်မှ စုတေသေလွန်ခဲ့ပြီးသော်ကား ကောသမ္ဗီပြည်၌ ပြည့်တန်ဆာမဝမ်းဝယ် ပဋိသန္ဓေ စွဲယူလေ၏။ ပြည့်တန်ဆာမသည်လည်း ဖွားမြင်လာသောနေ့၌ "ဤယခု ဖွားမြင်လာသောသူငယ်သည် သားလော, သမီးလော၊ အသို့နည်း"ဟု ကျွန်မကို မေး၍ "အရှင်မ၊ သားသူငယ်ပါတည်း"ဟု ဆိုလတ်သော် "ဟယ်-ကျွန်မ၊ ယခု ဤသူငယ်ကို စကောစုတ်ထက်၌ တင်ယူ၍ တံမြက်ချေးအမှိုက်တို့ကို စွန့်ပစ်ရာ အမှိုက်ပုံ၌ စွန့်ပစ်ချေလော့"ဟု စေခိုင်း၍ ထိုသူငယ်ကို စွန့်ပစ်စေ၏။

ပြည့်တန်ဆာမတို့သည်ကား သမီးမိန်းမကို သုတ်သင်ကျွေးမွေးကြကုန်၏။ သားယောကျ်ားကိုမူကား မသုတ်သင်,မကျွေးမွေးကြကုန်။ အဘယ်ကြောင့်နည်းဟူမူ သမီးမိန်းမသည် ထိုပြည့်တန်ဆာမတို့၏ အနွယ်အဆက်ကို ဆက်စပ်ပေးတတ်သောကြောင့်ပင် ဖြစ်၏။

သူငယ်ကို ကျီးနှင့်ခွေးတို့သည် ဝန်းရံ၍ နေကြကုန်၏။ ရှေးခွေးဘဝက ပစ္စေကဗုဒ္ဓါအရှင်မြတ်၌ ချစ်ခင်မြတ်နိုးခြင်းကြောင့်ဖြစ်သော အူခြင်း,ဟောင်ခြင်းကို ပြုခဲ့ရသော အကျိုးဆက်ကြောင့် ၁-ကောင်သော ကျီး, ၁-ကောင်သော ခွေးမျှသည်လည်း အနီးသို့ ချဉ်းကပ်ခြင်းငှာ မစွမ်းနိုင်ပေ။ ထိုခဏ၌ လူ ၁-ယောက်သည် မြို့ပြင်ပသို့ ထွက်သွားသည်ရှိသော် ထိုကျီးနှင့်ခွေးတို့ ဝန်းအုံစုရုံး၍နေသော အရာကို မြင်၍ "ဤအရာကား အဘယ်နည်း"ဟု သွားရောက်၍ ကြည့်ရှုရာ သူငယ်ကို မြင်လေလျှင် သားတည်း-ဟူသော ချစ်ခြင်းကို ရ၍ "ငါ့အား သားရအပ်ပြီ"ဟု အိမ်သို့ ယူဆောင်၍ သွားလေ၏။

ထိုအခါ ကောသမ္ဗီသူဌေးသည် မင်းအိမ်သို့ သွားသည်ရှိသော် မင်းအိမ်မှ သက်ဆင်း၍ ရှေးရှုလာသော ပုရောဟိတ်ပုဏ္ဏားကို မြင်၍ "ဆရာ၊ အသို့နည်း။ သင်ဆရာသည်

ယနေ့ နိမိတ်, စနည်း, တဘောင်, နက္ခတ်ယှဉ်ခြင်းကို ကြည့်ရှုမိပါသလော”ဟု မေးမြန်းလေ၏။ “သူဌေးကြီး၊ ကြော် ကြည့်ရှုမိပေ၏”ဟု ဆို၍ “ငါတို့အား ကိစ္စတပါး အသို့ဖြစ်လတ္တံ့နည်း။ ဇနပုဒ်အား အသို့ဖြစ်လတ္တံ့နည်း”ဟု မေးမြန်းလတ်သော် “အခြားအကြောင်းကား အထူးမရှိ၊ ဤကောသမ္ဗီပြည်၌ ယနေ့ မွေးဖွားသောသူငယ်သည် အကြီးဆုံးသော သူဌေးကြီး ဖြစ်လတ္တံ့”ဟု ဆိုလေ၏။

ထိုအခါ သူဌေးကတော်သည် ကိုယ်လေးလက်ဝန်ရှိသောကြောင့် သူဌေးကြီးသည် ယောကျ်ား ၁-ယောက်ကို “အို-အချင်း၊ လျင်စွာ သွားချေ။ အိမ်သို့ ငါ၏ခင်ပွန်းမ သူဌေးကတော်ကို သားသမီး ဖွားမြင်သည်, မဖွားမြင်သည်ကို သိအောင် ပြုခဲ့လေလော့”ဟု စေလွှတ်လိုက်လေ၏။ “မဖွားမြင်သေး”ဟူသော စကားကို ကြားသိရသည်ရှိသော် မင်းကြီးကို ဖူးမြင်ပြီးလျှင် လျင်မြန်စွာ အိမ်သို့ပြန်သွား၍ ကာဠီမည်သော ကျွန်မကို ခေါ်၍ အသပြာ ၁,၀၀၀-ကို ပေးပြီးကာ “ဟယ်-ကျွန်မ၊ သွားချေ။ ဤကောသမ္ဗီပြည်၌ စူးစမ်းမေးမြန်း၍ ယနေ့ ဖွားမြင်သောသူငယ်ကို အသပြာ ၁,၀၀၀-ပေးပြီးလျှင် ယူဆောင်လာခဲ့လော့”ဟု မှာကြား၍ စေလွှတ်လိုက်လေ၏။

ကျွန်မသည် စူးစမ်းမေးမြန်းသည်ရှိသော် သူငယ်ကို ကောက်ယူရရှိသော ထိုအိမ်သို့ သွားရောက်၍ သူငယ်ကို မြင်လေလျှင် “ဤသူငယ်သည် အဘယ်နေ့၌ ဖွားမြင်သော သူငယ်ပါနည်း”ဟု အိမ်ရှင်မကို မေး၍ “ယနေ့ဖွားမြင်သော သူငယ်တည်း”ဟု ဆိုလေလျှင် “ဤသူငယ်ကို အကျွန်ုပ်အား ပေးပါလော့”ဟု ဆို၍ အသပြာ ၁-ခုကို အစပြု၍ အဖိုးကို တိုးတက်စေကာ အသပြာ ၁,၀၀၀-ကို ပေး၍ ထိုသူငယ်ကို ယူဆောင်ခဲ့ပြီးလျှင် သူဌေးကြီးအား ပြသလေ၏။ သူဌေးကြီးသည် “အကယ်၍ ငါ့အား သမီးငယ် ဖွားမြင်ခဲ့သည်ဖြစ်အံ့။ ထိုဖွားမြင်သော ငါ၏သမီးငယ်နှင့်တကွ ဤသူငယ်ကို ထိမ်းမြားလက်ထပ်စေ၍ သူဌေးကြီးရာထူးဌာနန္တရကို ပေးအပ်အံ့။ အကယ်၍ ငါ့အား သားသူငယ် ဖွားမြင်ခဲ့သည်ဖြစ်အံ့။ ဤသူငယ်ကို သတ်ပေအံ့”ဟု ကြံ၍ ထိုသူငယ်ကို မိမိအိမ်၌ ကျွေးမွေးပြုစု၍ ထားလေ၏။

----- × -----

## ဆ။ ၂-ကြိမ်မြောက် နွားခြံဝ၌ အပစ်ခံရခြင်း

ထို့နောက် ၂-ရက်, ၃-ရက် လွန်မြောက်လတ်သော် ထိုသူဌေးကြီး၏ ခင်ပွန်းမ သူဌေးကတော်သည် သားယောကျ်ားကို ဖွားမြင်လေ၏။ သူဌေးကြီးသည် “ဤသူငယ် မရှိသည်ရှိသော် ငါ၏သားသည်သာလျှင် သူဌေးရာထူးကို ရလတ္တံ့။ ယခုပင်လျှင် ထိုသူငယ်ကို သတ်ခြင်းငှာ သင့်၏”ဟု ကြံ၍ ကာဠီမည်သော ကျွန်မကို ခေါ်ပြီးလျှင် “ဟယ်-ကျွန်မ၊

သွားချေ။ နွားခြံမှ နွားတို့ထွက်သော အချိန်အခါကာလ ခြံတံခါးဝအလယ်၌ ဤသူငယ်ကို ဖီလာကန့်လန့်ချ၍ သိပ်ထားခဲ့လေလော့။ နွားမတို့သည် ထိုသူငယ်ကို နင်း၍ သတ်ကုန်လတ္တံ့။ ထိုသူငယ်အား နင်း,မနင်းကိုလည်း ကြည့်၍ သိပြီးမှ ပြန်လာခဲ့လော့"ဟု ဆိုလေ၏။ ထိုကျွန်မသည် သွား၍ နွားကျောင်းသားသည် ခြံတံခါးကို ဖွင့်လျှင်ဖွင့်ချင်းပင်လျှင် ထိုသူငယ်ကို သူဌေးကြီး မှာလိုက်သည့်အတိုင်း ဖီလာကန့်လန့် သိပ်ထားခဲ့လေ၏။

နွားတို့၏ အကြီးအမှူးဖြစ်သော နွားလားဥသဘသည် တပါးသောအခါကာလ နေ့ရက်များ၌ နွား-အားလုံးတို့၏နောက်ဆုံးမှ ထွက်နေကျဖြစ်သော်လည်း ထိုနေ့၌ကား နွားအားလုံးတို့၏ ရှေးဦးစွာထွက်၍ သူငယ်ကို ခြေ ၄-ချောင်းတို့၏အတွင်း၌ ခွထားလျက် ရပ်တန့်၍ နေလေ၏။ အရာမက များလှစွာကုန်သော နွားမတို့သည် နွားလားဥသဘ၏ နံပါး ၂-ဖက်တို့ကို ပွတ်တိုက်ကုန်လျက် ထွက်သွားကြကုန်၏။ နွားကျောင်းသားသည်လည်း "ဤနွားလားဥသဘသည် ရှေးအခါက နွားအားလုံးတို့၏နောက်မှ ထွက်လေ့ရှိ၏။ ယနေ့မူကား နွားအားလုံးတို့၏ ရှေးဦးစွာထွက်၍ ခြံတံခါးဝအလယ်၌ မတုန်မလှုပ် ရပ်တန့်၍နေ၏။ ဤအကြောင်းအရာကား အဘယ်နည်း"ဟု ကြံစည်ကာ သွား၍ကြည့်လေလျှင် ထိုနွားလား ဥသဘ၏အောက်၌ အိပ်နေသော သူငယ်ကို မြင်၍ သားတည်းဟူသော ချစ်ခြင်းကို ရ၍ "ငါ့အား သားကို ရအပ်ပြီ"ဟု ဆိုကာ အိမ်သို့ ယူဆောင်သွားလေ၏။

ကျွန်မ ကာဠီသည် အိမ်သို့ ပြန်သွား၍ သူဌေးကြီး မေးမြန်းသည်ရှိသော် ထိုအကြောင်းကို ပြန်လည်ပြောကြားသဖြင့် "သွားချေ။ ထိုသူငယ်ကို အသပြာ ၁,၀၀၀-ပေး၍ တဖန် ဆောင်ယူချေဦးလော့"ဟု ပြောဆိုအပ်သည်ဖြစ်၍ အသပြာ ၁,၀၀၀-ပေးပြန်၍ ဆောင်ယူခဲ့ပြီးလျှင် သူငယ်ကို သူဌေးကြီးအား ပေးလေ၏။

----- x -----

## ၈။ ၃-ကြိမ်မြောက် လှည်းလမ်းမ၌ အပစ်ခံရပြန်ခြင်း

ထို့နောက် သူဌေးကြီးသည် ကျွန်မ ကာဠီကို "ချစ်သမီး ကာဠီ၊ ဤကောသမ္ဗီပြည်၌ လှည်း ၅၀၀-တို့သည် နံနက်စောစောကာလ၌ ထ၍ ကုန်သွယ်ခြင်းအလို့ငှာ သွားကြကုန်လတ္တံ့။ သင်သည် ဤသူငယ်ကို ဆောင်ယူ၍ လှည်းလမ်းကြောင်း၌ သိပ်ထားခဲ့လေလော့။ ထိုသူငယ်ကို နွားတို့သည်မူလည်း နင်းကုန်လတ္တံ့။ လှည်းဘီးတို့သည်မူလည်း ထက်ပိုင်းပြတ်အောင် နင်းကြိတ်ဖြတ်ကုန်လတ္တံ့။ ထိုသူငယ်၏ ဖြစ်ပျက်ပုံအကြောင်းစုံကိုလည်း သိအောင် ပြုပြီးမှသာ ပြန်ခဲ့လေလော့"ဟု မှာကြား၍ စေလွှတ်လေ၏။ ကာဠီသည် ထိုသူငယ်ကို ဆောင်ယူသွား၍ လှည်းလမ်းကြောင်း၌ သိပ်ထားခဲ့လေ၏။

ထိုအခါ အကြီးအမျိုးဖြစ်သော လှည်းသမားသည် ရှေ့ဆုံးလှည်း၌ ပါလာလေရာ ထိုလှည်းမျိုး၏ နွားတို့သည် ထိုသူငယ်ရှိရာဌာနသို့ ရောက်လတ်သော် လှည်းဦးထမ်းပိုးကို စွန့်ပစ်ကြကုန်၏။ အဖန်တလဲလဲ ထမ်းပိုးခွင်သို့ တင်၍ မောင်းနှင်ကုန်သော်လည်း ရှေ့သို့ တိုး၍ မသွားကြကုန်။ ဤသို့ ရှေ့သို့ မသွားကြသဖြင့် ထိုနွားတို့နှင့် အတူတကွ လှည်းမျိုး၏ လုံ့လကြိုးကုတ် အားထုတ်စဉ်ပင်လျှင် အရုဏ်တက်ခဲ့လေ၏။ ထိုလှည်းမျိုးသည် "နွားတို့ သည် အဘယ်သို့သောအမှုကို ပြုကြကုန်သနည်း"ဟု လမ်းခရီးကို ကြည့်ရှုလတ်သော် သူငယ်ကို မြင်၍ "ငါပြုအပ်သော အမှုသည် ဝန်လေးစွတကား"ဟု ကြံ၍ "ငါ့အား သားကို ရအပ်လေပြီ"ဟု နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ထိုသူငယ်ကို အိမ်သို့ ယူဆောင်သွားလေ၏။

ကာဠီသည် အိမ်သို့ ပြန်သွား၍ သူဌေးကြီး မေးသည်ရှိသော် ထိုအကြောင်းကို ပြန်ကြားပြောဆိုသဖြင့် "သွားချေ။ ထိုသူငယ်ကို အသပြာ ၁,၀၀၀-ပေး၍ တဖန် ဆောင်ယူ ချေဦးလော့"ဟု ပြောဆိုပြန်သည်ဖြစ်၍ ကာဠီသည် ထိုသူဌေးကြီး ပြောဆိုသည့်အတိုင်း ပြုလုပ်ပြန်လေ၏။

----- x -----

## ၈။ ၄-ကြိမ်မြောက် သုသာန်၌ အပစ်ခံရပြန်ခြင်း

ထို့နောက် တဖန် သူဌေးကြီးသည် ကာဠီကို "ယခုအခါ၌ ထိုသူငယ်ကို သူသေကောင် မြှုပ်နှံရာ သုသာန်သင်္ချိုင်းသို့ ယူဆောင်သွားကာ ချုံကြား၌ သိပ်ထားခဲ့လေလော့။ ထိုသုသာန်သင်္ချိုင်းရှိ ချုံထဲ၌ ခွေး-စသော သတ္တဝါတို့ ကိုက်ခဲ၍ဖြစ်စေ, ဘီလူးတို့ ရိုက်နှက် ပုတ်ခတ်၍ဖြစ်စေ သေဆုံးလတ္တံ့။ ထိုသူငယ် သေ,မသေကိုလည်း သိပြီးမှသာ ပြန်လာခဲ့လေ လော့"ဟု မှာလိုက်လေ၏။ ကာဠီသည် ထိုသူငယ်ကို ဆောင်ယူ၍ သွားပြီးလျှင် သုသာန် သင်္ချိုင်း၌ သိပ်ထား၍ သင့်တင့်သော တစ်နေရာ၌ နေလေ၏။ ထိုသူငယ်၏အနီးသို့ ခွေး, ကျီး, ဘီလူးတို့သည် ချဉ်းကပ်ခြင်းငှာ မစွမ်းနိုင်လေ။

(ထိုသူငယ်အား အမိလည်း မရှိ၊ အဘလည်း မရှိ၊ အစ်ကို-အစရှိကုန်သော သူတို့တွင်လည်း တစ်စုံတစ်ယောက်မျှ စောင့်ရှောက်မည့်သူမည်သည် မရှိသည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ်သူသည် စောင့်ရှောက်လေသနည်းဟူမူကား ရှေးဘဝ ခွေးဖြစ်သော အခါကာလ-က ပစ္စေကဗုဒ္ဓါ အရှင်မြတ်၌ ချစ်ခင်ကြည်ညိုခြင်းဖြင့် ဖြစ်စေအပ်သော အူခြင်း,ဟောင်ခြင်းကို ပြုလုပ်ခဲ့ကာမျှဖြစ်သော ကောင်းမှုကံသည်သာလျှင် ထိုသူငယ်ကို အစဉ်လိုက်၍ စောင့်ရှောက်၏-ဟု မှတ်အပ်၏။)

ထို့နောက် ဆိတ်ကျောင်းသား ၁-ယောက်သည် အထောင်မက များစွာသော ဆိတ်တို့ကို စားကျက်သို့ မောင်းနှင်ဆောင်ယူလျက် သုသာန်သချိုင်းနံပါးဖြင့် သွားလေ၏။ ဆိတ်မ ၁-ကောင်သည် သစ်ရွက်တို့ကို စားလျက် ချုံကြားသို့ ဝင်သည်ရှိသော် သူငယ်ကို မြင်၍ ဒူးဆစ်တို့ဖြင့် ထောက်လျက် သူငယ်အား နို့တိုက်လေ၏။ ဆိတ်ကျောင်းသားသည် "ဟေ-ဟေ"ဟူသော အသံကို ပြုကာ အော်ဟစ်သော်လည်း မထွက်လာသဖြင့် ထိုဆိတ်မကို "တုတ်,လှင်ကန်ဖြင့် ရိုက်နှက်ထုတ်ဆောင်အံ့"ဟု ကြံ၍ ချုံကြားသို့ ဝင်သွားသည်ရှိသော် ဒူးထောက်ကာ သူငယ်ကို နို့တိုက်ကျွေးနေသည့် ဆိတ်မကို မြင်လေလျှင် သူငယ်၌ သား တည်းဟူသော ချစ်ခြင်းကို ရ၍ "ငါ့အား သားကို ရအပ်ပြီ"ဟု ထိုသူငယ်ကို ယူဆောင်၍ ဖဲသွားလေ၏။

ကာဠီသည် အိမ်သို့ ပြန်သွား၍ သူဌေးကြီး မေးမြန်းအပ်သည်ရှိသော် ထိုအကြောင်းကို ပြန်လည်ပြောကြားသဖြင့် "သွားချေ၊ ထိုသူငယ်ကို အသပြာ ၁,၀၀၀-ပေး၍ တဖန် ဆောင်ယူချေဦးလော့"ဟု ပြောဆိုပြန်သည်ဖြစ်၍ ထိုသူဌေးကြီး ပြောဆိုသည့်အတိုင်း ပြုလုပ်ပြန်လေ၏။

----- x -----

## ည။ ၅-ကြိမ်မြောက် တောင်ကမ်းပါးပြတ်၌ အပစ်ခံရပြန်ခြင်း

ထို့နောက် သူဌေးကြီးသည် ကာဠီကို "ချစ်သမီး ကာဠီ၊ ဤသူငယ်ကို ယူဆောင်၍ ခိုးသူတို့ကို ပစ်ချ၍ သတ်ဖြတ်ရာဖြစ်သော တောင်ထိပ်သို့ တက်၍ တောင်ကမ်းပါးပြတ်၌ ပစ်ချချေလော့။ တောင်ဝှမ်း၌ ထိပါးတိုက်ခိုက်မိသည်ရှိသော် အပိုင်းအပိုင်းပြတ်၍ မြေထဲ၌ ကျလတ္တံ့။ ထိုသူငယ် သေ,မသေကိုလည်း သိပြီးမှသာ ပြန်လာခဲ့လေလော့"ဟု မှာလိုက်လေ၏။ ကာဠီသည် သူငယ်ကို တောင်ထိပ်ပေါ်သို့ ဆောင်ယူ၍ တောင်ထိပ်၌ ရပ်လျက်ပင်လျှင် ပစ်ချလိုက်လေ၏။ ထိုတောင်ဝှမ်းကို မှီ၍ ဝါးချုံကြီးသည် တောင်သို့ အစဉ်လျှောက်၍ သာလျှင် စည်ပင်ကြီးပွါးပေါက်ရောက်၍ နေ၏။ ထိုဝါးချုံကြီး၏အထက်၌ တခဲနက် ထူထဲသော ဇင်ခွေးချုံသည် လွှမ်းမိုးဖုံးအုပ်၍ တည်ရှိ၏။

သူငယ်သည် တောင်ထိပ်မှ ကျသည်ရှိသော် ကော်ဇောအခင်းထက်၌ ကျရောက်ဘိသကဲ့သို့ ထိုဇင်ခွေးချုံထက်၌ ကျရောက်လေ၏။ ထိုနေ့ပင်လျှင် အကြီးအမှူးဖြစ်သော ကျူထရံသည်ကြီးအား ဝါးအခွန်အတုတ်ကို ပေးအပ်သောအလှည့် ကျရောက်နေလေ၏။ ထိုကျူထရံသည်ကြီးသည် သားနှင့်အတူတကွ သွား၍ ထိုဝါးချုံကို ဖြတ်ခြင်းငှာ အားထုတ်

လေ၏။ ထိုဝါးချိုကို ဖြတ်၍ ဝါးချို လှုပ်ရှားသည်ရှိသော် သူငယ်သည် အသံပြုကာ ငိုရှာလေ၏။ ကျူထရံသည်ကြီးသည် "ဤအသံသည်ကား သူငယ်သံကဲ့သို့ ဖြစ်၏တကား"ဟု နံပါး ၁-ဘက်မှ တက်လတ်သည်ရှိသော် ထိုသူငယ်ကို မြင်၍ "ငါ့အား သားကို ရအပ်ပြီ"ဟု နှစ်သက်ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ယူဆောင်၍ သွားလေ၏။

ကာဠီသည် သူဌေးကြီးအထံသို့ သွား၍ သူဌေးကြီးသည် မေးမြန်းအပ်သည်ရှိသော် ထိုအကြောင်းကို ပြန်လည်၍ ပြောကြားသဖြင့် "သွားချေ။ ထိုသူငယ်ကို အသပြာ ၁,၀၀၀-ပေး၍ တဖန် ဆောင်ယူချေဦးလော့"ဟု ပြောဆိုပြန်သည်ဖြစ်၍ ထိုသူဌေးကြီး ပြောဆိုသည့် အတိုင်း ပြုလုပ်ပြန်လေ၏။

----- x -----

## ၄။ ၆-ကြိမ်မြောက် အိုးထိန်းသည်အိမ် အိုးတွင်း၌ထည့်၍ မီးဖုတ်သတ်ရန် ကြံစည်ပြန်ခြင်း

သူဌေးကြီးလည်း ဤမည်,ဤမည်သော သေရာ,သေကြောင်းအမှုကို ပြုလုပ်အား ထုတ်စဉ်ပင်လျှင် သူငယ်သည် ကြီးပြင်း၍လာလေရာ ထိုသူအား ဃောသကဟူသော အမည်ကို မှည့်ခေါ်လေ၏။ ထိုသူငယ်သည် သူဌေးကြီး၏မျက်စိ၌ ဆူးငြောင့်ကဲ့သို့ မှတ် ထင်နေလေ၏။ ဖြောင့်ဖြောင့်တည့်တည့် ကြည့်ခြင်းငှာပင် မစွမ်းနိုင်လေ။ ထို့နောက် အခါ တပါး သူငယ်အား သေစေလောက်သော အကြောင်းဥပါယ်ကို ကြံစည်လျက် မိမိ၏ မိတ်ဆွေဖြစ်သော အိုးထိန်းသည်၏ အထံသို့ သွားပြီးလျှင် "အဆွေ၊ သင်သည် အဘယ် အခါကာလ၌ အိုးဖုတ်ရန် တွင်းကျင်းကို စီမံ၍ မီးဖုတ်အံ့နည်း"ဟု မေးလေလျှင် "နက်ဖြန်ခါ ၌ပင် အိုးဖုတ်အံ့"ဟု ဆိုလတ်သော် "ထိုသို့ဖြစ်မူ ဤအသပြာ ၁,၀၀၀-ကို ယူ၍ ငါ၏ကိစ္စ ၁-ခုကို ပြုလုပ်ပေးပါလော့"ဟု ဆို၏။

"အရှင်သူဌေးကြီး၊ အဘယ်အမှုကို ပြုလုပ်ရပါမည်နည်း"ဟု မေးသည်ရှိသော် "ငါ့အား သားဆိုး ၁-ယောက်ရှိ၏။ ထိုသားဆိုးကို သင့်အထံသို့ စေလွှတ်လိုက်ပါအံ့။ ထိုသို့ စေလွှတ်လိုက်သောအခါ ထိုသူငယ်ကို ဖမ်းယူ၍ တိုက်ခန်းတွင်းသို့ သွတ်သွင်းပြီးလျှင် ထက်လှစွာသော ပဲခွပ်ဖြင့် အပိုင်းအပိုင်းဖြတ်လျက် အိုးစရည်းကြီး၌ ထည့်သွင်းကာ အိုးဖုတ်ရာ တွင်း၌သာလျှင် ထည့်၍ မီးတိုက်ရှို့လိုက်ပါလေလော့။ ဤအသပြာ ၁,၀၀၀-သည်ကား သင့်အား သစ္စာပြုသည်နှင့်တူစွာ စရန်ပေးခြင်းပါတည်း။ ဤထက်အလွန်

ပေးကမ်းပြုစုထိုက်သည့်အမှုကိုလည်း နောင်မှ ပြုပါအံ့”ဟု ဆိုလေ၏။ အိုးထိန်းသည်သည်လည်း “ကောင်းပါပြီ”ဟု ဝန်ခံလိုက်လေ၏။

သူဌေးကြီးသည် တဖန်မိုးသောက် ရောက်သောနေ့၌ ဃောသကသတို့သားကို ခေါ်၍ “ချစ်သား၊ ယမန်နေ့က အိုးထိန်းသည်ကို ၁-ခုသောအမှု ပြုလုပ်ရန် စေခိုင်းထားခဲ့၏။ လာလှည့်၊ သင်သည် ထိုအိုးထိန်းသည်အထံသို့ သွား၍ ‘ယမန်နေ့က ကျွန်တော်၏ ဖခင် စေခိုင်းထားခဲ့သော အမှုကို ပြီးစီးအောင် ရွက်ဆောင်ပြုလုပ်ပါလော့’ဟု ပြောဆိုချေ” ဟူ၍ စေလွှတ်လိုက်လေ၏။ ထိုဃောသကသတို့သားသည်လည်း “ကောင်းပါပြီ”ဟူ၍ ဝန်ခံ၍ သွားလေ၏။ ဃောသကသတို့သားသည် ထိုအိုးထိန်းသည်အိမ်သို့ သွားသည်ကို သူဌေးကြီး၏ သားရင်းဖြစ်သော သူငယ်သည် သူငယ်ဖော်တို့နှင့် အတူတကွ ခုံညင်းလုံး ကစားလျက်နေစဉ် မြင်လိုက်၍ ထိုဃောသကသတို့သားကို ခေါ်ပြီးလျှင် “နောင်တော်၊ အဘယ်အရပ်သို့ သွားမည်နည်း”ဟု မေး၍ “ဖခင်၏ သတင်းစကားကို ဆောင်ယူ၍ အိုးထိန်းသည်၏အထံသို့ သွားအံ့”ဟု ဆိုသည်ရှိသော်-

“ထိုအိုးထိန်းသည်အထံသို့ ကျွန်ုပ်သွားပါအံ့။ ဤသူငယ်တို့သည် ကျွန်ုပ်ကို လောင်းကြေးအကြိမ်များစွာ နိုင်၍ နေကြပါ၏။ ကျွန်ုပ်အား ရှုံးခဲ့လေသမျှသော လောင်းကြေးကို တဖန်ပြန်၍ နိုင်အောင် ကစားပေးပါလော့”ဟု ဆိုလေ၏။ “ငါသည် ဖခင်ကို ကြောက်လှပါ၏”ဟု ဆိုလတ်သော် “နောင်တော်၊ မကြောက်ပါလင့်။ ကျွန်ုပ်သည် ထိုသတင်းစကားကို ပို့ဆောင်ပါအံ့။ နောင်တော်သည် များစွာနိုင်သော်လည်း ကျွန်ုပ် မပြန်လာမီ ကျွန်ုပ်ရှုံးခဲ့လေပြီးသော လောင်းကြေးကို ပြန်၍နိုင်အောင် ကစားရစ်ပါလေလော့”ဟု တောင်းပန်ပြောဆိုလေ၏။ ဃောသကသတို့သားသည် ခုံညင်းလုံးကစားခြင်း၌ အလွန်ကျွမ်းကျင်လိမ္မာ တတ်မြောက်သတတ်။ ထို့ကြောင့် သူဌေးကြီး၏ သားရင်းဖြစ်သော သူငယ်သည် ဃောသကကို ထပ်ကာထပ်ကာ တောင်းပန်ပြောဆိုရာလေ၏။

ဃောသကသည်လည်း “ထိုသို့ဖြစ်မူ သွား၍ အိုးထိန်းသည်ကို ‘ယမန်နေ့က ကျွန်တော်၏ဖခင်သည် အမှုကိစ္စ ၁-ခုကို စေခိုင်းထားခဲ့၏။ ထိုစေခိုင်းထားခဲ့သော ကိစ္စကို ယခုပြီးစီးအောင် ဆောင်ရွက်ပါ’-ဟု ပြောဆိုချေ”ဟူ၍ စေလွှတ်လိုက်လေ၏။ သူဌေးကြီး၏ သားရင်းဖြစ်သော ထိုသူငယ်သည်လည်း အိုးထိန်းသည်၏အထံသို့ သွား၍ အလုံးစုံ မှာကြားလိုက်သည့်အတိုင်း ပြောကြားလေ၏။ ထိုအခါ အိုးထိန်းသည်သည် သူဌေးကြီး ပြောဆိုမှာကြားခဲ့သောနည်းဖြင့်သာလျှင် သတ်ဖြတ်၍ အိုးဖုတ်သောမီးတွင်း၌ ပစ်သွင်းလိုက်လေ၏။

----- x -----

## ၄။ သားရင်းသေဆုံး၍ သူဌေးကြီး သောကရောက်ရခြင်း

ယောသကသည်လည်း ၁-နေ့လုံး ကစားပြီးလျှင် ညချမ်းသောအခါ၌ အိမ်သို့ ပြန်သွားသဖြင့် သူဌေးကြီးသည် ထိုယောသကကို မြင်လေလျှင် "ချစ်သား၊ အသို့နည်း။ အိုးထိန်းသည်အထံသို့ မသွားပြီလော"ဟု မေးသည်ရှိသော် မိမိ၏ မသွားရခြင်းအကြောင်း, ညီငယ်သွားသောအကြောင်းတို့ကို ပြောကြားလေ၏။ ထိုစကားကို ကြားလေလျှင် သူဌေး ကြီးသည် "ငါသည် မိုက်မဲလေစွတကား"ဟု သည်းထန်စွာ မြည်တမ်းအော်ဟစ်၍ ကိုယ် အလုံး၌ သွေးကျိုက်ကျိုက်ဆူသကဲ့သို့ ဖြစ်ပြီးလျှင် "အို-အချင်း အိုးထိန်းသည်၊ သင်ငါ့ကို မဖျက်ဆီးပါလင့်"ဟု လက်မောင်း ၂-ဖက်တို့ကို မြှောက်ချီကာ ငိုကြွေးမြည်တမ်းလျက် ထိုအိုးထိန်းသည်၏အထံသို့ သွားလေ၏။

အိုးထိန်းသည်သည် ထိုသို့သော အခြင်းအရာအားဖြင့်လာသော သူဌေးကြီးကို မြင်လေလျှင် "အရှင်သူဌေးကြီး၊ အသံမပြုပါလင့်။ အရှင်သူဌေးကြီး မှာထားသောအမှု ပြုလုပ်ပြီးစီးပါပြီ"ဟု ပြောဆိုလေ၏။ သူဌေးကြီးသည် တောင်ကြီးဖြင့် ဖိစီးလွှမ်းမိုးဘိသကဲ့သို့ ကြီးစွာသော စိုးရိမ်ပူဆွေးခြင်းဖြင့် ဖိစီးလွှမ်းမိုးအပ်သည်ဖြစ်၍ အတိုင်းမသိ များစွာသော နှလုံးမသာယာခြင်းကို ခံစားရလေ၏။ အဘယ်ကဲ့သို့နည်းဟူမူကား မပြစ်မှားထိုက်သော ပုဂ္ဂိုလ်အား ပြစ်မှားသောသူသည် အတိုင်းမသိ များစွာသော စိတ်နှလုံးမသာယာခြင်းကို ခံစားရဘိသကဲ့သို့တည်း။

ထို့ကြောင့် ဘုရားရှင်သည်–

(က) ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္န'မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ ။

(ခ) ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။ ။

(ဂ) ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုရံ။ ။

(ဃ) အထ ဝါ'ဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သော'ပပဇ္ဇတိ။ ။

ဟူသော ဂါထာကို ဟောကြားတော်မူ၏။

(က) ဘိက္ခဝေ၊ သံသရာဝဋ်ဖွေ၊ ကစ္ဆုတ်ခွေမှ၊ လွတ်စေရည်ငြား၊ ချစ်သားရဟန်းတို့။ ယော ပုဂ္ဂလော၊ ကြမ်းကြုတ်ခက်ထန်၊ အမျက်မာန်ပွါး၊ အကြင်ပုဂ္ဂိုလ်စားသည်။ အဒဏ္ဍေသု၊ အပြစ်ကင်း၍၊ သန့်ရှင်းစင်ကြယ်ကြကုန်သော။ ဝါ၊ ကာယဒဏ္ဍ-အစရှိသည်၊ အလီလီတို့မသိမခ၊ ကင်းပကြကုန်သော။ အပ္ပဒုဋ္ဌေသု၊ စင်စစ်အားဖြင့်၊ မပြစ်မှားထိုက်၊ မပြစ်မှားအပ်သော ပုဂ္ဂိုလ်မြတ်တို့၌။ ဒဏ္ဍေန၊ သေနတ်,တုတ်,ဓား၊ အစထား၍၊ များပြားရှိရိုး၊ လက်နက်အမျိုးမျိုးဖြင့်။ ဒုဿတိ၊ ပစ်ခတ်ရိုက်ပုတ်၊ ထိုးခုတ်ပြစ်မှား၊ ကျူးလွန်ငြားအံ့။ ဝါ၊ အသက်သိက္ခာ၊ ဂုဏ်ဝါကျေးဇူး၊ အထူးမရှု၊ အကြမ်းမူဖြင့်၊ ထောင်းထုရိုက်နှက်၊ နှိပ်စက်ပြစ်မှား၊ ကျူးလွန်ငြားအံ့။ သော ပုဂ္ဂလော၊ မပြစ်မှားအပ်၊ ပုဂ္ဂိုလ်မြတ်၌၊ ထိခိုက်ပြစ်မှား၊ ထိုပုဂ္ဂိုလ်စားသည်။ ဒသန္နံ၊ ဒုက္ခရောက်မှု၊ ဒဏ် ၁၀-ခုတို့တွင်။ အညတရံ ဌာနံ၊ ထိုက်သင့်သမှု ၁-ခုခုသော ဒုက္ခရောက်ကြောင်းသို့။ ခိပ္ပမေဝ၊ ယခုဘဝ၊ ပစ္စက္ခမှာ၊ လျင်မြန်စွာသာလျှင်။ နိဂစ္ဆတိ၊ မကောင်းကံရင်း၊ ပြုဖန်ခြင်းကြောင့်၊ ဖောက်လွှမ်းမသွေ၊ ဆိုက်ရောက်ရလေ၏။

(ခ) ဖရုသံ၊ မချိမဆန့်၊ ကြောက်လန့်ဖွယ်ရာ၊ ကြမ်းတမ်းစွာသော။ ဝေဒနံ၊ ဆင်းရဲလှစွာ၊ ဦးခေါင်းနာ-စသော ဒုက္ခဝေဒနာသို့လည်းကောင်း။ ဇာနိံ၊ ငြိငြင်ဆင်းရဲ၊ အားခဲရှာငြား၊ စုဆောင်းထားပြီး၊ ပစ္စည်းအားလုံး၊ ဆုံးရှုံးပျက်စီးခြင်းသို့လည်းကောင်း။ သရီရဿ၊ လက်,ခြေအစ၊ ကိုယ်ကာယ၏။ ဘေဒနဉ္စ၊ ကျိုးပဲ့ပြတ်ကာ၊ မသက်သာသည့်၊ အင်္ဂါချွတ်ယွင်း၊ ပျက်စီးခြင်းသို့လည်းကောင်း။ ဂရုကံ၊ မရှုရက်သာ၊ ကြီးလေးစွာသော။ အာဗာဓံ ဝါပိ၊ လက်,ခြေကောက်ကွေး၊ ပြောရေးဆွံ့အ၊ ကုဋ္ဌနူနာ၊ စစ္စာပွါးတိုး၊ ရောဂါဆိုး အမျိုးမျိုးနှိပ်စက်ခြင်းသို့လည်းကောင်း။ စိတ္တက္ခေပဉ္စ၊ စိတ်ပျံ့လွင့်ရမ်း၊ ရူးနှမ်းခြင်းသို့လည်းကောင်း။ ပါပုဏော၊ မသက်မသာ၊ ဒုက္ခဖြာကာ၊ ရောက်ရရှာလေ၏။

(ဂ) ရာဇတော၊ အုပ်ချုပ်ပိုင်နင်း၊ အစိုးရမင်းကြောင့်။ ဥပသဂ္ဂံ ဝါ၊ စည်းစိမ်ပျက်ပြုန်း၊ အသက်ဆုံးရှုံးရခြင်း ဘေးသို့လည်းကောင်း။ ဝါ၊ လက်ရှိအလုပ်၊ ရာထူးပြုတ်၍၊ ဆုတ်ယုတ်ပျက်စီး၊ ပစ္စည်းဆုံးရှုံး၊ အသက်ဆုံးခြင်း-စသော ဘေးသို့လည်းကောင်း။ ဒါရုဏံ၊ မစူးမစမ်း၊ အရမ်းလုပ်ကာ၊ ကြမ်းကြုတ်စွာသော။ အဗ္ဘက္ခာနဉ္စ၊ ကိုယ်မဟုတ်ဘဲ၊ အစွပ်စွဲခံရခြင်းသို့လည်းကောင်း။ ဉာတီနံ၊ မှီခိုအားထား၊ ဆွေမျိုးမိဘများတို့၏။ ပရိက္ခယဉ္စ၊ ကုန်ပျောက်ပျက်ပြုန်း၊ သေဆုံးခြင်းသို့လည်းကောင်း။ ဘောဂါနံ၊ စည်းစိမ်ဥစ္စာ၊ အဖြာဖြာတို့၏။ ပဘင်္ဂုရဉ္စ၊ ယိုယွင်းပြုန်းတီး၊ ပျက်စီးခြင်းသို့လည်းကောင်း။ ပါပုဏော၊ မလွဲမသွေ၊ ရောက်ရရှာလေ၏။

(ဃ) အထ၊ ထိုဆိုအပ်ပြီးငြား၊ အပြစ်များမှ တပါးကား။ အဿ၊ မပြစ်မှားအပ်၊ ပုဂ္ဂိုလ်မြတ်ကို၊ ဒဏ်ခတ်ပြစ်မှား၊ ထိုသူစား၏။ အဂါရာနိ၊ ရှိရင်းအိမ်ထောင်၊ သုံးဆောင်ရာ

မှန်၊ မကျန်သိမ်းကျုံး၊ အိမ်အလုံးတို့ကို။ အဂ္ဂိ၊ ပကတိမီး၊ မိုးကြိုးမီးသည်လည်းကောင်း။ ပါဝကော၊ အလိုအလျောက်၊ ကပ်ရောက်စွဲပြီး၊ လောင်သောမီးသည်လည်းကောင်း။ ဥဟတိ၊ လုံးစုံလွှမ်းမွှေ၊ လောင်ကျွမ်းလေ၏။ ဒုပ္ပညော၊ အမြော်အမြင်၊ ဆင်ခြင်အသိ၊ ပညာဉာဏ် မရှိသော။ သော နရော၊ မကောင်းပြုလုပ်၊ ထိုသူယုတ်သည်။ ကာယဿ၊ ယခုဘဝ၊ ကိုယ် ကာယ၏။ ဘေဒါ၊ ဆုံးရှုံးမတည်၊ ပျက်စီးသည်မှ။ ပရံ၊ တမလွန်ခေါ်ကြ၊ နောက်ဘဝ၌။ နိရယံ၊ မမြင်ဝံ့ရဲ၊ မကြားရဲအောင်၊ ဆင်းရဲလွှမ်းမိုး၊ ငရဲအိုးသို့။ ဝါ၊ လွန်စွာဆင်းရဲ၊ ပါယ်ငရဲ၌။ ဥပပဇ္ဇတိ၊ ကျရောက်မသွေ၊ ဖြစ်တတ်လေ၏။

**အမှာ။** ။ဤဂါထာတို့၏ အဓိပ္ပါယ်အကျယ်ကို လာမည့် ၁၀-ဝဂ်မြောက်၊ ဒဏ္ဍဝဂ်၊ မဟာမောဂ္ဂလာနဝတ္ထု၌ ဆိုလတ္တံ့။

----- x -----

## ၃။ ၇-ကြိမ်မြောက် ဘောသူဌေးထံ သတ်ရန် စာရေး၍ စေလွှတ်လိုက်ပြန်ခြင်း

ဤသို့ပင် ဖြစ်ပါသော်လည်း သူဌေးကြီးသည် တဖန် ဃောသကသတို့သားကို ဖြောင့်ဖြောင့်တည့်တည့် ကြည့်ရှုခြင်းငှာ မစွမ်းနိုင်ပေ။ "ငါသည် ဃောသကကို အဘယ်သို့သော အကြောင်းဥပါယ်ဖြင့် သတ်ရအံ့နည်း"ဟု ကြံစည်သည်ရှိသော် "ငါ-အပိုင်စားရာ ရွာငယ် ၁၀၀-၌ စာရင်းကိုင်ကိုယ်စားလှယ် ပြုလုပ်၍နေသောသူ၏ အထံသို့ စေလွှတ်၍ ဃောသကကို သတ်စေအံ့"ဟူသော အကြောင်းကို မြင်၍ "ဤသူငယ်ကား ကျွန်ုပ်၏ ယုတ်မာလှစွာသော သားမိုက်ဖြစ်ချေ၏။ ဤသူငယ်ကို သတ်၍ မစင်တွင်း၌ ပစ်ချလိုက်ပါ လေ။ ဤသို့ ပြုလုပ်သည်ရှိသော် ကျွန်ုပ်သည် ဦးရီးအား ပေးကမ်းသင့်, ပေးကမ်းထိုက်သည် ကို နောင်ပေးပါအံ့"ဟု စာရင်းကိုင်ကိုယ်စားလှယ်အား အမှာစာ ရေးသားပြီးလျှင် "ချစ်သား ဃောသက၊ ငါအပိုင်စားရာ ရွာ ၁၀၀-၌ စာရင်းကိုင်ကိုယ်စားလှယ် ရှိ၏။ ဤစာကို ယူ ဆောင်၍ ထိုစာရင်းကိုင်ကိုယ်စားလှယ်အား ပေးလေလော့"ဟု မှာကြားပြောဆို၍ အမှာစာ ကို ထိုဃောသက၏ ပုဆိုးစွန်း၌ ဖွဲ့ချည်၍ ပေးလိုက်လေ၏။

ထိုဃောသကသည်ကား စာမတတ်ပေ။ မှန်၏။ ဖခင်သူဌေးကြီးသည် ငယ်ရွယ်စဉ် အခါမှ စ၍ ဃောသကကို သတ်ရန် အမြဲပင် အားထုတ်နေသော်လည်း သတ်စိမ့်သောငှာ မတတ်နိုင်သည်သာ ဖြစ်၏။ ထိုသို့ သတ်ရန်ကိုသာ အမြဲအားထုတ်နေရသည့်အတွက် အဘယ်မှာလျှင် စာသင်ပေးနိုင်ပါအံ့နည်း။ ထို့ကြောင့် ဃောသကသည် မိမိအား သတ်ရန်

ရေးသားပေးလိုက်သည့် စာကိုပင်လျှင် ပုဆိုးစွန်း၌ ဖွဲ့ချည်လျက် အိမ်မှ ထွက်မည် ကြံသည် ရှိသော် "ဖခင်၊ ကျွန်ုပ်အား လမ်း၌ သုံး,စားစရာ စားရေရိက္ခာ မရှိသေးပါ"ဟု ဆိုလေ၏။

"ချစ်သား၊ လမ်း၌ သုံး,စားစရာ စားရေရိက္ခာ မလိုပါ။ လမ်းခရီးအကြား ဤမည်သောရွာ၌ ငါ၏မိတ်ဆွေ သူဌေးရှိ၏။ ထိုသူဌေးအိမ်၌ နံနက်စာစား၍ ရှေ့သို့ ဆက်လက်သွားလေလော့"ဟု ဆိုသဖြင့် ဃောသကလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ ဖခင်ကို ရှိခိုးပြီးလျှင် အိမ်မှ ထွက်လာခဲ့သည်ရှိသော် ဖခင်မှာလိုက်သော ရွာသို့ ရောက်သဖြင့် သူဌေးအိမ်ကို မေးမြန်း၍ ရောက်သွားရကား သူဌေးကတော်သည် ဃောသကသတို့သားကို မြင်၍ "အဘယ်အရပ်မှ လာခဲ့ပါသနည်း"ဟု မေးမြန်း၍ မြို့တွင်းမှ လာခဲ့ကြောင်းကို ပြောဆိုလတ်သော် "သင် အဘယ်သူ၏ သားနည်း"ဟု မေးသဖြင့် "မိခင်၊ ကျွန်ုပ်သည် အသင်တို့၏ မိတ်ဆွေဖြစ်သော သူဌေးကြီး၏ သားပါတည်း"ဟု ပြောကြားလေ၏။ "ဃောသကသတို့သား-ဟူသည် အသင်ပင် ဖြစ်ပေသလော"ဟု မေးမြန်းပြန်သည်ရှိသော် "မိခင်၊ ဩော် ဟုတ်မှန်ပါ၏"ဟု ပြောကြားလေ၏။

သူဌေးကတော်ကြီးသည်ကား မြင်လျှင်မြင်ချင်းပင်လျှင် ထိုဃောသကအပေါ်၌ သားတည်းဟူသော ချစ်ခြင်းသည် ဖြစ်လေ၏။ ထိုသူဌေးအားလည်း ၁၅-နှစ်, ၁၆-နှစ် အရွယ် တင့်တယ်လှပ ကြည်လင်နှစ်သက်ဖွယ်ကောင်းလှသော သမီး ၁-ယောက် ရှိ၏။ ထိုသူဌေးသမီးကို စောင့်ရှောက်ရန် ၁-ယောက်တည်းသာလျှင်ဖြစ်သော ခိုင်းစေစရာ ကျွန်မကို ပေးထား၍ ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်၏အထက်အပြင် ကျက်သရေရှိသော အခန်း၌ နေစေကြကုန်၏။ သူဌေးသမီးသည် ထိုဃောသက ရောက်လာသောအချိန်၌ ကျွန်မကို အိမ်ဈေးသို့ လွှတ်လိုက်၏။ ထိုအခါ သူဌေးကတော်သည် ကျွန်မကို မြင်၍ "အဘယ်အရပ်သို့ သွားမည်နည်း"ဟု မေးလေလျှင် "အရှင်မ၏သမီး စေခိုင်းသောကြောင့် အိမ်ဈေးသို့ သွားပါအံ့"ဟု ဆိုလတ်သော် "ဤအရပ်သို့ ရှေးဦးစွာ လာဦးလော့။ သင့်သခင်မ စေလွှတ်သောကိစ္စကို ထားဘိဦး။ ငါ့သားအား အင်းပျဉ်ကို ခင်း၍ ခြေဆေးကာ ဆီလိမ်းပြီးလျှင် အိပ်ရာခင်း၍ ပေးခဲ့ဦးလော့။ နောက်မှ သင့်သခင်မ စေလွှတ်သောအမှုကို ပြုရလိမ့်မည်"ဟု ဆိုရာ ကျွန်မသည် သူဌေးကတော် ဆိုသည့်အတိုင်း ပြုလုပ်လေ၏။

----- x -----

## ၀။ သေဘေးမှ လွတ်ရန် သူဌေးသမီး ကယ်တင်ခြင်း

ထို့နောက် ကြာမြင့်မှ ပြန်လာသော ကျွန်မကို သူဌေးသမီးသည် "ကြာမြင့်ရမည် လော"ဟု ခြိမ်းခြောက်မောင်းမဲလေ၏။ ထိုအခါ ကျွန်မသည် သူဌေးသမီးကို "သခင်မ၊ အကျွန်ုပ်အား အမျက်မထွက်ပါလင့်။ ယောသကသူဌေးသား လာရောက်နေသောကြောင့် ထိုယောသကသူဌေးသားအတွက် ဤသို့,ဤသို့သော အမှုကိစ္စကို ပြုလုပ်ပြီးမှ ထိုအိမ်စျေးသို့ သွား၍ လာခဲ့ရပါ၏"ဟု ဆိုလတ်သော် သူဌေးသမီးအား ယောသကသူဌေးသား-ဟူသော အမည်ကို ကြားရလျှင် ကြားရချင်းပင်လျှင် ချစ်ခင်ခြင်းသည် အရေ-စသည်တို့ကို ဖြတ်၍ ရိုးတွင်းခြင်ဆီကို ထိခိုက်တည်လေ၏။ မှန်၏။ ကောတုဟလိကလုလင်ဖြစ်သောဘဝ၌ ထိုသူဌေးသမီးသည် ထိုသူ၏မယား ကာဋ္ဌီဖြစ်ခဲ့၍ တစ်စလယ်ချက်သော ဆွမ်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းခဲ့ဖူးသည့် ကောင်းမှုရှိန်စော် အာနုဘော်အားဖြင့် တမလွန်ဘဝသို့ ပြောင်းသွားသောအခါ ဤသူဌေးအိမ်သို့ လာ၍ ဖြစ်ရလေ၏။ ထို့ကြောင့် ထိုသူဌေးသမီးကို ထိုသို့သဘောရှိသော ရှေးဘဝ၌ဖြစ်ဖူးသော ချစ်ခင်စုံမက် နှစ်သက်ခြင်းသည် လွှမ်းမိုး၍ယူလေ၏။ ထို့ကြောင့် ဘုရားရှင်သည် ဒုကနိပါတ်၊ သာကေတဇာတ်၌ အောက်ပါဂါထာကို ဟောကြားတော်မူလေ၏။

(င) ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။ ။

(င) ပုဗ္ဗေ၊ ဟို-အတိတ်ဘဝ၊ ရှေးကာလ၌။ သန္နိဝါသေန ဝါ၊ အတူတူပင်၊ မေတ္တာ ဝင်၍၊ ချစ်ခင်ကြည်နူး၊ နေခဲ့ဖူးခြင်း၊ အကြောင်းအရင်းကြောင့်လည်းကောင်း။ ပစ္စုပ္ပန္နဟိ-တေန ဝါ၊ ယခုမျက်မှောက်၊ မမေ့ပျောက်အောင်၊ ရွက်ဆောင်ကြဖူး၊ အကျိုးကျေးဇူးကြောင့် လည်းကောင်း။ ဧဝံ၊ ရှေးဘဝ,ခုဘဝ၊ ပြုကြလေဖူး၊ ကျေးဇူးရှိကြ၊ ဤအကြောင်းနှစ်ဝတို့ ကြောင့်။ တံ ပေမံ၊ မြင်လျှင်မြင်ချင်း၊ ဤချစ်ခင်နှစ်သက်ခြင်းသည်။ ဇာယတေ၊ စင်စစ်မသွေ၊ ဖြစ်ပေါ်ရလေ၏။ ကိမိဝ၊ အတိအကျ၊ ပမာပြဖို့၊ သာဓကဆို၊ အဘယ်လိုနည်းဟူမူကား။ ဝါ၊ ဥပမာပုံဆို၊ ဘယ်လိုနည်းဟူမူကား။ ဥပ္ပလံ ဝါ၊ အဖြူ,အနီ၊ စသည်များစွာ၊ ဥပ္ပလ-မည်သော ကြာသည်လည်းကောင်း။ (သေသံ ဇလဇပုပ္ဖံ ဝါ၊ ကြွင်းသော ရေ၌ဖြစ်လာ၊ ပဒုမ္မာကြာ-စသည်သည်လည်းကောင်း။) ဥဒကေ၊ အေးမြကြည်လင်၊ ရေအပြင်၌။ (ဇာယမာနံ၊ ဖြစ်သည်ရှိသော်။ ဥဘောဟိ၊ ရေနှင့် ညွန်ပျောင်း၊ အကြောင်း ၂-ပါးတို့ကြောင့်။) ဇာယတေ ယထာ၊ အဖူးအပွင့်၊ ထူးတင့်ဝေဆာ၊ အဖြာဖြာနှင့်၊ ကောင်းစွာပေါက်ရောက်၊ ဖြစ်မြောက်



သဋ္ဌေးသမီးသည် သဋ္ဌေးကြီး၏စကားဖြင့် အခြားစာတစ်စောင်ကို

လာသကဲ့သို့။ ဧဝံ တထာ၊ ရေ့ညွှန်နှစ်ဝ၊ ပမာချယူ၊ သာဓကေအတူသာလျှင်။ ပေမံ၊ မြင်လျှင် မြင်ချင်း၊ ချစ်ခင်နှစ်သက်ခြင်းသည်။ ဇာယတေ၊ အမှန်မသွေ၊ ဖြစ်ပေါ်၍ လာပါပေ၏။ ဝါ၊ ဘဝဟောင်းက၊ အကြောင်းဖန်သဖြင့်၊ ကောင်းစွာမသွေ၊ ဖြစ်ပေါ်၍လာပေ၏။

ထိုအခါ သူဌေးသမီးသည် ကျွန်မကို "မိခင်၊ ထိုဃောသကသူဌေးသားကား ယခု အခါ အဘယ်မှာနည်း"ဟု မေးလေ၏။ "သခင်မ၊ အိပ်ရာထက်၌ လျောင်းလျက် အိပ်စက် နေပါ၏"ဟု ဆိုလေလျှင် "ထိုသူဌေးသား၏ လက်ထဲ၌ တစ်စုံတစ်ရာ အရာဝတ္ထု တစ်ခုခု ပါရှိသလော"ဟု မေးပြန်သဖြင့် "ပုဆိုးစွန်း၌ ကမ္ဗည်းပေစာ ပါရှိပါ၏"ဟု ပြောဆိုလေလျှင် သူဌေးသမီးသည် "ဤပေစာသည်ကား အဘယ်သို့သော အကြောင်းကို မှာထားသောစာ ဖြစ်လေသနည်း"ဟု ဃောသက အိပ်ပျော်နေသောအခါ မိခင်,ဖခင်တို့ အခြားတပါးကို နှလုံးသွင်းသည်ဖြစ်၍ မမြင်ကုန်စဉ် ပြာသာဒ်ထက်မှ သက်ဆင်းကာ ထိုဃောသက၏အနီး သို့ သွားပြီးလျှင် ထိုစာကို ဖြေချွတ်ယူငင်၍ မိမိ၏တိုက်ခန်းသို့ ဝင်ပြီးလျှင် တံခါးမကြီးကို ပိတ်၍ လေသောက်ပြတင်းကို ဖွင့်လှစ်၍ စာပေတတ်မြောက်လိမ္မာသောကြောင့် စာကို ဖတ်ရှုကြည့်ပြီးသောအခါ "ဩော်၊ မသိမလိမ္မာ နားမလည်ရှာစွတကား။ မိမိသေကြောင်း ရေးသားထားသော စာကို ပုဆိုးစွန်း၌ ဖွဲ့ချည်၍ သွားလာလှည့်လည်၍ နေသည်တကား။ အကယ်၍ ငါ-မတွေ့သည် ဖြစ်အံ့။ ထိုသူ၏အသက်သည် ရှိတော့မည် မဟုတ်"ဟု ကြံပြီး လျှင် ထိုစာကို ဆုတ်ဖွဲ့ဖျက်ချေ၍ သူဌေးကြီး၏စကားဖြင့် အခြားစာ ၁-စောင်ကို ရေးသား သည်ကား-

"ဤသတို့သားသည် ကျွန်ုပ်၏သားဖြစ်သော ဃောသက-မည်သောသူ ဖြစ်၏။ ထိုသတို့သား ဃောသကကို ကျွန်ုပ်အပိုင်စားရာ ရွာ ၁၀၀-မှ လက်ဆောင်ပဏ္ဏာကာရကို ယူဆောင်စေ၍ ဤအမည်ရှိသော ဇနပုဒ်သူဌေး၏ သမီးနှင့် ထိမ်းမြားလက်ထပ်ခြင်း မင်္ဂလာ အမှုကို ပြုလုပ်ပြီးလျှင် မိမိနေထိုင်ရာ ရွာလယ်၌ ဘုံ ၂-ဆင့်ရှိသော အိမ်ကို ဆောက်လုပ်စေ ၍ တံတိုင်းကာရံခြင်း, ယောက်ျားအစောင့်အရှောက် ထားခြင်းတို့ဖြင့် ကောင်းစွာလုံခြုံ အောင် စီမံပြုလုပ်စောင့်ရှောက်ထားပါလေလော့။ ကျွန်ုပ်၏အထံသို့လည်း 'ဤမည်,ဤမည် သောအမှု အကျွန်ုပ် ပြုလုပ်အပ်ပြီ'-ဟု သတင်းစကား ရေးသားစေလွှတ်လိုက်ပါလေလော့။ ဤသို့ ပြုလုပ်စီမံသည်ရှိသော် ကျွန်ုပ်သည် ဦးရီးအား ပေးကမ်းသင့်, ပေးကမ်းထိုက်သည်ကို နောင်-ပေးပါအံ့"ဟု ရေးသား၍ တဖန် ထိုစာကို ခေါက်ကာ ပြာသာဒ်ထက်မှ ဆင်းလျက် ဃောသက၏ ပုဆိုးစွန်း၌သာလျှင် ဖွဲ့ချည်၍ ပေးလိုက်လေ၏။

----- x -----

## ၈။ သူဌေးသမီးနှင့် လက်ထပ်ပြီးကြောင်း ကြားရ၍ သူဌေးကြီး ရောဂါဝေဒနာဖြစ်ခြင်း

ထိုယောသကသည် တစ်နေ့လုံး အိပ်ပြီးမှ အိပ်ရာမှ ထခဲ့ပြီးလျှင် ခဲဖွယ်,ဘောဇဉ်ကို စားသောက်၍ ခရီးဆက်လက် ဖဲသွားလေ၏။ တဖန်မိုးသောက် ရောက်သောနေ့၌ နံနက်စောစောကပင်လျှင် ထိုရွာသို့ ရောက်သွားသည်ရှိသော် စာရင်းကိုင် ကိုယ်စားလှယ်သည် ရွာ၌ ရွာမှုကိစ္စကို ဆောင်ရွက်နေစဉ်ပင်လျှင် တွေ့မြင်လေ၏။ ထိုစာရင်းကိုင် ကိုယ်စားလှယ်သည် ယောသကကို မြင်လေလျှင် "အမောင်၊ အဘယ်ကိစ္စနည်း"ဟု မေးမြန်းလေ၏။ "ကျွန်တော်၏ ဖခင်သည် အသင်တို့အထံသို့ စာပို့ခိုင်းလိုက်ပါ၏"ဟု ပြောလျှင် "အမောင်၊ ဘာစာနည်း။ ယူခဲ့စမ်းပါလော့"ဟု ဆို၍ စာကို ယူကာ ဖတ်ကြည့်ပြီးလျှင် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ "အို-အမောင်တို့၊ ငါ့အရှင် သူဌေးကြီးသည် ငါ့အပေါ်၌ ချစ်ခင်မြတ်နိုးသည်ကို အကြောင်းပြု၍ မိမိ၏သားကြီးအား 'ထိမ်းမြားမင်္ဂလာပြုရမည်'-ဟု ငါ့အထံသို့ စေလွှတ်လိုက်၏။ လျင်မြန်စွာ သစ်သား-စသည်တို့ကို ဆောင်ယူခဲ့ကြကုန်လော့"ဟု မိမိလက်အောက် သူကြွယ်ငယ်တို့ကို ပြောဆို၍ ရွာလယ်၌ ဆိုခဲ့ပြီးသော အခြင်းအရာအားဖြင့် အိမ်ကို ဆောက်လုပ်စေပြီးလျှင် ရွာ ၁၀၀-မှ လက်ဆောင်ပဏ္ဏာကာရကို ယူဆောင်စေ၍ ဇနပုဒ်သူဌေး၏အထံမှ သမီးကို ဆောင်ယူတောင်းရမ်းပြီးလျှင် ထိမ်းမြားမင်္ဂလာကို ပြုလုပ်ပြီး၍ သူဌေးကြီး၏အထံသို့ "ဤမည်,ဤမည်သော အမှုကိစ္စကို အကျွန်ုပ် ပြုလုပ်ပြီးပါပြီ"ဟု သတင်းစကား ပို့လိုက်လေ၏။

ထိုသတင်းစကားကို ကြားသိရ၍ သူဌေးကြီးအား "ငါ ဖြစ်ချင်သလို မဖြစ်၊ ငါ မဖြစ်ချင်သလို ဖြစ်ရလေခြင်း"ဟု အောက်မေ့၍ ကြီးစွာသော နှလုံးမသာယာခြင်းသည် ဖြစ်ပွါးလေ၏။ သားရင်း၌ဖြစ်သော သောကနှင့်တကွ ထိုနှလုံးမသက်သာသော သောကသည် တပေါင်းတည်းဖြစ်၍ ဝမ်းတွင်း၌ နှလုံးသား ပူလောင်ခြင်းဖြစ်၍ အလွန်အားကြီးသော ဝမ်းလျှောခြင်းကို ဖြစ်စေ၏။

----- x -----

## ၈။ ယောသကကို လူလွှတ်၍ အခေါ်ခိုင်းခြင်း

သူဌေးသမီးသည်လည်း "သူဌေးကြီးထံမှ အကယ်၍ တစ်စုံတစ်ယောက်သောသူ လာသည် ဖြစ်အံ့။ ငါ့ကို မပြောကြားဘဲ သူဌေးသားအား ရှေးဦးစွာ မပြောဆိုကြကုန်လင့်"ဟု လူတို့ကို အမိန့်ပေးစကား မှာထားလေ၏။ သူဌေးကြီးသည်လည်း "ယခုအခါ၌ ထိုသားဆိုး, သားပျက်ကို ငါ၏ဥစ္စာနှစ် အမွေခံပိုင်ရှင် မဖြစ်အောင် ပြုခဲ့အံ့"ဟု ကြံဆောင်၍ အမှုဆောင် ၁-ယောက်ကို "ဦးရီး၊ ကျွန်ုပ်၏သားကို ကြည့်ရှုခြင်းငှာ အလိုရှိပါ၏။ ခြေရင်းအလုပ်အကျွေး ၁-ယောက်ကို စေလွှတ်၍ ကျွန်ုပ်သားကို ခေါ်စေပါလော့"ဟု ပြောဆိုလေ၏။ ထိုအမှုဆောင်သည်လည်း "ကောင်းပါပြီ"ဟု ဆို၍ အမှာစာကို ပေးအပ်ပြီးလျှင် ယောကျ်ား ၁-ယောက်ကို စေလွှတ်လိုက်လေ၏။

----- x -----

## ၉။ ဇနပုဒ်သူဌေးသမီး ပညာဉာဏ်ကြီးပုံ

သူဌေးသမီးသည်လည်း စေလွှတ်လိုက်သောသူ အိမ်တံခါး၌ ရောက်သည့်အဖြစ်ကို ကြားသိ၍ ခေါ်စေပြီးလျှင် "အမောင်၊ အဘယ်သို့သော အကြောင်းကိစ္စပါနည်း"ဟု မေးလေ၏။ စေလွှတ်လိုက်သောသူသည် "အရှင်မ၊ သူဌေးကြီးသည် မကျန်းမမာ ရောဂါစွဲကပ် နေပေရာ သားကို ကြည့်ရှုခြင်းငှာ အခေါ်လွှတ်လိုက်ပါ၏"ဟု ပြောကြားလေ၏။ "အမောင်၊ မကျန်းမမာနေသည့် ဖခင်ကြီးသည် ခွန်အားရှိပါသေးသလော၊ ခွန်အားနည်းပါးနေပြီလော" ဟု မေးလေ၏။ "အရှင်မ၊ ခွန်အားရှိပါသေး၏။ အစားအစာကိုလည်း ကောင်းစွာစားသောက် နိုင်ပါသေး၏"ဟု ပြန်ပြောလေ၏။

သူဌေးသမီးသည် ယောသကသူဌေးသားကို အသိမပေးဘဲသာလျှင် စေလွှတ်လိုက် သည့်သူအား အိပ်ရာ,နေရာ ရိက္ခာကို ပေးစေ၍ "ငါ စေလွှတ်သောအခါမှ သွားပါလော့။ ယခု ခေတ္တဆိုင်းငံ့၍ နေပါဦးလော့"ဟု ပြောထားလေ၏။ သူဌေးကြီးသည် တဖန်အမှုဆောင်ကို "ဦးရီး၊ အသို့နည်း။ အသင်သည် ကျွန်ုပ်သားအထံသို့ မစေလွှတ်ဘဲ ရှိလေသလော"ဟု မေးမြန်းလေလျှင် "အရှင်၊ အကျွန်ုပ်သည် စေလွှတ်လိုက်ပါ၏။ စင်စစ်မူကား သွားသောယောကျ်ားသည် မပြန်လာသေးပါ"ဟု ပြောသောအခါ "ထိုသို့ဖြစ်မူ တဖန်အခြား ၁-ယောက်ကို စေလွှတ်လိုက်ပါဦးလော့"ဟု စေခိုင်းပြန်၏။ အမှုဆောင်သည်လည်း စေလွှတ်

ပြန်လေ၏။ သူဌေးသမီးသည် နောက်ထပ် လွှတ်လိုက်သောသူကိုလည်း ရှေးနည်းအတူသာ လျှင် အိပ်ရာ,နေရာ ရိက္ခာပေး၍ တားမြစ်ထားပြန်လေ၏။

ထိုအခါ သူဌေးကြီး၏ရောဂါသည် အားကြီးစွာ ဖြစ်ပွါးလာလေ၏။ အညစ်အကြေး အိုး ၁-လုံးသွင်းရသည်ရှိသော် အညစ်အကြေးအိုး ၁-လုံး ထုတ်ရ၏။ ဝါ၊ ၁-ခွက်ဝင် ၁-ခွက် ထွက်ဖြစ်၍ နေလေ၏။ တဖန် သူဌေးကြီးသည် အမှုဆောင်ကို "ဦးရီး၊ အသို့နည်း။ အသင် သည် ကျွန်ုပ်သားအထံသို့ မစေလွှတ်ဘဲ ရှိလေသလော"ဟု မေးပြန်လေ၏။ "အရှင်၊ အကျွန်ုပ် စေလွှတ်လိုက်ပါ၏။ စင်စစ်မူကား သွားသောယောကျ်ားသည် မပြန်လာသေးပါ" ဟု ပြန်ပြောသောအခါ "ထိုသို့ဖြစ်မူ တဖန်ထပ်၍ အခြား ၁-ယောက်ကို စေလွှတ်လိုက်ပါ ဦးလော့"ဟု ဆိုပြန်သဖြင့် အမှုဆောင်သည် စေလွှတ်လိုက်ပြန်လေ၏။

သူဌေးသမီးသည် ၃-ကြိမ်မြောက်လာသောသူကိုလည်း ထိုအကြောင်းကို မေးပြန် လေ၏။ ထိုစေလွှတ်လိုက်သောသူသည် "အရှင်မ၊ သူဌေးကြီးသည် ရောဂါဝေဒနာ ပြင်း ထန်စွာ ဖြစ်နေပါ၏။ အစာအာဟာရပြတ်ကာ သေဖို့ရာသာ ရှိပါတော့သည်။ ၁-ခွက်ဝင် ၁-ခွက်ထွက်ဖြစ်လျက် ရှိနေပါပြီ"ဟု ပြောကြားလေ၏။ သူဌေးသမီးသည်လည်း "ယခုအခါ ၌ သွားရောက်ရန် အချိန်တန်ပြီ"ဟု ကြံ၍ သူဌေးသား ယောသကအား "အရှင်၏ဖခင် သည် မကျန်းမမာ ရောဂါဝေဒနာ စွဲကပ်နေသတဲ့"ဟု ပြောကြားသဖြင့် "ချစ်နှမ၊ ဘာကို ပြောဆိုသနည်း"ဟု ပြောဆိုလတ်သော် "အရှင်၊ အရှင်၏ဖခင် သူဌေးကြီးအား မကျန်းမမာ မချမ်းမသာ ဖြစ်နေပြီ"ဟု ပြန်ပြောလေ၏။ "ယခုအခါ အဘယ်အမှုကို ပြုလုပ်သင့်သနည်း" ဟု မေးသည်ရှိသော် "အရှင် အပိုင်စားရာ ရွာ ၁၀၀-မှ ထွက်ပေါ်သော လက်ဆောင်ပဏ္ဏာ ကာရကို ယူဆောင်၍ သွားကာ ထိုဖခင်သူဌေးကြီးကို ဖူးမြင်ကြည့်ရှုကြကုန်အံ့"ဟု ဆိုရာ ယောသကသည် "ကောင်းပြီ"ဟု ဝန်ခံ၍ လက်ဆောင်ကို ယူစေပြီးလျှင် လှည်းတို့ဖြင့် တိုက်ယူ၍ ဖဲသွားလေ၏။

ထို့နောက် ယောသကကို သူဌေးသမီးသည် "အရှင်၊ အရှင့်ဖခင်သည် ရောဂါဖိစီး ၍ အင်အားနည်းလှချေပြီ။ ဤမျှအတိုင်းအရှည်ရှိသော လက်ဆောင်ကို ယူဆောင်၍ သွားသည်ရှိသော် ငါတို့အား ကြာမြင့်နေအံ့။ ဤလက်ဆောင်ပစ္စည်းစုကို ပြန်လည်ထား ရစ်ခဲ့ပါလော့"ဟု ဆို၍ ထိုလက်ဆောင်စုကို မိမိ၏ မိဘအိမ်သို့ စေလွှတ်ပို့သခိုင်းခဲ့၍ တဖန် ယောသကကို "အရှင်၊ အရှင်သည် ဖခင်အထံသို့ ရောက်သောအခါ မိမိဖခင်၏ ခြေရင်းဘက်၌ တည်နေပါလော့။ ကျွန်မသည် ခေါင်းရင်းဘက်၌ တည်နေပါအံ့"ဟု မှာကြား ထားလေ၏။ အိမ်သို့ ဝင်ရောက်လာသောအခါ၌လည်း "အိမ်၏ အရှေ့,အနောက်တို့မှ အစောင့်အရှောက်ကို ယူကြကုန်လော့"ဟု မိမိ၏အစေအပါး ယောကျ်ားတို့ကို စေခိုင်း၏။

အိမ်သို့ ဝင်ရောက်ပြီးသောအခါ သူဌေးသား ဃောသကသည် ဖခင်၏ခြေရင်း၌ တည်နေလေ၏။ သူဌေးသမီးသည် ခေါင်းရင်းဘက်၌ တည်နေလေ၏။

----- x -----

### ဒ။ သူဌေးကြီး ကွယ်လွန်ခြင်း

ထိုခဏ၌ သူဌေးကြီးသည် ပက်လက်လျောင်းစက်လျက် နေ၏။ အမှုဆောင်သည် သူဌေးကြီး၏ ခြေတို့ကို ဆုပ်နယ်လျက် "အရှင်သူဌေးမင်း၊ အရှင်သူဌေးမင်း၏သားသည် ရောက်လာပါပြီ"ဟု ပြောကြားလေ၏။ "ထိုငါ့သား ဃောသက အဘယ်မှာနည်း"ဟု မေးသည်ရှိသော် "အရှင့်သား ဃောသကသည် အရှင်၏ခြေရင်း၌ တည်ရှိနေပါသည်"ဟု ပြောဆိုသောအခါ ဃောသကကို မြင်၍ ဘဏ္ဍာစိုးကို ခေါ်စေပြီးလျှင် "ငါ့အိမ်၌ ပစ္စည်းဥစ္စာ အဘယ်မျှလောက် ရှိပါသနည်း"ဟု မေးလေ၏။ "အရှင်သူဌေးမင်း၊ ရွှေ,ငွေ,ဥစ္စာချည်း သက်သက် ကုဋေ ၄၀-ရှိပါ၏။ နေ့တိုင်း သုံးဆောင်အပ်, မပြတ်သုံးဆောင်အပ်သော အဆောက်အဦ၊ ဥစ္စာဘဏ္ဍာ, တော, ရွာ, လယ်၊ အခြေ ၂-ချောင်းရှိ သတ္တဝါ, အခြေ ၄-ချောင်းရှိ သတ္တဝါ၊ ယာဉ်, လှည်းတို့ကား ဤမျှ,ဤမျှ အပိုင်းအခြား ရှိပါ၏"ဟူ၍ ပြောဆိုသည်ရှိသော် "ငါသည် ဤမျှ အကုန် အလုံးစုံကုန်သော ပစ္စည်းဥစ္စာကို ငါ့သားဖြစ်သူ ဃောသကအား မပေးမကမ်း"ဟု ဆိုလိုလျက် "ငါ ပေးကမ်း၏"ဟု ပြောဆိုမိလေ၏။

ထိုစကားကို ကြားသောအခါ သူဌေးသမီးသည် "ဤသူဌေးကြီး နောက်ထပ် ပြောဆိုပြန်သည်ရှိသော် အခြားတပါး တစ်စုံတစ်ရာ စကားကို လွဲ၍ ပြောဆိုရာ၏"ဟု ကြံ၍ စိုးရိမ်ပူဆွေးခြင်းဖြင့် နှိပ်စက်သည့်အလား ဆံပင်တို့ကို ဖရိုဖရဲ ကြဲချ၍ ငိုကြွေးမြည်တမ်းလျက် "ဖခင် သူဌေးကြီး၊ အဘယ်မည်သောစကားကို ဆိုတော်မူကုန်ဘိသနည်း။ သင်-ဖခင်သူဌေးကြီးတို့၏ နှုတ်မှ ဤမည်သော စကားကိုသော်မှလည်း ကြားရပါကုန်၏။ ဤမည်သောစကားကို ကြားရသည့် ကျွန်မတို့အား ဘုန်းကံကွင်းကွေ ကျက်သရေမဲ့လေ ကုန်စွတကား"ဟု ဆိုကာ ဦးခေါင်းဖြင့် ထိုသူဌေးကြီး၏ ရင်လယ်၌ တိုက်ခတ်ကျရောက်စေလျက် သူဌေးကြီး တဖန်ထပ်၍ စကားမပြောဆိုနိုင်စေရန် သူဌေးသမီးသည် သူဌေးကြီး၏ ရင်လယ်၌ ဦးခေါင်းဖြင့် တိုက်ခတ်တိုးဝှေ့လျက် သည်းစွာသော ငိုကြွေးမြည်တမ်းခြင်း အမူအရာကို ပြလေ၏။ သူဌေးကြီးသည်လည်း ထိုခဏ၌ပင်လျှင် စုတေသေလွန်ရှာလေ၏။

----- x -----

### ၈။ ယောသကအား သူဌေးကြီးရာထူးကို အပ်နှင်းခြင်း

ထို့နောက် "သူဌေးကြီး သေလွန်ပြီ"ဟု ဥတေနမင်းကြီးအား သွား၍ သံတော်ဦး တင်ကြကုန်၏။ မင်းကြီးသည် သူဌေးကြီး၏ ရုပ်အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ခြင်း အမှုကို ပြုစေ၍ "ထိုသူဌေးကြီးအား သား,သမီးများ ရှိလေသလော"ဟု မေးမြန်းလေလျှင် "အရှင်မင်းမြတ်၊ ထိုသူဌေးကြီးအား ယောသက-မည်သောသား ရှိပါ၏။ အားလုံးသော ဉစ္စာနှစ်ကို ထိုသားအား ဆောက်နှင်းလွှဲအပ်ကာသာလျှင် ကွယ်လွန်သွားပါ၏"ဟု လျှောက် ကြားသံတော်ဦးတင်ကြကုန်၏။ မင်းကြီးသည် နောက်အဖို့၌ သူဌေးသားကို ခေါ်စေ၏။

ထိုနေ့၌လည်း မိုးရွာသွန်းခြင်းကြောင့် မင်းရင်ပြင်ဝယ် ထိုထိုအရပ်၌ ရေလွှမ်း၍ တည်လေ၏။ သူဌေးသားသည် မင်းကြီးကို ဖူးမြော်ရန် သွားသောအခါ မင်းကြီးသည် လေသောက်ပြတင်းကို ဖွင့်လှစ်၍ ရှေးရှုလာသော ထိုသူဌေးသားကို ကြည့်ရှုလျက် နေသည် ရှိသော် မင်းရင်ပြင်၌ တည်ရှိသော ရေကို ခုန်လွှားလာသည်ကို မြင်ရပြီးလျှင် လာရောက်ကာ ရှိခိုးလျက် တည်နေသော သူဌေးသားကို "အမောင်၊ ယောသက-မည်သောသူသည် အသင် ပင်လော"ဟု မေး၍ "အရှင်မင်းမြတ်၊ ဩော်-ဟုတ်မှန်ပါ၏"ဟု လျှောက်ကြားသည်ရှိသော် "ငါ၏ဖခင်သည် သေလွန်ရှာလေပြီ-ဟု မစိုးရိမ် မကြောင့်ကြလေလင့်။ အသင့်ဖခင်၏ အမွေဖြစ်သော သူဌေးရာထူးကို အသင့်အားသာလျှင် ငါပေးသနားတော်မူအံ့"ဟု ယောသကကို နှစ်သိမ့်စေပြီးလျှင် "အမောင်၊ သွားလေလော့"ဟု လွှတ်လိုက်လေ၏။

မင်းကြီးသည် ပြန်သွားသော ထိုယောသကကိုလည်း ကြည့်ရှုလျက်သာလျှင် ရပ် နေလေ၏။ ထိုယောသကသည် လာသောကာလက ခုန်လွှားခဲ့သော ရေကို ပြန်သွားသော အခါ၌ သက်ဆင်း၍ ဖြည်းညင်းစွာ သွားလေ၏။ ထိုအခါ ယောသကကို မင်းကြီးသည် ထိုအရပ်မှသာလျှင် ခေါ်ငင်စေ၍ "အမောင်လုလင်၊ အသင်သည် ငါ၏အထံသို့ လာစဉ် အခါက ရေကို ခုန်လွှားကာ လာခဲ့၏။ ယခု ပြန်သွားသောအခါ၌မူကား သက်ဆင်း၍ ဖြည်းညင်းစွာ သွားသည်ကား အကြောင်းအသို့ပါနည်း"ဟု မေးတော်မူလေ၏။

"အရှင်မင်းမြတ်၊ ဩော် ဟုတ်မှန်ပေ၏။ အကျွန်ုပ်သည် လာရောက်စဉ်ခဏ၌ သူငယ်ဖြစ်သောကြောင့် ကစားခုန်လွှားကာ သွားလေ့ရှိသောအခါ မည်ပါသည်။ ဤယခု အခါ၌မူကား အရှင်မင်းမြတ်သည် အကျွန်ုပ်အား "သူဌေးရာထူး ဌာနန္တရကို ပေးသနား တော်မူမည်"ဟု အမိန့်ချမှတ် ဝန်ခံတော်မူအပ်ပြီ ဖြစ်သောကြောင့် ရှေးလာရောက်စဉ် သကဲ့သို့ မပြုလုပ်တော့ဘဲ 'ယခုအခါ၌ ငြိမ်သက်တည်ကြည်ခြင်းသဘောရှိသည်ဖြစ်၍

ပြုကျင့်ခြင်းငှာ သင့်၏’-ဟု ကြံမိပါသည်” ဟု လျှောက်ကြားသံတော်ဦးတင်လေ၏။ မင်းကြီးသည် ထိုစကားကို ကြားသိတော်မူရ၍ “ဤယောကျ်ားအား တည်ကြည်သော ဉာဏ်ပညာ ရှိပေ၏။ ယခုပင်လျှင် ဤသူ့အား သူဌေးရာထူး ဌာနန္တရကို ပေးသနားပေတော့အံ့”ဟု ကြံဆင်ခြင်ကာ ဖခင်သူဌေးကြီး သုံးဆောင်ခံစားအပ်သော စည်းစိမ်ချမ်းသာ အဖြာဖြာကို ပေးသနားတော်မူ၍ အလုံးစုံ ၁၀၀-စီသော ဆုတော်,လာဘ်တော်နှင့်တကွ သူဌေး၏ရာထူး ဌာနန္တရကို ပေးသနားတော်မူလေ၏။

----- x -----

## န။ ယောသကသူဌေးသည် မိမိ၏နောက်ကြောင်းကို ပြန်ပြောင်း၍ သိရှိရခြင်း

ထိုယောသကသူဌေးသည် ရထား၌ စီးနင်းလျက် မြို့ကို လက်ယာရစ်လှည့်လည်၏။ ကြည့်ရှုရာ,ကြည့်ရှုရာတိုင်းဖြစ်သော အရပ်သည် တုန်လှုပ်၏။ သူဌေးသမီးသည် ကာဠီမည်သော ကျွန်မနှင့်အတူတကွ တိုင်ပင်စကား ပြောကြားကာနေလျက် “မိခင် ကာဠီ၊ မိခင်၏သားတော်မောင် ယောသကအား ဤမျှအတိုင်းအရှည်ရှိသော စည်းစိမ်ချမ်းသာ အဖြာဖြာသည် အကျွန်ုပ်ကို အမှီပြု၍ ဖြစ်ပေါ်လာရလေသည်”ဟု ဆို၏။

“ချစ်သမီး၊ အဘယ်ကြောင့် ဤသို့ ဆိုဘိသနည်း”ဟု မေးလေလျှင် “မိခင်၊ ဤယောသကသူဌေးသားသည် မိမိအား သတ်ဖြတ်ရန် မှာကြားသော ကမ္ပည်းစာကို ပုဆိုးစွန်း၌ ဖွဲ့ချည်လျက် ကျွန်မတို့၏အိမ်သို့ ရောက်လာသောအခါ ကျွန်မသည် ထိုကမ္ပည်းအမှာစာကို ဆုတ်ဖွဲ့ဖျက်ဆီး၍ ထိုယောသကအား ကျွန်မနှင့်အတူတကွ ထိမ်းမြားမင်္ဂလာ ဆောင်နှင်းပြုလုပ်စေခြင်းငှာ အခြား ၁-မျိုးသော ကမ္ပည်းအမှာစာကို ရေးသား၍ ဤမျှအတိုင်းအရှည်ရှိသော ကာလပတ်လုံး ထိုသူဌေးသား ယောသကအပေါ်၌ စောင့်ရှောက်သည်ကို ပြုရပါသည်”ဟု ပြောဆိုလေ၏။ “ချစ်သမီး၊ သင်သည် ဤမျှကိုသာ တွေ့မြင်ရလေသည်။ ဤသူငယ်ကို ပျိုမျစ်နုနယ် ငယ်ရွယ်သောကာလမှ စ၍ သတ်လိုသော်လည်း သတ်ခြင်းငှာ မစွမ်းနိုင်လေ။ သက်သက် ဤသူငယ်ကို အမှီပြု၍ ပစ္စည်းဥစ္စာ များစွာကုန်ခဲ့လှလေပြီ”ဟု ပြောပြလေ၏။ “မိခင်၊ သူဌေးကြီး ပြုအပ်သောအမှုသည် အလွန်တရာ ဝန်လေးလှ၏ တကား”ဟု တိုင်ပင်စကား ပြောကြားကာ နေလေ၏။

မြို့ကို လက်ယာရစ်လှည့်လည်၍ အိမ်သို့ ဝင်ရောက်လာသော ထိုယောသကသူဌေးသားကို မြင်လေလျှင် “ဤမျှလောက်သော စည်းစိမ်ချမ်းသာသည် ငါ့ကို အမှီပြု၍ ဖြစ်ပေါ်လာရလေသည်”ဟု ပြုံးရွှင်ခြင်းကို ပြုလေ၏။ ထိုအခါ ယောသကသူဌေးသားသည်

ပြုံးသည်ကို မြင်၍ သူဌေးသမီးကို "အဘယ်ကြောင့် ပြုံးရွှင်ဘိသနည်း"ဟု မေးလေ၏။ "တစ်ခုသောအကြောင်းကို အမှီပြု၍ ပြုံးရွှင်ပါသည်"ဟု ပြောလေလျှင် "ထိုအကြောင်းကို ပြောပြပါလော့"ဟု ဆိုသောအခါ သူဌေးသမီးသည် မပြောပြဘဲ နေလေ၏။

ယောသကသည် "အကယ်၍ မပြောပြသည်ဖြစ်အံ့။ သင့်ကို ၂-ပိုင်း ပိုင်းဖြတ်အံ့"ဟု ခြိမ်းခြောက်မောင်းမဲ၍ သန်လျက်ကို ဆွဲထုတ်လေ၏။ ထိုသူဌေးသမီးသည် "အရှင်၊ အသင်သည် ဤမျှအတိုင်းအရှည်ရှိသော စည်းစိမ်ချမ်းသာသည် ကျွန်မကို အမှီပြု၍ ရ၏-ဟု ကြံဆင်ခြင်၍ ပြုံးရွှင်မိပါသည်"ဟု ပြောလေ၏။ ယောသကသည် "စင်စစ်အားဖြင့် ငါ၏ ဖခင်သည် မိမိ၏ဥစ္စာကို ငါ့အား ပေးအပ်ဆောက်နှင်းခဲ့၏။ ဤသို့ ပေးအပ်ဆောက်နှင်းခဲ့ရာ၌ အသင်သည် အဘယ်သို့ ပြုလုပ်အားထုတ်မှု ဖြစ်ခဲ့ရလေသနည်း"ဟု မေးလေ၏။ ယောသကသူဌေးသည် ဤမျှအတိုင်းအရှည်ရှိသော ကာလပတ်လုံး တစ်စုံတစ်ခုကိုမျှ မသိသည် ဖြစ်သတတ်။ ထိုကြောင့် သူဌေးသမီး၏ စကားကို မယုံကြည်ပေ။ ထိုအခါ ယောသကအား သူဌေးသမီးသည် "အရှင်တို့၏ ဖခင်သည် သတ်ဖြတ်ရန် မှာကြားသော ကမ္ပည်းစာကို ပေး၍ စေလွှတ်အပ်ကုန်၏။ အသင်တို့ကို ကျွန်မသည် ဤသို့ဤသို့သော အမှုကို ပြု၍ စောင့်ရှောက်အပ်ပါကုန်၏"ဟု အလုံးစုံသော အကြောင်းစကားကို ပြောကြားလေ၏။

"အသင်သည် မဟုတ်မမှန်သော စကားကို ပြောဆိုပေသည်"ဟု မယုံကြည်သည် ဖြစ်၍ "မိခင်ဖြစ်သော ကာဠီကို မေးအံ့"ဟု ကြံပြီးလျှင် "မိခင်၊ ကျွန်ုပ်၏ဖခင် သူဌေးကြီးသည် ဤသို့သောအမှုကို ပြု၏-ဟူသည် ဆိုတိုင်းမသွေ မှန်ပါချေသလော"ဟု မေးမြန်းသော အခါ "ချစ်သား၊ ပြော်-ဆိုတိုင်းမသွေ ဟုတ်မှန်ပေ၏။ ဟုတ်မှန်သည်သာမက သင်-ဗျိုမျှစ်နုနယ် ငယ်ရွယ်သောကာလမှ စ၍ သင်ချစ်သားကို သတ်ဖြတ်လိုသော်လည်း သတ်ဖြတ်ခြင်းငှာ မစွမ်းနိုင်ခဲ့ပေ။ သင့်ကို အမှီပြု၍ ပစ္စည်းဥစ္စာ များစွာကုန်ခဲ့လှပြီ။ သင်ချစ်သားသည် ၇-ဌာန(၇-ကြိမ်)တို့၌ သေခြင်းဘေးမှ လွတ်ခဲ့လေပြီ။ ယခုအခါ အပိုင်စားရာရွာမှ လာလတ်၍ အလုံးစုံ-၁၀၀၊ ၁၀၀-စီသော ဆုတော်,လာဘ်တော်နှင့် တကွ သူဌေး၏ ရာထူးသို့ ရောက်ရလေသည်"ဟု ပြောကြားလေ၏။

----- x -----

### ပ။ နောင်တရ၍ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း

ထိုဃောသကသူဌေးသည် ထိုစကားကို ကြားသိရလေလျှင် "မကောင်းမှုမည်သည် အလွန်လျှင် ဝန်လေးစွတကား။ ဤသေခြင်းသဘောမှ လွတ်မြောက်လာခဲ့သော ငါ့အား မေ့လျော့သောအားဖြင့် အသက်ဇီဝကို ရှည်မြင့်စွာ နေခြင်းငှာ မသင့်လျော်။ မမေ့မလျော့ ဖြစ်တော့အံ့"ဟု ကြံ၍ နေ့စဉ်,နေ့စဉ် ၁-ထောင်, ၁-ထောင်သော အသပြာကို စွန့်လွှတ်၍ ခရီးသွားသူ, အထီးကျန်သူ-စသည်တို့အား အလှူဒါနကို ဖြစ်စေလေ၏။ ထိုဃောသက သူဌေး၏ အလှူဝတ်ကို မိတ္တအမည်ရှိသော သူကြွယ်သည် ပြုလုပ်စီရင် ရွက်ဆောင်လှူဒါန်း လေ၏။ **ဤကား ဃောသကသူဌေး၏ အကြောင်းစကား အစဉ်တည်း။**

* * * * * *

## (၅) သာမာဝတီမိဖုရားကြီး၏အကြောင်း

### က။ ဘဒ္ဒဝတီပြည်ဝယ် ရောဂန္တရကပ် ဆိုက်ရောက်ခြင်း

ထိုအခါ ဘဒ္ဒဝတီပြည်ဝယ် ဘဒ္ဒဝတီမည်သော သူဌေးသည် ဃောသကသူဌေး၏ မတွေ့မမြင်ဖူးသော အဆွေခင်ပွန်းဖြစ်၏။ ဘဒ္ဒဝတီပြည်မှ လာကြကုန်သော ကုန်သည်တို့၏ အထံ၌ ဃောသကသူဌေးသည် ဘဒ္ဒဝတီသူဌေး၏ စည်းစိမ်ချမ်းသာကိုလည်းကောင်း, အသက်အရွယ် အပိုင်းအခြားကိုလည်းကောင်း ကြားသိရ၍ ထိုဘဒ္ဒဝတီသူဌေးနှင့် အတူ တကွ မိတ်ဆွေဖွဲ့ခြင်းကို အလိုရှိသည်ဖြစ်သောကြောင့် လက်ဆောင်ပဏ္ဏာကို ပို့စေလိုက်၏။ ဘဒ္ဒဝတီသူဌေးသည်လည်း ကောသမ္ဗီပြည်မှ လာကြကုန်သော ကုန်သည်တို့၏ အထံ၌ ဃောသကသူဌေး၏ စည်းစိမ်ချမ်းသာကိုလည်းကောင်း, အသက်အရွယ် အပိုင်းအခြားကို လည်းကောင်း ကြားသိရ၍ ထိုဃောသကသူဌေးနှင့် အတူတကွ မိတ်ဆွေဖွဲ့ခြင်းကို အလို ရှိသောကြောင့် လက်ဆောင်ပဏ္ဏာကို ပို့စေလိုက်လေ၏။ ဤသို့ ထိုသူဌေး ၂-ဦးတို့သည် အချင်းချင်း မတွေ့မမြင်ဖူးကြဘဲ မိတ်ဆွေဖြစ်၍ နေကြလေကုန်၏။ နောက်အဖို့၌ ဘဒ္ဒဝတီ သူဌေး၏ နေအိမ်တွင် မြွေဆိပ်နှင့်တူသော ရောဂါ(ယဉ်းအနာ)သည် ကျရောက်လေ၏။

(ထိုရောဂါ ကျရောက်သည်ရှိသော် ရှေးဦးစွာ ယင်တို့သည် သေကုန်၏။ ထို့နောက် အစဉ်အတိုင်းပင်လျှင် ပိုးမွှား, ကြွက်, ကြက်, ဝက်, နွား, ကျွန်မိန်းမ, ကျွန်ယောက်ျားတို့သည် သေကုန်၏။ အလုံးစုံတို့နောက်မှ အိမ်သူ, အိမ်သားတို့သည်လည်း သေကုန်၏။ ထိုသူတို့တွင် နံရံကို ဖောက်ခွဲ၍ ထွက်ပြေးနိုင်သူတို့သာ အသက်ရှင်ကြရလေကုန်၏။)

## ခ။ သူဌေးကြီးတို့ ၃-ဦးလုံး ကောသမ္ဗီပြည်သို့ ထွက်ပြေးကြခြင်း

ထိုအခါ ဘဒ္ဒဝတီသူဌေး, သူဌေးကတော်, သူဌေးသမီး၊ ၃-ဦးသားတို့သည် ဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့် ထိုအိမ်မှ ထွက်ပြေးကြ၍ မိတ်ဆွေ ဃောသကသူဌေးကို တွေ့ရန် အားကိုးတောင့်တလျက် ကောသမ္ဗီပြည်သို့သွားသော လမ်းခရီးကို သွားကြလေကုန်၏။ ထို ၃-ယောက်သောသူတို့သည် လမ်းခရီးအကြား၌ပင်လျှင် စားရေရိက္ခာ ပြတ်ကြသဖြင့်လေ, နေပူကြောင့်လည်းကောင်း, မွတ်သိပ်ဆာလောင်ခြင်းတို့ကြောင့်လည်းကောင်း ပင်ပန်းညှိုးနွမ်းသော ကိုယ်ရှိကြကုန်လျက် ဆင်းရဲပြင်းစွာဖြင့်ပင် ကောသမ္ဗီပြည်သို့ ဝင်ရောက်လာ၍ ရေလွယ်ကူရာအရပ်၌ ရပ်နားကာ ရေချိုးပြီးလျှင် မြို့တံခါး၌ ဇရပ် ၁-ဆောင်သို့ ခိုဝင်ကြလေကုန်၏။

ထိုသို့ ဇရပ်၌ ခိုဝင်ကြပြီးနောက် သူဌေးကြီးသည် သူဌေးကတော်ကို "ချစ်နှမ၊ ဤသို့သော အသွင်အပြင်ဖြင့် သွားကြကုန်သည်ရှိသော် မွေးဖွားသည့် မိခင်ရင်းသည်ပင် နှစ်သက်မည် မဟုတ်ကုန်။ ငါ၏မိတ်ဆွေဖြစ်သော ကောသမ္ဗီသူဌေးသည် ခရီးသွားသူ, အထီးကျန်သူ-စသည်တို့အား နေ့တိုင်း အသပြာ ၁,၀၀၀-ကို စွန့်လွှတ်၍ အလှူဒါနကို ပေးလှူစေသတတ်။ ထိုအလှူမဏ္ဍပ်သို့ သမီးကို စေလွှတ်၍ အစာအာဟာရကို ယူဆောင်စေပြီးလျှင် ၁-ရက်, ၂-ရက်ပတ်လုံး ဤဇရပ်၌သာလျှင် ကိုယ်ကိုရောင့်ရဲစေပြီးမှ မိတ်ဆွေ ဃောသကသူဌေးကို တွေ့ကြကုန်အံ့"ဟု ပြောဆိုလေ၏။ သူဌေးကတော်လည်း "ကောင်းပါပြီ အရှင်"ဟု ဝန်ခံ၍ ထို ၃-ဦးတို့သည် ဇရပ်၌ပင် နေကြကုန်၏။

----- x -----

## ဂ။ သူဌေးသမီး ထမင်းတောင်းထွက်ခြင်း

တဖန်မိုးသောက် အလင်းရောက်သောနေ့၌ အလှူပေးရန် အချိန်ကာလကို ပြောကြားအပ်သည်ဖြစ်၍ အထီးကျန်သူ, ခရီးသွားသူ-စသည်တို့သည် အစာအာဟာရအလို့ငှာ သွားကြကုန်သည်ရှိသော် မိဘတို့သည် "ချစ်သမီး၊ သွား၍ ငါတို့အတွက် အစာအာဟာရကို ယူဆောင်ခဲ့လေလော့"ဟု ပြော၍ သမီးကို စေလွှတ်လိုက်ကြကုန်၏။ များစွာသော စည်းစိမ်ရှင် အမျိုးကောင်းသမီး ၁-ယောက်ဖြစ်ပါလျက် စည်းစိမ်ဥစ္စာ ပျက်စီးခြင်းကြောင့် ပြတ်တောက်သော ရှက်ခြင်းရှိသည်ဖြစ်၍ မရှက်နိုင်ရှာတော့ဘဲ ခွက်လက်စွဲကာ အထီးကျန်သော လူဆင်းရဲအပေါင်းနှင့် အတူတကွ အစာအာဟာရအလို့ငှာ သွားရောက်လေရာ

"ချစ်သမီး၊ ဘယ်နှစ်ယောက်အတွက် ယူအံ့နည်း"ဟု အမေးခံရပြန်သောအခါ "၃-ယောက်တွက်ပါ"ဟု ပြောဆိုရှာလေ၏။ ထိုအခါ သူဌေးသမီးအား ၃-ယောက်တွက်စာ ပေးလိုက်လေ၏။ သူဌေးသမီးသည် ထမင်းကို ယူဆောင်ခဲ့ပြီးသည်ရှိသော် သားအမိ, သားအဖ ၃-ယောက်တို့သည်လည်း တပြိုင်နက် စားရန် ထိုင်နေကြလေကုန်၏။

----- x -----

## ဃ။ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့ ကွယ်လွန်ကြခြင်း

ထို့နောက် မိခင်နှင့် သမီးတို့သည် သူဌေးကြီးကို "အရှင်၊ ပျက်စီးခြင်းမည်သည်ကား အမျိုးကြီးတို့အားလည်း ဖြစ်တတ်၏။ ကျွန်ုပ်တို့ သားအမိ ၂-ယောက်တို့ကို မငဲ့မူ၍ စားသောက်ပါလော့။ တစ်စုံတစ်ရာ ပူပန်စရာကိုမျှ မကြံစည် မအောက်မေ့ပါလင့်"ဟု ပြောကြားကြကုန်၏။ ဤသို့ အထူးထူးအပြားပြား ပြောကြားသော အခြင်းအရာတို့ဖြင့် ထိုသူဌေးကြီးကို တောင်းပန်ပြောဆို၍ ကျွေးမွေးကြကုန်၏။ သူဌေးကြီးသည် စားသောက်ပြီးလျှင် အစာကြေစိမ့်သောငှာ မစွမ်းနိုင်သဖြင့် နေအရုဏ်တက်သောအခါ သေလွန်ရှာလေ၏။ မိခင်နှင့် သမီးႇသည် အထူးထူးအပြားပြားသော အခြင်းအရာတို့ဖြင့် မြည်တမ်းငိုကြွေးကြကုန်၏။ သတို့သမီးသည် တဖန်မိုးသောက် အလင်းရောက်သောနေ့၌ ငိုကြွေးလျက်ပင် အာဟာရအလို့ငှာ သွားရပြန်လေရာ "ချစ်သမီး၊ ဘယ်နှစ်ယောက်အတွက် ယူအံ့နည်း"ဟု မေးမြန်းပြောအပ်သည်ဖြစ်၍ "၂-ယောက်တွက်ပါ"ဟု ပြော၍ အာဟာရကို ယူဆောင်ခဲ့ပြီးလျှင် မိခင်ကို တောင်းပန်၍ ကျွေးမွေးလေ၏။ မိခင်သည်လည်း ထိုသမီး တောင်းပန်အပ်သည်ဖြစ်၍ စားသောက်ပြီးသောအခါ အစာကြေကျက်စိမ့်သောငှာ မစွမ်းနိုင်သဖြင့် ထိုနေ့၌ပင်လျှင် စုတေသေလွန်ရှာပြန်၏။

----- x -----

## င။ သူဌေးသမီးကို မိတ္တသူကြွယ်သည် မွေးစားခြင်း

သတို့သမီးသည် တစ်ယောက်ထီးတည်းပင် အဖန်ဖန် ငိုကြွေးမြည်တမ်းလျက် ထိုဆင်းရဲအမျိုးမျိုးဖြစ်ခြင်းကြောင့် အလွန်တရာ ဆာလောင်မွတ်သိပ်ခြင်း, ဆင်းရဲခြင်းရှိသည်ဖြစ်၍ တဖန်မိုးသောက် အလင်းရောက်ပြန်သောနေ့၌ ဖုန်းတောင်းယာစကာတို့နှင့် အတူတကွ ငိုကြွေးမြည်တမ်းလျက်သာ အာဟာရအလို့ငှာ သွားရပြန်လေရာ "ချစ်သမီး၊ ဘယ်နှစ်ယောက်တွက် ယူအံ့နည်း"ဟု ဆိုအပ်သည်ရှိသော် "၁-ယောက်တွက်ပါ"ဟု ဆိုလေ၏။

မိတ္တသူကြွယ်သည် ၃-ရက်လုံး ထမင်းယူသော ထိုသတို့သမီးကို မှတ်မိသောကြောင့် ထိုသတို့သမီးကို "ဟဲ့-သူယုတ်မ၊ တော်ရာ ပျက်ပြားဖယ်ရှားလေလော့။ ယနေ့မှပင် သင့်ဝမ်းပမာဏအတိုင်းအဆကို သိရတော့သလော"ဟု ပြောဆိုမောင်းမဲလိုက်လေ၏။

အရှက်အကြောက်နှင့် ပြည့်စုံသော အမျိုးကောင်းသမီးသည် ရင်ဝအလယ်၌ လှံမဖြင့် ထိုးဆွခြင်းကို ခံရဘိသကဲ့သို့လည်းကောင်း, အိုင်းအမာပေါ်၌ ဆားငန်ရေဖြင့် သွန်းလောင်းခြင်းကို ခံရဘိသကဲ့သို့လည်းကောင်း ပြင်းပြစွာ အပြောအဆိုခံရသည်ကို နာကျည်းလှသည်ဖြစ်၍ "အရှင်၊ အသို့ ပြောဆိုလိုက်ပါသနည်း"ဟု ပြန်၍ မေးမြန်းသောအခါ "သင်သည် ရှေးဦးစွာသောနေ့၌ ၃-ယောက်တွက် လောဘတကြီး ယူအပ်ကုန်၏။ ယမန်နေ့၌ ၂-ယောက်စာအတွက် ယူအပ်ကုန်၏။ ယနေ့ကား ၁-ယောက်စာအတွက်ကိုသာ ယူဘိ၏။ သင်သည် ယနေ့မှ မိမိဝမ်း၏ပမာဏကို သိရတော့သလော"ဟု ပြောဆိုလတ်သော် "အရှင်၊ ကျွန်မကို မိမိတစ်ယောက်တည်း အလို့ငှာသာလျှင် ယူသည်-ဟူ၍ မှတ်ထင်တော်မမူပါလင့်"ဟု ပြောကြားလေ၏။

"ထိုသို့ဖြစ်မူ အဘယ်ကြောင့် ဤသို့ယူရသနည်း"ဟု ပြန်၍ မေးလတ်သော် "အရှင်၊ ရှေးဦးစွာသောနေ့၌ ၃-ယောက်ဖြစ်ပါသည်။ ယမန်နေ့က ၂-ယောက်ဖြစ်ပါသည်။ ယနေ့ကား ကျွန်မတစ်ယောက်တည်းသာ ဖြစ်ပါတော့သည်"ဟု ပြောရှာလေ၏။ သူကြွယ်သည် "အဘယ်အကြောင်းကြောင့်နည်း"ဟု မေးမြန်းသောအခါ ဖြစ်ရင်းမူလမှစ၍ ထိုသတို့သမီးပြောကြားအပ်သော ဖြစ်ပျက်ပုံအကြောင်းစုံကို ကြားသိရသဖြင့် မျက်ရည်တို့ကို တည်တံ့စိမ့်သောငှာ မစွမ်းနိုင်ရကား အားကြီးသော နှလုံးမသက်မသာ စိတ်မကောင်းဖြစ်မိရှာသည်ဖြစ်၍ "ချစ်သမီး၊ ဤသို့ဖြစ်မူ မစိုးရိမ်ပါလင့်။ သင်သည်(ရှေးက) ဘဒ္ဒဝတီသူဌေး၏ သမီးတည်း။ ယနေ့ ဤအချိန်အခါမှစ၍ ငါ၏သမီးမည်သည်သာ ဖြစ်ပေတော့၏"ဟု ဆို၍ ဦးခေါင်းကို နမ်းရှုပ်လျက် အိမ်သို့ ခေါ်ဆောင်ပြီးလျှင် မိမိ၏သမီးအကြီးအရာ၌ ထားလေ၏။

----- x -----

### ၈။ သာမာဝတီ အမည်ရခြင်း

ထိုသတို့သမီးသည် အလှူမဏ္ဍပ်၌ ကျယ်လောင်ဆူညံသော အသံကို ကြားရ၍ "ဖခင်၊ အဘယ်ကြောင့် ဤလူအပေါင်းကို အသံတိတ်ဆိတ်ငြိမ်သက်အောင် ပြု၍ အလှူဒါနကို မပေးလှူပါကုန်သနည်း"ဟု မေးလေ၏။ "ချစ်သမီး၊ ပြုပြင်ခြင်းငှာ မတတ်နိုင်ပါ"ဟု ဆိုလေလျှင် "ဖခင်၊ တတ်နိုင်ပါ၏"ဟု ဆိုလတ်သော် "ချစ်သမီး၊ အဘယ်သို့ တတ်နိုင်ပါအံ့နည်း"ဟု မေးသောအခါ "ဖခင်၊ အလှူမဏ္ဍပ်ကို ကာရံ၍ ၁-ယောက်, ၁-ယောက်၏သာ

လျှင် ဝင်ခြင်းငှာလောက်သော ပမာဏဖြင့် အဝင်,အထွက် တံခါး ၂-ပေါက်တို့ကို ယှဉ်ဖောက်၍ တံခါး ၁-ပေါက်ဖြင့် ဝင်၍ တံခါး ၁-ပေါက်ဖြင့် ထွက်ကြကုန်လော့”ဟု ဆိုကုန်ရာ၏။ ဤသို့ ပြုအပ်သည်ရှိသော် အသံတိတ်ဆိတ်ခြင်းရှိသည်ဖြစ်၍သာ ယူကြပါကုန်လတ္တံ့”ဟု ပြောဆိုလေ၏။ သူကြွယ်သည် သတို့သမီး၏ အကြံပေးသောစကားကို ကြားရ၍ “ချစ်သမီး၊ ဤနည်းသည် ကောင်းလှပေ၏”ဟု ဆို၍ ထိုသတို့သမီး ပြောဆိုသည့်အတိုင်း ပြုလုပ်စေ၏။

ထိုသတို့သမီးသည်ကား ရှေးမိဘတို့ ပေးထားသောအမည်ဖြင့် သာမာမည်၏။ ဝတီ-ဟု ခေါ်ဆိုအပ်သော စောင်ရန်း အကာအရံကို ကာစေ,ပြုလုပ်စေသောကြောင့်ကား ရှေး‘သာမာ’-ဟူသော အမည်နှင့် ပေါင်းစပ်၍ သာမာဝတီဟူသော အမည်သည် ဖြစ်လေ၏။

ထိုသို့ ပြုလုပ်စီရင်၍ ပေးလှူသောအခါမှစ၍ အလှူမဏ္ဍပ်၌ အုတ်အုတ်ကျက်ကျက် တခဲနက်သောအသံသည် ပြတ်စဲတိတ်ဆိတ်သွားလေ၏။ ဃောသကသူဌေးသည် ရှေးအခါ၌ ထိုအသံကို ကြားရသည်ရှိသော် “ငါ၏ အလှူမဏ္ဍပ်မှ အသံပေတည်း”ဟု နှစ်သက်ဝမ်းမြောက်ရလေ၏။ ၂-ရက်, ၃-ရက်တိုင်တိုင် အသံကို မကြားရသောကြောင့် မိမိ၏အထံသို့ ချဉ်းကပ်လာသော မိတ္တသူကြွယ်ကို “အထီးကျန်သူ, ခရီးသွားသူ-စသည်တို့အား အလှူဒါနကို ပေးကမ်းလှူဒါန်းပါ၏လော”ဟု မေးလေလျှင် “အရှင်၊ ပေးကမ်းလှူဒါန်းပါ၏”ဟု ပြောဆိုလတ်သော် “ထိုသို့ ပေးလှူပါလျှင် အဘယ်သို့ ဖြစ်နေသနည်း။ ၂-ရက်, ၃-ရက်တိုင်တိုင် အသံကို မကြားရပါတကား”ဟု မေးပြန်လေ၏။ “အရှင်၊ အသံတိတ်ဆိတ်ငြိမ်သက်စွာ ယူငင်အောင် ပြုလုပ်စီမံထားပါ၏”ဟု ပြောဆိုလတ်သော် “ထိုသို့ဖြစ်မူ ရှေးယခင်က ဤကဲ့သို့ အဘယ်ကြောင့် မပြုလုပ်လေသနည်း”ဟု မေးလေ၏။ “အရှင်၊ ရှေးက မသိသောကြောင့် မပြုလုပ်ရပါ”ဟု ဆိုလတ်သော် “ယခုကား အဘယ်ကြောင့် သိရသနည်း” ဟု မေးပြန်လေလျှင် “အရှင်၊ အကျွန်ုပ်၏သမီးသည် ပြောကြားအပ်သောကြောင့် သိရပါသည်”ဟု ဆိုလတ်သော် “ငါသည် သင့်အား သမီးရှိသောမည်သည်ကို မသိရဖူးပါတကား” ဟု မေးပြန်လေ၏။

မိတ္တသူကြွယ်သည် ယဉ်းနာရောဂါ ကျရောက်ရာ ကာလမှစ၍ ဘဒ္ဒဝတီသူဌေး၏ ဖြစ်ပုံအကြောင်းစုံကို ပြောကြားပြီးလျှင် သာမာဝတီ သတို့သမီးအား မိမိ၏သမီးကြီးအရာ၌ ထားသည့်အဖြစ်ကို ပြောကြားလေ၏။ ထိုအခါ သူကြွယ်ကို ဃောသကသူဌေးသည် “ဤသို့ ဖြစ်ခဲ့သည်ရှိသော် ငါ့အား အဘယ်ကြောင့် မပြောဆိုဘိသနည်း။ ငါ့မိတ်ဆွေ၏ သမီးသည် ငါ၏သမီး မည်သည်သာလျှင်တည်း”ဟု ဆို၍ ထိုသာမာဝတီသတို့သမီးကို ခေါ်စေ၍ “ချစ်သမီး၊ သင်သည် ဘဒ္ဒဝတီသူဌေး၏ သမီး-ဟူသည် ဟုတ်မှန်သလော”ဟု မေးလေက

"မှန်လှပါသည် ဖခင်"ဟု ပြောဆိုလေလျှင် "ထိုသို့ဖြစ်မူ နောင်ရေးကို မပူဆွေး,မစိုးရိမ် မကြံစည်လင့်။ သင်သည် ငါ၏သမီးဖြစ်ပြီ"ဟု ထိုသာမာဝတီ၏ ဦးခေါင်း၌ နမ်းရှုပ်၍ ထိုသာမာဝတီအား အခြံအရံအလို့ငှာ ၅၀၀-ကုန်သော မိန်းမတို့ကို ပေး၍ သာမာဝတီကို မိမိ၏ သမီးကြီးအရာ၌ ထားလေ၏။

----- x -----

## ဆ။ ဥတေနမင်းသည် သာမာဝတီကို မိဖုရားမြှောက်ခြင်း

ထို့နောက် တစ်နေ့သ၌ ကောသမ္ဗီပြည်တွင် နက္ခတ်ပွဲသဘင် ကြွေးကြော်လေ၏။ ထိုနက္ခတ်ပွဲသဘင်အချိန်အခါ ကြိမ်သည်ရှိသော် ပြင်ပသို့ မထွက်ဖူးသော အမျိုးသမီးတို့သည်လည်း မိမိ၏အခြံအရံနှင့်တကွ ခြေကျင်သာလျှင် မြစ်ဆိပ်သို့ သွား၍ ရေချိုးဆင်းကြကုန်၏။ ထိုသို့ ရေချိုးဆင်းကာ ရေကစားလေ့ရှိကြသောကြောင့် သာမာဝတီ သတို့သမီးသည်လည်း ထိုနေ့၌ ၅၀၀-သော မိန်းမတို့ဖြင့် ခြံရံလျက် မင်းရင်ပြင်ဖြင့် ဖြတ်သန်းလျက်သာလျှင် ရေကစားခြင်းငှာ သွားလေ၏။ ဥတေနမင်းတရားသည် ခြသေ့်ခံသော လေသာပြတင်း၌ ရပ်လျက် သာမာဝတီကို မြင်လျှင် "ဤမိန်းမတို့သည်ကား အဘယ်သူ၏ ကချေသည် မိန်းမတို့ပေနည်း"ဟု မေးလေ၏။

"အရှင်မင်းမြတ်၊ တစ်စုံတစ်ယောက်သောသူ၏ ကချေသည်မိန်းမတို့ မဟုတ်ကြပါ"ဟု လျှောက်တင်လေလျှင် "ထိုသို့ မဟုတ်ခဲ့သော် အဘယ်သူ၏ သမီးတို့ပေနည်း"ဟု မေးတော်မူပြန်လေ၏။ "အရှင်မင်းမြတ်၊ ဤမည်သော သတို့သမီးသည်ကား **ဃောသက သူဌေးကြီး၏သမီး** သာမာဝတီ-မည်ပါ၏"ဟု လျှောက်တင်လေလျှင် ထိုဥတေနမင်းသည် မြင်လျှင်မြင်ချင်းဖြစ်သော ချစ်ခင်ခြင်းရှိရကား ဃောသကသူဌေးကြီး၏ အထံသို့ "ငါ့အထံ သမီးကို ပို့ဆက်စေ"ဟု အမိန့်တော်မြတ် မှတ်လိုက်လေ၏။ ဃောသကသူဌေးသည်လည်း "အရှင်မင်းမြတ်၊ မပို့မဆက်ဝံ့ပါ"ဟု လျှောက်တင်လိုက်လေ၏။ ထိုအခါ ဥတေနမင်းသည် "ဤသို့ မစေလွှတ်,မပို့ဆက်ဘဲ မနေရ၊ စေလွှတ်ပို့ဆက်ရမည်သာတည်း"ဟု စေလွှတ်ပြန်သဖြင့် "အရှင်မင်းမြတ်၊ ကျွန်ုပ်တို့ သူဌေးမျိုးမည်သည်ကား သတို့သမီးတို့ကို ပုတ်ခတ်ညှဉ်းဆဲ၍ ဆွဲငင်နှင်ထုတ်မည့်ဘေးမှ ကြောက်လှသောကြောင့် မပို့မဆက်ဝံ့ပါ"ဟု လျှောက်တင်လိုက်သောအခါ ဥတေနမင်းတရားသည် "ဒေါသအမျက် ခြောင်းခြောင်းထွက်၍ အိမ်ကို မင်းတံဆိပ်ခတ်နှိပ်(ချိပ်ပိတ်) စေပြီးလျှင် သူဌေးနှင့် သူဌေးကတော်တို့ကို လက်၌ဆွဲကာ အိမ်မှ ပြင်ပသို့ နှင်ထုတ်လေ၏။

သာမာဝတီသည် ရေကစားပြီး၍ ပြန်လာသောအခါ အိမ်သို့ ဝင်ခွင့်မရသည်ဖြစ်၍ "မိခင်, ဖခင်တို့၊ ဤသို့ဖြစ်ရခြင်းကား အကြောင်းအဘယ်သို့ပါနည်း"ဟု မေးလေ၏။ "ချစ်သမီး၊ မင်းကြီးသည် သင်ချစ်သမီးကို အကြောင်းပြု၍ အမိန့်တော်မြွက် မှတ်၍ စေလွှတ်လိုက်၏။ ထိုအခါ ငါတို့သည် 'မပို့မဆက်ဝံ့ကြပါ'-ဟု လျှောက်တင်လိုက်သည်ရှိသော် အိမ်ကို မင်းတံဆိပ်ခတ်နှိပ်၍ ချိပ်ပိတ်စေပြီးလျှင် ငါတို့ကို ပြင်ပသို့ နှင်ထုတ်လိုက်ပါ၏"ဟု ပြောကြားလေ၏။

"မိခင်,ဖခင်တို့ ပြုအပ်သောအမှုကား ဝန်လေးစွတကား။ မင်းမည်သည်ကား စေလွှတ်အပ်သည်ရှိသော် 'မပို့မဆက်ဝံ့ကြပါ'-ဟု မပြောဆိုမူ၍ 'အကျွန်ုပ်သမီးကို အခြံအရံနှင့်တကွ အကယ်၍ ယူဆောင်ကြသည် ဖြစ်ခဲ့အံ့။ ဆက်သကြပါမည်'-ဟုသာ သံတော်ဦးတင်ရမည် ဖြစ်ပါသည်"ဟု ပြောဆိုသောအခါ "ချစ်သမီး၊ ကောင်းပြီ။ သင်ချစ်သမီး နှစ်သက်သဘောကျသည်ရှိသော် ဤသို့ သင်ပြောဆိုသည့်အတိုင်း ပြုလုပ်ရပေအံ့"ဟု ပြောဆို၍ မင်းကြီးအား ထိုသာမာဝတီ ပြောဆိုသည့်အတိုင်း သတင်းစကားကို သံတော်ဦးတင်ရန် စေလွှတ်လိုက်လေ၏။ ဥတေနမင်းသည်လည်း "ကောင်းပြီ"ဟု ဝန်ခံ၍ ထိုသာမာဝတီကို အခြံအရံနှင့်တကွ ဆောင်ယူပြီးလျှင် **အဘိသိက်သွန်းကာ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး** အရာ၌ ထားလေ၏။ ကြွင်းသော မိန်းမတို့ကား ထိုသာမာဝတီမိဖုရားကြီး၏ အခြံအရံ မိန်းမတို့ ဖြစ်ကြကုန်၏။

**ဤကား သာမာဝတီမိဖုရား၏ အကြောင်းအရာတည်း။**

* * * * * *

## (၆) ဝါသုလဒတ္တာမင်းသမီး၏အကြောင်း

ဥတေနမင်းအား ဝါသုလဒတ္တာမည်သော စဏ္ဍပဇ္ဇောတမင်း၏ သမီးတော်ဖြစ်သည့် အခြားသော မိဖုရား ၁-ပါးလည်း ရှိသေး၏။ ထိုအကြောင်းကို ချဲ့၍ ဆိုဦးအံ့။

ဥဇ္ဇေနီပြည်၌ စဏ္ဍပဇ္ဇောတမည်သော မင်းသည် ရှိ၏။ ထိုစဏ္ဍပဇ္ဇောတမင်းသည် တနေ့သ၌ ဥယျာဉ်မှ ပြန်လာခဲ့သည်ရှိသော် မိမိ၏စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းကို ကြည့်၍ "ငါမှတပါး အခြားတစ်စုံတစ်ယောက်သော မင်းအားလည်း ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာသည် ရှိလေသေးသလော"ဟု ပြောဆိုမေးမြန်းလေသောကြောင့် ထိုမင်းကြီး ပြောဆိုသော စကားကို ကြားကုန်သော လူတို့သည် "ဤစည်းစိမ်ချမ်းသာမျှလောက်

အဘယ်မှာ ပြောပလောက်အံ့နည်း။ ကောသမ္ဗီပြည်၌ ဘုရင်ဥတေနစ၏ စည်းစိမ်ချမ်းသာသည်ကား အလွန်ကြီးမားများပြားစွာ ရှိပါ၏”ဟု သံတော်ဦးတင်ကြသည်ရှိသော် မင်းကြီးသည် “ထိုသို့ဖြစ်မူ ထိုဥတေနမင်းကို ဖမ်းယူကုန်အံ့”ဟု ဆိုလေ၏။

“ထိုဥတေနမင်းကို ဖမ်းယူခြင်းငှာ မစွမ်းနိုင်ပါ”ဟု တင်လျှောက်သည်ရှိသော် “အမှတ်မရှိ တစ်စုံတစ်ခုသော အကြံအစည်ကို ကြံစည်ပြုလုပ်၍ ဖမ်းယူမည်သာတည်း”ဟု ဆိုပြန်သော် “အရှင်မင်းမြတ်၊ ဖမ်းယူခြင်းငှာ မစွမ်းနိုင်ပါ”ဟု လျှောက်ပြန်သဖြင့် “အဘယ်ကြောင့် မဖမ်းယူနိုင်အံ့နည်း”ဟု မေးတော်မူပြန်လေ၏။ “အရှင်မင်းမြတ်၊ ထိုဥတေနမင်းသည် ဟတ္ထိကန္တမည်သော အတတ်ကို တတ်သိပါ၏။ မန္တန်ကို ပြန်လှန်သရဇ္ဈာယ်ကာ ဟတ္ထိကန္တမည်သော စောင်းကို တီးသည်ရှိသော် ဆင်တို့ကို ပြေးလည်း ပြေးစေနိုင်ပါ၏။ ဖမ်းလည်း ဖမ်းယူနိုင်ပါ၏။ ဆင်ယာဉ်နှင့် ပြည့်စုံလှ၍ ထိုဥတေနမင်းနှင့် တူသောမင်းမည်သည် မရှိတော့ပါ”ဟု တင်လျှောက်ကြသောအခါ “ငါသည် ထိုဥတေနမင်းကို ဖမ်းယူခြင်းငှာ မစွမ်းနိုင်ဘဲ ရှိရအံ့နည်း”ဟု မိန့်ဆိုပြန်သော်–

“အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည် ဥတေနမင်းကို ဖမ်းယူလိုသောဆန္ဒ ပြင်းပြနေပါမူ ဤဆိုအပ်လတ္တံ့သောနည်းကား ဧကန်မလွဲနိုင်သည့်နည်းကောင်း ဖမ်းယူနိုင်ကြောင်းဖြစ်ပါ၏။ ထိုနည်းဖြင့် ဖမ်းယူလိုပါမူ သစ်သားဆင်ရုပ်ကို ပြုလုပ်စေ၍ ထိုဥတေနမင်း၏ တိုင်းပြည်အနီးသို့ စေလွှတ်တော်မူပါလော့။ ထိုဥတေနမင်းသည် ဆင်ယာဉ်, မြင်းယာဉ်တို့ သတင်းစကားကို ကြားသိရသည်ရှိသော် ခရီးဝေးကွာသော အရပ်သို့သော်လည်း သွားတတ်ပါ၏။ ထိုဝေးကွာသောအရပ်သို့ ရောက်လာသော ဥတေနမင်းကို ဖမ်းယူခြင်းငှာ လွယ်ကူသည် ဖြစ်ပါလတ္တံ့”ဟု လျှောက်တင်ကြသည်ရှိသော် စဏ္ဍပဇ္ဇောတမင်းသည် “ဤသို့သော အကြောင်းသည်ကား ကောင်းမြတ်သင့်လျော်ဖွယ် ရှိ၏”ဟု သစ်သားဖြင့်ပြီးသော စက်ယန္တ-ရားတပ်ဆင်သည့် ဆင်ရုပ်ကို ပြုလုပ်စေ၍ ပြင်ပ၌ ပုဆိုးပိုင်းတို့ဖြင့် ရစ်ပတ်ဖုံးလွှမ်းပြီးလျှင် ပန်းချီဆေးရေးအမှုကို ပြောင်မြောက်ဆန်းကြယ်စွာ ပြုလုပ်၍ ထိုဥတေနမင်းကြီး၏ တိုင်းနိုင်ငံအနီး ရေအိုင် ၁-ခု၏ကမ်းနား၌ လွှတ်ထားစေ၏။ ဆင်ရုပ်၏ ဝမ်းတွင်း၌ ၆၀-သော ယောက်ျားတို့သည် ထိုမှ,ဤမှ လူးလာတဲ့ခေါက် လျှောက်သွားနိုင်ကြကုန်၏။ ဆင် မစင်တုံးကို ရှာဖွေယူဆောင်၍ ထိုထိုအရပ်တို့၌ ပစ်စွန့်ခဲ့ကြကုန်၏။

----- x -----

## က။ သစ်သားဆင်ရုပ်ကို ပြ၍ ဥတေနမင်းကို ဖမ်းခြင်း

ထိုအခါ တောမုဆိုး ၁-ယောက်သည် ဆင်ကို တွေ့မြင်ရ၍ "ငါတို့၏ မင်းကြီးအား လျှောက်ပတ်ထိုက်တန်၏"ဟု ကြံ၍ သွားပြီးလျှင် "အရှင်မင်းမြတ်၊ တစ်ကိုယ်လုံး ဖြူဖွေး၍ ငွေတောင်ထွတ် အသွေးအဆင်းရှိသည့်, အရှင်မင်းမြတ်တို့အားသာလျှင် အလွန်လျှင် လျှောက်ပတ်ထိုက်တန်လှသော ဆင်ပြောင် ၁-စီးကို ကျွန်တော်မျိုး မြင်ခဲ့ပါသည်"ဟု လျှောက်ထားသံတော်ဦးတင်လေ၏။ ဥတေနမင်းကြီးသည် ထိုလျှောက်ကြားလာသော မုဆိုးကိုပင်လျှင် ခရီးလမ်းညွှန်ပြု၍ ဆင်တော်ကို တက်စီးတော်မူပြီးလျှင် အခြံအရံနှင့်တကွ ထွက်တော်မူလေ၏။ ထိုဥတေနမင်းကြီး ထွက်တော်မူလာခြင်းကို သိရ၍ သူလျှိုယောက်ျားတို့သည် သွားပြီးလျှင် စဏ္ဍပဇ္ဇောတမင်းအား လျှောက်ကြားကြကုန်၏။ စဏ္ဍပဇ္ဇောတမင်းသည် ထွက်လာ၍ အလယ်၌ အချည်းစည်း တစ်စုံတစ်ယောက်မျှ မရှိသည်ကို ပြုပြီးလျှင် ဘေးနံပါး ၂-ဖက်တို့၌ စစ်သည်အပေါင်းကို ပ-စောက်သဏ္ဌာန် စီစဉ်ချီတက်စေ၏။

ဥတေနမင်းသည် စဏ္ဍပဇ္ဇောတမင်း လာသည်ကို မသိဘဲ ဆင်နောက်သို့သာ အစဉ်တစိုက် အမီလိုက်လေ၏။ ဆင်ရုပ်အတွင်း၌ တည်ရှိသော လူတို့သည် လျင်စွာသော အဟုန်ဖြင့် ဆင်ရုပ်ကို ပြေးစေကုန်၏။ ဟတ္ထိကန္တမန္တန်ကို အဖန်ဖန်ရွတ်ဖတ်၍ စောင်းကို တီးသော မင်းကြီး၏စောင်းသံကို မကြားဘိသကဲ့သို့ သစ်သားဆင်ရုပ်သည် ပြေးသွားသည်သာလျှင်တည်း။ ဥတေနမင်းသည် ဆင်ပြောင်ကို မီအောင်လိုက်ခြင်းငှာ မစွမ်းနိုင်လေသောကြောင့် မြင်းတော်ကို တက်စီး၍ အစဉ်တစိုက် လိုက်ပြန်လေ၏။

ထိုဥတေနမင်းသည် လျင်သောအဟုန်ဖြင့် အစဉ်လိုက်သည်ရှိသော် စစ်သည်ဗိုလ်ပါအပေါင်းသည် ဆုတ်နစ်ကျန်နေရစ်ခဲ့လေ၏။ ဥတေနမင်းသည် တစ်ယောက်တည်းသာလျှင် ဖြစ်နေလေသောအခါ ဘေးနံပါး ၂-ဖက်တို့၌ စီမံချထားအပ်ကုန်သော စဏ္ဍပဇ္ဇောတမင်း၏ မင်းချင်းယောက်ျားတို့သည် ထိုဥတေနမင်းကို ဖမ်းယူ၍ မိမိတို့၏ မင်းကြီးအထံသို့ ပို့ဆက်ကြကုန်၏။ ထိုအခါ ဥတေနမင်း၏ စစ်သည်ဗိုလ်ပါအပေါင်းသည် *(မိမိတို့မင်းကြီး)*ရန်သူ၏ လက်တွင်းသို့ သက်ဆင်းလိုက်ပါ ရောက်သွားရရှာသည့်အဖြစ်ကို သိ၍ မြို့၏ပြင်ပ၌ သစ်တပ်စခန်း တည်ဆောက်ကာ နေရလေ၏။

----- x -----

## ၁။ ဝါသုလဒတ္တာမင်းသမီးအား မန္တန်သင်ကြားပေးခြင်း

စဏ္ဍပဇ္ဇောတမင်းသည်လည်း ဥတေနမင်းကို အရှင်ဖမ်းယူစေ၍ တစ်ခုသော ခိုးသူနှောင်အိမ်၌ ထည့်သွင်းချုပ်နှောင်လျက် တံခါးကို ပိတ်ထားပြီးလျှင် ၃-ရက်တို့ပတ်လုံး အောင်သေသောက်ခြင်းကို သောက်လေ၏။ ၃-ရက်မြောက်သောနေ့၌ ဥတေနမင်းသည် အစောင့်အရှောက်တို့ကို "အမောင်တို့၊ အမောင်တို့၏ မင်းသည်ကား အဘယ်မှာနည်း"ဟု မေးလေ၏။ အစောင့်အရှောက်တို့သည် "ငါသည် ရန်သူမင်းကို ဖမ်းယူခဲ့လေပြီ-ဟု အောင်သေသောက်ကာ နေပါ၏"ဟု ပြောကြားလေ၏။ "ဤသို့ ပြုမူသောအရာကား အဘယ်သို့သော အမူအရာနည်း။ သင်တို့၏ မင်းကြီးပြုသော အမူအရာသည် မိန်းမ၏ အမူအရာကဲ့သို့ ပါတကား။ ရန်သူဖြစ်သော မင်းတို့ကို ဖမ်းယူပြီးလျှင် လွှတ်မူလည်း လွှတ်သင့်သည်။ သတ်မူလည်း သတ်သင့်သည် မဟုတ်ပါလော။ ငါတို့ကို ဆင်းရဲကျပ်တည်းစွာ နှောင်အိမ်တွင်းမှာ နေစေ၍ အောင်သေကို သောက်နေရက်ပေစွ"ဟု ပြောဆိုလေ၏။ အစောင့်အရှောက်တို့သည် သွား၍ စဏ္ဍပဇ္ဇောတမင်းအား ထိုအကြောင်းကို လျှောက်ကြားကြကုန်၏။

စဏ္ဍပဇ္ဇောတမင်းကြီးသည် လာ၍ "အသင်သည် ဤသို့သောစကားကို ပြောကြား၏-ဟူသည် မှန်ချေသလော"ဟု မေးသဖြင့် "အရှင်မင်းကြီး၊ မှန်ပေ၏"ဟု ဝန်ခံသောအခါ "ကောင်းပြီ၊ သင့်ကို လွှတ်အံ့။ သင့်အား ဤသို့သဘောရှိသော မန္တန်သည် ရှိသတတ်။ ထိုမန္တန်ကို ငါ့အား ပေးအံ့လော"ဟု ဆိုလေ၏။ "ကောင်းပြီ၊ ပေးပေအံ့။ သင်ခြင်းငှာ လျှောက်ပတ်သောအခါ ငါ့ကို ရှိခိုးကာ သင်ယူပါလော့။ အသို့နည်း။ သင်သည် ငါ့အား ရှိခိုးနိုင်မည်လော"ဟု မေးလေလျှင် "ငါသည် သင့်ကို အဘယ့်ကြောင့် ရှိခိုးအံ့နည်း။ ရှိမခိုးနိုင်"ဟု ဆိုပြန်သဖြင့် "အကယ်၍ ငါ့ကို ရှိမခိုးနိုင်သည် ဖြစ်အံ့။ ငါသည်လည်း သင့်အား မန္တန်ကို မပေးနိုင်"ဟု ဆိုလေ၏။ "ဤသို့ မပေးနိုင်ခဲ့သည်ရှိသော် သင့်အား မင်းအာဏာကို အသုံးပြုပေအံ့"ဟု ဆိုသောအခါ "သင်သည် မင်းအာဏာကို ပြုလိုလျှင် ပြုလော့။ သင်သည် **ငါ၏ကိုယ်ကို အစိုးရ၏။ ငါ၏စိတ်ကိုကား အစိုးမရ**"ဟု ပြောဆိုလိုက်လေ၏။

စဏ္ဍပဇ္ဇောတမင်းသည် ထိုဥတေနမင်း၏ ရဲရင့်စွာ ကြုံးဝါးသည့်အသံကို ကြားရ၍ "အဘယ်သို့သော အကြောင်းဖြင့် ဤမန္တန်ကို ယူရပါအံ့နည်း"ဟု ကြံပြီးလျှင် "ဤမန္တန်ကို အခြားတပါးသောသူကို သိစေခြင်းငှာ မတတ်ကောင်း။ ငါ၏သမီးတော်ကို ထိုဥတေနမင်း၏ အထံ၌ သင်ယူစေ၍ ငါသည်ကား ငါ၏သမီးတော်အထံ၌ တဆင့် သင်ယူတော့အံ့"ဟု ကြံပြီးနောက် "ရှိခိုး၍ သင်ယူသည်ရှိသော် အခြားတပါးသောသူအား ပေးအံ့လော"ဟု ဥတေနမင်းကို မေး၏။ "ဪ-မှန်ပေ၏။ ငါ့အား ရှိခိုးသောသူအား ပေးပေအံ့"ဟု ဆိုလေ

လျှင် "ထိုသို့ဖြစ်မူ ငါတို့၏ နန်းအိမ်တော်၌ ခါးကုန်းမ ၁-ယောက်ရှိ၏။ တင်းတိမ်အကာ၏ အတွင်း၌ ရှိခိုး၍နေမည့် ထိုခါးကုန်းမအား သင်သည် တင်းတိမ်အကာ၏ ပြင်ပ၌ တည်နေလျက်သာ မန္တန်ကို ပို့ချပါလော့"ဟု ဆိုလေ၏။ "မင်းကြီး၊ ကောင်းပြီ။ ခါးကုန်းသောသူမူလည်း ဖြစ်စေ၊ ဆွံ့အ-သောသူမူလည်းဖြစ်စေ ရှိခိုးသောသူအား ပေးပေအံ့"ဟု ဝန်ခံလေ၏။

ထို့နောက် စဏ္ဍပဇ္ဇောတမင်းသည် သွား၍ သမီးတော် ဝါသုလဒတ္တာကို "ချစ်သမီး၊ တစ်ကိုယ်လုံးဖြူ၍ ခရုသင်းနူနာ စွဲကပ်နေသော လူ ၁-ယောက်သည် အဖိုးအတိုင်းမသိ ထိုက်တန်သောမန္တန်ကို တတ်၏။ ထိုမန္တန် တပါးသောသူကို သိစိမ့်သောငှာ မတတ်ကောင်း။ သင်ချစ်သမီးသည် တင်းတိမ်အကာ၏အတွင်း၌ တည်နေ၍ ရှိခိုးပြီးလျှင် မန္တန်ကို သင်ယူပါလော့။ ထိုလူနူသည် တင်းတိမ်အကာ၏ ပြင်ပ၌ တည်လျက် ချစ်သမီးအား ပို့ချပေလတ္တံ့။ သင်ချစ်သမီးအထံမှ ခမည်းတော်ဖြစ်သော ငါသည် ထိုမန္တန်ကို တဆင့် သင်ယူအံ့"ဟု ဆိုလေ၏။

ဤသို့သော အခြင်းအရာဖြင့် စဏ္ဍပဇ္ဇောတမင်းသည် ထိုဥတေနမင်းနှင့် သမီးတော် ၂-ဦးတို့၏ အချင်းချင်း အကျွမ်းတဝင် အရောဝင်ခြင်း ပြုအံ့သည်မှ စိုးရိမ်သဖြင့် သမီးတော်ကို ခါးကုန်းမ ဖြစ်လေဟန်၊ ဥတေနမင်းကို ခရုသင်းဖြူစွဲ လူနူဖြစ်လေဟန်ပြုကာ ပြောဆိုမှာကြားထားလေ၏။ ဥတေနမင်းသည် တင်းတိမ်အကာ၏အတွင်း၌ ရှိခိုးလျက် ထိုင်နေသော ဝါသုလဒတ္တာမင်းသမီးအား တင်းတိမ်အကာ၏ပြင်ပ၌ တည်နေလျက် မန္တန်ကို ပို့ချပေးလေ၏။

----- x -----

## ၈။ မန္တန်သင်ကြားစဉ် ဆရာ,တပည့်တို့ ခိုက်ရန်ဖြစ်ကြပြီးလျှင် ရင်းနှီးကာ ချစ်ကျွမ်းဝင်သွားကြခြင်း

ထိုအခါ တစ်နေ့သ၌ မန္တန်ကို အဖန်ဖန်အထပ်ထပ် ရွတ်ဆိုစေအပ်ငြားသော်လည်း မန္တန် ၁-ပုဒ်ကို ပီပြင်စွာ မရွတ်ဆိုနိုင်သည်ဖြစ်၍ ဝါသုလဒတ္တာမင်းသမီးကို ဥတေနမင်းသည် "ဟယ်-ခါးကုန်းမ၊ နင်၏နှုတ်သီးသည် အလွန်ထူကြမ်းသော နှုတ်ခမ်း, ပါးစောင်ရှိ၏တကား။ ဤသို့ ပီပီသသဆိုလော့"ဟု ကြိမ်းမောင်းပြောဆိုလေ၏။ ဝါသုလဒတ္တာမင်းသမီးသည် စိတ်ဆိုးအမျက်ထွက်ကာ "လူပျက်, လူကမြင်း, ခရုသင်းဖြူ, ဟယ်-လူအနူ၊ နင် အဘယ်ကို ဆိုဘိသနည်း။ ငါကဲ့သို့သော မင်းသမီးသည် အဘယ်ကြောင့် ခါးကုန်းမ ဖြစ်ရအံ့နည်း"ဟု ပြန်၍ ငေါက်ငမ်းပြောဆိုလေ၏။

ထိုအခါ ဥတေနမင်းသည် တင်းတိမ်စွန်းကို မြှောက်ပင့်ကာ "အသင် အဘယ်သူနည်း"ဟု မေးသည်ရှိသော် "စဏ္ဍပဇ္ဇောတမင်း၏ သမီးတော် ဝါသုလဒတ္တာ-မည်သောသူကား ငါပင်တည်း"ဟု ဆို၏။ "သင်၏ ဖခမည်းတော်သည် ငါ့အား ပြောသောအခါ သင့်ကို ခါးကုန်းမ-ဟု ပြောဆိုထားပါ၏"ဟု ဆိုလေလျှင် "အကျွန်ုပ်အား ပြောသောအခါကလည်း အရှင့်ကို ခရုသင်းဖြူစွဲကပ်သည့် လူနူ-ဟု လုပ်၍ ပြောဆိုထားပါ၏"။ ဤသို့ ပြောဆိုကြပြီးလျှင် ထိုသူ ၂-ဦးတို့သည်လည်း "ထိုသို့ဖြစ်မူ မင်းကြီးသည် ငါတို့၏ အကျွမ်းတဝင် ခင်မင်ရောနှောမှုကို ပြုအံ့သည်မှ စိုးရိမ်သဖြင့် ပြောဆိုအပ်သည် ဖြစ်ပေလတ္တံ့"ဟု တင်းတိမ်အကာ၏ အတွင်း၌သာလျှင် အကျွမ်းတဝင် ခင်မင်ရောနှောမှုကို ပြုကြလေကုန်၏။

ထိုနေ့မှစ၍ မန္တန်ကို သင်ယူခြင်း, အတတ်ပညာကို သင်ယူခြင်း-ဟူ၍ မရှိတော့ချေ။ မင်းကြီးသည်ကား သမီးတော်ကို "ချစ်သမီး၊ အတတ်ပညာကို သင်ယူ၏လော"ဟု အမြဲမပြတ် မေးမြန်း၏။ "ဖခမည်းတော်၊ သင်ယူပါ၏"ဟု ပြန်၍ လျှောက်ထားလေ၏။ ထို့နောက် တနေ့သ၌ ဝါသုလဒတ္တာမင်းသမီးကို ဥတေနမင်းသည် "ချစ်နှမ၊ လင်ယောကျ်ားတို့ ပြုစုချီးမြှောက်အပ်သော စည်းစိမ်ချမ်းသာမှုမည်သည်ကား မိခင်, ဖခင်တို့လည်း မပြုစွမ်းနိုင်။ မောင်ကြီး, မောင်ငယ်, အစ်မ, ညီမတို့လည်း မပြုစွမ်းနိုင်ကြကုန်။ အကယ်၍ ငါ့အား အသက်ကို ကယ်ဆယ်နိုင်ခဲ့သည်ဖြစ်အံ့။ သင်ချစ်နှမအား ၅၀၀-ကုန်သော မောင်းမမိဿံ အခြံအရံကို ပေး၍ မြတ်သော မိဖုရားခေါင်ကြီးအရာကို ပေးပါအံ့"ဟု ဆိုလေ၏။

ဝါသုလဒတ္တာမင်းသမီးသည်လည်း "မောင်တော်အရှင်မင်းမြတ်တို့သည် ဤဆိုအပ်ခဲ့ပြီးသောစကား၌ အကယ်၍ တည်ခြင်းငှာ စွမ်းနိုင်သည်ဖြစ်ပါအံ့။ မောင်တော်မင်းမြတ်တို့၏ အသက်ကို ကယ်ဆယ်ပါမည်"ဟု လျှောက်ထားလေ၏။ "ချစ်နှမ၊ စွမ်းနိုင်ပါသည်"ဟု ဆိုသဖြင့် ဝါသုလဒတ္တာမင်းသမီးသည် "မောင်တော်အရှင်မင်းမြတ်၊ ကောင်းပါပြီ"ဟု ဝန်ခံပြီးလျှင် ဖခင်၏အထံသို့ သွားပြီးလျှင် ရှိခိုးကာ သင့်တင့်လျောက်ပတ်သော အရပ်၌ တည်နေလေ၏။ ထိုအခါ ဝါသုလဒတ္တာမင်းသမီးကို စဏ္ဍပဇ္ဇောတမင်းကြီးသည် "ချစ်သမီး၊ အတတ်ပညာ ပြီးဆုံးပြီလော"ဟု မေးတော်မူလေ၏။ "ဖခမည်းတော်၊ အတတ်ပညာသည် အလုံးစုံအကုန် မပြီးဆုံးတတ်သေးပါ"ဟု လျှောက်ကြားလေ၏။

ထိုအခါ သမီးတော်ကို မင်းကြီးသည် "ချစ်သမီး၊ ထိုသို့ မပြီးဆုံးသေးသည်ရှိသော် အဘယ်ကို အလိုရှိသနည်း"ဟု မေးတော်မူသောအခါ "ဖခမည်းတော်၊ အကျွန်ုပ်တို့အား တံခါး ၁-ပေါက်နှင့် ယာဉ် ၁-ခုကို ရခြင်းငှာ သင့်လျော်ပါ၏"ဟု လျှောက်ထားလေ၏။ "ချစ်သမီး၊ ဤတံခါး ၁-ပေါက်နှင့် ယာဉ် ၁-ခုသည် အဘယ်အလို့ငှာပေနည်း"ဟု မေးတော်မူသောအခါ "ခမည်းတော်ဘုရား၊ ညဉ့်အခါ၌ နက္ခတ်, ကြယ်တာရာအမှတ်ဖြင့် မန္တန်၏

ဥပစာအလို့ငှာ ဆေးမြစ် ၁-မျိုးကို ယူဆောင်ရန် ပြုဖွယ်ကိစ္စ ရှိပါသတတ်။ ထို့ကြောင့် အကျွန်ုပ်တို့အား အခါဟုတ်သည်မူလည်း ဖြစ်စေ, အခါ မဟုတ်သည်မူလည်း ဖြစ်စေ ထွက်သွားသောအခါ တံခါး ၁-ပေါက်နှင့် ယာဉ် ၁-ခုကို ရခြင်းငှာ သင့်လျော်ပါ၏"ဟု လျှောက်ထားလေ၏။ မင်းကြီးသည်လည်း "ကောင်းပြီ"ဟု ဝန်ခံလေ၏။ ထိုသူတို့သည် မိမိတို့နှစ်သက်သော တံခါး ၁-ပေါက်ကို လက်ရောက်ပြုကြလေကုန်၏။

----- x -----

## ဃ။ စဏ္ဍပဇ္ဇောတမင်းကြီး၏ ယာဉ် ၅-မျိုး

(က) ဘဒ္ဒဝတီမည်သော ဆင်မသည် ၁-နေ့လျှင် ယူဇနာ ၅၀-တိုင်တိုင် သွားရောက်နိုင်၏။

(ခ) ကာကမည်သော ကျွန်သည် ယူဇနာ ၆၀-တိုင်တိုင် သွားရောက်နိုင်၏။

(ဂ) စေလကဋ္ဌိမည်သော မြင်း,

(ဃ) မုဉ္စကေသီမည်သော မြင်းတို့သည် ယူဇနာ ၁၀၀-တိုင်တိုင် သွားရောက်နိုင်ကြ ကုန်၏။

(င) နာဠာဂိရိဆင်သည် ယူဇနာ ၁၂၀-တိုင်တိုင် သွားရောက်နိုင်ကြကုန်၏။

----- x -----

## င။ ယာဉ် ၅-ပါး ရခြင်းအကြောင်း ရှေးကောင်းမှု

ထိုစဏ္ဍပဇ္ဇောတမင်းကြီးသည် ဘုရားရှင် ပွင့်တော်မမူမီအခါကာလ ၁-ယောက်သော အလုပ်ရှင်၏ လုပ်သားဖြစ်ဖူးသတတ်။ ထိုအခါ တစ်နေ့သ၌ အလုပ်ရှင်သည် မြို့၏ပြင်ပသို့ ထွက်၍ ရေချိုးပြီး ပြန်လာခဲ့သည်ရှိသော် ပစ္စေကဗုဒ္ဓါ ၁-ဆူသည် မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာရာ အလုံးစုံကုန်သော မြို့သူမြို့သားတို့အား မာရ်နတ်သည် လှည့်ပတ်၍ ထားအပ်သောကြောင့် ဆွမ်း ၁-ဇွန်း, ၁-ယောက်မ-မျှလည်း မရမူ၍ ဆေးကြောမြဲတိုင်းဖြစ်သော သပိတ်ဖြင့်သာလျှင် ဆွမ်းခံထွက်လာတော်မူခဲ့၏။

ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် မြို့တံခါးသို့ ရောက်သည်ရှိသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မာရ်နတ်သည် မထင်ရှားသောအသွင်ဖြင့် ချဉ်းကပ်၍ "အရှင်ဘုရား၊ အရှင်ဘုရားတို့အား တစ်စုံတစ်ရာကို ရခဲ့ပါသလော"ဟု မေးလေ၏။ "အသို့နည်း။ သင်သည် ငါ့အား မရအပ်သော အခြင်းအရာကို ပြုဘိသလော"ဟု မိန့်တော်မူလေလျှင် "ထိုသို့

မရခဲ့ပါမူ ပြန်လည်ဆုတ်နစ်၍ ထပ်၍တဖန် ဆွမ်းခံကြွဝင်တော်မူပါကုန်ဦး။ ဤအခါမှာမူ ကား မပြုလုပ်,မလှည့်စားပါတော့အံ့”ဟု လျှောက်ကြားလေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ် သည်လည်း “တဖန် ငါပြန်လည်၍ မကြွဝင်တော့အံ့”ဟု မိန့်တော်မူ၏။ ပစ္စေကဗုဒ္ဓါအရှင် မြတ်သည် ပြန်လည်ဆုတ်နစ်ခြင်း မပြုမူ၍ ကြွသွားတော်မူသည်ရှိသော် မာရ်နတ်သည် ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

(ပြန်လည်၍ ဆွမ်းခံမကြွခြင်း၏အကြောင်းကား- အရှင်ပစ္စေကဗုဒ္ဓါသည် အကယ်၍ တဖန် ဆွမ်းခံကြွဝင်တော်မူခဲ့ငြားအံ့။ မာရ်နတ်သည် တဖန်အလုံးစုံသော မြို့သူ,မြို့သားတို့၏ကိုယ်၌ ပူးကပ်ပြီး လျှင် လက်ခုပ်လက်ဝါးတီး၍ ပြက်ရယ်မှုဖြင့် ကစားကျီစယ်ခြင်းကို ပြုရာ၏။ ထို့ကြောင့် ပြန်လည်၍ ဆွမ်းခံကြွတော်မမူခြင်း ဖြစ်၏။)

ထိုအခါ အလုပ်ရှင်သည် ဆေးကြောမြဲတိုင်းသော သပိတ်ဖြင့် ကြွလာတော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်လေလျှင် ရှိသေစွာ ရှိခိုးလျက် “အရှင်ဘုရား၊ တစ်စုံတစ်ရာ သော ဆွမ်းကို ရခဲ့ပါ၏လော”ဟု လျှောက်ကြားလေရာ “ဒါယကာ၊ ဆွမ်းခံလှည့်လည်၍ ထွက်လာခဲ့ပေသည်”ဟု မိန့်တော်မူလေ၏။ ထိုဒါယကာသည် “အရှင်မြတ်သည် ငါ လျှောက်ထားအပ်သည်ကို မဖြေကြားဘဲ အခြားသော စကားကိုသာ မိန့်တော်မူ၏။ ဆွမ်း တစ်စုံတစ်ရာကိုမျှ မရခဲ့သည် ဖြစ်လတ္တံ့”ဟု ကြံမိလေ၏။

ထို့နောက် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်ကို ကြည့်သည်ရှိသော် ဘာတစ်ခုမျှ မပါ၊ အချည်းစည်းသာဖြစ်သော သပိတ်ကို မြင်ရ၍ မိမိ၏အိမ်၌ ထမင်းကျက်သည့်အဖြစ်, မကျက်သည့်အဖြစ်ကို ဧကန်တိတိ မသိရသေးသောကြောင့် ပြတ်သားရဲရင့်စွာ သပိတ်ကို ယူခြင်းငှာ မဝံ့ရှာသည်ဖြစ်၍ “အရှင်ဘုရား၊ ခေတ္တခဏမျှ ဆိုင်းငံ့ရပ်တန့် သည်းခံတော်မူပါ ကုန်ဦးဘုရား”ဟု လျှောက်ထားကာ လျင်မြန်စွာ အိမ်သို့ပြန်သွားပြီးလျှင် “ငါတို့အတွက် ချက်ထားသည့်ထမင်း ကျက်ပြီလော”ဟု မေး၍ “ကျက်ပါပြီ”ဟု ဆိုလတ်သော် အနီး၌ရှိ သော ထိုအလုပ်သမားကို “အမောင်၊ အသင်ထက် အလွန်တရာ လျင်မြန်ဖျတ်လတ် သွား တတ်သူ, သွားနိုင်သောသူမည်သည် မရှိ။ လျင်မြန်စွာ အရှိန်ဖြင့် သွားရောက်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏အထံသို့ ရောက်လတ်သော် ‘အရှင်ဘုရား၊ သပိတ်တော်ကို တပည့်တော်အား ပေးသနားတော်မူပါကုန်ဘုရား’-ဟု လျှောက်ထားပြီးလျှင် သပိတ်ကို တောင်းယူကာ လျင်မြန် စွာ ပြန်လာခဲ့ပါလော့”ဟု ပြောလေ၏။

အလုပ်သမားယောကျ်ားသည်လည်း ၁-ခွန်းတည်းသော စကားဖြင့်ပင်လျှင် ပြေး သွား၍ သပိတ်တော်ကို ယူဆောင်ခဲ့လေ၏။ အလုပ်ရှင် ဒါယကာသည်လည်း မိမိစားရန် ထမင်းဖြင့် သပိတ်တော်ကို ပြည့်အောင် လောင်းထည့်၍ “ဤဆွမ်းသပိတ်ကို လျင်မြန်စွာ

ယူသွား၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ကောင်းစွာလက်ရောက် ကပ်လှူပါချေ။ ငါသည် သင့်အား ဤအလှူမှ ကုသိုလ်အဖို့ဘာဂကို ပေးဝေမျှပါ၏”ဟု ဆိုလေ၏။

----- x -----

### ၈။ စဏ္ဍပဇ္ဇောတမင်း၏ ရှေးဘဝဆုတောင်း

ထိုအလုပ်သမား ယောက်ျားသည်လည်း ထိုဆွမ်းသပိတ်ကို ယူဆောင်၍ လျင်မြန်စွာ သွားရောက်ပြီးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား သပိတ်ကို ကပ်လှူ၍ တည်ခြင်း ၅-ပါးဖြင့် ရှိခိုးလျက် “အရှင်မြတ်ဘုရား၊ တပည့်တော်သည် ‘မွန်းတည့်ခါ နီးနေလေပြီ’-ဟု ကြံစည်အောက်မေ့၍ အလွန်လျင်မြန်စွာသောအရှိန်ဖြင့် အားထုတ်၍ လာရ,သွားရပါသည်ဘုရား။ ဤလျင်မြန်စွာ လာရ,သွားရသော ကုသိုလ်ကံ၏အစွမ်းကြောင့်-

- တပည့်တော်အား ယူဇနာ ၅၀၊ ၆၀၊ ၁၀၀၊ ၁၂၀-အခွန့်ရှည်ဝေးသော ခရီးကို သွားခြင်းငှာ စွမ်းဆောင်နိုင်သော ယာဉ်တို့သည် ဖြစ်လာပါစေကုန်သတည်းဘုရား။
- သွားစဉ်လည်းကောင်း, လာစဉ်လည်းကောင်း တပည့်တော်၏ကိုယ်ကို နေရှိန်ဖြင့် ပူလောင်ခြင်းကို ခံရပါသည်ဘုရား။ ထိုသို့ နေရှိန်ဖြင့် ပူလောင်ခြင်းကို ခံရသော ကုသိုလ်ကံ၏အစွမ်းကြောင့် ဖြစ်လေရာရာ ဘဝတိုင်း၌ ဘုန်းတန်ခိုးအာဏာသည် ထက်မြက်သောနေမင်း၏ တန်ခိုးရှိန်စော်အာနုဘော်နှင့် တူသည် ဖြစ်ပါစေသတည်းဘုရား။
- ဤဆွမ်းကို လှူဒါန်းရာ၌ တပည့်တော်အား အလုပ်ရှင်သခင်သည် အလှူ၏အဖို့ဘာဂကို ပေးဝေမျှပါသည်ဘုရား။ ထိုအရှင် ပေးဝေသော ကုသိုလ်၏အကျိုးအဆက်ကြောင့် အရှင်ဘုရားတို့သည် သိအပ်,မြင်အပ်သောတရား၏ အဖို့ရှိသည် ဖြစ်ပါစေသတည်းဘုရား”

ဟု ဆုတောင်းပတ္ထနာကို ပြုလေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်လည်း “ဒါယကာ တောင်းသော ဆုတောင်းပတ္ထနာအတိုင်း မဆိုင်းမတွ မုချမသွေ ပြည့်စုံစေသတည်း”ဟု မိန့်တော်မူ၍ –

(စ) ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။ ။

(ဆ) ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ။ ။

ဟူသော ဤ ၂-ဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူလေ၏။

(စ) တုယ့်၊ ဆွမ်းလှူနိုင်ရေး၊ လျင်စွာပြေး၍၊ ဆောင်ပေးပြုငြား၊ သင်ဒါယကာအား။ ဣစ္ဆိတံ၊ ရည်ရွယ်သတ်မှတ်၊ အလိုရှိအပ်သော ဆုအတိုင်း။ ပတ္ထိတံ၊ ခု,နောင်ဘဝ၊ ၂-ဌာန၌၊ တောင့်တအပ်သော ဆုအတိုင်း။ သဗ္ဗမေဝ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံသာလျှင်။ သမိဇ္ဈတု၊ ဘဝဆက်တိုင်း၊ ကြာမဆိုင်းဘဲ၊ တောင်းတိုင်းမသွေ၊ ပြည့်စုံစေသတည်း။ ပန္နရသော၊ ၁၅-ရက်မြောက်၊ အချိန်ရောက်က၊ လျှံတောက်ပဝင်း၊ စွမ်းကုန်လင်းသော။ စန္ဒော၊ ကမ္ဘာ့တန်ဆာ၊ လစန်းရတနာသည်။ ပူရတိ ယထာ၊ ရှုတိုင်းပြည့်ဖြိုး၊ ကျက်သရေတိုးကာ၊ အမျိုးမျိုးပြည့်လာသကဲ့သို့၊ တထာ၊ လမင်းအလား၊ ပမာထားယူ၊ ထိုအတူသာလျှင်။ သဗ္ဗေ၊ လောကုတ်၊ လောကီ၊ ၂-လီအစုံ၊ ခပ်သိမ်းကုန်သော။ သင်္ကပ္ပါ၊ ကောင်းမြတ်အလီလီ၊ အကြံအစည်ဟူသမျှတို့သည်။ ပူရေန္တု၊ ၁-နေ့, ၁-မျိုး၊ ဒိရေတိုးသကဲ့သို့ အမျိုးမျိုးပြည့်စုံစေကုန်သတည်း။

(ဆ) တုယ့်၊ ဆွမ်းလှူနိုင်ရေး၊ လျင်စွာပြေး၍၊ ဆောင်ပေးပေငြား၊ သင်ဒါယကာအား။ ဣစ္ဆိတံ၊ ရည်ရွယ်သတ်မှတ်၊ အလိုရှိအပ်သော ဆုအတိုင်း။ ပတ္ထိတံ၊ ခု,နောင်ဘဝ၊ ၂-ဌာန၌၊ တောင့်တအပ်သော ဆုအတိုင်း။ ခိပ္ပမေဝ၊ မရှည်မကြာ၊ ဆောလျင်စွာသာလျှင်။ သမိဇ္ဈတု၊ ဘဝဆက်တိုင်း၊ ကြာမဆိုင်းဘဲ၊ တောင်းတိုင်းမသွေ၊ ပြည့်စုံစေသတည်း။ ဇောတိရသော၊ လုံးစုံလိုရာ၊ အဖြာဖြာကို၊ ကောင်းစွာမသွေ၊ ဖြည့်စွမ်းနိုင်ပေသော။ မဏိ၊ ဝေပုလ္လတောင်၊ ထိပ်ခေါင်မှဖြစ်၊ ပတ္တမြားစစ်, ပတ္တမြားမှန်သည်။ ပူရတိ ယထာ၊ ခပ်သိမ်းသူတွေ၊ လိုလေသမျှ၊ ပြည့်စုံစေရသကဲ့သို့၊ တထာ၊ ပမာထားယူ၊ ထိုပတ္တမြားစစ်အတူ။ သဗ္ဗေ၊ လောကုတ်၊ လောကီ၊ ၂-လီအစုံ၊ ခပ်သိမ်းကုန်သော။ သင်္ကပ္ပါ၊ ကောင်းမြတ်အလီလီ၊ အကြံအစည်-ဟူသမျှတို့သည်။ ပူရေန္တု၊ ၁-နေ့, ၁-မျိုး၊ ဒိရေတိုးသကဲ့သို့ အမျိုးမျိုးပြည့်စုံစေကုန်သတည်း။

(ဤ ၂-ဂါထာတို့သည်သာလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အနုမောဒနာဂါထာတို့ မည်ကုန်၏။ ဤဒုတိယဂါထာ၌ "ဇောတိရသ"ဟူသည် "အလုံးစုံ အလိုရှိတိုင်းကို ပေးစွမ်းနိုင်သော ပတ္တမြားရတနာ"ကို ဆိုသည်။)

ဤကား စဏ္ဍပဇ္ဇောတမင်း၏ ရှေး၌ပြုခဲ့ဖူးသော ကောင်းမှုပေတည်း။

ထိုအခါ အလုပ်သမားယောက်ျားသည် ယခုအခါ၌ စဏ္ဍပဇ္ဇောတမင်းကြီး ဖြစ်လာ၏။ ထိုကောင်းမှုကံ၏ အကျိုးဆက်ကြောင့် ဤ ၅-ပါးသော ယာဉ်တို့သည် ဖြစ်ပေါ်လာကြကုန်၏။

----- x -----

## ဆ။ ဥတေနမင်းသည် ဝါသုလဒတ္တာမင်းသမီးကို ခိုးပြေး၍ မိဖုရားကြီးအရာ၌ ထားခြင်း

ထို့နောက် တစ်နေ့သ၌ စဏ္ဍပဇ္ဇောတမင်းသည် ဥယျာဉ်ကစားခြင်းငှာ ထွက်တော်မူလေ၏။ ဥတေနမင်းသည် "ယနေ့ကား ထွက်ပြေးခြင်းငှာ သင့်လျော်ပြီ"ဟု ကြံ၍ ကြီးကုန်, ကြီးကုန်သော သားရေအိတ်တို့ကို ရွှေ,ငွေဖြင့် ပြည့်စေ၍ ဘဒ္ဒဝတီမည်သော ဆင်မယာဉ်သာ၏ ကျောက်ကုန်းထက်၌ တင်ထားပြီးလျှင် ဝါသုလဒတ္တာမင်းသမီးကို ခေါ်ဆောင်၍ ထွက်ပြေးလေ၏။

နန်းတော်တွင်း၌ စောင့်ရှောက်ကြကုန်သော အစောင့်အရှောက်တို့သည် ထွက်ပြေးသော ထိုဥတေနမင်းကို မြင်လျှင် သွား၍ မင်းကြီးအား လျှောက်ကြားသံတော်ဦးတင်ကြလေကုန်၏။ မင်းကြီးသည် "လျင်မြန်စွာ လိုက်သွားကြကုန်"ဟု စစ်သည်ဗိုလ်ပါအပေါင်းတို့ကို စေလွှတ်လိုက်လေ၏။ ဥတေနမင်းလည်း စစ်သည်ဗိုလ်ပါအပေါင်း ပြေးလိုက်လာသည့်အဖြစ်ကို သိလျှင် အသပြာအိတ်ကို ဖြေ၍ ကြဲဖြန့်ကာ ချခဲ့လေ၏။ လိုက်လာသောလူတို့သည် အသပြာတို့ကို ကောက်ယူပြီးမှ တဖန်လိုက်ကြပြန်ကုန်၏။

ဥတေနမင်းသည် ရွှေအိတ်ကို ဖြေ၍ ကြဲဖြန့်ကာ ချခဲ့ပြန်လေ၍ ထိုစစ်သည်ဗိုလ်ပါတို့၏ ရွှေကို ရလိုသော လောဘဖြင့် ကောက်ငင်နေကြ၍ ကြာမြင့် ခရီးဖင့်နေကြကုန်စဉ်ပင်လျှင် စဏ္ဍပဇ္ဇောတမင်းကြီး၏ တိုင်းပြည်၏ပြင်ပ၌ တည်နေသော မိမိ၏စစ်သည်ဗိုလ်ပါရှိရာ သစ်တပ်စခန်းသို့ ကောင်းစွာ ရောက်လေ၏။ ထိုအခါ ရှေးရှုပြန်လာသော ဥတေနမင်းကို မြင်လျှင်မြင်ချင်းပင်လျှင် မိမိ၏စစ်သည်ဗိုလ်ပါအပေါင်းသည် ခြံရံလျက် ကောသမ္ဗီပြည်မြို့တွင်းသို့ သွင်းလေ၏။ ဥတေနမင်းသည် မြို့တွင်းနန်းတော်သို့ ရောက်လျှင်ရောက်ချင်းပင်လျှင် ဝါသုလဒတ္တာမင်းသမီးကို အဘိသိက်သွန်းလောင်း၍ မိဖုရားခေါင်ကြီးအရာ၌ ထားလေ၏။

ဤကား ဝါသုလဒတ္တာမိဖုရားကြီး၏ အကြောင်းအရာတည်း။

* * * * * *

## (၇) မာဂဏ္ဍီမိဖုရား၏အကြောင်း

### က။ မာဂဏ္ဍီပုဏ္ဏားကြီး သားမက်ရှာထွက်ရာ ဘုရားရှင်နှင့် တွေ့ခြင်း

ထိုမှတပါးလည်းဖြစ်သော မာဂဏ္ဍီ*အမည်ရှိသော ပုဏ္ဏားသမီးသည်လည်း ဥတေန မင်းကြီးအထံမှ မြတ်သော မိဖုရားခေါင်ကြီးအရာကို ရလေသေး၏။ (*ပါဠိ၌ မာဂဏ္ဍိယ-ဟု ရှိသော်လည်း မြန်မာဝေါဟာရဖြင့် မာဂဏ္ဍီ-ဟု သုံးစွဲကြသည်။)

ထိုမာဂဏ္ဍီမိဖုရားသည်ကား ကုရုတိုင်း၊ မာဂဏ္ဍီပုဏ္ဏားကြီး၏ သမီးဖြစ်သတတ်။ ထိုမာဂဏ္ဍီမိဖုရား၏ မိခင်သည်လည်း မာဂဏ္ဍီပင် မည်၏။ မာဂဏ္ဍီမိဖုရား၏ ဘထွေးပုဏ္ဏားသည်လည်း မာဂဏ္ဍီ မည်သည်သာလျှင်တည်း။ ထိုမာဂဏ္ဍီသတို့သမီးသည် နတ်သမီးတမျှ အလွန်အဆင်းလှ၏။ ထိုမာဂဏ္ဍီသတို့သမီး၏ ဖခင်ပုဏ္ဏားကြီးသည် ထိုသတို့သမီးအား လျောက်ပတ်ထိုက်တန်သော ခင်ပွန်းသည်ယောကျ်ားကို မရသေးသည်ဖြစ်၍ ကြီးကျယ်ထင်ရှားကုန်သော အမျိုးတို့သည် တောင်းရမ်းအပ်သော်လည်း "သင်တို့ ငါ၏သမီးနှင့် မထိုက်တန်"ဟု ခြိမ်းခြောက်မောင်းမဲကာ လွှတ်လိုက်လေ၏။

ထိုအခါ တစ်နေ့သ၌ ဘုရားရှင်သည် နံနက်မိုးသောက် အလင်းရောက်သောအခါ၌ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ခင်ပွန်းသည်မနှင့်တကွသော မာဂဏ္ဍီပုဏ္ဏားကြီး၏ အနာဂါမိဖိုလ်သို့ ရောက်အံ့သော အကြောင်းဥပနိဿယကို မြင်တော်မူ၍ ကိုယ်တော်၏ သပိတ်,သင်္ကန်းကို ကိုယ်တော်တိုင် ယူဆောင်တော်မူလျက် ထိုပုဏ္ဏား၏ ရွာနိဂုံး(*နိဂုံ)ပြင်ပ မီးကို လုပ်ကျွေးပူဇော်ရာအရပ်သို့ ကြွတော်မူလေ၏။ (*နိဂုံ၊ နိဂမ၊ တံတိုင်း, အကာအရံ မရှိ၊ ဈေးသာရှိသော ရွာကြီး။ မြန်မာမှု၌ ရွာကို နိဂုံ, အဆုံးကမ္ပတ် အပြီးသတ်ကို နိဂုံး-ဟု ဝိသဇ္ဇနီနှင့် ရေးထုံးရှိသည်။ "နိဂုံ,ဇနပိုဒ်၊ သမိုက် ၂-ပါး၊ နိုင်ငံသားနှင့်"-သံဝရပျို့။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၌ကား 'နိဂုံး ရွာငယ်'-ဟု ဆို၏။)

ထိုမာဂဏ္ဍီပုဏ္ဏားကြီးသည် ဘုရားရှင်၏ တင့်တယ်သော ရုပ်အဆင်းတော်၏ အထွတ်အထိပ်သို့ရောက်သော ကိုယ်တော်ကို ကြည့်ရှုပြီးလျှင် "ဤလောက၌ ဤယောကျ်ားနှင့်တူသော အခြားတပါးသော ယောကျ်ားမည်သည် မရှိနိုင်။ ဤယောကျ်ားသည်ကား ငါ့သမီးအား လျောက်ပတ်ထိုက်တန်၏။ ဤယောကျ်ားအား ကျွေးမွေးစောင့်ရှောက်စိမ့်သောငှာ ငါ၏သမီးကို ပေးပေအံ့"ဟု ကြံ၍ "အို-အရှင်ရဟန်း၊ ကျွန်ုပ်အား သမီး ၁-ယောက် ရှိပါသည်။ ကျွန်ုပ်သည် ဤမျှလောက်သော ကာလပတ်လုံး ထိုသမီးအား သင့်လျော်ထိုက်တန်သော ယောကျ်ားကောင်းကို မတွေ့မမြင်ရသေးပါ။ အသင်တို့သည်ကား ထိုကျွန်ုပ်သမီး

အား သင့်လျော်ထိုက်တန်လှပါသည်။ ထိုကျွန်ုပ်သမီးသည်လည်း အသင်တို့နှင့်သာလျှင် ထိုက်တန်လှပါသည်။ အသင့်တို့အားလည်း ခြေရင်းအလုပ်အကျွေးကို ရခြင်းငှာ သင့်လျော်ပါ၏။ ထိုကျွန်ုပ်သမီးအားလည်း မှီခိုအားထားစရာ ခင်ပွန်းသည်ကောင်းကို ရခြင်းငှာ သင့်လျော်ပါ၏။ ထို့ကြောင့် ထိုကျွန်ုပ်သမီးကို အသင်တို့အား ပေးအပ်ဆောက်နှင်းပါအံ့။ ကျွန်ုပ် ပြန်လာသည်တိုင်အောင် ဤနေရာအရပ်၌သာလျှင် ဆိုင်းငံ့ရပ်တန့်ရစ်ပါဦးလော့" ဟု ဆိုလေ၏။ ဘုရားရှင်သည်ကား တစ်စုံတစ်ခုသော စကားကိုမျှ မြွက်ဟတော်မမူဘဲ ဆိတ်ဆိတ်သာ နေတော်မူလေ၏။

----- x -----

## ခ။ ပုဏ္ဏားကြီး သမီးနှင့်မယားကို သွားခေါ်စဉ် ဘုရားရှင်သည် စက်တော်ရာကို ချထားတော်မူခဲ့ခြင်း

ပုဏ္ဏားကြီးသည် လျင်မြန်စွာ အိမ်သို့ ပြန်သွား၍ "အို-ရှင်မ၊ အို-ရှင်မ၊ သမီးအား သင့်လျော်ထိုက်တန်သော ယောကျ်ားကောင်းကို ငါတွေ့မြင်ခဲ့ရပြီ။ လျင်လျင်မြန်မြန် သမီးကို တန်ဆာဆင်ပါလော့"ဟု ပြောဆို၍ သမီးကို တန်ဆာဆင်စေပြီးလျှင် ပုဏ္ဏေးမနှင့်တကွ သမီးကိုခေါ်ဆောင်၍ ဘုရားရှင်၏ အထံတော်သို့ သွားလေ၏။ တစ်မြို့လုံးသည် တုန်လှုပ်ချောက်ချားလေ၏။ အဘယ်သို့ တုန်လှုပ်ချောက်ချားလေသနည်းဟူမူကား- "ဤပုဏ္ဏားကြီးသည် ဤမျှလောက်သော ကာလပတ်လုံး ငါ၏သမီးအား ထိုက်တန်လျောက်ပတ်သောသူ မရှိ'-ဟု သမီးကို တစ်စုံတစ်ယောက်သောသူအား မပေးဘဲ 'ယနေ့ ငါ့သမီးအား ထိုက်တန်သင့်လျော်သောသူကို တွေ့မြင်ခဲ့ရလေပြီ'ဟု ပြောဆိုသတတ်။ ထိုယောကျ်ားသည်ကား အဘယ်သို့သော ယောကျ်ားမျိုးပေနည်း။ ထိုယောကျ်ားကို ကြည့်ရှုကြကုန်အံ့"ဟု များစွာကုန်သော လူအပေါင်းသည် ထိုပုဏ္ဏားကြီးနှင့် အတူတကွသာ လိုက်ပါထွက်လာခဲ့လေ၏။

ထိုပုဏ္ဏားကြီးသည် သမီးကို ခေါ်ဆောင်၍ လာခဲ့သည်ရှိသော် ဘုရားရှင်သည် ထိုပုဏ္ဏားကြီး မှာကြားပြောဆိုခဲ့သော နေရာအရပ်၌ နေတော်မမူဘဲ ထိုနေရာအရပ်၌ ခြေတော်ရာ(ပါဒစေတီ)ကို ပြတော်မူ၍ ကြွသွားတော်မူပြီးလျှင် တပါးသော နေရာအရပ်၌ တန့်ရပ်တည်နေတော်မူလေ၏။

ထိုစကားကို ထင်ရှားစေဦးအံ့။ ဘုရားရှင်တို့၏ ခြေတော်ရာကား ဓိဋ္ဌာန်တော်မူ၍ နင်းချတော်မူသော နေရာအရပ်၌သာလျှင် ထင်ရစ်၏။ အခြားတပါးသော အရပ်၌ကား မထင်။ အကြင်သူတို့၏အကျိုးငှာ ရည်ရွယ်၍ ဓိဋ္ဌာန်တော်မူသည်ဖြစ်အံ့။ ထိုသူတို့သည်

သာလျှင် ထိုခြေတော်ရာကို ဖူးမြင်ရကုန်၏။ ထိုရည်မှန်းထားရင်းသူတို့ မဖူးမြင်ရစိမ့်သော်ငှာ ဆင်-အစရှိသော သတ္တဝါတို့ နင်းနယ်သည်မှုလည်း ဖြစ်စေ၊ မိုးကြီး သည်းထန်စွာ ရွာသွန်းသည် မှုလည်းဖြစ်စေ၊ ပြင်းထန်စွာသော လေအဟုန်တို့ ပုတ်ခတ်တိုက်ဖျက်သည်မှုလည်း ဖြစ်စေ တစ်စုံတစ်ခုသော အရာဝတ္ထုသည် ထိုခြေတော်ရာကို တိမ်ကောပပျောက်အောင် တူးဖြိုချေဖျက်ခြင်းငှာ မစွမ်းနိုင်ပေ။

ထိုအခါ ပုဏ္ဏေးမသည် ပုဏ္ဏားကြီးကို "အသင် ပြောဆိုသည့် ထိုယောက်ျားသည်ကား အဘယ်မှာနည်း"ဟု မေးသည်ရှိသော် ပုဏ္ဏားကြီးသည် "ဤနေရာအရပ်၌ ဆိုင်းငံ့ ရပ်တန့်ရစ်ပါဦးလော့-ဟု ထိုသူကို ငါမှာထားပြောဆိုခဲ့၏။ ယခုအခါ ထိုသူသည် အဘယ် အရပ်သို့ သွားလေသနည်း"ဟု ထိုထိုဤဤ ကြည့်ရှုသည်ရှိသော် ခြေတော်ရာကို တွေ့မြင်၍ "ဤခြေရာသည်ကား ထိုယောက်ျားကောင်း၏ ခြေရာပင်တည်း"ဟု ပြောဆိုကာ ပြသလေ၏။

----- x -----

## ဂ။ ပုဏ္ဏေးမသည် ခြေရာကို ကြည့်၍ ခြေရာရှင်၏စိတ်သဘောကို ဟောကြားခြင်း

ပုဏ္ဏေးမသည် လက္ခဏာကို သိစွမ်းနိုင်သော ဗေဒင် ၃-ပုံတို့ကို လေ့လာတတ်မြောက်ပြီးဖြစ်သောကြောင့် လက္ခဏာကို ပြဆိုသော မန္တန်ဗေဒင်ကျမ်းကို ဉာဏ်ဖြင့် ပြန်လှန် အောက်မေ့၍ ခြေတော်ရာလက္ခဏာကို စူးစမ်းဆင်ခြင်ပြီးလျှင် "အရှင်ပုဏ္ဏားကြီး၊ ဤခြေရာသည်ကား အာရုံ ၅-ပါး ကာမဂုဏ်တရားတို့ကို ခံစားသုံးဆောင်သောသူ၏ ခြေရာ မဟုတ်ချေ"ဟု ပြောဆို၍–

(၉) ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊ ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။
မူဠှဿ ဟောတိ အဝကမ္ပိတံ ပဒံ၊ ဝိဝဋ္ဋစ္ဆဒဿ ဣဒ'မီဒိသံ ပဒံ။ ။

ဟူသော ဤဂါထာကို ရွတ်ဆိုလေ၏။

(၉) ဗြာဟ္မဏ၊ သားမက်အရေး၊ စိတ်မအေးဘဲ၊ ရှုပ်ထွေးဗျာများ၊ အရှင်ပုဏ္ဏား။ သုဏောဟိ၊ ကျွန်မစကား၊ မပယ်ရှားဘဲ၊ နားစိုက်၍သာ၊ ထောင်ပါဦးလော့။ ရတ္တဿ ဟိ-ရတ္တဿ ဧဝ၊ ရာဂမပြတ်၊ လောဘဖြင့် တပ်ခြင်းအလေ့ရှိသောသူ၏သာလျှင်။ ပဒံ၊ နင်း၍သွားလာ၊ ခြေထောက်ရာသည်။ ဥက္ကုဋိကံ၊ ဆောင့်ကြွားဟောက်ပက်၊ အလယ်ခွက်သည်။ ဝါ၊ အသွားမဖြောင့်၊ ဆောင့်ကြောင့်ထိုင်သူ့ ခြေရာမှုကဲ့သို့။ ဘဝေ၊ စင်စစ်မသွေ၊ ဖြစ်ပါပေ၏။ ဒုဋ္ဌဿ၊ မိမိ,သူတပါး၊ ၂-ဦးသားအား၊ ပြစ်မှားနှိပ်စက်၊ ဒေါသထွက်တတ်သော

သူ၏။ ပဒ်၊ ခြေရာသည်။ သဟာသာနုပီဠိတံ၊ အသွားဆောင့်၍၊ ဖနောင့်မငြိမ်၊ စဉ်းငယ်သိမ်သည်။ ဝါ၊ ခပ်သုတ်သုတ်နင်းသဖြင့် ဖနောင့်တွင်း နက်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ မူဠှဿ၊ မသိ,မလိမ္မာ၊ ပညာလွန်နည်း၊ မိုက်မဲတွေဝေသောသူ၏။ ပဒံ၊ ခြေရာသည်။ အဝကမိုတံ၊ မလွတ်တလွတ်၊ ဒရွတ်ကြောင်းထင်၊ အဖျင်းဝင်၍၊ ဆွဲငင်အပ်သည်။ ဟောတိ၊ စင်စစ်မသွေ၊ ဖြစ်ပါပေ၏။ ဤဒိသံ၊ ဤသို့ ၁၀၈-ကွက်၊ စက်လက္ခဏာ၊ ကောင်းစွာစုံလင်၊ အကုန်ထင်သော။ ဣဒံ၊ မြင်စေဖို့ရာ၊ သေချာဖော်အပ်၊ ဤခြေရာတော်မြတ်ကြီးသည်ကား။ ဝိဝဋ္ဋစ္ဆဒဿ၊ ရာဂအမိုး၊ ဖောက်ချိုးဖွင့်လှပ်၊ ဝဋ်စက်ပြတ်သောသူ၏။ ဝါ၊ တဏှာကင်းပြတ်၊ ဘဝဇာတ်မှ၊ လွတ်လပ်ကျော်ကူး၊ ပုဂ္ဂိုလ်ထူး၏။ ပဒံ၊ အသေအချာ မှတ်ပေတော့ ခြေရာမြတ်ကြီး မဟုတ်ပါလား အရှင်ပုဏ္ဏား။

ထိုအခါ ပုဏ္ဏေးမကို ပုဏ္ဏားကြီးသည် "အို-ရှင်မ၊ သင်သည် ရေခွက်၌ မိကျောင်းကို မြင်ဘိသကဲ့သို့လည်းကောင်း, အိမ်အလယ်ကောင်၌ ခိုးသူကို မြင်ဘိသကဲ့သို့လည်းကောင်း လက္ခဏာဗေဒင်၌ မန့်မစပ် အနည်းငယ်ကိုသာလျှင် မြင်တတ်သောအလေ့ ရှိ၏။ ဆိတ်ဆိတ်သာ နေစမ်းပါဦးလော့"ဟု ပြောဆိုသည်ရှိသော် "အို-အရှင်ပုဏ္ဏား၊ အကျွန်ုပ်အား ပြောလိုရာ ပြောဆိုပါလော့။ ဤခြေရာသည်ကား အာရုံ ၅-ပါး ကာမဂုဏ်များကို သုံးဆောင်ခံစားသောသူ၏ခြေရာ မဟုတ်ပါ"ဟု ဆိုပြန်သည်သာတည်း။

----- x -----

## ဃ။ ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံ အနာဂါမ်၌ တည်ကြခြင်း

ထိုနောင် ထိုမှ,ဤမှ ကြည့်ရှုရှာဖွေကြသည်ရှိသော် ဘုရားရှင်ကို တွေ့မြင်လေ၍ "ငါပြောသော ယောက်ျားသည်ကား ဤယောက်ျားပင်တည်း"ဟု ဆိုပြီးလျှင် ပုဏ္ဏားကြီးသည် သွားရောက်၍ "အို-ရှင်ရဟန်း၊ ကျွန်ုပ်၏သမီးကို အသင့်အား ကျွေးမွေးစောင့်ရှောက်ခြင်းငှာ ပေးပါ၏"ဟု ဆိုလေ၏။ ဘုရားရှင်သည် "သင့်သမီးကို ငါအလိုရှိ၏"ဟူ၍လည်းကောင်း, "အလိုမရှိ"ဟူ၍လည်းကောင်း မိန့်တော်မမူဘဲ "အို-ပုဏ္ဏားကြီး၊ သင့်အား တစ်ခုသော အကြောင်းကို ငါဆိုဦးအံ့"ဟု မိန့်တော်မူလေလျှင် "အို-အရှင်ရဟန်း၊ ဆိုပါလော့"ဟု ဆိုခွင့်ပြုလတ်သော်-

"ငါသည် မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူသည်မှ စ၍ အဇပါလ အမည်ရသော ဆိတ်ကျောင်းညောင်ပင်ရင်းတိုင်အောင် မာရ်နတ်သည် အစဉ်မပျက် နှောင့်ယှက်အပ်သည့် အကြောင်းအရာကိုလည်းကောင်း, အဇပါလညောင်ပင်ရင်းဝယ် သီတင်းသုံး

နေတော်မူသောအခါ၌လည်း 'ဤသူသည် ယခုအခါ ငါ၏ပိုင်နက် နိုင်ငံချက်မှ လွတ်ထွက်ခဲ့ပေပြီတကား'-ဟု စိုးရိမ်ကြောင့်ကြ သောကအနာ အနှိပ်စက်ခံရရှာသော မာရ်နတ်အား စိုးရိမ်ကြောင့်ကြ သောကအနာ ငြိမ်းပျောက်စေအံ့သောငှာ ငါ့အထံသို့ လာရောက်ကြကုန်သော မာရ်နတ်၏သမီးတို့သည် သတို့သမီးပျို၏အသွင်-စသည်တို့ဖြင့် ကာမဂုဏ်နှင့် စပ်ယှဉ်သော ဖြားယောင်းခြင်း အကြောင်းအရာကိုလည်းကောင်း ပြောကြားတော်မူ၍ ထိုအခါ၌သော်လည်း ငါ့အား အလိုဆန္ဒ မရှိခဲ့လေ"ဟု မိန့်တော်မူပြီးလျှင်-

(၅၂) ဒိသွာန တဏှံ အရတိံ ရဂဉ္စ၊ နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။
ကိံမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊ ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။ ။

(၅၂) "ပြာဟ္မဏ၊ မာဂဏ္ဍီနွယ်၊ ပညာကြွယ်သီး၊ အို-ပုဏ္ဏားကြီး။ တဏှာ စ၊ တပ်မက်ဖွယ်ရာ၊ ဖြာဖြာသောင်းပြောင်း၊ အကြောင်းကြောင်းနှင့်၊ ဖြားယောင်းရောက်လာ၊ တဏှာမည်ဟီး၊ *မာရ်မင်းသမီးကိုလည်းကောင်း။ အရတိံ စ၊ မြင်သူမေ့မူး၊ စိတ်လေရူးအောင်၊ ထွေထူးသွယ်သွယ်၊ ပုံစံလှယ်၍၊ မြူဆွယ်လိမ်လည်၊ အရတိ-ဟု၊ နာမည်ကျော်ဟီး၊ မာရ်မင်း၏ သမီးကိုလည်းကောင်း။ ရဂဉ္စ၊ တပ်မက်ဖွယ်စုံ၊ သူ့ရုပ်ပုံကို၊ အာရုံပြောင်းလွဲ၊ အနဲနဲဖြင့်၊ စွဲမြဲအောင်လာ၊ ရဂါမည်ဟီး၊ မာရ်မင်း၏ သမီးကိုလည်းကောင်း။ ဒိသွာန၊ ဗောဓိပင်နှင့်၊ ရွှေပလ္လင်အနီး၊ အဇပါလညောင်ပင်ကြီးတွင်၊ စံနေစဉ်ကာလက၊ တွေ့မြင်ရ၍လည်း။ မေထုနသ္မိံ၊ ရာဂပြောထူ၊ တပ်မက်ချင်းတူသော၊ သူ ၂-ဦးတို့၏ဥစ္စာ၊ ယုတ်မာစွာပြု၊ မေထုန်အမှု၌။ မေ မယာ၊ လောကထွတ်ထား၊ ငါဘုရားသည်။ ဆန္ဒော အပိ၊ အလွန်အားသေးလှသည့်၊ နှစ်သက်တောင့်တ၊ အလိုဆန္ဒသည်လည်း။ န အဟောသိ၊ တဏှာမိုက်ဆုံး၊ ချိုးဖျက်သုဉ်း၍၊ လုံးလုံးမဖြစ်ခဲ့ဖူးလေပြီ။ မုတ္တကရီသပုဏ္ဏံ၊ ကျင်ကြီး,ကျင်ငယ်၊ ရွံဖွယ်အတိ၊ ကိုယ်လုံးပြည့်သည်သာလျှင်ဖြစ်သော။ ဣဒံ၊ သုံးဆယ်နှစ်ဝ၊ ကောဋ္ဌာသတို့၊ ရုပ်ပြပုံဆောင်၊ ဤသင့်သမီး၊ မာဂဏ္ဍီ အပုပ်ကောင်ကို။ ကိံ၊ ဖွယ်ဖွယ်ရာရာ၊ အဘယ်မှာလျှင်၊ အာသာဆန္ဒ၊ ဖြစ်နိုင်တော့အံ့နည်း။ နံ၊ မာဂဏ္ဍီ-ဟု၊ နာမည်ကျော်ဟီး၊ ပုပ်ဟောင်သည့် ထိုသင့်သမီးကို။ ပါဒါပိ၊ ကြာပဒုံခေါ်၊ ခြေစုံတော်တို့ဖြင့်လည်း။ သမ္ဖုသိတုံ၊ မစင်အပြည့်မို့၊ ထိတွေ့ခြင်းငှာ။ န ဣစ္ဆေ၊ လုံးဝတိတိ၊ ငါ-အလိုမရှိချေ။ ဝါ၊ တဏှာအကြိုက်ကို၊ ငါ-အလိုမလိုက်ချေ။"-

ဟူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။ ဂါထာ၏အဆုံး၌ မာဂဏ္ဍီပုဏ္ဏားကြီးနှင့် မာဂဏ္ဍီပုဏ္ဏေးမကြီးတို့သည် အနာဂါမိဖိုလ်၌ တည်ကြလေကုန်၏။ (*မာရ်မင်း = မာရ်နတ်မင်း အတူတူပင်။)

----- x -----

## ၄။ မာဂဏ္ဍီသတို့သမီး ဘုရားရှင်၌ ရန်ငြိုးဖွဲ့ခြင်း

မာဂဏ္ဍီသတို့သမီးသည်ကား "ဤရဟန်းကြီးသည် ငါ့ကို အကယ်စင်စစ်အားဖြင့် အလိုမရှိသည်ဖြစ်အံ့။ အလိုမရှိသည်၏အဖြစ်ကိုသာ ပြောဆိုသင့်ပါလျက် ယခုမူကား ငါ့ကို 'ကျင်ငယ်,ကျင်ကြီးတို့ဖြင့် ပြည့်သည်'-ဟု ပြုလုပ်ပြောဆိုလျက် 'ခြေတို့ဖြင့်သော်လည်း သင့်သမီးကို ထိခြင်းငှာ ငါ-အလိုမရှိချေ'-ဟု ပြောဆိုလေဘိ၏။ ရှိစေဦးတော့။ ငါသည် မိမိ၏ ဇာတ်, အမျိုး,အရပ်, စည်းစိမ်ချမ်းသာ, အခြံအရံ, အကျော်အစော, အရွယ်တို့၏ ပြည့်စုံခြင်းကို အကြောင်းပြု၍ ထိုသို့သဘောရှိသော မိခိုအားထားလောက်သည့် ခင်ပွန်းသည်ကောင်းကို ရသည်ရှိသော် ရဟန်းဂေါတမအား လုပ်သင့်လုပ်ထိုက်သည်ကို ပြုလုပ်ကာ သိစေအံ့" ဟု ဘုရားရှင်၌ ရန်ငြိုးဖွဲ့လေ၏။

(ဤနေရာ၌ အမေး,အဖြေကို ထုတ်၍ ဆိုဦးအံ့။ အသို့နည်း။ ဘုရားရှင်သည် မိမိ၌ ထိုမာဂဏ္ဍီသတို့သမီး၏ ရန်ငြိုးဖွဲ့လတ္တံ့သည်၏အဖြစ်ကို သိတော်မူပြီး ဖြစ်လေသလော, သိတော်မမူဘဲပင် ရှိလေသလော။ သိတော်မူသည်သာလျှင်တည်း။ ထိုသို့ သိတော်မူပါလျက် အဘယ်၏အစွမ်းဖြင့် ဤဂါထာကို ဟောတော်မူသနည်းဟူမူ မာဂဏ္ဍီသတို့သမီးမှ တပါးကုန်သော မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့၏အစွမ်းဖြင့် ဟောတော်မူ၏။ မှန်၏။ ဘုရားရှင်တို့မည်သည် ရန်ငြိုးထားခြင်းကို မရေမတွက် အရေးမထားမူ၍ မဂ်,ဖိုလ်ကို ရသင့်,ရထိုက်ကုန်သောသူတို့၏ အစွမ်းဖြင့် တရားတော်ကို ဟောကြားတော်မူမြဲသာလျှင်တည်း။)

မိခင်,ဖခင်တို့သည် ထိုမာဂဏ္ဍီသတို့သမီးကို ခေါ်ဆောင်၍ မာဂဏ္ဍီပုဏ္ဏားကြီး၏ ညီ, သတို့သမီး၏ ဘထွေး စူဠမာဂဏ္ဍီပုဏ္ဏားကို တာဝန်ခံယူစေပြီးလျှင် ရဟန်းပြုကြသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ စူဠမာဂဏ္ဍီသည်လည်း "ငါ၏သမီးသည် ယုတ်ညံ့အောက်တန်းကျသူအား မသင့်လျော်,မထိုက်တန်။ ၁-ယောက်သော ပြည့်ရှင်ဘုရင်မင်းအားသာ သင့်လျော်ထိုက်တန်ပါပေသည်"ဟု ကြံဆင်ခြင်ပြီးလျှင် ထိုမာဂဏ္ဍီသတို့သမီးကို ခေါ်ဆောင်၍ ကောသမ္ဗီပြည်သို့ သွားကာ စုံလင်စွာသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် "ဤမိန်းမရတနာသည် အရှင်မင်းကြီးအားသာလျှင် သင့်လျော်ထိုက်တန်သည်"ဟု ဥတေနမင်းကြီးအား ပို့ဆက်လိုက်လေ၏။ ထိုဥတေနမင်းကြီးသည်လည်း ထိုမာဂဏ္ဍီသတို့သမီးကို မြင်လျှင်မြင်ချင်း အားကြီးစွာသော ချစ်ခြင်းရှိသည်ဖြစ်၍ အဘိသိက်သွန်းခြင်းကို ပြုပြီးလျှင် ၅၀၀-သော နန်းတွင်းသူမိန်းမ အခြံအရံတို့ကို ပေး၍ မြတ်သော မိဖုရားခေါင်ကြီးအရာ၌ ထားလေ၏။

ဤကား မာဂဏ္ဍီမိဖုရား၏ အကြောင်းတည်း။

## (၈) ကောသမ္ဗီပြည်၊ သူဌေးကြီး ၃-ဦးတို့၏ဆရာ ဟိမဝန္တာရသေ့ ၅၀၀-နှင့် ရဟန္တာစိုးနတ်အကြောင်း

ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း ထိုဥတေနမင်းကြီးအား ၁,၅၀၀-ကုန်သော ကချေသည် မောင်းမမိဿံတို့ ခြံရံလျက် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ၃-ယောက်တို့ ရှိကုန်၏။ ထိုအခါကာလ ကောသမ္ဗီပြည်၌ ဃောသကသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိကသူဌေး-ဟူကုန်သော ဤသူဌေးကြီး ၃-ဦးတို့သည် ရှိကုန်၏။ ထိုသူဌေးကြီးတို့သည် မိုး ၄-လ၌ နေခြင်းငှာ ချဉ်းကပ်သင့်သောအခါ နီးကပ်လတ်သည်ရှိသော် ၅၀၀-ကုန်သော ရသေ့တို့သည် ဟိမဝန္တာတောမှ လာခဲ့၍ မြို့၌ ဆွမ်းခံရန်အလို့ငှာ ကြွဝင်ကြသည်တို့ကို မြင်ကြကုန်သည်ရှိသော် ကြည်ညိုလှသဖြင့် ထိုင်နေစေပြီးလျှင် ဆွမ်းလုပ်ကျွေးပြီးမှ ပဋိညာဉ်ဝန်ခံခြင်းကို ယူ၍ မိုး ၄-လတို့ပတ်လုံး မိမိတို့အထံ၌ နေစေပြီးလျှင် တဖန်မိုး ၄-လအခါ ပြန်ကြွလာစိမ့်သောငှာ ဝန်ခံစေ၍ ပြန်လွှတ်လိုက်ကြလေကုန်၏။ ရသေ့တို့သည်လည်း ထိုအခါမှ စ၍ ၈-လတို့ပတ်လုံး ဟိမဝန္တာ၌ နေ၍ မိုး ၄-လတို့ပတ်လုံး ထိုသူဌေးကြီး ၃-ဦးတို့၏အထံ၌ နေကြလေကုန်၏။

ထိုရသေ့တို့သည် နောက်အဖို့၌ ဟိမဝန္တာမှ ကြွလာကြကုန်သည်ရှိသော် တောအုပ်၌ ပညောင်ပင်ကြီး ၁-ပင်ကို တွေ့မြင်၍ ထိုပညောင်ပင်ရင်း၌ ထိုင်နေကြကုန်၏။ ထိုရသေ့ ၅၀၀-တို့တွင် အကြီးဆုံးဖြစ်သော ရသေ့သည် "ဤပညောင်ပင်၌ ထိန်းသိမ်းစိုးအုပ်ရသော နတ်သည်ကား ယုတ်ညံ့သော အတိုင်းအရှည်ရှိသောနတ် ဖြစ်လိမ့်မည် မဟုတ်ချေ။ တန်ခိုးကြီးမားသည့်နတ်မင်း ဖြစ်ပေရာ၏။ ဤနတ်မင်းသည် ရသေ့အပေါင်းအား သောက်ရေပေးလှူပါမူကား ကောင်းလေစွ"ဟု ကြံဆင်ခြင်လေ၏။ ထိုနတ်သည်လည်း ကြံဆင်ခြင်သည့်အတိုင်း သောက်ရေကို ပေးလှူလေ၏။ ရသေ့သည် ချိုးရေကို ပေးလှူစေရန် ကြံဆင်ခြင်ပြန်လေ၏။ ထိုချိုးရေကိုလည်း ပေးလှူပြန်လေ၏။ ထို့နောက် ခဲဖွယ်,ဘောဇဉ်ကို ကြံဆင်ခြင်ပြန်ရာ ထိုခဲဖွယ်,ဘောဇဉ်ကိုလည်း ပေးလှူလေ၏။ ထို့နောက်မှ ရသေ့အား "ဤနတ်မင်းသည် ငါတို့ ကြံတိုင်း,ကြံတိုင်းသော အရာဝတ္ထု-ဟူသမျှကို ပေးလှူပေ၏။ ထိုနတ်မင်းကို ငါတို့ မြင်ရပါမူကား ကောင်းလေစွ"ဟု တောင့်တကာ အကြံဖြစ်ပြန်လေ၏။ နတ်မင်းသည်လည်း ပညောင်ပင် ပင်စည်,ပင်လုံးကို ၂-ဖြာဖောက်ခွဲလျက် ကိုယ်ထင်ရှား ပြသလေ၏။

ထိုအခါ နတ်မင်းကို ရသေ့တို့သည် "အသင်နတ်မင်း၊ အသင်နတ်မင်း၏ စည်းစိမ်ချမ်းသာသည်ကား ကြီးကျယ်ပြန့်ပြော များပြားလှပေ၏။ အဘယ်သို့သော ကောင်းမှု

ကုသိုလ်ကို ပြုလုပ်ခဲ့သောကြောင့် ဤကဲ့သို့ ကြီးကျယ်ပြန့်ပြော များပြားလှစွာသော စည်းစိမ်ချမ်းသာကို ရအပ်ပါသနည်း”ဟု မေးမြန်းကြကုန်၏။ “အရှင်မြတ်တို့၊ မေးမြန်းတော်မမူကြပါကုန်လင့်”ဟု တားမြစ်စကားကို လျှောက်ကြားလေရာ ရသေ့တို့သည် “နတ်မင်း၊ ပြောသာ ပြောပါလော့”ဟု တိုက်တွန်းကြသော်လည်း နတ်မင်းသည် မိမိပြုအပ်ခဲ့ပြီးသော ကောင်းမှုကုသိုလ်၏ နည်းပါးလှသည်၏အဖြစ်ကြောင့် ရှက်နိုးလှသည်ဖြစ်၍ ပြောကြားလျှောက်ထားခြင်းငှာ မဝံ့ဘဲ ရှိလေ၏။ ရသေ့တို့သည် အဖန်ဖန်အထပ်ထပ် မပြောကြားဘဲမနေသာအောင် နှိပ်စက်ကာ မေးမြန်းအပ်သည်ရှိသော် “အရှင်မြတ်တို့၊ ထိုသို့ဖြစ်ပါမူကားနားထောင်တော်မူကြပါကုန်လော့”ဟု ဆို၍ ပြောပြလေ၏။

----- x -----

## က။ နေ့ထက်ဝက်ဥပုသ်စောင့်ရကျိုးကြောင့် တန်ခိုးကြီးသော ရုက္ခစိုးနတ်ဖြစ်ရခြင်း

ထိုရုက္ခစိုးနတ်မင်းသည် (တချိန်က) ၁-ယောက်သော လူဆင်းရဲဖြစ်ခဲ့၍ အခစားစာရင်းငှားအလုပ်ကို လိုက်၍ ရှာသည်ရှိသော် အနာထပိဏ်သူဌေးကြီး၏အထံ၌ အခဖြင့်ပြုလုပ်အပ်သော အလုပ် ၁-ခုကို ရ၍ အနာထပိဏ်သူဌေးကြီးကို အမှီပြုလျက် အသက်မွေးရလေ၏။ ထို့နောက် အခါတပါး ဥပုသ်နေ့ ကြုံကြိုက်လတ်သည်ရှိသော် အနာထပိဏ်သူဌေးကြီးသည် ကျောင်းတော်မှ ပြန်လာခဲ့၍ “ထိုအလုပ်သမား စာရင်းငှားအား ယနေ့ဥပုသ်နေ့ဖြစ်ကြောင်းကို တစ်စုံတစ်ယောက်သောသူသည် ပြောကြားမိသေးသလော”ဟု မေးသည်ရှိသော် “အရှင်သူဌေးမင်း၊ မပြောမိပါ”ဟု ဆိုသဖြင့် “သို့ဖြစ်လျှင် ထိုသူ့အလို့ငှာ ညစာထမင်းကို ချက်ထားကြကုန်လော့”ဟု ဆိုလေ၏။ ထိုအခါ ၁-စလယ်မျှလောက်သော ဆန်ကို ထိုစာရင်းငှားအတွက် ချက်ထားကြကုန်၏။

ထိုအလုပ်သမား စာရင်းငှားသည် တစ်နေ့ပတ်လုံး တော၌ ကိစ္စကြီး,ငယ်ကို ဆောင်ရွက်၍ ညချမ်းအခါ ပြန်လာသဖြင့် ထမင်းကို ခူးခပ်ပေးသည်ရှိသော် “ဆာလောင်မွတ်သိပ်လှသည်”ဟု အဆောတလျင် မစားသေးဘဲ “တပါးသောနေ့တို့၌ ဤအိမ်တွင် ထမင်းပေးကြကုန်လော့၊ ဟင်းပေးကြကုန်လော့၊ စားမဲဟင်းလျာ ပေးကြကုန်လော့”ဟု ကြီးစွာသော အုတ်အုတ်ကျက်ကျက် အသံသည် ဖြစ်၏။ ယနေ့ ထိုသူအားလုံးတို့သည် အသံတိတ်ဆိတ်လျက် အိပ်ကြကုန်၏။ ငါတစ်ယောက်အတွက်သာလျှင် ထမင်း, အစာအာဟာရကို ခူးခပ်ပြင်ဆင်၍ ပေးကြကုန်၏။ အကြောင်းကား အသို့နည်း”ဟု ကြံ၍ “ကျွန်တော်မှ ကြွင်းကျန်သည့် အခြားသူများ ထမင်းစားပြီးကြကုန်ပြီလော, မစားကုန်သေးသလော”ဟု မေးလေ၏။

"အမောင်၊ မစားကြတော့ကုန်"ဟု ဆိုလတ်သော် "အရှင်၊ အဘယ်ကြောင့် မစားကြပါကုန်သနည်း"ဟု ပြန်၍ မေးမြန်းသောအခါ "ဤအိမ်တွင် ဥပုသ်နေ့တို့၌ ညစာထမင်းကို မစားကြကုန်။ အားလုံးသောသူတို့သည် ဥပုသ်သီလကို စောင့်သုံးကြကုန်၏။ အောက်ထစ်ဆုံးအားဖြင့် နို့စို့, နို့ညှာ, ကလေးသူငယ်တို့ကိုသော်လည်း ခံတွင်းပါးစပ်ကို ဆေးကြောပြီးလျှင် စတုမဓုကို ခံတွင်း၌ ထည့်ပေးစေ၍ သူဌေးကြီးသည် ဥပုသ်သည်တို့ချည်းသာ ဖြစ်အောင် ပြုလုပ်စေခိုင်း၏။ နံ့သာဆီမီး ထွန်းညှိပြီးသည်ရှိသော် ငယ်ငယ်,ကြီးကြီး အားလုံးသော သတို့သားသူငယ်တို့သည် အိပ်ရာ၌ နေကုန်လျက် ဆံပင်, မွေးညင်း-စသော ဒွတ္တိံသာကာရ (၃၂-ကောဋ္ဌာသ) ကမ္မဋ္ဌာန်းကို စီးဖြန်းဆင်ခြင် ရွတ်ဆိုသရဇ္ဈာယ်ကြကုန်၏။ သင့်အားကား ဥပုသ်နေ့ဖြစ်ကြောင်းကို ပြောရန် သတိမပြုမိကြကုန်သောကြောင့် သင်စားဖို့အတွက်သာ ထမင်းချက်အပ်ပါ၏။ ထိုထမင်းကို စားပါလော့"ဟု ဆိုသည်ရှိသော် အလုပ်သမား စာရင်းငှားသည် "ယခု နေလွဲအခါကာလ၌ ဥပုသ်စောင့်သုံးကောင်းသေးသည် အကယ်၍ ဖြစ်ပါအံ့။ ကျွန်ုပ်လည်း ဥပုသ်စောင့်သုံးလိုပါသေးသည်"ဟု ဆိုလေ၏။

"ဤသို့ စောင့်နိုင်, မစောင့်နိုင် အကြောင်းအရာကို သူဌေးကြီး သိရှိနားလည်ပေလတ္တံ့"ဟု ဆိုလတ်သော် "ထိုသို့ဖြစ်မူ အရှင်သူဌေးကြီးကို မေးမြန်းပေးကြပါ"ဟု ဆို၍ ထိုသူတို့သည် သူဌေးကြီးကို သွား၍ မေးမြန်းကြကုန်၏။ ထိုသူဌေးကြီးသည် "ယခုအချိန်ကပင် မစားမသောက်တော့ဘဲ ခံတွင်းကို ဆေးကြောသုတ်သင်၍ ဥပုသ်အင်္ဂါတို့ကို ဆောက်တည်ကျင့်သုံးသည်ရှိသော် နေ့ထက်ဝက်သော ဥပုသ်ကံကို ရပေလတ္တံ့"ဟု ပြောဆိုလေ၏။ အလုပ်သမား စာရင်းငှားလည်း သူဌေးကြီး၏စကားကို ကြားရလေလျှင် သူဌေးကြီး ပြောဆိုသည့်အတိုင်း ပြု၍ ဥပုသ်စောင့်သုံးနေထိုင်လေ၏။

တစ်နေ့ပတ်လုံး ကိစ္စကြီး,ငယ် အသွယ်သွယ်ကို ပြုလုပ်ဆောင်ရွက်ရ၍ ဆာလောင်မွတ်သိပ်ခြင်း ပြင်းစွာ နှိပ်စက်လျက်ရှိသော ထိုအလုပ်သမား စာရင်းငှား၏ ကိုယ်ခန္ဓာ၌ လေတို့သည် ချွေးရှားပျက်ပြားကုန်၏။ ထိုစာရင်းငှားသည် ဝမ်းကို ကြိုးဖြင့် ဖွဲ့ချည်၍ ကြိုး၏အစွန်းဖြင့် ဆွဲငင်ပြီးလျှင် လူးလိမ့်ကာ နေရရှာလေ၏။ အနာထပိဏ်သူဌေးကြီးသည် ထိုအကြောင်းကို ကြားသိ၍ မီးရှူးမီးတိုင်ကို ညှိထွန်းပြီးလျှင် စတုမဓုကို ယူစေလျက် စာရင်းငှား၏အထံသို့ လာခဲ့၍ "အမောင်၊ အသို့ဖြစ်သနည်း"ဟု မေးမြန်းလတ်သော် "အရှင်၊ ကျွန်ုပ်အား လေတို့သည် ပြင်းစွာတက်ကာ ပျက်လျက် ရှိကြပါ၏"ဟု ပြောသောအခါ "ထိုသို့ဖြစ်မူ ထ၍ ဤစတုမဓုဆေးကို မှီဝဲပါလော့"ဟု ဆိုလတ်သော် "အရှင်သူဌေးမင်း၊ အရှင်တို့လည်း စားသောက်ကြပါကုန်သလော"ဟု မေးလေ၏။

"အမောင်၊ ငါတို့အား မချမ်းမသာ ရောဂါဖြစ်ပွါးခြင်း မရှိပါ။ အမောင်သာ စားသောက်မှီဝဲပါလော့"ဟု ပြောသောအခါ "အရှင်သူဌေးမင်း၊ ကျွန်ုပ်သည် ဥပုသ်စောင့်သုံးမှု

ကို ပြုခဲ့ပါသော်လည်း ဥပုသ်ကို တစ်နေ့လုံး မစောင့်သုံးခဲ့ရပါ။ ကျွန်ုပ်၏ နေ့ထက်ဝက်မျှသော ဥပုသ်ကို စောင့်သုံးဆောက်တည်ရခြင်းသည်လည်း ချို့တဲ့ခြင်း မဖြစ်ပါစေလင့်”ဟု ဆို၍ စားသောက်ခြင်းငှာ အလိုမရှိဘဲ ဖြစ်လေ၏။ “အမောင်၊ ဤသို့ မပြုပါလင့်”ဟု အဖန်ဖန်အထပ်ထပ် ပြောဆိုအပ်ပါသော်လည်း စားသောက်ခြင်းငှာ အလိုမရှိသောကြောင့် အရဏ်တက်သည်ရှိသော် ညှိုးနွမ်းသောပန်းကဲ့သို့ စုတေသေလွန်ခြင်းကို ပြု၍ ဤပညောင်ပင်၌ ရုက္ခစိုးနတ် ဖြစ်လာလေ၏။ ထို့ကြောင့် ဤအကြောင်းအရာကို ရုက္ခစိုးနတ်မင်းသည် ပြန်ပြောင်းပြောဆိုပြီးလျှင် “ထိုအနာထပိဏ်သူဌေးကြီးသည် ဘုရား, တရား, သံဃာ၊ ရတနာတော်မြတ် ၃-ပါး၌ မရက်မစက် နှစ်သက်မြတ်နိုးလှ၏။ ထိုအနာထပိဏ်သူဌေးကြီးကို အမှီရ၍ ပြုအပ်ခဲ့သော နေ့ဝက်သော ဥပုသ်ကံ၏ အကျိုးဆက်အားဖြင့် ဤသို့သော စည်းစိမ်ချမ်းသာတို့ကို ရပါသည်”ဟု ပြောကြားလေ၏။

----- × -----

## ခ။ ရသေ့ ၅၀၀-တို့ ရဟန္တာဖြစ်ကြခြင်း

ရသေ့ ၅၀၀-တို့သည် ဘုရား-ဟူသော အသံကို ကြားလျှင်ကြားချင်းပင် နေရာမှ ထကြပြီးလျှင် နတ်မင်းအား လက်အုပ်ချီမိုးလျက် “ဘုရား-ဟူ၍ သင်-ဆိုပါသလော၊ ဘုရား-ဟူ၍ သင်ဆိုပါသလော”ဟု မေးမြန်းသဖြင့် နတ်မင်းသည် “ဘုရား-ဟူ၍ ကျွန်ုပ်ဆိုပါ၏။ ဘုရား-ဟူ၍ ကျွန်ုပ်ဆိုပါ၏”ဟု ၃-ကြိမ်တိုင်အောင် ဝန်ခံစေပြီးလျှင် “ဃောသောပိ ခေါ ဧသော ဒုလ္လဘော လောကသ္မိံ၊ လောက၌ ဘုရား-ဟူသော အသံကိုမျှသော်လည်း အလွန်တရာ ကြားရခဲလှပါ၏”ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကို ကျူးရင့်လျက် “အရှင်နတ်မင်း၊ များစွာကုန်သော ကမ္ဘာအသိန်းတို့၌ မကြားအပ်ဖူးကုန်သော ဘုရား-ဟူသောအသံကို အရှင်နတ်မင်းသည် ငါတို့ကို ကြားနာစေအပ်ပြီ”ဟု တအံ့တသြ ပြောကြားကြကုန်၏။

ထို့နောက် အတွင်းနေတပည့်တို့သည် ဆရာရသေ့ကို “ထိုသို့ဖြစ်မူကား ဘုရားရှင်အထံတော်သို့ သွားကြကုန်အံ့”ဟု လျှောက်ကြားကြကုန်၏။ “အမောင်တပည့်တို့၊ သူဌေးကြီး ၃-ဦးတို့သည် ငါတို့အား ကျေးဇူးတရား များကြကုန်၏။ နက်ဖြန် ထိုသူဌေးကြီးတို့၏အိမ်၌ ဆွမ်းခံပြီးလျှင် ထိုသူဌေးကြီးတို့အား အကြောင်းကို ပြောကြားပြီးမှ သွားကြကုန်အံ့။ သည်းခံကြဦး တပည့်တို့”ဟု ပြောဆိုလေလျှင် ထိုတပည့်တို့သည် သည်းခံကြလေကုန်၏။ တဖန်မိုးသောက် အလင်းရောက်သောနေ့၌ သူဌေးကြီးတို့သည် ယာဂုထမင်းကို ပြည့်စုံစေ၍ နေရာတို့ကို ခင်းကျင်းပြီးလျှင် “ယနေ့သည်ကား ငါတို့၏ အရှင်ရသေ့တို့ ကြွလာတော်မူ

မည့် နေ့ပေတည်း"ဟု သိနှင့်ကြ၍ ခရီးဦးကြိုဆိုကြခြင်းကို ပြုကြပြီးသော် ထိုရသေ့တို့ကို အိမ်သို့ ပင့်ဆောင်၍ သီတင်းသုံးနေထိုင်စေပြီးလျှင် ဆွမ်းလျှုဒါန်းကြကုန်၏။

ရသေ့တို့လည်း ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသည်ရှိသော် သူဌေးကြီးတို့ကို "ငါတို့သည် သွားကြကုန်တော့အံ့"ဟု ပြောဆိုကြလေလျှင် "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် မိုး ၄-လပတ်လုံး တပည့်တော်တို့အား အာမဝန် ခံအပ်ပြီးသည် မဟုတ်ပါလော။ သို့ဖြစ်လျက် ယခုအခါ အဘယ်အရပ်သို့ ကြွတော်မူကြကုန်အံ့နည်း"ဟု မေးလျှောက်ကြကုန်၏။ "သူဌေးကြီးတို့၊ လူ့ရွာလောက၌ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာသတတ်၊ တရားတော် ဖြစ်ပေါ်တော်မူလာသတတ်၊ သံဃာတော် ဖြစ်ပေါ်တော်မူလာသတတ်။ ထို့ကြောင့် ဘုရားရှင်၏အထံသို့ သွားကြကုန်တော့အံ့"ဟု ပြောသောအခါ "အရှင်မြတ်တို့၊ အသို့ပါနည်း။ ထိုဘုရားရှင်၏အထံသို့ အရှင်မြတ်တို့သာ သွားအပ်, သွားနိုင်ပါသလော"ဟု မေးလျှောက်လေရာ "ဒါယကာတို့၊ တပါးသောသူတို့အားလည်း တားမြစ်ပိတ်ပင်ခြင်း အလျှင်း မရှိပေ"ဟု ဆိုသဖြင့် "အရှင်ဘုရားတို့၊ ထိုသို့ဖြစ်မူကား ဆိုင်းငံ့တော်မူကြပါဦး။ တပည့်တော်တို့လည်း ခရီးသွားရန် ပြင်ဆင်၍ လိုက်ပါကုန်အံ့"ဟု လျှောက်ကြကုန်၏။

"သင်တို့ ပြင်ဆင်နေသည်ရှိသော် ငါတို့အား ကြာမြင့်ခရီးဖင့်နေရာ၏။ ငါတို့သည် ရှေ့မှ သွားနှင့်ကြကုန်အံ့။ သင်တို့သည် နောက်မှ လိုက်လာခဲ့ကြကုန်လော့"ဟု ဆို၍ ထိုရသေ့တို့သည် ရှေးဦးစွာ ဘုရားရှင်အထံတော်သို့ သွားနှင့်၍ ဘုရားရှင်ကို မြင်လျှင်မြင်ချင်း လွန်စွာ ချီးမွမ်းထောမနာမှုပြု၍ ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေကြလေကုန်၏။ ထိုအခါ ရသေ့တို့အား ဘုရားရှင်သည် အစဉ်အတိုင်းသော စကားကို မိန့်တော်မူ၍ တရားဟောတော်မူလေ၏။ ဒေသနာတော်၏အဆုံး၌ အလုံးစုံသော ရသေ့တို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန်းအဖြစ်ကို တောင်းပန်လေလျှင် "ဧထ ဘိက္ခဝေါ၊ ရဟန်းတို့၊ လာလှည့်ကုန်"စသော စကားတော်၏အခြားမဲ့၌ တန်ခိုးဖြင့် ပြီးသော သပိတ်,သင်္ကန်းကို ဆင်မြန်းကုန်လျက် ဧဟိဘိက္ခုရဟန်းတို့ ဖြစ်ကြလေကုန်၏။

----- x -----

### ဂ။ ဘုရားရှင် ကောသမ္ဗီပြည်သို့ ကြွရောက်သီတင်းသုံးတော်မူခြင်း

ထိုသူဌေးကြီး ၃-ဦးတို့သည်လည်း ၅၀၀၊ ၅၀၀-ကုန်သော လှည်းတို့ဖြင့် အစားအစာ, အဝတ်ပုဆိုး, ထောပတ်, ပျားရည်, တင်လဲ-အစရှိကုန်သော အလုံးစုံသော လှူဒါန်းဖွယ်ရာ အဖြာဖြာတို့ကို ယူဆောင်၍ သာဝတ္ထိပြည်သို့ ခရီးအစဉ်အတိုင်း ရောက်လာကြပြီးလျှင် ဘုရားရှင်ကို ရှိခိုး၍ ဘုရားရှင်၏တရားတော်ကို နာကြားရသဖြင့် တရားစကားတော်၏

အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်ကြ၍ ၁-လထက်ဝက် (၁၅-ရက်)မျှ ကာလပတ်လုံး အလှူဒါနကို ပေးလှူလျက် ဘုရားရှင်အထံတော်၌သာလျှင် ခိုဝင်ဆည်းကပ်ကာ နေ၍ ကောသမ္ဗီပြည်သို့ ကြွလာတော်မူစိမ့်သောငှာ ဘုရားရှင်ကို တောင်းပန်လျှောက်ထားကြ လေလျှင် ဘုရားရှင်လည်း ပဋိညာဉ်ကို ပေးတော်မူလိုသဖြင့် "ဒါယကာသူဌေးကြီးတို့၊ ဘုရားရှင်တို့မည်သည် ဆိတ်ငြိမ်ရာအရပ်၌သာလျှင် မွေ့လျော်ကြကုန်၏"ဟု မိန့်တော်မူ လတ်သည်ရှိသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် သိအပ်, နားလည်အပ်ပါပြီ။ တပည့်တော်တို့သည် စေလွှတ်အပ်သော သတင်းစကားဖြင့် ကြွလာတော်မူခြင်းငှာ သင့်လျော်လျောက်ပတ်ပါသည်ဘုရား"ဟု လျှောက်ထားပြီးလျှင် ကောသမ္ဗီပြည်သို့ ပြန်သွား၍-

- ဃောသကသူဌေးကြီးသည် ဃောသိတာရုံကျောင်းတိုက်ကြီးကိုလည်းကောင်း,
- ကုက္ကုဋသူဌေးကြီးသည် ကုက္ကုဋာရုံကျောင်းတိုက်ကြီးကိုလည်းကောင်း,
- ပါဝါရိကသူဌေးကြီးသည် ပါဝါရိကာရုံကျောင်းတိုက်ကြီးကိုလည်းကောင်း၊

ဤသို့အားဖြင့် ကျောင်းတိုက်ကြီး ၃-တိုက်တို့ကို ဆောက်လုပ်စေ၍ ဘုရားရှင်အား ကြွလာ တော်မူစိမ့်သောငှာ သတင်းစကားကို စေလွှတ်ကြကုန်၏။

ဘုရားရှင်သည် ထိုသူဌေးကြီးတို့ စေလွှတ်အပ်သော သတင်းစကားကို ကြားသိ တော်မူ၍ ကောသမ္ဗီပြည်သို့ ကြွတော်မူလေ၏။ ထိုသူဌေးကြီးတို့သည် ခရီးဦးကြိုဆိုကြ၍ ဘုရားရှင်ကို ကျောင်းတိုက်ကြီးသို့ ပင့်ဆောင်သွတ်သွင်းပြီးလျှင် အလှည့်အလှည့်ဖြင့် ပြုစု လုပ်ကျွေးကြကုန်၏။ ဘုရားရှင်သည် နေ့စဉ်နေ့တိုင်း ၁-ကျောင်း, ၁-ကျောင်း၌ သီတင်းသုံး စံနေတော်မူလေ၏။ အကြင်သူဌေးကြီး၏ ကျောင်း၌ သီတင်းသုံးစံနေတော်မူသည်ဖြစ်အံ့။ ထိုကျောင်းဒါယကာ သူဌေးကြီး၏ အိမ်တံခါး၌သာလျှင် ဆွမ်းခံ ကြွဝင်တော်မူလေ၏။

----- x -----

## ဃ။ သုမနပန်းသည် ဆွမ်းလုပ်ကျွေးခြင်း

ထိုအခါ သုမနမည်သော ပန်းသည်သည် ထိုသူဌေးကြီး ၃-ဦးတို့၏ အလုပ် အကျွေး ၁-ယောက် ဖြစ်လေ၏။ ထိုသုမနပန်းသည်သည် သူဌေးကြီးတို့ကို "ကျွန်ုပ်သည် အရှင်သူဌေးကြီးတို့အား ကြာမြင့်စွာအောင် နေ့ညဉ့်ပတ်လုံး ကျေးဇူးဥပကာရ ပြုရပါသည်။ ကျွန်ုပ်လည်း ဘုရားရှင်ကို ဆွမ်းလုပ်ကျွေးလိုပါ၏။ ကျွန်ုပ်အားလည်း ၁-နေ့အဖို့မျှ ဘုရား ရှင်ကို ဆွမ်းလုပ်ကျွေးရန် ပေးသနားကြပါဦး"ဟု ခွင့်တောင်းလေ၏။ "အချင်းသုမန၊ ကိုသို့

ဖြစ်မူ နက်ဖြန် ဆွမ်းကျွေးမွေးလှူဒါန်းလေလော့”ဟု ခွင့်ပေးကြကုန်၏။ “အရှင်တို့၊ ကောင်း လှပါပြီ”ဟု ဝန်ခံ၍ ဘုရားရှင်ကို ပင့်ဖိတ်ပြီးလျှင် လှူဖွယ်ဝတ္ထုကို စီရင်လေ၏။

----- x -----

## ငါ။ ခုဇ္ဇုတ္တရာ သောတာပန်၌ တည်ခြင်း

ထိုအခါ ဥတေနမင်းကြီးသည် သာမာဝတီမိဖုရားအား နေ့စဉ်နေ့တိုင်း ပန်းဖိုးငွေ အသပြာ ၈-ကျပ်တို့ကို ပေးလေ၏။ ထိုသာမာဝတီမိဖုရား၏ ခုဇ္ဇုတ္တရာမည်သော ကျွန်မ သည် သုမနပန်းသည်၏အထံသို့ သွား၍ ပန်းတို့ကို မပြတ်ဝယ်ယူရ၏။ ထိုအခါ ဆွမ်းကျွေး သည့်နေ့၌ ရောက်လာသော ထိုခုဇ္ဇုတ္တရာကို သုမနပန်းသည်သည် “ငါသည် ဘုရားရှင်ကို ဆွမ်းကပ်ရန် ပင့်ဖိတ်ထားအပ်ပြီ။ ယနေ့ ပန်းတို့ဖြင့် ဘုရားရှင်ကို ပူဇော်ဦးအံ့။ သင်သည် ဆွမ်းလုပ်ကျွေးဆက်ကပ်ရာ၌ အဖော်ဖြစ်၍ တရားတော်နာကြားပြီးမှ ကြွင်းသောပန်းတို့ကို ယူ၍ သွားရမည်”ဟု ဆိုရာ ခုဇ္ဇုတ္တရာသည်လည်း “ကောင်းပါပြီ”ဟု ဝန်ခံလေ၏။

သုမနပန်းသည်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းကို ဆွမ်း လုပ်ကျွေးဆက်ကပ်ပြီးလျှင် အနုမောဒနာတရား ဟောကြားခြင်းငှာ သပိတ်တော်ကို ယူလေ ၏။ ဘုရားရှင်သည် အနုမောဒနာ တရားဒေသနာတော်ကို ဟောကြားတော်မူလေ၏။ ခုဇ္ဇုတ္တရာသည် ဘုရားရှင်၏ တရားတော်ကို နာကြားစဉ်ပင်လျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုခုဇ္ဇုတ္တရာသည် အခြားသော နေ့တို့၌ အသပြာငွေ ၄-ကျပ်တို့ကို မိမိ အတွက် ယူထားပြီးမှ ကျန်အသပြာငွေ ၄-ကျပ်ဖြင့်သာလျှင် ပန်းတို့ကို ဝယ်ယူ၍ သွား၏။ ထို သောတာပန်တည်သောနေ့၌ကား အသပြာငွေ ၈-ကျပ်ဖိုးလုံးတို့ဖြင့် ပန်းတို့ကို ဝယ်ယူ၍ သွားလေ၏။

ထိုအခါ ခုဇ္ဇုတ္တရာကို သာမာဝတီမိဖုရားသည် “မိခင်၊ အသို့နည်း။ ယနေ့ ကျွန်မတို့ အား အရှင်မင်းမြတ်သည် ပန်းဖိုးငွေ ၂-ဆတက်ကာ ပေးသနားတော်မူပါသလော”ဟု မေးလေလျှင် “အရှင်မ၊ မဟုတ်ပါ”ဟု ဆို၏။ “ထိုသို့မဟုတ်လျှင် အဘယ်ကြောင့် ပန်းတို့ သည် ခါတိုင်းထက် များရပါသနည်း”ဟု မေးပြန်လေလျှင် “အခြားသော နေ့တို့၌ ကျွန်မသည် အသပြာငွေ ၄-ကျပ်တို့ကို ယူထားပြီးလျှင် ကျန်အသပြာငွေ ၄-ကျပ်တို့ဖြင့်သာ ပန်းတို့ကို ဝယ်ယူဆောင်ကြဉ်းခဲ့ပါ၏”ဟု ဆိုလေ၏။ “ယနေ့ကား အဘယ်ကြောင့် မယူဘိသနည်း”ဟု မေးမြန်းသောအခါ “ယနေ့ ဘုရားရှင်၏ တရားတော်မြတ်ကို နာကြားရ၍ တရားထူးကို ရအပ်သည် အဖြစ်ကြောင့် မယူပါ”ဟု ပြောကြားလေ၏။

----- x -----

## ၈။ သာမာဝတီမိဖုရား သောတာပန်၌ တည်ခြင်း

ထိုအခါ ခုဇ္ဇုတ္တရာကို "ဟယ် ယုတ်မာလှသည့် ကျွန်ပျက်မ၊ ဤမျှလောက်သော ကာလပတ်လုံး နှင်ခိုးယူအပ်သော အသပြာငွေတို့ကို ငါ့အား ပြန်ပေးလော့"ဟု မခြိမ်းခြောက် မငေါက်ငမ်းမူ၍ "မိခင်၊ သင်မိခင် သောက်မျိုရရှိခဲ့သော အမြိုက်တရားအရသာကို ကျွန်မ တို့ကိုလည်း တိုက်ကျွေးပါဦးလော့"ဟု တောင်းပန်ပြောဆိုရကား "ထိုသို့ဖြစ်မူ ကျွန်မကို ရေချိုးပေးပါဦးလော့"ဟု ဆိုသည်ရှိသော် ၁၆-လုံးကုန်သော နံ့သာရေအိုးတို့ဖြင့် ရေချိုးစေပြီး လျှင် ပြေပြစ်ချောမွေ့သော အဝတ်ပုဆိုး ၂-ထည်တို့ကို ပေးစေ၏။

ခုဇ္ဇုတ္တရာသည် ၁-ထည်ကို ဝတ်, ၁-ထည်ကို ရုံသဖြင့် နေရာကို ခင်းကျင်းစေ၍ ယပ် ၁-ခုကို ဆောင်ယူစေကာ ခင်းထားအပ်သည့် မြတ်သောနေရာ၌ ထိုင်နေလျက် ဆန်းကြယ်သော ယပ်ကို ကိုင်ပြီးလျှင် နန်းတွင်းသူ မောင်းမ ၅၀၀-တို့ကို ခေါ်ဝေါ်ဖိတ်မန် လျက် ဘုရားရှင် ဟောကြားတော်မူအပ်သော နည်းဖြင့်သာလျှင် ထိုနန်းတွင်းသူ ၅၀၀-တို့အား တရားတော်ကို ဟောကြားလေ၏။ ထိုခုဇ္ဇုတ္တရာ၏ တရားစကားကို နာကြားရ၍ အားလုံးကုန်သော နန်းတွင်းသူ မောင်းမ ၅၀၀-တို့သည်လည်း သောတာပတ္တိဖိုလ်၌ တည် ကြလေကုန်၏။

----- x -----

## ၉။ ခုဇ္ဇုတ္တရာ ဧတဒဂ်ရခြင်း

အားလုံးသော နန်းတွင်းသူ ၅၀၀-တို့သည် ခုဇ္ဇုတ္တရာကို ရှိသေလေးစားစွာ ရှိခိုးပြီး လျှင် "မိခင်၊ ယနေ့မှစ၍ သင်မိခင်သည် ညစ်နွမ်းအောက်တန်းကျသောအမှုကို မပြုလုပ်ပါ လင့်။ ကျွန်မတို့၏ မိခင်အရာ, ဆရာအရာ၌ တည်၍ ဘုရားရှင်အထံတော်သို့ သွားပြီးလျှင် ဘုရားရှင် ဟောတော်မူအပ်တိုင်းသော တရားတော်ကို ကြားနာ၍ ကျွန်မတို့အား တဆင့် ဟောပြပါလော့"ဟု ပြောဆိုကြကုန်၏။ ခုဇ္ဇုတ္တရာသည် ထိုသို့ပြောဆိုသည့်အတိုင်းသာလျှင် ပြုလုပ်ရာ နောက်အခါ၌ ပိဋကတ် ၃-ပုံဆောင် ဖြစ်လေ၏။ ထို့နောက် ခုဇ္ဇုတ္တရာကို ဘုရား ရှင်သည် "**ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ဓမ္မကထိကာနံ၊ ယဒိဒံ ခုဇ္ဇုတ္တရာ**။ ငါ၏ ချစ်သား,ချစ်သမီးများတို့၊ အကြားအမြင်များကုန်သော တရားဟော ပြောတတ်သည့် ငါ၏တပည့် ဥပါသိကာမတို့တွင် အကြင်ခုဇ္ဇုတ္တရာသည် ရှိ၏။ ထိုခုဇ္ဇုတ္တရာ သည် အတော်ဆုံး,အမြတ်ဆုံးပေတည်း"ဟု ဧတဒဂ်(အတော်ဆုံး,အမြတ်ဆုံး)အရာ၌ ထား တော်မူလေ၏။

သာမာဝတီမိဖုရား အမှူးရှိကုန်သော နန်းတွင်းသူ ၅၀၀-တို့သည်လည်း ခုဇ္ဇုတ္တရာကို "မိခင်၊ ကျွန်မတို့လည်း ဘုရားရှင်ကို ဖူးမြင်လိုကြပါကုန်၏။ ကျွန်မတို့အား ဘုရားရှင်ကို ပြပါလော့။ နံ့သာ,ပန်း-စသည်တို့ဖြင့် ထိုဘုရားရှင်ကို ပူဇော်ကြပါရစေ"ဟု တောင်းပန်ကြကုန်၏။ "အရှင်မတို့ မင်းမျိုးမည်သည်ကား ဝန်လေးလှပါသည်။ အရှင်မတို့ကို ခေါ်ဆောင်၍ အပြင်ဘက်သို့ ထွက်သွားခြင်းငှာ မတတ်နိုင်ကောင်းပါ"ဟု ဆိုလေလျှင် "မိခင်၊ ကျွန်မတို့ကို မဖျက်ဆီးပါလင့်။ ကျွန်မတို့အား ဘုရားရှင်ကို ပြသာပြသပါ"ဟု ပူပူဆာဆာ တောင်းပန်ကြသဖြင့် "ထိုသို့ဖြစ်ပါမူ အရှင်မတို့၏ နေရာတိုက်ခန်းတို့၏ နံရံတို့၌ ကြည့်၍ မြင်နိုင်လောက်သည့် အပေါက်ကို ဖောက်၍ နံ့သာ,ပန်း-စသည်တို့ကို ယူဆောင်ကြစေလျက် သူဌေးကြီး ၃-ဦးတို့၏ အိမ်တံခါးဝသို့ ကြွရောက်တော်မူလာသော ဘုရားရှင်ကို ထိုထိုသို့သော နေရာတို့၌ နေကြ၍ ကြည့်ရှုကာ ဖူးမြင်လည်း ဖူးမြင်ကြကုန်လော့။ လက်တို့ကို ဆန့်တန်း၍ ရှိခိုးလည်း ရှိခိုးကြကုန်လော့။ ပူဇော်လည်း ပူဇော်ကြကုန်လော့"ဟု ပြောကြားလေ၏။ ထိုနန်းတွင်းသူ ၅၀၀-တို့သည်လည်း ထိုခုဇ္ဇုတ္တရာ ပြောကြားသည့်အတိုင်း ပြု၍ ဘုရားရှင် ကြွတော်မူလာသောအခါ, ပြန်လည် ကြွသွားတော်မူသောအခါတို့၌ ကြည့်ရှုဖူးမြော် ရှိခိုးပူဇော်ကြလေကုန်၏။

----- x -----

## ၈။ မာဂဏ္ဍီသည် သာမာဝတီတို့အား ပျက်စီးရန် အားထုတ်ခြင်း

ထိုအခါ တစ်နေ့သ၌ မာဂဏ္ဍီမိဖုရားသည် မိမိ၏ ပြာသာဒ်အပြင်မှ ထွက်၍ စင်္ကြံလျှောက်သွားသည်ရှိသော် သာမာဝတီ အမှူးရှိကုန်သော နန်းတွင်းသူတို့၏နေရာသို့ ရောက်သွားသဖြင့် တိုက်ခန်းတို့၌ အပေါက်ကို မြင်လျှင် "ဤအပေါက်ကား အဘယ်နည်း" ဟု မေးမြန်းရာ သာမာဝတီအမှူးရှိကုန်သော နန်းတွင်းသူတို့သည်လည်း မာဂဏ္ဍီမိဖုရား၏ ဘုရားရှင်၌ ရန်ငြိုးဖွဲ့ထားသည့်အဖြစ်ကို မသိကြလေသောကြောင့် "ဘုရားရှင်သည် ဤမြို့သို့ ကြွလာတော်မူပါသည်။ ကျွန်မတို့သည် ဤနေရာဌာန၌ တည်နေကြလျက် ဘုရားရှင်ကို ဖူးမြော်လည်း ဖူးမြော်ကြပါသည်။ ပူဇော်လည်း ပူဇော်ကြပါသည်"ဟု ပြောဆိုသည်ရှိသော်-

"ရဟန်းဂေါတမသည် ဤမြို့သို့ ကြွလာသတဲ့လား။ ယခုအခါ ထိုရဟန်းဂေါတမအား ပြုသင့်ပြုထိုက်သောအမှုကို သိရပေတော့အံ့။ ဤမိန်းမ ၅၀၀-တို့သည်လည်း ထိုရဟန်းဂေါတမ၏ အလုပ်အကျွေး ဖြစ်ကုန်၏။ ဤမိန်းမတို့အားလည်း ပြုသင့်ပြုထိုက်သော အမှုကို သိရပေတော့အံ့"ဟု ကြံစည်ကာ ဥတေနမင်းကြီးအထံသို့ သွား၍ "မင်းမြတ်၊ သာမာဝတီအမှူးရှိကုန်သော နန်းတွင်းသူ ၅၀၀-တို့အား ပြင်ပ၌ တောင့်တမြတ်နိုးခြင်းသည် ရှိ၏။

၂-ရက်, ၃-ရက်မျှသာလျှင် အသင်မင်းကြီး၏အသက်ကို သတ်ဖြတ်ပါကုန်လတ္တံ့”ဟု လျှောက်တင်လေ၏။ ဥတေနမင်းကြီးသည် “ထိုမိန်းမတို့ကား ဤသို့ သဘောရှိသောအမှုကို ပြုကြလိမ့်မည် မဟုတ်”ဟု အမှတ်သညာ ထားရင်းရှိသည်ဖြစ်၍ လုံးဝ မယုံကြည်ပေ။ အဖန်ဖန်အထပ်ထပ် လျှောက်တင်အပ်ပါသော်လည်း မယုံကြည်သည်သာလျှင်တည်း။

ထို့နောက် မင်းကြီးကို ဤသို့ ၃-ကြိမ်တိုင်အောင် လျှောက်တင်အပ်သော်လည်း မယုံကြည်ဘဲ ရှိနေသောအခါ “အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် ကျွန်တော်မ၏ စကားကို အကယ်၍ မယုံကြည်သည် ဖြစ်ခဲ့ပါအံ့။ သာမာဝတီ အမျူးရှိကုန်သော နန်းတွင်းသူ ၅၀၀-တို့၏ နေထိုင်ရာဌာနသို့ ကြွသွား၍ စုံစမ်းတော်မူပါ”ဟု လျှောက်တင်ပြန်လေ၏။ ဥတေနမင်းကြီးသည် ကြွသွား၍ ကြည့်ရှုတော်မူသည်ရှိသော် တိုက်ခန်းတို့၌ အပေါက်ကို မြင်လေလျှင် “ဤအပေါက်သည်ကား အဘယ်ပါနည်း”ဟု မေးမြန်းသဖြင့် ထိုအကြောင်းကို ကြားလျှောက်ကြသည်ရှိသော် ထိုမိန်းမ ၅၀၀-တို့အား အမျက်ထွက်သဖြင့် တစ်စုံတစ်ခုသော စကားကိုမျှ မဆိုဘဲသာလျှင် အပေါက်တို့ကို ပိတ်စေ၍ တိုက်ခန်းအားလုံးတို့၌ အထက်မြင့်ရာအရပ်၌ ဖောက်အပ်သော လေသာပြတင်းတို့ကို ပြုလုပ်ရန် စေခိုင်းခဲ့လေ၏။ (အထက်မြင့်ရာအရပ်၌ ဖောက်အပ်သော လေသာပြတင်းတို့သည် ထိုအခါကာလ၌ ဖြစ်ပေါ်လာကုန်သတတ်)

----- x -----

## ၅။ မာဂဏ္ဍီသည် လူမိုက်တို့အား တံစိုးလက်ဆောင်ပေး၍ ဘုရားရှင်ကို အဆဲခိုင်းခြင်း

မာဂဏ္ဍီသည် သာမာဝတီ အမျူးရှိကုန်သော နန်းတွင်းသူ ၅၀၀-တို့အား တစ်စုံတစ်ရာကို ပြုခြင်းငှာ မစွမ်းနိုင်ရကား “ရဟန်းဂေါတမအားသာလျှင် ပြုသင့်ပြုထိုက်သော အမှုကို ပြုလုပ်ရပေတော့အံ့”ဟု မြို့သူ,မြို့သားတို့အား တံစိုးလက်ဆောင် ထိုးပြီးလျှင် “မြို့တွင်းသို့ ကြွဝင်လှည့်လည်သော ရဟန်းဂေါတမကို ကျွန်အလုပ်သမား ယောကျ်ားတို့နှင့်တကွ ဆဲရေးရေရွတ် ကြိမ်းမောင်းစေ၍ ထွက်ပြေးစေကြကုန်လော့”ဟု စေခိုင်းလေ၏။ ရတနာ ၃-ပါးတို့၌ မကြည်ညိုကြကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် မြို့တွင်းသို့ ကြွဝင်တော်မူလာသော ဘုရားရှင်ကို နောက်မှ အစဉ်တစိုက် လိုက်၍ “သင်သည် ခိုးသူတည်း၊ လူမိုက်တည်း၊ တွေဝေသောသူတည်း၊ ကုလားအုတ်တည်း၊ နွားတည်း၊ မြင်းတည်း၊ ငရဲသားတည်း၊ တိရစ္ဆာန်တည်း။ အသင့်အား ကောင်းသော လားရာသုဂတိ မရှိ၊ သင်၏အလို့ငှာ မကောင်းသော လားရာ ဒုဂ္ဂတိဘဝကိုသာ အလိုရှိအပ်၏”ဟူ၍ ဤသို့ ဆဲရေးကြောင်း စကား ၁၀-ပါးတို့ဖြင့် ဆဲရေးရေရွတ် ကြိမ်းမောင်းကြကုန်၏။

ထိုသို့ ဆဲရေးရေရွတ်သည်ကို ကြား၍ အရှင်အာနန္ဒာသည် ဘုရားရှင်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤကောသမ္ဗီ ပြည်သူ့ပြည်သားတို့သည် တပည့်တော်တို့ကို ဆဲရေးရေရွတ် ကြိမ်းမောင်းကြပါကုန်၏။ ဤမြို့မှတပါး အခြားမြို့သို့ ဖဲသွားကြပါကုန်စို့ ဘုရား"ဟု လျှောက်ကြားလေ၏။

----- x -----

## ည။ အရှင်အာနန္ဒာအား အဆဲခံတရားကြီး ဟောပြခြင်း

"ချစ်သား အာနန္ဒာ၊ အဘယ်အရပ်သို့ သွားလိုသနည်း"ဟု မိန့်တော်မူသည်ရှိသော် မြတ်စွာဘုရား၊ အခြားတပါးသောမြို့သို့ သွားလိုကြပါကုန်၏ဘုရား"ဟု လျှောက်ကြားလေ၏။ "ချစ်သား အာနန္ဒာ၊ ရွှေ့ပြောင်းသွားရောက်ရာဖြစ်သည့် ထိုအခြားတပါးသော မြို့၌ လူတို့သည် ဆဲရေးပြန်ကုန်သည်ရှိသော် တဖန် ဘယ်မြို့ ဘယ်အရပ်သို့ ငါတို့ သွားကြကုန်ဦးအံ့နည်း"ဟု မေးတော်မူပြန်သောအခါ "မြတ်စွာဘုရား၊ ထိုအရပ်မှလည်း အခြားတပါးသော မြို့သို့ ပြောင်းရွှေ့သွားကြရပါကုန်အံ့ဘုရား"ဟု လျှောက်ကြားလေ၏။ "ချစ်သား အာနန္ဒာ၊ ထိုအရပ်၌လည်း လူတို့ ဆဲရေးပြန်ကုန်သည်ရှိသော် ဘယ်အရပ်သို့ ငါတို့ သွားကြရကုန်ဦးအံ့နည်း"ဟု မေးတော်မူပြန်သောအခါ "မြတ်စွာဘုရား၊ ထိုအရပ်မှလည်း အခြားတပါးဖြစ်သော မြို့သို့ ပြောင်းရွှေ့သွားကြရပါကုန်အံ့ဘုရား"ဟု လျှောက်ကြားလေ၏။

"ချစ်သား အာနန္ဒာ၊ ဤသို့ပြုခြင်းငှာ မသင့်လျော် မလျောက်ပတ်ချေ။ အကြင်အရပ်၌ အဓိကရုဏ်း(အဓိကရဏ၊ ငြင်းခုံခိုက်ရန်ဖြစ်ခြင်း)သည် ဖြစ်၏။ ထိုအရပ်၌ပင်လျှင် ထိုအဓိကရုဏ်းကို ငြိမ်းအေးစေပြီးမှ တခြားတပါးသော အရပ်သို့ သွားခြင်းငှာ သင့်လျော်လျောက်ပတ်ပေ၏။ ချစ်သား အာနန္ဒာ၊ ဆဲရေးသောသူတို့သည်ကား အဘယ်သူတို့ ဖြစ်ကုန်သနည်း" ဟု မေးတော်မူပြန်သောအခါ "မြတ်စွာဘုရား၊ ကျွန်အလုပ်သမားတို့ကို အစထား၍ ခပ်သိမ်းကုန်သောသူတို့သည် ဆဲရေးကြပါသည်ဘုရား"ဟု လျှောက်ကြားလေ၏။

"ချစ်သား အာနန္ဒာ၊ ငါဘုရားသည်ကား စစ်မြေပြင်သို့ သက်ဝင်သော ဆင်ပြောင်ကြီးနှင့် တူပေ၏။ မှန်၏။ စစ်မြေပြင်သို့ သက်ဝင်သော ဆင်ပြောင်ကြီးအား အရပ် ၄-မျက်နှာတို့မှ ပစ်လွှတ်အပ်သည်ဖြစ်၍ လာကုန်သော မြားတို့ကို သည်းခံခြင်းငှာ တာဝန်ဖြစ်ဘိသကဲ့သို့ ထို့အတူသာလျှင် များစွာသော ဒုဿီလပုဂ္ဂိုလ်တို့ ပြောဆိုအပ်သောစကားကို သည်းခံခြင်းမည်သည် ငါဘုရား၏ တာဝန်ပေတည်း"ဟု မိန့်တော်မူပြီးလျှင် မိမိကိုယ်တော်မြတ်ကို အကြောင်းပြု၍ တရားဒေသနာတော်ကို ဟောကြားတော်မူလိုရကား (၂၃-နာဂဝဂ်၊ အတ္တဒန္တဝတ္ထု၌ လာသော) ဤ ၃-ဂါထာတို့ကို ဟောကြားတော်မူလေ၏။

(ည) အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။ ။

(ည) နာဂေါ၊ အစွယ်ငွါးငွါး၊ အင်အားခိုင်ဖြိုး၊ စစ်ဆင်ကြီးသည်။ သင်္ဂါမေ၊ အရှုံး, အနိုင်၊ အင်အားဆိုင်၍၊ အပြိုင်တပ်ခင်း၊ စစ်တလင်း၌။ စာပတော၊ အားကုန်မနှေး၊ ပစ်သည့်လေးမှ။ ပတိတံ သရံ၊ မိမိပေါ်မှာ၊ ကျလာလေပြီး၊ မြားကြီး,မြားငယ်၊ အသွယ်သွယ်ကို။ တိတိက္ခတိ ဣဝ၊ ဖောက်ပြန်မရှိ သည်းခံနေဘိသကဲ့သို့။ ဇဝံ၊ ဆင်နှင့်ယှဉ်ပြ ပမာချယူ၊ သာဓကေအတူသာလျှင်။ အဟံ၊ သင်တို့အကျိုး၊ ပွါးတိုးလိုလား၊ ငါဘုရားသည်။ အတိဝါကျံ၊ လွန်ကျူးပြစ်မှား၊ ဆဲဆိုရေရွတ်သည့်စကားကို။ တိတိက္ခိဿံ၊ အလွန်ကြီးမား၊ ကရုဏာထားကာ၊ သည်းခံတော်မူပေအံ့။ ဟိ၊ မှားဧကန်၊ အမှန်သည်းခံသင့်ပေစွ။ ဇနော၊ လောကီနယ်သား၊ လူအများသည်။ ဒုဿီလော၊ ပြစ်မှားကဲ့ရဲ့၊ သီလမဲ့သောသူသည်။ ဗဟု၊ ဤရွေ့, ဤမျှ၊ တွက်မရအောင် များလွန်းလှသည်သာလျှင်တည်း။

(ဋ) ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာ'ဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊ ယော'တိဝါကျံ တိတိက္ခတိ။ ။

(ဋ) သမိတိံ၊ များစွာသောင်းသောင်း၊ လူပေါင်းစုံလင်၊ ပွဲလမ်းသဘင်အလယ်သို့။ ဇနာ၊ ထုံးစံအလျောက်၊ သွားရောက်ကြကုန်သောသူတို့သည်။ ဒန္တံ၊ ယဉ်ကျေးလိမ္မာ၊ ရှိစွာမယွင်း၊ နွားနှင့်မြင်းကို။ နယန္တိ၊ အချိုးကျကျ၊ တစ်မျိုးလှအောင်၊ လှည်းကပြီးတဲ့၊ ဆောင်ယူကုန်၏။ ရာဇာပိ၊ တိုင်းပြည်ပိုင်နင်း၊ ဘုရင်မင်းသည်လည်း။ ဒန္တံ၊ ယဉ်ကျေးလှစွာ၊ ဆင်, မြင်းရတနာကိုသာလျှင်။ အဘိရူဟတိ၊ လိုရာခရီး၊ တဟုန်တည်းဖြင့်၊ အပြီးရောက်စေ၊ စီးနင်းပေ၏။ ယော၊ ရဟန်း,ရှင်,လူ၊ မည်သူမဆို၊ အကြင်ပုဂ္ဂိုလ်သည်။ အတိဝါကျံ၊ လွန်ကျူးပြစ်မှား၊ ရမ်းကားဆဲဆိုသော စကားကို။ တိတိက္ခတိ၊ သူတော်စင်လမ်း၊ စိတ်ဖြင့် မှန်း၍၊ ရှင်လန်းပိုင်ပိုင်၊ သည်းခံနိုင်၏။ သော၊ သည်းခံပေတတ်၊ ထိုပုဂ္ဂိုလ်မြတ်သည်။ ဒန္တော၊ အမှန်စင်စစ်၊ ယဉ်ကျေးသူဖြစ်၍။ မနုဿေသု၊ များစွာသောင်းသောင်း၊ လူအပေါင်းတို့တွင်။ သေဋ္ဌော၊ ချီးမွမ်းအပ်၍၊ အမြင့်ဆုံးလူ၊ အမြတ်ဆုံးသူ ဖြစ်ပေ၏။

(ဌ) ဝရ'မဿတရာ ဒန္တာ၊ အာဇာနီယာ စ သိန္ဓဝါ။
ကုဉ္ဇရာ စ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။ ။

(ဌ) အဿတရာ စ၊ မြည်းမမှ ဖွား၊ ထူးခြားကဲပို၊ အဿတိုရ်မြင်းတို့သည်လည်း ကောင်း။ အာဇာနီယာ စ၊ တာဝန်အရ၊ ဆောင်ရွက်ရသည့်၊ ကိစ္စအပေါင်း၊ အကြောင်းဟုတ်သည်, မဟုတ်သည်ကို၊ ကြံစည်သိလျှင်း၊ အာဇာနည်မြင်းတို့သည်လည်းကောင်း။ သိန္ဓဝါ

စ၊ သိန္ဓဝတိုင်းဖွား၊ ထင်ရှားမယွင်း၊ သိန္ဓောမြင်းတို့သည်လည်းကောင်း။ ကုဥ္စရာ၊ တောမြိုင်၊ တောင်ကြား၊ ပျော်ရွှင်များလျက်၊ ကျက်စားနေကြ၊ ကုဉ္စရ-ဟု၊ ဆိုအပ်ကုန်သော။ မဟာနာဂါ စ၊ အားအင်ထန်သည်း၊ ဆင်ပြောင်ကြီးတို့သည်လည်းကောင်း။ ဒန္တာ၊ ပြုပြင်ဆုံးမ၊ လိုရာရ အောင်၊ ချိုးကျုံပြည့်စုံ၊ လိမ္မာယဉ်ကျေးကုန်မှသာလျှင်။ ဝရံ၊ ထူးခြားဖြစ်လတ်၊ မြင့်မြတ်လှ ပေ၏။ အတ္တဒန္တော၊ ကိုယ့်ကိုကိုယ်လျှင်၊ မဂ်ဉာဏ်စဉ်ဖြင့်၊ ပြုပြင်ဆုံးမ၊ ယဉ်ကျေးမှုကို ရသောသူသည်။ တတော၊ ထိုဆိုအပ်ပြီးတုံ၊ အလုံးစုံသော သူတို့ထက်။ ဝရံ၊ အဆများပြား၊ ထူးခြားမသွေ၊ မြင့်မြတ်လှပေ၏။

ဤတရားဒေသနာဂါထာတော်သည် ရောက်လာသော လူများအပေါင်းအား အကျိုးတရား များစွာရှိလေ၏။ ဤသို့ တရားဒေသနာတော်ကို ကောင်းစွာ ဟောကြားတော် မူပြီးလျှင် "ချစ်သား အာနန္ဒာ၊ သင်သည် မစိုးရိမ်,မပူပန်ပါလင့်။ ဤသူတို့သည် ၇-ရက်မျှ သာ ဆဲရေးနိုင်ကြကုန်လတ္တံ့။ ၈-ရက်မြောက်သောနေ့၌ တိတ်တိတ်ဆိတ်ဆိတ်သာ ဖြစ်ကြ ကုန်လတ္တံ့"ဟု မိန့်တော်မူလေ၏။

(မှန်၏။ ဘုရားရှင်တို့အား ဖြစ်ပေါ်လာသော အဓိကရုဏ်းသည် ၇-ရက်ထက် ကျော် လွန်၍ မဖြစ်နိုင်။)

----- x -----

## ၄။ ကြက်ပရိယာယ်ဖြင့် ကြံစည်ပြန်ခြင်း

မာဂဏ္ဍီသည် ဘုရားရှင်ကို ဆဲရေးစေသဖြင့် ထွက်ပြေးစေခြင်းငှာ မစွမ်းနိုင်သည် ရှိသော် "ငါသည် အဘယ်သို့ ပြုရပါအံ့နည်း"ဟု ကြံဆင်ခြင်ကာ "ဤသာမာဝတီ အမှုးရှိကုန် သော နန်းတွင်းသူ ၅၀၀-တို့သည် ထိုရဟန်းဂေါတမ၏ အထောက်အပံ့ ဖြစ်ကြကုန်၏။ ဤမိန်းမတို့အားလည်း ပျက်စီးအောင် ပြုအံ့"ဟု ကြံပြီးလျှင် တစ်နေ့သည်၌ ဥတေနမင်းကြီး၏ သေအရက်သောက်သော နေရာ၌ ဆည်းကပ်ခစားခြင်းကို ပြုလျက် ဘထွေးဖြစ်သူ စူဠမာ- ဂဏ္ဍီအထံသို့ သတင်းစကားကို စေပို့လိုက်လေ၏။ အဘယ်သို့ စေပို့လိုက်သနည်းဟူမူ "ကျွန်မ၏အထံသို့ ကြက်သေ ၈-ကောင်, ကြက်ရှင် ၈-ကောင်တို့ကို ယူဆောင်၍ လာခဲ့ပါ။ လာပြီးလျှင်လည်း စောင်းတန်းလှေကားထိပ်၌ ရပ်တန့်၍ လာရောက်သည့်အဖြစ်ကို ပြော ကြားပါ။ ထို့နောက် 'ဝင်ခဲ့ပါ'-ဟု ဆိုသော်လည်း မဝင်မူဘဲ ရှေးဦးစွာ ကြက်ရှင် ၈-ကောင်ကို ပို့လိုက်ပါ။ နောက်မှ ကြက်သေ ၈-ကောင်ကို ပို့ပါ"ဟု သတင်းစကားကို စေပို့လိုက်လေ၏။ အလုပ်အကျွေးငယ်ဖြစ်သူအားလည်း "ငါ၏စကားကို ပြုလုပ်လိုက်နာပါလော့"ဟု ဆို၍ တံစိုးလက်ဆောင်ထိုး၍ ထားလေ၏။

ဘထွေးဖြစ်သူ ဓူဇမာဂဏ္ဍီသည် လာ၍ မင်းကြီးအား လျှောက်ကြားသံတော်ဦး ဟင်စေပြီးလျှင် "ဝင်လော့"ဟု ဆိုသော်လည်း "မင်းကြီး၏ သေသောက်ရာအရပ်သို့ မဝင်လို ပါ"ဟု ဆိုလိုက်၏။ မာဂဏ္ဍီမိဖုရားသည် အလုပ်အကျွေးငယ်ကို "အမောင်၊ ငါ၏ဘထွေး အထံသို့ သွားချေလော့"ဟု စေလွှတ်လိုက်၏။ ထိုအလုပ်အကျွေးငယ်သည် သွား၍ ထိုဓူဇ-မာဂဏ္ဍီသည် ပေးအပ်သော ကြက်ရှင် ၈-ကောင်ကို ဆောင်ယူခဲ့၍ "အရှင်မင်းမြတ်၊ ပုရောဟိတ်ပုဏ္ဏားသည် လက်ဆောင်ပဏ္ဏာကို ပို့ဆက်လိုက်ပါ၏"ဟု လျှောက်တင်လေ၏။

မင်းကြီးသည် "ငါတို့အား ကောင်းမြတ်သော လက်သုပ်ဟင်းလျာ ဖြစ်လာဘိသည် တကား။ အဘယ်သူ ချက်ပြုတ်နိုင်မည်နည်း"ဟု မိန့်တော်မူလေလျှင် မာဂဏ္ဍီမိဖုရားသည် "အရှင်မင်းမြတ်၊ သာမာဝတီအမှူးရှိကုန်သော နန်းတွင်းသူမိန်းမ ၅၀၀-တို့သည် အလုပ်မရှိ လှည့်ပတ်သွားလာ နေထိုင်ကြပါကုန်၏။ ထိုမိန်းမတို့၏အထံသို့ စေပို့တော်မူလိုက်ပါ။ ထိုမိန်းမတို့သည် ချက်ပြုတ်၍ ဆောင်ယူလာကြပါကုန်လတ္တံ့"ဟု လျှောက်တင်လေ၏။ မင်းကြီးသည်လည်း "သွားချေ၊ သာမာဝတီအမှူးရှိကုန်သော မိန်းမတို့အား ပေးပြီးလျှင် အခြားသောသူတို့၏ လက်၌ မပေးမူ၍ သာမာဝတီတို့ ကိုယ်တိုင်သတ်၍ ချက်ကြကုန်လော့" ဟု အပို့ခိုင်းလိုက်လေ၏။ အလုပ်အကျွေးငယ်သည် "အရှင်မင်းကြီး၊ ကောင်းလှပါပြီ"ဟု ဝန်ခံ၍ သွားပြီးလျှင် ထိုမင်းကြီး မှာကြားပြောဆိုလိုက်သည့်အတိုင်း ပြောကြားလေသော် သာမာဝတီအမှူးရှိကုန်သော မိန်းမတို့သည် "ငါတို့သည်ကား သူတပါး၏အသက် သတ်ဖြတ် ခြင်းကို မပြုလုပ်ကြပါကုန်"ဟု ပြောဆို၍ ပယ်လိုက်သည်ဖြစ်၍ အလုပ်အကျွေးငယ်သည် ပြန်လာခဲ့ပြီးလျှင် ထိုအကြောင်းကို မင်းကြီးအား လျှောက်တင်လေ၏။

မာဂဏ္ဍီမိဖုရားသည် "အရှင်မင်းမြတ်၊ အရှင်မင်းမြတ်တို့သည် ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရပြီ မဟုတ်ပါလော။ ယခုအခါ၌ ထိုမိန်းမတို့၏ သူ့အသက် သတ်ဖြတ်ခြင်းအမှုကို ပြုသည်, မပြုသည်ကို သိရပေတော့အံ့။ အရှင်မင်းမြတ်၊ ရဟန်းဂေါတမအတွက် ချက်ပြုတ် ၍ ပို့ကြကုန်လော့'-ဟု မိန့်တော်မူကာ စေလွှတ်တော်မူပါလော့"ဟု လျှောက်တင်ပြန်လေ ၏။ မင်းကြီးလည်း မာဂဏ္ဍီဆိုတိုင်း မိန့်တော်မူပြီးလျှင် ပို့စေပြန်၏။ အလုပ်အကျွေးငယ် လည်း ထိုကြက်ရှင်တို့ကို ယူ၍ သွားဘိသကဲ့သို့ ပြု၍ ထိုကြက်ရှင်တို့ကို ပုရောဟိတ်ပုဏ္ဏား အား ပေးခဲ့ပြီးလျှင် ကြက်သေတို့ကို ထိုမိန်းမတို့၏အထံသို့ ယူဆောင်၍ "ဤကြက်တို့ကို ချက်ပြုတ်ပြီးလျှင် ဘုရားရှင်၏အထံသို့ ပို့လျှုကြကုန်တဲ့"ဟု ဆိုလေ၏။

ထိုမိန်းမတို့လည်း "အရှင်၊ ယူခဲ့လော့။ ဤအမှုကိစ္စသည်ကား ငါတို့၏ အမှုကိစ္စ ပေတည်း"ဟု ခရီးဦးကြိုပြုကာ လှမ်းယူကြလေ၏။ ထိုအလုပ်အကျွေးငယ်သည် မင်းကြီး ထံသို့ ပြန်သွားလေလျှင် "အမောင်၊ အသို့နည်း"ဟု မေးတော်မူလတ်သော် "ရဟန်းဂေါတမ

အတွက် ချက်ပြုတ်၍ ပို့ကြကုန်လော့-ဟု ဆိုကာမျှဖြင့်ပင်လျှင် ခရီးဦးကြိုပြုကာ လာ၍ ယူကြပါ၏”ဟု လျှောက်တင်လေ၏။ မာဂဏ္ဍီမိဖုရားသည် “အရှင်မင်းမြတ်၊ ရှုစားတော်မူပါလော့။ ထိုမိန်းမတို့သည် အရှင်သို့ သဘောရှိကုန်သော ကျေးဌက်တော်ရှင် ဘုရင်မင်းမြတ် အတွက် ဤသို့ မပြုကြကုန်။ ‘ထိုမိန်းမတို့အား အပြင်ပ၌ မြတ်နိုးတောင့်တခြင်း ရှိနေပါသည်’ ဟု လျှောက်တင်သော်လည်း အရှင်မင်းမြတ်သည် ယုံကြည်တော်မမူခဲ့ပါ”ဟု လျှောက်ထား သံတော်ဦးတင်လေ၏။ မင်းကြီးသည် ထိုစကားကို ကြားလျက်လည်း သည်းခံတော်မူ၍ ဆိတ်ဆိတ်သာလျှင် နေတော်မူလေ၏။ မာဂဏ္ဍီမိဖုရားသည်လည်း “အဘယ်သို့ ပြုရပါဦး မည်နည်း”ဟု တစ်မျိုးကြံစည်ပြန်လေ၏။

----- x -----

## ၄။ မြွေပရိယာယ်ဖြင့် ကြံစည်ပြန်ခြင်း

ထိုအခါ ဥတေနမင်းကြီးသည် သာမာဝတီမိဖုရား, ဝါသုလဒတ္တာမိဖုရား, မာဂဏ္ဍီ မိဖုရား-ဟူကုန်သော မိဖုရား ၃-ယောက်တို့၏ ပြာသာဒ်ဆောင်၌ အလှည့်အလှည့်ဖြင့် စံစားလျက် ၇-ရက်, ၇-ရက်ကို လွန်စေ၏။ ထိုအခါ “နက်ဖြန်ခါ, သန်ဘက်ခါ သာမာဝတီ မိဖုရား၏ ပြာသာဒ်ဆောင်သို့ မင်းကြီး ကြွသွားတော့မည်”ဟု သိသဖြင့် မာဂဏ္ဍီသည် ဘထွေးပုဏ္ဏားအား “မြွေ ၁-ကောင်ကို ဆေးဖြင့် အစွယ်တို့ကို အဆိပ်ကုန်အောင် ဆေးကြော သုတ်သင်ပြီးလျှင် ကျွန်မ၏အထံသို့ ပို့လိုက်ပါ”ဟု သတင်းစကား မှာကြားစေလွှတ်လိုက်၏။ ဘထွေးပုဏ္ဏားသည် မှာသည့်အတိုင်း ပြု၍ ပို့လိုက်လေ၏။

မင်းကြီးသည် မိမိသွားလေရာအရပ်သို့ ဟတ္ထိကန္တစောင်းကို ယူဆောင်၍သာလျှင် သွားစမြဲဖြစ်သတည်း။ ထိုစောင်း၏ စောင်းခွက်၌ အပေါက် ၁-ပေါက် ပါရှိ၏။ မာဂဏ္ဍီသည် ထိုအပေါက်ဖြင့် မြွေကို သွတ်သွင်း၍ အပေါက်ကို ပန်းကုံးထွေးဖြင့် ပိတ်ထားလေ၏။ မြွေသည် ၂-ရက်, ၃-ရက်ပတ်လုံး စောင်း၏အတွင်း၌သာလျှင် နေရ၏။ မာဂဏ္ဍီသည် မင်းကြီးသွားမည့်နေ့၌ “အရှင်မင်းမြတ်၊ ယနေ့ အဘယ်မိဖုရား၏ ပြာသာဒ်အဆောင်သို့ ကြွသွားတော်မူလတ္တံ့ပါနည်း”ဟု မေးလျှောက်သဖြင့် “သာမာဝတီမိဖုရား၏ အဆောင်သို့ သွားမည်”ဟု မိန့်ဆိုလေလျှင် “အရှင်မင်းမြတ်၊ ယနေ့ ကျွန်တော်မသည် မနှစ်သက်ဖွယ်ရာ ဆိုးရွားစွာသော အိပ်မက်ကို မြင်မက်ပါ၏။ ထိုသာမာဝတီ၏ ပြာသာဒ်သို့ ကြွတော်မူခြင်းငှာ မသင့်လျော်ပါ”ဟု လျှောက်ထားသော်လည်း “ငါကား သွားမည်သာတည်း”ဟု မိန့်တော်မူ ပြန်ရာ မာဂဏ္ဍီသည်လည်း ၃-ကြိမ်တိုင်တိုင် တောင်းပန်တားမြစ်ပြီးလျှင် “ဤသို့ တောင်းပန် တားမြစ်၍ မရခဲ့ပါမူ ကျွန်တော်မသည်လည်း အရှင်မင်းကြီးတို့နှင့် အတူတကွ လိုက်ခဲ့ပါအံ့”



ဥတေနမင်းကြီးသည် အဆိပ်လူးသောမြားဖြင့် သာမာဝတီအမှူးရှိသော

ဟု ဆို၍ မင်းကြီးသည် မလိုက်မပါ ပြန်လည်ဆုတ်နစ်ရန် စေခိုင်းသော်လည်း မပြန်လည်မူ၍ "အရှင်မင်းမြတ်၊ အသို့ဖြစ်လတ္တံ့သည်ကို မသိနိုင်ပါ"ဟု ဆိုကာ မင်းကြီးနှင့် အတူတကွသာလျှင် လိုက်ပါသွားလေ၏။

မင်းကြီးသည် သာမာဝတီအမှူးရှိကုန်သော မောင်းမတို့သည် ဆက်သအပ်ကုန်သော အဝတ်တန်ဆာ, ပန်း, နံ့သာတို့ကို ဆင်ယင်ပြီးလျှင် ကောင်းမွန်သော ဘောဇဉ်ကို သုံးဆောင်တော်မူ၍ စောင်းတော်ကို ဦးခေါင်းရင်း၌ ထားပြီးကာ အိပ်ရာထက်၌ စက်တော်ခေါ်လေ၏။ မာဂဏ္ဍီသည် ခေါက်တုံ့ခေါက်ပြန် အဖန်ဖန် စကြံသွားလေဟန်ပြု၍ စောင်းပေါက်မှ ပန်းကုံးထွေးကို ယူပစ်လိုက်လေ၏။ မြွေသည် ၂-ရက်, ၃-ရက်ပတ်လုံး အစာအာဟာရ ကင်းပြတ်နေရကား ထိုအပေါက်မှ ထွက်ခဲ့ပြီးလျှင် လေတရှူးရှူးမှုတ်လျက် ပါးပျဉ်းထောင်ခြင်းကို ပြု၍ အိပ်ရာနောက်နား၌ အလျားလိုက် နေလေ၏။

မာဂဏ္ဍီသည် ထိုမြွေကို မြင်၍ "အရှင်မင်းကြီး၊ စက်ဆုပ်ဖွယ်ရာ မြွေပါတကား"ဟု ကျယ်လောင်စွာသော အသံကို ပြု၍ မင်းကြီးနှင့်တကွ ထိုမိန်းမတို့အား ဆဲရေးလျက် "ဤမင်းမိုက်သည် ဘုန်းကံကျက်သရေ မရှိလေစွ။ ငါ့စကားကို နားမထောင်။ ဤမိန်းမတို့လည်း ဘုန်းကံကျက်သရေ မရှိလေကုန်။ ဆိုဆုံးမ ခက်ကုန်၏။ မင်းကြီး၏အထံမှ အဘယ်အရာဝတ္ထုကို မရကြကုန်ဘိသနည်း။ ဤမင်းကြီး သေလွန်မှသာ သင်တို့သည် ချမ်းသာစွာ အသက်ရှင်ရကုန်အံ့လော။ ဤမင်းကြီး သက်တော်ရှည်တော်မူသည်ရှိသော် သင်တို့သည် ဆင်းရဲစွာ အသက်ရှင်ရကုန်အံ့လော။ ငါသည် ယနေ့ မနှစ်သက်ဖွယ်ရာ ဆိုးရွားလှသော အိပ်မက်ကို မြင်မက်ပါသည်။ သာမာဝတီပြာသာဒ်သို့ သွားရန် မလျော်ပါ'-ဟု တောင်းပန်တားမြစ်ငြားသော်လည်း သင်မင်းကြီးသည် ငါ၏စကားကို မလိုက်နာ"ဟု ဆိုလေ၏။

မင်းကြီးသည် မြွေကို မြင်လေလျှင် သေဘေးဖြင့် ခြိမ်းခြောက်အပ်သည်ဖြစ်၍ ကြောက်လန့်ရကား "ဤမိန်းမတို့သည် ဤသို့သဘောရှိသော အမှုမည်သည်ကို ပြုကုန်ဘိ၏။ ဩော်-အလွန်တရာ ယုတ်မာလေစွတကား။ ဤမိန်းမတို့၏ ယုတ်မာသောအဖြစ်ကို အဖန်ဖန်အထပ်ထပ် ပြောကြားအပ်သော်လည်း ဤမာဂဏ္ဍီ၏စကားကို ငါမယုံမိခဲ့။ ရှေးဦးစွာ မိမိတို့၏ တိုက်ခန်းတို့၌ အပေါက်တို့ကို ဖောက်၍ နေကြကုန်၏။ နောက်တဖန် ငါသည် ပို့စေအပ်ကုန်သော ကြက်တို့ကို ပြန်၍ ပို့စေကြကုန်၏။ ယနေ့လည်း အိပ်ရာ၌ မြွေကို လွှတ်ကြကုန်၏"ဟု ဒေါသအမျက် ခြောင်းခြောင်းထွက်သဖြင့် တစ်ကိုယ်လုံး မီးအလျှံကဲ့သို့ ဖြစ်လေ၏။

----- x -----

## ၃။ ဥတေနမင်း၏ မြားနှင့် သာမာဝတီတို့၏ မေတ္တာတရား

သာမာဝတီမိဖုရားသည်လည်း ၅၀၀-သော မိန်းမတို့အား "အမိတို့၊ ငါတို့အား မေတ္တာတရားမှတပါး အခြားသော ကိုးကွယ်အားထားရာသည် မရှိကြပြီ။ မင်းကြီး၌လည်းကောင်း, မာဂန္ဒီမိဖုရား၌လည်းကောင်း, မိမိ၏ကိုယ်၌လည်းကောင်း ထပ်တူထပ်မျှ မေတ္တာစိတ် ယိုဖိတ်ဖြစ်စေကြကုန်လော့။ တစ်စုံတစ်ယောက်သောသူအားမျှ အမျက်ထွက်ခြင်းကို မပြုကြကုန်လင့်"ဟု အဆုံးအမဩဝါဒကို ပေးလေ၏။ ဥတေနမင်းကြီးသည် ဗိုလ်ခြေ ၁,၀၀၀-အားဖြင့် တင်အပ်သော ဆိတ်ချိုလေးကို ယူ၍ လေးညှို့ကို ဖြန့်တင်လျက် အဆိပ်လူးသောမြားကို တပ်ဆင်တင်ပြီးလျှင် သာမာဝတီမိဖုရားကို ရှေ့ဆုံး၌ ထားသဖြင့် အားလုံးသော မိန်းမ ၅၀၀-တို့ကို အစဉ်အတိုင်း ထားစေ၍ သာမာဝတီ၏ ရင်ဝ၌ မြားကို ပစ်လွှတ်လိုက်လေ၏။ ထိုပစ်လွှတ်အပ်သော မြားသည် သာမာဝတီ၏ မေတ္တာရှိန်စော် အာနုဘော်ကြောင့် ပြန်လည်ဆုတ်နစ်ကာ လာသောလမ်းခရီးသို့ ရှေးရှုသာလျှင်ဖြစ်၍ မင်းကြီး၏ရင်ဝနှလုံးသားသို့ စူးဝင်မည်ကဲ့သို့ ဖြစ်၍ တည်လေ၏။

မင်းကြီးသည် "ငါပစ်အပ်သော မြားသည်ကား ကျောက်ကိုသော်လည်း ထုတ်ချင်းဖောက်ထွင်း၍ သွားနိုင်၏။ ဟင်းလင်းအပြင် ကောင်းကင်၌ တားမြစ်တွန်းလှန်အပ်သော အရာဌာန အနည်းငယ်မျှ မရှိနိုင်။ ထိုသို့ဖြစ်ပါလျက် ဤမြားသည် ပြန်လည်လာ၍ ငါ၏ရင်ဝနှလုံးသားသို့ ရှေးရှုချိန်ရွယ်လျက် ဖြစ်ဘိ၏။ ဤမြားမည်သည် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်။ အသက်မရှိသည့် မြားပင် ဖြစ်သော်လည်း ထိုသာမာဝတီ၏ ဂုဏ်ကျေးဇူးကို သိတုံဘိသေး၏။ ငါသည် လူသားစင်စစ် ဧကန်ပင်ဖြစ်ပါလျက်လည်း သာမာဝတီ၏ ဂုဏ်ကျေးဇူးအထူးကို မသိလေဘိတကား"ဟု ကြံဆင်ခြင်ပြီးလျှင် မင်းကြီးသည် လေးကို စွန့်ပစ်၍ လက်အုပ်ချီကာ သာမာဝတီ၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်နေလျက်—

(၃) သမ္မုယှာမိ ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။
သာမာဝတိ မံ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။ ။

ဟူသော ဂါထာကို ရွတ်ဆိုလေ၏။

(၃) သာမာဝတီ၊ သာမာဝတီ-ဟု၊ နာမည်သင်းပြောင်၊ သတင်းဆောင်၍၊ ဆင်းရောင်ရွှေလား၊ သာမာဝတီမိဖုရား။ အဟံ၊ ဥတေန-ဟု၊ နာမစွဲပိုက်၊ ငါ-မင်းမိုက်သည်။ သမ္မုယှာမိ၊ သိဉာဏ်ကင်းကွာ၊ မရှင်းပါဘဲ၊ ဖျင်းချာအနေ၊ ပြင်းစွာ မိုက်မှားတွေဝေမိပါ၏။ ပမုယှာမိ၊ ထိန်းဖို့ခက်ခဲ၊ ယိမ်းလို့လဲအောင်၊ အသဲကြွေမျှ၊ မိုက်မဲလှပါ၏။ မေ၊ ဥတေန-ဟု၊

နာမစွဲပိုက်၊ ငါမင်းမိုက်အား။ သဗ္ဗာ ဒိသာ၊ လုံးစုံတန်တန်၊ အဇ္ဈတ္တ,ဗဟိဒ္ဓ၊ အတွင်း,အပ၊ သန္တာန်-ဟူသမျှတို့သည်။ မုယန္တိ၊ သတိကင်းပျောက်၊ စိတ်ထားခြောက်၍၊ မူးနောက်ယိုင်ကာ၊ တွေဝေပါကုန်၏။ သာမာဝတီ၊ ရွှေရောင်အဆင်း၊ အသရေလင်းသည့်၊ နန်းတွင်းမဟေသီ၊ ဒေဝီထွက်ဖျား မိဖုရား။ မံ၊ မစူးမစမ်း၊ အရမ်းပြုလိုက်၊ ငါ-မင်းမိုက်ကို။ တာယဿု၊ ရှေးက ပြုဖူး၊ ကျေးဇူးမြော်မြင်၊ ကယ်တင်စောင့်ရှောက်ပါလော့။ တွဉ္စ၊ ငါ၏သက်လျာ၊ မေတ္တာ ကြီးမား၊ ရှင်မ သာမာဝတီ မိဖုရားသည်သာလျှင်။ မေ၊ မိုက်မိုက်မဲမဲ၊ ဒေါသကဲ၍၊ အလွဲပြု မှား၊ ငါ-မင်းတရား၏။ သရဏံ၊ ညှိုးငယ်ကင်းကွာ၊ တန်စားကိုးကွယ်ရာသည်။ ဘဝ၊ စင်စစ် မှန်စွာ ဖြစ်ပါလော့။

သာမာဝတီမိဖုရားသည် ထိုမင်းကြီး၏စကားကို ကြားရလေလျှင် “ကောင်းလှပါပြီ အရှင်မင်းမြတ်၊ အကျွန်ုပ်ကို ကိုးကွယ်အားထားရာ-ဟူ၍ ဆည်းကပ်ပါလော့”ဟု မဆိုမူဘဲ “အရှင်မင်းမြတ်၊ အကျွန်ုပ်သည် အကြင် ၃-လောကထွတ်တင် ဘုရားရှင်ကို ကိုးကွယ် အားထားရာ-ဟူ၍ မှီဝဲဆည်းကပ်ပါ၏။ အကျွန်ုပ် ဆည်းကပ်သည့် ထိုဘုရားကိုသာလျှင် အရှင်မင်းမြတ်သည်လည်း ကိုးကွယ်အားထားရာ-ဟူ၍ ဆည်းကပ်ပါလော့”ဟူသော စကား ကို လျှောက်တင်ပြီးကာ “ဘုရားရှင်၏ တပည့်မဖြစ်သော သာမာဝတီသည်—

(ပ) **မာ မံ တွံ သရဏံ ဂစ္ဆ၊ ယ'မဟံ သရဏံ ဂတာ။**
**သေ ဗုဒ္ဓေါ မဟာရာဇ၊ သေ ဗုဒ္ဓေါ အနုတ္တရော။**
**သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ၊ တွဉ္စ မေ သရဏံ ဘဝ။ ။**

ဟူသော ဂါထာကို ရွတ်ဆိုလေ၏။

(ပ) မဟာရာဇ၊ အရှင်မင်းမြတ်။ တွံ၊ ပစ်ခတ်သည့်အခါ၊ မြားပြန်လာ၍၊ ခါခါဆွေ့ ခုန်၊ နှလုံးတုန်ကာ၊ ပြာပြာလန့်ဖျပ်၊ အရှင်မင်းမြတ်သည်။ မံ၊ သာမာဝတီ၊ နာမည်ခေါ်ကြ၊ ကျွန်တော်မကို။ သရဏံ၊ ဆင်းရဲထွေထွေ၊ လွတ်မြောက်စေ-ဟု၊ စိတ်နေမှန်းရွယ်၊ ကိုးကွယ် အားထားရာ-ဟူ၍။ မာ ဂစ္ဆ၊ မိန်းမသားကို၊ ကြောက်အားပိုကာ၊ မဆည်းကပ်ပါလင့်။ အဟံ၊ ၅-ပါး, ၈-ပါး၊ ၉-ပါးအစ၊ သီလစုံညီ၊ ကျွန်တော်မ သာမာဝတီသည်။ ယံ ဗုဒ္ဓံ၊ တရားလုံးစုံ၊ အကုန်သိမြင်၊ အကြင်ဘုရားရှင်ကို။ သရဏံ၊ ဆင်းရဲထွေထွေ၊ လွတ်မြောက်စေ-ဟု၊ စိတ်နေ မှန်းရွယ်၊ ကိုးကွယ်အားထားရာ-ဟူ၍။ ဂတာ၊ နံနက်,နေ့,ညှ၊ မလစ်ရအောင်၊ စနစ်ကျစွာ၊ ဆည်းကပ်ကိုးကွယ်ရပါ၏။ သေ သော၊ ကျွန်တော်မ၏၊ နေ့,ညမစဲ၊ အမြဲဆည်းကပ်၊ ဤဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗုဒ္ဓေါ၊ သစ္စာ ၄-ရပ်၊ တရားမြတ်ကို၊ ပိုင်းဖြတ်ထင်ထင်၊ သိမြင်တော်မူပေ၏။ သေ သော ဗုဒ္ဓေါ၊ သစ္စာသိမြင်၊ ထိုဘုရားရှင်သည်။ အနုတ္တရော၊ ပြိုင်ဘက်ကင်းပ၊ တစ်လောကလုံး၊ အမြတ်ဆုံးဖြစ်တော်မူပေ၏။ တံ ဗုဒ္ဓံ၊ သစ္စာသိမြင်၊

အမြွတ်တွင်သည့်၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကို။ ဂစ္ဆ၊ ယနေ့က-စ၊ သက်ဆုံးကျအောင်၊ မြဲစွာမသွေ၊ ဆည်းကပ်ပါလေလော့။ တွဉ္စ၊ တိုင်းပြည်သခင်၊ အရှင်မင်းမြတ်သည်လည်း။ မေ၊ သာမာဝတီ၊ နာမည်ခေါ်ကြ၊ ကျွန်တော်မ၏။ သရဏံ၊ ခုရော,နောင်ပါ၊ ဘေးကင်းကွာအောင်၊ ကိုးကွယ်အားထားရာသည်။ ဘဝ၊ အမြဲမကွာ၊ ဖြစ်တော်မူပါလော့။”

မင်းကြီးသည် ထိုသာမာဝတီ လျှောက်တင်သော စကားကို ကြားရလေလျှင် “ယခုအခါ ငါသည် အလွန်တရာ ကြောက်ရွံ့လှပါ၏”ဟု ဆိုပြီးကာ-

(ဏ) ဧသ ဘိယျော ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။
သာမာဝတိ မံ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။ ။

ဟူသော ဤဂါထာကို ဆိုလေ၏။

(ဏ) သာမာဝတိ၊ သာမာဝတီ-ဟု၊ နာမည်ထင်ရှား၊ ရှင်မိဖုရား။ ဧသ ဧသော၊ မစူးမစမ်း၊ ဒေါသလွှမ်း၍၊ အရမ်းပစ်ခတ်၊ အသေသတ်မည်၊ မျိုးဖြုတ်မည်ဟု၊ ကြံစည်ပြုလုပ်၊ ဤငါမင်းယုတ်သည်။ ဘိယျော၊ ဆဆကဲသာ၊ လွန်မင်းစွာ။ ပမုယှာမိ၊ ထိန်းဖို့ခက်ခဲ၊ ယိမ်းလို့လဲအောင်၊ အသဲကြွေမျှ၊ မိုက်မဲတွေဝေလှပါ၏။ မေ၊ ဥတေန-ဟု၊ နာမစွဲပိုက်၊ ငါမင်းမိုက်အား။ သဗ္ဗာ ဒိသာ၊ လုံးစုံတန်တန်၊ အဇ္ဈတ္တ,ဗဟိဒ္ဓ၊ အတွင်း,အပ၊ သန္တာန်-ဟူသမျှတို့သည်။ မုယှန္တိ၊ သတိကင်းပျောက်၊ စိတ်ထားချောက်၍၊ မူးနောက်ယိုင်ကာ၊ မိုက်မှားတွေဝေပါကုန်၏။ သာမာဝတိ၊ သာမာဝတီ-ဟု၊ နာမည်ထင်ရှား၊ ရှင်မိဖုရား။ မံ၊ မစူးမစမ်း၊ အရမ်းပြုလိုက်၊ ငါမင်းမိုက်ကို။ တာယဿု၊ ရှေးက ပြုဖူး၊ ကျေးဇူးမြော်မြင်၊ ကယ်တင်စောင့်ရှောက်ပါလော့။ တွဉ္စ၊ ငါ၏သက်လျာ၊ မေတ္တာကြီးမား၊ သင်-သာမာဝတီ မိဖုရားသည်သာလျှင်။ မေ၊ မိုက်မိုက်မဲမဲ၊ ဒေါသကဲ၍၊ အလွဲပြစ်မှား၊ ငါမင်းတရား၏။ သရဏံ၊ မှီခိုအားထား၊ တန့်စားကိုးကွယ်ရာသည်။ ဘဝ၊ စင်စစ်မှန်စွာ ဖြစ်ပါလော့။

ထိုအခါ သာမာဝတီသည် မင်းကြီးကို ရှေးနည်းဖြင့်သာလျှင် တဖန်ပယ်ရှားပြန်သောကြောင့် “ထိုသို့ဖြစ်ပါမူ သင့်ကိုလည်း ‘ကိုးကွယ်အားထားရာ’-ဟူ၍ ဆည်းကပ်ပါ၏။ ဆရာဖြစ်တော်မူသော ဘုရားရှင်ကိုလည်း ‘ကိုးကွယ်အားထားရာ’-ဟူ၍ ဆည်းကပ်ပါတော့အံ့။ သင့်အား အလိုရှိအပ်သော ဆုမြတ်ကိုလည်း ပေးပါအံ့”ဟု ဆိုသည်ရှိသော် “အရှင်မင်းမြတ်၊ ရှင်မင်းမြတ်သည် ပေးသနားတော်မူအပ်သော ဆုမြတ်ကို ဘုရားနှမ ယူအပ်ပြီးသည်သာ ဖြစ်ပါစေတော့”ဟု တင်လျှောက်လိုက်လေ၏။

ထိုဥတေနမင်းကြီးသည် ဘုရားရှင်သို့ ချဉ်းကပ်ပြီးလျှင် သရဏဂုံဆောက်တည် (ကိုးကွယ်ရာ-ဟူ၍ ဆည်းကပ်)ပြီးမှ ပင့်ဖိတ်၍ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား

၇-ရက်ပတ်လုံး အလှူကြီးကို ပေးလှူပြီးသောအခါ သာမာဝတီကို ခေါ်ပြီးလျှင် “ချစ်နှမ၊ ထပါလော့။ ငါသည် သင့်အား ပေးသနားအပ်သော ဆုမြတ်ကို ယူပါလော့”ဟု မိန့်ဆိုသောအခါ “မြတ်သောမင်းကြီး၊ ကျွန်တော်မအား ရွှေ,ငွေ-အစရှိသည်တို့ဖြင့် ဆုကို အလိုမရှိပါ။ ကျွန်တော်မအား ဤသို့သော ဆုမြတ်သာ ပေးသနားတော်မူပါ။ ကျွန်တော်မ လိုအပ်သော ဆုမြတ်ကား ဘုရားရှင်သည် ၅၀၀-သော ရဟန်းတော်တို့နှင့် အတူတကွ ဤနန်းတော်သို့ မပြတ် ကြွလာတော်မူကာ တရားဒေသနာတော် ဟောကြားတော်မူသည်ကို ကြားနာလိုသော ဤဆုမြတ်ကိုသာ ဖြစ်ပါ၏”ဟု လျှောက်လေ၏။ မင်းကြီးသည် ဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ၅၀၀-သော ရဟန်းတော်တို့နှင့် အတူတကွ ဤနန်းတော်တွင်းသို့ မပြတ် ကြွလာတော်မူပါဘုရား။ သာမာဝတီ အမှူးရှိကုန်သော နန်းတွင်းသူတို့သည် ‘တရားတော်မြတ်ကို နာကြားပါရစေ’-ဟူ၍ ပြောဆိုကြပါသည်ဘုရား”ဟု လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်သည် “ဒါယကာမင်းမြတ်၊ ဘုရားရှင်တို့မည်သည် တစ်ခုတည်းသော နေရာအရပ်သို့ မမြဲမပြတ် ကြွရောက်ခြင်းငှာ မသင့်လျော်။ များစွာသော လူအပေါင်းသည် ဘုရားရှင်ကို ကြွလာတော်မူခြင်းငှာ များစွာ တောင့်တမျှော်လင့်၏”ဟု မိန့်တော်မူသောအခါ “မြတ်စွာဘုရား၊ ထိုသို့ဖြစ်မူ ရဟန်းတော် ၁-ပါး အမိန့်ချမှတ် စေလွှတ်တော်မူပါကုန်ဘုရား”ဟု လျှောက်ကြားလေ၏။ ဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို စေလွှတ်တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည် ၅၀၀-သော ရဟန်းတို့ကို ခေါ်ဆောင်၍ အမြဲမပြတ် မင်းနန်းတော်ကို ကြွသွားတော်မူရ၏။ သာမာဝတီမိဖုရားနှင့် ၅၀၀-သော နန်းတွင်းသူတို့သည်လည်း အမြဲမပြတ် နောက်ပါ ရဟန်းသံဃာတော် ၅၀၀-နှင့်တကွသော အရှင်အာနန္ဒာမထေရ်ကို ဆွမ်းလုပ်ကျွေးကြရကုန်၏။ တရားတော်မြတ်ကိုလည်း နာကြားကြရကုန်၏။

ထိုသာမာဝတီ အမှူးရှိကုန်သော ၅၀၀-သော နန်းတွင်းသူတို့သည် တစ်နေ့သ၌ အရှင်အာနန္ဒာမထေရ်၏ တရားစကားတော်ကို နာကြားရသဖြင့် ကြည်ညိုသည်ဖြစ်၍ အပေါ်ရုံအဝတ်ပုဆိုး ၅၀၀-တို့ဖြင့် တရားပူဇော်ခြင်းကို ပြုကြကုန်၏။ ၁-ထည်, ၁-ထည်သော အပေါ်ရုံအဝတ်ပုဆိုးသည် အသပြာ-၅၀၀၊ ၅၀၀-အဖိုးထိုက်တန်၏။

မင်းကြီးလည်း ၁-ထည်တည်းသော အပေါ်ရုံ အဝတ်ပုဆိုး ရှိကြကုန်သော ထိုနန်းတွင်းသူတို့ကို တွေ့မြင်ရ၍ “သင်တို့၏ အပေါ်ရုံအဝတ်ပုဆိုးတို့သည်ကား အဘယ်မှာနည်း”ဟု မေးလေ၏။ “ကျွန်မတို့၏ အရှင်ဖြစ်သော အာနန္ဒာမထေရ်အား လှူဒါန်းကြပါကုန်၏”ဟု လျှောက်တင်လေ၏။ “ထိုအရှင်အာနန္ဒာသည် အားလုံးသော အပေါ်ရုံအဝတ်ပုဆိုးတို့ကို

အကုန်ပင် ခံယူကုန်သလော”ဟု မေးမြန်းသဖြင့် “အရှင်မင်းကြီး၊ မှန်လှပါ အကုန်ပင် ခံယူပါသည်”ဟု လျှောက်တင်လေ၏။

----- x -----

## ပ။ အရှင်အာနန္ဒာ သင်္ကန်းများစွာရခြင်း

ဥတေနမင်းကြီးသည် အရှင်အာနန္ဒာမထေရ်သို့ ချဉ်းကပ်၍ ရှိခိုးကာ ထိုနန်းတွင်းသူ ၅၀၀-တို့သည် အပေါ်ရုံ အဝတ်ပုဆိုးတို့ကို လှူဒါန်းအပ်သောအဖြစ်ကို မေးလျှောက်၍ ထိုနန်းတွင်းသူတို့ ပေးလှူအပ်သည်၏ အဖြစ်ကိုလည်းကောင်း, အရှင်အာနန္ဒာမထေရ်မြတ် အလှူခံအပ်သည်၏ အဖြစ်ကိုလည်းကောင်း ကြားနာရလေလျှင် “အရှင်ဘုရား၊ အဝတ်ပုဆိုးတို့သည် အလွန်တရာ များကုန်သည် မဟုတ်ပါလော။ ဤမျှလောက်သော အဝတ်ပုဆိုးတို့ဖြင့် အသို့ပြုပါကုန်လတ္တံ့နည်း”ဟု မေးလျှောက်လေ၏။ “ဒကာတော်မင်းမြတ်၊ ငါတို့အတွက် ဝတ်လောက်ရုံမျှသော အဝတ်ပုဆိုးတို့ကို ယူ၍ ကြွင်းကျန်သော အဝတ်ပုဆိုးတို့ကို ဟောင်းနွမ်းဆွေးမြည့်သော သင်္ကန်းရှိကုန်သော ရဟန်းတို့အား ပေးလှူပါအံ့”ဟု မိန့်တော်မူသည်ရှိသော် “ထိုရဟန်းတို့သည် မိမိ၏ဟောင်းနွမ်းဆွေးမြည့်သော သင်္ကန်းတို့ကို အသို့ပြုပါကုန်လတ္တံ့နည်း”ဟု မေးလျှောက်ပြန်သောအခါ “ဒကာတော်၊ ထိုရဟန်းတို့သည် မိမိထက်ပင် ဟောင်းနွမ်းဆွေးမြည့်သော သင်္ကန်းရှိသော ရဟန်းတို့အား ပေးလှူကုန်လတ္တံ့”ဟု မိန့်ဆိုပြန်သည်ရှိသော် “အရှင်ဘုရား၊ ထိုရဟန်းတို့သည် မိမိ၏ အလွန်ဟောင်းနွမ်းဆွေးမြည့်သော သင်္ကန်းတို့ကို အသို့ပြုပါကုန်လတ္တံ့နည်း”ဟု မေးလျှောက်ပြန်လေ၏။

“ဒကာတော်၊ အိပ်ရာခင်း ပြုလုပ်ပါကုန်လတ္တံ့”ဟု မိန့်တော်မူပြန်သည်ရှိသော် “ရှေးက ရှိနှင့်သော အိပ်ရာခင်းအဟောင်းတို့ကို အသို့ပြုပါကုန်လတ္တံ့နည်း”ဟု မေးလျှောက်ပြန်လေ၏။ “မြေအခင်း ပြုလုပ်ကုန်လတ္တံ့”ဟု မိန့်လတ်သော် “ရှေးက ရှိနှင့်သော မြေအခင်းအဟောင်းတို့ကို အသို့ပြုပါကုန်လတ္တံ့နည်း”ဟု မေးလျှောက်ပြန်လေ၏။ “ဒကာတော်၊ ခြေသုတ်ပုဆိုး ပြုလုပ်ကုန်လတ္တံ့”ဟု မိန့်ပြန်လတ်သော် “ရှေးက ရှိနှင့်သော ခြေသုတ်ပုဆိုးဟောင်းတို့ကို အသို့ပြုပါကုန်လတ္တံ့နည်း”ဟု မေးလျှောက်ပြန်လေ၏။ “ဒကာတော်၊ ခြေသုတ်ပုဆိုးအဟောင်းတို့ကို အပိုင်းပိုင်း နုပ်နုပ်ခုတ်စဉ်း၍ မြေညက်ဖြင့် ဆုပ်နယ်ကာ နံရံအကာကို လိမ်းကျံကုန်လတ္တံ့”ဟု မိန့်တော်မူပြန်သည်ရှိသော် “အရှင်ဘုရား၊ အရှင်မြတ်တို့ကား လှူဒါန်းအပ်ကုန်သော အဝတ်ပုဆိုးတို့သည် ဤမျှလောက် သုံးဆောင်မှုကို ပြုလုပ်ငြားသော်လည်း အချည်းနှီး, မပျက်စီးချေပါကုန်တကား”ဟု လျှောက်ထားလေ၏။ “ဒကာတော် မင်းမြတ်၊ ဩော် ဟုတ်မှန်ပေ၏”ဟု မိန့်လတ်သော် မင်းကြီးသည် ကြည်ညိုလှသည်ဖြစ်၍ ထိုမှတပါး

လည်း ဖြစ်ကုန်သော, ၅၀၀-သော အဝတ်ပုဆိုးတို့ကို ဆောင်ယူစေလျက် မထေရ်မြတ်၏ ခြေရင်း၌ တင်ထား၍ လှူဒါန်းလေ၏။

အရှင်အာနန္ဒာမထေရ်မြတ်သည်ကား အရေအတွက် ၅၀၀-စီသော အဖို့အားဖြင့် ခြေရင်း၌ ထား၍ လှူဒါန်းအပ်သော အဖိုးအသပြာ ၅၀၀-စီ ထိုက်တန်သော အဝတ်ပုဆိုးတို့ကို အကြိမ် ၅၀၀-တိုင်တိုင် ရဖူးလေသတတ်။ ၁,၀၀၀-စီသော အဖို့အားဖြင့် ခြေရင်း၌ ထား၍ လှူဒါန်းအပ်သော အဖိုးအသပြာ ၁,၀၀၀-စီ ထိုက်တန်သော အဝတ်ပုဆိုးတို့ကို အကြိမ် ၁,၀၀၀-တိုင်တိုင် ရဖူးလေသတတ်။ ၁-သိန်းစီသော အဖို့အားဖြင့် ခြေရင်း၌ ထား၍ လှူဒါန်းအပ်သော အဖိုးအသပြာ ၁-သိန်းစီ ထိုက်တန်သော အဝတ်ပုဆိုးတို့ကို အကြိမ် ၁-သိန်းတိုင်တိုင် ရဖူးလေသတတ်။ ၁-ထည်, ၂-ထည်, ၃-ထည်, ၄-ထည်, ၅-ထည်, ၁၀-ထည်၊ ဤသို့အစရှိသောနည်းဖြင့် ရအပ်သော အဝတ်ပုဆိုးတို့၏ကား အရေအတွက် အပိုင်းအခြားမည်သည် မရှိလေပြီ။ ဘုရားရှင် ပရိနိဗ္ဗာန်စံယူတော်မူပြီးသည်ရှိသော် အရှင်အာနန္ဒာမထေရ်သည် အလုံးစုံသောကျောင်းတို့၌ (သီတင်းသုံးတော်မူကြသော) ရဟန်းတို့အား မိမိ၏ ပစ္စည်းဥစ္စာသာလျှင်ဖြစ်ကုန်သော သပိတ်,သင်္ကန်းတို့ကို ပေးလှူတော်မူလေသတတ်။

----- x -----

### ၈။ မာဂဏ္ဍီသည် သာမာဝတီတို့ကို မီးတိုက်သတ်ခြင်း

ထိုအခါ မာဂဏ္ဍီမိဖုရားသည်လည်း "ငါပြုတိုင်း,ပြုတိုင်းသော အမှုသည် ငါပြုသည့်အတိုင်း မဖြစ်ဘဲ တလွဲသာ ဖြစ်ဘိ၏။ ယခုအခါ အဘယ်သို့ ပြုရပါမည်နည်း"ဟု ကြံဆင်ခြင်သည်ရှိသော် "ဤသို့သော အကြောင်းဥပါယ် ၁-ခုသည် ရှိပေသေး၏"ဟု ကြံဆင်ခြင်သောကြောင့် မင်းကြီး ဥယျာဉ်ကစား ထွက်သွားခိုက် ဘထွေး စူဠမာဂဏ္ဍီပုဏ္ဏားအထံသို့ သတင်းစကား မှာကြားစေလွှတ်လိုက်လေ၏။ အဘယ်သို့ မှာကြားစေလွှတ်လိုက်သနည်းဟူမူ "ဘထွေး၊ သာမာဝတီ၏ ပြာသာဒ်သို့ သွား၍ အဝတ်ပုဆိုးထားရာ တိုက်, ဆီထားရာ တိုက်တို့ကို ဖွင့်လှစ်စေပြီးလျှင် အဝတ်ပုဆိုးတို့ကို ဆီအိုးတို့၌ ထည့်နှစ်ဆွတ်ဖျန်း၍ သည်တိုင်တို့ကို ရစ်ပတ်ကာ သာမာဝတီအမှူးရှိကုန်သော နန်းတွင်းသူ ၅၀၀-တို့ကို တပေါင်းတည်း ပြုလုပ်စုရုံးစေပြီးလျှင် တံခါးကို လုံခြုံစွာ ပိတ်လျက် ပြင်ပ၌ သော့ခတ်၍ မီးတိုင်,မီးတုတ်တို့ဖြင့် နန်းပြာသာဒ်ကို မီးတိုက်ရှို့ပြီးလျှင် ဆင်းသက်ကာ သွားပါလော့"ဟု သတင်းစကားကို မှာကြားစေလွှတ်လိုက်လေ၏။ ထိုဘထွေးဖြစ်သူ ပုဏ္ဏားသည်လည်း ပြာသာဒ်သို့ တက်၍ အဝတ်ပုဆိုးတိုက်, ဆီတိုက်ဖြစ်သော ကျီကြ(ဂိုဒေါင်)တို့ကို ဖွင့်စေပြီးလျှင် အဝတ်တို့ကို ဆီအိုးတို့၌ ထည့်နှစ်ဆွတ်ဖျန်းလျက် သည်တိုင်တို့ကို ရစ်ပတ်ခြင်းငှာ အားထုတ်လေ၏။

ထိုအခါ စူဠမာဂဏ္ဍိပုဏ္ဏားကြီးကို သာမာဝတီအမှူးရှိကုန်သော နန်းတွင်းသူ ၅၀၀-တို့သည် "ဘထွေး၊ ဤယခုပြုသော အမှုကား အဘယ်သို့သော အမှုပါနည်း"ဟု မေးမြန်းပြောဆိုကြကာ ချဉ်းကပ်လာကြကုန်၏။ "ချစ်သမီးတို့၊ မင်းကြီးသည် မြဲမြံခိုင်ခံ့စေခြင်းငှာ ဤသည်တိုင်တို့ကို ဆီလိမ်းကျံဆွတ်ဖျန်းထားသော ပုဆိုးပိုင်းတို့ကို ရစ်ပတ်စေတော်မူ၏။ မင်းအိမ်နန်းတော်မည်သည်ကား ခိုင်ခံ့သည်၊ မခိုင်ခံ့သည်(ကောင်းသော အရေးကိစ္စနှင့် ယှဉ်သည်၊ မကောင်းသော အရေးကိစ္စနှင့် ယှဉ်သည်)ကို သိနိုင်ခဲ၏။ ချစ်သမီးတို့၊ သင်တို့ ငါ့အထံသို့ မလာကြကုန်လင့်"ဟု ပြောဆိုရာ ထိုနန်းတွင်းသူ ၅၀၀-တို့သည် လာကြကုန်သည်ရှိသော် တိုက်ခန်း၌ ထည့်သွင်းပြီးလျှင် တံခါးတို့ကို လုံခြုံစွာ ပိတ်လျက် ပြင်ပ၌ သော့ခတ်၍ အစမှစ၍ မီးတိုက်ရှို့ကာ ဆင်းသွားလေ၏။

သာမာဝတီမိဖုရားသည် ထို ၅၀၀-သော နန်းတွင်းသူတို့အား ဩဝါဒစကား ပြောကြားသည်ကား "ချစ်ညီမတို့ အစမထင်သော သံသရာ၌ ကျင်လည်ပြေးသွားခြင်း ရှိကြကုန်သော ငါတို့အား ဤအတူပင်လျှင် မီးဖြင့် လောင်ကျွမ်းခဲ့ရကုန်သော ကိုယ်ခန္ဓာတို့၏ အပိုင်းအခြားကို ဘုရားရှင်၏ အကုန်အစင် သိမြင်တော်မူနိုင်သော သဗ္ဗညုတဉာဏ်တော်ဖြင့်သော်လည်း ပိုင်းခြားရေတွက်ခြင်းငှာ မလွယ်ကူပေ။ မမေ့မလျော့သော သတိတရား အစဉ်ထားကြကုန်လော့"ဟု အဆုံးအမဩဝါဒကို ပေးလေ၏။ ထိုနန်းတွင်းသူ ၅၀၀-တို့သည်လည်း အိမ်နန်းပြာသာဒ်ကို မီးလောင်လာလတ်သည်ရှိသော် ကိုယ်,စိတ် ဆင်းရဲခြင်းသို့ ရောက်သောအခါ သိမ်းဆည်းအပ်သော ကမ္မဋ္ဌာန်းကို နှလုံးသွင်းဆင်ခြင်ကုန်သဖြင့် အချို့ သကဒါဂါမိဖိုလ်, အချို့ အနာဂါမိဖိုလ်သို့ ရောက်ကြလေကုန်၏။

----- x -----

## တ။ သာမာဝတီတို့ သေလွန်ကြခြင်း

ထိုအခါ များစွာကုန်သော ရဟန်းတော်တို့သည် ဆွမ်းစားပြီးသောအခါ ဆွမ်းခံရွာမှ ဖဲခဲ့ကြကုန်သည်ရှိသော် ဘုရားရှင် သီတင်းသုံးတော်မူရာအရပ်သို့ ချဉ်းကပ်၍ ဘုရားရှင်ကို ရှိသေမြတ်နိုးစွာ ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သောနေရာ၌ ထိုင်နေကြကုန်၏။ တင့်အပ်လျောက်ပတ်သောနေရာ၌ ထိုင်နေကြကုန်သော ထိုရဟန်းတော်တို့သည် ဘုရားရှင်ကို ဤသို့ လျှောက်ကြားကြကုန်၏။ အဘယ်သို့ လျှောက်ကြားကြကုန်သနည်းဟူမူ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမြို့၌ ဥတေနမင်းကြီး ဥယျာဉ်တော်သို့ ထွက်သွားစဉ်အခါကာလ နန်းတွင်းပြာသာဒ် မီးခလောင်ကျွမ်းလတ်သည်ဖြစ်၍ သာမာဝတီ

အမျိုးရှိကုန်သော နန်းတွင်းသူမိန်းမ ၅၀၀-တို့သည် စုတေသေလွန်ကြပါကုန်၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုသာမာဝတီအမျိုးရှိသည့် ဥပါသိကာမတို့အား အဘယ်သို့သော လားရာဂတိ ရှိပါသနည်း။ အဘယ်သို့သော တမလွန်ဘဝ ရှိပါသနည်းဘုရား"ဟု ဤသို့သော စကားကို လျှောက်ကြားကြလေကုန်၏။

----- x -----

ထ။ ဘုရားရှင် ကျူးရင့်ရွတ်ဆိုတော်မူသော ဥဒါန်းစကား

"ချစ်သား ရဟန်းများတို့၊ ဤဥပါသိကာမ ၅၀၀-တို့တွင် သောတာပန်ဖြစ်သူတို့လည်း ပါရှိကြကုန်၏။ သကဒါဂါမ်ဖြစ်သူတို့လည်း ပါရှိကြကုန်၏။ အနာဂါမ်ဖြစ်သူတို့လည်း ပါရှိကြကုန်၏။ ချစ်သား ရဟန်းများတို့၊ ထိုဥပါသိကာမ အားလုံးတို့သည် မဂ်,ဖိုလ်ရခြင်းတည်း-ဟူသော အကျိုးမှ ကင်းသဖြင့် သေလွန်ခြင်းကို ပြုကြရသည် မဟုတ်"ဟု မိန့်တော်မူ၏။ ထို့နောက် ဘုရားရှင်သည် ဤသို့သော အကြောင်းအရာကို သိမြင်တော်မူပြီး၍ ထိုသိမြင်တော်မူပြီးသောအခါ ဝမ်းမြောက်ဝမ်းသာ-

(တ) မောဟသမ္ဗန္ဓနော လောကော၊ ဘဗ္ဗရူပေဝ ဒိဿတိ။
ဥပဓိဗန္ဓနော ဗာလော၊ တမသာ ပရိဝါရိတော။
သဿတောရိဝ ခါယတိ၊ ပဿတော နတ္ထိ ကိဉ္စနံ။ ။

ဟူသော ဥဒါန်းဂါထာကို ရွတ်ဆို ကျူးရင့်တော်မူလေ၏။

(တ) "လောကော၊ လောကအတွင်း၊ မှီတင်းခိုအောင်း၊ လူများအပေါင်းသည်။ မောဟသမ္ဗန္ဓနော၊ မောဟမှောင်မဲ၊ နှောင်ကြိုးတဲ၍၊ ဆွဲကာမပြတ်၊ ယှဉ်စပ်ဖုံးလွှမ်းအပ်သည်ဖြစ်၍။ ဘဗ္ဗရူပေဝ၊ ထိုက်တန်သင့်မြတ်၊ လျောက်ပတ်သောအကြောင်းနှင့် ပြည့်စုံသော သဘောရှိသကဲ့သို့။ ဝါ၊ "ငါသာချိုးကျ၊ ငါသာလှ"ဟု၊ မာနပွါးကာ၊ မှားယွင်းစွာဖြင့်၊ လွန်စွာတင့်တယ်၊ ရှုချင်ဖွယ်ကဲ့သို့။ ဒိဿတိ၊ စိတ်တွင်မသွေ၊ ထင်မှတ်လေ၏။ ဥပဓိဗန္ဓနော၊ ကိလေသာမှောင်၊ အမြဲဆောင်၍၊ အဖွဲ့အနှောင်ဖြင့်၊ ဖွဲ့နှောင်ခံနေရသော။ ဗာလော၊ မကောင်းမှုမိုက်၊ ဒုစရိုက်ကို၊ ပြုလိုက်မစဲ၊ အမြဲပြောထူ၊ မိုက်သောသူသည်။ တမသာ၊ မှောင်တကာထဲ၊ မှောင်ဗိုလ်စွဲသည့်၊ မှောင်ကဲကျော်ဟည်း၊ အဝိဇ္ဇာ-ဟူသော အမိုက်မှောင် အမိုက်တိုက်ကြီးဖြင့်။ ပရိဝါရိတော၊ ရံကာမလပ်၊ ခြံရံအပ်သည်ဖြစ်၍။ သဿတောရိဝ၊ ငါပင်,ငါရှင်၊ ငါအစဉ်-ဟု၊ ငါလျှင်မစဲ၊ ငါသည်ပင် မြဲသောသဘောရှိသကဲ့သို့။ ခါယတိ၊

တရားလွတ်ကင်း၊ မှားချွတ်ယွင်း၍၊ ညှဲ့ဖျင်းစွာပင်၊ မှတ်ထင်ရလေ၏။ ပသာတော၊ တွေမြင်သမျှ၊ အနိစ္စ-ဟု၊ မုချထင်စွာ၊ ဉာဏ်ပညာဖြင့်၊ ထင်စွာပိုင်ပိုင်၊ ရှုမြင်နိုင်သောသူအား။ ဝါ၊ သာမာဝတီအလား၊ ပိုင်းခြားအသိ၊ မဂ်ဉာဏ်အမြင်ရှိသော သူအား။ ကိဥ္စနံ၊ ကိလေသာမာရ်၊ ကိုယ်တွင်းရန်ကို၊ ပုန်ကန်သတ်ရှင်း၊ ရာဂ-စသော စိုးရိမ်ကြောင့်ကြခြင်းသည်။ နတ္ထိ၊ နိဗ္ဗာန်အထိ၊ ရောက်နိုင်ဘိသဖြင့်၊ မုချပိုင်ပိုင်၊ မရှိနိုင်တော့ပြီတကား။"

ဤသို့ ဥဒါန်းဂါထာဒေသနာကို ကျူးရင့်သောအား ဟောကြားတော်မူပြီးလျှင် "ချစ်သား ရဟန်းများတို့၊ ဤသတ္တဝါတို့မည်သည်ကား သံသရာဝဋ်စက်ထဲ၌ တပြောင်းပြန်ပြန် ကျင်လည်ပြေးသွား၍ နေရငြားသော်လည်း အမြဲမပြတ် မမေ့မလျော့အပ်ကုန်သည်ဖြစ်၍ ကုသိုလ်ကောင်းမှုကိုသာလျှင် စိမ်အားထုတ် ပြုလုပ်ကြသည် မဟုတ်။ မေ့လျော့ပေါ့တန်ခြင်းရှိကုန်သည်ဖြစ်၍ မကောင်းမှုအကုသိုလ်ကိုလည်း စိမ်အားထုတ် ပြုလုပ်ကြကုန်၏။ ထို့ကြောင့် သံသရာဝဋ်စက်ထဲ၌ ကျင်လည်ပြေးသွား၍ နေကြရကုန်သော သတ္တဝါတို့သည် ချမ်းသာကိုလည်းကောင်း, ဆင်းရဲကိုလည်းကောင်း အစဉ်မလွဲ အမြဲခံစားကြရကုန်၏"ဟု တရားဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

### ၁။ ရာဇပရိယာယ်ဖြင့် စစ်ဆေးကာ မာဂဏ္ဍီအား ရာဇဒဏ်ပေးခြင်း

ဥတေနမင်းကြီးသည် "သာမာဝတီမိဖုရား၏ အိမ်နန်းပြာသာဒ် မီးလောင်သတတ်"ဟု ကြားသိ၍ လျင်မြန်စွာ လာခဲ့သော်လည်း မီးမလောင်ကျွမ်းမီ အမီရောက်လာခြင်းငှာ မစွမ်းနိုင်တော့ပေ။ ရောက်လာပြီး၍သော်ကား အိမ်နန်းပြာသာဒ်ကို မီးငြိမ်းစေပြီးလျှင် ဖြစ်ပေါ်တိုးပွါး အားကြီးသော နှလုံးမသက်သာခြင်းရှိသဖြင့် အမတ်အပေါင်းခြံရံကာ ထိုင်နေတော်မူလျက် သာမာဝတီမိဖုရား၏ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန်အောက်မေ့၍ "ဤအမှုကား အဘယ်သူ၏ အမှုကိစ္စဖြစ်ပေလိမ့်မည်နည်း"ဟု ကြံဆင်ခြင်လတ်သော် "မာဂဏ္ဍီ ပြုအပ်သည့် အမှုကိစ္စဖြစ်ပေလိမ့်မည်"ဟု သိပြီး၍ "ခြိမ်းခြောက်မောင်းမဲ၍ မေးမြန်းအပ်သည်ရှိသော် မပြောဆိုဘဲ ရှိပေလိမ့်မည်။ သာယာညင်းပျောင်း အကြောင်းဥပါယ်ဖြင့် မေးမြန်းပေအံ့"ဟု ကြံတော်မူကာ အမတ်တို့ကို "အချင်း အမတ်အပေါင်းတို့၊ ငါဘုရင်မင်းမြတ်သည် ဤနေ့မှ ရှေးအဖို့၌ အဖန်ဖန် ထကြွလှုံ့လ ဝီရိယထားငြားသော်လည်း တွေးတောယုံမှား ရွံ့ရှာကြောက်လန့်လျက်သာ နေရ၏။ သာမာဝတီမိဖုရားသည် ငါဘုရင်မင်းမြတ်၏အပေါ်၌ အမြဲမပြတ် ပျက်စီးစေရန် အခွင့်ကောင်းကိုသာ ရှာကြံလျက် နေ၏။ ယခုအခါ၌မူကား ငါ၏စိတ်သည် ငြိမ်းအေးရပေတော့အံ့။ ချမ်းသာစွာ နေရပေတော့အံ့"ဟု မိန့်ကြားလေ၏။

အမတ်အပေါင်းတို့သည်လည်း "အရှင်မင်းမြတ်၊ ဤအမှုကို အဘယ်သူသည် ပြုပါသနည်း"ဟု မေးလျှောက်သံတော်ဦးတင်ကြကုန်သည်ရှိသော် "ငါဘုရင်မင်းမြတ်၏အပေါ်၌ ချစ်လှစွာသော မေတ္တာဖြင့် တစ်စုံတစ်ယောက်သောသူသည် ပြုသည် ဖြစ်ပေလတ္တံ့"ဟု မိန့်ကြားလေ၏။ မာဃလုလင်ဖြစ်သော အမိဖုရားသည်လည်း အနီးအပါး၌နေလျက် ထိုစကားကို ကြားရလေလျှင် "အရှင်မင်းမြတ်၊ ဤအမှုကို အခြားတစ်စုံတစ်ယောက်သောသူသည် ပြုစွမ်းနိုင်လိမ့်မည် မဟုတ်ပါ၊ ဘုရားကျွန်မ ပြုအပ်ပါသည်။ ဘုရားကျွန်မသည် ဘထွေးစူဠမာဃလုလင်ကို စေခိုင်းကာ ပြုလုပ်စေရပါသည်"ဟု တင်လျှောက်လေ၏။

ထိုအခါ မင်းကြီးသည် "အသင် မာဃလုလင်ကို ဖယ်ထား၍ ငါဘုရင်မင်းမြတ်အပေါ် ချစ်မြတ်နိုးသော အခြားသောသူမည်သည် မရှိ။ သင့်အပေါ်၌ ငါသည် ယုံကြည်ချက်ရှိပေ၏။ ငါသည် အသင့်အား မြတ်သောဆုကို ပေးသနားတော်မူပေအံ့။ မိမိ၏ ဆွေမျိုးအပေါင်းကို ခေါ်စေလော့"ဟု မိန့်ကြားတော်မူလေ၏။ မာဃလုလင်မိဖုရားသည် မိမိ၏ ဆွေမျိုးအပေါင်းတို့၏ အထံသို့ "မင်းကြီးသည် ငါ့အပေါ်၌ ယုံကြည်လျက် နှစ်သက်ခြင်းရှိလှသည် ဖြစ်၍ မြတ်သောဆုကို ပေးသနားတော်မူ၏။ လျင်မြန်စွာ လာခဲ့ကြကုန်လော့"ဟု သတင်းစကားကို မှာကြားစေလွှတ်လိုက်လေ၏။ မင်းကြီးသည် လာတိုင်း,လာတိုင်းကုန်သော သူတို့အား ကြီးစွာသော ပူဇော်သက္ကာရကို ပြုစေ၏။

ထိုသို့ပြုသော အခြင်းအရာကို မြင်၍ မာဃလုလင်မိဖုရား၏ ဆွေမျိုး မတော်စပ်သော သူတို့သည်လည်း လက်ဆောင်တံစိုး ထိုး၍ "ငါတို့သည် မာဃလုလင်မိဖုရား၏ ဆွေမျိုးတို့ပါတည်း"ဟု ပြောဆိုကာ လာရောက်ကြလေကုန်၏။ ဥတေနမင်းကြီးသည် ထိုသူအားလုံးတို့ကို ဖမ်းယူစေ၍ မင်းရင်ပြင်၌ ချက်အတိုင်းအရှည်ရှိကုန်သော တွင်းတို့ကို တူးစေပြီးလျှင် ထိုသူအားလုံးတို့ကို တွင်းထဲ၌ ထိုင်နေစေ၍ မြေမှုန့်တို့ဖြင့် ဖို့ကာ ဦးခေါင်းထက်ပေါ်၌ ကောက်ရိုးတို့ကို ဖြန့်ကြဲစေပြီးလျှင် မီးတိုက်ရှို့စေ၏။ အရေထူကို လောင်ကျွမ်းသောအခါ၌ သံထွန်သွားဖြင့် ထွန်စေ၍ အပိုင်းပိုင်းအမျှင်အမျှင်ကို ပြုစေ၏။ မာဃလုလင်၏ ကိုယ်မှလည်း ထက်လှစွာသော ဓားဖြင့် ထုထဲ,ထုထဲကုန်သော နေရာတို့၌ အသားကို လှီးခွါယူစေပြီးလျှင် ဆီအိုးကင်းကို ခုံလောက်ထက်သို့ တင်၍ မုန့်တို့ကဲ့သို့ ကြော်စေလျက် ထိုမာဃလုလင်ကိုပင် ပြန်၍ အစားခိုင်းလေ၏။

----- x -----

## ၈။ သာမာဝတီတို့၏ ရှေးအတိတ်အကြောင်း

တရားသဘင်၌ ရဟန်းတော်တို့သည် "ငါ့ရှင်တို့ ဤသို့သဘောရှိသည့် သဒ္ဓါကြည်ညိုခြင်းရှိသော ဥပါသိကာမ ၁-ယောက်အား ဤသို့ သဘောရှိသော အသေဆိုးဖြင့် သေလွန်ရခြင်းသည် မသင့်လျော်, မလျောက်ပတ်လေစွတကား"ဟု စကားကို ဖြစ်စေကြကုန်၏။ ဘုရားရှင်သည် ကြွလာတော်မူ၍ "ချစ်သား ရဟန်းများတို့ ငါဘုရားကြွလာတော်မူရာ ယခုအခါ၌ အဘယ်မည်သောစကားဖြင့် စည်းဝေးထိုင်နေကြကုန်သနည်း"ဟု မေးတော်မူသဖြင့် ရဟန်းတော်တို့သည် "ဤမည်သောစကားဖြင့် စည်းဝေးထိုင်နေကြပါကုန်၏ဘုရား"ဟု လျှောက်ကြားအပ်သည်ရှိသော် "ငါ၏ချစ်သား ရဟန်းများတို့ သာမာဝတီအမှူးရှိကုန်သော ထိုဥပါသိကာမ ၅၀၀-တို့အား ဤဘဝခန္ဓာကိုယ် အတ္တဘော၌ ဤသို့ သေလွန်ရခြင်းသည် မသင့်လျော် မလျောက်ပတ်သော သေလွန်ခြင်းသို့ ရောက်ရလေသည်။ ရှေးဘဝ၌ ပြုအပ်ခဲ့ဖူးသော ကံအားကား သင့်လျော်လျောက်ပတ်သော သေလွန်ခြင်းကိုသာ ဥပါသိကာမတို့ ရအပ်လေပြီ"ဟု မိန့်တော်မူလေလျှင် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုဥပါသိကာမတို့သည် ရှေးဘဝ၌ ပြုအပ်ခဲ့ဖူးသော ကံသည်ကား အဘယ်ပါနည်း။ ထိုအကြောင်းကို ဟောကြားတော်မူပါဘုရား"ဟု ထိုရဟန်းတို့ လျှောက်ကြားတောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူလေ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် မင်း၏နန်းတော်၌ အမြဲမပြတ် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။ နန်းတွင်းသူ ၅၀၀-တို့သည် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ပြုစုလုပ်ကျွေးကြကုန်၏။ ပစ္စေကဗုဒ္ဓါ ၈-ဆူတို့တွင် ပစ္စေကဗုဒ္ဓါ ၇-ဆူတို့သည် ဟိမဝန္တာသို့ ကြွတော်မူကြကုန်၏။ ပစ္စေကဗုဒ္ဓါ ၁-ဆူသည် မြစ်ဆိပ်ကမ်းနားရှိ မြက်ချုံ ၁-ခုတွင်း၌ ဈာန်သမာပတ်ဝင်စား၍ နေတော်မူလေ၏။ ထိုအခါ တစ်နေ့သ၌ မင်းကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ကြွသွားတော်မူကြကုန်သည်ရှိသော် ထိုနန်းတွင်းသူ ၅၀၀-တို့ကို ခေါ်ဆောင်၍ ရေကစားခြင်းငှာ ထွက်သွားလေ၏။

ထိုရေကစားရာ ရေဆိပ်၌ ထိုမိန်းမ ၅၀၀-တို့သည် နေ့အဖို့ပတ်လုံး ရေကစား၍ ရေမှ တက်ရောက်ပြီးလျှင် အချမ်းဖြင့် ပြင်းစွာ နှိပ်စက်အပ်သည်ဖြစ်၍ မီးလှုံခြင်းငှာ အလိုရှိကြကုန်သဖြင့် "ငါတို့အတွက် မီးထည့်ရရာအရပ်ကို ကြည့်ရှုကြကုန်လော့"ဟု ပြောဆိုပြီးလျှင် ထိုမှ ဤမှ အဖန်ဖန် လှည့်လည်ကြည့်ရှုကြကုန်သည်ရှိသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်

ဈာန်သမာပတ်ဝင်စားတော်မူရာ ထိုမြက်ချုံကို မြင်၍ "မြက်စု, မြက်ပုံတည်း"ဟူသော အမှတ်ဖြင့် ဝန်းရံကာ တည်နေကြကုန်လျက် မီးထည့်ကြကုန်၏။ မြက်တို့ကို မီးလောင်၍ ပြာကျကုန်သည်ရှိသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်၍ "ငါတို့သည်ကား လွဲမှားပျက်စီး အကျိုးနည်းကြလေကုန်ပြီ။ ငါတို့မင်းကြီး၏ အရှင်ပစ္စေကဗုဒ္ဓါသည် မီးလောင်ခဲ့ပြီ။ မင်းကြီးသိတော်မူသည်ရှိသော် ငါတို့ကို ဖျက်ဆီးအကျိုးနည်းအောင် ပြုပေလတ္တံ့။ ထိုအရှင်ပစ္စေကဗုဒ္ဓါကို ကောင်းစွာ မီးလောင်ကျွမ်းအောင် ပြုကြကုန်တော့အံ့"ဟု တိုင်ပင်၍ ထိုအားလုံးသော မိန်းမတို့သည် ထိုမှ,ဤမှ ထင်းတို့ကို ယူဆောင်စုဆောင်း၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ အထက်၌ ထင်းအပုံကို ပြုလုပ်စုပုံကြသောအခါ ကြီးစွာသော ထင်းပုံကြီးသည် ဖြစ်လေ၏။ ထို့နောက် ထင်းပုံကြီးကို မီးတိုက်ရှို့မြှိုက်၍ "ယခုအခါ၌မူကား အကြွင်းအကျန် မရှိ လောင်ကျွမ်းပေတော့မည်"ဟု ဖဲသွားကြလေကုန်၏။

ထိုမိန်းမတို့သည် ရှေးဦးပထမ လောင်ကျွမ်းစဉ်က စိတ်စေတနာ မပါ,မရှိသောကြောင့် ကံမထိုက်ကြကုန်။ ဤယခုအခါ နောက်အကြိမ်မှာကား စိတ်စေတနာ ပါရှိသောကြောင့် ကံထိုက်ကုန်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုကား ဈာန်သမာပတ်ဝင်စားတော်မူနေစဉ်အတွင်း၌ လှည်းအစီး ၁,၀၀၀-တို့ဖြင့် ထင်းတို့ကို စုပုံ၍ မီးတိုက်ရှို့သော်လည်း အခိုးထွက်ကာ မီးငွေ့သင့်လောင်စေခြင်းမျှလည်း မီးစွဲယူခြင်းငှာ မစွမ်းနိုင်လေကုန်။ ထို့ကြောင့် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ၇-ရက်မြောက်သောနေ့၌ သမာပတ်မှ ထတော်မူပြီးလျှင် အလိုရှိတော်မူတိုင်း ချမ်းသာစွာ ကြွသွားတော်မူလေ၏။ ထိုမိန်းမတို့သည် ထိုမကောင်းမှုအကုသိုလ်ကံကို ပြုအပ်ခဲ့သည်၏အဖြစ်ကြောင့် များစွာကုန်သော အနှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ကျက်ရ,ခံရပြီးမှ ထိုအကုသိုလ်ကံ အကျိုးအကြွင်း၏ အစွမ်းဖြင့်သာလျှင် ဘဝ ၁၀၀-တို့ပတ်လုံး ဤနည်းဖြင့်သာလျှင် နေအိမ် မီးသင့်လောင်ကျွမ်းသည်ရှိသော် မိမိတို့ပါ မီးသင့်လောင်ကျွမ်းခဲ့ကြရလေကုန်၏။

**ဤကား သာမာဝတီအမှူးရှိကုန်သော နန်းတွင်းသူမိန်းမ ၅၀၀-တို့၏ ရှေးက ပြုခဲ့သည့် မကောင်းမှုကံတည်း။**

----- x -----

## ၅။ ခုဇ္ဇုတ္တရာ၏ ခါးကုန်းခြင်း, ပိဋကတ် ၃-ပုံ ဆောင်နိုင်ခြင်း, သောတာပတ္တိဖိုလ်သို့ ရောက်ရခြင်း ရှေးအတိတ်ကံအကြောင်း

ဤသို့ သာမာဝတီအမှူးရှိကုန်သော ဥပါသိကာမတို့၏ ရှေးအတိတ်အကြောင်းကို မိန့်တော်မူပြီးသည်ရှိသော် ရဟန်းတော်တို့သည် ဘုရားရှင်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ခုဇ္ဇုတ္တရာသည်ကား အဘယ်ကံကြောင့် ခါးကုန်းမ ဖြစ်နေရပါသနည်း။ အဘယ်ကံကြောင့် ပညာကြီးမားပါသနည်း။ အဘယ်ကံကြောင့် သောတာပတ္တိဖိုလ်ကို ရပါသနည်း။ အဘယ်ကံကြောင့် သူတပါးတို့၏ အစေအပါးခံရသည့် ကျွန်မဖြစ်နေရပါသနည်း ဘုရား"ဟု လျှောက်ကြားကြပြန်လေကုန်၏။

ဘုရားရှင်သည် "ချစ်သား ရဟန်းများတို့၊ ထိုဗြဟ္မဒတ်မင်းသည်ပင် ဗာရာဏသီပြည်၌ မင်းပြုသောအခါကာလ၌ပင်လျှင် ထိုပစ္စေကဗုဒ္ဓါ ၈-ဆူတို့တွင် ၁-ဆူသော ပစ္စေကဗုဒ္ဓါသည် အနည်းငယ် ခါးကုန်းသောသဘောရှိ၏။ ထိုအခါ အလုပ်အကျွေး မိန်းမ ၁-ယောက်သည် ကမ္ဗလာကို လွှမ်းခြုံဝတ်ရုံလျက် ရွှေခွက်ငယ်ကို ကိုင်ဆောင်ပြီးလျှင် "ငါတို့၏ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဤသို့,ဤသို့ လှည့်လည်ကြွသွားတော်မူဘိ၏"ဟု ကုန်းသောသူ၏ အဖြစ်ဖြင့် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်၏ လှည့်လည်ကြွသွားတော်မူလေဟန် အခြင်းအရာကို ပြက်ရယ်မှုပြုလုပ်၍ ပြလေ၏။ ထိုပြယ်ရယ်မှုပြုလုပ်၍ ပြသောကံ၏ အကျိုးဆက်ကြောင့် ယခုအခါ ခါးကုန်းမ ဖြစ်နေရလေ၏။

ထိုမှတပါး ပညာကြီးခြင်း၏ အကြောင်းကား ထိုပစ္စေကဗုဒ္ဓါတို့ကို ရှေးဦးအစ ပထမနေ့ မင်းအိမ်နန်းတော်၌ သီတင်းသုံးနေစေ၍ သပိတ်တို့ကို ယူစေပြီးလျှင် ယနာနို့ဆွမ်းဖြင့် ပြည့်စေ၍ ပေးလှူလေ၏။ ပူလှစွာသော ယနာနို့ဆွမ်းဖြင့် ပြည့်သော သပိတ်တို့ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် လက်-ပြောင်း၍,ပြောင်း၍ သာလျှင် ကိုင်ယူကြရကုန်၏။ ထိုပြက်ရယ်မှုကို ပြုသော မိန်းမသည် ထိုသို့သော အခြင်းအရာတို့ဖြင့် ပြုလုပ်နေတော်မူကြကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို မြင်ရလေလျှင် မိမိ၏ ဥစ္စာဖြစ်ကုန်သော ဆင်စွယ်လက်ကောက် ၈-ခုတို့ကို ပေးလှူ၍ "ဤလက်ကောက်ထက်၌ သပိတ်ကို တင်ထားတော်မူကာ ကိုင်ယူတော်မူကြပါကုန်ဘုရား"ဟု လျှောက်ကြားလေ၏။ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်း ထိုသို့ ထိုမိန်းမလျှောက်ကြားတိုင်းသော အခြင်းအရာဖြင့် ပြု၍ ထိုမိန်းမကို ကြည့်ရှုတော်မူကြကာ ရပ်တည်တော်မူနေကြကုန်သည်ရှိသော် ထိုမိန်းမသည် ထိုပစ္စေက-ဗုဒ္ဓါအရှင်မြတ်တို့၏ အလိုဆန္ဒကို သိ၍ "အရှင်မြတ်တို့ဘုရား၊ တပည့်တော်မတို့အား

ဤလက်ကောက်တို့ဖြင့် အလိုမရှိတော့ပါပြီ။ အရှင်မြတ်တို့အားသာလျှင် ဤလက်ကောက်တို့ကို စွန့်လွှတ်လှူဒါန်းအပ်ပါကုန်ပြီ။ လက်ကောက်တို့ကို ယူဆောင်တော်မူ၍ ကြွတော်မူကြပါကုန်ဘုရား"ဟု လျှောက်ကြားလေ၏။ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် နန္ဒမူတောင်ဝှမ်းလိုဏ်သို့ ယူဆောင်ကာ ကြွတော်မူကြလေကုန်၏။

(ထိုဆင်စွယ်လက်ကောက် သပိတ်ခြေတို့သည် ယနေ့တိုင်အောင်ပင်လျှင် အပျက်အစီးမရှိ၊ ပကတိအတိုင်း နန္ဒမူတောင်ဝှမ်းလိုဏ်အတွင်း၌ အထင်အရှား တည်ရှိကြကုန်သေး၏။)

ခုဇ္ဇုတ္တရာသည် ထိုလက်ကောက်သပိတ်ခြေ လှူဒါန်းရသော ကုသိုလ်ကံ၏အကျိုးဆက်ကြောင့် ယခုအခါ ပိဋကတ် ၃-ပုံကို အာဂုံဆောင်စွမ်းနိုင်သော ပညာကြီးသူ ဖြစ်ရလေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား လုပ်ကျွေးပြုစုရသော ကုသိုလ်ကံ၏အကျိုးဆက်ကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ရလေ၏။ ဤသည်ကား ထိုခုဇ္ဇုတ္တရာ၏ ၂-ဆူသော ဘုရားရှင်တို့၏ ၁-ခုသောအကြား၌ ပြုအပ်ခဲ့သော ရှေးအတိတ်ကံပင်တည်း။

----- x -----

### ပ။ ခုဇ္ဇုတ္တရာ၏ အစေခံကျွန်မဖြစ်ရခြင်း ရှေးအတိတ်ကံအကြောင်း

ကျွန်မဖြစ်ရခြင်း၏ အကြောင်းကား ကဿပဘုရားရှင်၏ လက်ထက်တော်အခါကာလ ဗာရာဏသီပြည်၌ သူဌေးသမီး ၁-ယောက်သည် ညချမ်းအခါ မှန်ကြေးမုံကို ကိုင်ယူ၍ မိမိကိုယ်ကို တန်ဆာဆင်ပြင်လျက် နေလေ၏။ ထိုအခါ ထိုသူဌေးသမီးအား ချစ်ကျွမ်းဝင်သော မိတ်ဆွေရဟန္တာ ဘိက္ခုနီမ ၁-ပါးသည် ထိုသူဌေးသမီးကို တွေ့ရန် သွားလေ၏။ မှန်၏။ ဘိက္ခုနီမတို့သည် အာသဝေါကုန်ခန်းပြီးသော ရဟန္တာမတို့ ဖြစ်ကုန်သော်လည်း ညချမ်းအခါ၌ အလုပ်အကျွေးဖြစ်သော အမျိုးတို့ကို ကြည့်ရှုတွေ့မြင်လိုကြကုန်၏။ ထိုခဏ၌လည်း သူဌေးသမီး၏ အနီးထံပါး၌ တစ်စုံတစ်ယောက်သော အစေအပါးခံသူသည် မရှိလေ။ ထိုသူဌေးသမီးသည် "အရှင်မ၊ ရှိခိုးကန်တော့ပါ၏။ တပည့်တော်မ၏ ထိုတန်ဆာပချြပ်ကို ယူ၍ ပေးသနားတော်မူပါကုန်ဦးလော့"ဟု ပြောဆိုစေခိုင်းလိုက်လေ၏။

ထိုခဏ ဘိက္ခုနီမ အကြံဖြစ်သည်ကား "ဤသူဌေးသမီးအား ဤဘဏ္ဍာထည့်ထားသည့် အထုပ်ပချြပ်ကို အကယ်၍ ယူ-မပေးခဲ့သည် ဖြစ်အံ့။ ငါ့၌ ရန်ငြိုးဖွဲ့၍ ငရဲ၌ ကျရောက်လတ္တံ့။ ငါသည် အကယ်၍ ယူပေးခဲ့သည် ဖြစ်အံ့။ သူတပါး၏ အစေအပါးခံရသော ကျွန်မဖြစ်ပေလတ္တံ့။ စင်စစ်အားဖြင့် ငရဲ၌ ပူလောင်ပြင်းပြ ဆင်းရဲဒုက္ခကို ခံရသည်ထက် သူတပါး၏ အစေအပါးဖြစ်သည့် ကျွန်မဖြစ်ရသည်ကား ကောင်းမြတ်သေး၏-ဟု ကြံဆင်ခြင်ကာ

ထိုရဟန္တာမသည် သူဌေးသမီးအား အစဉ်သနားသည်ကို အစွဲပြု၍ တန်ဆာပခြုပ်ဖြစ်သည့် အထုပ်ကို ယူ၍ သူဌေးသမီးအား ပေးလိုက်ရလေ၏။ ထိုအကုသိုလ်ကံ၏ အကျိုးဆက် ကြောင့် သူတပါးတို့၏ အစေအပါးခံရသည့် ကျွန်အမှုလုပ် ဖြစ်ရလေ၏”ဟု ဟောကြား တော်မူလေ၏။

----- x -----

### ၈။ သာမာဝတီ, မာဂဏ္ဍီတို့ သေရချင်းတူသော်လည်း ထူးခြားသေးပုံ ဟောကြားတော်မူခြင်း

နောက်တဖန် တစ်နေ့သ၌ ရဟန်းတော်တို့သည် တရားသဘင်၌ “ငါ့ရှင်တို့၊ သာမာဝတီ အမှူးရှိကုန်သော နန်းတွင်းသူမ ၅၀၀-တို့သည် အိမ်နန်းပြာသာဒ်၌ မီးလောင် ကျွမ်းကြကုန်၏။ မာဂဏ္ဍီ၏ ဆွေမျိုးတို့သည်ကား အထက်၌ ကောက်ရိုးမီးဖြင့် တိုက်ရှို့၍ သံထွန်သွားတို့ဖြင့် တိုက်ခွဲဖျက်ဆီးအပ်ကုန်၏။ မာဂဏ္ဍီကိုကား ကျိုက်ကျိုက်ဆူသော ဆီပူ ဖြင့် ကြော်ကျက်စေအပ်၏။ ဤသို့ သေကျေပျက်စီးကြရာ၌ အဘယ်သူတို့သည် အသက် ရှည်သည် မည်ကုန်သနည်း”ဟူသော စကားကို ဖြစ်စေကြလေကုန်၏။

ဘုရားရှင် ကြွလာတော်မူ၍ “ချစ်သား ရဟန်းများတို့၊ ငါဘုရား ကြွလာတော်မူရာ ယခုအခါ၌ အဘယ်မည်သောစကားကို ပြောကြားခြင်းဖြင့် စည်းဝေးထိုင်နေကြကုန်ဘိ သနည်း”ဟု မေးတော်မူသဖြင့် “ဤမည်သော စကားကို ပြောကြားခြင်းဖြင့် စည်းဝေးထိုင်နေ ကြပါကုန်၏ဘုရား”ဟု လျှောက်ကြားအပ်သည်ရှိသော် “ချစ်သား ရဟန်းများတို့၊ အကြင် သူတို့သည် ကုသိုလ်ကောင်းမှု၌ မေ့လျော့ကြကုန်၏။ ထိုကုသိုလ်ကောင်းမှု၌ မေ့လျော့ ကြကုန်သောသူတို့သည် အနှစ် ၁၀၀-ပင် အသက်ရှည်ငြားသော်လည်း သေကုန်သည် မည်သည်သာလျှင်တည်း။ အကြင်သူတို့သည် ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ကြကုန်၏။ ထိုကုသိုလ်ကောင်းမှု၌ မမေ့မလျော့ကြကုန်သောသူတို့သည် သေလွန်ကုန်ငြားသော်လည်း အသက်ရှည်သည် မည်ကုန်သည်သာလျှင်တည်း။ ထို့ကြောင့် မာဂဏ္ဍီသည် အသက်ရှည်၍ ပင် နေငြားသော်လည်း သေလွန်သည် မည်သည်သာလျှင်တည်း။ သာမာဝတီ အမှူးရှိ ကုန်သော နန်းတွင်းသူမ ၅၀၀-တို့သည်ကား သေလွန်ကုန်ငြားသော်လည်း အသက်ရှည် သည် မည်ကုန်သည်သာလျှင်တည်း။ မှန်၏။ ချစ်သား ရဟန်းများတို့၊ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူတို့သည် မသေသည် မည်ကုန်သည်သာလျှင်တည်း”ဟု မိန့်တော်မူ၍ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော “အပ္ပမာဒေါ အမတံ ပဒံ”-စသော ၃-ဂါထာတို့ကို ဟောကြားတော်မူလေ၏။

## (၉) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပန်-စသည်တို့ ဖြစ်ကြကုန်၏။ ဂါထာဒေသနာတော်သည် လူများအပေါင်းအား အကျိုးစီးပွါးများသော တရားဒေသနာတော် ဖြစ်လေ၏။

သာမာဝတီဝတ္ထု ပြီး၏။

★★★★★★★

## ၂။ ကုမ္ဘဃောသကသူဌေးဝတ္ထု

### (၁) ဒေသနာတော်

"လုံ့လ,သတိ-စသည်ရှိသော သူအား စည်းစိမ်ရာထူး ကျေးဇူးသတင်း ကျော်စောခြင်းဂုဏ် တသုန်သုန် ကြီးပွါးတိုးတက်ရကြောင်း"ကို ကုမ္ဘဃောသက သူဌေးကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

**၂၄။ ဥဋ္ဌာနဝတော သတီမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။**
**သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသော'ဘိဝမုတိ။ ။**

၂၄။ မဟာရာဇ၊ ရွှေရောင်အဆင်း၊ ဝါဝါဝင်းနှင့်၊ ထန်ပြင်းတန်ခိုး၊ စိုးမိုးပိုင်နင်း၊ ဗိမ္ဗိသာရမင်းမြတ်။ ဥဋ္ဌာနဝတော၊ ထကြွလုံ့လ၊ ဝီရိယရှိထသော။ သတီမတော၊ တရားမယွင်း၊ အမှားကင်း၍၊ မေ့ခြင်းကင်းပ၊ သတိတရားနှင့် ပြည့်စုံထသော။ သုစိကမ္မဿ၊ စင်ကြယ်သန့်ရှင်း၊ အပြစ်ကင်းပ၊ ကာယ,ဝစီ၊ တလီ မနော၊ ၃-ပါးသော ကံတို့နှင့် ပြည့်စုံထသော။ နိသမ္မကာရိနော၊ ပြုလုပ်ဖွယ်ရာ၊ အဖြာဖြာတွင်၊ ကောင်းရာမြော်မြင်၊ စူးစမ်းဆင်ခြင်၍ ပြုလုပ်လေ့ရှိထသော။ သညတဿ၊ ကိုယ်,နှုတ်,နှလုံး၊ ၃-ပါးလုံးကို၊ စောင့်သုံးလေ့ရှိထသော။ ဓမ္မဇီဝိနော၊ စည်းကမ်းမပျက်၊ တရားဖက်၍၊ အသက်မွေးလေ့ရှိထသော။ အပ္ပမတ္တဿ၊ သတိမပေါ့၊ မမေ့မလျော့သောသူအား။ ယသော၊ စည်းစိမ်ရာထူး၊ ကျေးဇူးသတင်း၊ ကျော်စောခြင်းသည်။ အဘိဝမုတိ၊ ၁-ရက်ထက် ၁-ရက်၊ ဆဆတက်၍၊ ဆက်ကာမသွေ၊ တိုးတက်ကြီးပွါးလေ၏။

----- x -----

## (၂) ဆောင်ပုဒ်

လုံ့လ,သတိ၊ ပြည့်စုံဘိ၍၊ ပြုသည့်ကိစ္စ၊ ဟူသမျှတွင်၊ မြော်ဆင်ခြင်၏၊ ပြုပြင်ထိန်းချုပ်၊ ကိုယ်,နှုတ်,နှလုံး၊ စောင့်စည်းသုံးလျက်၊ တရားဖက်၍၊ အသက်မွေးမြူ မမေ့သူကား၊ စီးပွါးအခြေ၊ ကြီးပွါးပေသည်၊ ကောင်းလေသတင်း ကျော်စောခြင်း။

“ဥဋ္ဌာနဝတော”အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကုမ္ဘဃောသကသူဌေးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ရာဇဂြိုဟ်ပြည်၌ ရာဇဂြိုဟ်သူဌေးအိမ်တွင် မြွေဆိပ်ပမာ ဆိုးရွားစွာသော ယင်းနာသည် ကျရောက်ဖြစ်ပေါ်လေ၏။ ထိုယင်းနာကျရောက်ဖြစ်ပေါ်သည်ရှိသော် ယင်ကောင်တို့ကို အစထား၍ နွားများတိုင်အောင် တိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည် ရှေးဦးစွာ သေကြကုန်၏။ ထို့နောက် ကျွန်အမှုလုပ်တို့ သေကြကုန်၏။ အလုံးစုံတို့နောက်မှ အိမ်ရှင်တို့ သေကြကုန်၏။ ထို့ကြောင့် ထိုယင်းနာရောဂါသည် အားလုံးသောသူတို့နောက်၌ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့ကို စွဲကပ်လေ၏။ ထိုသူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် ယင်းနာစွဲကပ်လတ်သော် မိမိတို့အထံ၌ တည်ရှိသောသားကို ကြည့်၍ ပြည့်သောမျက်ရည်ရှိကုန်သော မျက်လုံးတို့ဖြင့် “ချစ်သား၊ ဤယင်းနာရောဂါဖြစ်သည်ရှိသော် နံရံကို ဖောက်ခွဲ၍ ထွက်ပြေးသောသူတို့သာ အသက်ရှင်ကြကုန်၏။ သင်သည်လည်း ငါတို့ကို မငဲ့,မကြည့်မူ၍ ထွက်ပြေးပြီးလျှင် အသက်ရှင်သည်ရှိသော် တဖန်ပြန်လာ၍ ငါတို့ ဤမည်သောအရပ်၌ ကုဋေ ၄၀-သော ဥစ္စာတို့ကို မြှုပ်ထားအပ်ကုန်၏။ ထိုမြှုပ်ထားခဲ့သော ဥစ္စာတို့ကို ဖော်ထုတ်၍ အသက်မွေးရစ်လေလော့”ဟု သားငယ်ကို မှာထားပြောကြားလေ၏။

ထိုသူဌေးသားသည် ထိုမိဘတို့၏စကားကို ကြားရလေလျှင် မရှင်သောမျက်နှာဖြင့် ငိုကြွေးမြည်တမ်းလျက် မိဘ ၂-ပါးတို့ကို ရှိခိုး၍ သေဘေးမှ ကြောက်သောကြောင့် နံရံကိုဖောက်ခွဲကာ ထွက်ပြေးပြီးလျှင် တောတောင်အထပ်ထပ် တောနက်ရာအရပ်သို့ သွားရောက်၍ ၁၂-နှစ်တို့ပတ်လုံး ထိုအရပ်၌နေ၍ မိဘတို့နေရာ ဒေသသို့ ပြန်လာလေ၏။ ထိုသို့ပြန်လာသောအခါ သူဌေးသားကို ငယ်စဉ်အခါက ထွက်သွား၍ ဆံပင်,မုတ်ဆိတ်တို့ ပေါက်ရောက်သောအခါမှ ပြန်လာသောကြောင့် တစ်စုံတစ်ယောက်သောသူမျှလည်း မမှတ်မိပေ။

----- x -----

## (၃) သူဌေးသား အခစားလုပ်သားလုပ်၍နေခြင်း

ထိုသူဌေးသားသည်လည်း မိဘ ၂-ပါးတို့ ပေးထားခဲ့သော အမှတ်သညာဖြင့် ပစ္စည်းဥစ္စာ ထားရာအရပ်သို့ သွားရောက်၍ ကြည့်ရှုရာ ပစ္စည်းဥစ္စာ၏ မပျက်မစီးရှိသည်၏ အဖြစ်ကို သိရလေလျှင် "ငါ့ကို တစ်စုံတစ်ယောက်သောသူသည် မမှတ်မိတော့။ ငါသည် ပစ္စည်းဥစ္စာကို ဖော်ထုတ်၍ သုံးစွဲသည် ဖြစ်အံ့။ 'သူဆင်းရဲ ၁-ယောက် ရွှေအိုးကို ဖော်ထုတ်၏'-ဟု ငါ့ကိုဖမ်း၍ ရိုက်ပုတ်ညှဉ်းဆဲကုန်ရာ၏။ ငါသည် သူတပါး၏ အခစားပြုလုပ်၍ အသက်မွေးရမူကား ကောင်းလေစွ"ဟု ကြံဆင်ခြင်ပြီးနောက် ပုဆိုးပိုင်း ၁-ထည်ကို ဝတ်၍ "အခစားနား ပေးသဖြင့် ခိုင်းစေခြင်းငှာ အလိုရှိသော တစ်စုံတစ်ယောက်သောသူ ရှိပါသလော"ဟု မေးမြန်းလျက် အခစားအလုပ်ကို ပြုလုပ်လေ့ရှိကုန်သောသူတို့၏ လမ်းမသို့ ရောက်သွားလေ၏။

ထိုအခါ ထိုလုလင်ကို အခစားအမှုကို ပြုလုပ်လေ့ရှိကုန်သော သူတို့သည် မြင်၍ "ငါတို့၏ အလုပ် ၁-ခုကို ပြုလုပ်သည်ဖြစ်အံ့။ သင့်အား ထမင်းရိက္ခာ လုပ်ခကို ပေးပါကုန်အံ့" ဟု ဆိုကြကုန်၏။ "အဘယ်အလုပ်ပါနည်း"ဟု မေးမြန်းလေလျှင် "အိပ်ရာမှ နိုးကြားအောင် တိုက်တွန်းနှိုးဆော်ရသော အလုပ်တည်း။ ထိုအလုပ်ကို လုပ်ကိုင်နိုင်မူ နံနက်အခါကာလ စောစောကပင်လျှင် ထ၍ 'ဖခင်တို့၊ ထကြပါကုန်လော့။ လှည်းတို့ကို ကကြ,ပြင်ကြပါကုန်လော့။ နွားတို့ကို ယှဉ်ကပ်ကြပါကုန်လော့။ ဆင်,မြင်းတို့အတွက် မြက်ရှာရန် သွားချိန်တန်ပါပြီ။ မိခင်တို့၊ သင်တို့လည်း ထကြပါကုန်လော့။ ယာဂုကျိုကြပါကုန်လော့။ ထမင်း ချက်ကြပါကုန်လော့'၊ ဤသို့ အစရှိသည်ဖြင့် လှည့်လည်ကာ ပြောကြားရမည်"ဟု ပြောဆိုသော အခါ လုလင်သည် "ကောင်းပါပြီ"ဟု ဝန်ခံလေ၏။ ထို့နောက် ထိုလုလင်အား နေထိုင်ရန် အိမ် ၁-ဆောင် ပေးကြကုန်၏။ ထိုလုလင်သည်လည်း နေ့တိုင်း ထိုအလုပ်ကို ပြုလုပ်လေ၏။

----- x -----

## (၄) ဗိမ္ဗိသာရမင်းကြီးသည် အသံကို ဖမ်း၍ သိစွမ်းနိုင်သောပညာရှိခြင်း

ထိုအခါ တစ်နေ့သ၌ ဗိမ္ဗိသာရမင်းကြီးသည် ထိုကုမ္ဘဃောသက၏အသံကို ကြားလိုက်ရလေ၏။ ထိုဗိမ္ဗိသာရမင်းကြီးသည်ကား အလုံးစုံသောသူ၏အသံကို သိစွမ်းနိုင်သော အသိဉာဏ် ရှိ၏။ ထို့ကြောင့် "ဤအသံသည် များသောဥစ္စာရှိသော ယောကျ်ား ၁-ယောက်၏အသံ ဖြစ်၏"ဟု ဆိုလေ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီး၏ အထံ၌နေသော အလုပ်

အကျေး နန်းတွင်းသူ ၁-ယောက်သည် "မင်းကြီးသည်ကား ဟူးဟူးညားညား တော်စွာ, လျော်စွာသော စကားကို ပြောဆိုလိမ့်မည် မဟုတ်။ ငါသည် ဤသူ၏အကြောင်းကို သိခြင်းငှာ သင့်၏"ဟု ကြံ၍ "အမောင်၊ သွားချေ။ ထိုသူ့အကြောင်းကို သိအောင် စုံစမ်းလေတော့" ဟု မင်းချင်းယောကျ်ား ၁-ယောက်ကို စေလွှတ်လိုက်လေ၏။

ထိုမင်းချင်းယောကျ်ားသည်လည်း လျင်စွာသွား၍ ထိုကုမ္ဘဃောသကကို မြင်လျှင် ပြန်လာ၍ "ဤသူသည်ကား အခစားအလုပ် ပြုလုပ်လေ့ရှိကုန်သော သူတို့၏ အခဖြင့် ပြုလုပ်သော အထီးကျန်သူ ယောကျ်ား ၁-ယောက် ဖြစ်ပါ၏"ဟု လျှောက်ကြားလေလျှင် ဆိတ်ဆိတ်ပင်နေလျက် ၂-ရက်မြောက်သောနေ့၌လည်းကောင်း ၃-ရက်မြောက်သောနေ့၌ လည်းကောင်း ထိုလုလင်၏အသံကို ကြားပြန်လေလျှင် ရှေးအတူသာပင် မိန့်ဆိုပြန်လေ၏။ ထိုနန်းတွင်းသူသည်လည်း ရှေးအတူကြံ၍ အဖန်တလဲလဲ စေလွှတ်လတ်သော် "ဤသူကား အထီးကျန်သော သူဆင်းရဲတည်း"ဟူ၍သာ ဆိုပြန်သဖြင့် နန်းတွင်းသူသည် "မင်းကြီးသည် 'ဤသူကား အထီးကျန်သော သူဆင်းရဲ'-ဟု ဆိုသော စကားကို ကြားရသော်လည်း လုံးဝ ယုံကြည်တော်မမူဘဲ အဖန်တလဲလဲသာလျှင် 'ဤအသံသည်ကား များသော ဥစ္စာရှိသော ယောကျ်ား ၁-ယောက်၏ အသံဖြစ်၏'-ဟု မိန့်ဆိုတော်မူ၏။ ဤမင်းကြီး ပြောဆိုသော စကား၌ အကြောင်းရှိတန်ရာ၏။ ဟုတ်မှန်သောအတိုင်း ဤယောကျ်ား၏အကြောင်းကို သိရှိရန် သင့်၏"ဟု အကြံအစည်ဖြစ်လေ၏။

----- x -----

## (၅) နန်းတွင်းသူသည် ကုမ္ဘဃောသကအား ပရိယာယ်ဖြင့် သားသမက်ဖမ်းခြင်း

ထို့နောက် နန်းတွင်းသူသည် "အရှင်မင်းကြီး၊ ဘုရားကျွန်မသည် အသပြာ ၁,၀၀၀-ကို ရပါမူကား သမီးတော်ကို ခေါ်သွား၍ ထိုဥစ္စာကို မင်းအိမ်တော်ရှိ ရွှေတိုက်သို့ သွင်းပါအံ့" ဟု မင်းကြီးကို သံတော်ဦးတင်လေ၏။ မင်းကြီးသည် ထိုနန်းတွင်းသူအား အသပြာ ၁,၀၀၀-ကို ပေးစေ၏။ ထိုနန်းတွင်းသူသည်လည်း ထိုအသပြာ ၁,၀၀၀-ကို ယူပြီးလျှင် သမီးတော်ကို ညစ်နွမ်းသောသဘောရှိသော ထဘီအဝတ် ၁-ထည်ကို ဝတ်စေလျက် သမီးတော်နှင့် အတူ တကွ နန်းတော်မှ ထွက်ခဲ့၍ ခရီးသွားကဲ့သို့ အခစားလုပ် ပြုလုပ်ကြသောသူတို့၏ လမ်းခရီး သို့ သွား၍ အိမ် ၁-အိမ်သို့ ဝင်ရောက်ပြီးလျှင် "မိခင်၊ ကျွန်မတို့သည် ခရီးသွားများ ဖြစ် ကြပါ၏။ ဤအိမ်၌ ၁-ရက်,၂-ရက်ခန့်လောက် အပန်းဖြေပြီးမှ ခရီးဆက်လက် သွားပါရစေ" ဟု ဆိုလေ၏။ "ချစ်သမီး၊ ဤအိမ်၌ အိမ်သူအိမ်သား များကုန်၏။ ဤအိမ်၌ နေရန်

မစွမ်းနိုင်။ ကုမ္ဘဃောသက၏ အိမ်သည်ကား လူမရှိ၊ ထိုကုမ္ဘဃောသက၏အိမ်သို့ သွားကြလော့”ဟု ဆိုလေလျှင် ထိုနန်းတွင်းသူသည်လည်း ကုမ္ဘဃောသကအိမ်သို့ သွား၍–

“အရှင်၊ ကျွန်မတို့သားအမိ ခရီးသွားဧည့်သည် ဖြစ်ပါ၏။ ဤအိမ်၌ ၁-ရက်၊၂-ရက်ခန့် တည်းခိုနေပါရစေ”ဟု ပန်ကြားပြောဆိုပြီးလျှင် အဖန်ဖန်အထပ်ထပ် တားမြစ်အပ်သော်လည်း “အရှင်၊ ယနေ့ ၁-ရက်မျှနေ၍ နံနက်စောစောထ၍ သွားပါတော့အံ့”ဟု ဆိုကာ ထွက်ခွါဖယ်သွားခြင်းငှာ အလိုမရှိလေဘဲ ထိုနန်းတွင်းသူသည် ထိုကုမ္ဘဃောသကအိမ်၌ပင် တည်းခိုနေထိုင်၍ တဖန်မိုးသောက် အလင်းရောက်သောနေ့၌ ကုမ္ဘဃောသကတောသို့ ထွက်သွားခါနီးသောအခါ “အရှင်၊ သင်၏ဝမ်းစာ ဆန်ရိက္ခာတို့ကို ပေးထားခဲ့၍ သွားပါ။ သင့်အတွက် အာဟာရကို ချက်ပြုတ်၍ ထားနှင့်ပါမည်”ဟု ဆိုလေလျှင်–

“မိခင်၊ တော်ပါပြီ။ အလိုမရှိပါ။ ကျွန်တော်ကိုယ်တိုင်ပင် ချက်ပြုတ်၍စားပါမည်”ဟု ဆိုလတ်သော် နန်းတွင်းသူသည် အဖန်ဖန်အထပ်ထပ် တောင်းပန်လတ်၍ မေတ္တာကြိုးထုံးဖွဲ့မိအောင် ပြောဆိုသောကြောင့် ကုမ္ဘဃောသကသည် ပေးအပ်သည်ရှိသော် ယူကာမျှကိုသာလျှင် ပြု၍ အိမ်ဈေးမှ အိုးခွက်များနှင့် သန့်ရှင်းသော ဆန်-စသည်တို့ကို ဆောင်ယူစေ၍ နန်းတော်တွင်း မင်းအိမ်၌ ချက်ပြုတ်သောနည်းဖြင့် အလွန်သန့်ရှင်းစင်ကြယ်သော ထမင်းနှင့် ကောင်းမွန်မြိန်မြတ်သော၊ အရသာနှင့်ပြည့်စုံသော၊ ၂-မျိုး၊ ၃-မျိုးကုန်သော လက်သုပ်ဟင်းလျာတို့ကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားပြီးမှ အလုပ်လုပ်ရာ တောမှ ပြန်ရောက်လာသော ကုမ္ဘဃောသကအား ပြုပြင်၍ ပေးလေ၏။

ထိုအခါ ချိုမြိန်ကောင်းမြတ်သော အရသာရှိသည့် ခဲဖွယ်ဘောဇဉ်ဟင်းလျာတို့ကို စားသောက်ရသဖြင့် နူးညံ့ပျော့ပျောင်း၍ စိတ်ထားပြောင်းလာသော ထိုကုမ္ဘဃောသကကို “အရှင်၊ ကျွန်မတို့သည် ခရီးပန်းလှပါကုန်၏။ ဤအိမ်၌ပင်လျှင် ၁-ရက်၊ ၂-ရက် ဆက်လက်တည်းခိုနေထိုင်ကြပါရစေဦး”ဟု ပြောဆိုတောင်းပန်လေ၏။ ကုမ္ဘဃောသကလည်း “ကောင်းပါပြီ”ဟု ဝန်ခံလေ၏။ ထို့နောက် ညချမ်းအခါ ညနေစာနှင့် တဖန်မိုးသောက်နောက်နေ့တို့၌လည်း မြိန်မြတ်ကောင်းမွန်သော ထမင်းကို ချက်ပြုတ်၍ ကုမ္ဘဃောသကအား ပြုပြင်ကာ ပေးလေ၏။ ထိုကုမ္ဘဃောသက၏ နူးညံ့ပျော့ပျောင်းသော စိတ်ထားရှိလာသည့် အဖြစ်ကို သိရလေလျှင် “အရှင်၊ ဤအိမ်၌ပင်လျှင် ၂-ရက်၊ ၃-ရက် ဆက်လက်တည်းခိုနေထိုင်ကြပါရစေဦး”ဟု ပြောဆိုကာ နေထိုင်လေ၏။

ထိုအိမ်၌ နေ့စဉ် ဓားထက်ထက်ဖြင့် ထိုကုမ္ဘဃောသက၏ ခုတင်ညောင်စောင်းဘောင်၏အောက် ထိုထိုအရပ်၌ လှီးဖြတ်ကာ ထားလေ၏။ ကုမ္ဘဃောသကသည် လာ၍ထိုင်ကာမျှ၌သာလျှင် ညောင်စောင်းသည် အောက်သို့ တွဲရရွဲဆွဲကာ လျှောကျလေ၏။

ကုမ္ဘဃောသကသည် "ညောင်စောင်းသည် အဘယ်ကြောင့် ဤသို့ဖြတ်ကာ လျှောကျသွား လေသနည်း"ဟု မေးလတ်သော် "အရှင်၊ ကလေးသူငယ်တို့ကို တားမြစ်ခြင်းငှာ မစွမ်းနိုင် ပါ။ ဤခုတင်ညောင်စောင်းပေါ်၌သာလျှင် စုဝေးနေကာ နေထိုင်ကြပါကုန်၏"ဟု ပြောဆို လေ၏။ "မိခင်၊ ကျွန်ုပ်အား ဤသို့သော ဆင်းရဲဒုက္ခသည် အသင်မိခင်တို့ကို မှီ၍ ဖြစ်ရ ဘိ၏။ ကျွန်ုပ်သည် ရှေးအခါက တစ်စုံတစ်ခုသောအရပ်သို့ သွားလိုသော် တံခါးကို ပိတ်၍ သွားရပါ၏"ဟု ဆိုသောအခါ "အမောင်၊ အဘယ်သို့ပြုရအံ့နည်း။ တားမြစ်ခြင်းငှာ မစွမ်း နိုင်ပါ"ဟု ဆိုလေ၏။

ထိုနန်းတွင်းသူသည် ဤနည်းဖြင့်သာလျှင် ၂-ရက်, ၃-ရက်တိုင်တိုင် ဆက်လက်၍ ဖြတ်ထားခြင်းကြောင့် ကုမ္ဘဃောသကသည် ကဲ့ရဲ့ရှုတ်ချကာ အပြစ်ပြောဆိုသော်လည်း ရှေးနည်းအတူသာလျှင် ပြောဆို၍ တဖန် ကြိုး ၁-ချောင်း,၂-ချောင်းမျှသာ ချန်ထား၍ ကြွင်းသမျှကြိုးတို့ကို အကုန်ဖြတ်ထားလေ၏။ ထိုနေ့၌ ကုမ္ဘဃောသကသည် ထိုင်ကာမျှ၌ ပင်လျှင် တစ်နေရာလုံး မြေသို့ ကျရောက်သွားလေ၏။ ဦးခေါင်းသည် ပုဆစ်ဒူးတို့နှင့်အတူ တကွ တပေါင်းတည်းဖြစ်၍ နေလေ၏။ ကုမ္ဘဃောသကသည် ထ၍ "ယခုအခါ ဘယ်သို့ ပြုလုပ်ရအံ့နည်း။ အဘယ်သို့ သွားရအံ့နည်း။ သင်တို့သည် အိပ်ရာခုတင် ညောင်စောင်းကို ပင် မပိုင်ဆိုင်သော သူကိုကဲ့သို့ ပြုဘိ၏တကား"ဟု ဆိုလေ၏။

"အမောင်၊ ငါသည် အဘယ်သို့ ပြုရအံ့နည်း။ အိမ်နီးချင်း ကလေးသူငယ်တို့ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ။ ရှိပါစေတော့။ ထွေထွေရာရာ မစိုးရိမ်,မကြုံစည်ပါလင့်။ ဤသို့ သော အချိန်မဲ့၌ အဘယ်အရပ်သို့ သွားအံ့နည်း"ဟု ဆို၍ သမီးကို ခေါ်ပြီးလျှင် "ချစ်သမီး၊ သင့်မောင်အား အိပ်စရာ နေရာအခွင့်ကို ပြုလုပ်ပေးပါလော့"ဟု ဆိုလေ၏။ ထိုသတို့သမီး သည် နံပါး ၁-ဘက်ဖြင့် အိပ်၍ "အရှင်၊ ဤအိပ်ရာပေါ်သို့ လာခဲ့ပါ"ဟု ဆိုလျှင် မိခင်ဖြစ်သူ သည်လည်း "အမောင်၊ သွားပါချေ။ သင့်နှမနှင့်အတူ အိပ်ပါလော့"ဟု ဆိုပြန်လေ၏။ ထိုကုမ္ဘဃောသကသည် သတို့သမီးနှင့် အတူတကွ ခုတင်ညောင်စောင်း ၁-ခုတည်း၌ အိပ်သဖြင့် ထိုနေ့၌ပင်လျှင် အကျွမ်းတဝင် ရောနှောပေါင်းသင်းခြင်းကို ပြုမိလေသော ကြောင့် သတို့သမီးသည် ထ၍ ငိုကြွေးမြည်တမ်းလေ၏။

ထိုအခါ သတို့သမီးကို မိခင်သည် "ချစ်သမီး၊ အဘယ်ကြောင့် ငိုကြွေးဘိသနည်း" ဟု မေးလေလျှင် "မိခင်၊ ဤမည်သော အဖြစ်သို့ ရောက်ခဲ့လေပြီ"ဟု ဆိုလေ၏။ "ချစ်သမီး၊ ရှိစေတော့။ အဘယ်သို့သောအမှုကို ပြုခြင်းငှာ တတ်နိုင်ကောင်းတော့အံ့နည်း။ ချစ်သမီး သည်လည်း မှီခိုအားထားရာ ခင်ပွန်းလင် ၁-ယောက်ကို ရခြင်းငှာ သင့်၏။ ဤလုလင်သည် လည်း ခြေရင်းအလုပ်အကျွေး ဇနီး ၁-ယောက်ကို ရခြင်းငှာ သင့်၏"ဟု ထိုကုမ္ဘဃောသက

ကို သားမက်အဖြစ် ပြုလေ၏။ ထိုသူတို့သည် အညီအညွတ် ဇနီးမောင်နှံအဖြစ် ပေါင်းသင်းကာ နေထိုင်ကြလေကုန်၏။

----- x -----

## (၆) ကုမ္ဘဃောသက ဗိမ္ဗိသာရမင်းကြီးထံမှောက်သို့ ရောက်ရခြင်း

ထိုနန်းတွင်းသူသည် ၂-ရက်, ၃-ရက် လွန်မြောက်သောအခါ မင်းကြီးအထံသို့ "အရှင်မင်းကြီး၊ 'အခစားအလုပ် ပြုလုပ်သောသူတို့၏ ခရီးလမ်းမ၌ ပွဲသဘင် ကျင်းပကြကုန်။ အိမ်၌ ပွဲသဘင် မကျင်းပသောသူအား ဤမျှလောက်သောဒဏ် တပ်စေရမည်'-ဟု ဆင့်ဆိုကြွေးကြော်မှုကို ပြုတော်မူပါလော့"ဟု သတင်းစကားကို စေလွှတ်ပို့သလိုက်လေ၏။ မင်းကြီးသည်လည်း ထိုနန်းတွင်းသူ မှာကြားသည့်အတိုင်း ပြုစေ၏။ ထိုအခါ ကုမ္ဘဃောသကကို ယောက္ခမဖြစ်သူသည် "ချစ်သား၊ အခစားအလုပ် ပြုလုပ်သောသူတို့၏ ခရီးလမ်းမ၌ ဘုရင်မင်းမြတ်၏ အမိန့်အာဏာဖြင့် ပွဲသဘင်ကျင်းပရမည် ဖြစ်တော့သည်။ အသို့ပြုရအံ့နည်း"ဟု ဆိုလေ၏။ "မိခင်၊ ကျွန်တော်သည် အခစားအလုပ် ပြုလုပ်ရသော်လည်း အသက်မွေးခြင်းငှာ မစွမ်းနိုင်ပါ။ အဘယ်သို့လျှင် ပြုနိုင်ပါတော့အံ့နည်း"ဟု ဆိုလေ၏။

"ချစ်သား၊ အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေသောသူတို့ မည်သည်ကား ကြွေးမြီကိုသော်လည်း ယူရပါကုန်၏။ မင်း၏အမိန့်အာဏာကိုကား မပြုဘဲ မနေရပါ။ ယူထားအပ်သော ကြွေးမြီမှုကား အမှတ်မထင် တစ်စုံတစ်ခုသော အကြောင်းကြောင့် ကင်းလွတ်ခြင်းငှာ တတ်နိုင်ကောင်းပါသေး၏။ ချစ်သား သွားပါချေ။ တစ်စုံတစ်ယောက်သောသူ၏အထံမှ အသပြာ ၁-ခု, ၂-ခုတို့ကို ယူဆောင်ခဲ့ပါလော့"ဟု ပြောဆိုလေ၏။ ထိုကုမ္ဘဃောသကသည် ကဲ့ရဲ့ညည်းတွားလျက် ထွက်သွားကာ ကုဋေ ၄၀-သော ဥစ္စာထားရာမှ ၁-သပြာကိုသာ ယူဆောင်လာခဲ့လေ၏။ ထိုနန်းတွင်းသူသည် ကုမ္ဘဃောသက ပေးအပ်သော အသပြာကို မင်းကြီး၏အထံသို့ ပို့စေ၍ မိမိ၏အသပြာဖြင့် ပွဲသဘင်ကို ကျင်းပပြီးသည်ရှိသော် တဖန် ၂-ရက်, ၃-ရက် လွန်ပြန်သောအခါ ရှေးနည်းအတူသာလျှင် သတင်းစကားကို စေလွှတ်ပို့လိုက်ပြန်လေ၏။

မင်းကြီးသည် တဖန်ထပ်၍ "ပွဲသဘင်ကို ကျင်းပကြစေကုန်။ မကျင်းပသောသူတို့အား ဤမျှသောဒဏ် တပ်ရမည်"ဟု မင်း၏အာဏာဖြင့် စေခိုင်းပြန်လေ၏။ တဖန်လည်း ကုမ္ဘဃောသကကို ယောက္ခမဖြစ်သူ နန်းတွင်းသူသည် ရှေးနည်းအတူသာလျှင် ပြောဆို၍ နှိပ်စက်ညှဉ်းပမ်း ခိုင်းစေအပ်သည်ရှိသော် ဥစ္စာထားရာအရပ်သို့ သွား၍



ဗိမ္ဗိသာရမင်းကြီးသည် ကုမ္ဘဃောသကကို

အသပြာ ၃-ခုတို့ကို ယူဆောင်လာခဲ့လေ၏။ ထိုနန်းတွင်းသူသည် ကုမ္ဘဃောသက ယူဆောင်လာခဲ့သော ထိုအသပြာတို့ကို မင်းကြီးအား ဆက်သပို့ဆောင်စေ၍ တဖန်၂-ရက်, ၃-ရက် လွန်ပြန်သောအခါ ရှေးနည်းအတူသာလျှင် သတင်းစကားကို စေလွှတ်လိုက်ပြီးလျှင် "ယခုအခါ မင်းချင်းယောကျာ်းတို့ကို စေလွှတ်၍ ဤကုမ္ဘဃောသကကို ခေါ်စေတော်မူပါ"ဟု မင်းကြီးကို စေခိုင်းလိုက်ပြန်လေ၏။

မင်းချင်းယောကျာ်းတို့လည်း ထိုအရပ်သို့ သွား၍ "ကုမ္ဘဃောသက မည်သောသူကား အဘယ်သူနည်း"ဟု မေး၍ ရှာဖွေကြကုန်လျက် ကုမ္ဘဃောသကကို တွေ့၍ "အို-အချင်း၊ အသင့်ကို မင်းကြီးသည် ခေါ်တော်မူ၏"ဟု ပြောဆိုကြကုန်၏။ ထိုကုမ္ဘဃောသကသည် ကြောက်ရွံ့သောကြောင့် "ငါ့ကို မင်းကြီး မသိပါ"-စသော စကားတို့ကို ပြောဆို၍ လိုက်သွားခြင်းငှာ အလိုမရှိဘဲ နေလေ၏။ ထိုအခါ ကုမ္ဘဃောသကကို အနိုင်အထက် လက်-စသည်တို့ကို ဆွဲကိုင်ဖမ်းဆီး၍ ခေါ်ငင်သွားကြကုန်၏။ ယောက္ခမသည် ထိုမင်းချင်းယောကျာ်းတို့ကို မြင်သဖြင့် "ဆိုနိုင်ခက်သော အချင်းယောကျာ်းတို့၊ သင်တို့သည် ငါ၏သားသမက်ကို လက်-စသည်တို့၌ ဖမ်းယူကိုင်ဆွဲခြင်းငှာ မသင့်လျော်,မလျောက်ပတ်ကုန်"ဟု ခြိမ်းခြောက်မောင်းမဲ၍ "ချစ်သား၊ လာလှည့်၊ မကြောက်လင့်။ မင်းကြီးကို ဖူးမြင်တွေ့ရှိသောအခါ သင့်လက်-စသည်ကို ဖမ်းဆီးဆွဲငင်ကုန်သောသူတို့အား လက်တို့ကိုပင် ဖြတ်စေအံ့"ဟု ဆို၍ သမီးကို ခေါ်ယူပြီးလျှင် မင်းအိမ်နန်းတော်သို့ ရှေ့မှ သွားနှင့်ပြီးသော် အသွင်ကိုလဲလှယ်ကာ ပြောင်းထား၍ အလုံးစုံသော အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်ပြင်လျက် တင့်အပ်လျောက်ပတ်သောနေရာ၌ တည်နေလေ၏။ မင်းချင်းယောကျာ်းတို့သည်လည်း ကုမ္ဘဃောသကကို ဆွဲငင်ဖမ်းဆီးလျက် ခေါ်ဆောင်ကာ သွားကြကုန်တော့၏။

----- x -----

## (၇) ကုမ္ဘဃောသကကို သူဌေးရာထူးပေးခြင်း

ထိုအခါ ရှိခိုးလျက်တည်နေသော ကုမ္ဘဃောသကကို မင်းကြီးသည် "သင်သည် ကုမ္ဘဃောသက-မည်သောသူ ဟုတ်မှန်သလော"ဟု မေးတော်မူလေ၏။ "အရှင်မင်းမြတ်၊ ဟုတ်မှန်ပါ၏"ဟု ဝန်ခံလေလျှင် "သင်သည် အဘယ်ကြောင့် များစွာသော ပစ္စည်းဥစ္စာကို ငါ့အား လှည့်ပတ်၍ ဖုံးထားပြီးကာ ဖြစ်သလို သုံးစွဲစားသောက်၍ နေဘိသနည်း"ဟု မေးတော်မူလေလျှင် "အရှင်မင်းမြတ်၊ အခစားအလုပ် ပြုလုပ်၍ အသက်မွေးမြူရသော ဘုရားကျွန်တော်မျိုးအား များစွာသော ပစ္စည်းဥစ္စာ အဘယ်မှာရှိပါအံ့နည်း"ဟု လျှောက်တင်

လေလျှင် ဗိမ္ဗိသာရမင်းကြီးသည် "သင် ဤသို့ မပြုလုပ်,မပြောဆိုပါလင့်။ ငါတို့ကို အဘယ်ကြောင့် လှည့်ပတ်ဘိသနည်း"ဟု မိန့်တော်မူသောအခါ "အရှင်မင်းမြတ်၊ မလှည့်ပတ်ပါ။ ဘုရားကျွန်တော်မျိုးအား ပစ္စည်းဥစ္စာ မရှိပါ"ဟု လျှောက်တင်ပြန်လေ၏။ ထိုအခါ မင်းကြီးသည် ကုမ္ဘဃောသကအား ထိုအသပြာတို့ကို ထုတ်ပြပြီးလျှင် "ဤအသပြာတို့သည်ကား အဘယ်သူ၏ အသပြာတို့ပေနည်း"ဟု မေးမြန်းတော်မူလေ၏။

ကုမ္ဘဃောသကသည် မှတ်မိသည်ဖြစ်၍ "ငါသည် မိုက်မှားမိလေစွတကား။ အဘယ်သို့သောအကြောင်းဖြင့် ဤအသပြာတို့သည် မင်းကြီး၏လက်တော်သို့ ရောက်ရှိ၍ နေပါလိမ့်မည်နည်း"ဟု ကြံစည်ကာ ထိုမှ,ဤမှ ကြည့်ရှုလတ်သည်ရှိသော် အထူးထူးသော အဆင်တန်ဆာတို့ဖြင့် တန်ဆာပြင်ဆင်လျက် တိုက်ခန်းတံခါးအနီး၌ တည်နေကြကုန်သော နန်းတွင်းသူသားအမိ ၂-ယောက်တို့ကို မြင်လေရကား "ဤအမှုကား ဝန်လေးစွတကား။ ဤမိန်းမတို့သည်ကား ငါ့အထံသို့ မင်းကြီး စေလွှတ်အပ်သူတို့ ဖြစ်တန်ရာ၏"ဟု ဆင်ခြင်စဉ်းစားမိလေ၏။

ထိုအခါ ကုမ္ဘဃောသကကို မင်းကြီးသည် "အိုး-အချင်း၊ မှန်မှန်ပြောဆိုလော့။ အဘယ်ကြောင့် ဤသို့ ပြုဘိသနည်း"ဟု မေးတော်မူလေလျှင် "အရှင်မင်းကြီး၊ ကျွန်တော်မျိုးအား မှီခိုအားထားရာ မရှိပါ"ဟု လျှောက်တင်သဖြင့် မင်းကြီးသည် "ငါကဲ့သို့ သဘောရှိသောသူသည် အသင်၏ မှီခိုအားထားရာဖြစ်ခြင်းငှာ မသင့်ပါပြီလော"ဟု မိန့်တော်မူလေ၏။ "အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည် ဘုရားကျွန်တော်မျိုး၏ မှီခိုအားထားရာ အကယ်၍သာ ဖြစ်ခဲ့ပါအံ့။ သင့်လျော်ကောင်းမြတ်လှပါ၏"ဟု လျှောက်တင်သဖြင့် "အိုး-အချင်း၊ ငါသည် အသင်၏ မှီခိုအားထားရာ ဖြစ်ပေတော့အံ့။ သင့်အား ပစ္စည်းဥစ္စာ အဘယ်မျှလောက် ရှိသနည်း"ဟု မေးတော်မူလေ၏။ "အရှင်မင်းမြတ်၊ ကျွန်တော်မျိုးအား ပစ္စည်းဥစ္စာ ကုဋေ ၄၀-မျှလောက် ရှိပါ၏"ဟု လျှောက်တင်လတ်သော် "အဘယ်အရာဝတ္ထုကို ရခြင်းငှာ သင့်သနည်း"ဟု မေးတော်မူ၍ "အရှင်မင်းမြတ်၊ လှည်းတို့ကို ရခြင်းငှာ သင့်၏"ဟု လျှောက်တင်လေ၏။

မင်းကြီးသည် အရာမက များစွာသော လှည်းတို့ကို က-စေပြီးလျှင် မင်းရင်ပြင်၌ အစုအပုံ ပြုလုပ်စေပြီးသော် ရာဇဂြိုဟ် ပြည်သူ,ပြည်သားတို့ကို စည်းဝေးစေ၍ "ဤရာဇဂြိုဟ်ပြည်၌ တစ်စုံတစ်ယောက်သောသူအား ဤမျှလောက်သော ပစ္စည်းဥစ္စာ ရှိလေသလော"ဟု မေးတော်မူလေလျှင် "အရှင်မင်းမြတ်၊ မရှိပါ"ဟု လျှောက်ထားကြသည်ရှိသော် "ထိုသူအား အဘယ်သို့ ပြုခြင်းငှာ သင့်သနည်း"ဟု မေးတော်မူလေ၏။ "အရှင်မင်းမြတ်၊ ပူဇော်သက္ကာရ ချီးမြှောက်မစ-ခြင်းကို ပြုခြင်းငှာ သင့်တန်ပါ၏"ဟု လျှောက်ဆိုလတ်သော်

မင်းကြီးသည် ပုဇော်သက္ကာရ ချီးမြှောက်မစ-သောအားဖြင့် ထိုကုမ္ဘဃောသကကို သူဌေး အရာ၌ထား၍ သမီးတော်ကိုလည်း ထိုကုမ္ဘဃောသကအားသာလျှင် ပေးအပ်ထိမ်းမြားပြီး လျှင် ထိုကုမ္ဘဃောသကနှင့်အတူတကွ ဘုရားရှင်၏အထံတော်သို့ သွားရောက်ကြ၍ ဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးပြီးလျှင်-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤယောကျ်ားကို ရှုစားတော်မူပါကုန် ဘုရား။ ဤသို့ သဘောရှိသော တည်ကြည်ဖြောင့်မတ်သော ပညာရှိသောသူမည်သည် မရှိပါ။ ကုဋေ ၄၀-ကြွယ်ဝချမ်းသာသော စည်းစိမ်ဥစ္စာရှင် ဖြစ်ပါလျက်လည်း လျှပ်ပေါ်လော် လည်သော အခြင်းအရာကိုလည်းကောင်း, ငါ-ဟူသော မာန်မာန ထောင်လွှားခြင်းမှုကို လည်းကောင်း မပြုမူ၍ အထီးကျန်စွာ ဆင်းရဲရှာသောသူကဲ့သို့ ပုဆိုးပိုင်းကို ဝတ်လျက် အခစားအလုပ် ပြုလုပ်သောသူတို့၏ ခရီးလမ်းမ၌ အခစားအလုပ် ပြုလုပ်၍ အသက်မွေး ကာ နေပါ၏။ ဒကာတော်သည် ဤမည်သော အကြောင်းဥပါယ်ကို ပြုသဖြင့် အမှန်ကို သိရပါ၏။ သိရပြီးသောအခါ အခေါ်လွှတ်၍ ပစ္စည်းဥစ္စာရှိသည်၏အဖြစ်ကို ဝန်ခံစေပြီး လျှင် ထိုပစ္စည်းဥစ္စာတို့ကို ယူဆောင်စေကာ သူဌေးအရာ၌ ထားပါ၏။ သမီးတော်ကိုလည်း ထိုကုမ္ဘဃောသကအား ပေးအပ်ထိမ်းမြား ဆောက်နှင်းထားပါ၏ဘုရား။ ဒကာတော်သည် ဤသို့သဘောရှိသော တည်ကြည်ဖြောင့်မတ်သော ပညာရှိသောသူကို မတွေ့မမြင်စဖူးပါ ဘုရား"ဟု နားတော်လျှောက်ထားလေ၏။

----- x -----

## (၈) ကုမ္ဘဃောသကသူဌေး သောတာပန်၌ တည်ခြင်း

ထိုသို့ ဗိမ္ဗိသာရမင်းကြီး လျှောက်ထားသော စကားကို ကြားသိတော်မူ၍ ဘုရားရှင် သည် "ဒါယကာ မင်းမြတ်၊ ဤသို့ အသက်မွေးသောသူ၏ အသက်ရှင်ခြင်းသည် တရား သဖြင့် သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အသက်ရှည်ခြင်း မည်ပေ၏။ သူတပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်း-စသော အမှုသည်ကား ပစ္စုပ္ပန်လောက ဤဘဝ၌လည်း နှိပ်စက် ဖိစီး ဖျက်ဆီးတတ်ပေ၏။ တမလွန်လောက နောင်ဘဝ၌လည်း နှိပ်စက်ဖိစီး ဖျက်ဆီးတတ် ပေ၏။ ထိုအကြောင်းကြောင့် ချမ်းသာခြင်းမည်သည် မရှိနိုင်။ မှန်၏။ တစ်စုံတစ်ယောက် သော ယောကျ်ားအား ဥစ္စာစီးပွါး ဆုံးပါးပျက်စီးသောအခါ၌ လယ်ထွန်ခြင်း, အခစားအလုပ် ပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ အသက်ရှည်ခြင်း*(သည်)* တရားသဖြင့် သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အသက်ရှည်ခြင်း မည်၏။

ဤသို့ သဘောရှိသည့် လုံ့လ,ဝီရိယနှင့် ပြည့်စုံသော၊ သတိနှင့်ပြည့်စုံသော၊ ကိုယ်,နှုတ်တို့ဖြင့် စင်ကြယ်သော အမှုရှိသော၊ ပညာဖြင့် စူးစမ်းဆင်ခြင်လျက် ပြုလုပ်လေ့ရှိသော၊ ကိုယ်,နှုတ်,နှလုံး ၃-ပါးဖြင့် ကျင့်သုံးစောင့်စည်းလေ့ရှိသော၊ တရားသဖြင့် အသက်မွေးမြူခြင်းကို မွေးမြူလေ့ရှိသော၊ မကင်းသော သတိတရား၌ တည်သောသူအား အစိုးရခြင်း စည်းစိမ်ချမ်းသာသည် တစ်နေ့တခြား တိုးပွါးစည်ပင်၍ လာတော့သည်သာတည်း”ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော “ဥဋ္ဌာနဝတော သတီမတော”အစရှိသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၉) ဒေသနာတော်၏အကျိုး

ဤဂါထာဒေသနာတော်၏ အဆုံး၌ ကုမ္ဘဃောသကသူဌေးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုမှတပါး များစွာသောသူတို့သည်လည်း သောတာပတ္တိဖိုလ်-စသည်တို့သို့ ရောက်ကြလေကုန်၏။ ဤသို့လျှင် ဤဓမ္မဒေသနာတော်သည် လူများအပေါင်းအားအကျိုးတရားများသော တရားဒေသနာတော် ဖြစ်လေ၏။

ကုမ္ဘဃောသကသူဌေးဝတ္ထု ပြီး၏။

★★★★★★★

## ၃။ စူဠပန္ထကတ္ထေရဝတ္ထု

## (၁) ဒေသနာတော်

“လုံ့လ,သတိ၊ သီလပြည့်လျက်၊ စောင့်ဘိ ဣန္ဒြေ၊ ဤ ၄-ထွေနှင့် ပြည့်စုံသည့် ပညာရှိသည် ဩဃတည်းဟူသော ရေအလျဉ်မှ လွတ်မြောက်၍ အရဟတ္တဖိုလ်တည်းဟူသော ကျွန်းသို့ ရောက်နိုင်ကြောင်း”ကို စူဠပန္ထကမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၂၅။ ဥဋ္ဌာနေန'ပ္ပမာဒေန၊ သံယမေန ဒမေန စ။
ဒီပံ ကယိရာထ မေဓာဝီ၊ ယံ ဩဃော နာဘိကီရတိ။ ။

၂၅။ ဥဋ္ဌာနေန စ၊ ထကြွလုံ့လ၊ ဝီရိယကြောင့်လည်းကောင်း။ အပ္ပမာဒေန စ၊ ကုသိုလ်ဓလေ့၊ မမေ့မလျော့၊ မပေါ့မမှား၊ အပ္ပမာဒ သတိတရားကြောင့်လည်းကောင်း။

သံယမေန စ၊ စတုပါရိ၊ သုဒ္ဓိ ၄-အင်၊ အစဉ်ညီမျှ၊ သီလ-ဟူသော စောင့်စည်းခြင်းကြောင့်လည်းကောင်း။ ဒမေန စ၊ စက္ခုအစ၊ ၆-ဒွါရကို၊ ဆုံးမနှိမ်နင်း၊ လုံခြုံစေခြင်းကြောင့်လည်းကောင်း။ မေဓာဝီ၊ ရှေ့,နောက် ကောင်း,ဆိုး၊ ကြောင်း,ကျိုးမြင်ဘိ၊ ပညာရှိသူတော်ကောင်းသည်။ ယံ ဒီပံ၊ မြင့်မြတ်ကပို၊ အရဟတ္တဖိုလ်-ဟု၊ ခေါ်ဆိုမည်ထွန်း၊ အကြွင်မဲ့ရာကျွန်းကို။ ဩဃော၊ လွှမ်းမိုးမျှော်ချ၊ ဆောလျင်လှသည့်၊ ဩဃမည်တွင်၊ ရေအလျဉ်သည်။ နာဘိကီရတိ၊ မလွှမ်းမိုး,မဖိစီးနိုင်။ တံ ဒီပံ၊ အရဟတ္တဖိုလ်-ဟု၊ ခေါ်ဆိုမည်ထွန်း၊ ထိုမှီခိုရာကျွန်းကို။ ကယိရာထ၊ အရိုးကြေကြေ၊ အရေခန်းခန်း၊ ကြိုးပမ်းအားထုတ်၊ ပြုလုပ်ခြင်းငှာ၊ စွမ်းနိုင်ပေရာ၏။

----- x -----

## (၂) ဆောင်ပုဒ်

လုံ့လလည်းရှိ၊ သတိရှိနှင့်၊ စောင့်ဘိသီလ၊ ခြောက်ဝဏ္ဏမြွေ၊ လုံခြုံပေတည်း၊ ဆိုပြီး ၄-ပါး၊ လက်ကိုင်ထားဘိ၊ လူပဏ္ဍိတ်မှာ၊ သံသာဘဝ၊ ဖန်ဖန်ချသည့်၊ ဩဃမည်တွင်၊ ရေအလျဉ်ကား၊ မဝင်မကပ်၊ လွန်မြင့်မြတ်သည့်၊ ထက်ရပ်ဗဟို၊ အရဟတ္တဖိုလ်-ဟု၊ ခေါ်ဆိုမည်ထွန်း၊ မှီရာကျွန်းကို၊ ဆောင်စွမ်းပြုလုပ်နိုင်သတည်း။

**“ဥဋ္ဌာနေန ’ပ္ပမာဒေန”**အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **စူဠပန္ထကမထေရ်**ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

**ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။** ရာဇဂြိုဟ်ပြည်၌ ပစ္စည်းဥစ္စာ များစွာ ချမ်းသာကြွယ်ဝသော **ဓနသေဋ္ဌိ**-မည်သော သူဌေးမျိုး၏ သမီးသည် အရွယ်သို့ ရောက်သောအခါ မိဘ ၂-ပါးတို့သည် ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်ထက်အပြင်၌ ထား၍ အလွန်လျှင် စောင့်ရှောက်သဖြင့် အရွယ်မာန်ယစ်ခြင်းဖြင့် ယစ်သည်ဖြစ်၍ ယောကျာ်း၌ လျှပ်ပေါ်လော်လည်ခြင်းရှိသည်၏အဖြစ်ကြောင့် မိမိ၏ကျွန်ဖြစ်သော ယောကျာ်းနှင့်ပင်လျှင် ပေါင်းဖက်ယဉ်ပါး မှားယွင်းပြီးလျှင် “အခြားသောသူတို့သည်လည်း ဤငါ၏အမှုကို သိကုန်ရာ၏”ဟု ကြောက်ရွံ့ခြင်းကြောင့် “ငါတို့သည် ဤအရပ်၌ နေထိုင်ခြင်းငှာ မတတ်ကောင်း။ ဤပြစ်မှုကို မိဘတို့ အကယ်၍ သိကုန်သည်ဖြစ်အံ့။ ငါ့ကို အပိုင်းအပိုင်း ပြုကုန်လတ္တံ့။ အရပ်တပါးသို့ သွားကြကုန်စို့အံ့”ဟု ဤသို့ ပြောဆိုလေသတတ်။ ထိုဇနီး,ခင်ပွန်း ၂-ယောက်တို့သည် လက်ကိုင်နိုင်လောက်သည့် ဥစ္စာနှစ်ကို ယူဆောင်ပြီးလျှင် တံခါးဦးဖြင့်

ထွက်ခဲ့၍ "အမှတ်မထင် တစ်စုံတစ်ခုသော အရပ်ဌာန သူတပါးတို့ မသိရာဒေသသို့ သွား၍ နေကုန်အံ့"ဟု ထွက်ခွါသွားကြလေကုန်၏။

----- x -----

## (၃) မဟာပန္ထကနှင့် စူဠပန္ထကတို့ကို ဖွားမြင်ခြင်း

တစ်ခုသောအရပ်၌ နေကြကုန်သော ထိုဇနီး,ခင်ပွန်း ၂-ယောက်တို့၏ ဆက်ဆံပေါင်းသင်း အတူနေထိုင်ခြင်းကို အစွဲပြု၍ ထိုသူဌေးသမီး၏ဝမ်း၌ ကိုယ်ဝန်သန္ဓေ စွဲကပ်တည်နေလေ၏။ သူဌေးသမီးသည် ကိုယ်ဝန်ရင့်မာသည်ကို အကြောင်းပြု၍ "ကိုယ်ဝန်ရင့်မာခြင်းသို့ ရောက်ခဲ့လေပြီ။ ဆွေမျိုးမိတ်ဆွေမှ ကင်းသော အရပ်ဒေသ၌ သားဖွားမြင်ရခြင်းမည်သည် ငါတို့ ၂-ဦးလုံးတို့အားပင် ဆင်းရဲဒုက္ခသို့ ရောက်အောင် ဆောင်တတ်ရကား မိဘ ၂-ပါး ဆွေမျိုးများအိမ်သို့သာ ပြန်သွားကြကုန်အံ့"ဟု လင်ယောကျ်ားနှင့် တိုင်ပင်လေ၏။ လင်ယောကျ်ားသည် "ငါသည် အကယ်၍ ထိုမိဘအိမ်သို့ သွားသည် ဖြစ်အံ့။ ငါ့အား အသက်သည် ရှိတော့မည်မဟုတ်"ဟု ကြံတွေးကြောက်ရွံ့သဖြင့် "ယနေ့ သွားကြမည်၊ နက်ဖြန် သွားကြမည်"ဟု နေ့ရက်တို့ကိုသာ ကုန်လွန်စေ၏။

သူဌေးသမီးသည် "အသိတရား နည်းပါးလှသည့် ဤသူမိုက်သည်ကား မိမိ၏အပြစ်ကြီးသောကြောင့် မသွားဝံ့ဘဲ ရှိ၏။ မိဘတို့မည်သည်ကား ဧကန်မုချ အစီးအပွါးကို အလိုရှိသည်သာ ဖြစ်၏။ ဤသူသွားသည်ဖြစ်စေ, မသွားသည်ဖြစ်စေ ငါကား လင်ယောကျ်ား အိမ်မှ ထွက်သွားခိုက် အိမ်ထောင်ပရိဘောဂ, အသုံးအဆောင်တို့ကို သိုမှီးသိမ်းဆည်းခဲ့ပြီးလျှင် မိမိ၏ဆွေမျိုးမိဘအိမ်သို့ သွားသည့်အဖြစ်ကို အိမ်နားနီးချင်းတို့အား မှာထားပြောကြားခဲ့၍ လမ်းခရီးသို့ ထွက်သွားလေ၏။

ထိုယောကျ်ားသည်လည်း အိမ်သို့ ပြန်လာ၍ သူဌေးသမီးကို မမြင်သည်ရှိသော် အိမ်နီးချင်းတို့ကို မေးသဖြင့် "သူဌေးသမီး မိဘအမျိုးအိမ်သို့ ပြန်သွားလေပြီ"ဟု ကြားသိရခြင်းကြောင့် လျင်စွာနောက်မှ လိုက်၍ လမ်းခရီးအကြား၌ မီလေ၏။ ထိုလမ်းခရီးအကြား၌ပင်လျှင် သူဌေးသမီးအားလည်း သားဖွားမြင်လေ၏။ ထိုခင်ပွန်းသည်လည်း "ချစ်နှမ၊ ဤအရာကား အဘယ်ပါနည်း"ဟု မေးသောအခါ "ချစ်လင်၊ အကျွန်ုပ်အား သား ၁-ယောက် ဖွားမြင်ပြီ"ဟု ပြောလေ၏။ "ယခုအခါ အဘယ်သို့ ပြုရကုန်အံ့နည်း"ဟု ဆိုလေလျှင် "သားဖွားရန်ကိစ္စအတွက် ငါတို့ မိဘအိမ်သို့ သွားရမည် ဖြစ်၏။ ထိုသားဖွားခြင်းကိစ္စသည် ယခုအခါ လမ်းခရီးအကြား၌ပင်လျှင် ပြီးစီးခဲ့လေပြီ။ ထိုမိဘအိမ်သို့ သွား၍

အဘယ်အမှု ပြုကုန်တော့အံ့နည်း။ ပြန်လည်ကြကုန်အံ့”ဟု ဆို၍ ဇနီးမောင်နှံ ၂-ဦးတို့သည်လည်း စိတ်တူ သဘောတူဖြစ်ကြကာ ပြန်လည်လာခဲ့ကြလေကုန်၏။ ထိုသတို့သား သူငယ်အားလည်း လမ်းခရီးအကြား၌သာလျှင် ဖွားမြင်ခြင်းကြောင့် ပန္ထက-ဟူ၍ အမည်ကို မှည့်ခေါ်ကြကုန်၏။

ထိုနောက် မကြာမြင့်မီပင်လျှင် သူဌေးသမီးအား အခြားတပါးသော ကိုယ်ဝန်သန္ဓေသည်လည်း တည်ပြန်လေ၏။ ရှေးနည်းအတိုင်းပင် အားလုံးအကျယ်ချဲ့၍ သိအပ်၏။ ထိုသတို့သားသူငယ်အားလည်း လမ်းခရီးအကြား၌ပင် ဖွားမြင်သောကြောင့် ရှေးဦးစွာ ဖွားမြင်သော သားကြီးအား မဟာပန္ထက, နောက်မှ ဖွားမြင်သော သားငယ်အား စူဠပန္ထက ဟူ၍ အမည်ကို မှည့်ခေါ်ကြကုန်၏။

----- x -----

## (၄) သား ၂-ယောက်တို့အား မိဘများထံသို့ ပို့ခြင်း

ထိုဇနီးမောင်နှံ ၂-ယောက်တို့သည်လည်း သားသူငယ် ၂-ယောက်တို့ကို ချီပိုးခေါ်ဆောင်၍ မိမိတို့နေထိုင်ရာ အရပ်သို့သာလျှင် ပြန်သွားကြလေကုန်၏။ ထိုဇနီးမောင်နှံတို့ ထိုအရပ်၌ နေထိုင်ကြကုန်စဉ် မဟာပန္ထကသူငယ်သည် အခြားသူငယ်တို့ “ဘကြီး,ဘထွေး” ဟူ၍လည်းကောင်း “အဘိုး,အဘွား”ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြ,ပြောဆိုကြသည်တို့ကို ကြားရလေလျှင် မိခင်အထံသို့ ချဉ်းကပ်၍ “မိခင်၊ ကျွန်တော်တို့မှတပါး အခြားသူငယ်တို့သည် ‘အဘိုး,အဘွား’-ဟူ၍လည်းကောင်း ‘ဘကြီး, ဘထွေး’-ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြ, ပြောဆိုကြပါသည်။ အသို့ပါနည်း၊ ကျွန်တော်တို့မှာကား ခေါ်ဝေါ်ပြောဆိုစရာ ဆွေမျိုးသားချင်းများ မရှိကုန်သလော”ဟု မေးမြန်းလေ၏။

“ချစ်သား၊ ဤအရပ်၌ သင်ချစ်သားတို့၏ ဆွေမျိုးသားချင်းများ မရှိသည်မှာ မှန်၏။ ရာဇဂြိုဟ်ပြည်၌ကား ခနသေဋ္ဌိမည်သော သူဌေးသည် သင်တို့၏ အဘိုးတည်း။ ထိုရာဇ-ဂြိုဟ်ပြည်၌ ငါတို့၏ ဆွေမျိုးတို့သည် များစွာရှိကုန်၏”ဟု ပြောပြလေ၏။ “မိခင်၊ အဘယ်ကြောင့် ထိုရာဇဂြိုဟ်ပြည်သို့ မသွားဘဲ နေကြကုန်ဘိသနည်း”ဟု မေးလတ်သော် သူဌေးသမီးသည် မိမိ၏ မသွားခြင်းအကြောင်းကို သားအား မပြောပြဘဲနေသဖြင့် သားငယ်တို့သည် အဖန်တလဲလဲ မေးမြန်းကြကုန်သည်ရှိသော် သူဌေးသမီးသည် ခင်ပွန်းသည်ကို “ဤသူငယ်တို့သည် ငါ့ကို အလွန်တရာ စိတ်ပင်ပန်းအောင် ပြုကြကုန်၏။ ငါတို့၏ မိခင်,

ဖခင်တို့သည် ငါတို့ကိုမြင်လျှင် အသားကို စားကြကုန်နိုင်မည်လော။ လာသာ လာပါ၊ သွား၍ သူငယ်တို့ကို အဘိုး,အဘွားအိမ်ကို ပြသကုန်အံ့”ဟု ဆိုလေ၏။

“ငါသည်ကား မျက်မှောက်၌နေခြင်းငှာ မစွမ်းနိုင်။ အမြင်မခံဝံ့။ သင်တို့ကိုကား ရောက်အောင် ပို့ပေးပါအံ့”ဟု ဆိုလျှင် “ကောင်းပါပြီ၊ အမှတ်မထင် တစ်စုံတစ်ခုသော အကြောင်းဥပါယ်ဖြင့် သူငယ်တို့အား အဘိုး,အဘွားအိမ်ကိုသာလျှင် ပြခြင်းငှာ သင့်၏”ဟု ကြံ၍ ဇနီးမောင်နှံ ၂-ယောက်တို့သည်လည်း သူငယ်တို့ကို ခေါ်ဆောင်၍ အစဉ်အားဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်လာကြပြီးလျှင် မြို့တံခါး၌ ဇရပ် ၁-ဆောင်သို့ ဝင်၍ သူငယ်တို့၏ မိခင်သည် သူငယ်၂-ယောက်တို့ကို ခေါ်ဆောင်၍ မိမိလာရောက်သောအဖြစ်ကို မိဘဖြစ်သော သူဌေးကြီးတို့အား ပြောကြားစေ၏။

ထိုသမီးနှင့် သားမက်တို့ လာရောက်ကြောင်း သတင်းစကားကို ကြားလေလျှင် “သံသရာ၌ ကျင်လည်ကြရကုန်သော သတ္တဝါတို့အား သားသမီးမဖြစ်ဖူးသောသူမည်သည် မရှိ။ ထိုသူတို့သည် ငါတို့၏အပေါ်၌ များစွာပြစ်မှားခြင်းကို ပြုကုန်၏။ ထိုသူတို့သည် ငါတို့၏မျက်မှောက် မျက်စိအောက်၌နေရန် မသင့်လျော်။ ဤမျှလောက်သော ပစ္စည်းဥစ္စာကို ယူ၍ ဇနီးမောင်နှံ ၂-ယောက်တို့သည် ချမ်းသာရာ အရပ်သို့ သွား၍ အသက်မွေးကြကုန်။ သူငယ်တို့ကိုကား ငါတို့အိမ်သို့သာလျှင် ပို့လိုက်ကြကုန်လော့”ဟု ပစ္စည်းဥစ္စာကို ပေး၍ တမန်စေလွှတ်လိုက်ကြလေကုန်၏။ ထိုဇနီးမောင်နှံ ၂-ယောက်တို့သည် ပို့လိုက်သောဥစ္စာကို ယူ၍ သူငယ်တို့ကို လာရောက်သော တမန်တို့၏လက်၌ အပ်၍ ပို့လိုက်ကြရလေကုန်၏။

----- x -----

## (၅) မဟာပန္ထကနှင့် စူဠပန္ထကတို့ ဘုရားရှင်သာသနာတော်သို့ ရောက်ကြခြင်း

သူငယ်တို့သည် အဘိုး,အဘွားတို့၏အိမ်၌ ကြီးပြင်းကြရကုန်၏။ ထိုညီနောင် ၂-ယောက်တို့တွင် စူဠပန္ထကကား အလွန်တရာ ငယ်လှသေး၏။ မဟာပန္ထကသည်ကား အဘိုး သူဌေးကြီးနှင့်အတူ ဘုရားရှင်၏ တရားတော်ကို နာကြားအံ့သောငှာ လိုက်သွားလေ၏။ အမြဲမပြတ် ဘုရားရှင်၏အထံသို့ တရားနာ လိုက်သွားလေ့ရှိသော ထိုမဟာပန္ထက၏ စိတ်သည် ရှင်သာမဏေပြုခြင်းငှာ ညွတ်လာလေ၏။ ထိုမဟာပန္ထကသည် အဘိုးသူဌေးကြီးကို “အကယ်၍ ကျွန်တော့်ကို ခွင့်ပြုကြသည်ဖြစ်အံ့။ ကျွန်တော်သည် ရှင်သာမဏေ ပြုချင်ပါ၏” ဟု ဆိုလေ၏။

သူဌေးကြီးသည်လည်း "ချစ်သား၊ အသို့ ဆိုဘိသနည်း။ အလုံးစုံသော လောက အတွက် ငါရှင်ပြုခြင်းထက် ငါ့မြေး၏ ရှင်သာမဏေပြုခြင်းသည် ကောင်းမြတ်လှပေ၏။ အကယ်၍ စွမ်းနိုင်သည် ဖြစ်ပါအံ့။ ရှင်သာမဏေပြုပါလော့"ဟု ခွင့်လွှတ်ပြီးလျှင် မဟာ-ပန္ထကကို ဘုရားရှင်၏အထံတော်သို့ ခေါ်ဆောင်၍ သွားလေလျှင် ဘုရားရှင်သည် "ဒါယ-ကာ သူဌေးကြီး၊ အသို့နည်း။ သူငယ်ကို အသင်-ရအပ်သလော"ဟု မိန့်တော်မူလတ်သော် "မှန်ပါ၊ ရအပ်ပါ၏ဘုရား။ ဤသူငယ်သည် တပည့်တော်၏ မြေးဖြစ်ပါသည်။ ရှင်တော် ဘုရားတို့၏ အထံတော်၌ ရှင်သာမဏေ ပြုလိုပါသည်ဘုရား"ဟု လျှောက်ကြားလေ၏။

ဘုရားရှင်သည် ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းတော် ၁-ပါးကို "ဤသူငယ်ကို ရှင်သာမဏေ ပြုလေလော့"ဟု မိန့်ဆိုစေခိုင်းတော်မူလေ၏။ မထေရ်သည် ထိုမဟာပန္ထက သတို့သားအား 'ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း, သွား, အရေ'-ဟူသော ဤ ၅-ပါးအပေါင်းကို ရှုပွါးရသော တစပဉ္စက ကမ္မဋ္ဌာန်းတို့ကို ပြောဆိုသင်ကြားပေးကာ ရှင်ပြုပေး လေ၏။ ထိုမဟာပန္ထကသည် များစွာသော ဘုရားစကားတော်တည်း-ဟူသော ပိဋကတ် ၃-ပုံကို သင်ယူ၍ အသက်၂၀-ပြည့်သည်ရှိသော် ရဟန်းအဖြစ်ကို ရ၍ အသင့်အတင့် နှလုံးသွင်းခြင်းဖြင့် ကမ္မဋ္ဌာန်းကို လုံ့လကြိုးကုတ် အားထုတ်လျက် အရဟတ္တဖိုလ်သို့ ရောက် လေ၏။ ထိုမဟာပန္ထကသည် ဈာန်ချမ်းသာ, ဖိုလ်ချမ်းသာတို့ဖြင့် လွန်စေလျက် "ဤချမ်းသာ ကို စူဠပန္ထကအား ပေးခြင်းငှာ သင့်လျော်တတ်ကောင်းအံ့လော"ဟု ကြံစည်ပြီးနောက် အဘိုးဖြစ်သူ သူဌေးကြီးအထံသို့ သွား၍ "အဘိုး သူဌေးကြီး၊ အကယ်၍ ခွင့်ပြုကုန်သည် ဖြစ်အံ့။ စူဠပန္ထကကို ရှင်သာမဏေ ပြုပေးလိုပါ၏"ဟု ဆိုလေလျှင် "အရှင်ဘုရား၊ ပြုပေးကြ ပါကုန်လော့"ဟု ခွင့်ပြုလေ၏။

သူဌေးကြီးသည် သာသနာတော်၌လည်း အလွန်တရာ ကြည်ညိုသတတ်။ "ထို သူငယ်တို့သည် သင်သူဌေးကြီးတို့၏ အဘယ်သမီးမှ ဖွားမြင်သည့် သားတို့ပေနည်း"ဟု မေးမြန်းလတ်သော် "လျှပ်ပေါ်လော်မာ လိုက်ပြေးရှာသော သမီးမှ ဖွားမြင်သည့် သားတို့ ပေတည်း"ဟု ပြောရန်လည်း ရှက်နိုးသတတ်။ ထိုအကြောင်းများကြောင့် အလွယ်တကူပင် လျှင် ထိုသူငယ်တို့ ၂-ယောက်အား ရှင်သာမဏေအဖြစ်ကို-ခွင့်ပြုလေသတတ်။ မဟာပန္ထက မထေရ်သည် စူဠပန္ထကကို ရှင်သာမဏေပြု၍ သီလတို့၌ တည်စေ၏။ ထိုစူဠပန္ထကသည် လည်း ရှင်ပြုပြီးလျှင် နုံ့နှေးထိုင်းမှိုင်းသော ဉာဏ်ပညာရှိသောကြောင့်-

(က) ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လ'မဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တ'မာဒိစ္စ'မိဝ'န္တလိက္ခေ။ ။

ဟူသော ဤဂါထာ ၁-ပုဒ်ကို ၄-လ သင်ယူခြင်းငှာ မတတ်နိုင်ရှာလေ။

(က) ကောကနဒံ၊ အရောင်အသွေး၊ နီတွေးလှပ၊ *ကောကနဒ၊ အမည်ရသော။ ပဒ္မံ၊ အထပ်တစ်ရာ၊ ချပ်ဝတ်လွှာမှုံ၊ ပြည့်စုံစေဖြာ၊ လွန်စွာတင့်ဆန်း၊ ပဒုမ္မာကြာပန်းသည်။ ပါတော၊ ဥဒည်စွန်းမှ၊ နေဝန်းထွက်လာ၊ နံနက်စောစောအခါ၌။ အဝီတဂန္ဓံ၊ ကြိုင်လှိုင်ပျံ့ သင်း၊ အနံ့မကင်းသည်ဖြစ်၍။ သုဂန္ဓံ၊ တွေ့သူတိုင်းပင်၊ မခွါချင်အောင်၊ လွန်လျှင်မွှေးပျံ့၊ ကောင်းသောရနံ့ရှိသည်ဖြစ်၍။ ဖုလ္လံ၊ ကားကားစွင့်စွင့်၊ ကြွားဝင့်တင့်ဆန်း၊ ပွင့်လန်းခြင်းသို့ ရောက်သည်။ သိယာ ယထာ၊ ရှု၍မဝ၊ ဖြစ်ရသကဲ့သို့။ အန္တလိက္ခေ၊ အဇ္ဈာဝေဟင်၊ ထက်ကောင်းကင်၌။ ဝိရောစမာနံ၊ နက္ခတ်တာရာ၊ ကြယ်တကာဘုရင်၊ ရောင်လွင်မြင့်ကြွယ်၊ တင့်တယ်ခြင်းရှိထသော။ တပန္တံ၊ အရှိန်ထန်ပြင်း၊ ထွန်းလင်းတောက်ပ၊ တန်ခိုးအာနုဘော် ရှိထသော။ အာဒိစ္စံ ဣဝ၊ တောင်မြတ်ဥဒည်၊ စခန်းဆီမှ၊ မြန်းချီထွန်းလင်း၊ အရှင်နေမင်း ကဲ့သို့။ ဝိရောစမာနံ၊ လက္ခဏာကြီး,ငယ်၊ အသွယ်သွယ်တို့ဖြင့် တင့်တယ်ခြင်းရှိထသော။ အင်္ဂီရသံ၊ နီလ,ပီတ၊ ဩဒါတနှင့်၊ ပဘဿရ, လောဟိတာ၊ မဉ္ဇိဋ္ဌာ-ဟု ၆-ဖြာရောင်ခြည်၊ အလီလီတို့ ထို၍ပြိုးပြက်၊ ကိုယ်မှထွက်၍၊ ရှိုးရက်ပျံ့သန်း၊ ရောင်ခြည်ပန်းတို့ဖြင့်၊ ပြည့်လျှမ်း အစဉ်၊ ဘုရားရှင်ကို။ ပဿ၊ ဉာဏ, ပသာဒ၊ နှစ်ဝစက္ခု၊ မြင်အောင်ရှု၍၊ စေ့ငုထင်ထင်၊ ဖူးမြင်လိုက်ပါလော့။

(*ကောကနဒ = တောခွေးအူသောပန်း။ တောခွေးတို့သည် ရေလယ်၌ရှိသော ပဒုမ္မာကြာနီပန်းကို အမဲသားထင်၍ မစားရခြင်းကြောင့် အူကြသည်-ဟူ၏။)

----- x -----

### (၆) စူဠပန္ထက ဉာဏ်လေးရခြင်း၏ ရှေးအတိတ်အကြောင်း

ထိုစူဠပန္ထကသည် ကဿပဘုရားရှင်၏ လက်ထက်တော်အခါ၌ ရဟန်းပြု၍ ထက်မြက်သော ဉာဏ်ပညာရှိရကား အခြားသော ဉာဏ်နုံ့နှေးသော ရဟန်း ၁-ပါး၏ ပါဠိကို သင်ယူစဉ်အခါ၌ ပြက်ရယ်မှုကို ပြုမိသတတ်။ ထိုဉာဏ်နုံ့နှေးသော ရဟန်းသည် ထိုပြက်ရယ်မှုကို ပြုခြင်းကြောင့် ရှက်နိုးသည်ဖြစ်၍ ပါဠိကိုလည်း မသင်ယူ၊ ရွတ်အံ သရဇ္ဈာယ်ခြင်းကိုလည်း မပြုဝံ့ရှာတော့ပေ။ ထိုပြက်ရယ်မှုပြုသော အကုသိုလ်ကံကြောင့် ဤစူဠပန္ထကသည် ရှင်ပြုပြီးလျှင်ပြီးချင်းပင် နုံ့နှေးသောဉာဏ်ပညာရှိသူ ဖြစ်ရလေ၏။ သင်ယူတိုင်း, သင်ယူတိုင်းသော ပုဒ်သည် အထက်,အထက်ပုဒ်ကို သင်ယူနေစဉ် မေ့လျော့ ပျောက်ပျက်လေ၏။ ထိုစူဠပန္ထကအား ဤ "ပဒ္မံ ယထာ"အစရှိသော ဂါထာကို သင်ယူခြင်း ၌ လုံ့လကြိုးကုတ် အားထုတ်နေစဉ် ၄-လတို့သည် ကုန်လွန်ကုန်၏။

ထိုအခါ စူဠပန္ထကကို မဟာပန္ထကသည် "ငါ့ညီ စူဠပန္ထက၊ သင်သည် ဤဘုရားရှင်၏ သာသနာတော်၌ မထိုက်သောသူ ဖြစ်၏။ ၄-လတို့ဖြင့် ၁-ဂါထာမျှကိုလည်း နှုတ်တက်အာဂုံ သင်ယူခြင်းငှာ မတတ်နိုင်။ ရဟန်းကိစ္စကိုကား အဘယ်မှာလျှင် အပြီးအဆုံးသို့ ရောက်စေနိုင်အံ့နည်း။ ဤကျောင်းမှ ထွက်သွားတော့လော့"ဟူ၍ ကျောင်းမှ နှင်ထုတ်လေ၏။ စူဠပန္ထကသည်ကား ဘုရားရှင်၏သာသနာတော်၌ လွန်စွာ ကြည်ညိုချစ်မြတ်နိုးခြင်းကြောင့် လူ့အဖြစ်, လူ့ဘဝကို မတောင့်တပေ။

----- x -----

## (၇) စူဠပန္ထကသည် စိတ်ပျက်၍ လူထွက်ရန် ကြံစည်ခြင်း

ထိုအခါ၌လည်း မဟာပန္ထကသည် ဆွမ်းညွှန်းရဟန်း ဖြစ်၏။ အဘယမင်းသားသည် ကောက်၍ မွှေးမြူအပ်သော ဇီဝကသည် ပန်း, နံ့သာ, နံ့သာပျောင်းကို ကိုင်ယူ၍ မိမိ၏သရက်တောဥယျာဉ်သို့ လာ၍ ဘုရားရှင်ကို ပူဇော်ကာ တရားတော်ကို နာကြားပြီးလျှင် နေရာမှထ၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် မဟာပန္ထကအထံသို့ ချဉ်းကပ်၍ "အရှင်ဘုရား၊ ဘုရားရှင်၏ အထံတော်၌ ရဟန်းတော်များ အဘယ်မျှလောက် ရှိပါကုန်သနည်း"ဟု မေးလျှောက်လေ၏။ "ရဟန်းတော် ၅၀၀-ရှိကုန်၏"ဟု မိန့်ဆိုလတ်သော် "နက်ဖြန် ဘုရားအမှူးရှိကုန်သော ရဟန်းတော် ၅၀၀-တို့ကို ပင့်ဆောင်၍ တပည့်တော်တို့၏ နေအိမ်၌ ဆွမ်းအလှူခံတော်မူကြပါကုန်ဘုရား"ဟု ပင့်လျှောက်လေ၏။ "ဒါယကာ၊ စူဠပန္ထက-မည်သော ရဟန်းသည် နှံ့နှေးသော ဉာဏ်ပညာရှိ၏။ ကြီးပွါးခြင်းသဘော မရှိ။ ကြီးပွါးမည့်သူ မဟုတ်။ ထိုစူဠပန္ထကကို ချန်ထားခဲ့ကာ ကြွင်းသော ရဟန်းတို့အား ဒါယကာ ပင့်ဖိတ်သည်ကို ဝန်ခံစေအံ့"ဟု မဟာပန္ထကသည် မိန့်ဆိုလေ၏။

စူဠပန္ထကမထေရ်သည် ထိုစကားကို ကြားလေလျှင် "ဤမဟာပန္ထကမထေရ်သည် ဤမျှလောက်ကုန်သော ရဟန်းတော်တို့အား ပင့်ဖိတ်ခြင်းကို ဝန်ခံသော်လည်း ငါ့ကို အပထား၍ ဝန်ခံခဲ့၏။ ငါ့နောင်တော်သည်ကား မချွတ်ဧကန် ငါ့အပေါ်၌ စိတ်ပျက်သည် ဖြစ်လတ္တံ့။ ယခုအခါ ငါ့အား ဤဘုရားရှင်သာသနာတော်၌နေသဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း။ လူထွက်၍ ဒါန-စသော ကောင်းမှုတို့ကို ပြုလျက် အသက်မွေးမြူတော့အံ့"ဟု ကြံစည်အောက်မေ့လေ၏။ ထိုစူဠပန္ထကသည် တဖန်မိုးသောက် အလင်းရောက်သောနေ့၌ နံနက်စောစောပင်လျှင် လူထွက်ခြင်းငှာ ထွက်ခွါသွားလေ၏။

----- x -----

## (၈) ဘုရားရှင်နှင့် စူဠပန္ထက တွေ့၍ ကမ္မဋ္ဌာန်းပေးခြင်း

ဘုရားရှင်သည် နံနက်မိုးသောက်ထ အခါကာလ လောကကို ကြည့်တော်မူသည်ရှိသော် ဤအကြောင်းကို မြင်တော်မူသဖြင့် ရှေးဦးစွာ ကြွသွားတော်မူပြီးလျှင် စူဠပန္ထက သွားရာ လမ်းခရီးအတိုင်း တံခါးမုခ်ဦး၌ စင်္ကြံကြွလျက် နေတော်မူ၏။ စူဠပန္ထကသည် သွားသည်ရှိသော် ဘုရားရှင်ကို မြင်၍ ချဉ်းကပ်ကာ ရှိခိုးလျက် နေလေ၏။ ထိုအခါ စူဠပန္ထကကို ဘုရားရှင်သည် "ချစ်သား စူဠပန္ထက၊ ဤအချိန်စောစောကြီး၌ အဘယ် အရပ်သို့ အသင်သွားမည်နည်း"ဟု မေးတော်မူ၏။ "မြတ်စွာဘုရား၊ တပည့်တော်ကို နောင်တော်ဖြစ်သူ မဟာပန္ထကသည် ကျောင်းမှ နှင်ထုတ်သောကြောင့် လူထွက်ခြင်းငှာ သွားပါမည်ဘုရား"ဟု လျှောက်လေလျှင် "ချစ်သား စူဠပန္ထက၊ သင်၏ရဟန်းအဖြစ်မည် သည်ကား ငါဘုရားလျှင် အဆုံးအပိုင်းအခြား ရှိ၏။ ငါဘုရား ပိုင်ဆိုင်၏။ ငါ့ကိစ္စ ဖြစ်ဘိ၏။ သင့်နောင်တော် နှင်ထုတ်အပ်သော်လည်း ငါဘုရားအထံသို့ အဘယ်ကြောင့် မလာဘဲ နေဘိသနည်း။ လာလှည့်။ လူ့အဖြစ်ဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း။ ငါဘုရားအထံ၌ နေထိုင်ရမည်"ဟု မိန့်တော်မူကာ စက်လက္ခဏာအစုံဖြင့် ရေးမှတ်အပ်သော အပြင်ရှိသော လက်တော်ဖြင့် စူဠပန္ထက၏ဦးခေါင်း၌ သုံးသပ်တော်မူကာ ခေါ်ဆောင်၍ သွားပြီးလျှင် ဂန္ဓကုဋိတံခါးမုခ်၌ နေစေ၍ "စူဠပန္ထက၊ အရှေ့အရပ်သို့ ရှေးရှုမျက်နှာမူ၍ ဤပုဆိုးပိုင်းကို 'ရဇောဟရဏံ ရဇောဟရဏံ - မြူကို ဆောင်သော အဝတ်ပိုင်းတည်း၊ မြူကို ဆောင်သော အဝတ်ပိုင်းတည်း'-ဟု သုံးသပ်ဆုပ်နယ်လျက် ဤအရပ်၌သာ မြဲမြဲစွဲစွဲ နေရစ်ပါလော့"ဟု မှာထားတော်မူခဲ့၍ တန်ခိုးတော်ဖြင့် ဖန်ဆင်းအပ်သော ဖြူစင်သော ပုဆိုးပိုင်းကို ပေးအပ်ပြီးလျှင် ဆွမ်းဘုဉ်းပေးချိန် အခါကာလကို ကြားလျှောက်အပ်သည် ရှိသော် ရဟန်းသံဃာအပေါင်း ခြံရံလျက် ဇီဝက၏အိမ်သို့ ကြွတော်မူ၍ ခင်းထားအပ်သော ဘုရားရှင်နေရာ၌ ထိုင်နေတော်မူလေ၏။

စူဠပန္ထကသည်လည်း နေကို ကြည့်လျက် ထိုပုဆိုးပိုင်းကို "ရဇောဟရဏံ၊ ရဇော- ဟရဏံ"ဟု သုံးသပ်ဆုပ်နယ်လျက် နေလေ၏။ ထိုပုဆိုးပိုင်းသည် စူဠပန္ထက ဆုပ်နယ် စဉ်ပင်လျှင် ညစ်နွမ်းခဲ့လေ၏။ ထို့နောက် စူဠပန္ထကသည် "ဤပုဆိုးပိုင်းသည် မူလက အလွန်ပင် ဖြူစင်ပါလျက် ဤခန္ဓာကိုယ် အတ္တဘောကို အမှီပြုကာ ရှေးပကတိ ပင်ကို သဘောကို စွန့်ပြီးလျှင် ဤသို့ ညစ်နွမ်းခြင်း ဖြစ်ရှာလေ၏။ ပြုပြင်ခြင်းသဘောရှိသော ဖြစ်ဖြစ်သမျှ သင်္ခါရတရားမှန်သမျှတို့သည် အမြဲမရှိကုန်စွတကား"ဟု ကုန်ခြင်း, ပျက်ခြင်း သဘောကို ကြံစည်ကာ ဆောက်တည်ဆင်ခြင်လျက် ဝိပဿနာကို ပွါးများစေလေ၏။

## (၉) စူဠပန္ထကမထေရ် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်ခြင်း

ဘုရားရှင်သည်လည်း "စူဠပန္ထက၏ စိတ်သည် ဝိပဿနာဉာဏ်သို့ တက်ပြီ" ဟု သိလတ်၍ "စူဠပန္ထက၊ သင်သည် 'ပုဆိုးပိုင်းကိုသာလျှင် ညစ်နွမ်း၏။ မြူ, မြူမှုန်ဖြစ်၍ ဖြစ်၏'-ဟု အမှတ်သညာ မထားလင့်။ သင်၏ကိုယ်တွင်း၌လည်း ရာဂမြူ-စသည်တို့သည် ရှိကုန်သည်သာတည်း။ ထိုရာဂတည်းဟူသော မြူ-စသည်ကိုလည်း ပယ်ဘိလော့"ဟု မိန့်တော်မူပြီးလျှင် ရောင်ခြည်တော်ကို လွှတ်တော်မူ၍ စူဠပန္ထက၏ရှေ့၌ ထိုင်တော်မူဘိ၏သို့ ထင်ရှားပြသော ကိုယ်တော်ရှိသဖြင့် ဤ "ရာဂေါ ရဇော"အစရှိသော ၃-ဂါထာတို့ကို ဟောကြားတော်မူလေ၏။

(ခ) ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ၊ ရာဂဿေ'တံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွ ဘိက္ခဝေါ၊ ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။ ။

(ခ) ရဇော ပန၊ ရဇ-ဟူသည်ကား။ ရာဂေါ၊ ၅-ပါးအာရုံ ကာမဂုဏ်တို့ကို၊ ခုံမင်တပ်မက်၊ နှစ်သက်တတ်စွာ၊ တဏှာရာဂပေတည်း။ ရေဏု ပန၊ ချေးညှော်အလေး၊ အညစ်ကြေးစု၊ မြူနု,မြူမှုန်ကိုသာလျှင်။ ဝါ၊ မှုန့်မှုန့်ညက်ညက်၊ မြူသက်သက်ကိုသာလျှင်။ န စ ဝုစ္စတိ၊ ရဇ-အမည်တပ်၍ ဆိုအပ်သည် မဟုတ်သေး။ ရဇော ဣတိ ဧတံ၊ ရဇ-ဟူသော ဤအမည်သည်။ ရာဂဿ၊ ၅-ပါးအာရုံ ကာမဂုဏ်တို့ကို၊ ခုံမင်တပ်မက်၊ နှစ်သက်တတ်စွာ၊ တဏှာရာဂ၏။ အဓိဝစနံ၊ အမှန်မသွေ၊ အမည်ပေတည်း။ ဝိဂတရဇဿ၊ ကိလေသာမြူ ကင်းတော်မူသည့်၊ သဃမ္ဘူထွတ်တင်၊ ဘုရားရှင်၏။ သာသနေ၊ ဆုံးမဟောဖော်၊ သာသနာတော်၌။ ဘိက္ခဝေါ၊ သံသရာဘေး၊ လာမည့်ရေးကို၊ မြော်တွေးကြံသိ၊ ရှုလေ့ရှိကုန်သော။ ယေ၊ သာသနာ့ဝန်ထမ်း၊ အကြင်ရဟန်းတော်တို့သည်။ အတ္ထိ သန္တိ၊ မျက်မှောက်မသွေ၊ ရှိကြလေကုန်၏။ တေ၊ သာသနာ့ဝန်ထမ်း၊ ထိုရဟန်းတော်တို့သည်။ ဧတံ ရဇံ၊ စိတ်အစဉ်ကို၊ မရွှင်မမြူး၊ ညစ်ညူးပေကာ၊ ပြင်းစွာတပ်မက်၊ စွဲလျက်ပြောထူ၊ ဤရာဂတည်း-ဟူသော မြူကို။ ဝိပ္ပဇဟိတွ-ဝိပ္ပဇဟိတွာ၊ လွတ်လွတ်ကျွတ်ကျွတ် ပယ်စွန့်ပြီး၍။ ဝိဟရန္တိ၊ ကိုယ်,စိတ် ၂-ဖြာ၊ ချမ်းသာအေးမြ၊ နေထိုင်တော်မူကြကုန်၏။

(ဂ) ဒေါသော ရဇော န စ ပန ရေဏု ဝုစ္စတိ၊ ဒေါသဿေ'တံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွ ဘိက္ခဝေါ၊ ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။ ။

(ဂ) ရဇော ပန၊ ရဇ-ဟူသည်ကား။ ဒေါသော၊ ခက်ထန်အမျက်၊ ဒေါသထွက်ခြင်းပေတည်း။ ဝါ၊ ယမ်းပုံမီးကျ၊ ပမာပြသို့၊ ကြမ်းလှထန်သည်း၊ အမျက်ကြီးခြင်းပေတည်း။

ရေဏု ပန၊ မြူကိုသာလျှင်။ န စ ဝုစ္စတိ၊ ရဇ-အမည်တပ်၍ ဆိုအပ်သည် မဟုတ်သေး။ ရဇောတိ ဧတံ၊ ရဇ-ဟူသော ဤအမည်သည်။ ဒေါသဿ၊ ကောင်းကျိုးပယ်ဖြတ်၊ ဖျက်ဆီးတတ်သော ဒေါသ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဝိဂတရဇဿ၊ ကိလေသာမြူ ကင်းတော်မူသည့်၊ သယမ္ဘူထွတ်ထား၊ ရှင်တော်မြတ်ဘုရား၏။ သာသနေ၊ ဆုံးမဟောဖော်၊ သာသနာတော်၌။ ဘိက္ခဝေါ၊ သံသရာဘေး၊ လာမည့်ရေးကို၊ မြော်တွေးကြံသိ၊ ရှုလေ့ရှိကုန်သော။ ယေ၊ သာသနာ့ဝန်ထမ်း၊ အကြင်ရဟန်းတော်တို့သည်။ အတ္ထ သန္တိ၊ စင်စစ်မသွေ၊ ရှိကြလေကုန်၏။ တေ၊ သာသနာ့ဝန်ထမ်း၊ ထိုရဟန်းတော်တို့သည်။ ဧတံ ရဇံ၊ စိတ်အစဉ်ကို၊ မရွှင်ပျက်ညှိုး၊ မိုက်ဆိုးပြောထူ၊ ဤဒေါသ-ဟူသော မြူကို။ ဝိပ္ပဇဟိတွ-ဝိပ္ပဇဟိတွာ၊ ပယ်စွန့်ပြီး၍။ ဝိဟရန္တိ၊ ကိုယ်,စိတ် ၂-ဖြာ၊ ချမ်းသာအေးမြ၊ နေထိုင်တော်မူကြကုန်၏။

(ယ) မောဟော ရဇော န စ ပန ရေဏု ဝုစ္စတိ၊ မောဟဿေ'တံ အဓိဝစနံ ရဇောတိ။ ဧတံ ရဇံ ဝိပ္ပဇဟိတွ ဘိက္ခဝေါ၊ ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။ ။

(ယ) ရဇော ပန၊ ရဇ-ဟူသည်ကား။ မောဟော၊ တွေဝေမဲမိုက်၊ အဝိဇ္ဇာ-တည်းဟူသော၊ မောဟမှောင်တိုက်ကြီးပေတည်း။ ရေဏု ပန၊ မြူကိုသာလျှင်။ န စ ဝုစ္စတိ၊ ရဇ-အမည်တပ်၍ ဆိုအပ်သည် မဟုတ်သေး။ ရဇော တ္တတိ ဧတံ၊ ရဇ-ဟူသော ဤအမည်သည်။ မောဟဿ၊ တွေဝေမိုက်မဲ၊ အမှောင်ခဲ,အမှောင်ထု-ဟူသော မောဟ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဝိဂတရဇဿ၊ ကိလေသာမြူ ကင်းတော်မူသည့်၊ သယမ္ဘူထွတ်ထား၊ ရှင်တော်မြတ်ဘုရား၏။ သာသနေ၊ ဆုံးမဟောဖော်၊ သာသနာတော်၌။ ဘိက္ခဝေါ၊ သံသရာဘေး၊ လာမည့်ရေးကို၊ မြော်တွေးကြံသိ၊ ရှုလေ့ရှိကုန်သော။ ယေ၊ သာသနာ့ဝန်ထမ်း၊ အကြင်ရဟန်းတော်တို့သည်။ အတ္ထ သန္တိ၊ စင်စစ်မသွေ၊ ရှိကြလေကုန်၏။ တေ၊ သာသနာ့ဝန်ထမ်း၊ ထိုရဟန်းတော်တို့သည်။ ဧတံ ရဇံ၊ အမှန်တကျ၊ မသိရအောင်၊ မှောင်ချပိတ်ကာ၊ အဝိဇ္ဇာတည်း-ဟူသော မောဟမြူကို။ ဝိပ္ပဇဟိတွ-ဝိပ္ပဇဟိတွာ၊ ပယ်စွန့်ပြီး၍။ ဝိဟရန္တိ၊ ကိုယ်,စိတ် ၂-ဖြာ၊ ချမ်းသာအေးမြ၊ နေထိုင်တော်မူကြကုန်၏။

ဤဂါထာတို့ကို ဟောကြားတော်မူပြီးသည်၏အဆုံး၌ စူဠပန္ထကသည် ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ထိုစူဠပန္ထကအား ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့် တကွပင်လျှင် ပိဋကတ် ၃-ပုံတို့သည် နှုတ်၌ လာကုန်၏။

----- x -----

## (၁၀) စူဠပန္ထကမထေရ် တန်ခိုးပြခြင်း

ထိုစူဠပန္ထကသည် ရှေးသရောအခါ ပြည့်ရှင်မင်းဖြစ်၍ မြို့ကို လက်ယာရစ် လှည့်လည်သည်ရှိသော် နဖူးမှ ချွေးထွက်သောအခါ ဖြူစင်သောအဝတ်ဖြင့် နဖူးစွန်းကို သုတ်သည်ဖြစ်၍ အဝတ်သည် ညစ်နွမ်းခဲ့လေ၏။ ထိုပြည့်ရှင်မင်းသည် "ဤခန္ဓာကိုယ် အတ္တဘောကို မှီ၍ ဤသို့သဘောရှိသော ဖြူစင်သန့်ရှင်းသော အဝတ်သည် ပကတိစင်ကြယ်သော သဘောကို စွန့်၍ ညစ်နွမ်းရလေ၏။ ရုပ်,နာမ်ဓမ္မ၊ သင်္ခါရတရားတို့သည် မမြဲကုန်စွတကား" ဟု မမြဲ-ဟူသောအမှတ် အနိစ္စသညာကို ရဖူးလေ၏။ ထိုအနိစ္စသညာကို ရဖူးသော အကြောင်းကြောင့် ရဇောဟရဏ-ကမ္မဋ္ဌာန်းသည်ပင် ထိုစူဠပန္ထကအား အကြောင်းအထောက်အပံ့ ဖြစ်လေ၏။

အဘယမင်းသားသည် ကောက်၍ မွေးမြူအပ်သော ဇီဝကသည်လည်း ဘုရားရှင်အား အလှူရေစက်ကို ချ၍ ဆက်ကပ်သည်ရှိသော် "ဇီဝက၊ ကျောင်း၌ ရဟန်းတို့ ကျန်နေကုန်သေးသည် မဟုတ်ကုန်လော"ဟု မိန့်တော်မူ၍ လက်တော်ဖြင့် သပိတ်တော်ကို ပိတ်တော်မူလေ၏။ ထိုအခါ **မဟာပန္ထကမထေရ်**သည် "မြတ်စွာဘုရား၊ ကျောင်းတော်၌ ရဟန်းတို့ မကျန်,မရှိတော့ပါကုန်ဘုရား"ဟု လျှောက်ထားလေလျှင် ဘုရားရှင်သည် "ဒကာ ဇီဝက၊ ကျန်ရှိသေး၏"ဟု မိန့်တော်မူပြန်သဖြင့် ဇီဝကသည် "ထိုသို့ဖြစ်မူ အချင်းယောကျ်ား၊ သွားတဲ့ချေ။ ကျောင်းတော်၌ ရဟန်းများရှိ,မရှိ သင်ကိုယ်တိုင် သိအောင် ပြုချေလော့"ဟု ဆိုကာ ယောကျ်ား ၁-ယောက်ကို စေလွှတ်လိုက်လေ၏။

ထိုခဏ၌ စူဠပန္ထကသည် "ငါ၏ နောင်တော်သည် ကျောင်းတော်၌ ရဟန်းများ မကျန်မရှိတော့"ဟု ဆိုလေပြီ။ ကျောင်းတော်၌ ရဟန်းရှိသေးသည့်အဖြစ်ကို ထိုသူအား ပြအံ့"ဟု သရက်ဥယျာဉ် ၁-ခုလုံးကို ရဟန်းများဖြင့်သာ ပြည့်နေအောင် ပြု၍ထားလေ၏။ အချို့သော ရဟန်းတို့သည် သင်္ကန်းချုပ်ကြကုန်၏။ အချို့သော ရဟန်းတို့သည် သင်္ကန်းဆိုးကြကုန်၏။ အချို့သောရဟန်းတို့သည် ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။ ဤသို့ အချင်းချင်း တပါးနှင့်တပါး မတူအောင် ရဟန်း ၁,၀၀၀-ကို ဖန်ဆင်းလေ၏။ ထိုစေလွှတ်လိုက်သော ယောကျ်ားသည် ကျောင်း၌ များစွာသောရဟန်းတို့ကို မြင်၍ ပြန်လာခဲ့ပြီးလျှင် "အရှင်ဇီဝက၊ သရက်ဥယျာဉ် ၁-ခုလုံးသည် ရဟန်းများ ပြည့်၍ နေပါ၏"ဟု ဇီဝကအား ပြောကြားလေ၏။

စူဠပန္ထကမထေရ်သည်လည်း ထိုအရပ်၌သာလျှင်-

(င) သဟဿက္ခတ္တုမတ္တာနံ၊ နိမ္မိနိတွာန ပန္ထကော။
နိသီဒမ္ဗဝနေ ရမ္မေ၊ ယာဝ ကာလပ္ပဝေဒနာ။ ။

(င) ပန္ထကော၊ စူဠပန္ထက၊ ဘွဲ့မည်ရသော။ ထေရော၊ မထေရ်မြတ်သည်။ အတ္တာနံ၊ မိမိ-ဟုဆို၊ ခန္ဓာကိုယ်ကို။ သဟဿက္ခတ္တုံ၊ အပြုအမူ မတူထူးအောင်၊ ရဟန်း ၁,၀၀၀-ကို။ နိမ္မိနိတွာန၊ တန်ခိုးစွမ်းဖော်၊ ဖန်ဆင်းတော်မူ၍။ ယာဝ ကာလပ္ပဝေဒနာ၊ ဆွမ်းဘုဉ်းပေးရာ၊ ချိန်ခါကာလ၊ ဝင်လာသည်ကျအောင်။ ရမ္မေ၊ နှလုံးမွေ့လျော်၊ ပျော်ဖွယ်ရာရှိသော။ အမ္ဗဝနေ၊ ဇီဝကခေါ်၊ သမားကျော်၏၊ ကျောင်းတော်သာမော၊ သရက်တောဥယျာဉ်၌။ နိသီဒိ၊ မှူတ စံပျော်၊ သီတင်းသုံးနေတော်မူလေ၏။

ထိုအခါ ဘုရားရှင်သည် အပင့်လွှတ်သော ယောကျ်ားကို "ကျောင်းသို့ သွား၍ 'စူဠပန္ထကမည်သော မထေရ်ကို ဘုရားရှင် ခေါ်တော်မူ၏'-ဟု လျှောက်ဆိုချေလော့"ဟု မိန့်တော်မူလိုက်လေ၏။ ထိုယောကျ်ားသည် သွား၍ ဘုရားရှင် မိန့်တော်မူသည့်အတိုင်း လျှောက်ဆိုလတ်သော် "ငါစူဠပန်၊ ငါစူဠပန်"ဟု ခံတွင်း ၁,၀၀၀-လုံး မိန့်မြွက်ကာ ထကြွလေကုန်၏။ ထိုယောကျ်ားလည်း ပြန်သွား၍ "မြတ်စွာဘုရား၊ အလုံးစုံသော ရဟန်းတို့သည်လည်း စူဠပန်မည်ပါကုန်သတတ်"ဟု လျှောက်ထားပြန်သော် "ထိုသို့ဖြစ်မူ သွား၍ 'ငါစူဠပန်'ဟု ရှေးဦးစွာဆိုသော ရဟန်းကို လက်၌ ဆွဲကိုင်လော့။ ကျန်ရဟန်းတို့သည် ကွယ်ပျောက်ကုန်လတ္တံ့"ဟု မိန့်တော်မူလေ၏။

ထိုယောကျ်ားသည်လည်း ကျောင်းသို့ ပြန်သွား၍ ဘုရားရှင် မိန့်မှာတော်မူသည့်အတိုင်း ပြုသောခဏ၌ပင်လျှင် ၁,၀၀၀-မျှလောက်ကုန်သော ရဟန်းတို့သည် ကွယ်ပျောက်ကုန်၏။ စူဠပန္ထကမထေရ်သည်လည်း ထိုယောကျ်ားနှင့် အတူတကွ လိုက်ပါကြွလာလေ၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးတော်မူပြီးသော အဆုံး၌ ဇီဝကကို ခေါ်တော်မူ၍ "ဇီဝက၊ စူဠပန္ထက၏သပိတ်ကို ယူလော့။ ဤစူဠပန္ထကသည် သင့်အား အနုမောဒနာတရား ဟောကြားလတ္တံ့"ဟု မိန့်တော်မူ၏။ ဇီဝကသည်လည်း ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ပြုလုပ်လေ၏။ စူဠပန္ထကမထေရ်သည် ခြင်္သေ့မင်း၏ အသံကဲ့သို့ ရဲရင့်သောအသံကို ကျူးရင့်လျက် ခြင်္သေ့ပျိုကဲ့သို့ ပိဋကတ် ၃-ပုံတို့ဖြင့် မွှေနှောက်ချောက်ချား၍ အနုမောဒနာတရားကို ဟောကြားတော်မူလေ၏။

----- x -----

## (၁၁) အစည်းအဝေး၌ စူဠပန်နှင့် စပ်သောစကား ပြောကြားစေ၍ ဘုရားရှင် ကြွတော်မူလာခြင်း

ဘုရားရှင်သည် နေရာမှ ထတော်မူ၍ ရဟန်းသံဃာအပေါင်း ခြံရံလျက် ကျောင်းတော်သို့ ကြွ၍ ရဟန်းတို့သည် ကျင့်ဝတ်ကို ပြအပ်သည်ရှိသော် နေရာမှ ထတော်မူကာ ဂန္ဓကုဋိမုခ်ဦး၌ ရပ်တော်မူလျက် ရဟန်းသံဃာအပေါင်းအား ဘုရားအဆုံးအမကို ပေးတော်မူပြီးလျှင် ကမ္မဋ္ဌာန်းတရားကို ဟောကြား၍ ရဟန်းသံဃာအပေါင်းကို ပြန်လွှတ်လိုက်ပြီးမှ အလွန်ကောင်းသော အမွှေးအကြိုင်တို့ဖြင့် ထုံမွှမ်းအပ်သော ဂန္ဓကုဋိတိုက်သို့ ဝင်တော်မူ၍ လက်ယာနံပါးဖြင့် ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့သော မြတ်သော ကျိန်းစက်ခြင်းဖြင့် ကျိန်းစက်တော်မူလေ၏။

ထို့နောက် ညချမ်းအခါ ရဟန်းတော်တို့သည် ထိုမှ,ဤမှ ပေါင်းဆုံမိကြသဖြင့် နီမြန်းသော ကမ္ဗလာတင်းတိမ်ဖြင့် ထက်ဝန်းကျင် ကာရံဘိသကဲ့သို့ ထိုင်နေတော်မူကြကုန်လျက် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်နှင့် စပ်သောစကားကို ပြောဆိုကြလေကုန်၏။ အဘယ်သို့ ပြောဆိုကြကုန်သနည်းဟူမူ "ငါ့ရှင်တို့ မဟာပန္ထကသည် ညီဖြစ်သူ စူဠပန္ထက၏ အလိုအဇ္ဈာသယကို မသိသောကြောင့် ၄-လတို့ဖြင့် ၁-ခုသော ဂါထာကိုမျှလည်း သင်ယူခြင်းငှာ မစွမ်းနိုင်။ 'ဤသူကား နုံနဲ့သော ဉာဏ်ပညာရှိသူတည်း'-ဟု ကျောင်းမှ နှင်ထုတ်ခဲ့၏။ ဘုရားရှင်သည်ကား ကိုယ်တော်မြတ်၏ အတုမရှိသော တရားမင်းဖြစ်တော်မူခြင်းကြောင့် ဤစူဠပန္ထကမထေရ်အား ဆွမ်းစားခြင်း၏အကြား ၁-ခုသော အချိန်ကာလ၌ အနည်းငယ်မျှသာလျှင် ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်တကွ ရဟန္တာအဖြစ်ကို ကယ်မပေးသနားတော်မူပေ၏။ ပိဋကတ် ၃-ပုံတို့ကိုလည်း ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်ပင် နှုတ်၌ လာကုန်၏။ ဘုရားရှင်တို့၏ အားအစွမ်းအာနုဘော်မည်သည်ကား ကြီးမားလှဘိ၏။ အံ့ဩ၍ မကုန်နိုင်တော့ဘဲ ရှိ၏"ဟု ပြောဆိုကြလေကုန်၏။

ထိုအခါ တရားသဘင်၌ ဤသို့သောစကား ဖြစ်ပွါးနေသည်ကို ဘုရားရှင် သိတော်မူသဖြင့် "ယခုအခါ ငါဘုရားသည် တရားသဘင်သို့ ကြွသွားတော်မူခြင်းငှာ သင့်လျော်၏" ဟု ကြံတော်မူကာ ဘုရားရှင်တို့၏ မြတ်သော ကျိန်းစက်တော်မူခြင်းမှ ထတော်မူပြီးလျှင် ကောင်းစွာ ဆိုးအပ်သော ၂-ထပ်ရှိသော သင်းပိုင်တော်ကို ပြင်ဝတ်တော်မူ၍ လျှပ်စစ်နွယ်ကဲ့သို့ တင့်တယ်သော ခါးပန်းတော်ကို ဖွဲ့တော်မူ၍ ကမ္ဗလာနီနှင့်တူသော ဘုရားရှင်၏ ကိုယ်ရုံ ဧကသီသင်္ကန်းတော်ကြီးကို ခြုံရုံတော်မူကာ အမွှေးအကြိုင်တို့ဖြင့် ထုံမွှမ်းထားအပ်

သော ဂန္ဓကုဋီတိုက်တော်မှ ထွက်ကြွတော်မူခဲ့ပြီးလျှင် အမုန်ယစ်သော မြတ်သောဆင်မင်းကဲ့သို့ ခြင်္သေ့မင်း၏ တင့်တယ်စံပယ်ခြင်းဖြင့် အဆုံးအပိုင်းအခြား မရှိသော ဘုရားရှင်တို့၏ တင့်တယ်ခြင်းဖြင့် တရားသဘင်သို့ ကြွသွားတော်မူ၍ တန်ဆာဆင်အပ်သော စည်းဝေးရာ တန်ဆောင်းဝန်း၏အလယ်၌ ကောင်းစွာ ခင်းထားအပ်သော မြတ်သော ဘုရားရှင်၏နေရာတော်ထက်သို့ တက်တော်မူပြီးလျှင် ၆-ပါးသော အဆင်းရှိသော ဘုရားရှင်၏ ရောင်ခြည်တော်တို့ကို လွှတ်တော်မူလျက် သမုဒ္ဒရာ၏ဝမ်းပြင်ကို ချောက်ချားစေဘိသကဲ့သို့လည်းကောင်း, ယုဂန္ဓိုရ်တောင်ထိပ်၌ ထွက်ပေါ်စဖြစ်သော နေလုလင်ပျိုကဲ့သို့လည်းကောင်း နေရာအလယ်၌ သီတင်းသုံး စံနေတော်မူလေ၏။

ဘုရားရှင် ကြွလာတော်မူကာမျှ၌ပင်လျှင် ရဟန်းသံဃာတော် အရှင်မြတ်အပေါင်းသည် စကားကို ဖြတ်၍ ဆိတ်ဆိတ်နေလေ၏။ ဘုရားရှင်သည်ကား နူးညံ့လှစွာသော မေတ္တာစိတ်ဖြင့် ပရိသတ်ကို ကြည့်တော်မူ၍ "ဤပရိသတ်သည် အလွန်ပင် တင့်တယ်ပေ၏။ ရဟန်း ၁-ပါးမျှလည်း လက်လှုပ်ခြင်း, ခြေလှုပ်ခြင်း, ချောင်းဟန့်သံ, ချေဆတ်သံများ အလျင်းမရှိခဲ့ပေတကား။ ဤရဟန်းအားလုံးတို့သည် ဘုရား၌ ရိုသေခြင်းဖြင့် ကောင်းစွာ ရိုသေခြင်း ရှိကုန်၏။ ဘုရားရှင်၏ တန်ခိုးရှိန်စော် အာနုဘော်ဖြင့် ငြိမ်းချောက်အပ်ကုန်၏။ ငါဘုရားသည် အာယုကပ်ပတ်လုံး အသက်ဆုံးအောင်လည်း စကားမဆိုမူဘဲ နေတော်မူလတ်သည်ရှိသော် ရှေးဦးစွာ စကားကို ဖြစ်စေ၍(စ၍) မပြောဆိုကြကုန်လတ္တံ့။ စကားကို ဖြစ်စေတတ်သော ဝတ်မည်သည်ကို ငါဘုရားပင် သိအပ်ပေ၏။ ငါဘုရားသည်ပင် ရှေးဦးစွာ စတင်ပြောဆိုပေအံ့"ဟု ပြဟ္မာမင်း၏ အသံကဲ့သို့ ချိုမြိန်သာယာသော အသံတော်ဖြင့် ရဟန်းတော်တို့ကို ခေါ်တော်မူ၍ "ငါ၏ချစ်သား ရဟန်းများတို့ ငါဘုရား ကြွလာတော်မူရာ ယခုအခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးနေကြကုန်ဘိသနည်း။ ပြောဆို၍ အပြီးဆုံးသို့ မရောက်သေးသော, ငါ-မလာမီအကြား၌ဖြစ်သော စကားကား အဘယ်မည်သော စကားပေနည်း"ဟု မေးတော်မူသဖြင့် "ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်၏"ဟု လျှောက်ကြားကြသောအခါ "ငါ၏ချစ်သား ရဟန်းများတို့ စူဠပန္ထကသည် ယခုအခါ၌သာလျှင် နုံ့နှေးသော ဉာဏ်ပညာရှိသည် မဟုတ်သေး။ ရှေးအခါ၌လည်း နုံ့နှေးသော ဉာဏ်ပညာ ရှိသည်သာလျှင်တည်း။ သက်သက်ယခုအခါ၌သာလျှင် ငါဘုရားသည် ဤစူဠပန္ထက၏ မှီခိုကိုးကွယ်ရာဖြစ်သည် မဟုတ်သေး။ ရှေးအခါကလည်း မှီခိုကိုးကွယ်ရာ ဖြစ်ဖူးခဲ့သည်သာလျှင်တည်း။ ရှေးအခါ၌သော်ကား ငါဘုရားသည် ဤစူဠပန္ထကကို လောကီဥစ္စာနှစ်၏ အရှင်ဖြစ်အောင် ပြုခဲ့ဖူး၏။ ယခုအခါ၌ကား လောကုတ္တရာဥစ္စာနှစ်၏ အရှင်ဖြစ်အောင် ပြုတော်မူရ၏"ဟု မိန့်တော်မူ၍ ထိုအကြောင်းအရာကို အကျယ်အားဖြင့် မှတ်သားနာကြား

လိုသော ရဟန်းတို့သည် ရှိသေညွတ်ပျောင်း တောင်းပန်အပ်သည်ဖြစ်၍ လွန်လေပြီးသော အတိတ်ကို ဆောင်တော်မူလေ၏။

----- x -----

## (၁၂) စူဠပန္ထကဏ် ရှေးအတိတ်အကြောင်း

"ချစ်သား ရဟန်းများတို့၊ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ နေသော လုလင် ၁-ယောက်သည် အတတ်ပညာ သင်ကြားရန် တက္ကသိုလ်ပြည်သို့ သွား၍ အရပ် ၄-မျက်နှာ၏ အကြီးအကဲ ဒိသာပါမောက္ခဆရာကြီးအထံ၌ စာသင်ကျောင်းသား အတွင်းနေ တပည့်ရင်းဖြစ်၍ တပည့် ၅၀၀-တို့အတွင်း၌ ဆရာ့အား အလွန်ကျေးဇူးများသော တပည့် ၁-ယောက် ဖြစ်လေ၏။ ခြေ,လက်ဆုပ်နယ်ခြင်း-စသော ကိစ္စအားလုံးတို့ကို ပြုလုပ်လေ့ရှိ၏။ သို့သော်လည်း နုံ့နှေးသောပညာရှိသည်၏အဖြစ်ကြောင့် တစ်စုံတစ်ခုသော အတတ်ပညာကို သင်ယူခြင်းငှာ မစွမ်းနိုင်ရှာပေ။ ဒိသာပါမောက္ခဆရာကြီးသည်လည်း "ဤတပည့်သည်ကား ငါ့အား ကျေးဇူးများလှပေ၏။ ထိုတပည့်ကို တတ်အောင် ပညာသင်ကြားပေးပေအံ့"ဟု ကြိုးစားငြားသော်လည်း တစ်စုံတစ်ခုသော အတတ်ကိုမျှ တတ်မြောက်အောင် သင်ကြားခြင်းငှာ မစွမ်းနိုင်။ ထိုလုလင်သည် ကြာမြင့်စွာ သင်ကြားနေပါလျက် ၁-ဂါထာကိုမျှလည်း သင်ယူခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ငြီးငွေ့ဆန့်ကျင်သဖြင့် "ပြန်သွားတော့အံ့"ဟု ဆရာကို ပန်ကြားခွင့်တောင်းလေ၏။

ဒိသာပါမောက္ခဆရာကြီးသည်လည်း "ဤတပည့်သည် ငါ့အား ကျေးဇူးများလှပေ၏။ ထိုတပည့်၏ ပညာရှိခြင်းကို အမြဲမပြတ် ငါလိုလားတောင့်တ၏။ ထိုသို့ လိုလားတောင့်တပါသော်လည်း အတတ်ပညာ ထမြောက်အောင်မြင်အောင် သင်ကြားခြင်းငှာ မစွမ်းနိုင်။ စင်စစ်မုချ ငါသည် ဤတပည့်အား ကျေးဇူးတဖန် တုံ့ပြန်ဆပ်ခြင်းငှာ ထိုတပည့်အတွက် မန္တန် ၁-ခုကို ဖွဲ့သီကုံး၍ ပေးလိုက်အံ့"ဟု ကြံပြီးလျှင် ထိုဒိသာပါမောက္ခဆရာသည် တပည့်လုလင်ကို တောသို့ ခေါ်ဆောင်၍—

**ယဋ္ဋေသိ ယဋ္ဋေသိ၊ ကိံ ကာရဏာ ယဋ္ဋေသိ၊ အဟမ္ပိ တံ ဇာနာမိ ဇာနာမိ။**

တွံ၊ သင်သည်။ ယဋ္ဋေသိ၊ ချုပ်ချယ်ပြစ်မှားဘိ၏။ ယဋ္ဋေသိ၊ ချုပ်ချယ်ပြစ်မှားဘိ၏။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ယဋ္ဋေသိ၊ ချုပ်ချယ်ပြစ်မှားဘိသနည်း။ အဟမ္ပိ၊ ငါသည်လည်း။ တံ၊ ထိုအကြောင်းကို။ ဇာနာမိ၊ သိ၏။ ဇာနာမိ၊ သိ၏"ဟူသော ဤဂါထာမန္တန်ကို ဖွဲ့သီကုံး၍ သင်ယူစေပြီးသော် အကြိမ်အရာမက များစွာ အခေါက်ခေါက်အပြန်ပြန်

ရွတ်အံသရဇ္ဈာယ်စေ၍ “သင်၏ဉာဏ်၌ ထင်ပြီလော”ဟု မေးမြန်း၍ “ကောင်းစွာထင်မြင်၊ လျင်စွာ ရပါပြီ”ဟု ဆိုလတ်သော် “နူးညံ့သော ဉာဏ်ပညာရှိသောသူမည်သည်ကား လုံ့လကြီးကုတ် အားထုတ်၍ လေ့ကျင့်အပ်သော အတတ်သည် မပြေးထွက်,မပျောက်ပျက်နိုင်”ဟု ကြံကာ ခရီးလမ်းစာရိက္ခာကို ပေးလိုက်၍ “သွားလေတော့။ ဤမန္တန်ကို မှီ၍ အသက်မွေးရလတ္တံ့။ မန္တန်မပျောက်မရွေ့ မမေ့စိမ့်သောငှာ အမြဲမပြတ် ရွတ်အံသရဇ္ဈာယ်ခြင်းကို ပြုလေလော့”ဟု ပြောဆိုမှာထားပြီးလျှင် လွှတ်လိုက်လေ၏။ ထိုအခါ လုလင်၏ မိခင်သည်လည်း ဗာရာဏသီပြည်မှ ပြန်ရောက်သောအခါ “ငါ့သားသည် အတတ်ပညာကို သင်ယူ၍ ပြန်လာပြီ”ဟု ကြီးစွာသော ချီးမြှင့်မှုကို ပြုလေ၏။

----- x -----

## (၁၃) ဗာရာဏသီမင်းသည် ၁,၀၀၀-ပေး၍ မန္တန်ကို သင်ယူခြင်း

ထိုအခါ ဗာရာဏသီမင်းကြီးသည် “ငါ့အား ကာယကံ-စသည်တို့၌ တစ်စုံတစ်ခုသော အပြစ်သည် ရှိလေသလော”ဟု ဆင်ခြင်သည်ရှိသော် မိမိ၏ မလျောက်ပတ်သော အမှု တစ်စုံတစ်ခု ပြုမိသည်ကို မမြင်မူ၍ “မိမိ၏အပြစ်သည်ကား မိမိအား မထင်ပေ။ သူတပါးတို့အားကား ထင်မြင်တတ်ပေ၏။ ပြည်သူ,ပြည်သားအပေါင်းတို့ကို စူစမ်းပေအံ့”ဟု ကြံ၍ ညဉ့်အခါ မထင်မရှားသော အသွင်ဖြင့် ထွက်ကာ “ညဉ့်စာ ထမင်းစား၍ နေသောသူတို့၏ စကားပြောခြင်းမည်သည် ထူးခြားဆန်းပြားတတ်၏။ ငါသည် မတရားသဖြင့် မင်းပြုသည် ဖြစ်အံ့၊ ‘မင်းကျင့်တရား ၁၀-ပါးကို မစောင့်သော မင်းဆိုး,မင်းယုတ်သည် ဒဏ်ပေးခြင်း, အခွန်ကောက်ခြင်း-စသည်တို့ဖြင့် ဖျက်ဆီးသည်’-ဟု ပြောဆိုကုန်လတ္တံ့။ တရားနှင့်အညီ မင်းပြုသည် ဖြစ်အံ့၊ ‘ငါတို့၏ မင်းကြီးသည် အသက်ရှည်ပါစေ’-စသော စကားတို့ကို ပြောဆို၍ ငါ၏ဂုဏ်ကျေးဇူးကို ပြောဆိုကုန်လတ္တံ့”ဟု ထိုထိုအိမ်တို့၏ နံရံအစဉ်လျှောက် သဖြင့်သာလျှင် သွားလာလှည့်ပတ်လေ၏။

ထိုခဏ၌ ဥမင်လိုဏ်ဖြင့် ခိုးယူသော သူခိုးတို့သည် အိမ် ၂-အိမ်တို့၏အကြား၌ ဥမင်ကို တူးဖောက်ဖျက်ဆီး၍ ဥမင် ၁-ခုတည်းဖြင့်သာ အိမ် ၂-အိမ်ဝင်ခြင်းငှာ တူးဖောက်ကြကုန်၏။ မင်းကြီးသည် ထိုသူခိုးတို့ကို မြင်၍ အိမ်ရိပ်၌ ရပ်နေလေ၏။ ထိုသူခိုးတို့သည် ဥမင်ဖောက်၍ အိမ်တွင်းသို့ ဝင်ကာ ဥစ္စာဘဏ္ဍာကို ကြည့်သောအခါ၌ လုလင်သည် နိုး၍ ထိုမန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်လိုရကား “ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ၊ အဟမ္ပိ တံ ဇာနာမိ ဇာနာမိ”ဟု ရွတ်ဆိုလေ၏။ ဥမင်သူခိုးတို့သည် “ဤလုလင်သည် ငါတို့၏

အမှုအရာကို သိသွားချေပြီ။ ယခုအခါ ငါတို့ကို ရိုက်ပုတ်ဖျက်ဆီးလတ္တံ့”ဟု အောက်မေ့လျက် ကိုယ်တွင် ဝတ်ဆင်လာသော အဝတ်ပုဆိုးတို့ကိုမျှလည်း မယူနိုင်တော့ဘဲ စွန့်ပစ်လျက် ကြောက်လန့်တကြား မျက်နှာရှေးရှုမှုရာ အရပ်သို့သာလျှင် ထွက်ပြေးကြလေကုန်၏။

မင်းကြီးလည်း ထွက်ပြေးသွားသော သူခိုးတို့ကို မြင်၍လည်းကောင်း၊ လုလင်၏ မန္တန် ရွတ်ဖတ်သရဇ္ဈာယ်သံကို ကြားပြီး၍လည်းကောင်း လုလင်နေသော အိမ်ကိုလည်း မှတ်သားပြီး ပြည်သူ့ပြည်သားအပေါင်းကို စူးစမ်းလျက် နန်းတော်သို့ ဝင်တော်မူလေ၏။ မင်းကြီးလည်း နံနက်မိုးသောက် အလင်းရောက်သည်ရှိသော် စောစောကပင်လျှင် ယောကျာ်း ၁-ယောက်ကို ခေါ်၍ “အချင်းယောကျာ်း၊ သွားချေ။ ဤမည်သောလမ်း၌ ဥမင်ပျက်စီး၍နေသော အိမ်ဝယ် တက္ကသိုလ်ပြည်မှ အတတ်ပညာ သင်ကြား၍ ပြန်ရောက်လာသော လုလင်ရှိ၏။ ထိုလုလင်ကို ခေါ်ဆောင်ခဲ့ချေလော့”ဟု စေလွှတ်လိုက်လေ၏။ ထိုမင်းချင်းယောကျာ်းသည် သွား၍ “သင့်ကို ပြည့်ရှင်မင်းသည် ခေါ်တော်မူ၏”ဟု ပြောဆိုကာ လုလင်ကို ခေါ်ဆောင်ခဲ့လေ၏။

ထိုအခါ မင်းကြီးသည် “အမောင်၊ သင်သည် တက္ကသိုလ်ပြည်မှ အတတ်ပညာ သင်၍ ရောက်လာသော လုလင် မဟုတ်လော”ဟု မေးတော်မူသည်ရှိသော် “အရှင်မင်းကြီး၊ မှန်လှပါသည်”ဟု လျှောက်လေလျှင် “အသင် သင်ကြားခဲ့သည့် ထိုအတတ်ကို ငါတို့အားလည်း ပေးပါလော့”ဟု ဆိုတော်မူရာ “အရှင်မင်းကြီး၊ ကောင်းပါပြီ။ တူမျှသောနေရာ၌ နေ၍ သင်ယူတော်မူပါ”ဟု ဆိုသဖြင့် မင်းကြီးသည် ထိုလုလင်ဆိုတိုင်း ပြု၍ မန္တန်ကို သင်ယူပြီးသည်ရှိသော် “ဤသည်ကား သင့်အတွက်, ဆရာတွက်”ဟု ပြောကာ ၁,၀၀၀-သောဥစ္စာကို ပေးကမ်းချီးမြှောက်လိုက်လေ၏။

ထိုအခါ စစ်သူကြီးသည် မင်းကြီး၏ ဆတ္တာသည်ကို “အဘယ်အခါ မင်းကြီး မုတ်ဆိတ်ရိတ်လတ္တံ့နည်း”ဟု မေးရာ “နက်ဖြန့်,သန်ဘက် မုတ်ဆိတ်ရိတ်ပါလတ္တံ့”ဟု ဆိုလေလျှင် စစ်သူကြီးသည် ထိုဆတ္တာသည်အား ၁,၀၀၀-သော ဥစ္စာကိုပေး၍ “ငါ့အား ပြုဖွယ်ကိစ္စ ရှိနေသည်”ဟု ဆိုသဖြင့် “အရှင်၊ ဤ ၁,၀၀၀-သော ဥစ္စာဖြင့် အဘယ်အမှုကို ပြုရအံ့နည်း”ဟု မေးလတ်သော် “မင်းကြီးအား မုတ်ဆိတ်ရိတ်ပယ်ယောင် ဟန်ဆောင်လျက် သင်ဓုန်းကို လွန်စွာ ထက်အောင် သွေးပြီးလျှင် လည်ချောင်းရေမျိုကို လှီးဖြတ်လော့။ ငါ-မင်းဖြစ်သည်ရှိသော် အသင် စစ်သူကြီး ဖြစ်လတ္တံ့”ဟု ဆိုလေ၏။

ဆတ္တာသည်သည် “ကောင်းပါပြီ”ဟု ဝန်ခံ၍ မင်းကြီး၏ မုတ်ဆိတ်ရိတ်ပယ်အံ့သော နေ့၌ နံ့သာရေဖြင့် မုတ်ဆိတ်ကို ဆွတ်နှူး၍ သင်ဓုန်းကို ကျင်းလျက် နဖူးပြင်ဆံစကို

ကိုင်၍ "ဤသင်ခုန်းကား အနည်းငယ် တုံးသေး၏။ တချက်တည်းဖြင့်သာလျှင် လည်ချောင်း ရေမျိုကို ပြတ်အောင် ဖြတ်သင့်၏"ဟု တဖန်ထပ်၍ သင့်လျော်သောနေရာ ၁-နေရာ၌ သင်ခုန်းကို သွေးပြန်လေ၏။ ထိုခဏ၌ မင်းကြီးသည် မိမိ၏မန္တန်ကို အောက်မေ့၍ သရဇ္ဈာယ်လိုရကား "ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ၊ အဟမ္ပိ တံ ဇာနာမိ ဇာနာမိ"ဟူ၍ မန္တန်ကို ရွတ်ဆိုသရဇ္ဈာယ်လေ၏။

ထိုမန္တန် ရွတ်ဆိုသံကို ကြားသောအခါ ဆတ္တာသည်၏ နဖူးပြင်မှ ချွေးတို့သည် ယိုထွက်စီးကျကုန်သည်ဖြစ်၍ ထိုဆတ္တာသည်သည် "ငါ့အကြောင်းကို မင်းကြီးသည် သိချေပြီ"ဟု ကြောက်လန့်တကြား သင်ခုန်းကို မြေ၌ ပစ်ချပြီးလျှင် မင်းကြီး၏ခြေရင်း၌ ရင်ဖြင့် ဝပ်၍ နေလေ၏။ မင်းတို့မည်သည် လိမ္မာပါးနပ်ကုန်သည်ဖြစ်ရကား ဆတ္တာသည်ကို "ဟယ် ယုတ်မာလှစွာသည့် ဆတ္တာသည်ပျက်၊ ငါသို့သော မင်းကို 'ဤမင်းသည် မသိ'-ဟူ၍ မှတ်ထင်လေသလော"ဟု ဤသို့ ကြိမ်းမောင်းတော်မူလေ၏။ ထိုအခါ ဆတ္တာသည်သည် "အရှင်မင်းကြီး၊ ကျွန်တော်မျိုးအား အသက်ကို ချမ်းသာ(ဘေးမဲ့)ပေးတော်မူပါ"ဟု လျှောက်တင်လတ်သော် "ရှိစေတော့၊ မကြောက်လင့်။ ဟုတ်မှန်သည့်အတိုင်း အစစ်ခံလော့"ဟု မိန့်တော်မူလေလျှင် "အရှင်မင်းကြီး၊ စစ်သူကြီးသည် ကျွန်တော်မျိုးအား ၁,၀၀၀-သော ဥစ္စာကို ပေး၍ မင်းကြီး၏ မုတ်ဆိတ်ကို ရိတ်ပယ်ဟန်ဆောင်လျက် လည်မျိုကို လှီးဖြတ်လော့။ ငါ-မင်းဖြစ်သည်ရှိသော် အသင် စစ်သူကြီး ဖြစ်လတ္တံ့"ဟု ဆိုပါကြောင်းနှင့် လျှောက်တင်လေ၏။

မင်းကြီးသည်လည်း ထိုစကားကို ကြားလေလျှင် "ငါ့အား ဆရာ့ကို မှီ၍ ငါ့အသက် ကို ရအပ်ပေ၏"ဟု ကြံအောက်မေ့၍ စစ်သူကြီးကို ခေါ်တော်မူပြီးလျှင် "အို-အချင်း စစ်သူကြီး၊ သင်သည် ငါ့အထံမှ အဘယ်မည်သော ဆုလာဘ်ကို မရဖူးသည် ရှိသနည်း။ ယခုအခါ သင့်ကို ကြည့်ရှုခြင်းငှာ မတတ်ကောင်း။ သင် ငါ့တိုင်းနိုင်ငံ နေပြည်တော်မှ လျင်မြန်စွာ ထွက်သွားလေလော့"ဟု အမိန့်တော်ပြန်လျက် စစ်သူကြီးကို နိုင်ငံမှ နှင်ထုတ်၍ ဆရာကို ခေါ်တော်မူပြီးလျှင် "ဆရာ၊ ဆရာ့ကို မှီ၍သာ ငါသည် အသက်ကို ရအပ်၏"ဟု ဆိုကာ များစွာသော ပူဇော်သက္ကာရကို ပြုလျက် ထိုလုလင်အား စစ်သူကြီးအရာကို ပေးသနားတော်မူလေ၏။

"စူဠပန္ထကသည် ထိုအခါ ထိုလုလင်ဖြစ်ပြီးလျှင် ငါဘုရားရှင်သည်ကား ဒိသာပါ-မောက္ခဆရာ ဖြစ်ခဲ့ပြီ"ဟု ဘုရားရှင်သည် လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၍ "ချစ်သား ရဟန်းများတို့၊ ရှေးအခါ၌လည်း စူဠပန္ထကသည် ဤသို့ နုံ့နှေးသောဉာဏ် ပညာရှိသည်သာ ဖြစ်၏။ ထိုအခါ၌လည်း ငါသည် စူဠပန္ထက၏ မှီခိုအားထားရာအစစ်

ဖြစ်၍ ထိုစူဠပန္ထကကို လောကီစည်းစိမ်၌ တည်စေဖူးလေပြီ”ဟု မိန့်တော်မူ၍ နောက်တဖန် တစ်နေ့သ၌ “ဘုရားရှင်သည် စူဠပန္ထက၏ မှီခိုအားထားရာအစစ် ဖြစ်တော်မူပေ၏။ အံ့ဖွယ်ရှိပေစွတကား”ဟု စကားကို ဖြစ်စေအပ်သည်ရှိသော် ဧကနိပါတ်၊ စူဠသေဋ္ဌိဇာတ်၌ ရှေးလွန်လေပြီးသော အတိတ်အကြောင်းကို ဟောတော်မူ၍–

(စ) အပ္ပကေနာပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံ’ဝ သန္ဓမံ။ ။

ဟူသော ဂါထာဒေသနာကို ဟောတော်မူလေ၏။

(စ) အဏုံ၊ မပြောပဖွယ်၊ အနည်းငယ်မျှဖြစ်သော။ အဂ္ဂိံ၊ ရှိသည်မည်တုံ၊ သိရရုံမျှ၊ မီး-အစအနကလေးကို။ သန္ဓမံ၊ လှုံ့လစိုက်ထုတ်၊ လေဖြင့် မှုတ်သည်ရှိသော်။ မဟန္တံ အဂ္ဂိက္ခန္ဓံ၊ အလျှံတောက်စွဲ၊ ရဲရဲထန်သည်း၊ မီးစု,မီးပုံကြီးကို။ သမုဋ္ဌာပေတိ ဣဝ၊ တဟုန်းဟုန်းဖြာ၊ ဖြစ်ပွါးတောက်လောင်လာစေသကဲ့သို့။ ဝိစက္ခဏော၊ ထိုထိုအရာ၊ ကောင်းစွာဆင်ခြင်၊ ကြံမြော်မြင်သော။ မေဓာဝီ၊ ကြောင်းကျိုး ၂-ဖြာ၊ ကောင်းစွာမြင်သိ၊ ပညာရှိသည်။ အပ္ပကေန၊ မကြီးမကျယ်၊ အနည်းငယ်သာဖြစ်သော။ ပါဘတေနပိ၊ ရင်းနှီးစရာ၊ ပစ္စည်းဥစ္စာဖြင့်လည်း။ အတ္တာနံ၊ မိမိကိုယ်ကို။ သမုဋ္ဌာပေတိ၊ ကောင်းစွာတိုးပွါး၊ အကျိုးများလျက်၊ စီးပွါးထွေထွေ၊ ကြီးပွါးဖြစ်မြောက်စေတတ်၏။

ဤဂါထာကို ဟောတော်မူပြီးလျှင် “ချစ်သား ရဟန်းများတို့၊ ယခုအခါ၌သာလျှင် ငါဘုရားသည် ဤစူဠပန္ထက၏ မှီခိုရာစင်စစ်ဖြစ်သည် မဟုတ်သေး။ ရှေး၌လည်း မှီခိုရာ စင်စစ် ဖြစ်ဖူးသည်သာတည်း။ ရှေး၌ကား ငါဘုရားသည် ဤစူဠပန္ထကကို လောကီစည်းစိမ် ရှင် ဖြစ်အောင် ပြုခဲ့ဖူးပြီ။ ယခုအခါ၌ကား လောကုတ္တရာစည်းစိမ်ရှင် ဖြစ်အောင် ပြုရပေ၏။ ထိုအခါ၌လည်း တပည့်ငယ်သည် စူဠပန္ထက ဖြစ်၏။ စူဠသေဋ္ဌိသူဌေးသည်ကား ငါဘုရား ဖြစ်၏”ဟု ဇာတ်ကို ပေါင်းတော်မူလေ၏။

တဖန် တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် “ငါ့ရှင်တို့၊ စူဠပန္ထကသည် ၄-လတို့ဖြင့် ၄-ပိုဒ်ရှိသော ဂါထာကို သင်ယူခြင်းငှာ မစွမ်းနိုင်သော်လည်း လုံ့လဝီရိယကို မလျှော့မူ၍သာလျှင် ရဟန္တာအဖြစ်၌ တည်ရလေ၏။ ယခုအခါ လောကုတ္တရာတရား စည်းစိမ်ရှင် ဖြစ်ရလေ၏”ဟု စကားကို ဖြစ်စေကြကုန်၏။ ဘုရားရှင်သည် ကြွလာတော်မူ၍ “ချစ်သား ရဟန်းများတို့၊ ငါဘုရား ကြွလာတော်မူရာ ယခုအခါ၌ အဘယ်မည်သော စကား ဖြင့် စည်းဝေးနေကြကုန်သနည်း”ဟု မေးတော်မူသဖြင့် “ဤမည်သောစကားဖြင့် စည်းဝေး နေကြပါကုန်၏ဘုရား”ဟု လျှောက်ကြားလတ်သော် “ချစ်သား ရဟန်းများတို့၊ ငါဘုရား၏

သာသနာတော်၌ လုံ့လကြိုးကုတ် အားထုတ်သော ရဟန်းသည် လောကုတ္တရာတရား၏ အရှင် ဖြစ်နိုင်သည်သာတည်း”ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော “ဥဋ္ဌာနေန'ပ္ပမာဒေန”စသော ဤဂါထာကို ဟောကြားတော်မူလေ၏။

----- x -----

## (၁၄) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပန်-စသည်တို့ ဖြစ်ကြကုန်၏။ ဤသို့ ဒေသနာတော်သည် ရောက်လာသော ပရိသတ်အား အကျိုးတရား များသည် ဖြစ်လေ၏။

စူဠပန္ထကတ္ထေရဝတ္ထု ပြီး၏။

★★★★★★★

## ၄။ ဗာလနက္ခတ္တသယံ့ဌဝတ္ထု

## (၁) ဒေသနာတော်

“ပညာရှားပါး လူမိုက်များသည်ကား ကုသိုလ်တရား၌ သတိမထား အချိန်အား အချိန်ဖြုန်း၍သာ နေကြကုန်၏။ ပညာရှိတို့သည်ကား ကုသိုလ်တရား၌ သတိထားကာ မြတ်သောဥစ္စာ ရတနာအလား စောင့်ရှောက်၍ သွားကြသဖြင့် ချမ်းသာသုခကြီးနှင့် ပြည့်စုံရကြောင်း”စသည်ဖြင့် ဗာလနက္ခတ်ပွဲသဘင်ကို အကြောင်းပြု၍ ဟောတော်မူခြင်း

၂၆။ ပမာဒ'မနုယုဥ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ။
အပ္ပမာဒဥ္စ မေဓာဝီ၊ ဓနံ သေဋ္ဌံဝ ရက္ခတိ။ ။

၂၆။ ဗာလာ၊ ခု,နောင် ၂-မျိုး၊ ကြောင်း,ကျိုးမမြင်၊ ထင်ရာအာရုံ၊ မွေ့ထုံပျော်ပိုက်၊ အလွန်မိုက်လှ၊ လူဗာလဖြစ်ကြကုန်သော။ ဒုမ္မေဓိနော၊ သင့်,မသင့်ကို၊ ထောက်ချင့်မသိ၊ မတည့်မှောက်မှား၊ ပညာနည်းပါးကြကုန်သော။ ဇနာ၊ ကမ္ဘာအတွင်း၊ မှီတင်းခိုအောင်း၊ လူအပေါင်းတို့သည်။ ပမာဒံ၊ ကာမဂုဏ်မွေ့၊ ဘုံဓလေ့မို့၊ ကြုံတွေ့အာရုံ၊ ဖုံဖုံလိုက်စား၊ မှားမှားယွင်းယွင်း၊ မေ့လျော့ခြင်းကို။ အနုယုဥ္ဇန္တိ၊ နေ့,ညမဓော၊ တသောသောနှင့်၊ စုရေ ပေါင်းဆုံ၊ အချိန်ကုန်အောင် အားထုတ်ကြကုန်၏။ မေဓာဝီ၊ ကောင်းမှုလိုက်စား၊ တရားမြင်

သိ၊ ပညာရှိသည်။ သေဌ်၊ အကောင်းဆုံးသတ်မှတ်၊ အလွန်မြင့်မြတ်သော။ ဓနံဝ၊ လက်ဝယ်စုထား၊ ရတနာ ၇-ပါးတည်း-ဟူသော ဥစ္စာအလားကဲ့သို့။ အပ္ပမာဒဥ္စ၊ ကုသိုလ်ဓမ္မ၊ ဟူသမျှ၌၊ နေ့ညပျော်ဘိ၊ မမေ့မလျော့သော သတိကိုသာလျှင်။ ရက္ခတိ၊ အရေးတစ်ခု၊ အလေးပြု၍၊ တွေးခုမနေ၊ စောင့်ရှောက်လေ၏။

၂၇။ မာ ပမာဒ’မနုယုဉ္ဇေထ၊ မာ ကာမရတိသန္ထဝံ။
အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပေါတိ ဝိပုလံ သုခံ။ ။

၂၇။ ပမာဒံ၊ ကုသိုလ်ကောင်းမှု၊ အကြောင်းစု၌၊ ပြုစုအလေ့၊ သတိမေ့လျော့ခြင်းကို။ မာ အနုယုဉ္ဇေထ၊ နေ့နေ့ညည၊ လုံ့လသုန်မှုန်၊ အချိန်ကုန်ရုံ၊ မဖြစ်ကြစေကုန်လင့်။ ကာမရတိသန္ထဝံ၊ ဝတ္ထု,ကိလေ၊ ၂-ထွေကာမ၊ ဟူသမျှတို့၌၊ အားရနှစ်သက်၊ မွေ့လျော်ဖက်ခြင်း၊ အရောဝင်ခြင်း-ဟု ဆိုအပ်သော တဏှာသန္ထဝကို။ မာ အနုယုဉ္ဇေထ၊ ဆင်းရဲမအေး၊ ကြီးသောဘေးမို့၊ ဝေးဝေးရှောင်သွေ၊ မဖြစ်ကြစေကုန်လင့်။ ဟိ၊ ထိုဆိုပြီးစကား၊ မမှားဧကန်၊ အဟုတ်မှန်၏။ အပ္ပမတ္တော၊ ကုသိုလ်ဓမ္မ၊ ဟူသမျှ၌၊ နေ့ညသတိ၊ မေ့လျော့ခြင်း မရှိသော။ ဈာယန္တော၊ ကိလေပျောက်မှု၊ တရားစုကို၊ ကပ်ရှုဆင်ခြင်၊ ပညာရှင်သည်။ ဝါ၊ သမထ, ဝိပဿနာ၊ ဘာဝနာတွင်၊ ရှုဆင်ခြင်သော ပုဂ္ဂိုလ်သည်။ ဝိပုလံ၊ အံ့ဩစဖွယ်၊ ပြန့်ပြောကျယ်သော။ သုခံ၊ ချမ်းသာထိပ်တန်း၊ နိဗ္ဗာန်နန်းသို့။ ပပ္ပေါတိ၊ မဖောက်မသွေ၊ ရောက်ရလေ၏။

----- x -----

## (၂) ဆောင်ပုဒ်

ပညာကင်းပ၊ လူဗာလကား၊ မေ့ကြလုံးလုံး၊ အချိန်ဖြုန်းမှု၊ လုံ့လပြု၏။ လူပဏ္ဍိကား၊ သတိကိုသာ၊ မြတ်ဥစ္စာ-ဟု၊ ပမာပြုထိန်း၊ စောင့်ရှောက်သိမ်းသည်၊ မတိမ်းသတိ မြဲသတည်း။ မေ့လျော့အလုပ်၊ အားမထုတ်နှင့်၊ ဆိုး,ယုတ်မှတ်လင့်၊ တဏှာနှင့်လည်း၊ ပေါင်းစည်းတူယှဉ်၊ ကျွမ်းဝင်အလုပ်၊ အားမထုတ်နှင့်၊ အားထုတ်သင့်စွာ၊ ဘာဝနာတွင်၊ ဆင်ခြင်ရှုဘိ၊ ထိုပဏ္ဍိကား၊ ကြီးမားချမ်းသာ၊ ပြန့်ပြောစွာသည်၊ အေးရာ နိဗ္ဗာန်ရောက်သတည်း။

“ပမာဒ’မနုယုဉ္ဇန္တိ”အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဗာလနက္ခတ်ပွဲသဘင်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေသနာတော်ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ အခါတပါး သာဝတ္ထိပြည်၌ ဗာလနက္ခတ်ပွဲမည်သော ပွဲသဘင် ကြွေးကြော်ကြော်ငြာလေ၏။ ထိုနက္ခတ်ပွဲ၌ အလွန်မိုက်မဲ

ပညာနည်းပါးကြကုန်သော လူတို့သည် ပြာ,နွားချေးတို့ဖြင့် ကိုယ်တိုင်လိမ်းကျံ၍ ၇-ရက် ပတ်လုံး ညစ်ညမ်းယုတ်မာ မဖွယ်မရာ ရိုင်းစိုင်းစွာ ဟစ်အော်ကြွေးကြော်ကာ လှည့်လည်ကြ ကုန်၏။ ဆွေမျိုးတော်စပ်သူ, ချစ်ကျွမ်းဝင်သောသူ, ရဟန်းတော် အရှင်မြတ်များ ဤပုဂ္ဂိုလ် တို့ကို တွေ့မြင်သော်လည်း ရှက်တတ်သောသူတို့မည်သည် မရှိကြကုန်။ တံခါးတိုင်း, တံခါး တိုင်း၌ ရပ်လျက် မဖွယ်မရာ ရိုင်းစိုင်းစွာသာ ဟစ်အော်နေကြကုန်၏။ လူတို့သည် ထိုအလွန် မိုက်မဲ ပညာနည်းပါးကြကုန်သော လူတို့၏ မဖွယ်မရာ ရိုင်းစိုင်းစွာ ပြောဆိုအပ်သော အသံကို နားထောင်ခြင်းငှာ မတတ်သာသည်ဖြစ်၍ မတ်ဝက်, ၁-မတ်, ၁-သပြာ(၁-ကျပ်) တတ်စွမ်းနိုင်သလောက် ပေးပို့ကြကုန်၏။ ထိုအလွန်မိုက်မဲ ပညာနည်းပါးကြကုန်သောသူတို့ သည် ထိုထိုပြည်သူ,ပြည်သားတို့၏ အိမ်တံခါး၌ ရတိုင်း,ရတိုင်းသော အသပြာငွေကို ယူ၍ ဖဲခွါသွားကြကုန်၏။

ထိုအခါ သာဝတ္ထိပြည်၌ နေကြကုန်သော ၅-ကုဋေမျှ အတိုင်းအရှည်ရှိကုန်သော ဘုရားရှင်၏တပည့်သား အရိယာပုဂ္ဂိုလ်များတို့သည် “ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား၊ ဘုရားရှင်သည် ၇-ရက်ပတ်လုံး ရဟန်းသံဃာတော်နှင့်တကွ သာဝတ္ထိပြည်တွင်းသို့ မဝင်ဘဲ ကျောင်းတော်၌သာ သီတင်းသုံးတော်မူပါဘုရား”ဟု ဘုရားရှင်အထံသို့ သတင်း စကား လျှောက်ကြားစေလွှတ်ကြကုန်၏။ ထို ၇-ရက်ပတ်လုံးပင် ရဟန်းသံဃာတော်၏ အတွက် ကျောင်း၌ပင်လျှင် ယာဂု,ဆွမ်း-စသည်တို့ကို ပြည့်စုံလုံလောက်အောင် ပို့လှူကြ ရကုန်၏။ မိမိတို့ကိုယ်တိုင်လည်း အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်ကြလေကုန်။ နက္ခတ်ပွဲ သဘင်ပြီး၍ ၈-ရက်မြောက်သောနေ့၌ ထိုဒါယကာတို့သည် ဘုရားအမှူးရှိသော သံဃာ တော်ကို ပင့်ဖိတ်၍ မြို့တွင်းသို့ ဆွမ်းခံကြွရောက်စေပြီးလျှင် အလှူကြီးကို ပေးလှူကာ တင့်အပ်လျောက်ပတ်သော နေရာအရပ်၌ နေကုန်၍ “ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား၊ ဘုရားတပည့်တော်တို့အား အလွန်ဆင်းရဲခြင်းဖြင့် ၇-ရက်တို့သည် ကျော်လွန်ခဲ့ပါ ကုန်၏။ အလွန်မိုက်မဲ ပညာနည်းပါးကုန်သောသူတို့၏ မဖွယ်မရာ ရိုင်းစိုင်းစွာသော စကား တို့ကို ကြားရကုန်သော တပည့်တော်တို့၏ နားတို့သည် ကွဲအံ့သောအခြင်းအရာသို့ ရောက် သကဲ့သို့ ဖြစ်ကြရပါကုန်၏။ ၁-ယောက်နှင့် ၁-ယောက် အရှက်မရှိကြတော့သောကြောင့် တပည့်တော်တို့သည် ရှင်တော်မြတ်ဘုရားတို့အား မြို့တွင်းသို့ ဝင်ခြင်းငှာ မပေးကြပါ။ တပည့်တော်တို့သည်လည်း အိမ်တွင်းမှ မထွက်ဝံ့ကြပါ”ဟု လျှောက်ကြားကြကုန်၏။

ဘုရားရှင်သည်လည်း ထိုဒါယကာတို့၏ စကားကို ကြားလေလျှင် “အလွန်မိုက်မဲ ပညာနည်းပါးကုန်သောသူတို့၏ အမူအရာမည်သည်ကား ဤသို့သဘောရှိ၏။ ပညာရှိ သောသူတို့သည်ကား မမေ့မလျော့ခြင်း အပ္ပမာဒသတိတရားကို မြတ်သော ဥစ္စာနှစ်ပမာ

စောင့်ရှောက်ကာ အမြိုက်နိဗ္ဗာန်ချမ်းသာကြီးနှင့် ပြည့်စုံခြင်းသို့ ရောက်ကြရကုန်၏”ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော “ပမာဒ`မနုယုဥ္ဇန္တိ”အစရှိသော ဂါထာ ဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၃) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် သောတာပန်-စသည်တို့ ဖြစ်ကြကုန်၏။ ဤတရားဒေသနာသည်လည်း များစွာသော လူအပေါင်းအား အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

ဗာလနက္ခတ္တသယုံဌဝတ္ထု ပြီး၏။

★★★★★★★

## ၅။ ကဿပတ္ထေရဝတ္ထု

## (၁) ဒေသနာတော်

“ပညာရှိသည် အပ္ပမာဒတရား လက်ကိုင်ထားကြောင်း”စသည်ကို
အရှင်မဟာကဿပမထေရ်ကို အကြောင်းပြု၍ ဟောတော်မူခြင်း

၂၈။ ပမာဒံ အပ္ပမာဒေန၊ ယဒါ နုဒတိ ပဏ္ဍိတော။
ပညာပါသာဒ`မာရုယှ၊ အသောကော သောကိနိံ ပဇံ။
ပဗ္ဗတဋ္ဌောဝ ဘူမဋ္ဌေ၊ ဓီရော ဗာလေ အဝေက္ခတိ။ ။

၂၈။ ပဏ္ဍိတော၊ ပညာ,သတိ၊ ထင်ရှားစွာရှိသည့် ပဏ္ဍိမည်မှတ်၊ ပုဂ္ဂိုလ်မြတ်သည်။ ယဒါ၊ အကြင်အခါ၌။ အပ္ပမာဒေန၊ ကုသိုလ်ဖြာဖြာ၊ ဘာဝနာဓလေ့၊ လွန်စွာမွေ့၍၊ မမေ့ မလျော့၊ သတိမပေါ့ခြင်းဖြင့်။ ပမာဒံ၊ ထုံထိုင်းပေါ့ဖျင်း၊ မေ့လျော့ခြင်းကို။ နုဒတိ၊ ဆန်,စုန်မွှေ နှောက်၊ အကုန်ပျောက်အောင်၊ ပယ်ဖျောက်နုတ်ပယ်လေ၏။ တဒါ၊ ထိုအခါ၌။ သော၊ ထိုပဏ္ဍိမည်မှတ်၊ ပုဂ္ဂိုလ်မြတ်သည်။ ပညာပါသာဒံ၊ ပညာအံရောင်၊ တပြောင်ပြောင်လက်၊ ပြာသာဒ်ထက်သို့။ အာရုယှ၊ နှောင့်ယှက်မပေါ်၊ မချော်မစောင်း၊ ကောင်းစွာတက်၍။ အသောကော၊ ပူဆွေးညှိုးမှိန်၊ စိုးရိမ်သောက၊ ငြောင့်ကင်းပသည်ဖြစ်၍။ သောကိနိံ၊ သောကအတိ၊ ဆူးငြောင့်ရှိသော။ ဝါ၊ စိုးရိမ်သောကဆူးငြောင့် စူးဝင်ခံနေရသော။ ပဇံ

ရှိရှိသမျှ၊ များလှသောင်းသောင်း၊ သတ္တဝါအပေါင်းကို။ အဝေကွတိ၊ ပိုင်းခြားထင်ထင်၊ အကုန်မြင်ရလေ၏။ ယထာ၊ သဘာဝကျ၊ သာဓကနှင့်၊ ပမာပြဆို၊ အဘယ်လိုနည်းဟူမူကား။ ပဗ္ဗတဋ္ဌော၊ အစောက်မြင့်တက်၊ တောင်ထိပ်ထက်၌၊ တက်လျက်နေသောသူသည်။ ဘူမဋ္ဌေ၊ သာယာပြေပြေ၊ ပြန့်သောမြေ၌၊ တည်နေသွားလာ၊ လူများစွာတို့ကို။ အဝေကွတိ ဣဝ၊ ပိုင်းခြားထင်ထင်၊ ရှုကြည့်၍ မြင်ရသကဲ့သို့။ တထာ၊ ပြခဲ့ပြီးနည်း၊ အစဉ်မှီးယူ၊ ထိုနည်းအတူသာလျှင်။ သောပိ မီရော၊ မေ့လျော့ကင်းကွာ၊ ရဟန္တာတွင်၊ ထိုပညာရှင်သည်လည်း။ ဗာလေ၊ မေ့လျော့တွေဝေ၊ မကင်းပေ၍၊ ဖြစ်,သေမစဲ၊ အမြဲကြုံကြိုက်၊ ပုထုဇဉ်အမိုက်တို့ကို။ အဝေကွတိ၊ ပိုင်းခြားစုံလင်၊ အကုန်ထင်ထင်၊ ရှုမြင်တော်မူ၏။

----- x -----

## (၂) ဆောင်ပုဒ်

သိဉာဏ်ပြည့်ဝ၊ ပဏ္ဍိတကား၊ လုံ့လလွတ်ကင်း၊ မေ့ပေါ့ဖျင်းကို၊ မေ့ခြင်းမရှိ၊ မှတ်သတိဖြင့်၊ မရှိရှင်းရှင်း၊ ပယ်ဖျောက်ခွင်း၍၊ ပူပြင်းလှစွာ၊ စိုးရိမ်ခါလျက်၊ ပညာ-ဟုခေါ်၊ ပြာသာဒ်ပေါ်သို့၊ မချော်မစောင်း၊ ကောင်းကောင်းတက်ကာ၊ စိုးရိမ်ဖြာသည့်၊ သတ္တဝါစု၊ သူကြည့်ရှု၏၊ နှိုင်းပြုပုံဖော်၊ ပမာသော်ကား၊ တောင်ပေါ်ကလူ၊ မြေပြင်သူများ၊ မြင်ရငြားသို့၊ ကြီးမားအသိ၊ မြတ်ပဏ္ဍိကား၊ လူမိုက်များကို၊ ပိုင်းခြားထင်ထင် မြင်သတည်း။

**"ပမာဒံ အပ္ပမာဒေန"**အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် **အရှင်မဟာကဿပမထေရ်**ကို အကြောင်းပြု၍ ဟောတော်မူ၏။

**ဒေသနာတော်** ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ တစ်နေ့သ၌ အရှင်မဟာကဿပမထေရ်သည် ပိတ်ချင်းပင်ပေါက်ရာ လိုဏ်ဂူ၌ နေတော်မူလျက် ရာဇဂြိုဟ်ပြည်၌ ဆွမ်းအလို့ငှာ လှည့်လည်တော်မူပြီးလျှင် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆွမ်းခံရွာမှ ဖဲကြွခဲ့၍ အာ-လောကကသိုဏ်းကို ပွါးများစေပြီးသည်ရှိသော် မေ့လျော့သော သတ္တဝါ၊ မမေ့လျော့သော သတ္တဝါ၊ ရေ,မြေ,တော,တောင်-စသည်တို့၌ စုတေသေလွန်ဆဲဖြစ်သော သတ္တဝါ၊ ပဋိသန္ဓေနေဆဲဖြစ်သော သတ္တဝါတို့ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုကာ နေတော်မူလေ၏။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက်ပင်လျှင် "ယနေ့ ငါ၏သားတော်ဖြစ်သော ကဿပသည် အဘယ်သို့သော နေခြင်းဖြင့် နေလေသနည်း"ဟု ဒိဗ္ဗ-စက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူလတ်သည်ရှိသော် "သတ္တဝါတို့၏ စုတေသေလွန်ခြင်း, ပဋိသန္ဓေနေခြင်းကို ကြည့်ရှုလျက် နေ၏"ဟု သိမြင်တော်မူကာ "သတ္တဝါတို့၏

စုတေသေလွန်ခြင်း, ပဋိသန္ဓေနေခြင်း မည်သည်ကား ဘုရားဉာဏ်တော်ဖြင့်လည်း မပိုင်းခြားနိုင်။ အမိဝမ်း၌ ပဋိသန္ဓေစွဲယူ၍ မိဘတို့ မသိစေမူဘဲ စုတေသေလွန်သော သတ္တဝါတို့၏အရေအတွက် အပိုင်းအခြားကို ပြုခြင်းငှာ မတတ်ကောင်း။ ထိုသတ္တဝါတို့ကို သိခြင်းငှာ သင့်အရာ မဟုတ်။ ချစ်သားကဿပ၊ သင်၏အရာကား အနည်းငယ်မျှသာတည်း။ အချင်းခပ်သိမ်း ပဋိသန္ဓေနေဆဲ သတ္တဝါ, စုတေသေလွန်ဆဲ သတ္တဝါတို့ကို သိမြင်ခြင်းငှာ ဘုရားရှင်တို့၏အရာသာတည်း"ဟု မိန့်တော်မူ၍ ကိုယ်တော်ရောင်ကို ပျံ့နှံ့စေလျက် ရှေ့မျက်မှောက်၌ နေတော်မူဘိသကဲ့သို့ဖြစ်ကာ (ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော) "ပမာဒံ အပ္ပမာဒေန" စသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၃) ဒေသနာတော်၏ အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်-စသည်တို့သို့ မျက်မှောက်ပြုကြလေကုန်၏။

မဟာကဿပတ္ထေရဝတ္ထု ပြီး၏။

★★★★★★★

## ၆။ ပမတ္တာပမတ္တဒွေသဟာယကဘိက္ခုဝတ္ထု

## (၁) ဒေသနာတော်

"အားနည်းဖျင်းသိမ်သည့် မြင်းပိန်ကို အာဇာနည်သိန္ဓောမြင်းသည် ပစ်ထားကျော်လွှား၍ သွားဘိသကဲ့သို့ မေ့လျော့သတိပေါ့သောသူကို အပ္ပမာဒတည်းဟူသော သတိတရား လက်ကိုင်ထားသော ပညာရှင်သည် သံသရာပြင်၌ ချန်ထားခဲ့ပြီးနောက် နိဗ္ဗာန်အရောက် သွားကြကြောင်း"ဖြင့် မေ့လျော့သည့်ရဟန်း, မမေ့လျော့သည့်ရဟန်း ၂-ပါးတို့ကို အကြောင်းပြု၍ ဟောတော်မူခြင်း

၂၉။ အပ္ပမတ္တော ပမတ္တေသု၊ သုတ္တေသု ဗဟုဇာဂရော။
အဗလ'ဿံဝ သီဃ'ဿော၊ ဟိတွာ ယာတိ သုမေဓသော။ ။

၂၉။ အပ္ပမတ္တော၊ ကုသိုလ်ဘာဝနာ၊ အဖြာဖြာတွင်၊ လွန်စွာပျော်မွေ့၊ သတိမမေ့သောသူသည်။ ပမတ္တေသု၊ ကုသိုလ်ဘာဝနာ၊ အဖြာဖြာတွင်၊ လွန်စွာပျင်းလေ့၊ သတိမေ့ကုန်သော။ သုတ္တေသု၊ ဣရိယာပုထ်တိုင်း၊ နိုးကြားကင်းဆိတ်၊ အအိပ်သမား၊ ပုဂ္ဂိုလ်စားတို့တွင်။ ဗဟုဇာဂရော၊ ပြန့်ပြောသတိ၊ ဖျတ်လတ်ရှိကာ၊ လွန်စွာနိုးကြားသည့်၊ ပုဂ္ဂိုလ်စားဖြစ်၏။ သီဃ'သော၊ ခွန်အားပြည့်သန်၊ လျင်မြန်ထန်ပြင်း၊ အာဇာနည်သိန္ဓောမြင်းသည်။ အဗလ'-သံ၊ ခြေနာ,ခွါကွဲ၊ အဟုန်စဲသည့်၊ အားနည်းဖျင်းသိမ်၊ မြင်းအပိန်ကို။ ဟိတွာ၊ ဘီလူး, သဘက်၊ နှောင့်ယှက်ကြမ်းတမ်း၊ ခရီးလမ်းကြား၊ စွန့်ပစ်ထားခဲ့၍။ ယာတိ ဣဝ၊ မြို့ပြည်နီးပါး၊ မနားမနေ၊ အရောက်သွားလေသကဲ့သို့။ သုမေဓသော၊ ပိုင်းခြားထင်ထင်၊ ကောင်းစွာမြင်သိ၊ ပညာရှိသည်။ တံ ပမတ္တံ၊ အိပ်လိုသောစိတ်၊ ပျင်းရိစိတ်တို့၊ တဆိတ်မကွာ၊ ဖြစ်ကာမေ့လျော့၊ ထိုလူဖျင်း,လူပေါ့ကို။ ဟိတွာ၊ ဘေးပေါင်းစုံစွာ၊ သံသရာဝဋ္ဋ၊ ဘဝညွတ်၌၊ စွန့်လွှတ်ပစ်ထားခဲ့၍။ ယာတိ၊ ဝဋ္ဋကို ထွင်းဖောက်၊ နိဗ္ဗာန်ရောက်အောင်၊ ထွက်မြောက်မသွေ၊ သွားရောက်လေ၏။

----- x -----

## (၂) ဆောင်ပုဒ်

ကုသိုလ်ဘာဝနာ၊ အဖြာဖြာတွင်၊ ကောင်းစွာအလေ့၊ မမေ့မရှိ၊ လူ့ပဏ္ဍိတ်ကား၊ သတိကင်းပေ့၊ မေ့လျော့ထန်သည်း၊ အအိပ်ကြီးမား၊ ရှိသူများတွင်၊ နိုးကြားသတိ၊ အမှန်ရှိ၏။ မသိပျင်းရှာ၊ လူဖျင်းချာတို့၊ သံသာအခွန့်၊ ထားကာစွန့်၍၊ ကြောက်ရွံ့ကဲပို၊ ဘေးဘျမ်းခိုသည့်၊ ဝဋ္ဋကိုကျော်ဖောက်၊ နိဗ္ဗာန်ရောက်အောင်၊ ထွက်မြောက်မသွေ၊ သွားရောက်ပေ၏။ ထိုသည့်ဥပမာ၊ ပြရန်မှာကား၊ အင်အားထန်ပြင်း၊ သိန္ဓောမြင်းသည်၊ အားဖျင်းခွါနာ၊ မြင်းပိန်ချာကို၊ ဘယာထူထဲ၊ ခရီးခဲ၌၊ စွန့်ဖဲရှောင်ရှား၊ သွားရောက်လားသို့၊ မခြားပမာ တူ၏တည်း။

"အပ္ပမတ္တော ပမတ္တေသု" အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မိတ်ဆွေဖြစ်ကုန်သော ရဟန်း၂-ပါးတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ထိုမိတ်ဆွေရဟန်း ၂-ပါးတို့သည် ဘုရားရှင်ထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ တောရကျောင်းသို့ ဝင်ကြကုန်သတတ်။ ထိုရဟန်း ၂-ပါးတို့တွင် ရဟန်း ၁-ပါးသည် စောစောကပင်လျှင် ထင်းတို့ကို သည်ပိုးဆောင်ယူ၍ မီးအိုးကင်းကို စီမံကာ သာမဏေငယ်တို့နှင့်အတူ စကားပြောလျက် ညဉ့်ဦးယာမ်ပတ်လုံး

မီးလှုံရင်း ထိုင်နေ၏။ ရဟန်း ၁-ပါးသည်ကား မမေ့မလျော့ မပေါ့သော သတိတရား လက်ကိုင်ထားကာ ရဟန်းတရားကို အားထုတ်၍ မေ့လျော့၍ မီးလှုံလျက်နေသော ရဟန်းအား "ငါ့ရှင်၊ ဤသို့ မေ့မေ့လျော့လျော့ မနေလင့်။ မေ့လျော့သောသူအား အပါယ် ၄-ဘုံတို့သည် မိမိနေရာအိမ်နှင့် တူကုန်၏။ ဘုရားရှင်တို့မည်သည်ကား စဉ်းလဲကောက်ကျစ်ခြင်းဖြင့် နှစ်သိမ့်စေခြင်းငှာ မတတ်နိုင်ပါ"ဟု ဆိုဆုံးမလေရာ ထိုပျင်းရိမေ့လျော့သော ရဟန်းသည် မမေ့မလျော့သော ရဟန်း၏ ဆုံးမသောစကားကို မနာယူပေ။ မမေ့မလျော့သော ရဟန်းသည် "ဤရဟန်းကား သူတပါးတို့ ပြောဆိုဆုံးမခြင်းငှာ မခန့်"ဟု ထိုမေ့လျော့သော ရဟန်းကို မပြောဆိုတော့မူ၍ မမေ့မလျော့ဘဲသာလျှင် ရဟန်းတရားကို အားထုတ်လျက် နေလေ၏။

ပျင်းရိသောရဟန်းသည် ပထမယာမ်၌ မီးလှုံပြီးလျှင် "ကမ္မဋ္ဌာန်းစီးဖြန်းသော ရဟန်း စကြံသွား၍ တိုက်ခန်းတွင်းသို့ ဝင်သောအခါ ဝင်လိုက်လာ၍ "အပျင်းထူလှသော ရဟန်း၊ သင်သည် လျောင်းစက်အိပ်ခြင်းငှာ တောသို့ ဝင်လာသောသူ ဖြစ်၏။ အသို့နည်း။ ဘုရားရှင်တို့၏အထံ၌ ကမ္မဋ္ဌာန်းယူလာခဲ့ရကား ထကြွလုံ့လ ဝီရိယဖြင့် ရဟန်းတရားကို အားထုတ်ခြင်းငှာ သင့်လျော်မည် မဟုတ်ပါလော"ဟု ပြောဆိုပြီးလျှင် မိမိ၏ နေရာအရပ်သို့ ဝင်၍ လှဲပြီး အိပ်လေ၏။ မမေ့မလျော့၊ မပေါ့သောလုံ့လရှိသော ရဟန်းသည်ကား သန်းခေါင်ယာမ်၌ အပန်းဖြေ၍ မိုးသောက်ယာမ်၌ စောစောထ၍ ရဟန်းတရားကို အားထုတ်၏။ ထိုရဟန်းသည် ဤသို့လျှင် မမေ့မလျော့နေသည်ရှိသော် မကြာမြင့်မီပင်လျှင် ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ လုံ့လမရှိ ပျင်းရိသောရဟန်းသည်ကား မေ့မေ့လျော့လျော့ဖြင့်ပင်လျှင် အချိန်ကို ကုန်လွန်၏။

----- x -----

## (၃) မေ့လျော့ခြင်း၌အပြစ်, မမေ့မလျော့ခြင်း၌အကျိုးကို ဟောကြားတော်မူခြင်း

ထိုရဟန်း ၂-ပါးတို့သည် ဝါကျွတ်ကုန်သည်ရှိသော် ဘုရားရှင်အထံသို့ သွား၍ ရှိခိုးလျက် တင့်အပ်လျောက်ပတ်စွာ နေကြကုန်၏။ ဘုရားရှင်သည် ထိုရဟန်းတို့နှင့်တကွ အစေ့အစပ် နှုတ်ခွန်းဆက်စကား ပြောကြားပြီးလျှင် "ချစ်သားရဟန်းများတို့၊ အသို့နည်း။ သင်ချစ်သားတို့သည် မမေ့မလျော့ ရဟန်းတရားကို အားထုတ်ကြကုန်၏လော။ သင်ချစ်သားတို့အား ရဟန်းတရားကိစ္စသည် အပြီးအဆုံးသို့ ရောက်ပြီလော"ဟု မေးတော်မူလတ်သော် ရှေးဦးစွာ မေ့မေ့လျော့လျော့နေသော ရဟန်းသည် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာ

ဘုရား၊ ဤရဟန်းအား မမေ့လျော့ခြင်းသည် အဘယ်မှာ ရှိပါအံ့နည်း။ ရှင်တော်မြတ်ဘုရား၏ အထံတော်မှ သွားသောအခါမှ စ၍ လျောင်းစက်ကာအိပ်လျက် အချိန်ကို ကုန်လွန်စေခဲ့ပါသည်ဘုရား"ဟု နားတော်လျှောက်လေ၏။ "ချစ်သားရဟန်း၊ သင်သည်ကား အဘယ်သို့ နေဘိသနည်း"ဟု မေးတော်မူလတ်သော် "မြတ်စွာဘုရား၊ တပည့်တော်သည်ကား စောစောကပင်လျှင် ထင်းတို့ကို သည်ပိုးဆောင်ယူ၍ မီးအိုးကင်းကို စီမံ၍ ညဥ့်ဦးယာမ်ပတ်လုံး မီးလှုံကာနေလျက် မအိပ်ဘဲသာလျှင် အချိန်ကို ကုန်လွန်စေပါသည်ဘုရား"ဟု လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်သည် မီးလှုံ၍နေသော ရဟန်းကို "သင်သည်ကား ဘာဝနာကမ္မဋ္ဌာန်း ရဟန်းတရားကို အမေ့ကြီးမေ့သည်ဖြစ်၍ အချိန်ကို ကုန်လွန်စေသည် ဖြစ်ပါလျက် 'မမေ့မလျော့ ဖြစ်ပါ၏'-ဟု ဆိုဘိ၏။ မမေ့မလျော့သောသူကိုကား 'မေ့လျော့ခြင်းကို ပြုဘိ၏'-ဟု ပြောဆိုဘိ၏"ဟူ၍ မိန့်တော်မူပြီးလျှင် တဖန် ဘုရားရှင်သည် မေ့လျော့ခြင်း၌ အပြစ်, မမေ့မလျော့ခြင်း၌ အကျိုးတို့ကို ထင်စွာပြခြင်းငှာ "သင်သည်ကား ငါ့သားတော်ရဟန်း၏အထံ၌ လျင်မြန်ခြင်းမှ ကင်းပြတ်လေသော အားအင်နည်းပါး မြင်းပိန်အလားကဲ့သို့ ဖြစ်ဘိ၏။ ဤမမေ့မလျော့သော ရဟန်းသည်ကား သင်၏အထံ၌ လျင်မြန်သော အဟုန်ရှိသော မြင်းကောင်း,မြင်းသန်ကဲ့သို့ ဖြစ်ဘိ၏"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "အပ္ပမာတ္တော ပမတ္တေသု"စသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၄) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်-စသည်တို့ကို ရောက်ကြလေကုန်၏။

ပမတ္တာပမတ္တဒွေသဟာယဘိက္ခုဝတ္ထု ပြီး၏။

★★★★★★★

# ၇။ မယဝတ္ထု

## (၁) ဒေသနာတော်

“သတိတရား လက်ကိုင်ထားခြင်းကြောင့် နတ်တို့သနင်း အရှင်သိကြားမင်း ဖြစ်ရကြောင်း”စသည်ဖြင့် သိကြားမင်းကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၃၀။ အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။
အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။ ။

၃၀။ မဃဝါ၊ ဟိုရှေးအခါ၊ လူ့ပြည်ရှာ၌၊ ရွာ-မစလ၊ မဃ-ဟု၊ နာမပေါ်လွင်၊ သူတော်ကောင်းလုလင်သည်။ အပ္ပမာဒေန၊ ကုသိုလ်ကောင်းမှု အကြောင်းစု၌၊ ပြုမှုမယွင်း၊ မမေ့မလျော့ခြင်းကြောင့်။ ဒေဝါနံ၊ စာတုမဟာ၊ ဝတီသာဝယ်၊ ရှိန်ဖြာကဲမိုး၊ ဘုန်းတန်ခိုးဖြင့်၊ ပွါးတိုးမြင့်တောင်း၊ နတ်အပေါင်းတို့ထက်။ သေဋ္ဌတံ၊ အမြတ်လွန်ထူး၊ အကြီးအမှူးအဖြစ်သို့။ ဝါ၊ အမြတ်ထွတ်တင်၊ နတ်ဘုရင်အစစ်၊ သိကြားမင်းအဖြစ်သို့။ ဂတော၊ တန်ခိုးဂုဏ်တောက်၊ ဖြိုးစုံမောက်၍၊ အံ့လောက်မသွေ၊ ရောက်ရလေ၏။ အပ္ပမာဒံ၊ မေ့လျော့မရှိ၊ သတိဖြစ်ပွါး၊ အပ္ပမာဒတရားကို။ ပသံသန္တိ၊ ဘုရားအစ၊ များလှသောင်းသောင်း၊ သူတော်ကောင်းတို့၊ သံပြောင်းမိန့်ဟ၊ ချီးမွမ်းတော်မူကြကုန်၏။ ပမာဒေါ၊ ကုသိုလ်ကောင်းမှု အကြောင်းစု၌၊ မပြုမလေ့၊ သတိမေ့လျော့ခြင်းကို။ ဝါ၊ တရားချွတ်ယွင်း၊ သတိကင်း၍၊ မေ့ပျင်းညဏ်ပါး၊ လူပေါ့စားကို။ သဒါ၊ နေ့နေ့ညည၊ ကာလမတိမ်း၊ အခါခပ်သိမ်း။ ဂရဟိတော၊ သူတော်စင်တို့၊ ပြစ်တင်စောင်းရွဲ၊ အကြောင်းမဲ့၍၊ ကဲ့ရဲ့သဂြိုဟ်၊ အတင်းဆိုအပ်၏။

----- x -----

## (၂) ဆောင်ပုဒ်

ကုသိုလ်မလေ့၊ မမေ့လျော့ခြင်း၊ အကြောင်းရင်းကြောင့်၊ ထန်ပြင်းတန်ခိုး၊ ကဲမိုးကြီးမား၊ ရှင်သိကြားကား၊ နတ်များတို့ထက်၊ ဆထက်လွန်ကြူး၊ အမြတ်ထူးသည့်၊ နတ်မှူးစင်စစ်၊ အမှန်ဖြစ်၏။ ပညာရှိတို့၊ မမေ့ဘိငြား၊ သတိတရားကို၊ ချီးမွမ်းဆို၏။ ကုသိုလ်ရေးရာ၊ လွန်စွာပေါ့ပျင်း၊ လူညံ့ဖျင်းကို၊ ထန်ပြင်းဆတ်ဆတ်၊ ကဲ့ရဲ့အပ်သည်၊ စွဲမှတ်ခပ်သိမ်း ခါခါတည်း။

"အပ္ပမာဒေန မဃဝါ" အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဝေသာလီပြည်ကို အမှီပြု၍ စုလစ်မွန်းချွန်တပ်သော ပြာသာဒ်၌ နေတော်မူစဉ် နတ်တို့ သနင်း အရှင်သိကြားမင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ဝေသာလီပြည်၌ မဟာလိမည် သော လိစ္ဆဝီမင်းသား နေသတတ်။ ထိုမင်းသားသည် ဘုရားရှင်၏ သက္ကပဉ္စသုတ္တန်ဒေသနာ တော်ကို ကောင်းစွာ နာကြားရ၍ "ဘုရားရှင်သည် သိကြားမင်း၏ စည်းစိမ်ကို ကြီးကျယ်စွာ ပြု၍ ဟောတော်မူပေ၏။ မြင်တော်မူ၍ပင် ဟောတော်မူလေသလော၊ သို့မဟုတ် မမြင်မူ ဘဲပင် ဟောတော်မူလေသလော။ သိကြားမင်းကို သိလေသလော, မသိလေသလော'- ဟု ဘုရားရှင်ကို မေးလျှောက်အံ့"ဟု ကြံပြီးသောအခါ ထိုမဟာလိမည်သော လိစ္ဆဝီမင်းသား သည် ဘုရားရှင်ရှိရာသို့ ချဉ်းကပ်လာကာ ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီးလျှင် တင့်အပ် လျောက်ပတ်သောအရပ်၌ နေ၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မြတ်စွာ ဘုရားသည် နတ်တို့ကို အစိုးရသော သိကြားမင်းကို မြင်တော်မူပါသလော"ဟူသောစကား ကို လျှောက်ထားအပ်သည်ရှိသော် "မဟာလိ၊ နတ်တို့ကို အစိုးရသော သိကြားမင်းကို ငါဘုရား မြင်တော်မူ၏"ဟု မိန့်တော်မူ၏။

"မြတ်စွာဘုရား၊ ထိုသို့ မြင်တော်မူအပ်သော သိကြားမင်းသည်ကား ရှေးသိကြား တို့နှင့် အလားတူသော သိကြားအတုအပ ဖြစ်ပါလိမ့်မည်ဘုရား။ အကြောင်းသော်ကား နတ်တို့သနင်း သိကြားမင်းကို မြင်နိုင်ခဲပါ၏ဘုရား"ဟု လျှောက်ထားလတ်သော် "မဟာလိ၊ ငါဘုရားသည်ကား သိကြားမင်းကိုလည်းကောင်း သိကြားမင်းဖြစ်အောင် ပြုကျင့်ရသည့် တရားတို့ကိုလည်းကောင်း သိတော်မူ၏။ အကြင်တရားတို့ကို ကောင်းစွာဆောက်တည် သည်၏အဖြစ်ကြောင့် သိကြားမင်းသည် သိကြားနတ်မင်း၏အဖြစ်ကို ရ၏။ ထိုသိကြားမင်း ဆောက်တည်အပ်သော တရားတို့ကိုလည်း ငါဘုရား သိတော်မူ၏။

----- x -----

## (၃) သိကြားမင်းအကြောင်းကို ဟောကြားတော်မူခြင်း

"မဟာလိ၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ရှေးဘဝ၌ လူဖြစ်လတ် သော် မဃမည်သော လုလင်ဖြစ်ခဲ့ဖူးသောကြောင့် မဃဝ-ဟူ၍ ခေါ်ဆိုရ၏။

မဟာလိ၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ရှေးဘဝ၌ လူဖြစ်လတ်သော် လက်ဦးစွာ အလှူဦးကို ပေးလှူခဲ့ဖူးသောကြောင့် ပုရိန္ဒဒ-ဟူ၍လည်း ခေါ်ဆိုရ၏။

မဟာလိ၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ရှေးဘဝ၌ လူဖြစ်လတ်သော် ရိုသေစွာ အလှူကို ပေးလှူခဲ့ဖူးသောကြောင့် သက္က-ဟူ၍လည်း ခေါ်ဆိုရ၏။

မဟာလိ၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ရှေးဘဝ၌ လူဖြစ်လတ်သော် တည်းခိုရာဇရပ်ကို ပေးလှူခဲ့ဖူးသောကြောင့် ဝါသဝ-ဟူ၍လည်း ခေါ်ဆိုရ၏။

မဟာလိ၊ နတ်တို့ကို အစိုးရသောသိကြားမင်းသည် အထောင်သော အကျိုးကို တခဏချင်းဖြင့် ကြံစည်နိုင်*(မြင်နိုင်)*သောကြောင့် သဟဿက္ခ-ဟူ၍လည်း ခေါ်ဆိုရ၏။

မဟာလိ၊ နတ်တို့ကို အစိုးရသော သိကြားမင်းအား သုဇာမည်သော အသူရာနတ်မင်းကြီး၏ သမီးဖြစ်သည့် မိဖုရားရှိခဲ့လေသောကြောင့် သုဇမ္ပတိ-ဟူ၍လည်း ခေါ်ဆိုရ၏။

မဟာလိ၊ နတ်တို့သနင်း သိကြားမင်းသည် တာဝတိံသာနတ်တို့ကို အစိုးရခြင်းရှိသော မင်းအဖြစ်ကို ပြုခဲ့လေသောကြောင့် ဒေဝါနမိန္ဒ-ဟူ၍လည်း ခေါ်ဆိုရ၏။

မဟာလိ၊ နတ်တို့သနင်း သိကြားမင်းသည် ရှေးဘဝ၌ လူဖြစ်စဉ်အခါ ကျင့်ဝတ် ၇-ပါးတို့ကို မမေ့မလျော့ ကောင်းစွာ ဆောက်တည်ကျင့်ခဲ့သည်၏အဖြစ်ကြောင့် သိကြားအဖြစ်ကို ရခဲ့ပေ၏။

----- x -----

## (၄) သိကြားမင်းဖြစ်ကြောင်း ကျင့်ဝတ် ၇-ပါး

ထိုသိကြားမင်းဖြစ်ကြောင်း ကျင့်ဝတ် ၇-ပါးတို့သည် အဘယ်သည်တို့နည်းဟူမူကား-

(၁) အသက်ထက်ဆုံး အမိ,အဖကို လုပ်ကျွေးမွေးမြူရ၏။

(၂) အသက်ထက်ဆုံး အဘိုး, အဘွား၊ မိကြီး, မိထွေး၊ ဘကြီး, ဘထွေး-စသော အမျိုး၌ အသက်အရွယ်ကြီးရင့်သည့် အကြီးအကဲတို့ကို ရိုသေလေးစားသမှု ပြုရ၏။

(၃) အသက်ထက်ဆုံး နူးညံ့သိမ်မွေ့ ပြေပြစ်စွာသော စကားကို ပြောဆိုရ၏။

(၄) အသက်ထက်ဆုံး ကြမ်းတမ်းသောစကားကို ဆိုလျက် ချောပစ်ကုန်းတိုက်သော စကားကို မပြောဆိုရ။

(၅) အသက်ထက်ဆုံး ဝန်တိုခြင်း အညစ်အကြေးမှ ကင်းသောစိတ်ဖြင့် အိမ်ကို အုပ်ချုပ်၍ နေရ၏။

(၆) လွတ်လွတ်စွန့်ကြဲခြင်း၊ ဖြန့်ထားသောလက်ရှိခြင်း၊ ပေးကမ်းစွန့်ကြဲရာ၌ မွေ့လျော်သော စိတ်နှလုံးရှိခြင်း၊ တောင်ရမ်းလာသည့် ခရီးသွား, အထီးကျန်သူ-စသည်တို့နှင့် မကင်းမူ၍ စွန့်ကြဲခြင်း၊ ရှေ့တွင် ရောက်ရှိနေသည့် မိမိစားရာ ထမင်းမှ ခွဲခြမ်းဝေဖန်၍ ပေးကမ်းခြင်း၌ မွေ့လျော်သောစိတ် ရှိရ၏။

(၇) အသက်ထက်ဆုံး မှန်ကန်သော သစ္စာစကား ရှိရ၏။ အမျက်မထွက်ရ၊ အမျက်ထွက်ခဲ့ပြန်သော်လည်း 'ထိုအမျက်ကို လျင်မြန်စွာ ဖျောက်ပေအံ့'-ဟု ဆင်ခြင်ရာ၏။

မဟာလိ၊ ဤသို့အားဖြင့် နတ်တို့ကို အစိုးရသော သိကြားမင်းသည် ရှေးဘဝ၌ လူဖြစ်စဉ်အခါ ဤ ၇-ပါးသော ကျင့်ဝတ်တို့ကို ကောင်းစွာ ဆောက်တည်ကျင့်ခဲ့သည်၏ အဖြစ်ကြောင့် သိကြားမင်းသည် ယခုအခါ နတ်တို့သနင်း သိကြားမင်းအဖြစ်ကို ရပေ၏"ဟု ဟောတော်မူလေ၏။

(က) မာတာပေတ္တိဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ။
သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။ ။

(ခ) မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု သပ္ပုရိသော ဣတိ။ ။

(က-ခ) မာတာပေတ္တိဘရံ၊ ကျေးဇူးအစု၊ မေရုပမာဏ၊ ကြီးမားလှသည့်၊ မိဘ ၂-ပါး၊ အရေးထားယူ၊ မွေးမြူလုပ်ကျွေးတတ်သော။ ကုလေ၊ ဘိုး,ဘေး,ဘီ,ဘင်၊ ဘောင်,ဘောတွင်သည့်၊ အစဉ် ၇-ဆက်၊ ဆင်းသက်ပွါးတိုး၊ ကိုယ့်အမျိုး၌။ ဇေဋ္ဌာပစာယိနံ၊ ဘိုး, ဘွားအစ၊ များလှသီးသီး၊ အသက်ကြီးမား၊ ပုဂ္ဂိုလ်များကို၊ လေးစားရိုသေ၊ ပြုလုပ်လေ့ရှိပေသော။ သဏှံ သခိလသမ္ဘာသံ၊ နှစ်သက်ဖွယ်ရာ၊ ယဉ်ကျေးစွာဖြင့်၊ နူးညံ့သိမ်မွေ့ ပြေပြစ်စွာသော စကားကို ဆိုလေ့ရှိသော။ ပေသုဏေယျပ္ပဟာယိနံ၊ ချောပစ်ကုန်းတိုက်၊ စကားမိုက်ကို၊ တိုက်ခိုက်ပယ်ရှားလေ့ရှိသော။ မစ္ဆေရဝိနယေ၊ မလှူမတန်း၊ မပေးကမ်းလို၊ ဝန်တိုတတ်လှ၊ မစ္ဆေရရန်၊ တော်လှန်နှိမ်နင်း၊ ပယ်ဖျောက်ခြင်း၌။ ဝါ၊ ကိုယ့်ဥစ္စာကို၊ သဝန်တိုခြင်း၊ ပယ်ဖျောက်ခွင်းရာ၌။ ယုတ္တံ၊ မပြတ်အစဉ်, စပ်ယှဉ်သော။ သစ္စံ၊ အကျိုးရှိခြင်း၊ အပြစ်ကင်း၍၊ သန့်ရှင်းသင့်တန်၊ အမှန်စကား၊ ပြောကြားလေ့ရှိသော။ ကောဓာဘိဘုံ၊ ဒေါသအမျက်၊ ခြောင်းခြောင်းထွက်ကို၊ နှိပ်စက်ဖျက်ဆီးတတ်သော။ ဇန္တုံ၊ သတ္တဝါဖြစ်သော။ တံ နရံ၊ ကောင်းမွန်မြင့်မောက်၊ အသင်လောက်လုံ၊ ထိုကျင့်ဝတ် ၇-ဖုံနှင့် ပြည့်စုံသောလူကို။ ဝေ ဧကန္တေန၊ စင်စစ်အားဖြင့်။ ဒေဝါ တာဝတိံသာ၊ တန်ခိုးအရှိန်၊ မညှိုးမှိန်သည့်၊ ဖြိုးထိန်

ဝေဆာ၊ တာဝတိံသာနတ်တို့သည်။ သပ္ပုရိသော ဣတိ၊ မမှားအစစ်၊ သိကြားဖြစ်ကြောင်း၊ သူတော်ကောင်း-ဟူ၍။ အာဟု၊ သတ်မှတ်ကုံလုံ၊ ဆိုကြလေကုန်၏။ (သံ၊၁။၂၃၀)

"မဟာလိ၊ ဤကျင့်ဝတ်တရား ၇-ပါးသည်ကား သိကြားမင်းသည် မဃဝလုလင်ဖြစ်စဉ်အခါ၌ ပြုအပ်ခဲ့သော ကျင့်ဝတ်တရားပေတည်း"ဟု မိန့်တော်မူလေလျှင် တဖန် မဟာလိမင်းသားသည် "မြတ်စွာဘုရား၊ မဃလုလင်သည် အဘယ်သို့ ကျင့်ပါသနည်းဘုရား"ဟု ထိုမဃလုလင်၏ အကျင့်အာစာရကို အကျယ်အားဖြင့် နာကြားလိုသဖြင့် မေးလျှောက်သည်ရှိသော် "မဟာလိ၊ ထိုသို့ဖြစ်မူကား နာကြားလော့"ဟု မိန့်တော်မူကာ လွန်လေပြီးသော အတိတ်အကြောင်းအရာကို ဆောင်တော်မူလေ၏။

----- x -----

## (၅) မဃလုလင် လမ်းပြင်ဆင်ခြင်း

လွန်လေပြီးသောအခါ မဂဓတိုင်း၊ မစလရွာ၌ မဃအမည်ရှိသော လုလင်သည် ရွာသူ,ရွာသားတို့၏ အလုပ်လုပ်ဆောင်ရာသို့ သွားရောက်၍ မိမိတည်နေရာအရပ်ကို ခြေဖျားစွန်းဖြင့် မြေမှုန့်ကို ယက်၍ စိတ်နှလုံးမွေ့လျော်ဖွယ်ကောင်းအောင် ပြုပြင်လျက်နေလေ၏။ တစ်ယောက်သောသူသည် မဃလုလင်ကို လက်မောင်းဖြင့် တွန်းထိုးပုတ်ခတ်ကာ ထိုနေရာမှ ဖယ်ရှား၍ ကိုယ်တိုင်မဃလုလင်၏ နေရာအရပ်၌ နေလာလေ၏။ မဃလုလင်သည်လည်း စိတ်မဆိုး,အမျက်မထွက်မူ၍သာလျှင် အခြားတစ်နေရာ၌ မွေ့လျော်ဖွယ်ကောင်းအောင် ပြုပြင်လျက် နေပြန်လေ၏။ ထိုနေရာမှလည်း မဃလုလင်ကို တစ်ယောက်သောသူသည် လာ၍ လက်မောင်းဖြင့် တွန်းထိုးပုတ်ခတ်ကာ ဖယ်ရှားပြီးလျှင် ကိုယ်တိုင်နေလာပြန်လေ၏။ မဃလုလင်သည် ထိုသူအားလည်း အမျက်မထွက်မူဘဲသာလျှင် အခြားတစ်နေရာသို့ မွေ့လျော်ဖွယ်ကောင်းအောင် ပြုပြင်လျက် နေပြန်လေ၏။ ဤသို့ အိမ်မှ ထွက်လာတိုင်း, ထွက်လာတိုင်းသော ယောကျ်ားတို့သည် မဃလုလင်ကို လက်မောင်းဖြင့် တွန်းထိုးပုတ်ခတ်ကာ တည်နေရာ, တည်နေရာအရပ်တို့မှ ဖယ်ရှားကြလေကုန်၏။

မဃလုလင်သည် "ဤသူအားလုံးတို့သည်ကား ငါ့ကို အမှီပြု၍ ချမ်းသာစွာ နေကြရကုန်ပြီ။ ဤကောင်းမှုကုသိုလ်ကံသည် ငါ့အား ချမ်းသာခြင်းကို ပေးတတ်သော ကောင်းမှုကုသိုလ် ဖြစ်လောက်ရာ၏"ဟု ကြံ၍ တဖန်မိုးသောက်သောနေ့၌ ပေါက်တူးကို ယူ၍ ကောက်နယ်တလင်းမျှလောက်လော နေရာကို မွေ့လျော်ဖွယ်ရာဖြစ်အောင် ပြုပြင်လေ၏။ ခပ်သိမ်းသော သူတို့သည်လည်း သွား၍ ထိုပြုပြင်ထားသော နေရာ၌ပင်လျှင် နေကြလေ

ကုန်၏။ ထိုအခါ မဃလုလင်သည် ချမ်းအေးသောအခါ၌ ထိုသူတို့အား မီးထည့်၍ ပေး၏။ နွေအခါ၌ ရေခပ်၍ ပေး၏။ ထို့နောက်မှ "မွေ့လျော်ဖွယ်ရာ နေရာဌာနမည်သည်ကို သူခပ်သိမ်းတို့ နှစ်သက်မြတ်နိုးအပ်၏။ တစ်စုံတစ်ယောက်သောသူအား မနှစ်သက် မမြတ်နိုးခြင်းမည်သည် မရှိ၊ ငါသည် ဤနေ့မှစ၍ လမ်းခရီးကို ညီညွတ်ပြေပြစ်အောင် ပြုပြင်လျက် လှည့်လည်ခြင်းငှာ သင့်၏"ဟု အကြံဖြစ်ကာ နံနက်စောစောထွက်ခဲ့၍ လမ်းခရီးကို ညီညွတ်ပြေပြစ်အောင် ပြုပြင်ကာ ဖြတ်သင့်,ဖြတ်ထိုက်သော သစ်ပင်,သစ်ခက်တို့ကို ဖြတ်ယူ၍ လှည့်လည်လေ၏။

ထိုအခါ အခြားသူ ၁-ယောက်သည် မဃလုလင်ကို မြင်၍ "အချင်းမိတ်ဆွေ၊ အဘယ်အမှု ပြုလုပ်သနည်း"ဟု မေးလေ၏။ "အချင်း၊ ငါသည် နတ်ပြည်သို့ သွားကြောင်းဖြစ်သော လမ်းခရီးကို ပြုပြင်၏"ဟု ဆိုသဖြင့် "ထိုသို့ဖြစ်ပါမူ ကျွန်ုပ်လည်း သင့်အဖော်ဖြစ်ကာ အတူလိုက်ပါပါရစေ"ဟု ဆိုလေ၏။ "အချင်း၊ မိတ်ဆွေဖြစ်ကာ လိုက်ခဲ့ပါ။ လမ်းခရီးကောင်းမည်သည်ကား လူအများတို့အားလည်း စိတ်နှလုံးကို ပွါးစေတတ်၏။ ချမ်းသာသုခလည်း များလှ၏"ဟု ဆိုရာ ထိုအခါမှစ၍ စိတ်သဘောတူ လူ ၂-ယောက် ဖြစ်ကုန်၏။ ထိုလူ ၂-ယောက်တို့ကို မြင်သဖြင့် ထိုနည်းအတူပင်လျှင် မေးမြန်း၍လည်းကောင်း, ကြားသိရ၍လည်းကောင်း ၁-ယောက်သောသူသည်လည်း ထိုသူ ၂-ယောက်တို့၏အဖော် ဖြစ်လာပြန်လေ၏။ ဤသို့ ၁-ယောက်, ၁-ယောက်အားဖြင့် တိုး၍တိုး၍လာရာ အားလုံးလူပေါင်း ၃၃-ယောက် ဖြစ်လာကုန်၏။ ထို ၃၃-ယောက်လုံးတို့သည်လည်း ပေါက်တူး, တူးရွင်း-စသည်တို့ကို လက်စွဲကြကုန်လျက် လမ်းခရီး ညီညွတ်ပြေပြစ်အောင် ပြုပြင်ကြရာ ၁-ယူဇနာ, ၂-ယူဇနာရှိသော အရပ်တိုင်အောင် ရောက်သွားကြလေကုန်၏။

----- x -----

### (၆) ရွာစားအပြစ်ရှာ၍ ဆင်နင်းခံရန် ဒဏ်သင့်ရာမှ ဆင်(ကို)ရခဲ့ခြင်း

ရွာစားသည် ထို ၃၃-ယောက်သော သူတို့ကို မြင်လျှင် အကြံဖြစ်သည်ကား "ဤလူတို့သည် အားမထုတ်သင့်သောအရာ၌ အားထုတ်၍ နေကြကုန်ဘိ၏။ ဤသူအားလုံးတို့သည် တောအုပ်မှ ငါး,အမဲ-စသည်တို့ကိုမူလည်း ဆောင်ယူကုန်ငြားအံ့။ သေအရက်ကိုမူလည်း ချက်၍ သောက်ကုန်ငြားအံ့။ ထိုသို့ သဘောရှိသော အခြားသော အမှုကိုမူလည်း ပြုကုန်ငြားအံ့။ ငါသည်လည်း တစ်စုံတစ်ခုကို ရရာ၏"ဟု အကြံဖြစ်လေ၏။ ထိုသို့ အကြံဖြစ်ပြီးနောက် ထိုသူတို့ကို ခေါ်စေ၍ "အဘယ်အမှုကို ပြုလုပ်ကာ လှည့်လည်ကြကုန်သနည်း" ဟု မေးလေ၏။

"ရွာစားမင်း၊ အကျွန်ုပ်တို့ နတ်ရွာလမ်းခရီးကို ပြုလုပ်ပါကုန်၏"ဟု ဆိုလေလျှင် "အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေသောသူမည်သည်ကား ဤသို့ပြုရန် မသင့်။ တောအုပ်မှ ငါး,အမဲ-စသည်တို့ကို ယူဆောင်ရန်လည်းကောင်း, သေအရက်ချက်၍ သောက်ရန်လည်းကောင်း, အထူးထူးအပြားပြားသော အမှုကိစ္စတို့ကို ပြုလုပ်ရန်လည်းကောင်း သင့်ပေ၏" ဟု ပြောဆိုလေ၏။ ထိုသူတို့သည် ထိုရွာစား၏စကားကို မလိုက်နာဘဲ ပယ်ရှားကြကုန်၏။ ရွာစားသည် ဤသို့ အဖန်ဖန် ပြောဆိုပြန်သော်လည်း ပယ်ရှားကြကုန်သည်သာလျှင်တည်း။

ထိုရွာစားသည် အမျက်ထွက်၍ "ထိုသူတို့ကို ပျက်စီးစေအံ့"ဟု ကြံပြီးလျှင် မင်းကြီး၏အထံသို့ သွား၍ "အရှင်မင်းကြီး၊ ခိုးသူတို့ အပေါင်းအစု ဖွဲ့စည်းသဖြင့်(ဖွဲ့စည်း၍) လှည့်လည်သွားလာနေသည်တို့ကို မြင်ရပါ၏"ဟု လျှောက်တင်သဖြင့် "သွားချေ၊ ထိုသူတို့ကို ဖမ်းဆီး၍ ခေါ်ဆောင်ခဲ့ချေလော့"ဟု မိန့်တော်မူသည်ရှိသော် ထိုသူအားလုံးတို့ကို မင်းကြီးဆိုတိုင်း ဖမ်းဆီး၍ မင်းကြီးအား ပြသလေ၏။ မင်းကြီးသည်လည်း မစူးစမ်း မဆင်ခြင်တော့ဘဲ "ဆင်နှင့် နင်းသတ်စေ"ဟု အမိန့်တော်မြွက် မှတ်လေ၏။ မဃလုလင်သည် မိမိမှတပါး အခြားသူတို့အား "အချင်းတို့၊ မေတ္တာတရားကို ဖယ်ထား၍ အခြားတပါးသော ကိုးကွယ်ရာသည် ငါတို့အား မရှိတော့ပြီ။ သင်တို့သည် တစ်စုံတစ်ယောက်သောသူ၏ အပေါ်၌ အမျက်ထွက်ခြင်းကို မပြုကြမူဘဲ မင်းကြီး၌လည်းကောင်း, ရွာစား၌လည်းကောင်း, ငါတို့ကို နင်းလတ္တံ့သော ဆင်၌လည်းကောင်း, မိမိကိုယ်၌လည်းကောင်း မေတ္တာစိတ်ဖြင့် တူမျှသော စိတ်ရှိကြကုန်လော့"ဟု သတိပေးဆုံးမကာ ပြောကြားလေ၏။

၃၃-ယောက်သောသူတို့သည်လည်း မဃလုလင် ပြောကြားသည့်အတိုင်း ပြုကြလေကုန်၏။ ထိုအခါ ထိုသူတို့၏ မေတ္တာရှိန်စော် အာနုဘော်ကြောင့် ဆင်သည် ချဉ်းကပ်ခြင်းငှာပင် မဝံ့လေပြီ။ မင်းကြီးသည် ထိုအကြောင်းကို ကြားရ၍ "လူများစွာတို့ကို မြင်သဖြင့် ဆင်သည် နင်းခြင်းငှာ မချဉ်းကပ်ဝံ့သည် ဖြစ်လတ္တံ့။ သွားကြကုန်, ထိုသူတို့ကို ဖျာဖြင့် ဖုံးအုပ်၍ နင်းစေကြကုန်"ဟု အမိန့်တော်မြွက် မှတ်ပြန်လေ၏။ ထိုသူတို့ကို ဖျာဖြင့် ဖုံးအုပ်၍ နင်းစေခြင်းငှာ လွှတ်လိုက်ပြန်သော်လည်း ဆင်သည် ဝေးရာသို့သာ ဖဲသွားလေ၏။

မင်းကြီးသည် ထိုစကားကို ကြားရပြန်လေလျှင် "ဤအရာ၌ အကြောင်းထူးရှိသည် ဖြစ်တန်ရာ၏"ဟု ကြံပြီးလျှင် ထိုသူတို့ကို ခေါ်စေ၍ "ငါမင်းမြတ်ကို အမှီပြု၍ သင်တို့သည် အဘယ်အရာကို မရဘဲ ရှိကြကုန်သနည်း"ဟု စစ်ဆေးမေးမြန်းလေ၏။ "အရှင်မင်းကြီး၊ ဤမိန့်တော်မူခြင်း၏အကြောင်းကား အဘယ်မည်သော အကြောင်းပါနည်း"ဟု လျှောက်တင်ကြသောအခါ "သင်တို့သည် အပေါင်းအစု ဖွဲ့စည်း၍ ခိုးဆိုးတိုက်ခိုက်မှု ပြုလုပ်ကြလျက် တောအရပ်၌ သွားလာလှည့်လည်ကြသည် မဟုတ်တုံလော"ဟု မိန့်ဆိုလေ၏။ "အရှင်

မင်းကြီး၊ အဘယ်သူသည် ဤသို့ လျှောက်တင်ပါသနည်း”ဟု သံတော်ဦး တင်လတ်သော် “အမောင်တို့၊ ရွာစားလျှောက်တင်၏”ဟု မိန့်တော်မူလေ၏။

ထို့နောက် ထိုသူတို့သည် “အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ကား ခိုးသူများ မဟုတ်ကြပါ။ ကျွန်တော်မျိုးတို့သည် မိမိ၏နတ်ရွာလမ်းခရီးကို သုတ်သင်ပြင်ဆင်လျက် ဤမည်, ဤမည်သော ကောင်းမှုကို ပြုကြပါကုန်၏။ ရွာစားသည် ကျွန်တော်မျိုးတို့ကို မကောင်းမှုအကုသိုလ်ဖြစ်အံ့သော အမှုအရာဖြင့် ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ရာ မိမိ၏စကားကို မလိုက်နာကုန်သော အရှင့်ကျွန်တော်မျိုးတို့ကို အမျက်ဒေါသထွက်၍ ပျက်စီးစေလိုသောကြောင့် အရှင်မင်းကြီးကို လှည့်စားလိမ်လည်ကာ ဤသို့ လျှောက်တင်ခြင်း ဖြစ်ပါ၏”ဟု သံတော်ဦး တင်ကြလေကုန်၏။

ထိုအခါ မင်းကြီးသည် ထိုသူတို့၏စကားကို ကြားရလေလျှင် ရွှင်လန်းဝမ်းမြောက်ခြင်းသို့ ရောက်သည်ဖြစ်၍ “အမောင်တို့၊ ဤဆင်သည် တိရစ္ဆာန်ပင်ဖြစ်ပါလျက် သင်တို့၏ဂုဏ်ကျေးဇူးတို့ကို သိဘိသေး၏။ ငါသည်မူကား လူစင်စစ်ဖြစ်ပါလျက် သင်တို့၏ဂုဏ်ကျေးဇူးတို့ကို မသိစွမ်းနိုင်။ ငါ၏အပြစ်ကို သည်းခံကြကုန်လော့”ဟု ဤသို့ တောင်းပန်စကားပြောကြားပြီးလျှင် သားမယားနှင့်တကွသော ရွာစားကို ထို ၃၃-ယောက်သောသူတို့၏ကျွန်အဖြစ်ပြုရန် ပေးအပ်ကာ ဆင်ကိုလည်း ထိုသူတို့ စီးနင်းရန်ပေး၍ ထိုရွာကိုလည်း အလိုရှိတိုင်း အုပ်ချုပ်သုံးဆောင်ရန် ရွာစားပြု၍ ပေးအပ်လေ၏။

ထိုသူတို့သည် “မျက်မှောက်ပစ္စက္ခ ဤပစ္စုပ္ပန်လောက၌ပင်လျှင် ငါတို့ပြုအပ်သော ကုသိုလ်ကောင်းမှု၏ အကျိုးဆက်ကို တွေ့မြင်ရပြီ”ဟု နှလုံးသွင်း၍ အတိုင်းထက်အလွန် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်ဖြစ်၍ ထိုဆင်ကို အလှည့်အကြိမ်အားဖြင့် စီးနင်းကာ သွားလာလျက် တိုင်ပင်ကြ ပြန်သည်မှာကား “ယခုအခါ ငါတို့သည် အတိုင်းထက် အလွန် ကုသိုလ်ကောင်းမှု ပြုလုပ်ထိုက်ပေ၏။ အဘယ်ကုသိုလ်ကောင်းမှုကို ပြုလုပ်အံ့နည်း။ ခရီးလမ်းမ ၄-ဆုံ၌ လူများစွာ အပန်းဖြေတည်းခိုစရာ ဇရပ်ဆောက်လုပ်ကုန်အံ့”ဟု တိုင်ပင်ကြပြီးလျှင် လက်သမားကို ခေါ်စေ၍ ဇရပ်ဆောက်လုပ်ကြစေကုန်၏။ ထိုသူတို့သည် မာတုဂါမတို့ အပေါ်၌ မက်မောစုံမက်ခြင်း အလိုဆန္ဒ နည်းပါးကြသောကြောင့် မာတုဂါမတို့အား ဇရပ်အတွက် ကုသိုလ်ပါဝင်ရန် ခွင့်မပေးကြလေကုန်။

မဃလုလင်၏ အိမ်၌ကား နန္ဒာ, စိတ္တာ, သုဓမ္မာ, သုဇာ-ဟူသော မိန်းမ ၄-ယောက် ရှိကုန်၏။ ထိုမိန်းမ ၄-ယောက်တို့တွင် သုဓမ္မာသည် လက်သမားဆရာကြီးနှင့် ကပ်ကာ တိုင်ပင်၍ “မောင်ကြီး၊ ဤဇရပ်၌ ကျွန်မကို အကြီးအမှူးဖြစ်အောင် ကြံဆောင်ပြုလုပ်ပေးစေချင်ပါသည်”ဟု ပြောကာ ဥစ္စာတံစိုးလက်ဆောင် ထိုး၍ ထားလေ၏။ လက်သမားဆရာ

ကြီးသည်လည်း "ကောင်းပြီ"ဟု ဝန်ခံ၍ ရှေးဦးကပင်လျှင် အမွန်းအချက် (ထုပိကာအထွတ်) အတွက် သစ်သားကို သွေ့ခြောက်အောင် စိမ်ပြီးလျှင် ချောမောစွာ ရွေခြင်း, ထွင်းခြင်းတို့ကို ပြုလျက် အမွန်းအချက်ကို ပြီးစီးနှင့်စေကာ "ဤဇရပ်သည် သုဓမ္မာမည်၏"ဟု ကမ္ဗည်း (ဆိုင်းဘုတ်) ထွင်းထုရေးသား၍ အဝတ်ဖြင့် ရစ်ပတ်ကာ ထားလေ၏။

ထိုအခါ ထိုလက်သမားသည် ဇရပ်ကို အပြူထည်ပြီးစေ၍ ထုပိကာ(အထွတ်) တင်အံ့သောနေ့၌ "အရှင့်သားတို့ ဩော်-ခက်ပြီ။ အကျွန်ုပ်တို့ ပြုလုပ်ရန် အရာဝတ္ထု ၁-ခု မေ့နေခဲ့ကြကုန်ပြီ"ဟု ပြောဆို၏။ "အချင်းလက်သမားဆရာ၊ အဘယ်အရာဝတ္ထု ၁-ခုပါနည်း"ဟု မေးလတ်သော် "ထုပိကာတည်း"ဟု ဆိုလေ၏။ "ထိုသို့ မေ့နေပါမူ ဆောင်ယူချေကုန်အံ့"ဟု ဆိုပြန်လတ်သော် "ယခု ခုတ်ဖြတ်အပ်သော သစ်သားဖြင့် ပြုလုပ်ခြင်းငှာ မတတ်ကောင်းပါ။ ရှေးဦးစွာ စောစောကပင်လျှင် ထိုသစ်သားကို ခုတ်ဖြတ်ရွေထွင်း၍ အသင့်ပြုလုပ်ထားသည့် ထုပိကာကို ရမှ သင့်ပါမည်"ဟု ဆိုလေ၏။ "ယခုအချိန်ကျမှ အဘယ်သို့ ပြု၍ ရနိုင်တော့အံ့နည်း"ဟု ဆိုလတ်သော် "၁-ဦး, ၁-ယောက်သူ၏အိမ်၌ ပြုလုပ်ပြီးထားအပ်သော ရောင်းချစရာ ထုပိကာသည် အကယ်၍ ရှိသည်ဖြစ်အံ့။ ထိုထုပိကာကို ကျသင့်သည့် အဖိုးပေး၍ ရှာမှီးဝယ်ယူအပ်၏"ဟု ဆိုလေ၏။ ထိုသူတို့သည် ရှာမှီးကြကုန်သည်ရှိသော် သုဓမ္မာ၏အိမ်၌ တွေ့မြင်၍ အဖိုးငွေဖြင့် အသပြာ ၁,၀၀၀-ပေးသော်လည်း မရကြလေကုန်။ 'ဇရပ်၏အတွက် ကျွန်မကုသိုလ် ပါဝင်ခွင့်ရလျှင် ပေးလှူပါရစေ" ဟု ဆိုလတ်သော် "ငါတို့ မိန်းမတို့ကို ကုသိုလ်ပါဝင်ခွင့် မပေးနိုင်ကုန်"ဟု ဆိုကြကုန်၏။

----- x -----

## (၇) သုဓမ္မာ အကြံကောင်း၍ ကုသိုလ်ပါဝင်ခွင့်ရကြောင်း

ထိုအခါ ထိုသူတို့ကို လက်သမားဆရာသည် "အရှင့်သားတို့၊ သင်တို့ အသို့ဆိုကြကုန်ဘိသနည်း။ ဗြဟ္မာ့ပြည်ကို ချန်ထား၍ အခြားမိန်းမသားနှင့် ကင်းသောအရပ်မည်သည် မရှိနိုင်ပါ။ ထိုထုပိကာကို ယူသာ ယူကြပါလော့။ ဤသို့ ယူမှသာလျှင် ငါတို့၏အမှုကိစ္စ ပြီးစီးခြင်းသို့ ရောက်ရပါမည်"ဟု ဆိုလေ၏။ ထိုသူတို့လည်း "ကောင်းပါပြီ"ဟု ဝန်ခံကာ ထုပိကာကို ယူ၍ ဇရပ်ကို အပြီးသတ်ပြီးလျှင် ၃-ပိုင်းပိုင်းလျက် ဝေဖန်ခွဲခြားထားကြလေကုန်၏။ တစ်ပိုင်း၌ အစိုးရသူတို့ နေစရာ ပြုလုပ်ထားကြကုန်၏။ တစ်ပိုင်း၌ သူဆင်းရဲတို့ နေစရာ ပြုလုပ်ထားကြကုန်၏။ တစ်ပိုင်း၌ မကျန်းမာသူတို့ နေစရာ ပြုလုပ်ထားကြကုန်၏။ ၃၃-ယောက်သော သူတို့သည်လည်း ၃၃-ခုသော ထိုင်စရာ ပျဉ်ချပ်တို့ကို ခင်းထားစေကာ ဆင်အား အမှတ်သညာ ပေးထားကြလေကုန်၏။

အဘယ်သို့ ပေးထားသနည်း-ဟူမူ ခရီးသွားဧည့်သည်သည် အကြင်သူ၏ ခင်းထား အပ်သော ထိုင်ခုံပျဉ်ချပ်၌ နေ၏။ ထိုဧည့်သည်ကို ခေါ်သွား၍ ပျဉ်ချပ်ရှင်ဖြစ်သော ထိုသူ၏ အိမ်၌သာလျှင် ထိုခရီးသွားဧည့်သည်အား တည်းခိုစေ၏။ ထိုဧည့်သည်အား ခြေ,လက်ဆုပ် နယ်ပြုခြင်း၊ ချေးတွန်းခြင်း၊ သောက်ဖွယ်,ခဲဖွယ်,စားဖွယ်, အိပ်ရာ,နေရာ အားလုံးတို့သည် ထိုင်ခုံပျဉ်ချပ်ကောင်းမှုရှင်၏ တာဝန်သာ ဖြစ်လတ္တံ့”ဟူသော အခိပ္ပါယ်ဖြင့် အမှတ်သညာကို ပေးထားကြကုန်၏။

ဆင်သည် လာတိုင်း,လာတိုင်းသော ဧည့်သည်ကို ခေါ်သွား၍ ပျဉ်ချပ်ရှင်၏အိမ် သို့သာ ပို့ဆောင်ပေးလေ၏။ ထိုပျဉ်ချပ်ရှင်သည် ထိုဧည့်သည်အား ထိုနေ့၌ ပြုစုဖွယ်ကိစ္စကို ပြုရလေ၏။ မဃလုလင်သည်လည်း ဇရပ်၏အနီးအပါး၌ ပင်လယ်ကသစ်ပင်ကို စိုက်၍ ထိုပင်လယ်ကသစ်ပင်ရင်း၌ ကျောက်ဖျာကို ခင်းလေ၏။ ဇရပ်သို့ ဝင်လာတိုင်း,ဝင်လာတိုင်း ကုန်သော လူတို့သည် ထုပိကာကို ကြည့်ရှုလျက် ကမ္ပည်း(ဆိုင်းဘုတ်)ကို ဖတ်ကာ “ဤဇရပ် သည် သုဓမ္မာမည်သော ဇရပ်တည်း”ဟု ပြောဆိုကြကုန်၏။ ၃၃-ယောက်သောသူတို့၏ အမည်သည် မပေါ်လွင်,မထင်ရှားတော့ချေ။

----- x -----

## (၈) နန္ဒာနှင့် စိတ္တာတို့ ကုသိုလ်ပါဝင်ကြပုံ

ထိုအခါ **နန္ဒာ**သည်လည်း “ဤသူတို့သည် ဇရပ်ဆောက်လုပ်ကြရာ၌ ငါတို့ကို ကုသိုလ်ပါဝင်ခွင့် မရအောင် ပြုကြရာ သုဓမ္မာသည်ကား မိမိ၏လိမ္မာထက်မြက် အကြံ ကောင်းစွက်၍ ထုပိကာကို ပြုလုပ်ထားခြင်းကြောင့် ကုသိုလ်ပါဝင်ခွင့် ရလေပြီ။ ငါသည် လည်း တစ်စုံတစ်ခုပြုဦးမှ သင့်လျော်မည်။ အဘယ်အမှုကို ပြုရပါအံ့နည်း”ဟု ကြံလတ် သော် ထိုနန္ဒာအား “ဇရပ်သို့ ရောက်လာတိုင်း,ရောက်လာတိုင်းသော သူတို့အား သောက်ရေ, ချိုးရေတို့ကို ရရန်သင့်၏။ ရေကန်ကို တူးစေအံ့”ဟု အကြံဖြစ်ပေါ်လာ၍ ရေကန်ကို တူးစေ၏။

စိတ္တာသည်လည်း “သုဓမ္မာသည် ထုပိကာကို လှူပြီ။ နန္ဒာသည် ရေကန်တူးပြီ။ ငါလည်း တစ်စုံတစ်ခု ပြုဦးမှ သင့်လျော်မည်။ အဘယ်အမှုကို ပြုရပါအံ့နည်း”ဟု ကြံလတ် သော် ထိုအခါ ထိုစိတ္တာအား “ဇရပ်သို့ လာကုန်,လာကုန်သောသူတို့သည် ရေကို သောက်ချိုး ၍ သွားသောအခါ၌လည်း ပန်းကို ဆင်မြန်းပန်ဆင်၍ သွားရန်သင့်၏။ ပန်းအာရာမ်ကို စိုက်ပျိုးစေအံ့”ဟု အကြံဖြစ်ပေါ်လာကာ စိတ္တာသည် မွေ့လျော်ကြည်နူးဖွယ်ရာ ပန်းအာရာမ်

ကို စိုက်ပျိုးစေ၏။ များသောအားဖြင့် ထိုပန်းအာရာမ်၌ "ဤမည်သော ပွင့်သော အပင်၊ သီးသော အပင် မရှိ"ဟု မဖြစ်ရ၊ မျိုးစုံအောင် စိုက်ထားလေ၏။

----- x -----

## (၉) သုဇာသည်ကား တစ်စုံတစ်ခုသော ကုသိုလ်မှုကိုမျှ မပြု၊ မိမိကိုယ်ကိုသာ ခြယ်လှယ်ပြုပြင်၍ နေခြင်း

သုဇာသည်ကား "ငါသည် မဃလုလင်၏ ဦးရီးသမီးလည်း ဖြစ်၏။ ခြေရင်းအလုပ် အကျွေးမယားလည်း ဖြစ်၏။ ဤမဃလုလင် ပြုပြုသမျှသော ကောင်းမှုကုသိုလ်သည် ငါ့ကောင်းမှုကုသိုလ် မည်သည်သာတည်း။ ငါပြုပြုသမျှသော ကောင်းမှုကုသိုလ်သည်လည်း မဃလုလင်၏ ကောင်းမှုကုသိုလ် မည်သည်သာတည်း"ဟု ကြံ၍ တစ်စုံတစ်ခုသော ကောင်းမှု ကုသိုလ်ကိုမျှ မပြုဘဲ မိမိကိုယ်ခန္ဓာကိုသာလျှင် တန်ဆာဆင်ယင် ပြုပြင်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေ၏။

----- x -----

## (၁၀) မဃလုလင်တို့ တာဝတိံသာ၌ ဖြစ်ကြခြင်း

မဃလုလင်သည်လည်း-

၁။ မိဘကို လုပ်ကျွေးခြင်း၊

၂။ အမျိုး၌ ကြီးသောသူတို့ကို အရိုအသေပြုခြင်း၊

၃။ မှန်ကန်သော စကားကို ပြောဆိုခြင်း၊

၄။ ကြမ်းတမ်းသော စကားကို မပြောဆိုခြင်း၊ ၅။ ကုန်းမတိုက်ခြင်း၊

၆။ ဝန်မတိုခြင်း၊ ၇။ အမျက်မထွက်ခြင်း-

ဟူသော ဤ ၇-ပါးသော ကျင့်ဝတ်တရားတို့ကို ဖြည့်ကျင့်၍-

(ဂ) မာတာပေတ္တိဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ။
သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။ ။

(ဃ) မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု သပ္ပုရိသော ဣတိ။ ။

ဟူ၍ ဤသို့ ချီးမွမ်းထောမနာအပ်သောသူ၏အဖြစ်သို့ ရောက်လေ၍ အသက်၏အဆုံး၌ တာဝတိံသာနတ်ပြည်၌ သိကြားနတ်မင်း ဖြစ်လေ၏။ ထိုမဃ၏ မိတ်ဆွေ ၃၃-ကျိပ် ၃-ယောက်တို့သည်လည်း တာဝတိံသာနတ်ပြည်၌သာလျှင် ဖြစ်ကုန်၏။ လက်သမားသည်ကား ဝိသုကြံနတ်သား ဖြစ်လေ၏။

----- x -----

## (၁၁) အသုရာတို့နှင့် စစ်ခင်းကြခြင်း

ထိုအခါ တာဝတိံသာနတ်ပြည်၌ အသုရာတို့ နေကြကုန်၏။ ထိုအသုရာတို့သည် "နတ်သားသစ်များ တိုးပွါးဖြစ်ပေါ်လာကုန်ပြီ"ဟု နတ်၌ဖြစ်သော အဖျော်ကို စီရင်ကြကုန်၏။ သိကြားမင်းသည် မိမိ၏ပရိသတ်၌ တစ်စုံတစ်ယောက်သောသူကိုမျှ မသောက်စိမ့်သောငှာ အမှတ်သညာ ပေးလေ၏။ အသုရာတို့သည် သောက်ခြင်းကြောင့် မူးယစ်မေ့လျော့ကြကုန်၏။ သိကြားမင်းသည်လည်း "ဤသူတို့နှင့် ဆက်ဆံသော် သိကြားမင်း စည်းစိမ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု မိမိ၏ပရိသတ်အား အမှတ်သညာကို ပေးကာ ထိုအသုရာတို့ကို ခြေတို့၌ ဆွဲငင်စေလျက် သမုဒ္ဒရာသို့ ပစ်ချစေ၏။ ထိုအသုရာတို့သည် ဦးခေါင်းစောက်ထိုးဖြစ်၍ သမုဒ္ဒရာ၌ ကျကြကုန်၏။ ထိုအခါ အသုရာတို့၏ ကောင်းမှုရှိန်စော်အာနုဘော်ကြောင့် မြင်းမိုရ်တောင်၏ အောက်အပြင်၌ အသုရာမည်သော ပြည်ဗိမာန်သည် ဖြစ်ပေါ်လေ၏။ သခွတ်မည်သော သစ်ပင် ပေါက်ရောက်လေ၏။

----- x -----

## (၁၂) တာဝတိံသာနတ်ပြည်၏ ကြီးကျယ်ပုံ

နတ်တို့သည် အသုရာတို့နှင့် စစ်ပြိုင်စစ်ခင်းကြသည်ရှိသော် အသုရာတို့ ရှုံးသောကြောင့် ယူဇနာ ၁၀,၀၀၀-ကျယ်သော တာဝတိံသာမည်သော နတ်ပြည် ဖြစ်လာလေ၏။ ထိုတာဝတိံသာနတ်ပြည်၏ အရှေ့တံခါး, အနောက်တံခါးတို့၏ အကြားသည် ယူဇနာ ၁၀,၀၀၀-ကျယ်ပြန့်၏။ ထို့အတူ တောင်တံခါး, မြောက်တံခါးတို့၏ အကြားသည်လည်း ယူဇနာ ၁၀,၀၀၀-ပင် ကျယ်ပြန့်၏။ ထိုတာဝတိံသာနတ်ပြည်သည် တံခါး ၁,၀၀၀-ရှိ၏။ အာရာမ်ဥယျာဉ်, ရေကန်တို့ဖြင့် တန်ဆာဆင်အပ်၏။ ဇရပ်ဆောက်၍ လှူခဲ့ဖူးသော ကုသိုလ်၏ အကျိုးဆက်ကြောင့် တာဝတိံသာနတ်ပြည်၏ အလယ်၌ အစောက်ယူဇနာ ၃၀၀-မြင့်သော တံခွန်တို့ဖြင့် တန်ဆာဆင်လျက် အစောက်ယူဇနာ ၇၀၀-ရှိသော ရတနာ ၇-ပါးတို့ဖြင့် ပြီးသော ဝေဇယန္တာမည်သော ဘုံနန်းပြာသာဒ်သည် ပေါ်ပေါက်လာလေ၏။

ရွှေဖြင့်ပြီးသော တံခွန်တိုင်တို့၌ ပတ္တမြားတံခွန်များ၊ ပတ္တမြားရိုးတံခွန်တိုင်တို့၌ ရွှေတံခွန်များ၊ သန္တာတံခွန်တိုင်တို့၌ ပုလဲတံခွန်များ၊ ပုလဲတံခွန်တိုင်တို့၌ သန္တာတံခွန်များ၊ ရတနာ ၇-ပါးဖြင့်ပြီးသော တံခွန်တိုင်တို့၌ ရတနာ ၇-ပါးဖြင့်ပြီးသော တံခွန်များ ဖြစ်ပေါ် လာကြကုန်၏။ တံခွန်တိုင်တို့၏ အလယ်၌ စိုက်ထားအပ်သော တံခွန်သည် ယူဇနာ ၃၀၀-မြင့်၏။ ဤသို့ ဇရပ်ဆောက်၍ လှူဒါန်းခဲ့ဖူးသော ကုသိုလ်၏ အကျိုးဆက်ကြောင့် ယူဇနာ ၁,၀၀၀-မြင့်သော ရတနာ ၇-ပါးဖြင့် ပြီးသည်သာလျှင်ဖြစ်သော ဝေဇယန္တာ ဘုံနန်းပြာသာဒ်သည် ဖြစ်ပေါ်လာလေ၏။

ပင်လယ်ကသစ်ပင်ကို စိုက်၍ လှူဒါန်းခဲ့ဖူးသော ကုသိုလ်၏ အကျိုးဆက်ကြောင့် ထက်ဝန်းကျင်မှ ယူဇနာ ၃၀၀-ပင်စည်အဝန်းရှိသော ပင်လယ်ကသစ်ပင် ပေါက်ရောက်လာလေ၏။ ကျောက်ဖျာကို ကသစ်ပင်ရင်း၌ ခင်း၍ လှူဒါန်းခဲ့ဖူးသော ကုသိုလ်၏အကျိုးဆက်ကြောင့် ပင်လယ်ကသစ်ပင်ရင်း၌ အလျားယူဇနာ-၆၀, အနံယူဇနာ-၅၀, အထု ၁၅-ယူဇနာရှိသော လယ်ခေါင်ရန်းအဆင်း ကမ္ဗလာနီအဆင်းကဲ့သို့ နီမြန်းသော အဆင်းရှိသော ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ဖြစ်ပေါ်လာလေ၏။ ထိုပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ သိကြားမင်း ထိုင်သောအခါ ကိုယ်ထက်ဝက်နစ်၍ ထသောအခါ နစ်သောနေရာသည် ပြည့်မြဲတိုင်း ပြန်၍ ပြည့်၏။

----- x -----

## (၁၃) ဧရာဝဏ်ဆင်အကြောင်း

ဆင်သည်လည်း ဧရာဝဏ်မည်သော နတ်သား ဖြစ်လာ၏၊ မှန်၏။ နတ်ပြည်၌ တိရစ္ဆာန်သတ္တဝါတို့ မရှိကြကုန်။ ထို့ကြောင့် ထိုနတ်သားသည် ဥယျာဉ်ကစားရန် ထွက်သောအခါ၌ မိမိကိုယ်ကို စွန့်၍ ယူဇနာ ၁၅၀-ရှိသော ဧရာဝဏ်မည်သောဆင် ဖြစ်ရလေ၏။ ထိုဧရာဝဏ်ဆင်သည် ၃၃-ယောက်သောသူတို့ စီးစေခြင်းအကျိုးငှာ ၃-ဂါဝုတ်, ၂-ဂါဝုတ်စီ ပမာဏရှိသော ၃၃-လုံးသော ဦးကင်းတို့ကို ပတ်လည်လှည့်၍ ဖန်ဆင်းလေ၏။ အလုံးစုံသော ဦးကင်းတို့၏အလယ်၌ သိကြားမင်းနေရန် သုဒဿနမည်သော ယူဇနာ ၃၀-ပမာဏရှိသည့် ဆင်ဦးကင်းကို ဖန်ဆင်းလေ၏။ ထိုဆင်ဦးကင်းထက်၌ ၁၂-ယူဇနာရှိသော ရတနာမဏ္ဍပ်သည် ဖြစ်၏။ ထိုမဏ္ဍပ် အကြားအကြား၌ ရတနာ ၇-ပါးဖြင့်ပြီးသော ၁-ယူဇနာမြင့်သော တံခွန်တို့သည် ပေါက်ကုန်၏။ ထိုတံခွန်တို့၏ အဖျားအဆုံးနား၌ ရွှေခြူကွန်ရက်သည် တွဲရရွဲဆွဲ၍ နေ၏။

လေပြေ,လေညင်းတိုက်ခတ်အပ်သည့်အခါ ထိုရွှေခြူကွန်ရက်၏ အသံသည် အင်္ဂါ ၅-ပါးရှိသော တူရိယာသံနှင့် ရောနှောသော နတ်တို့၏ သီချင်းသံကဲ့သို့ အသံထွက်၏။ မဏ္ဍပ်၏အလယ်၌ သိကြားမင်းအတွက် ၁-ယူဇနာရှိသော ပတ္တမြားပလ္လင်ကို ခင်းထားအပ်၏။ သိကြားမင်းသည် ထိုပတ္တမြားပလ္လင်၌ စံနေတော်မူ၏။ ၃၃-ယောက်သော နတ်သားတို့သည် မိမိ၏ဦးကင်းရှိ ရတနာပလ္လင်၌ နေကြကုန်၏။ ၃၃-လုံးသော ဆင်ဦးကင်းတို့တွင် ၁-ခု, ၁-ခုသော ဆင်ဦးကင်း၌ ၇-ခု, ၇-ခုကုန်သော အစွယ်တို့ကို ဖန်ဆင်း၏။ ထိုအစွယ် ၇-ခုတို့တွင် အစွယ် ၁-ခု, ၁-ခုသည် အလျားယူဇနာ ၅၀-ရှည်၏။ ဤ ၁-ခု, ၁-ခုသော အစွယ်၌ ၇-ခု, ၇-ခုသော ရေကန်များ၊ ၁-ခု, ၁-ခုသော ရေကန်၌ ၇-ခု, ၇-ခုသော ပဒုမ္မာကြာရုံများ၊ ၁-ခု, ၁-ခုသော ပဒုမ္မာကြာရုံ၌ ကြာ ၇-ပွင့်, ၇-ပွင့်၊ ကြာ ၁-ပွင့်, ၁-ပွင့်၌ ပွင့်ချပ် ၇-ခု, ၇-ခု၊ ပွင့်ချပ် ၁-ခု, ၁-ခု၌ နတ်သမီး ၇-ယောက်, ၇-ယောက်တို့သည် ကကြကုန်၏။ ဤသို့ ထက်ဝန်းကျင်မှ ယူဇနာ ၅၀-ရှိသော အရပ်တို့တွင် ဆင်၏အစွယ်တို့၌သာ ကပွဲသဘင်တို့ ဖြစ်ကြကုန်၏။ ဤသို့ ကြီးကျယ်ပြန့်ပြောသော စည်းစိမ်ချမ်းသာကို ခံစားလျက် သိကြားမင်းသည် လှည့်လည်ကြွမြန်း၍ နေလေ၏။

----- x -----

## (၁၄) ကုသိုလ်ရှင် မိန်းမ ၃-ယောက်တို့ နတ်ပြည်၌ ဖြစ်ကြခြင်း

သုဓမ္မာသည်လည်း စုတေသေလွန်သည်ရှိသော် ထိုတာဝတိံသာနတ်ပြည်၌သာ ဖြစ်လေ၏။ ထိုသုဓမ္မာအား ယူဇနာ ၉၀၀-ရှိသော သုဓမ္မာမည်သော နတ်သဘင်သည် ဖြစ်လေ၏။ ထိုနတ်သဘင်ထက် လွန်စွာနှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော အခြားတပါးသော နေရာအရပ်မည်သည် မရှိတော့ပေ။ ၁-လလျှင် ၈-ရက်တို့ပတ်လုံး ထိုသုဓမ္မာနတ်သဘင်၌သာလျှင် တရားနာ၏။ ယနေ့တိုင်အောင်လည်း အခြားမွေ့လျော်ဖွယ်ရှိသော အရပ်ကို မြင်ကြသည်ရှိသော် "သုဓမ္မာနတ်သဘင်ကဲ့သို့ ဖြစ်၏"ဟု ပြောဆိုကြရလေကုန်၏။

နန္ဒာသည်လည်း လူ့ပြည်မှ စုတေသေလွန်ခဲ့သည်ရှိသော် သွား၍ ထိုတာဝတိံသာနတ်ပြည်၌ပင်လျှင် ဖြစ်လေ၏။ ထိုနန္ဒာအား ယူဇနာ ၅၀၀-ကျယ်ဝန်းသော နန္ဒာမည်သော ရေကန်သည် ဖြစ်လေ၏။

စိတ္တာသည်လည်း လူ့ပြည်မှ စုတေသေလွန်ခဲ့သည်ရှိသော် ထိုတာဝတိံသာနတ်ပြည်၌ပင်လျှင် ဖြစ်လေ၏။ ထိုစိတ္တာအားလည်း ယူဇနာ ၅၀၀-ရှိသော စိတ္တလတာမည်သော ဥယျာဉ်သည် ဖြစ်လေ၏။ ထိုစိတ္တလတာဥယျာဉ်၌ နှလုံးမသာဖွယ်ရာဖြစ်သော ပုဗ္ဗ

နိမိတ်ဖြစ်ခြင်းရှိကြသည့် နတ်သားတို့ကို ဆောင်၍ ဝမ်းမြောက်ကြစေကုန်လျက် လှည့်လည်သွားလာကြရကုန်၏။

----- x -----

## (၁၅) မိမိကိုယ်ကိုသာ ပြုပြင်ခြယ်လှယ်၍နေသည့် သုဇာသည် ဗျိုင်းမဖြစ်ရခြင်း

သုဇာသည်ကား လှူပြည်မှ စုတေသေလွန်ခဲ့သည်ရှိသော် ၁-ခုသော တောင်ချောက်ကြား၌ ဗျိုင်းငှက်ငယ်မ ၁-ကောင် သွား၍ ဖြစ်ရလေ၏။ သိကြားမင်းသည်လည်း မိမိ၏အလုပ်အကျွေး ဖြစ်ခဲ့ဖူးသော မိန်းမတို့ကို ကြည့်ရှုလတ်သည်ရှိသော် "သုဓမ္မာ, နန္ဒာ, စိတ္တာ-မည်သော ၃-ယောက်တို့သည် ဤတာဝတိံသာနတ်ပြည်၌သာ ဖြစ်ကြရကုန်၏။ သုဇာသည်ကား အဘယ်အရပ်၌ ဖြစ်လေသနည်း"ဟု ကြံစည်ကာ ကြည့်ရှုလတ်သည်ရှိသော် ထိုသုဇာကို တောင်ချောက်ကြား၌ ဗျိုင်းငှက်ငယ်မ ဖြစ်နေသည်ကို တွေ့မြင်ရ၍ "အမိုက်မ သုဇာသည် တစ်စုံတစ်ခုသော ကောင်းမှုကို မပြုခဲ့ခြင်းကြောင့် ယခုအခါ တိရစ္ဆာန်မျိုး၌ ဗျိုင်းမ ဖြစ်ရရှာပြီ။ ယခုအခါ၌ကား ထိုဗျိုင်းမကို ကောင်းမှုပြုလုပ်စေ၍ ဤတာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်ခြင်းငှာ သင့်၏"ဟု ကြံပြီးလျှင် သိကြားမင်းအသွင်ကို စွန့်၍ မထင်ရှားသော သူဆင်းရဲအသွင်ဖြင့် ဗျိုင်းမငယ်အထံသို့ သွား၍ "အဘယ်အမှုကိစ္စကို ပြုလျက် ဤတောင်အကြား မြစ်၌ လှည့်လည်ကျက်စား သွားလာနေဘိသနည်း"ဟု မေးလေ၏။ "အရှင်ကား အဘယ်သူပါနည်း"ဟု မေးလတ်သော် " ငါကား မစလရွာ၌ နေစဉ်အခါ ချစ်လင်ဖြစ်ခဲ့ဖူးသော မဃလုလင်ပင်တည်း"ဟု ပြောဆိုလေလျှင် "အရှင်၊ အဘယ်အရပ်မှာ ဖြစ်ပါသနည်း"ဟု မေးပြန်သော် "ငါကား တာဝတိံသာနတ်ပြည်၌ ဖြစ်ပေ၏။ သင်၏ အဖော်မိတ်ဆွေဖြစ်သော မိန်းမတို့၏ ဖြစ်ရာအရပ်ကိုကား သိပါ၏လော"ဟု မေးမြန်းပြန်လေလျှင် "အရှင်၊ ကျွန်မ မသိပါ"ဟု ဆိုလတ်သော် "ထိုမိန်းမတို့သည်လည်း ငါ၏အထံ၌ ဖြစ်လာကြကုန်၏။

ထိုအဖော်မိတ်ဆွေဖြစ်သော မိန်းမတို့ကို တွေ့မြင်လိုသလော"ဟု မေးပြန်လျှင် "အရှင်၊ ကျွန်မသည် ထိုတာဝတိံသာနတ်ပြည်သို့ အဘယ်သို့လျှင် သွားနိုင်ပါအံ့နည်း"ဟု ဆိုလတ်သော် သိကြားမင်းသည် "သင့်ကို ငါတာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်အံ့"ဟု ဆို၍ ထိုဗျိုင်းမငယ်ကို လက်ဝါးပြင်၌ နားစေကာ တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်ပြီးလျှင် နန္ဒာရေကန်ကမ်းနား၌ လွှတ်ထားပြီးမှ နတ်မိဖုရား ၃-ယောက်တို့အား "သင်တို့၏ အဖော်မိတ်ဆွေမဖြစ်သော သုဇာကို တွေ့မြင်လိုကြကုန်သလော"ဟု မေးလေ၏။ "အရှင်

မင်းမြတ်၊ ထိုသုဇာသည် အဘယ်မှာပါနည်း”ဟု မေးကြသဖြင့် “နန္ဒာရေကန်ကမ်းနား၌ ရှိ၏”ဟု ပြောကြားလိုက်လေ၏။ ထိုအခါ ထိုသိကြားမင်း၏ မိဖုရား ၃-ယောက်တို့သည်လည်း ထွက်သွား၍ “အရှင်မ သုဇာ၏ ဤသို့သဘောရှိသော မိမိကိုယ်ကို လှပစေရန် တန်ဆာဆင်ပြင်ခြင်း၏အကျိုးသည် ဩော်-အံ့ဩဖွယ်ကောင်းပေစွတကား။ ယခုအခါ ထိုအရှင်မသုဇာ၏ နှုတ်သီးကလေးကို ကြည့်ကြစမ်းပါဦး၊ ခြေတို့ကို ကြည့်ကြစမ်းပါဦး၊ ခြေသလုံးကလေးတို့ကို ကြည့်ကြစမ်းပါဦး၊ ထိုအရှင်မ သုဇာ၏ အလုံးစုံသော အတ္တဘောသည် တင့်တယ်လှပေစွတကား”ဟု ပြောင်လှောင်ပြက်ရယ်မှုကို ပြု၍ ဖဲသွားကြလေကုန်၏။

----- x -----

## (၁၆) ဗျိုင်းမကို တရားပြကာ ၅-ပါးသီလ ဆောက်တည်စေခြင်း

တဖန် သိကြားမင်းသည် ထိုဗျိုင်းမအထံသို့ သွား၍ “သင့်အဖော်မိတ်ဆွေမတို့ကို မြင်လိုက်၏လော”ဟု မေးလေလျှင် “မြင်ရပါပြီ၊ ကျွန်မကို ပြောင်လှောင်ပြက်ရယ်မှုပြု၍ သွားကြပါသည်။ ကျွန်မ၏နေရာ ထိုတောင်ချောက်ကြားသို့သာ ကျွန်မကို ပြန်ပို့ပါ”ဟု ပြောလတ်သော် ထိုဗျိုင်းမကို ထိုတောင်ချောက်ကြားသို့သာ ဆောင်ပို့လိုက်ပြီးလျှင် ရေ၌ လွှတ်ခဲ့၍ “သင့်အဖော် မိတ်ဆွေမတို့၏ စည်းစိမ်ချမ်းသာကို မြင်ရပြီ မဟုတ်လော”ဟု မေးလေလျှင် “အရှင်၊ မြင်ရပါပြီ”ဟု ဆိုလေက “သင်လည်း ထိုတာဝတိံသာနတ်ပြည်၌ ဖြစ်ခြင်း၏အကြောင်း ကောင်းမှုကို ပြုလုပ်သင့်ပေ၏”ဟု ဆိုလေလျှင် “အရှင်သိကြားမင်း၊ အဘယ်သို့ ပြုလုပ်ရပါမည်နည်း”ဟု မေးသောအခါ “ငါပေးသော ဆုံးမဩဝါဒကို စောင့်ရှောက်နိုင်မည်လော”ဟု မေးလေ၏။ “စောင့်ရှောက်ပါမည်”ဟု တာဝန်ယူသောအခါ ထိုဗျိုင်းမအား ၅-ပါးသော သီလကို ပေး၍ “မမေ့မလျော့ စောင့်ရှောက်ရစ်လော့”ဟု ဆိုဆုံးမကာ ဖဲသွားလေ၏။

----- x -----

## (၁၇) ဗျိုင်းမသည် ၅-ပါးသီလ၏အကျိုးကြောင့် အိုးထိန်းသည်၏သမီးဖြစ်ရခြင်း

ထိုဗျိုင်းမသည်လည်း ထိုအခါမှစ၍ အလိုလိုသေသော ငါးတို့ကိုသာလျှင် ရှာ၍ စား၏။ သိကြားမင်းသည် ၂-ရက်, ၃-ရက် လွန်သောအခါ ထိုဗျိုင်းမကို စူးစမ်းခြင်းငှာ သွားရောက်၍ သေသောင်ပြင်၌ ငါးသေယောင်ဆောင်၍ ပက်လက်အိပ်နေလေ၏။ ထိုဗျိုင်းမသည် ထိုငါးကို မြင်လျှင် “ငါးသေ”ဟူသော အမှတ်ဖြင့် ကောက်ယူလိုက်လေ၏။

ငါးသည် မျိုလိုက်သောအခါ၌ အမြီးကို လှုပ်လိုက်လေ၏။ ဗျိုင်းမသည် "အသက်ရှင်သော ငါးပါတကား"ဟု ရေ၌ လွှတ်လိုက်လေ၏။ ထိုငါးသည် အနည်းငယ် အချိန်လွန်စေပြန်သည် ရှိသော် တဖန်ဗျိုင်းမရှေ့၌ ပက်လက်အိပ်ပြန်၏။ တဖန် ဗျိုင်းမသည် "ငါးသေ"ဟူသော အမှတ်ဖြင့် ကောက်ယူပြန်၍ မျိုဆဲသောအခါ အမြီးဖျားကို လှုပ်လိုက်လေ၏။ ဗျိုင်းမသည် ထိုငါးသေကို မြင်၍ "ငါးအရှင်ပါတကား"ဟု လွှတ်လိုက်ပြန်လေ၏။ ဤသို့လျှင် ၃-ကြိမ် တိုင်တိုင် စူးစမ်း၍ "ကောင်းစွာ သီလကို စောင့်ရှောက်ပေ၏"ဟု မိမိကိုယ်ကို သိစေ၍ "ငါကား သင်၏သီလကို စူးစမ်းရန် လာခဲ့၏။ သင်သည် သီလကို ကောင်းစွာ စောင့်ရှောက် ပေ၏။ ဤသို့ မကျိုးမပေါက်အောင် စောင့်ရှောက်ပါလျှင် မကြာမီပင် ငါ့အထံ၌ ဖြစ်ရ, ရောက်ရလတ္တံ့။ မမေ့မလျော့ရစ်လင့်"ဟု သေချာစွာ မှာကြား၍ ဖဲသွားလေ၏။

ထိုဗျိုင်းမသည် ထိုအခါမှစ၍ အလိုလိုသေသော ငါးကို ရသောအခါလည်း ရှိ၏။ မရသောအခါလည်း ရှိ၏။ မရသည်ရှိသော် ၂-ရက်, ၃-ရက် လွန်သဖြင့်ပင်လျှင် သွေးသား ခြောက်ခန်း၍ စုတေသေလွန်ရကား ထို ၅-ပါးသီလ၏ အကျိုးအာနုဘော်ကြောင့် ဗာရာ- ဏသီပြည်ဝယ် အိုးထိန်းသည် ၁-ယောက်၏သမီး ဖြစ်လေ၏။

----- x -----

## (၁၈) သိကြားမင်း သခွါးသီး အရောင်းထွက်ခြင်း

ထို့နောက် အိုးထိန်းသည်၏သမီး ၁၅-နှစ်, ၁၆-နှစ် အရွယ်သို့ ရောက်သောအခါ သိကြားမင်းသည် "ဗျိုင်းမသူဇာသည် ယခုအခါ အဘယ်ပြည်ရွာ၌ ဖြစ်ရှာလေသနည်း"ဟု ကြည့်ရှုဆင်ခြင်သည်ရှိသော် မြင်ရ၍ "ယခုအခါ ငါသိကြားမင်းသည် ထိုအိုးထိန်းသည်၏ သမီး နေရာသို့ သွားရန်သင့်၏"ဟု သခွါးသီး အရောင်အဆင်းပမာဏရှိ၍ သခွါးသီး-ဟု ထင်ရကုန်သော ရတနာ ၇-ပါးတို့ဖြင့် ယာဉ်ငယ်၌ အပြည့်တင်၍ မောင်းနှင်ပြီးလျှင် ဗာရာဏသီပြည်သို့ ဝင်၍ "အို မိခင်,ဖခင်တို့၊ သခွါးသီးတို့ကို ဝယ်ကြပါ၊ ဝယ်ကြပါ"ဟု အော်ဟစ်ကြွေးကြော်လျက် ဈေးလမ်းမအတိုင်း သွားလေ၏။ လူတို့သည် ပဲနောက်, ပဲကြီး- စသည်တို့ကို ယူ၍ ဝယ်ရန် လာကြကုန်သည်ရှိသော် "အဖိုးဖြင့် ငါမပေး"ဟု ဆိုလိုက်၍ "အဘယ်သို့သော အကြောင်းဖြင့် ပေးမည်နည်း"ဟု မေးသည်ရှိသော် "သီလကို ထိန်းသိမ်း စောင့်ရှောက်လေ့ရှိသော မိန်းမအား ပေးပေအံ့"ဟု ဆိုလေလျှင် "အရှင်၊ ဤသီလမည် သည် အဘယ်သို့ သဘောရှိပါသနည်း။ အမဲလေလော၊ သို့မဟုတ် အညို-စသည်လေ လော"ဟု မေးကြပြန်သည်ရှိသော် "သင်တို့သည် သီလကို အဘယ်သို့ သဘောရှိသည်ကိုမျှ

လည်း မသိကြသေးလျှင် ထိုသီလကို အဘယ်မှာလျှင် စောင့်ရှောက်နိုင်ကြကုန်အံ့နည်း။ သီလစောင့်ရှောက်နိုင်သောသူအားသာ ပေးပေအံ့”ဟု ဆိုလေ၏။

“အရှင်၊ အိုးထိန်းသည်၏ သမီးသည် ‘သီလစောင့်ရှောက်မည်’-ဟု လှည့်လည်လေ့ ရှိ၏။ ဤအိုးထိန်းသည်၏သမီးအား ပေးပါလော့”ဟု ဆိုကုန်၏။ အိုးထိန်းသည်၏သမီး သည်လည်း “အရှင်၊ ထိုသို့ဖြစ်ပါမူ ကျွန်မအား ပေးပါ”ဟု ဆိုလေလျှင် “သင်ကား အဘယ် သို့သောသူ ဖြစ်လေသနည်း”ဟု မေးလတ်သော် **“ကျွန်မသည် အမြဲမပြတ် မစွန့်မချအပ် သော သီလရှိသူ ဖြစ်ပါ၏**”ဟု ဆိုသဖြင့် “ငါသည် သင့်အတွက်သာ ဤဥစ္စာတို့ကို ယူဆောင် ခဲ့၏”ဟု ဆို၍ ယာဉ်ငယ်ကို မောင်းနှင်ကာ ထိုသတို့သမီး၏အိမ်သို့ သွားပြီးလျှင် သူတပါးတို့ မယူနိုင်အောင်လည်း ပြုလုပ်ခဲ့၍ သခွါးသီးအသွင်ဖြင့် နတ်ပေးသည့်ဥစ္စာကို ပေးခဲ့၍ မိမိကိုယ်ကို သိစေပြီးလျှင် “ဤပစ္စည်းဥစ္စာ အားလုံးသည် သင်-အသက်မွေးရန် ပေးကမ်း သော ဥစ္စာဖြစ်၏။ ၅-ပါးသီလတို့ကို ကျိုးပေါက်ခြင်း-စသည် မရှိအောင် ပြု၍ စောင့်ရှောက် ရစ်ပါလော့”ဟု ဆိုဆုံးမကာ ဖဲသွားလေ၏။

----- x -----

## (၁၉) သုဇာ အသုရာ၏သမီးဖြစ်ကာ ပန်းကုံးစွပ်ပွဲ ပြုလုပ်ခြင်း

ထိုအိုးထိန်းသည်၏ သမီးသည်လည်း ထိုကိုယ်အဖြစ်မှ စုတေသေလွန်လေသော် အသုရာပြည်၌ အသုရာနတ်မင်းကြီး၏ သမီးဖြစ်၍ သိကြားမင်း၏ ရန်သူအိမ်၌ ဖြစ်လေ၏။ ဗျိုင်းမငယ်ဘဝ, အိုးထိန်းသည်၏ သမီးဘဝတို့၌ သီလကို လုံခြုံစွာ စောင့်ထိန်းခဲ့ဖူးသော ကြောင့် အလွန်အဆင်းလှ၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏။ သူတပါးတို့နှင့်မတူ၊ တမူထူးခြားသော ရုပ်ဆင်းကျက်သရေနှင့် ပြည့်စုံ၏။ ဝေပစိတ္တိမည်သော အသုရာနတ်မင်း ကြီးသည် လာတိုင်း,လာတိုင်းကုန်သော အသုရာတို့ကို “သင်တို့သည် ငါ့သမီးနှင့် မထိုက်တန် ကြကုန်”ဟု ဆို၍ သမီးကို တစ်စုံတစ်ယောက်သောသူအား မပေးစားမူ၍ “ငါ့သမီးသည် မိမိကိုယ်တိုင်ပင်လျှင် မိမိနှင့်ထိုက်တန်သော လင်ယောကျ်ားကို ရှာယူလတ္တံ့”ဟု အသုရာ ရဲမက်ဗိုလ်ပါ-စသည်အပေါင်းကို စုရုံးစည်းဝေးစေပြီးလျှင် “အသင်ချစ်သမီးအား ထိုက်တန် သော လင်ယောကျ်ားကို ကြိုက်နှစ်သက်ရာ ရွေးချယ်ယူပါလော့”ဟု ဆိုကာ သမီး၏လက်၌ ပန်းကုံးကို ပေးလေ၏။

ထိုခဏ၌ သိကြားမင်းသည် ထိုသုဇာ၏ ဖြစ်ရာအရပ်ကို ကြည့်ရှု လတ်သည်ရှိသော် ထိုဖြစ်ပုံအကြောင်းစုံကို သိရ၍ “ယခုအခါ ငါသွား၍ ထိုသုဇာကို ဆောင်ယူရန် သင့်၏”ဟု

ကြဲပြီးလျှင် အသုရာအဘိုးအိုအသွင် ဖန်ဆင်းကာ သွားရောက်၍ ပရိသတ်အစွန်၌ ရပ်လျက် နေလေ၏။ သုဇာသည်လည်း ထိုမှ,ဤမှ ကြည့်ရှုလတ်သည်ရှိသော် ထိုသိကြားမင်းဖြစ်သည့် အဘိုးအိုကို မြင်ကာမျှပင်လျှင် ရှေးဘဝ၌ မေတ္တာအဟုန်ထုံကာ အတူတကွ နေခဲ့ဖူးကြသည့် အစွမ်းဖြင့်ဖြစ်သော ချစ်ခြင်းသည် အဟုန်ပြင်းစွာ စီးဆင်းသော မြစ်ရေအလျဉ်ကဲ့သို့ပင် လျှင် လွှမ်းမိုးဖိစီးသော စိတ်နှလုံးအစဉ်ရှိသည်ဖြစ်၍ "ဤသူသည် ငါ၏ချစ်လင်တည်း"ဟု ထိုအသုရာအဘိုးအို၏ ဦးခေါင်းထက်၌ ပန်းကုံးကို စွပ်လေ၏။ အသုရာတို့သည်လည်း "မင်းကြီးသည် ဤမျှအတိုင်းအရှည်ရှိသော ကာလပတ်လုံး သမီးနှင့်ထိုက်တန်သူကို မရ၊ ယခုမှ ရပေသည်။ ထိုငါတို့မင်းကြီး၏ သမီးပျိုကလေးအား ဘိုးအေထက် အသက်ကြီးသော ဤသူသာလျှင် ထိုက်တန်ရလေခြင်း"ဟု အခဲမကျေ ရှက်နိုးကြကုန်သည်ဖြစ်၍ ဖဲသွားကြ လေကုန်၏။

----- x -----

## (၂၀) သုဇာကို သိကြားမင်း ဆောင်ယူသွားခြင်း

သိကြားမင်းသည်လည်း အသုရာမင်းကြီး၏သမီး သုဇာကို လက်၌ဆွဲကိုင်၍ "ငါကား တာဝတိံသာနတ်ပြည်ကို အစိုးရသော သိကြားမင်းပေတည်း"ဟု ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်ကြုံးဝါးလျက် ကောင်းကင်ထက်သို့ တက်သွားလေ၏။ အသုရာတို့သည်လည်း "သိကြားမင်းသည် ငါတို့ကို လှည့်စားခဲ့လေပြီ"ဟု သိကြားမင်း*(နောက်)*သို့ အမီလိုက်ကြကုန်၏။ ကူညီဖော်,ကူညီဖက်ဖြစ်သော မာတလိနတ်သားသည် ဝေဇယန္တာနတ်ရထားကို ယူဆောင် လာခဲ့၍ လမ်းခရီးအကြား၌ စောင့်မျှော်နေလေ၏။ သိကြားမင်းသည် ထိုသုဇာကို ဝေဇယန္တာ ရထားထက်၌ တင်၍ တာဝတိံသာနတ်ပြည်သို့ ရှေးရှုမောင်းနှင်သွားလေ၏။ ထိုသို့သွား၍ သိကြားမင်း လက်ပံတောသို့ ရောက်သောအခါ ရထားသံကို ကြားရ၍ ဂဠုန်ငှက်ငယ်တို့ သည် ကြောက်လန့်ကုန်သည်ဖြစ်၍ ငိုမြည်ဟစ်ကြွေး အော်ဟစ်ပြေးကြလေကုန်၏။

ထိုဂဠုန်ငှက်ငယ်တို့၏ အော်မြည်သံကို ကြား၍ သိကြားမင်းသည် မာတလိနတ် သားကို "ဟစ်ကြွေးအော်မြည်သော ဤသူတို့ကား အဘယ်သူတို့ပေနည်း"ဟု မေးလေလျှင် "အရှင် သိကြားမင်း၊ ဂဠုန်ငှက်ငယ်တို့ပါတည်း"ဟု လျှောက်တင်လတ်သော် "အဘယ် ကြောင့် အော်မြည်ကြကုန်သနည်း"ဟု မေးလေက "ရထားသံကို ကြားရ၍ သေမည့်ဘေးမှ ကြောက်လန့်သောကြောင့် အော်မြည်ကြပါကုန်၏"ဟု ဆိုလတ်သော် "ငါတစ်ယောက်ကို မှီ၍ ဤမျှလောက်သော ဂဠုန်ငှက်အပေါင်းသည် ရထားအဟုန်ဖြင့် မှုန့်မှုန့်ညက်ညက် မပျက်စီးပါစေလင့်။ ရထားကို နောက်သို့ ဆုတ်နစ်ဦးလော့"ဟု ဆိုလေ၏။ မာတလိနတ်သား



သိကြားမင်းသည် အသုရာမင်းကြီး၏သမီး သုဇာကို

သည်လည်း သိန္ဓောမြင်း ၁,၀၀၀-ကို နှင်တံဖြင့် အမှတ်ပေး၍ ရထားကို နောက်သို့ ဆုတ်နစ်လေ၏။ ထိုအခြင်းအရာကို မြင်၍ အသုရာတို့သည်လည်း "သိကြားအိုသည် အသုရာပြည်မှ စ၍ အားကုန်ပြေးခဲ့လေရာ ယခုအခါ ရထားကို နောက်သို့ ဆုတ်နစ်စေ၏။ မချွတ်ဧကန် ထိုသိကြားအိုသည် အထောက်အပံ့ အကူအညီရသည် ဖြစ်လတ္တံ့"ဟု အသုရာတို့ မလိုက်ဝံ့ကြတော့ဘဲ ပြန်လည်ခဲ့ကြ၍ လာလမ်းခရီးအတိုင်းပင်လျှင် အသုရာပြည်သို့ ဝင်၍ တဖန် ဦးခေါင်း မထောင်ဝံ့ကြတော့လေကုန်။

----- x -----

## (၂၁) သုဇာ နတ်မိဖုရားဖြစ်ခြင်း

သိကြားမင်းသည်လည်း အသုရာမင်းကြီး၏သမီး သုဇာကို တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်ခဲ့၍ ၂-ကုဋေ့, ၅-သန်းကုန်သော နတ်သမီးတို့၏ အကြီးအမှူးအရာ၌ ထားလေ၏။ သုဇာသည်လည်း သိကြားမင်းကို "အရှင်မင်းမြတ်၊ ဤတာဝတိံသာနတ်ပြည်၌ ကျွန်မ၏ မိဘ,မောင်ကြီး, မောင်ငယ်, အစ်မကြီး, အစ်မငယ်များ မရှိကြပါ။ သွားလေရာရာ အရပ်သို့ ကျွန်မကို ခေါ်ငင်၍ သွားစေချင်ပါသည်"ဟု ဆိုကို တောင်းလတ်သည်ရှိသော် သိကြားမင်းကလည်း "ကောင်းပြီ"ဟု ဝန်ခံလျက် သုဇာအား ပဋိညာဉ်ကို ပေးထားလေ၏။

ထိုအခါမှစ၍ သခွတ်ပင် ပွင့်လတ်သည်ရှိသော် အသုရာတို့သည် "ငါတို့၏နေရာ နတ်ပြည်၌ နတ်၌ဖြစ်သော ပင်လယ်ကသစ်ပင်ပွင့်သော အခါပေတည်း"ဟု စစ်ထိုးရန် နတ်ပြည်သို့ တက်လာကြကုန်၏။ သိကြားမင်းသည်လည်း သမုဒ္ဒရာအောက်၌ နဂါးတို့အား အစောင့်အပ်နှင်းထားလေ၏။ ထို့နောင်မှ ဂဠုန်များ၊ ထို့နောင်မှ ကုမ္ဘဏ်များ၊ ထို့နောင်မှ ဘီလူးများအား အပ်နှင်းထားလေ၏။ ထို့နောင်မှ အထက်အာလိန်၌ စာတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်တို့အား အစောင့်အပ်နှင်းလေ၏။ အားလုံးတို့၏ အထက်၌ကား ဘေးဥပဒ္ဒဝေါတို့ကို တားမြစ်စေရန် တာဝတိံသာနတ်ပြည် မြို့တံခါးတို့၌ ဝရဇိန်လက်နက်ကို စွဲကိုင်ဟန် သိကြားမင်းပုံသဏ္ဌာန်ကို ထားလေ၏။ အသုရာတို့သည် နဂါး-စသည်တို့ကို အောင်မြင်ပြီး၍ လာကြကုန်သော်လည်း သိကြားမင်းပုံသဏ္ဌာန်ကို မြင်လေလျှင် "သိကြား-မင်း ထွက်လာပြီ"ဟူသော အမှတ်ဖြင့် မရပ်မနား ဖဲသွားထွက်ပြေးကြကုန်၏။

"ချစ်သား မဟာလိ၊ ဤသို့လျှင် မဃမည်သော လုလင်သည် မမေ့မလျော့သော အကျင့်ကို ကျင့်၏။ ဤမဃလုလင်သည် ကုသိုလ်ကောင်းမှု၌ ဤသို့ မမေ့မလျော့သော ကြောင့် ဤသို့သဘောရှိသော စိုးရသနင်း သိကြားမင်း၏အဖြစ်သို့ ရောက်၍ နတ်ပြည်

၂-ထပ်တို့၌ မင်းအဖြစ်ကို ပြုရလေ၏။ ဤအပ္ပမာဒတရားမည်သည်ကို ဘုရား-အစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်၏။ မှန်၏။ မမေ့မလျော့ခြင်း အပ္ပမာဒတရားကို အမှီပြု၍ အလုံးစုံသော လောကီ, လောကုတ္တရာ အကျိုးထူးတရားတို့ကို ရနိုင်ပေ၏"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "**အပ္ပမာဒေန မဃဝါ**" စသော ဂါထာ ဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၂၂) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ မဟာလိမည်သော လိစ္ဆဝီမင်းသားသည် သောတာ-ပတ္တိဖိုလ်၌ တည်လေ၏။ ရောက်လာသော ပရိသတ်တွင်လည်း များစွာသောသူတို့သည် သောတာပန်-စသည်တို့ ဖြစ်ကြလေကုန်၏။

**မဃဝတ္ထု ပြီး၏။**

★★★★★★★

## ၈။ အညတရဘိက္ခုဝတ္ထု

## (၁) ဒေသနာတော်

"အပ္ပမာဒ၌ မွေ့လျော်၍ ပမာဒ၌ ဘေးအားဖြင့် ရှုလေ့ရှိသော ရဟန်းသည် ကြီးကြီး ငယ်ငယ် လောင်စာသဖွယ်ဖြစ်ကုန်သော ကိုယ်တွင်းရှိသော သံယောဇဉ်တရားတို့ကို အရိယာမဂ်မီးဖြင့် အပြီးတိုင် လောင်ကျွမ်းစေကာ တဖန်မဖြစ်စေရာ"ဟု မထင်ရှားသော ရဟန်း ၁-ပါးကို အကြောင်းပြု၍ ဟောတော်မူခြင်း

၃၁။ **အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။**
**သံယောဇနံ အဏုံ ထူလံ၊ ဍဟံ အဂ္ဂိဝ ဂစ္ဆတိ။ ။**

၃၁။ အပ္ပမာဒရတော၊ မေ့လျော့မရှိ၊ သတိမြဲလျှ၊ အပ္ပမာဒတရား၌၊ လွန်စွာမွေ့လျော်ခြင်းရှိသော။ ပမာဒေ၊ သတိလွတ်ကင်း၊ မေ့လျော့ခြင်း၌။ ဘယဒဿိ ဝါ၊ အပါယ်ဌာန၊ ပို့ဆောင်ချမည့်၊ ဘေးအတိ-ဟု၊ ရှုလေ့ရှိသော။ ဘိက္ခု၊ လူမှုကိစ္စ၊ ဒုက္ခပူခန်း၊ မြူသန်းဘဲ၊

ရွှင်လန်းမွေ့ပျော်၊ ရဟန်းတော်သည်။ အဏုံ ထူလ်၊ ငယ်ငယ်ကြီးကြီး၊ သီးသီးဖြာဖြာ၊ မီးလောင်စာ-ဟူသမျှကို။ ဍဟံ-ဍဟန္တော၊ အကြွင်းမထား၊ လောင်ကျွမ်း၍သွားသော။ အဂ္ဂိဝ၊ တောတောင်မြိုင်တွင်း၊ ပြည့်ကျပ်တင်း၍၊ ပင်ချင်းပွတ်ခတ်၊ သဘာဝဓာတ်ကြောင့်၊ ဖြစ်လတ်ထန်သည်း၊ တောတွင်းမီးကဲ့သို့ ။ ဝါ၊ တမင်ရှို့ညှိ၊ ကျစ္စဲညိ၍၊ လောင်ဘိထန်သည်း၊ တောတွင်းမီးကဲ့သို့။ အဏုံ ထူလ်၊ ရှုပ်ထွေးယှက်သီး၊ ငယ်ငယ်,ကြီးကြီးဖြစ်သော။ သံယောဇန်၊ အပေါင်းသတ္တဝါ၊ သံသရာမှ၊ မလွတ်ရအောင်၊ ချည်နှောင်ယှက်သွယ်၊ ကြိုးနှယ်အသွင်၊ သံယောဇဉ်ကို။ ဝါ၊ သတ္တဝါမှန်သမျှ၊ ဝဋ်ဒုက္ခ၌၊ တုပ်ချမြုပ်မျှော၊ လော,ဒေါ,မာ,ဒိ၊ စရှိဥသုံ၊ အဟုန်အားကောင်း၊ ကြိုး ၁၀-ချောင်းအသွင်၊ သံယောဇဉ်ကို။ ဍဟံ-ဍဟန္တော၊ သမုစ္ဆေဒ၊ ပဟာနဖြင့်၊ ပယ်ချကုန်ခန်း၊ လောင်ကျွမ်းစေသည်ဖြစ်၍။ ဂစ္ဆတိ၊ လိုရာစခန်း၊ နိဗ္ဗာန်နန်းသို့၊ တက်လှမ်းမသွေ၊ သွားရောက်လေ၏။

----- x -----

## (၂) ဆောင်ပုဒ်

ကုသိုလ်အလေ့၊ မမေ့မှုတွင်၊ မွေ့ပျော်ရွှင်၏၊ ဆင်ခြင်ကင်းလေ့၊ သတိမေ့မှု၊ ဘေး-ဟု ရှုမှတ်၊ ရဟန်းမြတ်ကား၊ ရစ်ပတ်ဖွဲ့သွယ်၊ ကြိုးပုံနှယ်သို့ ငယ်ငယ်ကြီးကြီး၊ အသီးသီးလျှင်၊ သံယောဇဉ်ကို၊ ပြောင်စင်ကုန်ခန်း၊ လောင်မြိုက်ကျွမ်း၍၊ မြို့နန်းနိဗ္ဗာန်၊ သွားရောက်မှန်၏။ သိရန်ပမာ၊ ပြရန်မှာကား၊ လောင်စာသီးသီး၊ ကြီးကြီးငယ်ငယ်၊ တောလုံးလယ်၍၊ သွယ်သွယ်ဆောင်စွမ်း၊ လောင်မြိုက်ကျွမ်းငြား၊ တောမီးလားသို့ မခြားပမာ တူသတည်း။

"အပ္ပမာဒရတော ဘိက္ခု"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ရဟန်း ၁-ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

**ဒေသနာတော်** ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ထိုရဟန်းသည် ဘုရားရှင်၏ ထံတော်၌ အရဟတ္တဖိုလ်ကို ရအံ့သည်တိုင်အောင်သော ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူစေ၍ တောသို့ ဝင်ပြီးလျှင် အဖန်ဖန် လုံ့လကြိုးကုတ် အားထုတ်လတ်သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ မတတ်နိုင်သေးရကား ထိုရဟန်းသည် "အထူးပြု၍ ကမ္မဋ္ဌာန်းကို ထပ်၍ဟောကြားစေဦးအံ့"ဟု ထိုတောမှ ထွက်ခဲ့၍ ဘုရားရှင်အထံသို့ ပြန်လာသည်ရှိသော် လမ်းခရီးအကြား၌ တောမီးကြီးလောင်သည်ကို မြင်၍ လျင်စွာသော အဟုန်ဖြင့်

မြက်သစ်ပင် မပေါက်၊ သွေ့ခြောက်သော အပြင်ရှိသော ၁-ခုသော တောင်ထိပ်သို့ တက်ရောက်ကာ ထိုင်နေလျက် တောကို လောင်မြိုက်၍လာသော မီးကို ကြည့်ရှု၍ "ဤမီးသည်ကား ကြီးကြီးငယ်ငယ် လောင်စာအသွယ်သွယ်တို့ကို အကြွင်းမဲ့ တောက်လောင်လျက် သွားဘိသကဲ့သို့ ဤအတူ အရိယာမဂ်ဉာဏ်-တည်းဟူသော မီးသည်လည်း ကြီးကြီးငယ်ငယ် အသွယ်သွယ်သော သံယောဇဉ်တို့ကို တောက်လောင်လျက် သွားသည် ဖြစ်ပေလတ္တံ့" ဟု တောမီးကို အကြောင်းပြုကာ အာရုံကို ယူလေ၏။

ဘုရားရှင်သည်လည်း ဂန္ဓကုဋိ၌ နေတော်မူလျက်ပင်လျှင် ထိုရဟန်း၏စိတ် ဖြစ်ပေါ် ကျက်စားနေသည်ကို သိတော်မူ၍ "ချစ်သား ရဟန်း၊ ဤကဲ့သို့ အောက်မေ့ဆင်ခြင်ခြင်းသည် ဟုတ်မှန်လှပေ၏။ ကြီးကြီးငယ်ငယ် အသွယ်သွယ်ဖြစ်ကုန်သော လောင်စာတို့ကဲ့သို့ ဤသတ္တဝါတို့၏ ကိုယ်တွင်း၌ဖြစ်ကုန်သော ကြီးကြီးငယ်ငယ် အသွယ်သွယ်ကုန်သော သံယောဇဉ်တို့ကို အရိယာမဂ်ဉာဏ်တည်းဟူသော မီးဖြင့် အကြွင်းမဲ့ အကုန်လောင်ကျွမ်းစေလျက် တဖန်ပြန်၍ဖြစ်ခြင်းငှာ မထိုက်အောင် ပြုသင့်ပေ၏"ဟု မိန့်တော်မူပြီးလျှင် ရောင်ခြည်တော်ကို လွှတ်တော်မူ၍ ထိုရဟန်း၏ ရှေ့မျက်မှောက်၌ ကိုယ်တော်တိုင် သီတင်းသုံးနေတော်မူသကဲ့သို့ ထင်ရှားပြတော်မူ၍ ရောင်ခြည်တော်ကို လွှတ်ကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "အပ္ပမာဒရတော ဘိက္ခု"အစရှိသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၃) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ ထိုရဟန်းသည် ထိုင်လျက် နေမြဲတိုင်းပင်လျှင် သံယောဇဉ်အားလုံးတို့ကို လောင်ကျွမ်းစေ၍ ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် ကောင်းကင်ခရီးဖြင့် ဘုရားရှင်အထံသို့ လာခဲ့၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဘုရားရှင်ကိုယ်တော်မြတ်ကို ချီးမွမ်းအံ့ဩထောမနာကာ ရှိခိုးပြီးမှသာလျှင် ဖဲခွါသွားလေ၏။

အညတရဘိက္ခုဝတ္ထု ပြီး၏။

★★★★★★★

## ၉။ နိဂမဝါသိတိဿတ္ထေရဝတ္ထု

### (၁) ဒေသနာတော်

"အပ္ပမာဒတရား၌ မွေ့လျော်၍ ပမာဒတရား၌ ဘေးအားဖြင့် ရှုလေ့ရှိသောသူသည် ဈာန်,မဂ်,ဖိုလ်တို့မှ မဆုတ်ယုတ်နိုင်သည့်အပြင် နိဗ္ဗာန်ခွင်နှင့် အစဉ်နီးကပ်၏"ဟု ရောင့်ရဲလွယ်သော နိဂုံးနေ တိဿမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၃၂။ အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။ ။

၃၂။ အပ္ပမာဒရတော၊ မေ့လျော့ကင်းပ၊ အပ္ပမာဒတရား၌၊ မွေ့လျော်ခြင်းရှိသော။ ပမာဒေ၊ ကုသိုလ်ဓမ္မ၊ ဟူသမျှ၌၊ လုံ့လမရှိ၊ သတိလွတ်ကင်း၊ မေ့လျော့ခြင်း၌။ ဘယဒဿီ ဝါ၊ အပါယ်ဌာန၊ ပို့ဆောင်ချမည့်၊ ဘယအတိ ဘေး-ဟု ရှုလေ့ရှိသော။ ဘိက္ခု၊ သံသရာ ဝဋ်ဘေး၊ လွတ်မြောက်အေးဖို့၊ မြော်တွေးကျင့်စွမ်း၊ မြတ်ရဟန်းသည်။ ပရိဟာနာယ၊ သမထ,ဝိပဿ်၊ မဂ်,ဖိုလ်မြတ်မှ၊ တန့်ရပ်ပေါ့ပျင်း၊ ဆုတ်ယုတ်ခြင်းငှာ။ အဘဗ္ဗော၊ မထိုက်မတန်၊ မလျော်ကန်ပေ။ နိဗ္ဗာနဿေဝ၊ ကိလေခပ်သိမ်း၊ ကင်းပျောက်ငြိမ်း၍၊ ဇာတ်သိမ်းဌာန၊ ဘေးမခမည့်၊ အေးမြရာမှန်၊ မြတ်နိဗ္ဗာန်နှင့်သာလျှင်။ သန္တိကေ၊ ဆက်စပ်မသွေ၊ နီးကပ်ပေ၏။

----- x -----

### (၂) ဆောင်ပုဒ်

ကုသိုလ်အလေ့၊ မမေ့မှုတွင်၊ မွေ့ပျော်ရွှင်၏၊ ဆင်ခြင်ကင်းလေ့၊ သတိမေ့မှု၊ ဘေးဟု ရှုမှန်း၊ မြတ်ရဟန်းကား၊ ကျင့်ခန်းအဝဝ၊ သမထ,ဝိပဿ်၊ မဂ်,ဖိုလ်မြတ်မှ၊ တန့်ရပ်ပေါ့ပျင်း၊ နောက်ဆုတ်ခြင်းငှာ၊ မထိုက်ပါချေ၊ ညစ်ကိလေတို့၊ မပေမသမ်း၊ လွန်ငြိမ်းချမ်းသည့်၊ မြတ်နန်းနိဗ္ဗာန်၊ နီးကပ်မှန်သည်၊ မှတ်ရန်ဗုဒ္ဓ မိန့်ခွန်းသောဝ်။

"အပ္ပမာဒရတော"အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နိဂမဝါသိတိဿမထေရ်ကို အကြောင်း ပြု၍ ဟောကြားတော်မူလေ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ သာဝတ္ထိပြည်မှ မနီးမဝေးအရပ်ဝယ် နိဂုံးရွာ ၁-ရွာ၌ ပင်ကိုဖြစ်၍ ကြီးပွါးခြင်းရှိသော အမျိုးသား ၁-ယောက်သည် ဘုရားရှင်သာသနာတော်၌ ရှင်ရဟန်းပြု၍ ပဥ္စင်းအဖြစ်ကို ရသည်ရှိသော် "နိဂမဝါသိတိဿမထေရ်မည်သော ရဟန်းသည် အလိုနည်း၏။ ရောင့်ရဲလွယ်၏။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏။ အားထုတ်အပ်သော လုံ့လဝီရိယ ရှိ၏"ဟု ဤသို့သော ဂုဏ်ကျေးဇူးသတင်း ကျော်စော၍ လာလေ၏။ ထိုမထေရ်သည် အမြဲမပြတ် မိဘဆွေမျိုးရှိရာ ရွာ၌သာလျှင် ဆွမ်းအလို့ငှာ လှည့်လည်လေ့ ရှိ၏။ အနာထပိဏ်သူဌေး-စသော သူတို့သည် အလှူကြီးကို ပေးသော်လည်းကောင်း, ပသေနဒီကောသလမင်းကြီးသည် အသဒိသအလှူကြီးကို ပေးသော်လည်းကောင်း သာဝတ္ထိပြည်သို့ ကြွလာတော်မမူပေ။ အခြားသော ရဟန်းတို့သည် "ဤနိဂမဝါသိ-တိဿမထေရ်သည်ကား ထကြွလုံ့လ လွန်စွာသော ဥဿာဟကို ဖြစ်စေ၍ ဆွေမျိုးတို့နှင့် ရောနှောဆက်ဆံလျက် နေ၏။ အနာထပိဏ်သူဌေး-စသောသူတို့သည် ကြီးစွာသော အလှူဒါနကြီးတို့ကို ပြုသော်လည်းကောင်း, ပသေနဒီကောသလမင်းကြီးသည် အသဒိသအလှူကြီးကို ပြုသော်လည်းကောင်း ကြွတော်မမူ"ဟူသော စကားကို ဖြစ်စေ၍ ဘုရားရှင်အား လျှောက်ကြားကြကုန်၏။

ဘုရားရှင်သည် ထိုမထေရ်ကို ခေါ်တော်မူ၍ "ချစ်သား ရဟန်း၊ သင်သည် 'ဤသို့ ပြုဘိ၏'ဟူသည် မှန်ပေသလော"ဟု မေးတော်မူလတ်သော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်အား ဆွေမျိုးတို့နှင့် ဆက်ဆံရောနှောခြင်း-ဟူသည် မရှိရပါ။ ဘုရားတပည့်တော်သည် ဤဆွေမျိုးဖြစ်သော လူတို့ကို မှီ၍ စားသုံးသောက်မျိုလောက်ရုံမျှသော အစာအာဟာရကို ကြမ်းတမ်းသည်မူလည်း ဖြစ်စေ, မွန်မြတ်သည်မူလည်း ဖြစ်စေ ရပါ၏။ 'မျှတရုံမျှလောက်သော အစာအာဟာရကို ရသည်ရှိသော် တဖန်အာဟာရကို ရှာမှီးခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း'-ဟု နှလုံးပြု၍ မသွားဘဲသာ နေခဲ့ပါသည်ဘုရား။ တပည့်တော်သည် ဆွေမျိုးတို့နှင့်ကား ရောနှောဆက်ဆံခြင်းမည်သည် မရှိရပါဘုရား"ဟု လျှောက်ကြားလေလျှင် ဘုရားရှင်သည်လည်း ပင်ကိုသဘောအားဖြင့်ပင် ထိုရဟန်း၏အလိုဆန္ဒကို သိတော်မူပြီးဖြစ်ရကား "ချစ်သား ရဟန်း၊ ကောင်းစွ, ကောင်းစွ"ဟု ထိုရဟန်းအား ကောင်းချီးပေးတော်မူ၍ "ချစ်သားရဟန်း၊ သင်သည် ငါကဲ့သို့သော ဆရာကို ရ၍ အလိုနည်းသဖြင့် ရောင့်ရဲလွယ်သောသူဖြစ်သည်ကား အံ့ဩဖွယ်ရာမရှိသေး။ ဤအလိုနည်းခြင်းသည်ကား ဘုရားရှင်၏ **အနွယ်အလာ အစဉ်အဆက်ပေတည်း**"ဟု မိန့်တော်မူပြီးလျှင် ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ လွန်လေပြီးသော အတိတ်အကြောင်းကို ဆောင်တော်မူလေ၏။

----- x -----

## (၃) ရောင့်ရဲလွယ်သော ကျေးမင်းဝတ္ထု

လွန်လေပြီးသောအခါ ဟိမဝန္တာတောအုပ်၊ ဂင်္ဂါမြစ်ကမ်းအနီး ၁-ခုသော ရေသဖန်းတော၌ အထောင်မက များလှစွာသော ကျေးငှက်တို့သည် နေကြကုန်၏။ ထိုကျေးငှက်အပေါင်းတို့တွင် ၁-ကောင်သော ကျေးမင်းသည် နေသောသစ်ပင်၏ သစ်သီးတို့ ကုန်တုံးခဲ့သော်လည်း ဤသစ်ပင်၌ အညွန့်, အရွက်, အခေါက်, အကာ-စသည်တို့ ကြွင်းကျန်သေး၏။ ထိုအညွန့်, အရွက်, အခေါက်-စသည်တို့ကို စား၍ ဂင်္ဂါမြစ်ရေကို သောက်လျက် အလွန်အလိုနည်း ရောင့်ရဲလွယ်သည်ဖြစ်၍ အရပ်တပါးသို့ မသွားရောက်ဘဲ နေလေ၏။ ထိုကျေးမင်း၏ အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း-စသော ဂုဏ်ကျေးဇူးတို့ကြောင့် သိကြားမင်း၏ နေရာ ဘုံဗိမာန်သည် တုန်လှုပ်လေ၏။

သိကြားမင်းသည် ဆင်ခြင်လတ်သည်ရှိသော် ထိုအကြောင်းကို မြင်၍ ထိုကျေးမင်းကို စူးစမ်းအံ့သောငှာ မိမိ၏အာနုဘော်ဖြင့် ရေသဖန်းပင်ကို ခြောက်သွေ့စေ၏။ ရေသဖန်းပင်သည်လည်း ကျိုးကျ၍ အငုတ်မျှသာ ကျန်သည်ဖြစ်၍ အပြွတ်ပြွတ် အပေါက်ပေါက်ဖြစ်ပြီးလျှင် လေလာသည်ရှိသော် လက်ဖြင့် ခေါက်အပ်သကဲ့သို့ အသံမြည်လျက် တည်လေ၏။ ရေသဖန်းပင်အပေါက်တို့မှ အမှုန့်တို့သည် ထွက်ကုန်၏။ ကျေးမင်းသည် ထိုအမှုန့်တို့ကို စား၍ ဂင်္ဂါမြစ်၌ ရေကို သောက်ပြီးလျှင် အရပ်တပါးသို့ မသွားမူ၍ လေ,နေပူတို့ကို မရေတွက် ဂရုမစိုက်ဘဲ ရေသဖန်းပင်ငုတ်အထက်၌ပင်လျှင် နေလေ၏။ သိကြားမင်းသည်လည်း ထိုကျေးမင်း၏ လွန်စွာ အလိုနည်းသည်၏အဖြစ်ကို သိသဖြင့် "အဆွေခင်ပွန်းတို့၌ ကျင့်ရာသော ဂုဏ်ကျေးဇူးကို ဟောပြောစေ၍ ကျေးမင်းအား ဆုကိုပေးလျက် ရေသဖန်းပင်ကို လွန်စွာချိုမြိန်သော အရသာရှိသော အသီးရှိသည်ကို ပြုလုပ်ဖန်ဆင်းပြီးလျှင် ပြန်လာခဲ့ပေအံ့"ဟု ကြံ၍ မိမိသည် ၁-ကောင်သော ဟင်္သာငှက်မင်းယောင် ဆောင်၍ အသူရာနတ်မင်း၏သမီးဖြစ်သော သုဇာကို ရှေ့သွားပြု၍ ရေသဖန်းပင်တောသို့ သွားပြီးလျှင် မနီးမဝေးသော အရပ်၌ သစ်ပင် ၁-ပင်၏ အခက်၌ နား‌နေလျက် ထိုကျေးမင်းနှင့်တကွ စကားပြောလိုရကား-

(က) သန္တိ ရုက္ခာ ဟရိပတ္တာ၊ ဒုမာ'နေကဖလာ ဗဟူ။
ကသ္မာ နု သုက္ခေ ကောဠာပေ၊ သုဝဿ နိရတော မနော။ ။

ဟူသော ဤဂါထာကို ဆိုလေ၏။

(က) သုဝရာဇ၊ အမွေး,အတောင်၊ စိမ်းလဲ့ပြောင်၍၊ မြရောင်ပြေးဆင်း၊ အို-ကျေးမင်း။ ဟရိပတ္တာ၊ အနု,အကြမ်း၊ ၂-ခုပြွမ်းလျက်၊ လန်းဆန်းပိုမို၊ စိမ်းစိုသော အရွက်ရှိကုန်သော။ ရုက္ခာ၊ အကိုင်း,အခက်၊ စပ်ယှက်ပြည့်လွင်၊ အစုံယှဉ်သည့်၊ သစ်ပင်တို့သည်လည်းကောင်း။ အနေကဖလာ၊ ကြီးကြီး,ငယ်ငယ်၊ သွယ်သွယ်ပြည့်စုံ၊ များပြားသော အသီးရှိ

ကုန်သော။ ဗဟူ ဒုမာ၊ အမျိုးစုံလင်၊ သစ်ပင်တို့သည်လည်းကောင်း။ သန္တိ၊ အရွက်ဖူးငုံ၊ သီးပွင့်စုံနှင့်၊ အကုန်ယှဉ်တွဲ၊ ကျဲဝဲဖုံဖုံ၊ ရှိကြပါကုန်၏။ ကသ္မာ၊ ဘယ်သို့ဆင်ခြင်၊ ဘယ်သို့မြင်တောင်း၊ ဘယ်အကြောင်းကြောင့်။ ကောဋ္ဌာပေ၊ အကိုင်း,အခက်၊ ကြေပျက်ပြုတ်အို၊ သစ်ငုတ်တိုမျှသာဖြစ်သော။ သုက္ခေ၊ ခြောက်သွေ့၍ခန်း၊ ညှိုးနွမ်းမရှင်၊ ရေသဖန်းပင်ခြောက်၌။ သုဝဿ၊ မြရောင်ပြေးဆင်း၊ အသင်ကျေးမင်း၏။ မနော၊ အသိစွဲသုံး၊ စိတ်နှလုံးသည်။ နိရတော နု၊ မပစ်ရက်ဘဲ၊ ကုပ်ကပ်စွဲ၍၊ အမြဲပုံသေ၊ မွေ့လျော်လေဘိသနည်း။ (ဤသုဝဇာတ်အစုံအလင်ကို နဝကနိပါတ်၌ လာသောနည်းဖြင့် အကျယ်ချဲ့၍ သိအပ်၏။ ထိုနိပါတ်၌ အကြောင်းအတ္ထုပ္ပတ် ကွဲပြားသော်လည်း အကြွင်းမှာ ဤအတိုင်းသာ ဖြစ်၏။)

ဘုရားရှင်သည် ဤတရားဒေသနာတော်ကို ဆောင်တော်မူ၍ "ထိုအခါ သိကြားမင်းသည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏။ ထိုအခါ ကျေးမင်းသည်ကား ယခုအခါ ငါဘုရားသာလျှင်တည်း"ဟု မိန့်တော်မူ၍ "ချစ်သား ရဟန်းများတို့ ဤသို့ အလိုနည်းခြင်း မည်သည်ကား ငါဘုရား၏ အနွယ်အလာ အစဉ်အဆက်ပေတည်း။ ငါ၏ချစ်သား နိဂမဝါသိတိဿအား ငါကဲ့သို့သော ဆရာကို ရခြင်းကြောင့် အလိုနည်းပါးသည်၏အဖြစ်သည်ကား အံ့သြဖွယ်ရာ မရှိလှသေး။ ရဟန်းမည်သည်ကား နိဂမဝါသိတိဿရဟန်းကဲ့သို့ပင်လျှင် အလိုနည်းပါးရသည်သာလျှင်တည်း။ ဤသို့သဘောရှိသော ရဟန်းသည် သမထ,ဝိပဿနာတရား၊ မဂ်,ဖိုလ်တရားတို့မှ ဆုတ်ယုတ်ခြင်းငှာ မထိုက်တန်ပေ။ စင်စစ် နိဗ္ဗာန်နှင့် နီးကပ်နေတော့သည်သာတည်း"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "အပ္ပမာဒရတော ဘိက္ခု"စသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၄) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ နိဂမဝါသိတိဿမထေရ်သည် ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ အခြားတပါးသော များစွာသောသူတို့သည်လည်း သောတာပန်-စသည်တို့ ဖြစ်ကြကုန်၏။ ဤဒေသနာတော်သည် လူအပေါင်းအား အကျိုးများသော တရားဒေသနာတော် ဖြစ်တော်မူလေ၏။

**နိဂမဝါသိတိဿတ္ထေရဝတ္ထု ပြီး၏။**

**၂-ခုမြောက်သော အပ္ပမာဒဝဂ်သည် ဤတွင်ရွေ့ ပြီး၏။**

✪ ✪ ✪ ✪ ✪ ✪

# [ ၃ ] စိတ္တဝဂ်

## ၁။ မေဃိယတ္ထေရဝတ္ထု

### (၁) ဒေသနာတော်

“လေးသမားသည် မြားကောက်ကို တဖြည်းဖြည်း ဖြောင့်သည့်ပမာ တုန်လှုပ်လျှပ်ပေါ် စောင့်စည်းတားဆီးနိုင်ခဲသော စိတ်ကို ပညာရှိသည် သမထ,ဝိပဿနာဘာဝနာဖြင့် တဖြည်းဖြည်း ဖြောင့်ရာ၏”စသည်ဖြင့် အရှင်မေဃိယမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၃၃။ ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ(ဒူရက္ခံ) ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။ ။

၃၃။ ဖန္ဒနံ၊ ၅-ဖြာအာရုံ၊ ကာမဂုဏ်တို့၌၊ တုန်လှုပ်ခြင်းရှိထသော။ စပလံ၊ အာရုံ ၁-ခုတည်း၌၊ စွဲမြဲမတည်၊ လျှပ်ပေါ်လော်လည်ခြင်းရှိထသော။ ဒုရက္ခံ၊ ဘာဝနာအာရုံ၊ မွေ့ထုံစေရေး၊ စောင့်ပေးဖို့ရာ၊ ခဲယဉ်းစွာထသော။ ဒုန္နိဝါရယံ၊ ဆန့်ကျင်ဘက်အာရုံ၊ တွေ့ဆုံသည့်အခါ၊ တားမြစ်နိုင်ခဲစွာထသော။ စိတ္တံ၊ သံသရာတလျှောက်၊ ထင်တိုင်းနှောက်၍၊ ကွေ့ကောက်ဖောက်စဉ်၊ စိတ်ဝိညာဉ်ကို။ မေဓာဝီ၊ အကြောင်း,အကျိုး၊ ကောင်း,ဆိုးသိမြင်၊ ပညာရှင်သည်။ ဥဇုံ၊ မကွေ့မကောက်၊ မဖောက်မရမ်း၊ ဖြောင့်တန်းတည့်မတ်စွာ။ ကရောတိ၊ သမထ,ဝိပဿနာ၊ ဘာဝနာအစဉ်၊ ခါခါတင်၍၊ အစဉ်မသွေ၊ ပြုပြင်ရလေ၏။ ကိမိဝ၊ ဥပမာ ပုံဆို၊ အဘယ်လိုနည်းဟူမူကား။ ဥသုကာရော၊ အမြဲမကွာ၊ လည်ကာကျက်စား၊ လေးသမားသည်။ တေဇနံ၊ ဖြောင့်ဖြောင့်မသွား၊ ကောက်သောမြားကို။ ဥဇုံ၊ တည့်မတ်ညီညာ, ဖြောင့်တန်းစွာ။ ကရောတိ ဣဝ၊ မဖြစ်မနေ၊ ပြုလုပ်ပေသကဲ့သို့တည်း။

၃၄။ ဝါရိဇောဝ ထလေ ခိတ္တော၊ ဩကမောကတော ဥဗ္ဘတော။
ပရိဖန္ဒတိ'ဒံ စိတ္တံ၊ မာရဓေယျံ ပဟာတဝေ။ ။

၃၄။ ဝါရိဇော၊ ရေ၌ပေါက်ပွါး၊ ရေသက်ထား၍၊ ကျက်စားသွားလာ၊ ငါးသတ္တဝါသည်။ ဩကမောကတော၊ ရေတည်းဟူသော တည်ရာဌာနမှ။ ဥဗ္ဘတော၊ ခပ်ယူပစ်ပယ်၊ ထုတ်ကာဆယ်၍။ ထလေ၊ ရေနှင့် မစပ်၊ ကြည်းကုန်းအရပ်၌။ ခိတ္တော၊ ပိုက်ကွန်မြုံးတိုင်၊ မရုန်းနိုင်အောင်၊ ဖုံးကိုင်ဖိညှပ်၊ ပစ်တင်အပ်သည်ရှိသော်။ ပရိဖန္ဒတိ ဣဝ၊ ရေနှင့် ကွဲ၍၊ လူးလဲလှုပ်တုန်၊ ဆတ်ဆတ်ခုန်သကဲ့သို့။ ဧဝံ၊ ဤနည်းမခြား၊ ပုံမပြားဘဲ၊ အလားတူသာလျှင်။

ကွဒ် စိတ္တ၊ ၅-ဖြာအာရုံ၊ ကာမဂုဏ်၌၊ မြူးခုန်ပျော်ပါး၊ ကျက်စားအစဉ်၊ စိတ်ဝိညာဉ်သည်။ ဝါ၊ စိတ်ဝိညာဉ်ကို။ တတော၊ ထို ၅-ဖြာအာရုံ၊ ကာမဂုဏ်မှ။ ဥဒ္ဓရိတွာ၊ ကောင်းရာရောက်အောင်၊ ထုတ်နုတ်ဆောင်၍။ မာရဓေယျံ၊ မာရ်သည် ထားအပ်၊ ကိလေသာဝဋ်မြစ်ဇာတ်ကို။ ဝါ၊ ကိလေသမာရ်၊ တည်ဖန်ပြုထား၊ ဝဋ်တရားကို။ ပဟာတဝေ၊ သုတ်သင်ရှင်းလင်း၊ ပယ်ဖျက်ခြင်းငှာ။ (ကမ္မဋ္ဌာနေ၊ သမထ,ဝိပဿ၊ ၂-ရပ်ကျင့်ခန်း၊ ကမ္မဋ္ဌာန်း၌။ ခိတ္တံ၊ စနစ်တကျ ပစ်ချလိုက်သည်ရှိသော်။) ပရိပ္ဖန္ဒတိ၊ ကာမဂုဏ်ဓာတ်၊ အရှိန်ဟပ်သဖြင့်၊ တဖျပ်ဖျပ်ခုန်၊ ဆတ်ဆတ်တုန်လေသတည်း။

----- x -----

## (၂) ဆောင်ပုဒ်

၅-ဖြာအာရုံ၊ ကာမဂုဏ်၌၊ တုန်တုန်လှုပ်လျက်၊ မငြိမ်သက်ငြား၊ အာရုံငါးသို့၊ မသွားစေရန်၊ စောင့်ခဲမှန်၏။ တဖန်ဆန့်ကျင်၊ အာရုံတွင်လည်း၊ ဆီးတားနိုင်ခဲ၊ ထင်တိုင်းကြံသည့်၊ မိုက်မဲထိပ်ပိတ်၊ ကောက်သောစိတ်ကို၊ ပဏ္ဍိတ်မည်ဘိ၊ ပညာရှိသည်၊ တည့်အောင်မသွေ၊ ဖြောင့်ပေးလေ၏။ သိစေဖို့ရာ၊ ဥပမာကား၊ လေးသမားသည်၊ မြားအကောက်ကွေး၊ တန်းတန်းပြေးအောင်၊ ဖြောင့်ပေးပမာ တူသတည်း။

ရေ၌ပေါက်ပွါး၊ ကျက်စားသွားလာ၊ ငါးသတ္တဝါသည်၊ တည်ရာရေမှ၊ ကုန်းပေါ်ချသော်၊ ထကြွလှုပ်တုန်၊ ဆတ်ဆတ်ခုန်သို့၊ ကာမဂုဏ်ကျက်စား၊ စိတ်တရားလည်း၊ ကျက်စားနေတုံ၊ ၅-အာရုံမှ၊ ဝဋ်မြုံအခင်း၊ ပယ်ခွင်းဖို့ရာ၊ ဘာဝနာ၌၊ ကောင်းစွာကျနှ၊ ပယ်ကာချသော်၊ ကာမဂုဏ်ဓာတ်၊ အရှိန်ဟပ်၍၊ တဖျပ်ဖျပ်ခုန်၊ ဆတ်ဆတ်တုန်သည်၊ ဖြစ်ပုံစိတ်၏ သဘောတည်း။

"**ဖန္ဒနံ စပလံ စိတ္တံ**"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် စာလိကတောင်၌ သီတင်းသုံးနေတော်မူစဉ် အရှင်မေဃိယမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုအရှင်မေဃိယမထေရ်၏အကြောင်းကို ထင်စွာပြခြင်းငှာ (ဥဒါန်းပါဠိတော်၊ မေဃိယဝဂ်၌လည်းကောင်း, အင်္ဂုတ္တိုရ်ပါဠိတော်၊ နဝကနိပါတ်၊ သမ္ဗောဓိဝဂ်၌လည်းကောင်း လာသော) အလုံးစုံသော မေဃိယသုတ္တန်ကို ချဲ့၍ ပြဆိုအပ်၏။

ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်-ဟူသော ၃-ပါးသော ဝိတက်စိတ်အကြံတို့ဖြင့် အဖန်ဖန် အစဉ်မပြတ် ကပ်ငြိနှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ထိုသရက်ဥယျာဉ်၌ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအလုပ်ကို ပြုလုပ်အားထုတ်ခြင်းငှာ မတတ်နိုင်ရကား ပြန်

၍လာခဲ့သော မေဃိယမထေရ်ကို ဘုရားရှင် ခေါ်တော်မူ၍ "ချစ်သားမေဃိယ၊ သင်ရဟန်း ပြုအပ်သောအမှုသည် အလွန်ဝန်လေးလေစွတကား။ 'ချစ်သား မေဃိယ၊ ငါဘုရားသည် ၁-ပါးတည်းသာ ဖြစ်ခဲ့၏။ အကြင်မျှလောက် ၁-ပါးတည်းဖြစ်သော တစ်စုံတစ်ယောက်သော အလုပ်အကျွေးရဟန်းသည် မလာရောက် မထင်မြင်သေး။ ထိုမျှလောက် ရဟန်း ၁-ပါး လာရုံ သင်ဆိုင်းငံ့ဦးလော့'-ဟု တောင်းပန်သော ငါဘုရားကို တကိုယ်တော် ၁-ပါ တည်း စွန့်ပစ်ပယ်ရှား၍ ထွက်သွားသော ရဟန်းမည်သည် ဤသို့ စိတ်၏အလိုသို့ လိုက်သောသူ ဖြစ်ခြင်းငှာ မသင့်တန်။ ဤစိတ်မည်သည်ကား လျင်သော ဖြစ်ခြင်းရှိ၏။ ထိုလျင်မြန်သော စိတ်ကို မိမိ၏အလိုသို့ လိုက်စေခြင်းငှာသာ သင့်၏"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "**ဖန္ဒနံ စပလံ စိတ္တံ**" စသော ၂-ဂါထာတို့ကို ဟောကြားတော်မူလေ၏။

----- x -----

## (၃) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ မေဃိယမထေရ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုမှတပါး များစွာသော ပရိသတ်တို့သည်လည်း သောတာပန်-စသည်တို့ ဖြစ်ကြလေကုန်၏။

မေဃိယတ္ထေရဝတ္ထု ပြီး၏။

★★★★★★★

## ၂။ အညတရဘိက္ခုဝတ္ထု

## (၁) ဒေသနာတော်

"စိတ်ကို ယဉ်ကျေးအောင် ဆုံးမနိုင်ခြင်းသည် အလွန်ကောင်းမြတ်၏။ ဆုံးမ၍ ယဉ်ကျေးပြီးသော စိတ်သည် ချမ်းသာသုခ အဝဝကို ဆောင်တတ်၏"ဟု မထင်ရှားသော ရဟန်း ၁-ပါးကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၃၅။ ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။ ။

၃၅။ ဒုန္နိဂ္ဂဟဿ၊ ထင်မြင်ရာဆင်း၊ ထင်ရာချဉ်း၍၊ နှိမ်နင်းဆုံးမခြင်းငှာ အလွန်တရာ ခက်ခဲစွာထသော။ လဟုနော၊ ဖြစ်,ချုပ်မစဲ၊ အသစ်လဲ၍၊ အမြဲပေါ်တုံ၊ အဟုန်ပေါ့တန်၊ အလွန်လျင်မြန်သော ဖြစ်ခြင်း,ချုပ်ခြင်းရှိထသော။ ယတ္ထကာမနိပါတိနော၊ အမျိုးအနွယ်၊ အရွယ်အဆင့်၊ သင့်,မသင့်ကို၊ မချင့်တွက်တတ်၊ ထင်တိုင်းပတ်၍၊ အမှတ်မထား၊ မိမိလိုရာ အာရုံများ၌၊ ကျက်စားပျော်မွေ့ ကျရောက်လေ့ရှိထသော။ စိတ္တဿ၊ သံသရာတလျှောက်၊ ပွေနှောက်မျိုးမျိုး၊ စိတ်ရိုင်းစိတ်ဆိုးကို။ ဒမထော၊ အရိယာမဂ်၊ ဉာဏ်လက်နက်ဖြင့်၊ ပုတ်နှက် ပြင်းပြင်း၊ ယဉ်ကျေးအောင် ဆုံးမခြင်းသည်။ သာဓု၊ ခဏချက်ချင်း၊ လက်ငင်းမသွေ၊ ကောင်းမွန်လှပေ၏။ ဒန္တံ၊ အချိုးကျကျ၊ ဆုံးမပြုပြင်၊ အစဉ်ယဉ်ကျေးပြီးသော။ စိတ္တံ၊ အသိ ဝိညာဉ်၊ စိတ်အစဉ်သည်။ သုခါဝဟံ၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ၃-တန်သတ်မှတ်၊ ချမ်းသာမြတ်ကို၊ မပြတ်ထွေထွေ၊ ရွက်ဆောင်တတ်ပေ၏။

----- x -----

## (၂) ဆောင်ပုဒ်

နှိမ်နင်းဖို့တွက်၊ လွန်ခဲခက်၍၊ သွက်လက်လျင်မြန်၊ ဖြစ်ပျက်မြန်နှင့်၊ သင့်,မသင့်ကို၊ မချင့်တတ်ငြား၊ အာရုံငါးဝယ်၊ ကျက်စားပျော်မွေ့ ကျရောက်လေ့ရှိ၊ စိတ်အသိကို၊ အမိ ဖမ်းကာ၊ အရိယာမဂ်၊ ဉာဏ်လက်နက်ဖြင့်၊ ဆက်ဆက်ပစ်ခွင်း၊ ဆုံးမခြင်းကား၊ လက်ငင်း ခဏ၊ ကောင်းမွန်ရ၏။ ဆုံးမ၍ယဉ်၊ စိတ်ဝိညာဉ်ကား၊ လွန်လျှင်မြတ်ပို၊ ထက်တန်းဆိုသည့်၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ၃-တန်သတ်မှတ်၊ ချမ်းသာမြတ်ကို၊ ဆတ်ဆတ်မသွေ ဆောင်သတည်း။

"ဒုန္နိဂ္ဂဟဿ လဟုနော"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင် သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်း ၁-ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ကောသလမင်းကြီး၏ တိုင်းနိုင်ငံ တွင် တောင်ခြေရင်း၌ တခဲနက်ပြည့်သော လူနေအိမ်ခြေရှိ၍ စည်ပင်သာယာလှသည့် မာတိကမည်သော ရွာ ၁-ရွာသည် ရှိသတတ်။ ထိုအခါ တစ်နေ့သ၌ ၆-ကျိပ်မျှလောက်ကုန် သော ရဟန်းတို့သည် ဘုရားရှင်အထံတော်၌ အရဟတ္တဖိုလ်သို့တိုင်အောင် ရောက်နိုင် လောက်သော ကမ္မဋ္ဌာန်းတရားကို ဟောကြားစေပြီးလျှင် ထိုမာတိကရွာသို့ သွားရောက်၍ ရွာသို့ ဆွမ်းအလို့ငှာ ဝင်ကြကုန်၏။ ထိုရွာကို ပိုင်စားအုပ်ချုပ်သော ရွာသူကြီးသည် မာတိက မည်၏။ ထိုရွာသူကြီး၏ မိခင်သည် ရဟန်းတို့ကို မြင်၍ မိမိအိမ်၌ နေစေလျက် အထူးထူး အပြားပြား ကောင်းမွန်ဆန်းပြားသော အရသာရှိသော ယာဂုဆွမ်းဖြင့် ပြုစုလုပ်ကျွေး၍

"အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် အဘယ်အရပ်သို့ ကြွလိုကြပါကုန်သနည်း" ဟု မေးလျှောက်လေက "ဒါယိကာမကြီး၊ ချမ်းသာစွာနေရအံ့သော အရပ်ထိုထိုသို့ သွားကြပါကုန်အံ့"ဟု ဆိုလေလျှင် ရွာသူကြီး၏မိခင်သည် "အရှင်ကောင်း, အရှင်မြတ်တို့သည် ဝါဆိုကျောင်းကို ရှာမှီးသည်-ဟု ထင်၏"ဟု သိရှိ၍ ခြေရင်း၌ တုပ်ဝပ်လျက် "အရှင်မြတ်တို့သည် ဤအရပ်၌ ဤဝါတွင်း ၃-လပတ်လုံး အကယ်၍ သီတင်းသုံးနေထိုင်ကြကုန်မည် ဖြစ်ပါအံ့။ တပည့်တော်မသည်လည်း သရဏဂုံ ၃-ပါး၊ ၅-ပါးသီလတို့ကို ဆောက်တည်ခံယူ၍ ဥပုသ်စောင့်သုံးခြင်းအမှုကို ပြုရပါအံ့"ဟု လျှောက်လေ၏။ ရဟန်းတော် အရှင်မြတ်တို့သည်လည်း "ငါတို့သည် ဤဒါယိကာမကြီးကို အမှီပြု၍ ဆွမ်းမပင်ပန်းဘဲ သံသရာဝဋ်ဆင်းရဲမှ လွတ်ထွက်ရအောင် ပြုခြင်းငှာ စွမ်းဆောင်နိုင်ကုန်လတ္တံ့"ဟု ဝန်ခံကြကုန်၏။ ဒါယိကာမကြီးသည်လည်း ထိုရဟန်းတို့ နေထိုင်စရာ ကျောင်းကို သုတ်သင်ပြုပြင်၍ ပေးလှူလေ၏။

----- x -----

## (၃) ရဟန်းတော် ၆-ကျိပ်တို့ အချင်းချင်း ဆုံးမကြခြင်း

ထို ၆-ကျိပ်သော ရဟန်းတို့သည် ထိုကျောင်း၌ပင် နေကြကုန်လျက် တစ်နေ့သ၌ စည်းဝေးကြကုန်၍ "ငါ့ရှင်တို့၊ ငါတို့သည် မေ့လျော့သောအကျင့်ကို ကျင့်ခြင်းငှာ မသင့်လျော်၊ မှန်၏။ ငရဲကြီး ၈-ထပ်တို့သည် ငါတို့အတွက် မိမိတို့နေထိုင်ရာ ကျောင်းကဲ့သို့ တံခါးဟင်းလင်းပွင့်လျက် နေကုန်သေးသည်သာတည်း။ စင်စစ်သော်ကား ဤသို့ သက်တော်ထင်ရှား ဘုရားရှင်၏အထံ၌ ကမ္မဋ္ဌာန်းကို ယူ၍ ငါတို့ လာခဲ့ကြလေကုန်ပြီ။ ဘုရားရှင်တို့မည်သည်ကား ဖဝါးအဆင့်ဆင့် အထပ်ထပ် ခြေရာစပ်အောင် အကြိမ်များစွာ လှည့်လည်သွားလာနေသဖြင့်လည်း နှစ်သိမ့်စိမ့်သောငှာ မတတ်ကောင်း။ ဖြောင့်မတ်သော နှလုံးသွင်းအလိုဆန္ဒအားဖြင့်သာ နှစ်သိမ့်စိမ့်သောငှာ တတ်ကောင်း၏။ မမေ့မလျော့ ဖြစ်ကြကုန်လော့။

၂-ပါးသော ရဟန်းတို့သည် တနေရာတည်း၌ ရပ်မနေအပ်၊ ထိုင်မနေအပ်။ ညနေချမ်းအချိန် မထေရ်ကြီးအထံ ဆည်းကပ်သောအခါ, နံနက်ဆွမ်းခံ သွားသောအခါ၊ ထိုအခါ ၂-ပါး၌သာ တပေါင်းတည်းအတူတကွ သွားလာတွေ့ဆုံကြကုန်စို့အံ့။ ကြွင်းသောအချိန်အခါတို့၌ ၂-ပါးအတူတကွ မနေကြကုန်စို့အံ့။ စင်စစ်တမူကား ရဟန်းတပါးပါး နာဖျားမကျန်းရှိခဲ့လျှင် လာ၍ ကျောင်း၏အလယ်၌ ခေါင်းလောင်းထိုးခေါက်မှ ခေါင်းလောင်းသံ အမှတ်သညာဖြင့် လာကြ၍ ထိုနာဖျားသောရဟန်းအား ဆေးဝါးကုသကြကုန်စို့အံ့"ဟု အချင်းချင်း ပြောဆိုဆုံးမကာ ကတိကဝတ် ပြုထားကြလေကုန်၏။

## (၄) မာတိကမိခင်ကြီး အနာဂါမ်၌ တည်ခြင်း

ထိုရဟန်း ၆-ကျိပ်တို့သည် ဤသို့ အချင်းချင်းဆုံးမကာ ကတိကဝတ်ပြု၍ နေကြကုန်သည်ရှိသော် တစ်နေ့သ၌ ထို(မာတိကမာတာ) ဒါယိကာမကြီးသည် ထောပတ်, ဆီ, တင်လဲ-စသည်တို့ကို ယူစေ၍ ကျွန်ယောကျ်ား, ကျွန်မိန်းမ, အမှုလုပ်-စသည်တို့ဖြင့် ခြံရံလျက် ညချမ်းအခါ ကျောင်းတော်သို့ သွား၍ ကျောင်း၏အလယ်၌ ရဟန်းတို့ကို ၁-ပါးမျှ မတွေ့မမြင်ရခြင်းကြောင့် "အရှင်ကောင်းတို့သည် အဘယ်အရပ်သို့ ကြွကြကုန်သနည်း"ဟု ကျွန်အမှုလုပ်ယောကျ်ားတို့ကို မေးလတ်သော် "အရှင်မ၊ အရှင်ကောင်းတို့သည် မိမိ,မိမိတို့၏ ညဉ့်သန့်ရာ, နေ့သန့်ရာအရပ်တို့၌ နေထိုင်ကုန်သည်ဖြစ်ပါလတ္တံ့"ဟု ဆိုကုန်ရကား "အဘယ်သို့ပြုမှ ဖူးမြင်ခြင်းငှာ ရနိုင်လတ္တံ့နည်း"ဟု မေးသောအခါ ရဟန်းသံဃာ၏ ကတိကဝတ်ကို သိကုန်သော လူတို့သည် "အရှင်မ၊ ခေါင်းလောင်း ထိုးခေါက်အပ်သည်ရှိသော် အရှင်ကောင်းတို့သည် စည်းဝေးကြပါကုန်လတ္တံ့"ဟု ထိုဒါယိကာမကြီးကို ပြောဆိုကြသဖြင့် ထိုဒါယိကာမကြီးသည်လည်း ခေါင်းလောင်းကို ထိုးခေါက်စေ၏။

ရဟန်းတို့သည် ခေါင်းလောင်းသံကို ကြားရ၍ "ရဟန်းတပါးပါးအား မကျန်းမာခြင်းသည် ဖြစ်လတ္တံ့"ဟု မိမိ,မိမိ၏နေရာတို့မှ ထွက်လာ၍ ကျောင်း၏အလယ်၌ စည်းဝေးကြကုန်၏။ ၂-ပါးသောရဟန်းတို့သည် ၁-လမ်းတည်း, ၁-ကြောင်းတည်းသော ခရီးဖြင့် ကြွလာခြင်းမည်သည် မရှိ။ ဒါယိကာမကြီးသည် ၁-ခု,၁-ခုသောအရပ်မှ ၁-ပါး, ၁-ပါးစီသာ ကြွလာသည်ကို မြင်လေလျှင် "ငါ့သား ရဟန်းတို့သည် အချင်းချင်း ခိုက်ရန်ငြင်းခုန်မှုပြုသည် ဖြစ်လတ္တံ့"ဟု ကြံ၍ ရဟန်းသံဃာတော်တို့ကို ရှိခိုးပြီးလျှင် "အရှင်ဘုရားတို့ ခိုက်ရန်ငြင်းခုန်မှု ပြုကြကုန်သလော"ဟု မေးလျှောက်လေ၏။

"ဒါယိကာမကြီး၊ ခိုက်ရန်ငြင်းခုန်မှု မပြုကြပါကုန်"ဟု မိန့်ဆိုကုန်သည်ရှိသော် "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့အား ထိုသို့ခိုက်ရန်ငြင်းခုံခြင်း မရှိခဲ့ပါလျှင် အဘယ်ကြောင့် တပည့်တော်တို့ အိမ်သို့ ကြွရောက်လာသောအခါ တပေါင်းတည်းအတူတကွ ကြွရောက်တော်မမူလာဘဲသကဲ့သို့ ကြွရောက်တော်မမူကြဘဲ ၁-ခု,၁-ခုသောအရပ်မှ ၁-ပါး,၁-ပါးစီသာ ကြွရောက်တော်မူလာကြပါကုန်သနည်း"ဟု မေးလျှောက်သဖြင့် "ဒါယိကာမကြီး၊ ၁-ခု, ၁-ခုသောအရပ်၌ ၁-ပါး,၁-ပါးစီ နေထိုင်ကြ၍ ရဟန်းတရားကို အားထုတ်ကြရကုန်၏"ဟု မိန့်ဆိုကြကုန်လတ်သော် "အရှင်ဘုရားတို့ ဤရဟန်းတရားမည်သည်ကား အဘယ်ပါနည်း" ဟု မေးလျှောက်ပြန်၍ "ဒါယိကာမကြီး၊ ဆံပင်,မွေးညင်း-စသော ၃၂-ပါးသော အခြင်းအရာဟူကုန်သော ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ရွတ်ဖတ်သရဇ္ဈာယ် စီးဖြန်းကြကုန်၏။ ဤခန္ဓာ

ကိုယ်အတ္တဘော၌လည်း ကုန်ခန်းပျက်စီးခြင်းသဘောကို ထင်မြင်အောင် အဖန်တလဲလဲ နှလုံးသွင်း၍ နေကြပါကုန်၏"ဟု မိန့်ဆိုကြလေကုန်၏။

"အရှင်ဘုရားတို့ အသို့ပါနည်း။ ဤဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ရွတ်ဖတ်သရဇ္ဈာယ် စီးဖြန်းခြင်းငှာလည်းကောင်း, ဤခန္ဓာကိုယ်အတ္တဘော၌လည်း ကုန်ခန်းပျက်စီးခြင်း၌ ထင်မြင်အောင် နှလုံးသွင်းခြင်းငှာလည်းကောင်း အရှင်ဘုရားတို့သာ ပြုအပ်ပါသလော။ သို့မဟုတ် တပည့်တော်မတို့အားလည်း ပြုအပ်ပါမည်လော"ဟု မေးလျှောက်ပြန်လေရာ "ဒါယိကာမကြီး၊ ဤဒွတ္တိံသာကာရကမ္မဋ္ဌာန်း စီးဖြန်းခြင်းသဘောကို တစ်စုံတစ်ယောက်သောသူအားမျှ တားမြစ်တော် မမူအပ်"ဟု မိန့်တော်မူကြသဖြင့် "အရှင်ဘုရားတို့၊ ထိုသို့ဖြစ်ပါမူကား တပည့်တော်မအားလည်း ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို စီးဖြန်းအံ့သောငှာ ပေးသနားတော်မူကြပါကုန်ဘုရား။ ဤခန္ဓာကိုယ်အတ္တဘော၌ ကုန်ခန်းပျက်စီးခြင်းသဘောကို ထင်မြင်အောင် နှလုံးသွင်းပုံကို ဟောပြောသင်ပြပေးတော်မူပါကုန်ဘုရား"ဟု လျှောက်ကြားလေ၏။

"ဒါယိကာမကြီး၊ ထိုသို့ဖြစ်မူကား သင်ယူလော့"ဟု ဆို၍ အလုံးစုံကို သင်ယူစေကြကုန်၏။ ဒါယိကာမကြီးသည်လည်း ထိုအခါမှစ၍ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ရွတ်ဖတ်သရဇ္ဈာယ် စီးဖြန်းခြင်းအမှုပြုလျက် မိမိကိုယ်ခန္ဓာ၌ ကုန်ခန်းပျက်စီးခြင်း သဘောကို ထင်မြင်အောင် အသင့်အားဖြင့် နှလုံးသွင်းသည်ရှိသော် ထို ၆၀-ကျိပ်သော ရဟန်းတို့ထက် ရှေးဦးစွာ ပင်လျှင် မဂ် ၃-ပါး, ဖိုလ် ၃-ပါးတို့သို့ ရောက်လေ၏။ ထိုဒါယိကာမကြီးအား အနာဂါမိမဂ်စိတ်ဖြစ်သည်နှင့်တကွပင်လျှင် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ လောကီအဘိညာဉ်တို့သည်လည်း ဖြစ်လာလေကုန်၏။

----- x -----

## (၅) မာတိကမိခင်ကြောင့် အားလုံးရဟန္တာဖြစ်ကြခြင်း

ထိုဒါယိကာမကြီးသည် မဂ်,ဖိုလ်ချမ်းသာသုခမှ ထ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်လတ်၍ "အဘယ်အခါ၌ ငါ့သားရဟန်းတော်များ ဤတရားထူးကို ရအပ်လေနည်း"ဟု ဆင်ခြင်သည်ရှိသော် "အလုံးစုံသော ဤရဟန်း ၆၀-ကျိပ်တို့သည်လည်း ရာဂ,ဒေါသ,မောဟ ရှိကြကုန်သေး၏။ ဈာန်တရား, ဝိပဿနာတရားမျှလည်း ထိုရဟန်းတို့အား မရှိကြကုန်။ အသို့နည်း။ ငါ့သား ရဟန်းတော်များအား အရဟတ္တဖိုလ်၏အကြောင်း ဥပနိဿယသည်

ရှိအံ့လော၊ မရှိအံ့လော"ဟု ဆင်ခြင်ပြန်သည်ရှိသော် ရှိကြောင်းကို သိမြင်လေလျှင် "လျောက်ပတ်သော ကျောင်း-ဟူသော သေနာသနသပ္ပါယသည် ရှိကုန်သလော၊ မရှိကုန်သလော"ဟု ဆင်ခြင်ပြန်သည်ရှိသော် သေနာသနသပ္ပါယ*(ရကြသည်)*ကို မြင်လေလျှင် "လျောက်ပတ်သော ပုဂ္ဂိုလ်-ဟူသော ပုဂ္ဂလသပ္ပါယ ရကြလေကုန်သလော၊ မရကြလေကုန်သလော"ဟု ဆင်ခြင်ပြန်သော် ပုဂ္ဂလသပ္ပါယ ရကြသည်ကို မြင်လေလျှင် "လျောက်ပတ်သော အာဟာရ-ဟူသော အာဟာရသပ္ပါယ ရကြလေကုန်သလော၊ မရကြလေကုန်သလော"ဟု ဆင်ခြင်ပြန်သော် "ထိုရဟန်းတို့အား အာဟာရသပ္ပါယ မရှိပါတကား"ဟု မြင်လေရာ ထိုအခါမှစ၍ အထူးထူးအပြားပြားရှိသော ယာဂု, များသောအပြားရှိသော ခဲဖွယ်, အထူးထူးသော အရသာရှိသော ဘောဇဉ်ကို ပြည့်စုံစွာ စီရင်စေ၍ နေအိမ်၌ ရဟန်းတို့ကို သီတင်းသုံးနေထိုင်စေပြီးလျှင် မြတ်သောအလှူ*(ကို)* ရေစက်သွန်းချ ပေးလှူ၍ "အရှင်ဘုရားတို့၊ အရှင်မြတ်တို့ နှစ်သက်ရာ ထိုထိုယာဂု, ခဲဖွယ်, ဘောဇဉ်ကို ယူ၍ အလိုရှိတိုင်း ဘုန်းပေးတော်မူပါကုန်ဘုရား"ဟု ဆောင်နှင်းဆက်ကပ်လေ၏။ ရဟန်းတို့သည်လည်း ယာဂု-စသည်တို့ကို အလိုရှိတိုင်း ယူ၍ ဘုန်းပေးတော်မူကြကုန်၏။

ထိုရဟန်းတို့အား လျောက်ပတ်သော ယာဂု-စသော အာဟာရကို ရကြကုန်သည်ရှိသော် စိတ်သည် တည်တည်ကြည်ကြည် ရှိလေ၏။ ထိုရဟန်းတို့သည် တည်ကြည်သော စိတ်ဖြင့် ဝိပဿနာတရားကို ပွါးများစေသည်ရှိသော် မကြာမြင့်မီပင်လျှင် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကြပြီးလျှင် ဤသို့ ကြံစည်ကြကုန်၏။ အဘယ်သို့ ကြံစည်ကြကုန်သနည်းဟူမူကား "ဤဒါယိကာမကြီးသည် အံ့ဖွယ်ရှိပေစွ။ ငါတို့၏ မှီခိုအားထားရာ ဖြစ်ပေ၏။ ငါတို့သည် လျောက်ပတ်သော ယာဂု, ဆွမ်း-စသော အာဟာရကို အကယ်၍ မရကြကုန်သည် ဖြစ်အံ့။ ငါတို့အား မဂ်ဖိုလ်ကို ထိုးထွင်း၍ သိမြင်ခြင်းသည် မဖြစ်ရာ။ ယခုအခါ သီတင်းဝါလ ကျွတ်ပြီဖြစ်သောကြောင့် ပဝါရဏာပြု၍ ဘုရားရှင်အထံတော်သို့ သွားကြကုန်အံ့"ဟု ကြံစည်ကြပြီးလျှင် ထို ၆-ကျိပ်သော ရဟန်းတို့သည် "ဘုရားရှင်ကို ဖူးမြင်လိုကြကုန်သေး၏"ဟု ဒါယိကာမကြီးကို ပန်ကြားကြလေကုန်၏။

ဒါယိကာမကြီးသည်လည်း "အရှင်ဘုရားတို့၊ ကောင်းလှပါပြီဘုရား"ဟု ကျေကျေနပ်နပ် လျှောက်ထား၍ ထိုရဟန်းတော်တို့ကို အစဉ်အတိုင်း လိုက်ပို့လျက် "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် တဖန်တပည့်တော်မတို့ကို ငဲ့ညှာကြည့်ရှုတော်မူကြပါကုန်ဦးဘုရား"ဟု များစွာ ချင်သာယာသော စကားတို့ကို လျှောက်ကြား၍ ပြန်ခဲ့လေ၏။

----- x -----

## (၆) ရဟန်းတော်တို့ ဘုရားရှင်အထံသို့ ရောက်၍ လျှောက်ကြားကြခြင်း

ထိုရဟန်းတော် ၆၀-ကိုပ်တို့သည်လည်း သာဝတ္ထိပြည်သို့ ရောက်ကြ၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေကြကုန်လျက် "ချစ်သား ရဟန်းများတို့ အသို့နည်း။ ခံ့ကျန်းခြင်း, မျှတခြင်း ရှိကြပါ၏လော။ ဆွမ်းဖြင့်လည်း မပင်မပန်းဘဲ ရှိကြကုန်၏လော"ဟု မေးတော်မူသည်ရှိသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်များ ခံ့ကျန်းခြင်း, မျှတခြင်း ရှိပါ၏ဘုရား။ အထူးအားဖြင့် ဆွမ်းဖြင့်ကား ပင်ပန်းခြင်း အလျှင်းမရှိကြကုန်ဘုရား။ ဆွမ်းဖြင့် မပင်ပန်းရခြင်း အကြောင်းကား မာတိကမာတာ-မည်သော ဥပါသိကာမကြီး ၁-ယောက်သည် ဘုရားတပည့်တော်တို့၏ စိတ်အကြံဖြစ်ပုံ စိတ်အလိုကို သိ၍ "ငါတို့အတွက် ဤသို့သဘောရှိသော ဆွမ်း-စသော အာဟာရကို စီရင်ပါမူကား ကောင်းလေစွ"ဟု ကြံသည်ရှိသော် ကြံစည်သည့်အတိုင်း ဆွမ်း-စသော အာဟာရကို စီရင်၍ လှူဒါန်းပါ၏ဘုရား။ သို့အတွက် ဆွမ်းဖြင့် ပင်ပန်းခြင်း အလျှင်းမရှိပါဘုရား"ဟု ထိုအနာဂါမိဒါယိကာမကြီး၏ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကို လျှောက်ကြားကြလေကုန်၏။

----- x -----

## (၇) မထင်ရှားသော ရဟန်း ၁-ပါး မာတိကရွာသို့ ကြွတော်မူခြင်း

ထိုအခါ မထင်ရှားသော ရဟန်း ၁-ပါးသည် ထိုအနာဂါမိဒါယိကာမကြီး၏ ဂုဏ်ကျေးဇူးစကားကို ကြားရ၍ ထိုရွာသို့ သွားလိုသောကြောင့် ဘုရားရှင်အထံတော်၌ ကမ္မဋ္ဌာန်းကို ယူပြီးလျှင် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုမာတိကရွာသို့ သွားလိုပါ၏ဘုရား"ဟု ဘုရားရှင်ကို ပန်ကြားလျှောက်ထားပြီးလျှင် ဇေတဝန်ကျောင်းတော်မှ ထွက်ခဲ့ရာ အစဉ်သဖြင့် ထိုရွာသို့ ရောက်ခဲ့၍ ကျောင်းသို့ ဝင်အံ့သော နေ့၌ပင်လျှင် "ဒါယိကာမကြီးသည် ကြံတိုင်း,ကြံတိုင်းကို သိသတတ်။ ငါသည်လည်း ခရီးပန်းခဲ့၍ ကျောင်းကို သုတ်သင်ရှင်းလင်းခြင်းငှာ မစွမ်းနိုင်။ ငါ့အထံ ကျောင်းကို သုတ်သင်ရှင်းလင်းတတ်သောလူကို စေလွှတ်လိုက်ပါမူကား ကောင်းလေစွ"ဟု ကြံလေ၏။

ဒါယိကာမကြီးသည်လည်း အိမ်၌နေလျက်ပင် ဆင်ခြင်သည်ရှိသော် ထိုအကြောင်းကို သိ၍ "သွားချေ၊ ကျောင်းကို သုတ်သင်ရှင်းလင်း၍ လာခဲ့လော့"ဟု လူ ၁-ယောက်ကို စေလွှတ်လိုက်လေ၏။ ရဟန်းသည်လည်း သောက်ရေကို သောက်လိုပြန်သည်ဖြစ်၍

"ငါ့အတွက် 'သကာအဖျော်ယမကာ ပြုစီရင်၍ လှူခဲ့'-ဟု စေလွှတ်လိုက်ပါမူကား ကောင်းလေစွ"ဟု ကြံပြန်ရာ ဒါယိကာမကြီးသည်လည်း ထိုသကာအဖျော်ကိုလည်း စေလွှတ်ပို့လိုက်လေ၏။ ရဟန်းသည် တဖန်မိုးသောက် ရောက်သောနေ့၌ "နံနက်စောစောကပင်လျှင် ငါ့အတွက် ပျော့ပျောင်းနူးညံ့သော ယာဂုကို လက်သုပ်ဟင်းလျာနှင့်တကွ စေလွှတ်ပို့စေသတည်း"ဟု ကြံပြန်ရာ ဒါယိကာမကြီးသည်လည်း ထိုရဟန်း ကြံသည့်အတိုင်း ပို့စေပြန်၏။ ရဟန်းသည် ယာဂုဘုဉ်းပေးပြီးသည်ရှိသော် "ငါ့အတွက် ဤသို့သဘောရှိသော ခဲဖွယ်ကို စေလွှတ်၍ ပို့လိုက်ပါမူကား ကောင်းလေစွ"ဟု ကြံပြန်ရာ ဒါယိကာမကြီးသည်လည်း ထိုခဲဖွယ်ကို ပို့လှူလိုက်ပြန်လေ၏။

ရဟန်းသည် "ဤဒါယိကာမကြီးကား ငါကြံစည်သမျှ အဝဝကို ပေးပို့လှူဒါန်းခဲ့လေပြီ။ ငါသည် ဤဒါယိကာမကြီးကို တွေ့မြင်လို၏။ အထူးထူးကောင်းမွန်သော အရသာရှိသော ဘောဇဉ်ကို ယူစေ၍ ငါ့အထံသို့ ကိုယ်တိုင်ပင် ရောက်လာပါမူကား ကောင်းလေစွ"ဟု ကြံပြန်လေ၏။ ဒါယိကာမကြီးသည်လည်း "ငါ့သား ရဟန်းသည် ငါ့ကို တွေ့မြင်လိုနေ၏။ ငါလာခြင်းကို တောင့်တဘိ၏"ဟု ဘောဇဉ်ကို ယူစေ၍ ကျောင်းသို့ သွားရောက်ကာ ထိုရဟန်းအား လှူဒါန်းလေ၏။

----- x -----

### (ဈ) မာတိကမိခင် ဒါယိကာမကြီးကို ကြောက်ရွံ့၍ မထင်ရှားသောရဟန်း ဘုရားရှင်အထံသို့ ပြန်ပြေးခြင်း

ထိုရဟန်းသည် ဆွမ်းစားခြင်းကိစ္စ ပြီးသည်ရှိသော် "ဒါယိကာမကြီး၊ မာတိကမာတာ မည်သော သူသည်ကား သင်ဒါယိကာမကြီးပင်လော"ဟု မေးလေ၏။ "သားတော်ရဟန်း၊ ဟုတ်မှန်ပါ၏ဘုရား"ဟု လျှောက်လေလျှင် "သင်ဒါယိကာမကြီးသည် သူတပါး၏ စိတ်အကြံကို သိလေသလော"ဟု မေးပြန်၏။ "သားမောင်၊ အဘယ်ကြောင့် ဒါယိကာမကြီးကို မေးရသနည်း"ဟု လျှောက်လေလျှင် "ငါကြံစည်သမျှ အဝဝကို ပြုခဲ့လေပြီ။ ထို့ကြောင့် ဒါယိကာမကြီးကို မေးရ၏"ဟု ဆိုလေလျှင် "သားမောင်၊ သူတပါး၏စိတ်ကို သိသောရဟန်းတို့သည် များစွာရှိကုန်၏"ဟု လျှောက်ဆိုလတ်သော် "ဒါယိကာမကြီး၊ ငါသည် သူတပါးကို မမေး။ သင်ဒါယိကာမကြီးကိုသာ မေးပေ၏"ဟု ဆိုလေ၏။ ဤသို့ပင် မလွှဲသာအောင် ကြံဆောင်၍ မေးမြန်းငြားသော်လည်း ဒါယိကာမကြီးသည် "သူတပါး၏ စိတ်အကြံကို တပည့်တော် သိတတ်ပါသည်"ဟု မလျှောက်ဘဲ "သားမောင်၊ သူတပါး၏ စိတ်အကြံကို သိတတ်သော

သူတို့မည်သည်ကား ဤသို့ ပြုတတ်ကြပါကုန်၏"ဟု လျှောက်သည်ရှိသော် ထိုရဟန်းသည် "ဤအမှုသည်ကား ဝန်လေးစွတကား။ ပုထုဇဉ်တို့မည်သည်ကား လျောက်ပတ်သည်ကို လည်းကောင်း, မလျောက်ပတ်သည်ကိုလည်းကောင်း ကြံစည်တတ်ကုန်၏။ ငါသည် မသင့် တင့်, မလျောက်ပတ်သည်ကို အကယ်၍ ကြံမှားမိသည် ဖြစ်အံ့။ ဥစ္စာထုပ်(ခိုးထုပ်, ခိုးထည်)နှင့် တကွ ဖမ်းမိသော ခိုးသူကို ရောင်ကို ဆွဲငင်မိသကဲ့သို့ ငါ့ကို ဖရိုဖရဲ ဖောက်ပြန်ခြင်းသို့ ရောက်စေရာ၏။ ငါသည် ဤကျောင်းမှ ထွက်ပြေးခြင်းငှာ သင့်၏"ဟု ကြံ၍ "ဒါယိကာမကြီး၊ ငါသွားတော့အံ့"ဟု ဆိုလေလျှင် "အရှင်ဘုရား၊ အဘယ်အရပ်သို့ သွားပါမည်နည်း"ဟု မေးလျှောက်လတ်သော် "ဘုရားရှင်အထံတော်သို့ သွားပါအံ့"ဟု ဆိုက "အရှင်ဘုရား၊ ဤကျောင်း၌ ဆက်လက်နေကြည့်စမ်းပါဦးဘုရား"ဟု လျှောက်ပြန်သော် "ဒါယိကာမကြီး၊ နေနိုင်တော့မည်မဟုတ်ပါ၊ သွားတော့မည်သာတည်း"ဟု ပြောဆို၍ ကျောင်းမှ ထွက်ခဲ့ပြီး လျှင် ဘုရားရှင်အထံတော်သို့ သွားလေ၏။

ထိုအခါ ထိုမထင်ရှားသော ရဟန်းကို ဘုရားရှင်သည် "ရဟန်း၊ သင်သည် ထို ကျောင်း၌ အဘယ်ကြောင့် ဆက်လက်မနေသနည်း"ဟု မေးတော်မူလတ်သော် "ဘုန်းတော် ကြီးသော မြတ်စွာဘုရား၊ မှန်လှပါ။ မနေဝံ့ပါ။ ထိုကျောင်း၌ ဆက်လက်နေခြင်းငှာ မစွမ်းနိုင် ပါဘုရား"ဟု လျှောက်လေ၏။ "ရဟန်း၊ အဘယ်ကြောင့်နည်း"ဟု မေးတော်မူလတ်သော် "မြတ်စွာဘုရား၊ ထိုဒါယိကာမကြီးသည် ကြံစည်သမျှ အဝဝကို အကုန်အစင် သိမြင်ခဲ့ပါ၏။ ပုထုဇဉ်တို့မည်သည်ကား လျောက်ပတ်သည်ကိုလည်းကောင်း, မလျောက်ပတ်သည်ကို လည်းကောင်း ကြံစည်တတ်ကုန်၏။ တပည့်တော်သည် တစ်စုံတစ်ခုသော မသင့်,မတင့် မလျောက်ပတ်သည်ကို အကယ်၍ မတော်တဆ ကြံစည်မိခဲ့သည် ဖြစ်အံ့။ ဥစ္စာထုပ် (ခိုးထုပ်, ခိုးထည်)နှင့်တကွ ဖမ်းမိသော ခိုးသူကို ရောင်ထုံးကို ဆွဲငင်ဘိသကဲ့သို့ ဘုရားတပည့်တော်ကို ဖရိုဖရဲ ပြိုကွဲဖောက်ပြန်ခြင်းသို့ ရောက်စေပါလတ္တံ့'-ဟု ကြံမိ၍ ဘုရားရှင်အထံသို့ ပြန်လာခဲ့ သည် ဖြစ်ပါ၏ဘုရား"ဟု လျှောက်ကြားလေ၏။

ဘုရားရှင်သည် "ရဟန်း၊ သင်သည် ထိုကျောင်း၌ပင်လျှင် နေရန်သင့်၏"ဟု မိန့် တော်မူလတ်သော် "မတတ်နိုင်ပါဘုရား။ တပည့်တော် ထိုကျောင်း၌ မနေဝံ့တော့ပါဘုရား" ဟု လျှောက်လေ၏။ "ရဟန်း၊ ထိုသို့ဖြစ်မူကား သင်သည် ၁-ခုတည်းကိုသာ စောင့်ရှောက်နိုင် အံ့လော"ဟု မေးတော်မူလတ်သော် "မြတ်စွာဘုရား၊ ၁-ခုတည်း-ဟူသည် အဘယ်ပါနည်း ဘုရား"ဟု မေးလျှောက်သဖြင့် "ရဟန်း၊ သင်၏စိတ်တရား ၁-ခုတည်းကိုသာ စောင့်ရှောက် လေလော့။ ထိုစိတ်မည်သည်ကို စောင့်ရှောက်နိုင်ခဲ၏။ သင်သည် မိမိစိတ်ကိုသာလျှင် နှိမ်နင်းလော့။ အခြားတစ်စုံတစ်ရာကိုမျှ မကြံစည်လေလင့်။ ထိုစိတ်မည်သည်ကို နှိမ်နင်း

နိုင်ခဲ၏"ဟု မိန့်တော်မူကာ (ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော) "ဒုန္နိဂ္ဂဟဿ လဟုနော" စသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၉) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ ရောက်လာသော ပရိသတ်တွင် များစွာသော သူတို့သည် သောတာပန်-စသည်တို့ ဖြစ်ကြကုန်၏။ ဤတရားဒေသနာတော်သည် လူများ အပေါင်းအား အကျိုးများသော တရားဒေသနာတော် ဖြစ်လေ၏။

----- x -----

## (၁၀) မထင်ရှားသောရဟန်း ရဟန္တာဖြစ်ခြင်း

ဘုရားရှင်သည် ထိုရဟန်းအား ဤအဆုံးအမဩဝါဒကို ပေးတော်မူ၍ "ရဟန်း၊ သွားလေ။ အခြားတစ်စုံတစ်ရာကိုမျှ မကြံမူ၍ ထိုကျောင်း၌ပင်လျှင် နေချေလော့"ဟု စေလွှတ်လိုက်လေ၏။ ထိုရဟန်းသည် ဘုရားရှင်အထံတော်မှ အဆုံးအမကို ရ၍ ထိုကျောင်းသို့ပင်လျှင် ပြန်သွားရလေ၏။ ရဟန်းသည် အခြားပြင်ပ တစ်စုံတစ်ရာမျှသော အာရုံကို ကြံစည်ခြင်းမည်သည်ကို မကြံစည်ဝံ့တော့ပေ။ ဒါယိကာမကြီးသည်လည်း ဒိဗ္ဗစက္ခုအဘိ-ညာဉ်ဖြင့် ကြည့်လတ်သော် မထေရ်ကို မြင်၍ "ယခုအခါ အဆုံးအမ ဩဝါဒပေးသနားတော်မူတတ်သော ဆရာကို ရ၍ ငါ့သားတော်ရဟန်းသည် တဖန်ပြန်လာ၏"ဟု မိမိဉာဏ်ဖြင့် ပိုင်းခြားဆင်ခြင်၍ ထိုရဟန်းအား လျောက်ပတ်သော ဆွမ်း-စသော အာဟာရကို စီရင်၍ လှူဒါန်းလေ၏။ ထိုရဟန်းသည်လည်း လျောက်ပတ်သော ဆွမ်း-စသော ဘောဇဉ်ကို မှီဝဲရ၍ ၂-ရက်, ၃-ရက်ဖြင့်ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင် မဂ်,ဖိုလ်ချမ်းသာဖြင့် လွန်စေလျက်–

"အံ့ဩဖွယ်ရှိပေစွတကား။ ဒါယိကာမကြီးသည် ငါ၏ မှီခိုအားထားရာ ဖြစ်ပေစွတကား။ ငါသည် ဤဒါယိကာမကြီးကို အမှီပြု၍ ဝဋ်မှ ထွက်မြောက်ရခြင်းသို့ ရောက်ရပေပြီတကား"ဟု ကြံ၍ "ရှေးဦးစွာ ဤဘဝ ငါ၏ ဤကိုယ်အဖြစ်၌ မှီခိုရာဖြစ်ပြီ။ သံသရာတခွင်၌ ငါ၏ခန္ဓာအစဉ် ကျင်လည်သောအခိုက် တပါးသော ငါ၏ကိုယ်အဖြစ်တို့၌လည်း ဤဒါယိကာမကြီးသည် မှီခိုရာဖြစ်ခဲ့ဖူးလေသလော၊ မဖြစ်ခဲ့ဖူးလေသလော"ဟု စူးစမ်းဆင်ခြင်သည်ရှိသော် ၉၉-ဘဝသော ကိုယ်၏အဖြစ်ကို အစဉ်လျှောက်၍ အောက်မေ့မိလေ၏။ ထိုဒါယိကာမကြီးသည် ၉၉-ဘဝသော ကိုယ်၏အဖြစ်၌ ထိုမထေရ်၏ ခြေရင်းအလုပ်

အကျွေးဖြစ်သော ခင်ပွန်းမဖြစ်ဖူး၍ အခြားသောသူတို့၌ တပ်မက်သောစိတ်ရှိခြင်းကြောင့် ထိုမထေရ်ဖြစ်ခဲ့ဖူးသော လင်ယောကျ်ားကို အသက်မှ ချခဲ့, သတ်ဖြတ်ခဲ့ဖူးလေ၏။ မထေရ်သည် ထိုဒါယိကာမကြီး၏ ဤမျှလောက်သော ကျေးဇူးမဲ့ ပြုခဲ့သည်ကို မြင်ရ၍ "ဤဒါယိကာမကြီးသည် အံ့ဖွယ်ရှိလေစွ။ ဝန်လေးသောအမှုကို ပြုဖူးခဲ့လေပြီတကား"ဟု ကြံစည်အောက်မေ့ကာ နေလေ၏။

----- x -----

## (၁၁) ရဟန်းသည် မာတိကမိခင်အပေါ်၌ အတိတ်ဘဝက ကျေးဇူးကို မြင်ခြင်း

ဒါယိကာမကြီးသည်လည်း အိမ်၌ နေလျက်ပင်လျှင် "အသို့နည်း။ ငါ့သားရဟန်းအား ရဟန်းကိစ္စ အပြီးအဆုံးသို့ ရောက်လေပြီလော၊ မရောက်သေးလေသလော"ဟု ဆင်ခြင်သည်ရှိသော် ထိုရဟန်း၏ အရဟတ္တဖိုလ်သို့ ရောက်သည်ကို သိ၍ ထိုထက်အလွန် စူးစမ်းဆင်ခြင်ပြန်သည်ရှိသော် "ငါ့သားရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်၍ ဤဒါယိကာမကြီးသည် 'ဩော်-အံ့ဩဖွယ်ရှိပေစွတကား။ ငါ၏ကြီးမားသော မှီခိုအားထားရာ ဖြစ်ပေစွ တကား'-ဟု ကြံစည်ပြီးလျှင် 'အတိတ်ဘဝ၌လည်း ဤဒါယိကာမကြီးသည် ငါ၏မှီခိုအားထားရာ ဖြစ်ဖူးခဲ့လေသလော၊ မဖြစ်ဖူးခဲ့လေသလော'ဟု စူးစမ်းဆင်ခြင်ရာ ၉၉-ခုသော ကိုယ်၏အဖြစ်ကို အစဉ်လျှောက်၍ အောက်မေ့ကာ နေလေပြီ။ ငါသည်ကား ၉၉-ဘဝသော ကိုယ်၏အဖြစ်၌ သူတပါးတို့နှင့် တပေါင်းတည်းဖြစ်၍ ဤမထေရ်ကို အသက်မှ ချခွင်းသတ်ဖြတ်ဖူးခဲ့လေပြီ။ ဤမထေရ်သည် ဤမျှလောက်သော ငါ၏ကျေးဇူးမဲ့, ကျေးဇူးမသိတတ်ပုံကို မြင်ရ၍ 'ဒါယိကာမကြီးသည် အံ့ဖွယ်ရှိပေစွ။ ဝန်လေးသောအမှုကို ပြုခဲ့ဖူးလေပြီတကား'-ဟု ကြံစည်အောက်မေ့ကာ နေလေပြီ။ ဤသို့ သံသရာ၌ ကျင်လည်စဉ် ငါ့သားရဟန်းအား ကျေးဇူးဥပကာရပြုဖူးခြင်း ရှိခဲ့ဖူးလေသလော"ဟု ဆင်ခြင်ပြန်လျှင် ထို ၉၉-ဘဝထက်အလွန် ၁၀၀-မြောက်သော ကိုယ်အဖြစ်ကို အစဉ်လျှောက်ကာ အောက်မေ့၍ "ထို ၁၀၀-မြောက်သော ကိုယ်အဖြစ်၌ ငါသည် ဤရဟန်း၏ ခြေရင်းအလုပ်အကျွေး ခင်ပွန်းမဖြစ်၍ ဤရဟန်း၏အပေါ်၌ အသက်ကို ချရာတွင် အသက်အလှူကို ပေးလှူခဲ့ဖူးလေပြီ။ ငါသည် ငါ့သားရဟန်းအား ဤသို့ ကြီးစွာသော ကျေးဇူးဥပကာရကို ပြုဖူးခြင်းသည်လည်း အံ့ဖွယ်ရှိပေစွ"ဟု မြင်ရ၍ အိမ်၌ နေလျက်ပင်လျှင် "ထိုထက်အလွန် အထူးပြု၍ ဆက်လက် ဆင်ခြင်တော်မူပါဦးဘုရား"ဟု လျှောက်ကြားလိုက်လေ၏။

မထေရ်သည်လည်း ဒိဗ္ဗသောတအဘိညာဉ်ဖြင့် အသံကို ကြားရသဖြင့် အထူးပြု၍ ၁၀၀-မြောက်သော ကိုယ်၏အဖြစ်ကို အစဉ်လျှောက်၍ အောက်မေ့ဆင်ခြင်လိုက်ရာ ထိုဘဝ၌ ထိုဒါယိကာမကြီးသည် မိမိအား အသက်ပေးအပ်သည်၏အဖြစ်ကို မြင်လေလျှင် "ဤဒါယိကာမကြီးသည် လွန်လေပြီးသော ဘဝ၌ ငါ့အား ကျေးဇူးဥပကာရ ပြုခဲ့ဖူးခြင်းသည်ကား အံ့ဖွယ်ရှိပေစွ"ဟု ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ထိုဒါယိကာမကြီး၏ ကျောင်း၌ ပင်လျှင် ၄-ပါးသော မဂ်တရား, ဖိုလ်တရားတို့၌ အမေးပုစ္ဆာ ပြဿနာကို ကောင်းစွာ ဝေဖန်ခွဲခြား ဟောကြားတော်မူပြီးလျှင် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏။

အညတရဘိက္ခုဝတ္ထု ပြီး၏။

★★★★★★★

## ၃။ အညတရ ဥက္ကဏ္ဌိတဘိက္ခုဝတ္ထု

### (၁) ဒေသနာတော်

"မြင်နိုင်ရန် အလွန်ခဲယဉ်းကာ အလွန်သိမ်မွေ့လှစွာ တွေ့မိတွေ့ရာအာရုံ၌ ကျရောက်လေ့ရှိသောစိတ်ကို စောင့်ရှောက်ရာ၏။ လုံခြုံစွာ စောင့်ရှောက်အပ်သော စိတ်သည် ချမ်းသာသုခကို ဆောင်တတ်၏"ဟု မထင်ရှားသည့် ငြီးငွေ့သောရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၃၆။ သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။ ။

၃၆။ ဘိက္ခု၊ ရဟန်း။ သုဒုဒ္ဒသံ၊ အင်အားပြင်းထန်၊ အမြင်သန်သည့်၊ ဘယ်မှန် ဘီလူး၊ ဘယ်လိုစူးလည်း၊ ထွေထူးထင်ထင်၊ ကြည့်မြင်ဖို့ရာ၊ အလွန်တရာ၊ ခဲယဉ်းစွာထသော။ ဝါ၊ အန္ဓပါဝင်၊ ပုထုဇဉ်ဇာတ်၊ ဘယ်လူ,နတ်မှ၊ မှန်းဆ၍ပင်၊ အလွန်ထင်မြင်နိုင်ခဲစွာထသော။ သုနိပုဏံ၊ တွေ့မြင်ဖို့ရာ၊ ဘယ်လိုရှာလည်း၊ အချိန်သာခန်း၊ ရှာသူပန်း၍၊ စူးစမ်းမရ၊ အလွန် သိမ်မွေ့စွာထသော။ ယတ္ထကာမနိပါတိနံ၊ အမျိုး,အနွယ်၊ အရွယ်အဆင်၊ သင့်,မသင့်ကို၊ မချင့်တွက်တတ်၊ ထင်တိုင်းပတ်၍၊ အမှတ်မထား၊ အာရုံငါး၌၊ ကျက်စားပျော်မွေ့ ကျရောက် လေ့ရှိထသော။ စိတ္တံ၊ ပုံသဏ္ဌာန်သွင်၊ ဘယ်လိုပင်-ဟု၊ မထင်မရှား၊ စိတ်တရားကို။ မေဓာဝီ၊ ကြောင်း,ကျိုးဖြာဖြာ၊ ထင်စွာမြင်သိ၊ ပညာရှိသည်။ ရက္ခေထ၊ ဘာဝနာမည်ထူး၊ မှန်ဘီလူးဖြင့်၊ အထူးမြင်ရန်၊ ဖန်ဖန်စူးစိုက်၊ တိုက်ရိုက်သေချာ၊ စောင့်ရှောက်ရာ၏။ ဂုတ္တံ၊ မပျက်မပျောက်၊

စောင့်ရှောက်တားဆီး၊ လုံခြုံအပ်ပြီးသော။ စိတ္တ၊ အသိဝိညာဉ်၊ စိတ်အစဉ်သည်။ သုခါဝဟ၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ၃-တန်သတ်မှတ်၊ ချမ်းသာမြတ်ကို၊ ဆတ်ဆတ်မသွေ၊ ဆောင်ရွက်တတ်ပေ၏။

----- x -----

## (၂) ဆောင်ပုဒ်

အလွန်အကဲ၊ မြင်နိုင်ခဲတည့်၊ ကြည့်လဲမမြင်၊ ရှာလျှင်မရ၊ သိမ်မွေ့လှတည့်၊ ငါးဝ အာရုံ၊ ကာမဂုဏ်လျှင်၊ ခုံမင်ပျော်မွေ့၊ ကျရောက်လေ့ရှိ၊ စိတ်အသိကို၊ ပဏ္ဍိမည်မှတ်၊ ပုဂ္ဂိုလ်မြတ်သည်၊ မလပ်မကွာ၊ စောင့်ရှောက်ရာ၏။ စောင့်ကာတားဆီး၊ လုံခြုံပြီးငြား၊ စိတ်တရားသည်၊ ထက်ဖျား-ဟုဆို၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ၃-တန်သတ်မှတ်၊ ချမ်းသာမြတ်ကို၊ ဆတ်ဆတ်မသွေ ဆောင်သတည်း။

"သုဒုဒ္ဒသံ"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၌ မပျော်မမွေ့ ငြီးငွေ့သော ရဟန်း ၁-ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

**ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။** ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူသည်ရှိသော် သူဌေးသား ၁-ယောက်သည် မိမိအိမ်သို့ ကြွရောက်တော်မူလေ့ရှိသော ဆရာမထေရ်သို့ ချဉ်းကပ်၍ "အရှင်ဘုရား၊ တပည့်တော်သည် ဆင်းရဲမှ လွတ်မြောက်ခြင်းငှာ အလိုရှိပါ၏။ တပည့်တော်အား ဆင်းရဲမှ လွတ်မြောက်အံ့သော အကြောင်း ၁-ခုကို ဟောကြားတော်မူပါဘုရား"ဟု လျှောက်ကြားလေ၏။

"ဒါယကာ၊ ကောင်းပြီ။ ဆင်းရဲမှ အကယ်၍ လွတ်မြောက်လိုသည် ဖြစ်အံ့။ စာရေးတံဆွမ်း၊ လဆန်း, လဆုတ်ပက္ခ၌ လှူအပ်သော ဆွမ်း၊ ဝါဆိုသင်္ကန်းကို ပေးလှူလေလော့။ သင်္ကန်း-အစရှိသော ပစ္စည်းတို့ကိုလည်း ပေးလှူလေလော့။ မိမိ၏ ပစ္စည်းဥစ္စာကို ၃-ဖို့, ၃-စု ခွဲဝေပြု၍ ၁-ဖို့,၁-စုဖြင့် ရောင်းဝယ်ခြင်း-စသောအမှုကို ပြုလျက် ၁-ဖို့,၁-စုဖြင့် သားမယားကို ပြုစုလုပ်ကျွေးကာ ၁-ဖို့၁-စုကို သာသနာတော်၌ အလှူကို ပေးလှူလေလော့" ဟု ဆိုလေ၏။

သူဌေးသားသည် "ကောင်းပါပြီဘုရား"ဟု ဝန်ခံ၍ ဆိုခဲ့ပြီးသော အစဉ်အတိုင်း သာလျှင် အလုံးစုံကို ပြုလုပ်ပြီးမှ တဖန် "အရှင်ဘုရား၊ ဤဆိုအပ်ခဲ့ပြီးသော ကုသိုလ်ကောင်းမှုထက်အလွန် အဘယ်ကုသိုလ်ကောင်းမှုကို ပြုရအံ့ပါနည်း"ဟု မေးလျှောက်ပြန်လေသော် "ငါ့ရှင် ဒါယကာ၊ သရဏဂုံ ၃-ပါးတို့ကို ဆောက်တည်၍ ၅-လီသော သီလတို့ကို ခံယူဦးလော့"ဟု မိန့်ဆိုလေ၏။

ထိုသရဏဂုံ, သီလတို့ကို ဆောက်တည်ခံယူပြီးပြန်၍ တဖန် ထိုထက်အလွန် မေးလျှောက်ပြန်သော် "ထိုသို့ဖြစ်မူ ၁၀-ပါးသီလတို့ကို ခံယူလေလော့"ဟု မိန့်ဆိုသဖြင့် "ကောင်းပါပြီဘုရား"ဟု ဝန်ခံကာ ခံယူဆောက်တည်လေ၏။ ထိုသူဌေးသားသည် အစဉ်အားဖြင့် ဤသို့ မိန့်ကြားသည့်အတိုင်း ကုသိုလ်ကောင်းမှုကို ပြုလုပ်အပ်သည့်အဖြစ်ကြောင့် **အနုပုဗ္ဗ သူဌေးသား**-ဟူသောအမည် ထင်ရှားဖြစ်လာလေ၏။

"အရှင်ဘုရား၊ ထိုထက်အလွန်လည်းဖြစ်သော ပြုအပ်သောကောင်းမှု ရှိပါသေးသလော"ဟု ထပ်မံ၍ လျှောက်ထားပြန်လေလျှင် "ထိုသို့ဖြစ်မူကား ရဟန်းပြုလော့"ဟု ဆိုရကား သူဌေးသားသည် လူ့ဘောင်မှ ထွက်၍ ရဟန်းပြုလေ၏။ အဘိဓမ္မာဆောင်ရဟန်းတော် ၁-ပါးသည် ထိုရဟန်း၏ ကမ္မဝါဆရာ, နိဿရည်းဆရာဖြစ်၏။ ဝိနည်းမိုရ်ရဟန်းတော် ၁-ပါးသည်ကား ထိုရဟန်း၏ ဥပဇ္ဈာယ်ဆရာ ဖြစ်၏။ ပဥ္စင်းအဖြစ်ကို ရပြီးသော ထိုရဟန်းအား နိဿရည်းဆရာသည် မိမိထံသို့ လာသောအခါ၌ "ဘုရားရှင် သာသနာတော် မည်သည်ကား ဤမည်သောအမှုကို ပြုခြင်းငှာ သင့်လျော်၏။ ဤမည်သောအမှုကို ပြုခြင်းငှာ မသင့်လျော်"ဟု အဘိဓမ္မာပြဿနာကို ဖြေဆိုဟောကြားလေ၏။ ထိုရဟန်း၏ ဥပဇ္ဈာယ်ဆရာသည်လည်း မိမိထံသို့ လာသောအခါ၌ "ဘုရားရှင် သာသနာတော်မည်သည်ကား ဤအမှုကို ပြုခြင်းငှာ သင့်လျော်၏၊ ဤအမှုကို ပြုခြင်းငှာ မသင့်လျော်။ ဤအမူအရာကား အပ်စပ်၏၊ ဤအမူအရာကား မအပ်စပ်"ဟု ဝိနည်းပြဿနာကို ဖြေဆိုဟောကြားလေ၏။

----- x -----

## (၃) သာသနာတော်၌ ပျင်းရိငြီးငွေ့လာသော သူဌေးသားရဟန်းအား ဘုရားရှင်သည် အကျဉ်းချုံး၍ တရားပေးခြင်း

ထိုသူဌေးသားရဟန်းသည်လည်း "ဤရဟန်းကိစ္စကား အလွန်ဝန်လေးစွတကား။ ငါသည် ဆင်းရဲမှ လွတ်မြောက်လိုသောကြောင့် ရဟန်းပြု၏။ ဤသာသနာတော်၌လည်း ငါ့အား လက်ဆန့်ရာ အရပ်မျှပင် မထင်။ အိမ်၌ နေ၍သာလျှင် ဆင်းရဲမှ လွတ်မြောက်စိမ့်သောငှာ တတ်နိုင်ကောင်းရာ၏။ ငါသည် လူထွက်ခြင်းငှာ သင့်၏"ဟု အကြံဖြစ်လေ၏။ ထိုရဟန်းသည် ထိုအခါမှစ၍ သာသနာတော်၌ ပျင်းရိငြီးငွေ့ မပျော်မွေ့သည်ဖြစ်၍ ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းကိုမျှသော်လည်း စီးဖြန်းသရဇ္ဈာယ်မှုကို မပြု၊ ပါဠိကိုလည်း မသင်ယူတော့ပေ။ ကြုံလှီခေါင်းပါးလာကာ အကြောပြိုင်းပြိုင်းထသော ကိုယ်ခန္ဓာရှိသည်ဖြစ်၍ ပျင်းရိခြင်းတရား များစွာနှိပ်စက်သည်ဖြစ်ရကား ပွေးနာ, ယားနာတို့ဖြင့် ပြွမ်းသောကိုယ်ရှိလျက် နေလေ၏။

ထိုအခါ ထိုသူဌေးသားရဟန်းကို သာမဏေငယ်တို့သည် "အရှင်ဘုရား၊ အဘယ်သို့ဖြစ်၍ နေပါသနည်း။ အရှင်ဘုရားသည် ရပ်၍နေသောနေရာ၌ ရပ်မြဲတိုင်းသာ, ထိုင်၍နေသောနေရာ၌ ထိုင်မြဲတိုင်းသာဖြစ်၍ နေပါသည်။ ဖျော့တော့သော အနာရောဂါ နှိပ်စက်အပ်သည်ဖြစ်၍ ကြံ့လှီခေါင်းပါးဖြစ်လာကာ အကြောပြိုင်းပြိုင်းထသော ကိုယ်ခန္ဓာရှိသည်ဖြစ်၍ ပျင်းရိခြင်းတရား များစွာနှိပ်စက်သည်ဖြစ်ရကား ပွေးနာ, ယားနာတို့ဖြင့် ပွမ်းသောကိုယ်ရှိလျက် နေပါသည်။ အရှင်ဘုရားသည် အဘယ်အမှုကို ပြုလုပ်မိပါသနည်း ဘုရား"ဟု မေးမြန်းလျှောက်ထားလေလျှင် "ငါ့ရှင်တို့၊ ငါသည် သာသနာတော်၌ ပျင်းရိငြီးငွေ့လှပေ၏" ဟု ဆိုလတ်သော် "အဘယ်ကြောင့်ပါနည်းဘုရား"ဟု လျှောက်ကြားကြသောအခါ ထိုရဟန်းသည် ထိုအကြောင်းကို ပြန်ကြားပြောဆိုလေ၏။

သာမဏေငယ်တို့သည်လည်း ထိုရဟန်း၏ နိဿရည်းဆရာ, ဥပဇ္ဈာယ်ဆရာတို့အား လျှောက်ကြားကြလေလျှင် ကမ္မဝါဆရာ, ဥပဇ္ဈာယ်တို့သည် ထိုသူဌေးသားရဟန်းကို ဘုရားရှင်အထံသို့ ခေါ်ဆောင်သွားကြလေကုန်၏။ ဘုရားရှင်သည်လည်း "ချစ်သား ရဟန်းများတို့၊ သင်တို့ အဘယ်အကြောင်းကြောင့် လာရောက်ကြကုန်သနည်း"ဟု မိန့်တော်မူလေလျှင် "ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ဤရဟန်းသည် ရှင်တော်မြတ်ဘုရားတို့၏ သာသနာတော်၌ ပျင်းရိငြီးငွေ့လျက် နေသောကြောင့် လာရောက်ကြပါသည်ဘုရား"ဟု လျှောက်ကြားရကား "ချစ်သားရဟန်း၊ ဤသို့ ဆိုတိုင်းမသွေ မှန်ချေသလော"ဟု မေးစိစစ်တော်မူရာ "ဆိုတိုင်းမသွေ မှန်ပါချေ၏ မြတ်စွာဘုရား"ဟု ဝန်ခံသောအခါ "အဘယ်ကြောင့် ပျင်းရိငြီးငွေ့ရသနည်း"ဟု မေးစိစစ်ပြန်ရာ "မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ဆင်းရဲမှ လွတ်မြောက်လိုသောကြောင့်သာလျှင် ရဟန်းဘောင်သို့ ဝင်လာခဲ့ပါသည်ဘုရား။ တပည့်တော်၏ ကမ္မဝါဆရာ, နိဿရည်းဆရာသည် တပည့်တော်အား အဘိဓမ္မာတရားကို ဟောကြားပါသည်။ ဥပဇ္ဈာယ်ဆရာသည်ကား ဝိနည်းတရားကို ဟောကြားပါသည်။ ထိုဘုရားတပည့်တော်သည် 'ဤသာသနာတော်၌ ငါ့အား လက်ဆန့်စရာ နေရာမျှပင် မရှိ။ လူထွက်ရလျှင် ဆင်းရဲဒုက္ခမှ လွတ်မြောက်တန်ကောင်း၏။ လူထွက်တော့မည်'-ဟု သန္နိဋ္ဌာန်ချပြီးပါပြီ မြတ်စွာဘုရား"ဟု လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်သည် "ချစ်သားရဟန်း၊ သင်သည် ၁-ခုတည်းသော တရားကိုသာ အကယ်၍ စောင့်ရှောက်ထိန်းသိမ်းနိုင်သည် ဖြစ်အံ့။ ကြွင်းကျန်သောတရားတို့ကို စောင့်ရှောက်ထိန်းသိမ်းဖွယ်ကိစ္စ မရှိ"ဟု မိန့်တော်မူလိုက်သောအခါ "မြတ်စွာဘုရား၊ ဤ ၁-ခုသော တရားကား အဘယ်ပါနည်းဘုရား"ဟု လျှောက်ကြားလေလျှင် "ချစ်သားရဟန်း၊ သင်ချစ်သား၏ စိတ်တရား ၁-ခုတည်းကိုသာ စောင့်ရှောက်ခြင်းငှာ စွမ်းနိုင်ပါမည်လော"ဟု

မေးမြန်းတော်မူသဖြင့် "စွမ်းနိုင်ပါသည် မြတ်စွာဘုရား"ဟု ဝန်ခံစကား လျှောက်ကြားရကား "ထိုသို့ဖြစ်မူ မိမိ၏ စိတ်တရား ၁-ခုတည်းကိုသာလျှင် စောင့်ရှောက်ထိန်းသိမ်းပါလော့။ ထိုသို့ စိတ်ကို စောင့်ရှောက်ထိန်းသိမ်းနိုင်ပါက ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်စွမ်း၏"ဟု ဘုရားရှင်သည် အဆုံးအမဩဝါဒကို ပေးတော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "သုဒုဒ္ဒသံ"အစရှိသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၄) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ ထိုသူဌေးသားရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ သူဌေးသားရဟန်းမှတပါး များစွာသောလူတို့သည်လည်း သောတာပန်စသည်တို့ ဖြစ်ကြကုန်၏။ တရားဒေသနာတော်သည်လည်း လူများအပေါင်းအား အကျိုးများသော တရားဒေသနာတော် ဖြစ်လေ၏။

အညတရ ဥက္ကဏ္ဌိတဘိက္ခုဝတ္ထု ပြီး၏။

★★★★★★★

## ၄။ သံဃရက္ခိတဘာဂိနေယျတ္ထေရဝတ္ထု

### (၁) ဒေသနာတော်

"ဤစိတ်တရားသည်ကား ဝေးရပ်တည်ခြား အာရုံတပါးသို့ သွားတတ်၏။ ၁-ခုချုပ်ရစ် ၁-ခုဆက်လက် ဖြစ်တတ်၏။ သဏ္ဌာန်,ဆင်းရောင် ကိုယ်ကောင်ထင်ရှား မရှိ၊ ဟဒယရုပ်ဂူဝယ် မှီတွယ်၍ ဖြစ်တတ်၏။ ရာဂ-စသော အနှောင်အဖွဲ့ တေဘူမက ဝဋ်ဆင်းရဲမှ ဖဲထွက်ကျွတ်လွတ်လိုသောသူသည် ထိုစိတ်ကို လုံခြုံအောင် စောင့်စည်းရမည်"ဟု သံဃရက္ခိတမထေရ်၏တူ မထေရ်ငယ်ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၃၇။　ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
　　　ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။　။

၃၈။　ဒူရင်္ဂမံ၊ အဝေးတည်ခြား၊ အာရုံတပါးသို့၊ ပြေးသွားတတ်ထသော။ ဧကစရံ၊ ဥပါဒ်,ဋ္ဌီ,ဘင်၊ အလှည့်စဉ်ဖြင့်၊ အတွင်တွင်ပြုတ်၊ ၁-ခုချုပ်ပျက်၊ ၁-ခုဆက်၍ ဖြစ်တတ်ထ

သော။ အသရိရုံ လုံး,ပြား,တို,ရှည်၊ ပုံအနေဖြင့်၊ ညို,ရွှေ-စစ္စာ၊ ရောင်ဝါအဆင်း၊ လုံးလုံးကင်းပ၊ ကိုယ်ကောင်ကိုယ်ထည်လည်း မဟုတ်ထသော။ ဂုဟာသယ်၊ ၄-ပါး မဟာဘုတ်၊ စပ်ကာချုပ်သည့်၊ ဟဒယရုပ်တည်းဟူသော လိုဏ်ဂူဝယ် မှီတွယ်၍ဖြစ်တတ်ထသော။ စိတ္တံ၊ အာရုံကြံတတ်၊ စိတ်ပရမတ်ကို။ ယေ၊ အကြင်ယောက်ျား,မိန်းမ၊ ဟူသမျှနှင့်၊ ပဗ္ဗဇိတဝင်၊ ရဟန်းရှင်တို့သည်။ သံယမေဿန္တိ၊ ကမ္မဋ္ဌာန်းအလုပ်ဖြင့်၊ အမြဲမပြတ်၊ ကြပ်မတ်ချုပ်တည်း၊ စောင့်စည်းနိုင်ကြကုန်အံ့။ တေ၊ ထိုသူတို့သည်။ မာရဗန္ဓနာ၊ မာရ်သည်ပြုဖန်၊ ကိလေရန်သူ၊ အနှောင်အဖွဲ့ဟူသည့်၊ တေဘူမကာ၊ ဝဋ္ဋဒုက္ခမှ။ မောက္ခန္တိ၊ ရှင်းရှင်းကျွတ်ကျွတ်၊ ကင်းလွတ်ကြကုန်လတ္တံ့။

----- × -----

## (၂) ဆောင်ပုဒ်

ဝေးရာအရပ်၊ ပြေးသွားတတ်သည့်၊ ဥပါဒ်,ဌီ,ဘင်၊ အလှည့်စဉ်ဖြင့်၊ အတွင်တွင်ပြုတ်၊ ၁-ခုချုပ်ရစ်၊ ၁-ခုဖြစ်၏။ စင်စစ်တွေ့ရန်၊ သဏ္ဌာန်,ဆင်းရောင်၊ ကိုယ်ကောင်မဟုတ်၊ ဟဒယရုပ်ဟူ၊ တွင်းလိုဏ်ဂူဝယ်၊ မှီတွယ်ဖြစ်ငြား၊ စိတ်တရားကို၊ ဟန့်တားဖုံ့ဖုံ့၊ စောင့်စည်းကုန်မူ၊ ထိုသည့်သူတို့၊ ရန်မူရှုပ်ပွေ၊ မာရ်ကိလေ၏၊ တေဘူမကာ၊ ဝဋ္ဋဒုက္ခမှ၊ မုချရှင်းကျွတ်, လွတ်၏တည်း။

"ဒူရင်္ဂမံ"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သံဃရက္ခိတ အမည်ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

**ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။** သာဝတ္ထိပြည်၌ အမျိုးကောင်းသား ၁-ယောက်သည် ဘုရားရှင်၏ တရားဒေသနာတော်ကို နာကြားရ၍ လူ့ဘောင်မှ ခွါထွက်ခဲ့ပြီးလျှင် ရှင်ရဟန်းပြု၍ ပဥ္စင်းအဖြစ်ကို ရပြီးသည်ရှိသော် သံဃရက္ခိတမထေရ် ဟူသောအမည် ရှိသည်ဖြစ်၍ ၂-ရက်, ၃-ရက်ဖြင့်ပင် ရဟန္တာအဖြစ်သို့ ရောက်သတတ်။ ထိုမထေရ်၏ နှမငယ်သည်လည်း သားယောက်ျားကို ရသည်ဖြစ်၍ မထေရ်မြတ်၏ အမည်ကိုသာ ယူ၍ မှည့်ခေါ်လေ၏။ ထိုသူငယ်သည် တူဖြစ်သောကြောင့် ဘာဂိနေယျသံဃ-ရက္ခိတ-ဟူသောအမည် ရှိသည်ဖြစ်၍ အရွယ်ရောက်လတ်သော် မထေရ်မြတ်၏ အထံ၌သာလျှင် ရှင်ပြုပြီးလျှင် ရဟန်းအဖြစ်ကို ရသည်ဖြစ်၍ မထင်ရှားသော ရွာငယ်အာရာမ်ကျောင်း၌ ဝါကပ်လေလျှင် ၇-တောင်ရှိသော သင်္ကန်းလျာပုဆိုး ၁-ထည်, ၈-တောင်ရှိသော

သက်န်းလျာပုဆိုး ၁-ထည်၊ ဤသို့ ဝါဆိုသင်္ကန်းလျာပုဆိုး ၂-ထည်တို့ကို ရ၍ "၈-တောင်ရှိသော သင်္ကန်းလျာပုဆိုးကို ငါ၏ဥပဇ္ဈာယ်ဆရာအလို့ငှာ ဖြစ်လတ္တံ့"ဟု မှတ်သားထား၍ "၇-တောင်ရှိသော သင်္ကန်းလျာပုဆိုးကို ငါ့အလို့ငှာဖြစ်လတ္တံ့"ဟု ကြံ၍ ဝါကျွတ်လတ်သော် "ဥပဇ္ဈာယ်ဆရာကို ဖူးမြင်အံ့"ဟု လာစဉ် လမ်းခရီးအကြား၌ ဆွမ်းအလို့ငှာ လှည့်လည်ကာ လာ၍ မထေရ်ကြီးသည် ကျောင်းသို့ မရောက်သေးမီပင်လျှင် ကျောင်းသို့ ဝင်၍ မထေရ်မြတ်၏ နေ့သန့်ရာအရပ်ကို တံမြက်လှည်းလျက် ခြေဆေးရေကို တည်ထား၍ နေရာခင်းပြီးမှ မထေရ်မြတ် ကြွလာအံ့သော လမ်းခရီးကို ကြည့်မျှော်ငံ့လင့်ကာ နေလေ၏။

----- x -----

## (၃) ဦးရီးဖြစ်သူ ဥပဇ္ဈာယ်ဆရာအား သင်္ကန်းလှူဒါန်းခြင်း

ထို့နောက် ဥပဇ္ဈာယ်မထေရ်မြတ် ကြွရောက်လာသည့်အဖြစ်ကို သိ၍ ခရီးဦးကြိုဆိုလျက် သပိတ်,သင်္ကန်းကို လှမ်းယူပြီးလျှင် "အရှင်ဘုရား၊ သီတင်းသုံးထိုင်နေတော်မူပါကုန်ဘုရား"ဟု မထေရ်မြတ်ကို ထိုင်နေစေပြီးသော် ထန်းရွက်ယပ်ကို ယူ၍ ယပ်ခတ်လေပြီးလျှင် သောက်ရေကပ်ခြင်း, ခြေဆေးခြင်းတို့ကို ပြု၍ ၈-တောင်ရှိသော သင်္ကန်းလျာပုဆိုးကို ဆောင်ယူကာ ခြေရင်း၌ထား၍ "အရှင်ဘုရား၊ ဤသင်္ကန်းကို ဝတ်ရုံသုံးဆောင်တော်မူပါကုန်ဘုရား"ဟု လျှောက်ထား၍ ယပ်လေခတ်ကာ နေလေ၏။ ထိုအခါ သံဃရက္ခိတမထေရ်သည် တူရဟန်းငယ်ကို "ငါ့ရှင် သံဃရက္ခိတ၊ ငါ့အတွက် သင်္ကန်းပြည့်စုံပြီ။ သင်သာ သုံးဆောင်လော့"ဟု ပြောဆိုလေ၏။ "အရှင်ဘုရား၊ တပည့်တော်သည် သင်္ကန်းကို ရသောအချိန်အခါမှ စ၍ ဤသင်္ကန်းလျာပုဆိုးကို အရှင်ဘုရားအလို့ငှာသာ ဟူ၍သာ သတ်မှတ်မှတ်သားပါသည်။ သုံးဆောင်မှုကို ပြုတော်မူပါကုန်ဘုရား"ဟု လျှောက်ထားပြန်လေ၏။

ထိုသို့ပင် လျှောက်ထားပါသော်လည်း "ငါ့ရှင် သံဃရက္ခိတ၊ ငါ့အတွက် သင်္ကန်းပြည့်စုံပြီ။ သင်သာ သုံးဆောင်လော့"ဟု ပြောဆိုပြန်လေလျှင် "အရှင်ဘုရား၊ ဤသို့ မပြုပါလင့်ဘုရား။ အရှင်ဘုရားတို့ သုံးဆောင်သည်ရှိသော် တပည့်တော်အား အကျိုးများပါလိမ့်မည်ဘုရား"ဟု လျှောက်ထားပြန်လေ၏။ ထိုအခါ တူရဟန်းသည် ဦးရီးတော် မထေရ်မြတ်အား အဖန်ဖန်ထပ်၍ လျှောက်ထားသော်လည်း မထေရ်မြတ်သည် အလိုမရှိသည်သာတည်း။

----- x -----

## (၄) လူထွက်ရန်ကြံစည်ရာမှ ဥပဇ္ဈာယ်ဆရာ၏ဦးခေါင်းကို ယပ်ဖြင့် ရိုက်မိခြင်း

ဤသို့လျှင် ထိုရဟန်းငယ်သည် ယပ်ခတ်နေလျက်ပင်လျှင် အကြံဖြစ်သည်မှာကား "ငါသည် လူ့ဘဝ လူဖြစ်စဉ်အခါက မထေရ်မြတ်၏တူ ဖြစ်၏။ ရဟန်းဖြစ်လာသောအခါ၌လည်း အတူနေ သဒ္ဓိဝိဟာရိကတပည့် ဖြစ်ပြန်၏။ ဤသို့ဖြစ်ပါလျက်လည်း ဥပဇ္ဈာယ်ဆရာသည် ငါနှင့်အတူတကွ သုံးဆောင်ခြင်းကို ပြုခြင်းငှာ အလိုမရှိ။ ဤမထေရ်မြတ်သည် ငါနှင့်အတူတကွ သုံးဆောင်ခြင်း မပြုသည်ရှိသော် ငါ့အား ရဟန်းအဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ လူထွက်တော့အံ့"ဟု ကြံစည်လေ၏။

ထို့နောင်မှ ထိုရဟန်းငယ်အား "အိမ်ရာတည်ထောင် လူ့ဘောင်မည်သည်ကား တည်တံ့ခြင်းငှာ ခဲယဉ်းလှစွာ၏။ လူဖြစ်လတ်သည်ရှိသော် အဘယ်အမှုကို ပြုလုပ်၍ အသက်မွေးရပါအံ့နည်း"ဟု အကြံဖြစ်ပြီးသော် တဖန်ဆက်လက်၍ ကြံပြန်သည်ကား "၈-တောင်ရှိသော ပုဆိုးကို ရောင်း၍ ဆိတ်မ ၁-ကောင်ကို ဝယ်ယူထားပေအံ့။ ဆိတ်မမည်သည်ကား လျင်စွာ မွေးလွယ်၏။ ထိုငါသည် ထိုဆိတ်မမှ မွေးတိုင်း,မွေးတိုင်းသော ဆိတ်ကို ရောင်းချ၍ အရင်းအနှီးပြုအံ့။ အရင်းအနှီးငွေ များပြားတိုးပွါးအောင် ပြုလုပ်ပြီးလျှင် မယား ၁-ယောက်ကို တောင်းရမ်း၍ ဆောင်ယူအံ့။ ထိုမယားသည် သား ၁-ယောက်ကို ဖွားမြင်လာလတ္တံ့။

ထိုသား ၁-ယောက်ရသောအခါ သားငယ်အား ငါ့ဦးရီးတော် မထေရ်၏ သံဃရက္ခိတ-ဟူသော အမည်ကိုပင် မှည့်ခေါ်၍ ယာဉ်ရထားငယ်၌ ထိုင်စေပြီး ငါ့သားနှင့်မယားကို ခေါ်ဆောင်၍ ဦးရီးမထေရ်မြတ်ကို ဖူးမြော်ကန်တော့ရန် လာပေအံ့။ လာစဉ် လမ်းခရီးအကြား၌ ငါ့မယားကို ဤသို့ ပြောဆိုပေအံ့။ အဘယ်သို့ ပြောဆိုမည်နည်းဟူမူ 'ငါ့သားကို ငါ့ကို ပေးဦးလော့။ ငါချီခဲ့ဦးမည်'-ဟု ဆိုလိုက်လျှင် မယားဖြစ်သူက 'အရှင့်အား သားကို ချီသဖြင့် အဘယ်အကျိုးရှိပါမည်နည်း။ လာပါ၊ ဤယာဉ်ငယ်ကိုသာ မောင်းနှင်ပါ'-ဟု ဆို၍ သားကို ယူဆောင်၍ 'သားငယ်ကို ကျွန်မ ချီခဲ့ပါမည်'-ဟု ပြော၍ ချီပိုးယူဆောင်ရာ မြဲမြံစွာ ကောင်းကောင်းချီပိုးမထားနိုင်သဖြင့် ယာဉ်ဘီးလမ်းကြောင်း၌ လွှတ်ချလိုက်မိပေအံ့။ ထိုအခါ သားငယ်၏ ကိုယ်ပေါ်ကို ယာဉ်ရထားဘီး တက်နင်းကာ ကြိတ်မိသွားရှာလတ္တံ့။ ထိုအခါ မယားကို 'နင်-ငါ့သားကို ငါ့ကိုလည်း မပေး၊ နင်လည်း ကောင်းကောင်းမချီပိုးနိုင်။ နင်ငါ့ကို နှိပ်စက်ဖျက်ဆီးဘိ၏တကား'-ဟု ပြောဆိုကြိမ်းမောင်း၍ ကြိမ်တံဖျာ(နှင်တံ)ဖြင့် မယား၏ ကျောက်ကုန်း၌ ရိုက်နှက်အံ့"ဟု ကြံစည်စိတ်ကူးလျက် နေလေ၏။

ထိုရဟန်းငယ်သည် ဤသို့ ကြံစည်စိတ်ကူးယဉ်လျက် နေစဉ်ပင်လျှင် ယပ်ခတ်နေဆဲဖြစ်ရကား ဦးရီးတော်မထေရ်မြတ်၏ ဦးခေါင်းကို ထန်းရွက်ယပ်ဖြင့် အကြိမ်ကြိမ် အထပ်ထပ် ရိုက်ခတ်နေမိလေတော့၏။

----- x -----

## (၅) မထေရ်မြတ် သိ၍ ရှက်လှသဖြင့် ထွက်ပြေးရာမှ ဘုရားရှင်နှင့်တွေ့ကာ ဆုံးမတော်မူခြင်း

မထေရ်မြတ်သည် "ငါ့တူ သံဃရက္ခိတသည် ငါ့ကို ဦးခေါင်း၌ ရိုက်ပုတ်ဘိ၏။ အကြောင်းအသို့နည်း"ဟု စူးစမ်းဆင်ခြင်သည်ရှိသော် ထိုရဟန်းငယ် ကြံတိုင်း,ကြံတိုင်း အလုံးစုံ အကုန်သိ၍ "ငါ့တူ သံဃရက္ခိတ၊ သင့်မယား မာတုဂါမကို ရိုက်နှက်ပုတ်ခတ်ခြင်းငှာ မစွမ်းနိုင်။ ဤရိုက်နှက်ရာ၌ အိုမင်းကြီးလေပြီးသော ငါ့အား အဘယ်အပြစ်ရှိပါသနည်း"ဟု မေးမြန်းလေ၏။ ရဟန်းငယ်သည်လည်း "အံ့ဩဖွယ်ရှိပေစွ။ ငါသည် ပျက်စီးခြင်းသို့ ရောက်ချေပြီ။ ငါ၏ ဥပဇ္ဈာယ်ဆရာသည် ငါကြံစည်သမျှကို သိခဲ့လေပြီ။ ငါ့အား ရဟန်းအဖြစ်ဖြင့် အကျိုးမရှိပြီ"ဟု ထန်းရွက်ယပ်ကို ပစ်ချကာ ပြေးအံ့သောငှာ အားထုတ်လေ၏။

ထိုအခါ ထိုသံဃရက္ခိတရဟန်းငယ်ကို ရဟန်းငယ်, သာမဏေငယ်တို့သည် အစဉ်လိုက်၍ ခေါ်ဆောင်ပြီးလျှင် ဘုရားရှင်၏ အထံတော်သို့ သွားရောက်ကြကုန်၏။ ဘုရားရှင်သည်လည်း ထိုရဟန်းတို့ကို မြင်လျှင်မြင်ချင်းပင်လျှင် "ရဟန်းတို့၊ သင်တို့ အဘယ့်ကြောင့် လာရောက်ကြကုန်သနည်း။ သင်တို့ ရဟန်း ၁-ပါး ရလာခဲ့လေသလော"ဟု မေးတော်မူလတ်သော် "မှန်လှပါ မြတ်စွာဘုရား၊ သာသနာတော်၌ ပျင်းရိငြီးငွေ့သဖြင့် ထွက်ပြေးသော ဤရဟန်းငယ်ကို ဖမ်း၍ ရှင်တော်မြတ်ဘုရားတို့၏အထံသို့ ရောက်လာကြောင်းပါဘုရား" ဟု လျှောက်ထားကြကုန်၏။

ထိုအခါ ဘုရားရှင်သည် "ချစ်သားရဟန်း၊ 'ဤသာသနာတော်၌ ပျင်းရိငြီးငွေ့၏'-ဟူသည် မှန်သလော"ဟု မေးတော်မူလတ်သော် "ပြောတိုင်းမသွေ မှန်ပါချေ၏ဘုရား"ဟု လျှောက်ကြားသဖြင့် "ချစ်သား ရဟန်း၊ သင်သည် အဘယ်အကျိုးငှာ ဤသို့ ဝန်လေးသော အမှုကို ပြုဘိသနည်း။ သင်သည် အားထုတ်အပ်သော လုံ့လရှိသော ၁-ဆူသော ငါဘုရားရှင်၏သားတော် မဟုတ်တုံလော။ ငါကဲ့သို့ ဘုရားရှင်၏သာသနာတော်၌ ရဟန်းပြုသည်ဖြစ်ပါလျက် မိမိကိုယ်ကို ဆုံးမ၍ သောတာပန်-ဟူ၍လည်းကောင်း, သကဒါဂါမ်-ဟူ၍လည်း

ကောင်း, အနာဂါမ်-ဟူ၍လည်းကောင်း, ရဟန္တာဟူ၍လည်းကောင်း ဆိုစေခြင်းငှာ မစွမ်းနိုင်ရှာလေဘဲ အဘယ်အကျိုးငှာ ဤသို့ ဝန်လေးလှစွာသောအမှုကို ပြုဘိသနည်း"ဟု တဖန်မေးတော်မူပြန်လေ၏။

"မြတ်စွာဘုရား၊ တပည့်တော် ပျင်းရိငြီးငွေ့လှသည် ဖြစ်ပါသည်ဘုရား"ဟု လျှောက်လတ်သော် "သင်အဘယ်ကြောင့် ပျင်းရိငြီးငွေ့ဘိသနည်း"ဟု မေးတော်မူပြန်၍ ထိုရဟန်းငယ်သည် ဝါဆိုသင်္ကန်းတို့ကို ရသောအခါမှစ၍ ယပ်ဖြင့် ဥပဇ္ဈာယ်ဆရာမထေရ်အား ရိုက်ခတ်မိသည်တိုင်အောင် အလုံးစုံသော ထိုအကြောင်းကို လျှောက်ကြား၍ "ဤသို့သောအကြောင်းကြောင့် ထွက်ပြေးခြင်း ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားလေ၏။ ထိုအခါရဟန်းငယ်ကို ဘုရားရှင်သည် "ချစ်သားရဟန်း၊ လာခဲ့လော့။ ထွေထွေထူးထူး စိတ်မကူးလေလင့်။ ဤစိတ်တရားမည်သည်ကား ဝေးသောအရပ်၌ ဖုံးကွယ်တတ်သော အာရုံကိုလည်း လက်ခံတတ်သော သဘောရှိပေ၏။ ရာဂ, ဒေါသ, မောဟတည်းဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်စိမ့်သောငှာ လုံ့လကြိုးကုတ် အားထုတ်သင့်၏"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "ဒူရင်္ဂမံ ဧကစရံ"စသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

### (၆) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ တူဖြစ်သော သံဃရက္ခိတမထေရ်သည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုမှတပါး များစွာသော သူတို့သည်လည်း သောတာပန်စသည်တို့ ဖြစ်ကြကုန်၏။ ဤတရားဒေသနာတော်သည် လူများအပေါင်းအား အကျိုးများသော တရားဒေသနာတော် ဖြစ်လေ၏။

သံဃရက္ခိတဘာဂိနေယျတ္ထေရဝတ္ထု ပြီး၏။

★★★★★★★

## ၅။ စိတ္တဟတ္ထတ္ထေရဝတ္ထု

### (၁) ဒေသနာတော်

"တည်တံ့သော စိတ်လည်း မရှိ၊ သူတော်ကောင်းတရားကိုလည်း မသိ၊ ယုံကြည်မှု သဒ္ဓါတရားလည်း မခိုင်မာသောပုဂ္ဂိုလ်အား လောကီ,လောကုတ္တရာ ပညာဟူသမျှ မပြည့်ဝနိုင်"စသည်အားဖြင့် စိတ္တဟတ္ထမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၃၈။ **အနဝဋ္ဌိတစိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော။**
**ပရိပ္လဝပသာဒဿ၊ ပညာ န ပရိပူရတိ။ ။**

၃၈။ အနဝဋ္ဌိတစိတ္တဿ၊ ခရိုးပြင်းနှင်၊ မြင်းကျောပြင်၌၊ ယှူငင်တင်သွား၊ ရေအိုးလားသို့၊ ရွေ့ရှားလှုပ်ယှက်၊ မငြိမ်သက်သော စိတ်ရှိထသော။ ဝါ၊ ခေါင်းတုံးပန်ထား၊ ထိန်ပွင့်လားသို့၊ ရွေ့ရှားလိမ့်လည်၊ မတည်ကြည်သော စိတ်ရှိထသော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့ လမ်းကြောင်းညွှန်ပြ၊ ကောင်းမွန်လှသည့် ဗောဓိပက္ခိယတရား ၃၇-ပါးကို။ အဝိဇာနတော၊ ပညာမျက်စိဖြင့် မိမိထင်ထင် မသိမြင်ထသော။ ပရိပ္လဝပသာဒဿ၊ မမြဲမမြဲ ဖောက်ပြန်ရွေ့ရှားသည့် သဒ္ဓါတရား ရှိထသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ပညာ၊ လောကီ, လောကုတ္တရာ ဉာဏ်ပညာသည်။ န ပရိပူရတိ၊ တိုးတက်လောက်လုံ မပြည့်စုံနိုင်။

၃၉။ **အနဝဿုတစိတ္တဿ၊ အနန္ဝာဟတစေတသော။**
**ပုညပါပပဟီနဿ၊ နတ္ထိ ဇာဂရတော ဘယံ။ ။**

၃၉။ အနဝဿုတစိတ္တဿ၊ ရာဂရေပေါက်၊ မရောက်မခို၊ မစွတ်စိုသော စိတ်ရှိထသော။ အနန္ဝာဟတစေတသော၊ အမျက်မာန်ပွါး၊ ဒေါသမှားဖြင့်၊ မထိပါးသော စိတ်ရှိထသော။ ပုညပါပပဟီနဿ၊ အရဟတ္တမဂ်၊ ဉာဏ်လက်နက်ဖြင့်၊ ဆက်ဆက်ခွင်းဖြို၍၊ ကုသိုလ်,အကုသိုလ်ကို ပယ်ပြီးထသော။ ဝါ၊ ကောင်းမှု,မကောင်းမှု၊ အကြောင်းစုကို၊ ပေါင်းရှုသီးသီး၊ ပယ်ရှားပြီးထသော။ ဇာဂရတော၊ သဒ္ဓါအစ၊ ငါးဝအစုံ၊ နိုးကြားသောဂုဏ်နှင့် ပြည့်စုံထသော။ ခီဏာသဝဿ၊ ရဟန္တာသခင်၊ ပုဂ္ဂိုလ်အရှင်အား။ ဘယံ၊ ကိလေသာမာရ်၊ ဘေးရန်-ဟူသမျှ၊ အဝဝသည်။ နတ္ထိ၊ အကုန်သုဉ်း၍၊ လုံးလုံးကင်းသွေ၊ မရှိနိုင်ပေ။

----- x -----

## (၂) ဆောင်ပုဒ်

မတည်စိတ်ဓာတ်၊ ယောက်ယက်ခတ်တည့်၊ သူမြတ်ဓမ္မ၊ ဗောဓိပက္ခိယကို၊ လုံးဝမသိ၊ တုံးတိတိနှင့်၊ ကင်းဘိသဒ္ဓါ၊ ပုဂ္ဂိုလ်မှာကား၊ ပညာဖုံ့ဖုံ့၊ မပြည့်စုံသည်၊ လူ့ဘုံလူဖြစ် ရှုံးသတည်း။

ရာဂမစွတ်၊ ဒေါသလွတ်သည့်၊ ဖြူဆွတ်သန့်ဘိ၊ စိတ်မြတ်ရှိတည့်၊ ပြုမိသောင်းပြောင်း၊ ကောင်း,မကောင်းမှု၊ အကြောင်းစုကို၊ ပေါင်းစုသီးသီး၊ ပယ်ရှားပြီးတုံ၊ နိုးကြားဂုဏ်နှင့်၊ ပြည့်စုံလှစွာ၊ ရဟန္တာအား၊ သံသာရှုပ်ထွေး၊ ကိလေဘေးသည်၊ ကင်းဝေးအစဉ် ငြိမ်းသတည်း။

"**အနဝဋ္ဌိတစိတ္တဿ**"အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် စိတ္တဟတ္ထမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူလေ၏။

**ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။** သာဝတ္ထိပြည်သား အမျိုးသား ၁-ယောက်သည် နွားပျောက်ရှာရန် တောအုပ်သို့ ဝင်ရာ နေမွန်းတည့်သောအခါ ပျောက်သောနွားကို တွေ့မြင်၍ နွားအုပ်ထဲ၌ လွှတ်ထားခဲ့ပြီးနောက် "အရှင်မြတ်တို့၏ အထံ၌ အနည်းငယ်မျှသော အစာအာဟာရကို မချွတ်ရလိမ့်မည်"ဟု ဆာလောင်ငတ်မွတ်ခြင်း ပြင်းစွာနှိပ်စက်အပ်သည်ဖြစ်၍ ကျောင်းသို့ ဝင်လာပြီးကာ ရဟန်းတော်တို့၏အထံသို့ သွား၍ ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သောအရပ်၌ နေလေ၏။ ထိုအခါ ရဟန်းတော်တို့ စွန့်ပစ်မည့် ဆွမ်းတောင်း၌ စားကြွင်း ထမင်းကျန် ရှိသတတ်။ ရဟန်းတော်တို့သည်လည်း ဆာလောင်ငတ်မွတ်ခြင်းဖြင့် နှိပ်စက်ခြင်းရှိသော ထိုအမျိုးသားကို မြင်လေလျှင် "ဤဆွမ်းတောင်းမှ ထမင်းကို ယူ၍ စားလော့"ဟု ဆိုကြကုန်၏။

(ဘုရားရှင်၏ လက်ထက်တော်အခါ၌ကား ဆွမ်းဟင်းလျာနှင့် ဆွမ်းသည် များစွာပြည့်စုံပေါများသတတ်။)

----- x -----

## (၃) နွားပျောက်ရှာသော ယောကျ်ားသည် ၆-ကြိမ်တိုင်တိုင် ရဟန်းပြုလိုက်, လူထွက်လိုက် ပြုလုပ်နေခြင်း

ထိုအမျိုးသားသည် ထိုဆွမ်းတောင်းမှ စားလောက်ရုံမျှလောက်သော ထမင်းကို ယူလျက်စားပြီး ရေသောက်, လက်ဆေးပြီးလျှင် ရဟန်းတော်တို့ကို ရှိခိုး၍ "အရှင်ဘုရားတို့ ယနေ့ အရှင်တို့သည် ဆွမ်းပင့်ဖိတ်ရာအရပ်သို့ ကြွကြကုန်သလော"ဟု မေးလျှောက်လေသော် "ဒါယကာ၊ ယနေ့ ဆွမ်းအပင့်အဖိတ် မရှိပါ၊ ဤသို့ပင် မရှိသော်လည်း ရဟန်းတော်တို့သည် အမြဲမပြတ် ဤနည်းအတိုင်းပင် ရရှိပြည့်စုံကြကုန်၏"ဟု ရဟန်းတော်တို့သည် ပြောဆိုကြကုန်၏။ ထိုအမျိုးသားသည် အကြံဖြစ်သည်ကား "ငါတို့သည် ထထကြွကြွ လွန်စွာလုံ့လကြိုးကုတ် အားထုတ်ခြင်းဖြင့် ညဥ့်,နေ့မပြတ် ကြိုးစား၍ အလုပ်ကို လုပ်ဆောင်ရပါသော်လည်း ဤရဟန်းတော် အရှင်မြတ်တို့၏ ဆွမ်းနှင့်အတူ ကောင်းမွန်သော ဟင်းလျာရှိသော ထမင်းကို မရကြကုန်။ ဤရဟန်းတော်တို့သည်ကား ဆွမ်း, ဆွမ်းဟင်းလျာကောင်းကို မပြတ်ဘုဉ်းပေးကြကုန်ရသတတ်။ ငါ့အား လူ၏အဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ရဟန်းပြုတော့အံ့"ဟု ကြံစည်၍ ရဟန်းတော်တို့အထံသို့ ချဉ်းကပ်ကာ ရဟန်းအဖြစ်ကို တောင်းပန်လေ၏။ ထိုအခါ ထိုအမျိုးသားကို ရဟန်းတို့သည် "ဒါယကာ၊ ကောင်းပြီ"ဟု ဆို၍ ရဟန်းခံပေးကြလေကုန်၏။

ထိုအမျိုးသားသည် ရဟန်းဖြစ်ပြီးသည်ရှိသော် အလုံးစုံသော ဝတ်ကြီး,ဝတ်ငယ်ကို ပြု၍ နေလေ၏။ ထိုရဟန်းသည် ဘုရားရှင်တို့အားဖြစ်သော လာဘ်ပူဇော်သက္ကာရကို စားရသဖြင့် ၂-ရက်, ၃-ရက်လွန်လတ်သော် ဆူဖြိုးသောကိုယ် ရှိလေ၏။ ထို့နောက် "ငါ့အား ဆွမ်းအတွက် အရပ်ထဲ၌ လှည့်လည်ကာ အသက်မွေးရခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ လူထွက်ဦးအံ့"ဟု ကြံစည်ပြန်ပြီးလျှင် လူထွက်၍ အိမ်သို့ အလုပ်ဝင်လေ၏။ အိမ်၌အမှုကြီး,ငယ်ကို ပြုလုပ်ရသော ထိုယောကျ်ားအား ၂-ရက်, ၃-ရက်ကြာလွန်လျှင်ပင် ဆူဖြိုးသော ကိုယ်ခန္ဓာသည် ညှိုးနွမ်းပိန်ချုံး၍ လာပြန်လေ၏။

ထို့နောက် "ငါ့အား ဤဆင်းရဲခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ရဟန်းပြုဦးအံ့" ဟု ကြံပြန်၍ တဖန်သွား၍ ရဟန်းပြုလေ၏။ ထိုရဟန်းသည် ရဟန်းဘောင်၌ ၂-ရက်, ၃-ရက်လွန်ပြန်လေလျှင် တဖန် ပျင်းရိငြီးငွေ့၍ လူထွက်ပြန်လေ၏။ ရဟန်းပြုသောအခါ၌ကား ရဟန်းတော်တို့အား ကျေးဇူးများသောသူ ၁-ဦး ဖြစ်ခဲ့ပေ၏။ ထိုရဟန်းလူထွက်သည် ၂-ရက်, ၃-ရက်ဖြင့်ပင်လျှင် တဖန် လူ့ဘောင်၌ ငြီးငွေ့၍ "ငါ့အား လူ့အဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းပြုဦးအံ့"ဟု သွား၍ ရဟန်းတို့ကို ရှိခိုးပြီးလျှင် ရဟန်းအဖြစ်ကို

တောင်းပန်ပြန်လေ၏။ ထိုအခါ ထိုရဟန်းလူထွက်ကို ရဟန်းတို့သည် ကျေးဇူးများခဲ့သည့် အစွမ်းဖြင့် တဖန် ရဟန်းပြုပေးကြပြန်လေ၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် ထိုအမျိုးသားသည် ၆-ကြိမ်တိုင်တိုင် ရဟန်းပြုပြီးလျှင် လူထွက်ခဲ့လေ၏။ ထိုအမျိုးသားအား ရဟန်းတို့သည် ဤသူသည်ကား စိတ်အလိုသို့ လိုက်တတ်သောသူဖြစ်၍ သွားလာလှည့်ပတ်တတ်သောကြောင့် စိတ္တဟတ္ထမထေရ်-ဟု အမည်ကို မှည့်ခေါ်ကြလေကုန်၏။

----- x -----

## (၄) အအိပ်အနေမတတ်သော မယားကိုမြင်၍ တရားရကာ ၇-ကြိမ်မြောက် ရဟန်းပြုရာ ရဟန္တာဖြစ်ခြင်း

ထိုသူ ရဟန်းဘဝ, လူဘဝသို့ ခဏခဏ တုံ့ခေါက်မကြာ လူးလာဝင်,ထွက်နေစဉ် ပင်လျှင် ထိုသူ၏မယားသည် ကိုယ်ဝန်ရှိခဲ့လေ၏။ ထိုသူ ၇-ကြိမ်မြောက် ရဟန်းပြုလတ္တံ့သော အကြိမ်၌ တောမှ ထွန်တုံး-စသော လယ်ယာသုံးပစ္စည်းတို့ကို ယူ၍ အိမ်သို့ ပြန်လာပြီးလျှင် ထွန်တုံး-စသည့် ပစ္စည်းတို့ကို ထား၍ "မိမိ၏သင်္ကန်းကို ယူမည်"ဟု အိမ်ခန်းတွင်းသို့ ဝင်သွားသောခဏ၌ ထိုသူ၏မယားသည် လျောင်းလျက် အိပ်ပျော်နေလေ၏။ ထိုမိန်းမအား ဝတ်သောအဝတ် ကင်းလွတ်ကျွတ်လျက် ရှိ၏။ ခံတွင်းမှလည်း အရိအရွဲ ယိုစီးကျရွဲလျက် ရှိ၏။ နှာခေါင်းမှ ဃုရဃုရ(ရှူတ်ရှူတ်)ဟု အသံမြည်၏။ ခံတွင်းသည် ဟင်းလင်းပွင့်လျက် နေ၏။ သွားသည် တကျစ်ကျစ် ကြိတ်၏။

ထိုအခါ ထိုမိန်းမကို ထိုသူ၏စိတ်၌ "ဖူးဖူးရောင်သော အကောင်ပုပ်၏ ကိုယ်ကဲ့သို့ စက်ဆုပ်ရွံရှာဖွယ်"ဟု ထင်မြင်လေ၏။ ထိုအမျိုးသားသည် "**ဤခန္ဓာကိုယ်သည် အမြဲမရှိ၊ ဆင်းရဲခြင်းသဘော ရှိ၏**"ဟု အမှတ်သညာကို ရ၍ "ငါသည် ဤမျှလောက်သော ကာလပတ်လုံး ရဟန်းပြုပြီးလျှင် ဤမိန်းမကို အမှီ*(ပြု)*၍ ရဟန်းအဖြစ်၌ တည်တံ့ခြင်းငှာ မတတ်နိုင်ခဲ့ပေ"ဟု ကြံ၍ သင်္ကန်းစွန်း၌ စွဲကိုင်ကာ ရင်၌ ဖွဲ့ချည်လျက် အိမ်မှ ထွက်ခွါသွားလေ၏။

ထို့နောက် အခြားအိမ် ၁-အိမ်၌နေသော ထိုသူ၏ ယောက္ခမသည် ထိုသို့သော အခြင်းအရာဖြင့် သွားသော သားမက်ဖြစ်သူကို မြင်လေလျှင် "ဤသားမက်ဖြစ်သူသည် လူ့ဘောင်၌ တဖန်ငြီးငွေ့ပြန်ပြီဖြစ်လတ္တံ့။ ယခုပင်လျှင် တောမှပြန်လာ၍ သင်္ကန်းကို ရင်၌ ဖွဲ့ချည်ပြီးလျှင် အိမ်မှ ထွက်၍ ကျောင်းသို့ ရှေးရှုမျက်နှာမူကာ သွား၏။ အကြောင်းအသို့နည်း"ဟု အိမ်သို့ဝင်၍ ကြည့်လတ်သော် အိပ်ပျော်၍နေသော သမီးကို မြင်ရလေလျှင် ယောက္ခမသည် "ငါ့သားမက်သည်ကား ငါ့သမီး အိပ်နေသည်ကို မြင်ရာ နှလုံးမသက်သာ

သည်ဖြစ်၍ သွားချေပြီ” သိရကား သမီးကို ရိုက်ပုတ်၍ “ဟဲ့-အယုတ်မ၊ ထလော့။ သင့်လင်သည် အိပ်ပျော်နေသော သင့်ကို မြင်ရာ နှလုံးမသက်သာသည်ဖြစ်၍ သွားရှာလေပြီ။ ထိုသူသည် ဤနေ့မှစ၍ သင်နှင့် ဆက်ဆံပေါင်းသင်းခြင်း မရှိတော့ပြီ”ဟု ပြစ်တင်စကား ပြောကြားလေ၏။

သမီးကလည်း “မိခင်၊ ဖယ်ပါ ဖယ်ပါ။ အသာသာ နေစမ်းပါ။ ဤလင်ယောကျ်ား ထွက်သွားခြင်းကား အတည်ဘယ်မှာ ရှိပါအံ့နည်း။ ၂-ရက်, ၃-ရက်ဖြင့်ပင်လျှင် တဖန်ပြန်လာပါလတ္တံ့”ဟု ပြန်ပြောလေ၏။ ထိုအမျိုးသားသည်လည်း “အနိစ္စ, ဒုက္ခ”ဟု ရွတ်ဆို၍ သွားစဉ် လမ်းခရီး၌ပင်လျှင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုအမျိုးသားသည် ကျောင်းသို့ သွား၍ ရဟန်းတို့ကို ရှိခိုးပြီးလျှင် ရဟန်းအဖြစ်ကို တောင်းပန်လေ၏။ ရဟန်းတို့သည် “ငါတို့ကား သင့်ကို ရဟန်းပြုပေခြင်းငှာ မတတ်နိုင်ကြတော့ကုန်။ သင်၏ ရဟန်းအဖြစ်သည်ကား အဘယ်မှာပါနည်း။ သင်၏ဦးခေါင်းသည် ဓားသွေးကျောက်နှင့် တူနေတော့သောကြောင့် သင့်ကို ရဟန်းပြုပေးခြင်းငှာ မတတ်နိုင်ကြတော့ပါ”ဟု ဆိုလတ်သော် “အရှင်ဘုရားတို့၊ ယခုအခါ တပည့်တော်ကို သနားစောင့်ရှောက်သောအားဖြင့် ယခု ၁-ကြိမ်တော့ကာ ရဟန်းပြုပေးတော်မူကြပါဦးဘုရား”ဟု လျှောက်ကြားလေ၏။ ရဟန်းတို့လည်း ထိုအမျိုးသား၏ ကျေးဇူးများခဲ့သည့်အဖြစ်ကြောင့် ရဟန်းပြုပေးကြလေကုန်၏။ ထိုရဟန်းသည် ၂-ရက်, ၃-ရက်ဖြင့်ပင်လျှင် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုရဟန်းတို့သည်လည်း ထိုရဟန်းကို “ငါ့ရှင် စိတ္တဟတ္ထ၊ သင်၏အိမ်သို့ ပြန်သွားမည့်အခါကို သင်သာလျှင် သိရာ၏။ ဤအကြိမ်၌ သင်ရဟန်းပြုခြင်းသည် ကြာမြင့်စွတကား”ဟု ပြောဆိုကြကုန်သည်ရှိသော် “အရှင်ဘုရားတို့၊ ပေါင်းသင်းဆက်ဆံလိုသေးသော စိတ်ရှိသောအခါ၌ ပြန်၍သွားခဲ့ကြရပါပြီ။ ထိုပေါင်းသင်းဆက်ဆံလိုခြင်းသည် တပည့်တော်တို့အား ကင်းပြတ်ခဲ့ပါပြီ။ ယခုအခါ ပြန်မသွားလိုသော သဘောဓမ္မတာရှိသူတို့ ဖြစ်ကြရပါပြီ”ဟု လျှောက်ကြားလေ၏။

ရဟန်းတို့သည်လည်း ဘုရားရှင်အထံသို့ သွား၍ “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤရဟန်းသည် တပည့်တော်များ ဤသို့ ပြောဆိုအပ်သည်ရှိသော် ဤမည်သောစကားကို ပြောဆိုပါသည်။ အရဟတ္တဖိုလ်ကို ဖြေဆိုပါသည်။ မဟုတ်မမှန်ကို လုပ်ကြံဖြေဆိုပါသည်ဘုရား”ဟု လျှောက်ကြားကြလေလျှင် ဘုရားရှင်သည် “ချစ်သား ရဟန်းများတို့ ထိုရဟန်း ဆိုတိုင်းမသွေ မှန်ကန်ချေ၏။ ဤငါ့သားတော်ရဟန်းသည် မိမိ၏တည်တံ့သော စိတ် မရှိသေးသောအခါ သူတော်ကောင်းတရားကို မသိမြင်သေးသောအခါတို့၌ အိမ်နှင့်

ကျောင်းသို့ လူးလာတုံ့ကာ သွားလာခြင်းကို ပြုဘိ၏။ ယခုအခါ၌ကား ထိုငါ့သားတော် ရဟန်းသည် ကောင်းမှု, မကောင်းမှုကို ပယ်စွန့်အပ်ပြီ”ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော “အနဝဋ္ဌိတစိတ္တဿ”စသော ဤ ၂-ဂါထာတို့ကို ဟောကြားတော်မူ လေ၏။

----- x -----

## (၅) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်သည် လူများအပေါင်းအား အကျိုးရှိသော တရားဒေသနာ တော် ဖြစ်လေ၏။

----- x -----

## (၆) ကိလေသာ၏အပြစ်ကို ပြ၍ ကုဒါလပဏ္ဍိတဇာတ်ကို ဟောကြားတော်မူခြင်း

ထို့နောက် တစ်နေ့သ၌ ဓမ္မသဘင်ဝယ် ရဟန်းတော်တို့သည် “ငါ့ရှင်တို့၊ ဤ ကိလေသာတို့မည်သည်ကား ဝန်လေးစွတကား။ ဤသို့ သဘောရှိသော အရဟတ္တဖိုလ်၏ အားကြီးသော အကြောင်းဥပနိဿယနှင့် ပြည့်စုံသော အမျိုးကောင်းသားကိုလျက်လည်း ကိလေသာတို့သည် တုန်လှုပ်ချောက်ချားအပ်သည်ဖြစ်၍ ၇-ကြိမ်တိုင်တိုင် လူထွက်၍ ၇-ကြိမ်တိုင်တိုင် ရဟန်းပြုရဘိသေး၏”ဟု စကားကို ဖြစ်စေကြကုန်၏။

ဘုရားရှင်သည် ထိုရဟန်းတို့ ပြောဆိုအပ်သော စကားဖြစ်ပုံ အကြောင်းစုံကို ကြားသိတော်မူ၍ ထိုခဏအား လျောက်ပတ်သော ကြွတော်မူခြင်းဖြင့် တရားသဘင်သို့ ကြွတော်မူပြီးလျှင် ဘုရားရှင်၏နေရာ၌ နေတော်မူလျက် “ချစ်သားရဟန်းများတို့၊ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးနေကြကုန်သနည်း”ဟု မေးမြန်းတော်မူသဖြင့် “ဤမည်သော စကားဖြင့် စည်းဝေး၍ နေကြပါကုန်၏ဘုရား”ဟု လျှောက်ကြားအပ်သည် ရှိသော်-

“ချစ်သား ရဟန်းများတို့၊ ကိလေသာတို့မည်သည်ကား ဤအတိုင်းပင်လျှင် ဝန်လေးကြကုန်၏။ ထိုကိလေသာတို့သည် အကယ်၍ ရုပ်အစိုင်အခဲဖြစ်၍ တစ်စုံတစ်ခု သော နေရာ၌ စုပုံချထားခြင်းငှာ တတ်ကောင်းသည် ဖြစ်ကုန်ငြားအံ့။ စကြာဝဠာသည် အလွန်ကျဉ်းမြောင်းသေး၏။ ဗြဟ္မာ့ပြည်သည် အလွန်နိမ့်သေး၏။ ထို့ကြောင့် ကိလေသာ တို့၏ တည်ရှိရာအရပ်ပင် မရှိရာ၊ ထိုကိလေသာတို့သည် ဤမျှလောက် ဝန်လေးကုန်ဘိ၏။

အသိပညာနှင့် ပြည့်စုံ၍ ယောကျ်ားမြတ် အာဇာနည်ဖြစ်သော ငါကဲ့သို့သောသူကိုပင်လျှင် တုန်လှုပ်ချောက်ချားစေကုန်ဘိ၏။ ငါမှတပါး အခြားကြွင်းသောသူတို့၌ အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ မှန်၏။ ငါကိုယ်တိုင်ပင်လျှင် ၁-ကွမ်းစားဝက်(၁-လမယ်)မျှ လောက်သော ပြောင်းဆန်(လူးဆန်)မျိုးနှင့် အသွားတုံးသော ပေါက်တူးကို အမှီပြု၍ ၆-ကြိမ်တိုင်အောင် ရသေ့,ရဟန်းပြုပြီး လူထွက်ခဲ့ဖူးလေပြီ”ဟု မိန့်တော်မူသောအခါ-

ရဟန်းတို့သည် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အဘယ်အခါကပါနည်း။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ အဘယ်အခါကပါနည်း ဘုရား”ဟု လျှောက်ကြားကြသဖြင့် “ချစ်သားတို့ နာကြားလိုကုန်သလော”ဟု မေးမြန်းတော်မူရာ “နာကြားလိုကြပါကုန်သည်ဘုရား”ဟု လျှောက်ကြားကြပြန်သဖြင့် “ထိုသို့ဖြစ်မူ နာကြားကြကုန်လော့”ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူလေ၏။

----- x -----

## (၇) ကုဒ္ဒါလပဏ္ဍိတဖြစ်စဉ်အခါ ၇-ကြိမ် လူထွက်ခဲ့ခြင်းအကြောင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကုဒ္ဒါလပဏ္ဍိတမည်သောသူသည် သာသနာတော်မှအပ ရသေ့,ရဟန်းပြု၍ ၈-လတို့ပတ်လုံး ဟိမဝန္တာ၌နေ၍ မိုးစွတ်သောအခါ မြေစိုလတ်သည်ရှိသော် “ငါ့အိမ်၌ ကွမ်းစားဝက်မျှသော ပြောင်းဆန်မျိုးနှင့် အသွားတုံးသော ပေါက်တူးသည် ရှိ၏။ ထိုပြောင်းဆန် မပျက်စီးပါစေလင့်”ဟု လူထွက်၍ ၁-ခုသောအရပ်ကို ပေါက်တူးဖြင့် ပေါက်ဆွကာ ထွန်ယက်လျက် မျိုးစေ့ကို စိုက်ပျိုး၍ စောင့်ရန်းကို ကာရံပြီးလျှင် မှည့်သောအခါ ရိတ်၍ ၁-ကွမ်းစားမျှလောက်သော မျိုးစေ့ကို ချန်ထား၍ အကြွင်းကို စားသုံးလေ၏။ ထိုကုဒ္ဒါလပဏ္ဍိတသည် “ယခုအခါ ငါ့အား အိမ်၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ တဖန် ၈-လတို့ပတ်လုံး ရဟန်းပြုဦးအံ့”ဟု ကြံပြီးလျှင် ထွက်၍ ရဟန်းပြုပြန်၏။

ဤသို့သောနည်းဖြင့်သာလျှင် ၁-ကွမ်းစားမျှသော ပြောင်းဆန်မျိုးနှင့် ပေါက်တူးတုံးကို အမှီပြု၍ ၇-ကြိမ်တိုင်အောင် လူထွက်၍ ၇-ကြိမ်ရဟန်းပြုပြီးလျှင် နောက်ဆုံး ၇-ကြိမ်မြောက်၌ကား “ငါသည် ၆-ကြိမ်တိုင်တိုင် ဤပေါက်တူးတုံးကို အမှီပြု၍ လူထွက်ပြီး ရဟန်းပြုရ၏။ တစ်စုံတစ်ခုသော နေရာ၌ပင်လျှင် ဤပေါက်တူးတုံးကို စွန့်ပစ်တော့အံ့”ဟု ကြံပြီးလျှင် ဂင်္ဂါမြစ်နားသို့ သွား၍ “ပေါက်တူးကျရာ နေရာအရပ်ကို မြင်လတ်သော် တဖန်ဆင်း၍

ဆယ်ယူရာ၏။ ပေါက်တူးကျရာ နေရာအရပ်ကို မမြင်နိုင်သည့် အခြင်းအရာဖြင့် စွန့်ပစ်တော့အံ့”ဟု ကြံ၍ ၁-ကွမ်းစားမျှလောက်သော ပြောင်းဆန်မျိုးကို ပုဆိုးပိုင်းဖြင့် ထုတ်ပြီးလျှင် ပုဆိုးပိုင်းကို ပေါက်တူးသွား၌ ဖွဲ့ချည်၍ ပေါက်တူးကို အရိုးဖျား၌ ဆွဲကိုင်လျက် ဂင်္ဂါမြစ်ကမ်းနား၌ ရပ်တည်ပြီးလျှင် မျက်စိတို့ကို စုံမှိတ်ကာ ဦးခေါင်းထက်၌ ၃-ကြိမ်တိုင်တိုင် လှည့်ရမ်းရစ်ပတ်လျက် ဂင်္ဂါမြစ်၌ ပစ်ချပြီးနောက် ပြန်လည်ကြည့်ရှုလိုက်သည်ရှိသော် ကျရာအရပ်ကို မမြင်သောကြောင့် “ငါ အောင်ပြီ၊ ငါအောင်ပြီ”ဟု ၃-ကြိမ် ဟစ်အော်၍ အသံပြုလေ၏။

----- × -----

## (၈) ၇-ပြည်ထောင်မင်းတို့ အတုလိုက်၍ ရသေ့ရဟန်းပြုကြခြင်း

ထိုခဏ၌ ဗာရာဏသီမင်းသည် ပစ္စန္တရစ်ကို ရန်ငြိမ်းအေးစေ၍ ပြန်လာသည်ရှိသော် ဂင်္ဂါမြစ်ကမ်းနား သစ်ခက်တဲနန်းဝယ် တည်းခိုနေ၍ ရေချိုးရန် မြစ်သို့ သက်ဆင်းစဉ် ထိုအသံကို ကြားရလေ၏။ မင်းတို့မည်သည်ကား “ငါ အောင်မြင်ပြီ”ဟူသော အသံသည် မနှစ်သက်အပ်သော အသံဖြစ်၏။ ထိုမင်းသည် ကုဒ္ဒါလပဏ္ဍိတ အထံသို့ သွား၍ “အကျွန်ုပ်သည် ယခုအခါ ရန်သူကို နှိမ်နင်းဆုံးမ၍ ‘ငါအောင်ပြီ’-ဟု လာခဲ့၏။ ရှင်ရသေ့သည်ကား ‘ငါအောင်ပြီ၊ ငါအောင်ပြီ’-ဟု ဟစ်အော်ဘိ၏။ ဤအောင်မြင်ခြင်းကား အဘယ်အောင်ခြင်းပါနည်း”ဟု မေးလေရာ ကုဒ္ဒါလပဏ္ဍိတရသေ့သည် “အရှင်မင်းကြီးကား ပြင်ပဖြစ်သော ခိုးသူတို့ကို အောင်မြင်တော်မူ၏။ အရှင်မင်းကြီး အောင်မြင်အပ်သော ရန်သူသည် နောက်ထပ်တဖန် မအောင်မြင်အပ်သေးသည်သာလျှင် ဖြစ်တတ်၏။ ကျွန်ုပ်ကား ကိုယ်တွင်း၌ဖြစ်သော လောဘတည်း-ဟူသော ခိုးသူကို အောင်မြင်အပ်၏။ ထိုလောဘတည်း-ဟူသော ခိုးသူသည် တဖန် ကျွန်ုပ်ကို မအောင်မြင်နိုင်တော့လတ္တံ့။ ထိုကိုယ်တွင်းရန်သူကို အောင်မြင်ခြင်းသည်သာလျှင် ကောင်းမြတ်လှသော အောင်မြင်ခြင်း မည်၏”ဟု ဆိုကာ–

(က) န တံ ဇိတံ သာဓု ဇိတံ၊ ယံ ဇိတံ အဝဇီယတိ။
တံ ခေါ ဇိတံ သာဓု ဇိတံ၊ ယံ ဇိတံ နာ’ဝဇီယတိ။ ။ (ဇာ၊၁။၁၆)

(က) မဟာရာဇ၊ သောင်းကျန်းပုန်ကန်၊ သူပုန်ရန်ကို၊ တော်လှန်နှိမ်နင်း၊ အောင်မြင်ခြင်းရှိခဲ့သော အို-မင်းမြတ်။ ယံ ဇိတံ၊ သောင်းကျန်းပုန်ကန်၊ သူပုန်ရန်ကို၊ တော်လှန်နှိမ်နင်း၊ အကြင်အောင်မြင်ခြင်းသည်။ အဝဇီယတိ၊ မျက်ကြတ် ၉-တန်၊ ဖွဲ့ခဲ့ပြန်သဖြင့်၊ ပြန်၍တလည်၊ ရှုံးဦးမည်ကြောင့်၊ လီလီပြစ်များ၊ ယုတ်သောအားဖြင့် အောင်မြင်၏။ ဝါ၊ မပြောပဖွယ်၊

အနည်းငယ်မျှ ပြင်ပရန်ဘေး၊ အောင်မြင်ရသေး၏။ တံ ဇိတံ၊ အောက်တန်းလွန်ကျ၊ သေးနုပ်လှသည့်၊ ဇိတ-မည်တွင်၊ ထိုပြင်ပရန်ကို၊ အောင်မြင်ခြင်းသည်။ န သာဓု ဇိတံ၊ ချီးကျူးအံ့ဩ၊ ဂုဏ်တင်ပြောလောက်သည့်၊ ကောင်းသော အောင်မြင်ခြင်းမဟုတ်သေးပေ။ ယံ ဇိတံ၊ သံသရာရန်၊ ကိလေမာရ်ကို၊ တပ်ပြန်နှိမ်နင်း၊ အကြင် လောဘ-စသည့် ရန်ကို အောင်မြင်ခြင်းသည်။ နာဝဇီယတိ၊ တဖန်မာရ်ယုတ်၊ ပြန်မလှုပ်အောင်၊ မြစ်ပြုတ်ခုတ်ထွင်၊ အကုန်စင်သဖြင့်၊ မယုတ်သောအားဖြင့် အောင်မြင်၏။ ဝါ၊ ပြောပြစဖွယ်၊ လွန်ကြီးကျယ်သည့်၊ တကယ်ပြင်းထန်၊ အတွင်းရန်ဘေး၊ အောင်မြင်အေး၏။ ခေါ်၊ စင်စစ်အမှန်။ တံ ဇိတံ၊ အထက်တန်းကျ၊ ကြီးမားလှသည့်၊ ဇိတ-မည်တွင်၊ ထိုလောဘ-စသည့် အတွင်းရန်ကို အောင်မြင်ခြင်းသည်။ သာဓု ဇိတံ၊ ချီးကျူးအံ့ဩ၊ ဂုဏ်တင်ပြောလောက်သည့် ကောင်းသော အောင်မြင်ခြင်း မည်ပေ၏။

ထိုခဏ၌ပင်လျှင် ဂင်္ဂါမြစ်ရေကို ကြည့်ရှုလျက် အာပေါကသိုဏ်းကို ဖြစ်စေပြီးလျှင် ရအပ်သော ဈာန်အထူးရှိသည်ဖြစ်၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေခြင်းဖြင့် ထိုင်နေလေ၏။ မင်းကြီးသည်လည်း ဘုရားလောင်းယောက်ျားမြတ်၏ တရားစကားကို ကြားနာရသဖြင့် ရှိခိုးကာ ရသေ့ရဟန်းအဖြစ်ကို တောင်းပန်ပြီးလျှင် နောက်ပါဗိုလ်ပါအပေါင်းနှင့် တကွ ရဟန်းပြုလေ၏။ ၁-ယူဇနာမျှလောက်သော ပရိသတ်သည် ဖြစ်လေ၏။ ဗာရာဏသီပြည်နှင့် နီးသောပြည်၌ အုပ်ချုပ်စိုးစံသော ပြည်နီးချင်းမင်း ၁-ပါးသည်လည်း ထိုဗာရာဏသီမင်း ရဟန်းပြုသည့်အဖြစ်ကို ကြားသိရ၍ "ထိုဗာရာဏသီမင်း၏ တိုင်းပြည်ကို ယူအံ့"ဟု လာပြီးသော် ထိုသို့သဘောရှိသော ပြည့်စုံကြွယ်ဝ ပြန့်ပြောလှသော ပြည်သည် အချည်းနှီးဆိတ်ငြိမ်လျက်ရှိသည်ကို မြင်ရ၍ "ဤသို့သဘောရှိသော ပြည်ကြီးကိုပင် စွန့်ပယ်၍ ရသေ့ရဟန်းပြုသောမင်းသည် ယုတ်ညံ့သော နေရာဌာနမှုကား ရသေ့ရဟန်း ပြုလိမ့်မည် မဟုတ်ပေ။ ငါသည်လည်း ရသေ့ရဟန်းပြုခြင်းငှာ သင့်လျော်လျောက်ပတ်ပေ၏"ဟု ကြံပြီးလျှင် ဘုရားလောင်း သီတင်းသုံးတော်မူရာအရပ်သို့ သွားရောက်၍ ဘုရားလောင်း ယောက်ျားမြတ်အထံသို့ ချဉ်းကပ်ပြီးလျှင် ရသေ့ရဟန်းအဖြစ်ကို တောင်းပန်၍ ပရိသတ် အခြံအရံနှင့် တကွ ရသေ့ရဟန်း ပြုလေ၏။

ဤသို့သော နည်းအားဖြင့်သာလျှင် မင်း ၇-ယောက်တို့သည် ရသေ့ရဟန်း ပြုကြလေကုန်၏။ နေရာသခ်မ်းကျောင်းသည် ၇-ယူဇနာ ရှည်လျား၏။ မင်း ၇-ယောက်တို့သည် စည်းစိမ်ချမ်းသာတို့ကို စွန့်လွှတ်၍ ဤမျှအတိုင်းအရှည်ရှိသော လူအပေါင်းကို ခေါ်ယူပြီးလျှင် ရဟန်းပြုကြလေကုန်၏။ ဘုရားလောင်းယောက်ျားမြတ်သည်လည်း မြတ်သော အကျင့်တရားကို ပွါးများကျင့်သုံးကာ နေ၍ ဗြဟ္မာ့ပြည်သို့ လားရောက်ရလေ၏။

ဘုရားရှင်သည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ "ချစ်သားရဟန်းများတို့ ငါဘုရားသည် ထိုအခါ ကုဒါလပဏ္ဍိတ ဖြစ်ခဲ့ဖူးပြီ။ ဤကိလေသာတို့ မည်သည်ကား ဤသို့သော အခြင်းအရာအားဖြင့် ဝန်လေးသောတရားကို ဖြစ်ကြကုန်၏"ဟု ဟောကြားတော်မူလေ၏။

စိတ္တဟတ္ထတ္ထေရဝတ္ထု ပြီး၏။

★★★★★★★

## ၆။ ပဉ္စသတဘိက္ခုဝတ္ထု

### (၁) ဒေသနာတော်

"ခန္ဓာကိုယ်ကြီးသည် မြေအိုး,မြေခွက်ပမာ ကြာကြာမတည်တတ်၊ ပျက်စီးတတ်၏-ဟု သိ၍ လုံခြုံစွာ စောင့်ရှောက်အပ်သော မြို့နှင့်တူစွာ မိမိ၏စိတ်ကို စောင့်ရှောက်ကာ ပညာလက်နက်ဖြင့် ကိလေသာရန် အဆက်ဆက်ကို ထိုးနှက်ခိုက်တိုက် အောင်မြင်၍ ရပြီးသောဉာဏ်ကို မပျက်စီးအောင် စောင့်ရှောက်ရာ၏။ ရပြီးသော သမာပတ်ချမ်းသာကိုလည်း သာယာကပ်ငြိ၍ မနေရာ"စသည်ဖြင့် ဝိပဿနာတရား ပွါးများလျက်ရှိသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၄၀။ ကုမ္ဘူပမံ ကာယ'မိမံ ဝိဒိတွာ၊ နဂရူပမံ စိတ္တ'မိဒံ ဌပေတွာ။
ယောဓေထ မာရံ ပညာဝုဓေန၊ ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

၄၀။ ဘိက္ခဝေ၊ ငါ၏ချစ်သား, ချစ်သမီးများတို့။ ဣမံ ကာယံ၊ ဆံပင်,မွေးညင်း၊ စဖြည့်တင်းပြု၊ ပေါင်းစုဖြစ်ရ ဤရူပကာယကို။ ကုမ္ဘူပမံ၊ အိုးထိန်းသည်များ၊ ပြုလုပ်ထားသည့်၊ အိုးများအလား၊ မခြားနမူ၊ ပျက်လွယ်ခြင်းနှင့် တူ၏-ဟု။ ဝိဒိတွာ၊ ဉာဏ်ဖြင့်မိမိ၊ ထင်စွာသိ၍။ ဣဒံ စိတ္တံ၊ မိမိကိုယ်တွင်၊ ဖြစ်,ပျက်စဉ်ကို၊ ဆင်ခြင်ခါခါ၊ ဤ ဝိပဿနာစိတ်အစဉ်ကို။ နဂရူပမံ၊ သောင်းကျန်းခိုးသူ၊ ဘယ်ရန်သူမှ၊ ထွက်ပြူကာဆိုင်၊ မကပ်နိုင်အောင်၊ ကြံ့ခိုင်လုံပြီး၊ မြို့ကြီးနှင့်တူအောင်။ ဌပေတွာ၊ စောင့်ရှောက်ပြည့်စုံ လုံခြုံစွာဖြစ်မြောက်စေ၍။ ပညာဝုဓေန၊ လွန်စွာထက်မြက်၊ ပညာတည်းဟူသော လက်နက်ဖြင့်။ မာရံ၊ လောဘစသော၊ ကိလေသာမာရ်၊ ပုန်ကန်သောင်းပြောင်း၊ ရန်သူအပေါင်းကို။ ယောဓေထ၊ မကြောက်မရွံ့၊ အရဲစွန့်၍၊ ပစ်လွှတ်ထိုးခုတ်၊ သတ်ပုတ်ရာ၏။ ဇိတဉ္စ၊ အောင်မြင်၍ ရရှိခဲ့သည့် ဝိပဿနာဉာဏ်ကိုလည်း။ ရက္ခေ၊ စိတ်စင်ကြယ်စွာ၊ စောင့်ရှောက်ရာ၏။ အနိဝေသနော၊ ဈာန်သမာပတ်၊ ချမ်းသာမြတ်၌၊ ငြိကပ်အလျှင်း၊ သာယာခြင်း မရှိရသည်လည်း။ သိယာ၊ စင်စစ်မှန်စွာ၊ ဖြစ်ပြန်ရာ၏။

## (၂) ဆောင်ပုဒ်

သုံးဆယ့်နှစ်ဝ၊ ကောဋ္ဌာသတို့၊ ပေါင်းကြစုတည်၊ ဤကိုယ်သည်ကား၊ အိုးခွက်လား သို့၊ မခြားတမူ၊ ပျက်လွယ်တူ-ဟု၊ ဉာဏ်ဖြင့်ရှုကြည့်၊ အသိဝင်ကာ၊ ဝိပဿနာထင်၊ စိတ်ဝိညာဉ်ကို၊ အစဉ်ဖျက်ခွင်း၊ ရန်တသင်းတို့၊ ကပ်ချဉ်းရင်ဆိုင်၊ မဝင်နိုင်အောင်၊ ကြံ့ခိုင် လုံပြီး၊ မြို့ကြီးပမာ၊ ဖြစ်စေပါလော့၊ ပညာလက်နက်၊ လွန်စွာထက်ဖြင့်၊ မာရ်ဖက်ကိလေ၊ ရန်သူတွေကို၊ အခြေမှ ဖြုတ်၊ တိုက်ထိုးခုတ်လော့၊ မျိုးပြုက်ကုန်စင်၊ အောင်ပွဲယင်၍၊ အောင်မြင်ရလာဘ်၊ ဝိပဿနာ၊ ဉာဏ်ပညာကို၊ ကောင်းစွာမသွေ၊ စောင့်ရှောက်လေလော့၊ ရှုလေခါခါ၊ ဈာန်သမာပတ်၊ ချမ်းသာမြတ်၌၊ စွဲတပ်သာယာ၊ ကင်းရှင်းရာသည်၊ ကြီးစွာသတိ ဖြစ်စေလော့။

"**ကုမ္ဘူပမံ**"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် သာဝတ္ထိ ပြည်၌ သီတင်းသုံးနေတော်မူစဉ် ဝိပဿနာတရားကို ပွါးများအားထုတ်လျက်ရှိသော ရဟန်း တို့ကို အကြောင်းပြု၍ ဟောကြားတော်မူလေ၏။

**ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။** သာဝတ္ထိပြည်၌ ၅၀၀-သော ရဟန်းတို့သည် ဘုရားရှင်၏အထံတော်၌ အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းကို ယူ၍ "ရဟန်းတရားကို အားထုတ်ကြကုန်အံ့"ဟု ယူဇနာ ၁၀၀-မျှလောက်သော အရပ်သို့ ခရီးကြွတော်မူရာ များစွာသောလူတို့၏ နေထိုင်ရာ ရွာကြီး ၁-ရွာသို့ ရောက်ကြကုန်သတတ်။ ထိုအခါ ထိုရဟန်းတို့ကို လူတို့မြင်လေလျှင် ခင်းထားအပ်သောနေရာ၌ သီတင်းသုံးနေစေ၍ မွန်မြတ်သော ယာဂု, ဆွမ်း-စသည်ဖြင့် လုပ်ကျွေးပြုစုကြပြီးလျှင် "အရှင်ဘုရားတို့၊ အဘယ် အရပ်သို့ ကြွကြကုန်အံ့နည်း"ဟု မေးလျှောက်ကြသဖြင့် "ချမ်းသာရာဖြစ်သော အရပ်ထိုထို သို့ ကြွကြကုန်အံ့"ဟု ဆိုလတ်သော် "အရှင်ဘုရားတို့၊ ဤဝါတွင်း ၃-လပတ်လုံး ဤရွာ၌ပင် သီတင်းသုံးနေထိုင်ကြပါကုန်လော့။ တပည့်တော်တို့သည်လည်း အရှင်ဘုရားတို့အထံ၌ သရဏဂုံ ၃-ပါး၌ တည်လျက် ၅-ပါးသော သီလတော်မြတ်တို့ကို စောင့်ထိန်းရပါကုန်အံ့"ဟု တောင်းပန်၍ ထိုအရှင်မြတ်တို့၏ သည်းခံခွင့်ပြုခြင်းကို သိရလေလျှင် "ရွာ၏အနီးအပါး၌ တည်ရှိသော ဤတောအုပ်ကြီး ၁-ခု၌ အရှင်ဘုရားတို့ သီတင်းသုံးနေထိုင်တော်မူကြပါကုန် ဘုရား"ဟု လျှောက်ကြားကြကာ လွှတ်လိုက်ကြလေကုန်၏။ ရဟန်းတို့သည်လည်း ထိုတော အုပ်သို့ ဝင်ကြလေကုန်၏။

----- x -----

## (၃) တောစောင့်နတ်တို့သည် ကြောက်မက်ဖွယ်အာရုံကို ပြခြင်း

ထိုတောအုပ်၌ စောင့်ရှောက် အုပ်စိုး၍ နေကုန်သော နတ်တို့သည် "သီလရှိသော အရှင်ကောင်းတို့သည် ဤတောအုပ်သို့ အစဉ်ကြွတော်မူလာကြကုန်ပြီ။ အရှင်ကောင်းတို့သည် ဤတောအုပ်အရပ်၌ နေကြကုန်သည်ရှိသော် ငါတို့၏ သား,မယားတို့ကို ခေါ်၍ သစ်ပင်ထက်သို့ တက်၍ နေခြင်းငှာ မသင့်လျော်ချေ"ဟု ကြံကြကုန်ပြီးလျှင် ထိုတောစောင့်နတ်တို့သည် သစ်ပင်ထက်မှ သက်ဆင်း၍ မြေ၌နေလျက် "အရှင်ကောင်းတို့သည် ဤအရပ်၌ ယနေ့ ၁-ညဉ့်မျှနေ၍ နက်ဖန် မချွတ်ကေန် ပြန်ကြွတော်မူကြကုန်လတ္တံ့"ဟု ကြံကြပြန်ကုန်၏။ ရဟန်းတို့သည်လည်း တဖန်မိုးသောက်သောနေ့၌ ရွာတွင်းသို့ ဆွမ်းခံဝင်၍ တဖန် တောအုပ်သို့သာ ပြန်ကြွလာကြကုန်၏။ နတ်တို့သည် "ဤရဟန်းသံဃာတော်အပေါင်းကား နက်ဖြန် ဆွမ်းဘုဉ်းပေးခြင်းအလို့ငှာ တစ်စုံတစ်ယောက်သောသူသည် ပင့်ဖိတ်အပ်သည်ဖြစ်လတ္တံ့။ ထို့ကြောင့် ဤအရပ်သို့ ပြန်ကြွလာသည်"ဟု မှတ်ထင်ပြီးလျှင် "ယနေ့ ပြန်ကြွမသွားသေးသော်လည်း နက်ဖြန် ပြန်ကြွကြလိမ့်မည်ထင်၏"ဟု ဤသို့သော အကြောင်းဥပါယ်ဖြင့် နတ်တို့လည်း ၁-လဝက်*(၁၅-ရက်)*မျှ မြေ၌သာ နေကြကုန်၏။

ထို့နောက်မှ "အရှင်ကောင်းတို့သည် ဤဝါတွင်း ၃-လပတ်လုံး ဤအရပ်၌သာ သီတင်းသုံးကြလိမ့်မည်-ဟု ထင်၏။ စင်စစ် ဤရဟန်းတို့ ဤအရပ်၌သာ နေကြကုန်သည်ရှိသော် ငါတို့ သစ်ပင်ထက်သို့ တက်၍ နေခြင်းငှာလည်း မသင့်။ ၃-လပတ်လုံး သား,မယားတို့ကို ခေါ်ယူ၍ မြေပြင်၌ ထိုင်ခြင်း, ရပ်ခြင်းတို့သည်လည်း ဆင်းရဲလှကုန်ရာ၏။ တစ်စုံတစ်ခုသောအမှုကို ပြုလုပ်၍ ဤရဟန်းတို့ကို ထွက်ပြေးစေခြင်းငှာ သင့်၏"ဟု ကြံကြကုန်ပြီးလျှင် နတ်တို့သည် ထိုထို ညဉ့်သန့်ရာ, နေ့သန့်ရာအရပ်တို့၌လည်းကောင်း စင်္ကြံဦးတို့၌လည်းကောင်း ပြတ်သောဦးခေါင်း, ဦးခေါင်းမပါသော ကိုယ်တို့ကို ပြခြင်းငှာလည်းကောင်း ဘီလူးတို့၏အသံကို ကြားစိမ့်သောငှာလည်းကောင်း အားထုတ်ကြလေကုန်၏။

ရဟန်းတို့အား ထိုအခါမှစ၍ ချေဆတ်ခြင်း, ချောင်းဆိုးခြင်း-စသော အနာရောဂါတို့သည် ဖြစ်ကုန်၏။ ထိုရဟန်းတို့သည် အချင်းချင်း "ငါ့ရှင်၊ သင့်အား အဘယ်ရောဂါဝေဒနာ နှိပ်စက်ပါသနည်း"ဟု မေးလတ်သော် " တပည့်တော်အား ချေဆတ်သောအနာ နှိပ်စက်ပါသည်"ဟု ဆို၍ "ငါ့ရှင်၊ ငါသည်ကား ယနေ့စင်္ကြံဦး၌ ပြတ်သော ဦးခေါင်းကို မြင်၏။ ငါသည်ကား ညဉ့်သန့်ရာအရပ်၌ ဦးခေါင်းမပါသော ကိုယ်ကို မြင်၏။ ငါသည်ကား နေ့သန့်ရာအရပ်၌ ဘီလူးသံကို ကြားရ၏။ ဤအရပ်,ဤဒေသသည် မနေသင့်သော ရှောင်

ကြဉ်သင့်သော အရပ်တည်း။ ငါတို့အား ဤကျောင်း၌ မချမ်းသာခြင်းသည် ဖြစ်၏။ ငါတို့ ဘုရားရှင်အထံတော်သို့ သွားကြကုန်စို့အံ့”ဟု တိုင်ပင်၍ ထွက်လာခဲ့ကြပြီးလျှင် အစဉ်အတိုင်း ဘုရားရှင်အထံတော်သို့ သွားရောက်ကြကာ ရှိခိုး၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေကြလေကုန်၏။

----- x -----

## (၄) ဘေးရန်ကို ဘုရားရှင်ပေးတော်မူလိုက်သော မေတ္တာလက်နက်ဖြင့် ဖြိုဖျက်ကြခြင်း

ထိုအခါ ထိုရဟန်း၅၀၀-တို့ကို ဘုရားရှင်သည် “ငါ၏ ချစ်သားရဟန်းများတို့ အသို့ ပါနည်း။ ထိုအရပ်၌ နေခြင်းငှာ မတတ်နိုင်ကြကုန်သလော”ဟု မေးတော်မူလျှင် “မြတ်စွာ ဘုရား၊ မတတ်နိုင်ကြပါဘုရား။ ထိုအရပ်၌ နေကြကုန်သော ဘုရားတပည့်တော်တို့အား ဤသို့ သဘောရှိသော ကြောက်မက်ဖွယ်ရာ အာရုံတို့သည် ထင်လာပါကုန်သောကြောင့် ဤသို့သော မချမ်းသာခြင်းသည် ဖြစ်ပါ၏။ ထို့ကြောင့် တပည့်တော်တို့သည် ‘ဤအရပ်ကား မနေသင့်သော အရပ်တည်း’-ဟု စွန့်ပစ်၍ ရှင်တော်မြတ်ဘုရားတို့၏ အထံ တော်သို့ လာကြပါကုန်၏ဘုရား”ဟု လျှောက်ကြားလတ်သော် “ချစ်သားရဟန်းများတို့၊ သင်တို့ ထိုအရပ်သို့သာလျှင် ပြန်သွားခြင်းငှာ သင့်၏”ဟု မိန့်တော်မူလေရာ “မြတ်စွာဘုရား၊ တပည့် တော်များ မသွားဝံ့ကြတော့ပါဘုရား”ဟု လျှောက်ကြားပြန်လေသော် “ချစ်သား ရဟန်းများ တို့၊ သင်တို့သည် လက်နက်ကို မယူဘဲ သွားကြကုန်၏။ ဤယခုအခါ၌ လက်နက်ကို ကိုင်စွဲ၍ သွားကြကုန်လော့”ဟု မိန့်တော်မူလေ၏။ “မြတ်စွာဘုရား၊ လက်နက်-ဟူသည် အဘယ်တို့ ပါနည်းဘုရား”ဟု မေးလျှောက်ကြရာ မြတ်စွာဘုရားသည် “သင်ချစ်သားတို့အား လက်နက် ကို ငါဘုရား ပေးလိုက်ပေအံ့။ ငါဘုရား ပေးအပ်သောလက်နက်ကို ယူဆောင်၍ သွားကြ လေကုန်”ဟု မိန့်တော်မူပြီးလျှင်-

(က) ကရဏီယ'မတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊ သုဝစော စ'ဿ မုဒု အနတိမာနီ။ ။

ဤသို့ အစရှိသည်ဖြင့် အလုံးစုံသော မေတ္တသုတ္တန် ဒေသနာတော်ကို ဟောကြား တော်မူပြီးလျှင် “ချစ်သား ရဟန်းများတို့၊ ဤမေတ္တသုတ်ဒေသနာတော်ကို သင်တို့သည် ကျောင်း၏ပြင်ပ တောအုပ်မှ စ၍ ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်လျက် ကျောင်းတွင်းသို့ ဝင် ရောက်ကြကုန်လော့”ဟု မှာကြား၍ လွှတ်တော်မူလိုက်လေ၏။

(က) သန္တိ၊ ကိလေသာဘေးဘျမ်း၊ မထွေးသမ်း၍၊ အေးချမ်းတကာ၊ မတုသာ အောင်၊ လွန်စွာအေးမြ၊ ငြိမ်းချမ်းလှသော။ ယံ ပဒံ၊ အကြောင်း ၄-ခု၊ ပေါင်းထွေးစု၍၊ မပြုပြင်အပ်၊ အရိယာပုဂ္ဂိုလ်တို့ ရောက်အပ်သည့်၊ အကြင်နိဗ္ဗာန်ချမ်းသာမြတ်သည်။ အတ္ထိ၊ စင်စစ်မသွေ၊ ထင်ရှားရှိပေ၏။ တံ ပဒံ၊ ထိုအရိယာပုဂ္ဂိုလ်တို့ ရောက်အပ်သည့် နိဗ္ဗာန်ရွှေမြို့ တော်မြတ်ကို။ အဘိသမေစ္စ၊ ဉာဏ်အလင်းဖြင့်၊ ထိုးထွင်းသိကာ၊ ကောင်းစွာ ကပ်ရောက်၍။ ဝိဟရန္တေန၊ ၄-ပါးရှိစွာ၊ ဣရိယာဖြင့်၊ မျှကာပိုင်ပိုင်၊ နေထိုင်လိုသော။ အတ္ထကုသလေန၊ လောကီ, လောကုတ္တရာ၊ ကျိုး ၂-ဖြာကို၊ ကောင်းစွာလိုလား၊ အမျိုးကောင်းသားသည်။ ဧဝံ ဝုစ္စမာနံ၊ သူတော်ကောင်းနည်းလမ်း၊ ဤဆိုလတ္တံ့သော စည်းကမ်းကို။ ကရဏီယံ၊ ကျင့်ကြံအားထုတ်၊ နောက်မဆုတ်ဘဲ၊ ရှေ့သို့ ကဲ၍၊ အမြဲမသွေ၊ ပြုလုပ်အပ်ပေ၏။ သက္ကော စ၊ ကိုယ်နှင့်အသက်၊ မငဲ့ကွက်ဘဲ၊ ရက်စက်မညှာ၊ ထက်သန်စွာဖြင့်၊ သစ္စာ ၄-တန်၊ သိရန်ပိုင် ပိုင်၊ ကျင့်စွမ်းနိုင်သည်လည်း။ အဿ၊ စင်စစ်မှန်စွာ၊ ဖြစ်ပေရာ၏။ ဥဇူ စ၊ ကိုယ်,နှုတ် ၂-ပါး၊ ရိုးသားတည်ကြည်၊ ဖြောင့်မှန်သည်လည်း။ အဿ၊ စင်စစ်မှန်စွာ၊ ဖြစ်ပေရာ၏။ သုဟုဇူ စ၊ စိတ်နေစိတ်ထား၊ မဆိုးဝါးဘဲ၊ ရိုးသားဖြောင့်မှန်သည်လည်း။ အဿ၊ ဖြစ်ပေရာ၏။ သုဝစော စ၊ ဆရာ,မိဘ၊ ပြောဆိုကြမူ၊ လုံးဝမဖယ်၊ ဆုံးမလွယ်သည်လည်း။ အဿ၊ စင်စစ် မှန်စွာ၊ ဖြစ်ပေရာ၏။ မုဒု စ၊ ကာယ,ဝစီ၊ မနသီ-ဟု၊ ၃-လီဒွါရ၊ နူးညံ့သိမ်မွေ့လှသည်လည်း။ အဿ၊ စင်စစ်မှန်စွာ၊ ဖြစ်ပေရာ၏။ အနတိမာနီ စ၊ သူတပါးအပေါ် မှာ၊ မထောက်ညှာဘဲ၊ မောက်မာထန်ကြွ၊ မာန်မာနမရှိသည်လည်း။ အဿ၊ စင်စစ်မှန်စွာ၊ ဖြစ်ပေရာ၏။

. ထိုရဟန်းတို့သည်လည်း ဘုရားရှင်ကို ရှိခိုး၍ ခရီးထွက်လာကြရာ အစဉ်အတိုင်း အားဖြင့် ထိုအရပ်သို့ ရောက်ကြ၍ ကျောင်း၏အပြင်ပ၌ စုပေါင်း၍တ်ဖတ် သရဇ္ဈာယ်ခြင်း ကို ပြုကြ၍ ၍တ်ဖတ်သရဇ္ဈာယ်ကြလျက်သာလျှင် တောအုပ်သို့ ဝင်တော်မူကြကုန်၏။ အလုံးစုံသော တောအုပ်၌နေသော နတ်တို့သည်လည်း မေတ္တာစိတ်ကို ခံယူရရှိကြကုန်၍ ထိုရဟန်းတော်တို့အား ခရီးဦးကြိုဆိုခြင်းကို ပြုကြကုန်လျက် သပိတ်,သင်္ကန်းကို လှမ်းယူခြင်း၊ လက်,ခြေဆုပ်နယ်ခြင်းကို ပန်ကြားကြကုန်လျက် ထိုရဟန်းတော် ၅၀၀-တို့အတွက် ထိုထို အရပ်၌ အစောင့်အရှောက်ကို စီရင်ကြလေကုန်၏။ ထိုနတ်တို့လည်း ကျက်ကျက်ပူသော ဆီကဲ့သို့ ငြိမ်သက်စွာ အညီအညွတ် စုဝေးတည်နေကြလေကုန်၏။ တစ်စုံတစ်ခုသော နေရာအရပ်၌ ဘီလူးသံ ကြားရခြင်းမည်သည် မရှိတော့ပေ။ ထိုရဟန်းတော်တို့၏ စိတ်သည် တည်တည်ကြည်ကြည် ဖြစ်လေ၏။

----- x -----

## (၅) မေတ္တာ၏တန်ခိုးကြောင့် တည်ကြည်စွာ တရားနှလုံးသွင်းနိုင်ကြကာ ရဟန္တာအဖြစ်သို့ ရောက်ကြခြင်း

ရဟန်းတော်တို့သည်လည်း ညဉ့်သန့်စင်ရာ, နေ့သန့်စင်ရာ အရပ်တို့၌ နေကြကုန်လျက် ဝိပဿနာဉာဏ်အကျိုးငှာ စိတ်ကို ချထား၍ မိမိ၏ကိုယ်ခန္ဓာ၌ ကုန်ခန်းခြင်း, ပျက်စီးခြင်းကို ရှေးရှုထင်စေပြီးလျှင် "ဤကိုယ်ခန္ဓာအတ္တဘောမည်သည်ကား ပျက်စီးတတ်သော အနက်သဘော, အနှစ်သာရ မရှိသော အနက်သဘောကြောင့် အိုးထိန်းသည်တို့၏ မြေအိုး, မြေခွက်နှင့် တူ၏"ဟု ဝိပဿနာကို ပွါးများစေလျက် နေကြကုန်၏။

ဘုရားရှင်သည်လည်း ဂန္ဓကုဋိတိုက်တော်၌ နေတော်မူလျက်ပင်လျှင် ထိုရဟန်းတို့၏ ဝိပဿနာဉာဏ်အကျိုးငှာ အားထုတ်နေကြသောအဖြစ်ကို သိတော်မူ၍ ထိုရဟန်းတို့ကို "ချစ်သားရဟန်းများတို့ ဤသင်တို့ ဆင်ခြင်ပွါးများသည့်အတိုင်းပင်လျှင် ဤခန္ဓာကိုယ်အတ္တဘောမည်သည်ကား ပျက်စီးတတ်သော အနက်သဘော, အနှစ်သာရမရှိသော အနက်သဘောကြောင့် အိုးထိန်းသည်တို့၏ မြေအိုး,မြေခွက်နှင့် တူလှသည်သာလျှင်တည်း"ဟု မိန့်တော်မူပြီးလျှင် ရောင်ခြည်တော်ကို ပျံ့နှံ့စေတော်မူလျက် ယူဇနာ ၁၀၀-ထက်၌ပင် တည်ငြားသော်လည်း မျက်မှောက်၌ နေတော်မူဘိသကဲ့သို့ ၆-သွယ်သော အဆင်းရှိသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၍ ထင်ရှားတိတိ မြင်သိအပ်သော ရုပ်သဏ္ဌာန်တော်ဖြင့် (ဤဝတ္ထု၏ အစ၌ ပြဆိုအပ်ခဲ့ပြီးသော) "ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ" အစရှိသော ဂါထာဒေသနာတော်ကို ဟောကြား တော်မူလေ၏။

ဂါထာဒေသနာတော်၏ အဆုံး၌ ၅၀၀-သော ရဟန်းတို့သည် နေမြဲတိုင်းသော နေရာ၌ နေကြကုန်လျက်ပင်လျှင် ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၍ ဘုရားရှင်ကိုယ်တော်မြတ်၏ ရွှေအဆင်းနှင့်တူသော, ဝါဝင်းသော အဆင်းရှိသော ကိုယ်တော်ကို ချီးမွမ်းထောမနာကာ ရှိခိုးလျက် ကြွလာကြလေကုန်၏။

ပဉ္စသတဘိက္ခုဝတ္ထု ပြီး၏။

★★★★★★★

## ၇။ ပူတိဂတ္တတိဿတ္ထေရဝတ္ထု

### (၁) ဒေသနာတော်

"ဤခန္ဓာကိုယ်ကြီးသည် မကြာမြင့်မီ ဝိညာဉ်ပြတ်ကင်း၍ စွန့်ပစ်ရမည့်အခြေသို့ ရောက်ပြီးကာ ထင်းဆွေးတုံးပမာ မြေ၌တုံးလုံး အိပ်ရလတ္တံ့"ဟု ပူတိဂတ္တတိဿ-မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၄၁။ **အစိရံ ဝတ'ယံ ကာယော၊ ပထဝိံ အဓိသေဿတိ။**
**ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။**

တိဿ၊ ပူတိဂတ္တ၊ နာမမည်လွှမ်း၊ တိဿရဟန်း။ အယံ ကာယော၊ အလျား ၁-လံ၊ အနံ ၁-ထွာ၊ ကေသာ-အစ၊ ဒွတ္တိံသ-ဟု၊ ပေါင်းစုဖြစ်လာ၊ ဤကိုယ်ခန္ဓာသည်။ ဆုဒ္ဓေါ၊ တွယ်တာကင်းလွတ်၊ ရှင်းရှင်းကျွတ်ကာ၊ စွန့်လွှတ်အပ်သည်ဖြစ်၍။ အပေတဝိညာဏော၊ ဇီဝိန်အသက်၊ ပျောက်ပျက်ချုတ်ယွင်း၊ ကင်းသောဝိညာဉ်ရှိသည်ဖြစ်၍။ ဝါ၊ ဝိညာဉ်ကင်းသည်း၊ အသက်ဆုံးသည်ဖြစ်၍။ နိရတ္ထံ၊ ပစ်စုံတစ်ရာ၊ အမှုထွေထူး၊ ကျေးဇူးမရှိသော။ ကလိင်္ဂရံဝ၊ ဆွေးမြည့်ပွရုံး၊ ဖွဲထင်းတုံးကဲ့သို့။ အစိရံ၊ ကာလမတည်၊ မရှည်မဖင့်၊ မကြာမြင့်မီ။ ပထဝိံ၊ နှစ်သိန်း,လေးသောင်း၊ အထုဆောင်း၍၊ စုပေါင်းတည်လျက်၊ မြေပြင်ထက်၌။ အဓိ-သေဿတိ ဝတ၊ လူတိုင်းမသတီ၊ ရွံထွီယုတ်ညစ်၊ မသာဖြစ်၍၊ စွန့်ပစ်ပါသော်၊ အဖော်မမှီး၊ တစ်ကိုယ်တည်းသာ အိပ်ရရှာလိမ့်တကား။

----- × -----

### (၂) ဆောင်ပုဒ်

ဤခန္ဓာလုံး၊ ဝိညာဉ်ဆုံးသော်၊ အသုံးမကျ၊ ထင်းတုံးမျှသို့၊ ပစ်ချစွန့်ရှာ၊ ချိန်မကြာခင်၊ မြေအပြင်၌၊ ဖော်လျှင် မမှီး၊ တကိုယ်တည်းသာ၊ အိပ်ရရှာမည့်၊ ရှုပါစိတ်တွင် မြဲမြဲတည်း။

"**အစိရံ ဝတ'ယံ ကာယော**"အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ပူတိဂတ္တတိဿမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ သာဝတ္ထိပြည်၌နေသော အမျိုးကောင်းသား ၁-ယောက်သည် ဘုရားရှင်၏အထံတော်၌ တရားတော်ကို ကြားနာရ၍

သာသနာတော်၌ ရင်ပေးပြီး ရဟန်းပြုလေ၏။ ထိုအမျိုးကောင်းသားသည် ပဋ္ဌင်းအဖြစ်ကို ရသည်ရှိသော် **တိဿမထေရ်** အမည်ရှိလေ၏။ ထိုမထေရ်သည် ကမ္မဋ္ဌာန်းကို အားထုတ်လျက် စကြံသွားလေ့ရှိ၏။ အချိန်များစွာ သွားလွန်းသည်ရှိသော် ထိုတိဿမထေရ်၏ ကိုယ်တွင် အနာရောဂါ ဖြစ်ပေါ်လေ၏။ မုန်ညင်းစေ့ ပမာဏရှိသော အဖု,အပိန့်တို့သည် ထကုန်၏။ ထိုအဖုငယ်တို့သည် အစဉ်အတိုင်းအားဖြင့် ပဲနောက်စေ့ခန့်မျှ, စားတော်ပဲစေ့ခန့်မျှ, ဆီးသီးစေ့ခန့်မျှ, ဆီးဖြူသီး(သျှိသျှားသီး)ခန့်မျှ, ဥသျှစ်သီးစိမ်းခန့်မျှ, ဥသျှစ်သီးမှည့်ခန့်မျှ အတိုင်းအရှည် ရှိကုန်သည်ဖြစ်၍ ပေါက်ကွဲကြလေကုန်၏။ ကိုယ်အလုံးသည် အပေါက်, အပေါက် ရှိသည်ဖြစ်၍ ပူတိဂတ္တတိဿမထေရ်-ဟူ၍သာလျှင် ထိုမထေရ်၏အမည် ထင်ရှားခဲ့လေ၏။

ထိုမှ နောက်အဖို့၌ ထိုမထေရ်၏ကိုယ်၌ အရိုးတို့သည် ကျိုးကုန်၏။ ထိုမထေရ်သည် လုပ်ကျွေးသမှု ပြုစုသုတ်သင်ခြင်းငှာ မတတ်သာသည့် အခြေအနေ ဖြစ်ခဲ့လေ၏။ ဝတ်ရုံသောသင်္ကန်းသည် ပြည်,သွေးအလိမ်းလိမ်း ကပ်ခြင်းရှိသည်ဖြစ်၍ ကွန်ရက်ကဲ့သို့သောမုန့် (ဇာလပူဝ-မည်သောမုန့်)နှင့် တူလေ၏။ အတူနေတပည့်-စသည်တို့သည်လည်း ပြုစုသုတ်သင်ခြင်းငှာ မတတ်နိုင်ကုန်ရကား စွန့်ပစ်ကာ ထားကြလေကုန်၏။ ထိုပူတိဂတ္တတိဿမထေရ်သည် အားထားကိုးကွယ်ရာ မရှိသည်ဖြစ်၍ အိပ်လျက် နေရလေ၏။

----- x -----

## (၃) ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူ၍ သူနာရဟန်းကို ပြုစုတော်မူခြင်း

ဘုရားရှင်တို့အား မည်သည်လည်း ၂-ကြိမ်လောကကို ကြည့်ရှုခြင်းသည် မစွန့်အပ်သည်ဖြစ်၍ နံနက်စောစောအခါ လောကကို ကြည့်ရှုတော်မူလတ်သည်ရှိသော် စကြဝဠာအနားရေးမှစ၍ ဂန္ဓကုဋိတိုက်တော်သို့ရှေးရှု ဉာဏ်တော်ကိုပြု၍ ကြည့်ရှုတော်မူကြကုန်၏။ ညချမ်းအခါ ကြည့်ရှုတော်မူလတ်သည်ရှိသော် ဂန္ဓကုဋိတိုက်တော်မှ စ၍ ပြင်ပသို့ ရှေးရှု ဉာဏ်တော်ကို ပြု၍ ကြည့်ရှုတော်မူကြကုန်၏။ ထိုအခါ၌ကား ဘုရားရှင်၏ ဉာဏ်တော်တည်း-ဟူသော ကွန်ရက်အတွင်း၌ ပူတိဂတ္တတိဿမထေရ်သည် ထင်မြင်လာလေ၏။ ဘုရားရှင်သည် ထိုမထေရ်၏ အရဟတ္တဖိုလ်သို့ ရောက်အံ့သော, အားကြီးသော မှီရာအကြောင်းကို မြင်တော်မူ၍ "ဤရဟန်းကို အတူနေတပည့်-စသော ရဟန်းတို့သည် စွန့်လွှတ်အပ်ပြီ။ ယခုအခါ ငါဘုရားကို ဖယ်ထား၍ အခြားတပါးသော ကိုးကွယ်အားထားရာ မရှိတော့ပြီ"ဟု ဆင်ခြင်တော်မူပြီးသော် ဂန္ဓကုဋိတိုက်မှ ထွက်ကြွတော်မူ၍ ကျောင်းစဉ်ဒေသစာရီလှည့်လည်ကာ ကြွတော်မူသကဲ့သို့ မီးတင်းကုပ်(မီးဖို)သို့ ကြွတော်မူ၍ အိုးကို

ဆေးကြောတော်မူကာ ရေထည့်၍ မီးဖိုခုံလောက်သို့ တင်ပြီးလျှင် ရေပူကျက်သည့်တိုင်အောင် ဆိုင်းငံ့တော်မူလျက် မီးတင်းကုပ်၌ပင် နေတော်မူလေ၏။ ရေပူကျက်သည့်အဖြစ်ကို သိတော်မူလျှင် ကြွသွားတော်မူ၍ ထိုပူတိဂတ္တတိဿရဟန်း၏ လျောင်းစက်ရာ ညောင်စောင်း ခုတင်စွန်း၌ ဆွဲကိုင်တော်မူလေ၏။

ထိုအခါ ရဟန်းတို့သည် "မြတ်စွာဘုရား၊ ဖဲကြွတော်မူပါ၊ တပည့်တော်များ ကိုင်ပါကုန်အံ့ဘုရား"ဟု လျှောက်ကြားကြပါကုန်လျက် ညောင်စောင်းကို ယူ၍ မီးတင်းကုပ်သို့ ယူဆောင်သွားကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ရေစားကျင်း(ရေအင်တုံ)ကို ယူဆောင်စေ၍ ရေနွေးလောင်းထည့်စေပြီးလျှင် ထိုရဟန်းတို့ကို ထိုပူတိဂတ္တတိဿမထေရ်၏ ကိုယ်ရုံဧကသီသင်္ကန်းကို ခွါယူစေ၍ ရေနွေးဖြင့် နင်းနယ်၍ နေပူစာ၌ လှန်းစေပြီးနောက် ပူတိဂတ္တတိဿမထေရ်၏အနီး၌ ရပ်တည်၍ ကိုယ်ကို ရေနွေးဖြင့်ဆွတ်ကာ ပွတ်တိုက်၍ ရေချိုးစေတော်မူ၏။ ထိုရဟန်း ရေချိုးပြီးသောအဆုံး၌ နေလှန်းထားသော ကိုယ်ရုံသင်္ကန်းသည် ခြောက်သွေ့သဖြင့် နောက်ထပ်ခြောက်သွေ့ပြီးသော ကိုယ်ရုံကို ဝတ်စေ၍ တဖန် ဝတ်ထားသော သင်းပိုင်သင်္ကန်းကို ရေနွေး၌ ဆွတ်နယ်စေ၍ နေလှမ်းစေတော်မူလေ၏။

ထို့နောက် ထိုရဟန်း၏ကိုယ်၌ ရေပေါက်ပြတ်စဲကာမျှ၌ ထိုလှန်းထားသော သင်းပိုင်သင်္ကန်းသည်လည်း ခြောက်ပြန်လေ၏။ ထိုရဟန်းသည် သင်္ကန်း ၁-ထည်ကို ဝတ်၊ ၁-ထည်ကိုရုံလျက် ပေါ့ပါးသောကိုယ်ရှိရကား တည်ကြည်အေးမြသောစိတ် ရှိသဖြင့် ညောင်စောင်းခုတင်၌ အိပ်လေ၏။ ဘုရားရှင်သည်လည်း ပူတိဂတ္တတိဿမထေရ်၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍ "ချစ်သားရဟန်း၊ ဤသင့်ခန္ဓာကိုယ်သည် ဝိညာဉ်ကင်းသုဉ်း၊ အသက်သေဆုံးလတ်သော် ကျေးဇူးဥပကာရ ဘာမျှမရှိဘဲ ဖွဲထင်းဆွေးကဲ့သို့ မြေအပြင်၌ အိပ်ရလတ္တံ့"ဟု မိန့်တော်မူကာ ဤဝတ္ထု၏ အစ၌ ပြဆိုအပ်ခဲ့ပြီးသော **"အစိရံ ဝတ'ယံ ကာယော"**စသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၄) ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ပူတိဂတ္တတိဿမထေရ်သည် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ အခြားများစွာသော သူတို့သည်လည်း သောတာပန်စသည်တို့ ဖြစ်ကြလေကုန်၏။ မထေရ်သည်လည်း ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။ ဘုရားရှင်သည် ထိုမထေရ်၏အလောင်းကောင် သင်္ဂြိုဟ်ခြင်းအမှုကို ပြုစေတော်မူပြီးလျှင် ဓာတ်တော်တို့ကို ယူ၍ စေတီတည်ထားစေတော်မူ၏။

## (၅) ပူတိဂတ္တတိဿမထေရ်၏ ရှေးအတိတ်အကြောင်း

ထိုအခါ ရဟန်းတော်တို့သည် ဘုရားရှင်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ပူတိဂတ္တတိဿမထေရ်သည် အဘယ်ဌာန, ဘုံဘဝ၌ ဖြစ်ပါသနည်းဘုရား"ဟု မေးလျှောက်ကြသည်ရှိသော် "ချစ်သားရဟန်းများတို့၊ ပရိနိဗ္ဗာန်ပြုလေပြီ"ဟု မိန့်တော်မူလေ၏။ "မြတ်စွာဘုရား၊ ဤသို့သဘောရှိသော အရဟတ္တဖိုလ်သို့ ဆိုက်ရောက်အံ့သော အားကြီးသော မှီရာအကြောင်းနှင့် ပြည့်စုံသောရဟန်းအား အဘယ်အကြောင်းကြောင့် ကိုယ်ခန္ဓာ ပုပ်သွားရပါသနည်း။ အဘယ်ကြောင့် အရိုးများ ကျိုးကုန်ရပါသနည်း။ ထိုမထေရ်၏ အရဟတ္တဖိုလ်သို့ ရောက်အံ့သော, အားကြီးသော အကြောင်းကုသိုလ်ကံကား အဘယ်ပါနည်းဘုရား"ဟု မေးလျှောက်ကြပြန်သဖြင့် ဘုရားရှင်သည် "ချစ်သားရဟန်းများတို့၊ ဤဖြစ်ပုံ အလုံးစုံသည်ကား ဤရဟန်းအား မိမိပြုအပ်ခဲ့သော ကံကြောင့်သာလျှင် ဖြစ်ရလေ၏"ဟု မိန့်တော်မူရာ ရဟန်းတို့သည် "မြတ်စွာဘုရား၊ ထိုရဟန်းပြုအပ်ခဲ့သော ကံကား အဘယ်ပါနည်းဘုရား"ဟု လျှောက်ကြားကြပြန်သည်ရှိသော် "ချစ်သားရဟန်းများတို့၊ ထိုသို့ဖြစ်မူ နာကြကုန်လော့"ဟု မိန့်တော်မူကာ အတိတ်ကို ဆောင်တော်မူလေ၏။

ဤပူတိဂတ္တတိဿမထေရ်သည် ကဿပဘုရားရှင်၏ လက်ထက်တော်အခါ၌ ငှက်မုဆိုးဖြစ်၍ များစွာသော ငှက်တို့ကို သတ်ဖြတ်လျက် အစိုးရသူ အရှင်ကို လုပ်ကျွေးရလေ၏။ ထိုအစိုးရသူ အရှင်သခင်တို့အား ဆက်သ၍ ကြွင်းကျန်သမျှ ငှက်တို့ကို ရောင်းချ၏။ "ရောင်းချ၍ ကြွင်းကျန်သမျှ ငှက်တို့ကို သတ်၍ထားလျှင် ပုပ်သိုးကုန်လတ္တံ့"ဟု ကြံ၍ ပျံခြင်းငှာ မစွမ်းနိုင်တော့အောင် ထိုငှက်တို့၏ မြင်းခေါင်း(ဒူးခေါင်း)ရိုး, အတောင်ရိုးတို့ကို ရိုက်ချိုး၍ စုပုံကာထားပြီးလျှင် တဖန် မိုးသောက် နောက်တစ်နေ့ ရောက်သောအခါ ထိုငှက်တို့ကို ရောင်းချပြန်လေ၏။ အလွန်များသော ငှက်တို့ကို ရသောအခါ မိမိအတွက်လည်း ချက်စေ၏။

ထိုအခါ တစ်နေ့သ၌ ငှက်မုဆိုးအား အရသာနှင့်ပြည့်စုံသော ဘောဇဉ်ကို ချက်ပြုတ်အပ်သည်ရှိသော် ရဟန္တာအရှင်မြတ် ၁-ပါးသည် ဆွမ်းအလို့ငှာ ကြွလာတော်မူ၍ ထိုငှက်မုဆိုး၏ အိမ်တံခါး၌ ရပ်တော်မူလေ၏။ ထိုငှက်မုဆိုးသည် ရဟန္တာထေရ်အရှင်ကို မြင်လျှင် စိတ်ကို ကြည်ညိုစေပြီး "ငါသည်များစွာသော ငှက်တို့ကို သတ်ဖြတ်၍ စားအပ်ကုန်၏။ အရှင်မြတ်သည်လည်း ငါ၏အိမ်တံခါး၌ ရပ်တန့်တော်မူလေ၏။ အိမ်တွင်း၌လည်း အရသာနှင့် ပြည့်စုံသော ဘောဇဉ်ရှိ၏။ ဤအရှင်မြတ်အား ဆွမ်းလှူဒါန်းပေအံ့"ဟု မထေရ်မြတ်၏ သပိတ်တော်ကို ယူ၍ ပြည့်စေအောင် ဆွမ်းကို လှူဒါန်း၍ပြီးလျှင် ၅-ပါးသော တည်ခြင်း

ဖြင့် ရှိခိုးလျက် "အရှင်ဘုရား၊ ဤဆွမ်းလှူဒါန်းရသော ကုသိုလ်၏အကျိုးဆက်ကြောင့် အရှင်ဘုရားတို့ သိအပ်,မြင်အပ်သော တရားထူး,တရားမြတ်၏ အထွတ်အထိပ်သို့ တပည့်တော် ရောက်ရပါလို၏ဘုရား"ဟု ဆုတောင်းလေ၏။ မထေရ်မြတ်သည်လည်း "ဤသို့ သင်တောင်းသော ဆုအတိုင်း မဆိုင်းမတွ ပြည့်ဝသည်ဖြစ်စေသတည်း"ဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုတော်မူလေ၏။

"ငါ၏ချစ်သား ရဟန်းများတို့၊ ထိုအခါကာလ ပြုအပ်ခဲ့သော ကံ၏အစွမ်းအားဖြင့် ဤအလုံးစုံသော အကျိုးသည် တိဿရဟန်းအား ပြီးစီးဖြစ်မြောက်ရလေပြီ။ ငှက်တို့၏ အရိုးကို ချိုးခဲ့ဖူးသော မကောင်းမှုကံ၏ အကျိုးဆက်ကြောင့် တိဿရဟန်း၏ ကိုယ်သည်လည်း ပုပ်လေ၏။ အရိုးတို့လည်း ကျိုးရလေကုန်၏။ ရဟန္တာသခင် အရှင်သူမြတ်အား အရသာနှင့် ပြည့်စုံသော ဆွမ်းဘောဇဉ်ကို လှူဒါန်းခဲ့ဖူးသော ကောင်းမှုကံ၏ အကျိုးဆက်ကြောင့် အာသဝေါကုန်ခန်းသော ရဟန္တာအဖြစ်သို့ ရောက်ရလေ၏"ဟု အတိတ်ကို ဆောင်၍ ဟောကြားတော်မူလေ၏။

ပူတိဂတ္တတိဿတ္ထေရဝတ္ထု ပြီး၏။

★★★★★★★

## ၈။ နန္ဒဂေါပါလကဝတ္ထု

### (၁) ဒေသနာတော်

"ခိုးသူ ၁-ယောက်သည် အခြားရန်ဘက် ခိုးသူ ၁-ယောက်ကို(သို့) ရန်သူ ၁-ယောက်သည် ရန်သူ ၁-ယောက်ကို မြင်လတ်သော် အကျိုးမဲ့ဖျက်ဆီးခြင်းကို ပြုရာ၏။ သို့ရာတွင် ဤ ၁-ဘဝတွင်သာ ပြုနိုင်၏။ ယုတ်မာသဖြင့် ရန်ငြိုးထားသော စိတ်သည်ကား ဘဝများစွာ သံသရာတို့၌ မကောင်းကျိုးကို ပေးတတ်သဖြင့် ခိုးသူ,ရန်သူတို့ ဖျက်ဆီးခြင်းထက် သာ၍ပင် အကျိုးမဲ့ကို ပြုနိုင်၏"ဟု နန္ဒနွားကျောင်းသားကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၄၂။ ဒိသော ဒိသံ ယံ တံ ကယိရာ၊ ဝေရီ ဝါ ပန ဝေရိနံ။
မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ။ ။

၄၂။ ဒိသော၊ အဓမ္မလုယက်၊ တိုက်ဝှက်ဖျက်ဖောက်၊ ခိုးသူ ၁-ယောက်သည်။ ဒိသံ၊ ရန်ဘက်ဖြစ်သော အခြားခိုးသူ ၁-ယောက်ကို။ ဒိသွာ၊ ရှေ့မှာထင်ထင်၊ တွေ့မြင်သည်

ရှိသော်။ ဝါ ပန၊ သို့တည်းမဟုတ်၊ တစ်နည်းထုတ်ဆောင်သော်ကား။ ဝေရီ၊ ရန်ငြိုးထားသူ ရန်သူ ၁-ယောက်သည်။ ဝေရိနံ၊ ရန်ငြိုးတဖန်၊ ဖွဲ့ကြံပြုမူ၊ အခြားရန်သူ ၁-ယောက်ကို။ ဒိသွာ၊ ရှေ့မှာထင်ထင်၊ တွေ့မြင်ရသည်ရှိသော်။ ယံ တံ၊ ဉာတာမဖက်၊ လွန်ရက်စက်၍၊ သက်သက်အချည်းနှီး၊ အကြင် အကျိုးမဲ့ပျက်စီးခြင်းကို။ ကယိရာ၊ ပြင်းထန်မာန်တင်း၊ ဒေါသသွင်း၍၊ ပျက်ယွင်းစေကာ၊ ဤ ၁-ဘဝသာ၊ ပြုနိုင်ရာ၏။ တတော၊ ထိုခိုးသူ,ရန်သူ ပြုမူသော အကျိုးမဲ့ပျက်စီးခြင်းထက်။ မိစ္ဆာပဏိဟိတံ၊ တိမ်းစောင်းမှောက်မှား၊ ချွတ်ယွင်းသောအားဖြင့် ဆောက်တည်အပ်သော။ စိတ္တံ၊ သေးသိမ်လှစွာ၊ စိတ်ယုတ်မာသည်။ နံ၊ ယုတ်မာသည့်စိတ်၊ ခေါ်ဖိတ်ပေါင်းမှု၊ လက်ခံပြုမူ၊ ထိုသည့်သူကို။ ပါပိယော၊ ဘဝများစွာ၊ သံသရာလှဲ့၊ တိုးကာချဲ့၍၊ ကျိုးမဲ့ရှုပ်ပွေ၊ အလွန်ယုတ်မာလေအောင်။ ဝါ၊ အလွန်အကျိုးမဲ့ လေအောင်။ ကရေ၊ မဖောက်မှန်စွာ၊ ပြုနိုင်ရာ၏။

----- x -----

## (၂) ဆောင်ပုဒ်

ရန်ငြိုးတင်းတင်း၊ ခိုးသူချင်းလျှင်၊ သတ်ညှဉ်းဖျက်ကာ၊ ဤဘဝသာ၊ ပျက်စီးရာ၏။ ဖွဲ့ကာရန်တင်း၊ ရန်သူချင်းလည်း၊ သတ်ညှဉ်းဖျက်မူ၊ ထိုနည်းတူစွ၊ ၁-ဘဝသာ၊ ပျက်စီးရာ၏။ မိစ္ဆာအကြောင်း၊ မကောင်းတည်ဆောက်၊ စိတ်ယုတ်ကောက်ကို၊ ပင့်မြှောက်လက်ခံ၊ ပေါင်းသင်းပြန်က၊ ထိုလူအ-ကို၊ ဘဝများစွာ၊ သံသရာလှဲ့၊ တိုးကာချဲ့၍၊ ကျိုးမဲ့ရှုပ်ပွေ၊ ယုတ်မာလေအောင်၊ မသွေမှန်စွာ၊ ပြုနိုင်ရာသည်။　။မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း။

“ဒိသော ဒိသံ”အစရှိသော ဤဓမ္မဒေသနာ ဂါထာတော်ကို ဘုရားရှင်သည် ကောသလဇနပုဒ်၌ **နန္ဒ**မည်သော **နွားကျောင်းသား**ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ သာဝတ္ထိပြည်၌ အနာထပိဏ် သူဌေးကြီး၏ **နန္ဒ**မည်သော ကြွယ်ဝချမ်းသာ များစွာသော စည်းစိမ်ဥစ္စာ အသုံးအဆောင် ရှိသော နွားကျောင်းသားသည် နွားအပေါင်းကို စောင့်ရှောက်ထိန်းသိမ်းသတတ်။ နန္ဒသည် ကြွယ်ဝချမ်းသာ ဥစ္စာစည်းစိမ် များစွာရှိပါလျက် အဘယ်ကြောင့် နွားကျောင်းသနည်း-ဟူမူ ကေဏိယရသေ့သည် ရသေ့အသွင်ဖြင့် မိမိ၏ဥစ္စာစု,ဥစ္စာနှစ်ကို စောင့်ရှောက်သကဲ့သို့ ထိုနန္ဒသည်လည်း နွားကျောင်းသည့် အမျိုးအနွယ်ကို မစွန့်လွှတ်ဘဲ မင်း၏အခွန်အတုတ်ကို ရှက်ဆောင်လျက် မိမိဥစ္စာစု,ဥစ္စာနှစ်ကို စောင့်ရှောက်၍ နေသတတ်။

ထိုနန္ဒသည် ရံခါရံခါ မပြတ်မပြတ် *၅-ပါးသော နွားနို့အရသာတို့ကို ယူ၍ အနာထပိဏ်သူဌေးကြီး၏ အထံသို့ သွားပြီးလျှင် ဘုရားရှင်ကို ဖူးမြင်၍ တရားတော်ကို နာကြားရ၏။ နန္ဒသည် မိမိနေရာအရပ်သို့ ကြွလာတော်မူစေခြင်းငှာ ဘုရားရှင်ကို လျှောက်ထားတောင်းပန်၏။ ဘုရားရှင်သည်လည်း ထိုနန္ဒ၏ *(ဉာဏ်)*ရင့်သန်ခြင်းကို ဆိုင်းငံ့တော်မူသဖြင့် ကြွတော်မမူသေးဘဲ ဉာဏ်ရင့်သန်သည်၏ အဖြစ်သို့ ရောက်သည်ကို သိရမှ တစ်နေ့သ၌ ရဟန်းသံဃာများစွာ ခြံရံလျက် ဒေသစာရီ ကြွချီတော်မူ၍ ခရီးလမ်းမမှ ဖဲကြွတော်မူပြီးလျှင် ထိုနန္ဒ၏ နေရာအရပ်အနီး ၁-ခုသော သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူလေ၏။ (*၁။နို့ရည်, ၂။ဒိန်, ၃။ထောပတ်, ၄။ရက်တက်, ၅။ဆီဦး)

----- x -----

## (၃) နန္ဒသည် ဘုရားရှင်လိုက်ပို့၍ အပြန်တွင် အသတ်ခံရခြင်း

နန္ဒသည်လည်း ဘုရားရှင်အထံသို့ ချဉ်းကပ်လျက် ရှိခိုး၍ ပဋိသန္ထာရစကား ပြောကြားပြီးလျှင် ဘုရားရှင်ကို ဖိတ်ကြား၍ ၇-ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းအား မွန်မြတ်သော, ၅-ပါးသော နွားနို့အရသာအလှူကို ပေးလှူလေ၏။ ၇-ရက်မြောက်သောနေ့၌ ဘုရားရှင်သည် အနုမောဒနာပြုတော်မူ၍ ဒါနကထာ-စသည် အပြားရှိသော အစဉ်ဖြစ်သော တရားစကားကို ဟောကြားဆုံးမတော်မူ၏။ တရားစကား ဟောကြားပြီးသည့်အဆုံး၌ **နန္ဒနွားကျောင်းသားသည်** သောတာပတ္တိဖိုလ်၌ တည်၍ ဘုရားရှင် သပိတ်တော်ကို ယူကာ ဘုရားရှင်နောက်သို့ အစဉ်တစိုက် လိုက်ပို့သည်ရှိသော် ဝေးသောအရပ်သို့ ရောက်လေလျှင် "ဒါယကာ၊ နေရစ်လော့"ဟု မိန့်တော်မူသောအခါမှ ဆုတ်နစ်လျက် ဘုရားရှင်ကို ရှိခိုး၍ ပြန်ခဲ့လေ၏။

ထိုအခါ နန္ဒကို မုဆိုး ၁-ယောက်သည် ပစ်ခတ်၍ သတ်လေ၏။ နောက်မှ လိုက်လာသော ရဟန်းတို့သည် ထိုနန္ဒ သေလွန်သည်ကို မြင်လေလျှင် သွား၍ ဘုရားရှင်ကို "မြတ်စွာဘုရား၊ နန္ဒနွားကျောင်းသားသည် မြတ်စွာဘုရားတို့၏ ဤအရပ်သို့ ကြွတော်မူလာခြင်းကြောင့် ကြီးစွာသော အလှူကို ပေးလှူ၍ လိုက်ပို့ရာမှ ပြန်လေသည်ရှိသော် သေလွန်ရရှာပါပြီ ဘုရား။ မြတ်စွာဘုရားတို့သည် အကယ်၍ မကြွလာကုန်သည် ဖြစ်အံ့။ နန္ဒအား သေလွန်ရခြင်းသည် မဖြစ်တန်ရာ"ဟု လျှောက်ထားကြကုန်၏။

ဘုရားရှင်သည် "ချစ်သား ရဟန်းများတို့၊ ဤနန္ဒသည်ကား ငါဘုရား ကြွလာသည် ဖြစ်စေ၊ မကြွလာသည်ဖြစ်စေ တူရူအရပ် ၄-မျက်နှာ, အထောင့်အရပ် ၄-မျက်နှာတို့သို့

သွားပြောသော်လည်း ထိုနန္ဒအား သေခြင်းတရားမှ လွတ်အံ့သော အကြောင်းမည်သည် မရှိ မှန်၏။ ယင်းသတ်ဖြတ်ဖျက်ဆီးခြင်းအမှုကို ခိုးသူ,ခြေတို့လည်း ပြုနိုင်ကြသည် မဟုတ်။ ရန်သူတို့လည်း ပြုနိုင်ကြသည် မဟုတ်။ စင်စစ်သော်ကား ထိုသတ်ဖြတ်ဖျက်ဆီးခြင်းအမှုကို ဤသတ္တဝါကိုယ်တွင်း၌ ပြစ်မှားမိခဲ့သော, မှားယွင်းသောအားဖြင့် ကျင့်သုံးဆောက်တည် နှလုံးသွင်းအပ်သော စိတ်သည်သာလျှင် ပြုပေ၏”ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော “ဒိသော ဒိသံ ယံ တံ ကယိရာ”အစရှိသော ဂါထာဒေသနာကို ဟောကြားတော်မူလေ၏။

----- x -----

## (၄) ဒေသနာတော်၏အကျိုး

ဂါထာဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်-စသည်တို့ကို ရောက်ကြလေကုန်၏။ ဤတရားဒေသနာတော်သည် လူများအပေါင်းအား အကျိုးများသော တရားဒေသနာတော် ဖြစ်လေ၏။

နန္ဒဥပါသကာသည် လွန်လေပြီးသော ဘဝတပါး၌ ပြုအပ်ခဲ့သော မကောင်းမှုအကုသိုလ်တရားကိုကား ရဟန်းတော်တို့ မမေးလျှောက်သောကြောင့် ဘုရားရှင်လည်း ဟောပြတော်မမူခဲ့ပေ။

**နန္ဒဂေါပါလကဝတ္ထု ပြီး၏။**

★★★★★★★

## ၉။ သောရေယျတ္ထေရဝတ္ထု

## (၁) ဒေသနာတော်

“ချမ်းသာသုခ အဝဝကို မိဘ,ဆွေမျိုးတို့သည် မပေးနိုင်။ မိမိကောင်းစွာ ဆောက်တည်ကျင့်ကြံအပ်သော စိတ်သည်သာလျှင် မိဘ,ဆွေမျိုးတို့ထက် ပိုလွန်၍ လူ,နတ်,နိဗ္ဗာန်၊ ၃-တန်သော ချမ်းသာကို ပေးစွမ်းနိုင်၏”ဟု အရှင်မဟာကစ္စည်းမထေရ်ကို ပြစ်မှား၍ မိန်းမဖြစ်သွားရသော သောရေယျမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခြင်း

၄၃။ န တံ မာတာ ပိတာ ကယိရာ၊ အညေ ဝါပိ စ ဉာတကာ။
သမ္မာ ပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။ ။

၄၃။ တံ ကရဏံ၊ ထိုလောကီ,လောကုတ္တရာ၊ ချမ်းသာဖုံဖုံ၊ ပြည့်စုံအောင် ပြုလုပ်ခြင်းကို။ မာတာ စ၊ ကျေးဇူးအရှင်၊ မွေးမိခင်သည်လည်း။ န ကယိရာ၊ ရနိုင်ဖို့ရေး၊ စီစဉ်ပေးကာ၊ မပြုနိုင်ရာ။ ပိတာ စ၊ ကျေးဇူးအရှင်၊ မွေးဖခင်သည်လည်း။ န ကယိရာ၊ ရနိုင်ဖို့ရေး၊ စီစဉ်ပေးကာ၊ မပြုနိုင်ရာ။ အညေ၊ ကျေးဇူးကြီးလှသည့် မွေမိဘမှ တပါးကုန်သော။ ဉာတကာ ဝါပိ၊ ဘိုးဘေးမှဆက်၊ ပွါးလျက်သက်ဆင်း၊ ဆွေမျိုးသားချင်းတို့သည်လည်း။ န ကရေယျုံ ရနိုင်ဖို့ရေး စီစဉ်ပေးကာ၊ မပြုနိုင်ကုန်ရာ။ သမ္မာ ပဏိဟိတံ၊ ကမ္မပထ၊ ကုသလ၌၊ ပြည့်ဝစုံညီ၊ ကောင်းစွာဆောက်တည် ကျင့်ကြံအပ်သော။ စိတ္တံ၊ ဆွေမျိုးထွတ်ထိပ်၊ ကောင်းမြတ်သော ကုသိုလ်စိတ်သည်။ တတော၊ လောကီနယ်လုံး၊ အရင်းဆုံး-ဟု၊ သွင်းကျုံးမှတ်ရိုး၊ ထိုမိဘဆွေမျိုးတို့ထက်။ ဝါ၊ ထိုမိဘ ၂-ဖြာ၊ ဉာတကာတို့၊ ချမ်းသာဖုံဖုံ၊ ပြည့်စုံအပ်နှင်း၊ ပြုပေးနိုင်ခြင်းထက်။ နံ ပုဂ္ဂလံ၊ စိတ်ကောင်းမှီခို၊ ထိုပုဂ္ဂိုလ်ကို။ သေယျသော၊ ဆင့်ဆင့်တိုးတက်၊ မြင့်ထက်မြင့်အောင်။ ကရေ ကရေယျ၊ ကောင်းစွာပိုင်ပိုင်၊ ပြုလုပ်နိုင်ပေသတည်း။

----- x -----

## (၂) ဆောင်ပုဒ်

လောကီ,လောကုတ္တရာ၊ ချမ်းသာမျိုးမျိုး၊ ပြည့်စုံပြိုးဖို့၊ ဆွေမျိုး,မိဘ၊ ပြုမရဘူး၊ ဆယ်ဝသုစရိ၊ ဆောက်တည်ရှိသည့်၊ ဉာတိထွတ်ထိပ်၊ ကုသိုလ်စိတ်သာ၊ ကောင်းစိတ်တည်ငြား၊ ပုဂ္ဂိုလ်များကို၊ မြင့်မားဆင့်ဆင့်၊ ချမ်းသာတင့်အောင်၊ မလင့်ပုံသေ၊ ပြုနိုင်ပေသည်၊ **မှတ်လေ စိတ်တွင် မြဲမြဲတည်။**

"န တံ မာတာ ပိတာ ကယိရာ"အစရှိသော ဤဓမ္မဒေသနာဂါထာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ သောရေယျမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။ ဤသောရေယျမထေရ်ဝတ္ထုသည် သောရေယျပြည်၌ ဖြစ်ပေါ်၍ သာဝတ္ထိပြည်၌ ပြီးဆုံးစေ၏။

ဒေသနာတော် ဖြစ်ပေါ်လာပုံကား ဤသို့တည်း။ ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် သောရေယျပြည်ဝယ်၊ သောရေယျသူဋ္ဌေးသားသည် သူငယ်ချင်းအဖော် ၁-ယောက်နှင့်အတူ ငြိမ့်သောယာဉ်ငယ်၌ စီးနင်း၍ အခြံအရံ ပရိသတ်များစွာနှင့်အတူ ရေချိုးခြင်းငှာ မြို့မှ ထွက်ခဲ့လေ၏။ ထိုခဏ၌ အရှင်မဟာကစ္စည်းမထေရ်မြတ်သည် သောရေယျပြည်သို့ ဆွမ်းအလို့ငှာ ဝင်လိုသည်ဖြစ်၍ ပြည်ပ၌ ဒုကုဋ်သင်္ကန်းကို ရုံလွှမ်းသပ္ပါယ်တော်မူ၏။ ထိုအရှင်မဟာကစ္စည်းထေရ်မြတ်၏ ကိုယ်ရေအဆင်းသည် ရွှေအဆင်း

နှင့်တူသော, လှပတင့်တယ်သော, ဝါဝင်းသော အရေအဆင်း ရှိတော်မူ၏။ သောရေယျသူဌေးသားသည် မထေရ်မြတ်ကို မြင်လေလျှင် "ဤမထေရ်သည်မူကား ငါ၏မယားဖြစ်ပါမူ သြော်-ကောင်းလေစွ၊ ငါ့မယား၏ ကိုယ်ရေအဆင်းသည်မူလည်း ဤမထေရ်၏ကိုယ်ရေအဆင်းကဲ့သို့ ဖြစ်ပါမူကား သြော်-ကောင်းလေစွ"ဟု အကြံဖြစ်မိလေ၏။

သောရေယျသူဌေးသားအား ဤသို့ ကြံမိကာမျှ၌ပင်လျှင် ယောကျ်ားအသွင်အပြင် (ပုလ္လိင်) ကွယ်ပျောက်ခဲ့၍ မိန်းမအသွင်အပြင် (ဣတ္ထိလိင်)သည် ထင်ရှားဖြစ်ပေါ်လာလေ၏။ သောရေယျသည် ရှက်နိုးလှသည်ဖြစ်၍ ယာဉ်ငယ်ထက်မှ ဆင်းသက်၍ ထွက်ပြေးလေတော့၏။ သူငယ်ချင်းဖြစ်သော အပေါင်းအဖော် အခြံအရံ လူအပေါင်းသည်လည်း ထိုအကြောင်းကို မသိရသေးသည်ဖြစ်၍၊ ဝါ-ထိုသူ့ကို မမှတ်မိသည်ဖြစ်၍ "ဤသောရေယျ ထွက်ပြေးခြင်းအကြောင်းကား အဘယ်နည်း"ဟု ဆိုလေ၏။ ထိုသောရေယျသူဌေးသားမှ လိင်ပြောင်းသွားသော အမျိုးသမီးသည်လည်း တက္ကသိုလ်လမ်းခရီးအတိုင်း လိုက်သွားလေ၏။ အဖော်သူငယ်ချင်းတို့သည်လည်း ထိုမှ,ဤမှ ပြေးကာလွှားကာ လိုက်လံရှာဖွေကြသော်လည်း မတွေ့မြင်ကြရလေကုန်။ သူငယ်ချင်းအားလုံးတို့သည် ရေချိုးပြီးလျှင် အိမ်သို့ ပြန်လာခဲ့ကြကုန်၏။

"သူဌေးသား အဘယ်မှာနည်း"ဟု မေးကြသောအခါ "ရေချိုးပြီး၍ ပြန်သွားနှင့်ပြီ"ဟု ထင်ကြကြောင်းဖြင့် ပြောဆိုကြလေလျှင် မိခင်,ဖခင်တို့သည် ထိုထိုအရပ်၌ ရှာဖွေ၍ မတွေ့မြင်ကြကုန်သည်ရှိသော် ငိုကြွေးမြည်တမ်းကြကုန်လျက် "သေလွန်လေပြီ ဖြစ်လတ္တံ့"ဟု အမှတ်ပြု၍ မတကဘတ်-ဟူသော သေလွန်သောသူအား ရည်မှန်း၍ ကျွေးမွေးခြင်း (ဆွမ်းသပိတ်သွတ်)အလှူ လှူဒါန်းကြလေကုန်၏။ ထိုအမျိုးသမီးသည်လည်း တက္ကသိုလ်ပြည်သို့ သွားသော လှည်းကုန်သည် ၁-ယောက်ကို မြင်သဖြင့် ယာဉ်ငယ်၏ နောက်မှ,နောက်မှ အစဉ်တစိုက် လိုက်သွားလေ၏။ ထိုအခါ အမျိုးသမီးကို လူတို့ မြင်လျှင် "ငါတို့၏ လှည်းယာဉ်ငယ် နောက်မှ,နောက်မှ အဘယ်ကြောင့် အစဉ်တစိုက် လိုက်လာသနည်း။ ငါတို့လည်း ဤသတို့သမီးကို 'အဘယ်သူ၏သမီး'-ဟု မသိကြကုန်"ဟု ပြောဆိုကြလေကုန်၏။

ထိုအမျိုးသမီးသည်လည်း "အရှင်၊ အရှင်တို့ ကိုယ့်လှည်းယာဉ်ကိုသာ ကိုယ်မောင်းနှင်ကြပါကုန်လော့။ အကျွန်ုပ်သည်ကား ခြေဖြင့်သာ သွားပါအံ့"ဟု ဆိုကာ ခြေကျင်သွားသည်ရှိသော် ခြေတို့ ပေါက်ကွဲကုန်သဖြင့် လက်စွပ်ကို ပေး၍ လှည်းယာဉ် ၁-စီး၌ စီးနင်းလိုက်ပါရန် အခွင့်တောင်းခြင်းကို ပြုရလေ၏။ လူတို့သည်လည်း "တက္ကသိုလ်ပြည်၌ ငါတို့သူဌေးသားအား မယား မရှိသေး။ ထိုသူဌေးသားအား ပြောကြားကြကုန်အံ့။ ဤသို့ ပြောကြားလတ်သော် ငါတို့အား များစွာသော လက်ဆောင်ပဏ္ဏာ ရပေလတ္တံ့"ဟု ကြံစည်ကြလေကုန်၏။

ထို့နောက် လှည်းကုန်သည်တို့သည် သူဌေးသားအိမ်သို့ သွား၍ "အရှင်သူဌေးသား၊ ကျွန်ုပ်တို့သည် အရှင်သူဌေးသားအလို့ငှာ ၁-ဦးသော မိန်းမရတနာကို ဆောင်နှင်းခဲ့ပါသည်" ဟု ပြောကြားကြကုန်၏။ သူဌေးသားသည်လည်း ထိုစကားကို ကြားလေလျှင် ထိုအမျိုးသမီး ကို ခေါ်စေ၍ မိမိ၏အရွယ်နှင့် လိုက်လျောလျောက်ပတ်သော ကြည်လင်စွဲမက် နှစ်သက် ချင်စဖွယ် အလွန်တရာ လှပတင့်တယ်သည်ကို မြင်လေလျှင်ဖြစ်သော ချစ်ခင်စုံမက် နှစ်သက်ခြင်းရှိရကား မိမိအိမ်၌ လက်ခံသိမ်းပိုက်ခြင်းအမှု ပြုထားလေ၏။

မိန်းမ မဖြစ်ဖူးသော ယောကျ်ား, ယောကျ်ား မဖြစ်ဖူးသော မိန်းမမည်သည် မရှိကြ ကုန်။ ချဲ့၍ ဆိုဦးအံ့။ ယောကျ်ားတို့သည် သူတပါး၏ သား,မယားတို့၌ လွန်ကျူးပြစ်မှား၍ စုတေသေလွန်သည်ရှိသော် များစွာသော အနှစ် ၁-သိန်းတို့ပတ်လုံး ငရဲ၌ ကျရောက်ခံစားရ ပြီးလျှင် ထိုငရဲမှ လွတ်မြောက်ကာ လူ့ဘဝသို့ ရောက်လာကုန်သည်ရှိသော် ဘဝအရာသော အတ္တဘောတို့ပတ်လုံး မိန်းမအဖြစ်သို့သာ ရောက်ကြရကုန်၏။

ကမ္ဘာ ၁-သိန်းတိုင်တိုင် ပါရမီဖြည့်ပြီးဖြစ်သော အရိယာသာဝက အရှင်အာနန္ဒာ မထေရ်မြတ်သော်မှလည်း သံသရာ၌ ကျင်လည်စဉ် ၁-ခုသော ကိုယ်အဖြစ်၌ ပန်းထိမ်သည် အမျိုး၌ဖြစ်၍ သူတပါး၏မယားကို ပြစ်မှားကျူးလွန်သော မကောင်းမှုကံကို ပြစ်မှားမိလေ သောကြောင့် ငရဲ၌ အကျက်ခံရပြီးမှ ထိုဝိပါက်အကြွင်းအကျန်၏ အစွမ်းကြောင့် ၁၄- ကြိမ်သော ကိုယ်၏အဖြစ်တို့၌ ယောကျ်ား၏ ခြေရင်းအလုပ်အကျွေးမိန်းမ ဖြစ်ရဖူးလေ၏။ ၇-ကြိမ်သော ကိုယ်၏အဖြစ်တို့၌ ဝှေးစေ့အထုတ်ခံရခြင်းသို့ ရောက်ရဖူးလေ၏။

မိန်းမတို့မည်သည်ကား အလှူပေးခြင်း-စသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်၍ မိန်းမအဖြစ် မိန်းမဘဝ၌ တပ်နှစ်သက်ခြင်း ကင်းစေပြီးလျှင် "ဤကောင်းမှုကုသိုလ်ကံသည် ငါတို့အား ယောကျ်ား၏ ကိုယ်ခန္ဓာအဖြစ်ကို ရခြင်းအကျိုးငှာ ဖြစ်ပါစေသား"ဟု စိတ်ကို မြဲမြံစွာ ဆောက်တည်နိုင်ကြလျှင် စုတေသေလွန်ပြီးသောအခါ ယောကျ်ား၏ ကိုယ်ခန္ဓာ အဖြစ်ကို ရနိုင်ကြကုန်၏။ အိမ်ရှင်လင်ယောကျ်ားအပေါ်၌ အိမ်ဦးနတ်ပမာ ရိုသေစွာ လုပ်ကျွေးခြင်း-ဟူသော အကျင့်ကောင်းခြင်း၏ အစွမ်းကြောင့်လည်း ယောကျ်ား၏ ကိုယ်ခန္ဓာအဖြစ်ကို ရနိုင်ကြကုန်သည်သာလျှင် ဖြစ်၏။

----- x -----

## (၃) ကလေး ၂-ယောက်ရပြီးမှ မိတ်ဆွေဟောင်းနှင့်တွေ့ခြင်း

ဤသောရေယျသူဋ္ဌေးသားသည်ကား အရှင်မဟာကစ္စည်းမထေရ်မြတ်၌ မသင့်တင့်သော စိတ်နှလုံးသွင်းခြင်းကို ဖြစ်စေမိသဖြင့် ဤမျှက်မှောက်သော ကိုယ်၏အဖြစ်၌ပင်လျှင် မိန်းမစင်စစ် ဧကန်ဖြစ်ရလျက် တက္ကသိုလ်ပြည်၌ သူဋ္ဌေးသားနှင့် အတူတကွ ဆက်ဆံပေါင်းသင်း နေထိုင်ခြင်းကို အစွဲပြု၍ ထိုတက္ကသိုလ် သူဋ္ဌေးကတော်၏ဝမ်း၌ ကိုယ်ဝန်သန္ဓေတည်နေလေ၏။ ထိုသူဋ္ဌေးကတော်သည် ၁၀-လလွန်သောအခါ သားကို ရ၍ ထိုသူငယ်ခြေဖြင့် သွားနိုင်သောအခါ သား ၁-ယောက်ကိုလည်း ရပြန်လေ၏။

ဤသို့လျှင် ထိုသူဋ္ဌေးကတော်အား(တက္ကသိုလ်ပြည်ဝယ်) ဝမ်း၌လွယ်၍ မွေးဖွားရသော သားငယ် ၂-ယောက်, သောရေယျပြည်၌ ယောကျ်ားအဖြစ်နှင့် နေစဉ် ထိုသူဋ္ဌေးကတော်ကိုပင် အစွဲပြု၍ ဖွားမြင်သော သားငယ် ၂-ယောက်၊ ဤသို့အားဖြင့် သား ၄-ယောက် ရှိလေကုန်၏။

ထိုအခါ သောရေယျပြည်မှ ထိုသူဋ္ဌေးကတော်၏ အဆွေခင်ပွန်းဖြစ်သော သူဋ္ဌေးသားသည် လှည်း ၅၀၀-တို့ဖြင့် တက္ကသိုလ်ပြည်သို့ သွားရောက်၍ ငြိမ့်သောယာဉ်ငယ်ကို စီးလျက် မြို့တွင်းသို့ ဝင်လာလေ၏။ ထိုအခါ သူဋ္ဌေးကတော်သည် အထက်ပြာသာဒ်အပြင်လေသောက်ပြတင်းပေါက်ကို ဖွင့်လှစ်၍ လမ်းခရီးလမ်းကြားကို ကြည့်လျက် ရပ်နေစဉ် ထိုသူဋ္ဌေးသားကို မြင်ရလေလျှင် ကောင်းစွာ မှတ်မိသဖြင့် ကျွန်မကို စေလွှတ်၍ ခေါ်စေကာ ကောင်းမြတ်သော ပြာသာဒ်အပြင်ဝယ် နေစေလျက် မြတ်နိုးတနာ ပူဇော်သက္ကာ ပြုစုလုပ်ကျွေးလေ၏။ ထိုအခါ ထိုတက္ကသိုလ်သူဋ္ဌေးကတော်ကို သောရေယျပြည်မှ ရောက်လာစဖြစ်သော သူဋ္ဌေးသားသည် "အရှင်မ၊ သင့်ကို ရှေးအခါက ငါတို့ မမြင်ဖူးပါ။ ထိုသို့ မသိမမြင်ဖူးပါလျက် အဘယ်အတွက်ကြောင့် ငါတို့အား မြတ်နိုးတနာ ပူဇော်သက္ကာ ပြုစုလုပ်ကျွေးပါသနည်း။ သင် ငါတို့ကို သိပါသလော"ဟု ပြောဆိုမေးမြန်းလေ၏။

"အရှင် သူဋ္ဌေးသား၊ ဩော်- သိသည် မှန်ပါ၏။ သင်တို့သည် သောရေယျပြည်သား မဟုတ်ပါကုန်လော"ဟု မေးသောအခါ "အရှင်မ၊ ငါတို့ကား သောရေယျပြည်သား မှန်ပေ၏"ဟု ဆိုလေရာ သူဋ္ဌေးကတော်သည် သောရေယျပြည်၌ နေကြသော မိခင်,ဖခင်တို့၏လည်းကောင်း မယားဖြစ်သူ၏လည်းကောင်း သားငယ် ၂-ယောက်တို့၏လည်းကောင်း အနာရောဂါကင်းရှင်း ကျန်းမာခြင်းအကြောင်းကို မေးမြန်းလေ၏။

သောရေယျသူဌေးသားသည်လည်း "အရှင်မ၊ အနာရောဂါကင်းရှင်း ကျန်းမာခြင်း ရှိကြပါ၏"ဟု ဆိုပြီးလျှင် သူဌေးသားသည် "အရှင်မ၊ ဤသူတို့ကို သိပါသလော"ဟု မေးမြန်းလေလျှင် "အရှင်သူဌေးသား၊ သိသည် မှန်ပါ၏။ ထိုသူတို့အား သားယောက်ျား ၁-ယောက်ရှိသည် မဟုတ်ပါလော။ အရှင်၊ ထိုသားယောက်ျားသည် ယခု အဘယ်အရပ်မှာပါနည်း"ဟု မေးလေလျှင် "အရှင်မ၊ ဤအကြောင်းကို မပြောပါလင့်တော့။ ငါတို့သည် ထိုသူနှင့်အတူတကွ ငြိမ့်သောယာဉ်ငယ်ကို စီးနင်းလျက် ရေချိုးခြင်းငှာ ထွက်ခွါသွားကြစဉ် ထိုသူ၏ သွားရောက်ရာအရပ်ကို မသိကြတော့ကုန်။ ထိုမှ,ဤမှ လှည့်လည်ရှာဖွေကြသော်လည်း ထိုသူကို မတွေ့မြင်တော့သောကြောင့် မိခင်,ဖခင်တို့ကို အကြောင်းကြားကုန်သည်ရှိသော် မိဘတို့လည်း ငိုကြွေးမြည်တမ်းလျက် သေလွန်သည်ထင်၍ သူ့အတွက် မတကာဘတ်လှူဒါန်းခြင်းကိစ္စကို ပြုလုပ်ကြပါကုန်ပြီ"ဟု ဆိုလေ၏။

"အရှင်သူဌေးသား၊ အရှင်နှင့်တကွ ယာဉ်ငြိမ့်စီး၍ ရေချိုးထွက်သော ထိုသူဌေးသား-ဟူသည် ကျွန်မပင် ဖြစ်ပေ၏"ဟု ဆိုလေလျှင် "အရှင်မ၊ တန်လော့။ အဘယ်သို့သော စကားကို ပြောကြားဘိသနည်း။ ငါ့အဆွေခင်ပွန်းသည်ကား နတ်သား ၁-ယောက်ကဲ့သို့ အလွန်တရာ ချောမောလှပသော ယောက်ျား ၁-ယောက်ဖြစ်၏"ဟု ငြင်းဆိုလေရာ "အရှင်သူဌေးသား၊ ထိုသို့ပင် ဖြစ်သည်ရှိပါစေ။ ထိုလုလင်သူဌေးသားသည်ကား ကျွန်မပင်တည်း" ဟု ပြောကြားပြန်သောအခါ ထိုသူဌေးကတော်ကို "ဤသို့ မိန်းမဖြစ်ရခြင်းကား အဘယ်ပုံဖြစ်ရပါသနည်း"ဟု မေးမြန်းလေ၏။

" အရှင်သူဌေးသား၊ ကျွန်ုပ်တို့ ထိုရေချိုးရန် သွားသောနေ့၌ အသင်သည် အရှင်-မဟာကစ္စည်းမထေရ်ကို မြင်လိုက်မိသည် မဟုတ်ပါလော"ဟု မေးသော် "ဩော်- မြင်လိုက်မိသည် မှန်ပေ၏"ဟု ပြောလေလျှင် "ကျွန်မသည် ဤအရှင်မဟာကစ္စည်းမထေရ်မြတ်ကို ကြည့်ရှု၍ 'ဤမထေရ်သည်မူကား ငါ့မယားဖြစ်ပါမူ ဩော်-ကောင်းလေစွ။ ဤမထေရ်၏ ကိုယ်ရေအဆင်းကဲ့သို့မူလည်း ငါ့မယား၏ ကိုယ်ရေအဆင်း ဖြစ်ပါမူကား ဩော်-ကောင်းလေစွ'-ဟု ကြံစည်မိပါ၏။ ဤသို့ ကြံစည်မိသော ခဏ၌ပင်လျှင် ယောက်ျားအသွင် ကွယ်ပျောက်ခဲ့၍ မိန်းမအသွင် ထင်ရှားစွာ ဖြစ်ပေါ်လာပါ၏။ ထိုအခါကာလ ကျွန်မသည် ရှက်နိုးလှသဖြင့် တစ်စုံတစ်ယောက်သောသူအား ၁-ခွန်းသောစကားကိုမျှ ပြောဆိုခြင်းငှာ မတတ်နိုင်တော့သည်သာဖြစ်၍ သောရေယျပြည်မှ ထွက်ပြေးခဲ့ကာ ဤတက္ကသိုလ်ပြည်သို့ ရောက်လာခဲ့ရပါ၏ အရှင်သူဌေးသား"ဟု စုံလင်စွာ ပြောကြားပြလတ်သည်ရှိသော်-

"ဩော် သင်ပြုအပ်သော အမှုသည်ကား စင်စစ် အလွန်ဝန်လေးစွတကား။ ထိုသို့ဖြစ်ပါလျက် အဘယ်အတွက်ကြောင့် ငါ့အား မပြောကြားလေဘိသနည်း။ စင်စစ်သော်

ကား သင်သည် အရှင်မဟာကစ္စည်းမထေရ်ကို တောင်းပန်ကန်တော့အပ်ပြီးပြီလော”ဟု မေးလေလျှင် “အရှင်သူဌေးသား၊ ကျွန်မ မကန်တော့ရသေးပါ”ဟု ဆိုသောအခါ “အရှင်-မဟာကစ္စည်းမထေရ်မြတ် အဘယ်အရပ်၌ နေသည်ကို သင်သိ၏လော”ဟု မေးပြန်လေ၏။ “ဤတက္ကသိုလ်ပြည်ကိုသာ အမှီပြု၍ နေတော်မူ၏-ဟု သိရှိရပါ၏။ အကယ်၍ ဆွမ်းအလို့ငှာ လှည့်လည်လာသဖြင့် ကျွန်မတို့၏ ဤအိမ်သို့ ကြွလာပါမူကား ကျွန်မသည် ကိုယ်တိုင် ကျွန်မ၏အရှင်မြတ်အား ဆွမ်းအာဟာရကို လှူဒါန်းပါအံ့ အရှင်သူဌေးသား”ဟု ဆိုရကား “ထိုသို့ဖြစ်ပါမူ လျင်မြန်စွာ ပူဇော်သက္ကာရကို ပြုပါလော့။ ငါတို့လည်း အရှင်မဟာ-ကစ္စည်းမထေရ်ကို တောင်းပန်ပေးပါအံ့”ဟု ပြောဆိုပြီးလျှင် ထိုသူဌေးသားသည် ထိုမထေရ်မြတ်၏ သီတင်းသုံးရာအရပ်သို့ သွားရောက်၍ ရိုသေစွာ ရှိခိုးလျက် တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးလျှင် “အရှင်မြတ်ဘုရား၊ မနက်ဖြန်တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါကုန်ဘုရား”ဟု လျှောက်ကြားလေ၏။

“အမောင်သူဌေးသား၊ သင်သည် ဧည့်သည်မဟုတ်လော”ဟု မိန့်တော်မူလတ်သော် “အရှင်မြတ်ဘုရား၊ တပည့်တော်တို့၏ ဧည့်သည်အဖြစ်ကို မေးမြန်းတော်မမူပါလင့်။ မနက်ဖြန် တပည့်တော်တို့၏ ဆွမ်းအလှူကိုသာ ခံယူတော်မူပါကုန်ဘုရား”ဟု လျှောက်ကြားသဖြင့် မထေရ်မြတ်သည်လည်း ဝန်ခံတော်မူလိုက်လေ၏။ အိမ်၌လည်း မထေရ်မြတ်၏ အတွက် ကြီးကျယ်စွာသော ပူဇော်ဖွယ်ရာကို စီရင်လေ၏။

----- x -----

### (၄) အရှင်မဟာကစ္စည်းမထေရ်အား ကန်တော့သဖြင့် ယောကျ်ားပြန်ဖြစ်ခြင်း

မထေရ်မြတ်သည် တဖန်မိုးသောက် အလင်းရောက်သောအခါ ထိုအိမ်တံခါးသို့ ကြွတော်မူလေ၏။ ထိုအခါ မထေရ်မြတ်ကို နေထိုင်တော်မူစေ၍ မွန်မြတ်သော ဆွမ်းဘောဇဉ်အာဟာရဖြင့် ပြုစုလုပ်ကျွေးပြီးလျှင် သူဌေးသားသည် ထိုမိန်းမကို ခေါ်၍ မထေရ်မြတ်၏ခြေရင်း၌ ဝပ်စင်းစေ၍ “အရှင်မြတ်ဘုရား၊ တပည့်တော်၏ အဆွေခင်ပွန်းမအား ကျေနပ်သည်းခံတော်မူပါဘုရား”ဟု လျှောက်ကြားလေ၏။

မထေရ်မြတ်သည်လည်း “ဤကန်တော့တောင်းပန်ရခြင်းအကြောင်းကား အဘယ်အကြောင်းနည်း”ဟု မေးလေလျှင် “အရှင်မြတ်ဘုရား၊ ဤဒါယိကာမသည် ရှေးအခါက တပည့်တော်၏ ချစ်ခင်လှစွာသော အဖော်မိတ်ဆွေဖြစ်ပါသည်။ အရှင်ဘုရားတို့ကို ကြည့်ရှုပြီးလျှင် ဤမည်သော အကြံအစည်ကို ကြံစည်မိပါသည်ဘုရား။ ထိုသို့ ကြံစည်မိသောအခါ

ဤသူ့အား ယောကျ်ားအသွင် ကွယ်ပျောက်ခဲ့၍ မိန်းမအသွင် ထင်ရှားစွာ ပေါ်ပေါက်ဖြစ်ပေါ်လာပါသည်ဘုရား။ အရှင်ဘုရား၊ သည်းခံကျေနပ်တော်မူပါကုန်ဘုရား"ဟု လျှောက်ကြားတောင်းပန်လေ၏။ "ထိုသို့ဖြစ်မူ ထကြကုန်လော့။ သင်တို့ကို ငါကျေနပ်သည်းခံ၏"ဟု ဆိုလေ၏။ မထေရ်မြတ်သည် "ငါကျေနပ်သည်းခံ၏"ဟု ဆိုလိုက်ကာမျှ၌ပင်လျှင် မိန်းမအသွင် ကွယ်ပျောက်ခဲ့၍ ယောကျ်ားအသွင် ထင်ရှားစွာ ပေါ်ပေါက်ဖြစ်ပေါ်လာလေ၏။

ဤသို့လျှင် ယောကျ်ားအသွင် ထင်ရှာစွာဖြစ်ပေါ်လာကာမျှ၌ပင်လျှင် ထိုသောရေယျသူဌေးသားကို တက္ကသိုလ်ပြည်သား သူဌေးသားသည် "အချင်းမိတ်ဆွေ၊ ဤသူငယ် ၂-ယောက်တို့သည်ကား သင်၏ဝမ်း၌ လွယ်၍ ဖွားမြင်ခဲ့ခြင်း, ကျွန်ုပ်ကို စွဲ၍ ဖြစ်ပေါ်လာခြင်းတို့ကြောင့် ငါတို့ ၂-ဦးလုံးတို့၏ သားသူငယ်သာလျှင်တည်း။ ဤတက္ကသိုလ်ပြည်၌သာ အတူတကွ နေကြကုန်စို့အံ့။ မပျင်းရိ မငြီးငွေ့ပါလင့်"ဟု ပြောဆိုလေ၏။

----- x -----

## (၅) သောရေယျသူဌေးသား ရဟန်းပြုပြီးနောက် ရဟန္တာဖြစ်ခြင်း

"အချင်းမိတ်ဆွေ၊ ကျွန်ုပ်ကား ၁-ခုသောဘဝ, ၁-ခုသောကိုယ်အဖြစ်ဖြင့်ပင် ရှေးဦးစွာ ပထမယောကျ်ားဖြစ်၍ တဖန်မိန်းမအဖြစ်သို့ ရောက်ရပြီးနောက် ယောကျ်ားတဖန်ဖြစ်ရပြန်လျက် ဤသို့ ဖောက်ဖောက်ပြန်ပြန်ဖြစ်ခြင်းသို့ ရောက်ရ၏။ ရှေးဦးပထမ ကျွန်ုပ်ကို အကြောင်းပြု၍ သား ၂-ယောက် ဖြစ်လာကုန်၏။ ယခု မိန်းမဖြစ်သောအခါ၌လည်း ကျွန်ုပ်၏ဝမ်းမှ သား ၂-ယောက် ဖွားမြင်ရပြန်ကုန်၏။ ထိုအကျွန်ုပ်သည် ၁-ခုတည်းသောဘဝ, ၁-ခုတည်းသော အတ္တဘောဖြင့် ပြောင်းလဲဖောက်ပြန်သော အခြင်းအရာသို့ ရောက်ရခြင်းကြောင့် "နောက်ထပ်တဖန် အိမ်၌ နေဦးမည်-ဟု အမှတ်သညာ မပြုလိုတော့ပြီ။ ကျွန်ုပ်သည် မထေရ်မြတ်၏အထံ၌ ရဟန်းပြုတော့အံ့။ ဤသား ၂-ယောက်တို့လည်း အသင်၏တာဝန်ဖြစ်တော့ရကား ဤသားငယ် ၂-ယောက်တို့အပေါ်၌ မမေ့မလျော့ ပြုစုစောင့်ရှောက်ရစ်ပါလော့"ဟု ပြောဆိုမှာကြားပြီးလျှင် သားငယ်တို့ကို ဦးခေါင်း၌ အဖန်ဖန် နမ်းရှုပ်ပွတ်သပ်လျက် ရင်ခွင်ထက်၌ အိပ်စေပြီးလျှင် ဖခင်သူဌေးအား အပ်နှင်းကာ အိမ်မှ ထွက်ခဲ့၍ မထေရ်မြတ်၏အထံတော်၌ ရဟန်းအဖြစ်ကို တောင်းပန်လေ၏။ အရှင်မဟာကစ္စည်းမထေရ်မြတ်သည်လည်း ထိုသောရေယျသူဌေးသားကို ရှင်ရဟန်းပြုစေ၍ ကမ္မဋ္ဌာန်းကို သင်ယူစေပြီးလျှင် ဒေသစာရီ ကြွချီတော်မူလတ်သည်ရှိသော် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်တော်မူလေ၏။ ထိုရဟန်းသစ်အား သောရေယျမထေရ်ဟူသော အမည်တွင်လေ၏။

ဇနပုဒ်၌ နေသောသူတို့သည် ထိုသောရေယျမထေရ်၏ဖြစ်ပုံ အကြောင်းစုံကို သိကုန်ရကား တုန်လှုပ်ချောက်ချားလျက် အုတ်အုတ်ကျက်ကျက် တခဲနက်သောအသံဖြစ်ကုန်၍ သောရေယျမထေရ်အထံသို့ ချဉ်းကပ်ကြပြီးလျှင် လျှောက်ထားမေးမြန်းကြလေကုန်၏။ အဘယ်သို့ လျှောက်ထားမေးမြန်းကြကုန်သနည်းဟူမူ-

"အရှင်ဘုရား၊ 'ဤသို့,ဤပုံ ဖြစ်ခဲ့ကုန်၏'-ဟူသည် မှန်ပါသလောဘုရား"ဟု မေးလျှောက်လေလျှင် "ငါ့ရှင် ဒါယကာတို့၊ မှန်ကန်ပေ၏"ဟု မိန့်ဆိုလတ်သော် "အရှင်ဘုရား၊ ဤသို့သဘောရှိသော အကြောင်းမည်သည်လည်း ဖြစ်ရချေသေး၏။ အရှင်ဘုရားတို့၏ ဝမ်း၌လွယ်၍ သားငယ် ၂-ယောက် ဖွားကုန်သတတ်။ အရှင်ဘုရားတို့ကို အစွဲပြု၍ သားငယ် ၂-ယောက် ဖြစ်ကုန်သတတ်။ ထိုသားငယ် ၄-ယောက်တို့တွင် အရှင်ဘုရားတို့သည် အဘယ်သားတို့၌ အားကြီးသောချစ်ခြင်း ဖြစ်ပါသနည်း"ဟု မေးလျှောက်ကြရာ "ဒါယကာတို့၊ ဝမ်း၌ဖြစ်၍ လွယ်ဖွားရသော သားငယ်တို့အပေါ်၌ အားကြီးသော ချစ်ခြင်းသည် ဖြစ်၏" ဟု မိန့်တော်မူလေ၏။ ရောက်လာ,ရောက်လာကုန်သော သူတို့သည်လည်း ထိုနည်းတူစွာသာလျှင် မပြတ် မေးမြန်းကြလေကုန်၏။

အရှင်သောရေယျမထေရ်သည်လည်း "ဝမ်း၌ဖြစ်၍ လွယ်ဖွားရသော သားငယ်တို့အပေါ်၌သာလျှင် ချစ်ခြင်းအားကြီးသည်"ဟု အဖန်ဖန် မိန့်ဆိုပြောကြားရသည်ရှိသော် ရှက်နိုးရကား ၁-ပါးတည်းသာ ထိုင်ခြင်း, ၁-ပါးတည်းသာ ရပ်ခြင်းတို့ကို ပြုလေ၏။ သောရေယျမထေရ်သည် ဤသို့ ၁-ပါးတည်းသာ နေလေ့ရှိသောသူ၏အဖြစ်သို့ ကပ်ရောက်လျက် ခန္ဓာကိုယ်အတ္တဘော၌ ကုန်ခန်းခြင်း, ပျက်စီးခြင်း-ဟူသော ခယဝယကမ္မဋ္ဌာန်းကို ထင်မြင်ပေါက်ရောက်အောင် စီးဖြန်းဆင်ခြင်သည်ရှိသော် ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုသို့ ရဟန္တာဖြစ်ပြီးသောအခါ၌ လာတိုင်း,လာတိုင်းကုန်သောသူတို့သည် "အရှင်ဘုရား၊ 'ဤသို့ဤပုံ ဖြစ်ခဲ့ရကုန်၏'-ဟူသည် ဟုတ်မှန်ပါသလောဘုရား"ဟု လျှောက်ထားမေးမြန်းကြလေလျှင် "ငါ့ရှင်တို့၊ ဟုတ်မှန်ပေ၏"ဟု ဖြေဆိုလေ၏။ "အဘယ်သားတို့အပေါ်၌ အားကြီးသော ချစ်ခြင်းဖြစ်ပါသနည်း"ဟု တဖန် မေးလျှောက်ပြန်သော် "ငါ့အား တစ်စုံတစ်ယောက်သော သားတို့အပေါ်၌ ချစ်ခြင်းမည်သည် မရှိတော့ပြီ"ဟု ပြောဆိုလေ၏။ ရဟန်းတို့သည် "ဤသောရေယျမထေရ်ကား မဟုတ်မမှန်သော စကားကို ပြောဆိုဘိ၏။ ရှေးရှေးသောနေ့တို့၌ 'ဝမ်း၌လွယ်၍ ဖွားမြင်ရသော သားတို့အပေါ် ချစ်ခြင်းအားကြီးသည်သာ'-ဟု ပြောဆိုပါလျက် ယခုအခါ၌ကား 'ငါ့အား တစ်စုံတစ်ယောက်သော သားတို့အပေါ်

၌ ချစ်ခြင်းမည်သည် မရှိတော့ပြီ'-ဟု ပြောဆိုဘိ၏။ အရဟတ္တဖိုလ်စကားကို ပြောကြားပါသည် မြတ်စွာဘုရား"ဟု ဘုရားရှင်အား လျှောက်ကြားကြကုန်၏။

ဘုရားရှင်သည် "ချစ်သား ရဟန်းများတို့ ငါ၏သားတော် သောရေယျမထေရ်သည် အရဟတ္တဖိုလ်စကားကို ပြောကြားသည် မဟုတ်။ ကောင်းစွာ ဆောက်တည်အပ်သော စိတ်ဖြင့် ချစ်ခြင်း, စွဲလမ်းခြင်းကို အလျှင်းမရှိ ကင်းပြတ်ဘိအောင် အကြွင်းမဲ့ ဖြတ်တောက်တတ်သော မဂ်တရားကို သိမြင်သည်မှစ၍ ငါ၏သားတော် သောရေယျမထေရ်အား တစ်စုံတစ်ယောက်သောသူတို့အပေါ်၌ ချစ်ခြင်း အလျှင်းမရှိတော့ပြီ။ ဤမဂ်ဖိုလ်တည်းဟူသော စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို မိခင်လည်း မပြုစွမ်းနိုင်၊ ဖခင်လည်း မပြုစွမ်းနိုင်ပေ။ ဤသတ္တဝါတို့အား မိမိကိုယ်တွင်း၌ဖြစ်သော, ကောင်းစွာ ဆောက်တည်အပ်သော စိတ်သည်သာလျှင် ထိုမဂ်ဖိုလ်တည်းဟူသော စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို ပေးစွမ်းနိုင်၏"ဟု မိန့်တော်မူကာ ဤဝတ္ထု၏အစ၌ ပြဆိုအပ်ခဲ့ပြီးသော "န တံ မာတာ ပိတာ ကယိရာ" အစရှိသော ဂါထာဒေသနာတော်ကို ဟောကြားတော်မူလေ၏။

----- x -----

## (၆) ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်-စသည်တို့သို့ ရောက်ကြလေကုန်၏။ ထိုဒေသနာတော်သည် လူများအပေါင်းအား အကျိုးရှိသော တရားဒေသနာတော် ဖြစ်လေ၏။

သောရေယျတ္ထေရဝတ္ထု ပြီး၏။

၃-ခုမြောက်သော စိတ္တဝဂ်သည် ဤတွင်ရွေ့ ပြီး၏။

မဟာဝိဇိတာရုံဓမ္မပဒဝတ္ထုတော်ကြီး၊ ပထမတွဲ ပြီး၏။

✪ ✪ ✪ ✪ ✪ ✪

(ဒုတိယ, တတိယ, စတုတ္ထတွဲများကို ဆက်လက်၍ ကြည့်ရှုတော်မူကြပါကုန်။)

ဗတ္တာဝတာ စ-

၁။ ဧရာဝတီမဟာနဒီ၊ ယောဂိနံ သုခဝဍ္ဎိနီ။
တောသယီ ပေါသိနီ စာပိ၊ ဇနာနံ ဟိတကာရိနီ။ ။

စ၊ ဓမ္မပဒဝတ္ထုတော်ကြီး၊ ကျော်ဟီးလွန်ကဲ၊ အတွဲပထမ၊ နိဂမကို၊ သိရအောင် ပြဆိုလိုက်ပါဦးအံ့။ ဗတ္တာဝတာ၊ ကြည့်ရှုကြသူ၊ ရှင်,လူအများ၊ မှတ်သား၍လွယ်၊ အဓိပ္ပါယ်နှင့်၊ မလွယ်ကွယ်ဝှက်၊ အသိခက်ကို၊ ရှင်းလျက်ပိုင်းခြား၊ သိထင်ရှားအောင်၊ သီးခြားညွှန်ကာ၊ ဒေသနာလည်း၊ လင်္ကာဆောင်ပုဒ်၊ ပုဒ်တိုင်းထုတ်၍၊ ပြုလုပ်တီထွင်၊ ရှုချင်ဖွယ်ရာ၊ အဖြာဖြာဖြင့်၊ လွန်စွာခမ်းနား၊ ပြည့်စုံငြား၍၊ ရှုစားတိုင်းပင်၊ စိတ်အစဉ်ကို၊ ကြည်လင်ပွါးတိုး၊ ကုသိုလ်ဖြိုးအောင်၊ မရိုး,မဆန်း၊ တမျိုးမှန်းလျက်၊ ကြိုးပမ်းတီထွင်၊ ဤမျှသော စကားအစဉ်ဖြင့်-

၁။ ဧရာဝတီမဟာနဒီ၊ ထက်နှင့်အောက်ပြည်၊ ကုန်စည်ရောင်းဝယ်၊ ဆက်သွယ်ပို့ဆောင်ရာဌာန၊ မြန်မာ့သွေးကြောပမာ၊ လွန်စွာကျိုးဆောင်၊ တိမ်ရောင်ကွန့်မြူး၊ မကန်းလူးရာ၊ ချိန်ဆည်းဆာတွင်၊ ရှုမြင်သူနှလုံး၊ ရွှင်ပြုံးဝေဖြာ၊ သလ္လာဝတီ၊ ဒုဋ္ဌမည်ငြား၊ စသားထို၍၊ မြန်ပြည်တလွှား၊ မြစ်အများတွင်၊ ထင်ရှားတင့်တယ်၊ ဝင့်ထယ်ဝေဆာ၊ ဧရာဝတီ၊ နာမည်ကျော်ဟည်းသော မြစ်ကြီးသည်။ ယောဂီနံ၊ ပရိယတ်နှင့်၊ ပိဋကတ်ဓမ္မက္ခန်၊ အတန်တန်ကို၊ ကျင့်ကြံလိုက်စား၊ တရားအာရုံ၊ ပွါးထုံလေ့လာ၊ ဖြာဖြာဆင်ခြင်၊ သူတော်စင်ယောဂီတို့အား။ သုခဝဍ္ဎိနီ၊ နေ့စဉ်,လစဉ်၊ အစဉ်သောက်ချိုး၊ အားကိုးတစ်ခု၊ အခြေပြုလင့်၊ နေမှုတင့်လျက်၊ တိုးမြှင့်သက်တမ်း၊ စိတ်ရွှင်လန်းကာ၊ အေးချမ်းသာကြည်၊ တရားရည်ကို၊ နေ့ရှည်လများ၊ အဆဆ ပွါးတိုးစေနိုင်၏။ တောသယီ၊ ပီတိမျိုးမျိုး၊ ပွါးတိုးခြိမ့်ခြိမ့်၊ နှစ်သိမ့်ရွှင်လန်းစေနိုင်၏။ ပေါသိနီ စာပိ၊ နေ့စဉ်,နေ့စဉ်၊ တရားလျဉ်ကို၊ အစဉ်တိုးတက်၊ ထက်မြက်စေရေး၊ ခြေခံပေး၍၊ ရေအေးသီတာ၊ သုံးစေကာဖြင့်၊ တိုက်ကာ,ချိုးကာ၊ မွေးမြူလည်း မွေးမြူစေပါ၏။ ဇနာနံ၊ ဝဲ,ယာ ၂-ဘက်၊ ရှိလျက်နေငြား၊ ရှင်,လူအများတို့၏။ ဟိတကာရိနီ၊ လောကီ, လောကုတ္တရာ၊ ဖြာဖြာတရား၊ ကျိုးစီးပွါးကို၊ ထူးခြားမသွေ၊ ပြုတတ်ပေ၏။

၂။ တဿာ ပစ္ဆိမဘာဂမှိ၊ စေတျာ'ဝါသသုမဏ္ဍိတေ။
ဓမ္မိကာနံ သဒါဝါသေ၊ ဇေယျာပုရဂိရုတ္တမေ။ ။

၂။ တဿာ၊ ဧရာဝတီ၊ မြန်ပြည်ကျော်ဟည်း၊ ထိုမြစ်ကြီး၏။ ပစ္ဆိမဘာဂမှိ၊ တော,တောင်ရဂုံ၊ လျှိုမြောင်စုံတို့၊ ဖုံဖုံဆင့်ဆင့်၊ မြရောင်လွှင့်လျက်၊ တင့်တင့်ဆန်းဆန်း၊ ချောင်စခန်းတို့ဖြင့်၊ ရှုခင်းသာယာ၊ အနောက်မျက်နှာအဖို့၌။ စေတျာ'ဝါသသုမဏ္ဍိတေ၊ ဇုဝ-ဥမင်၊ ပုညရှင်နှင့်၊ ရှင်ပင်နံ့ဘုရား၊ ပတ္တမြားစေတီ၊ စသည်ထပ်ထပ်၊ စေတီမြတ်ကျောင်း၊ ဇရပ်အပေါင်းတို့ဖြင့်၊ ကောင်းစွာ တန်ဆာဆင်အပ်ပေထသော။ ဇေယျာပုရဂိရုတ္တမေ၊

မင်းဝံညွန့်တွင်၊ တစ်စီးရှင်နှင့်၊ လင်းယဉ်သည်းချာ၊ အသခ်ယာစောယွမ်း၊ ဘုန်းကံလျှမ်းချွန်၊ ခြောက်ခွန်ခွန်(၆၇၇)က၊ မြို့ပင်းယမှ၊ ပိုင်စားရ၍၊ မြို့ပြအဂ်၊ စုံစွာတီထွင်၊ ရေလျဉ်ရစ်ဝိုင်း၊ မြို့စစ်ကိုင်းဝယ်၊ ခန့်ထည်ဝါလှ၊ ဗုဒ္ဓဘာသာ၊ ရှေးရိုးရာဖြင့်၊ သာသနာ့အဆောက်အအုံ၊ အထူးထူး အဖုံဖုံ၊ လွန်ပြည့်စုံ၍၊ မြင်ရုံမျှပင်၊ စိတ်စဉ်ကြည်နူး၊ အထူးညွတ်ကိုင်း၊ ကမ္ဘာရှိုင်း အောင်၊ သမိုင်းပြောင်သည့်၊ စစ်ကိုင်းတောင်မြတ်၌။ ဓမ္မိကာနံ၊ တရားချစ်ခင်၊ စိတ်ကောင်း ဝင်သူ၊ များရှင်,လူတို့၏။ သဒါဝါသေ၊ အမြဲမပြတ်၊ ချဉ်းကပ်မှီတင်း၊ သီတင်းသုံးရာ ဖြစ်ပေ ထသော။

၃။ ဇေတဝန္တိစေတိယဿ၊ ပါဒမူလေ သုကာရိတေ။
ဝိဟာရေ မာတုယာ ဒိန္နေ၊ ရတ္နာမာရ်အောင်တိကန္ဒရေ။ ။

၃။ ဇေတဝန္တိ စေတိယဿ၊ ဇေယျာတောင်စွန်၊ ရွှေရောင်မွန်ဖြင့်၊ သာလွန်တင့် တယ်၊ ကြည်ညိုဖွယ်ပေါ်၊ ဇေတဝန်မည်သော စေတီတော်၏။ ပါဒမူလေ၊ အနောက်တောင် မျက်နှာ၊ သာယာရှုခင်း၊ ခြေတော်ရင်း၌။ သုကာရိတေ၊ မင်္ဂ,ဖိုလ်လိုချင်၊ ကုသိုလ်ရှင်တို့၊ တီထွင်သတ်မှတ်၊ ကောင်းစွာဖန်ဆင်းပြုလုပ်အပ်သော။ ဝါ၊ သာသနာ့ရောင်ခြည်၊ မှောင် မသီဘဲ၊ ပြောင်ကြည်နေဝန်း၊ အရှည်ထွန်းဖို့၊ ရည်ညွှန်းသတ်မှတ်၊ ကောင်းစွာတည်ထောင် ပြုလုပ်အပ်သော။ ရတ္နာမာရ်အောင်တိကန္ဒရေ၊ ရတနာမြတ်၊ ဝိသုဒ်နတ်၏၊ မြင့်မြတ် ထက်တန်း၊ တရားလမ်းဖြင့်၊ ညစ်ညမ်းသည့်မာရ်၊ တွင်း,ပြင်ရန်ကို၊ ပယ်လှန်အောင်တတ်၊ ယင်းဗျူဟ်ပွတ်ကို၊ စွဲမှတ်တည်ထောင်၊ ရတနာမာရ်အောင်မည်သော ချောင်၌။ (ဒေါ်ဒေါ် သုံတိ နာမိကာယ၊) ရတနာ ၃-စုံ၊ သဒ္ဓါဟုန်ဖြင့်၊ ယုံကြည်စွဲမှီ၊ လွန်ကဲသည်ကြောင့်၊ နာမည် မွေးထုံ၊ ဒေါ်ဒေါ်သုံအမည်ရှိသော။ မာတုယာ၊ စစ်ကိုင်းမြို့အပိုင်၊ ဂုဏ်လှိုင်လင်းဖြာ၊ စာရေးအရှေ့ရွာဝယ်၊ မြေယာပိုင်ရှင်၊ အစဉ်လွှမ်းကျော်၊ တန်ဆောင်းတော်တည့်၊ ကျောင်း တော်တဝ၊ ပိဋကနှင့်၊ ပါဠိ,အဋ္ဌကထာ၊ ဋီကာစုံအမ၊ ရဟန်းအမ, ကျောင်းအမ၊ ဘုရားအမ ဖြစ်သော မိခင်မယ်တော်ကြီးသည်။ ဒိန္နေ၊ မြန်မာ့ဝေါဟာ၊ ကောဇာသက္ကရာဇ် ၁၂၅၉- ခုနှစ်တွင်၊ ကြည်လင်ရွှင်လန်း၊ သဒ္ဓါစွမ်းဖြင့်၊ ဆောက်လုပ်လှူဒါန်းအပ်ပေသော။ ဝါ၊ "လောကီနေ၊ မှန်သမျှကား၊ ငါးဝရန်စု၊ ဆက်ဆံမှုကြောင့်၊ အားပြုဖွယ်ရာ၊ မဖြစ်ပါလေ၊ မစ္ဆေ,လောဘ၊ တွန်းလှန်ချ၍၊ ဒါနအစစ်၊ ပြုဖြစ်မှသာ၊ ဤဥစ္စာသည်၊ ခေမာရောက်ရန်၊ အနှစ်မှန်"ဟု၊ ဝေဖန်ခွဲခြမ်း၊ ဉာဏ်ပြဋ္ဌာန်းကာ ဆောက်လုပ်လှူဒါန်းအပ်ပါသော။ ဝိဟာရေ- ဝိဟာရေ စ၊ ခမ်းနားမြင့်ထည်၊ တင့်တယ်လွှမ်းကျော်၊ *သိမ်ကျောင်းတော်၌လည်းကောင်း (စ-ကား လုတ္တနိဒ္ဒိဋ္ဌ။) တတ္ထေဝ၊ ထိုရတနာမာရ်အောင်ချောင်အတွင်း၌ပင်လျှင်။ အညေဟိ၊ မယ်တော်ကြီးမှတပါး၊ အခြားကုန်သော-

(၁) မန္တလေးမြို့၊ ဒေါ်ခင်လေးငယ်၊

(၂) ခနေဖြူမြို့၊ စံကင်းရွာ၊ မြေပိုင်ရှင် ဦးဘိုးသာ+ဒေါ်မိ၊ မြေး-မောင်အေးမောင်၊

(၃) နောင်ပိန်မြို့၊ ဦးထွန်း+ဒေါ်ဒေါ်အောင်၊ သားသမီးတစ်စု၊

(၄) တောင်ငူခရိုင်၊ ညောင်ခြေထောက်မြို့၊ သစ်စက်ပိုင် ဒေါ်အေး, ဒေါ်သိန်းငွေ၊ မောင်-
မောင်ကျင်ဟုတ်+မသောင်းစိန်၊

(၅) ပျဉ်းမနားမြို့ ပြန်ကပြေးရွာ မြေပိုင်ရှင် ဦးနိုင်-ဒေါ်ဆင့် သားသမီးတစ်စု၊

(၆) ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်ထွင်းပြုလုပ် လှူဒါန်းကြသော **အသောက
လိုဏ်ဂူကြီး၏ ဒါယကာ,ဒါယိကာမများ၊

(၇) မြင်းခြံမြို့နယ်၊ ကတောရွာ၊ ဒေါ်သော်၊ တူမ-မထွေး-

စသည့် ကုသိုလ်ကောင်းမှုရှင်တို့သည်။ ဒိန္နေသု၊ သဒ္ဓါဖွေးဖြူ အရေးယူကာ၊ ပေးလှူဆောက်လုပ်အပ်ကုန်သော။ ဝိဟာရေသု စ၊ ခမ်းနားသိုက်မြိုက်၊ ကျောင်းတိုက်အရပ်ရပ်တို့၌လည်းကောင်း။ [ဝသတော-၌ စပ်။]

(*သက္ကရာဇ် ၁၂၉၅-ခုနှစ်၌ ကျောင်းဆောက်လုပ်လှူဒါန်းပြီးလျှင် ၁၂၉၈-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈-ရက် စစ်ကိုင်းတောင်၊ ရတနာမာရ်အောင်ကျောင်းတိုက်၌ မန္တလေးမြို့၊ အနောက်ပြင်ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီးနှင့် စစ်ကိုင်းတောင်၊ ရွှေကျင်နိကာယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အတိသုဒ္ဓါရုံဆရာတော်၊ စစ်ကိုင်းတောင်၊ မဟာဂန္ဓာရုံ၊ ပထမဝိပဿနာ ဆရာတော်ဘုရားကြီးတို့ ကြီးမှူး၍ ဆရာတော်,သံဃာတော် ၃၀-ကျော်တို့ စစ်ကိုင်းမြို့၊ စာရေးအရှေ့ရွာ၊ မြေပိုင်ရှင် ဘုရားအမ, ကျောင်းအမကြီး ဒေါ်ဒေါ်သုံးက ဒါယိကာမ ပြုလုပ်ကာ သာသနသောဘိဏီအမည်ရှိသော သိမ်တော်ကြီးကို သမုတ်တော်မူကြသည်။ ဤကျမ်းကို ရေးသားသော ပုဂ္ဂိုလ်သည်လည်း ဤသိမ်၌ပင် ရဟန်းဖြစ်ခဲ့ပါသည်။

**ဤအသောကလိုဏ်ဂူကြီးသည် စစ်ကိုင်းတောင်တွင် ထိုထိုအန္တရာယ်တို့မှ ကင်းလွတ်ရန်အတွက် ခိုအောင်း၍ကောင်းသော လိုဏ်ဂူကြီးအပေါင်းတို့တွင် ၁-ခုအပါအဝင် ဖြစ်ပေသည်။)

၄။ မန္တလာစလသာမန္တေ၊ ရန်ကင်းနဂအဒ္ဒူရကေ။
ဧရာဝတီနဒျာသန္နေ၊ ထူပမာလာဒိမဏ္ဍိတေ။
နာနာဇနာန'မာဝါသေ၊ ဒဿနီယေ သုပုညဧ။ ။

၄။ မန္တလာစလသာမန္တေ၊ ပုထိုးစေတီ၊ အလီလီနှင့်၊ စသည်ထွေထူး၊ သာသနာ့အဆောက်အဦး (အဆောက်အအုံ)တို့ဖြင့်၊ လွန်ကြူးပြောင်လျှံ၍၊ ခေါင်နဘံမှာ၊ အောင်လံသဖွယ်၊ လွန်တင့်တယ်သည့်၊ ရှုဖွယ်ထွေထွေ၊ မြို့၏ကျက်သရေဆောင်၊ မန္တလေးတောင်၏ အနီးလည်းဖြစ်ထသော။ ရန်ကင်းနဂအဒ္ဒူရကေ၊ ဗုဒ္ဓရှင်တော်၊ ဗျာဒိတ်တော်ဖြင့်၊ မိန့်ဖော်

အပ်နှင်း၊ မြတ်သတင်းပြောင်၊ ရန်ကင်းတောင်နှင့်၊ မဝေးလွန်းသည်လည်း ဖြစ်ထသော။ ရောဝတီ နဒ္ဒါသန္နေ၊ မြန်မာပြည်ဖွား၊ လူအများတို့၊ အားထားမှီရာ၊ ရောဝတီမြစ်၏ အနီး လည်းဖြစ်ထသော။ ထူပမာလာဒိမဏ္ဍိတေ၊ စေတီတော်ပေါင်း၊ တန်ဆောင်း,ပြာသာဒ်၊ ကျောင်း,ဇရပ်-စသည်တို့ဖြင့်လည်း တန်ဆာဆင်အပ်ထသော။ နာနာဇနာနံ၊ ပြည်တွင်း, ပြည်ပ၊ များလှဖုံဖုံ၊ လူမျိုးစုံတို့၏။ အာဝါသေ၊ ချမ်းမြေ့ပျော်စွာ၊ နေထိုင်ရာလည်းဖြစ်ထသော။ ဒဿနီယေ၊ တအံ့တသြ၊ ပြော၍မကုန်၊ ဖုံဖုံသာယာ၊ ဝတ်သာမည်၊ နတ်ပြည်ပမာ၊ ကြည့်ရှု ဖွယ်ရာလည်း လွန်စွာကောင်းမွန်ပေထသော။ သုပုညဖေ ပဥ္စမသင်္ဂါယနာတင်၊ မင်းတုန်း- မင်းဘုရင်နှင့်၊ ထို့ပြင်တဝ၊ ပုတ္တသည်းချာ၊ ဒယာပြည့်နှော၊ သီပေါဘုရင်၊ များဖြင်-စသည်၊ ဂုဏ်ရည်ထူးချွန်၊ ပုဂ္ဂိုလ်မွန်တို့၏၊ ကောင်းမွန်ပြည့်စုံ၊ ဘုန်းကံဟုန်ကြောင့်၊ မွေ့ထုံစဖွယ်၊ ဆန်းတကြယ်လျှင်၊ တင့်တယ်စွာ ဖြစ်ထွန်းပေါ်ပေါက်ရာလည်း ဖြစ်ထသော။

၅။ မန္တလေးတိပုရေ ရမ္မေ၊ ပတ္တာနံ သာဓုဝဏ္ဏိတေ။
ပဝရေ ဘူမိဘာဂေ စ၊ သုဒိန္နေ မြန်မရာဇိနာ။ ။

၅။ ရမ္မေ၊ ရဟန်း,ရှင်,လူ၊ ခပ်သိမ်းသူတို့၊ ကြည်ဖြူရွှင်ပြုး၊ နှလုံးမွေ့လျော်၊ ပျော်ဖွယ် ရာဖြစ်ပေထသော။ မန္တလေးတိပုရေ၊ လောကီ,လောကုတ္တရာ၊ ရတနာဖုံဖုံ၊ ဖြာဖြာစုံသည့်၊ ဂုဏ်သိမ်ပုံ့မွှေး၊ မန္တလေးအမည်ရှိသော မြို့၌။ ပတ္တာနံ၊ ထိုဤဒေသ၊ ရပ်ဌာနမှ၊ ရောက်လာ ကြသူ၊ များဗိုလ်လူတို့၏။ သာဓုဝဏ္ဏိတေ၊ သာယာစုံမြိုင်၊ အသရေလှိုင်၍၊ နေထိုင်ဖွယ်ရာ၊ "ကောင်းလှပါ၏၊ ကောင်းလှပါ၏"ဟု၊ ထုတ်မင်္ဂလာ၊ သြဘာပြုရာလည်း ဖြစ်ထသော။ သီပေါနာမကေန၊ သီပေါဘုရင်၊ ခေါ်တွင်ပညတ်၊ သမုတ်အပ်သော အမည်ရှိသော။ မြန်မ- ရာဇိနာ၊ ခေတ်အချိန်အလျောက်၊ ဘုန်းရှိန်တောက်ကြွား၊ မြန်မာမင်းတရားသည်။ သုဒိန္နေ၊ မြန်မာ့ဝေါဟာ၊ ကောဇာသက္ကရာဇ် ၁၂၄၃-ခုနှစ်တွင်၊ ကြည်လင်စေတနာ၊ သဒ္ဓါဖွေးဖြူ အရေးယူ၍၊ ကောင်းစွာပေးလှူအပ်သော။ (ကျောင်းတိုက်ကြီးကို စတင်တည်ထောင်သော ခုနှစ် သက္ကရာဇ် ဆိုလိုသည်။) ပဝရေ၊ ညီညာကျစ်လစ်၊ ပြေပြစ်ကောင်း မြတ်သော။ ဘူမိဘာဂေ၊ ကျက်သရေမင်္ဂလာ၊ ဖြာဖြာစုံလတ်၊ အောင်မြေရပ်၌။[ကာရိတေ-၌ စပ်။]

၆။ သုဝဂ္ဂုမဓုသဒ္ဒါနံ၊ ဒိဇာနံ ဝါသကာ'နနေ။
ကူဇိတေ ပဋိကူဇိတေ၊ ဓမ္မသံယုတ္တသေဝိတေ။ ။

၆။ သုဝဂ္ဂုမဓုသဒ္ဒါနံ၊ ကြားသူတိုင်းပင်၊ နားဝင်ချိုအောင်၊ ပင်ကိုသာယာ၊ ချိုအေး စွာသော အသံရှိကုန်ထသော။ ဒိဇာနံ၊ ဥဩနှင့် ချိုး၊ ဇီဝဖိုး-စသော ငှက်အပေါင်းတို့၏။ ဝါသကာ'နနေ၊ အပင်ပေါင်းစုံ၊ သီး,ပွင့်,ငုံတို့၊ ယှက်ရုံဝေဆိုင်၊ သာယာလှိုင်၍၊ နေထိုင်ကြရာ၊ တောမြိုင်သာလည်း ဖြစ်ထသော။ ကူဇိတေ၊ ရှင်,လူအားလုံး၊ ရွှင်ပြုးဖွယ်ရာ၊ သာယာကွန့်မြူး၊

ရင့်ကျူးမြည်တွန်အပ်ရာလည်း ဖြစ်ထသော။ ပဋိကူဇိတော၊ သာယာမှန်မှန်၊ အသံလွှင့်ကာ၊ ကျူးရင့်ခါခါ၊ တဖန် မြည်တွန်အပ်ရာလည်း ဖြစ်ထသော။ ဓမ္မသံယုတ္တသေဝိတော၊ တရားနှင့်ယှဉ်၊ သူတော်စင်တို့၊ ပျော်ရွှင်လှစွာ၊ မှီဝဲအပ်ရာလည်း ဖြစ်ထသော။

၇။ မစ္ဆကစ္ဆပအာဝါသော၊ ကီဋိတော ပဋိကီဋိတော။
အာဂတာနံ မနောရမ္မော၊ သောတုဋ္ဌနနိဝေသနော။ ။

၇။ မစ္ဆကစ္ဆပအာဝါသော၊ စမ်း,မြောင်း,ချောင်းငယ်၊ အသွယ်သွယ်တို့၊ လှည့်လည်ရစ်ကာ၊ ရှိသည့်တာကြောင့်၊ ငါး,လိပ်များစွာတို့၏၊ လှည့်ပျော်ပါးကာ၊ ကျက်စားရာနေရာလည်းဖြစ်ထသော။ ကီဋိတော၊ ဓလေ့ဘာသာ၊ သွားလာထွေထူး၊ ပြန်လှန်ကူးကာ၊ ပျော်မြူးရွှင်ပျ၊ ကစားကြရာလည်းဖြစ်ထသော။ ပဋိကီဋိတော၊ ရက်,လတန်တန်၊ အဖန်ဖန်ပင်၊ ပျော်ရွှင်မြူးပျ၊ ကစားကြရာလည်းဖြစ်ထသော။ အာဂတာနံ၊ ရောက်လာကြသူ၊ ရဟန်းရှင်လူတို့၏။ မနောရမ္မော၊ နှစ်သိမ့်မဆုံး၊ စိတ်နှလုံး၏၊ ရွှင်ပြုံးဖွယ်ရာလည်းဖြစ်ထသော။ သောတုဋ္ဌနနိ-ဝေသနော၊ ဓမ္မက္ခန်ပရိယတ်၊ ပိဋကတ်ကို၊ မပြတ်လေ့လာ၊ ဖွေရှာလိုက်စား၊ စာသင်သားအပေါင်းတို့၏ နေထိုင်ရာလည်း ဖြစ်ထသော။

၈။ ဗောဓိသတ္တာနုဘာဝေန၊ နဘာ ပတာဝ မာတုယာ။
မဟာဇနာနုဘာဝေန၊ ဒကဓာရာ ပတေ နဘာ။ ။

၈။ ဗောဓိသတ္တာနုဘာဝေန၊ ဖြည့်ဆည်းခဲ့လှ၊ အနန္တအသင်္ချေ၊ တွက်ရေမရ၊ ဒါနစစွာ၊ ဖြာဖြာစုံညီ၊ ပါရမီတော်တို့၏အရှင်၊ မည်တွင်သိဒ္ဓတ်၊ ဗောဓိသတ်၏၊ မြင့်မြတ်ရှိန်စော်၊ အာနုဘော်တော်ကြောင့်လည်းကောင်း။ မာတုယာ၊ ကပိလဝတ်ပြည့်ရှင်၊ ဘုရင်သုဒ္ဓေါဒန၏၊ နန်းမတော်ညာ၊ ၆-ပြစ်ကွာသည့်၊ မာယာဒေဝီ၊ မဟေသီထွန်းကျော်၊ မွေးမယ်တော်၏။ အာနုဘာဝေန စ၊ မြင့်မြတ်ရှိန်စော်၊ အာနုဘော်ကြောင့်လည်းကောင်း၊ နဘာ၊ ရှုတိုင်းကြည်သာ၊ အဇ္ဈောဝေဟင်၊ ထက်ကောင်းကင်မှ။ ဒကဓာရာ၊ ရေပူကား တခြား၊ ရေအေးကားတသွယ်၊ ယှက်သွယ်ပေါင်းယှဉ်၊ ရေအလျဉ်လိုင်း အသွယ်သွယ်တို့သည်။ ပတာ ဣဝ၊ ဘိုးတော်အဋ္ဌန၊ ဖြိုချသဏ္ဍာရာဇ် ၆၈-ကြဲ၊ ကဆုန်လပြည့်၊ သောကြာနေ့သော်၊ အလောင်းတော်သခင်၊ ဖွားမြင်ချိန်ဝယ်၊ တောင်စွယ်တောင်ကြား၊ တောင်ထက်ဖျားမှ၊ ကျငြားတသွန်၊ ရေတခွန်ပမာ၊ အံ့ဖွယ်ရာတမူ၊ လွန်စွာဖြူဖွေး၊ ဘော်သွေးပမာ၊ ကျရောက်လာသကဲ့သို့။ မဟာဇနာနုဘာဝေန၊ ကျောင်းတိုက်ပျော်ရွှင်၊ ရဟန်းရှင်နှင့်၊ ရပ်ခွင်နေကြ၊ များလှပေါယယ်၊ ကြီး,ငယ်မဟူ၊ ရှင်လူအားလုံးတို့၏၊ ဘုန်းကံရှိန်စော်၊ အာနုဘော်ကြောင့်။ နဘာ၊ ကျောင်းတိုက်အတွင်း၊ ရောင်ဆင်းတောက်ပြောင်၊ ဘော်ငွေရောင်လွှင်၊ ရေစင်ထက်ဖျား၊ ငွေသားသဏ္ဍာန်၊ ရေကန်တည်ရာ၊ ဝလာတခွင်၊ ထက်ကောင်းကင်မှ။ ဒကဓာရာ၊ ပိုက်ကြီး,ပိုက်ငယ်၊

အသွယ်သွယ်တို့မှ ဆင်းကျအစဉ်၊ ရေလျဉ်အသွယ်သွယ်တို့သည်။ ပတော၊ သုံးသူ့သောက်သူ၊ မြင်သူအထူး၊ စိတ်ကြည်နူးလျက်၊ ရွှင်မြူးချမ်းမြေ့၊ နှလုံးခွေ့အောင်၊ နေ့စဉ်နေ့စဉ်၊ တသွင်သွင်ပင်၊ အစဉ်ကျဆင်းရာလည်း ဖြစ်ပေထသော။

၉။ **နင္ဓေရုနိမ္ဗသမေဟိ၊ ပုစိမန္ဒေဟိ မဏ္ဍိတော။**
**ခုတယုတ္တေဟိ ဘိက္ခူဟိ၊ ဝါသိတေ ဘာဝနာရတော။ ။**

၉။ နင္ဓေရုနိမ္ဗသမေဟိ၊ လက်ထက်တော်အခါ၊ ဝေရဉ္စာပြည်တွင်၊ ဘုရားရှင်ကိုယ်တော်တိုင် သီတင်းသုံးတော်မူခဲ့သည့် နင္ဓေရုမည်သော တမာပင်နှင့်၊ ပမာဆင်လျှ၊ တူမျှကြကုန်သော။ ပုစိမန္ဒေဟိ၊ ရောက်သူအပေါင်း၊ နှစ်ထောင်းအားရဖွယ်ရာ၊ ဖြာဖြာစည်လွင်၊ တမာပင်တို့ဖြင့်။ မဏ္ဍိတော၊ စိမ်းစိုလွင်လွင်၊ တန်ဆာဆင်ယင်အပ်ထသော။ ခုတယုတ္တေဟိ၊ ခုတင်ကျင့်ဝတ်၊ ပဋိပတ်နှင့်၊ မပြတ်အစဉ်၊ စပ်ယှဉ်ကျင့်သုံးကြကုန်သော။ ဘိက္ခူဟိ၊ သာသနာ့ဝန်ကို၊ အားသွန်ထမ်းပျော်၊ ရဟန်းတော်အရှင်မြတ်တို့သည်။ ဘာဝနာရတော၊ သမထ, ဝိပဿနာ၊ ဘာဝနာအရပ်ရပ်တို့၌၊ မပြတ်မွေ့လျော်ရာလည်းဖြစ်ထသော။

၁၀။ **သီတဝါတေ သီတစ္ဆာယေ၊ ကုန္ဒဒ္ဒါဒကဝါရိတော။**
**နာနောသဓဒုမုပ္ပန္နေ၊ ဝိဇိတာရာမနာမကော။ ။**

၁၁။ **သံဃဝါသေ နဝါရာမေ၊ သန္တစိတ္တသုနန္ဒနေ။**
**ပုညုပ္ပစိတသန္တေဟိ၊ ဘောဂဝန္တေဟိ ကာရိတော။ ။**

၁၀-၁၁။ သီတဝါတေ၊ သစ်ပင်အပေါင်း၊ ကျောင်းလုံးပြည့်တင်း၊ အပူကင်းဝေး၊ ချမ်းမြသော လေအေးလည်း ရှိထသော။ သီတစ္ဆာယေ၊ သူတော်စင်အများ၊ တရားဓမ္မပွဲများကြရာ၊ အေးရိပ်သာလည်း ရှိထသော။ ကုန္ဒဒ္ဒါဒကဝါရိတော၊ ရေတသွင်သွင်၊ အစဉ်မကွာ၊ စီးဖြာလှည့်လည်၊ ကုန္ဒဒီဟု၊ နာမည်တွင်သ၊ အိုင်ဝ,စမ်း,မြောင်း၊ မြစ်ချောင်းအငယ်၊ အသွယ်သွယ်တို့ဖြင့်၊ ခြယ်လှယ်ရစ်ပတ်၊ ခြံရံအပ်သော ရေလည်း ရှိထသော။ နာနောသဓဒုမုပ္ပန္နေ၊ သက်ရင်း,မြင်းခွါ၊ တမာ,သဖန်း၊ ကြောင်ပန်း,မိဿလင်၊ ဥသျှစ်ပင်ရော၊ လင်းလေန္ဒောကာ၊ များစွာလန်းရွှင်၊ အမျိုးမျိုးသော ဆေးပင်အပေါင်းတို့ဖြင့်၊ သောင်းပြောင်းယှက်ရုံ၊ သံဃာ့ဘုန်းကံအလျောက် ကောင်းစွာပေါက်ရောက်ရာလည်း ဖြစ်ထသော။ (နာနာသုဂန္ဓဒုမုပ္ပန္နေ၊) မွှေးထုံကြိုင်လှ၊ ယုဇနပန်း၊ သခွတ်ပန်းနှင့်၊ ငွေပန်း,မြတ်လေး၊ ရေမွှေး,မဥ္ဇူပန်းစက္ကူ-ဟု၊ ကြိုင်ကြူကုံ့ကော်၊ ဖွားဖက်တော်နှင့်၊ စွယ်တော်,ကြက်ရုံး၊ ဂမုန်း,ခတ္တာ၊ ခိုင်ချွေဝါမှတ်၊ တိမ်ပြာထပ်၍၊ ဇလပ်,မြစကြာ၊ ထပ်တရာတလီ၊ သရဖီညွန့်၊ နှင်းဆီကွန့်လျက်၊ ရွက်ညွန့်စိမ်းစို၊ ညိုညိုမှိုင်းမှိုင်း၊ ရှုတိုင်းသာယာ၊ ပင်မာလာတို့၏ ပေါက်ရောက်ရာလည်း

ဖြစ်ထသော။ (နာနာဖလိတဒုမုပ္ပန္နေ) လေချူ,သလဲ၊ စောင်းလျားတွဲ၍၊ ပိန္နဲ,သစ်ချို၊ ပင်ပျို သြဇာ၊ မာလကာနှင့်၊ ကတ္တီပါ,သဘော်၊ ငှက်ပျော,အုန်းဆို၊ ရှောက်ချိုအချဉ်၊ ပျိုလွင်သရက်၊ ဆီးပင်ဖက်၍၊ သီးစွတ်သပြေ၊ ထန်း,ပေ,သံပရာ၊ ပင်ဘဏ္ဍာ-ဟု၊ ရသာပေါင်းစုံ၊ ကုံလုံပြည့် ကြွယ်၊ ရှူဖွယ်မငြီး၊ သစ်သီးရှိတောင်း၊ ပင်ပေါင်းသွယ်သွယ်၊ စုံခြယ်ဝေဆာ၊ ပေါက်ရောက်ရာ လည်း ဖြစ်ထသော။ (ဝိဇိတာရာမနာမကေ-၌ စပ်။)

၁၁။ သန္တစိတ္တသုနန္ဒနေ၊ တရားချစ်ခင်၊ သူတော်စင်အားလုံးတို့၏၊ စိတ်နှလုံးကို၊ ရွှင်ပြုံး မပျက်၊ လွန်စွာနှစ်သက်ဖွယ်ရာဌာနလည်း ဖြစ်ထသော။ သံဃဝါသေ၊ သံဃာ့ဂိုဏ်းဝင်၊ ထေရ်အရှင်တို့၏၊ ကြည်လင်ရွှင်ပြုံး၊ သီတင်းသုံးရာလည်း ဖြစ်ထသော။ နဝါရာမေ၊ ရေတွင်း, ရေကန်၊ အတန်တန်နှင့်၊ အာရာမ်ပတ်ချာ၊ တံတိုင်းကာ၍၊ လွန်စွာသိုက်မြိုက်သည့်၊ ကျောင်း တိုက်သစ်လည်း ဖြစ်ထသော။ ("အေးစေ အေးအုံ၊ ဝိဇိတာရုံ၊ မှတ်ကုန် တည်ကောဇာ"ဟူသည်နှင့် အညီ 'ဝိဇိတာရုံ'-ဟူသော အမည်သစ်ဖြင့် ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်၌ တည်ထောင်သည်ကို ဆိုလိုသည်။) ပုညပ္ပစိတသန္တေဟိ၊ ကောင်းမှုအဝဝ၊ ဆည်းပူးကြလို၊ မငြိုမငြင်၊ သူတော်စင် အစစ်၊ ဧကန်ဖြစ်ကြကုန်သော။ ဘောဂဝန္တေဟိ၊ ဘောဂဝန္တဂုဏ်၊ ခိုင်လုံကြငြား၊ ကျောင်း ဒါယကာ, ကျောင်းဒါယိကာမများဖြစ်ကြသည့်–

၁။ မန္တလေးမြို့၊ ဈေးချိုပွဲရုံတန်း၊ ကျောင်းအမကြီး ဒေါ်အုန်းမြင့်နှင့် သမီး-ဒေါ်သိန်းခင် သားသမီးတစ်စု။

၂။ မန္တလေးမြို့၊ ပွဲရုံတန်း၊ ကျောင်းအမလေး ဒေါ်မြိုင်နှင့် မောင်-မောင်လှမောင်၊ ညီမ မလှဌေး သားသမီးတစ်စု။

၃။ ဝင်းလိုက်၊ ကျောင်းအမကြီး ဒေါ်ကြော့နှင့် သားသမီး, မြေးတစ်စု။

၄။ မန္တလေးမြို့၊ ရွာဟိုင်းဈေး၊ ကျောင်းအမကြီး ဒေါ်ထိုက်၊ သား ဦးအောင်ခင်- ဒေါ်လှမင်း သားသမီးတစ်စု။

၅။ မန္တလေးမြို့၊ ဝါးတန်းရပ်၊ ကျောင်းဒါယကာကြီး ပွဲစား-ဦးဖိုးရင်, ကျောင်းအမကြီး ဒေါ်ဒေါ်ညွန့်။

၆။ မန္တလေးမြို့ အနောက်ပြင်၊ ပဲလှော်ချောင်ရပ်၊ ရွှေပန်းထိမ်ဆရာကြီး ဦးစ, ဒေါ်အိမ် စောင့်၊ သမီး-ကျောင်းအမ ဒေါ်တင်။

၇။ မန္တလေးမြို့၊ ဗိုလ်ချုပ်လမ်း၊ လမင်းဆီစက်ပိုင်ရှင် ကျောင်းအမကြီး ဒေါ်သန်း။

၈။ မန္တလေးမြို့၊ နယူးစီဗီလိုင်း၊ ပညာဝန်ထောက်မင်း ဦးသောင်း, ဒေါ်ဖွားမယ် သားသမီး တစ်စု။

၉။ မန္တလေးမြို့၊ ၃၂-လမ်း၊ ဘုံဘိုင်တန်း၊ ကျောင်းအမကြီး ဒေါ်ရိန်။

၁၀။ တောင်ငူခရိုင်၊ ညောင်ခြေထောက်မြို့ သစ်စက်ပိုင် ဒေါ်အေး, ဒေါ်သိန်းငွေ၊ မောင်-မောင်ကျင်ဟုတ်+မသောင်းစိန်။

၁၁။ နောင်ပိန်မြို့၊ ကုန်သည်ကြီး ဦးခင်မောင်သန်း+ဒေါ်သူဇာ။

၁၂။ အငြိမ်းစား တောင်ပိုင်စော်ဘွားကြီး ဦးခွန်သန်းစိန်, စော်ဘွားကြီးကတော် ဒေါ်နန်း-ရွှေငြိမ်း သားသမီး,မြေးတစ်စု။

၁၃။ မန္တလေးမြို့၊ ဆရာဝန် ဦးမောင်မောင်+ဒေါ်စောလှ သားသမီးတစ်စု။

၁၄။ မြင်းမူမြို့၊ ကျောင်းအမကြီး ဒေါ်စောတင် သားသမီးတစ်စု။

၁၅။ မန္တလေးမြို့၊ မင်္ဂလာလမ်း၊ မုန့်တီတန်း၊ ဦးဘတင်+ဒေါ်မိမိ၊ သား-ဦးတင်ဝင်း။

၁၆။ မန္တလေးမြို့၊ နယူးစီဗီလိုင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်ရင်။

၁၇။ ပြည်မြို့၊ လမ်းမတော်၊ အငြိမ်းစားနယ်ပိုင်ဝန်ထောက်မင်း ဦးဖိုးအုန်း(ဘီ-အေ)နှင့် နှမများ။

၁၈။ ရန်ကုန်မြို့၊ ပြည်လမ်း၊ ဒေါ်ခင်ကြီးကို အမှူးထား၍ ဒေါ်မြသွယ်နှင့် မောင်-ဦးဘဟန်-ဒေါ်လှကြွေ၊ သားသမီးတစ်စု။

၁၉။ မန္တလေးမြို့၊ ၃၂-လမ်း၊ ယွန်းတန်းကျောင်းအမ ဒေါ်အေးကြည်၊ ညီမ-ဒေါ်ခင်ပုနှင့် ညီမ, တူ, တူမများ။

၂၀။ ဆင်ဖြူကျွန်းမြို့၊ ကျွန်းညိုရပ်၊ ကျောင်းဒါယကာ ဦးမောင်ကြီး, ကျောင်းဒါယိကာမ ဒေါ်တုတ်။

၂၁။ မန္တလေးမြို့၊ ဒေါင်းရိုးရပ်၊ မိခင်ကြီး ဒေါ်သိန်းရင်နှင့် သား-ဆေးပွဲစား ဦးချစ်စိန်-ဒေါ်ကြည်ကြည် သားသမီးတစ်စု။

၂၂။ မန္တလေးမြို့၊ မင်္ဂလာလမ်း၊ ဒေါ်သန်းငွေ။

၂၃။ မိုးကုတ်မြို့၊ ကျောင်းအမကြီး ဒေါ်ဖုံနှင့် သားသမီးတစ်စု-

စသည်တို့သည်။ ကာရိတေ၊ စေတနာလွှမ်း၊ သဒ္ဓါစွမ်းဖြင့်၊ လှူဒါန်းသမှု ဆောက်လုပ်ခြင်းကို ပြုအပ်သော။ ဝိဇိတာရာမနာမကေ၊ ကျက်သရေနှင့်၊ လက်ဝေဖြာစုံ၊ မြတ်သောဂုဏ်နှင့်၊ ပြည့်စုံသိုက်မြိုက်၊ အထူးသဖြင့် အောင်ရာဖြစ်သည့် ဝိဇိတာရုံမည်သော ကျောင်းတိုက်၌။

၁၂။ ဝသတော သိရိမန္တဿ၊ မဟာထေရဿ သိဿကော။
နဂရေ "မြင်းခြံ" နာမမှိ၊ ဂါမေ "ခံတော"တိ ဝိဿုတေ။ ။

၁၂။ ဝသတော၊ ချမ်းသာအေးကြည်၊ ဘေးမသီဘဲ၊ ၄-လီယာပထ၊ မျှတလှစွာ၊ အလှည့်ကျ သီတင်းသုံးနေထိုင်ပါသော။ သိရိမန္တဿ၊ ဘုန်းတော်,ကံတော်၊ ပညာတော်တို့၊ ထင်ပေါ်လွှမ်းခြုံ၊ သတင်းဂုဏ်ဖြင့်၊ သင်းထုံလှစွာ၊ ကျက်သရေမင်္ဂလာ ရှိတော်မူသော။ မဟာထေရဿ၊ သီလ,သမာ၊ ပညာတော်ဂုဏ်၊ လွန်ပြည့်စုံသည့်၊ ဝိဇိတာရုံခေါ်အပ်၊ ဆရာတော် မဟာထေရ်မြတ်၏။ ဝါ၊ မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ ဓမ္မဘဏ္ဍာ၊ သံဝဏ္ဏနာစုံ၊ ၃-ပုံ ပိဋကာ၊ အဝဝနှင့်၊ မာဂဓ,သက္ကတ၊ ဗျာကရဏစုံ၊ နိဃဏ္ဍု,ဆန္ဒ၊ ကေဋုဘ-စသား၊ ကျမ်းဂန်များနှင့်၊ မှတ်သားဆည်းပူး၊ ဖြန့်ဖြူးမကုန်၊ ဖုံဖုံအမှု၊ ဗဟုသုတအရာ၊ လိမ္မာကျွမ်းကျင်၊ ပညာရှင် ၁-ဆူ၊ ဖြစ်တော်မူသည့်၊ ဝိဇိတာရုံခေါ်အပ်၊ ဆရာတော်မဟာထေရ်မြတ်၏။ သိဿကော စ၊ ဥပဇ္ဈာယ်ယူ၊ အတူနေငြား၊ ထံပါးဝပ်စင်း၊ တပည့်ရင်းတပါးလည်းဖြစ်သော။ မြင်းခြံနာမမှိ၊ သာသနာရေး၊ သဒ္ဓါပြေးလျက်၊ အားပေးလှူကြ၊ ဗုဒ္ဓဘာသာ၊ လူများစွာတို့၊ လွန်စွာပြည့်လျှံ၊ မှီတင်းနေထိုင်ရာ၊ သာသနာလည်း၊ ရောင်ဝါပွင့်လင်း၊ သတင်းလျှံသည့်၊ မြင်းခြံအမည်ရှိသော။ နဂရေ၊ စည်ပင်သိုက်မြိုက်၊ ခရိုင်ဝန်ရုံးစိုက်ရာ၊ မြို့မဟာ၌။ ခံတော-တိ ဝိဿုတေ၊ ဟိုရှေးအခါ၊ ပညာလျှံပျို့၊ ခံတပ်မြို့ကြီး၊ နေရာမှီးကာ၊ တည်ရှိတာကြောင့်၊ ခံတပ်ရွာဟု၊ သညာမှည့်ငြား၊ ခေါ်တွင်ထားသည်၊ ခေတ်များကြားညောင်း၊ ကာလပြောင်းရာ၊ ယခုအခါမူ၊ ခံတော-ဟူသော အမည်သညာဖြင့် လွန်စွာထင်ရှားသော။ ဂါမေ၊ သဒ္ဓါ, သီလ၊ သုတ,စာဂ၊ စစွာစုပေါင်း၊ သူတော်ကောင်းဂုဏ်ရည်၊ စုံညီပြည့်ရာ၊ လူများစွာတို့၊ နေရာဌာန၊ ဖြစ်ရအလျောက်၊ ပြောင်မြောက်ထူးလီ၊ လက်ရုံးရည်နှင့်၊ နှလုံးရည် ပြည့်လျှမ်း၊ ရဟန်းပညာရှိ၊ လူပညာရှိအများ၊ ပေါ်ပေါက်ဖြစ်ပွားရာ၊ ဖွာဖွာလွှမ်းသည့်၊ ပတိရူပ၊ ဒေသ ပြည့်စုံ၊ ဆီမီးခုံမြို့အနီး၊ ခံတောရွာကြီး၌။ ဝါ၊ သာသနာပြု-ဟု၊ တွင်ပြုထင်ရှား၊ ဓမ္မာသောက-မင်းတရားကြီးသည် ကြီးမားလှစွာ၊ စေတနာဖြင့်၊ သဒ္ဓါ-စသည်၊ ပြည့်စုံသည်ကြောင့်၊ စေတီတော်ပေါင်း၊ ၈-သောင်း,၄-ထောင်၊ များမြောင်တည်ရာ၊ ပါဝင်ပါသည့်၊ သမိုင်းစာအပြ၊ ကူတော်လှ-ဟု၊ ဘွဲ့သတွင်ပြီး၊ တန်ခိုးကြီးလျက်၊ ကျော်ဟည်းထင်ရှား၊ မြတ်ဘုရားနှင့်၊ ထင်ရှားအလီလီ၊ မြတ်စေတီတို့၊ ဝေစီထပ်ထပ်၊ ဇရပ်နှင့်ကျောင်း၊ တန်ဆောင်းစစွာ၊ ဖြာဖြာများလှ၊ သာသနာ့ကျက်သရေ၊ ကြည်နူးစေအောင်၊ လှည့်ခွေရစ်ကာ၊ တည်ရှိပါသည့်၊ နေရာ ပြန့်ပြော၊ ရွာခံတော၌။ (အထက်မြန်မာပြည်တွင် မန္တလေးမြို့ကို ထား၍ မြင်းခြံမြို့သည် စည်ပင်သော မြို့ကြီး ၁-မြို့တွင် ပါဝင်၍ 'မြို့မဟာ'-ဟု ဆိုသည်။)

၁၃။ ကံသာရညေ ဝသန္တဿ၊ ခိတိမန္တဿ သိဿကော။
ထမ္ဘိတော တိက္ခညာဏေန၊ ကောဂိဒဝှယဘိက္ခုနာ။ ။

၁၃။ ကံသာရညော၊ ရွာတောင်မျက်နှာ၊ တောရရာဝယ်၊ မှိုင်းပြာညို့လွှမ်း၊ တောစခန်း၌၊ ရဟန်းရှင်လူ၊ သူတော်စင်တို့၊ နေချင်ဖွယ်ရာ၊ သာယာသိုက်မြိုက်၊ ကံသာတောရကျောင်းတိုက်၌။ ဝသန္တဿ၊ ၄-ဖော်ရှိစွာ၊ ဣရိယာဖြင့်၊ မျှကာမသွေ၊ သီတင်းသုံး နေတော်မူသော။ ဓိတိမန္တဿ၊ သီလဖြူစင်၊ ဓုတင်ဆောက်တည်၊ တောရမှီလျက်၊ တည်ကြည်လှသည့်၊ သမာဓိရှိတော်မူသော။ မဟာထေရဿ၊ ငယ်စဉ်အစ၊ ယခုအခြေအနေကျအောင် မ-စ ကြည့်ရှု၊ ပြုစုပျိုးထောင်၊ ပို့ဆောင်ပြုပြင်၊ သွန်သင်ပေတတ်၊ ငယ်ဆရာမြတ်ဖြစ်သော ကံသာတောရ မဟာထေရ်မြတ်၏။ ဝါ၊ ငယ်စဉ်ကာလ၊ ချိန်ကစ၍၊ "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်၅-ဖြာ"ဟု၊ သုတ်လာသိင်္ဂါလော၊ ဘုရားဟောဥပဒေ၊ မသွေအညီ၊ တတ်စေရည်၍၊ လောကီ,လောကုတ္တရာ၊ ပညာအဝဝ၊ အခြေရအောင်၊ ဆုံးမပဲ့ပြင်၊ သွန်သင်ပေတတ်၊ ငယ်ဆရာဖြစ်သော ကံသာတောရ မဟာထေရ်မြတ်၏။ သိဿကော စ၊ တပည့်ရင်း ၁-ပါးလည်းဖြစ်သော။ (အဟံ-၌ စပ်။) တိက္ခဉာဏောန၊ ထက်မြက်လျင်မြန်သည့် အသိဉာဏ်ရှိသော။ ကောဝိဒဝှယဘိက္ခုနာ၊ ငါနှင့်အတူ၊ ကြည်ဖြူစွာလှ၊ စိတ်ညီမျှလျက်၊ သာသနာ့ဝန်၊ အားသွန်ကြိုးပမ်း၊ တာဝန်ထမ်းသည့်၊ ညီအရင်းဖြစ်သော ဝိဇိတာရုံစာချ ကောဝိဒအမည်ရှိသော ရဟန်းသည်။ ထမ္ဘိတော၊ စွမ်းနိုင်သလောက်၊ ကျမ်းပြီးမြောက်အောင်၊ ကူညီထောက်ပံ့အပ်သည်ဖြစ်၍။ တသ္မိံ ဂါမေ၊ ခမ်းနားကြီးကျယ်၊ အထက်ပါ ခံတော-မည်သော ရွာကြီးဝယ်။ မင်းရပ်ပဒေသေ၊ ရွာပုလဲရပ်၊ ဒိုင်းတော်ရပ်နှင့်၊ ရွာသစ်,ရွာသာ၊ လေသာ,မင်းရပ်၊ မင်းကုန်းရပ်-ဟု၊ သတ်မှတ်ရှိစွာ၊ ၇-ဖြာတွင်၊ ညီလာခံမှာ၊ မြတ်ရာဇာတို့၊ အလယ်မှာစံ၊ ပုံသဏ္ဍာန်သို့၊ ရပ်တို့ဗဟို၊ တည်ကာခို၍၊ ခေါ်ဆိုမည်မှတ်၊ ယင်းသကတ်ကြောင့်၊ မင်းရပ်မည်သော ရပ်ကွက်၌။ ဇာတော၊ ရဟန်း ၃-ပါး၏ မယ်တော်၊ ခမည်းတော်-ဟု၊ ထင်ပေါ်လျှံကဲ၊ ဦးသာခင်, ဒေါ်ဒေါ်မြတို့မှ မီးရှူးသန့်စင် ဖွားမြင်သော။

၁၄။ ဘဒ္ဒန္တဝိစာရိန္ဒော'ဟံ၊ အကာသိံ သဟ ဗဒ္ဓနံ။
ဓမ္မပ္ပဒဝတ္ထုံ သောဘံ၊ သတ္တာနံ ပါဒသန္နိဘံ။ ။

၁၄။ ဘဒ္ဒန္တဝိစာရိန္ဒော'ဟံ၊ ဥပဇ္ဈာယ်ဆရာမြတ်၊ ပေးအပ်ဘွဲ့သာ၊ ဘဒ္ဒန္တဝိစာရိန္ဒ၊ နာမသမုတ်၊ အကျွန်ုပ်သည်။ သဟ ဗဒ္ဓနံ၊ ချောမောပြေပြစ်၊ ဆောင်ပုဒ်ကဗျာ, လင်္ကာသစ်နှင့်တကွသော။ သတ္တာနံ၊ လမ်းမှန်တရား၊ ထင်ရှားမမြင်၊ သံသာခွင်ဝယ်၊ ယောင်လယ်လမ်းမှား၊ လွတ်မြောက်ရန် ငံ့စားလျက်ရှိကြကုန်သော၊ သံသရာခရီးသွား သတ္တဝါများတို့၏။ ပါဒသန္နိဘံ၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ အမြန်ရောက်ကြောင်း၊ ခြေထောက်ကောင်းနှင့် တူသော။ သောဘံ၊ သဒ္ဒါအစဉ်၊ အနက်အစဉ်တို့ဖြင့်၊ ဆင်ပြင်ခြယ်လှယ်၊ တင့်တယ်လှစွာသော။ ဓမ္မပ္ပဒဝတ္ထုံ၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ရောက်ဖို့ရန်၌၊ အမှန်လမ်းကြောင်း၊ တရားကောင်းတို့၊ စုပေါင်းဖော်ပြ

သာရပြည့်လျှမ်း၊ ဓမ္မပဒဝတ္ထုတော်ကြီးမည်သော ကျမ်းကို။ အကာသိ၊ အများအကျိုး၊ ကိုယ့်အကျိုး-ဟု၊ ၂-မျိုးပြီးမြောက်၊ ခရီးရောက်အောင်၊ ဝမ်းမြောက်သောအား၊ အလေးထား၍၊ ရေးသားပြုကာ၊ ဘာသာပြန်ဆိုခဲ့လေပြီ။

**၁၅။ သာသနေ မက်မဋ္ဌမှိ၊ သာကေ ဗင်ဗကေ ဂတေ။**
**ဖဂ္ဂုနပုဏ္ဏမေ ဒိနေ၊ ဝတ္ထုဂန္ထော သုနိဋ္ဌိတော။ ။**

၁၅။ သာသနေ၊ ဗုဒ္ဓမြတ်စွာ၊ သာသနာတွက်စစ်၊ အတိတ်နှစ်သည်။ မက်မဋ္ဌမှိ၊ နှစ်ထောင့်ငါးရာ(၂၅၀၀) စွန်းလာဆယ့်ငါး(၂၅၁၅) ခေါ်ပြောခုနှစ်၊ ဤသည့်နှစ်သည်။ ဂတေ၊ ရောက်သည်ရှိသော်။ သာကေ၊ တို့တိုင်းမြန်မာ၊ ဝေါဟာတွက်စစ်၊ ကောဇာသက္ကရာဇ်သည်။ ဗင်ဗကေ၊ တစ်ထောင့်သုံးရာ၊ သုံးဆယ့်သုံးခုနှစ်(၁၃၃၃) ဤသည့် သက္ကရာဇ်သည်။ ဂတေ၊ ရောက်သည်ရှိသော်။ ဖဂ္ဂုနပုဏ္ဏမေ ဒိနေ၊ ရောင်ဆင်းတောက်ပ၊ စန်းငွေလလည်း၊ ပြုဗ္ဗဖလဂုန်၊ နက္ခတ်ဆုံလျက်၊ ပွင့်တုံလန်းဆန်း၊ ပိတောက်ပန်းနှင့်၊ တခန်းသရဖီ၊ တူညီပွင့်လေ့၊ တပေါင်းလပြည့်နေ့၌။ (မြန်မာဘာသာယ)၊ တိုင်းရင်းမြန်မာ၊ မိခင်ဘာသာဖြင့်။ ဝတ္ထုဂန္ထော၊ လုံ့လကြီးမား၊ ပြန်ဆိုရေးသားအပ်သော ဓမ္မပဒဝတ္ထုတော်ကြီးကျမ်းသည်။ သုနိဋ္ဌိတော၊ ဘေးရန်လွတ်ကင်း၊ ကောင်းစွာပြီးဆုံးခြင်းသို့ ရောက်ခဲ့လေသတည်း။

**၁၆။ ပုထုဇ္ဇနာ အရိယာ စ၊ သန္တိ လောကေ ဗဟူ ဇနာ။**
**ပုထုဇ္ဇေသေ ဇနာပေန္တိ၊ အရိယာ န စ ဤဒိသာ။ ။**

၁၆။ လောကေ၊ ယုတ်မြတ်ထိုထို၊ ပုဂ္ဂိုလ်အစားစား၊ များပြားရှိကြ၊ ဤလောက၌။ ပုထုဇ္ဇနာ စ၊ ကိလေသာဓာတ်၊ မြစ်ရင်းဇာတ်တို့ မပြတ်ကဲထန်၊ လွန်အားသန်လျက်၊ တန်တန်ဖြစ်ပွါး၊ အရိယာတို့မှ၊ အသီးအခြားဖြစ်ကြသည့်၊ ပုထုဇဉ်ပုဂ္ဂိုလ်များသည်လည်းကောင်း။ အရိယာ စ၊ ကိလေသာဓာတ်၊ မြစ်ရင်းဇာတ်တို့၊ ကင်းပြတ်ပြုတ်လွင့်၊ ဖြူစင်တင့်လတ်၊ အရိယာပုဂ္ဂိုလ်မြတ်များသည်လည်းကောင်း။ ဗဟူ၊ ဤရွေ့,ဤမျှ၊ တွက်မရအောင်၊ များမြောင်လှကုန်သော။ ဇနာ၊ လူ,နတ်,ဗြဟ္မာ၊ ၃-ဖြာရှိတောင်း၊ လူအပေါင်းတို့သည်။ သန္တိ၊ အမြင်အားဖြင့်၊ ထင်ရှားမသွေ၊ ရှိကြလေကုန်၏။ (တေသု)၊ ထိုပုထုဇဉ်,အရိယာ၊ ၂-ဖြာကွဲပြား၊ ရေတွက်များသည့်၊ ပုဂ္ဂိုလ်အမျိုးအစားတို့တွင်။ ပုထုဇ္ဇနာ၊ တရားအမှန်၊ မြင်မသန်၍၊ ဖောက်ပြန်မှောက်မှား၊ အရိယာတို့မှ၊ သီးခြားဖြစ်သည့်၊ ပုထုဇဉ်ပုဂ္ဂိုလ်စားတို့သည်။ ပုထုဇ္ဇေသေ၊ ညစ်ညူးစေကြောင်း၊ မကောင်းအင်အား၊ လွန်စွာများသည့်၊ ကိလေသာတရားတို့ကို။ ဇနာပေန္တိ၊ ဧကန်မသွေ၊ ဖြစ်စေနိုင်ကြကုန်၏။ အရိယာ စ၊ ကိလေပြစ်ထွေး၊ ညစ်အကြေးကို၊ ပက်ဆေးသုတ်သင်၊ မြူမတင်ဘဲ၊ ဖြူစင်လှစွာ၊ အရိယာပုဂ္ဂိုလ်တို့သည်ကား။ န ဤဒိသာ၊ ဤကဲ့သို့ပေ၊ ညစ်ကိလေကို၊ ဖြစ်စေနိုင်သည့်သဘော မရှိကြကုန်။

# မဟာဝိဇိတာရုံ ဓမ္မပဒဝတ္ထုတော်ကြီး

ဣဒံ အာရဘန္တေန၊ ယံ ပုညံ ပကတံ မယာ။
အညမ္ပိ တေန ပုညေန၊ ဝိန္ဒာမိ အရိယဒ္ဓဇံ။ ။

ဣဒံ ဝတ္ထုံ၊ ဤဓမ္မပဒဝတ္ထုတော်ကြီးကို။ အာရဘန္တေန၊ လုံ့လကြိုးကုတ်၊ အားထုတ်ရသော။ (မယာ)၊ ဝိစာရိန္ဒမည်သော ငါသည်။ ယံ ပုညမ္ပိ၊ ဓမ္မပဒ၊ နာမသညာ၊ ပါဠိ,အဋ္ဌကထာကို၊ မြန်မာလိုဖြင့်၊ ပြန်ဆိုရေးပြု၊ အကြင်ကောင်းမှုကိုလည်းကောင်း။ အညမ္ပိ၊ အခြားကောင်းမှု၊ ကုသိုလ်စုကိုလည်းကောင်း။ ပကတံ၊ ကောင်းစွာမသွေ၊ ဆည်းပူးပြုလုပ် အပ်ပေပြီ။ တေန ပုညေန၊ ထိုသို့ပေါင်းစု၊ မြတ်ကောင်းမှုကြောင့်။ တေသု၊ ထိုပုထုဇဉ်, အရိယာ၊ ၂-ဖြာသော ပုဂ္ဂိုလ်မျိုးတို့တွင်။ အရိယဒ္ဓဇံ ကိလေသာခာတ်၊ ဝဋ်မြစ်ဇာတ်ကို၊ ၄-ရပ်သောမဂ်၊ ဉာဏ်လက်နက်ဖြင့်၊ တိုက်ဖျက်ပယ်နှင်၊ အောင်ပွဲယင်၍၊ လွှင့်တင်ရှိစွာ၊ အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်တို့၏၊ ရတနာအမွန်၊ တံခွန်အောင်လံကို။ ဝါ၊ သံသရာရဟတ်၊ အဆုံးသတ်သည့်၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်၊ ရဟန္တာအဖြစ်ကို။ ဝိန္ဒာမိ၊ ဘဝမကြာ၊ လျင်မြန်စွာ ရရပါလို၏။

၁၈။ ဓမ္မေန ရာဇာနော ဘူမိ၊ ပါလေန္တု ဟိတစေတသာ။
အပ္ပမတ္တာ ဇနာ ဟောန္တု၊ ဝိန္ဒန္တု အရိယဒ္ဓဇန္တိ။ ။

၁၈။ ရာဇာနော၊ ဘုရင်ထီးဆောင်း၊ မင်းအပေါင်းတို့သည်။ ဝါ၊ တိုင်းပြည်အုပ်ချုပ်၊ မင်းလုပ်နေကြ၊ အစိုးရတို့သည်။ ဟိတစေတသာ၊ တိုင်းသူပြည်သား၊ လူအများ၏၊ စီးပွါးချမ်းသာ၊ အဖြာဖြာကို၊ ညှာတာသောစိတ်ဖြင့်။ ဓမ္မေန၊ မချွတ်ယွင်းသင့်၊ မင်းကျင့်တရား၊ မြတ် ၁၀-ပါးဖြင့်။ ဘူမိ၊ ဇမ္ဗူသောင်းခွင်၊ မြေအပြင်ကို။ ဝါ၊ မြေ၌နေသူ၊ ခပ်သိမ်းလူကို။ ပါလေန္တု၊ မိမိရင်ဖွား၊ သမီး,သားသို့ မခြားပုံသေ၊ စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ ဇနာ၊ ရဟန်းရှင်လူ၊ ခပ်သိမ်းသူတို့သည်။ အပ္ပမတ္တာ၊ ကောင်းမှုဆင့်ဆင့်၊ ကိုယ်ကျင့်တရား၊ မပျက်ပြားဘဲ၊ မခြားနေ့,ည၊ မမေ့မလျော့ကြကုန်သည်ဖြစ်၍။ အရိယဒ္ဓဇံ ကိလေသာခာတ်၊ ဝဋ်မြစ်ဇာတ်ကို၊ ၄-ရပ်သောမဂ်၊ ဉာဏ်လက်နက်ဖြင့်၊ တိုက်ဖျက်ပယ်နှင်၊ အောင်ပွဲယင်၍၊ လွှင့်တင်ရှိစွာ၊ အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်တို့၏၊ ရတနာအမွန်၊ တံခွန်အောင်လံကို။ ဝါ၊ သံသရာရဟတ်၊ အဆုံးသတ်သည့်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်၊ အရိယာတို့၏ အောင်လံ တံခွန်ကို။ ဝိန္ဒန္တု၊ ဘဝမကြာ၊ လျင်မြန်စွာ, ရကြပါစေကုန်သတည်း။ ဣတိ၊ ဤတွင်နိဂုံး၊ ပြီးဆုံးသတည်း။

ကျမ်းပြီးနိဂုံး ပြီး၏။

မဟာဝိဇိတာရုံဓမ္မပဒဝတ္ထုတော်ကြီး၊ ပထမတွဲ ဤတွင်ရွေ့ အလုံးစုံ ပြီးပြီ။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪

မဟာဝိဇိတာရုံ

# ဓမ္မပဒဝတ္ထုတော်ကြီး

* ဒုတိယတွဲ
* တတိယတွဲ နှင့်
* စတုတ္ထတွဲ များ

ဆက်လက်ထွက်ပေါ်မည်။